# ကုန်းဘောင်ဆက်

# မဟာရာဇဝင်တော်ကြီး



၁၁၁၉၂

မန္တလေး ရတနာပုံ မြို့ထည်နန်းတည်

**ပဉ္စမသင်္ဂါယနာတင်–မင်းတရားကြီးလက်ထက်**

ရွှေနန်းတော် မှန်နန်းတော်ကြီးရှေ့ ဇေတဝန်ဆောင်တော်တွင်

ရဟန်းပညာရှိ, လူပညာရှိတို့နှင့် တိုင်ပင်နှိုင်းညှိ၍

ပညာရှိ–မှူးတော် မတ်တော်တို့

ကြီးကြပ်စီကုံးရေးသားသည့်

## ဒုတိယမဟာရာဇဝင်တော်ကြီး–ခေါ်

## ကုန်းဘောင်ဆက်

# မဟာရာဇဝင်တော်ကြီး

## (တတိယတွဲ)

စုဆောင်းရေးသားပြုစုသူ

“ကြက်သရေဆောင်–ရွှေစလွယ်ရဝန်ထောက်မင်း”

**ဦးမောင်မောင်တင် (I) K.S.M., A.T.M.**

★

(မူပိုင်ရှင် ဦးတင်မောင်မောင်ကလေး)

လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်

အမှတ် ၁၆၇၊ ၄၇–လမ်း၊ ရန်ကုန်မြို့။

( ၁၃၃၀ )


တတိယအကြိမ် ရိုက်နှိပ်ခြင်း
အုပ်ရေ ( ၂၀၀၀ )

၁၉၆၈–ခု၊ ဩဂုတ်လ

☆

ပုံနှိပ်သူ .... ဦးထွန်းလှိုင်
ထုတ်ဝေသူ .... ဦးထွန်းလှိုင်

ရန်ကုန်မြို့ ၄၇–လမ်း၊ အမှတ် ၁၆၈–လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်နှင့်-စာပေဌာန၊ မှတ်ပုံတင်အမှတ် (၀၄၃၃) (၀၅၁၃) အရ ပုံနှိပ်ထုတ်ဝေသည်



ရတနာပုံနေပြည်တော်ကြီးကို လက်မွန်အစပဌမတည်ထောင်ဖန်ဆင်းတော်မူသော ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရားနှင့် ဒုတိယနန်းစံ မာရ်အောင်ရတနာစေတီတော်ဒါယကာ မင်းတရားကြီးဘုရားတို့ စံတော်မူသော မြနန်းစံကျော် ရွှေနန်းတော်ကြီး။



ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို
ဆက်လက်စီကုံးရေးသားသူ ကြက်သရေဆောင် ရွှေစလွယ်ရမင်း
အမှုထမ်းကောင်းတံဆိပ်ရမင်း အငြိမ်းပင်စင်စား
**ဝန်ထောက်ဦးတင် (I) K.S M., A.T.M.**

# မာတိကာ


အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၁ မိုင်းလျှဉ်းကြီး စော်ဘွားကို ဘုရားရုပ်ပွားတော်နှင့် ပိဋကတ်တော်များ ကိုးကွယ်စေရန်ပေး၍ သားကို ကျမိုင်းခန့်ခြင်း၊ ထပန်းရာဇညီရောက်လာ၍ မော်လူးမြို့စား မင်းသားခန့်ခြင်း၊ တောင်သမန်အင်းကို ထွက်တော်မူခြင်း၊ ဥက္ကလာပသို့ ထွက်တော်မူရန် စီစဉ်ခြင်း.... .... .... ၁

၂ မဏ္ဍရာမင်းသားကို သုံးဆယ်မြို့ပေးခြင်း၊ ကျိုင်းရုံးကြီးစော်ဘွားခန့်ခြင်း၊ ပတောင်းမင်းသမီးကို ကြီညှပ်မြို့ပေးခြင်း၊ ဖောင်တော်လှေတော်သိမ်းခြင်း၊ရန်ပုံခွင်းအမြောက်ကို လှည်းစကြာခုံအသစ်တင်ခြင်း၊ သင်းဘောတည်လုပ်ခြင်း၊ ကျိုင်းတုံကသမီးကညာ ဆက်ခြင်း .... .... .... ၂

၃ ဥက္ကလာပသို့ ထွက်တော်မူမည်ဖြစ်၍ နိုင်ငံတော် အစောင့်အနေခန့်ထားခြင်း၊ ဥက္ကလာပသို့ ထွက်တော်မူခြင်း၊ သာယာဝတီမြို့တွင် ဘုရားဥပနာသွင်းခြင်း၊ တောင်တွင်းချောင် မင်းသမီး ကံကုန်ခြင်း၊ ငအုကို မိကျောင်းစာ ကျွေးစေခြင်း၊ ဒဂုံဆံတော်ရှင်ဘုရားကိုရွှေသင်္ကန်းကပ်ခြင်း၊ မြေဘိဆောင်တော်မိဖုရားကံကုန်ခြင်း၊ ရမ္မာဂီရိတောင်ထိပ်၌ သိမ်သမုတ်ခြင်း.... ၄

၄ ဥက္ကလာပက နေပြည်တော်သို့ဝင်တော်မူခြင်း၊ ဒဂုံဆံတော်ရှင်ဘုရားမှာ ခေါင်းလောင်းလှူဒါန်းခြင်း၊ သာယာဝတီနယ် ရေကင်းမင်းကြီးတိုက် အိမ်တော်ရာစေတီတော်ကို ရေစက်သွန်းချခြင်း၊နန္ဒာကန်နှင့်အောင်ပင်လယ်ကန်ကို ပြင်ဆင်ဆည်ဖို့ခြင်း– ၁၉

၅ ကိုးခရိုင်ဆည်, မဏ္ဍရာဆည်, ရွှေလောင်းမြောင်းများ ပြင်ဆင်ခြင်း၊ မိန်းမလှကျွန်းတွင် ဘုရားတည်ခြင်း၊ အုတ်ကျောင်းဆရာတော် ဘဝပြောင်းခြင်း၊ စောလှမြို့စား မင်းသမီး, မြဝတီဝန်ကြီး, ပုဂံမင်းသမီးတို့ ကံကုန်ခြင်း၊ သားတော် တောင်တွင်းချောင်မင်းကို ပုဂံမြို့ကိုမြို့စားပေးခြင်း၊ မကွေးရာမင်းသားသမီးတို့ကို နားထွင်းခြင်း .... .... .... ၂၄

၆ ဗာရာဏသီရောက် ပုဏ္ဏားတို့ ဘိသိက်သွန်းခြင်း၊ ဖုသျှသကြန်ခေါ်ခြင်း၊ အနောက်နန်းတော်မိဖုရားက ဆည်းလည်းလှူခြင်း၊ မိဖုရားခေါင်ကြီးနှင့် သမီးတော်တို့ ကျောင်းရေစက် ချခြင်း၊

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | တရုပ်သံရောက်ခြင်း၊ ဆင်တော်ရောက်ခြင်း၊ ကရင်ထကြွခြင်း၊ ဇောင်းကလောကန်ဦး ကုသိုလ်တော်မဟာရံအတွင်း စေတီတော်များကို ဌပနာခြင်း၊ ညောင်ရွှေက သမီးကညာရောက်ခြင်း၊ သားတော်ပုခန်းမင်းကံကုန်ခြင်း၊ ကုသိုလ်တော်ဇောင်းကလောကန်ဦးစေတီတော်ကို ထီးတင်ခြင်း၊ စံနန်းတော်ပန္နက်ချခြင်း .... .... .... | ၂၆ |
| ၇ | သကျမုနိဘုရားကို ကုသိုလ်တော် မဟာရံအတွင်း ပင့်ဆောင်ကိုးကွယ်တော်မူခြင်း၊ ကုသိုလ်တော်ဘုရားရေစက်ချခြင်း၊ ဆင်တော်မှားခြင်း၊ မင်းတဲဒေးဝန်း စံနန်းတော်သို့ ထွက်တော်မူခြင်း၊ ချမ်းသာရဘုရားကို ပြင်ဆင်ခြင်း.... .... | ၃၉ |
| ၈ | ပြည်မင်းသားတော်နှစ်ပါးကို ရှင်သာမဏေပြုခြင်း၊ ကျိုင်းတုံကို ဇင်းမယ်က နှောင့်ရှက်ခြင်း၊ တောင်ပိုင်စော်ဘွား ထကြွခြင်း၊ ဗန့်ကျိဝန်ခုခံ၍ ကွပ်မျက်ခြင်း၊ ယင်းတောဝန်ကြီးကို လှံနှင့်ထိုးခြင်း၊ ပြည်မင်းထွက်သွား၍ ဖမ်းဆီးခြင်း .... | ၄၃ |
| ၉ | ဒေးဝန်းတိုက်စံနန်းတော်က အမရပူရမြို့တော်သို့ဝင်ခြင်း၊ ပြည်မင်းနှင့် သားလေးယောက်,အနေ့ာ်နန်းတော်မိဖုရားတို့ကို စီရင်ခြင်း၊သားတော်ပုဂံမင်း အိမ်ရှေ့အိမ်တော်တို့ ပြောင်း၍စံခြင်း၊ မင်းတရားကြီး ကျန်းခန့်တော် မမူခြင်း၊ ဗားကရာဆရာတော်ကို သာသနာပြုအပ်ခြင်း၊ တောင်ဆောင်တော်မိဖုရား ကံကုန်ခြင်း၊ ရတနာပူရ စတုတ္ထမြို့ထည်နန်းတည် နောင်တော်မင်းတရားနတ်ရွာစံခြင်း၊ဘဝရှင်မင်းတရားကြီးဘုရားနတ်ရွာစံခြင်း | ၄၈ |

---

### သားတော် အမရပူရစတုတ္ထနန်းစံ မင်းတရားကြီး

| | | |
|---|---|---|
| ၁၀ | သားတော်ပုဂံမင်းနန်းတက်ခြင်း၊ မြို့စားရွာစား ပေးခြင်း၊ မှူးမတ်ခန့်ခြင်း၊ အလယ်နန်းတော်ဟောင်း ကံကုန်ခြင်း၊ နေရင်းဆရာတော် ဘဝပြောင်းခြင်း၊ သကျသီဟဘုရားကို အင်းဝက အမရပူရမြို့သို့ ပင့်ခြင်း၊ စကုမြို့နယ် ပမ္ဘူယဆည်ကို မြောင်းတူးခြင်း၊ ပုခန်းမင့်သားများကို ရှင်ပြုခြင်း၊ ရှင်ပင်ဆိပ်ပေါက်ဘုရား ပြင်ဆင်ပြီး၍ ထွက်တော်မူခြင်း.... .... | ၅၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁ | မင်္ဂလာ အိမ်တော်ရာမှာ ဘုရားတည်ခြင်း၊ တောင်ပိုင်မြို့တွင် ငွေနီသာ ထကြွခြင်း၊ သင်းဘောတည်ခြင်း၊ မက္ကရာမင်းသား ကံကုန်ခြင်း၊ ရာဇမဏိစူဠာဘုရားသို့ ထွက်တော်မူခြင်း၊ အိမ်တော်ရာ မဟာလောကရံသီဘုရား ထီးထင်ခြင်း၊ ဥက္ကလာပမြို့ရှိ အိမ်တော်ရာ ဓမ္မရံသီဘုရားကို ထီးထင်ခြင်း၊ အိမ်တော်ရာ မဟာလောကရံသီဘုရား အရှေ့ဘက်တွင် ဆင်မင်းငွေနှင့် တံတားတည်လုပ်ခြင်း .... .... | ၆၅ |
| ၁၂ | ညောင်ရွှေက သမီးကညာရောက်ခြင်း၊ ဗားကရာကျောင်းကို ရေစက်ချခြင်း၊ ငနုဆရာတော်မှစ၍ ဆရာတော် အများကို တံဆိပ်လှူခြင်း၊ မဟာသက္ကရံသီ ကျောက်တော်ကြီး ဘုရားကို အင်းဝက အမရပူရမြို့သို့ပင့်ခြင်း၊ မန်လိုတောင်စား စော်ဘွား က သမီးကညာဆက်ခြင်း၊ ရှင်ပင်ဆိပ်ပေါက်ဘုရားသို့ ထွက်တော်မူခြင်း .... .... .... | ၆၉ |
| ၁၃ | အောင်မြေလောကဘုရားသို့ထွက်တော်မူခြင်း၊ ထောင်အကျဉ်း ခံနေရသူတို့ကို လွှတ်ခြင်း၊ အတွင်းဝန် ဇရွံ့မြို့စားသေခြင်း၊ တောင်တွင်းကြီးမြို့ဝန်က မဟာလောကရံသီဘုရား၏ အနော်က-တောင်ကို ရွှေထချောင်းရောက် အုတ်တံတား ခင်းခြင်း၊ တောင်ပိုင်က ထကြွခြင်း၊ ရွှေကြက်ယက်ဘုရားသို့ မယ်တော်ဘုရား ထွက်တော်မူခြင်း .... .... | ၇၄ |
| ၁၄ | မိုင်းလျဉ်းကြီးစော်ဘွား, ကျိုင်းရုံးကြီးစော်ဘွားများ ခန့်ခြင်း၊ ဇင်းမယ်ကလောင်လူမျိုးတို့ ထကြွခြင်း၊ တရုပ်မြော်မင်းသား ထွက်သွားသည့်အတွက် ဖမ်းဆီး၍ လူအများကိုကွပ်ခြင်း၊ တရုပ်ပြည်က ရာဇသံရောက်ခြင်း၊ သစ်ဆိမ့်ဆရာတော်ကို ကျောင်း တင်ခြင်း၊ ဥပုသ်စောင့်တို့ကိုအဝတ်ပုဆိုးဝေငှခြင်း .... | ၇၇ |
| ၁၅ | တရုပ်ပြည်က ရာဇသံရောက်ခြင်း၊ စစ်ကိုင်းထူပါရုံဘုရား, တံတားဦးမင်္ဂလာစေတီဘုရားများ အုတ်မြစ်ချခြင်း၊ ဌပနာသွင်း တော်မူခြင်း၊တောမီးလောင်၍ ပင်းဆရာတော်ဘဝပြောင်းခြင်း | ၈၂ |
| ၁၆ | ဆင်ခတော်ကျော့ဖမ်းခြင်း၊ သရက်မင်းသားထံဝင်ထွက်သူတို့ကို ကွပ်မျက်ခြင်း၊ ခဲပေါင်မြို့စားရွှေတိုက်ဝန်နှင့်တကွ အပေါင်း ပါလူတို့ကို အပြစ်ပေးခြင်း၊ ရဟန်းသာမဏေတို့ကို သင်္ကန်း နှင့် အသုံးအဆောင်လှူခြင်း၊မြို့ဝန်ငပိုင်သတ်နှင့်တကွ အပေါင်း ပါ လူတို့ကို ကွပ်မျက်ခြင်း .... .... | ၈၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇ | အင်္ဂလိပ်နှင့် စစ်ဖြစ်ခြင်း၊ အယောဓကာရာမတိုက် ကျောင်းတော် ရေစက်ချခြင်း၊ ကျီဝန် အတွင်းဝန်ကို ဝန်ကြီးခန့်ခြင်း၊ စစ်တောင်းဝန်ကြီးကိုအရာကနုတ်ခြင်း၊ တောင်တွင်းကြီးမြို့ဝန်ကို ဝန်ကြီးခန့်ခြင်း၊ ကျောက်ပန်းတောင်း ဝန်ကြီး အောက်မြစ်စဉ်ကြောင်းချီခြင်း .... .... | ၈၉ |
| ၁၈ | တောင်ဥယျာဉ်တွင် ဆုတော်ပေးခြင်း၊ ထရုပ်ပြည်က ရာဇသံရောက်ခြင်း၊ မင်းကြီးဗန္ဓုလ သား သုံးဆယ်ဝန်ကြီး အင်္ဂလိပ်ဘက်သို့ ဝင်သွားခြင်း၊ တပ်အကြိမ်ကြိမ်ဆုတ်ခြင်းကြောင့် ရှေးထက်ယာဓိုလ်, လက်ယာကြောင်းဓိုလ်, နတ်စုလက်ဝဲဓိုလ်တို့ကို ကွပ်မျက်ခြင်း၊ တောင်ငူမင်းမြောက်သားတော် ကံကုန်ခြင်း၊ ဘေးမဲ့လွှတ်ခြင်း .... .... .... | ၁၀၉ |
| ၁၉ | မင်းတုန်းမင်း,ကနောင်မင်း ညီတော်နောင်တော်တို့ရွှေဘိုမြို့သို့ ထွက်သွားခြင်း၊ အမရပူရမြို့က လွှတ်သည့်တပ်နှင့် မင်းတုန်းမင်းသား ဘက်ပါ တပ်များတိုက်ခိုက်ခြင်း၊ မင်းတုန်းမင်းက မဟာမိတ်ဖြစ်လိုကြောင်းနှင့် ပြည်မြို့ရှိအင်္ဂလိပ်ဗိုလ်ထံမဟာမင်းခေါင်သီဟသူကိုလွှတ်၍ ပြောခြင်း၊ မင်းတုန်းမင်းက အမရပူရမြို့ကို ရံခြင်း .... .... .... | ၁၁၂ |


ညီတော် ရတနာပုံရွှေမြို့တော်ကြီး ပဋ္ဌမမြို့တည်နန်းတည်
မင်းတရားကြီးအကြောင်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀ | အမရပူရမြို့ပေါက်၍ နောင်တော်က ညီတော်မင်းတုန်းမင်းကို နန်းလွှဲခြင်း၊ ရာထူးဌာနန္တရပေးခြင်း၊ နန်းမတော်မှစ၍ နန်းရဆောင်ရ မိဖုရားများထားတော်မူခြင်း၊ ပြည်မြို့ရှိ အင်္ဂလိပ်ဗိုလ်တို့ထံ စကားပြောစေလွှတ်ခြင်း၊ အင်္ဂလိပ်မင်းကအောက်မြန်မာပြည်ကို သိမ်းယူခြင်း .... .... .... | ၁၄၅ |
| ၂၁ | သားငါးတိရစ္ဆာန်တို့ကို ဘေးမဲ့ပေးခြင်း၊ ရာထူးခန့်ထားခြင်း၊ ဦးဥေ့ယျမွေကိုသာသနာပြုအပ်ခြင်း၊ ဇင်းမယ်ကလာ၍ နိုင်ငံတော်အစွန်အဖျားကို တိုက်သည်ကိုအောင်တော်မူခြင်း၊ နောင်တော်ပုဂံမင်းကို ရွှေဘိုမြို့သို့ ဆောင်ယူရောက်ရှိခြင်း၊ ထရုပ်သံရောက်ခြင်း .... .... .... | ၁၅၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂ | ရွှေတန်ဆာ ဘုရားသို့ ထွက်တော်မူခြင်း၊ လယ်ထွန်မင်္ဂလာ ထွက်ခြင်း၊ ညီတော် ကနောင်မင်းကို အိမ်ရှေ့ နှင်းအပ်ခြင်း၊ အလုံမြို့နယ် သီရိနန္ဒာကန်, ဇေယနန္ဒာကန်များ ပြုပြင်ခြင်း၊ ပြင်သစ်ဗိုလ် ဒေါ်ဂေါ်ရနီ ရောက်ခြင်း၊ သားတော်များကို ဘွဲ့နှင့်မြို့စားပေးခြင်း.... .... .... | ၁၅၉ |
| ၂၃ | ရွှေတန်ဆာဘုရား,အင်ကြင်းတောဘုရားများကိုရွှေမွမ်းမံခြင်း၊ ကန်ထော်များပြုပြင်ခြင်း၊ ညောင်ရွှေစော်ဘွားက နှမကိုဆက်သခြင်း၊ ဂန္ဓမာရ္ဂာနေ ငပိုင်းထကြွခြင်း၊ အလောင်းမင်း တရားကြီး နန်းတိုင်များကို ဘုရားရုပ်တု, ရဟန္တာရုပ်တုတော် ထုလုပ်၍ ကိုးကွယ်စေတော်မူခြင်း .... .... | ၁၆၃ |
| ၂၄ | သိမ်တော်အများသမုတ်ခြင်း၊ရတနာသိင်္ဃမြို့မှအမရပူရမြို့တော်သို့ ဝင်ခြင်း၊ ပြင်သစ်ဗိုလ် ဒေါ်ဂေါ်ရနီကိုဘွဲ့ပေးခြင်း၊ အစဉ်အလာအတိုင်း ဇလား တောင်း တင်း များကို နိုင်ငံတော်အတွင်း. တညီတည်းဖြစ်အောင် နှံ့ရခြင်း .... | ၁၆၇ |
| ၂၅ | တရုပ်ပြည်သို့ လွှတ်သော သံများ လမ်းမပေါက်၍ မိုင်းဆည်မြို့က ပြန်လာခြင်း၊ အင်္ဂလိပ်ဗိုလ်တယောက်ရောက်ခြင်း၊ အိမ်ရှေ့မင်းနှင့် မင်းညီမင်းသား ဝန်ကြီးအတွင်းဝန်တို့ကို အစီးအနင်း အဆောင်အရွက်ပေးခြင်း .... .... | ၁၇၃ |
| ၂၆ | ရတနာပုံရွှေမြို့တော်ကြီး ဒုတိယနန်းစံ မင်းတရားကြီးဘုရား လက်ထက်တော် မင်းကြီးမင်းထင်မဟာစည်သူဘွဲ့နှင့် ခန့်ထားသူကောင်းပြုသည်ကိုခံရသည့် မှူးတော်မတ်တော်ကြီးဖြစ်သော ဝက်မစွတ်မြို့စား ဝန်ထောက်တော်မင်း စီကုံးရေးသားသော နိဒါန်း .... .... .... | ၁၈၇ |
| ၂၇ | ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ဆက်လက် ရေးသားခြင်း၏ အချီးစာတမ်းနှင့် မြင်းမှူးမင်းသား ခန့်ထားခြင်း၊ အတွင်းဝန်ကို အစီးအနင်းအဆောင်အရွက် ပေးခြင်း၊ အရှင်နှစ်ပါး၏ တံဆိပ်နာမံတော် ထုလုပ်ခြင်း၊ ချွန်းတောင်မြို့စား မင်းသား ရှမ်းပြည်သို့စစ်ချီခြင်း .... .... | ၁၉၀ |
| ၂၈ | အရှင်နှစ်ပါးသကြိန်ခေါ်ခြင်း၊ ဥကင်တော်ဖွင့်ခြင်း၊မင်းမိဖုရား မင်းညီမင်းသား ဆင်တော် မြင်းတော် များကို ဘွဲ့ပေးခြင်း၊ ဇင်းမယ်စားတို့ကို အောင်တော်မူခြင်း၊ နောင်ထော် ပုဂံမင်း မှူးမတ်ဟောင်းတို့ကို အကျဉ်းကလွှတ်ခြင်း၊ ဆရာတော်အများကို တံဆိပ်လှူခြင်း .... .... .... | ၁၉၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉ | မိုးနဲ့တပ်ပြန်များကို ဆုပေးခြင်း၊ သားတော်, ညီတော်, တူတော်များကို ရှင်သာမဏေ ပြုခြင်း၊ မွှေ့နှင့် လူထဆယ်ကျော်တို့ကို ဖမ်းဆီးပို့လာခြင်း၊ ကျွန်သီးတော်စာရင်း လုပ်ခြင်း၊ ရန်ကုန်မြို့မှ ဖယ်ရာက ဒူးရင်းသီး ဆက်ခြင်း၊ တမုတ်ဆိုးကန်ပြင်ဆင်ခြင်း၊ သားတော်ကိုမြို့စားပေးခြင်း .... | ၂၀၇ |
| ၃၀ | ဘင်္ဂလားမြို့ကို သံစေလွှတ်ခြင်း၊ ပူဇော်ကန်ပြင်ဆင်ခြင်း၊သမီးတော်မြို့လဲ၍ပေးခြင်း၊ ကုလားလူမျိုးတို့က ရွှေသက်နီးလှူခြင်း၊ ပလိုင်းကန်ပြင်ဆင်ခြင်း၊ မူးမြစ် တူးဖောက်ခြင်း၊ အိမ်ရှေ့မင်းကို ခမည်းပေးခြင်း၊ ရာဂုလှူထော်မူခြင်း၊ ကောင်းတုံ ဝန်ကြီးဟောင်း သေလွန်ခြင်း .... .... | ၂၁၀ |
| ၃၁ | အမေရိကန်လူမျိုးများရောက်ခြင်း၊ အိမ်ရှေ့အတွင်းဝန်ခန့်ခြင်း၊ သားဌက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးခြင်း၊ ကုလားလူမျိုးတို့က ရွှေသက်နီးလှူခြင်း၊ဆင်တော်ရောက်ခြင်း၊ အနောက်နန်းထော်မိဖုရားက သားသမီးနှစ်ပါးဖွားခြင်း .... .... | ၂၁၅ |
| ၃၂ | ရှမ်းကလေးကျွန်းဆရာတော် ကျောင်းတင်ခြင်း၊ ဆရာတော်များကို တံဆိပ်လှူခြင်း၊ ပဥ္စင်းဟောင်း ရှင်ဟောင်း တထောင်ကို သာသနာတော်တွင်း ချီးမြှင့်ခြင်း၊ အနောက်နန်းထော်မိဖုရားကံကုန်ခြင်း၊ အလုံမြို့နယ် မင်းရွာအနောက်ကကန်ကို ပြင်ဆင်ခြင်း၊အင်္ဂလိပ်စစ်ဗိုလ်ခရုတို့ရောက်ခြင်း၊သားဌက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးခြင်း .... .... | ၂၁၈ |
| ၃၃ | အင်္ဂလိပ်သံ ဆာအာသာပါ၀ိ ဘယ်ဖယ်ရာ ရောက်ခြင်း၊ ညတ်ကထိန်ခင်းခြင်း၊ ဆင်ဖြူရှင်သား စလေမင်းသား ကံကုန်ခြင်း၊ အရမေဏီလူမျိုး ဇော်ထင်ရောက်ခြင်း၊ ပတ္တူး ဆရာတော်ကို ပင့်ခြင်း၊ ကျိုင်းရုံးကြီးစော်ဘွားက လက်ဆောင်တော်ဆက်ခြင်း၊ ပြင်သစ်သို့ သံလွှတ်ခြင်း၊ မဟာလောကရံသိ စေတီတော်မှာ ခေါင်းလောင်းလှူခြင်း .... .... | ၂၂၁ |
| ၃၄ | ပိဋကတ်တော်များ ကူးရေးခြင်း၊ သာသနာတော် အညစ်အကြေး မရှိစေရန် ဈေ့ာက်ထားခြင်း၊ မလွန်မြို့တွင် ထပ်ထားခြင်း၊ မယ်ချူဝီလပ်တို့ရောက်ခြင်း၊အိုဝင်ကသင်းဘောဆက်ခြင်း၊ သားတော်, သမီးတော်များကို မြို့စားပေးခြင်း၊ ဘုံဆိုင်မြို့ အင်္ဂလားမြို့များက ပသီလူမျိုး ဟိန္ဒူလူမျိုးတို့ရောက်ခြင်း၊ အဝမြို့ကို ထွက်တော်မူခြင်း၊ ထရုပ်သံရောက်ခြင်း၊ မိးစောင်းထန်း ထွန်းခြင်း၊မိတ္ထီလာကန်နှင့်တကွ ကန်တော်အများကို ပြင်ဆင်ခြင်း– | ၂၃၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅ | မန္တလေးအရပ်ကို ပြောင်း၍ မြို့တည်သင့် မတည်သင့် တင်လျှောက်ရန် အမိန့်တော်ရှိခြင်း၊ တည်သင့်ကြောင်း စာသွင်းလျှောက်ထားကြခြင်း၊ မြို့ရာနန်းရာကြည့်ခြင်း၊ သစ်ခုတ်စေခြင်း၊ အုတ်ထော်လုပ်စေခြင်း၊ လက်နက်တိုက်ဆောက်ခြင်း၊ ရဋ္ဌာဘိသေကမုဒ္ဓါဘိသိက် ခံတော်မူခြင်း .... .... | ၂၄၀ |
| ၃၆ | သသမေဓအခွန်တော် ဦးစွာကောက်ခံခြင်း၊ ဆင်မင်းကြီးလွှန်ခြင်း၊ အမရပူရမြို့က မန္တလေးအရပ်သို့ ပြောင်းစံတော်မူခြင်း၊ မြို့တော်နန်းတော် တည်လုပ်ရန် စီမံခြင်း၊ ယိုးဒယားသာသနာပိုင်ထံ အလှူတော်နှင့်လွှတ်ခြင်း၊ ပဟိုရ်စင်တိုင်စိုက်ခြင်း၊သီဟိုဠ်က ရဟန်းတော်များရောက်ခြင်း၊အမေရိကန်က ရာဇသံရောက်ခြင်း .... .... .... | ၂၅၃ |
| ၃၇ | နန်းတော်တိုင်များရက်မဖောက်ခြင်း၊ မြို့စောင့်နတ်ရုပ်များကိုလိပ်ပြာသွင်းခြင်း၊ နန်းတော်ပြာသာဒ်ကိုမိုးကြိုးပြခြင်း၊ သောင်သွပ်စော်ဘွားက ဆင်တော်ဆက်ခြင်း .... .... | ၂၆၄ |
| ၃၈ | နန်းမြို့တော်နှင့် ရွှေနန်းတော်ကို အမည်သမုတ်ခြင်း၊ ရွှေနန်းတော်ကြီးသို့ တက်သိမ်းစံပယ်တော်မူခြင်း၊ဆင်တော်ကို ဘွဲ့ပေးခြင်း၊သောင်သွပ်စော်ဘွားကိုအစီးအနင်းအဆောင်အရွက်ပေးခြင်း၊ ကြယ်တံခွန်ပြခြင်း၊ ရှမ်းကလေးကျွန်းဆရာတော် ဘဝပြောင်းခြင်း၊ သားတော်မလွှန်မင်းသား လက်ထပ်ခြင်း .... | ၂၆၈ |
| ၃၉ | မြို့တော်,ကျုံးတော်စသောခုနစ်ဌာနကို ပန္နက်ချခြင်း၊ မြင်းမူးမင်းသားခန့်ခြင်း၊ မြို့တော်ကြီး အုတ်မြစ်ချရန်မြေညှိရခြင်း၊ ဆီအိုး လေးလုံးမြှုပ်နှံခြင်း၊ မြို့တော် အုတ်မြစ်ချခြင်း၊ သီဟိုဠ်က စွယ်တော်ရောက်ခြင်း၊ ဗောဓိပင်စိုက်ခြင်း .... | ၂၇၄ |
| ၄၀ | မိုးနဲစော်ဘွားကဆင်တော်ဆက်ခြင်း၊ မင်းမိဖုရား သားတော်သမီးတော်များ ဘွဲ့နှင့်မြို့စားပေးခြင်း၊ ပြင်သစ်မိုလ်ကို ဘွဲ့ပေးခြင်း၊ အင်္ဂလိပ်ဝန်ကြီး ဝိဖယ်ရာတို့ ရောက်ခြင်း၊ သာဂှက်တိရစ္ဆာန်များကို ဘေးမဲ့ပေးခြင်း .... .... | ၂၈၁ |
| ၄၁ | အလယ်နန်းတော်မိဖုရားက သမီးတော်ဖွားခြင်း၊ မန္တလေးတောင်ထိပ်မှာ ဗျာဒိတ်ညွှန်းရုပ်တုတော် ထုလုပ်ခြင်း၊ သားတော်များကိုဆရာတော်ဦးဇာဂရသို့အပ်နှံခြင်း၊ သီလုံးတောရဆရာတော် ဘဝပြောင်းခြင်း၊ သံဃာတော်တို့ မြေနန်းတော်တွင် စာပြန်ခြင်း၊ သားတော်များကို ရှင်သာမဏေပြုခြင်း၊ | |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မြို့စားပေးခြင်း၊ မှူးတော်မတ်တော်တို့ကို သစ္စာပေးခြင်း၊မိုးကြိုးငါးကြိမ်ကျခြင်း .... .... .... | ၂၀၅ |
| ၄၂ | ထပယ်မင်းသား လက်ထပ်ခြင်း၊ ဗားကရာဆရာတော် ဘဝပြောင်းခြင်း၊ မိုးနဲကရင် ထကြွခြင်း၊ သာသနာပြု ဆရာတော်ကျောင်းသို့ ထွက်တော်မူခြင်း၊ ကန်ကောက်ဥယျာဉ်သို့ ထွက်တော်မူခြင်း၊ လောင်းရှည်ဝန်ကြီး ခန့်ခြင်း၊ သဿမေဓအခွန်ခွဲခြင်း၊ သားတော်သမီးတော်များကို မြို့စားပေးခြင်း၊ ကုသိုလ်တော်ဘုရား ဌပနာသွင်းခြင်း .... .... | ၂၉၀ |
| ၄၃ | တောင်ဖိုင်စော်ဘွားထကြွခြင်း၊ မိုးကောင်းမင်းသား ကံကုန်ခြင်း၊ ပတူးဆရာတော် ဘဝပြောင်းခြင်း၊ ရတနာပုံ ရွှေမြို့တော်၏ ဆင်ခြေဖုံး နယ်ပိုင်းခြားသတ်မှတ်ခြင်း၊ အိမ်ရှေ့မင်းသားသမီးတို့ကို နားထွင်းခြင်း၊ ကုသိုလ်တော်ဘုရား ဒုတိယဌပနာသွင်းခြင်း၊ သမီးတော်ကိုမြို့စားပေးခြင်း၊ မင်းသားများကို ဘွဲ့ပေးခြင်း၊ သုံးဆယ်မင်းသားလက်ထပ်ခြင်း .... | ၂၉၁ |
| ၄၄ | သုမေ္ဓာဆရာတော်ရှစ်ပါး ထားခြင်း၊ ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရား ထီးတင်ခြင်း၊ ပြင်စည်မင်းသားကံကုန်ခြင်း၊တောင်သာသူတော်ဘဝပြောင်းခြင်း၊ အင်္ဂလိပ်အရေးပိုင်ရွှေတော်သို့ဝင်ခြင်း၊ စာချုပ်လုပ်ခြင်း၊ ပြည်မင်းသမီး ကံကုန်ခြင်း၊ မြို့ရှေ့ဥယျာဉ်တော်သို့ ထွက်တော်မူခြင်း .... | ၃၀၂ |
| ၄၅ | ရွှေမြို့တော်အတွင်း ၅၇ ရပ်ဖွဲ့ခြင်း၊ သားတော်သုံးဆယ်မင်းသား ထွက်သွားခြင်း၊ စံနန်းတော်သို့ထွက်တော်မူခြင်း၊ မဏ္ဍရာမြစ်ကိုဆည်ခြင်း၊ ဥယျာဉ်တော် ၂၀ ပြုစုတော်မူခြင်း၊စံကျောင်းဆရာတော်ဘဝပြောင်းခြင်း၊ အတာသကြံန် ခေါ်တော်မူခြင်း၊ သမီးတော်များ မြို့စားပေးခြင်း၊ ဆင်တော်ဆက်ခြင်း .... | ၃၀၇ |
| ၄၆ | သမီးတော်ပုခက်တင်၍ မိတ္ထီသာမြို့ကို လက်ဖွဲ့တော် မူခြင်း၊ ညောင်ရွှေ စော်ဘွားဟောင်း ထကြွခြင်း၊ သားတော်,သမီးတော်များကို မြို့စားပေးခြင်း၊ ဝိင္ဃကတ်တော်ပင့်ဆောင်ခြင်း၊ တောင်စားများခရက်ခြင်း၊ တူတော် ပန်းထိမ်းမင်းသားလက်ထပ်ခြင်း၊ သူနာသူအိုရုံထားခြင်း၊ အင်္ဂလိပ်လူမျိုး နှစ်ယောက်ကို လွှတ်တော်သို့ပို့ခြင်း၊ ပြည်ဆရာတော် ဘဝပြောင်းခြင်း၊ သားတော်, သမီးတော်များကို မြို့စားပေးခြင်း၊ စလင်း မင်းသမီးကရုဟန်းလောင်းရှင်လောင်းများကို သာသနာတော်သို့ ချီးမြှင့်ခြင်း၊ သားတော်မြင်ကွန်းမင်းသား လက်ထပ်ခြင်း .... | ၃၁၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇ | ရှပ်ပွားတော် ထုလုပ်ရန် စကျဉ်တောင်က ကျောက်ဖြူတော်ကြီးကို ပင့်ဆောင်ခြင်း၊ ကုလားကုန်သည်ကြီးက သင်းဘောဆက်ခြင်း၊ သိန်းနီထကြွခြင်း၊ မောက်မယ်စော်ဘွား ထကြွခြင်း၊ ဝိင္ဒကတ်တော်ရေး၍ တိုက်တော်နှင့်ထားခြင်း၊ မှူးသစ် တိမ်ကောသည်ကို ပြင်ဆင်ခြင်း .... .... | ၃၁၈ |
| ၄၈ | လက်ယာရစ်ခရုသင်းရောက်ခြင်း၊ ဗောဓိပင်စိုက်ခြင်း၊ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား မျက်နှာတော်ဖွင့်ခြင်း၊ ခင်မကန်ဆရာတော် ဘဝပြောင်းခြင်း၊ မင်္ဂလာ လယ်ထွန်ထွက်တော်မူခြင်း၊ သားတော်ခြောက်ပါးကို မိဋ္ဌာန်စေခြင်း .... | ၃၂၃ |
| ၄၉ | ဒေါင်းတံဆိပ်နှင့် ဒင်္ဂါးသွန်းလုပ်ခြင်း၊ ကာလာဂရတီက သင်းဘောဆက်ခြင်း၊ စလင်းမင်းသမီးနှင့် သမီးတော်, သားတော်များ နားထွင်းခြင်း၊ မြင်းလိပ်ရှိန်တို့ရောက်ခြင်း၊ သာသနာပြုဆရာတော် ဘဝပြောင်းခြင်း၊ လယ်ထွန်မင်္ဂလာထွက်ခြင်း.... | ၃၂၇ |
| ၅၀ | မြင်ကွန်းမင်းသား ပုန်ကန်ခြင်း၊ ပန်းထိမ်းမင်းသား ပုန်ကန်ခြင်း၊ ကြေးမြင့်မင်းသားအလောင်းကို တွေ့ခြင်း၊ ညောင်ရမ်းမင်းသား, ညောင်အုပ်မင်းသားတို့ ထွက်သွားခြင်း၊ ပုခန်းမင်းကြီးကို သေနတ်ဝန်ခန့်ခြင်း၊ လှိုင်းတက်စားဟောင်းတို့ကို၊ ကွပ်ခြင်း၊ အင်္ဂလိပ်က သံရောက်ခြင်း၊ယမ်းစည်ပေါက်၍ မီးလောင်ခြင်း၊ ပန်းထိမ်းမင်းသားကို စီရင်ခြင်း .... .... | ၃၃၃ |
| ၅၁ | ညီတော်အိမ်ရှေ့မင်းနှင့် သားတော်များအလောင်းကို သဂြိုဟ်ခြင်း၊ ကြယ်တိုးကြီးထံက နေ၍ မြင်ကွန်းမင်းသည် ဖယ်ခုံတပ်တော်ကို တိုက်ခိုက်ခြင်း၊ စကျဉ်တောင်က ပတ္တမြားထွက်ခြင်း၊ ကာရနယ်လအာရုဘက်ဖိုက်ရောက်ခြင်း၊ ကုန်သည်ကြီး ဒဗ္ဗလီခေါ်မယ်ကောက် ရောက်ခြင်း၊ အသည်ဝန်ကြီး ခန့်ခြင်း၊ အင်္ဂလိပ်မင်းက ရာဇသံရောက်ခြင်း၊ သမီးတော်များ နားထွင်းခြင်း၊ မိုင်းခန်းစော်ဘွားရောက်ခြင်း၊ စောလဘော်တို့ကို ရွှေစလွယ်ပေးခြင်း .... .... .... | ၃၅၅ |
| ၅၂ | ဝိင္ဒကတ်သုံးပုံကိုကျောက်ထက်အက္ခရာတင်၍မဟာလောကမာရဇိန်ဘုရား အာရာမ်အတွင်းထားခြင်း၊ ရှမ်းဗိုလ်ငနုက ဆင်ဖြူဆက်ခြင်း၊ မြင်ကွန်းမင်းသားကို အင်္ဂလိပ်မင်းက ချုပ်ထားခြင်း၊ မောင်းထောင်ဆရာတော် ဘဝပြောင်းခြင်း၊ ရွှေကြက်ယက်ဘုရားပြင်ဆင်ခြင်း၊ တရုပ်ကက်တာလောရဲတို့ ရောက်ခြင်း၊ သံဝဏ္ဏရအလှူတော်ရေစက်ချခြင်း၊ ဒဂုံစေတီတော်ထီးတင်ရန် | |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စီရင်တော်မူခြင်း၊ ကင်းဝန်ထောက် မင်းလှက ရပ်တန့်ရခြင်း၊ မယ်တော်ဘုရားကြီး နတ်ရွာစံခြင်း .... .... | ၃၆၈ |
| ၅၃ | ပဉ္စမသင်္ဂါယနာ တင်တော်မူခြင်း၊ ဒဂုံဆံတော်ရှင်ဘုရားကို ထီးတော်တင်ခြင်း၊ ကင်းဝန်ထောက်ကို ဝန်ကြီးခန့်၍ ဘိလပ်မြို့သို့ သံတော်အဖြစ်လွှတ်ခြင်း၊ မြောက်နန်းတော်မိဖုရားကံကုန်ခြင်း၊ စက်ရုံတော်များကို မက္ကရာမင်းသားသို့အပ်ခြင်း၊ ဝဲခူးမြို့က မောင်ရဲရောက်ခြင်း .... .... | ၃၈၂ |
| ၅၄ | ကျပင်းမင်းသား ထက်ထပ်ခြင်း၊ ကင်းဝန်မင်းကြီး ဘိလပ်က ပြန်ရောက်ခြင်း၊ ပြင်သစ်နိုင်ငံသို့သံစေလွှတ်ခြင်း၊ တံဆိပ်နာမံတော် ရွေးချယ်ရခြင်း၊ရဋ္ဌာဘိသေကမုဒ္ဓါဘိသိက်သွန်းခံတော်မူခြင်း .... .... .... | ၃၉၂ |
| ၅၅ | မြို့သိမ်းခြင်း၊ရဟန်းလောင်း ရှင်လောင်းတော် ပဋ္ဌမတထောင်ပြန်ခြင်း၊ သားတော်များကို ရှင်ပြုခြင်း၊ အမြင့်မြို့အုပ် မက္ကရာမင်းသားထံဝင်၍ အမှုဖြစ်ခြင်း .... .... | ၄၁၁ |
| ၅၆ | အိန္ဒိယဘုရင်ခံမင်းထံသံလွှတ်ခြင်း၊ကင်းဝန်မင်းကြီးကို သေနတ်ဝန်ခန့်ခြင်း၊ သီပေါမင်းသား ပဋ္ဌမပြန်ခြင်း၊ မြောက်ဆောင်တော်မိဖုရားကံကုန်၍မြောက်ရွှေရေးဆောင်မိဖုရားကို မြောက်ဆောင်ထားတော်မူခြင်း၊ ကင်းဝန်မင်းကြီး အိန္ဒိယသို့ သွားရခြင်း .... .... .... | ၄၁၄ |
| ၅၇ | သမီးတော်သားတော်မြေးတော်များကို နားထွင်းခြင်း၊ ပြင်မြို့ရိုးကြီးတည်လုပ်ခြင်း၊ တောင်ရွှေရေးမိဖုရား ကံကုန်ခြင်း၊ သီပေါမင်းသား ပဋ္ဌမပြန်ခြင်း၊ နန်းမတော်ဘုရားကြီး မမာတော်မူခြင်း၊ အလယ်နန်းတော်မိဖုရားနှင့် သမီးတော်များကို ထီးမိုး ယာဉ်ခံပေးခြင်း၊ နန်းမတော်မိဖုရားကြီးနတ်ရွာစံခြင်း– | ၄၁၇ |
| ၅၈ | ရန်ကင်းတောင်တွင် ကျောက်စေတီ ထည်လုပ်ခြင်း၊ သီပေါမင်းသား ပဋ္ဌမပြန်ဆိုခြင်း၊ သိန်းနီက ဆင်တော်ဆက်ခြင်း၊ အီတာလျံဘုရင်ဟောင်းကိုစလွယ်ပေးခြင်း၊ အလယ်နန်းတော်မိဖုရားကို ဆင်ဖြူပေး၍ ဆင်ဖြူမရှင်ခံစေခြင်း၊ မဟာ အတုလဝေယန်ကျောင်းတော် ရေစက်ချခြင်း၊ ဘဝရှင်မင်းတရားကြီး ဘုရားမမာတော်မူခြင်း၊ သားတော် မြေးတော် တူတော်များကို ချုပ်ထားခြင်း .... .... .... | ၄၂၀ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၅၉ သီပေါမင်းသားကို အိမ်ရှေ့နှင်းခြင်း၊ ကြေးတိုက်၌ ချုပ်ထားသောသားတော်များ ရှေ့တော်သို့ဝင်ရခြင်း၊ သားတော်များကို နောက်ထပ်ဖမ်းဆီးချုပ်ထားခြင်း၊ ဘဝရှင်မင်းတရားကြီးဘုရား နတ်ရွာစံတော်မူခြင်း.... .... .... ၄၃၆

---

## သားတော်ရတနာပုံရွှေမြို့တော်ကြီး ဒုတိယနန်းစံ မင်းတရားကြီး အကြောင်း

၆၀ သားတော်အိမ်ရှေ့မင်း နန်းတက်ခြင်း၊ မင်းအဖြစ်သို့ရောက်တော်မူလိုသော် ထင်မြင်သောတိတ်နိမိတ် အိပ်မက်တို့ပြခြင်း၊ ခမည်းတော်ဘုရားအလောင်းတော်ကို သဂြိုဟ်ခြင်း .... ၄၆၃

၆၁ ပဟိုရ်စဉ်တီးခြင်း၊ ကန္နီမင်းသမီးကိုချုပ်ထားခြင်း၊ ဆရာတော်များ ရှေ့တော်သို့ဝင်ခြင်း၊ မိဖုရားဟောင်းတို့ထံက ပစ္စည်းကို သိမ်းခြင်း၊ မှူးတော် မတ်တော်တို့ကို သစ္စာရေ တိုက်ခြင်း၊ ရခိုင်မြို့က အဆက်အသရောက်ခြင်း၊ ဥပဒေပြဌာန်းပိုင်းခြားရန် အမိန့်တော်ရှိခြင်း .... .... .... ၄၇၁

၆၂ ရန်အောင်မြင် ဝန်ထောက်က လုံဆက်ခြင်း၊ အိမ်တော်ပါ ကျွန်တော်မျိုးတို့ကို သူကောင်းပြုခြင်း၊ ရခိုင်တိုင်းသားများကို ရှေ့တော်ဝင်စေခြင်း၊ စိန်တုံးမိဖုရားကို အချုပ် ချထားခြင်း၊ တာ်လားမြို့က ဟိန္ဒူလူမျိုးတို့ ရှေ့တော်ဝင်စေခြင်း၊ မယ်တော်ဘုရားနှင့် ဆင်ဖြူမရှင်ဘုရားတို့ကို မြို့ပေးခြင်း .... ၄၇၅

၆၃ ဆရာတော်များ ရှေ့တော်သို့ဝင်ခြင်း၊ ဥပုသ်တော်ယူခြင်း၊ မင်းလှမြို့စောင့်လူတို့ကို ဆုပေးခြင်း၊ မိဖုရားကြီးနှစ်ပါးဘိသိက်ခံခြင်း၊ ဝိသုံဂါမမြေစားပေးခြင်း၊ ခမည်းတော်ဘုရား ဝတ်လဲတော်များကို မံဆင်းတု-ထုလုပ်ခြင်း .... .... ၄၇၀

၆၄ တိုင်းရေးပြည်မှုကို တဆဲ့လေးဌာန ခွဲဝေ၍ အုပ်ချုပ်ခြင်း၊ ညောင်ရမ်းစား, ညောင်အုပ်စားတို့ကို အင်္ဂလိပ်နိုင်ငံသို့ပို့ခြင်း၊ သုဓမ္မာဆရာတော် ထက်ကျိပ်နှစ်ပါးထားခြင်း၊ နန်းမတော်ဝန် ခန့်ခြင်း၊ နတ်များကို ပသခြင်း၊ အနောက်အတွင်းတော်တွင် သစ္စာတိုက်ခြင်း .... .... .... ၄၀၅

၆၅ မယ်တော်ဆင်ဖြူမရှင်ဘုရား၏ကျွန်တော်မျိုးများကို သူကောင်းပြုခြင်း၊ မှူးတော်မတ်တော်တို့ကိုသူကောင်းပြုခြင်း၊ အီတာလျံနိုင်ငံသို့ ရာဇသံလွှတ်ခြင်း၊ ယက်ဘက်ရည်တော်စိန်တုံးလှေအုပ်

အမှတ်စဉ်　　အကြောင်းအရာ　　စာမျက်နှာ

တို့ကို သီဟိုဠ်သို့လွှတ်ခြင်း၊ ကြေးတိုက်အတွင်းချုပ်ထားသော မင်းသားများထားရန် အိမ်များဆောက်လုပ်ခြင်း .... ၄၉၂

၆၆ သပြေတန်းခံမြို့ ပြီးစီးခြင်း၊ မင်းသားများ သူကောင်းပြုခြင်း၊ မြင်းခင်းသဘင် ဆင်ခင်းသဘင်ကျင်းပခြင်း၊ ရွှေနန်းပြာသာဒ်တော်က မီးတောက်ခြင်း၊ ခမည်းတော်မင်းတရားကြီးဘုရားပုံတော် ရွှေရုပ်သွန်းခြင်း၊ ရေနံချောင်းဝန်ကြီး,မကွေးဝန်ကြီး, မြို့သစ်ဝန်ထောက်တို့ကို ရာထူးနုတ်ခြင်း၊ အတွင်းဝန်, ဝန်ထောက်ခန့်ခြင်း .... .... .... ၅၀၀

၆၇ အိန္ဒိယဘုရင်ခံမင်းထံသို့ရာဇသံလွှတ်ခြင်း၊ သေနတ်ဝန်ကြီးသားရှင်ပြုခြင်း၊ သီဟိုဠ်ကျွန်းက ဓာတ်တော်မွေးတော်မှစ၍ ရောက်ခြင်း၊ ကြေးတိုက်တွင် ချုပ်ထားသော မင်းသား အချို့ကို စီရင်ခြင်း၊ဘဝရှင်မင်းတရားကြီးဘုရားက တရားပြတော်မူခြင်း- ၅၀၅

၆၈ ဆင်တော်မြင်းတော်ကိုသွင်းပြခြင်း၊ ကြေးတိုက်တွင် ချုပ်ထားသော ဘထွေးတော် အိမ်ရှေ့မင်းသား များကို မူးမတ်တို့ထံ အပ်နှံခြင်း၊ မိုးကောင်းကျောင်းကို တောင်တော်ဆရာတော်အား ထင်လှူခြင်း၊ မယ်တော်ဘုရား အိမ်ဖြူတော် သိမ်းခြင်း၊ ထိရုံထား၍ ထိဖွင့်ခြင်း၊ လုံစကြာတော် တွေ့ခြင်း၊ ရုပ်ပွားတော်များ ရေသပ္ပါယ်တော်မူခြင်း .... .... ၅၁၀

၆၉ သကြြန် ခေါ်တော်မူခြင်း၊ မိုင်းနောင်စုဘုရားကြီး အဆောင်တော်ပြောင်းခြင်း၊ ထိရုံတည့်နှစ်ဌာနအထိ တိုးတက်ထားခြင်း၊ ဘင်္ဂလားမြို့သို့အဝယ်တော်လွှတ်ခြင်း၊ ဗေဒမိသားရုပ်ပွားတော်ထုခြင်း၊ မာရ်အောင်ရတနာဘုရား တည်ခြင်း၊ သားတော်ဖွားခြင်း .... .... .... ၅၁၅

၇၀ အင်္ဂလိပ်ကိုယ်စားလှယ်တော်များ ပြန်ခြင်း၊ စစ်ဝတ်တန်ဆာချုပ်လုပ်ခြင်း၊ တပ်ကြီးခင်းခြင်း၊ သားတော်ကို ကွမ်းဦးခွံ့မင်္ဂလာ, မြုပ်ခက်ထင်မင်္ဂလာ ကျင်းပခြင်း၊ စစ်ရေးပြခြင်း၊ အိန္ဒိယသို့သံစေလွှတ်ခြင်း၊မန္တလေးတောင်သို့ထွက်တော်မူခြင်း၊ ဘကြီးတော်ပုဂံမင်း နတ်ရွာစံခြင်း၊ သားတော်ကံကုန်ခြင်း.... ၅၂၃

၇၁ သီရိပဝေသန ဘိသိက်ခံခြင်း၊ မယ်တော်ဘုရား ကျွန်တော်များ လျှော့ပေါ့ခြင်း၊ မြေထဲမြို့ကို ညောင်အုပ်မင်းသား တိုက်လာခြင်း၊ မြန်မာသံအော်များ သရက်မြို့ကပြန်လာရခြင်း၊ အတွင်းဝန်နှင့် ဝန်ထောက် ခန့်ခြင်း၊ ပင်းအတွင်းဝန် လှေသင်းအတွင်းဝန်တို့ တောင်တွင်းကြီး ကြောင်း, မြစ်စဉ် ကြောင်း သွားရောက်ရခြင်း၊ ဝက်မစွတ်ဝန်ထောက်ကို အစီးအနင်းပေး

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ခြင်း၊ သမီးတော် ဖွားခြင်း၊ရက်ကန်းတော်အုပ် မင်းသားကို မင်းသားကြီးနေရာမှာထားတော်မူခြင်း···· ···· | ၅၃၄ |
| ၇၂ | လှေအမှုထမ်းကို သေနတ်အပ်ခြင်း၊ ငွေတော်ဝယ်အစုကို ဘုန်းတော်တိုးအမည်ပေးခြင်း၊ သေနတ်အစု, မြင်းအစုကို နတ်ရှင့်ရန်နိုင်လူ, အလံနီစိုက်လူဖွဲ့ခြင်း၊ ဆင်ခင်းသဘင်ကျင်းပခြင်း၊ မီးဖုံးတော်လှူခြင်း ···· ···· ···· | ၅၄၀ |
| ၇၃ | ယောမင်းကြီး မိုးနဲမြို့သို့ချီခြင်း၊ ဘိသိက်ခံတော်မူရန် အမိန့်တော်ရှိခြင်း၊သာသနာပြုလွှတ်ခြင်း၊ရဇ္ဇာဘိသေကမုဒ္ဒါဘိသိက်ခံတော်မူခြင်း၊ ရာဇမုနိဘုရား တည်တော်မူခြင်း ···· | ၅၄၅ |
| ၇၄ | မယ်တော်ဘုရား နတ်ရွာစံခြင်း၊ ယောမင်းကြီး မိုးနဲမြို့တွင်သေလွန်ခြင်း၊ သမီးတော် ဖွားခြင်း၊ ကထိန်သင်္ကန်းလှူခြင်း၊ ထိရုံသိမ်းရခြင်း၊ လက်ယာဝင်းမှူး မိုးနဲမြို့ကိုချီခြင်း၊ အခွန်တော်အချို့ကို ရုပ်သိမ်းခြင်း၊ အရှေ့မှန်ကျောင်း ရေစက်ချထွက်တော်မူခြင်း ···· ···· ···· | ၅၆၃ |
| ၇၅ | မြို့သိမ်းခြင်း၊ သစ်တပ်ပတ်လည်ကို ထွက်တော်မူခြင်း၊ မြို့ထံခါးတွင် ရွှေသေတ္တာထားခြင်း၊ ရနောင်မြို့စားနှင့် တကွအရာရှိများအပြစ်ရောက်ခြင်း၊ လန်ဒန်မြို့သို့ သံလွှတ်ခြင်း၊ မီးစောင်းတန်းထွန်းညှိပူဇော်တော်မူခြင်း···· ···· | ၅၇၀ |
| ၇၆ | သမီးတော်ဖွားခြင်း၊ ကြီးရိုးစိုးရိုးအမှု အစွဲအဆိုမရှိရန် ပညတ်ခြင်း၊ လောကရန်နှိမ် စေတီတော်, ရတနာတန်ဆောင်စေတီတော်တည်ခြင်း၊ မြင်ကွန်းမင်းသား ပြင်သစ်နယ်ဘက်ကူးသွားခြင်း၊ ကနကဒက်, စန္ဒီထီးဖြူနှစ်စင်း လှူရန်ချုပ်ခြင်း ···· | ၅၈၅ |
| ၇၇ | ကွမ်းဘိုးထိန်းများ ရုပ်သိမ်းခြင်း၊ လောကရန်နှိမ် ရတနာ တန်ဆောင် ဘုရားများထီးတင်ခြင်း၊ တောင်တော် ဆရာတော်နှင့် ရွှေကျင်ဆရာတော်ကို တံဆိပ်လှူခြင်း၊ သမီးတော်မြပုခက်တင်ခြင်း၊ လက်ယာဝင်းမှူး မိုးနဲကပြန်လာရခြင်း၊ တောင်ငူသစ်တော, မူးချောင်းသစ်တောများ ဘုံဘေဘားမား ကုမ္ပဏီသို့ချခြင်း၊ ထီးဖြူတော်စ၍ချုပ်ခြင်း၊ မီးလောင်ခြင်း ···· | ၅၈၉ |
| ၇၈ | ထီးဖြူတော်နှစ်စင်းကို တန်ဆောင်းတော်နှင့် ထားခြင်း၊ ယင်းသည့်ထီးဖြူတော်များကိုဘုရားရောက်ပို့လှူခြင်း၊ မီးလောင်ခြင်း၊ မင်းခင်းမင်းသမီး အပြစ်ရောက်ခြင်း၊ မြို့သစ်အတွင်းဝန် ဥရောပတိုက်သို့ သံတော်အဖြစ်သွားရခြင်း၊ ပုခန်းစည်သူရှင်ဘုရားနှင့် တကွ ဘုရားလေးဆူတို့အား ရွှေသားသပိတ်စုံလှူခြင်း ···· | ၅၉၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၉ | ဗန်းမော်ဝန်ကို အကျဉ်းယူရခြင်း၊ ခန်းပတ်ဝန်ကြီးဟောင်းနှင့် သေနတ်ဝန်ကြီးချွေးမတို့ကို ထောင်မှာထားခြင်း၊ သာသနာ ဥပဒေနှင့် သာသနာပြုဆရာတော်အမိန့်ထုတ်ခြင်း၊ဝင်းမှူး,အစု မိုလ်,မြို့ဝန်ခန့်ခြင်း၊ သူထပါးအိမ်က ကျွန်များကို ရွေးနုတ်၍ ရှင်ထောင်းတော် တထောင့်တရာကျော် ချီးမြှင့်ခြင်း .... | ၆၀၄ |
| ၈၀ | ဗုဒ္ဓသီဝယိဆိုသူထခြင်း၊ နန်းမတော်ဘုရား မီးရှူးမြင်တော်မူ ရန် အခမ်းအနားစီစဉ်ခြင်း၊ ထမိုင်းဝန်ကို မယားနှင့်တကွ ထောင်မှာထားခြင်း၊ ရေသဘင်ပွဲတော်ကျင်းပခြင်း၊ ခမည်း တော်ဘုရား မိဖုရားဟောင်းတို့ကို ထောင်ကလွှတ်ခြင်း၊ မီး စောင်းထန်း ထွန်းခြင်း၊ ဗိုလ်မှူးမင်းသမီးကံကုန်ခြင်း၊ ရာဇသံ စာပို့ခြင်း .... .... .... | ၆၀၈ |
| ၈၁ | နောက်ဝင်းတော်မှူး ကျိုင်းတုံကြောင်းချီခြင်း၊ မသိုးသက်နှင်း ရက်လုပ်လှူဒါန်းခြင်း၊ ရွှေနန်းတော်ကျောင်း ရေစက်ချခြင်း၊ မိုးနဲစော်ဘွားက မြန်မာထဝ်သားအများကိုသတ်ခြင်း၊ အိမ်ရှေ့ မင်းသား ရဟန်းတော်ဘဝပြောင်းခြင်း၊ထောင်ထရာ့ငါးဆယ် ဗိုလ် မိုးမြဲကြောင်း ချီထက်ရခြင်း .... .... | ၆၁၄ |
| ၈၂ | မိုင်းနောင်ကြောင်းချီဝန်ထောက်ကို ဆုပေးခြင်း၊ ကွပ်ရှာဝန် ထောက်ကို အကျဉ်းယူရခြင်း၊ ခန်းပတ် ဝန်ကြီးဟောင်းကို ထောင်ကလွှတ်ခြင်း၊ စစ်ကိုင်းဘက် မင်းဝံထောင်သို့ထွက်တော် မူခြင်း၊ ကွပ်ရှာဝန်ထောက်သေခြင်း၊ အိမ်ရှေ့မင်း သားတော် ထင်းပင်စားဟောင်း ရန်ကုန်မြို့က ထွက်သွားခြင်း .... | ၆၁၉ |
| ၈၃ | စစ်အတတ် လေ့ကျင့်ခြင်း၊ မြင်းခင်းသဘင် ကျင်းပခြင်း၊မှန်နန်း အချို့တော်လေးယောက်ကို ထောင်မှာထားခြင်း၊ မြို့သာ ဝန် ထောက်ဟောင်း မယားကို ပြင်စည်မြို့စားသို့ပေးခြင်း၊ သမီး တော်ကို မြပုခက်တင်ခြင်း၊ မလွန်ဝန်ထောက်, ညောင်ဝန်းဝန် ထောက်တို့ တိုင်းလှည့်ထွက်ရခြင်း၊ ခားပြင်ရန်မင်းကို အသက် ချမ်းသာပေးခြင်း၊ မိုးကောင်းကချင် ထကြွခြင်း .... | ၆၂၃ |
| ၈၄ | အိတာလျံ ကိုယ်စားလှယ်တော်များ ရောက်ခြင်း ဆယ်ဌာန ခရိုင်ဝန်ထားခြင်း၊ မောင်ဘုန်း အမှုရောက်ခြင်း၊ သင်းဆော တော်နှစ်စင်းနစ်မြုပ်ခြင်း၊ ထတိယသမီးတော် ကံကုန်ခြင်း၊ မီး သောင်ခြင်း၊ စတုတ္ထသမီးတော် ကံကုန်ခြင်း၊ အိမ်ရှေ့မင်းသား တော်မောင်ဘုန်းနှင့်တကွ အမှုဖြစ်ရာပါသူတို့ကို စီရင်ခြင်း.... | ၆၃၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅ | ထနေ့တည်း မီးခုနစ်ကြိမ်လောင်ခြင်း၊ မဟာမုနိရုပ်ပွားတော် မီးသင့်ခြင်း၊ သမီးတော် အထာပွဲတော်တည်ခြင်း၊ ကင်းဝန်မင်းကြီးကတော်သေ၍ နန်းမတော်ဘုရား ထွက်တော်မူခြင်း၊ ကင်းဝန်မင်းကြီးချွေးမကို ထောင်ကလွတ်ခြင်း၊ငွေငါးထောင် မသာကူတော်မူခြင်း .... .... .... | ၆၃၆ |
| ၁၆ | အိမ်ရှေ့မင်းသား ရဟန်းတော် ဘဝပြောင်းခြင်း၊ မင်းခင်းမင်းသမီးကို စီရင်ခြင်း၊ မဟာမုနိဘုရားမကိုင်ရှုတော်လုပ်ခြင်း၊ လွှတ်တော်သိမ်းခြင်း၊ အခွန်တော်ဦးရေ နှစ်ဆဲ့သုံးကိုနုတ်သိမ်းခြင်း၊ ပြင်သစ်နှင့် ပဌမစာချုပ်ကို လက်မှတ်ထိုးခြင်း၊ ဆင်တော်ဦးဆေး၍ သိမ်းခြင်း .... .... .... | ၆၄၀ |
| ၁၇ | ဆရာတော်များကို သာသနာရေးနှင့် လျှောက်ခြင်း၊ မဟာမုနိဘုရားကို ရွှေဗုဇ္ဇန်ခွံသက်န်းလှူခြင်း၊ မကိုင်ရှုတော်နှင့် တကွ အလှူတော်များပို့ခြင်း၊ မျက်နှာတော်ဖွင့်ခြင်း၊ မြေနန်းတော်တွင် သံဃာတော်များ စာပြန်ခြင်း၊ တရပ်ငစက်ကျင်ထကြွခြင်း၊ သေနတ်ဝန်ကြီး ကျောင်းကို ဦးပညာသီဟအား တင်ခြင်း၊ ကျောင်းတော်အများ ရေစက်ချခြင်း .... .... | ၆၅၁ |
| ၁၈ | ဆရာတော်များကို တံဆိပ် ၅-ရပ်ပိုင်းခြား၍ လှူခြင်း၊ နန်းမြင့်ဆောက်ခြင်း၊ ထောင်ထခြင်း၊ သမီးတော်ကို နားထွင်းရန် အခမ်းအနား စ၍လုပ်ခြင်း၊ မိုင်းနောင်ကြောင်းချီ ပုဂံဝန် ထောက်သေခြင်း၊ မြင်းစုကြီးဝန်ထောက် မိုင်းနောင်ကြောင်းချီတက်ခြင်း .... .... .... | ၆၅၆ |
| ၁၉ | ခရိုင်ဝန်အသစ်ခန့်ခြင်း၊ မဟာသကျသီဟရုပ်ပွားတော်ကို ပင့်ရန် စီမံရခြင်း၊ပြင်သစ်နှင့် ဒုတိယစာချုပ်ကို လက်မှတ်ထိုးခြင်း၊ သမီးတော် နားထွင်းရန် ပွဲသဘင်စရခြင်း၊ မဟာမုနိရုပ်ရှင်တော်မှာ ရွှေဗုဇ္ဇန်ခွံသက်န်းလှူခြင်း၊ အနောက် မှန်ကျောင်းကို မြို့ထောင်ဆရာတော်ကို တင်ခြင်း .... .... | ၆၇၁ |
| ၂၀ | မဟာသကျသီဟဘုရားပင့်ခြင်း၊ ဆင်ဖြူတော်ရောက်ခြင်း၊မဟာသကျသီဟဘုရားဆိုက်ရောက်ခြင်း၊ မားပြများထကြွ၍ နှိပ်နင်းရခြင်း၊ ဆင်ဖြူတော်မ ကံပြီမ်းခြင်း၊ ပြင်သစ်ကိုယ်စားလှယ်များ ရောက်ခြင်း .... .... .... | ၆၈၅ |
| ၂၁ | သံချက်ဝန်ထောက် ပါရစ်မြို့သို့သွားရောက်ခြင်း၊ ဘုံဘေဘားမားကုမ္ပဏီက သစ်တော်များကို ထိန်ချန်သည်ဟု သစ်ခေါင်းတို့ လျှောက်ထားလာခြင်း၊ ရန်ကုန်မြို့ ဆံတော်ရှင်ဘုရား အလှူ | |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | တော်ပို့ခြင်း၊ သစ်မှ စီရင်ချက်ချခြင်း၊ ချင်းတွင်း ကြောင်း,မူး ကြောင်းသစ်များ စစ်ဆေးခြင်း .... .... | ၇၀၀ |
| ၉၂ | မောက်မယ်က ယက်ဆောင်တော်ဆက်ခြင်း၊ အုတ်ဝန်ကို အရာနုတ်ခြင်း၊ တောင်ငူရမည်းသင်းဝန်ကို အရာနုတ်ခြင်း၊သစ်မှုနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့ မဟာမင်းကြီးထံက စာလာရောက်ခြင်း– | ၇၀၃ |
| ၉၃ | အင်္ဂလိပ်မင်းထံက အာရတီမေထန်ခေါ် ရာဇသံရောက်ခြင်း၊ အင်္ဂလိပ်မင်းနှင့်စစ်တိုက်ရန် အမိန့်တော်ရှိခြင်း၊ စစ်ထပ်များ ချီထွက်ရခြင်း၊ အင်္ဂလိပ်မင်းက စစ်ရေးသာ၍ မြန်မာတပ်များ ဆုတ်ခြင်း .... .... .... | ၇၀၇ |
| ၉၄ | မြို့သစ်အတွင်းဝန်, ပင်းအတွင်းပန်, ရွှေဝင်းတော်မှူးတို့ အဝ, စစ်ကိုင်း ,သပြေတန်း ခံမြို့များက နေစေခြင်း၊လှေသင်းအတွင်း ဝန်ထပ်ဆုတ်ခြင်း၊ ကျောက်မြောင်းအတွင်းဝန်တို့ စကားပြေ ပြောသွားရခြင်း၊ အဝ,စစ်ကိုင်း, သပြေတန်းခံမြို့များကို အင်္ဂလိပ်မင်းကသိမ်းခြင်း၊ အင်္ဂလိပ်တပ်သင်းသောများ ရတနာပုံ ရွှေမြို့တော်သို့ရောက်ခြင်း၊သီပေါမင်းတရားကြီးဘုရား အိန္ဒိယသို့ လိုက်တော်မူရခြင်း .... .... | ၇၁၅ |
| ၉၅ | သီပေါမင်းတရားကြီးဘုရား အကြောင်းတော်များနှင့် နိုင်ငံတော်အတွင်း ထွက်ရှိသော အခွန်တော် အသုံးတော်များကို ပြခြင်း၊ မှူးတော်မတ်တော်တို့ ဘွဲ့အမည်,ရာထူးများကိုပြခြင်း– | ၇၂၇ |


★ ★ ★

# ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး

## တတိယတွဲ

---

### အမရပူရ ဒုတိယ မြို့တည်နန်းတည် ရွှေဘိုမင်းတရားကြီး

### ၁၂၀၃-ခု

**မိုင်းလျဉ်းကြီးစော်ဘွားကို ရုပ်ပွားတော်နှင့် ပိဋကတ်တော်များပေးခြင်း စသည်နှင့် ဥက္ကလာပသို့ ထွက်တော်မူရန် စီစဉ်ခြင်း**

သက္ကရာဇ် (၁၂၀၃) တထောင့် နှစ်ရာ့ သုံးခုနှစ်တွင် မိုင်းလျဉ်းကြီး စော်ဘွား ခေမာရဋ္ဌ မဟာနဂရပဝရရာဇာက မြတ်စွာဘုရား ရုပ်ပွား ဆင်းတုတော်, ပိဋကတ်စာများကို ကိုးကွယ်လိုကြောင်းနှင့် အမတ်ကြီး တို့ကို စေလွှတ် လျှောက်ထားလာရာ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်း တရားကြီးဘုရားလည်း သာသနာတော်အရောင်အဝါ မညှိုးမနွမ်း တညီ တညွတ်တည်း ပျံ့နှံ့ ထွန်းလင်း တိုးပွားရန် အကြောင်းဖြစ်သည်ကို နှလုံး သွင်းတော်မူ၍ မြတ်စွာဘုရားရုပ်ပွားတော်,ပိဋကတ်စာများကိုဆောင်ယူ ကိုးကွယ်စေ၏။

မိုင်းလျဉ်းကြီးစော်ဘွားကိုလည်း ဆင်ပေါက်နှစ်, ဆင်မတစ် များနှင့် အဆောင်အယောင်ကြီးကျယ်စွာပေးတော်မူ၏။စော်ဘွားသားခေမာရဋ္ဌ မဟာ ဝံသရာဇာကိုလည်း မိုင်းလျဉ်းကြီးမြို့ ကျမိုင်း ခန့်တော်မူ၍ ရွှေ စက်တော်ရင်းတွင် မြဲစွဲထမ်းရွက်စေ၏။

ထို သက္ကရာဇ်အတွင်း အာသံ တိုင်းပြည်တွင် ရှိနေသည့် ဗန်းမော် မိဖုရား အမိ, သား တပန်းရာဇာညီတို့ ရွှေဘဝါးတော်အောက်သို့ လာ လိုသည်ကို အမိန့်တော်နှင့် မိုးကောင်းမြို့ဝန်က လက်နက်သေနတ် လူသူ

အကြီးအကြစ်သင့်ရာ ခန့်ထားကြိုယူစေပြီးလျှင် ရွှေဘဝါးတော်အောက်သို့ ပို့ရောက်သည်ကို ဂုဏ်နှစ်တန်းခူးလပြည့်ကျော်တဆဲ့နှစ်ရက်နေ့ သမီးဗန်းမော်မြို့စားမိဖုရား သီရိအတုလ မဟာရတနာဒေဝီကို လှေတော် လှေလောင်း သင့်ရာမှူးမတ်အရာရှိတို့နှင့် မင်းကွန်းရောက်ကြိုယူစေ၍ ဂုဏ်နေ့ သမီး-မိဖုရားနှင့်အတူ ရွှေနန်းတော်သို့ အဖူးအမြော်ဝင်ရသည်၊ နောက်ဗန်းမော်မိဖုရားအမိကို သမီးမိဖုရားဝန်အိမ်တွင်နေစေသည်၊မောင်တပန်းရာဇာညီကိုလည်း မင်းရဲဇေယရာဇာ-အမည်နှင့် မိုးကောင်းမြို့အဝင် မော်လူးမြို့ကို မြို့စားပေးတော်မူ၏။

မြစ်လောင်း ဉယျာဉ်တော် အထက် မြစ်ငယ်ကသည် တောင်သမန် အင်းရောက် သားတော်ပုခန်းမင်း ကြီးကြပ် တူးဖောက်စေသည့်မြောင်းကို ဂုဏ်နှစ် နယုန်လဆန်း တဆဲ့တရက်နေ့ ဘဝရှင်မင်းတရားကြီးဘုရားထွက်တော်မူ၍ ကြည့်တော်မူသည်။

ထိုသက္ကရာဇ် တော်သလင်းလ ဥက္ကလာပသို့စုန်တော်မူမည်ကို နှစ်စင်းတွဲ ပြည်ကြီးမွန်ဖောင်တော် လှော်ကားတော်မှစ၍ မင်း မိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်တို့ လှော်ကား, သမ္ဗန်, ရဲလှေ, သားလှေ, ငှက်လှေများကို နယုန်လကစ၍ အသီးအသီးလုပ်ဆောင်ပြင်ဆင်ကြရ၏၊ ဥက္ကလာပမြို့သို့ အလျှင်ချိန်နှင့်စေရန် ဆင်တပ်တော်များတွင် ဘွဲ့အမည်နှင့် ဆင်တော်ကြီးများကို စာတမ်းထွက်အတိုင်း ဦးဆေးမင်္ဂလာပြုစေ၍ ဆင်ဝန်ထောက် နေမျိုးနော်ရထာ, နေမျိုး ရန်အောင်တို့ကို မှူးကြီးချုပ်အုပ်စေပြီးလျှင် ယင်းသည့်နယုန်လပြည့်ကျော် လေးရက်နေ့ နေပြည်တော်အမရပူရမြို့က ချီထွက်ရ၏။

### မတ္တရာမင်းသားကို သုံးဆယ်မြို့ပေးခြင်း စသည်များနှင့် ကျိုင်းတုံက သမီးကညာဆက်ခြင်း

ဂုဏ်နယုန်လ ဘိုးတော်မင်းတရား သားတော် ပုခန်းမင်းသား-သားမတ္တရာမင်းသားမဟာဓမ္မရာဇာကို မတ္တရာမြို့နှင့်လဲ၍ သုံးဆယ်မြို့ကိုမြို့စားပေးတော်မူ၏၊ ယင်းသည့်သက္ကရာဇ် ဝါဆိုလ ဘိုးတော်မင်းတရားသားတော် သံတွဲမြို့စားဟောင်းမင်းသားကို တိုက်ကုလားမြို့ကိုမြို့စားပေးတော်မူ၏။

ထိုသက္ကရာဇ် ဝါဆိုလအတွင်း အထက်ရဋ္ဌာဘိသေက မုဒ္ဓါဘိသိက်ခံမည်တွင် ရွှေးထုံးစံနှင့်အညီ ထီးရုံနန်းရုံ စော်ဘွားမြို့စားတို့ကို ခေါ်ရာ

ကျိုင်းရုံးကြီးသဉ်ဝီဘွား ရာဇပွတ်မလာမရောက်၍ အခေါ်စေလွှတ်ရာ ကျိုင်းရုံးကြီးသဉ်ဝီဘွားသည် ကျိုင်းရုံးကြီးမြို့က တိတ်တဆိတ် ထွက်ပြေး၍ ဂန္ဓာလရာဇ်တိုင်း တရုပ်ဥဒည်မင်းနိုင်ငံ အနောက်မျက်နှာ မိုင်းဆည် စုန်းတူ တရုပ် ဗိုလ်တို့ထံ ကပ်ခို နေကြောင်းနှင့် အခေါ် စေလွှတ်သူ တို့ လျှောက်ထား ကြားသိတော် မူရာ ဆဒ္ဒန်ဆင်မင်း သခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ကျိုင်းရုံးကြီးသဉ်ဝီဘွားငယ်သည် ဘိုးတော် မင်းတရား, နောင်တော်မင်းတရားတို့လက်ထက် အဘဖြစ်သူ မဟာဝင်း ရွှေစက်တော်ရင်းသို့ လာရောက်ထမ်းရွက်သူဖြစ်၍ လူးတဆဲ့နှစ်ပနားနှင့် တကွ ဇောတိနဂရတိုင်းအလုံးကို သဉ်ဝီဘွားအရာ ခန့်ထား ဘွားစား စေသည်၊ ငါ့ရွှေလက်ထက်တော် အဘမဟာဝင်းမရှိလျှင် ရွှေစက်တော် ရင်းသို့ လာရောက်သစ္စာတော်ခံသောက်ရာ အမှုတော်ကို ဖြောင့်ဖြောင့် ရိုးရိုးထမ်းရွက်သူ မဟာဝင့်သားဖြစ်၍ ဆောင်ကြီးရွက်ကြီးနှင့် တကွ အဘအရာ ဇောတိနဂရတိုင်းတတိုင်းလုံးကို သဉ်ဝီဘွား ခန့်အပ်တော် မူသည်ကို ထီးရုံနန်းရုံ စော်ဘွားဖြစ်လျက် မလာမရောက် ကျေးဇူးသစ္စာ တော်ကိုမစောင့် မြို့ရွာကို ပစ်ခွာထွက်သွားသူဖြစ်သည်-အမိန့်တော်ရှိပြီး လျှင် ဇောတိနဂရ မဟာဝံသရာဇာခံ-ရာဇပွတ်ကို သဉ်ဝီဘွား အရာက နုတ်၍ ဥပရာဇာမြေး နော်ခန်းကို ဇောတိနဂရ မဟာဇေယ ရာဇာ- အမည်နှင့် အဆောင်အရွက်ပေးပြီးလျှင် ကျိုင်းရုံးကြီး သဉ်ဝီဘွား ခန့် ထားတော်မူ၍ သစ္စာတော်ကို ခံသောက်စေ၏။

ထိုနှစ်သက္ကရာဇ် ဝါဆိုလဆန်း တဆဲ့ငါးရက်နေ့ ဘိုးတော်မင်းတရား သမီးတော် ကြိုညွှပ်မြို့စားမင်းသမီး ကံကုန်သည်ကို ကောင်းမွန်အောင် သဂြိုဟ်ရ၏။ ကြိုညွှပ်မြို့ကိုလည်း သမီး ပန်းတောင်းမင်းသမီးကို မြို့စား ပေးတော်မူ၏။ မြဲတောင်မြို့စားသမီးကိုလည်း ကသာမြို့ကို မြို့စားပေး တော်မူ၏။

ဥက္ကလာပမြို့သို့ ချီထွက်တော်မူရန် နှစ်စင်းတွဲပြည်ကြီးမွန်ဖောင်တော်, လက်ရွေးကြီး, လက်သစ်မှစ၍ ဖောင်တော်လှေတော် အလုပ်အဆောင် ပြီးပြေသည်ကိုလည်း ထွက်တော်မူ၍ ဝါဆိုလဆန်းတဆဲ့သုံးရက်နေ့ ပြည် ကြီးမွန်ဖောင်တော်, တဆဲ့လေးရက်နေ့ လှော်ကားတော်ကြီး လေးစင်း များကို အခမ်းအနားနှင့် သိမ်းတော်မူ၏။

ထိုသက္ကရာဇ် ဥက္ကလာပမြို့သို့ စုန်တော်မမူမီ ဝါခေါင်လအတွင်း ရန်ပုံခွင်းအမြောက်ဘော်ကို လှည်းစကြာခုံအသစ် ပြင်ဆင်တင်ဆောင်ပြီး

လျှင် အမိန့်တော်နှင့် စာတမ်းထွက် ထုံးစံအတိုင်း ဒေါက္ကန်းဒေါကနက် နတ်ကို ဖျင်ဖြူ, ဖျင်နီ, နှီးခေါက်, သင်ဖြူး, ငှက်ပျောပွဲစုံ, သေဖိုသေမ, ကြက်ဖိုကြက်မ, အမွေးအထုံ, တကျွန်းပုဆိုး, ပန်းပုဆိုး, ပန်းဆိုးခေါင်း ပေါင်း, အမြောက်တော်ဖုံးရန် ပန်းဆိုးဖျင်, အမြောက်လည်ရစ် ပန်းဆိုး ပုဝါ, အတီးအမှုတ်အကအခုံများနှင့် နတ်အုပ်နတ်ထိန်းတို့ကို ပသတင် ကြားစေ၏။

၎င်းနှစ် တော်သလင်းလ ရွှေမြို့တော် အနောက်ပြင် သာယာကုန်း အရပ်တွင် တည်လုပ်တော်မူသည့် သင်းဘောတော်ကို ရွှေဟင်္သာအမည် သမုတ်တော်မူ၍ ရေသို့ချတော်မူသည်။

ယင်းသည့်သက္ကရာဇ် တော်သလင်းလအတွင်း ကျိုင်းတုံစော်ဘွားက အပြင်အလျာနှင့်ပြည့်စုံသော သမီးကညာဆက်ရောက်သည်ကို စော်ဘွား ကြီးတို့သမီးကို ဆက်သွင်းသည့်နည်း ဆက်သွင်းစေပြီးလျှင် မိုးမြိတ်မြို့ကို မြို့စား ပေးတော်မူသည်၊ မောင်ဥပရာဇာကိုလည်း ရွှေစက်တော်ရင်း တွင် မြို့ထမ်းရွက်စေ၍ မိုးမြိတ်စော်ဘွား ခန့်တော်မူ၏။

ယင်းသည့်တော်သလင်းလအတွင်း ကျိုင်းတုံစော်ဘွားက လှံစကြာ အဆက်အသရောက်သည်ကို ကြိုယူမြဲ ကြိုယူ ဆက်သွင်းစေ၏။ ၎င်းလ အတွင်း မှန်နန်းတော် အနောက်ဆောင်တွင် သာသနာပြုဆရာတော်နှင့် သံဃာတော် လေးဆဲ့ရှစ်ပါးကို ပရိက္ခရာအစုံ ဆွမ်းစမဲလှူတော်မူ၍တရား နာတော်မူ၏။

### ဥက္ကလာပသို့ ထွက်တော်မူမည်ဖြစ်၍ အစောင့်အနေ ခန့်ထားခြင်း စသည်နှင့် ရမ္မာဂီရိတောင်ထိပ်၌ သိမ်သမုတ်ခြင်း

ထိုသက္ကရာဇ်အတွင်း ဥက္ကလာပ ဒဂုံဆံတော်ရှင်စေတီကို ဖူးမြော်လှူ ဒါန်းလိုသည့် ဆန္ဒတော်ရင်းရှိသည်တွင် သိုက်ခေတ်ကိန်းခန်းနှင့် အညီ ရာမညတိုင်း ဥက္ကလာပမြို့တွင် စံတော်မူရန် ရွှေနန်းတော် ကြီးကြပ်ဆော် လုပ်စေသည့် ဝန်ထောက် အသည်ဝန် မင်းကြီးမဟာစည်သူကလည်း ပြာသာဒ်တော်, မှန်နန်းတော်, ဥကင်ရာဇပလ္လင်နှင့်တကွ အဆောင် ဆောင်သော ရွှေနန်းတော်,တိုက်တန်းတင်ကုပ်အလုံးစုံအလုပ်အဆောင် ပြီးပြေကြောင်းနှင့် လျှောက်ထားလာရာ သဝရှင် မင်းတရားကြီးဘုရား လည်း ဥက္ကလာပမြို့သို့ ထွက်စံတော်မူမည်ကို နေပြည်တော် အမရပူရမြို့

မှစ၍ နိုင်ငံတော်အစွန်အဖျား မြို့ကျေးရွာများ၌ အစောင့်အနေ ခန့်ထားစည်းကြပ်ရသည်ကား-

တလုပ်မြို့ဝန် မင်းလှသီဟသူ, နတ်ရှင့်ရွေးသေနတ်ဗိုလ် မဟာမင်းလှမင်းခေါင်ကျော်တို့နှင့် တလုပ်မြို့၊ဒီပဲယင်းမြို့၊ပဋ္ဌာလမြို့၊ရမည်းသင်းမြို့၊ ကန်နီမြို့၊ လယ်ကိုင်းမြို့၊ ကျောက်ပန်းတောင်းမြို့၊ ကောလင်းမြို့၊ မြို့ကျေးရွာသေနတ်အမှုထမ်း၊ တောင်တွင်းကြီး တောင်ဒဝယ်, မြောက်ဒဝယ်၊အလုံတောင်ဒဝယ်, မြောက်ဒဝယ်၊ နတ်ရှင့်ရွေး၊ ရွှေပြည့်မှန်ကင်း၊ တောင်မာရဘင်, မြောက်မာရဘင်၊ နန်းဦးနောက် ဝန်းကျင်၊ လက်ကောင်းလက်သစ်၊ ရွှေပြည်၊ ကုလားပျိုအစု သေနတ်အမှုထမ်း၊ ရွှေလှံဝဲယာ၊ ခြောက်ထောင်လေးပါ အစုစုအမှုထမ်း လူလေးထောင်ကျော်၊ မြင်းတပ်ဗိုလ်မြင်းခေါင်းမြင်းစီးတို့နှင့် မြင်းစုကြီး၊ နောက်တော်ပါမြင်း၊ ရဲဘက်မြင်း၊ရွှေပြည့် ရန်အောင်မြင်းအမှုထမ်း လူငါးရာကျော် စုစုမြင်းသေနတ်အမှုထမ်း လူလေးထောင့်ငါးရာကျော်ခန့်ထားပေးအပ်ပြီးလျှင် ဝန်ထော်မင်းကြီးမဟာသင်္ကြံ, တရားသူကြီး မင်းကြီး မင်းကျော် မဟာနော်ရထာ, မြို့ဝန် မင်းကြီးမဟာမင်းလှသီရိတို့နှင့် ဝန်ကြီး သတိုးမင်းလှကျော်ထင်ကို နေပြည်တော်အမရပူရမြို့တွင်အစောင့်အနေခန့်တော်မူပြီးမှသံလွင်အရှေ့ဘက် အနောက်ဖက် ရှမ်းကိုးပြည်ထောင် မြို့ကျေးရွာများလည်း အငြိမ်အဝပ်ရှိအောင် နောက်တော်မပါ ကျန် စော်ဘွား မြို့စား တပ်ပေါင်းစားတို့နှင့် မိုးနဲတပ် စစ်ကဲကြီး မင်းကြီး မဟာမင်းထင်သီဟသူ, မင်းကြီး မဟာမင်းကျော်သူရိန်တို့ကို မိုးနဲမြို့တွင် ရပ်နေစေ၏။

အညာတပြင် မြို့ကျေးရွာများမှာလည်း မြို့ရွာ အင်အားအလျောက် ခန့်ထားစည်းကြပ်စေ၍ ဗန်းမော်မြို့ဝန် မင်းကြီး မဟာမင်းလှသီဟသူကို ဗန်းမော်မြို့ကရပ်နေစေ၏။

အနောက်ဖက်ဘလွား ရခိုင်လူမျိုးတို့နေရာ ဓညဝတီ အနီးအစပ် မင်းတုန်းတောင်စဉ်ခုနစ်ခရိုင် စလင်းမြို့မှာလည်း မြို့ရွာအမှုထမ်းလူတို့နှင့် တောင်စဉ်ခုနစ်ခရိုင် မြို့ဝန် မဟာမင်းလှကျော်ထင်,စလင်းမြို့ဝန် မင်းကြီး မဟာ မင်းလှသူရိန်တို့ကို ဝန်စုမြို့ကျေးရွာ အမှုထမ်းလူတို့နှင့် မင်းတုန်းတောင်စဉ်ခုနစ်ခရိုင်မြို့လမ်းပေါက်လမ်းဝများကအစောင့်အနေခန့်တော်မူ၏။

ဥက္ကလာပမြို့သို့ ချီတော် မူမည့်ကို ဖောင်ပန်း လှေတက်, ဆင် မြင်းရထား ခြေသည် စစ်အင်္ဂါလေးပါး ကြည်းတပ် ရေတပ် အခင်းအကျင်း

များကို ခန့်ထားစည်းကြပ်ရသည့် တပ်တော် အစီအစဉ်ကား····ရွှေဖျား လှူသုံးပါးတို့ အထွတ်အထိပ်ဖြစ်တော်မူသောမြတ်စွာဘုရားရုပ်ပွားတော် ရှင်မြှုဘုရား၊ ဘုရားဟောပိဋကတ်ကျမ်းဂန် ဓမ္မခန္ဓာတော်၊ တေဒင်ရ-ရဟန္တာရုပ်ပွားတော်ဆုရေရှစ်များကို အဖြူခြယ်သမ္မန်တွင်တင်ဆောင်၍ ရွှေလောင်းလက်ပြည့်နှစ်စင်းငင်စေပြီးလျှင် တပ်ဦးတော်က ဝတ်မြေဝန်, ဝတ်မြေစာရေးတို့ ကြပ်မ ပင့်ဆောင်ရ၏။

ယင်းသည့်နောက် ဖောင်ပန်းလှေတက်သမ္မန်တော်, ကတ္တူလွှန်းကြင်, သားလှေ ငှက်လှေအပေါင်းတို့နှင့် အမြင့်မြို့, တောင်သာမြို့, အလွှကပ္ပ မြို့, မြို့သာမြို့, ပြည်မြို့, မြို့ကျေးရွာ သေနတ်စွဲ သူရဲအမှုထမ်း တထောင့်ငါးရာကျော်နှင့် သားတော် ပြည်မင်းတပ်၊ ယင်းသည့်နောက် တိုက်ကုလားမင်းသားတပ်၊ ယင်းသည့်နောက် မြင်ကွန်းမင်းသားတပ်၊ ယင်းသည့်နောက် သီပေါမင်းသားတပ်၊ယင်းသည့်နောက် သုံးဆယ်မင်းသားတပ်၊ ယင်းသည့်နောက် တရုပ်မြော်မင်းသား တပ်၊ ယင်းသည့်နောက် နောင်တော် ရတနာပူရစတုဿမြို့တည်နန်းတည်မင်းတရားတပ်မှာ နောင်တော်မင်းတရားကို မှန်စီသမ္မန်တော်တွင် စံတော်မူစေ၍ ရွှေလှေ ဝဲယာ လက်ပြည့်နှစ်စင်းငင်စေပြီးမှ နောင်တော်မင်းတရားသမီးတော် စီးတော်မူသည့် သမ္မန်တော်၊ မင်းကိုယ်လုပ်တော်ကြီးမကွေးမြို့စားနှင့် ကိုယ်လုပ်မောင်းမတို့ စီးစေသည့် သမ္မန် ဘဏ္ဍာတင်ဖောင်များကို အတွင်းဝန် ဇရွှံ့မြို့စား မင်းကြီး မဟာခင်းလှနော်ရထာ, စီးတော်မြင်းဝန် မင်းကြီး မဟာမင်းလှသင်္ခယာတို့ ကြီးကြပ်လိုက်စေ၏။

ယင်းသည့်နောက် ကတ္တူလွှန်းကြင်, သားလှေ, ငှက်လှေများတွင် မြို့ဝန် ပုဏ္ဏားဝန် မင်းကြီးမဟာသီရိသီဟသူ, ထောင်မှူး, မြို့စာရေးတို့နှင့် ရွှေရုံးတော်တပ်၊ ယင်းသည့်နောက် လှေတော်များတွင် လှည်းစကြာတင် မင်္ဂလာအမြောက်တော်ကြီး နှစ်၊ ငုင်းပြင် လှည်းစကြာတင် အမြောက် သုံးဆယ်ကျော်၊ ဘရင်ဂျီပုသီကုလား အမြောက်အမှုထမ်း လူတရာကျော်တို့နှင့် အမြောက်တပ်တော်တွင် အမြောက်ဝန် အမြောက်မှူးတို့ကို ကြီးကြပ်လိုက်စေ၏။

ယင်းသည့်နောက် ဖောင်တော်, လှေတော်, ကတ္တူလွှန်းကြင်, သားလှေ,ငှက်လှေတို့နှင့် ရွှေဝင်းအလံမြူ ဟန်စည်ဟန်မောင်းပါ၊ မျောက်မြီး အမြောက်တော်ကြီး ခြောက်၊ ရွှေဗိုင်း ရွှေလွှား ရွှေကာ၊ မိုးနဲရွှေလှံကိုင် ကောင်ဟန်အမှုထမ်း၊ ရွှေးလက်ယာသေနတ် ရွှေပြည်သေနတ်၊ ပဥ္စာလ

မြို့ကျေးရွာ အမှုထမ်းသေနတ် အစုစုအမှုထမ်း သေနတ်စွဲသူရဲတထောင်ကျော်ကို ရွှေဝင်းတော်မှူး မင်းကြီးမဟာမင်းခေါင်ကို တပ်မှူး, ရွှေဝင်းစချီ နေမျိုးသိမ်ကျော်သူကို စစ်ကဲ, ရွှေဝင်းစာရေးနော်ရထာကျော်သူကို နာခံ, ဒိုင်းစာရေး နော်ရထာရန်အောင်ကို တပ်ရေး ခန့်ထားလိုက်ရ၏။

ယင်းသည့်နောက် လက်ယာဝင်း အလံစိမ်း၊ ဟန်စည်ဟန်မောင်းပါ မျောက်မြီး အမြောက်တော်ကြီးခြောက်၊ ရွှေဒိုင်းရွှေလွှားရွှေကာ၊ မိုးနဲ ရွှေလှံကိုင် ကောင်ဟန်အမှုထမ်း၊ နတ်စုလက်ဝဲသေနတ်၊ လက်ယာဝင်းဘုန်းတော်ဖြစ် သေနတ် အမှုထမ်း၊ စုစုအမှုထမ်း သေနတ်စွဲသူရဲ လူတထောင်ကျော်ကို လက်ယာဝင်းမှူး မင်းကြီး မဟာမင်းလှမင်းထင်ကို တပ်မှူး, ဝင်းစချီ နေမျိုးရဲထင်ကျော်ကို စစ်ကဲ, ဝင်းစာရေး ရွှေတောင်ရဲထင်ကို နာခံ, ဒိုင်းစာရေး ရွှေတောင်ရဲသူ-ရွှေတောင်ကျော်ထင်တို့ကို တပ်ရေးခန့်ထားရ၏။

ယင်းသည့်နောက် ဝန့်ရှင်တော် ယောမြို့စား ဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်၊ ကောင်းတုံမြို့စား ဝန်ကြီးသတိုးမင်းရဲရာဇာ၊ ပင်းမြို့စား ဝန်ကြီး သတိုးအတုလ မင်းကြီးမဟာဇန္ဒုကျော်၊ မြဝတီမြို့စား ဝန်ကြီး သတိုးမင်းလှမင်းခေါင်၊ ဝန်ထောက် သုံးဆယ်ကင်းစား မင်းကြီးမင်းလှသီဟသူ၊ မင်းကြီး မဟာသီဟသူ၊ နာခံ၊ စာရေးကြီး၊ အမိန့်တော်ရေး၊ အမှာရေး၊ အသုံးစာရေး၊ အဝေးရောက် လွှတ်တော်အရာရှိတို့နှင့် လွှတ်တော်တပ်။ ။ယင်းသို့အနေအထားကျ ခန့်ရန်စီစဉ်စေပြီးမှ ရွှေချီတပ်တော်တွင် သားတော်ပြည်မင်း သီရိမဟာသီဟသူရဓမ္မရာဇာကို ဗိုလ်မှူးဗိုလ်ချုပ် ခန့်တော်မူ၏။

ယင်းသည့်နောက် တပ်မတော်တွင် သူရဲကြီးအလံ၊ ရဲတံခွန်အလံ၊ ဝင်းမှတ်အလံ၊ ဟန်စည်ဟန်မောင်းပါ၊ ရွှေဒိုင်းရွှေလွှားရွှေကာ၊အတွင်းပြင် သွေးသောက်လတ်၊ လေးဆယ်တော်ငါးဆယ်တော် သွေးသောက်စုတို့ကို၊ သူရဲကြီးမှူး နေမျိုးရဲထင်ကျော်စွာကို တပ်မှူး, နေမျိုး သီဟကျော်သူကို စစ်ကဲခန့်တော်မူ၍ ယင်းသည့်နောက် ရွှေသိုင်း၊ ရွှေလေး၊ မိုးကြိုးခါးစွဲ၊ မင်းဝံကုလားပျို၊ ရွှေပန်းရွှေခါးစွဲ၊ မင်္ဂလာစည်တော် မောင်းတော်၊ မင်္ဂလာအမြောက်၊ ရွှေတော်ပြေး ဝင်စည်တော်၊ ရွှေခါးစည်၊ ဟန်လင်းစည်၊ ဆင်တော်သည်၊ နာရီအစု၊ စီးတော်ဆင်နှစ် ဦးစီးနောက်ပဲ့အစုံနှင့် ဆင်ဝန် မင်းကြီးမဟာမင်းကျော်မင်းထင်, ဆင်ဝန်ထောက် နေမျိုးဇေယနော်ရထာ, စီးတော်မြင်း-ရထားတော်ကမြင်းမှာ မြင်းစာ

ရေး နေမျိုးသီရိကျော်ထင်, မြင်းခံ နေမျိုးလက်ဝဲပတေ့, နေမျိုးလက်ယာပတေ့, ပြသာဒ် ရထားတော်ကြီး၊ ထီးဖြူစိုက် ရထားတော်များမှာ- နောက်တော်ပါ မြင်းအစုရေးတို့ ဝန်စုဆိုင်ရာ အသီးအသီး သားလှေ ရဲလှေ ဆင်ဖောင်မြင်းဖောင်များတွင် တင်ဆောင်ကြီးကြပ် လိုက်ရ၏။

ယင်းသည့်နောက် အတွင်းကိုယ်ရံတော် တုတ်ရဲသေနတ်၊ သစ်ဆိမ့် ဗညားသေနတ်၊ ခြောက်ထောင်လေး မင်းရွာလေး၊ ထီးလင်းလေး၊ နတ်စုလက်ယာ သေနတ်၊ လက်ဝဲကြောင်းသေနတ်၊ လက်ယာကြောင်း သေနတ်၊ လင်းဇင်းသေနတ်၊ ရှေ့လှံဝဲယာ၊ အလုံ နောက်ဖြည့်သေနတ်၊ နောက်ဝန်းကျင်သေနတ်၊ ရှေ့ပြည့်မှန်ကင်း သေနတ်၊ တောင် မာရဘင် သေနတ်၊ မြောက်မာရဘင် သေနတ် တောင်တရာ့ငါးဆယ် သေနတ်၊ မြောက်တရာ့ငါးဆယ် သေနတ်၊ အလုံ တောင်ဒဝယ် မြောက်ဒဝယ် သေနတ်၊ တောင်တွင်းကြီး တောင်ဒဝယ် မြောက်ဒဝယ်သေနတ်၊ဘိကျစ် လက်စွဲ၊ ပလိုင်းလက်စွဲ၊ နန်းဦးသေနတ်အစု အမှုထမ်းတို့ကို အစုဆိုင်ရာ သေနတ်စာရေးတို့ အသီးအသီး ရဲလှေတိုက်လှေများနှင့် ကြီးကြပ်ချုပ် အုပ်စေ၍ သေနတ်ဝန် မင်းကြီး မဟာဇေယသူရကို တပ်မှူး, နေမျိုး သူရိန်ကိုစစ်ကဲ, နေမျိုးဇလကျော်သူကိုနာခံ, ရဲထင်ရန်အောင်-ရဲခေါင် နော်ရထာတို့ကို တပ်ရေးခန့်ထားလိုက်ရ၏။

ယင်းသည့်နောက် ရွှေတော်ပြေး စည်တော်စုံတင်၍ သာရဗိမာန်, သာရကာ, အီကင်း, ကမကော်-လှေတော်လေးစင်းကို ရှေ့တက်လက် ပြည့်နှင့် ရတနာဖောင်တော်ရှေ့ ဝဲယာ၊ ပြည်လုံးအုံ့, ရွှေးကြီး, လက် သစ်, လှော်ကားတော်ကြီး သုံးစင်းမှာ-လှေဆောင်ရတနာ ပြာသာဒ် တော် ယဉ်ထီးဖြူစိုက်၊လက်ရွေးကြီး လှော်ကားတော်မှာ ရတနာထမ်းစင် တော်တင်ဆောင်၍ ယဉ်ထီးဖြူတော်ယပ်မားတော်များကို စိုက်ဆောက် ပြီးလျှင် ရတနာရွှေဖောင်တော်ရှေ့ဝဲယာ၊ လင်းဇင်း လှေတော်မှာ ပုံ မောင်းနရည်းဆရာစုံတင်ဆောင်၍ ဖောင်တော်ရှေ့၊ ငှင်းပြင် လှော်ကား တော်များတွင် မဟာသတ္တရဇေယ အမြောက်တော်, ခန့်တိုင်းရောက် အမြောက်တော်များကို တင်ဆောင်ပြီးလျှင် ရတနာ ရွှေဖောင်တော် ရှေ့ဝဲယာ စီစဉ်ခင်းကျင်း၍ လိုက်ကြရ၏။

ယင်းသည့်နောက်မှ ပြည်ကြီးမွန် ရတနာရွှေဖောင်တော်ကို ရွှေလှေ တော်လက်ပြည့်ရှစ်စင်းငင်စေ၍အဘွင်းဝန်သံတော်ဆင့်တို့ကြပ်မနှိုးဆော် လိုက်ရ၏၊ ယင်းသည့်နောက် ကရဝိက် ရွှေဖောင်တော်ကို ရွှေးတော်

လက်ပြည့် ခြောက်စင်းငင်ရ၏၊ ယင်းသည့်နောက် မိဖုရားခေါင်ကြီး ဘဏ္ဍာတင်ဖောင်တော်ကြီး၊ သမီးတော် သီရိပဝရတိလောက ရတနာ မင်္ဂလာဒေဝီ ဘဏ္ဍာတော်တင် သမ္ဗန်တော်ကြီး၊ ယင်းသည့်နောက် နှမတော် ပုသိန်မင်းသမီး စီးတော်မူသည့် သမ္ဗန်တော်နှင့် ဘဏ္ဍာတင်ဖောင်၊ နှမတော် ရမည်းသင်းမင်းသမီး စီးတော်မူသည့် သမ္ဗန်တော်နှင့် ဘဏ္ဍာတင်ဖောင်၊ မြောက်နန်းတော်မိဖုရား စီးတော်မူသည့် သမ္ဗန်တော်နှင့် ဘဏ္ဍာတင်ဖောင်၊ ယင်းသည့်နောက် အလယ်နန်းတော် မိဖုရား စီးတော်မူသည့် သမ္ဗန်တော်နှင့် ဘဏ္ဍာတင်ဖောင်၊ ယင်းသည့်နောက် အနောက်နန်းတော်မိဖုရားနှင့် သမီးတော် လှိုင်မင်းသမီးတို့ စီးတော်မူသည့် သမ္ဗန်တော်နှင့် ဘဏ္ဍာတင်ဖောင်၊ ယင်းသည့်နောက် မင်းခင်း မင်းသမီးစီးသည့် သမ္ဗန်နှင့် ဘဏ္ဍာတင်ဖောင်၊ ယင်းသည့်နောက် ဗန်းမော်မိဖုရားစီးသည့် သမ္ဗန်နှင့် ဘဏ္ဍာတင်ဖောင်၊ ယင်းသည့်နောက် ကျောက်မော်မြို့စား တောင်ဆောင်တော်မိဖုရားစီးသည့် သမ္ဗန်နှင့်ဘဏ္ဍာတင်ဖောင်၊ ယင်းသည့်နောက် ကနောင်မြို့စား မြောက်ဆောင်တော်မိဖုရား, သမီးတော် ပင်းတလဲမင်းသမီး, ယင်းခဲမင်းသမီးတို့စီးသည့်သမ္ဗန်နှင့် ဘဏ္ဍာတင်ဖောင်တော်စသော မင်းမိဖုရား သမီးတော် မင်းကိုယ်လုပ်တော်နှင့် အတွင်းအငြိမ့် မိန်းမတို့စီးသည့် ဖောင်ပန်း လှေတက်များတွင် အနောက်ဝန် မဟာမင်းလှသူရိန်, မဟာမင်းလှကျော်တို့နှင့် အနောက် ရုံးအရာရှိတို့ ကြီးကြပ်လိုက်ရ၏။

ယင်းသည့်နောက် ရှေ့တိုက်ဘဏ္ဍာတင် သင်းဘောတော်၊ ယင်းသည့်နောက် အချုပ်တိုက်ဘဏ္ဍာတော်တင် သမ္ဗန်တော်၊ ယင်းသည့်နောက် ကြေးတိုက် ဘဏ္ဍာတော်တင် လှေတော်၊ ကသောင်းမြောင်တိုက် လှေတော်၊ လက်ဆောင်ယူတိုက် လှေတော်၊ လက်နက်တိုက် သမ္ဗန်တော် လှေတော်များတွင် ဝန်စုဆိုင်ရာ အမှူးအကြီးတို့ များစွာသောသားလှေဂှက်လှေတို့နှင့် အသီးအသီး အုပ်ချုပ်ကြီးကြပ်လိုက်ရ၏။

ယင်းသည့်နောက် များစွာသော သားလှေဂှက်လှေတို့နှင့် လက်ဝဝင်းအလံဝါ၊ ဟန်စည်ဟန်မောင်းပါ၊ မျောက်မြီး အမြောက်တော်ကြီး ခြောက်၊ ရွှေဒိုင်းရွှေလွှားရွှေကာ မိုးနဲရွှေလှံကိုင် ကောင်ဟန်အမှုထမ်း၊ လက်ဝဝင်းဘုန်းတော်ဖြစ် သေနတ်အမှုထမ်း၊ သူရဲသေနတ် အမှုထမ်း၊ စုစုအစုအမှုထမ်း သေနတ်စွဲသူရဲတထောင်ကျော်တို့တွင်လက်ဝဝင်းတော်မှူး မင်းကြီးမင်းလှမဟာမင်းထင်ကို တပ်မှူး၊ သူရဲဝန် မင်းကြီးကျော်ထင်

ကိုစစ်ကဲ, ဝင်းစချီ နေမျိုးရဲခေါင်ကျော်ကိုနာခံ၊ ဝင်းစာရေး ရွှေတောင် ဗလ, ဗလကျော်သူ, ဒိုင်းစာရေး ရွှေတောင်ဗလရဲထင်တို့ကို တပ်ရေး ခန့်ထားလိုက်ရ၏။

ယင်းသည့်နောက် များစွာသောသားလှေငှက်လှေတို့နှင့် နောက်ဝင်း အလံပြာ၊ ဟန်စည်ဟန်မောင်းပါ၊ မြောက်မြီးအမြောက်တော်ကြီးခြောက်၊ ရွှေဒိုင်းရွှေလွှားရွှေကာ၊ မိုးနဲ့ရွှေလှံကိုင် ကောင်ဟန်အမှုထမ်း၊ နတ်ရှင့် ရွှေးသေနတ်အမှုထမ်း၊ ကုလားပျို သေနတ်အမှုထမ်း၊ သေနတ်စွဲ သူရဲ တထောင်ကျော်တို့တွင် နောက်ဝင်းတော်မှူး မင်းကြီးမင်းခေါင်ကိုတပ်မှူး၊ ဝင်းစချီနေမျိုးကျော်ထင်နော်ရထာကို စစ်ကဲ, ဗလပျံချီကျော်ကို နာခံ, ဒိုင်းစာရေး ဗလရန်အောင်ကို တပ်ရေး ခန့်ထားလိုက်ရ၏။

ယင်းသည့်နောက် မှူးတော်မတ်တော်တို့ လှော်ကား ရဲလှေ၊ ယင်း သည့်နောက် အသီးအသီး ဖောင်တော် လှေတော်များနှင့် မိဖုရားခေါင် ကြီးမောင်တော် ပုဂံမင်းတပ်၊ မက္ခရာမင်းတပ်၊ ရွှေတောင်မင်းတပ်၊ မင်း တုန်းမင်းတပ်၊ ပန်းထိမ်းမင်းသားတပ်၊မင်းတပ်မင်းသားတပ်၊ ယင်းသည့် နောက် မင်းဆွေစိုးမျိုးတို့ ကိုယ်စီ ဖောင်းပန်းလှေတက်များနှင့် လိုက်ကြ ရ၏။

ယင်းသည့်နောက် ဖောင်တော်လှေတော်များနှင့် ပုခန်းကြီးမြို့ ကျေး ရွာသေနတ်အမှုထမ်း၊ မြေဒူးမြို့သေနတ်အမှုထမ်း၊ စုစုကိုယ်ရံ သေနတ်စွဲ သူရဲအမှုထမ်း လူတထောင်ကျော်၊ ရှမ်းကိုးပြည်ထောင် စော်ဘွားမြို့စား တို့နှင့် သားတော် မိုးနဲ့မိုလ်မှူး ပုခန်းမင်း သုသီရိ သီဟသူရ မဟာဓမ္မရာ ဇာကို နောက်တပ်မိုလ်မှူးမိုလ်ချုပ် ခန့်တော်မူ၍ ချုပ်အုပ်ရ၏။

ကြည်းတပ်မှာလည်း ဆင်ပေါင်း သုံးရာ့နှစ်ဆယ်ကျော်၊ စီးတော် ရွေးဝင်းစသော ဆင်တော်တို့မှာ ဦးစီးနောက်ပဲ့ ကြိုးကတန်ဆာစုံ ဆင် ယင်၍ ဆင်ဝန်ထောက်တို့နှင့် တတပ်၊ မိဖုရား မင်းညီမင်းသား သား တော်သမီးတော်များကို ပေးတော်မူသည့် ဆင်မြင်းများကိုလည်း ကြိုးက တန်ဆာအစုံ ဦးစီးနောက်ပဲ့နှင့် ဆင်ဝန်ထောက် နေမျိုးနော်ရထာ,နေမျိုး ရန်အောင်, ဆင်စချီရန်အောင်နော်ရထာ, ဆင်မှူးတို့ကို ချုပ်အုပ်စေ၍ အုပ်စည်းမပျက် ချီတက်ရ၏။

ယင်းသို့ ရှေ့နောက်ဝဲယာ ကြည်းတပ် ရေတပ်များကို အနေအထား ကျအောင် စီစဉ်ခင်းကျင်းစေပြီးမှ တော်သလင်းလပြည့်ကျော် ခြောက် ရက်နေ့ ရှေ့ခြောက်တပ် နောက်ခြောက်တပ် ခင်းကျင်းပြီးလျှင် ရတနာ

ထမ်းစင်တွင် အရှင်နှစ်ပါး ရွှေစက်တော်တင်၍ ရေနန်းတော်သို့တည့်တွ ထွက်စံတော် မူပြီးလျှင် ဘဝရှင် မင်းတရားကြီး ဘုရား မိဖုရားခေါင်ကြီးနှင့်အတူ ဘုံခုနစ်ဆင့်ရှိသော ကြက်သရေ အပေါင်းတို့နှင့် ပြည့်စုံသော ပြည်ကြီးမွန် ရတနာရွှေဖောင်တော်ထက် သားတော် ညီတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော် ထီးရံနန်းရံ စော်ဘွား မြို့စား တပ်ပေါင်းစားတို့ဖြင့် ခြံရံတော်မူ၍ အသိန်းမကသော နတ်စစ်သည်နှင့်တူသော သေနတ်စွဲ သူရဲအပေါင်းတို့နှင့် ပုံမောင်း, နရည်း ဆရာ, ပတ်သာ, ဒုံမင်းစသည်တို့ကို တပြိုင်နက် တီးမှုတ် စေလျက် သုံးဆဲ့ခုနစ်ပါးသော တက်ရေး တက်ချင်း တို့ဖြင့် ရောဝတီမြစ်အလုံး ပွဲတင်ထပ်မျှ အတန္တုအားဖြင့် လေးကျွန်းလုံးကို အစိုးရသော မန္ဓာတ်စကြာမင်းသည် ရေသဘင်စံသောအခါကဲ့သို့ မြတ်သောအသရေကို ဆောင်တော်မူလျက် သက္ကရာဇ် (၁၂၀၃) တထောင့် နှစ်ရာ့ သုံးခု တော်သလင်းလ ပြည့်ကျော် ခုနစ်ရက်နေ့ နံနက်တချက်တီးကျော် သုံးနာရီ ကောင်းမြတ်သောအခါနေ့ရက်တွင် မင်္ဂလာအမြောက်သံ ကြားသည်နှင့် တပြိုင်နက် သာယာ ငြိမ့်လေးစွာ နေပြည်တော် အမရပူရမြို့ ရေနန်းတော်ဆိပ်က ရတနာရွှေဖောင် ကန်တော်မူ၍ မွန်လူမျိုးတို့နေရာ ရာမညတိုင်းသုံးရပ်အဝင် ဥက္ကလာပမည်သော ဟံသာဝတီရန်ကုန်မြို့သို့ ထွက်တော်မူ၏။

ယင်းသို့ ထွက်တော်မူရာ တပ်တော်မှစ၍ မင်းမိဖုရား မင်းညီ မင်းသား မင်းဆွေစိုးမျိုး လွှတ်တော် ရုံးတော် တပ်တော် များတွင်လည်း စာရင်းပါအခမ်းအနားအစီအစဉ်အတိုင်း တပ်မှတ်အလံကိုယ်စီနှင့် တပ်တော်စခန်းချရပ်တိုင်း တတပ်နှင့်တတပ်မယှက်မထွေးစေရ ဆိုင်ရာမိုလ်မှူး တပ်မှူး မိုလ်ချုပ်တပ်ချုပ်တို့ အုပ်ကွပ်ထိန်းသိမ်းချီရ၏။

ယင်းသည့်နေ့ညဉ့် ရတနာပူရအဝမြို့ ရန်အောင်မြင် ဆိပ်ကမ်းတွင် တပ်တော် ချရပ် တည်ခွဲစံတော်မူသည့်အတွင်း တပ်တော်မင်္ဂလာစခန်းဦး ရန်အောင်မြင် ဆိပ်ကမ်းတွင် ကောင်းမြတ်သောနိမိတ်ကို နတ်တို့ပြဆက်သဖြင့် မိုးသေးမိုးဖွဲ ဆွတ်ဖျန်းကျသည်။

ထိုက ငင်းလပြည့်ကျော် ရှစ်ရက်နေ့ ဘဝရှင် မင်းတရားကြီး ဘုရား မိဖုရားခေါင်ကြီးနှင့်အတူ ကပ်ကြိုဖောင်တော်ထက်စံတော်မူ၍ ချီတော်မူရာ ငန်းဇွန်ရွာ လောင်သာစခန်းသို့ဆိုက်ရောက်တော်မူသည်၊ ထိုတွင် တည်ခွဲစံတော်မူ၍ ငင်းလပြည့်ကျော်ကိုးရက်နေ့စုန်တော်မူပြန်ရာ တလုပ်မြို့နယ် မြင်းခြံစခန်းသို့ ဆိုက်ရောက်တော်မူသည်၊ ထိုတွင်တည်ခွဲစံတော်

မှ၍ ၎င်းလပြည့်ကျော်ဆယ်ရက်နေ့ ပြည်ကြီးမွန် ရတနာရွှေဖောင်တော်နှင့် စုန်တော်မူရာ ညောင်ဦးရွာသို့ ဆိုက်ရောက်တော်မူသည်။

ထိုတွင် နှစ်ညဉ့်စံတော်မူပြီးလျှင် ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့်အတူ မင်းမိဖုရား မင်းညီ မင်းသား မှူးတော် မတ်တော် အပေါင်း ခြံရံတော်မူ၍ ပြာသာဒ် ယာဉ်တော်နှင့် ရွှေစည်းခုံဘုရား, အာနန္ဒာဘုရားများသို့အဖူးအမြော်ထွက်တော်မူပြီးလျှင် ရွှေတန်ဆောင် ငွေတန်ဆောင်, ရွှေတံခွန်–ငွေတံခွန်, ရွှေပေါက်ပေါက်–ငွေပေါက်ပေါက်, ပတ္တမြားပေါက်ပေါက်များနှင့် ဖူးမြော်ပူဇော်တော်မူသည်။

ထိုက၎င်းလပြည့်ကျော်တဆွဲသုံးရက်နေ့ ပြည်ကြီးမွန်ဖောင်တော်နှင့် စုန်တော်မူရာ ပုခန်းငယ်မြို့တွင် တည၊ ၎င်းကရေနံချောင်းမြို့စီရင်စု ဆားတောရွာတွင်တည၊ ၎င်းကမကွေးမြို့တဖက် မင်းဘူးရွာအောက် ကြည်းပင်တက်စခန်းတွင် တည၊ ၎င်းကပတ္တနဂိုရ်မြို့ စီရင်စု ကြခတ်ရွာစခန်းရောက် ငါးစခန်းချီတော်မူ၍ ဆိုက်ရောက်တော်မူသည်၊ ယင်းသည့်နေ့ ပုခန်းမင်းကျော်စွာနတ်ကို မဟာမင်းလှကျော်စွာ ရွှေဘွဲ့ ပေးတော်မူ၍ နောက်တော်လိုက်နတ် အမိန့်တော်ပြန်ရသည်။

ထိုတွင် တညဉ့်စံတော်မူပြီးလျှင် သီတင်းကျွတ်လဆန်းနှစ်ရက်နေ့ စုန်တော်မူပြန်ရာ မြေထဲမြို့စီရင်စု သာဝတ္ထိရွာစခန်းတွင် တညဉ့်၊ ၎င်းက သရက်မြို့တွင် တညဉ့်၊ ၎င်းက ပြည်မြို့ နဝင်းချောင်းအထက် မြရွာဆိပ် တဲနန်းတော်ရောက် သုံးစခန်း ချီတော်မူ၍ မြရွာဆိပ် တဲနန်းတော်တွင် စံတော်မူသည်။

ထိုတွင် နှစ်ရက်ရစ်ဆိုင်းတော်မူ၍ ပြည်မြို့အနောက်ဖက် ဟံသာဝတီဆင်ဖြူများရှင့်ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကောင်းမှု ရွှေဘုံသာဘုရားနှင့်ပြည်ဆံတော်ဘုရားများကို ဘဝရှင်မင်းတရားကြီးဘုရား,မိဖုရားခေါင်ကြီး, မင်း မိဖုရား သားတော် သမီးတော် မှူးတော် မတ်တော် ဗိုလ်ခြေမက်အမှုထမ်းအပေါင်းတို့နှင့် ထွက်တော်မူ၍ ဖူးမြော်ပူဇော်တော်မူသည်။

ထိုစခန်းက ၎င်းလဆန်းခြောက်ရက်နေ့စုန်တော်မူပြန်ရာ ရွှေတောင်မြို့နယ် ကြီးသဲဟသာ်ဆိပ် တဲနန်းတော်တွင်တညဉ့်၊ ယင်းက လဆန်းခုနစ်ရက်နေ့ ချီတော်မူပြန်ရာ မင်္ဂလာ သာယာဝတီမြို့ စီရင်စု ရေကင်းဆိပ်အထက်သမ္ဘရာခုံတဲနန်းတော်သို့ ဆိုက်ရောက်ရာ တညဉ့်စံတော်မူပြီးလျှင် ၎င်းလဆန်းရှစ်ရက်နေ့ ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့်

အတူ ရွှေလှေရွှေလောင်းများတွင် ရွှေစက်တင်တော်မူပြီးလျှင်စုန်တော်မူပြန်ရာ မင်းကြီးရွာ စံနန်းတော်သို့ ဆိုက်ရောက်တော်မူသည်။

ထိုစခန်းတွင် အထက်ရှစ်ဆဲ့ခြောက်ခုနှစ် ချီတော်မူသည်တွင် စံတော်မူသည့် မင်းကြီးရွာ မင်္ဂလာ အိမ်တော်ရာတွင် ဘိနပ်တော် အတောင်သုံးဆယ်ခင်းစေတီ တည်တော်မူမည်ကို မင်္ဂလာ သာယာဝတီမြို့ဝန်သို့ အုတ် အင်းကတော ကံကျွေးလက္ခ ငွေတော် ထုတ်ပေးတော်မူ၍ ယင်းသည့်သီတင်းကျွတ် လဆန်း ဆယ်ရက်နေ့ ညဉ့်လေးချက်တီးကျော်အချိန်အခါတော်နှင့် စေတီတော်တည်ရာတွင် ရွှေပန္နက်ငွေပန္နက်ချမှတ်ပြီးလျှင် စလေပုခန်းငယ်မြို့စား ဝန်ကြီး သတိုးအတုလမင်းကြီးမဟာဇန္ဓုကျော်နှင့် မင်္ဂလာသာယာဝတီမြို့ဝန်တို့ကို ကြည့်ရှုကြီးကြပ် တည်လုပ်စေ၏။

ထိုတွင် နှစ်ညဉ့်စံတော်မူပြီးလျှင် သမ္ဘရာခုံ တဲနန်းတော်သို့ ထွက်စံတော်မူသည့်အတွင်း ထိမ်တော၀ ဈေးမော်ချောင်းက စုန်တော်မူလို၍ ရေတိမ်ရေနက်ကို တိုင်းတာစေရာ ရေယုတ်လျော့ တိမ်တိမ်ရှိသည်ကို ယင်းသည့်နေ့ညဉ့်ပင် ရွှေဘုန်းတော်အား အလိုတော်အတိုင်း သာသနာတော်စောင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့နှင့် သမုဒြာဂင်္ဂါစောင့်နတ်တို့ ကူညီစောင်မသဖြင့် ညဉ့်ခြင်း ရေတိုးတက်သည်။

ယင်းက မင်္ဂလာသာယာဝတီမြို့ ထိမ်တော၀သို့ ထွက်တော် မူပြီးလျှင် ၎င်းလဆန်းတဆဲ့သုံးရက်နေ့ ထိမ်တော၀ ဈေးမော်ချောင်းစခန်းက စုန်တော်မူရာ သာယာဝတီမြို့စီရင်စု မဟာပေါင်း ရွှေလောင်းချောင်းသို့ ဆိုက်ရောက်တော်မူသည်။

ထိုတွင် တညဉ့်စံတော်မူပြီးလျှင် ၎င်းလဆန်း တဆဲ့လေးရက်နေ့ ချီတော်မူပြန်ရာ ယင်းသည့်မြို့ စီရင်စု စံရွေးရွာတွင် တညဉ့်၊ ၎င်းကလိုင်မြို့စီရင်စု ဘိုးခေါင်ရွာတွင် တညဉ့်၊ ၎င်းက လိုင်မြို့စီရင်စု ရွာသစ်ကြီးရွာတွင် တညဉ့်၊ ၎င်းကဥက္ကလာပနန်းတော်တောင် တာလေးရာကျော်ကွာ ဖောင်တော်တံတားဆိပ် တဲနန်းတော်ရောက် လေးစခန်းနှင့် ၎င်းလပြည့်ကျော် သုံးရက်နေ့နေသုံးချက်တီးကျော်အချိန် ဆိုက်ရောက်တော်မူသည်။

ထိုတွင်တညဉ့်စံတော်မူပြီးလျှင် ၎င်းလပြည့်ကျော်လေးရက်နေ့ နံနက်အချိန် ဘဝရှင် မင်းတရားကြီး ဘုရား မိဖုရားခေါင်ကြီးနှင့် အတူ မင်းမိဖုရား သားတော် သမီးတော် မင်းညီမင်းသား ဆွေတော် မျိုးတော် စော်ဘွား မြို့စား မှူးတော် မတ်တော် ဗိုလ်မှူးတပ်မှူး ရဲမက်အမှုထမ်း အပေါင်းတို့ကို ကြည်းတပ် စီစဉ်ခင်းကျင်းတော်မူပြီးလျှင် ရတနာ ထမ်း

စင်တော်တွင် မိဖုရားခေါင်ကြီးနှင့်အတူ ရွှေစက်တင်တော်မူ၍ မင်္ဂလာအခါကြား အမြောက်ထံကြားသည်နှင့်တပြိုင်နက် ဥက္ကလာပ နန်းတော်သို့ဝင်တော်မူ၍ ဆောက်ထားရှိနှင့်သည့် ကောင်းမွန် ဆန်းကြယ်သော ရွှေနန်းပြာသာဒ်တော်နှင့်တကွ အဆောင်ဆောင်သော ရွှေနန်းတော်များကို ယင်းသည့်နေ့ တက်သိမ်းစံတော်မူ၏၊ နောက်တော်လိုက်ပါသည့် မင်းညီမင်းသား စော်ဘွားမြို့စား မှူးတော်မတ်တော် ဗိုလ်ရဲမက်အပေါင်းတို့ကို သင့်ရာ အိမ်ရာနေရာတိုက်တန်းတင်းကုပ်များတွင် ချထားနေထိုင်စေ၏၊ ချီထွက်တော်မူခဲ့သမျှ လမ်းခရီး တပ်တော် စခန်းစဉ်များတွင်လည်း ဇာတ်ရုပ်စုံ ပွဲသဘင်မပြတ် ခံတော်မူ၏။

ယင်းနေ့ ဘဝရှင်မင်းတရားကြီးဘုရား စံနန်းတော်က ပုပ္ပဒန္တဆင်တော်ကို ရွှေစက်တင်တော်မူ၍ မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်းတို့နှင့် ဒဂုံဆံတော်ရှင်ဘုရားကို အဖူးအမြော် ထွက်တော်မူသည်၊ ၎င်းလပြည့်ကျော် ငါးရက်နေ့ကစ၍ ဥက္ကလာပမြို့စံနန်းတော်တွင် လက်ဖွဲ့လက်ပမ်း ဇာတ်ရုပ်စုံပွဲသဘင် မပြတ်ခံတော်မူ၏။

၎င်းလပြည့်ကျော် ရှစ်ရက်နေ့ကစ၍ ဒဂုံဆံတော်ရှင်ဘုရား, သန်လျင်ကျိုက်ခေါက် ဘုရားများကို နောင်တော်မင်းတရား ကိုယ်ရံတော် ဝင်းတပ်အခင်းအကျင်း ဖောင်တော်လှေတော်များနှင့် အဖူးအမြော် ထွက်တော်မူသည်။

ယင်းသည့် သီတင်းကျွတ်လပြည့်ကျော် ဆယ်ရက်စနေနေ့ လေးချက်တီးကျော် သုံးမောင်း ကောင်းမြတ်သော အခါနေ့ရက်တွင် မြေမြို့ရိုးတည်မည့်နေရာကို ချင်းနင်းကြည့်ရှုတော်မူ၏။

ထိုသက္ကရာဇ် တန်ဆောင်မုန်းလဆန်း တရက်နေ့ ဘဝရှင် မင်းတရားကြီး ဘုရား, မိဖုရားခေါင်ကြီးဘုရား အရှင်နှစ်ပါး သကြြန်ခေါ်တော်မူသည်။

ထိုသက္ကရာဇ် တန်ဆောင်မုန်းလဆန်း ကိုးရက် စနေနေ့ ညဉ့်တချက်တီးကျော်အချိန်အခါတော်နှင့် မုတ္တမ, ပုသိန်,ဟံသာဝတီဟူသော ကိုးဆဲ့ကိုးမြို့သော ခရိုင်အဝှန်းတို့ဖြင့် မြိုရံ အပ်သော မွန်လူမျိုးတို့ နေရာရာမညတိုင်းကြီး၌ ရှေး စကြာမန္ဓာတ်မင်းတို့မဖြစ်ထွန်းမီ တောချုံအတိဖုံးလွှမ်းသဖြင့် နတ်ဘီလူးတို့ သိမ်းဆည်းစောင့်ရှောက်ရာဖြစ်သော ရာဇဂြိုဟ်ပြည်ကြီးကဲ့သို့ ဘုန်းရှိသော မင်းတို့အားသာ စံသိုက်ရာ၊ ပတိရူပဒေသအစစ်ဖြစ်သော ဟံသာဝတီမဏ္ဍလအဝင် အသိတဥ္စန ပေါက္ခရ

ဝတီမည်သော ဒဂုံတောင်ထိပ် စက်ရိပ်အတွင်း ဥက္ကလာပ ဇနပုဒ်တွင် တာဝန်းတထောင့်ရှစ်ရာရှိသော မြေမြို့ကို နောက်တော်ပါ မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး အမှုထမ်း ရဲမက်အပေါင်းတို့ကို အသီးအသီး တာဝေ၄ပေးအပ်တော်မူ၍ ကျုံး,မြောင်း, တံခါး, ပြအိုး, ပစ်စင်နှင့်တကွ မြို့၏အင်္ဂါ ပြည့်စုံစွာ အိမ်ဈေးသဘင် စသည်ဖြင့် ပြည်အလုံးကို တန်ဆာဆင်ဘိ၏သို့ ခုနစ်ရက်အတွင်း တည်လုပ် ပြီးပြေလျှင် မြို့တော်ကို-အောင်မြေရန်နှင်၊ နန်းတော်ကို-မြတ်နန်းအောင်ချာ သမုတ်တော်မူ၍ စံတော်မူ၏။

ထိုအခါ ဥက္ကလာပ အောင်မြေရန်နှင်မည်သော မဟာရာဇဌာနီ မင်းနေပြည်ကြီးသည် မြတ်စွာဘုရား သာသနာ စည်ပင် ပွင့်လင်းထွန်းပ၍ အမျိုးလေးပါးတို့ ပြွမ်းနှော ပေါင်းစည်း စုဝေးရာဖြစ်လျက် ဆင်သံ မြင်းသံ ရထားသံစသော အသံဆယ်ပါးတို့ဖြင့် မဆိတ်မညံသောအားရှေးအမရဝတီ ပြည်ကြီးကဲ့သို့ ဖြစ်သောဟူ၏။

ယင်းသည့်သက္ကရာဇ် တန်ဆောင်မုန်းလဆန်း လေးရက်နေ့ နံနက်လေးချက်တီးကျော် အချိန် အခါတော်အတိုင်း ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့် ဥကင်ဖွင့် ကန်တော့ခံတော်မူသည်၊ ပြာသာဒ်တော်မာရဘင်အတွင်း မင်းမိဖုရားတို့နေရာကိုလည်း နေရာတော်စဉ် အတိုင်း ခစားကြရသည်၊ အခမ်းအနားတွင်ယဉ်ထိီးဖြူတော်ရှစ်စင်းနှင့် မင်းဆောင်မင်းယောင်တော်များကို ကျင်းပရသည်၊ မင်းရုပ်တုတော်များနှင့် ရတနာသုံးပါး ပူဇော်တော် ပွဲများကိုလည်း ပူဇော်မြဲပူဇော်ရသည် ရာဇပလ္လင်ဥကင်စောင့် နတ်များကိုလည်း တင်ကြွားပသမြဲ တင်ကြွားပသစေ၏။

ထိုသက္ကရာဇ် တန်ဆောင်မုန်းလကစ၍ ရှင်စောပုမြို့, သန်လျင်မြို့,ဒလမြို့, ဝဲခူးမြို့, သီလဝါကင်း, သရက်တပင်ကျွန်းဦး, ကြည့်မြင်တိုင် အရပ်များသို့ မင်းမိဖုရား မင်းညီမင်းသား စော်ဘွားမြို့စား မှူးတော်မတ်တော် ဗိုလ်ရဲမက်အပေါင်းတို့နှင့် ရံဘန်ရံဘန် ထွက်တော်မူ၍ ရွှေတိဂုံဘုရား, ပဲခူးရွှေမော်ဓောဘုရား, ကျိုက်ခေါက်ဘုရား, ကုသိနာရုံဘုရားများကို ဖူးမြော်ပူဇော်တော်မူ၏။

ထိုသက္ကရာဇ် တန်ဆောင်မုန်းလပြည့်ကျော် ရှစ်ရက်နေ့ အထက်မင်္လာသာယာဝတီမြို့၊ ရေကင်းမင်းကြီးဆိပ်တွင် အသားအရေလျော့ပါး၍ ကျွေးမွေးပြုစုစေသည့် ဆဒ္ဒန်ပြောင်ကျော် ဆင်တော် မှားကြောင်းကို

မြို့ဝန်စစ်ကဲတို့က လျှောက်ထားလာသည်တွင် ဆင်ဝန်ပြုသူတို့ မကြည့်မရှု၍ ငါ့ဆင်တော်မှားရသည်-အမိန့်တော်ရှိပြီးလျှင် ငကလေးကို ဆင်ဝန် အရာကနုတ်၍ ဝန်ထောက် မင်းကြီးမဟာသမ်ယာကို ဆင်ဝန် ခန့်တော်မူ၏။

ယင်းသည့်သက္ကရာဇ် နတ်တော်လဆန်း လေးရက်နေ့ အထက်မဂ်လာသာယာဝတီမြို့ ရေကင်းမင်းကြီးတိုက်တွင် တည့်လုပ်တော်မူသည့်ကုသိုလ်တော်ဘုရား ပဋ္ဌမပစ္စယာဌပနာတိုက် ပြီးပြေသည်ကို ဌပနာတော်မူရန် မွေးတော်, ခတ်တော်, ရုပ်ပွားတော်, သုံးသုမာရဂိရိမြို့ ၆စဉ်းခုံတောဝါဆိုခန်းကစ၍ ဗေဠုဝန္လာ ဝါဆိုခန်းအထိ ခန်းရေ တဆဲ့ကိုးများနှင့် မင်းမိဖုရား မှူးတော်မတ်တော်တို့က ကုသိုလ်တော်ဝင်သည့် ရွှေဆင်းတုဆူရေ တဆဲ့သုံး, ငွေဆင်းတုဆူရေ ရှစ်ဆယ်, မိုးကြိုးဆင်းတု တစ်များကို အစီအစဉ် အခမ်းအနားပွဲသဘင် ခင်းကျင်း၍ မြစ်ဆိပ်ရောက် ပင့်ဆောင်စေပြီးလျှင် သာရကာ, သာရဗိမာန်, အီကင်း, ကမကော်, လှေတော် လေးစင်းနှင့် တင်ပို့စေ၍ ၎င်းလပြည့်ကျော် နှစ်ရက်နေ့ အခါတော် အတိုင်း ဌပနာတော်မူစေ၏။

ထိုသက္ကရာဇ် နတ်တော်လပြည့်ကျော်ငါးရက်နေ့ ဘိုးတော်ဆင်ဖြူရှင် မင်းတရားကြီးသမီးတော် တောင်တွင်းချောင်မြို့စားဟောင်း ရေနံသာမြို့စား သေလွန်သည်ကို သရက်မင်းသမီးနည်းတွင် ထီးဖြူနှစ်တိုး၍ နန်းမတော်မိဖုရားခေါင်ကြီးက ကောင်းမွန်အောင် သင်္ဂြိုဟ်တော်မူ၏။

ယင်းသည့် နတ်တော်လအတွင်း ဒလမြို့စီရင်စု၊ အင်းတေနယ်မြေ ကျေးရွာတွင် လှေတော်ပဲ့နင်းဦးနေတို့နှင့် အငြိမ်အဝပ် ရှိနေသည်ကို မငြိမ်မဝပ်အောင် မွှေနှောက်ပြုကျင့်၍ ပဲ့နင်းအရာကို လျှောက်ထားသူငဉကို ရာဇဝတ် အပြစ်အလျှောက် မော်ဝိ မြို့သူကြီးသို့ အပ်ပြီးလျှင် မိကျောင်းစာကျွေးစေရာ မိကျောင်းမစား၊သေနတ် မားလှံပြီးစီးကြောင်း ကို သိတော်မူ၍ လဲခြားစော်ဘွား ကမ္ဘောဇ သီရိမဟာဓမ္မရာဇာသို့ အပ်ပြီးလျှင် အမှုတော်ကို ထမ်းရွက်စေ၏။

ထိုသက္ကရာဇ် ပြာသိုလ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားသည်း မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ် ဥက္ကလာပဇနပုဒ် အသိတဥ္စနမြို့နေ တပုဿ ဘလ္လိကမည်သော ကုန်သည်ညီနောင်တို့အား ပေးအပ်တော်မူသည့် ဆံတော်ရှစ်ဆူကို ဌပနာရာ ဒဂုံတောင်ထိပ်ထက် အရပ် သံတောင်တရာ့ရှစ်ဆဲ့ခြောက်တောင့်တမိုက်လေးသစ်၊ဘိနပ်တော်

အဝန်း သံတောင်ကိုးရာရှိသော ဆံတော်ရှင်စေတီကို ရွှေသင်္ကန်းကပ်လှူတော်မူမည်ကို မင်း မိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် တို့က ကုသိုလ်တော်ပွားဆက်သကြသည့် ရွှေများနှင့် ရွှေတော်သပြာကျပ်ချိန် သုံးထောင့်နှစ်ရာကို နေပြည်တော်အမရပူရမြို့တွင် ရွှေမျက်ပါး ခတ်လုပ်စေပြီးလျှင် ၎င်းလဆန်းကိုးရက်နေ့ကစ၍ ထီးငှက်ပျောဖူးကသည့် ဘိနပ်တော်ထိ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူတော်မူ၏။

ယင်းသည့် ပြာသိုလဆန်းကိုးရက်နေ့ နံနက်လေးချက်တီးအချိန် မြေခံဆောင်တော် ကနောင်မြို့စား မိဖုရား သီရိသုနန္ဒာမလ္လာမဟေ ကံကုန်သည်ကို ခမ်းနားကြီးကျယ်စွာ ဝန်အိမ်ဝင်းအတွင်း ၎င်း လဆန်းတဆဲ့တရက်နေ့ သင်္ဂြိုဟ်တော်မူ၏၊ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း မိဖုရားခေါင်ကြီးနှင့်အနောက်စမုတ်ဆောင်တော်သို့ ထွက်တော်မူ၍ ဝန်အိမ်လုပ်တိုင်းရောက် ဆောင်ယူသည်ကို ကြည့်တော်မူ၏။

ယင်းသည့်လဆန်းတဆဲ့ငါးရက်နေ့ အနောက်နန်းတော်မိဖုရားကဒဂုံဆံတော်ရှင် ဘုရား အနောက်စောင်းတန်း ဆောက်လုပ်ရန် သစ်ဖျဉ်ကံကျွေးလက္ခငွေများကို ကုသိုလ်တော်ပွားဆက်သရာ ဘဝရှင်မင်းတရားကြီး ဘုရား မိဖုရားခေါင်ကြီးနှင့် ရေစက်သွန်းတော်မူ၏၊ ယင်းသည့် သက္ကရာဇ် တပို့တွဲလဆန်းငါးရက်နေ့ပန်းတောင်းမြို့စားရင်းကြီးညွပ်မြို့စား မင်းသမီး သီရိရတနာ ဝိမလာဝတီ ကံကုန်သည်ကို အဘမက္ခရာမင်းဝင်းတော်အတွင်း ကောင်းမွန်အောင် သင်္ဂြိုဟ်တော်မူသည်။

ထိုသက္ကရာဇ် တပို့တွဲလဆန်း၊ တဆဲ့နှစ်ရက်နေ့ နေ့နှစ်ချက်တီးကျော် အချိန် အခါတော်နှင့် မင်္ဂလာ သာယာဝတီမြို့ ရေကင်းမင်းကြီးတိုက်တွင် တည်လုပ်တော်မူသည့် ကုသိုလ်တော် စေတီကို ရွှေထီးအထွတ်တင်လှူတော်မူစေသည်။

ယင်းသည့်လဆန်း ဆယ်ရက်နေ့ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား, မင်း မိဖုရား မှူးတော် မတ်တော် ဗိုလ်ရဲမက်အပေါင်းတို့နှင့် ဒဂုံဆံတော်ရှင်ဘုရားသို့ အဖူးအမြော်ထွက်တော်မူပြီးလျှင် ဘိုးတော်မင်းတရားလက်ထက်ထိုးလုပ်တော်မူသည့် သံသေကိုရွှေနီရွှေဖြူငွေဖြူတို့နှင့် စပ်လုပ်သည့် အချိန်တဝိသာ့ခုနစ်ဆယ်

ရှိ ဆည်းလည်းတစ်, တပိသာ့ငါးဆွဲငါးကျပ်ရှိ ဆည်းလည်းတစ်များနှင့် မင်းညီမင်းသား မင်းမိဖုရား မှူးတော်မတ်တော်တို့က အသီးအသီး ဆက်ကြသည့် ရွှေဆည်းလည်းများကို ဆွဲလှူတော်မူ၏။

ထိုသက္ကရာဇ်အတွင်း ဒဂုံဆံတော်ရှင်ဘုရားခွာသားအရံစောင့်တဦးက စေတီတော်အနီး ရှေးသီဟိုဠ်ကျွန်းမှ ဆောင်ခဲ့သော မဟာ ဗောဓိပင် ရှိကြောင်းကို သာသနာပြုဆရာတော်ထံ လျှောက်ထားကြားသိရာ ဆရာတော် သံဃာတော် တို့နှင့် ရှာဖွေသည့်တွင် ဒဂုံ ဆံတော်ရှင် ဘုရား အနောက်မြောက် သစ်ပင်ချုံနွယ်ယှက်သန်းဖုံးအုပ်လျက် အကိုင်းအခက် ယိုယွင်းပျက်စီးသောဗောဓိပင်ကို တွေ့မြင်သည်နှင့် အစေအပါဖြစ်သော ဒါယကာတို့ကိုလည်း ဗောဓိပင်မှ ထက်ဝန်းကျင် လင်းလွန်းပင် စေတီ တိုင်အောင် သုတ်သင်သန့်ရှင်းစေ၍ ဗောဓိပင်မှအရှေ့မြောက် ရမ္မာဂီရိ မည်သော တောင်ထိပ်၌ သိမ်သမုတ်မည်ကို သဒ္ဓါ,သီလစသော ကျေးဇူး ဂုဏ်အပေါင်းနှင့်တကွ လောကီ, လောကုတ္တရာ ပညာအမြော်အမြင်နှင့် ပြည့်စုံသော သမီးတော် သီရိပဝရ တိလောက ရတနာ မင်္ဂလာဒေဝီကို ခမည်းတော် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးထံ ဝိသုံဂါမ မြေစား ပန်ကြားခံယူစေ၍ ဝိနည်း ကျမ်းဂန်အရာ၌ ကျွမ်းကျင် သိမြင် ကုန်သော သင်္ဃရာဇာ မဟာထေရ် အမှူးရှိသော မြန်မာဝိနည်းမိုရ် ပရမဉာဏဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ မေဓာလင်္ကာရ သီရိဓဇ မဟာ ဓမ္မ ရာဇာဓိရာဇဂုရု၊ ပညာဇောတာဘိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု၊ ပညာသာမိ အဘိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု၊ ဉာဏဝံသရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ကဝိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု၊ တေဇောနန္ဒာဘိ ဃောသဓဇမဟာဓမ္မရာဇဂုရု၊သုဓမ္မာလင်္ကာရ ဓဇ မဟာဓမ္မ ရာဇဂုရု၊ မွန်ဝိနည်းမိုရ် ဟံသာဝတီဂိုဏ်းအုပ် ရှင်ဥတ္တမ သာမိ၊ ရွှေကျင်ဂိုဏ်းအုပ် ရှင်ပရမသာမိ၊ ဒလမြို့ ရှင်ဇနိန္ဒ၊ မြန်မာဝိနည်း မိုရ် ကဝိန္ဒာဘိ သီရိဓဇ မဟာဓမ္မရာဇဂုရု၊ ရှင်နန္ဒမဉ္ဇူ၊ ဒဂုံတောရ ရှင် ဇနိန္ဒာဘိ၊ ဝိစာရိန္ဒာဘိဝံသ မဟာဓမ္မ ရာဇဂုရု၊ ဇမ္ဗူဒီပဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု၊ ဝိဇယာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု-မထေရ် သူမြတ်တို့ ကျမ်းဂန်နှင့်အညီ ရှစ်ကြိမ်မြောက် ဌာန်ကရိုဏ်းဝိပြင်စွာ ကမ္မဝါစာ ဖတ်ရွတ်သမုတ်အပ်သော သိမ်တော်ကို သာသနာမြင့်ရှည် တည် စေခြင်းငှာ မာရဝိဇယ-သမုတ်တော်မူ၏။

## ဥက္ကလာပက နေပြည်တော်သို့ ဝင်တော်မူခြင်း စသည်နှင့် ကန်တော်များကို ပြင်ဆင်ဆည်ဖို့ခြင်း

ထိုသက္ကရာဇ် တပို့တွဲလ ဥက္ကလာပမြို့က နေပြည်တော် အမရပူရမြို့သို့ ဝင်တော်မူမည်ကို ယင်းသည့်လဆန်း ခြောက်ရက်နေ့ သားတော်တစ်ဦး တစ်ချုပ် ပြည်မင်း သီရိမဟာသီဟသူရဓမ္မရာဇာ တစ်ဦးချီထွက်ရ၏၊ငင်း လဆန်းရှစ်ရက်နေ့ နောင်တော်မင်းတရားတစ်ထွက်ရသည်။

ဒဂုံဆံတော်ရှင် ဘုရားမှာလည်း သဒ္ဒဒါန ဖြစ်စေခြင်းငှာ ခေါင်း လောင်းသွန်းလုပ် လှူဒါန်းတော်မူမည် ကြံရည်တော်မူရင်း အတိုင်း သက္ကရာဇ် (၁၂၀၃) တထောင့်နှစ်ရာ့သုံးခု သီတင်းကျွတ်လဆန်းဆယ် ရက်နေ့ အခါတော်နှင့် မြေပုံစ၍ လုပ်ဆောင်စေသည်၊ အရပ်ကိုးတောင့် တမိုက်သုံးသစ်, အနားလုံးပတ်တဆဲ့ငါးတောင်, ခါးစည်းလုံးပတ် တဆဲ့ သုံးတောင့်တမိုက်လေးသစ်, ထုနှစ်မိုက်လေးသစ်, ကြေးစင်ချိန်ဝန်ပိဿာ နှစ်သောင်းငါးထောင့်ကိုးရာ့လေးဆယ့်ကျပ်လေးဆဲ့ကိုးကျပ်ကို ပေါင်း ကိုင်းနရသီဟခြံသေ့လေးစီးပါ၊ ပုံစံစနစ်နှင့်တကွ ကြေးသွန်းအမှု၌ တတ် ကျွမ်းနားလည်သော ဝန်ထောက် မင်းကြီးမဟာစည်သူ, ပန်းတဉ်းဝန် လက်နက်ကိုက်ဝန် မင်းကြီးမဟာမင်းကျော်သင်္ခယာတို့ကို ပန်းတဉ်းကြေး သွန်းအမှုထမ်း လူငါးဆယ်ကျော်တို့နှင့် အပြီးသတ်အောင် ကြိုးကြပ် သွန်းလုပ်စေရန် ထိုသက္ကရာဇ် တပို့တွဲလဆန်းဆယ်ရက်နေ့ ခန့်ထားတော် မူခဲ့၍ အထက်အမရပူရ မဟာရာဇဌာနီနေပြည်တော်က ရွှေစက်တော် မြတ် ဖြန့်ချီ စုန်ထွက်တော် မူခဲ့သည့်နည်း ယင်းသည့် တပို့တွဲလဆန်း တဆဲ့နှစ်ရက်နေ့ နံနက်လေးချက်တီးကျော်အချိန်အခါတော်နှင့် ဥက္ကလာ ပမြို့နန်းတော်မှ ကြည်းဘက်ရေဘက် တစ်ဝင်းအခင်းအကျင်း, ဆင်တစ်, မြင်းတစ်မှစ၍ တစ်စဉ်အတိုင်း ဟံသာဝတီမြို့တွင် တည်လုပ်တော်မူသည့် ရတနာယာဉ်မွှန် သင်းဘောတော်ကြီးတွင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့်အတူ ရွှေစက် တင်တော်မူ၍ ဧရာဝတီမြစ်လုံး လောင်ဘနန်းရှိသော ဝေဇယန္တာ နတ်ဗိမာန်နှင့်တူ သော ပြည်ကြီးမွှန် ရတနာရွှေဖောင်တော် အမူးရှိသော အသိန်းမက သော ဖောင်တော်, လှေတော်, လှော်ကားတော်, သားလှေ ဌက်လှေ, ရွှေလှေရွှေလောင်းတို့နှင့် မင်းမိဖုရား မင်းညီမင်းသား စော်ဘွားမြို့စား မှူးတော်မတ်တော် ဗိုလ်မှူးတစ်မှူး သူရဲသူခက် အပေါင်းတို့ဖြင့် ခြီရံတင့်

နှိုင်းတော်မူ၍ မင်္ဂလာအခါကြား အမြောက်သံနှင့် တဗြိုင်နက် နရည်း ဆရာ, ပတ်သာ, ဒုံမင်း, ခရာသင်းစသော အသံတို့နှင့် ငြိမ့်ညောင်းသာ ယာစွာ ချီထွက်တော်မူခဲ့ရာ ယင်းသည့်နေ့ ကျွန်းဦးသရက်တပင် စံနန်း တော်တွင်တည္ခ၊ ယင်းက ရန်ကင်းစံရာ စံနန်းတော်တွင် နှစ်ရက်ရပ် ဆိုင်းတော်မူ၍ ဆန်တော်မူရာ ခနေ့ဖြူမြို့ တဲနန်းတော်ရောက် ချီတော်မူပြီး လျှင် ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား, မင်းမိဖုရား မင်းညီမင်းသားအပေါင်းတို့နှင့် ကျိုက်ကလွန်ပွန်းဘုရားကို ဖူးမြော်တော် မူ၍ ချီတော်မူရာ ဇန္တံမြို့စီရင်စု ကျုံရှရွာစခန်း၊ ၎င်းမြို့စီရင်စု လေသာ ကုန်းသောင်စခန်း၊ ဟင်းသာတမြို့တဖက် ရဲမငိုရွာစခန်း၊ ၎င်းစီရင်စု သမ္ဘယာဒိုင်းစခန်း၊ ထိမ်တောရွာတဖက် တဲနန်းတော်၊ ၎င်းက မိုးညို ရွာစခန်း၊၎င်းက ရွှေကျင်ရွာအနောက်ဖက်ကနောင်မြို့နယ်စခန်း၊ ၎င်းက ရေကင်းရွာသောင်စခန်း၊ ၎င်းက မင်္ဂလာသာယာဝတီမြို့ ရေကင်းမင်း ကြီးတိုက် စံနန်းတော်ရောက် စခန်းပေါင်း တဆယ် ချီတော်မူ၏။

ထိုတွင် ကိုးရက် ရပ်ဆိုင်းတော်မူ၍ မင်္ဂလာအိမ်တော်ရာ ကုသိုလ် တော် စေတီတော်ကို ယင်းသည့် တပို့တွဲလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ လောကဇေယျာ-ကမ္မည်းတင်တော်မူပြီးလျှင် စေတီတော်အနီး ဆောက် ထားရှိသည့် အလှူတန်ဆောင်း မဏ္ဍပ်အတွင်း မြတ်စွာဘုရားကို လှူဒါန်း ရန် ပဒေသာပင်ရေ တစ်နှင့် သာသနာပြုဆရာတော်အမူးရှိသော ဆရာ တော် သံဃာတော် ငါးဆဲ့ခြောက်ပါးတို့ကို လှူဒါန်းရန် သီးမျိုးစုံ ပဒေ သာပင်ရေ ငါးဆဲ့ခြောက်များကို စီစဥ်ခင်းကျင်းစေပြီးလျှင် ဆဒ္ဒန်ဆင် မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား စလွယ် ဆင်ယင်တော်မူ၍ ယင်သည့် တပို့တွဲလပြည့်ကျော် တဆဲ့လေးရက်နေ့ အရှင်မိဖုရားခေါင်ကြီး မင်းမိဖုရား မင်းညီမင်းသား မှူးတော် မတ်တော်တို့နှင့် ပရိတ်နာတော် မူ၏။

ယင်းသည့် သက္ကရာဇ် တပေါင်းလဆန်း တရက်နေ့ စံနန်းတော်က ရေစက်သွန်းမဏ္ဍပ်တော်ရောက် ထီးဖြူယဉ်မား မင်းဆောင် မင်းယောင် တပ်ဝင်းအခင်းအကျင်း ပွဲသဘင်စုံများကို စီစဥ် ကျင်းပစေပြီးနောက် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားမှာ မကိုဋ်တုယင်တော် ဆင်ယင်ပြီးလျှင် မိဖုရားခေါင်ကြီး, မင်းမိဖုရားတို့မှာ အဆင်တန်ဆာ

တော်,မင်းညီမင်းသား မှူးတော်မတ်တော်တို့မှာ ဖောင်းဝတ်လုံ စလွယ် ဆင်ယင်ခြံရံစေ၍ ထွက်စံတော်မူပြီးလျှင် ရေစက် သွန်းလျှတော်မူ၏။ ရာဇဝတ်အပြစ်အလျှောက် ထောင်တန်း အကျဉ်းခံနေရသူ ယောကျ်ား မိန်းမလူပေါင်း တထောင်ကျော်ကိုလည်း ဘေးမဲ့ချမ်းသာပေးတော်မူ၏၊ ထိုတွင် ပွဲသဘင်လည်း မပြတ်ခံတော်မူ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ယင်းသည့် သာယာဝတီမြို့ စီရပ်စု မင်းကြီးတိုက် ကုသိုလ်တော် လောကဇေယျ ဘုရား ရေစက်သွန်းအခမ်းအနား ပြီးပြေလျှင် ဆန့်တက်ချီတော်မူခဲ့ရင်း တစ်စဉ်အတိုင်း ရွှေစက်တော်မြတ် ဖြန့်ချီတော်မူရာ တပေါင်းလဆန်း လေးရက်နေ့ ရွှေတုံးရွာအောက် တဲနန်းတော်၊ ယင်းက မြန်အောင် မြို့နယ် မြစ်အနောက်ဘက် မာကလာကုန်းတဲနန်းတော်၊ ယင်းက ကြံခင်း မြစ်အနောက်ဘက် ပေါက်တိုင်ရွာ တဲနန်းတော်၊ ယင်းက ငှင်းမြို့စီရင်စု သောက်ကြာတူးတဲနန်းတော်၊ ယင်းက ပန်းတောင်းမြို့နယ် သလဲတန်း တဲနန်းတော်၊ ယင်းက ရွှေတောင်မြို့နယ် ကြီးသဲရေကျော် စခန်းကို ကျော်ပြီးလျှင် ပန်းတောင်းမြို့ အနောက်ဘက် တဲနန်းတော်၊ ယင်းက ငှင်းမြို့စီရင်စု ဆင်တဲရွာစခန်းကို ကျော်ပြီးလျှင် ပြည်မြို့ အရှေ့ဘက် ဘိုးခေါင်ရွာ တဲနန်းတော်၊ ယင်းက မြဝတီမြို့စီရင်စု ရွာသရာဆီးအိုင် စခန်းကို ကျော်ပြီးလျှင် ညောင်ပင်ဆိပ် မြို့နယ် မြဝတီ တဲနန်းတော်၊ ယင်းက ကာမမြို့စီရင်စု ပထိုးရွာအောက် မင်းပြင်ရွာစခန်းကို ကျော်ပြီး လျှင် ပြည်မြို့စီရင်စု ဘွတ်လည်မြို့ မြစ်နားရွာ တဲနန်းတော်၊ ယင်းက သရက်မြို့မတွင်တဲနန်းတော်၊ ယင်းက မြေထဲမြို့ စီရင်စု ညောင်ပင်သာ စခန်းကို ကျော်ပြီးလျှင် ငှင်းမြို့ အနောက်ဘက် မြင်ပါလင်းချောင်း တဲနန်းတော်၊ ယင်းက ငှင်းမြို့စီရင်စု သာစည်ရွာစခန်းကို ကျော်ပြီးလျှင် ငှင်းမြို့စီရင်စု သာဝတ္တိ အလယ်ရွာတဲနန်းတော်၊ ယင်းက မလွန်မြို့စီရင်စု ရွာလင်းရွာအောက် လက်ပံငူရွာစခန်းကို ကျော်ပြီးလျှင် ယင်းသည့်မြို့ နယ် ပေတောအောက်ရွာ တဲနန်းတော် ယင်းက ငှင်းမြို့နယ် ပေတော အထက်ရွာ တဲနန်းတော်၊ ယင်းက မြင်ကွန်းမြို့ စီရင်စု အနောက်ဘက် ကျွန်းစခန်းကိုကျော်ပြီးလျှင် မကွေးမြို့ အနောက်ဘက် ရွာသရာတဲနန်း တော်ရောက် ရက်ပေါင်း တဆဲ့ ငါးရက်နှင့် တဆဲ့ငါးစခန်း ချီတော် မူ၏။

ယင်းသည့် စခန်းများတွင် အသီးအသီး မြို့ဝန်,ပြဝန်,စစ်ကဲ,တိုက်အုပ်, တိုက်ခေါင်း,ပွဲနှင်း အရာရှိတို့က ဆက်သကြသည့် ထည်မျိုး အုပ်မျိုး ပဏ္ဏာလက်ဆောင်တော် များကိုလည်း အဆက်အသခံတော်မူ၏။

ထိုသက္ကရာဇ် တပေါင်းလပြည့်ကျော်သုံးရက်နေ့ ယင်သည့် စခန်းတွင် ရွှေတပ်ဦး ချုပ်အုပ်စေသည့် သားတော် ပြည်မင်း သိရိမဟာသီဟသူရ ဓမ္မရာဇာ ဘဝရှင်မင်းတရားကြီးဘုရားမှာ မလျှောက်မထား မန်းစက်တော်ရာဘုရားသို့ မြင်းခြေနင့်ထွက်သွားသောကြောင့် အမျက်တော်ရှိ၍ ပြည်မင်းဝန် အရာရှိတို့ကို အကျဉ်းယူစေ၍ ထောင်မှာ ထားတော်မူ၏။ ပြည်မင်း ချုပ်အုပ်ရင်း ရွှေတပ်ကိုလည်း ကောင်းတုံ မြို့စား ဝန်ကြီး သတိုးမင်းရဲရာဇာကို အချုပ်ခန့်ထားတော်မူ၏။ ပြည်မင်းမှာ သားတော် မိုးနဲမိုလ်မှူး ပုခန်းမင်းသို့ အပ်၍ နောက်တပ်တွင်လိုက်ရ၏။

ယင်းသို့မှတပေါင်းလပြည့်ကျော်လေးရက်နေ့ မကွေးမြို့ရွာသရာတဲနန်းတော်က ဆန်တက်ချီတော်မူပြန်ရာ မင်းလှမြို့အထက် မင်းဘူးတဖက် သောင်စခန်းကို ကျော်ပြီးလျှင် ဝက်မစွတ်မြို့ စီရင်စု မန်းကျည်းခြေထောက်တဲနန်းတော်၊ ယင်းက ငှင်းမြို့နယ် ရုံးဆိပ်အောက် ကင်ပွန်းချောင်းစခန်းကို ကျော်ပြီးလျှင် ရေနံချောင်းမြို့ အနောက်ဖက် တဲနန်းတော်၊ ယင်းက ကျောက်ရဲမြို့စီရင်စု သားလယ်ရွာကျွန်းစခန်းကိုကျော်ပြီးလျှင် ပုခန်းငယ်မြို့စီရင်စု မဲရွာတဲနန်းတော်၊ ယင်းက ပုခန်းငယ်အထက်ကျွန်း တဲနန်းတော်၊ ယင်းက စလေမြို့ အနောက်သောင် တဲနန်းတော်၊ ယင်းက ညောင်ဖြူပင်စခန်းကို ကျော်ပြီးလျှင် ရွာသာ တဖက်ကျွန်း တဲနန်းတော်၊ ယင်းက ပုဂံမြို့ ဖူးဘုရားဆိပ် တဲနန်းတော်ရောက် ခုနစ်စခန်းကို ရက်ပေါင်းခုနစ်ရက်နှင့် ဆန်တက်ချီတော်မူ၏။

ယင်းသည့် ပုဂံမြို့ဖူးဘုရားဆိပ်တဲနန်းတော်က ထိုသက္ကရာဇ် တပေါင်းလပြည့်ကျော် တဆဲ့တရက်နေ့ ဆန်တက်တော်မူခဲ့ရာ တပ်ဦးချတော်မူသည့်နေရာင်တော်မင်းတရားညောင်ဦးရွှေစည်းခုံဘုရားသို့တက်၍ ဖူးမြော်သည်။ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း မိဖုရားခေါင်ကြီး မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်းတို့နှင့် ကုန်းကြောင်း ထွက်တော်မူ၍ ရွှေစည်းခုံဘုရားကို ဖူးမြော်ပူဇော်တော်မူရာ ညီတော်နေရာင်တော် နှစ်ပါး တွေ့ကြုံဆိုင်မိကြသည်နှင့် စကားပြောဆိုတော်မူကြသည်။

ယင်းက ဆန်တက်ချီတော်မူပြန်ရာ ဥင်းမြို့စီရင်စု ညဥ့်ရွာပလင့်တဲနန်းတော်၊ယင်းက မြင်သာစခန်းကိုကျော်ပြီးလျှင် တလုပ်မြို့စီရင်စု ဆိပ်ညံ့ရွာအနောက်ဖက် သောင်တဲနန်းတော်၊ ယင်းက ငါးပင်စင်တဖက်မြောငယ်စခန်းကို ကျော်ပြီးလျှင် မြင်းခြံရွာတဖက် တဲနန်းတော်တွင် စခန်းချရပ်တော်မူသည်။ ယင်းသည့်စခန်းတွင် နတ်စုလက်ယာသေနတ်ဗိုလ် ပုခန်းမြို့ဝန် မဟာမင်းလှသူရိန်က ရွှေနန်းတော်အနီး တန်ဆောင်းဆောက်လုပ်ပင့်ဆောင်ထားနှင့်သည့် သရက္ခန်ငါးပိုင်းအဝင် ကွမ်းရွာ ရွှေတန့်တစ်ဘုရား,ရှင်မတောင်ဘုရား,ပုခန်းစည်သူရှင်ဘုရားများကို မင်းမိဖုရား သားတော် သမီးတော် ဗိုလ်မှူးတပ်မှူးအပေါင်းတို့နှင့် ဖူးမြော်ပူဇော်တော်မူပြီးလျှင် ရွှေမွမ်းမံကပ်လှူတော်မူ၏။

ယင်းက တပေါင်းလပြည့်ကျော် တဆဲ့လေးရက်နေ့ မြေတော်ရွာစခန်းကို ကျော်ပြီးလျှင် တလုပ်မြို့စီရင်စု ငါးကင်ခဲရွာအနောက် တဲနန်းတော်၊ ယင်းက ဥင်းစီရင်စု ဆီမီးခုံရွာစခန်းကို ကျော်ပြီးလျှင် ရွှေပေါက်ပင်ရွာ တဲနန်းတော်၊ ယင်းက ကျီးမနားရွာ စခန်းကို ကျော်ပြီးလျှင် ပေါက်တောရွာတဲနန်းတော်၊ ယင်းက ရတနာပူရအဝမြို့ရောက်ဆန်တက်ချီတော်မူ၍ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီး, မင်းမိဖုရား,သားတော်,သမီးတော်,ဗိုလ်ရဲမက်အပေါင်းတို့နှင့် လောကသရာဘုရားကို ဖူးမြော်တော်မူပြီးလျှင်မင်္ဂလာအိမ်တော်ရာဝင်းသို့ဝင်၍ ကြည့်ရှုတော်မူပြီးနောက် ရွှေကြက်ယက်ဥယျာဉ်ရောက်ချီတော်မူ၍ စခန်းချရပ်စံတော်မူသည်။ ယင်းသည့် ရွှေကြက်ယက်ဥယျာဉ်စခန်းကမှ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား,မိဖုရားခေါင်ကြီး, မင်းမိဖုရား, မင်းညီမင်းသား, မှူးတော်မတ်တော်, ဗိုလ်ရဲမက်အပေါင်းခြံရံတော်မူ၍ အသုရာ ရန်အပေါင်းတို့ကို အောင်မြင်သော သိကြားနတ်မင်းအသရေကို ဆောင်တော်မူလျက် ဆင်တော်တွင် ရွှေစက်တင်ပြီးလျှင် ရွှေခြောက်တပ်နောက်ခြောက်တပ်အခင်းအကျင်းနှင့် ထိုသက္ကရာဇ်နှောင်းတန်းခူးလဆန်း လေးရက်နေ့၊အမရပူရမည်သော မဟာရာဇဌာနီမင်းနေပြည်ကြီးသို့ ဝင်တော်မူသည်။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း အမရပူရရွှေပြည်တော်ကြီး ရွှေမျက်နှာ နန္ဒာကန်တော်, အောင်ပင်လယ် ကန်တော်, ကန်ရိုးကန်ပိုင် ရေသောက်ပြွန် တိမ်ကောယိုယွင်း ပျက်စီးသဖြင့်

ရေသွားရေလာမဖြောင့်ရှိသည်ကို ရွှေးမင်းကောင်းမင်းမြတ်တို့ ဆည်ဖို့လုပ်ဆောင်သကဲ့သို့ ခပ်သိမ်းသော တိုင်းနေပြည်သူ ရှင်လူသတ္တဝါ အပေါင်းတို့အကျိုးကိုမြော်ထောက်တော်မူ၍ ငွေတော်သပြာနှစ်သောင်းလေးထောင်ကျော် ရွှေတိုက်တော်က ထုတ်ပေးတော် မူပြီးလျှင် ထို သက္ကရာဇ် နှောင်းတန်းခူးလဆန်း တဆဲ့တရက်နေ့ ကောင်းတုံမြို့စားဝန်ကြီးသတိုးမင်းရဲရာဇာ၊ မြဝတီမြို့စား ဝန်ကြီး သတိုးမင်းလှမင်းခေါင်၊ သေနတ်ဝန် မင်းကြီးမဟာဇေယသူတို့ကို ကန်ရိုးကန်ပိုင်နှင့်တကွ ခိုင်ခန့်ကောင်းမွန်အောင် ကြည့်ရှုကြီးကြပ် ဆည်ဖို့ပြင်ဆင်လုပ်ဆောင်စေ၏။

### ကိုးခရိုင်ဆည်, မတ္တရာဆည်, ရွှေလောင်းမြောင်းများ ပြင်ဆင်ခြင်း စသည်နှင့် မက္ခရာမင်းသားသမီးတို့ကို နားထွင်းခြင်း

ယင်းသည့်သက္ကရာဇ် နှောင်း တန်းခူးလဆန်း တဆဲ့လေးရက်နေ့ တောင်ဘက် ကိုးခရိုင်နယ်ထွင်းရှိ ဆည်တော် မြောင်းတော် ယိုယွင်းပျက်စီးသည်များကိုလည်း လက်ဝဲဝင်းမှူး မင်းကြီးမင်းလှမဟာမင်းထင်ကို အအုပ်အထိန်းခန့်တော်မူ၍ ဆည်ဝန်, ဆည်စာရေး, မြို့ကျေးရွာဆိုင်ရာ အကြီးအအုပ်လူတို့နှင့် ကောင်းမွန်ခိုင်ခန့်အောင် ကြည့်ရှု ကြီးကြပ်ဆည်ဖို့လုပ်ဆောင် ပြင်ဆင်စေ၏။

ရွှေပြည်တော် မြောက်မျက်နှာ မတ္တရာဆည်, ရွှေလောင်းမြောင်းတိမ်ကောယိုယွင်းပျက်စီးရှိသည်ကိုလည်း မတ္တရာဆည်ဝန်, စေဥ္စကူးမြို့ဝန်, စစ်ကဲတို့နှင့် မတ္တရာမြို့, စေဥ္စကူးမြို့ကျေးရွာ အမှုထမ်းလူတို့ကို ခန့်ထားပြီးလျှင် လဲချားစော်ဘွား ကမ္ဘောဇမဟာသီရိဓမ္မရာဇာကို ကြည့်ရှုကြီးကြပ်ပြင်ဆင် ဆည်ဖို့လုပ်ဆောင်စေ၏။

နှစ်စဉ် လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူများကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၀၃) တ ထောင့် နှစ် ရာ့ သုံးခု ကဆုန်လဆန်း သုံးရက် တနင်္လာနေ့ ညဥ္စလေးချက်တီးကျော် လေးနာရီသုံးပါဒ် အချိန် သင်္ကြန်ကျသည်။ ၎င်းလဆန်းခြောက်ရက် ကြာသပတေး နေ့သို့အဝင် ညဥ္စ နှစ်ချက်တီးကျော် သုံးနာရီအချိန် အတာနှစ်သစ် သက္ကရာဇ်(၁၂၀၄)တထောင့်နှစ်ရာ့လေးခုသို့တက်သည်။

## ၁၂၀၄–၅

သက္ကရာဇ် (၁၂၀၄) တပေါင်နှစ်ရာ့လေးခု ကဆုန်လပြည့်ကျော် နှစ်ရက်နေ့ ပုသိမ်မြို့စီရင်စု မိန်းမလှကျွန်းတွင် ငွေတော်ထုတ်ပေးတော်မူ၍ ဘိနပ်တော် တဆဲ့နှစ်တောင်, ရပ်တော်ပမာဏ တဆဲ့လေးတောင် ရှိ စေတီတော်ကို တပေါင်နှစ်ရာ့သုံးခု တပေါင်းလပြည့်ကျော် နှစ်ရက် သောကြာနေ့ကစ၍တည်လုပ်ရာ ပြီးပြေကြောင်းကို ပုသိမ်မြို့ဝန် မင်းကြီး မဟာမင်းလှကျော်စွာ,အခွန်ဝန် အကောက်ဝန် မင်းကြီးမဟာမင်းလှမမြွ ရတ်တို့ကအလျှောက်အထားရောက်၏။

ယင်းသည့်သက္ကရာဇ် နယုန်လ ကျိုင်းရုံးကြီး သေဥ္စဝိဘွား ရာဇပွတ် ထွက်ပြေး၍ အမိဖြစ်သူနှင့် ညီ သီရိဝဏ္ဏဥပရာဇာ, အမတ်ကြီးမြို့စားတို့ ရွှေမျက်နှာတော်အဖူးအမြော် ရွှေစက်တော်အောက်သို့ ရောက်လာ၏။

ယင်းသည့်သက္ကရာဇ် နယုန်လပြည့်ကျော်တရက်နေ့ အမရပူရမြို့အရှေ့ မြောက် ညောင်ကန် တိုက်တွင် သီတင်းသုံးနေသည့် နန်းမတော်မိဖုရား ခေါင်ကြီး ကိုးကွယ်တော်မူသည့် ပိဋကတ်သုံးပုံ ပါဠိ,အဋ္ဌကထာ, ဋီကာ ကျမ်းဂန်များကို အလုံးစုံ တတ်ကျွမ်းသိမြင်တော်မူသော စတ္တိန္ဒာဘိသီရိ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု-တံဆိပ်တော်ရ အုတ်ကျောင်းဆရာ တော်ကြီး ဘဝပြောင်းသည်ကို လှပကောင်းမွန်အောင်သင်္ဂြိုဟ်တော်မူ၏။

ယင်းသည့်သက္ကရာဇ် ဒုတိယဝါဆိုလ သမီးတော် စောလှမြို့စား သီရိ အာသာဝတီ ကံတော်ကုန်သည်ကို ရတ်တရက် လုပ်ဆောင်သင်္ဂြိုဟ်ရ၏၊ ၎င်းလ မြဝတီမြို့စား ဝန်ကြီး သတိုးမင်းလှမင်းခေါင် သေလွန်သည်ကို ရတ်တရက် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။

၎င်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ နှမတော် ပုဂံမင်းသမီး သီရိမဟာ သုရတနာမင်္ဂလာဒေဝီ ကံတော်ကုန်သည်ကို မယ်တော် အိမ်ရှေ့မိဖုရား နည်း အခမ်းအနားကြီးကျယ်စွာ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရား ကြီးဘုရား,မိဖုရားခေါင်ကြီးနှင့်အတူ ရွှေဝေါစီး၍ ထွက်တော်မူပြီးလျှင် အိမ်တော် ဝင်းတော်အတွင်း သင်္ဂြိုဟ်တော်မူ၏။

၎င်းနှစ် ဝါခေါင်လ သားတော် ရွှေတောင်မင်း သီရိသုဓမ္မမဟာဓမ္မ ရာဇာကို ရွှေတောင်မြို့နှင့်လဲ၍ အရိမဒ္ဒနာမည်သော ပုဂံမြို့ကို မြို့စားပေး တော်မူ၏။

တော်သလင်းလပြည့်ကျော် ၄ ရက်နေ့ မဏ္ဍာလ မင်းမဟာ သီရိသုဓမ္မရာဇာသမီး တပယ်မြို့စား သီရိသီဝလိဒေဝီ,ညီမ ကြီညှပ်မြို့စား, ညီမ-အင်းခရမြို့စား, ရွာလင်းတိုက်စား တို့ကို မဏ္ဍာလမင်းအိမ်တော်တွင် အခမ်းအနားနှင့် နားထွင်း,ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဆင် မင်္ဂလာဆောင်တော်မူသည်။

### ဗာရာဏသီရောက် ပုဏ္ဏားတို့ ဘိသိက်သွန်းခြင်းမှစ၍ စံနန်းတော်ပန္နက်ချသည်ထိ အကြောင်းများ

ထိုသက္ကရာဇ် တော်သလင်းလ ဗာရာဏသီ အနောက်တိုင်းပြည်က ရောက်သည့် ပုဏ္ဏားမှနစ်ယောက်တို့တွင် မဟာနန္ဒတြိဗေဒီကို မဟာနန္ဒပုရောဟိတ မဟာဓမ္မရာဇဂုရု၊ ရာမသဟာတ်ကို ရာမသီရိပုရောဟိတ မဟာဓမ္မ ရာဇဂုရု၊ ဒိဟတ်ကို သုဒေဝသီရိပဏ္ဍိတ မဟာဓမ္မ ရာဇဂုရု၊ ဘဝါနိတင်ကို ဘဝါနန္ဒ ပုရောဟိတ မဟာဓမ္မရာဇဂုရု၊ ဒေဝရံဒူပေကို ဒေဝရံဒူပဝဿမဟာဓမ္မရာဇဂုရု၊ ပရမာနံကို ပရမာနန္ဒဝံသ မဟာဓမ္မရာဇဂုရု၊ ရာမသေဝတ်ကို ရာမ သီရိ မဟာဓမ္မ ရာဇဂုရု-ဘွဲ့တပ်တော်မူ၍ ဗောင်းစလွယ်အင်္ကျီကျယ်ရွှေဇာသတ်ပေးပြီးလျှင် ဘိသိက်ပန်းတော်ဆက်စေ၏။

ထိုသက္ကရာဇ်အတွင်း မြောက်နန်းတော်မိဖုရား သီရိပဘာနန္ဒာဘိရတနာ ဒေဝီက ရွှေမြို့တော်မြောက်မျက်နှာ မဟာမုနိဘုရား ကိန်းဝပ်တော်မူသည့် ဂန္ဓကုဋိနှင့်ပြာသာဒ်, မဟာရံ တံတိုင်းမီးတား, အရှေ့မျက်နှာရေကန်နှစ်ပါ ယိုယွင်းပျက်စီးရှိသည်များကို အသစ်ပြင်ဆင် လုပ်ဆောင်ပြီးလျှင် ရွှေမွမ်းမံချလုပ်ပြီးပြေရှိသည်ကို ယင်းသည့်သက္ကရာဇ် နတ်တော်လဆန်း ၁၃ ရက်နေ့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားမိဖုရားခေါင်ကြီး မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်မိုလ်ရဲမက် အမှုထမ်း အပေါင်းတို့နှင့် ထွက်တော် မူပြီးလျှင် မဟာမုနိရုပ်ပွားတော် အရှေ့မြောက်ထောင့် စံနန်းတော်တွင် စံတော်မူ၍ သဘင်ခမ်းနား ကြီးကျယ်စွာ ဖြစ်စေလျက် သာသနာပြုဆရာတော်အမှူးရှိသောသံဃာတော် ၁ ခုနစ်ဆဲ့ခုနစ်ပါးကို သီးမျိုးစုံ ပဒေသာပင်ရေ ခုနစ်ဆဲ့ခုနစ်များနှင့် ရေစက်သွန်းချ လှူဒါန်းတော်မူ၏၊ စွန့်ကြဲပေးကမ်းရန် ထည်မျိုးအုပ်မျိုး ပဒေသာပင်ရေ ခုနစ်ဆယ်များကိုလည်း ပြည်သူပြည်သားတို့အား ပေးကမ်းတော်မူ၏။

ယင်းသည့်ပြာသိုလသီပေါစော်ဘွားက အပြင်အလျှာနှင့်ပြည့်စုံသော သမီးကညာ အဆက်အသရောက်သည်ကို ထုံးစံနှင့်အညီ ကြိုယူဆက်သွင်းစေ၏၊ ထိုသက္ကရာဇ် ပြာသိုလပြည့်ကျော်တရက်နေ့ ကောင်းမြတ်သော အခါနေ့ရက်တွင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားမိဖုရားခေါင်ကြီးနှင့်အတူ မူးတော်မတ်တော် ဗိုလ်ရဲမက်အမှုထမ်း စစ်အင်္ဂါလေးပါး အခင်းအကျင်းများနှင့် ရတနာ ဝေါတော်တွင် ရွှေစက် တင်တော်မူပြီးလျှင် ရွှေပြည်တော် နောက်မျက်နှာ ဧရာဝတီမြစ်သရက်မော်ကျွန်းဆိပ်သို့ ထွက်စံတော်မူ၍ ဖုသျှမဟာသကြန်ခေါ်တော်မူ၏။ ဖုသျှသကြန်ခေါ် ထွက်တော်မူ အခမ်းအနားတွင် ဆဒ္ဒန်ဆင်မင်းတပ်ကို ရွှေတပ်ထားတော်မူ၍ ဆဒ္ဒန်ဆင်မင်းကို ခေါင်းဆေးရ၏။

ငင်းလပြည့်ကျော်နှစ်ရက်နေ့ သားတော် မိုးနဲဗိုလ်မှူး ပုခန်းမင်း သီရိသီဟသူရမဟာသုဓမ္မရာဇာကို ကိုးကွယ်စေသည့် ပရမညာဏဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု - ဝေယန်စံလွှတ် ဆရာတော် ဘဝပြောင်းသည်ကို ကောင်းမွန်အောင် သင်္ဂြိုဟ်တော်မူ၏။

ယင်းသည့် သက္ကရာဇ် တပို့တွဲလ အနောက်နန်းတော်မိဖုရား သီရိသုရတနာမင်္ဂလာဒေဝီက ရွှေမြို့တော် မြောက်မျက်နှာ စန္ဒာမုနိဘုရားစေတီတော်တွင် ဆွဲထားရန် ရွှေဆည်းလည်း, ငွေဆည်းလည်း, ကြေးဆည်းလည်း လုံးရေတဆယ်ကျော်နှင့် ငွေသပိတ်တော်များကို မှန်နန်းတော်တွင် ဆရာတော် သံဃာတော်တို့ကိုပင့်၍ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့်အတူ ရေစက်သွန်းချ လှူဒါန်းတော်မူ၏။

ထိုသက္ကရာဇ် တပို့တွဲ လပြည့်ကျော် သုံးရက်နေ့ကစ၍ တပေါင်းလဆန်းနှစ်ရက်နေ့တိုင် မယ်တော်မိဖုရားခေါင်ကြီးနှင့် သမီးတော် သီရိပဝရတီလောကရတနာမင်္ဂလာဒေဝီတို့က ကျောင်းတော်နှစ်ရပ် သာခုမခေါ်မိ မင်းမိဖုရား မင်းညီမင်းသား မူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး စားတော်ကွမ်းရေ ထီးဓားလက်စွဲ အဆောင်မြဲ အမှုထမ်း အရာထမ်းတို့ကို ပုဆိုးခေါင်းပေါင်း အထိုက်အလိုက် ပေးဝေတော်မူ၏။

ယင်းသည့်သက္ကရာဇ် တပေါင်းလအတွင်း နန်းမတော်မိဖုရားခေါင်ကြီး, သမီးတော် သီရိပဝရတီလောက ရတနာ မင်္ဂလာဒေဝီတို့က အရံတံတိုင်းမီးတား နှစ်ထပ်စီနှင့်တကွ ကျောင်းဦးပြာသာဒ် ဘုံခုနစ်ဆင့်,

ကျောင်းမ ကွန်းငါးစဉ်, စမြင်လေးမျက်နှာငါးထပ်, အနောက်ဘောဂ ဆောင်ပါ ပုံစံ-စံနစ်ထပ်တူ လှေကားခုနစ်စင်းစီနှင့် ရွှေကျောင်းတော်ကြီးနှစ်ရပ် ဆောက်လုပ်ပြီးပြေသည်ကို ဆန္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ရွှေခြောက်တပ်, နောက်ခြောက်တပ် နမန္တာဘက် ခါတ်ဘက် မင်းခမ်းတော်, စကြာတော်စုံ, ထီးဖြူတော်, ယပ်မားတော် အခမ်းအနားကြီးကျယ်စွာ တပ်ဝင်းအခင်းအကျင်းများနှင့် ရတနာထမ်းစင်တော်တွင် ရွှေစက်တင်တော်မူပြီးလျှင် မင်းမိဖုရား မင်းညီမင်းသားစော်ဘွားမြို့စား မှူးတော်မတ်တော် ဗိုလ်ရဲမက် အမှုထမ်းအပေါင်းတို့ဖြင့် ခြံရံတော်မူလျက် ကျောင်းကိုက်ရွှေမျက်နှာ စံနန်းတော်သို့ ထွက်တော်မူကြီး ထွက်စံတော်မူ၍ သဘင်ကြီးစွာ ဖြစ်စေပြီးလျှင် သက္ကရာဇ် (၁၂၀၄) တထောင့်နှစ်ရာ့လေးခု တပေါင်းလဆန်းရှစ်ရက်နေ့ မိဖုရားခေါင်းကြီး ကုသိုလ်တော်မှာ တိုက်တော်ကို မဟာအဘယာရာမတိုက်, ကျောင်းတော်ကို မဟာတုလွှတ်ဘုံစံ ကမ္ပည်း သမုတ်တော်မူပြီးလျှင် သာသနာပြုဆရာတော် အမှူးရှိသော တံဆိပ်တော်ရ ဆရာတော် သံဃာတော်တို့ကို လှူဒါန်းရန် သီးမျိုးစုံပဒေသာပင်ရေ တရာများနှင့် ရေစက်သွန်းချတော်မူပြီးလျှင် ဥ ယျာဉ်မွှာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်ကို ကျောင်းအပ်တင်လှူတော်မူပြီးနောက် သမီးတော်ကုသိုလ်တော်ကိုလည်း ယင်သည့်လဆန်း တဆဲ့ငါးရက်နေ့ တိုက်တော်ကို-မဟာဝိဇိတာရာမတိုက်, ကျောင်းတော်ကို-မဟာအောင်မြေဗိမာန်-ကမ္ပည်းသမုတ်တော်မူပြီးလျှင် သာသနာပြုဆရာတော်ကြီးနှင့် တံဆိပ်တော်ရ ဆရာတော် သံဃာတော်ကိုးဆယ်ကျော်တို့ကို လှူဒါန်းရန် သီးမျိုးစုံပဒေသာပင်ရေ ကိုးဆယ်ကျော်များနှင့် ရေစက်သွန်းချတော်မူ၍ သာသနာပြုဆရာတော်ကြီးကို ကျောင်းအပ်တင်လှူတော်မူ၏။ ယင်းသည့် ကျောင်းတော်ကြီးနှစ်ရပ်ရေစက်သွန်းအခမ်းအနားတွင် ကျောင်းတင်အပ်လှူဒါန်းတော်မမူမီ သာသနာပြုဆရာတော်ကြီးနှင့် ဆရာတော် သံဃာတော် တကျိပ်သုံးပါးကိုလည်း တံဆိပ်နာမံ လှူဒါန်းတော်မူ၏။ ကျောင်းတင်လှူဒါန်းတော်မူပြီးနောက်လည်း ရာဇဝတ် အပြစ်အလျောက် ထောင်တန်းအကျဉ်းအမြောင်း ခံနေရသူ မိန်းမယောကျာ်း လူပေါင်းတဆဲ့ကိုးတို့ကို ဘေးမဲ့ချမ်းသာပေးတော်မူ၏။

ထိုသက္ကရာဇ်အတွင်း ဂန္ဓာလရာဇ်တိုင်း တရုပ်ပြည် တောက်ကွန်ဥဒည်မင်းက ထုံးစံနှင့်အညီ နှစ်တိုင်းနှစ်ပြည် မဟာမိတ် အဖြစ်ဖြင့်

ဆယ်နှစ်တကြိမ် စေလွှတ်လာရောက်မြဲ ရာဇသံ လက်ဆောင်တော်များနှင့် သံအကြီး ရိတာလောရဲ့, ရမ့်ဆင်ရဲ့, ဝမ့်ဆင်ရဲ၊ သံလတ်–တုံလောစုံ, တင်လောစုံ, လောရဲတို့ နိုင်ငံတော် အရှေ့မျက်နှာ ဗန်းမော်မြို့သို့ လာရောက် ကြောင်းကို ဗန်းမော်မြို့ဝန် မင်းကြီး မဟာ သီဟ သူရက အလျှောက်အထား ရောက်သောကြောင့် ဗန်းမော်မြို့ကသည် မင်းကွန်းရှားရောင်းရွာရောက် ခရီးလမ်းစဉ်တလျှောက် အသီးအသီးမြို့ရွာများကတဲ့ကန္နားဆောက်လုပ်ကျွေးမွေးစေ၍ တရုပ်သံတို့ကို ဗန်းမော်မြို့ဝန့်ကိုယ်ကြပ်မဆောင်ယူလာရမည်-မှာထားပြီးလျှင် အသီးအသီး စခန်းစဉ်မြို့ရွာများသို့ ဝင်ထွက်ကျွေးမွေးစားသောက်စေ၍ ရွှေဘဝါးတော်အောက်သို့ လာရာ သက္ကရာဇ် (၁၂၀၄) တထောင့် နှစ်ရာ့လေးခု တပေါင်းလဆန်း ငါးရက်နေ့ မင်းကွန်းရှားရောင်းရွာသို့ ဆိုက်ရောက်လျှင် ရွှေတိုက်ဝန် မင်းကြီး မဟာသက်တော်ရှည်, ဆင်ဝန် အောက်မားဝန် မင်းကြီးမဟာမင်းခေါင်ကျော်ထင်, အဝမြို့ဝန် မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်, စီးတော်မြင်းဝန် မင်းကြီးမဟာမင်းလှသင်္ခယာ, ဆင်မင်းဝန်မဟာမင်းလှမင်းကျော်, မင်းတဲဒေးဝန်း အကောက်ဝန် မင်းကြီးမဟာသီလဝ, မင်းလှမင်းထင်, နာခံပြေ့ာကြီးမှူး နေမျိုးနန္ဒမိတ်ရွှေတောင်, စာရေးကြီးနေမျိုးမင်းလှမင်းထင်, အသုံးစာရေး နေမျိုး သိရိကျော်ထင်, အဝေးရောက်စာရေး နေမျိုးသီဟရာဇာ, မြန်မာသံခံ နေမျိုးစည်သူကျော်ထင်, လက်ဆောင်စာရေး ဇေယစည်သူကျော်, အမိန့်တော်ရေး သိရိနော်ရထာ, ဇေယနော်ရထာ, ကျော်စွာနော်ရထာ, တရုပ်စာရေးရွှေတောင်သိခ်သူ, တရုပ်စကားပြန် ငရွှေလှတို့ လှော်ကား ခတ်လှေ လှော်လှေ သမ္ဗန်များနှင့် သရက်မော်ကျွန်းဆိပ်က မင်းကွန်းရောက် တရုပ်သံတို့ကို အကြိုအယူ သွားကြပြီးလျှင် ယင်းသည့်လဆန်းခြောက်ရက်နေ့ ရာဇသံစာကို ဦးငှက်ပျံရုပ်လေး,ပွဲ့ငှက်ပျံရုပ်ခြောက်, ခင်ဒုယင် အမိုးအုံနီ, တော်ဆောင်လှော်ကားတွင် တင်ဆောင်၍ လက်ဆောင်တော်များနှင့် သံတို့ကို ခတ်လှေ လှော်လှေတော်များတွင် တင်ဆောင်စီးနင်းစေ၍ ကြိုယူလာခဲ့ကြရာ သရက်မော်ကျွန်းဦးဆိပ်သို့ရောက်လျှင် ၎င်းဆိပ်က ရွှေမြို့တော် တောင်မျက်နှာ တောင်သမန်သံတဲရောက် သံတို့ကို ရှေးအစီအစဉ် ထုံးစံရှိသည့်အတိုင်း တပ်ဝင်း အခင်းအကျင်းများနှင့် ကြိုယူမြဲကြိုယူ၍ အစားအစာအစောင့်အနေ ခန့်ထားကျွေးမွေးချထားနေထိုင်စေပြီးလျှင် ထိုသက္ကရာဇ်တခေါင်းလ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း

မိဖုရားခေါင်ကြီး, သမီးတော် သီရိပဝရ တိလောက ရတနာ မင်္ဂလာ ဒေဝီတို့က ဆောက်လုပ်လှူဒါန်းသည့် ကျောင်းတော်နှစ်ရပ် အလှူတော်ပွဲ အခမ်းအနားတွင် ကြံမ်ကြိုက်သည်နှင့် ဆဒ္ဒန်ဆင်မင်းတစ်မှစ၍ ဆင်တစ် မြင်းတစ် ခမ်းနားကြီးကျယ်စွာ တပ်ဝင်း အခင်းအကျင်းများနှင့် မင်းညီ မင်းသား စော်ဘွားမြို့စား မှူးတော်မတ်တော် ဗိုလ်ရဲမက် အပေါင်းတို့ဖြင့် ခြီရံတော်မူ၍ ကျောင်းတော် ရေစက်သွန်းစံနန်းတော်သို့ ထွက်တော်မူကြီး ထွက်စံတော်မူသည့်အခါ ယင်းသည့် တပေါင်းလ ဆန်း တဆဲ့လေးရက်နေ့ ဥဒည်မင်းသံတို့ကို ချထားနေထိုင်ရင်း တောင်သမန်သံတဲက ဆင်မြင်း တပ်ဝင်း အခင်းအကျင်း များနှင့် သူဌေးသုခ အနာထပိဏ် တန်တားကသည် ညောင်စဉ်မီးပါရှေး ကျုံးထိပ်လမ်းစဉ် အတိုင်း ဝန်ထောက်စာရေးကြီး မှူးမတ်အရာရှိတို့ ကြပ်မယူစေပြီးလျှင် ရွှေမြို့တော် ရွှေမျက်နှာ ကျောင်းတော်နှစ်ရပ် ရေစက်သွန်း စံနန်းတော်တွင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မကိုင်ရှိတန်ဆာ ဆင်ယင်တော်မူ၍ အရှင်မိဖုရားခေါင်ကြီးနှင့်အတူစံတော်မူ၍ တရုပ်သံတို့ကို အဖူးအမြော် လက်ဆောင်တော် အဆက်အသ ခံတော်မူပြီးလျှင် တရုပ်ဥဒည်မင်း ရာဇသံစာကို နာခံပြေ့ကြီးမှူး နေမျိုးနန္ဒမိတ်ရွှေတောင် ဖတ်လျှောက်ရသည်။

ရာဇသံစာကား····သိကြားနတ်မစ၍ အရှေ့မျက်နှာ တိုင်းကြီး ပြည်ကြီးကို အစိုးရသော နောင်တော် တောက်ကွန်ဥဒည်မင်း ချစ်ကြည်စွာ ကြားရောက်ပါသည်-အနောက်မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ဆဒ္ဒန်ဆင်မင်းသခင် ရွှေတွင်း, ငွေတွင်း, ပယင်းတွင်း, ကျောက်စိမ်းတွင်းများသခင် ညီတော်နေထွက်ဘုရင် ရွှေနန်းရှင်····နောင်တော် ညီတော်တို့သည် ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်က ဆယ်နှစ်တကြိမ် ရာဇသံမဟာမိတ် စေပါမြဲရှိသည့်အတိုင်း မိုင်းဆည်စုန်းတူ ကဆယ်နှစ်စေ့ရောက်ကြောင်းကို လျှောက်ထားသောကြောင့် နောင်တော်က ရာဇသံ လက်ဆောင်တော်များနှင့် ရိတာလောရဲ့ရမ့်ဆင်ရဲ့ဝမ့်ဆင်ရဲတို့ကို ညီတော်ဆီသို့ စေလွှတ်လာပါစေသည်၊ နောင်တော် တိုင်းပြည်မှာ သာယာငြိမ်ဝပ်၍ နောင်တော် ကိုယ်, မိဖုရား, သားတော်, သမီးတော်, ဆွေတော် မျိုးတော် အပေါင်းတို့ ကျန်းခံ့ သာယာ ကြပါသည်၊ ညီတော် ရွှေနန်းရှင်ကိုယ်, မင်းမိဖုရား, သားတော်, သမီးတော်, ဆွေတော်မျိုးတော်တို့ကျန်းခံ့သာယာ

ကြောင်းများကို ကြားသိချင်ပါသည်။ နှစ်ပြည့်တပြည် ချစ်ကြည်လေးမြတ်ရှိသည်နှင့်အညီ သံတို့တွင်ပါသည့် ရာဇသံ လက်ဆောင်တော်များကို သိမ်းယူတော်မူ၍ နေ့-လမကြာ ထုံးစံရှိသည့်အတိုင်း ညီတော့်ရာဇသံစာနှင့် သံဖက်ခန့်လာပါစေ၊ စေလွှတ်သည့်သံတို့ရောက်လျှင် ညီတော်နေထွက်ဘုရင်ရွှေနန်းရှင်မျက်နှာတော်ကို မြင်ရသကဲ့သို့ရှိပါမည်။ သည် ရာဇသံစာကို ဖတ်လျှောက်ပြီးလျှင် သံတို့ကို မေးမြန်းမေး၍ လျှောက်မြဲလျှောက်ရသည်။

ဥဒည်မင်းက ဆက်သလိုက်သည့် လက်ဆောင်တော်ကား…ဖဲဝါခံ ဟူလီသားမွေးအင်္ကျီတစ်၊ ဖဲဝါခံ အနားပန်းစုံထိုး ဟူလီသားမွေးဖြူ အင်္ကျီတစ်၊ ဖဲဝါခံ ဟူလီပြောက် သားမွေးအင်္ကျီ တစ်၊ ရွှေဇာပွင့်ကြီးလိပ်ရေ တဆဲ့ခြောက်၊ ဖဲကြီးအနီလိပ်ရေ တဆယ်၊ အဝါဇာလိပ်ရေ ရှစ်၊ ဖဲလတ်လိပ်ရေ ခြောက်၊ ဟူစို့ဖဲပြောက်လိပ်ရေ နှစ်၊ ဟူစို့ဖဲအနီအစိမ်း လိပ်ရေ နှစ်၊ ငါးမျိုးဘယော ဖဲလိပ်ရေ သုံးဆယ်၊ ငါးမျိုးဘယောဖဲပြောက်ကြီး လိပ်ရေ ခြောက်၊ အနီရွှေရောင်ပန်းပြောက် တကောင်း တစ်၊ ကြွေရုပ်စုံ တကောင်း၊ ကြွေရုပ်နှစ်ထည့် သေတ္တာငယ် တစ်၊ မြေလုပ် မိန်းမရုပ်, ယောကျ်ားရုပ်ထည့် သေတ္တာ တစ်၊ မြေလုပ်အရုပ်သုံးထည့် သေတ္တာတစ်၊ အမွေးထည့်ကြေးဖြူအစ် နှစ်၊ ကောလီသိန်ထည့် အဖုံးပါ စက္ကူသေတ္တာငယ် နှစ်၊ လက်ဘက်ရည်သောက် မြေရွှေရောင် ကျောက်စိမ်းထွတ်တင် နှစ်၊ ရွှေရောင်ကြေးထွေးခံနှစ်ထည့် သေတ္တာငယ် နှစ်၊ ထွတ်ကွက်ဖလ်ဖြူ ပန်းကန်နှစ်ထည့် သေတ္တာတစ်၊ ထွတ်ကွက်မိုးကြိုးရောင် အဝါ ဖလ်ပန်းကန်နှစ်ထည့် သေတ္တာ တစ်၊ လက်ဘက်ခြောက်ထည့် ကြွေဖြူပန်းပြောက် ဘူးလုံးရေ တဆဲ့လေး၊ လက်ဘက်ခြောက်ထည့် အစိမ်း, အနီ, အဝါ, အပြာဘူးလုံးရေ လေး၊ လေးညှင်းဆီထည့် ဖလ်ဘူးလုံးရေ လေးဆယ်ထည့် သေတ္တာ တစ်၊ ကွေ့ဝါဆီဘူးလုံးရေ နှစ်၊ ပန်းပေါင်းထည့် ဖဲအစ်လုံးရေ ငါးဆယ်၊ အမွေးတိုင်ထုပ်ရေ ရှစ်ဆယ်၊ နို့သာယပ်စင်းရေတရာထည့် သေတ္တာငယ်တဆယ်၊ ဆီစက္ကူယပ်စင်းရေငါးဆယ်ထည့် သေတ္တာငါး၊ ဆိတ်ချိုကော်နှင့်လုပ်သည့် မီးအိမ်အဖြူအပြောက် လေး၊ လက်ဘက်ရည်သောက်ဖုံးစုံ ပန်းကန်လုံးရေ တရာ့ငါးဆယ်ထည့် သေတ္တာ တဆဲ့ငါး၊ ရွှေချည်ထိုးဖဲအိတ်ရှို့လုံးရေကိုးထည့် သေတ္တာငယ် တစ်၊ ပန်းပြေ့ထိုးအိတ်ရှို့လုံးရေတဆဲ့နှစ်ထည့် သေတ္တာလေး၊ ဖဲဖြူယပ် အိတ်လုံးရေ တဆယ်ထည့်သေတ္တာနှစ်၊ ယပ်ဖြူသုံးဆယ်ထည့် သေ တ္တာငယ် လေး ဖဲဖြူခံ

ဖဲရုပ် ရွှေချည်ထိုး ကောင်ရေ ကိုးတင် ကားပုံ တစ်၊ ဖဲပြာ, ဖဲနီ, ဖဲဖြူခံ, အရုပ်တင်ကားပုံ လေး၊ ဖဲဖြူ,ဖဲပြာ, ဖဲနီ အရုပ်ကပ်ကားပုံ လေး၊ ဖဲနီခံ အရုပ်ရေးဆွဲသည့်ကားပုံ ရှစ်ထည့်သေတ္တာ နှစ်၊ စက္ကူကားရေ တဆဲ့ ခြောက်ထည့် သေတ္တာလေး၊ လေးမျိုးပန်းပင်ရေကား လေးထည့်သေတ္တာ လေး၊ ပန်းပင်အရုပ်မှန်ကား နှစ်၊ ဖဲကားရေ ရှစ်ဆယ်ထည့်သေတ္တာငယ် နှစ်၊ ယိုထည့်သေတ္တာငယ် တဆဲ့ခြောက်၊ ဆံစုစင်းရေငါး သေတ္တာငယ် နှစ်၊ ကော်ဇောချပ်ရေ သုံးဆဲ့ကိုး၊ ပန်းပင်ရေ တဆဲ့ခြောက်၊ ခြောက်မြှောင့် ဖဲပန်းပြောက်ထိုး မီးအိမ်လုံးရေ နှစ်၊ ပန်းပွင့်ထိုးဖဲကားရေ လေး၊ မှန်စီပေါင်းကြီး နှစ်၊ လောထီးမ ကကြိုးစုံ နှစ်၊ မြင်းနက်ကျား ကကြိုးစုံ နှစ်၊ သာလိကာနှစ်၊ ကြွက်ဖြူနှစ်၊ ကြွက်ကျားနှစ်များကို အဆက်အသခံ တော်မူပြီးလျှင် သံအကြီးရိတာလောရဲ, ရမ့်ဆင်ရဲ, ဝမ့်ဆင်ရဲတို့ကို ငွေ သပြာခုနစ်ရာ၊ပတ္တမြားတင်လက်စွပ် တစ်၊ငွေဖလား အချိန်တဆဲ့ငါးကျပ် လုံးရေ တစ်၊သက္ကလတ်နီ ဆယ်တောင်နှစ်၊ လက်ချိတ်ပုဆိုး တစ်၊သဘော် ကောဇော တစ်၊ သရက်ထည်အုပ်နှစ်၊ မာတရဘက်အုပ်ရေ ငါး၊နှစ်ပြည် ဝင်ယွန်းအစ် တစ်၊ တပြည်ဝင် ယွန်းအစ် တစ်၊မြင်းသက္ကလတ်ကြိုးစုံ တစ်၊ မြင်းတစီး သနားတော်မူသည်။

သံအလတ် တုံလောစုံ, တင်လောစုံ, လောရဲတို့ကို ပတ္တမြားတင် လက်စွပ် တစ်၊ ငွေသပြာလေးရာ၊ ငွေဖလားအချိန်တဆယ်, လုံးရေ တစ်၊ စည်းပုဆိုး တစ်၊ သက္ကလတ်နီငါးတောင် နှစ်၊ မာတရဘက်အုပ် နှစ်၊ သရက်ထည်အုပ် နှစ်၊ နှစ်ပြည်ဝင်ယွန်းအစ် တစ်၊ တပြည်ဝင် ယွန်းအစ် အစ်၊ မြင်းကဘာလာကြိုးစုံ တစ်၊ မြင်းတစီး သနားတော်မူသည်။

ခေါင်းတဆဲ့လေး, နောက်ပါလူငယ်သုံးဆယ်,နှစ်စု လူလေးဆဲ့လေး တို့ကိုသည်း ငွေသပြာ လေးရာ့လေးဆယ်၊ ပိုးသားပုဆိုး လေးဆဲ့လေး သနားတော်မူပြီးလျှင် သံအကြီး ရိတာလောရဲကို ရာဇဇေယကျော်, ရမ့် ဆင်ရဲကို ရာဇသိင်္ခကျော်, ဝမ့်ဆင်ရဲကို ရာဇသူရကျော်, ရွှေသားဘွဲ့, ရွှေစလွယ် ခြောက်သွယ်စီ။ သံလတ် တုံလောစုံကို ရာဇ ပျံချီကျော်, တင်လောစုံကို ရာဇသီဟကျော်, လောရဲကို ရာဇနန္ဒကျော်,ရွှေသားဘွဲ့, ရွှေစလွယ်သုံးသွယ်စီများကို ရွှေတော်တွင် သနားတော် ခံစေပြီးလျှင် မိုင်းဆည်စုန်းတူ ပေ့ွတာယည်းကို မဟာရာဇသူရ, မိုးယည်းဗိုလ်မှူး ဟာတာယည်းကို သီဟနော်ရထာ, မြို့ဝန်ဥတာလောရဲကို သီရိနော်ရ ထာ, ရွှေသားဘွဲ့ပုံများကို လှမ်းကမ်းပေးတော်မူပြီးလျှင် ကျောင်းတော်

အလှူအတန်း အခင်းအကျင်းများကို မှူးတော်မတ်တော်တို့ လိုက်ပြကြည့်ရှုစေ၍ လာရင်းလမ်းအတိုင်း သံတဲသို့ပြန်သွားနေထိုင်စေသည်၊ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ယင်းသည့် တပေါင်းလပြည့်ကျော် သုံးရက်နေ့ ထွက်တော်မူသည့် တဝ်ဝင်းအခင်းအကျင်းအတိုင်း မိဖုရားခေါင်ကြီးနှင့်အတူ ရထားတော်တွင် ရွှေစက်တင်တော်မူ၍ ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ယင်းသည့်တပေါင်းလ မကွှရာအိမ်တော်, ပုဂံအိမ်တော်, ပြည်အိမ်တော်, ပုခန်းအိမ်တော်များကို ဥဒည်မင်း သံတို့ လက်ဆောင်တော်အဆက်အသ အဖူးအမြော်ဝင်ထွက်ကြပြီးလျှင် ဝန်ရှင်တော်ဝန်ကြီးမင်းများအိမ်သို့လည်း ပေးကမ်းရန် လက်ဆောင်များနှင့် ဝင်ထွက်ကြသည်၊ မကွှရာမင်း, ပုဂံမင်း,ပြည်မင်း, ပုခန်းမင်းတို့နှင့် ဝန်ကြီးမင်းများကလည်း နှုတ်ခွန်းဆက်သ မေးမြန်း၍ အသီးအသီး အထိုက်အလျောက် လက်ဆောင်ပေးကမ်းကြသည်၊ သံတို့ကိုလည်း သံတဲသို့ပြန်၍နေထိုင်စေသည်။

ယင်းသည့်နှစ် နှောင်းတန်းခူးလဆန်း ကိုးရက်နေ့လည်း ဥဒည်မင်းသံတို့ လက်ဆောင်တော် အဆက်အသ အဖူးအမြော် ရွှေနန်းတော်သို့ ဝင်ပြန်ရာ အထိုက်အလျောက် ဆုသနားတော်မူသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှ စ၍ တဆွဲနှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၁၂၀၄) တထောင့် နှစ်ရာ့ လေးခု တန်းခူးလဆန်း တဆွဲနှစ်ရက်နေ့ ညဉ့်နှစ်ချက်တီးကျော် ဗုဒ္ဓဟူးနေ့သို့အဝင် ငါးနာရီ နှစ်ပါဒ်အချိန် သင်္ကြန်ကျသည်၊ ၎င်းလဆန်း တဆွဲ ငါးရက် သောကြာနေ့နံနက်လေးချက်တီးကျော် နာရီပြည့် နှစ်ပါဒ်အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၁၂၀၅) တထောင့် နှစ်ရာ့ ငါးခုသို့တက်သည်။

## ၁၂၀၅-ခု

ဝန္ဒာလရာဇ်တိုင်း တရုပ်ပြည်သို့ သံဖက်ခန့်သွားစေရန် အတွင်းတော်မြဲမင်းလှနော်ရထာကို သံအကြီး၊ နေမျိုး နရာရွှေတောင်, နေမျိုးသူရသံတိုင်, နေမျိုး သီရိနော်ရထာ, နေမျိုးကျော်ခေါင်တို့ကို သံလတ် ခန့်ထား

ပြီးလျှင် ဥဒည်မင်းသို့ တုံ့ပေးမြဲ ရွှေချိန်တဆဲ့သုံးမူး, အလျား တတောင့် တမိုက်,အနံ တမိုက်နှစ်သစ်,ဇာတောင်ကျောက်အိမ်ပါရင်းဖျား ပတ္တမြား ကျောက်လုံးရေ ကိုးဆဲ့ခြောက် ရွှေနောက် သုံးစီ စီခြယ်လုပ်ဆောင်၍ အလျားတတောင့်တမိုက်, အနံ တမိုက်လေးသစ်, စောက် တမိုက်လေး သစ်ရှိသော မြင်းမိုရ်သေတ္တာတွင် ထည့်သွင်းပြီးလျှင် ယင်းသည့်ရွှေပေ ရာဇသံစာနှင့် လက်ဆောင်တော်များကို ရှေးအစဉ် ထုံးစံရှိသည့်အတိုင်း အခမ်းအနားနှင့် မြစ်ဆိပ်သို့ ဆောင်ယူပို့ထားသည်။

ရာဇသံစာကား....အနောက်မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းအပေါင်းတို့ကို အစိုးရတော်မူသော ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများ ရှင် ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်း, ကျောက်စိမ်းတွင်း များသခင် သီရိပဝရာဒိတျာလောကာဓိပတိ ဝိဇယ မဟာဓမ္မ ရာဇာဓိရာ ဇာ-တံဆိပ်နာမံတော်ရှိသော သာသနဒါယကာတော် နေထွက်ဘုရင် မင်းတရားကြီး ချစ်ကြည်စွာ ကြားရောက်အပ်သည်-အရှေ့မျက်နှာ တိုင်း ကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရသော အကြည် တော်တောက်ကွန် ဥဒည်မင်း .... ဘေးလောင်းတော် ဘိုးလောင်းတော် အဆက်ဆက် နှစ်ကာလအရှည် ချစ်ကြည်စွာ ရာဇမဟာမိတ်ဖွဲ့တော်မူကြ သည့်အတိုင်း ဆယ်နှစ်တကြိမ် ရာဇသံလက်ဆောင်တော်များနှင့် စေပါ ကြသည်၊ အကြည်တော် နန်းစံခုနှစ်နှစ်နှင့် တောက်ကွန်ဥဒည်နန်းစံ နှစ် ဆဲ့နှစ်နှစ် သက္ကရာဇ် (၁၂၀၄) တဆောင့် နှစ်ရာ့ လေးခု တပေါင်းလ ဆန်း ခြောက်ရက်နေ့ ရီတာယောရဲ, ရမ့်ဆင်ရဲ, ဝမ့်ဆင်ရဲ, တုံယောစုံ, တင်ယောစုံ, ယောရဲတို့ ရာဇသံလက်ဆောင်တော် ရွှေဇာပွင့်ကြီး လိပ် ရေ တဆဲ့ခြောက်၊ ဖဲကြီးအနီလိပ်ရေ တဆယ်၊ အဝါ ဇာလိပ်ရေရှစ်၊ ဖဲလိပ်ရေ ခြောက်၊ ဟူစို့ဖဲအနီအစိမ်းအပြောက် လိပ်ရေ လေး၊ဘယော ဖဲလိပ်ရေ နှစ်ဆဲ့ခြောက်၊ ဖဲဝါခံဟူလီ သားမွေးအင်္ကျီလေး၊ မှန်စီပေါင်း ကြီးနှစ်၊ လောထီးမ ကကြိုးစုံ နှစ်၊ မြင်းနက်ကျား ကကြိုးစုံနှစ်၊ အထူး ထူးသော ထည်မျိုးအုပ်မျိုး ရာဇသံလက်ဆောင်တော်များနှင့် လာရောက် သည်ကို ကောင်းမွန်စွာ ကြိုဆိုဆောင်ယူ၍ ရာဇသံလက်ဆောင်တော်များ ကို ကျောင်းတော် ရေစက်တော်သွန်း မဟာအသဒိသ အလှူတော်ကြီး ပွဲတော်တွင် သားတော်, ညီတော်, ဆွေတော် မျိုးတော်, မှူးတော် မတ်တော် အပေါင်း ခြံရံလျက် ထွက်စံတော် မူ၍ သံတို့ကို အတွေ့ခံ တော် မူပြီးလျှင် ရာဇသံစာကို ဖတ်လျှောက် စေသည်၊ ဥဒည်မင်း ကိုယ်မှ

၏ မိဖုရား, သားတော်, သမီးတော်, ဆွေတော်-မျိုးတော်တို့ ကျန်းခံ့သာယာကြောင်းကို ကြားသိတော်မူရ၍ ဝမ်းမြောက်တော် မူသည်၊ အကြည်တော့်ကိုယ်, မိဖုရား, သားတော်, သမီးတော်, ဆွေတော်-မျိုးတော်တို့လည်း ကျန်းခံ့သာယာသည်၊ ပြည်ကြီးနှစ်ပြည်ထောင် မခြားမနား ရာဇမဟာမိတ်ဖြစ်ကြသည်နှင့်အညီ အကြည်တော် သုံးဆောင်ရန် ပတ္တမြားတင်လက်စွပ် နှစ်၊ နီလာတင်လက်စွပ် နှစ်၊ ကျောက်စိမ်းတုံးအချိန်တရာ၊ ဆင်စွယ်ချောင်းရေ နှစ်-အချိန်ခြောက်ဆဲ့လေးပိဿာ့ ကျပ်ခုနစ်ဆယ်၊ သက္ကလတ်အနီကပ် သုံး၊ သက္ကလတ် အစိမ်းကပ် သုံး၊ သက္ကလတ်အဝါကပ် နှစ်၊ ပိတ်ထူအုပ်ရေတဆယ်၊ မာတရဘက် အုပ်ရေတဆယ်၊ ဘိလပ်သရက်ထည်အုပ်ရေ တဆယ်၊ ဘိလပ် အဝါအုပ်ရေတဆယ်၊ သင်းဘောကော်ဇော နှစ်ဆယ်၊ ရွှေဆိုင်းတရာ၊ ငွေဆိုင်းတရာ၊ နံ့သာဖြူချိန် သုံးပိဿာ၊ နံ့သာနီချိန် သုံးပိဿာ၊ကရက်မက်ချိန်သုံးပိဿာနှင်းဆီဘူး လုံးရေ တဆယ်၊ မှန်စီရွှေအုပ်လုံးရေ နှစ်၊ သားရိုးပြောက်ရွှေချအုပ်လုံးရေ နှစ်၊ ယွန်းထိုးအုပ် ခြေမြင့်လုံးရေ နှစ်၊ နှစ်စိတ်ဝင်ယွန်းထိုးအစ် လုံးရေလေး၊ နှစ်စလယ်ဝင် ယွန်းထိုးအစ်လုံးရေ ငါးဆယ်၊ ဒေါင်းမြီးစည်းရေတဆဲ့ငါး၊ ဆင်ပေါက် သုံး၊ဆင်မ နှစ်၊ ဆင်ကျော့ခန်းသွင်းခန်းရေးသည့် ပုရပိုက်ဖြူ ဆူရေတစ်၊ ဆင်ပုံရေးသည့် မှန်တပ်ကားပုံချပ်ရေခြောက် လက်ဆောင်တော်များနှင့် အတွင်းတော်မြဲ မင်းလှနော်ရထာ,နေမျိုး နရာရွှေတောင်, နေမျိုးသူရသံတိုင်, နေမျိုးသီရိနော်ရထာ, နေမျိုးကျော်ခေါင်တို့ကို သံဖက်ခန့် ပြန်လာပါစေသည်၊ လရက်မရှည်မကြာပြန်လာပါစေ၊ သံတို့ပြန်ရောက်လျှင် အကြည်တော် ဥဒည်မင်းနှင့်တွေ့မြင်ရသကဲ့သို့ရှိပါမည်။

သည်ရွှေပေ ရာဇသံ စာများနှင့်တကွ လက်ဆောင်တော် များကို သံဖက်ခန့်သွားစေသူ မင်းလှနော်ရထာ, နေမျိုးနရာရွှေတောင်, နေမျိုးသူရသံတိုင်, နေမျိုးသီရိနော်ရထာ, နေမျိုးကျော်ခေါင်တို့သို့ ပေးအပ်ပြီးလျှင် ဥဒည်မင်းသံတို့နှင့်တကွ သက္ကရာဇ် (၁၂၀၅) တထောင့်နှစ်ရာ့ငါးခု တန်းခူးလပြည့်ကျော်လေးရက်နေ့ နေပြည်တော် သရက်မော်ကျွန်းဆိပ်က တရုပ်ပြည်သို့ လမ်းစဉ်အတိုင်း သွားရသည်။

သက္ကရာဇ် (၁၂၀၅) တတောင့်နှစ်ရာ့ငါးခု တန်းခူးလပြည့်ကျော်လေးရက်နေ့ တောင်ငူမြို့ အဋ္ဌနဝန် စစ်ကဲအရာရှိ ဆင်မှူးဆင်အုပ်တို့က

ကျောက်မော်မြို့စီရင်စု ဘောဂမာချောင်း စွယ်တိမ်တောတွင် ကျော့ဖမ်းရမိသည့် အသားအရေ ထူးမြတ်သည့် အရပ်လေးတောင်, အစွယ်ပြင်ပေါ် တတောင်ခန့် ပုပ္ပဒန္တဆင်တော်နှင့် အရပ်လေးတောင် ဆင်မတော်များကိုဆက်သရာ ရွှေနန်းတော်အတွင်း တန်ဆောင်း သုံးထပ်နှင့်ထား၏။

ထိုသက္ကရာဇ် နယုန်လ နတ်ထိပ်၊ ကင်းအုပ်၊ ပင်းတယရွာ၊ နောင်ရဲရွာ၊ ပွေးလှရွာ၊ ကျုံးရွာ၊ ငှံသုံးရွာ၊ တောင်ယားရွာ၊ လွယ်အိရွာ၊ သာမိုင်းခန်းရွာ၊ နံ့ချင်းရွာ၊ တောင်ပို့ဆွဲရွာ၊ နတ်မွန်ရွာ၊ ကျောက်ထပ်ရွာ ငွေခွန်မှူးတို့က သီကျစ်မြို့အုပ် ငခွန်တော်ငယ်နှင့် ကရင်အများ ငွေခွန်ကျေးရွာများကို တိုက်ခိုက်ဖျက်ဆီး မီးရှို့တပ်တည်လုပ်ရှိနေကြောင်းများနှင့် တင်လျှောက်၍ ဘဝရှင် မင်းတရားကြီးဘုရား ကြားသိတော်မူရာ ရွှေဘဝါးတော်အောက်က ရွှေပြည့်ရန်အောင် မြင်းတပ်ဗိုလ် မဟာမင်းထင်ကျော်နှင့် မြင်းအမှုထမ်း လူငါးရာ, ငွေခွန်ကျေးရွာ ငွေခွန်အမှုထမ်းတို့နှင့် ငွေခွန်မှူးတို့ကို ချီတက်တိုက်ခိုက် သိမ်းယူစေ၏။ နောက်ကိုလည်းရွှေဘဝါးတော်အောက်က ရွှေပြည့်သေနတ်အမှုထမ်း လူသုံးရာ, နတ်ရှင့်ရွေးအမှုထမ်းလူတရာ, ကသည်းမြင်းတပ်ဗိုလ်နှင့် ကသည်းမြင်းအမှုထမ်းလူတရာ, စုစုအမှုထမ်းလူငါးရာတို့ကို အဝမြို့ဝန် မင်းကြီးမဟာမင်းခေါင်ကျော်ကိုချုပ်အုပ်စေပြီးလျှင် ထပ်မံချီတက် သိမ်းယူစေ၏။

ထိုသက္ကရာဇ် ဝါဆိုလဆန်းဆယ်ရက်နေ့ တိုက်ကုလားမြို့စားမင်းသားမဟာသုဓမ္မရာဇာ့ သမီးနှစ်ယောက်ကို အဘတိုက်ကုလားမြို့စားမင်းသားဝင်းအတွင်း အခမ်းအနားနှင့် နားထွင်းမင်္ဂလာဆောင်တော်မူ၏။

ယင်းသည့် သက္ကရာဇ် ဝါခေါင်လ ဗန်းမော်မြို့စား မိဖုရား သီရိအတုလ မဟာရတနာဒေဝီအမိ သေလွန်သည်ကို ကောင်းမွန်အောင်လုပ်ဆောင်သင်္ဂြိုဟ်ရ၏။

ထိုသက္ကရာဇ် ဝါခေါင်လဆန်း တဆဲ့လေးရက်နေ့ ရွှေမြို့တော် ရွှေမျက်နှာ ဇောင်းကလောကန်ဦးကုသိုလ်တော်စေတီ မဟာရံအုးတွင်း မိဖုရားခေါင်ကြီးသမီးတော်တို့နှင့် အနောက်နန်းတော်မိဖုရား,ဗန်းမော် မိဖုရားတို့က တည်ထားသည့် စေတီတော်များကို ဌပန ာသွင်းရာ မွေးတော်ခေါတ်ခတော် ရုပ်ပွားတော်များကို အခမ်းအနားနှင့် ဌာပနာ

ယင်းသည့်သက္ကရာဇ်တော်သလင်းလပြောင်ရွှေစော်ဘွား ကမ္ဘောဇ မဟာဇေယမ္ဗရာဇာက အပြင်အလျှာနှင့် ပြည့်စုံသောသမီးကို ရွှေစက်တော်ရင်းသို့ အဆက်အသရောက်၏။

ထိုသက္ကရာဇ် တန်ဆောင်မုန်းလဆန်း ခုနစ်ရက်နေ့ ညဥ့်တချက်တီးကျော်အချိန် သားတော် မိုးနဲမိုလ်မှူး ပုခန်းမင်း သီရိသီဟသူရမဟာဓမ္မရာဇာ ရှောင်းတခင် ရောဂါကပ်ရောက်ကြောင်းကိုလျှောက်ထားကြားသိတော်မူ၍ ရွှေနန်းတော်က အတွင်းဝန် သံတော်ဆင့်တို့ကို စေလွှတ်ပြီးလျှင်ဆေးဝါးကြည့်ရှုကုမစေရာမသက်မသာရှိသည်နှင့် ယင်းသည့်လဆန်းရှစ်ရက်နေ့ နံနက် လေးချက်တီးအချိန် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့် ရထားတော်တွင် ရွှေစက်တင်တော်မူ၍ ပုခန်းမင်းအိမ်သို့ ထွက်တော်မူပြီးလျှင် ဆေးဝါးကြည့်ရှုကုမတော်မူသော်လည်း ဝေဒနာမှ မလွတ်မြောက်၊ ယင်းသည့်နေ့-နေ သုံးချက်တီးကျော်အချိန် ကံတော်ကုန်သည်ကို ဘဝရှင် မင်းတရားကြီးဘုရား အလွန်ကြေကွဲတော်မူ၏၊ သားတော်အလောင်းကိုလည်း ရှောင်းတခင် ရောဂါဖြစ်သည်နှင့် အခမ်းအနား မလုပ်မဆောင်ရ သံလျင်းနှင့်ချဆောင်ပြီးလျှင် ပျဥ်ရွှေဗုဒ္ဓန်ခွံမွမ်း၊ အတွင်းရွှေပိန်းချတွင်ထည့်သွင်း၍ ဝင်းတော် အရှေ့မြောက်ထောင့်တွင် ထုံးစံနှင့်အညီ မြေနှံ့ သင်္ဂြိုဟ်ရ၏။ ဘဝရှင်မင်းတရားကြီးဘုရားလည်း သားတော်အလောင်းကို ချဆောင်ရာနှံ့ထားသင်္ဂြိုဟ်ရာအရပ်ရောက် အိမ်တော်ပေါ်က ကြည့်ရှုတော်မူ၍ ရွှေနန်းတော်သို့ပင်တော်မူ၏။

ထိုသက္ကရာဇ်အတွင်း ရွှေမြို့တော်ရွှေမျက်နှာ ဇောင်းကလောကန်ဦးတွင် ပန်းပဲအတွင်းဝန် ဇေရွှံမြို့စား မင်းကြီးမဟာမင်းလှကျော်သူကို ကြပ်မတည်လုပ်စေသည့် အရံတံတိုင်းမီးတားပါ ကုသိုလ်တော်စေတီနှင့် မိဖုရားခေါင်ကြီး, မင်းမိဖုရားတို့က အသီးအသီး တည်လုပ်ကြသည့် အရံစေတီ၊ ကုသိနာရုံပြည်တွင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည့် အခြင်းအရာ ရုပ်ပွားတော်၊ အသီတိသာဝက ရုပ်တုတော် ကိန်းဝပ်ရန် ရွှေပြာသာဒ်၊ သတ္တဋ္ဌာနရုပ်ပွားတော် ကိန်းဝပ်ရန် အရံတံတိုင်းမီးတားပါ တန်ဆောင်းပြာသာဒ်၊ အဆောင်ဆောင်သော စရပ်မှစ၍ အရပ်ရပ် အလုပ်အဆောင်တော်များကို တည်ထား ဆောက်လုပ် ပြီးပြေသည်ကို ရေစက်သွန်း သာဓုခေါ်တော်မူရန် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်း

တရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့်အတူ ရတနာ ထမ်းစင်တော်တွင် ရွှေစကတ်တင်တော်မူ၍ မင်းမိဖုရား မင်းညီမင်းသား စော်ဘွား မြို့စား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးအပေါင်းတို့နှင့် ထိုသက္ကရာဇ် တပို့တွဲလဆန်းငါးရက်နေ့ ဆင်,မြင်း,ရထား,ခြေသည်သူရဲစသော ရှေ့ခြောက်တပ် နောက်ခြောက်တပ် နမန္တာဘက် ခါတ်ဘက် တပ်ဝင်း အခင်းအကျင်းများနှင့် ထွက်တော်မူကြီး ထွက်စံတော်မူပြီးလျှင် စံနန်းတော်မှ စ၍ မင်းညီမင်းသား မှူးတော် မတ်တော်တို့ တဲများက အသီးအသီး ပွဲသဘင်စုံ စည်ပင်သာယာအောင် ခံကြရ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားသည်း သက္ကရာဇ် (၁၂၀၅) တဆောင့်နှစ်ရာ့ငါးခု တပို့တွဲလဆန်း ဆယ်ရက် တနင်္လာနေ့ နေနှစ်ချက်တီးကျော်အချိန် အမြောက်သံကြား အခါတော်နှင့် ကုသိုလ်တော်စေတီကို စက်ယန္တရား ကြီးကျယ်စွာဆင်တော်မူ၍ ရွှေထီးအထွတ်တင်တော်မူပြီးလျှင် "လောကမဏိစူဠာ" ကမ္ဗည်းတပ်တော်မူ၍ ထီးချရားသီးကသည် မြေတိုင်အောင် ရွှေထည့်လှူတော်မူ၏၊ မင်းမိဖုရားတို့က အသီးအသီး ကုသိုလ်တော်ပွား တည်ထားဆောက်လုပ်ဆက်သကြသည့် မဟာရံအတွင်း အရံစေတီလေးဆူနှင့် ကုသိနာရုံပြာသာဒ်, သတ္တဋ္ဌာန စေတီတော်, ရေနံချောင်းမြို့စား စေတီတော်များကိုလည်း စေတီတော်ကြီး ထီးတင်သည်နှင့်တပြိုင်နက် ရွှေထီးအထွတ်တင်လှူပြီးလျှင် ကုသိုလ်တော် လောကမဏိစူဠာစေတီတော်ကြီး အရှေ့တောင် မဟာရံအတွင်း မိဖုရားခေါင်ကြီး ကောင်းမှုစေတီကို "မဟာတိလောက"၊ အရှေ့မြောက် သမီးတော် သီရိပဝရ တိလောကရတနာ မင်္ဂလာဒေဝီ ကောင်းမှုစေတီကို "လောကပရမေ"၊ အနောက်မြောက်-အနောက်နန်းတော် မိဖုရား သီရိမဟာသုရတနာ စန္ဒာဒေဝီ ကောင်းမှုစေတီကို "ရတနာလောက" အနောက်တောင် ဗန်းမော်မြို့စား မိဖုရား သီရိအတုလ မဟာရတနာ ဒေဝီကောင်းမှုစေတီကို "သုံးလူ့ထိပ်ပန်း" ကမ္ဗည်းတပ် မှတ်တော်မူပြီးလျှင် ယင်းသည့် တပို့တွဲလဆန်းငါးရက်နေ့ ဘုရားအမူးရှိသော ဆရာတော် သံဃာတော် တရာ့ရှစ်ပါးတို့ကို အဘိုးများစွာထိုက်သော သီးမျိုး စုံပဒေသာပင်ရေ တရာ့ကိုးပင်တို့ဖြင့် ရေစက်သွန်းချလှူဒါန်းတော်မူ၏။

မင်းတိုင်ပင် အမတ် ပညာရှိတို့ကလည်း သက္ကရာဇ် (၁၂၀၆) တဆောင့်နှစ်ရာ့ခြောက်ခုနှစ် တိုင်ရောက်လျှင် ရွှေပြည်တော်မှ မြောက်

အရပ်သို့ ယာ ယီပြောင်းစံတော် မူသင့် ကြောင်းနှင့် လျှောက်ထားချက် အတိုင်း မင်းတဲဒေးဝန်းတိုက် အရပ်သို့ စေလွှတ်ခန့်ထား ဆောက်လုပ် စေသည့် ဝန်ထောက် မင်းကြီးမဟာသင်္ကြို, စာရေးကြီး, အသုံးစာရေး တို့လည်း ယင်းသည့် ကုသိုလ်တော် စေတီထီးတင်သည့် အခါတော်နှင့် တပြိုင်နက် စံနန်းတော်ရာမြေကို ပန္နက်ချမှတ်ပြီးလျှင် ဆောက်လုပ်ရ၏။

## သကျမုနိဘုရားကို ပင့်ဆောင် ကိုးကွယ်တော်မူခြင်း စသည်နှင့် ချမ်းသာရဘုရား ပြင်ဆင်ခြင်း

အထက်နောင်တော်မင်းတရားလက်ထက် အနောက်တိုင်းပြည် မဇ္ဈိမ ဒေသ ဗုဒ္ဓဂယာအရပ်က ပင့်ဆောင် ရောက်သည့် ရွှေနန်းအတွင်း ကိုး ကွယ်တော်မူသည့် သကျမုနိ ရုပ်ပွားတော် ကိုလည်း ကုသိုလ်တော်ရွှေ မျက်နှာ မဟာရံအတွင်း အုတ်စရပ်တည်လုပ်ကိုးကွယ်တော်မူ၏။

ကုသိုလ်တော် လောကမာရ်ဇိန်စေတီတော်အတွင်းတံတိုင်းပတ်လည် အုတ်တိုက်အတွင်းများမှာလည်း နိုင်ငံတော်ပတ်လည် အဝေးအနီးလာ ရောက်ရှိသည့် ရဟန်း ရှင်လူတို့ ဖူးမြော်ကြည့်ရှုစေရန် မြတ်စွာဘုရား အလောင်းတော် ဒီပင်္ကရာမြတ်စွာဘုရား ခြေရင်းတော်တွင် သုမေဓာ ရသေ့အဖြစ်ဖြင့် နိယတဗျာဒိတ်ခံသည်မှစ၍ ဘုရားအဖြစ်သို့ရောက်တော် မူသည်တိုင် ပါရမီဖြည့်တော်မူသည့် အဌုပ္ပတ္တိ အဖြစ်တော်ပုံ၊ သီဟိုဠ် ကျွန်းတွင်ရှိသည့် ဘုရားစေတီတော်၊ စွယ်တော်ထား တန်ဆောင်းပုံ၊ ဗောဓိပင်ပုံ၊ ကျောင်းပုံ၊ ဂန္ဓာလရာဇ်တိုင်း တရုပ်ပြည်နယ်ပုံ၊ ၎င်းလူ မျိုးတို့ ကိုးကွယ်သည့် တရုပ်နတ်ရုပ်ပုံများနှင့် ဝင်္ဂရာဇ်တိုင်းနန်းတည်ခုနှစ် စော်ဘွားကုလားရုပ်ပုံ၊ မောက်သူဇာကတိဇံရုပ်ပုံ၊ ဇုန္ဒိယတိုင်းအင်္ဂလိပ် မင်းနှင့် ပြင်သစ်တိုင်းပြည် ဘူးနပတ်မင်းတို့ စစ်တိုက်ခန်းရုပ်ပုံ၊ မောက် သူဇာစော်ဘွားဆက်စက်ပုံ အရုပ်ပုံ၊ ဒဏ္ဍာရီဇာတ်ဝတ္ထုပေါ် ဘိန္နာဝန တောပုံများကိုလည်း ရေးသားကပ်ထားတော်မူ၏။

ကုသိုလ်တော် ရေစက်သွန်းပွဲတော်အခမ်းအနားတွင် ထွက်တော်မူပြီး နောက်တရက်နေ့ကစ၍ ဝင်တော်မူသည်တိုင် မှူးတော် မတ်တော် အစု အမှုထမ်း လာရောက်ဖူးမြော်သမျှ ပြည်သူပြည်သားအပေါင်းတို့ကိုလည်း နေ့စဉ်မလစ်မလပ်စေရ ပန်းတောင်းဝန်,ရွှေတောင်ဝန်,ဒလဝန်,ကုလား

ဝန်တို့ကို ငွေတော်ထုတ်ပေးတော်မူ၍ တဲကန္နားကိုယ်စီနှင့် ကောင်းမွန်အောင် ချက်ပြုတ်ကျွေးမွေးစေ၏။

ယင်းသည့် တပို့တွဲလပြည့်ကျော် တရက်နေ့ကစ၍ လပြည့်ကျော်ရှစ်ရက်နေ့တိုင်အောင်လည်း မင်းမိဖုရား မင်းညီမင်းသား စော်ဘွား မြို့စား မှူးတော်မတ်တော် စားတော်ကွမ်းရေ ထီးဓားလက်စွဲ အဆောင်မြဲ စုရေး စုကိုင်ကတော်မယားတို့ကို ပုဆိုး, ခေါင်းပေါင်းအုပ်, ပိတ်အုပ်, ထဘီ, အင်္ကျီ, ပဝါ, အထိုက်အလိုက် ပေးကမ်းတော်မူ၏၊ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အဝေးအနီး အဖူးအမြော်လာရောက်သမျှ ပြည်သူ ပြည်သားအပေါင်းတို့ကိုလည်း ကုသိုလ်တော် မဟာရုံအတွင်း ဝင်ထွက် ဖူးမြော်စေပြီးလျှင် ပုဆိုး, ခေါင်းပေါင်း, သက္ကလတ်, ထဘီ, တဘက်, ထည်မျိုး အုပ်မျိုးများနှင့် ခွက်,အစ်, ပန်းကန်-မှစ၍ အသီးအသီး ပေးကမ်းရန်များကို မဟာရုံမုတ်လေးမျက်နှာက မှူးတော်မတ်တော်တို့ ကြီးကြပ်စေ၍ ကြီးစွာသော မဟာအသဒိသ သဘင်ကို ဖြစ်စေတော်မူ၏၊ ယင်းသည့် ကုသိုလ်တော်ဘုရား ရေစက်သွန်း အခမ်းအနား ပြီးပြေလျှင် ထိုသက္ကရာဇ် တပို့တွဲလပြည့်ကျော် ဆယ်ရက်နေ့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီး မင်း မိဖုရား မင်းညီမင်းသား စော်ဘွား မြို့စား မှူးတော်မတ်တော် ဗိုလ်ရဲမက်အမှုထမ်း တပ်ဝင်း အခင်းအကျင်းများနှင့် ရွှေနန်းတော်သို့ ဝင်တော်မူ၏။

ယင်းသည့် သက္ကရာဇ် တန်းခူးလဆန်းရှစ်ရက်နေ့ ရွှေမြို့တော်နောက်မျက်နှာ ကုန်းသာကျွန်းကို မြက်ဖျားရေဖျား ပေးသနားတော်မူသည့် ရတနာပြောင်မွန် ဆင်တော်မှားသည်တွင် ၎င်းလဆန်းကိုးရက်နေ့ ဆင်တော်သိမ်းရ ယာစွယ်ချိန် နှစ်ဆဲ့သုံးပိဿာ့လေးဆယ်, ဝဲစွယ်ချိန် နှစ်ဆဲ့နှစ်ပိဿာ့ငါးဆယ်များကို ဆင်ဝန်, ဆင်ဝန်ထောက်တို့ လျှောက်ထားဆက်သရ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီသဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၀၅) တထောင့်နှစ်ရာ့ငါးခု တန်းခူးလပြည့်ကျော် ကိုးရက် ကြာသပတေးနေ့ နံနက် တချက်တီးကျော် ခြောက်မောင်း အချိန်တွင် သင်္ကြန်ကျသည်၊ ၎င်းလပြည့်ကျော် တဆဲ့တရက် စနေနေ့ နံနက် အတာနှစ်သစ် သက္ကရာဇ် (၁၂၀၆) တထောင့် နှစ်ရာ့ခြောက်ခုသို့ တက်သည်။

## ၁၂၀၆-ခု

သက္ကရာဇ်(၁၂၀၆) တဆောင်မုန်းနှစ်ရှာ့ခြောက်ခု မင်းတဲဒေးဝန်းတိုက် စံနန်းတော်သို့ ထွက်တော်မူမည်ကိုလည်း စံနန်းတော် တိုက်တန်း တင်းကုပ် လွတ်ရုံးမှစ၍ အရပ်ရပ်အလုပ်အဆောင်တော်ပြီးပြေလျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့် အတူ ရတနာသုံးပါး မင်းရုပ်တုတော်များကို ပူဇော်တော်မူ၍ ဘဝရှင်မင်းတရားကြီးဘုရားမှာ လှည်းယာဉ်တော်တွင် မိဖုရားခေါင်ကြီးသမီးတော်တို့မှာ ဆင်တော်တွင် ရွှေစက်တင်တော်မူပြီးလျှင် မင်းမိဖုရား မင်းညီမင်းသား စော်ဘွားမြို့စား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး အပေါင်းတို့နှင့် အမရပူရ မဟာရာဇဌာနီ ရွှေပြည်တော်ကြီးမှ သက္ကရာဇ်(၁၂၀၆) တဆောင်မုန်းနှစ်ရှာ့ခြောက်ခု နယုန်လဆန်း ခုနစ်ရက်နေ့ နေ့နှစ်ချက်တီးကျော်အချိန် အခါတော်နှင့် ကိန်းခန်းထွက်အတိုင်း မင်းတဲဒေးဝန်း စံနန်းတော်သို့ ထွက်စံတော်မူ၏၊ မင်းညီမင်းသား စော်ဘွားမြို့စား မှူးတော်မတ်တော်တို့ကိုလည်း ဝင်းခြံ၊ အိမ်ရာနေရာ၊ တန်းအိမ်၊ လမ်းအိမ် အသီးအသီး အထိုက်အလိုက် ချထားတော်မူ၏။

ထိုသက္ကရာဇ် ဝါဆိုလပြည့်ကျော် တဆဲ့သုံးရက်နေ့ ဘင်္ဂလားမြို့နေ ကုန်သည်ကြီး မယ်ခလောက်က အလျား သုံးခုနစ်ဆဲ့နှစ်တောင်၊ ဝမ်းဝ ဆယ်တောင့် တမိုက်လေးသစ်၊ စောက်ခြောက်တောင့် တမိုက်လေးသစ်၊ ရေနွေးအိုးစက်ကိရိယာစုံ မီးသင်းဘောတော်ကို အတိုးငွေ ကျပ်သုံး ဒင်္ဂါးပြားရေ လေးသောင်းပေး၍ ဝယ်ယူပြီးလျှင် မင်းတဲဒေးဝန်း စံနန်းတော်သို့ လာရောက်ဆက်သသည်တွင် ၎င်းမီးသင်းဘောတော်ကို ရေနန်းယာဉ်သာ-ကမ္ဘည်းတပ်တော်မူ၏။

ယင်းသည့်သက္ကရာဇ် ဝါခေါင်လပြည့်ကျော် ခြောက်ရက်နေ့ နောင်တော် တောင်ငူမင်းသား မောင်ဘိုးရောင်သေလွန်သည်ကို ကောင်းမွန်အောင် သဂြိုဟ်ရ၏။ ၎င်းလပြည့်ကျော်ကိုးရက်နေ့ ဘထွေးတော်မက္ခရာမင်းသမီး သေလွန်သည်ကိုလည်း ကောင်းမွန်အောင်သဂြိုဟ်ရ၏။

ထိုသက္ကရာဇ် သီတင်းကျွတ်လဆန်း တဆဲ့ငါးရက်နေ့ ခမည်းတော် သိရိမဟာ ဓမ္မာဘိဇယသီဟသူရ-အမည်တော်ရှိသော အိမ်ရှေ့မင်းသမီး မင်းခင်းမြို့စား မိဖုရား-သိရိမဟာစန္ဒာ သုရတနာဒေဝီ ကံကုန်သည်ကို

မင်းတဲပေါက်မြစ်နှင့် ကျွန်းတဖက်တွင် အခမ်းအနားနှင့် သင်္ဂြိုဟ်တော်မူ၏။ ယင်းသည့် သီတင်းကျွတ်လအတွင်း မင်းတဲသဏ်ဇာချောင်း အရှေ့ဘက် ကမ်းထိပ်တွင် ချမ်းသာရဘုရား ဖျက်စီးယိုယွင်းရှိသည်ကို ပန်းပဲဝန် အတွင်းဝန် မင်းကြီးမဟာမင်းလှကျော်သူကို ကြီးကြပ်စေပြီးလျှင် တံတိုင်း မီးတားနှင့်တကွ ကောင်းမွန်အောင် လုပ်ဆောင်ပြင်ဆင်ရ၏။

ထိုသက္ကရာဇ် နတ်တော်လအတွင်း ရွှေမြို့တော်ဝန် ရွှေပြည်ရန်အောင် မြင်းဝန် မင်းကြီးမဟာသီရိသီဟသူ,ဝန်စု မြင်းခေါင်းမြင်းစီးတို့တွင် ကြေးငွေစားယူသည့်အမှု, တောင်မိုလ်မြင်းခေါင်းမြင်းတပ်မိုလ်တို့ အမှုထမ်းတို့ကို ညှဉ်းပန်းနှိပ်စက် ပြုကျင့်သည်များကို အမိန့်တော်နှင့် လွှတ်သို့အပ်၍ စီရင်စေသည်ကို မြင်းခေါင်းငယ်သားတို့ကို အနေအထားကျအောင် မစီရင်သောကြောင့် အမှုက်တော်ရှိ၍ မဏ္ဍရမင်း မဟာသီရိသုဓမ္မရာဇာ, ကောင်းတုံမြို့စား ဝန်ကြီးသတိုးမင်းရဲရာဇာတို့ကိုနုတ်ပြီးလျှင် သားတော် ပုဂံမင်း သီရိသုဓမ္မမဟာဓမ္မရာဇာ, သားတော် မင်းတုန်းမင်း သီရိသုမဟာဓမ္မရာဇာတို့ကို ပြည်သူသတ္တဝါအပေါင်းတို့ အမှုအခင်း တိုင်းရေးပြည်မှုရှိသည်များကို ငြိမ်ဝပ်သာယာအောင် ထရားနှင့်အညီ လွှတ်သို့တက်၍ စီရင်စေ၏။

ယင်းသည့် သက္ကရာဇ် တပို့တွဲလ အာလောင်အဝင် ယင်းတောကျွန်းကို မြက်ဖျားရေဖျားပေးသနားတော်မူသည့် ချစ်စွမရဲဆင်တော်များသည်ကို ဆင်ဝန်-ဆင်ဝန်ထောက်, ဆင်စချီတို့ သိမ်းရ ဝဲယာအစွယ်များကို ဆက်သရ၏။

ယင်းသည့်သက္ကရာဇ် တပေါင်းလအတွင်း အထက် ဥက္ကလာပမြို့တွင် စံတော်မူစဉ် ဒဂုံဆံတော်ရှင်ဘုရားမှာ ဆွဲလှူရန် ဝန်ထောက် အသည်ဝန် မင်းကြီးမဟာစည်သူ, ပန်းတဉ်းဝန်-လက်နက်တိုက်ဝန် မင်းကြီးမဟာမင်းကျော်သခ်ယာတို့ ကြီးကြပ်သွန်းလုပ်စေသည့် ကြေးစင်ချိန်ဝန် ပိဿာနှစ်သောင်းငါးထောင်ကျော်ရှိသော ခေါင်းလောင်းတော် ချောမောပြီးပြေသည်ကို အမိန့်တော်နှင့် "မဟာတိသဒ္ဒဃဏ္ဍာရာဇာ" ကမွည်းတပ်စေပြီး နောက် ဟံသာဝတီမြို့ဝန် အရာရှိတို့က လှူဒါန်းရန်များနှင့် ပွဲသဘင်စုံခံ၍ ဆွဲလှူကြောင်းကို လျှောက်ထားလာ၏။

## ပြည်မင်းသားတော်နှစ်ပါး ရှင်သာမဏေပြုခြင်းစသည်နှင့် ပြည်မင်းထွက်သွား၍ ဖမ်းဆီးခြင်း

ယင်းသည့် တပေါင်းလပြည့်ကျော်ခုနစ်ရက်နေ့ သားတော် ပြည်မင်း သီရိမဟာသီဟသူရဓမ္မရာဇာ့သား သတိုးမင်းလှ၊ သတိုးမင်းထင်တို့ကို ပြည်မင်းဝင်းတော်အတွင်း နားထွင်းသျှောင်ထုံးမင်္ဂလာ ဆောင်တော်မူ ပြီးလျှင် ရှင်သာမဏေပြုတော်မူ၏။

ထိုသက္ကရာဇ် တပေါင်းလ ထီးရှံနန်းရှံ လက်နက်နိုင်ငံတော် ဂိုလူမျိုး တို့နေရာ ခေမာရဋ္ဌတိုင်း ကျိုင်းတုံမြို့ကို ဇင်းမယ်လူမျိုးတို့ ထိပါးနှောင့် ရှက် မငြိမ်မသက်ရှိသောကြောင့် လက်ဝဲကြောင်း သေနတ်ဗိုလ် မဟာ မင်းလှတန်ဆောင်၊ လက်ယာကြောင်း သေနတ်ဗိုလ် မဟာမင်းခေါင် သူရိန်တို့နှင့် အစုအမှုထမ်းသေနတ်စွဲသူရဲ နှစ်ထောင့်ငါးရာကျော်၊ မြင်း နှစ်ရာကျော် ခန့်ထားပေးအပ်၍ အဝမြို့ဝန် မင်းကြီး မဟာမင်းလှမင်း ခေါင်ကျော်ကို ဗိုလ်ချုပ်ခန့်ထားပြီးလျှင် မိုးနဲကြောင်းချီတက်စေ၏။

တောင်ပိုင်မြို့ကို ဘွားစားကြီးစိုးသူ တောင်ပိုင်စော်ဘွား မငြိမ်မဝပ် ရှိသည်ကိုလည်း တောင်ကန်သေနတ်ဗိုလ် နေမျိုးမင်းလှရဲထင်ကို တောင် ကန်သေနတ်အမှုထမ်းတရာ၊ သူရဲအမှုထမ်းသုံးရာ၊ လင်းဇင်းအမှုထမ်း တ ရာ၊ လက်ကောင်း သေနတ်အမှုထမ်းငါးဆယ်၊ မိုးမြိတ်၊မိုင်းလုံ၊သီပေါ၊ သုံးဆယ်၊ မိုးကုတ်ကျတ်ပြင်မြို့ကျေးရွာများက အမှုထမ်း လူနှစ်ထောင့် သုံးရာ့ ငါးဆယ်၊ စုစုအမှုထမ်းလူ နှစ်ထောင့် ကိုးရာကျော် ပေးအပ်၍ တောင်ပိုင်မြို့သို့ ယင်းသည့်တပေါင်းလပြည့်ကျော် ဆယ်ရက်နေ့ခန့်ထား ချီတက်တိုက်ခိုက်စေ၏။

ထိုသက္ကရာဇ် တန်းခူးလအတွင်း အမိန့်တော်နှင့် ယောသားလူမျိုးတို့ ကို သိမ်းခေါ်စေရာ မင်းတုန်းမြို့ဝန်ငရွှေတုတ် အသိမ်းအခေါ်စေလွှတ် သူတို့ကို နှောင့်ရှက် တားဆီး ချည်နှောင် ချုပ်ထားပြီးလျှင် ကြေးငွေ လက်နက်များကို သိမ်းယူသောကြောင့် သိမ်းယူသည့် လက်သည်တို့ကို တောင်းရာ မပေးမအပ်နိုင် ဖြစ်၍ မင်းတုန်းဝန် ငရွှေတုတ်ကို အပြစ် အလျောက် ရာဇဝတ်စီရင်သည်တွင် ဦးရိုးပန့်ကျိုတိုက်ဝန် မင်းကြီးမဟာ သီဟသူရ၊ သားတလုပ်မြို့ဝန် သေနတ်ဗိုလ် မင်းလှသီဟသူ၊ ညီမင်းလှ ဇေယသူတို့ ယင်းသည့် တန်းခူးလဆန်း ကိုးရက်နေ့ ညဥ့် တိတ်တဆိတ်

ထွက်သွားပြီးလျှင် ကျေးဇူးသစ္စာတော်ကိုမထောက် ဗန်ကျီတိုက် စီရင်စုနယ်အတွင်းရှိ အမှုထမ်းလူတို့ကို အပြင်းအပြ ကွပ်ညှပ်သိမ်းရုံးစည်းကြပ်၍ အမှုထမ်း လူ ခုနစ်ထောင်ကျော်နှင့် ဆားလင်းကြီးမြို့ကတစ်တည်လုပ်ခုခံနေပြီးလျှင် ပုခန်းကြီးမြို့ အမြင့်မြို့များကိုတိုက်ခိုက်သိမ်းယူလာကြောင်းများကို ကြားသိတော်မူ၍ ယင်းသည့်တန်းခူးလဆန်းဆယ်ရက်နေ့ လက်ဝဲဝင်းတော်မှူး မင်းကြီးမဟာကျော်ခေါင်, ရွှေပြည့်မှန်ကင်း သေနတ်ဗိုလ်မဟာမင်းခေါင်ရာဇာတို့ကို အလုံမြို့စီရင်စုနယ်တွင်းရှိ အမှုထမ်း လက်နက် လူသူတို့ကို သိမ်းရုံးစည်းကြပ်တိုက်ခိုက်ဖမ်းဆီးရမည်၊ ပုခန်းကြီးမြို့, တလုပ်မြို့, အမြင့်မြို့, အလ္လကပ္ပမြို့များသို့လည်း ပုခန်းကြီးမြို့ ဗိုလ် ရွှေတုံးပွဲနင်းမင်းငယ်ရာဇာသူ, အမြင့်မြို့-အလ္လကပ္ပမြို့ဝန်-ပြည်မင်းဝန်တို့ကို လက်နက်လူသူ သိမ်းရုံးစည်းကြပ်တိုက်ခိုက်ဖမ်းဆီးရမည် ခန့်ထားချီတက်ရ၏။

ယင်းသည့် တန်းခူးလဆန်း တဆဲ့ငါးရက်နေ့ ဗန်ကျီတိုက်ကြောင်းချုပ်အုပ် ချီတက်တိုက်ခိုက်စေရန် ဗိုလ်ချုပ် ရွှေဝင်းတော်မှူး မင်းကြီးမဟာမင်းခေါင်ရာဇာတပ်, ယင်းသည့် တန်းခူးလပြည့်ကျော် နှစ်ရက်နေ့ ဗန်ကျီတိုက်ကြောင်းချီ တောင်တွင်းကြီးမြို့ဝန် မင်းကြီးမဟာမင်းလှမင်းခေါင်ထင်တို့ တပ်လည်း အခါတော်နှင့် ချီထွက်၍ ဗန်ကျီ တိုက် ဝန်ဟောင်း ငထောင်ပို သားအဘသုံးယောက်တို့ရှိနေရာ ဆားလင်းကြီးမြို့သို့ တန်းခူးလပြည့်ကျော် လေးရက်နေ့ ဗိုလ်ချုပ်ရွှေ ဝင်းတော်မှူး မင်းကြီးမဟာ မင်းခေါင်ရာဇာတပ်, တောင်တွင်းကြီးမြို့ဝန်နှင့် တောင်တွင်းကြီးတပ်, အမြင့်အလ္လကပ္ပနှစ်မြို့ဝန် ပြည်မင်းဝန် မင်းလှမင်းထင်နော်ရထာတို့တပ် မြစ်သို့ကူး၍ တိုက်ခိုက်ကြရာ မနည်းကြာ တိုက်ခိုက်မိကြလျှင်သင်းတို့တပ် မရပ်မခံနိုင် ဆုတ်ခွာပျက်ပြား၍ ယင်းသည့်နေ့ည ဆားလင်းကြီးမြို့ အနောက်တောင် ကန္နီမြို့စီရင်စုကျေးရွာများသို့ ထွက်ပြေးကြသည်များကို ဗိုလ်ချုပ် ရွှေဝင်းတော်မှူး မင်းကြီးမဟာမင်းခေါင်ရာဇာက ရွှေဘဝါးတော်အောက်သို့ လူစေလွှတ်လျှောက်ထားလာ၏။

နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီသဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၀၆) တထောင့်နှစ်ရာ့ခြောက်ခု ကဆုန်လပြည့်ကျော်ခြောက်ရက် သောကြာနေ့ နေနှစ်ချက်တီးကျော် ခြောက်နာရီ သုံးပါဒချိန်တွင် သကြြန်ကျသည်၊ ၎င်းလပြည့်ကျော် ရှစ်

ရက် တနင်္ဂနွေနေ့ ညဦး လေးချက်တီးကျော် သုံးနာရီအချိန်တွင် အတာနှစ်သစ် သက္ကရာဇ် (၁၂၀၇) တဆောင့် နှစ်ရောက် ခုနစ်ခုသို့ တက်သည်။

## ၁၂၀၇-ခု

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း အထက် ဗန္ဓုကျိတိုက်ကြောင်းချီ ဗိုလ်ချုပ်ရွှေဝင်းတော်မှူးတို့က တင်လျှောက်ချက် ကို ကြားတော်မူလျှင် အမိန့်တော် ရှိသည်ကား…ငထောင်ပိုင်ယ်သား အဘတို့ ထွက်ပြေးရာ တပ်တာအများ ခန့်ထား ချီတက်လောက်တော့ သည်မဟုတ် သင်းတို့ရှိနေရာ ကန္နီမြို့နယ်တွင်း ကျေးရွာများသို့ ကန္နီမြို့၊ ယောမြို့၊ ထီးလင်းမြို့များက အမှုထမ်း လူနှစ်ရာတန်သည် သုံးရာတန်သည် သင့်ရာအကြီးအအုပ်ခန့်ထားဖမ်းဆီးစေ၍ ဗိုလ်ချုပ် ရွှေဝင်းမှူး မင်းကြီး မဟာမင်းခေါင်ရာဇာ၊ တောင်တွင်းကြီးမြို့ဝန် မင်းကြီးမဟာမင်းလှမင်း ခေါင်တို့နှင့် ပါသည့် ဗိုလ်ရဲမက်တို့ ရွှေဘဝါးတော်အောက်သို့ ပြန်လာ ရမည် အမိန့်တော်နှင့် သက္ကရာဇ် (၁၂၀၇) တဆောင့် နှစ်ရောက် ခုနစ်ခု နယုန်လဆန်း တဆဲ့လေးရက်နေ့ပြန်လာရာ ဗိုလ်ချုပ်ရွှေဝင်းတော်မှူးနှင့် တောင်တွင်းကြီးမြို့ဝန်တို့ကို အဘိုးငွေ ခွက်တဆယ်တန် ကျောက်နီတင် လက်စွပ်တစ်စီ၊ အဘိုးခုနစ်ပိဿာတန် ကြောင်တင်လက်စွပ်တစ်စီ ဆုပေး တော်မူ၏။

ယင်းသည့် သက္ကရာဇ် နယုန်လ အတွင်း ဗန္ဓုကျိ တိုက်ဝန်ဟောင်း ငထောင်ပိုင်ယ်လည်း အပေါင်းအသင်းလူတဆယ်ကျော်နှင့် ဗန္ဓုကျိတိုက် စီရင်စု ဖျားပုံတောင်သို့ ဝင်နေသည့်အတွင်း ကျေးဇူးသစ္စာတော်ကို ဖောက်ပြန်ချေသောကြောင့် သစ္စာတော်ရောက်၍ ရွှေဘုန်းတော်အား နောက်ပါ အပေါင်းအသင်း လူတဆယ်ကျော်သားတို့ ဗန္ဓုကျိတိုက်ဝန် ဟောင်း ငထောင်ပိုကို ခေါးပွားသတ်သဖြင့် စွဲကိုင်ရင်း ကျောက်စီရွှေ ဓားနှင့် အဆောင်ဆောင်း အထည်ရွှေများကို တောင်တွင်းကြီးမြို့ဝန်သို့ပေး အပ်လာရာ တောင်တွင်းကြီးမြို့ဝန်က လျှောက်ထားဆက်သရ၏။

ယင်းသည့်လအတွင်း ငထောင်ပိုင်ယ်နှင့် ပေါင်းသင်းပုန်ကန် ဆိုး သွမ်းတိုက်ခိုက်ရာပါ ဖမ်းဆီးရမိသူ ယောကျ်ားမိန်းမ လူပေါင်းနှစ်ရာ ကျော်အနက် ရွှေဝင်းတော်မှူးနှင့် တောင်တွင်းကြီး မြို့ဝန်တို့ ရွေးချယ်

လျှောက်ထား၍သည့် စီရင်သင့်သူ ငထောင်ပိုင်ယ် သား-ငကသည်း,ငရွှေ သား, ငဆိုး, ငထိုက်, သားငယ် ငရွှေအိုတို့နှင့် ဗိုလ်တပ်မှူးအကြီးပြုလုပ် ပုန်ကန်ဆိုးသွမ်းတိုက်ခိုက်သူ လူပေါင်း လေးဆယ်ကျော်တို့ကို ကွပ်မျက် တော်မူ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ယင်းသည့် သက္ကရာဇ်အတွင်း သားတော်ပြည်မင်း သိရိမဟာသီဟသူရဓမ္မရာဇာနှင့် ယင်းတောဝန်ကြီး,ဆင်ဝန်, ညောင်ပင်ကြီးဗိုလ်,အဝမြို့ဝန် စစ်ကိုင်းဗိုလ်, ဗိုလ်နတ်ကျော်, ဆောအတွင်းဝန်ဟောင်း ငရစ်, သံတော်ဆင့် လက်ဝဲ တို့ မပြတ် နှီးနှောတိုင်ပင် တစိတ်တဝမ်းတည်း ဖြစ်ကြသည်များကို သိ တော်မူ၍ သားတော်ပြည်မင်းကို စိတ်တော်နှောင့်နှေးကြောင့်ကြ မကင်း ရှိတော်မူသည်နှင့် ယင်းသည့်နှစ် ပဌမဝါဆိုလအတွင်း ဆောအတွင်းဝန် ဟောင်း ငရစ်, သံတော်ဆင့် လက်ဝဲတို့ သားမယားတစုတို့ကို ကွပ်မျက် တော်မူ၏။

ဝါခေါင်လပြည့်ကျော်ခြောက်ရက်နေ့ ရေနံချောင်းမြို့စား ယင်းတော ဝန်ကြီးကို ရွှေနန်းတော်သို့ ခေါ်တော်မူပြီးလျှင် ပြည်မင်းနှင့်တိုင်ပင်ကြံ စည်ရာ ပါမပါအကြောင်းများကို မေးတော်မူရာ ပါကြောင်းကို ဖြောင့် မှန်သိတော်မူသည်ဖြစ်၍ စံနန်းတော်ဦး မြောက်လှေကားအဆင်းတွင် ကိုယ်တော်တိုင် လက်သုံးတော်လှံဖြင့်ထိုးပြီးလျှင် စံနန်းတော်ပြင်သို့ ယူ သွားစေရာ လက်ဝဲဝင်းတံခါးပြင်သို့ ရောက်လျှင် သေလေ၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း သားတော် ပြည်မင်း ဝင်းအနေ့ံ ပေါက် မြစ်ဆိပ်တွင် လှေတော်စင်းရေ တဆယ်, အမှုထမ်းလူလေးရာနှင့် ရွှေတောင်မြို့ဝန်၊ ဝင်းအရှေ့မျက်နှာ တောင်မျက်နှာများတွင် အမှုထမ်း လူငါးရာနှင့် မြောက်ဒဝယ်ဗိုလ် တောင်တွင်းကြီးမြို့ဝန်မင်းကြီးမဟာမင်း လှခေါင်ထင်၊ တောင်မာရဘင် သေနတ်ဗိုလ် မင်းကြီးမဟာမင်းခေါင် နော်ရထာ တို့ကို အစောင့်အနေ ထား၍ ခေါ်တော်မူရာ သားတော် ပြည်မင်းရွှေစက်တော်ရင်းသို့မလိုက်မလာဝံ့သည်နှင့် သက္ကရာဇ်(၁၂၀၇) တထောင့်နှစ်ရာ့ခုနစ်ခု ဝါခေါင်လပြည့်ကျော် ခြောက်ရက်နေ့ မယား, သားသမီး, အိမ်တော်ရှိ ဝန်အရာရှိ, ကိုယ်ရံကျေးကျွန် လက်စွဲအသင်း အပင်းဘို့နှင့် အိမ်တော် အရှေ့မြောက် ဝင်းတော်ထရံကို ဆင်နှင့်တိုက် ဖောက်ပြီးလျှင် အိမ်တော်အတွင်းဝန်, အမြင့်-အလ္လကပ္ပနှစ်မြို့ဝန်,လက်စွဲ

ခေါင်း မင်းလှမင်းထင်နော်ရထာကို နောက်တစ်ခံပြု၍ ရွှေနန်းတော်က လာရောက်ဝန်းဝိုင်းသည့် ဗိုလ်ရဲမက်အမှုထမ်းတို့ကို တားဆီး ခုခံပြီးမှ ညဉ့်တချက်တီးကျော်အချိန် ချက်တဖြုတ် မတ္တရာလမ်း မိုင်းလုံမြို့သို့ ထွက်သွားသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း သားတော် ပြည်မင်းထွက်သွားကြောင်းကို သိတော်မူလျှင် အဝမြို့ဝန်, ညောင်ပင်ကြီးဗိုလ်, စစ်ကိုင်းဗိုလ်, ဗိုလ်နတ်ကျော်, ဆင်ဝန်ကလေးတို့လည်း ကျေးဇူးသစ္စာတော်ကို မစောင့် မဖြောင့်ကျင့်ကြံသူများဖြစ်ကြသည်၊ ရွှေသို့ကိုလည်း အဖြောင့်အမှန် စေသုံးရမည့်သူများ မဟုတ်ဖြစ်သည် အမိန့်တော်ရှိပြီးလျှင် ကွပ်မျက်တော်မူ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း သားတော် ပြည်မင်း ထွက်သွားရာ စီးတော်မြင်းဝန် တောင်မာရဘင် သေနတ်ဗိုလ် လေး ဗိုလ်ကို အမှုထမ်းလူသုံးရာပေးအပ်၍ လိုက်လံ ဖမ်းဆီးစေသည်၊ နောက်ကိုလည်း မြောက်ဒဝယ်ဗိုလ် တောင်တွင်းကြီးမြို့ဝန်သို့ အမှုထမ်း လူသုံးရာကျော်ပေးအပ်ပြီးလျှင် ထပ်ဖြည့်ချီတက် လိုက်လံဖမ်းဆီးစေ၏။ နောက် ရွှေဝင်းတော်မှူး မင်းကြီးမဟာမင်းခေါင်ရာဇာသို့ အမှုထမ်းလူ သုံးရာကျော် ပေးအပ်ပြီးလျှင် ထပ်ဖြည့်ချီတက်စေ၏။ နောက်ကိုလည်း သားတော်ပုဂံမင်းကို အလုံးအရင်းပေးအပ်၍ အချုပ်ခန့်ထားတော်မူပြီးလျှင် မတ္တရာကြောင်း ထပ်ဖြည့်ချီတက်စေ၍ မတ္တရာမြို့က ရပ်နေရ၏၊ သားတော် ပန်းထိမ်းမင်းသား, သားတော် မင်းတစ်မင်းသားတို့လည်း သားတော်ပုဂံမင်းတစ်မှာ အမှုထမ်းကျေးကျွန်တို့နှင့် လိုက်ထမ်းရ၏။

ထိုအခါ ရွှေဘဝါးတော်အောက်က ခန့်ထားချီတက်စေသည့် တစ်ပေါင်းသုံးတစ်သားတို့လည်း မိုင်းလုံမြို့ရောက် သုံးကြောင်းသုံးသွယ်ခွဲ၍ ချီတက်လိုက်လံရှာဖွေကြရာ တောလမ်းခရီးတွင် စီးတော်မြင်းဝန်လေး ဗိုလ်တစ်က ဖမ်းဆီးရမိသည့်အကြောင်းကို မြေနုပဲ့နင်း ဇလကျော်ထင်ကို သားတော်ပုဂံမင်းရှိရာ မတ္တရာတစ်သို့ စေလွှတ်လျှောက်ထားရ၏၊ သားတော်ပုဂံမင်းလည်း လေးဗိုလ်တစ်က လာရင်းလူနှင့်တကွ ပြည်စားကို ဖမ်းဆီးရမိကြောင်းများကို ရွှေဘဝါးတော်အောက်သို့ လျှောက်ထား လာ၏။

ပြည်စား ထွက်သွားရာ လိုက်လံဖမ်းဆီးစေမည် ခန့်ထားစေလွှတ်သည့် တောင်တွင်းကြီးမြို့ဝန် မင်းကြီးမဟာမင်းလှမင်းခေါင်ထင်လည်း အရေးဖြစ်ပြယ်ရှိလျက် ပြည်စားကို ရမိအောင် လိုက်လံဖမ်းဆီးမည်မကြံမစည် တပ်စခန်း ဖင့်နွှဲ၍ အကြံအစည် ဖွေ့လည် ဆန်းပြားရှိကြောင်းကို သိတော်မူသည်နှင့် အမျက်တော်ရှိ၍ ရွှေစက်တော်ရင်းက ပန်းတဉ်းဝန် ရွှေလှံ့ဗိုလ် မင်းကြီးမဟာမင်းကျော်သင်္ခယာ, လက်စွဲကြီး ကရင်အုပ်ငပု တို့ကို တွေ့မိရာအရပ်တွင် အဆုံးစီရင်ရမည် အမိန့်တော်နှင့် တွေ့မိရာ လမ်းခရီးတွင် ပေးအပ်တော်မူရင်း ကျောက်စီဓားကိုသိမ်း၍ အဆုံးစီရင်ရ၏၊ အထက်ခန့်ထားချီတက်စေသည့် တပ်များကိုလည်း အရေးပြီးပြေရှိသည်နှင့် သားတော် ပုဂံမင်းကသိမ်းရုံးပြီးလျှင် ယင်းသည့်တော်သလင်းလဆန်းရှစ်ရက်နေ့ ပြည်စားနှင့်တကွ ဆောင်ယူ ပြန်ရောက်သည်တွင် ပြည်စားကို သားတော် ပုဂံမင်းသို့ အပ်၍ အစောင့်အနေနှင့် ထားရ၏။

**ဒေးဝန်းတိုက် စံနန်းတော်က အမရပူရမြို့သို့ ဝင်တော်မူခြင်း**
**ပြည်မင်းနှင့် သားလေးယောက်, အနောက်မိဖုရားတို့ကို**
**စီရင်ခြင်းမှ နတ်ရွာစံသည်ထိ အကြောင်းအရာများ**

ယင်းသည့်သက္ကရာဇ် တော်သလင်းလအတွင်း ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော် ကျန်းခန့်တော်မမူသည်ကို မိဖုရားခေါင်ကြီး မင်းမိဖုရား သားတော်ပုဂံမင်း ညီတော် မင်းတုန်းမင်းတို့နှင့် မင်းညီမင်းသား မှူးတော်မတ်တော်တို့က ယခု ဒေးဝန်းကိုက် စံနန်းတော်တွင် ဥတုဒေသစသည် မညီညွတ်ဖြစ်သဖြင့် အခိုက်အတုံ့ ယာယီ စံနန်းတော်ဖြစ်သည် တကြောင်း၊ ပြည်သူသတ္တဝါ အပေါင်းတို့လည်း လုပ်စားကိုင်စားမှစ၍ စိတ်နှလုံးမချ ပြင်လွင်ကျသည်တကြောင်းဖြစ်ပါ၍ နေပြည်တော် အမရပူရရွှေမြို့တော်သို့ ဝင်တော်မူ၍ သင့်လျော်သည့် ဆေးဝါး စသည်များကို ညှိနှိုင်းတိုင်ပင်ဆက်သရမှ ကိုယ်တော် ကျန်းခန့်သာယာတော်မူသဖြင့် တိုင်းနေပြည်သူ ရှင်လူသတ္တဝါ အပေါင်းတို့ အကျိုးစီးပွား များပြား ဖြစ်ထွန်းရန်ရှိကြောင်းများနှင့် တညီတညွတ် လျှောက်ထားကြသည့်ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရား သဘောကြိုက်ညီတော်မူ၍ သက္ကရာဇ် (၁၂၀၇) တခုထောင့်နှစ်ရာ့ခုနစ်ခု တော်သလင်းလဆန်း တဆဲ့ငါးရက်နေ့ မင်းမိဖုရား မင်းညီ

မင်းသား မှူးတော်မတ်တော် ဗိုလ်ရဲမက် အပေါင်းတို့ဖြင့် ခြံရံတော်မူလျက် မိဖုရားခေါင်ကြီးနှင့်အတူ လှေတော်တွင် ရွှေစက် တင်တော်မူပြီးလျှင် ရေကြောင်း နေပြည်တော် အမရပူရမြို့သို့ ဝင်တော်မူ၏။

ယင်းသည့်နှစ် သီတင်းကျွတ်လ အထက် မင်းတဲဒေးဝန်းတိုက် စံနန်းတော်တွင် စံနေတော်မူသည့်အတွင်း သားတော်ပြည်စား ပုန်ကန်ထွက်သွားရာ လိုက်လံဖမ်းဆီးစေပြီးလျှင် သားတော်ပုဂံမင်းထံ အပ်ထားတော်မူသည်ကို ယုံယုံကြည်ကြည် ရှိတော်မမူသည့်အတွင်း သားတော်ပုဂံမင်းက စစ်မေးထွက်ဆိုချက်များကို ဘဝရှင်မင်းတရားကြီးသို့ လျှောက်ထားဆက်သွင်းသည့်တွင် ပြည်စားနှင့် နှလုံးစိတ်ဝမ်းမကွဲမပြား တရောတယှက်တည်း ပါဝင်သူ အနောက်နန်းမိဖုရား၊ ၎င်းဆွေမျိုးတို့ကို ရွေးချယ်တော်မူပြီးလျှင် ပြည်စားသားငယ် လေးယောက်တို့နှင့် အနောက်နန်းမိဖုရား၊ ၎င်းဆွေမျိုးတို့ကို ထုံးစံနှင့်အညီ စီရင်တော်မူ၏။

အိမ်ရှေ့ဝင်းတော်ရာတွင် ဝန်ထောက်သုံးဆယ်ကင်းစားမင်းကြီးမင်းလှ မဟာသီဟသူ၊ သစ်တောဝန် နေမျိုး သူရနော်ရထာ၊ အသုံးစာရေးတို့ အိမ်ရှေ့ အိမ်တော် ကြီးကြပ်ဆောက်လုပ်ပြီးမြေ ရှိသည်ကိုလည်း အမိန့်တော်နှင့် သားတော် ပုဂံမင်း သီရိ သုဓမ္မ မဟာ ဓမ္မ ရာဇာ သက္ကရာဇ် (၁၂၀၇)တထောင့်နှစ်ရာ့ခုနစ်ခု တန်ဆောင်မုန်းလဆန်းငါးရက် အင်္ဂါနေ့ အိမ်ရှေ့အိမ်တော်သို့ ပြောင်းရွှေ့စံတော်မူ၏၊ ညီတော်မင်းတုန်းမင်း သီရိသုမဟာဓမ္မရာဇာကိုဝန်ကြီးအတွင်းဝန်တို့နှင့် တိုင်းရေးပြည်မှုရှိသည်များကို တိုင်ပင်ဆွေးနွေးကြည့်ရှုစီရင်စေပြီးလျှင် ခမည်းတော်မင်းတရားကြီးဘုရား ကျန်းခန့်တော် မမူသည်ကို မယ်တော် မိဖုရားခေါင်ကြီးဘုရားမှာ လျှောက်ထား၍ သင့်လျော်သည့် ဆေးဝါးများကို ဆက်သထမ်းရွက်ကြရ၏။

ထိုသက္ကရာဇ် နတ်တော်လ အတွင်း မင်္ဂလာအိမ်တော်တွင် သွန်သင်ပြသ သြဝါဒ အဆုံးအမကို ခံယူကိုးကွယ်တော်မူရင်း သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ-ဟူသော ပိဋကတ်သုံးပုံတို့ကို အထူးသဖြင့် တတ်ကျွမ်းသိမြင်တော်မူသောဇေးကရာဆရာတော်ဘုရားကြီးကိုလည်း နိုင်ငံတော်အတွင်း ရဟန်းသံဃာတော်တို့တွင် ဝိနည်း ဓမ္မကံတရားနှင့်အညီ စီရင်ဆုံးမရန် ရှိသည်များကို ဆုံးမစီရင်စိမ့်မည်–သာသနာဗိုလ်ရာဇာဓိပတိအဖြစ်ဖြင့် သာသနာပြု အပ်တော်မူ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှ စ၍ တဆွဲနှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကို လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူသည်။

* သက္ကရာဇ်(၁၂၀၇)တထောင့်နှစ်ရာ့ခုနစ်ခု တန်းခူးလဆန်းတဆဲ့ငါးရက် စနေနေ့ ညနေလေးချက်တီးကျော် ခုနစ်နာရီ တပါဒ်အချိန် သင်္ကြန်ကျသည်၊ ၎င်းလပြည့်ကျော် သုံးရက် အင်္ဂါနေ့သို့အဝင် ည၌ နှစ်ချက်တီးကျော် နှစ်နာရီ ပါဒ်ပြည့်အချိန် အတာနှစ်သစ် သက္ကရာဇ်(၁၂၀၈) တထောင့်နှစ်ရာ့ရှစ်ခုသို့တက်သည်။

## ၁၂၀၈–ခု

သက္ကရာဇ် (၁၂၀၈) တထောင့် နှစ်ရာ့ ရှစ်ခု ဝါဆိုလဆန်း တဆဲ့တရက်နေ့ တောင်ဆောင်တော် ကျောက်မော်မြို့ မြန်အောင်မြို့စားမိဖုရား သီရိသုစန္ဒာမလ္လာမဟေ-ကံတော်ကုန်သည်ကို အခမ်းအနားနှင့် ကောင်းမွန်စွာ သင်္ဂြိုဟ်တော်မူ၏။

ထိုသက္ကရာဇ် သီတင်းကျွတ်လပြည့်ကျော် ဆယ်ရက်နေ့ ရတနာပူရ စတုတ္ထမြို့ဘည်နန်းတည် နောင်တော်မင်းတရား နတ်ရွာစံတော်မူသည်ကို ရှေးစကြာမန္ဓာတ်မင်းတို့ကို သင်္ဂြိုဟ်သည့်နည်း အခမ်းအနားကြီးကျယ်စွာ စံနေတော်မူသည့် ဝင်းတော်အတွင်းကောင်းမွန်အောင်သင်္ဂြိုဟ်တော်မူပြီး လျှင် အရိုးတော်ကို ကျွန်တော်ရင်း ဆင်မင်းဝန် မဟာ မင်းလှမင်းကျော်ကို ကောက်ယူစေပြီးနောက် ရွှေသားကွမ်းခွက်တော်တွင် ထည့်၍ ရွှေလှော်ကားနှင့် တင်ဆောင် ရေသို့ချရ၏၊ နောင်တော်မင်းတရား နတ်ရွာစံတော်မူလိုသော် သောကြာကြယ်လကိုချင်းနင်းသွားသည်၊ သောကြာနေ့ကစ၍ တနင်္ဂနွေနေ့တိုင် သုံးရက် လအိမ်ဖွဲ့သည်၊ မြေကြီးလျှော်လှုပ်သည်။

ထိုသက္ကရာဇ်အတွင်း ဆဒ္ဒန်ဆင်မင့်းသခင်ဘဝရှင်မင်းတရားကြီးဘုရား လေဝေဒနာ စွဲကပ်တော်မူသဖြင့် လ ရက် ရှည်ကြာ ကျန်းခန့်တော် မမူသည်ကို ဆေးဝါးကုမဆက်သသော်လည်း ဝေဒနာမှ လွတ်မြောက်တော်မမူ၊ ယင်းသည့်သက္ကရာဇ် တန်ဆောင်မုန်းလပြည့်ကျော်တဆဲ့လေးရက်နေ့ ည၌နှစ်ချက်တီးကျော်တမောင်းခန့်အချိန် လူ့ပြည်ပြီး၍ နတ်ပြည်စံတော်မူလျှင် သားတော် အရိမဒ္ဒနာပုဂံရာမပြည်ကြီးအသျှင် သီရိသုဓမ္မမဟာဓမ္မရာဇာမင်းတရား ခမည်းတော် မင်းဘုရားကြီး အရိုက်အရာတော်ဖြစ်

သော အမရပူရ ရွှေပြည်တော်ကြီးနှင့် တကွ တိုင်းခရိုင် နိုင်ငံအလုံးကို သိမ်းအုပ်စိုးစံတော်မူ၏။

ထိုအခါ ခမည်းတော် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရား အလောင်းတော်ကို မီးပူဇော်သဂြိုဟ်ရန် အခမ်းအနား ရှိသည် များကို လက္ခဏ လက္ခယ် ကြိမ်ကြိုက်သည်နှင့် လောကီ လောကုတ္တရာ ကျမ်းဂန်ထုံးစံအထွက်အရှိ အကျိုးအပြစ် စသည်များကို သာသနာပြု ဗားကရာဆရာတော် မောင်းထောင်ဆရာတော်တို့ကိုပင့်၍ လျှောက်ထား မေးမြန်းရာ ဇမ္ဗူဒီပ ါကျွန်းအလုံးကိုအစိုးရသော ဗလစကြဝတေးမင်းတို့ နတ်ပြည် စံတော်မူလျှင် လ-ရက် အရှည်အကြာထား၍ သဂြိုဟ်သင့် ကြောင်းကို ကျမ်းဂန်ထွက် ရှိသည်နှင့် အညီ ကေရာဇ် မင်းမြတ်မှာ လည်း မင်းသာမန်တို့နှင့် မတူ ဦးထိပ်၌ သွန်း၍ ခံယူအပ်သော မုဒ္ဒါ ဘိသေက ဘိသိက် ရှိသည်ဖြစ်၍ နေ့ ရက် အရှည် ထားသဖြင့် ရွှေ နန်းတော်ထက် ပြည်သူ ပြည်သားတို့ ဝင်ထွက်ဖူးမြော် ပူဇော်စေပြီးမှ လုပ်ဆောင်သဂြိုဟ်တော်မူလျှင် အထူးသဖြင့် သင့်မြတ်ကြောင်းများနှင့် မိန့်ဆိုတော်မူကြသည့်အတိုင်း ခမည်းတော် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား အလောင်းတော်ကို ရွှေနန်းတော် ဝင်းတော်လေး မျက်နှာတံခါးများကို ဖွင့်လှစ်ပြီးလျှင် အတားအဆီးမရှိစေရ နိုင်ငံတော် အတွင်း ပြည်သူပြည်သားအပေါင်းတို့ ဝင်ထွက်ဖူးမြော် ပူဇော်စေပြီး မှ ရှေးမန္ဓာတ်စကြာမင်းတို့ကို သဂြိုဟ်သကဲ့သို့ အခမ်းအနား ကြီးကျယ် စွာ စီရင်တော်မူပြီးလျှင် မင်းညီမင်းသား မင်းမိဖုရား ဆွေတော် မျိုး တော် မှူးတော်မတ်တော်အပေါင်း ခြံရံတော်မူ၍ ယင်းသည့်သက္ကရာဇ် နတ်တော်လဆန်း နှစ်ရက်နေ့ သားတော် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့်အတူ ရတနာရွှေဝေါနှင့်ထွက် တော်မူ၍ ရွှေနန်းတော်အတွင်း လွှတ်တော်အရှေ့မြောက် ပဟိုရ်စင် အနီး မီးပူဇော်သဂြိုဟ်တော်မူပြီးလျှင် အရိုးတော်ကို သတိုးမင်းရဲရာဇာ ကောက်စေ၍ ရွှေကွမ်းအုပ်တွင်ထည့်ပြီးလျှင် တပ်ဝင်း အခင်းအကျင်း နှင့် မယ်တော်ဘုရားကို သနားတော်မူရင်း ထမ်းစင်တော်တွင် တင် ဆောင် ထီးဖြူအုပ်မိုး ဆောင်ယူစေ၍ ရွှေလှော်ကားနှင့် တင်ဆောင်ပြီး လျှင် မြစ်လယ်သို့ချရ၏။

သီရိပဝရာဒိတျာ လောကာဓိပတိ ဝိဇယ မဟာဓမ္မ ရာဇာဓိရာဇာ- တံဆိပ်နာမံတော်ရှိသော မင်းတရားကြီးဘုရားကား သက္ကရာဇ် (၁၁၄၈)

တထောင့်တရာ့လေးဆဲ့ရှစ်ခု တပေါင်းလပြည့်ကျော်ဆယ်ရက် ညဉ့် နှစ်ချက်တီးကျော် တဆဲ့တရက် ဗုဒ္ဓဟူးနေ့သို့အဝင် ဟဿတနက္ခတ် မွန်းတည့်၊ ခနုတွင်လက်နှင့်စန်း, ရာဟု၊ မကာရတွင်အင်္ဂါ, သောကြာ,စနေ၊ မိန်တွင် တနင်္ဂနွေ,ဗုဒ္ဓဟူး၊ မိဿတွင် ကြာသပတေး၊ နက္ခတ်စဉ် တဆဲ့ကိုးလုံးသုံးပါဒ် ကိုးဗိဇနာတွင် ဖွားမြင်တော်မူသည်။ နံတော် ဗုဒ္ဓဟူးသားတည်း။

သက်တော် ငါးဆဲ့တနှစ်နှင့်နှစ်လသော် မင်းအဖြစ်သို့ ရောက်တော်မူသည်။ ကိုးနှစ်နှင့်ခြောက်လ မင်းအဖြစ်ဖြင့် စံတော်မူ၍ သက်တော်ခြောက်ဆယ်နှင့် ရှစ်လသော် နတ်ရွာပြောင်းစံတော်မူသည်။

နတ်ရွာ ပြောင်းစံတော်မူလိုသော် ဥတ္တာ အရှေ့အရပ်က အနောက်သို့ပျံကျ၍၊ ဟသ်ာတာရာ ဦးခေါင်း အရောင်မည်းမည်းရှိ၍။ ကြာသပတေးကြယ် အမိုးထွက်၍၊ ကောင်းကင်အလုံး သွေးခဲကဲ့သို့ ခြင်းခြင်းရဲရဲနီ၍။

သီရိပဝရာဒိတျာ လောကာဓိပတိ ဝိဇယ မဟာဓမ္မ ရာဇာဓိရာဇာ-တံဆိပ် နာမံတော်ရှိသော မင်းတရားကြီး ဘုရားသည်ကား ရတနာသုံးပါးတို့၌ ယုံကြည်မြတ်နိုးတော်မူ၏။ ပညာရှိတို့ကို ချစ်ကြည်တော်မူ၏၊ ပညာရှိတို့စကားကို နာယူတော်မူ၏။ တည်ကြည်ရဲရင့်တော်မူ၏၊ တိုင်းနေပြည်သူ ရှင်လူရဟန်းတို့ကို ရွှေရင်တော်၌ဖြစ်သောသားနှင့်အတူ ချစ်ခင်မစတော်မူ၏။ နှလုံးသက်ရှုံး လုပ်ရည်ကြံရည်နှင့် ပြည့်စုံသူ မှူးမတ်တို့၏ အရည်အသွေးကိုလည်း သိတော်မူတတ်၏။ အမှုထမ်း ကျွန်တော်မျိုးအပေါင်းတို့ကိုလည်း အရည်အလျောက် အထိုက်အလိုက် သူကောင်းပြုတော်မူသဖြင့် စုံမက်ချစ်ခင်တော် မူလေ့ရှိ၏။ အလုံးစုံ အဌာရသသိပ္ပဟူသော အတတ်မျိုးတို့ကိုလည်း လေ့လာ တတ်ကျွမ်း သိမြင်တော်မူ၏။ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း စသည်တို့၌လည်း လေ့လေ့ရမ်းရမ်း ရှိတော်မူ၏၊

ပြုစုတော်မူသော ကောင်းမှုတော်ကား.....ရတနာပူရအဝမြို့ လောကသရဘူဘုရား ပျက်စီးယိုယွင်းသည်ကို ထပ်မံပြင်ဆင်သည့် ကုသိုလ်တော်၊ ၎င်းဘုရားရှေ့ သဲအင်းတိုက်တွင် ဆောက်လုပ်သည့် အရုံကျောင်းတော်သိမ်တော်၊ ကျောက်မြောင်းမြို့တွင် စံနန်းတော်ရှေ့ ဘုရားဆယ်ဆူကိုပြင်ဆင်လုပ်ဆောင်သည့် ကုသိုလ်တော်၊ ပုဂံမြို့ ရွှေစည်းခုံဘုရားကို ထီး

ချရားသီးကသည် မြေတိုင်အောင် ရွှေလုံးတော်ပြည့် ကပ်လှူတော်မူသည့် ကုသိုလ်တော်၊ အမရပူရ ပဋ္ဌမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး သွန်းလုပ်တော်မူသည့် ရပ်ပွားတော် စန္ဒာမုနိမြတ်စွာဘုရားနှင့် အသီတိ ရဟန္တာသာမဏေကျော်များကို ရတနာပူရအဝမြို့က ပင့်ဆောင်၍ အမရပူရ မြို့တော်မြောက် ကိန်းဝပ်ရင်း စေတီတော်အတွင်း ရဟန္တာများကို လည်း အသီးအသီး အုတ်ပြာသာဒ်တွင် ပင့်ဆောင် ကိုးကွယ်တော်မူသည့် ကုသိုလ်တော်၊ ၎င်းဘုရား မဟာရံအတွင်း ဘိုးတော်မင်းတရားကြီး တည်ထားတော်မူသည့် ရွှေဂူဘုရားပျက်စီးယိုယွင်းသည်ကို ပြင်ဆင်တည်လုပ်သည့် ကုသိုလ်တော်။

မုဒ္ဒါဘိသိက် ခံတော်မမူမီ စေတီများမှာ ပျက်စီးယိုယွင်းသည်များကို ပြင်ဆင်လုပ်ဆောင်၍ ရွှေထီးတင်တော်မူသည့် ကုသိုလ်တော်၊ရန်ကုန်မြို့ ဥက္ကလာပသို့ထွက်စံတော်မူရာ ဒဂုံဆံတော်ရှင်ဘုရားကို ထီး ချရားသီးကသည် မြေတိုင်အောင် ရွှေလုံးတော်ပြည့် ကပ်လှူတော်မူသည့် ကုသိုလ်တော်၊ ၎င်းဘုရား အနောက်စောင်းတန်း ဆောက်လုပ်တော်မူသည့် ကုသိုလ်တော်၊ ၎င်းဘုရားမှာ ရွှေဆည်းလည်း ငွေဆည်းလည်း ဆွဲလှူတော်မူသည့် ကုသိုလ်တော်၊ ၎င်းဘုရား အနောက်မြောက် ရမ္မာဂီရိမည်သော တောင်ထိပ်၌ သမုတ်တော်မူသော မာရာရိဇယသိမ်တော်၊ ၎င်းစေတီတော်အတွင်း ကြေးစင်ချိန်ဝန် ၀ိသာ နှစ်သောင်း ငါးထောင်ကျော်ရှိသော မဟာတိသဒ္ဒဃဏ္ဍာရာဇာ ခေါင်းလောင်းတော်၊ သာယာဝတီမြို့ ရေကင်းတိုက် မင်္ဂလာအိမ်တော်ရာတွင် တည်လုပ်တော် မူသည့် လောကဇေယာစေတီတော်၊ ရွှေတချောင်း ဆည်တော် မြောင်းတော် တိမ်ကောပျက်စီးသည်ကို အသစ်ထပ်မံ ဆည်ဖို့လုပ်ဆောင်တော်မူသည့် ကုသိုလ်တော်၊ မြစ်ငယ်ကသည် တောင်သမန်ရောက် တူးဖောက်တော်မူသည့် လက်ခုပ်ပင်ပေါက် မြောင်းတော်၊ ဇောင်းကလော ကန်တော်, အောင်ပင်လယ်ကန်တော်,နန္ဒာကန်တော် ပျက်စီးယိုယွင်းသည်ကို ထပ်မံဆည်ဖို့လုပ်ဆောင်တော်မူသည့် ကုသိုလ်တော်၊ ငွေတော် ထုတ်ပေး၍ တောင်ဘက်ကိုးခရိုင်နယ်တွင်းရှိဆည်တော်မြောင်းတော် ယိုယွင်းပျက်စီးသည်များကို ကောင်းမွန်ခိုင်ခံ့အောင် ထပ်မံဆည်ဖို့ပြင်ဆင်လုပ်ဆောင်တော်မူသည့်ကုသိုလ်တော်၊ မတ္တရာဆည် ရွှေလောင်းမြောင်း တိမ်ကောပျက်စီးယိုယွင်းသည်ကို ထပ်မံပြင်ဆင် ဆည်ဖို့ လုပ်ဆောင်တော်မူသည့် ကုသိုလ်တော်၊ ပုသိမ်မြို့စီရင်စု မိန်းမလှကျွန်းတွင် တည်လုပ်တော်မူသည့်

စေတီတော်၊ မဟာမုနိရုပ်ပွားဘော်ကိန်းဝပ်တော်မူသည့်ဂန္ဓကုဋိနှင့်တကွ ပြာသာဒ်,မဟာရံတံတိုင်း, ရေကန်ပါပျက်စီးယိုယွင်းသည်ကို အသစ်ပြင်ဆင်တည်လုပ်တော်မူသည့်ကုသိုလ်တော်၊ အမရပူရမြို့တော်အရှေ့ မင်းအိုကျောင်းတိုက်မြောက်တံတိုင်းမီတားအရံကျောင်းနှင့်တကွ ကျောင်းတိုက်နှစ်တိုက်တွင် ကျောင်းကြီးနှစ်ရပ်ဆောက်လုပ်ကိုးကွယ်တော်မူသည့်ကုသိုလ်တော်၊ ရွှေမြို့တော်အရှေ့ ဇောင်းကလော ကန်ဦးတွင် အရံစေတီနှင့်တကွ တည်လုပ်ကိုးကွယ်တော်မူသည့် လောကမဏိစူဠာ စေတီတော်၊ မင်းတဲသဉ်ဇာချောင်း အရှေ့ဘက် ကမ်းထိပ်တွင် ခမည်းတော်အိမ်ရှေ့မင်း ကောင်းမှု ချမ်းသာရဘုရား ပျက်စီးယိုယွင်းသည်ကို ထပ်မံပြင်ဆင်တည်လုပ်တော်မူသည့်ကုသိုလ်တော်။

ဤသို့လျှင် အသစ်အသစ်တည်လုပ်ပြုစုတော်မူသော ထာဝရကုသိုလ်တော်ကြီးများနှင့်ရှေးမင်းတို့တည်ထားပြုစုခဲ့သည့်ဘုရားပုထိုး,ဂူကျောင်း, တန်ဆောင်း, ချောင်း-မြောင်း-ဆည်-ကန် ပျက်စီးယိုယွင်းသည်များကို ထပ်မံပြင်ဆင် တည်လုပ်ပြုစုတော်မူသည်ကား များ၏။

သားတော် သမီးတော်တို့ကား....သီရိပဝရ တိလောကမဟာရတနာ ပဒုမာဒေဝီမိဖုရားခေါင်ကြီးတွင် မြင်သည့်သားတော် အမရပူရ စတုတ္ထနန်းစံ ပုဂံမင်း သီရိသုဓမ္မတိလောက ပဝရ မဟာရာဇာဓိရာဇာ-မင်း တရားတပါး၊နှမတော်-ငယ်ကလွန်သည်တပါး၊ ညီမတော်-သီရိပဝရမဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီအမည်တော်ရှိသော ရတနာပုံရွှေမြို့တော်ကြီးကို ရှေးဦးလက်မွန် တည်ထောင်တော်မူသောဆဒ္ဒန်ဆင်မင်းသခင် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးတပါး၊ မောင်တော်-ငယ်ကလွန်သည်တပါး၊ နှမတော်-ငယ်ကလွန်သည်တပါး၊ ညီမတော် ငယ်ကလွန်သည် တပါး၊ မောင်တော်-ငယ်ကလွန်သည်တပါး၊ ပေါင်းခုနစ်ပါး။

သီရိပဘာနန္ဒာဘိ ရတနာဒေဝီ-မြောက်နန်း မိဖုရားတွင် မြင်သည့် သမီးတော်-ငယ်ကလွန်သည်တပါး၊ မောင်တော် မောင်ဘိုး-ငါးနှစ်ရှိမှ လွန်သည်တပါး၊ နှမတော်-ငယ်ကလွန်သည်တပါး၊ မောင်တော်မောင်တုတ်-ငယ်ကလွန်သည် တပါး၊ ပေါင်းလေးပါး။

သီရိမဟာစန္ဒာဘိရတနာဒေဝီ-အလယ်နန်း မိဖုရားတွင်မြင်သည့်သားတော်-သီရိမဟာသီဟသူရ ဓမ္မရာဇာ-အမည်ရှိသော ပြည်မင်းတပါး၊

ညီတော်-သီရိသီဟသူရ မဟာဓမ္မရာဇာအမည်ရှိသော ပုခန်းမင်းတပါး၊ ပေါင်းနှစ်ပါး။

သီရိသုစန္ဒာမင်္ဂလာမဟေ တောင်ဆောင်တော် ကျောက်မော်မြို့စားမိဖုရား တွင် မြင်သည့် သမီးတော်-ငယ်ကလွန်သည့်တပါး၊ ညီမတော်-ငယ်ကလွန်သည့်တပါး၊ မင်းသားစဉ်က မင်းတုန်းမြို့ကို ကံကျွေးခံရသော မောင်တော်-ရတနာပုံရွှေမြို့တော်ကြီးကို ရှေးဦးလက်မှုန် တည်ထောင်တော်မူသော သီရိပဝရ ဝိဇယာနန္တယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ အမည်တော်ရှိသောဆဒ္ဒန်ဆင်မင်းသခင် ပဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရားတပါး၊ညီတော်-သီရိပဝရ မဟာသုဓမ္မရာဇာ အိမ်ရှေ့စံတပါး ပေါင်းလေးပါး။

သီရိမဟာ သုရတနာ စန္ဒာဒေဝီ-အနောက်နန်း မိဖုရားတွင် မြင်သည့် သားတော်ငယ်ကလွန်သည့်တပါး။ နှမတော်-လှိုင်မြို့စား သီရိသုမြတ်စွာ ရတနာဒေဝီ အမည်ရှိသော အိမ်ရှေ့မိဖုရားတပါး။ မောင်တော်-အမြွာ ဖွားရ၍ငယ်ကလွန်သည့် နှစ်ပါး။ ပေါင်း လေးပါး။

မြောက်ဆောင်တော် ကနောင်မြို့စား မိဖုရား သီရိသုနန္ဒာမင်္ဂလာ မဟေတွင် မြင်သည့် သမီးတော်-ပင်းတလဲမြို့စား သီရိမဟာ ရတနာ သုစန္ဒာဒေဝီ-အမည်ရှိသော ရတနာပုံရွှေမြို့တော်ကြီးကို ရှေးဦးလက်မှုန် တည်ထောင်တော်မူသော ဆဒ္ဒန်ဆင်မင်းသခင် ပဌမ သင်္ဂါယနာတင် မင်းတရားကြီးဘုရား အနောက်နန်းတော်မိဖုရား တပါး။ အစ်မတော် ကံတော်ကုန်သည့်နောက် ညီမတော်ကို အနောက်နန်း တင်တော်မူသည့် သီရိမဟာသုစန္ဒာရတနာဒေဝီမိဖုရားတပါး။ ပေါင်း နှစ်ပါး။

ကိုယ်လုပ်တော် မယ်ရွှေသားတွင်မြင်သည့် သမီးတော်-ဟင်္သာမော်မြို့စား သီရိသုစန္ဒာမင်္ဂလာဒေဝီ, ပုခန်းမင်း သီရိသီဟသူရ မဟာဓမ္မရာဇာ နှင့် စုံဘက်သည်တပါး။

မြောက် ရွှေရေးဆောင် မိဖုရား သီရိမင်္ဂလာနန္ဒာမဟေတွင်မြင်သည့် သားတော်-ငယ်ကလွန်သည့်တပါး။

ဘဏ္ဍာစိုး ကျပင်းမြို့စား သီရိသုနန္ဒာ မင်္ဂလာမဟေတွင် မြင်သည့် သားတော် တရုပ်မော်မြို့စား မင်းသားသတိုးမင်းရဲကျော်ခေါင် တပါး၊

နမတော် ရတနာပုံရွှေမြို့တော်ကြီးတည် မင်းတရားကြီးဘုရား မိဖုရား မကွေးမြို့စား တပါး။ ပေါင်း နှစ်ပါး။

ကိုယ်လုပ်တော် မြန်အောင်မြို့စား သီရိသန်ါမဟေတွင်မြင်သည့်သမီး တော်-စောလှမြို့စား သီရိအာသာဝတီတပါး။

ကိုယ်လုပ်တော် ခေါင်တုံးမြို့စား သီရိစိတ္တာမဟေတွင်မြင်သည့် သမီး တော်-ညောင်အုပ်မြို့စား သီရိသာမာဝတီတပါး။ ကိုယ်လုပ်တော် နွယ် တမယ်ရွာစားတွင်မြင်သည့် သမီးတော်-ငယ်ကလွန်သည်တပါး။ မောင် တော်မောင်တုတ်-တဆဲ့ငါးနှစ်ရွယ်မှ လွန်သည် တပါး။ ညီတော်-ငယ် ကလွန်သည်တပါး၊ညီတော်-ငယ်ကလွန်သည် တပါး။ ပေါင်းလေးပါး၊

ကိုယ်လုပ်တော် မယ်ဘားတွင်မြင်သည့်သားတော်-ငယ်ကလွန်သည် တပါး။ ကိုယ်လုပ်တော် ရွှေကြာတွင် မြင်သည့် သမီးတော်-ငယ်ကလွန် သည်တပါး။ ကိုယ်လုပ်တော် မယ်အိပူတွင်မြင်သည့် သားတော် လှိုင်မြို့ စား မင်းသား သီရိမဟာဓမ္မရာဇာတပါး။ ကိုယ်လုပ်တော် မယ်ပိုးတွင် မြင်သည့် သားတော်-ငယ်ကလွန်သည် တပါး။ သားတော် နှစ်ဆယ်, သမီးတော် တဆဲ့ခုနစ်ပါး, ပေါင်း သုံးဆဲ့ခုနစ်ပါးတည်း။ ရွှေနန်းတက် တော်မူမှ သားတော် သမီးတော် ဖွားတော်မမူ။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းများသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း,ပယင်းတွင်းစသော ရတနာတွင်းအပေါင်းတို့၏အရှင်၊ ရတနာပုံ ရွှေပြည်တော်ကြီးကို ရှေးဦးလက်မွန် တည်ထောင် ဘန်ဆင်းတော်မူ သော ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူများရှင်, ပဉ္စမသင်္ဂါယနာတင် အသျှင် ဘဝ ရှင်မင်းတရားကြီးဘုရားလက်ထက်တော် အမိန့်တော်မြတ်နှင့် သက္ကရာဇ်(၁၂၂၉) ထထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု တော်သလင်းလဆန်း ငါးရက်နေ့ကစ၍ အထူးထူး သောရထနာတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာသော မှန်နန်းတော်ရွှေ ဇေတဝန် ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ်ပညာရှိတို့နှင့် နှိုင်းညှိ တိုင်ပင်ပြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ, စာထမ်းစာဟောင်း, မော်ကွန်း, အမိန့်တော်, နေ့စဉ်မှတ်များနှင့်အညီ သက်လက်စီကုံး ရေးသားသည့် ဒုတိယ မဟာရာဇဝင်တော်ကြီး သတ္တမတွဲ ဤတွင်ပြီး၏။

# သားတော် အမရပူရ စတုဌာနန်းစံ
# မင်းတရားကြီး

### သားတော် ပုဂံမင်း နန်းတက်၍ မြို့စား,ရွာစားပေးခြင်း စသော အကြောင်းအရာများ

သီရိပဝရသုဓမ္မမဟာဓမ္မရာဇာ-မည်သော သားတော် ပုဂံမင်းသည် ခမည်းတော်မင်းတရားကြီး အရိုက်အရာဖြစ်သော ရွှေထီးရွှေနန်း တိုင်းကားနိုင်ငံအလုံးကို သိမ်းအုပ်စိုးစံတော်မူ၍ သက္ကရာဇ်(၁၂၀၇)တထောင့်နှစ်ရာ့ခုနစ်ခု တပေါင်းလဆန်း တဆဲ့သုံးရက် စနေနေ့ တရာသောမင်းအပေါင်းတို့ ဆက်သမြဲ ပဏ္ဏာရတနာ ပန်းပေါက်ပေါက်တို့ဖြင့် ရွှေစက်တော်အောက် ဖူးရောက်ကြိမ်ကြိုက်ဆဲဖြစ်သော ကောင်းမြတ်သော မင်္ဂလာအခါတော်၌ မင်းညီမင်းသား မင်းမိဖုရား ဆွေတော်မျိုးတော် ထီးရံနန်းရံ စော်ဘွားမြို့စား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးအပေါင်းတို့၏ အလယ် သိကြားနတ်မင်းအသရေကို ဆောင်တော်မူသဖြင့် ခမည်းတော်မင်းတရားကြီးဘုရား ရေသွန်းလက်ထပ်နှင်းအပ်တော်မူသည့် ဘေးတော်မင်းတရား့သား မကွေ့ရာမင့်းသမီး သီရိသုရတနာ ပဘာဒေဝီကို တောင်မိဖုရားခေါင်ကြီးတင်တော်မူ၍ ခြသေ့်ခံသော ရွှေနန်းဥကင် သီဟာသနရာဇပလ္လင်တော်သို့ မိဖုရားခေါင်ကြီးနှင့်အတူ ထွက်စံတော်မူပြီးလျှင် ထီးဆောင်းမင်္ဂလာ မဟာဥကည် ဖွင့်တော်မူ၍ သီရိသုဓမ္မ တိလောကပဝရမဟာရာဇာဓိရာဇာ-မည်သောဘဝရှင်မင်းတရားကြီးဘုရား တံဆိပ်နာမံတော်ကို မြတပ်ပတ္တမြားအပြည့်စီ ရှစ်ထောင့်ကွမ်းခွက်တွင် တင်၍ အတွင်းဝန် ပေါက်မြိုင်မြို့စား မင်းကြီးမင်းလှကျော်ထင် ဖတ်လျှောက်ပြီးလျှင် ညီတော်မင်းတုန်းမင်း သီရိသုမဟာဓမ္မရာဇာဆက်သရ၏။

သီရိတိလောက မဟာရတနာဒေဝီမည်သော မိဖုရားခေါင်ကြီးဘုရား ရွှေပေနာမံတော်ကိုလည်း မြတပ် ပတ္တမြားအပြည့်စီ ရှစ်ထောင့်ကွမ်းခွက်တွင်တင်၍ အတွင်းဝန် ဇနုံမြို့စား သတိုးမင်းကြီး မဟာမင်းလှနော်ရထာ ဖတ်လျှောက်ပြီးလျှင် ညီတော် ကနောင်မင်းသား သတိုးမင်းရဲကျော်ထင် ဆက်သရ၏။

ထယ်တီမဏ္ဍိုင်-၈

ပြီးလျှင် သက်တော်ရှည်အမတ်ကို မေးမြန်းမေး၍ ဥကင်တော်ဖွင့် စာတမ်းစာရင်းထွက်အတိုင်း ဘုရားခုနစ်ဆူ အလှူတော်များကို တင်လှူပြီး တင်လှူပြီးလျှင် ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း အကြေအညာ မြို့ကျေးရွာများမှာ စော်ဘွား မြို့ဝန် စစ်ကဲ မြို့အုပ် မြို့ထိန်းတို့ထံ ရာဇဝတ်မှု-တရားမှုရှိ၍ အရစ်ရစ် ထောင်တန်း အကျဉ်းခံနေရသည့် လူတို့နှင့် အလှောင်အထားရှိသည့် သားငှက်တိရစ္ဆာန်တို့ကို ထီးဆောင်း မင်္ဂလာမဟာဥကင်တော်ဖွင့်သည့်နေ့ တချိန်တခါတည်း ကုန်စင်အောင် လွှတ်ရမည်–အမိန့်တော်ထုတ်ပြန်တော်မူ၍ ဘေးမဲ့ပေးတော်မူ၏။

ယင်းသည့် ထီးဆောင်းမင်္ဂလာ မဟာဥကင်တော်ဖွင့် အခမ်းအနားတွင် မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် ဝန်စုရ စုရေးစုကိုင်တို့ကို စားကျေးမြို့ရွာ နေရာဌာန ဘွဲ့အမည်အရည် ပေးတော်မူသည်ကား....မင်္ဂလာအိမ်တော်ပေါ် သီပေါမြို့စားကို မြောက်နန်း တင်တော်မူပြီးလျှင် သီရိမဟာရတနာဒေဝီ၊ မင်္ဂလာအိမ်တော်ပေါ် စလင်းမြို့စားကို အလယ်နန်းတင်တော်မူပြီးလျှင် သီရိတိလောက အတုလ ရတနာဒေဝီ၊ ဘိုးတော် အိမ်ရှေ့မင်းသား-မိုးညှင်းမင်းသား သမီး မြဲတောင်မြို့စားကို အနောက်နန်းတင်တော်မူပြီးလျှင် သီရိသုရတနာ မင်္ဂလာဒေဝီ-ဘွဲ့အမည်ပေးတော်မူ၏။

မင်္ဂလာအိမ်တော်ပေါ် တလုပ်မြို့စားကို တောင်ဆောင်ထားတော်မူပြီးလျှင် သီရိရတနာနန္ဒာမဟေ၊ မင်္ဂလာအိမ်တော်ပေါ် ရမည်းသင်းမြို့စားကို မြောက်ဆောင် ထားတော်မူပြီးလျှင် သီရိရတနာစန္ဒာမဟေ၊ မင်္ဂလာအိမ်တော်ပေါ် မိုးကောင်းမြို့စားကို တောင်ရှေ့ရေးဆောင် ထားတော်မူပြီးလျှင် သီရိသုစန္ဒာနန္ဒာမဟေ၊ မင်္ဂလာအိမ်တော်ပေါ် ကျပင်းမြို့စားကို မြောက်ရှေ့ရေးဆောင် ထားတော်မူပြီးလျှင် သီရိသုပဘာ စန္ဒာမဟေ-ဘွဲ့အမည်ကို ပေးတော်မူ၏။

မိုင်းလုံမြို့စားကို သီရိကေသာမလ္လာမဟေ၊ စကုမြို့စားကို သီရိနန္ဒာမလ္လာမဟေ၊ မြန်အောင်မြို့စားကို သီရိသုရတနာမဟေ၊ ကာမမြို့စားကို သီရိသုမြတ်စွာမဟေ၊ ရွှေဂူမြို့စားကို သီရိသုရတနာဝတီ၊ ခဲပေါင်မြို့စားသမီးကို သီရိသုရတနာမင်္ဂလာဝတီ-ဘွဲ့အမည်များကို ပေးတော်မူ၏။

ညီတော် မင်းတုန်းမင်း သီရိသုမဟာဓမ္မရာဇာကို သီရိမဟာသီဟသူရဓမ္မရာဇာ၊ ညီတော် ကနောင်မင်းသား သတိုးမင်းရဲကျော်ထင်ကို သီရိ

သုမဟာဓမ္မရာဇာ၊ ညီတော် လှိုင်မင်းသား သတိုး မင်းရဲကျော်စွာကို သီရိမဟာ ဓမ္မရာဇာ၊ ဘိုးတော် အိမ်ရှေ့မင်းသား-မိုးညှင်းမင်းသားကို သုသီရိ မဟာဓမ္မရာဇာ၊ မက္ခရာမင်းသား – ထီးလင်းမင်းသား သတိုး မင်းလှကျော်စွာကို သီရိ ဓမ္မ ရာဇာ— ဘွဲ့အမည် များကို ပေးတော် မူ၍ မင်းသားကြီးတို့နေရာတွင် ချထားခစားရ၏။

ခဲပေါင်မင်းသား မင်းရဲမင်းထင်ကို သတိုးမင်းရဲမင်းထင်၊ မိုးညှင်း မင်းသား သုသီရိ မဟာဓမ္မရာဇာ့သားကို သတိုး မင်းရဲကျော်ထင်–ဘွဲ့ အမည် ပေးတော်မူပြီးလျှင် မင်းသားလတ်တို့ နေရာတွင် ချထားခစား ရ၏။

ရွှေယင်းမာရွာစား မင်းသား မောင်ရွှေမောင်ကို မင်းရဲမင်းခေါင်၊ အလွကပ္ပမြို့စား မင်းသားမောင်ကြီးကို မင်းရဲမင်းကျော်၊ မော်ဗီမြို့စား မင်းသားမောင်လတ်ကို မင်းရဲသီဟ-ဘွဲ့အမည်ပေးတော်မူပြီးလျှင် မြင်းမှူး မင်းသားတို့နေရာတွင် ချထားခစားစေ၏။

ကျန် မင်းညီမင်းသား မှူးတော် မတ်တော် ဗိုလ်မှူးတပ်မှူး ဝန်စုရ, စုရေး-စုကိုင်တို့မှစ၍ အရာထမ်း အမှုထမ်း ကျွန်တော်မျိုးတို့ ကိုလည်း ဘွဲ့အမည်အရည် အထိုက်အလိုက် ပေးတော်မူ၏။

ခမည်းတော် မင်းတရားကြီး နတ်ပြည်စံတော်မူ၍ မင်းအဖြစ်ကို ယူ တော်မူသည့်နေ့ တရားသဖြင့် မင်းအဖြစ်သို့ ရောက်တော်မူကြောင်းကို နိုင်ငံတော်အတွင်းတိုင်းနေပြည်သူရှင်လူသတ္တဝါအပေါင်းတို့ ပျံ့နှံ့ကြားသိ စေခြင်းငှာ ပြည်သူဆင်းရဲသားကျွန်တော်မျိုးအပေါင်းတို့ကို ငြိမ်ဝပ်ချမ်း သာစွာ ရောင်းဝယ်ဖောက်ကား သွားလာနေထိုင်မြဲ နေထိုင်ကြရမည့် အကြောင်းနှင့် ရွှေမြို့တော်အတွင်းပြင် ဈေးနှံ့အောင် မောင်းကြေးနင်း လှည့်လည် တီးခတ်စေ၏။

ရှေးအစဉ် ထုံးစံနှင့်အညီ ဝင်းတော်လေးမျက်နှာ ကိုယ်ရံတော်, ရွှေ မြို့တော်လေးမျက်နှာ တံခါး တဆဲ့နှစ်ရပ် အစောင့်အနေများကိုလည်း ရာဇဝတ်တော်ရေး ကင်းလွတ်မြဲမြဲလုံခြုံအောင် စီရင်ခန့်ထား စောင့်နေ စေ၏။

မင်းညီ မင်းသား မှူးတော် မတ်တော် ဗိုလ်မှူးတပ်မှူး ဒိုင်းမှူးသင်းမှူး မှစ၍ အမှုထမ်းကျွန်တော်မျိုးအပေါင်းတို့ကိုလည်း သစ္စာတော်ပေးရ၏။

နိုင်ငံတော်အတွင်း ထီးရုံနန်းရုံ,စော်ဘွားမြို့စား,တပ်ပေါင်းစား,မြို့ဝန် စစ်ကဲတို့ကိုလည်း အသီးအသီး ထုံးစံနှင့်အညီ သင့်ရာခန့်ထားစေလွှတ်၍ သစ္စာတော်ပေးမြဲပေးစေ၏။

တိုင်းနိုင်ငံတော်အတွင်း ပြည်သူသတ္တဝါအပေါင်းတို့ငြိမ်ဝပ်ချမ်းသာ စေခြင်းအကျိုးငှာ တိုင်းရေးပြည်မှုမှစ၍တရားစကားအရှက်အတင်ရှိသည် များကိုလည်း ညီတော်မင်းတုန်းမင်း သီရိမဟာသီဟသူရ ဓမ္မ ရာဇာ-ကို လွှတ်သို့တက်၍ စီရင်မြဲစီရင်ရ၏၊ သားတော်မင်းတရားသားတော်-မက္ခ ရာမင်းမဟာသီရိသုဓမ္မရာဇာကိုလည်း ညီတော်မင်းတုန်းမင်းနှင့် လွှတ်သို့ တက်၍စီရင်စေ၏။

မယ်တော် မိဖုရားခေါင်ကြီး ကိုလည်း ခမည်းတော် မင်းတရားကြီး ချီးမြှင့်တော်မူသည့် မြို့ကျေးရွာ ဆောင်ယောင်ခမ်းနားနှင့်တကွ စံကြိုက် တော်မူရာ တောင်နန်းတော်တွင် စံနေတော်မူစေ၍ သီရိပဝရ တိလော က ရတနာ မင်္ဂလာဒေဝီ အမည်ရှိသော နှမတော်ရင်းကို ဇေယျာပူရ စစ်ကိုင်းမြို့ကြီးနှင့်တကွ အညာမြစ်စဉ် စေဥ့်ကူးမြို့၊ ကျောက်မြောင်းမြို့၊ အကြေမြစ်စဉ် မြေထဲမြို့၊ ကြံခင်းမြို့၊ သာယာဝတီမြို့ဆိပ်၊ စံရွှေးကျေးရွာ ပါ ဒလမြို့၊ တောင်ငူမြို့အဝင် မြို့ကျေးရွာများကို အသုံးကံကျေးခံထပ်မံ ချီးမြှင့် ပေးတော်မူပြီးလျှင် ကိုယ်တော်စား မယ်တော်မိဖုရားခေါင်ကြီး အပါးတော်တွင် နေ့ညစောင့်ရှောက်လုပ်ကျွေးပြုစုရ၏၊ နှမတော်အသုံး ကံကျွေးတော်ခံ ဇေယျာပူရစစ်ကိုင်းမြို့မှစ၍ အညာအကြေ မြို့ ကျေးရွာ များကိုလည်း နှမတော် ကျွန်တော်ရင်း မဟာသီဟမင်းထင်ကို နှမတော် ဝန်အရာ ခန့်ထားတော်မူပြီးလျှင် အုပ်ချုပ်ထိန်းသိမ်းစေ၏၊ နန်းမတော် မိဖုရားခေါင်ကြီး သီရိတိလောက မဟာရတနာ ဒေဝီကိုလည်း ပြည်မြို့, တောင်ငူမြို့များကို အသုံးကံကျွေးခံ ပေးတော်မူ၏။

ကောင်းတုံမြို့စား ဝန်ကြီး သတိုးမင်းရဲရာဇာ, ယောမြို့စား သတိုး မင်း ကြီးမဟာမင်းခေါင်,မင်းကြီးမဟာမင်းလှကျော်ခေါင်တို့နှင့် ဝန်ထောက် မင်းကြီးမဟာသင်္ကြို,မဟာမင်းထင်စည်သူတို့ကို ဝန်ကြီး ဝန်ထောက်အရာ စားကျေး မြို့ရွာများကို ရာသိမ်းတော်မူပြီးလျှင် ထန်းတပင်မြို့စား သူရဲ ဝန် ဝန်ကြီး မင်းကြီး မဟာသီဟသူ, ရွှေလှံ့မိုလ် ညောင်အုပ်မြို့စား ဝန် ကြီး မင်းကြီး မဟာမင်းခေါင်ကျော်စွာတို့ကို အဂ္ဂမဟာသေနာပတိ ဝန် ကြီးအရာနှင့် လွှတ်သို့တက်၍ စီရင်မြဲစီရင်စေ၏။

ဘကြီးတော်မင်းတရား ကျွန်တော်ရင်း စစ်တောင်းမြို့စား မင်းကြီး မဟာမင်းလှမင်းထင်, ရွှေဝင်းမှူး မင်းကြီး မဟာမင်းခေါင်ရာဇာတို့ကို လည်း အဂ္ဂမဟာသေနာပတိ ဝန်ကြီး ခန့်တော်မူ၏။

ဇွဲသဖုံးမြို့စား မဟာမင်းထင်မင်းကျော်, အိမ်တော်ပါ ကျွန်တော်ရင်း ရွှေတောင်သီရိကျော်သူတို့ကိုလည်း ဝန်ထောက်ခန့်တော်မူ၏။

အတွင်းဝန် ဇလွန်မြို့စား သတိုးမင်းကြီးမဟာမင်းလှနော်ရထာ, ပေါက် မြိုင်မြို့စား မင်းကြီး မင်းလှမဟာကျော်ထင်, ပန်းထိမ်း–မဘဲ နှစ်မြို့စား မင်းကြီး မဟာမင်းလှကျော်သူတို့ကို အတွင်းဝန်အရာနှင့် ထမ်းရွက်မြဲ ထမ်းရွက်စေ၏။

မင်္ဂလာအိမ်တော်ပါ ကျွန်တော်ရင်း အတွင်းဝန် ကျီဝန်မင်းကြီး မဟာသက်တော်ရှည်, မင်းကြီး မဟာမင်းလှမင်းကျော် တို့ကိုလည်း အတွင်းဝန် ခန့်ထားတော်မူ၏။

စလေ မနေ့ဖြူမြို့စား ဝန်ကြီးညီ-မင်းကြီး မဟာမင်းထင်မင်းခေါင်ကျော် ကို ရွှေဝင်းမှူး၊ မင်္ဂလာအိမ်တော်ပါ အတွင်းဝန် မင်းကြီး မဟာမင်းလှ မင်းခေါင်ကို လက်ယာဝင်းမှူး၊ ခမည်းတော်မင်းတရား ကျွန်တော်ရင်း မင်းကြီးမင်းလှမဟာမင်းခေါင်ကို လက်ဝဲဝင်းမှူး ခန့်တော်မူ၏။ နောက် ဝင်းမှူး မင်းကြီးမဟာမင်းခေါင်မင်းထင်ကိုလည်း နောက်ဝင်းမှူးအရာနှင့် ထမ်းရွက်မြဲ ထမ်းရွက်စေ၏။

မင်္ဂလာအိမ်တော်ပါ ကျွန်တော်မျိုးတို့ကိုလည်း ဝန်စု ငန်းစု မှူးစု မြို့ပြကျေးရွာ, အရာဌာန, ရွှေငွေအဝတ်အစား, ဝင်းအိမ်နေရာ အသီး အသီး သင့်ရာ ရွေးချယ်ခန့်ထားပေးတော်မူ၏။

ယင်းသည့် သက္ကရာဇ်အတွင်း ခမည်းတော် မင်းတရားကြီး မိဖုရား အလယ်နန်းဟောင်း သေလွန်သည်ကို ကောင်းမွန်အောင် သဂြိုဟ်စေ ၏၊ထိုသက္ကရာဇ်အတွင်း စလေမနေ့ဖြူမြို့စားမိဖုရားက မယ်တော်မိဖုရား ကိုး ကွယ်တော်မူသည့် မဟာအဘယာရာမ ကျောင်းတိုက်အတွင်း ကျောင်း ဆောက်လုပ်ပြီးပြေသည့်ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရား မိဖုရားခေါင်ကြီးနှင့်အတူ မင်းညီမင်းသား မင်းမိဖုရား မှူးတော် မတ်တော် အပေါင်းတို့ဖြင့် ခြံရံလျက် ထွက်စံတော်မူ၍ ရေစက်သွန်း တော်မူ၏။

ထိုနှစ် တကောင်းမြို့ဝန်, မြို့စာရေးတို့က စီရင်စု တကောင်းမြို့တော တောင်နယ်မြေအတွင်း ရတနာဆင်ဖြူတော်တွေ့မြင်ကြောင်းနှင့်လျှောက်ထားလာရာ အတွင်းဝန် ဝက်မစွတ်မြို့စား မင်းကြီး မင်းလှမဟာကျော်ထင်, ဆင်မင်းဝန်, ဆင်ဝန်, ဝန်ထောက်မြင်းစုကြီးဝန်, သံတော်ဆင့်တို့ကို အောက်မားတော်များနှင့် အညာမြစ်စဉ် မြို့ကျေးရွာ လှေအမှုထမ်းတို့ကို ခန့်ထားစေလွှတ်ကျော့ဖမ်းစေ၏။

ယင်းသည့်သက္ကရာဇ် တန်းခူးလ သီပေါမြို့ကျေးရွာတွင် ကိုးတောင်အမတ်နှင့် ရှမ်းဟိုဟန်ခေးပြတို့ မငြိမ်မဝပ် ရှိသည်ကို ရွှေဘဝါးတော်အောက်က တောင်တွင်းကြီး တောင်လက်မိုလ် မင်းရဲမင်းခေါင်ကျော်ကို မြို့ကျေးရွာအမှုထမ်း လူတထောင်ကျော် ခန့်ထားပေးအပ်၍ သီပေါမြို့သို့ ချီတက်တိုက်ခိုက် သိမ်းသွင်းပြုစုစေ၏။

ၚင်းလ ဟံသာဝတီရေဝန် ပဲခူးမြို့စားက ပဲခူးမြို့စီရင်စု တောတောင်တွင် ကျော့ဘမ်းရမိသည့် ထူးမြတ်သည့် မျက်လုံးဖြူ ဆင်တော်ကို ရွှေဘဝါးတော် အောက်သို့ လျှောက်ထား ဆက်သလာသည်ကို ကြိုယူမြဲကြိုယူဆက်သရ၏။

နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၀၈) တထောင့်နှစ်ရာ့ရှစ်ခု တန်းခူးလပြည့်ကျော် တဆဲ့တရက်နေ့ ညဉ့်သုံးချက်တီးကျော်၊ တဆဲ့နှစ်ရက် တနင်္လာနေ့သို့အဝင် နာရီပြည့် တပါဒ်အချိန်တွင်သင်္ကြန်ကျသည်။ ၚင်းလပြည့်ကျော် တဆဲ့လေးရက် ဗုဒ္ဓဟူးနေ့ နံနက် လေးချက်တီးကျော်၊ နှစ်နာရီသုံးပါဒ်အချိန်တွင် အတာနှစ်သစ် သက္ကရာဇ် (၁၂၀၉) တထောင့်နှစ်ရာ့ကိုးခုသို့ တက်သည်။

## ၁၂၀၉-ခု

သက္ကရာဇ် (၁၂၀၉) တထောင့်နှစ်ရာ့ကိုးခု ကဆုန်လ အလုံမြို့ စီရင်စု ညောင်ကန်ရွာနယ်အတွင်း ဘေးတော်မင်းတရား, ဘကြီးတော် မင်းတရားတို့လက်ထက် ဘေးမဲ့ပေးသည့်အရပ်ကို ကျောက်တိုင် နယ်နိမိတ်သတ်မှတ် ထဝ်၍ ဘေးမဲ့ပေးတော်မူ၏။

အလုံမြို့ စီရင်စု ပုတလင်ရွာအဝင် ရွာသစ်တောရနေ ရှင်သာရဒဿီ၊ ကန္နီမြို့ကျေး ရွာသာတောရနေ ရှင်ဉာဏဒဿီ၊ ပုခန်းကြီးမြို့ကျေး နေရင်းရွာ အောင်မြေဘုံသာတိုက်နေ ရှင်နန္ဒမာလာ၊ တလုပ်မြို့နယ် ချောင်းတောင်ရွာ တောရနေ ရှင်မာလာလင်္ကာရဓဇတို့က မေတ္တာရပ်ခံ၍ အလုံမြို့စီရင်စု ပုတလင်ရွာ၊ ကန္နီမြို့စီရင်စု ရွာသာရွာ၊ ပုခန်းကြီးမြို့စီရင်စု နေရင်းရွာ၊ တလုပ်မြို့စီရင်စု ချောင်းတောင်ရွာ တောရကျောင်း ထက်ဝန်းကျင်များတွင် တာခုနစ်ရာစီအတွင်း သားငှက်တိရစ္ဆာန် အပေါင်းတို့အား ဘေးမဲ့ချမ်းသာ အမွန်ရှည်စွာတည်စေခြင်းငှာ နယ်နိမိတ်သတ်ပြီးလျှင် ကျောက်တိုင်စိုက်မှတ်၍ ဘေးမဲ့ပေးတော်မူ၏။

ယင်းသည့်လ အဝကိုးသင်း, ရဲပတိုင်းလေးသင်း အောက်မားတော်များနှင့် ဒိဝဲယင်းမြို့ကျေး ကြာမည်ျိုးတောက အောက်ငင်ခဲ့သည့် ထူးမြတ်သည့် ဆင်တော်ရောက်သည်ကို ဆင်ကျုံးသို့ဆင်ဖမ်းသဘင် ထွက်တော်မူ၏၊ ယင်းသည့်လ စံကားမြို့စားက သမီးကညာ ဆက်သ လာရောက်သည်ကို ငွေတောင်စော်ဘွားသမီးကို ဆက်သွင်းသည့်နည်း အဆက် အသခံတော်မူ၏။

ထိုနှစ် နယုန်လ အတွင်းဝန် ဝက်မစွတ်မြို့စား မင်းကြီးမင်းလှမဟာကျော်ထင်ကို ကိုးကွယ်ပြုစုစေသည့် ဇနိန္ဒာဘိ သိရိပရမ မဟာဓမ္မရာဇာဓိ ရာဇဂုရု-တံဆိပ်တော်ရ နေရင်း ဆရာတော် ဘဝ ပြောင်းဘည်ကို အထက်မဲထီးဆရာတော်ကြီးဘဝပြောင်းရာသင်္ဂြိုဟ်သည့်နည်းလုပ်ဆောင်သင်္ဂြိုဟ်တော်မူ၏။

ရွှေမြို့တော် နောက်မျက်နှာ အလယ်ခေတ်တံခါးပြင် ကျုံးထိပ်တွင် ဆရာတော် သံဃာတော်တို့ ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ပါးတို့ကို ရွက်ဆောင်ချီးမြှင့်ပြုစု၍ လျောက်ပတ်ရာ ဌာနဒေသ ဖြစ်သော ကိုးကွယ်တော်မူရင်း ဗားကရာကျောင်းတိုက်ကိုလည်း မင်္ဂလာအိမ်တော်စံတော်မူစဉ် နောင် ငါ မင်းဖြစ်တော်မူသောအခါ ကျောင်းတော်အသစ် ပြင်ဆင် တည်ထား ဆောက်လုပ် ကိုးကွယ်တော်မူမည် ကြံရည်တော်မူရင်းရှိသည့်အကိုင်း သက္ကရာဇ်(၁၂၀၉)တဆောင့်နှစ်ရာ့ကိုးခု ဝါဆိုလဆန်း ခုနစ်ရက် စနေနေ့ နံနက်လေးချက်တီးကျော် တနာရီတပါဒ်အချိန် စံကျောင်းတော်ပြမ်းပန္နက် ချမှတ်ထူစေ၏၊ နောက် ၎င်းနှစ် ဝါခေါင်လဆန်းခြောက်ရက် တနင်္ဂနွေနေ့အခါတော်နှင့် စံကျောင်းတော် ပန္နက်ချမှတ်တွင်းဝန်းရ၏။

ထိုနှစ် ဝါခေါင်လဆန်းနှစ်ရက်နေ့ အဝမြို့တွင် ရတနာပူရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော်မင်းတရား တည်ထား ပြုစုကိုးကွယ်သည့် မဟာသကျသီဟဘုရားကိန်းဝပ်သည့် အုတ်ပြာသာဒ်ပျက်စီးယိုယွင်းသည်ကို ဖောင်တော်, သမ္ဗန်တော်, လှော်ကားတော်, လှေတော်များနှင့် မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်း ခြံရံထွက်တော်မူ၍ မဟာသကျသီဟဘုရား ရုပ်တုတော်ကို ပင့်ဆောင်တော် မူပြီးလျှင် အမရပူရမြို့အနောက် မဟာဝိဇယရံသီစေတီတော်ကြီး တောင်မြေလပ်တွင် မဟာရံတံတိုင်းမီးတားနှင့်တကွ ဘုံငါးဆင့်ရှိသော ကြီးကျယ် သာယာစွာသော တန်ဆောင်းရွှေပြာသာဒ်တော် တည်ထား ဆောက်လုပ်တော်မူ၍ ကိုးကွယ်တော်မူ၏။

ယင်းသည့်လ မကွေးမြို့တွင် မြသလွန်ဘုရား ပြိုပျက်သည်ကိုလည်း အုတ်အင်္ဂတေ ကံကျေးလက္ခ ငွေတော်သပြာ များစွာ ပေးအပ်တော်မူ၍ မကွေးမြို့သူကြီးကို ပြင်ဆင်တည်လုပ်စေ၏၊ ယင်းသည့်ဝါဆိုလ စကုမြို့စီရင်စု ပမင်ဇယဆည်တော် မြောင်းတော် တိမ်ကော ပျက်စီးသည်ကို ဆည်ရေသောက် စလင်းမြို့-လယ်ကိုင်းမြို့များကခန့်ထား၍ စလင်းမြို့ဝန်မင်းကြီး မဟာမင်းလှမင်းခေါင်ကို ကြီးကြပ်ဆည်ဖို့လုပ်ဆောင်စေ၏။

ၚင်းလ ဝန်ထောက် မြင်းစုကြီးဝန် ယင်းခဲမြို့စား သတိုးမင်းကြီးမဟာမင်းခေါင်ရာဇသူကို ဟံသာဝတီ ရန်ကုန်မြို့က ရပ်နေစီရင်စေ၏။

ထိုနှစ် ဝါခေါင်လ ပုခန်းမင့်းသား-သရက်မင်းသား သတိုးမင်းစောညီ ပခုက္ကူမင်းသား, ချောင်းဆုံကြီး မင်းသားတို့ကို မြေးနန်းတော်သို့ ထွက်တော်မူ၍ သျှောင်ထုံး နားထွင်း မင်္ဂလာ ဆောင်တော်မူပြီးလျှင် ဆရာတော် သံဃာတော်တို့အားလှူဒါန်းရန် ပဒေသာပင်ပွဲသဘင်များနှင့် မြတ်စွာဘုရား၊ သာသနာတော်တွင်းသို့ ရှင်သာမဏေ အဖြစ်ဖြင့် ချီးမြှင့်တော်မူ၏။

ထိုသက္ကရာဇ် ရွှေးမင်းတို့ တည်ထားပြုစုတော်မူခဲ့သော ငစဉ့်ကိုင်ရွာရှိ ရှင်ပင်ဆိပ်ပေါက်ဘုရား ပျက်စီးယိုယွင်းသည်ကို ဘုရားဦးစရပ်, အရံတံတိုင်းမီးတားနှင့်တကွ ဘိနပ်အချင်းသံတောင် သုံးဆဲ့တမိုက်လေးသစ်, အရပ်သံတောင် လေးဆဲ့ခြောက်တောင် တမိုက်ငါးသစ်ရှိသော စေတီတော်ကို တည်လုပ်၍ ထီးချရားသီးကသည် မြေထိအောင် ရွှေမွမ်းမံပြီးပြေသည်ကို ၚင်းနှစ် ဝါခေါင်လပြည့်ကျော်တဆဲ့လေးရက်နေ့ ဘဝရှင်

မင်းတရားကြီးဘုရား ဖောင်တော်, လှေတော်, သမ္ဗန်တော်, လှော်ကား တော်များနှင့် မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်း တို့နှင့် အဖူးအမြော် ထွက်တော်မူ၏။

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း မြို့ကျေးရွာများမှာဇီဝိတဒါန, အဘယဒါန ဖြစ်စေခြင်းအကျိုးငှာ ကျွဲ,နွား,ဝက်,ကြက်-မှစ၍ သားမျိုး အပေါင်းတို့ ကိုလည်း မစားမသောက် မရောင်းမဝယ် မပေါ်မရှိစေရ အသီးအသီး ဆိုင်ရာ မြို့ဝန် မြို့ထိန်း မြို့အုပ်တို့ကို အမိန့်တော် အာဏာ တော်နှင့် ဆင့်ဆိုမြစ်တားတော်မူ၏၊ ထိုသတ္တရာဇ် တန်ဆောင်မုန်းလ သားတော်မင်းတရားကြီးသမီး မြတောင်မြို့စားမင်းသမီး ကံကုန်သည်ကို လှပကောင်းမွန်အောင် သဂြိုဟ်ရ၏။

### မင်္ဂလာအိမ်တော်ရာမှာ ဘုရားတည်ခြင်းမှစ၍ အရှေ့ဘက်တွင် တန်တားတည်လုပ်ခြင်းထိ အကြောင်းအရာများ

ထို သတ္တရာဇ် တန်ဆောင်မုန်းလ မင်းတဲ့ မင်္ဂလာ အိမ်တော်ရာတွင် သာသနာ ငါးထောင်ပတ်လုံး တည်စေခြင်းငှာ ဘိနပ်အချင်းသံတောင် ငါးဆဲ့ခြောက်တောင့်နှစ်မိုက်, အရပ်သံတောင် ခြောက်ဆဲ့တတောင့် နှစ် မိုက်ငါးသစ်ရှိသော စေတီတော် တည်လုပ်မည်ကို အခါတော်နှင့် မြေ စံနစ်၍ ရွှေပန္နက် ငွေပန္နက်ချ ထွက်တော်မူ၏၊ ၎င်းနှစ် နတ်တော်လ ဆန်းတဆဲ့တရက်နေ့လည်း ထွက်တော်မူ၍ အခါတော်နှင့် ကိုယ်တော် တိုင် အုတ်မြစ်စ၍ ချတော်မူသည်။

ထိုသတ္တရာဇ် နှောင်းတန်းခူးလဆန်း တဆဲ့လေးရက်နေ့လည်း အခါ တော်နှင့် ဥပုသ်သွင်းရာ ဆဒ္ဒန်ဆင်မင်္ဂလသခင် ဘဝရှင် မင်းတရားကြီး ဘုရား ထွက်တော်မူကြီး ထွက်စံတော်မူ၍ ကိုယ်တော်တိုင်စ၍ ဥပုသ် သွင်းတော်မူ၏၊ ၎င်းဥပုသ်သွင်းပွဲ အခါတော်တွင် ထောင်တန်းအကျဉ်း ခံနေရသူ လူပေါင်းခြောက်ဆယ်ကိုလည်း ဘေးမဲ့ချမ်းသာပေးတော်မူ၍ အကျဉ်းက လွှတ်တော်မူ၏။

၎င်းစေတီတော်ဥပုသ်သွင်းထွက်တော်မူသည့်အခါ ရွှေမြို့တော်အနေ့ံ မျက်နှာ အာဋ္ဋဝိရပ်, လက်ချိတ်တန်းရပ်, ယပ်တန်းရပ်များကို မီးလောင် ရာ ကျောင်းငါးတိုက်ပါသည်ဖြစ်၍ ရဟန်းသံဃာတော်တို့ သီတင်းသုံး နေရန် သရက်တောမြောက်တိုက်အတွင်း ကျောင်းတော်ကိုး၊၎င်းတောင်

တိုက်အတွင်း ကျောင်းတော်လေး၊ မန်းကျည်းတောတိုက်အတွင်းကျောင်းတော်နှစ်၊ ဂူကြီးတိုက်အတွင်း ကျောင်းတော်ငါး၊ ပက်ပါတိုက်အတွင်း ကျောင်းတော်နှစ် စုစုကျောင်းနှစ်ဆဲ့နှစ်ကို ဆောက်လုပ် လှူဒါန်းတော်မူ၏။

ထိုနှစ် နတ်တော်လပြည့်ကျော် တဆဲ့နှစ်ရက် စနေနေ့ နံနက်တချက်တီးကျော် နှစ်နာရီပါဒ်ပြည့်အချိန်တွင် အခါတော်နှင့် ဗားကရာတိုက်တွင် တည်ထားဆောက်လုပ်တော်မူသည့် စံကျောင်းတော်ကို အပြောက်အမွှမ်းတင်တော်မူ၏။

တပို့တွဲလ ကွပ်ရှာတောင်ကုလားမြို့စား ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင်ကျော်စွာသေလွန်သည်ကို လှပကောင်းမွန်အောင်သင်္ဂြိုဟ်ရ၏။

ယင်းသည့်နှစ် တပေါင်းလ ကျီဝန်အတွင်းဝန် သတိုးမင်းကြီးမဟာသက်တော်ရှည်က အသောကာရာမတိုက်တော်အရှေ့ မဟာရံတံတိုင်းမီးတားပါ မုတ်လေးမျက်နှာနှင့် တည်လုပ်ပြီးလျှင် နောက်ဘောဂဆောင်ကျောင်းဦးပြာသာဒ်နှင့်တကွ စမြင်ပတ်လည်ခံလေးထပ်ကျောင်းဆောက်လုပ်ပြီးပြေသည်ကို ကုသိုလ်တော်ပွားဆက်သရာငှင်းလဆန်းတဆဲ့သုံးရက်နေ့ ဘဝရှင်မင်းတရားကြီးဘုရား ထွက်တော်မူကြီး ထွက်စံတော်မူ၍ တိပိဋကမရ သီလဝိသုဒ္ဓိဖြစ်သော "ဇာဂရာဘိသိရိပဝရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရပုဂ္ဂိုလ်သူမြတ်ကို ရေစက်သွန်းချ တင်လှူတော်မူ၏၊ ထောင်တန်းအကျဉ်းခံနေရသူ လူပေါင်း သုံးဆဲ့ရှစ်ကိုလည်း ဘေးမဲ့ချမ်းသာ ပေးတော်မူ၏။

ထိုနှစ် အဝမြို့လောကသရဘူစေတီပျက်စီးယိုယွင်းသည်ကို ရှေ့မျက်နှာ နောက်မျက်နှာ ခန်းရေတဆဲ့နှစ်စီ အုတ်စရပ်၊ ဝဲယာခန်းရေ နှစ်ဆဲ့လေးစီ အုဘ်စရပ်များနှင့်တကွ ဘိနပ်သံတောင် ရှစ်ဆဲ့ငါးတောင့် တမိုက်, အရပ်သံတောင် တရာ့ခုနစ်တောင့်တမိုက်ရှိသော စေတီတော် မဟာရံတံတိုင်းမီးတားပါ ပြင်ဆင်တည်လုပ်ပြီးပြေသည်ကို ယင်းသည့်သက္ကရာဇ်နှောင်းတန်းခူးလဆန်းတဆဲ့သုံးရက်နေ့ ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား မင်းမိဖုရား မင်းညီမင်းသားမှူးတော်မတ်တော်အပေါင်းခြံရံလျက် ကြည်းဘက် ရေဘက် ထွက်တော်မူကြီး ထွက်တော်မူ၍ ထီးဝခုနစ်တောင်, ဘုံခုနစ်ဆင့်ရှိသော ထီးတော်ကို ရေစက်သွန်းချ တင်လှူတော်မူ၏။

ယင်းသည့်လအတွင်း တောင်ဝိုင်မြို့မှာ ခွေန်သာငယ် ဆိုးသွမ်းတိုက်ခိုက်ဖျက်ဆီးသည်ကို နတ်ရှင့်ရွှေးဗိုလ်မဟာမင်းလှတိမ်ကြားမင်းခေါင်ကို ဗိုလ်ချုပ်,နတ်စုလက်ယာ သေနတ်ဗိုလ် မဟာမင်းထင်မင်းခေါင်, ရွှေးလက်ယာသေနတ်ဗိုလ် မဟာမင်းလှမင်းကျော်ရာဇာတို့ကို စစ်ကဲခန့်ထား၍ အုတ်စုအမှုထမ်းလူသုံးထောင်ပေးအပ်ပြီးလျှင်ချီတက်တိုက်ခိုက်စေ၏။

ထိုနှစ် ကဆုန်လဆန်း နှစ်ရက်နေ့ ပြည်လေးသင်း, အဝကိုးသင်း အောက်မားတော်များနှင့် ယောမြို့ကျေး နံ့သာတောက အောက်ငင်ခဲ့သည့်ထူးမြတ်သည့်ဆင်တော်ရောက်သည်ကို ဆင်ကျုံးသို့ဆင်ဖမ်းသဘင်ထွက်တော်မူ၏။

နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆွဲနှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၀၉) တထောင့်နှစ်ရာ့ကိုးခု ကဆုန်လဆန်းကိုးရက် အင်္ဂါနေ့ နေတချက်တီးကျော် နာရီပြည့် သုံးပါဒ်အချိန်တွင် သင်္ကြန်ကျသည်၊ ၎င်းလဆန်း တဆဲ့တရက် ကြာသပတေးနေ့ နေနှစ်ချက်တီးကျော် သုံးနာရီပါဒ်ပြည့်အချိန်တွင် အတာနှစ်သစ် သက္ကရာဇ် (၁၂၁၀) တထောင့်နှစ်ရာ့ဆယ်ခုသို့ တက်သည်။

## ၁၂၁၀—ခု

သက္ကရာဇ် (၁၂၁၀) တထောင့်နှစ်ရာ့ဆယ်ခု ကဆုန်လ အထက်ဟံသာဝတီမြို့တွင် တည်လုပ်သည့် ရောအတောင် ရှစ်ဆယ်ခင်း မီးသင်းဘောတော်ကြီး တည်လုပ်ပြီးပြေသည်ကို ရတနာယာဉ်မွန်-ကမ္ဗည်းတပ်တော်မူ၍ အလံဖြူစိုက်ထူပြီးလျှင် ပွဲသဘင်စုံ အခမ်းအနား ကြီးကျယ်စွာ ဖြစ်စေလျက် အမြောက်သံကြား အခါတော်နှင့် ရေသို့ချစေ၏။

၎င်းလ ဘိုးတော်ပြည်မင်း သမီးတော် ညောင်ပင်ဆိပ်မြို့စား ကံကုန်သည်ကို လကူးလကွယ်ကြိမ်၍ လွှတ်တော်ကသင့်အောင် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။ ၎င်းလ ဘေးတော် မင်းတရားကြီး သမီး ဝိတ္ထိလာမြို့စား ကံကုန်သည်ကို ဘေးတော်မင်းတရားကြီး သမီး မြဲတောင် မြို့စားနည်း သင်္ဂြိုဟ်ရ၏။

ယင်းသည့်သက္ကရာဇ် နယုန်လပြည့်ကျော်ငါးရက်နေ့ ယောမြို့ကျေး နံ့သာတောက အဝကိုးသင်း, ပြည်လေးသင်း အောက်မားတော်များနှင့်

အောက်ငင်ခဲ့သည့် အတိုင်းငါးထောင်ကျော်, အစွယ်ပြင်ပေါ်တတောင်ခန့် ထူးမြတ်သည့် ဆင်တော်ရောက်သည်ကို ဆင်ကျုံးသို့ဆင်ဖမ်းသဘင်ထွက်တော်မူ၏။ ထိုနှစ် ဝါဆိုလ တောင်ငူမြို့ဝန် မဟာမင်းထင်မင်းလှကျော်က ပဉ္စဒန္တဆင်တော်ဆက်သည်ကို ကြိုယူမြဲ ကြိုယူ ဆက်သွင်းစေ၏။

ဂုဏ်းနှစ် ဒုတိယဝါဆိုလ မိဖုရားခေါင်ကြီး အဘ မက္ခရာမင်း မဟာသီရိသုဓမ္မရာဇာ ကံကုန်သည်ကို အရှင်နှစ်ပါး ရွှေဝေါစီး၍ထွက်တော်မူပြီးလျှင် ဝင်းအတွင်း သင်္ဂြိုဟ်တော်မူ၏။ မက္ခရာမင်း အသုံးကံကျေးခံမလွန်မြို့, မက္ခရာမြို့, ညောင်ကုန်းရွာ, ကင်းဘက်ရွာ, လယ်ယာဥယျာဉ်, လှေဆင်ဝင်းများကို နန်းမတော် မိဖုရားခေါင်ကြီးကို အသုံးကံကျေးခံပေးတော်မူ၏။

ထိုသက္ကရာဇ် သီတင်းကျွတ်လဆန်း ရှစ်ရက်နေ့ စစ်ကိုင်းမြို့ ရာဇမဏိစူဠာဘုရားသို့ အဖူးအမြော် ဘဝရှင် မင်းတရားကြီးဘုရား ဖောင်တော်လှေတော်, သမ္ဗန်တော်များနှင့် မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်းခြံရံလျက် ထွက်တော်မူ၏။

ယင်းသည့် သက္ကရာဇ် တန်ဆောင်မုန်းလပြည့်ကျော် ခြောက်ရက်နေ့ မင်းတဲ မင်္ဂလာအိမ်တော်ရာတွင် တည်လုပ်တော်မူသည့် စေတီတော်မဟာရံ တံတိုင်းမီးတား နှစ်ထပ်နှင့်တကွ အုတ်ရိုးအင်္ဂတေ လုပ်ဆောင်ပြီးပြေသည်ကို ဆဒ္ဒန်ဆင်မင်္ဂလာသင်္ခင် ဘဝရှင်မင်းတရားကြီးဘုရား ထွက်တော်မူကြီး ထွက်စံတော်မူ၍ ပွဲသဘင်စုံ စည်ပင်သာယာအောင် ခံစေပြီးလျှင် ဂုဏ်းလပြည့်ကျော်ခြောက်ရက် ကြာသပတေးနေ့ နေနှစ်ချက်တီးကျော်အချိန်တွင် အမြောက်သံကြား အခါတော်နှင့် စက်ယန္တရားကြီးကျယ်စွာ ဆင်တော်မူ၍ ထီးရပ်ကိုးတောင့်တမိုက်,ထီးဝလေးတောင်,ဘုံခုနစ်ဆင့်ရှိသော ထီးတော်ကို တင်လှူတော်မူပြီးလျှင် စေတီတော်ကို "မဟာလောကရံသီ"ကမ္ပည်းတပ်တော်မူ၍ ရဟန်းသံဃာတော်တို့အားဆွမ်းသက်နီး ပရိက္ခရာအသုံးအဆောင်တို့ဖြင့် ရေစက်သွန်းချ လှူဒါန်းတော်မူ၏။ ထောင်တန်းအကျဉ်းခံနေရသူ ယောကျ်ား,မိန်းမ လူပေါင်းငါးဆယ့်သုံးကိုလည်း ဘေးမဲ့ချမ်းသာပေး၍ အကျဉ်းက လွှတ်တော်မူ၏။

စကြာခေါင်တုံးခေါ် သူပုန်ညွှာနှင့် ပုန်ကန်ရာပါသည့် လူနှစ်ဆဲ့ရှစ်အိမ်ထောင်သားတို့ကိုလည်း ဘေးမဲ့ချမ်းသာပေးပြီးလျှင် လုပ်မြေ

နေမြဲပေးတော်မူ၍ ကျွန်သီးတော်အဖြစ်ဖြင့် ရေစက်သွန်းချ လှူဒါန်းတော်မူ၏။ မဟာလောကရံသီ စေတီတော် မဟာရံတံတိုင်းအတွင်း ထောင့်လေးထောင့်တွင်လည်း အလယ်နန်းတော် စလင်းမြို့စား မိဖုရား သီရိတိလောက အတုလရတနာဒေဝီ, ခမည်းတော်မင်းတရားကြီးမိဖုရား စလေမြို့စား, အထိန်းတော် တောင်ပြုံးကြီးမြို့ ဟင်းသာတမြို့စား, ကျီဝန် အတွင်းဝန် မင်းကြီးမဟာသက်တော်ရှည်တို့က ကုသိုလ်ကော်ပွား အသီးအသီး တည်လုပ်ကြသည့် စေတီရံလေးဆူများကိုလည်း ရွှေထီးအထွတ်တင်၍ ရေစက်သွန်းချ လှူဒါန်းတော်မူ၏။

ခမည်းတော်မင်းတရားကြီးဘုရား ဥက္ကလာပ ရန်ကုန်မြို့သို့ ထွက်စံတော်မူရာ နောက်တော်ပါသည်ဖြစ်၍ စံနေတော်မူရင်း မင်္ဂလာအိမ်တော်ရာတွင် ရေဝန်ပဲခူးမြို့စား မဟာမင်းခေါင်ကျော်ထင်ကို ငွေတော်သပြာ ရှစ်ထောင်ကျော်ထုတ်ပေး၍ ကြီးကြပ်တည်လုပ်စေသည့် ဘိနပ်သံတောင်လေးဆယ်, အရပ်သံတောင်လေးဆဲ့ငါးတောင်ရှိသော စေတီတော် မဟာရံ တံတိုင်းမီးတားနှင့်တကွ တည်လုပ် ပြီးပြေသည်ကို ထိုသက္ကရာဇ် ပြာသိုလ "မဏ္ဍရံသီ" ကမ္ပည်းတပ်စေပြီးလျှင် အခါတော်နှင့် ရွှေထီးအထွတ် တင်လှူစေ၏။

ဇင်းနှစ် တပို့တွဲလ အထက် ငယ်ရွယ်တော်မူစဉ် အထိန်းတော် တောင်ပြုံးကြီးမြို့ ဟင်းသာတမြို့စားကို ရွှေနန်းတော်အနောက် စံတော်မူရင်း မင်္ဂလာအိမ်တော်ရာတွင် အိမ်ဆောင်မ ကွန်းစင်တို့နှင့် ပြတင်းရွှေပိန်းချ ဆောက်လုပ်နေထိုင်စေ၏။

ထိုနှစ် တပေါင်းလ မင်းတဲ မင်္ဂလာအိမ်တော်ရာစေတီ မဟာလောကရံသီဘုရား မဟာရံတံတိုင်း အရှေ့မုတ်အထွက်က အရှေ့ကိုလျှောက်၍ ဆင်မင်းငွေတော်နှင့် အုတ်တန်တား တည်လုပ်တော်မူသည်။

### ညောင်ရွှေက သမီးကညာ ရောက်ခြင်း စသည်များနှင့် ရှင်ပင်ဆိပ်ပေါက်ဘုရားသို့ ထွက်တော်မူခြင်း

ယင်းသည့်လ ညောင်ရွှေစော်ဘွား ကမ္ဘောဇ မဟာရာဇာက သမီးကညာဆက်သသည်ကို စော်ဘွားကြီးတို့သမီးကို ဆက်သွင်းသည့်နည်း ကြိုယူဆက်သွင်းရ၏။

သက္ကရာဇ် (၁၂၁၀) တထောင့် နှစ်ရာ့ဆယ်ခု တန်းခူးလဆန်းတဆဲ့ငါးရက်နေ့ ဗားကရာတိုက်တွင် မင်းအဆက်ဆက် မဆောက်မလုပ်ဘူးသော အထူးအဆန်း အပြောက်အမွှမ်းတို့ဖြင့် နှစ်ကာလအရှည် လုပ်ဆောင်သော စံကျောင်းတော် ကျောင်းဦးပြာသာဒ်နှင့်တကွဘုံလေးဆင့်နောက်ဆောင်ပါ မဟာရံတံတိုင်းမီးတား အရံကျောင်း လေးဆဲ့ရှစ်နှင့်တကွ ပြီးပြေသည်ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားစစ်အင်္ဂါလေးပါး ခမ်းနားကြီးကျယ်စွာ ထွက်တော်မူကြီး ထွက်စံတော်မူ၍ တိုက်တော်အမည်မှာ "မဟာ ဝိဇယာရာမ"တိုက်၊ ကျောင်းတော်အမည်မှာ "မဟာဝေယန်ဘုံသာ" ကမ္ပည်းတပ်ပြီးလျှင်–

သာသနာပြု ဗားကရာဆရာတော်ကို "ပညာဇောတာဘိ သိရိပဝရဝိဇယာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"

မဟာဝိဇယာရာမတိုက် တော်နေ ငခုန်ဆရာတော် ရှင်ဒီပလင်္ကာကို "ဒီပလင်္ကာဘိ သိရိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"

ပုခန်းမင်းသမီးတိုက်နေ ပုခန်းမြို့ဆရာ ရှင်ပဒုမကို "ပဒုမာဘိသိရိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"

ဗန်းမော်တိုက်နေ ရွှေတောင်မြို့ ဆရာ ရှင်ပဏ္ဍိတကို "ပဏ္ဍိတဝံသာဘိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု"

မဟာဝိဇယာရာမ တိုက်တော်နေ မြေထဲမြို့ဆရာ ရှင်အရိယကို "အရိယဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု"

ဂုင်းတိုက်နေ အဝမြို့ဆရာ ရှင်ကလျာဏကို "ကလျာဏ ဝံသာဘိဓဇ မဟာဓမ္မ ရာဇဂုရု"

ဂုင်းတိုက်တော်နေ ရွှေမြို့တော်ဆရာ ရှင်ပဏ္ဍိတကို "ပဏ္ဍိတာဘိသိရိဓဇ မဟာဓမ္မရာဇဂုရု"

သရက်တောမြောက်တိုက်နေ ဒိဗဲယင်းမြို့ဆရာရှင်ဥတ္တမကို "ဥတ္တမာစာရ သိရိဓဇ မဟာဓမ္မရာဇဂုရု"

ဆီးဗန်းနီတိုက်နေ ဟန်လင်းမြို့ဆရာ ရှင်သီလာစာရကို "သီလာစာရာဘိ သိရိဓဇ မဟာဓမ္မ ရာဇဂုရု"

မြသိန်းတန်တိုက်နေ ဒိဗဲယင်းမြို့ဆရာ ရှင်သိရိမာလာကို"သိရိမာလာဘိဓဇ မဟာဓမ္မ ရာဇဂုရု"

သရက်တောတောင်တိုက်နေ ပုခန်းကြီးမြို့ဆရာ ရှင်ဃောသဝဍ္ဎာစာရကို "ဃောသဝဍ္ဎာစာရာဘိ ဓဇ မဟာဓမ္မ ရာဇဂုရု"

တောင်လေးလုံးတိုက်နေ ရွှေမြို့တော်ဆရာ ရှင်ဇယန္တဝရကို "ဇယန္တဝရဝံသာဘိဓဇ မဟာဓမ္မ ရာဇဂုရု"

ဂူကြီးတိုက်နေ ဒီပဲယင်းမြို့ ဆရာ ရှင်သူရိယကို "သူရိယဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု"

လောကမှန်ကင်းတိုက်နေ ပင်းတလဲမြို့ဆရာ ရှင်စိတ္တရကို "စိတ္တရမာလာဘိဓဇ မဟာဓမ္မ ရာဇဂုရု"

ဂူကြီးတိုက်နေရွာသစ်ကြီးဆရာ ရှင်မေဓာကို "မေဓာလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇဂုရု"

မြင်းစုဝန်တိုက်နေ ကျောက်ပန်းတောင်းမြို့ဆရာ ရှင်အာစာရကို "အာစာရာဘိဝံသဓဇ မဟာဓမ္မ ရာဇဂုရု"

စီးတော်မြင်းဝန်တိုက်နေ မြေဒူးမြို့ဆရာ ရှင်သုမင်္ဂလသာမိကို "သုမင်္ဂလသာမိဓဇ မဟာဓမ္မရာဇဂုရု"

ဆင်တဲတိုက်နေ ကန္နီမြို့ ဆရာ ရှင်သာဂရကို "သာဂရဝံသာဘိဓဇ မဟာဓမ္မ ရာဇဂုရု"

အောင်မြေရွှေဘုံတိုက်နေ ရွှေမြို့တော်ဆရာရှင်ကေတုကို "ကေတုမာလာဘိဓဇ မဟာဓမ္မရာဇဂုရု"

သစ်ဆိမ့်တိုက်နေ ပင်းမြို့ ဆရာ ရှင်သာသနကို "သာသနဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု"

ကတိုးတိုက်နေ ရွှေမြို့တော်ဆရာ ရှင်အာလောကကို "အာလောကဝံသာဘိဓဇ မဟာဓမ္မ ရာဇဂုရု"

စန္ဒာမုနိတိုက်နေ ဆင်ဖြူကျွန်းဆရာ ရှင်ပညာသီဟကို "ပညာသီဟာဘိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်များကို လှူတော်မူပြီးလျှင် ဆရာတော် သံဃာတော် အရညဝါသီ ဂါမဝါသီ ပုဂ္ဂိုလ် တို့အား သက်နိုး သပိတ် ပရိက္ခရာ ပဒေသာပင် တို့ဖြင့် လှူဒါန်းပူဇော်တော်မူ၍ စံကျောင်းတော်ကို သာသနာပြုဗားကရာ ဆရာတော်ကြီးအား တင်လှူတော်မူသည်။

မဟာဝိဇယာရာမတိုက်အတွင်း အလယ်နန်းတော်စလင်းမြို့စားမိဖုရား ဆောက်လုပ်သည့် ကျောင်းဦးပြာသာဒ်နှင့်တကွ ကျောင်းတော်၊ မဟာဝေယန်တုံသာ စံကျောင်းဦးရွှေမျက်နှာတွင် အထိန်းတော်တောင်ပြီးကြီး မြို့-ဟင်းသာတမြို့စားက တည်လုပ်သည့်ဘုရား၊ မဟာဝိဇယာရာမတိုက် အရှေ့ မဟာရုံတံတိုင်းပြင် မုတ်အထွက် လက်ဝဲလက်ယာ အထိန်းတော်

တောင်ပြိုးကြီးမြို့-ဟင်းသာတမြို့စားနှင့် သမီး စလေ-မနုဖြူမြို့စား တို့က ဆောက်လုပ်သည့် အုတ်စရပ်များနှင့်တကွ အရံကျောင်းများကို ရေစက်သွန်းချလှူဒါန်းတော်မူ၏၊ကုသိုလ်တော် စံကျောင်းတော်ရေစက်သွန်း မင်္ဂလာပွဲတော်ကြီးအခါတွင် ထောင်တန်းအကျဉ်းခံနေရသူယောကျ်ားမိန်းမ လူပေါင်းငါးဆယ်ကျော်တို့ကိုလည်း အဘယဒါနအလှူကို ကြီးရည်တော်မူ၍ဘေးမဲ့ပေးတော်မူ၏။

* စံကျောင်းတော် အဆန်း အကြွယ် ဆောက် လုပ် ကြောင်း ကို လည်း စံကျောင်းတော်စာတမ်း လေးအင်္ဂါခန့်တွင် အကျယ်ရှိလေပြီ။

နှစ်စဉ် ခင်းကျင်းလုပ်ဆောင် လှူဒါန်းမြဲ တဆဲ့နှစ်ရာသီ အတာသဘင် မင်းပွဲတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လုပ်ဆောင်လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၁၀) တထောင့်နှစ်ရာ့ဆယ်ခု တန်းခူးလပြည့်ကျော်လေးရက် ဗုဒ္ဓဟူးနေ့ နေ နှစ်ချက်တီးကျော်၊ ခုနစ်နာရီ တပါဒ် အချိန်တွင် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော်ခြောက်ရက် သောကြာနေ့ ညဉ့်လေးချက်တီးကျော် နှစ်နာရီ တပါဒ် အချိန်တွင် အတာနှစ်သစ် သက္ကရာဇ် (၁၂၁၁) တထောင့်နှစ်ရာ့တဆဲ့တခုသို့ တက်သည်။

## ၁၂၁၁—ခု

သက္ကရာဇ် (၁၂၁၁) တထောင့်နှစ်ရာ့တဆဲ့တခု ကဆုန်လဆန်း ငါးရက်နေ့ တောင်သမန်အနောက်တောင် ရွာနှစ်ရွာအကြား မြေလပ်တွင် ကျောက်တော်ကြီး မဟာသကျရုံသီဘုရားကို ပင့်ဆောင် ကိုးကွယ်ထားရန် အုဘ်ပြာသာဒ်တည်မည့်နေရာကို ဘဝရှင်မင်းတရားကြီးဘုရား မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်း ခြံရံလျက် ထွက်တော်မူ၍ ကြည့်ရှုပြီး တည်လုပ်စေပြီးလျှင် ရွှေကြက်ယက် တစ်ကြီး လယ်ပြင်လမ်း အဝမြို့သို့ ကြည်းဘက်ရေဘက် တပ်ဝင်း အခင်းအကျင်းများနှင့် ထွက်တော်မူ၍ မုဏ္ဍမတံခါးက ဝင်ပြီးလျှင် မဟာသကျရုံသီဘုရားကို ဖူးမြော်၍ မင်္ဂလာအိမ်တော်ရာ စံနန်းတော်က လောကသရဘူဘုရားကို ဖူးမြော်ပြီးလျှင် ဝင်တော်မူ၏။

ထိုသက္ကရာဇ်အတွင်း အရှိုးတော် ပုသိန်မင်းသမီးက အမရပူရမြို့ရှေ့မိုးထိတိုက်တွင် စမြင်ပါ ဘုံလေးထပ် ကျောင်းမကသည် ကျောင်းဦးပြာသာဒ်ဆောင်ထိ စမုတ်ကူးပါ အနောက်ဆောင်နှင့်တကွ ဘဝရှင်မင်းတရားကြီးဘုရားကို ပန်ကြားဆောက်လုပ်ပြီးပြေသည်ကို ဘုံသာဝေယန်-ကမ္ဗည်းတပ်၍ စလင်းမြို့ ဆရာတော်အား တင်လှူတော်မူ၏။

ယင်းသည့် သက္ကရာဇ် ကဆုန်လ သီပေါမြို့မှ ရှမ်း သူပုန်တို့နှင့် ထမုံသူကြီးတို့ မငြိမ်မဝပ် တိုက်ခိုက်ဖျက်ဆီး၍ တောင်တွင်းကြီးမြို့ဝန် မင်းရဲမင်းခေါင်ကျော်ကို မြို့ရွာအစုအမှုထမ်း လူသုံးထောင်ပေးအပ်၍ ချီတက်တိုက်ခိုက် သိမ်းယူစေ၏။

ယင်းသည့်လ မုတ္တမမြို့ဝန်အရာရှိတို့က အတိုင်းငါးတောင်,အစွယ်ပြင်ပေါ် နှစ်မိုက်လေးသစ်, သဇင်ခိုင်ဆင်၊ အတိုင်း ငါးတောင့်တမိုက်, အစွယ်ပြင်ပေါ် တတောင့်တမိုက်, ပန်းတန်ဆင်-နှစ်စီးကို ဆက်သည်။ သဇင်ခိုင်ဆင်ကို ရွှေးရည်, ပန်းတန်ဆင်ကို ဝင်းရည် လျှောက်သည်။ ယင်းသည့်လအတွင်း ပြည်လေးသင်း အောက်မားတော်များနှင့် နံ့သာတောက အောက်ငင်ခဲ့သည့် ထူးမြတ်သည့်ဆင်တော် အတိုင်း လေးတောင့်နှစ်မိုက်, အစွယ်ပြင်ပေါ် တမိုက် လေးသစ်ရောက်သည်ကိုလည်း ကျုံးသို့သွင်း၍ ကျော့ဖမ်းစေ၏။

ငင်းနှစ် နယုန်လဆန်း တဆဲ့လေးရက်နေ့ကစ၍ ရတနာပူရအဝမြို့တွင် မဟာသကျရံသီ ကျောက်တော်ကြီးဘုရား ကိန်းဝပ်သည့် အုတ်ပြာသာဒ်ပြိုပျက်သည်ကို ကျောက်မော်မြို့စား ဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှသီဟသူ, ပန်းပဲဝန်အတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှကျော်သူတို့ကို လှေအမှုထမ်း လူသုံးထောင်ပေးအပ်၍ ပင့်ဆောင်စေရာ သုံးရက်နှင့် မုတ္တမတံခါးပြင် ဘုရားပင့်ဆောင်ရန် ဖောင်ပေါ်သို့ ရောက်ကြောင်းကိုလျှောက်ထား၍ ငင်းနှစ် ဝါဆိုလပြည့်ကျော် ခြောက်ရက်နေ့ ဆရာတော်သံဃာတော်တို့ကို သမ္ဗန်တော်များတွင် တင်ဆောင်၍ ရှေးဦးရှေးဖျား ကြွသွားနှင့်စေပြီးလျှင် ဘဝရှင် မင်းတရားကြီးဘုရား ဖောင်တော်, လှေတော်, သမ္ဗန်တော်များနှင့် မင်းညီမင်းသား မှူးတော်မတ်တော်တို့ ခြံရံ၍ ထွက်တော်မူကြီး ထွက်တော်မူပြီးလျှင် ဘုရားတင်ဖောင်ပြာသာဒ်ကို မီးသင်းဘောတော်နှင့်ဆွဲစေ၍ ရွှေမြို့တော် တောင်မျက်နှာတောင်သမန်အနီး အထက် တည်ထားဆောက်လုပ်တော်မူသည့် အုတ်ပြာသာဒ်အတွင်း ပင့်ဆောင်ကိုးကွယ်တော်မူ၏။

ထိုနှစ် ဝါဆိုလ မိုးကောင်းမြို့နယ် ခန္တီး ခုနစ်စော်ဘွားအဝင် မန်လိုတောင်စား စော်ဘွား မန်လိုဒိပ္ပရာဇာ,ညီ လန်းဆိုင်တို့က သမီး နန်းရေးဆိုင်၊ ကျန်စော်ဘွားတို့က ကတိုးကောင်ရှင်ဖို-မ၊ ကတိုးခွာ၊ ယင်းကင်းခါး၊ ငွေကျောက်၊ ခန်းတောက်မြစ်၊ မြင်းသီလာကျောက်၊ စိုင်ဖြူဖို-မများကို ရွှေဘဝါးတော်အောက် လာရောက် ဆက်သသည်ကို အဆက်အသခံတော်မူ၍ ၎င်းစော်ဘွား ရှစ်ယောက်ကို ပုဆိုး,ပုဝါအုပ်,ခေါင်းပေါင်းအုပ်၊ သတ္တုလတ်ခြုံထည်များကို ပေးတော်မူ၏။ သမီး ကညာကိုလည်း မိုင်းလင်းမိုင်းလျက် စော်ဘွားတို့ သမီးကို ဆက်သွင်းသည့်နည်း ကြိုယူဆက်သွင်းစေ၏။

ထိုနှစ် ဝါခေါင်လဆန်း တဆဲ့လေးရက်နေ့ ဘဝရှင် မင်းတရားကြီးဘုရားလည်း ရွှေပြည်တော်မှ အညာမြစ်စဉ် စဉ့်ကိုင်ရွာ ရှင်ပင်ဆိပ်ပေါက်ဘုရားသို့ ဖောင်တော်, လှေတော်, သမ္ဗန်တော်, မီးသင်းဘောတော်များနှင့် မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်းခြံရံ၍ အဖူးအမြော် ထွက်တော်မူ၏။

### အောင်မြေလောကဘုရား, ငါးထပ်ကြီးဘုရားများသို့ အဖူးအမြော် ထွက်တော်မူ၍ အကျဉ်းသားတို့ကို လွှတ်ခြင်းစသည်များ

ထိုနှစ် တော်သလင်းလ စစ်ကိုင်းမြို့ အောင်မြေလောကဘုရား, ငါးထပ်ကြီးဘုရားများသို့ အဖူးအမြော် ထွက်ဘော်မူ၏။ ယင်းသည့်လ ငစဉ့်ကူးမြို့အဝင် ရေတော်ရွာတွင် မိမဲသူ-မိမင်းဘူးတို့အိပ်မက်အရ စစ်ဆေးထွက်ဆိုချက်များနှင့် ခေတ်တော်ပေါ်သည်ကို ပင့်ဆောင်၍ စွယ်တော်စင်တောင် တန်ဆောင်းနှင့်ထားပြီးလျှင် ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်းရှိ ရဟန်းရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ကို ဖူးမြော်ပူဇော်စေ၏။

ထိုနှစ် သီတင်းကျွတ်လပြည့်ကျော် တဆဲ့လေးရက်နေ့ ဘကြီးတော်မင်းတရားကြီး လက်ထက် ကျောက်စရစ်ကန် ချောင်းတောရ ထူးမြတ်သည့် အရဏဂိရိ ဆင်တော်မှားသည်ကို ဆင်ဝန်, ဆင်ဝန်ထောက်တို့က အစွယ်ကို ဆက်သွင်းရ၏။ ပုသိန်မြို့တွင် ရှေးမဟာရံကျောင်းတိုက်အတွင်းမြို့သူမြို့သားတို့က ထပ်မံတည်လုပ်ကြသည့် ဘုရားမဟာရံ ကျောင်းတိုက်အရှေ့,အနောက်, တောင်,မြောက် တာနှစ်ရာစီအတွင်းကို ဘေးမဲ့ဘေးတော်မူ၏။

ထိုနှစ်တန်ဆောင်မုန်းလအတွင်း ပညာဇောတာဘိ သီရိပဝရဓိဇယာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု-သာသနာပြုဆရာတော် မေဓာ္ဘာရပ်ခံ၍ အပြစ်အလျှောက် ထောင်တန်း အကျဉ်းခံနေရသည့် ယောက်ျား,မိန်းမ လူပေါင်း နှစ်ဆဲ့ရှစ်တို့ကို ဘေးမဲ့ချမ်းသာ ပေးတော်မူ၏။ ပုခန်းကြီးမြို့ စီရင်စု မန်းကျည်းစုရွာ, ကျောက်ဆောက်ရွာနယ်တွင် တဖက်ဆည်ကန် လုပ်ဆောင်သည်။ ၎င်းကန် တောင်, မြောက်, အရှေ့, အနောက် တာခြောက်ရာအတွင်း ရေပိုးရေမွှား သားငါး တိရစ္ဆာန် အပေါင်းတို့ကိုလည်း သာသနာပြုဆရာတော် မေဓာ္ဘာရပ်ခံ၍ ဘေးမဲ့ပေးတော်မူ၏။

ထိုနှစ် နတ်တော်လ ခမည်းတော်မင်းတရားလက်ထက်ကသည့် လက်တက်တော်တိုင် အတွင်းဝန်အရာနှင့် သူကောင်းပြုတော်မူသည့်-ဇ္ဈ္ဈံမြို့စား အတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှနော်ရထာ သေလွန်သည်ကို လှပကောင်းမွန်အောင် သဂြိုဟ်ရ၏။

ယင်းသည့်လအတွင်း ပြည်လေးသင်း, မင်္ဂလာလေးသင်း အောက်မားတော်များနှင့် သုံးဆယ်မြို့ကျေး ငွေတောင်တော, ကျေးနီချောင်းတောများက အောက်ငင်ခဲ့သည့် အစွယ်ပြင်ပေါ်တတောင်ခန့်, အရပ်ငါးတောင့်တမိုက်ခန့် ထူးမြတ်သည့် ဆင်တော်နှင့် ဆင်ခုနစ်စီး ရောက်သည်ကို ကျုံးသို့သွင်း၍ ကျော့ဖမ်းမြဲ ကျော့ဖမ်းစေ၏။

၎င်းလပြည့်ကျော်ကိုးရက်နေ့ မင်းတဲမင်္ဂလာအိမ်တော်ရာမဟာလောကရံသီဘုရားသို့ အဖူးအမြော်ထွက်တော်မူ၍အပြန် မဟာမုနိဘုရားကြီးကိုလည်း ဖူးမြော်တော်မူ၍ အမရပူရ ပဋ္ဌမမြို့တည်နန်းတည် ဘေးတော်မင်းတရားကြီးလက်ထက် တည်ထားဆောက်လုပ် ကိုးကွယ်တော်မူသည့် အသောကာရာမတိုက် ကျောင်းတော်ကြီးနှင့် တကွ တံတိုင်းမီးတားပါ ပျက်စီး ယိုယွင်းရှိသည်များကို ကျောင်းတော်အသစ် ဆောက်လုပ်ကိုးကွယ်တော်မူမည် ကြံရည်ကြည့်ရှုတော်မူ၍ ဝင်တော်မူ၏။

ထိုနှစ် ပြာသိုလ တောင်တွင်းကြီးမြို့ဝန် မင်းရဲ မင်းခေါင်ကျော်ကကုသိုလ်တော်ပွား မင်းတဲမင်္ဂလာ အိမ်တော်ရာ မဟာလောကရံသီဘုရားအနောက်ကသည် တောင်ကိုလျှောက်၍ ရွှေတချောင်းမြောင်း အကူးတန်တားထိ အုတ်တန်တား တည်လုပ်ပြီးပြေသည်ကို ရေစက်သွန်းတော်

မူ၍ လှူဒါန်းရန် မြတ်စွာဘုရား ရုပ်ပွားတော် တန်ဆာဆောင်းဘုရား, လှူဒါန်းစွန့်ကြဲရန် ပဒေသာပင်များကို ရွှေနန်းတော်သို့သွင်းပြရာ အရှင်နှစ်ပါး ထွက်တော်မူ၍ ရေစက်သွန်းတော်မူ၏။

ထိုနှစ် တပို့တွဲလ တောင်ဝိုင်မြို့ မငြိမ်မသက်ရှိပြန်သည်ကို လက်ယာကြောင်းဗိုလ် မဟာမင်းလှမင်းထင်တန်ဆောင်, နတ်စုလက်ဝဲဗိုလ် မဟာမင်းလှမင်းခေါင်,ရွှေလက်ဝဲဗိုလ် မဟာမင်းထင်ရဲလှရဲခေါင်တို့ကို မြို့ရွာ အစုအမှုထမ်း လူနှုန်းထောင်ပေးအပ်၍ ချီတက်တိုက်ခိုက် သိမ်းယူစေ၏။

ဧင်းလ မိုးညှင်းမင်းသား သုသီရိ မဟာဓမ္မရာဇာ့သမီး ရွှေဂူမြို့စား သီရိသုရတနာဝတီနှင့် အစ်မမင်းမြမြင်, မင်းမြစင်တို့ကို အဘအိမ်အတွင်း အစ်မအနေခံနန်းတော် သီရိသုရတနာမင်္ဂလာ ဒေဝီနည်း နားထွင်းစေ၍ ဆောက်လုပ်တည်ထား ချီမြှင့်ကိုးကွယ်သည့်ကျောင်း ဘုရားဆင်းတုတော်များကို လှူဒါန်းပူဇော်မည်ကို ဆရာတော်သံဃာတော်တို့ကို လှူဒါန်းရန် ပဒေသာပင်များနှင့်တကွ အတွင်းတော်သို့ သွင်းပြရာ အရှင်နှစ်ပါး ရေစက်သွန်းတော်မူ၏။

ယင်းသည့် လပြည့်ကျော် ငါးရက်နေ့ ရှေး မင်းတို့လက်ထက် တည်ထားပြုစုခဲ့သော ရွှေကြက်ယက်တောင်ဘုရားကိုယ်တော် ပြိုပျက်သည်ကို အသစ် ထပ်မံပြင်ဆင်လုပ်ဆောင်ပြီးပြေ၍ ထီးတော်တင်, ရေစက်သွန်းမယ်တော်ဘုရား ထွက်တော်မူမည်ကို ဆင်,မြင်း,ရထား တပ်ဝင်းအခင်းအကျင်းများနှင့် မှူးတော် မတ်တော်တို့ ကြပ်မလိုက်စေ၍ ရေစက်သွန်းချတော်မူရ၏။

ဧင်းလ ကချင်တောင်စား-ခွန်ဆိုင် အမိ-ဘနန်းမ လက်ဆောင်တော် ဖယောင်းတုံး, ကချင်ဓား, ကချင်လွယ်အိပ် အများနှင့် အဆက်အသ အဖူးအမြော် ရွှေစက်တော်ရင်းသို့ လာရောက်သည်ကို တောင်ဉယျာဉ်တော်အတွင်း စံနန်းတော်တွင် အဖူးအမြော် ခံတော်မူ၍ ဘနန်းမကို ကျောက်နီလည်ကပ်ကုံးရေ တစ်, ငွေဒင်္ဂါးသုံးရာ, ရွှေယက်ပြားသတ်ထဘီထည်ရေ လေး,လိုက်တောပုတီး, ကြွေများကိုပေးတော်မူ၏။

ထိုသက္ကရာဇ် တပေါင်းလဆန်းငါးရက် သောကြာနေ့ နေနှစ်ချက်တီးကျော်အချိန်တွင် အခါတော်နှင့် အသောကာရာမ တိုက်အတွင်း ကျောင်းတော်ပန္နက်ချ ငြမ်းထူသည်၊ ဧင်းလပြည့်ကျော်နှစ်ရက်နေ့ နေတချက်တီးကျော် အချိန်တွင် တွင်းဝန်း တိုင်ထူ အခါတော် ရသည်ကို

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရား အလယ်နန်းတော် မိဖုရားနှင့် ထွက်တော်မူ၍ ကြည့်ရှုတော်မူပြီးလျှင် ပွဲသဘင်အခမ်းအနား နှင့် တွင်းဝန်းတိုင်ထူရ၏။

### စော်ဘွားများခန့်ခြင်းစသည်နှင့် ဥပုသ်စောင့်တို့ကို အဝတ်ပုဆိုး ပေးခြင်း

ယင်းသည့်လ မိုင်းလျှဉ်းကြီးအမတ်တို့က စော်ဘွားစောခန်းဆုံ အို မစွမ်းဖြစ်၍ မိုင်းလျှဉ်းကြီးစော်ဘွားရိုးတူ စောခန်းဟုံကို လွှဲအပ်သည် ဖြစ်၍ စော်ဘွားခန့်တော်မူပါမည့် အကြောင်းနှင့် လျှောက်ထားသော ကြောင့် မိုင်းလျှဉ်းကြီးစော်ဘွား ခန့်တော်မူပြီးလျှင် အထက်စော်ဘွား စောခန်းဆုံ စီးနင်းဆောင်ရွက်သည့်နည်း အစီးအနင်း အဆောင်အရွက် ပေးတော်မူ၏။

ဇောတိနဂရတိုင်း ကျိုင်းရုံးကြီးမြို့တွင်လည်း ကျိုင်းရုံးကြီးသေဥ်ဝီဘွား ဇောတိနဂရ မဟာဝံသရာဇာ ဇင်းမယ်ကလောင်လူမျိုးတို့ နှောင့်ရှက်၍ အကျော်လင်းဇင်းသို့ ထွက်သွားရှိသည်ဖြစ်ပါ၍ အထက်သေဥ်ဝီဘွား လုပ်ဘူးသူ အစ်ကိုယ်ရာဇပွတ်ခြေရင်းတော်တွင် မြဲစွဲထမ်းရွက်ရှိနေသည် ကို အရိုးမပျက် သေဥ်ဝီဘွားခန့်တော်မူပါမည့် အကြောင်းနှင့် တဆွဲ နှစ်ပန္နားစား ဒေါ်ဘယားအမတ်တို့က တင်လျှောက်၍ ထိုသက္ကရာဇ် တပေါင်းလ ရာဇပွတ်ကို ဇောတိနဂရ မဟာသီဟသူရဓမ္မရာဇာအမည် နှင့် ဇောတိနဂရတိုင်း အလုံးကို သေဥ်ဝီဘွားခန့်တော်မူ၍ အစီးအနင်း အဆောင်အရွက်ကြီးကျယ်စွာပေးတော်မူပြီးလျှင် ရှေးထုံးစံနှင့်အညီ ရွှေ စက်တော်ရင်းက အမှူးအကြီး လုလင်စုံခန့်ထားစေလွှတ်၍ သေဥ်ဝီဘွား အရာတင်ရ၏။

ယင်းသည့်လအတွင်း စစ်ကိုင်းတောင်ဘီလာတွင် သိုက်တူးစေသည့် ငပွားသည် လူသူစုရုံး၍ သေနတ်လက်နက် စည်းကြပ်ပြီးလျှင် စကား အကြီးအကျယ်ပြောဆိုသောကြောင့် စစ်ကိုင်းမြို့ ထောင်မှူး မြို့စာရေးတို့ ဖမ်းရာ ထောင်မှူးတစ်, မြို့စာရေးနှစ်တို့ကို ဖမ်းဆီး သတ်သောကြောင့် ရွှေနားတော် ကြားတော်မူ၍ ရွှေလက်ယာဗိုလ်ကို အစုအမှုထမ်းလူတို့ နှင့် စေလွှတ်ဖမ်းစေသည်တွင် ငပွား ထွက်ပြေးသည်။

ထိုနှစ် နှောင်းတန်းခူးလဆန်းဆယ်ရက်နေ့ စန္ဒာမုနိဘုရားပြင် မဟာရံတံတိုင်းအတွင်း အရှေ့မုတ်တောင်ဘက်တွင် ကျောင်းတော်ဆောက်လုပ်ပြီးပြေသည်ကို လှူဒါန်းရန် ပရိက္ခရာအဘွယ်အရာများနှင့် ရွှေတိုက်ဝန်ခဲပေါင်မြို့စားကို ရွှေကရားဖြင့် ရေစက်သွန်းချစေပြီးလျှင် ဆင်ဖြူကျွန်းဆရာတော်ကို ကျောင်းအပ်တင်လှူတော်မူစေ၏။

ထိုနှစ် နှောင်းတန်းခူးလပြည့်ကျော်သုံးရက်နေ့ ယောမြို့ကျေး နံ့သာတောက အဝကိုးသင်း, စလင်းခုနစ်သင်း အောက်မားတော် များနှင့်အောက်ငင်ခဲ့သည့် အတိုင်းငါးတောင်ကျော်,အစွယ်ပြင်ပေါ်တတောင့်တမိုက်ခန့် ထူးမြတ်သည့် ဆင်တော်တစ်၊ အတိုင်းလေးတောင်ကျော်,အစွယ်ပြင်ပေါ်တမိုက်ခန့် ဆင်တော်တစ် ရောက်သည်ကို ကျုံးသို့သွင်း၍ ကျော့ဖမ်းမြဲ ကျော့ဖမ်းစေ၏၊ ထူးမြတ်သည့်ဆင်မှာ တုတ်တိုင်ကိုထိုး၍ အစွယ်ကျိုးသောကြောင့် လွှတ်သည်။

ယင်းသည့် လပြည့်ကျော် ကိုးရက်နေ့ မိုးနဲတစ်စစ်ကဲတို့က ဇင်းမယ်ကလောင်လူမျိုးတို့ သံလွင်မြစ်ကို နယ်ခြားပြုမည် ဆင်-လူ အများနှင့်ဝါးလုံးစာဆွဲ၍ နှောင့်ရှက်လာသောကြောင့် ဝေစ္ဆကူးမြို့စား စစ်ကဲနှင့်မိုင်းပုမြို့စား မိုလ်ဖြူတို့ ချီတက်ရကြောင်းများနှင့် လျှောက်ထားကြားသိတော်မူ၍ ရွှေဝင်းတော်မှူး သတိုးမင်းကြီးမဟာသီဟမင်းထင်ကို ဗိုလ်မှူး၊ တလုပ်မြို့ဗိုလ် မဟာမင်းလှမင်းခေါင်ကျော်, ပုခန်းကြီးမြို့ တောင်လက်ဗိုလ် မဟာမင်းကျော်သီဟမင်းထင်တို့ကို စစ်ကဲ၊ ပုခန်းကြီးမြို့ မြောက်လက်ဗိုလ် မဟာမင်းလှမင်းခေါင်ရာဇာ, ရွှေပြည့်ရန်အောင်မြင်းတပ်ဗိုလ်မဟာမင်းလှမင်းခေါင်သူရိန်တို့ကို နာခံ၊ စီးတော်မြင်းစာရေး နေမျိုးမင်းလှကျော်သူ, ကျီဝန်စာရေး မင်းကျော်သီဟမင်းထင်တို့ကို တပ်ရေးခန့်ထားပြီးလျှင် မြို့ရွာသေနတ်အမှုထမ်း လူဘသောင်းကျော်ပေးအပ်၍ ချီတက် တိုက်ဖျက်သိမ်းယူစေ၏။

ထိုသက္ကရာဇ်အတွင်း မြောက်ဆောင်တော်မိဖုရား သီရိရတနာ စန္ဒာမဟေက ကုသိုလ်တော် မဟာလောကရံသီစေတီတော် အနောက်မုတ်အဘွက်တွင် အရံမိးတာနှင့်တကွ စမြင်ပါဘုံငါးထပ်,ကျောင်းမကာသည်ကျောင်းဦးပြာသာဒ်ဆောင်ထိ စမုတ်ကူးပါ အနောက်ဆောင်နှင့် တကွဘဝရှင် မင်းတရားကြီးဘုရားကို ပန်ကြားဆောက်လုပ် ပြီးပြေသည်ကိုပုသိန်ဆရာတော်အား တင်လှူတော်မူ၏။

နှစ်စဉ် လျှူဒါန်းမြဲ အတာသဘင်မှစ၍ တဆွဲနှစ်ရာသီ သဘင်မင်းဝွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၁၁) တထောင့်နှစ်ရာ့တဆဲ့တခု ကဆုန်လဆန်း တရက် ကြာသပတေးနေ့ ညဉ့်တချက်တီးကျော် တနာရီသုံးပါဒ် အချိန်တွင် သကြန်ကျသည်။ ၎င်းလဆန်း သုံးရက် စနေနေ့ ညဉ့် နှစ်ချက်တီးကျော် လေးရက် တနင်္ဂနွေနေ့သို့အဝင် လေးနာရီ တပါဒ်အချိန်တွင် အတာနှစ်သစ် သက္ကရာဇ်(၁၂၁၂) တထောင့် နှစ်ရာ့တဆဲ့နှစ်ခုသို့ တက်သည်။

## ၁၂၁၂—ခု

သက္ကရာဇ် (၁၂၁၂) တထောင့် နှစ်ရာ့တဆဲ့နှစ်ခု ကဆုန်လဆန်း ခုနစ်ရက်နေ့ ခမည်းတော်မင်းတရားလက်ထက် ဆောက်လုပ်သည့် ရေနန်းတော်ဖျက်ရ အဆောင်များကို စန္ဒာမုနိဘုရား အရှေ့မျက်နှာတွင် နှစ်ကျောင်း, မြောက်မျက်နှာအရှေ့ဘက်တွင် နှစ်ကျောင်း, မယ်ဘရက် ဘုရားကုန်းတွင်တကျောင်း စုစုကျောင်းတော် ငါးကျောင်းဆောက်လုပ် ပြီးပြေသည်ကို လှူဒါန်းရန် သင်္ကန်း ပရိက္ခရာများနှင့် ရွှေတိုက်ဝန် ခဲပေါင်မြို့စား ကြီးကြပ်၍ ရွှေကရားဖြင့် ရေစက် သွန်းချစေပြီးလျှင် ဆင်ဖြူကျွန်းဆရာတော်နှင့် အသီးအသီး ဆရာတော်များကို တင်လှူရ၏။

ထိုသက္ကရာဇ် ကဆုန်လ ညီတော် တရုပ်မြော်စားသည် ပြည်စားကျေး ကျွန်တို့ကို လက်ခံပြီးလျှင် မကြံစည်တန် ကြံစည်သူဖြစ်၍ စားကျေးမြို့ ရွာကိုနုတ်ပြီးလျှင် လက်ယာဝင်းမှူးသို့ သားမယားနှင့်တကွ အပ်ထား ထိန်းသိမ်းစေသည့်အတွင်း သားမယားများကို ခေါ်ယူပြီးလျှင် တိတ် တဆိတ် ထွက်သွားကြောင်းကို သိတော်မူ၍ လက်ယာဝင်းမှူးကို အရာ ကနုတ်ပြီးလျှင် ထောင်မှာထားတော်မူ၏။ တရုပ်မြော်စား ထွက်သွား ရာအရပ်ကိုလည်း တောင်တွင်းကြီးမြို့ အမှုထမ်း မင်းလှမင်းထင်ကျော်, မင်းကျော်ရဲသူ, လက်ဝဲကြောင်းဗိုလ်သား ငရွှေဂုံတို့ကို မြင်းလူသုံးရာ ပေးအပ်၍ လိုက်လံဖမ်းဆီးစေ၏။ မင်းလှမင်းထင်ကျော်, မင်းကျော်ရဲ သူ, လက်ဝဲကြောင်း ဗိုလ်သား ငရွှေဂုံတို့နှင့်ပါသည့် အမှုထမ်းတို့လည်း ခရီးအစဉ်မပြတ် လိုက်လံဖမ်းဆီးကြရာ သုံးဆယ်မြို့,သီပေါမြို့,တောင်ပိုင် မြို့,သိန်းနီမြို့များသို့ ရောက်ကာလ အုံမရွာအရှေ့မြောက်တောအရပ်တွင်

တရုပ်မြေဘ်စားနှင့် မယားတစ်, သား နှစ်, သမီးနှစ်များကို တွေ့မိသည်နှင့် ချောက်ထားဆက်သရာ ဘဝရှင်မင်းတရားကြီးဘုရား စစ်မေးတော်မူလျှင် မိုင်းတုံစော်ဘွားပေါင်း ငခွန်နော်ဆိုင်၊ တောင်ဝိုင်မြို့ဝန် ငချင်းတုတ်၊ ကြောအင်း၊ ငပေါက်၊ ငတူ၊ တရုပ်မြေဘ်စား ဘွားမ မိစံမယ်၊ အမိ-မိမှော်၊ မောင်-ငသိုင်းတို့နှင့် တစိတ်တဝမ်းတည်း တိုင်ပင်ကြံစည်ကြကြောင်းများကို သိတော်မူသည့်တွင် ညီတော် တရုပ်မြေဘ်စားနှင့်သားမယားစာရင်းပါ လူပေါင်း ရှစ်ဆဲ့သုံးတို့ကို နယုန်လပြည့်ကျော်သုံးရက်နေ့ ထုံးစံနှင့်အညီ စီရင်တော်မူ၏။

ယင်းသည့် ကဆုန်လဆန်း ကိုးရက်နေ့ ပြည်လေးသင်း, မင်္ဂလာလေးသင်း အောက်မားတော်များနှင့် ယောမြို့ကျေး နံ့သာတောက အောက်ငင်ခဲ့သည့် အရပ် ငါးတောင့် တမိုက်ခန့်, အစွယ်ပြင်ပေါ် တတောင့်လေးသစ်ခန့် ထူးမြတ်သည့် ဆင်တော်ရောက်သည်ကို ကျုံးသို့သွင်း၍ ကျော့ဖမ်းမြို ကျော့ဖမ်းစေ၏။

ထိုသက္ကရာဇ်အတွင်း နှစ်စဉ်ရေသဘင်ပွဲတော်တွင် စံနေတော်မူရန် ရေနန်းတော်ဆောက်လုပ်ပြီးပြေသည်ကို ၎င်းနှစ် နယုန်လဆန်း တဆဲ့သုံးရက် ကြာသပတေးနေ့ နံနက်ယေးချက်တီးကျော်အချိန် အခါတော်နှင့် အပြောက်အမွှမ်းတင်ရ၏။

သက္ကရာဇ် (၁၂၁၂) တထောင့်နှစ်ရာ့တဆဲ့နှစ်ခု နယုန်လ ဗန်းမော်မြို့ဝန်အရာရှိတို့က မိုးမျှဉ်းမြို့ဝန် ဗိုလ်မှူးတို့ လမ်းလျှောက်ပေးလိုက်သည့် ရာဇသံစာကို တန်းခေါင်းတို့ပြန်ဆိုစေရာ အရှေ့မျက်နှာဂန္ဓာလရာဇ်တိုင်းတရုပ်ဥဒည်မင်းပြည်တွင် တောက်ကွန်ဥဒည်မင်းမယ်တော်နတ်ရွာစံသည်ကို ကုန်ဆင့်ခံလီကံဆင့်ဟွန်ဖှော့ရှို့ရှည် ဆုံကြသည့် ဟွန်တိုက်ဟို-ဘွဲ့တပ်ပြီးလျှင်သကြိုဟ်ကြောင်း၊ ဥဒည်မင်းမကျန်းမမာသည့်အတွင်း သားရီရှုကိုနန်းလွှဲကြောင်း၊ တောက်ကွန်ဥဒည်မင်း နန်းစံသုံးဆယ် အသက်ခြောက်ဆဲ့ကိုးနှစ် သက္ကရာဇ် (၁၂၁၁) တထောင့်နှစ်ရာ့တဆဲ့တခု တပေါင်းလဆန်းတဆဲ့လေးရက်နေ့နတ်ရွာစံ၍ သားယေးယောက်ရှိသည့်တွင် သားအငယ် ရီရှုကိုနန်းလွှဲကြောင်းများကို အနောက်မျက်နှာ မြန်မာနေထွက်ဘုရင်မင်းတရား ကြားသိစေလို၍ ရာဇသံ ပေးလိုက်ကြောင်း များနှင့် အသေအချာ နောက်ထပ်၍ စာရောက်၏။

ယင်းသည့်လအတွင်း တောင်ငူမြို့ဝန် အရာရှိတို့က အရပ်ငါးတောင့်နှစ်မိုက်, အစွယ်ပြင်ပေါ်တတောင်, အသက်တဆဲ့ခုနစ်နှစ်ခန့်ရွေးရည်ရ

ပေါက်လှဆင်တော်တစ်၊ အရပ် လေးတောင်နှစ်မိုက်, အစွယ်ပြင်ပေါ် နှစ်မိုက်, အသက် တဆဲ့ငါးနှစ်ခန့် ဝင်းရည်ရ တင်ကျီးနက်ခေါ် ဆင်တော်တစ်များကို ဆက်သလာ၏။

ထိုသက္ကရာဇ် ဝါဆိုလဆန်းနှစ်ရက်နေ့ ရွှေပြည်တော် မြို့တွင်းမြို့ပြင် ရပ်စု ကွက်စုများက ကုသိုလ်တော်ပွားပါဠိဟာရိယဉပုသ်စောင့်သူ ဝတ်မြေဝန် ပိဋကတ်တိုက်စိုး မဟာဓမ္မသင်္ကြံနှင့် ယောကျ်ားနှစ်ရာ့ကိုး, မိန်းမ တရာ့ရှစ်ဆဲ့သုံး, နှစ်စုသုံးရာ့ကိုးဆဲ့နှစ်တို့ကို တောင်ဥယျာဉ်စံနန်းတော်တွင် ယောကျ်ားတစ်လျှင် ပိုးပုဆိုး,ပိတ်အင်္ကျီ,ခေါင်းပေါင်း,ဆာပါပုဝါ, စိပ်ပုတီး, ဖလ် တကောင်း, ဘိနပ် တစ်စီ၊ မိန်းမတစ်လျှင် ပိုးထဘီ, တဘက်, အင်္ကျီ, ပုဝါ, စိပ်ပုတီး, ဖလ်တကောင်း, ဘိနပ်တစ်စီ ပေးဝေတော်မူ၏။

ယင်းသည့်လ သစ်ဆိမ့်တိုက်တွင် မယ်တော်ဘုရားက ကျောင်းဦးပြာသာဒ်နေ့ဘောဂဆောင်နှင့်တကွ တံတိုင်းမိးတားပါ ကျောင်းတော်ဆောက်လုပ်ပြီးပြေသည်ကို တိုက်တော်အမည်မှာ ခေမိကာရာမတိုက်-ကျောင်းတော်အမည်မှာ မဟာဘုံကျော်-ကမ္ဗည်း တပ်တော်မူ၍ သံဃာတော်တို့အား လှူဒါန်းရန် သင်္ကန်းသပိတ် ပရိက္ခရာများနှင့်တကွ မယ်တော်ဘုရား နှမတော်ဘုရားတို့ထွက်တော်မူပြီးလျှင် သစ်ဆိမ့်ဆရာတော်ကို ရေစက်သွန်းချ ကျောင်းအပ်တင်လှူတော်မူ၏၊ သေပြစ်သေဒဏ်ထိုက်သည့် မိန်းမယောကျ်ား လူပေါင်း ငါးဆဲ့ခုနစ်တို့ကိုလည်း ဘဝရှင်မင်းတရားကြီးဘုရားအား ပန်ကြားလွှတ်ခွင့်ရသည်ဖြစ်၍ အကျဉ်းက လွှတ်ပြီးလျှင် ဘေးမဲ့ပေးတော်မူ၏။

ထိုနှစ် မဟာသကျသီဟဘုရားမှာ ဉပုသ်စောင့် ဝတ်တက်ယောကျ်ား မိန်းမ သုံးဆဲ့သုံး၊ မင်းတဲ မင်္ဂလာအိမ်တော်ရာ ကုသိုလ်တော် မဟာလောကရံသီဘုရားမှာ ဉပုသ်စောင့်ဝတ်တက် ယောကျ်ားမိန်းမ တရာ့ခုနစ်ဆဲ့ငါး၊ ၎င်းဘုရားမှာဥပုသ်စောင့်ဝတ်တက်ပုဏ္ဏားခုနစ်ဆဲ့နှစ်၊ ခမည်းတော်ဘုရား ကုသိုလ်တော် စောင်းကလောကနံဦး လောကမဏိစူဠာဘုရားမှာ ဝတ်တက်ယောကျ်ားမိန်းမ တရာ့ခြောက်ဆဲ့တစ်၊ စုစုပေါင်း လေးရာ့ လေးဆဲ့တစ်တို့ကို ယောကျ်ားများမှာ ပိုးပုဆိုး, အင်္ကျီ, ခေါင်းပေါင်း,ပန်းကန်ပြား,ဖလ်တကောင်း,စိပ်ပုတီးတစ်စီ၊မိန်းမတို့မှာပိုးထဘီ, အင်္ကျီ, တဘက်,ပုဝါ,ပန်းကန်ပြား, ဖလ်တကောင်း,စိတ်ပုတီးတစ်စီ ပေးဝေတော်မူ၏။

### တရုပ်ပြည်က ရာဇသံရောက်ခြင်း
### စစ်ကိုင်း ထူပါရုံဘုရား, တန်တားဦးမင်္ဂလာစေတီ အုတ်မြစ်ချ၍ ဌပနာသွင်းခြင်း,ပင်းဆရာတော် ဘဝပြောင်းခြင်း

ထိုသက္ကရာဇ် ဒုတိယဝါဆိုလ ဂဠုန်လရာဇ်တိုင်း တရုပ်ပြည် ရှင့်ဟုံ့ဥဒည်မင်းက ခမည်းတော် နန်းစံသုံးဆယ်တွင် နတ်ပြည် စံသောကြောင့် သက္ကရာဇ် (၁၂၁၁) တထောင့်နှစ်ရာ့တဆဲ့တခု တပေါင်းလပြည့်ကျော် တဆဲ့တရက်နေ့ အဘအရာ ဆက်ခံစိုးအုပ်ရကြောင်း၊ မိဖုရား မင်းဆွေ စိုးမျိုး မှူးမတ် အမှုထမ်း ပြည်သူပြည်သားတို့ကို ခမည်းတော်လက်ထက်ကထက် တိုး၍ ချီးမြှင့် ပြုစုကြောင်း၊ ပြည်သူ ဆင်းရဲသားတို့မှာ အခွန်ဘဏ္ဍာကို လျှော့၍ ကောက်ခံကြောင်း၊သက်ကြီးရွယ်ရင့် ကျိုးကန်းဆွံ့ အရောဂါဝေဒနာရှိ၍ မလုပ်မစားနိုင်သူတို့ကို အဝတ်အစား လစဉ်ပေးပြီးလျှင် မင်းမှုမရှိ ချမ်းသာစွာနေစေကြောင်း၊ စရပ်တန်ဆောင်း ဂူကျောင်း ဘုရား တန်တားမှစ၍ ပျက်စီးယိုယွင်းသည်များကို ငွေတော်ထုတ်ပေး၍ ပြင်ဆင်လုပ်ဆောင်စေကြောင်း၊ ခမည်းတော် ကံကုန်နှစ်ကို နန်းစံမှတ်မသားရ သက္ကရာဇ် (၁၂၁၂) တထောင့်နှစ်ရာ့တဆဲ့နှစ်ခု တပေါင်းလတိုင်ရောက်မှ ရှင့်ဟုံ့ဥဒည်မင်း နန်းစံ စ၍မှတ်ကြောင်း–များနှင့် မိုးမျဉ်းမြို့ဝန်တို့က လမ်းလျှောက် ရာဇသံစာအရ ပါကြောင်းများနှင့် ဗန်းမော်မြို့ဝန်အရာရှိတို့က လျှောက်ထားလာ၏။

၎င်းလပြည့်ကျော် ဆယ်ရက်နေ့ ဘဝရှင်မင်းတရားကြီး ဘုရား မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးအပေါင်း တို့ခြံရံတော်မူပြီးလျှင် တပ်ဝင်းအခင်းအကျင်းများနှင့် တောင်သမန် အနောက်တောင်၊ မဟာသကျရံသီ ကျောက်တော်ကြီးဘုရားသို့ အဖူးအမြော် ထွက်တော်မူ၏။ ၎င်းနှစ် ဝါခေါင်လဆန်း ငါးရက် ရန်ကင်းတောင်သို့လည်း အဖူးအမြော် ထွက်တော်မူ၏။

ယင်းသည့်လဆန်း တဆဲ့တရက်နေ့ မယ်တော်ဘုရား, နှမတော်ဘုရားတို့ အဝမြို့ လောကသရဘူဘုရားသို့ အဖူးအမြော် ထွက်တော်မူသည်ကို သမ္ဗန်တော်,လှေတော်, ကြည်းဘပ်ရေတပ် အခင်းအကျင်းများနှင့် မှူးတော်မတ်တော်တို့ ကြပ်မစေ၍ နောက်တော်လိုက်စေ၏။ အပြန်ကိုလည်း အောင်မြေလောကဘုရား, ရွှေကြက်ယက်ဘုရားများသို့ ဝင်၍ ဖူးမြော်တော်မူ၏။

ဇွင်းလဆန်း တဆွဲသုံးရက်နေ့ ဘဝရှင်မင်းတရားကြီးလည်း မင်းကွန်း ပုထိုးတော်ကြီးဘုရား, စက်တော်ရာဘုရားများသို့ အဖူးအမြော် ကြည်း ဘက်ရေဘက် တပ်ဝင်း အခင်းအကျင်းများနှင့် ထွက်တော်မူ၏။ ဇွင်း လပြည့်ကျော် တဆွဲလေးရက်နေ့ စေဥ့်ကိုင်ရွာ ရှင်ပင်ဆိပ်ပေါက်ဘုရား သို့လည်း အဖူးအမြော် ကြည်းဘက်ရေဘက် တပ်ဝင်းအခင်းအကျင်းများ နှင့် ထွက်တော်မူ၏။

ထိုသက္ကရာဇ်အတွင်း မဟာသကျရံသီဘုရား ကိန်းဝပ်ရန် တောင် သမန် အနောက်တောင် လိုင်မှတ်ပေါင်းကူးနှင့် အထူးအဆန်း ကြီးကျယ် စွာ လုပ်ဆောင်၍ တတိယပဇ္ဇယာအထက် ကွန်းတောင်တွင် ဓာတ်တော် မွေးတော်၊ သတ္တဌာန ရွှေဆင်းတု တဆွဲနှစ်၊ ငွေဆင်းတု နှစ်ဆယ်၊ ပြည် သူပြည်သားတို့က ဌပနာသည့် ရွှေဆင်းတု, ငွေဆင်းတု ဆူရေ သုံးရာ ကျော်များကို ထိုသက္ကရာဇ် တော်သလင်းလပြည့်ကျော်ရှစ်ရက်နေ့ ဘဝ ရှင်မင်းတရားကြီးဘုရား မင်းမိဖုရား မင်းညီမင်းသား စော်ဘွား မြို့စား မှူးတော်မတ်တော် မိုလ်ရဲမက်အပေါင်းတို့ဖြင့် ခြီရံတော်မူပြီးလျှင် ခမ်း နားကြီးကျယ်စွာ ထွက်တော်မူ၍ အခါတော်နှင့် ဌပနာသွင်းတော်မူ၏။

ထိုနှစ် တော်သလင်းလ အစုအမှုထမ်း, တိုက်တန်းတင်းကုပ် အလုပ် သည် ပညာသည် လူပေါင်း လေးထောင့် ရှစ်ရာကျော်တို့ကို ပုဆိုးတစ်, ခေါင်းပေါင်း တစ်စီ ပေးတော်မူ၏။

ထိုနှစ် သီတင်းကျွတ်လ နန်းမတော် မိဖုရားခေါင်ကြီးက မင်းအို ကျောင်းတော်ကြီး ပျက်စီးယိုယွင်းသည်ဖြစ်၍ အသစ် ပြင်ဆင်ဆောက် လုပ်ပြီးပြေသည်ကို ရဟန်းသံဃာတော်တို့အား လှူဒါန်းရန် သက်န်း သပိတ် ပရိက္ခရာအဘွယ်အရာများနှင့် မိဖုရားခေါင်ကြီး ထွက်တော်မူ၍ ရွှေကရားဖြင့် ရေစက်သွန်းချလှူဒါန်းတော်မူပြီးလျှင် ထီးလင်းဆရာတော် ကို ကျောင်းအပ် တင်လှူတော်မူ၏။

ယင်းသည့် သက္ကရာဇ်အတွင်း မဟာသကျရံသီရုပ်ပွားတော် ကျောက် တော်ကြီး ကိန်းဝပ်ရန် ဘုရားအုတ်ရိုးအင်္ဂတေ မဟာရံတံတိုင်း မီးတား နှစ်ထပ်နှင့်တကွ လုပ်ဆောင်ပြီးပြေသည်ကို ထိုသက္ကရာဇ် သီတင်းကျွတ် လပြည့်ကျော် ကိုးရက်နေ့ ဘဝရှင် မင်းတရားကြီးဘုရား ရွှေသုံးတပ် နောက်သုံးတပ် အခင်းအကျင်းများနှင့် မင်းမိဖုရား မင်းညီမင်းသား စော်ဘွား မြို့စား မှူးတော် မတ်တော် အပေါင်းတို့ဖြင့် ခြီရံတော်မူ၍

ခမ်းနားကြီးကျယ်စွာ ထွက်စံတော်မူပြီးလျှင် ထီးရပ်ခုနစ်တောင့် နှစ်မိုက် လေးသစ်, ထီးဝ နှစ်တောင့်လေးသစ်ရှိသော ထီးတော်ကို အခါတော်နှင့် အမြောက်သံပေး၍ တင်လှူတော်မူ၏။ သံဃာတော် လေးဆွဲတပါးကိုလည်း သင်္ကန်းသပိတ် ပရိက္ခရာ လှူဒါန်းရန်အဘွယ်အရာများနှင့်တကွ ရေစက်သွန်း လှူတော်မူပြီးလျှင် ထောင်တန်း အကျဉ်းခံနေရသူလူပေါင်း လေးဆွဲတစ်ကို သေးမဲ့ချမ်းသာပေးတော်မူ၏။

ထိုသက္ကရာဇ် သီတင်းကျွတ်လ ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား ရွှေမြို့တော်ရွှေမျက်နှာ တောရကျောင်းတိုက်သို့ မင်းမိဖုရားများနှင့် ထွက်တော်မူပြီးလျှင် အရညဝါသီပုဂ္ဂိုလ် ငါးဆွဲတစ်ကို သင်္ကန်း ဆွမ်းဆန်, ဖယောင်းတိုင်, သင်ဖြူး, အုန်း, ကြံ, ငှက်ပျော,ဆား, ငါးပိ အစုံလှူတော်မူ၍ အပြန်ကို လောကမဏိစူဠာဘုရားကို ဖူးမြော်တော်မူပြီးလျှင် ဝင်တော်မူ၏။

ထိုနှစ် နတ်တော်လ သိန်းနီမြို့က အရပ် ငါးတောင့်တမိုက်လေးသစ်, အစွယ်ပြင်ပေါ် တတောင့်တမိုက် ဆင်တော်တစ်၊ မိုးနဲတပ် စစ်ကဲကြီး စေဠကူးမြို့ဝန်က ကရင်များထံဝယ်ယူခဲ့သည့် အရပ် ငါးတောင်, အစွယ်ပြင်ပေါ် တတောင့်နှစ်မိုက် ဆင်တော်နှစ်စီးများကို အဆက်အသရောက်၏။

ထိုသက္ကရာဇ် ပြာသိုလ စစ်ကိုင်းမြို့ ထူပါရုံဘုရား ပြုပျက်သည်ကို ဖျက်သိမ်းစေ၍ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မင်းမိဖုရားတို့နှင့် ရေကြောင်းထွက်တော်မူပြီးလျှင် အုတ်မြစ်စ၍ ချတော်မူ၏။

အဝမြို့ မင်္ဂလာစေတီဘုရား ပြုပျက်သည်ကိုလည်း ဖျက်သိမ်း၍ ထိုသက္ကရာဇ် ပြာသိုလဆန်း ဆယ်ရက်နေ့ ဘဝရှင် မင်းတရားကြီးဘုရား မင်းမိဖုရားများနှင့် ထွက်တော်မူပြီးလျှင် အုတ်မြစ်စ၍ချတော်မူ၏။

ယင်းသည့်လ အတွင်းကိုယ်ရံတော် အစုအမှုထမ်းတို့ကို အစုအလိုက် နောက်တော်လိုက်ရန် မျဉ်းတို့ မျဉ်းရှည်, သက္ကလတ်အင်္ကျီပေးတော်မူ၏၊ ၎င်းလ ရွှေကျင်မြို့ဝန် မဟာမင်းလှမင်းခေါင်ကျော်က အရပ်ငါးတောင်, အစွယ်ပြင်ပေါ် တတောင့်တမိုက်ခန့် ရွှေးရည် ဆင်တော်ကိုဆက်၏။

စစ်ကိုင်းမြို့ ထူပါရုံဘုရား ပဌမဌပနာသွင်းရန် ရွှေဆင်းတု, ငွေဆင်းတု,ကျောက်ဆင်းတု, စုစုဆူရေတထောင့်ခြောက်ရာ့ငါးဆယ်ကျော်များကိုလည်း အခင်းအကျင်း ပွဲသဘင်များနှင့် ထမ်းစင်မှာ တင်ဆောင်ပြီး

လျှင် ထွက်တော်မမူမီတရက်က ပို့ထားစေ၍ သက္ကရာဇ် (၁၂၁၂) တထောင့်နှစ်ရာ့တဆဲ့နှစ်ခု တပို့တွဲလဆန်း တဆဲ့သုံးရက်နေ့ ဘဝရှင်မင်းတရားကြီးဘုရား ထွက်တော်မူပြီးလျှင် ကိုယ်တော်တိုင်စ၍ ဥပနာသွင်းတော်မူ၏။

တန်တားဦး မင်္ဂလာစေတီဘုရား ပဥ္စမ ဥပနာသွင်းရန်များကိုလည်း အထက် စေတီတော်အဟောင်းဖျက်ရ ကျောက်ဖြူဆင်းတုငါး၊ ရွှေဆင်းတု ရှစ်ဆယ်၊ ငွေဆင်တု ငါးထောင့်လေးရာ့တဆဲ့ခြောက်၊ ကြေးဆင်းတု လေးရာ့နှစ်ဆယ်၊ ကျောက်ဆင်းတု တဆဲ့သုံး၊ ရွှေပေနှစ်၊ ငွေပေတဆဲ့ခုနှစ်၊ မွှေစေတီရှစ်၊ ဓာတ်တော်အိုးရှစ်၊ ထပ်ဖြည့်ဥပနာရန် ကျောက်ဖြူဆင်းတုငါး၊ ရွှေဆင်းတု ခြောက်ဆဲ့ခြောက်၊ ငွေဆင်းတု ငါးထောင့်သုံးရာ့သုံးဆဲ့ငါး၊ ကြေးဆင်းတု နှစ်ဆယ်၊ ကျောက်ဆင်းတုကိုး၊ ရွှေပေတစ်၊ မွှေစေတီလေး၊ ငွေပေသုံး၊ ဓာတ်တော်အိုးလေး၊ စုစုဆူရေ တသောင်း တထောင့် လေးရာ့ တဆဲ့ခြောက်များကို ထမ်းစင်တွင်တင်ပြီးလျှင် ပွဲလမ်းသဘင် အခမ်းအနား များနှင့် ထွက်တော်မမူမီ တရက်ကပို့ထားစေ၍ ၎င်းလပြည့်ကျော်နှစ်ရက်နေ့ ဘဝရှင် မင်းတရားကြီး ဘုရား ထွက်တော်မူပြီးလျှင် ကိုယ်တော်တိုင်စ၍ ဥပနာသွင်းတော်မူ၏။

ထိုသက္ကရာဇ် တပေါင်းလဆန်း ငါးရက်နေ့ အသောကာရာမတိုက်တွင် ဆောက်လုပ်တော်မူသောကျောင်းတော်ကို အမွှမ်းအပြောက် ထီးတင် ဆဒ္ဒန်ဆင်မင့်းသခင်ဘဝရှင်မင်းတရားကြီးဘုရား ထွက်တော်မူ၏။

ထိုနှစ်အတွင်း ဒလမြို့ဝန် မဟာမင်းလှသင်္ယာက ဒလမြို့ စီရင်စု ဝါးရခိုင်ကျွန်းတွင် သာယာဝတီမြို့မှာ ထားသည့် မနက်ပလာဆင်နှင့် ငါးဘယ်အိုသူကြီး, ကျိုက်ပိသူကြီးတို့ ဝန်းဝိုင်း ကျော့ဖမ်းရမိသည့် အတိုင်းလေးတောင့်နှစ်မိုက်, အသက် တဆဲ့ငါးနှစ်ခန့် ထူးမြတ်သည့်ဆင်မတော်ကို ဆက်သလာရာ ကြိုယူမြဲ ကြိုယူဆက်သွင်းရ၏။

ထိုသက္ကရာဇ်အတွင်း ကျိုင်းတုံမြို့စောင့် လက်နက်ကိုင်လူလဲရန် ပြည်အောက်ကိုလျှောက်၍ သံလျင်ဒလထိ လူတထောင်ခန့်ထားပြီးလျှင် လဲလှယ် စောင့်နေ ထမ်းရွက်စေ၏၊ ယင်းသည့်တပေါင်းလ မြို့ဝန်နောက်တော်ပါ မြင်းဝန် ပြုစုကိုးကွယ်သည့်ဆရာ ကဝိန္ဒာဘိ သီရိသဒ္ဓမ္မ ဇေမဟာရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ပင်းဆရာတော် နေရင်းပင်းမြို့ကျေးရွာသို့ ကြွသွားရာ ရှမ်းသူငယ်တော မိုးကောင်းတောင်ခြေ တောရ

ကျောင်းတွင် တောမီးဝိုင်းမိ၍ ဘဝပြောင်းသည်ကို ခဲထိီးဆရာတော်ကြီး ကို သဂြိုဟ်သည့်နည်း သဂြိုဟ်စေ၏။

နှစ်စဉ် ခင်းကျင်းလုပ်ဆောင် လှူဒါန်းမြဲ တဆဲ့နှစ်ရာသီ အတာသဘင် မင်းပွဲအလှူတော် များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်း တော်မူ၏။

* သက္ကရာဇ် (၁၂၁၂)တထောင့်နှစ်ရာ့တဆဲ့နှစ်ခု တန်းခူးလဆန်း တဆဲ့တရက်နေ့ ညဉ့်သုံးချက်တီးကျော် တဆဲ့နှစ်ရက် စနေနေ့သို့ အဝင် နှစ်နာရီတပါဒ်အချိန်တွင် သင်္ကြန်ကျသည်၊ ၎င်းလဆန်း တဆဲ့လေးရက် တနင်္လာနေ့ နံနက်လေးချက်တီးကျော် လေးနာရီ သုံးပါဒ်အချိန်တွင် အတာနှစ်သစ်သက္ကရာဇ်(၁၂၁၃)တထောင့် နှစ်ရာ့တဆဲ့သုံးခုသို့ တက်သည်။

## ၁၂၁၃-ခု

### ဆင်ဖမ်းခြင်း, သရက်မင်းသားထံ ဝင်ထွက်သူတို့ကို ကွပ်မျက်ခြင်း စသည်နှင့် ငပိုင်သတ်တို့အား ကွပ်မျက်ခြင်း

သက္ကရာဇ် (၁၂၁၃)တထောင့်နှစ်ရာ့တဆဲ့သုံးခု ကဆုန်လဆန်းတဆဲ့ လေးရက်နေ့ စောလှမြို့ကျေး ရန်မျိုးအောင်တောက အဝကိုးသင်း ရဲပ တိုင်းလေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်း ငါးတောင်ခန့်, အစွယ်ပြင်ပေါ် တတောင်ခန့် ထူးမြတ်သည့်ဆင်တော် ရောက်သည်ကို ကျုံးသို့သွင်း၍ ကျော့ဖမ်းမြဲ ကျော့ဖမ်းစေ၏။

ယင်းသည့်သက္ကရာဇ် နယုန်လအတွင်း ညီတော်ပုခန်းမင်း၊ သီရိသီဟ သူရ မဟာဓမ္မရာဇာ့သား-သရက်မင်းသားထံ ပုခန်းမင့်းဝန် ငဦးကာ, အတွင်းဝန် ငတာ, ငထွေးတို့ ထမ်းရွက်၍ မင်းသားနှင့် တိုင်တပင်ပြုပြီး လျှင် မသင့်မတင့်သော အကြံအစည်ကို ကြံစည်ကြောင်းများကို ကြား သိတော်မူသည်တွင် အမျက်တော်ရှိ၍ သရက်မင်းသားမှာ စားကျေး မြို့ရွာများကို နုတ်သိမ်းပြီးလျှင် အထိန်းအသိမ်းနှင့် ထားတော်မူ၏၊ ခိုမှီ ပေါင်းသင်းကြံစည် အကြီးအမှူးပြုလုပ်သူ ငဦးကာ, ငတာ, ငထွေးတို့ကို ကွပ်မျက်တော်မူ၏။

ဘိုးတော် ပုဂံမင်းသား-ခဲပေါင်မြို့စား ရွှေတိုက်ဝန် ပေါ်ကိုလည်း စကားကူးသန်း ပေါင်းသင်းရောယှက်ကြောင်းများကို သိတော်မူ၍ ရွှေတိုက်တော်မှာ နန်းစဉ်ကျောက်ရွှေငွေဘဏ္ဍာလက်နက်များကိုစစ်ဆေးရာ အပြောင့်အမှန် မေးမြန်းမရသည်နှင့် နောက်ရွှေတိုက်အရာရှိတို့ကို မေးမြန်းကာလ ရွှေတိုက်စိုးငချစ်ဘက်, ငရွှေသိုင်း, ရွှေတိုက်ကြပ်ငရွှေသီး, ငကြီးတို့က သေနတ်လက်နက် ထုတ်ပေးရကြောင်းကို ဖြောင့်ဆိုသောကြောင့် ငချစ်ဘက်,ငရွှေသိုင်း, ငရွှေသီး, ငကြီးတို့ကိုအပြစ်အလျောက် စီရင်တော်မူ၏။ ပေါ်နှင့် နှမမိဖြူ, သားမယားတို့ကိုလည်း ထောင်မှာ ထားတော်မူ၏။

ထိုသက္ကရာဇ် ဝါခေါင်လ တောင်ဥယျာဉ်တော်အတွင်း စံနန်းတော် ထီးရုံတွင် ရွှေမြို့တော်လေးပြင်လေးရပ်ဆင်ခြေဖုံးကျေးရွာပါ သာသနာပြုဆရာတော်ကြီးနှင့် တံဆိပ် ရ-မရ ဆရာတော် သံဃာတော် ရဟန်းလေးထောင့်ငါးရာ့ခုနစ်ဆဲ့သုံး,သာမဏေခြောက်ထောင့်ခြောက်ရာ့ကိုး, စုစုရဟန်းသာမဏေ တသောင်း တထောင့် တရာ့သုံးဆဲ့နှစ် များကို လှူဒါန်းရန် ဝိတ်သက်န်းကြီး လေးထောင့်ငါးရာ့ခုနစ်ဆဲ့သုံး, ဝိတ်ကေသီ ခြောက်ထောင့် ခြောက်ရာ့ခြောက်ဆဲ့တစ်, နှစ်စုသင်္ကန်း တသောင်း တထောင့်နှစ်ရာ့သုံးဆဲ့လေးများကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တိုင် မပြတ် ထွက်တော်မူ၍ မင်းညီမင်းသား မှူးတော်မတ်တော်တို့ကိုကြီးကြပ်စေပြီးလျှင် အချုပ်ဝန်ပုဆိုးတိုက်စိုးစာရေးတို့နှင့် အချုပ်အမှုထမ်း လူရှစ်ရာကျော် တို့ကို ချုပ်လုပ်စေရာ ပြီးပြေသည်ကို ကဝါသည်အစုနှင့် အတွင်းကိုယ်ရံတော်အစုအမှုထမ်း လူလေးရာကျော် တို့ကို ဖွပ်ဆိုးစေ၍ ၎င်းနှစ် သီတင်းကျွတ်လပြည့်ကျော် သုံးရက်နေ့က ရှစ်ရက်နေ့တိုင် နေ့စဉ်မပြတ် ဘဝရှင်မင်းတရားကြီးဘုရား မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်တို့နှင့် ရွှေပြည်တော်မြောက်မျက်နှာ မဟာမုနိဘုရား အနီး အသောကာရာမတိုက်ကျောင်းတော်သို့ ထွက်တော်မူပြီးလျှင် ပွဲသဘင်စည်ပင်သာယာအောင်ခင်းကျင်းလျက် သပိတ်ဆွမ်းစမဲ့အစုံနှင့် လှူဒါန်း၍ တရားနာတော်မူသည်၊ တရားနာတော်မူပြီးဆုံးတွင် မဟာဝိဇယာရာမတိုက်တော်နေ ရှင်ဥတ္တမနှင့် သာမဏေရှစ်ပါးကို ပရိက္ခရာရှစ်ပါး ရဟန်းအသုံးအဆောင်များနှင့် ပဉ္စင်းခံတော်မူ၏၊ သင်္ကန်းအချုပ်အလုပ် အဖွပ်အဆိုး လူ တထောင့် နှစ်ရာကျော်ကိုလည်း ပုဆိုးခေါင်းပေါင်းအုပ်တစ်စီ ပေးဝေတော်မူသည်၊ သင်္ကန်းချုပ်

သည့် ပိတ်အုပ်ပေါင်း သုံးထောင့်လေးရာ့လေးဆဲ့ခြောက်၊ ချုပ်ချည်လုံး ပေါင်း နှစ်သောင်းငါးထောင့်ခြောက်ရာ၊ ပိန္နဲချိန် တသောင်းကိုးထောင့် ခွက်လေးဆဲ့ကျပ်ငါးဆယ်၊ ချဉ်မှုန့်အချင့်သုံးရာ၊သပိတ်ဆွမ်းစမဲဟင်းလျာ တိုး ငွေတော်သပြာတထောင့်ငါးရာကျော်ကုန်သောဟူ၏။

ထိုနှစ် နတ်တော်လပြည့်ကျော် နှစ်ရက်နေ့ စစ်ကိုင်းမြို့စည်ပါတိုက်သို့ အလှူအတန်း အဖူးအမြော် ဘဝရှင်မင်းတရားကြီးဘုရား မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်တို့ ခြံရံ၍ ကြည်းတပ်ရေတပ် အခင်း အကျင်းများနှင့် ထွက်တော်မူပြီးလျှင် စည်ပါတိုက်တွင် သီတင်းသုံးနေ သည့် ရဟန်းသံဃာတော်တို့ကို ဖယောင်းတိုင်, ကွမ်းသီး, ဆွမ်းဆန်,ငါး သိုင်း, ငါးခြောက်, ဆီ,ဆား, ငါးပိမှစ၍ လှူဒါန်းတော်မူ၏။

သက္ကရာဇ်(၁၂၁၃)တထောင့်နှစ်ရာ့တဆဲ့သုံးခု သီတင်းကျွတ်လပြည့် ကျော်ငါးရက်နေ့ ညဉ့်နှစ်ချက်တီးကျော်အချိန် စက်တော်ခေါ်တော်မူ စဉ် စလေမြို့စား ဝန်ကြီးဟောင်း ဝတ်ဖြူစင်ကြယ်နှင့် ခြေရင်းတော်သို့လာ ပြီးလျှင် တိုင်းပြည်ကို ကြည့်ရှုတော်မူပါ လျှောက်ထားသည်၊ မည်သို့ ကြည့်ရှုရမည် မေးတော်မူရာ မြောက်စမုတ်တော်တွင် ရပ်စုံပွဲခံ၍ ကြည့် တော်မူလျှင် သိတော်မူပါမည် တင်လျှောက်သည့် အတွင်း နိုးတော်မူ သည်၊ နောက် တန်ဆောင်မုန်းလဆန်းခြောက်ရက်နေ့ ရပ်စုံပွဲခံ၍ ကြည့် တော်မူရာ မြို့ဝန်ခန့်ထားသူ ငပိုင်သတ်သည် နာခံငရွှေရသမီးပြုလုပ်သူ မိနှစ်ကို ရွှေနားဒေါင်းမှုနှင့် လက်မထောက်တန်းမှာ ချုပ်ထားရာက လွှတ်ပြီးလျှင် နန်းတော် အနောက် အတွင်း စံကားမိဖုရားအဆောင်မှာ ဝင်ထွက်၍ ရွှေဖလားကို ခိုးယူသောကြောင့် ရွှေရုံးသို့အပ်၍ စစ်ကြော သည်ကို မဟုတ်မမှန် စစ်ချက် ရေးပြီးလျှင် ရွှေနန်းတော် အနောက် အတွင်း စစ်ချက်ထွက်ပေါ်သည်ဆို၍ အတွင်းတော်မှာ မတိုင်မကြား အလျောက် ဖမ်းဆီးသည်ကို ပွဲကြည့်တော်မူသည့် အတွင်း ကြားသိ တော်မူ၍ မြို့ဝန်ငပိုင်သတ်နှင့် မြို့စာရေးငပိန်တို့ကို မေးတော်မူရာ မတိုင် မပြော ခေါ်ကြောင်းကို ထွက်ဆိုသည်၊ နောက် ၎င်းတို့မဟုတ်မမှန် ပြည် သူ ပြည်သား တို့ကို ညှဉ်းပန်းနှိပ်စက် ကြေးငွေစားယူ ထောင်တွင် သတ်ဖြတ်ပြုကျင့်ကြောင်းများကို အလုံးစုံသိတော်မူ၍ မြို့ဝန်ငပိုင်သတ်နှင့် လျှပ်ဖြတ်ဆိုးသွမ်းရာပါသူ မြို့စာရေးငပိန်,တံခါးနီမှူး ငရွှေဘော်, ဈေး ခေါင်းငမှုန့်, တန်းခေါင်းငရှင်ကလေး, ငကျားကြီး, ငကြီတို့ကို လွှတ်

တော်က မေးမြန်းစေ၍စာဆက်သွင်းချက်အတိုင်းနတ်တော်လပြည့်ကျော် ခုနစ်ရက်နေ့ ကွပ်မျက်တော်မူ၏။

ဤင်းနှစ် တန်ဆောင်မုန်းလပြည့်ကျော်တဆဲ့နှစ်ရက်နေ့ ရွှေစက်တော်တင် ပုသိန်ရွှေလောင်းကြီး လှေတော်ပွဲနင်းက ရွှေလောင်းကြီးလှေတော် ညဉ့်အခါ တနာရီခန့်ဟိန်းသည်ကို လှေထိန်းငွေး, ငရွှေမောင်တို့ အတွင်းတော်သို့ လာရောက် လျှောက်ထားကြ၏။ ယင်းသည့်နေ့ ရွှေနန်းတော်ကြီးပြာသာဒ် ထုပိကာအောက် ကလပ်အထက် အနောက်တောင်ထောင့်ကသည် မြောက်သို့ အရောင် တနာရီခန့်ထွက်၏။ ဤင်းနေ့ညဉ့် အနောက် တောင်ထောင့်ကသည် အရှေ့ မြောက်ထောင့်သို့ အရိပ်ထင်အောင် အရောင်အလင်းထွက်၏။

### အင်္ဂလိပ်နှင့် စစ်ဖြစ်ခြင်းစသည်နှင့် ကျောက်ပန်းတောင်းဝန်ကြီး အောက်မြစ်စဉ်ကြောင်း ချီတက်ခြင်း

သက္ကရာဇ် (၁၂၁၃) တထောင့်နှစ်ရာ့တဆဲ့သုံးခု နတ်တော်လ ဟံသာဝတီမြို့ဝန် ရေဝန် စစ်ကဲအရာရှိတို့ထံ အင်္ဂလိပ် တိုက်သင်းဘောတစ်, မီးသင်းဘော တစ်, ယမ်းပြမီးသင်းဘောငယ် တစ်များနှင့် အင်္ဂလိပ်စစ်သည် ဗိုလ်အကြီးပြုလုပ်သူတို့ ရေကြောင်းမာလိန်ကို မတောင်းမယူ အလျှောက် ဝင်လာပြီးလျှင် ဒလမြို့ဆိပ်ကဆိုက်၍ မီးသင်းဘောငယ်နှင့် စေလွှတ်စာပေးပြောလာသည်။ ဟံသာဝတီမြို့ဝန်သည် အင်္ဂလိပ်အလံအောက်နေ ကုန်သည်ကြီး, ရန်ကုန်မြို့နေ ကုန်သည်ကြီးတို့ကို နာကျည်းစွာ ညှဉ်းပန်းနှိပ်စက်သည်များကို နှစ်တိုင်းနှစ်ပြည် မဟာမိတ်ဖြစ်၍ တရားနှင့်အညီ ကျေနပ်အောင်ပြောဆိုပြုသမည် လာရောက်ကြောင်း စာပေးသောကြောင့် ဟံသာဝတီမြို့ဝန်က မည်သည့် အမျိုးသားမဆို ကုန်သည် ဆင်းရဲသားတို့ကို တရားနှင့်အညီ အမှုရှိရာ ဆုံးမစီရင်သည်။ နာကျည်း ကြမ်းထမ်းစွာ မပြုကြောင်းများနှင့် စာပြန်ပေးသည့် နောက် အင်္ဂလိပ်မင်းကပေးသည့်ရာဇသံစာ, ဝန်ကြီးမင်းများထံ ပေးသည့် အစီရင်ခံစာ, အင်္ဂလိပ်မင်း တိုက်သင်းဘောအုပ် ကာမိုဒိုလံဘာက ပေးသည့် စာများနှင့် ဤင်းလပြည့်ကျော်ခုနစ်ရက်နေ့ ထပ်မံ၍ ဟံသာဝတီမြို့ဝန် ရေဝန် စစ်ကဲတို့ထံ လာရောက်ပြန်သည်နှင့် ယင်းသည့်အကြောင်းအရာများကို ရွှေဘဝါးတော်အောက်သို့ ဟံသာဝတီမြို့စာရေး နေမျိုးကျော်သူကို စေလွှတ်လျှောက်ထားလာရ၏။

အင်္ဂလိပ်မင်းက ပေးသည့် ရာဇသံစာကား….ဇာနိဒ္ဒိယတိုင်းနှင့် တကွ
အနောက်မျက်နှာ တိုင်းကြီးပြည်ကြီးကို အစိုးရတော်မူသော အင်္ဂလိပ်
မင်း သရ်ဇာန်ဟံတာရ်လီတေလသရ်ပတ်ပဒ်ရိတ်ကာရိဇာန်လော၀ိမင်း
များ ကြားရောက်ပါသည်–သုနာပရန် တမ္ဗဒီပအစရှိသော အရှေ့မျက်
နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရတော်မူ
သော ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော နေထွက်ဘုရင်
ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင်မင်းတရားကြီး….အင်္ဂလိပ်မင်း အလံ
အောက်ရှိနေသူတို့ ဟံသာဝတီမြို့ ဆိပ်ကမ်းတွင်နေသည်ဖြစ်စေ၊ အကြိမ်
များစွာလာသူတို့ဖြစ်စေ၊ အကြိမ်ကြိမ် ဇာနိဒ္ဒိယတိုင်းကို အစိုးရတော်မူသော
အင်္ဂလိပ်မင်းများထံ ဟံသာဝတီ မြို့ဝန်မင်းက နှိပ်စက်၍ အတင်းအဓမ္မပြု
သည်ကို ခံရကြောင်းနှင့် အစီရင်ခံ လျှောက်လာသည် ဖြစ်သော်လည်း
ဇာနိဒ္ဒိယတိုင်းကို အစိုးရတော်မူသော အင်္ဂလိပ်မင်းများနှင့် နှစ်တိုင်း နှစ်
ပြည် မဟာမိတ်ပြု၍ စာချုပ်သည့်အရာများကို သုနာပရန် တမ္ဗဒီပအစရှိ
သော တိုင်းကြီးပြည်ကြီးများကို အစိုးရသောမင်းက ခန့်ထားသည့်အရာ
ရှိကို ပယ်ပါမည့် အကြောင်း၊ မယုံချင်သည့်သဘော ရှိသည်ဖြစ်သော်
လည်း မကြားမခြင်း အင်္ဂလိပ်ပြည်သင်းဘောများနှင့် ကပ္ပိတံတို့အရောင်း
အဝယ် ဟံသာဝတီမြို့မှာလာရောက်သည့်အမှုနှစ်ခုတွင် ဟံသာဝတီမြို့ဝန်
က နှိပ်စက်သည်ကို လျှောက်လာသည်ဖြစ်၍ ၎င်းအမှုတွင် နှိပ်စက်သည့်
အကြောင်းအရာ အလွန်တရာ မတရားသဖြင့် ကျူးမာသည် ဖြစ်သော
ကြောင့် ဇာနိဒ္ဒိယတိုင်းကို အစိုးရသော အင်္ဂလိပ်မင်းများက ဆင်ခြင်၍
အမှန်အကန်ဖြစ်သည်ကို အသေအချာ မေးမြန်းလျှင် အမှန်အကန်ဖြစ်
သည်သိသာသောကြောင့် အင်္ဂလိပ်ရှင်ဘုရင်မ တိုက်သင်းဘောတော်
အုပ်စိုးသည့် ဗိုလ်ချုပ်မင်းကြီး ကာမိုဒိုလံဘာကို စေလွှတ်၍ ဟံသာဝတီ
မြို့ဝန်က နာကျည်းကြမ်းထမ်းစွာ ပြုသမျှအမှုများခံရသည့်လူတို့ စိတ်ကျေ
အောင် ပြုစေသည်ကိုမပြုသည်ဖြစ်၍ ဇာနိဒ္ဒိယတိုင်းကို အစိုးရတော်မူသော
အင်္ဂလိပ်များသည် တရားနှင့်အညီ ပြေငြိမ်းစေတတ်သောသဘောအလုံး
စုံမျိုး ပြုသမျှအကြောင်းအရာ အမှီပြုသည်ဖြစ်၍ အထက်ရေးသည့် အမှု
အရာများကား သုနာပရန်, တမ္ဗဒီပတိုင်း အစရှိသော အရှေ့မျက်နှာ
တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော
မင်းများထံ သိစေလျှင် ၎င်းကဲ့သို့ မတရားပဲမဟုတ်မမှန်ပြုလုပ်သည့်အရာ
ရှိတို့ကို အပြစ်နှင့်လျော်စွာ စီရင်ပါမည့်အကြောင်း၊ ၎င်းပြင် မတရားပဲ

အနာခံသောသူတို့ကို ကျေနပ်အောင်ပြုပါ စေမည်၊ ပြုလျှင်အနာခံသော သူတို့က အမှန်အကန်တရားနှင့်အညီ စီရင်သင့်သည့်အကြောင်းဖြစ်သည်၊ အင်္ဂလိပ်မင်း, မြန်မာမင်းတို့ အမြဲမိတ်ဆွေအတူအညီအမှန်အကန်ရှိသည့် သဘောမှာ ဟံသာဝတီမြို့ဝန် မဟုတ်မမှန်ပြုလုပ်၍ နှစ်တိုင်းနှစ်ပြည် စပ် ကြားတွင် မသင့်မတင့်ပြုလုပ်သည်၊၎င်းပြင်ထုနာပရန်တမ္ဗဒီပအစရှိသော အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရ သောမင်းက စာချုပ်ကို ပြည့်စုံအောင်ပြုလိုသည့် သဘောရှိသော်လည်း ပျက်စီးအောင်ပြုသည်၊ ဟံသာဝတီမြို့ဝန်ကို အရာကနုတ်လျှင် သင့်မည်၊ ဇမ္ဗူဒိယတိုင်းကိုအစိုးရသောမင်းများက အထက်ရေးပေးသည့်အကြောင်း အရာများကို အမှန်အကန် ဆင်ခြင်၍ ၎င်းပြင် ကောင်းစေလိုသည့်အရာ ကို ထင်ရှားအောင်ပြုမည်ကို ယုံကြည်သည်ဖြစ်၍ မိတ်ဆွေသဘောနှင့် မတူသည့်စကားအရာ အရေးမပေးပါမည်-ဇမ္ဗူဒိယတိုင်းကို အစိုးရသော မင်းများက အလိုရှိသည်နှင့်အညီ အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီးကို အစိုးရသောမင်းက မိတ်ဆွေသဘောနှင့် တူအောင်ပြုလျှင် ထင်ရှားပါ မည်၊ အထက်တရားနှင့်အညီ အမှန်အကန်အကြောင်းအရာများကို အလို အတိုင်းမပြုလျှင် ဇမ္ဗူဒိတိုင်းကို အစိုးရတော်မူသောမင်းများက ယခု ချက် ခြင်း ၎င်းတို့ ယခုရှိနေသည့်စာချုပ်နှင့်အညီ အာဏာနှင့် ပြုသင့်တန်သည် ကို ပြုပါမည်၊၎င်းပြင် အင်္ဂလိပ်အလံအောက်ရှိသမျှလူတို့ကိုပြည့်စုံအောင် ကူမ၍ ဇမ္ဗူဒိယတိုင်းကိုအစိုးရတော်မူသောမင်းများက အသရေအာဏာ ကို ထင်စွာပြုပါမည့် အကြောင်းကို ကြားရောက်ပါသည်။ [ဇမ္ဗူဒိယ တိုင်းကို အစိုးရသော အင်္ဂလိပ်မင်း၏ တိုက်သင်းဘောအုပ် ကာမိုဒိုလံ ဘာက ဝန်ရှင်တော် စစ်သူကြီးမင်းများထံ အစီအရင် ခံစာမှာလည်း ၎င်းရာဇသံနှင့် မကွဲမပြား အဓိပ္ပါယ်ပါသည်]။

ဝန်ရှင်တော်စစ်သူကြီးမင်းများက ၎င်းရာဇသံအကြောင်းအရာ အင်္ဂ လိပ်စစ်သူကြီးမင်းများသို့ပေးမှာသည့် စာနှစ်စောင်၊ အင်္ဂလိပ်မင်း တိုက် သင်းဘောအုပ် ကာမိုဒိုလံဘာသို့ ပေးမှာသည့် စာတစောင်များကို ကျောက်မော် မြို့ဝန် မဟာမင်းကျော်ရာဇာ, အဝေးရောက်စာရေး မင်း ကျော် မင်းထင်ရာဇာတို့ကို စေလွှတ်၍ ပြန်ပေးသည့်စာကား၊....ဘုန်း တော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား-ပဒုမာကြာမှံနှင့်တူ သော ရွှေစကတ်တော်စုံကို အမြဲဦးထိပ်ရွက်၍ တိုင်းရေး ပြည်မှုကိုစီရင်ရ

သော အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်စစ်သူကြီးမင်းများ ကြားလိုက်သည်အင်္ဂလိပ်စစ်သူကြီးမင်းတို့— ဟံသာဝတီမြို့ဆိပ်တော်သို့ လာရောက်ရောင်းဝယ်နေထိုင်သည့် ကုန်သည်တို့ကို ဟံသာဝတီမြို့ဝန်က မတရားသဖြင့် နှိပ်စက်သည်ဖြစ်၍ နှိပ်စက်ခံရသူတို့ စိတ်ကျေအောင် ပြုပါမည့်အကြောင်း၊ ဟံသာဝတီမြို့ဝန်ကို အရာကနုတ်လျှင်သင့်ပါမည့်အကြောင်းများနှင့် အင်္ဂလိပ်မင်းတို့က ပို့ရောက်သည့်စာတွင်ပါသည်မှာ နှစ်တိုင်းနှစ်ပြည် မိတ်ဆွေအဖြစ် စာချုပ်ရှိသည်နှင့်အညီ ဟံသာဝတီမြို့ဝန်သည် တိုင်းတပါးကုန်သည်တို့ လာရောက်ရောင်းဝယ်သည့် ဆိပ်ကြီးကမ်းကြီးဖြစ်၍ ကုန်သည်ဆင်းရဲသားတို့ကို တရားသဖြင့် ထိန်းအုပ်စီရင်စေမည်မြို့ဝန်ခန့်ထား ရပ်နေစေရာ ကုန်သည်ဆင်းရဲသားတို့ကို ညှဉ်းပန်း နှိပ်စက်ကြောင်းနှင့် အထက်ဟံသာဝတီမြို့နေ ကုန်သည်ကြီးငယ်တစုတို့ စာဆို၍ ပသီလူမျိုးဒေမာမတ်ဆိုသူ ပို့ရောက်လာသောကြောင့် မှန်မမှန်စစ်မေးမည်ရှိသည့်အတွင်းဟံသာဝတီမြို့နေကုန်သည်ကြီးမူလာအီဗျ'အင်၊ မာမတ်ရှုသွတ်၊ မာမတ်တာတော၊ မာမတ်ကာသင်၊ သတ်ဇံ၊ အာကာသာတက်၊ အလိအရှကယ်၊ မရှတီဟိုသင်၊အာကာစီ၊ပြည်ဇာနစရှန်လာ၊ အာကာနမာစီတို့နှင့် ကုန်သည်ကြီးငယ် လေးဆယ်ကျော်သားတို့က ဟံသာဝတီမြို့ဝန်သည် ကုန်သည်ဆင်းရဲသားတို့ကို မစကြည့်ရှုအငြိမ်အဝပ်ရှိကြောင်း၊ မော်လမြိုင်မြို့နေဒေမာမတ်ဆိုသူက ရွှေဘဝါးတော်အောက် မဟုတ်မမှန်စာကို ပြုလုပ် ရေးသားပြီးလျှင် ဟံသာဝတီမြို့နေ ကုန်သည်ကြီးတို့က လျှောက်ထားဟန် ပို့ရောက်သည့် စာဖြစ်ကြောင်း၊ မင်းရေးစက္ကူစာ အမျိုးဘာသာ လက်မှတ် ကိုယ်စီထိုး၍ ပသီလူမျိုး ဟာရှင်, ဇန်မလည်သတ်တို့ ပို့ရောက် လာသောကြောင့် မစစ်မေးရ ရှိသည်နှင့် အင်္ဂလိပ်မင်းတို့က ပို့ရောက်သည့် စာကို ကြားသိပြန်ရသည်၊ မိတ်ကြီးဆွေကြီးဖြစ်သည်နှင့်အညီ အင်္ဂလိပ်မင်းတို့က ပို့ရောက်သည့် စာအရကိုထောက်၍ ဟံသာဝတီမြို့ဝန်ကို ရွှေဘဝါးတော်အောက် ခေါ်ပြီးလျှင် ဟံသာဝတီမြို့မှာ သင့်ရာခန့်ထား ရပ်နေစေမည်။ ကုန်သည်အမျိုးသားတို့ကို ဟံသာဝတီမြို့ဝန် မတရားသဖြင့် နှိပ်စက်စီရင်သည် ဆိုသည်မှာလည်း မှန်ရာစစ်မေး၍ ထုံးစံရှိရာ စီရင်မည့်အကြောင်းကို ကြားလိုက်သည်။

ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများဥ်းရှင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား- ပဒ

မာကြာမုံနှင့်တူသော ရွှေစက်တော်စုံကိုအမြဲဦးထိပ်ရွက်၍ တိုင်းရေးပြည်ရေးကို စီရင်ရသော အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်စစ်သူကြီး မင်းများကြားလိုက်သည် အင်္ဂလိပ် စစ်သူကြီးမင်းတို့…အင်္ဂလိပ် မင်းတို့က ဟံသာဝတီမြို့သို့ စေလွှတ်သူ တိုက်သင်းဘောအုပ် မိုလ်ချုပ်မင်းကြီး ကာမိုဒိုလံဘာက အင်္ဂလိပ်မင်းများ ပေးသည့်စာဆို၍ သံဖြူကျည်, ကတ္တိပါအိတ်သွတ် ကုမ္ပဏီတံဆိပ် ခတ်မှတ်သည့်စာတစောင်, မိုလ်ချုပ်ကာမိုဒိုလံဘာက ဝန်ရှင်တော်စစ်သူကြီးမင်းများကို ပေးသည့် မြန်မာရေးစက္ကူစာတစောင်များကို ဟံသာဝတီမြို့ဝန်သို့အပ်၍ ရွှေဘဝါးတော်အောက်ပို့ရောက် လာသောကြောင့် ကြားသိရသည်၊ အထက် ပေးမှာမြဲစာနှင့်မတူ ထုံးစံမကျ အာဏာနှင့်ပြုတန်သည်ကို ပြုပါမည်ဆိုသည့် စကားများကို မိတ်ဆွေစကားနှင့်မဆိုင်၊ စာတွင်ပါသော်လည်း နှစ်တိုင်းနှစ်ပြည် မိတ်ကြီးဆွေကြီးဖြစ်သည်နှင့်အညီ စာတွင်ပါသည့်စကားကို ထောက်၍ အခွင့်နှင့်လျော်စွာ သင့်တင့်ငြိမ်ဝပ်အောင် စာပြန်ပေးရှိသည်။ စာပေးမှာရန်ရှိသည်များမှာ တိုင်းကြီးပြည်ကြီးချင်း ဖြစ်သည့်အတိုင်း အထက်ကတိထားရင်း ပေးမှာမြဲရှိသည်ကိုသာ ရေးသားပေးမှာလျှင် သင့်မည် အကြောင်းကို ကြားလိုက်သည်။

ဟံသာဝတီ ရန်ကုန်မြို့မှာလည်း ဟံသာဝတီရန်ကုန်မြို့ဝန် မင်းကြီး မဟာမင်းလှမင်းခေါင်ကျော်ကို ရွှေစက်တော်ရင်းသို့ခေါ်ပြီးလျှင် ပြည်ရွှေတောင်မြို့ဝန် သတိုးမင်းကြီး မဟာမင်းလှ မင်းခေါင်ကျော်ကို ရွှေဘဝါးတော်အောက်က နတ်စုလက်ဝဲမိုလ် မဟာမင်းလှ မင်းခေါင်နှင့် အုပ်စုလူတထောင်, နတ်စုလက်ယာအမှုထမ်း လူငါးရာ, ရွှေးလက်ယာမိုလ် မဟာမင်းလှမင်းကျော်ရာဇာနှင့် အုပ်စုလူတထောင်, ရွှေပြည့်မှန်ကင်းမိုလ် မဟာမင်းထင်ရာဇာနှင့် အမှုထမ်းလူတထောင်, စုစုလူသုံးထောင့်ငါးရာ၊ ပြည်အောက်မြို့ကျေးရွာများကလည်း လက်နက်ကိုင် လူသူ စည်းကြပ်ခေါ်သွား၍ ဟံသာဝတီရန်ကုန်မြို့က ရပ်နေပြီးလျှင် အင်္ဂလိပ်ကုလားတို့နှင့် ဖြစ်ပွားသည့်စကားများကို ငြိမ်းပြေအောင် ပြောဆိုရမည် အမိန့်တော်နှင့် ထိုသတ္တရာဇ် ပြာသိုလဆန်းနှစ်ရက်နေ့ စုန်သွား၍ ရောက်ကာလ ပြည်ရွှေတောင်မြို့ဝန်လည်း ကျောက်မော်မြို့ဝန် မဟာမင်းကျော်ရာဇာ, အဝေးရောက်စာရေး မင်းကျော်မင်းထင်ရာဇာ တို့ကို တိုက်သင်းဘောအုပ် ကာမိုဒိုလံဘာထံ စေလွှတ်ရာ ပြေကျေအောင် ပြောဆိုပါမည်ဆို၍ ပြန်လာသည့်နောက် စကားပြန် တွေ့လာရောက်

၍ ကျွန်တော်တို့ တိုက်သင်းဘောအုပ် ဗိုလ်ချုပ်ကာမိုဒိုလံဘာ လာပါ လိမ့်မည် လျှောက်ထား ပြောဆိုလျှင် ပြည်ရွှေတောင်မြို့ဝန်က တိုက်သင်းဘောအုပ် ကာမိုဒိုလံဘာမလာလျှင်လည်း စာပေးပို့ရန်ရှိသည်များကို စကားပြန်တွေ့က် တယောက်သာလာ၍ပေးလာရမည် မှာထားလိုက်သည်ကို စကားပြန်တွေက်သာမလာ၊ အမေရိကံ ဆရာကင်းကိတ်, ဗိုလ်ငယ်လေးတို့နှင့် မြင်းစီး၍ဝင်လာသောကြောင့် အရေးပိုင်မင်းကြီး ဝင်းအတွင်းသို့ မြင်းစီး၍မဝင်နှင့်တားဆီးသည်တွင် ၎င်းဗိုလ်ငယ်တို့ကိုလည်း အရေးပိုင် ပြည်ရွှေတောင်မြို့ဝန်မင်းကြီးနှင့် အတွေ့မခံ၊ နောက် ရေဝန်စစ်ကဲတို့ကို အရေးပိုင်မင်းကြီးက အတွေ့ခံစေသည်ကိုလည်း အင်္ဂလိပ်ဗိုလ်တို့ စကားမပြောမဆို ပြန်သွားပြီးလျှင် ညဉ့်နှစ်ချက်တီးကျော်အချိန်ရေနန်းယာဉ်သာသင်းဘောတော်ကြီးကို မီးသင်းဘောနှစ်စင်း ဝဲယာတွဲယူ တိတ်တဆိတ်ထွက်သွား၍ ရန်ကုန်မြို့နေ အရာရှိတို့ကိုစေလွှတ်တောင်းစေရာ မပေးမအပ် အတင်းဆောင်ယူသွားသောကြောင့် မနုတ်ကင်းတွင် အစောင့်အနေ ထားသည့် လှိုင်မြို့သူကြီး, သီလဝါကင်းတွင် အစောင့်အနေထားသည့် သုံးခွဲပနင်း ငခွေးဖြူ, ရဲဗိုလ်ငပိုတို့နှင့် လက်နက်ကိုင်လူတို့က ဆီး၍ပစ်ခတ်ရာ လေးမြို့ဝန်ခေါ် ကုလားဗိုလ်တစ်နှင့် စစ်ပါရီတို့ သေကြေပျက်စီးသော်လည်းမနေ အတင်းထွက်သွားပြီးလျှင် ခုနစ်လံဝ သံလျှင်ကျွန်းစွန်းတွင်ရပ်နေရာ ပြည်ရွှေတောင်မြို့ဝန်လည်း ရေဝန်အရာရှိတို့နှင့် ဒလမြို့ဝန် မင်းကြီးမဟာမင်းခေါင်ရာဇာတို့ကို စာပေးအပ် စေလွှတ်ပြောဆိုရာ မနာမယူသောကြောင့် ဘင်္ဂလား မြို့ ဝန်ကြီးမင်းများသို့ ပေးရန်စာ, မုတ္တမမြို့ဝန်က မော်လမြိုင်မြို့အရေးပိုင်ထံပေး၍ ဘင်္ဂလားမြို့ဝန်ကြီးခင်းများထံ ပေးရန်စာများနှင့် ပေးပို့သည့်အတွင်း အင်္ဂလိပ်မင်း တိုက်သင်းဘောအုပ် ဗိုလ်ချုပ် ကာမိုဒိုလံဘာက အထက်ဟံသာဝတီမြို့ အရေးပိုင်မင်းကြီး,အင်္ဂလိပ်အမျိုးသားကုန်သည်လူဗု,သျှပရတို့တွင်မှုခင်းရှာကြံညှဉ်းပန်းနှိပ်စက်ယူသည့် ဒင်္ဂါးကိုးထောင်ကျော်ကို ပြန်ပေးစေလိုသည့်အမှု၊ နောက် ဟံသာဝတီမြို့မှာ အသစ်လဲလှယ်ခန့်ထားသည့် အရေးပိုင်မင်းကြီးထံ အင်္ဂလိပ်ဗိုလ်ငယ်တို့ကို စာနှင့် စေလွှတ်ရာ အတွေ့မခံသောကြောင့် အရှက်ရသည်များကို ကျေနပ်အောင် ပြုစေလိုသည့်အမှု၊ ဟံသာဝတီရန်ကုန်မြို့တွင် အထက်ရန္တပိုစာချုပ် သတ္တမအချက်တွင်ပါသည့်အတိုင်း အင်္ဂလိပ်မင်းက အရေးပိုင်ကိုယ်စားလှယ် ခန့်ထားနေစေသည်ကို ဟံသာဝတီ အရေးပိုင်မင်းကြီးက အင်္ဂလိပ်မင်း ကိုယ်စားလှယ်

ဖြစ်သည် နှလုံးပိုက်၍ တော်သင့်သည့်အသရေနှင့် ကောင်းမွန်စွာ လက်ခံစေလိုသည့်အမှု၊ ယင်းသည့်အရေးသုံးချက်ပါ အမှုစကားရပ် ပြီးပြေကုံစင်လျှင် သင်းဘောတော်ကြီးကို အရေးပိုင်မင်းကြီးထံ ပြန်ပေး၍ ပင်လယ်ဝတွင်ရှိသည့် တိုက်သင်းဘောများကို နုတ်သိမ်းပြန်သွားပါမည့်အကြောင်းနှင့် ဟံသာဝတီအရေးပိုင် ပြည်ရွှေတောင်မြို့ဝန် သတိုးမင်းကြီးမင်းလှမင်းကျော်ထံ စာရှိရောက်သည်။

၎င်းစာကို ရွှေဘဝါးတော်အောက်သို့ ကြံခင်းမြို့သူကြီး ငမြတ်သာထွန်းအောင်ကို စေလွှတ်လျှောက်ထားလာရာ ရွှေနားတော်ကြား တင်လျှောက်ပြီးလျှင် အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် စစ်သူကြီးမင်းများက တိုင်းကြီးနှစ်တိုင်း, ပြည်ကြီးနှစ်ပြည် မဟာမိတ်ဖြစ်ကြသည့်အတိုင်း ကုန်သည်ဆင်းရဲသားကျွန်တော်မျိုးတို့ကို မနာမကျည်းစေရ အင်္ဂလိပ်မင်း တိုက်သင်းဘောအုပ် ဗိုလ်ချုပ်ကာမိုဒိုလ်ဘာ လျှောက်ထားသည့်စာပါ အထက် ဟံသာဝတီမြို့ အရေးပိုင်က အင်္ဂလိပ်အမျိုးသားကုန်သည် လူဇာ, သျှပရတို့ကို ညှဉ်းပန်းနှိပ်စက်၍ ယူသည့်ဒင်္ဂါး ကိုးထောင်ကျော်မှုနှင့် ဟံသာဝတီအရေးပိုင် ပြည်ရွှေတောင်မြို့ဝန်ထံ အင်္ဂလိပ်ဗိုလ်ငယ်လေးတို့ကိုစားနှင့်စေလွှတ်ရာ အတွေ့မခံလစ်လပ်ရှိသည့်အမှုများမှာ နှစ်တိုင်းနှစ်ပြည် စစ်မက်မဖြစ်မပွားစေရ၊ အင်္ဂလိပ်မင်းတိုက်သင်းဘောအုပ် ဗိုလ်ချုပ်နှင့်အင်္ဂလိပ်ဗိုလ်တို့ သဘောနှလုံးပြေကျေအောင် ဟံသာဝတီအရေးပိုင် ပြည်ရွှေတောင်မြို့ဝန်က ပြုရမည်၊ ရန္တပိုစာချုပ် သတ္တမအချက်တွင်ပါသည့်အတိုင်း နိုင်ငံတော်အတွင်း အရေးပိုင်ထားလိုသည် ဆိုသည့်စကားမှာ အထက်လည်းရန္တပိုစာချုပ်ထွက်အရ အင်္ဂလိပ်စစ်သူကြီးတို့က ကာရနယ်လဘော်ရနီကို ခန့်ထား၍ ရွှေမြို့တော်တွင် နေစေသည်၊ မြန်မာမင်းများကလည်း မိုးထားမြို့စား မင်းကြီး မဟာ စည်သူကျော်ကို ခန့်ထား၍ နေစေသည်၊ နောက်တဦးကိုတဦး မိတ်ဆွေအဖြစ် ယုံကြည်ကြပြီဖြစ်၍ မြန်မာအရာရှိကိုနုတ်သိမ်းသည်၊ ကာရနယ်လဘော်ရနီလည်း ပြန်သွားသည်၊ နောက်ကာရနံရဇ္ဇင်ဘင်သင် လာရောက်ပြန်လျှင်လည်း ကာရနယ်လဘော်ရနီနေထိုင်သည့်နည်း ရွှေမြို့တော်တွင် နေထိုင်စေရာ မကျန်းမမာ၍ တိုင်ကြားပြန်သွားသည့်နောက် ယခုတိုင် ကာလအရှည် တဦးကိုတဦးယုံကြည်ကြသောကြောင့်လူမထားမရှိ၊ကုန်သည်ဆင်းရဲသားကျွန်တော်မျိုးတို့ အငြိမ်အဝပ်ဖောက်ကားရောင်းဝယ်၍ နှစ်တိုင်းနှစ်ပြည် အဆက်မပြတ်အသင့်တင့်ရှိနေကြသဖြင့် အထက်ကာရနယ်လဘော်ရနီ,

ကာရန်ရင်ရှင် ဘင်သင်တို့ကို လက်ခံနေထိုင်စေသည့်နည်း ရွှေဘဝါးတော်အောက်မှာဖြစ်စေ, နိုင်ငံတော် တောင်မျက်နှာ ဟံသာဝတီရန်ကုန်မြို့မှာဖြစ်စေ အင်္ဂလိပ်စစ်သူကြီးတို့ သဘောကြိုက်ညီရာ တိုက်အိမ်နေရာပေးကမ်းချထားနေထိုင်စေမည့်အကြောင်းများနှင့် ဟံသာဝတီမြို့ အရေးပိုင် ပြည်ရွှေတောင်မြို့ဝန် သတိုးမင်းကြီးမဟာမင်းလှမင်းခေါင်ကျော်သို့ စာပေးမှာလိုက်၏။

နောက် ဟံသာဝတီ အရေးပိုင်မင်းကြီးလည်း လွှတ်တော်က ဝန်ရှင်တော် စစ်သူကြီးမင်းများ ပေးမှာသည့် စာအရ အင်္ဂလိပ်မင်း တိုက်သင်းဘောအုပ် ဗိုလ်ချုပ် ကာမိုဒိုလံဘာသို့ စာရေးသား လူစေလွှတ်ပေးစေရာ ဗိုလ်ချုပ်ဆိုသူနှင့် အင်္ဂလိပ်ဗိုလ်တို့ တိုင်းကျိုး ပြည်ကျိုးကို မမြော်မထောက် ကွေ့လည်ဆန်းပြား စစ်မက်ဖြစ်ပွားအောင် ကြံဆောင်ပြီးလျှင် အထက်ပြောဆိုရင်း အရေးစကားသုံးချက်ပြင် ပိုမို၍ ယခု ချီတက်ခဲ့သည့် စစ်စရိတ် ဒင်္ဂါး တသန်းကိုလည်း ပေးရမည် တိုင်းကြီး ပြည်ကြီး ထုံးစံနှင့်မညီ ဟံသာဝတီအရေးပိုင် ပြည်ရွှေတောင်မြို့ဝန်ကိုလည်း တိုက်သင်းဘောအုပ် ဗိုလ်ချုပ်ရှိရာ စကားပြောဆို လာရမည်— စာပြန်ပေးလိုက်သည်နှင့် ဟံသာဝတီ ရန်ကုန်မြို့ အရေးပိုင် ပြည်ရွှေတောင်မြို့ဝန် သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော်လည်း အင်္ဂလိပ်ဗိုလ်ချုပ်တို့ ကွေ့လည်ဆန်းပြားအကြံအစည်ရှိသည်များကို တွေးထင်မိသည်ဖြစ်၍ ဟံသာဝတီရန်ကုန် မြို့တွင်းမြို့ပြင် ဝန်းကျင်ပတ်လည် အင်္ဂလိပ်ကုလားတို့ စစ်တက်လမ်းပေါက် လမ်းဝ သင့်ရာများတွင် သင့်ရာဗိုလ်မှူးတပ်မှူး အမှုထမ်း ရဲမက်တို့နှင့် အမြောက်စိန် သေနတ်လက်နက်ကိရိယာအများ စည်းကြပ်ခန့်ထားစောင့်နေစေ၏။ ပြည်အောက်အကြေမြစ်စဉ်တလျှောက် မြို့ကျေးရွာများတွင်လည်း ဗိုလ်ရဲမက်အမှုထမ်း အင်အားအလျောက် အသီးအသီး ခန့်ထားစည်းကြပ်စောင့်နေစေ၏၊ ယင်းသည့်အကြောင်းအရာ များကိုလည်း ဟံသာဝတီအရေးပိုင် ပြည်ရွှေတောင်မြို့ဝန်က ရွှေဘဝါးတော်အောက်သို့ လူစေလွှတ် လျှောက်ထားလာ၏။

ထိုအခါ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးအပေါင်းတို့၏အလယ် အမိန့်တော်ရှိသည်ကား····တကျွန်းသား အင်္ဂလိပ်လူမျိုး ကုန်သည်ဆင်းရဲသားတို့ကို အထက် တိုင်းကြီးပြည်ကြီးချင်း မဟာမိတ် ဖြစ်ကြသည်ကို

ထောက်၍ နိုင်ငံတော်တောင်မျက်နှာ ဟံသာဝတီ ရန်ကုန်မြို့များတွင် ကုန်စည်ကူးသန်း ဖောက်ကားသွားလာနေထိုင်ကြသည်များကို တရား နှင့်အညီ ကြည့်ရှုမစတော်မူသည်ကို ယခု ဗုန္ဒိယတိုင်းကို အစိုးရသော အင်္ဂလိပ်မင်းက တိုက်သင်းဘောအုပ် ဗိုလ်ချုပ် ကာမိုဒိုလံဘာကိုအရေး ပေးအပ် စေလွှတ် လာရောက်ပြီးလျှင် တိုင်းကြီး ပြည်ကြီးချင်း မသင့် မတင့်အောင် ဟံသာဝတီ ရန်ကုန်မြို့အရေးပိုင်ဖြစ်သူက အင်္ဂလိပ်အမျိုး သား ကုန်သည်ဆင်းရဲသား လူပေါင်းလေးဆယ်ကျော်သားတို့ကို ညှဉ်း ပန်းနှိပ်စက် ပြုကျင့်ကြောင်း မမှန်မကန် လျှောက်ထားပြီးနောက် လူ ပေါင်းလေးဆယ်ကျော်မဟုတ် သျှပရ, လူဗုတို့တွင် ညှဉ်းပန်းနှိပ်စက် စားယူသည့် ဒင်္ဂါးကိုးထောင်ကျော်ကို သနားတော်မြတ် ခံလိုကြောင်း၊ နောက် ဟံသာဝတီ ရန်ကုန်မြို့ကို အရေးပေးအပ် ခန့်ထားသူ ပြည်ရွှေ တောင်မြို့ဝန်ထံ အင်္ဂလိပ်ဗိုလ်ငယ်လေးတို့ကို စာပေးအပ် စေလွှတ်ရာ အတွေ့မခံ လစ်လပ်ရှိသည်ကို အရှက်ရကြောင်း၊ ရန္တပိုစာချုပ် သတ္တမ အချက်တွင်ပါသည့်အတိုင်း နိုင်ငံတော်အတွင်း အင်္ဂလိပ်ကုန်သည်အမျိုး သားတို့ကို ကြည့်ရှုစေရန် အရေးပိုင်ထားလိုကြောင်းနှင့် လျှောက်ထား ပြန်ရာ အနည်းငယ် ဆင်းရဲသား ကုန်သည်တို့အမှုနှင့် နှစ်တိုင်းနှစ်ပြည် စစ်မက်မဖြစ်မပွားသင့် ကြံရည်တော်မူပြီးလျှင် သင်းတို့အလိုရှိရာ အရေး သုံးချက်စကားကို အခွင့်ပေးပြီးလျှင် ပြေကျေအောင် ပြောဆိုရမည်။ ဟံသာဝတီမြို့တွင် အရေးပေးအပ် ခန့်ထားသူ ပြည်ရွှေတောင်မြို့ဝန်သို့ မှာထားပြောဆိုပြန်လျှင်လည်း ယင်းသည့် အရေးသုံးချက်စကားပြင် ဗိုမို ၍ ယခု ဟံသာဝတီမြို့သို့ ချီတက်ခဲ့ရသည့် စစ်စရိတ်ဒင်္ဂါး တသန်းကို တိုင်းကြီးပြည်ကြီးသား မလေ့ထုံးစံမဟုတ်၊ ဟံသာဝတီရန်ကုန်မြို့ အရေး ပိုင် ပြည်ရွှေတောင်မြို့ဝန်ကိုယ် တိုက်သင်းဘောအုပ်ဗိုလ်ချုပ်ရှိရာစကား ပြောဆို ပေးကမ်းလာရောက်မှ ရတနာယာဉ်မွှန် သင်းဘောတော်ကြီး ကို ပေးအပ်မည်၊ အကြိမ်ကြိမ် တွေ့လည်ဆန်းပြား မပြီးမပြေနိုင်အောင် လျှောက်ထားရှိသည်ကို ပြီးပြေအောင် အရေးပေးအပ်သင့်တော့သည် မဟုတ်၊ အင်္ဂလိပ်ဗိုလ်ရဲမက် အမှုထမ်းတို့ ချီတက်ပေါက်ရောက်သာသည့် တောင်ငူ,ရွှေကျင်, ပုသိမ်ကြောင်းများသို့ သင့်ရာအကြီးအမှူးတို့ကို ရပ် နေစေပြီးမှ နိုင်ငံတော်တောင်ဘက်တလွှား မြောက်ဖက်တပြင်ရှိရဲမက် အမှုထမ်းလူတို့ကို အလျှင်သိမ်းရုံးစည်းကြပ်၍ ဗိုလ်မှူးဗိုလ်ချုပ် အရေး ပေးအပ်ခန့်ထားပြီးလျှင် ဟံသာဝတီကြောင်း, ပုသိမ်ကြောင်း, မုတ္တမ

ကြောင်း, မညဝတီကြောင်း လေးကြောင်းလေးသွယ် ချီတက်တိုက်ဖျက် သိမ်းယူရမည်-အမိန့်တော် ရှိသည်ကို ရွှေတော်တွင် ခစားရှိနေသည့် မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးအပေါင်းတို့ တစုံတရာ မည်သို့မျှ မလျှောက်မထားဝံ့၊ ဦးညွှတ်၍သာနေကြရ၏။

ထိုနှစ် ပြာသိုလဆန်း ၄ ရက်နေ့ အသောကာရာမတိုက်သို့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား တပ်ဝင်း အခင်းအကျင်းများနှင့် ထွက်တော်မူ၍ ကျောင်းတော်ကြီးပေါ်တွင် သံဃာတော်နှစ်ထောင်ကျော်ကို ဆွမ်းလုပ်ကျွေးတော်မူ၏။

သက္ကရာဇ် (၁၂၁၃) တထောင့် နှစ်ရာ့ တဆဲ့သုံးခု တပို့တွဲလဆန်း တဆဲ့လေးရက် အင်္ဂါနေ့ နေနှစ်ချက်တီးကျော် နှစ်နာရီ ပါဒ်ပြည့်အချိန်တွင် ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း ရဟန်းရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ သွားလာရန် ရွှေမြို့တော် တောင်မျက်နှာ အလယ်ကုန်းမော် ခတ်တံခါးအထွက်က တောင်သမန်အင်းကို ဖြတ်ပြီးလျှင် ကုသိုလ်တော် မဟာသကျရံသီဘုရားအနီးရောက် အုတ်တန်တား အုတ်မြစ်စ၍ ခင်းချလုပ်ဆောင်စေ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း လက်နက်နိုင်ငံတော် မုတ္တမမြို့, ပုသိန်မြို့များတွင် အင်္ဂလိပ်ကုလားလူမျိုးတို့ အရေးကို မြော်ထောက်တော်မူ၍ နိုင်ငံတော်တောင်မျက်နှာမုတ္တမမြို့သို့လည်း လက်ယာဝင်းမှူး သတိုး မင်းကြီး မဟာမင်းလှရာဇသူကို တောင်ငူ, ရွှေကျင်, စစ်တောင်း, ကျောက်မော်မြို့ကျေးရွာများက လက်နက်ကိုင် လူသူခန့်ထားစည်းကြပ်စေပြီးလျှင် ယင်းသည့် တပို့တွဲလဆန်း တဆဲ့လေးရက်နေ့ အထက်အမိန့်တော်အတိုင်း ချီတက်ရပ်နေစေ၏။

လက်ဝဲဝင်းမှူး သတိုး မင်းကြီးမင်းလှမဟာမင်းခေါင်ကိုလည်း ပုဂံမြို့ကသည် မြေထဲမြို့အထိ လက်နက်ကိုင်လူသူစည်းကြပ်စေပြီးလျှင် မြေထဲမြို့က ရပ်နေထမ်းရွက်စေရန် ယင်းသည့်လဆန်းတဆဲ့ ၄ ရက်နေ့ ချီတက်ရ၏။

ပုသိန်မြို့ဝန် သတိုး မင်းကြီးမဟာမင်းခေါင်ကိုလည်း နတ်ရှင့်ရွှေးဗိုလ်မဟာမင်းလှတိမ်ကြားမင်းခေါင်နှင့် အုပ်စုအမှုထမ်း လူတထောင် ခန့်ထားပေးအပ်ပြီးလျှင် ပုသိန်မြို့က အမှုထမ်းလက်နက်ကိုင် စည်းကြပ် ရပ်နေစေရန် ယင်းသည့်လပြည့်ကျော်တရက်နေ့ ချီတက်စေ၏။

ဟံသာဝတီကြောင်း ထပ်ဖြည့်ချီတက်စေရန် ရွှေးလက်ဝဲဗိုလ် မဟာမင်းထင်မင်းလှရဲခေါင်နှင့် ၎င်းအမှုထမ်း လူတထောင်၊ လက်ဝဲကြောင်းဗိုလ် မဟာမင်းလှမင်းထင်သမန္တကျော်နှင့် ၎င်းအမှုထမ်း လူ ငါးရာ့တဆယ်ကျော်၊ လက်ယာကြောင်းဗိုလ် မဟာမင်းလှမင်းထင်တန်ဆောင်နှင့် အုပ်စု အမှုထမ်းရှစ်ရာ့ခုနစ်ဆယ်ကျော်၊ တလုပ်မြို့ ဗိုလ် မဟာမင်းခေါင်သင်္ခယာနှင့် တလုပ်မြို့အမှုထမ်း လူငါးရာ၊ ငစဥ့်ကူးမြို့, ကျောက်မြောင်းမြို့အမှုထမ်းလူလေးရာ့ငါးဆယ်ကျော် စုစုလူပေါင်း သုံးထောင့်သုံးရာ့လေးဆယ်ကျော်တို့ကို ချီထွက်စေ၏။

အထက်ချီတက်ရင်း လူတထောင့်ငါးရာ၊ ပြည်အောက်မြို့ကျေးရွာအမှုထမ်း လူ တသောင့်း တထောင့် လေးရာ့သုံးဆယ်ကျော်၊ စုစုလူပေါင်း တသောင့်း ရှစ်ထောင့်နှစ်ရာကျော်တွင် အထက်ချုပ်အုပ်ရင်း ပြည်ရွှေတောင်မြို့ဝန် သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော်ကိုဗိုလ်မှူး။

ပုသိန်ကြောင်းထပ်ဖြည့်ချီတက်ထမ်းရွက်စေရန်လင်းဇင်းသေနတ်ဗိုလ် မဟာမင်းငယ်ရာဇာနှင့် သူ့ရဲအမှုထမ်းလူတထောင့်နှစ်ရာ၊ ကျောက်ပန်းတောင်းမြို့ အမှုထမ်းလူတရာ့ငါးဆယ်၊ လင်းဇင်းအစုအမှုထမ်းလူငါးရာ၊ ပုခန်းကြီးမြို့ဗိုလ် မဟာမင်းခေါင်ရာဇာ, မဟာမင်းခေါင်ကျော်ထင်တို့နှင့် ၎င်းအမှုထမ်း လူတထောင်၊ စုစု လူနှစ်ထောင့်ရှစ်ရာ့ငါးဆယ်၊ အထက်ချီတက်ထမ်းရွက်ရှိသည့် ပုသိန်မြို့ ကျေးရွာအမှုထမ်းလူတထောင့်ခြောက်ရာ့နှစ်ဆယ်၊ နတ်ရှင့်ရွှေးဗိုလ် မဟာမင်းလှတိမ်ကြားမင်းခေါင်နှင့် ၎င်းအမှုထမ်း လူတထောင်၊ နှစ်စု နှစ်ထောင့်ခြောက်ရာ့နှစ်ဆယ်၊ စုစုလူပေါင်း ငါးထောင့်လေးရာ့ခုနစ်ဆယ်တွင် အထက်ချုပ်အုပ်ရင်း ပုသိန်မြို့ဝန် သတိုးမင်းကြီးမဟာမင်းခေါင်ကို ဗိုလ်မှူး။

အထက်မုတ္တမကြောင်းချီတက်ရပ်နေစေသည့် လက်ယာဝင်းမှူး သတိုးမင်းကြီးမဟာမင်းခေါင်ရာဇာသူကို ရွှေဘဝါးတော်အောက်ခေါ်ပြီးလျှင် မုတ္တမကြောင်း ထပ်ဖြည့်ချီတက် ထမ်းရွက်စေရန် တောင်တွင်းကြီးမြို့ အမှုထမ်းလူသုံးထောင်၊ ရွှေပြည်ရန်အောင်မြင်းတပ်ဗိုလ် မဟာဇေယျမင်းကျော်, မဟာမင်းလှမင်းခေါင်သူရိန်တို့နှင့် မြင်းတထောင်၊ ပင်းတလဲမြို့ဗိုလ် မဟာမင်းလှနန္ဒရာဇာနှင့် အမှုထမ်းလူငါးရာ၊ ရမည်းသင်းမြို့ဗိုလ် မဟာ မင်းကျော်မင်းခေါင်နှင့် အမှုထမ်းလူငါးရာ၊ စုစုလူငါးထောင်၊ အထက်ချီတက်ရင်း လူ သုံးထောင့်ကိုးရာ့သုံးဆယ်ကျော်၊ နှစ်စု လူ ရှစ်

ထောင့်ကိုးရာကျော်တွင် တောင်တွင်းကြီးမြို့ဝန် မင်းရဲမင်းခေါင်ကျော်ကို မိုလ်မှူး။

ဓညဝတီကြောင်းမှာလည်း အထက်ချီတက်ရင်း လူသုံးထောင့်နှစ်ရာ ခုနစ်ဆယ်ကျော်၊ နေဘ်ထပ်ရဲဘက်မြင်းတပ်မိုလ် မဟာမင်းထင်မင်းကျော် နှင့် မြင်းတပ် ရှစ်ရာရှစ်ဆယ်ကျော်၊ ကင်းတားကုလားပျို့ သေနတ်မိုလ် မဟာမင်းလှမင်းထင်ရာဇာနှင့် ၎င်းအမှုထမ်း လူနှစ်ရာလေးဆယ်ကျော်၊ နောက်ဝန်းကျင်အမှုထမ်း လူတရာ၊ ရွှေပြည်သေနတ်မိုလ် မဟာဇေယျနန္ဒမင်း ကျော်နှင့် ၎င်းအမှုထမ်း လူနှစ်ရာတဆယ်၊ နောက်ဝင်းဘုန်းတော်ဖြစ် အမှုထမ်းလူရှစ်ဆယ်၊ ယင်းတော်မြို့အမှုထမ်း လူတရာ၊ ပင်းမြို့အမှုထမ်း လူတရာငါးဆယ်၊ လှိုင်းတက်မြို့အမှုထမ်းလူငါးဆယ်၊ စုစုလူငါးထောင် ကျော်တွင် အထက်ချုပ်အုပ်ရင်းလက်ဝဲဝင်းမှူးသတိုးမင်းကြီးမင်းလှမဟာ မင်းခေါင်ကို မိုလ်မှူး ခန့်ထား၍ အသီးအသီး အရေးပေးအပ်တော် မူပြီးလျှင် လေးကြောင်းလေးသွယ်မိုလ် သေနတ် စာရေး စစ်ကဲ နာခံ တပ်မှူးတပ်အုပ် အမှုထမ်း ရဲမက်လက်နက်ကိုင် အသီးအသီး ထပ်ဖြည့် ခန့်ထားပေးအပ်ပြီးလျှင် သက္ကရာဇ် (၁၂၁၃) တထောင့်နှစ်ရာတဆဲ့ သုံးခု နှောင်းတန်းခူးလအတွင်း ချီတက်ရပ်နေစေ၏။

ထိုသက္ကရာဇ် နှောင်းတန်းခူးလပြည့်ကျော်တရက်နေ့ ပြည်လေးသင်း မင်္ဂလာလေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်း ခြောက်တောင်ခန့်, အစွယ်ပြင်ပေါ် တတောင့်တမိုက်ခန့် ထူးမြတ်သည့် ဆင်တော်ရောက်သည်ကို ကျုံးသို့သွင်း၍ ကျော့ဖမ်းမြဲ ကျော့ဖမ်းစေ၏။ ယင်းသည့် လပြည့်ကျော် နှစ်ရက်နေ့ လဲချားစော်ဘွားက အပြင်အလျှာ နှင့် ပြည့်စုံသော သမီးကညာကို ရွှေစက်တော်ရင်းသို့ အဆက်အသ ရောက်၏။

ယင်းသည့်လအတွင်း ရွှေမြို့တော်တောင်မျက်နှာ ဘေးမဲ့ပေးတော် မူသည့် တောင်သမန်အင်းအတွင်း ရေနည်းသောကြောင့် ငါးအများ သေ၍ ပေါ်သည်ကို အရပ်နေလူတို့ ကောက်ယူကြသည့်နောက် ၎င်း အင်းတွင် ငါးအရှင်ကိုဖမ်းယူကြသည်ကိုမမြစ်၊ အရပ်သားတို့နှင့်အတူ ဝန်ထောက် ငပေါက်, နာခံ ငကေလယ်တို့ ဖမ်းယူကြောင်းများကို ကြား သိတော်မူ၍ စားကျေးမြို့ရွာ အရာအထူးကို နုတ်ပြီးလျှင် ထောင်မှာ ထားသည်။

ယင်းသည့် နှောင်းတန်းခူးလပြည့်ကျော် ဆယ်ရက်နေ့ အရှိးတော် ကန္တီမြို့စား မင်းသမီး သီရိပဝရတိလောက မဟာသုရတနာဒေဝီ ကံကုန်သည်ကို ဘွားတော်အိမ်ရှေ့မိဖုရား သီရိတိလောကမဟာဘဒ္ဒါသုရတနာဒေဝီ နတ်ရွာစံရာတွင် သင်္ဂြိုဟ်သည့်နည်း အိမ်တော်ဝင်းအတွင်း အရှင်နှစ်ပါး ရွှေဝေါနှင့်ထွက်တော်မူ၍ သင်္ဂြိုဟ်တော်မူ၏။

နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆွဲနှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လုပ်ဆောင်လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၁၃) တထောင့်နှစ်ရာ့တဆွဲသုံးခု နှောင်းတန်းခူးလပြည့်ကျော်ရှစ်ရက် တနင်္ဂနွေနေ့ နေတချက်တီးကျော် နှစ်နာရီသုံးပါဒ်အချိန် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော် ဆယ်ရက်အင်္ဂါနေ့ နေ နှစ်ချက်တီးကျော် ငါးနာရီ တပါဒ်အချိန်တွင် အတာနှစ်သစ်သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆွဲလေးခုနှစ်သို့ တက်သည်။

## ၁၂၁၄—ခု

သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆွဲလေးခု ကဆုန်လ မိုင်းနေခင်ဟိန် မဟာရာဇာ သိုဟိန်ဘွားက လွယ်ဟွန်တောင်ထိပ်တွင်ရသည့် ထူးမြတ်သည့် လှံစကြာကိုဆက်သရာ ကြို့ယူမြဲ ကြို့ယူဆက်သွင်းရ၏။ မိုးနဲမြို့ လွယ်လုံ အရေးအကြောင်းကို မြော်ထောက်၍လည်း ထိုသက္ကရာဇ်အတွင်း အတ္တပတ်မြင်းဝန်-ဝန်စုလူငါးရာ, အညာမြစ်စဉ် မြို့ကျေးရွာအမှုထမ်းလူတထောင်, နှစ်စု လူတထောင့်ငါးရာပေးအပ်၍ အတ္တပတ်မြင်းဝန် မင်းကြီးမဟာမင်းခေါင်ရာဇာကို မိုးနဲကြောင်း ချီထွက်ရပ်နေစေ၏။

နိုင်ငံတော် ဟံသာဝတီ ရန်ကုန်မြို့တွင်လည်း ပြည်ရှေ့တောင် မြို့ဝန်သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော် ရပ်နေ၍ အင်္ဂလိပ်တိုက်သင်းဘောအုပ် ကာမိုဒိုလံဘာနှင့် စကားပြောဆိုကြသည့်အတွင်း ရွှေဘဝါးတော် အောက်က အင်္ဂလိပ်မင်း ဝန်ကြီးတို့သို့ နှစ်တိုင်းနှစ်ပြည် မဟာမိတ်မပျက်ပေးမှာသည့်စာများကိုလည်း မနာမယူ နေရာမကျ စာ

ပြန်ပေးလိုက်သည်။ တိုက်သင်းဘောအုပ် ကာမိုဒိုလံဘာထံသို့ မီးသင်းဘော တိုက်သင်းဘောအများ လက်နက်လူသူ ထပ်ဖြည့် ချီတက်လာ၍ တိုက်သင်းဘောအုပ် ကာမိုဒိုလံဘာရှိရာ သံလျင်ကျွန်းစွန်းတွင်ရပ်နေပြီးလျှင် အထက်သျှပရ, လူဇုတို့အတွက် ဒင်္ဂါးကိုးထောင်ကျော်ကို ပေးရမည့်အမှု၊ စာပေးလာသည့်ဗိုလ်ငယ်များကို နာကျည်းစွာအရှက်ရအောင်ပြုသည့်အမှု၊ အင်္ဂလိပ်ကိုယ်စားလှယ် လူထားရန် အမှုများကို လက်ခံ၍ ပြေကျေအောင်ပြုမည် သင်းဘောတော်ကြီးကို ပေးပို့လာရမည်၊ ဟံသာဝတီကြောင်းချီ ဗိုလ်မှူး ပြည်ရွှေတောင်မြို့ဝန်က ပြောဆိုရာ သျှပရ,လူဇုတို့အတွက်သာမဟုတ် စစ်စရိတ်တွက် ကုန်ငွေ ဒင်္ဂါး တသန်းကိုလည်း ပြည်ရွှေတောင်မြို့ဝန်ကိုယ်လာ၍ ပေးလာပြီးမှ သင်းဘောတော်ကို အပ်မည်၊ အကြိမ်ကြိမ်ပြေကျေအောင်ပြောသော်လည်း အင်္ဂလိပ် အရေးပိုင်ဗိုလ်ချုပ် ကာမိုဒိုလံဘာ စကားနေရာကျ မပြောမဆို၊ အကြိမ်ကြိမ်စကားတိုးပွား မပြေမကျေနိုင်အောင် ပြောဆိုသောကြောင့် အထက် ဟံသာဝတီကြောင်း ချီတက်ခဲ့သည့် ဗိုလ်ရဲမက် အမှုထမ်းတို့ကို ရန်ကုန်မြို့တွင်း မြို့ပြင် မြစ်ဆိပ် လမ်းပေါက်လမ်းဝ ရှိသည်များက ဗိုလ်အကြီးအအုပ်တို့နှင့် ရဲမက်တော်အများ ခန့်ထား စည်းကြပ်ရပ်နေသည့် အတွင်း သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု တန်းခူးလပြည့်ကျော် ရှစ်ရက်နေ့ တိုက်သင်းဘော မီးသင်းဘောအများနှင့် ဝင်လာပြီးလျှင် မီးပြသိလဝါကင်းတပ်များကိုပစ်ခတ်၍ ၎င်းလပြည့်ကျော်ကိုးရက်နေ့ ရန်ကုန်မြို့ဆိပ်ကမ်းကို ချဉ်းကပ်တိုက်ခိုက်သည်တွင် ရန်ကုန်မြို့ မြစ်ဆိပ်တပ်ကလည်း အသီးအသီးဗိုလ်ရဲမက် အမှုထမ်းတို့ ခုခံပစ်ခတ်တိုက်ခိုက်သည်၊ နောက်နှစ်ရက် သုံးရက်ရှိလျှင် ကုလားတို့က ဗုန်း အမြောက် လက်နက် အင်အားကြီးလှသောကြောင့် ပြည်ရွှေတောင်မြို့ဝန်လည်း အုပ်စုဗိုလ်ရဲမက် အမှုထမ်းတို့နှင့် အုပ်စည်းမပျက် သိင်္ဂုတ္တရကုန်း-ရွှေဒဂုံဘုရား တောရကျောင်းသို့ ဆုတ်၍ ရပ်ခံနေရ၏၊ ယင်းသည့် အကြောင်းအရာ,များကိုလည်း ထိုသက္ကရာဇ် ကဆုန်လပြည့်ကျော် တရက်နေ့ ရွှေဘဝါးတော်အောက်သို့ စေလွှတ်လျှောက်ထား:ရ၏။

ထိုအခါ ရွှေဘဝါးတော်အောက်ကလည်း ဒိဗဲယင်းမြို့အမှုထမ်းတို့နှင့် ဒိဗဲယင်းမြို့ဝန် သတိုးမင်းကြီး မဟာမင်းခေါင်သီဟသူတတပ်၊ အဝမြို့အမှုထမ်းဘို့နှင့် အဝမြို့ဝန်မဟာမင်းခေါင်ရာဇာတတပ်၊ စစ်ကိုင်းမြို့အမှုထမ်းတို့နှင့် စစ်ကိုင်းမြို့ဝန် မဟာမင်းခေါင်မင်းထင် တတပ်၊ ရဲဘက်မြင်းအမှု

ထမ်းတို့နှင့် ရဲဘက်မြင်းတပ်ဗိုလ် တုရင်မင်းလှမင်းခေါင်ကျော် တတပ်၊ ကသည်းမြင်းတပ်ဗိုလ် မဟာသီဟမွေရတ်အုပ်စုနှင့် မြင်းတတပ်၊ ရွှေလှံ အစုအမှုထမ်းနှင့် ရွှေလှံဗိုလ်တတပ်၊ ဆင်ဝန် ဝန်စုအမှုထမ်းတို့နှင့် ဆင် ဝန်ထောက် မင်းလှဥဒိန်ရာဇာတတပ်၊ မြင်းစုကြီး အမှုထမ်းတို့နှင့် မြင်း စာရေးကြီး မင်းလှမင်းထင်ကျော်တတပ်၊ စို့လေးဆယ်ဗိုင်းအစုအမှုထမ်း တို့နှင့် ဗိုင်းစာရေး နေမျိုး သီဟရန်နိုင် တတပ်၊ ယွန်းစုအမှုထမ်းတို့နှင့် ယွန်းစုစာရေး နေမျိုးစည်သူရာဇာတတပ်၊နောက်တော်ပါ အစုအမှုထမ်း ကောင်ဟန်အစု အမှုထမ်းတို့နှင့် ကောင်ဟန်စာရေး နေမျိုးသီဟရန် အောင်တတပ်၊ အလုံဝန်ကြီး ထမ်းဟောင်း အဆောင်မြဲ သူကောင်းဖြစ် ထမ်းလူတရာကျော် စုစုတပ်ပေါင်း တဆဲ့တတပ် တပ်ပါအမှုထမ်း လူ လေးထောင့်ရှစ်ရာကျော်၊ တိုက်ဆင်ငါးဆယ်၊ မြင်းတထောင်၊ အမြော် တရာ၊ စိန်ငါးရာ၊ ဆေးခဲယမ်းမီးကျောက်တပ် ကိရိယာအစုံများနှင့် သုံး ဆယ်မြို့စား ဝန်ကြီး သတိုး မင်းကြီး မဟာမင်းခေါင်ရာဇာကို ဗိုလ်မှူးခန့် တော်မူပြီးလျှင် အထက် ဟံသာဝတီကြောင်း၍ ဗိုလ်မှူးပြည်ရွှေတောင် မြို့ဝန် သတိုး မင်းကြီး မဟာ မင်းလှ မင်းခေါင်ကျော်, ရွှေးလက်ယာ ဗိုလ် မဟာမင်းလှမင်းကျော်ရာဇာတို့ကို စစ်ကဲ၊ မဟာ မင်းခေါင်ကျော် ထင်, မဟာမင်းကျော်တို့ကို နာခံ၊ စာရေးကြီး မဟာ မင်းလှမင်းထင် ကျော်, မဟာမင်းလှကျော်ထင်တို့ကို တပ်ရေး ခန့်ထား၍ သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု နယုန်လဆန်း ခြောက်ရက်နေ့ ဟံသာဝတီကြောင်း ချီတက်ထမ်းရွက်ရ၏။

မုတ္တမကြောင်း၍ ဗိုလ်မှူးတောင်တွင်းကြီးမြို့ဝန် မင်းရဲမင်းခေါင်ကျော် ထပ်သို့လည်း စစ်ကိုင်းမြင်းတပ်ဗိုလ်တတပ်၊ တောင်သမန် မြင်းတပ်ဗိုလ် တတပ်၊ မိုင်းညောင်းမြင်းတပ်ဗိုလ် တတပ်၊ ဒွါလောင်း မြင်းတပ်ဗိုလ် တတပ်၊ မြင်းကလေးမြင်းတပ်ဗိုလ်တတပ်၊ နောက်တိုးမြင်းတပ်ဗိုလ် တ တပ်၊ ကျွန်တော်ခံ မြင်းတပ်ဗိုလ် တတပ်၊ စကျဉ်ဝမြင်းတပ်ဗိုလ် တတပ်၊ တပ်ပေါင်း ရှစ်တပ်၊ နောက်ပါကံကျွေးလှံကိုင်အစုံပေးအပ်ပြီးလျှင် တပ် ပါလူပေါင်း တထောင်၊ ဗိုလ်အရာရှိတို့မှာ လွန်းမျှားပုဆိုးတစ်စီ, ငွေ တော်သပြာ တရာစီ, မြင်းစီးနောက်ပါတို့မှာ ပိုးပုဆိုးတစ်စီ, ငွေတော် တဆယ်စီပေးပြီးလျှင် ဓား လှံ သေနတ် မြင်းစီးမြင်းခေါင်းအရာရှိတို့ စွဲ ကိုင်ရန် မြင်းသေနတ်တရာပေးအပ်၍ သက္ကရာဇ် (၁၂၁၄) တထောင့်

နှစ်ရှာတဆဲ့လေးခု နယုန်လပြည့်ကျော်ကိုးရက်နေ့ ထပ်ဖြည့်ချီတက်လိုက်ထမ်းစေ၏။

ယင်းသည့် လပြည့်ကျော် ဆယ်ရက်နေ့ သာသနာပြုဆရာတော်ကြီးနှင့် တံဆိပ်ရဆရာတော်တို့က အတွင်းအပ ရန်မာန်အန္တရာယ်အပေါင်းကို အောင်မြင်စေခြင်းငှာ မေတ္တာရပ်ခံ၍ ထောင်တန်းအကျဉ်းခံနေရသူလူတို့ကို အကုန်အစင်ဘေးမဲ့ပေးတော်မူ၏။

ထိုသက္ကရာဇ် နယုန်လအတွင်း ပုသိန်ကြောင်းသို့လည်း အင်္ဂလိပ်ဗိုလ်မှူး တပ်မှူးတို့ သင်းဘော, သမ္ဗန်အများနှင့် ဝင်ရောက် တိုက်ခိုက်ပြန်ရာ နတ်ရှင့်ရွှေးဗိုလ် မဟာမင်းလှတိမ်ကြားမင်းခေါင်ကျော်တတပ်၊လင်းဇင်းဗိုလ် မဟာမင်းငယ်ရာဇာတတပ်၊ ပုခန်းကြီးမြို့ဗိုလ် မဟာမင်းခေါင်ရာဇာတတပ်၊မဟာမင်းခေါင်ကျော်တတပ်၊ သူရဲတပ်မှူးနေမျိုးရဲထင်ရန်အောင်တတပ်၊ ပုသိန်မြို့သူကြီး အကောက်ဝန် မင်းကြီး မဟာသမိန်ထောရာဇာနှင့် တတပ်၊ သမြင်တုံ မြို့သူကြီးနှင့်တတပ်၊ ခဲပေါင်မြို့သူကြီးနှင့် တတပ်၊ မြန်အောင် မြို့ သူကြီးနှင့် တတပ်၊ ရွှေလောင်းကြီး ပွဲနင်းနှင့် တတပ်၊ ရေကြည် ပွဲနင်းနှင့် တတပ်၊ မရန်း ပွဲနင်းနှင့် တတပ်၊ ခလောက်သိုက် ပွဲနင်းနှင့် တတပ်၊ စမွယ်ရုံ ပွဲနင်းနှင့် တတပ်၊ စုစုတပ်ပေါင်း တဆယ်ကျော် နှင့် ပုသိန်ကြောင်းချီ ဗိုလ်မှူး ပုသိန်မြို့ဝန် သတိုးမင်းကြီးမဟာမင်းခေါင်ကိုယ် အုပ်ကွပ်ပြီးလျှင် ပုသိန်မြို့ဝန်းကျင် တည်ထားသည့် တပ်တွင်းက ဆုံးရက် စီးနင်းခုခံ တိုက်ခိုက်သည့် အတွင်း စမွယ်ရုံပွဲနင်း ငရွှေပို အုပ်စုလူ သုံးရာကျော်နှင့် ထွက်သွား ပြီးလျှင် သူပုန်ကုလားတို့ထံ လက်မှတ်ခံယူ မြို့ဝန်အရာနှင့် အသီးအသီး ကျေးရွာများကို လက်မှတ်ပေး၍ ခုခံတိုက်ခိုက်သည်။ သူပုန်ကုလားတို့က မျက်မှန်ဗိုလ်သားနှင့် ဗိုလ်လေး, ဂေါ်ရာစစ်ပိုင်အမှုထမ်း သုံးရာခန့်သေသည်ကိုမနေမီးသင်းဘောလေး, တိုက်သင်းဘောလေး, သမ္ဗန်သုံးဆယ်ကျော် လေးဆယ်ခန့်များနှင့် တပ်တော် ဗိုလ်ရဲမက်အမှုထမ်းတို့ကို ရေကြောင်း နေ့ဘံထပ် အားသစ်ဝန်းဝိုင်းပြီးလျှင် တပ်တိုင်တပ်တဲများကို ဗုန်းအမြောက် လောင်မီးများနှင့် ထပ်မနား ပစ်ခတ်သောကြောင့် တပ်ကျိုးပေါက်၍ စစ်ကဲမင်းလှမင်းထင်ကျော်, လင်းဇင်းတပ်အုပ် ငလင်းတို့နှင့် ရဲမက်တော်လူနှစ်ရာကျော်ခန့် လက်နက်ထိခိုက်သေဆုံးသည်၊ နတ်ရှင့်ရွှေးဗိုလ် မဟာမင်းလှတိမ်ကြားမင်းခေါင်ကိုလည်း သေနတ်ထိခိုက်သည်။ ထိုအခါ ဗိုလ်မှူးလည်း ခုခံရပ်တန့်နေရင်း တပ်တာကျိုးပေါက်ပျက်စီး မလုံမခြုံရှိ

သည်နှင့် သက္ကရာဇ်(၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု နယုန်လဆန်း သုံးရက်နေ့ အုပ်စည်းမပျက် ဆုတ်ခွာခဲ့ပြီးလျှင် ရေကြည်စီရင်စု ဖန်းခါးပင်တောသို့ရောက်ကာလ နတ်ရှင့်ရွှေးမိုလ် သေဆုံးသည်ကို သင်္ဂြိုဟ်၍ လေးမြက်နှာအရပ်က တပ်စွဲရပ်ခံနေရ၏။ ယင်းသည့် အကြောင်းအရာများကိုလည်း ရွှေဘဝါးတော်အောက်သို့ သင့်ရာအရာရှိစေလွှတ်လျှောက်ထားရ၏။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ထိုသက္ကရာဇ် ဝါဆိုလဆန်း သုံးရက်နေ့ ပြည်ဆူးပြည်ခြောင့်ဖြစ်သော ငဟန်, ငပိုင်သတ်, ငလှော်,ငနိုင်, ငဆိုင်, ကြွက်, ငညိုရောင်, ငမင်းလှတို့နှင့် သက်နွယ် ဖြစ်ပွားသည့် သိမ်းစု သက္ကရာဇ်ထွက်ရွှေငွေ၊ ပုသိန်မြို့ဝန် ငမြတ်ငြိမ်း၊ သာယာဝတီမြို့ဝန် ငစီ၊ အင်းရဲတိုက်သူကြီး ငသာထွန်းအောင်တို့ကို ရွှေတိုက်တော်က ထုတ်၍ချေးမသည့် ရွှေငွေ စုစုသက္ကရာဇ်ထွက် ငွေပေါင်း သုံးထောင်ကျော်, ရွှေပေါင်း ခွက်သုံးဆယ်ကျော်များကို ဘေးတော် မင်းတရားလက်ထက် သိမ်းစုသက္ကရာဇ်များကို မီးငြိမ်းသည့်နည်း၊ ပစ္စုပ္ပန်သံသရာ အကျိုးနှစ်ပါးကို မြော်ထောက်တော်မူပြီးလျှင် လွှတ်တော်ရှေ့တွင် စည်ယွမ်း၍ မီးငြိမ်းတော်မူ၏။

ယင်းသည့်လ ပါဠိဟာရိယ ဥပုသ်စောင့်သည့် ယောကျ်ား,မိန်းမ လူပေါင်း တထောင့်နှစ်ရာ့သုံးဆယ်ကျော်ကို ပုဆိုး, ခေါင်းပေါင်းအုပ်,စိပ်ပုတီး,ငွေငါးကျပ်စီ, ထဘီ, ပုဝါ ပေးတော်မူ၏။

ထိုသက္ကရာဇ် ဝါဆိုလ မုဿမကြောင်းချိ ဗိုလ်မှူး တောင်တွင်းကြီးမြို့ဝန် မင်းရဲမင်းခေါင်ကျော် ရွှေကျင်မြို့ကရပ်နေပြီးလျှင် ပဲခူးမြို့မှာ ကုလားတို့တပ် ဝင်နေသည်ကို ပဲခူးမြို့သို့ ချီတက်ဝန်းဝိုင်း တိုက်ခိုက်လျှင် အင်္ဂလိပ်ဗိုလ်ရဲမက် အမှုထမ်းတို့ မရပ်မခံနိုင် ဆုတ်ခွါထွက်ပြေးရာ ပွဲလမ်းရကြောင်းများနှင့် တောင်တွင်းကြီးမြို့ လုလင်သွေးသောက်ကြီး မင်းထင်ရဲခေါင်, မင်းထင်မင်းလှသီဟသူတို့ အလျှောက်အထားလာရောက်သည်ကို ပဲခူးမြို့သို့ ချီတက်ထမ်းရွက်သည့် ဗိုလ်တဆယ်, ရှေးဦးရှေးဖျား စွန့်စားထမ်းရွက်သူလူနှစ်ဆယ်တို့ကို လက်ချိတ်ပုဆိုးတစ်, ဆာပါဆန်းပိုင်ရေတစ်စီ, ဗိုလ်မှူးမှာ ဝတ်လဲတော်ပုဆိုးတစ်, ဗောင်းတော် တစ်,အတိုးများစွာထိုက်သော ကြောင်လက်စွပ်တစ် သနားတော်မူ၏။

ယင်းသည့် လဆန်းခြောက်ရက်နေ့ ဘဝရှင်မင်းတရားကြီးဘုရား မင်းမိဖုရား မင်းညီမင်းသား မှူးတော် မတ်တော်အပေါင်း ခြံရံတော်မူ၍ တောင်စမုတ်တော်သို့ ထွက်တော်မူပြီးလျှင် သံဃာတော် နှစ်ထောင်ကို ဆွမ်းလောင်းလှူတော်မူ၏။

ယင်းသည့် လဆန်းဆယ်ရက်နေ့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားနှင့် မယ်တော်ဘုရား၊ နှမတော်ဘုရားတို့သုံးပါး မင်းမိဖုရားတို့နှင့် ထွက်တော်မူပြီးလျှင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မင်္ဂလာရှိသော အခမ်းအနားများတွင် ဝတ်ဆင်တော်မူသော အဘိုးအနဂ္ဃထိုက်သော ရတနာမျိုးခြယ်လှယ်သော ရွှေသား မကိုဋ်တော်၊ ရွှေသား ဒုရင်တော်များကို ဘုံသုံးပါး၌ အတုမဲ့သော သမ္ဗာသမ္ဗောဓိဆုမြတ်ကို ပန်ဆင်တော်မူပြီးလျှင် မဟာမုနိ ရုပ်ရှင်တော်မြတ်အား လှူတော်မူ၍ အသောကာရာမတိုက်ကျောင်းတော်ကြီးနှင့် ကျောင်းရံလေး၊ မဟာရံတံတိုင်းမီးတား ပြီးပြေသည်ကို "ပညာဇောတာဘိ သီရိပဝရ ဝိဇယာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" သာသနာပြုဆရာတော်ကို အမှူးထား၍ ပဒေသာပင်တရာ၊ ဆရာတော်ကြီးမှာ သီးမျိုးစုံသုံးရာကျော်သီးသည့် ပဒေသာတပင်များနှင့် ကျောင်းအစ် တင်လှူပြီးလျှင် အသောကာရာမတိုက် ရတနာဘုံသာ-ကမ္ပည်း တပ်တော်မူ၏။ ကျောင်းတော်ကြီးမှာ သံဃာတော် ခြောက်ဆဲ့ငါးပါး၊ ကျောင်းဦးပြာသာဒ်နှင့်တကွ ဆောက်လုပ်သည့် စမ္ပယ်နဂိုရ် မိဖုရားကျောင်း-နှစ်ဆဲ့ခြောက်ပါး၊ မကွေးမြို့စား မိဖုရားကျောင်း-တဆဲ့ငါးပါး၊အင်ပူရမြို့စား မိဖုရားကျောင်း-တဆဲ့ငါးပါး၊ ကလေးမြို့စား မိဖုရားကျောင်း-တဆဲ့ငါးပါးများမှာလည်း ကျောင်းတော်ကြီးနှင့်တပြိုင်နက် ရေစက်သွန်းချတင်လှူတော်မူ၏။ ၎င်းလပြည့်ကျော်ခြောက်ရက်နေ့ကစ၍ အသောကာရာမတိုက်တော်ရှိ သံဃာတို့ကို တလလျှင် ဆွမ်းဆန်တရာ၊ လစဉ် ကျီတော်က ပို့သလှူဒါန်းရ၏။ ယင်းသည့် လဆန်းဆယ်ရက်နေ့ နံ့သာတောရဆင်တော် အာလောင်ကျွန်းတွင် ထားသည်ကို လွှတ်၍ မြင်းမိုရ်ကုန်းပုဏ္ဏားအိမ်များကို တိုးဋ္ဌေသည်။

မုတ္တမကြောင်းချီတက်ထမ်းရွက်သည့် တပ်ပါအမှုထမ်း လူတသောင်းကျော်ကိုပေးဝေရန် ဆာပါဝိုင်ရေ ခုနစ်ထောင့်ကိုးရာ့သုံးဆဲ့ကိုး၊ ပလေကပ်ပိုင်ရေ နှစ်ထောင်သုံးရာ့လေးဆဲ့ခုနစ်ကို သံတော်ဦး တင်လာရင်း

လူ တစ်သွေးသောက်ကြီး မင်းလှရာဇာ့ရွှေတောင်, တောင်တွင်းကြီးမြို့ သွေးသောက်ကြီး မင်းထင်မင်းလှသီဟသူ တို့တွင် ယင်းသည့် လဆန်း တဆဲ့နှစ်ရက်နေ့ ပေးအပ်ထွက်သွားစေ၏။

ယင်းသည့် လပြည့်ကျော်ကိုးရက်နေ့ ရွှေမြို့တော် ပတ်လည် ဘုရား ပုထိုး ယိုယွင်းပျက်စီးသည်များကို ပြင်ဆင်လုပ်ဆောင်ပြီးပြေ၍ ရွှေထီး အထွတ်တင်ရန် ထီးဆူရေ လေးဆဲ့နှစ်ကို တောင်ဥယျာဉ်တော် စံနန်း တော်တွင် ခင်းကျင်း ပရိတ်နာတော်မူပြီးလျှင် ရေစက် သွန်းချတော်မူ၍ တင်လှူတော်မူ၏။

ထိုသက္ကရာဇ် ဝါခေါင်လဆန်း တရက်နေ့ တောင်စမုတ်တော်တွင် သံဃာတော် နှစ်ထောင်ကို သပိတ်ဆွမ်းစမဲအစုံ ဆွမ်းလောင်းပြီးလျှင် သံဃာတော် ရှစ်ပါးကို တရားနာ၍ ရေစက် သွန်းတော်မူ၏။ ထိုနေ့ ဖယောင်းပုံဆင်တော်မှားသည်။ ထိုသက္ကရာဇ် ဝါခေါင်လ ကျိဝန်အတွင်း ဝန် ရေနံချောင်းမြို့စား သတိုး မင်းကြီးမဟာသက်တော်ရှည်ကို အဂ္ဂ မဟာသေနာပတိဝန်ကြီး ခန့်တော်မူ၏။ သံတော်ဆင့် မင်းကြီး မဟာ မင်းလှသင်္ခယာကိုလည်း မဟာသေနာပတိအတွင်းဝန် ခန့်တော်မူ၏။

ယင်းသည့် လပြည့်ကျော်လေးရက်နေ့ စစ်တောင်းမြို့စား ဝန်ကြီး သတိုး မင်းကြီးမဟာမင်းထင်ကို အမှုက်တော်ရှိ၍ စစ်တောင်းမြို့နှင့် စား ကျေးမြို့ရွာ အရာအထူးများကို ရုပ်သိမ်းတော်မူ၏။

သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့ တဆဲ့လေးခု ဝါခေါင်လပြည့် ကျော်ငါးရက်နေ့ မုတ္တမကြောင်းချီ ဗိုလ်မှူး တောင်တွင်းကြီးမြို့ဝန် မင်းရဲ မင်းခေါင်ကျော်ကို ဝန်ကြီး သတိုး မင်းကြီးမဟာမင်းလှသီဟသူ, သတိုး မင်းခေါင်, သတိုး မင်းကြီးမဟာသက်တော်ရှည်တို့နှင့်ဘက်၍ အဂ္ဂမဟာ သေနာပတိဝန်ကြီး ခန့်တော်မူသည်။ သတိုးမင်းရဲမင်းခေါင်အမည် ရွှေ သားတကောင်းဖုံးနှင့် စစ်တောင်းမြို့ကို မြို့စားပေးတော်မူ၏။

မုတ္တမကြောင်းချီ ဗိုလ်မှူး စစ်တောင်းမြို့စား ဝန်ကြီးနှင့် အမှုတော် ကောင်းရာ လိုက်ထမ်းသည့် တစ်အရာရှိ မင်းကြီး မဟာမင်းခေါင်ကျော် ကို ဝန်ထောက်၊ မဟာမင်းလှသင်္ခယာကို စာရေးကြီး၊ မင်းထင်သီရိ ကျော်ကို အသုံးစာရေး၊ မင်းလှသီရိရာဇာသူကို အမှာရေး၊ မင်းလှစည်သူ သင်္ခယာကို အဝေးရောက်စာရေး၊ မဟာမင်းလှရဲခေါင်ကို မြို့စာရေး ခန့်တော်မူ၏။

ထိုသက္ကရာဇ် ဝါခေါင်လ သုံးဆယ်မြို့စား ဝန်ကြီး သတိုးမင်းကြီးမင်းလှမဟာမင်းခေါင်ရာဇာကို ရဲမက်လက်နက်ကိုင် နှစ်သောင်းကျော်ပေးအပ်ပြီးလျှင် သူပုန်ကုလားတို့ကို တိုက်ခိုက်ရမည် ချုပ်ကြီးအုပ်ကြီး ခန့်ထား၍ ချီတက်ထမ်းရွက်စေရာ ပန်းတောင်းမြို့နယ် အကောက်တောင်က စွဲရပ်ပြီးလျှင် သူပုန်ကုလားတို့ ရေကြောင်းကြည်းကြောင်း ချီတက်လာသည်ကို အမှုတော်ကို ကြိုးကြိုးပမ်းပမ်း မထမ်းမရွက် မတိုက်မခိုက် အခကာက်တောင်က အရှေ့ဘက် သာယာဝတီနယ်သို့ ဆုတ်ခွာကြောင်းနှင့် ရှေ့နားတော်ကြားတော်မူ၍ သုံးဆယ်မြို့စား ဝန်ကြီးဟောင်းကြီးကို အမိန့်တော်နှင့် သူကောင်းပြုတော်မူသည့် ဘွဲ့အမည်အရည်များကိုနုတ်သိမ်း၍ တပ်ဦးတော်မှာငယ်သားထမ်း–ထမ်းစေပြီးလျှင် ရှေ့ဘဝါးအောက ကျောက်ပန်းတောင်မြို့စားဝန်ကြီး သတိုးမင်းခေါင်ကို သတိုးသုဓမ္မမဟာမင်းခေါင်ဘွဲ့ပေးတော်မူပြီးလျှင် ဟံသာဝတီကြောင်းချီ ဗိုလ်မှူးလက်ဝဲဝင်းတော်မှူး သတိုးမင်းကြီးမင်းလှမဟာမင်းခေါင်, ပြည်ရှေ့တော်မြို့ဝန် သတိုးမင်းကြီးမဟာမင်းလှမင်းခေါင်ကျော်တို့ကိုစစ်ကဲ၊ မြေထဲမြို့အုပ် မဟာဇေယခေါ်ကျော်ခေါင်,ကျောက်မော်မြို့ဝန် မဟာမင်းကျော်တို့ကို နာခံ၊ စာရေးကြီး မဟာမင်းလှမင်းကျော်မင်းထင်,တောင်ပိုင်ဝန် မင်းကြီးမဟာမင်းကျော်ရာဇာတို့ကို တပ်ရေးခန့်ထားပြီးလျှင် ရှေ့ဘဝါးတော်အောက်က နတ်စုလက်ဝဲအမှုထမ်း လူတရာ့ငါးဆယ်၊နတ်စုလက်ယာအမှုထမ်းလူနှစ်ရာ့ရှစ်ဆဲ့ကိုး၊ရွှေလက်ဝဲ အမှုထမ်း လူတရာ၊ ရွှေလက်ယာအမှုထမ်းလူဘရာ၊ လက်ဝဲကြောင်းအမှုထမ်း နှစ်ရာ့တဆဲ့ကိုး၊ လက်ယာကြောင်းအမှုထမ်းလူတရာ့ငါးဆယ်၊ နတ်ရှင်ရွှေအမှုထမ်း လူတရာ၊ ရွှေလှံအမှုထမ်းလူငါးဆယ်၊ ရွှေနန်းရိုးလမိုင်းအမှုထမ်း လူနှစ်ရာ့ငါးဆယ်၊ သူရဲအမှုထမ်း လူတရာ့ငါးဆယ်၊ တပ်ကောင်ဟန်အမှုထမ်း လူလေးဆဲ့ခြော်၊ နေ့ာက်ခတော်ပါမြင်းအမှုထမ်း လူရှစ်ဆယ်၊ ဆင်မင်းပျော်ဘွယ်အမှုထမ်းလူခုနစ်ဆယ်၊ ပုခန်းကြီးမြို့အမှုထမ်း လူငါးရာ၊ တလုပ်မြို့အမှုထမ်း လူနှစ်ရာ့ ငါးဆယ်၊ ပရိမ္မဒေါင်းရွှေးယမ်းဆက် အမှုထမ်း လူငါးဆဲ့ခြော်၊ သူကောင်းထမ်းလူ ခြောက်ရာ့နှစ်ဆယ်၊ စုစုတပ်ပါလူပေါင်းသုံးထောင်ကျော်, အောက် မြစ်စဉ် ကျေးရွာများက စည်းကြပ်ရသည့် လူခြောက်ထောင်ကျော်, နှစ်စု လူတသောင်းကျော်၊ အောင် လံ အောင် စည်အောင်မောင်း အမြောက်သေနတ် ခဲယမ်းမီးကျောက် ဆင်မြင်းဗိုလ်ပါစစ်ဘိရိယာအစုံ၊ လွှတ်တော်ဝန်ထောက် မင်းကြီး မဟာမင်းထင်ကျော်

နှင့် စာရေးကြီး အသုံးစာရေး, အမှာရေး, အဝေးရောက် ပေးအပ်၍ ပြန်တမ်းခံစေပြီးလျှင် သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု တော်သလင်းလဆန်းတဆဲ့သုံးရက်နေ့ အခါတော်နှင့်ချီထွက်စေ၏။

မုတ္တမကြောင်း,ပုသိန်ကြောင်းချီတက်သည့်ဗိုလ်တို့ကိုလည်း လှမ်းကမ်းဆင့်ဆိုရ၏၊ဧည့ဝတီကြောင်းချီစေသည့်လက်ဝဲဝင်းမှူးတပ်မှာလည်းစစ်ကဲခန့်ထားရာပါသည်ဖြစ်၍ လမ်းပေါက်လမ်းဝရှိသည်များကို စောင့်နေရမည်-တပ်မှူး တပ်အုပ် ခန့်ထားခဲ့၍ ကျောက်ပန်းတောင်းမြို့စား ဗိုလ်မှူးဝန်ကြီး ဆင့်ဆိုရာနာခံထမ်းရွက်ရ၏။

## တောင်ဥယျာဉ်တွင် ဆုတော်ပေးခြင်း,တရုပ်ပြည်က ရာဇသံ ရောက်ခြင်း စသည်များ

ထိုသက္ကရာဇ် တော်သလင်းလဆန်းခုနစ်ရက်နေ့ တောင်ဥယျာဉ်တော်စံနန်းတော်အတွင်း လွှတ်တော်အရာရှိ, ဗြဲတိုက်အရာရှိ, ရုံးအရာရှိတို့နှင့်ဝန်စုရမှူးမတ်,ထီးဓား စားတော်ကွမ်းရေ အဆောင်မြဲလက်စွဲ, စုရေး စုကိုင်, ကိုယ်ရံတော်အစုအမှူထမ်း,တိုက်တန်းတင်းကုပ်,စုသေး, ဝန်စုမှူးစု, မိန်းမယောကျ်ားပါ ဦးရေတသောင်းငါးထောင်ကို ဆုပေးတော်မူသည့်ပိုးပုဆိုး တသောင်း တထောင့် ခြောက်ရာ့သုံးဆယ်၊ ခေါင်းပေါင်းအုပ်ပေါင်း တသောင်း တထောင့်ငါးရာ့ငါးဆဲ့ခြောက်၊ ဝိုသားထဘီထည်ရေပေါင်း တထောင့်ငါးရာ့ရှစ်ဆဲ့လေး၊ အင်္ကျီထည်ရေပေါင်း လေးထောင့်ငါးရာ့လေးဆဲ့ခြောက်၊ ပလေကပ်ပုဝါပိုင်ရေပေါင်း တထောင့်ငါးရာ့လေးဆဲ့ခြောက်၊ ရခိုင်ပုဏ္ဏား, ကသည်းပုဏ္ဏား, မြန်မာပုဏ္ဏား, ကျေးပုဏ္ဏား, ဗာရာဏသီရောက်ပုဏ္ဏား, ရခိုင်ဆေတ္တာ,ကသည်းဆေတ္တာ, ပေါင်း တထောင့်ရှစ်ဆဲ့ကိုး၊ ပိတ်ပုဆိုး တထောင့်ရှစ်ဆဲ့ကိုး၊ စမွယ်တင်တထောင့်ရှစ်ဆဲ့ကိုးပေးဝေတော်မူသည်။

၎င်းတော်သလင်းလဆန်း ဆယ်ရက်နေ့ကစ၍ တောင်ဥယျာဉ်တော်စံနန်းတော်တွင် ဝန်စုမှူးစု စုသေးအစုအမှူထမ်းတို့ သားမယားနှင့် ရွှေမြို့တော်ရပ်စု ကွက်စု သူတော် သီလသည်ပါ မိန်းမယောကျ်ား ကြီးငယ်ဦးရေပေါင်း တသိန်းနှစ်သောင်းငါးထောင့်ကိုးရာ့ခုနစ်ဆယ်တို့ကို ပုဆိုးထည်ရေပေါင်း တသောင်းတထောင့် ခြောက်ရာ့ရှစ်ဆဲ့နှစ်၊ခေါင်းပေါင်း

အုပ်ပေါင်း တသောင်းတထောင့်ငါးရာတဆဲ့လေး၊ ခေါင်းပေါင်း ထည်ရေပေါင်း လေးထောင့် သုံးရာ ငါးဆဲ့ လေး၊ ဝိုးထဘီ ထည်ရေပေါင်း ငါးထောင့် ခုနစ်ရာ နှစ်ဆဲ့ ရှစ်၊ ကုံးစပ်ထဘီ ထည်ရေပေါင်း သုံးရာ တဆဲ့ခြောက်၊ ပိတအင်္ကျီ ထည်ရေပေါင်း တသောင်းငါးထောင့်ကိုးရာ ခုနစ်ဆဲ့သုံး၊ ပင်နီအင်္ကျီထည်ရေပေါင်းရှစ်ရာငါးဆဲ့တစ်၊ ဇင်ပိတ်အင်္ကျီ ထည်ရေပေါင်း ရှစ်ရာသုံးဆဲ့ခြောက်၊တဘက်ထည်ရေပေါင်းတသောင်း ရှစ်ထောင့်ကိုးရာခြောက်ဆဲ့တစ်၊ ငါးမျိုးမြှင် ဘီလပ်ဗသျှူး ပုဝါပိုင်ရေပေါင်း တသောင်း ခုနစ်ထောင့်လေးဆဲ့လေး၊ ပလေကာပ် ပုဝါပိုင်ရေ နှစ်ထောင့် ငါးရာရှစ်ဆယ်၊ ဒေဝီဆာပဂါအုပ်ရေ သုံးဆဲ့ခုနစ်၊ ၎င်းပိုင်ရေ တရာတဆဲ့သုံး၊သက္ကလတ်ထည်ရေသုံးဆဲ့ရှစ်၊ သရက်ထည်အင်္ကျီထည်ရေ ကိုးဆဲ့တစ်၊ ကတ္တီပါအင်္ကျီထည်ရေတရာ၊ သရက်ထည်ဂါဝရာ တရာသုံး၊ ပိတ်ကိုယ်ရုံခုနစ်ရာလေးဆဲ့သုံး၊ ပိတ်ပုဆိုးထည်ရေ တထောင့်ရှစ်ဆဲ့ကိုး၊ စမွယ်တင်ထည်ရေ တထောင့်ရှစ်ဆဲ့ကိုး၊ ရွှေနားဍောင်းရန်စုံ ကိုးဆဲ့နှစ်၊ ရွှေပတောင်းကုံးရေတထောင့်တဆဲ့တစ်၊ ရွှေလက်စွပ်ကွင်းရေတဆဲ့လေး၊ ဒင်္ဂါး ပြားရေ တသောင်း ရှစ်ထောင့် တရာ ခုနစ်ဆယ်၊ ငွေခွက်ရေ တသောင်းလေးထောင့်လေးရာရှစ်ဆဲ့ငါး၊ ငွေသားချိန် သုံးဆဲ့ခြောက် ဝိဿာ ကိုးဆဲ့ရှစ်ကျပ်၊ ကွမ်းအစ်လုံးရေ တသောင်း ကိုးထောင့် တရာ ခြောက်ဆဲ့ငါး၊ ပန်းကန်လုံးရေ တသောင်း လေးထောင့်ငါးရာခြောက်ဆဲ့တစ်၊ စုစုဆုတော်ပေးအထည်ဦးရေပေါင်း တသိန်းခြောက်သောင်း နှစ်ထောင့်ငါးရာလေးဆဲ့ရှစ်များကို ပေးဝေတော်မူ၏။

ရွှေဝင်းမှူး သတိုးမင်းကြီး မဟာသီဟမင်းထင်, နောက်ဝင်မှူး သတိုးမင်းကြီး မဟာသခ်ယာတို့ စည်းကြပ်ရသည့် လူငါးရာကို အုပ်ချုပ်၍ ဟံသာဝတီကြောင်း၌ ဗိုလ်မှူး ကျောက်ပန်းတောင်းမြို့စားဝန်ကြီး ဆင့်ဆိုရာချီတက်လိုက်ထမ်းရ၏၊ ယင်းသည့်လဆန်း တဆဲ့လေးရက်နေ့ နံနက်တောင်ဥယျာဉ်တော်အတွင်း စံနန်းတော်တွင် ဆရာတော်သံဃာတော် သုံးရာကို ဆွမ်းလုပ်ကျွေးတော်မူ၍ တရားနာတော်မူ၏။

သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာတဆဲ့လေးခု သီတင်းကျွတ်လ ဂဠုလရာဇ်ဘုရင်ပြည် ရှင်ဘုန်းဥဒည်မင်းက ခမည်းတော် မယ်တော် ဓိတွေးတော်တို့ နတ်ရွာစံသည်ကို ကိုယ်စားရွှေကိုသွန်းလုပ်ပြီးလျှင် ဘွဲ့သစ်ထပ်မံချီးမြှင့်ပူဇော်ကြောင်း၊ မှူးမတ်တို့ကို မနှိမ့်မချထပ်၍သူကောင်း

ပြုကြောင်း၊ တိုင်းပြည်အတွင်း သက်ကြီးရွယ်ရင့် တို့ကို ပြုစု ကျွေးမွေးကြောင်း၊ ဟောင်းနွမ်းပျက်စီးသည့် ဘုရား သိမ် ကျောင်း များကို ပြင်ဆင်ကြောင်း၊ ခရီးလမ်းများမှာလည်း သုတ်သင်ပြင်ဆင်၍ တန်တားတည်လုပ်ကြောင်း၊ ရာဇဝတ်အပြစ်အလျောက် ထောင်အတွင်း အကျဉ်းခံနေရသူတို့ကို ဘေးမဲ့ပေးကြောင်းများကို လမ်းလျှောက် ရာဇသံနှစ်စောင်ရောက်သည်။

သက္ကရာဇ်(၁၂၁၄)တထောင့်နှစ်ရာ့တဆဲ့လေးခု အောက်ကြောင်းချီကျောက်ပန်းတောင်းမြို့စား ဗိုလ်မှူး ဝန်ကြီး သတိုးသုဓမ္မမဟာမင်းခေါင်ချီတက်၍ မြေထဲမြို့စီရင်စု မြစ်အရှေ့ဘက် နတ်ပလ္လင်အရပ်တွင် တပ်မြေကတုတ် အဖြိုးအခိုင်တည်လုပ်စွဲရပ်ရာ ကုလားသူပုန်တို့ပြည်မြို့မြစ်ဆိပ်ကစွဲရပ်ပြီးလျှင် မြေထဲမြို့သို့ မီးသင်းဘောနှင့် မပြတ်ဆန်တက်လာသည်များကို လုပ်ရေးကြံရေး တိုက်ရေးခိုက်ရေးမှစ၍ စည်းကြပ် ပြောဆိုရန် ဓညဝတီကြောင်းချီ စစ်ကဲ လက်ဝဲဝင်းမှူးနှင့် အထက် ချီတက်သည့် ဗိုလ်စုတပ်စုတို့ကို ခေါ်ရာ သုံးဆယ်မြို့စား ဝန်ကြီးဟောင်း ငကြီး မြင်းနှင့်လာပြီးလျှင် အောင်လံဦးသို့ရောက်သည့်ကာလပြန်သွား၍ ကုလားတို့ရပ်နေသည့် မီးသင်းဘောတပ်များသို့ ဝင်သွားသည်ကို ကုလားဗိုလ်တို့က စစ်ဆေးလျှင် သမီး,ညီ,သား,ဆွေမျိုးတို့ကို သူကောင်းပြုသည့် ကျေးဇူးကို မထောက် သစ္စာကိုဖျက်၍ တဖက်ရန်သူတပ်သို့ ဝင်လာသည်၊ အထက်အလုံဝန်ကြီး ဗန္ဓုလသားမဟုတ်သကဲ့သို့ ဖြစ်ကြောင်းများနှင့် အပြစ်တင်ပြီးလျှင် ပြည်မြို့တပ်မသို့ပို့ထားလေ၏။

အောက်ကြောင်းချီတပ်တော်တွင် ချီတက်တိုက်ခိုက်ထမ်းရွက်စေသည့် ရွှေလက်ယာဗိုလ် ငရစ်, လက်ယာကြောင်းဗိုလ် ငရှမ်းအို, နတ်စုလက်ဝဲဗိုလ် ငရွှေငုံတို့ကိုလည်း အစုအငန်း စားကျေးမြို့ရွာ ပေးတော်မူပြီးလျှင် ချုပ်ကြီးအုပ်ကြီးအရာနှင့် သူကောင်းပြုတော်မူသည့် သူဖြစ်လျက် စွန့်စွန့်စားစားမထမ်းမရွက်အကြိမ်ကြိမ်ဆုတ်ခွာကြောင်းကို ရွှေနားတော်ကြားတော်မူ၍ အောက်ကြောင်းချီဗိုလ်မှူး ကျောက်ပန်းတောင်းမြို့စား ဝန်ကြီးက အမိန့်တော်နှင့် တပ်ဦးတွင် အဆုံးစီရင်ရ၏၊ ရွှေဘဝါးတော်အောက်တွင်ရှိသည့် ၎င်းတို့ သားမယားများကိုလည်း အမိန့်တော်နှင့် လွှတ်ကခေါ်ငင်ပြီးလျှင် ထောင်မှာထားရ၏။

ယင်းသည့် သက္ကရာဇ် နတ်တော်လဆန်းတဆဲ့ငါးရက်နေ့ ဘိုးတော် အိမ်ရှေ့မင်းကြီးသား တောင်ငူမင်း မြောက်သားတော် မြင်ကွန်း မြို့စား ဟောင်းမင်းသားအမိ ကံကုန်သည်ကို ကောင်းမွန်အောင် သင်္ဂြိုဟ်ရ၏။

ယင်းသည့် လပြည့်ကျော် ခုနစ်ရက်နေ့ သေပြစ် သေဒဏ် ရာဇဝတ် အပြစ်အလျောက် စီရင်သင့်၍ထောင်တန်းအကျဉ်းထားသည့်ယောကျ်ား မိန်းမ စာရင်းပါလူပေါင်း ရှစ်ဆယ်ကျော်တို့ကို အထက်မှူးမတ်အရာရှိမှ စ၍ ရွှေမြို့တော်အတွင်းပြင် မြတ် ယုတ် မရွေး ပုဏ္ဏား,ကသည်းစသော ဆင်းရဲသားသတ္တဝါအပေါင်းတို့အား အသဒိသမဟာဒါနကုသိုလ်တော် ကြီး ပြုသည့်အခါနှင့် မရှေးမနှောင်း ကြိမ်ကြိုက်သည်ဖြစ်၍ ဘေးမဲ့ ချမ်း သာ ပေးတော်မူ၏။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းများသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း,ပယင်းတွင်းစသော ရတနာတွင်းအပေါင်းတို့၏အရှင်၊ ရတနာပုံ ရွှေပြည်တော်ကြီးကို ရှေးဦးလက်မွန် တည်ထောင် ဘန်ဆင်းတော်မူ သော ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူများရှင်, ပဥ္စမသင်္ဂါယနာထင် အသျှင် ဘဝ ရှင်မင်းတရားကြီးဘုရားလက်ထက်တော် အမိန့်တော်မြတ်နှင့် သက္ကရာဇ်(၁၂၂၉) တဆောင့်နှစ်ရှာနှစ်ဆဲ့ကိုးခု ထော်သလင်းလဆန်း ငါးရက်နေ့ကစ၍ အထူးထူး သောရတနာတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာသော မှန်နန်းတော်ရှေ့ ဇေတဝန် ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ်ပညာရှိတို့နှင့် နှိုင်းညှိ တိုင်ပင်ပြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ, စာတမ်းစာဟောင်း, မော်ကွန်း, အမိန့်တော်, နေ့စဉ်မှတ်များနှင့်အညီ ဆက်လက်စီကုံး ရေးသားသည့် ဒုတိယ မဟာရာဇဝင်တော်ကြီး အဋ္ဌမတွဲ ဤတွင်ပြီး၏။

---

### မင်းတုန်းမင်း, ကနောင်မင်းညီနောင်တို့ ရွှေဘိုသို့ထွက်သွားခြင်း စသည်နှင့် အမရပူရမြို့ကို ရခြင်း

သက္ကရာဇ် (၁၂၁၄) တဆောင့် နှစ်ရှာ တဆဲ့ လေးခု နတ်တော်လ အတွင်း ရွှေမြို့တော်အနောက်ပြင် ဓာတ်နန်းရပ်တွင် မင်းကြောင်ငယ် ရှယ်တော်မူ၍အသိန်းတော်တောင်ပြုံးကြီးမြို့-ဟင်းသာတမြို့စား မိန္ဒုညီမ မိဘဲအိမ်ကိုညဉ့်နှစ်ချက်တီးကျော်အချိန် ဓားပြလူဆိုးတို့တိုက်ခိုက်ကြောင်း ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကြားသိတော်မူ၍ မြို့ဝန်, ထောင်မှူး, မြို့စာရေးတို့ကို ထောက်လှမ်းစုံစမ်းဖမ်းဆီးစေရာ တိုက်

ခိုက်သည့်သူတို့ကို မမိမရသည်နှင့် နောက်တော်ပါ မြင်းဝန်မြို့ဝန်က အထက်ဆိုးသွမ်းဘူးသူ မုံရွေးရွှေကျောင်းရွာ ငရွှေညှာ - ငလပ်တို့ကို ထောက်လှမ်းစုံစမ်းမေးမြန်းသည့်တွင် မားပြမတိုက်မီ ကနောင်အိမ်တော်ထမ်း စလေမင်းရွာ ပြင်းပဆွဲရွာနေ ငယောကလေး, ငထွန်းပွင့်,ငရွှေဝိုင်းတို့ ဆင်းသွားသည်ကို တွေ့မြင်လိုက်ကြောင်းနှင့် အစစ်ခံသောကြောင့် ၎င်းလူတို့ကို ကနောင်အိမ်တော်မှာတောင်း၍ မေးမြန်းကာလ ညောင်ပင်ဈေးရပ်နေ ငရွှေလှော်,ငမြတ်တို့နှင့် ဘိနပ်ဖြတ်ပိုင်း မဏ္ဍရာမြို့က ဝယ်ယူဆင်းလာရောင်းချ၍ အိမ်တော်မှာ ထမ်းရွက်မြဲ ထမ်းရွက်နေထိုင်ပါသည်။ ကျွန်တော်တို့ တိုက်ခိုက်ရသည် မဟုတ်ကြောင်းကို အစစ်ခံသော်လည်း မငြိမ်းရ၊ တောင် ဥယျာဉ်တော်အတွင်း သွင်း၍ တောင်ဒဝယ်ဗိုလ်ငတုတ်, ပုဏ္ဏားဝန် လမိုင်းဝန် ငကုလားတို့ ထပ်မံမေးမြန်းပြန်သည့်တွင် အထက်နည်း အစစ်ခံသည့်အတွင်း ရဲဘက်မြင်းတပ်ဗိုလ် ငဘိုးက မင်းတုန်းအိမ်တော်-ကနောင်အိမ်တော်များမှာ ငယောကလေး, ငထွန်းပွင့်, ငရွှေဝိုင်းတို့ပြင် ရတနာသိဏ်မြင်းမြေကျေးရွာများက လူအများ ထမ်းရွက်ရှိကြောင်းနှင့် စာရင်းပေး၍ ငခဲ, ငနက်ပြာ, ငရွှေအိပ်, ငရွှေသိုက်, ငရွှေသား, တုရင်တို့နှင့် လူပေါင်း တဆယ်ကျော်ကို ပေးအပ်ရမည်။ မင်းတုန်းမင်းအကြီးစာရေး ငပေ, ကနောင်မင်းသားအကြီးစာရေး ငရေး,ငနှင်း, ကွမ်းရေခေါင်း ငရွှေအောင်တို့ကို ချုပ်တောင်းသည့်တွင် ညီတော်ကနောင်မင်းသားနှင့်အကြီးတော်ငရန်ဝေးတို့နောင်တော်စံတော်မူရာ မင်္ဂလာအိမ်တော်ဥယျာဉ်တော်အတွင်းသို့ ဝင်၍ အထိန်းတော်မိရှဲညီမ-မိဘဲအိမ်ကို မားပြတိုက်ခိုက်ရာ မင်္ဂလာအိမ်တော်က ကျွန်တော်မျိုးတို့ တစုံတယောက်မျှ မပါသည်ကို မင်္ဂလာအိမ်တော်ကဖြစ်ဟန် အမှုရှာကြံပြီးလျှင် နောင်တော် မင်းတရားကြီးမှာ မဟုတ်မမှန် လျှောက်ထား၍ ချုပ်တောင်းသည့်အမှုသာ ဖြစ်ပါတော့သည်။ ကျွန်တော်မျိုးတို့နှင့် အသက်လွတ်ရာလွတ်ကြောင်း ထွက်သွားရမှ သင့်ပါမည်-လျှောက်ထားသည်ကို နောင်တော်က ငါသည် ခမည်းတော်မရှိလျှင် နောင်တော်မင်းတရားကိုပင် ခမည်းတော်အမှတ် ကိုးကွယ်ရသည်၊ ငါတို့ နောင်တော် ညီတော်ကိုလည်း မရှုတ်မချ စားကျေးမြို့ရွာထပ်၍ ချီးမြှောက်သူကောင်းပြုသည်ကို ခံနေရသည်။ သို့ဖြစ်၍ ပြုလိုရာပြုသော်လည်း ခံရတော့မည်သာ၊ အကြိမ်ကြိမ် အမိန့်တော်ရှိသည်ကို ညီတော်ကနောင်မင်းသားက ယခု ကျွန်တော်တို့ကို နောင်တော်မင်းတရား

အပေါ်းတွင်ရှိသည့် မှူးမတ်တို့က မတော်မသင့် မှုခင်းရှာကြံ ပြုလုပ်၍ နောင်တော်မင်းတရားကြီးထံ လျှောက်သည်များကို ဘေးဘယမှ လွတ်ရာလွတ်ကြောင်း တစုံတရာကြံစည်တော်မူ၍ နေပြည်တော် အမရပူရမြို့တော်က ထွက်တော်မမူလိုလျှင် အဝေးထမ်း အနီးထမ်း ကျွန်တော်မျိုးတို့ကို အသက်ဘေးရန် လွတ်ကင်းချမ်းသာအောင် နှင်ပြီးမှ ကျွန်တော်တို့နောင်တော်ညီတော်ကို နောင်တော် မင်းတရားကြီးဘုရား အမှုပြုလိုရာ ပြုတော်မူပစေ၊ ကျေးဇူးခတော်ကို အသက်နှင့်ဆပ်ပါရစေ–ပြောဆိုလျှော်ထားသည်တွင်မှ အကြီးတော်, အကြီးစာရေး, ကျွန်တော်မျိုး လူကြီးတို့ကိုခေါ်တော်မူ၍ ယခုအမှုသည် လွှတ်တော်,ရုံးတော်, မြို့တိုက်တော်များက စစ်ကြောသည်မဟုတ်၊ တောင်ဥယျာဉ်တော်အတွင်း တောင်ဒဝယ်ဗိုလ်တေတ်, ပုဏ္ဏားဝန်ကေလားတို့နှင့်သာ အလိုရှိရာ စစ်ကြောသည်ဖြစ်သောကြောင့် အနောက်အတွင်းတော် မင်းမိဖုရား အပျိုတော်တို့ထံ စုံစမ်းစေရာလည်း နောင်တော်ညီတော် နှစ်ပါးကိုပင် သူခိုးဓားပြမွေးထားတိုက်ခိုက်စေဟန် အမှုကြီးစွာရှာကြံပြုလုပ်မည့် လက္ခဏာအမှန်ပင်ဖြစ်သည် လျှောက်ထားလိုက်သည်။ ယင်းသို့ဖြစ်၍ သည်အရေးကိုမည်သို့ပြုရသော် သင့်မည်မေးတော်မူလျှင် ညီတော် ကနောင်မင်းသားထပ်မံလျှောက်ထားသည်ကား····

ယခုအမှုသည် ကျွန်တော်တို့ နောင်တော်ညီတော်ကိုပင် မှုခင်းရှာကြံပြီးလျှင် အမှုကြီးပွားအောင် နောင်တော်မင်းတရားထံ လျှောက်ထားသည်ဖြစ်၍ နောင်တော်မင်းတရား စိုးရိမ်သောကမကင်း စိတ်တော်နှလုံးတော် နှောင့်နှေးရှိတော်မူသည် အမှန်ဖြစ်တော့သည်၊ သို့ရှိတော်မူကလည်း ကျွန်တော်တို့ နောင်တော်ညီတော်ကိုပင် ယခု ချီးမြှင့်သနားတော်မူရင်း စည်းစိမ်ချမ်းသာအတိုင်း ထားဘိမည်မဟုတ်၊ သူ့လက်ခုပ်တွင်းဝယ် ရေကဲ့သို့ အမှုကြီးပွားအောင် ရှာကြံ ပြုလုပ်တော်မူသဖြင့် ကျွန်တော်တို့ နောင်တော် ညီတော်နှင့်တကွ သားမယား ကျေးကျွန်အပေါင်းတို့ဝယ် အမှုကြီးစွာ တွေ့ကြုံမိကြရမည် အမှန်ပင်ဖြစ်တော့သည်၊ ရှေးမယ်တော်ရှိစဉ်ကလည်း သက္ကရာဇ် (၁၁၇၆) တဘောင့်တရှာခုနစ်ဆဲ့ခြောက်ခုနှစ် ရွှေမြို့တော်မြောက်မျက်နှာ မင်းတဲအရပ်တွင် နံတော်ကြိုက်ညီရာ ရတနာမဥ္ဇူဘုရားကို ပြည်သူပြည်သားတို့ အထူးသဖြင့် အုတ်အာသောင်းသဲသွားသာကြပြီးလျှင် ဆွမ်းသင်ပုတ် ရေချမ်းကပ်လှူဖူးမြော် ပူဇော်ကြသည်။ နောက် မမြင့်မီ နောင်တော်ဘုရားကို

ဖွားမြင်သည်ဖြစ်၍ မောင်သည် မချွတ် ရွှေနန်းစည်းစိမ်ကိုရ၍ သာသနာတော်မြတ် အစီးအပွား, ပြည်သူသတ္တဝါ အပေါင်းတို့ အကျိုးစီးပွားကို ရွက်ဆောင်နိုင်မည့်သူဖြစ်ကြောင်းနှင့် မယ်တော်ဘုရား အမိန့်တော်ရှိခဲ့သည်ကို နောင်တော်ဘုရားလည်း အသိပင်ဖြစ်ပါသည်။ အမရပူရမြို့တော် အနောက်တောင်ထောင့် စံနေတော်မူရင်း မင်္ဂလာ အိမ်တော်အနီး ရွှေလင်းပင်ဘုရား ရွှေတွင်လည်း ညောင်ပွင့်သည်ဆို၍ မြို့တွင်းမြို့ပြင် ပြည်သူပြည်သား အပေါင်းတို့ အုတ်အော်သောင်းသဲ ကြည့်ရှုဖူးမြော် ပူဇော်ကြသည်။ ယခုလည်း ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ နောင်တော် ဘုရား၌ ညွတ်သောစိတ် ရှိကြသဖြင့် ဘုန်းတော်ကြီး၍ သက်တော် ရှည်စေကြောင်းများကို ဆုတောင်း ဆုယူပြုကြသည်။ ယင်းသို့ဖြစ်ပါ၍ သားမယား ကျွန်တော်မျိုးအပေါင်းတို့ဝယ် ဘေးဥပဒ်လွတ်ကင်းအောင် ကြံဆောင်တော်မူပြီးလျှင် ပြည်သူသတ္တဝါ အပေါင်းတို့ အကျိုးစီးပွားကို ရွက်ဆောင်တော် မူမည် နှလုံးသွင်းရင်း ရှိတော်မူသည့်အတိုင်း ရွက်ဆောင်တော် မူရအံ့သောအခါတန်ပြီ ဖြစ်ပါသောကြောင့် အလျင်အမြန် ထွက်တော်မူ၍ သင့်ရာ အရပ်အနေ ပြုတော်မူပြီးလျှင် အထက် အိမ်တော်တွင် မတ္တရာမြို့,စဉ့်ကူးမြို့, ကျောက်မြောင်းမြို့, ရတနာသိင်္ဃမြို့, မြေဒူးမြို့, ဒီပဲယင်းမြို့, ပဋ္ဌာလမြို့, ထန်းတပင်မြို့မှစ၍ မြောက်ဖက်တပြင် မြို့ကျေးရွာများက စာရင်းချမှတ် ထမ်းရွက်သူ အဝေးထမ်းကျွန်တော်မျိုး၊ မတ္တရာမြို့ဝန်ဟောင်း ငအောဇာ၊ ကျောက်မော်မြို့ဝန်ဟောင်း ငနန်းပုံ၊ ရဲဘက်မြင်းတပ်ဗိုလ်ဟောင်း ငခဲ၊ ကျောက်မြောင်းမြို့အုပ် ငရေး၊ မြေဒူးမြို့ဝန်ဟောင်း ငလှိုင်၊ နေက်ပြာ၊ ငဘား၊ ငထိန်း၊ ငရွှေအိပ်၊ ငရွှေပေ၊ ငရွှေသိုက်၊ ၎င်းအဘ ငမောင်ကြီး၊ ငဝိုင်း၊ ငကျီ၊ ငသက်ပြင်း၊ မဟာခေါ် ငရွှေသားးတုရင်ငထောင်နီ၊ ငအောကာ၊ ငသာထွန်းတို့နှင့် ၎င်းတို့ဆွေမျိုးကျေးကျွန်အများရှိသည်ဖြစ်ပါ၍ အလျင်အမြန် ထွက်တော်မူပြီးလျှင် ချက်တဖြုတ်စည်းကြပ်သိမ်းရုံးထမ်းရွက်ရသည်ဖြစ်မှ အလိုတော်ပြီးလွယ်မည် ဖြစ်ကြောင်းများနှင့် လျှောက်ထားပြန်သည်တွင် အမိန့်တော်ရှိသည်ကား—

ငါလည်းမဆွက သိသောကြောင့် သီတင်းသီလစောင့်သုံး၍ ရတနာသုံးပါးအမှုကိုသာ မပြတ်အားထုတ်နေသည်၊ ခမည်းတော်မင်းတရားမင်းတဲဒေးဝန်းတိုက်စံနန်းတော်တွင် စံနေတော်မူသည့်ကာလ ငါတို့ ပွဲတော်တည်ရန် မုန်လာချဉ်တည်သည့်အိုး တရက်ခန့်ရှိလျှင် ၎င်းအိုးက

မုန်လာအပင်ပေါက်၍ အညွန့်အသားထွက်သည်ကို မောင်တို့ မချွတ်မင်းဖြစ်မည် မယ်တော် အမိန့်တော်ရှိဘူးသည်၊ တကြောင်းလည်း ငါမင်္ဂလာအိမ်တော်စံတော်မူစဉ်မင်း၊ကွန်းဥယျာဉ်တော်မှူးငအောင်မှူးသည် စံကားစိမ်းပန်းပင်တော်ကချိုးယူခဲ့သည့် လက်ညှိုးလက်မခန့် အကိုင်းငယ်ဆက်လာသည်ကိုမင်္ဂလာအိမ်တော်တောင်ဥယျာဉ်တော်ရေကန်နားတွင် ထိုးထားရာ ယင်းသည့်စံကားစိမ်းကိုင်းကအညွန့်အကိုင်းဖြစ်ပွား၍ စံကားစိမ်းပန်းပွင့်သည်ကို ဘုရားများမှာတင်လှူရသည်လည်း အထူးသဖြင့်မင်းဖြစ်အံ့သော ပုဗ္ဗနိမိတ်ဖြစ်သည်၊ ယခုအမှုရှာကြံသည့်အတွင်းလည်း စက်တော်ခေါ်ရာ ညဥ့်သန်လွဲအချိန်တွင် မြင့်စွာသောကောင်းကင်အရပ်ဝယ် ရွှေပြာသာဒ်ကြီးငွေစောင်းတန်းသို့တက်ရာ ဗန်းမော်အမည်ရှိသောမိန်းမနှစ်ယောက်လက်ဝဲလက်ယာတွဲမ၍တက်ပြီးလျှင်ပြာသာဒ်၌စံနေရသည်ကို မြင်မက်တော်မူသည်တကြိမ်၊ နောက်တနေ့တွင်လည်း ညဥ့်သန်လွဲအချိန်တွင် တန်ဆာဆောင်းဘုရားရုပ်တု ခြေရင်းတော်တွင် ရှိနေသည်ကို မြင်မက်တော်မူသည်တကြိမ်၊ ၎င်းနောက်တနေ့ ရွှေနန်းတော်သို့အဝင် အိမ်တော်ကဆင်းကာလ ရထားသို့တက်မည်တွင် လက်ယာလက်ရုံးပေါ်မှာ ရွှေပြည်စိုးငှက်နားလာသည်၊ ယင်းသည့် တိတ်နိမိတ် အိပ်မက်များကို ဆင်ခြင်လျှင် ငါသည်မချွတ် ရွှေနန်းစည်းစိမ်တော်ကိုရ၍ တိုင်းပြည်ကို အုပ်စိုးရတော့မည့်နိမိတ်ဖြစ်သည်ဟုဖတ်တော်မူသည်။

ကျွန်တော်မျိုးတို့ကလည်း ဥယျာဉ်တော်အတွင်းအရှေ့တောင်ထောင့်က စိုက်ပျိုးသည့်ညောင်ပင်သည် ယခုနှစ်မှ အရွက် တတောင့်ထေးသစ်ကြီးသည်၊ ဥယျာဉ်တော်အတွင်း ဆီးခါးပင်လည်း ယခုနှစ်မှချိုသည်များကို ကျွန်တော်မျိုးအားလုံးအသိပင်ဖြစ်ပါသည်၊ မင်္ဂလာအိမ်တော်အနေဝံတံခါးသို့ ထွက်၍ စံနည်းနာစေရာလည်း တဦးသော ခရီးသွားသည် ကျွန်စစ်သားကို သိကြားမသည့်ကျိန်းသို့ရောက်ပြီဟုကြုံးဝါးပြောဆိုသည့် စံနည်းကိုရသည်၊ ပါရမီခန်းပျို့ကိုမိဋ္ဌာန်၍ဖွင့်ကြည့်လျှင်လည်း "အဋ္ဌော်ကာသ၊ တောထွက်ရမူ၊ ကြောင့်ကြမရှိ၊ လွင်တိတိ၌၊ မငြိမတင်၊ လိုရာနှင်သည်၊ ကောင်းကင်မိုးဖျား စက်ရထားသို့"-ဟူသော နိက္ခမပါရမီခန်းကိုဖွင့်ကြည့်မိသည်ဖြစ်၍ ၎င်းစကားအရနှင့်ထွက်တော်မူလျှင် တစုံတရာ ကြောင့်ကြ ငြိတွယ်ခြင်းမရှိ ကြံရည်တော်မူသည့်အတိုင်း အလိုတော်ပြီးမြောက်တွင်တော်မူမည့်အကြောင်း နိမိတ်ကိုရသည်၊ ယင်းသို့အလုံးစုံထင်မြင်သမျှ အကြောင်းအရာတို့သည် ညီညွတ်ကောင်းမြတ်သည်ချည်း ဖြစ်၍

မချွတ်လျှင် ဘေးဘယလွတ်ကင်းချမ်းသာလျက် အလိုတော်အတိုင်း ပြီးမြောက်တော်မူမည့် အကြောင်းဖြစ်ပါသည်၊ ယခုလည်း အရှင်နှစ်ပါး ကျွန်တော်မျိုးတို့တဦးတယောက်မျှမပါသည်ဖြစ်လျက် မြို့ဝန်တို့ စစ်မေးသည့်ကာလ ငရွှေသီး၊ ငပုတ်တူ၊ အထိန်းတော်မိရွဲ၊ အဆောင်ကိုင်ခေါင်း ငလှိုင်းတို့နှင့် လူတကျိပ်ကျော်တိုက်ကြောင်းကို အထည်အလိပ်နှင့် တကွ စစ်ချက်ရသည်ဖြစ်လျက် ကျွန်တော်တို့ အိမ်တော်ကိုသာ အမှုရှာလို၍ အကြီးစာရေးတို့ကိုချုပ်တောင်းသည်သာမက ကျွန်တော်မျိုးအားလုံးကို တောင်းယူချုပ်ထားပြီးမှ အရှင်နှစ်ပါးကို အမှုပြုလုပ်မည် ဖြစ်ပါတော့သည်၊ ယင်းသို့ဖြစ်ပါ၍ လွတ်ရာလွတ်ကြောင်း ထွက်သွားတော်မူပြီးလျှင် ကြံကြိုက်ရာရာ ကြံတော်မူမှသင့်ပါမည်၊ ကျွန်တော်တို့လည်း အသက်ကို ပန်းတပွင့်အနိုင်းထင်မှတ်၍ ညီတော်ကနောင်မင်း လျှောက်ထားသည့် အတိုင်း အဝေးထမ်းအနီးထမ်းလူကို သိမ်းရုံးစည်းကြပ် မေးမြန်းလျက် ကြိုးပမ်း ထမ်းရွက်ပါမည်-လျှောက်ထားကြသည်များကို သဘောကြိုက် ညီတော်မူ၍ ညီတော်နှင့်တကွ မင်္ဂလာအိမ်တော်တွင် သားတော်၊ သမီးတော်၊ ကိုယ်လုပ်မောင်းမ၊ ကျွန်တော်မျိုး နှစ်ရာကျော် သုံးရာခန့်ရုံးမိသမျှ လူတို့နှင့် သက္ကရာဇ် (၁၂၁၄) တဆောင်နှစ်ရာ့တဆဲ့လေးခု ပြာသိုလ ဆန်းရှစ်ရက် သောကြာနေ့ ညဉ့်လေးချက်တီးကျော်အချိန် ရွှေမြို့တော် ရွှေမျက်နှာမြောက်စွန် လေးကျွန်းတံခါးကထွက်သွားတော်မူရာ တံခါးသို့ရောက်လျှင် တံခါးမိုလ် တံခါးမှူးတို့က တံခါးကိုမဖွင့်၊ ထွက်သွားတော်မူသည့် ခရီးဦးတွင် ထွက်သွားတော်မမူသင့်ကြောင်းနှင့် လျှောက်ထားတားဆီးရာ တံခါးမိုလ်ဘိုးခေါင်ကို ညီတော် ကနောင်မင်းသားက ကျွန်တော်မျိုး ငရွှေသား၊ ငရွှေဘော်တို့ကို ဓားနှင့်ခုတ်စေသည်တွင် နောင်တော်ဘုရား ကြားတော်မူ၍ မေးတော်မူရာ သူသေလက်ဝဲဘက် ကမြင်သောကြောင့် "သူသေလက်ဝဲ၊ စစ်ပွဲအောင်မြင်"ဟု သကလတိတ် ထွက်ကြောင်းနှင့် ညီတော်က လျှောက်ထားသည်။ ကျုံးထိပ်သို့ရောက်လျှင် ရွှေနောက်ဝဲယာ ကျွန်တော်မျိုးတို့ကို အကြီးတော်၊ အကြီးစာရေး၊ အကြီးအအုပ်နှင့် စည်းကြပ်၍ ထွက်တော်မူသည်။ မဟာမုနိ ဘုရားကြီး ရောက် လမ်းတလျှောက် မြောက်ပြင်ထောင်မှူး ငရွှေရဲနှင့် ကင်းများက သေနတ်ပစ်ဖောက် တားဆီးသည်ကို ကျွန်တော်မျိုးတို့ သေနတ်ဓားလှံများကို သိမ်းယူခဲ့ရသည်။ ရွာဟိုင်းဈေးလမ်းသို့ရောက်ကာလ လူတဦးက မြင်းဘောင်းဝတ်တစီး ဆက်လာသည်ကို ရွှေစက်တော်တင်၍ ထွက်

တော်မူသည်။ ရွှေတချောင်း မြောင်းရိုး လမ်းတလျှောက်များမှလည်း မြေဒူးမိဖုရားအကြီးစာရေးဟောင်း ငမင်းနှင့် လူငါး၊ ငသိုင်းနှင့်လူသုံး၊ ရွှေခဲကြီးငဘိုးမောင်နှင့် မြင်းငါးစီး, သေနတ်တလက်,လူတဆယ်ကျော်၊ ငပိုင်းနှင့် လူတဆယ်ကျော်၊ သေနတ်တဆယ်များနှင့် ဝင်ရောက် ထမ်းရွက်သည်။ မုတ္တရာမြို့သို့ အလျှင်စေလွှတ်လူ ငမှတ်ကြီးလည်း ဆွေသား မျိုးသား လူတဆယ်ကျော်နှင့် မြို့တံခါးကိုဆီးကြို ဖွင့်ပေး၍ ဝင်တော်မူပြီးလျှင် မုတ္တရာမြို့ရိုးသို့တက်၍ စံနေတော်မူ၏။

ထိုအခါ ပုဏ္ဏားဝန် အောင်ပင်လယ်လမိုင်းဝန် ငကုလားလည်း ယင်းသည့်နေ့ ညဥ့်လေးချက်တီးကျော် လေးမောင်းခန့်အချိန် မင်းတုန်းမင်း နောင်တော်, ညီတော်, သားမယား ဘျေးကျွန်တို့နှင့် လေးကျွန်းတံခါး မိုယ် ငဘိုးခေါင်ကို သတ်ဖြတ်ထွက်သွားကြောင်းများကို ရွှေနန်းတော် မှာ လျှောက်ထားလာ၏။

ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော် မင်းတုန်းမင်းပါမပါများကိုအိမ်တော်သို့ ခြံတိုက်သံဆင့် ငထွန်းအောင်ကိုစေလွှတ်ကြည့်ရ၏။ ပါကြောင်းကိုသိတော်မူလျှင် တောင်ဒဝယ်မိုယ် မဟာမင်းလှမင်းခေါင်ကျော်ထင်, ပုဏ္ဏားဝန် အောင်ပင်လယ်လမိုင်းဝန် မင်းကြီးမဟာမင်းကျော်တန်ဆောင်တို့ကို အုပ်စုအမှုထမ်း လူငါးရာပေးအပ်၍ ၎င်းညဥ့်တချက်တီးကျော်အချိန် အဖမ်းအဆီး စေလွှတ်တော်မူ၏။

သူရဲအုပ်မုတ္တရာဝန် မဟာမင်းလှမင်းခေါင်ကျော်ထင်ကိုလည်း ဝန်စု ဘျေးရွာ မုတ္တရာမြို့လမ်းသို့ထွက်သွားသည်ဖြစ်သည်,အလျှင်အမြန် လိုက်လံ၍ တပ်တော်မှူးနှင့်အတူ ဖမ်းဆီးတိုက်ခိုက်ရမည်၊လွှတ်တော်ရုံးတော် ကဆင့်ဆို၍ အဆောင်ကိုင် ဘျေးကျွန်တို့နှင့် ၎င်းရှစ်ရက်နေ့ညဥ့် လိုက် သွားပြီးလျှင် မုတ္တရာနယ်မြေ ဘျေးရွာများက လက်နက်လူသူ သိမ်းရုံး စည်းကြပ် လိုက်လံချီတက်ရာ မုတ္တရာမြို့တံခါးသို့ရောက်လျှင် နောင်တော် ညီတော်တို့လည်း မုတ္တရာမြို့ဝန်လိုက်လာ၍ မြို့တံခါးသို့ ရောက်ကြောင်း ကိုသိလျှင် ညီတော်ကနောင်မင်းသားနှင့် ကျွန်တော်မျိုးတို့ ခုခံတိုက်ခိုက် ကြသည်တွင် မုတ္တရာမြို့ဝန် ထွက်ပြေး၍ မြို့ပြင်ကျောင်းတိုက်က ချရစ်နေ လေ၏။

၎င်းလဆန်းကိုးရက်နေ့ နံနက်လင်းလျှင် လက်ယာဝင်းမှူး သတိုး မင်းကြီး မဟာမင်းခေါင်ရာဇသူကို လူတထောင် ပေးအပ်၍ တောင် ဒဝယ်မိုယ်, ပုဏ္ဏားဝန်တို့တပ်ကို ချုပ်အုပ်ပြီးလျှင် တိုက်ခိုက် ဖမ်းဆီးရ

မည် ချီထွက်စေ၏။ ၎င်းနေ့ ဖောင်ဝန်-ဝန်ထောက် မင်းကြီးမဟာမင်းကျော်မင်းထင်, မြောက်တရုတ်ငါးဆယ်မိုလ် တကောင်းမြို့စား မဟာမင်းလှတန်ဆောင်, မအူမြို့စား ရဲဘက် မြင်းတစ်မိုလ် မဟာမင်းထင်မင်းခေါင်တို့ကို အစုအမှုထမ်း လက်နက်ကိုင် လူငါးရာပေးအပ်၍ မီးသင်းဘောနှင့် မြစ်စဉ်ရေကြောင်း ချီတက်စေပြီးလျှင် မင်းကွန်းကင်း အထက်သို့ရောက်ကာလ ကြည်းကြောင်း အုန်းသဇင်အုပ်နဲ့ဘုတ် ကျေးရွာလမ်း ချီတက်ရ၏။

နောင်တော် ညီတော်တို့လည်း မတ္တရာမြို့ရုံးက ချီတော်မူ၍ သောက်လင်းအချိန် မတ္တရာမြို့မြောက် ချောင်းမကြီးကိုကူးမိလျှင် တောင်ဒဝယ်မိုလ် ငတုတ်, ပုဏ္ဏားဝန် လမိုင်းဝန်ငကုလား, မတ္တရာဝန် ငရွှေကျူတို့ သုံးတပ်ပေါင်းစည်း၍ ချောင်းတဖက်ကမ်းလာသည်တွင် ကျွန်တော်မျိုးတို့ ခုခံတိုက်ခိုက်ကြပြန်ရာ တောင်ဒဝယ်မိုလ်, ပုဏ္ဏားဝန် လမိုင်းဝန်, မတ္တရာဝန်တို့ သုံးတပ်လည်း ချောင်းညာကလှည့်၍ ကူးမည်ချီသွားလေ၏။

ယင်းသည့် ချောင်းမကြီး စခန်းတွင် အုန်းကုန်းရွာနေ ငရွှေထွန်း, လင်းဇင်းရွာနေ ငရောက်တို့ ဆင်မတစီး, လူသုံးဆယ်ကျော် သေနတ်များနှင့် နောင်တော် ညီတော်တို့တပ်သို့ ဝင်ရောက်ထမ်းရွက်လာ၏။

နောင်တော်ညီတော်နှစ်ပါးလည်း ၎င်းချောင်းမကြီးက ချီတော်မူ၍ စကျဉ်တောင်ကြားသို့ ရောက်လျှင် စကျဉ်ရွာသူကြီး ငကျန်နှင့် သေနတ်လက်နက်သုံးဆယ်,လူသုံးဆယ် ကျွန်တော်မျိုးခံထမ်းရွက်သည်၊ ညီတော်ကနောင်မင်းသားက နောင်တော်ဘုရားမှာ သားတော်သမီးတော် ကိုယ်လုပ် မောင်းမတို့နှင့် စစ်ပြူကူးရောက် ထွက်တော်မူနှင့်ပါ ကျွန်တော်မှာသည်အရပ်က ကျွန်တော်မျိုးတို့နှင့် ခုခံတိုက်ခိုက်ပါမည် လျှောက်ထား၍ ထွက်တော်မူ၏။

တောင်ဒဝယ်မိုလ်, ပုဏ္ဏားဝန် လမိုင်းဝန်တို့နှင့် မတ္တရာဝန်တို့ သုံးတပ်လည်း ပါသည့်ရဲမက်အမှုထမ်း လူတထောင်ကျော်တို့ကိုချုပ်အုပ်ပြီးလျှင် ချောင်းမကြီးချောင်းညာက အလျှင်ကူးရောက် နောက်ထပ်လိုက်လာပြန်သည်ကို ညီတော်ကနောင်မင်းသားလည်း စကျဉ်တောင်ကြား အလယ်လမ်းက စံတော်မူ၍ အကြီးစာရေး ငနု, ငရှင်ကလေး, ရွှေခဲကြီးငတိုးမောင်, ငခဲ, ငဆန်း,ငမှန်းတို့နှင့်လူခြောက်ဆယ်ကျော်၊ ၎င်းတောင်ကြား အရှေ့လမ်းက ငရွှေသိုက်နှင့် လူခြောက်ဆယ်ကျော်၊ ၎င်းတောင်ကြား

အနောက်လမ်းက ငမိုးနှင့် လူခြောက်ဆယ်ကျော် စည်းကြပ်ပေးအပ်ခုံတိုက်ခိုက်စေရာ နေတချက်တီးကျော်အချိန်ရှိလျှင် ဒဝယ်မိုလ်,မဏ္ဍရာဝန်တို့တပ် အထိအခိုက်အရှုအန များသည်နှင့် ပျက်ပြားဆုတ်ခွာထွက်ပြေးကြလေ၏။

ညီတော်ကနောင်မင်းသားလည်း ရဲမက်လက်နက်ကိုင် ကျွန်တော်မျိုးအမှုထမ်းလူနှစ်ရာကျော်ခန့်ကို သိမ်းခေါ်၍ နောင်တော်ကို မှီအောင် ချီတက်လေ၏၊ နောင်တော် ညီတော်တွေ့၍ ချီတော်မူရာ ငှက်စားရွာနေအဝေးထမ်းကျွန်တော်မျိုး ငပိုင်း,ညီငသိုင်းတို့နှင့် ဆွေသားမျိုးသား လူတဆဲ့ငါး,သေနတ်တဆယ်နှင့် ထမ်းရွက်လာ၏။

ရွှေခုံတိုင်ရွာသို့ရောက်လျှင် ရှမ်းအိုးစားကြီး ငစိတ္တ, ငအေရာ, ငရွှေခါ်, ငဝဏ္ဏ, ငဝိတိတို့နှင့် လူတဆဲ့ငါး၊ ပွဲကြိုငရွှေရဲ့, ငစဲလုံ, ငအောဒိန္နတို့နှင့် ရှမ်းကုန်သည် ခြောက်ယောက်တို့က မြင်းတစ်, သေနတ်ခြောက်, ဓားလွယ်တဆယ်, ခဲယမ်းမီးကျောက်များနှင့်ဝင်ရောက်ဆက်သထမ်းရွက်လာ၏။

ရွှေတုံးရွာသို့ရောက်တော်မူပြန်လျှင် ပွဲကြိုငအူနှင့် ရှမ်းကုန်သည် အိုးစားကြီး ငရှင်ဆု, ငဇောတ,ငကာနတို့ကလည်း မြင်းတစ်, သေနတ်နှစ်, ခဲယမ်းမီးကျောက်များနှင့် ဝင်ရောက် ထမ်းရွက်လာ၏၊ စကျင်ရွာသူကြီး ငတာနော,အကြီးစာရေး ငရှင်ကလေး,သားငရွဲတို့နှင့် လူနှစ်ဆဲ့သုံး, သေနတ်ငါး, ဓားလှံများနှင့် ဝင်ရောက်ထမ်းရွက်လာ၏။

ထုံးကြီးရေတော်သို့ ရောက်တော်မူပြန်လျှင် အဝေးထမ်း ကျွန်တော်မျိုး ငကျီ ဆွေသားမျိုးသား လူသုံးဆယ်ကျော်များနှင့် ထမ်းရွက်လာ၏။

စစ်ကိုင်းမြို့ စီရင်စု ရွာရှည်ရွာသူကြီး ငရွှေအေးလည်း လက်ဆောင်တော်များနှင့် သပြေပန်းစည်းကိုယူပြီးလျှင် ရန်အပေါင်းကို အောင်တော်မူမည့်ပန်းဖြစ်ကြောင်းနှင့် ဆက်သလာ၏။

စစ်ကိုင်းမြို့သို့ရောက်လျှင် ညီတော်ကနောင်မင်းသားက နောင်တော်ဘုရားမှာ သားတော်သမီးတော် ကိုယ်လုပ်မောင်းမ ကျေးကျွန်တို့နှင့်အလျှင်ကူးတော်မူနှင့်ပါ ကျွန်တော်မှာ စစ်ကိုင်းဘက်တွင် လှေငယ်တစင်းမျှမရှိရအောင် ငကျီ,ငပိုင်းတို့ကို လူခြောက်ဆယ်ကျော်ပေးအပ်၍တပ်ခံထားခဲ့ပြီးမှကူးပါမည်လျှောက်ထား၍ ကူးတော်မူနှင့်သည်။ ညီတော်

ကနောင်မင်းသားလည်း များမကြာမီကျွန်တော်မျိုးတို့နှင့် စဉ့်ကူးဘက်ကရှိသည့်လှေများကို ငကြို့ ငဝိုင်းတို့ကူးလောက်အောင် ချန်ထား၍ စဉ့်ကူးမြို့အုပ် ငဘိုးကို ချည်နှောင်ယူခဲ့ပြီးလျှင် အဝေးထမ်း ကျွန်တော်မျိုး ကျောက်မြောင်းမြို့အုပ် ငရေးအိမ်မှာ စံတော်မူ၏။

ယင်းသည့်နေ့ညဉ့် အမရပူရမြို့ကချီတက်လာရောက်သည့်တောင်ဒဝယ်ဗိုလ်တို့တပ် ညဉ့်အခါအနောက်ဖက်သို့ မကူးဝံ့အောင် ကျောက်မြောင်းက အောက်သို့လျှောက်၍မြစ်ကမ်းတလျှောက် မီးပုံအများထည့်စေပြီးလျှင် တပ်ရှိဟန် မောင်းတီး၍နိုးဆော်ရ၏၊ ထိုအခါ အမရပူရမြို့ တပ်စုလည်း ညဉ့်အခါ တပ်နှင့်ဆီတည့်မကူးဝံ့၍ အောက်သို့ချီသွားပြီးလျှင် ဆယ်ပင်ကျွန်းက မခေါက်မလားဘက်သို့ အလျှင်ကူးရောက်လာ၏။

၎င်းလဆန်း ကိုးရက်နေ့ ညဉ့်သုံးချက်တီးကျော်အချိန် နောင်တော်ဘုရားမျှောက်မျဉ်းစက်တော်ခေါ်စဉ်အတွင်း ယခုအရေးသည် ကျွန်တော်မျိုးတို့ကို ရဲစည်းကြပ်လုပ်ကြံမှ အလျှင်အောင်မြင်လွယ်မည် အကြောင်းနှင့် အိပ်မက်မြင်တော်မူသည်၊ နံနက်သောက်လင်းအချိန် မျက်လဲသန့်စင်တော်မူလျှင် ငါသည် ကိုယ်တော်မှစ၍ ကျွန်တော်မျိုး အမှုထမ်းတို့ဝယ် ဘေးဘယကြီးစွာ ရောက်လတ္တံ့သည်ကို သိမြင်တော် မူသဖြင့် ဘေးအန္တရာယ်မှ လွတ်ရာလွတ်ကြောင်း ထွက်ခွာခဲ့သည်။ ယခုဆိုက်ရောက်တော်မူသည့်စခန်းတွင် စက်တော်ခေါ်ရာ ညဉ့်သန်ယိမ်းအချိန် ကျွန်တော်မျိုးအမှုထမ်းတို့ကို ရဲစည်းကြပ်လုပ်ကြံမှ အလျှင် အောင်မြင်လွယ်မည့်အကြောင်းနှင့် တပ်တပ်ထင်ထင် မြင်မက်တော်မူသည့် အလိုသော်ငါ၌ မကောင်းကြံသမျှရန်အပေါင်းကို အောင်မြင်သဖြင့် ရည်ကြံတော်မူသမျှ အလိုတော်အတိုင်း ပြီးပြေကုံတွင်လွယ်မည့်အကြောင်းကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့ ကူညီစောင်မပြသသည့် အိပ်မက်မချွတ်ဖြစ်သည်ဟု အကျိုးကို ဖတ်ယူဆင်ခြင်တော်မူပြီးလျှင် ရတနာသိင်္ဃပဌမမြို့တည် ဘေးတော်ရင်း အလောင်းမင်းတရားကြီး ဘုရားသည် ရာမညတိုင်း တလိုင်းသုံးရပ်နှင့်တကွ အပြည်ပြည်ထောင်ကို လက်နက်နိုင်ငံ သိမ်းသွင်းတော်မူရာ မြင်းရည်တက် ရဲဘော်ကျွန်တော်မျိုး ခြောက်ကျိပ်ရှစ်ယောက် ရွေးကောက် ဖွဲ့စည်းထမ်းရွက်စေသကဲ့သို့ အမှုထမ်း ကျွန်တော်မျိုး နှစ်ထောင်ကျော်အနက် ရွေးကောက်၍ နာခံ ငစို၊ ငမိုး၊ ငကံ၊ ငရန်ဝေး၊ ငဆိုင်း၊ ငရွှေသား၊ ငကြာနု၊ ငတောင်း၊ ငထူး၊ ငရွှေမောင်၊

ငွေကြည်၊ လေိန်၊ ငွေအုံ၊ ငထူး၊ ရေန်ကင်း၊ ငမြစ်၊ ငွေမောင်၊ ငချိပ်၊ ငွေမောင်၊ ငမှတ်ကြီး၊ ငထွေး၊ ငအေပ်၊ ငပိုင်း၊ ငွေအို၊ ငွေခ၊ ငချင်း၊ ငကြွက်၊ ငကွန်း၊ ငမှော်၊ ငအုံ၊ ငပြေ၊ ငွေဘသား၊ ငွေချိန်၊ ငဖြိုး တော၊ သောရင်း၊ ငထောင်မိုလ်၊ ငသိုင်းကြီး၊ ငမိုး၊ ငမှေး၊ ငွေသင်း၊ ငထင်၊ ငပိုက်၊ ငတွန်းသား၊ ငချစ်၊ ငွေထွေး၊ ငစံဘော်၊ ငကြာဘူး၊ ငစောင်ရှပ်၊ ငပါစို၊ ငခဲ၊ ငသိုင်း၊ ငွေကံ၊ ငတာတော၊ ငွေမိတ်၊ ငွေယုန်၊ ငွေရိတ်၊ ငဆေး၊ ငထေး၊ ငချို၊ ငပေါက်၊ ငပေါ်စော၊ ငချမ်းမြ၊ ငခို၊ ငွေတောင်၊ ငမှုံ၊ ငပိုးရောက်၊ ရေန်ရှင်း၊ ငွေပင်၊ ငပန်းငုံ၊ ငွေဘော်၊ငွေသား၊ ငရာကြီး၊ ငကွန်း၊ ငအောင်တိုး၊ငမှော်၊ ငမှတ်၊ ငွေသား၊ ငဘိုး၊ နတ်မိးသွေး၊ ငဘီး၊ ငမှန်း၊ ငွေအုံ၊ ငပိုက်ဆောင်း၊ ငကွယ်၊ ငစို၊ ငနေ၊ ငွေ၊ ရေန်၊ ငသင်း၊ ငသိုင်း၊ ငရောက်၊ ငရွက်၊ ငွေကြီး၊ ငရွက်၊ ငပိုက်ဘူး၊ ငွေတူး၊ ငမာ၊ ငွေသား၊ငွေမောင်၊ ငရှမ်း၊ ငကံတော်၊ ငညွှန်း၊ ငရေညို၊ ငခါ၊ ငသက်၊ ငတောက်တဲ့၊ ငမြှား၊ ငခွန်ပု၊ ငဆန်း၊ ငွေဥ၊ ငမြို၊ ငွေလှိုင်၊ ငွေကျေး၊ ငအောင်ပန်း၊ ငနန်း၊ ငတိုး၊ ငမှတ်ကလေး၊ ငွေအပ်၊ ငတာ၊ ငပုံ၊ ငကာတူးတို့နှင့် လူပေါင်း တရာ့သုံးဆယ်ကို ရွှေခွက်ကိုယ်စေ့ဆွဲ၍ ခါးကိုယ်စေ့စွဲကိုင်စေပြီးလျှင် ထီးခေါင်းငွေလုံးနှင့် တခေါင်း၊ ရမည်သင်းမိုလ်ဟောင်း ငွေစိုနှင့် တခေါင်း၊ ခန့်ထားစည်းကြပ်တော် မူပြီးလျှင် မခေါက်မလား အထက်သောင်ပြင်လယ်တွင် ဝှက်ထားစောင့်နေစေ၏။

ထိုအခါ တောင်ဒဝယ်မိုလ် ငတုတ်, ပုဏ္ဏားဝန် ငကုလား, လက်ယာဝင်းမှူး ငတိုက်, တရုပ်ဝန် ငွေတို့တပ်စုလည်း မရပ်မတင်း အလျှင်ချိတက်လိုက်လာပြန်ရာ တပ်လယ်သို့ရောက်လျှင် စည်းကြပ်၍ ဝှက်ထားစောင့်နေစေသည့် ကျွန်တော်မျိုးအမှုထမ်းတို့ အတင်းဝင်၍ ခုတ်သည်နှင့် အမရပူရမြို့ချီတပ်စု မတိုးမလာဝံ့ရှိချေ၏။ ယင်းသည့်အတွင်း ကျွန်တော်မျိုး ငွေသိုက်, အဘ ငမောင်ကြီးတို့လည်း လူ ခုနစ်ဆယ်ကျော် ခါးလှံ သေနတ်များနှင့် ဝင်ရောက်ထမ်းရွက်လာ၏။

ရတနာသိင်္ဃမြို့ကို အသိမ်းအယူ ရဲဘက်မြင်းတပ်မိုလ်ဟောင်း ငခဲ, ငွေဘေး, ငွေသိုက်, ၎င်းအဘ ငမောင်ကြီးတို့နှင့် လူလေးရာကျော် ငါးရာခန့် စည်းကြပ်ပေးအပ်၍ အသိမ်းအယူ စေလွှတ်တော်မူ၏။ ယင်းသည့်လဆန်း ဆယ်ရက်နေ့ မင်းထင်စည့်သူနှင့် ဆန်လှေသူကြီး လူနှစ်ဆဲ

ငါးတို့က ပါသည့် ဆန်များကို ဆက်သဝင်ရောက်ရာ ရှေးဦးရှေးဖျား အမှုတော်ကို ထမ်းရွက်စေ၏။

ငင်းလဆန်း တဆဲ့တရက်နေ့ နေနှစ်ချက်တီးကျော်အချိန် နောင်တော်ညီတော်နှစ်ပါးလည်း သားတော် သမီးတော် ကိုယ်လုပ်မောင်းမ ကျွန်တော်မျိုးတို့နှင့် ရတနာသိဃ်မြို့သို့ ချီတော်မူရာ တအုံ့ရွာရှေ့ ညောင်ပင်ကြီးစခန်းသို့ရောက်လျှင် ရဲအမှုထမ်းလူတို့ အအုပ်အချုပ်ပြုသူတို့ စကားကို မန္တမနာ မငြိမ်မသက်ရှိကြောင်းနှင့် ရမည်းသင်းမိုလ်ဟောင်း ငရွှေစိုလျှောက်ထားလာ၍ ညီတော် ကနောင်မင်းသားကို စေလွှတ်အုပ်ချုပ်တိုက်ခိုက်စေပြီးလျှင် အမိန့်တော်ရှိသည်ကား....

ရတနာသိဃ်မြို့သို့ အသိမ်းအယူစေလွှတ်သည့် ကျွန်တော်မျိုးတို့ တပ်စုလည်း မပေါက်မမြောက်သေး၊နောက်ထပ်ချီလာသည့် ဒဝယ်မိုလ်တို့တပ်များလည်း မဆုတ်မခွာသေး၊သည့်အရေး မည်သို့သင့်မည် မေးတော်မူရာ ကျွန်တော်မျိုး ငန်းမြာရွာအုပ် ငတုတ်ကြီး လျှောက်ထားသည်ကား....

ယခု နောင်တော်ညီတော်နှစ်ပါး ထွက်တော်မူခဲ့သည့် အရေးသည် နောက်ထပ်ချီတက်လာရောက်သည့် အမရပူရမြို့ တပ်စုလည်း လက်နက်လူသူအမှုထမ်းများလှချေသည်၊ ရတနာသိဃ်မြို့သို့ အသိမ်းအယူခန့်ထားစေလွှတ်တော်မူသည်မှာလည်း ရတနာသိဃ်မြို့ဝန်က စီရင်စု လေးဆဲ့ခြောက်ခေါင်း မြင်းမြေကျေးရွာရှိ အမှုထမ်းလက်နက်ကိုင်လူသူခန့်ထားသိမ်းသွင်းစည်းကြပ်ပြီးလျှင် မြို့စီးပြစီးတင်၍ ခုခံရှိနေသောကြောင့် စစ်နှစ်ဖက်ညှပ် တွေ့ကြုံမိသဖြင့် ကျွန်တော်တို့တွင် အမှုထမ်းအနည်း သူတို့မှာမူကား အများဖြစ်၍ သူ့လက်နက်နိုင်ငံအတွင်း ချက်တဖြုတ်အမှုထမ်းသိမ်းသွင်း စည်းကြပ်ရန်အရေး အလွန်ခဲယဉ်းစွာ ဖြစ်သည့်တကြောင်း၊ မြောက်ဖက်တလွှား မြို့ပြကျေးရွာရှိ အမှုထမ်းဟူသည်လည်း ကျွန်တော်မျိုးအမှုထမ်းတို့နှင့် တစိတ်တဝမ်းတည်း မဖြစ်ချေသေး၊ ချိုးသားတဝက်၊ လူသားတဝက်ဟူဘိ၏သို့ ထွေးရောယှက်တင်ဖြစ်၍ နှလုံးစိတ်ဝမ်းမချသာသေးဖြစ်သည့်တကြောင်း၊ ယင်းသို့ဖြစ်သဖြင့် ဘုန်းကြီးသည့်အရှင် နောင်တော်ညီတော်နှစ်ပါးနောက်တော်လိုက်ပါသည့်ကျွန်တော်မျိုးတို့နှင့် ခရီးလမ်းတလျှောက်မြို့ကျေးရွာများကို တိုက်ခိုက်သိမ်းသွင်းစည်းကြပ်ပြီးလျှင် ကသည်းစပ်နယ်မြေ ကျေးရွာတိုင်အောင်ချီတော်မူပြီးမှ အရပ်အနေပြု၍ ကြံတိုက်တော်မူရာ ကြံတော်မူသင့်ကြောင်းနှင့် လျှောက်ထားသည်၊

ယင်းတော၀န်ကြီးသား ကျွန်တော်မျိုးဘိုးလှိုင်ကလည်း ကျွန်တော်မျိုး ငန်းမြာရွာအုပ် လျှောက်ထားသော အရေးသည် အရေးစတေပင်ဖြစ်ချေသည်၊ သို့ရာတွင် ယခုဘုန်းကြီးသည့် အရှင်နောင်တော်ညီတော်နှစ်ပါး ချီထွက်တော်မူခဲ့ရာ လိုက်ပါထမ်းရွက်ကြသမျှ ကျွန်တော်မျိုးတို့သည် အရှင်နှစ်ပါး ဘုန်းတော်ကံတော်ကို ယုံကြည်၍ လိုက်ပါထမ်းရွက်ကြသည့် ကျွန်တော်မျိုးတို့ချည်းပင် ဖြစ်ကြချေသည်၊ ဘုန်းရှိသောသူတို့အကြံအစည်ဟူကလည်း မပြီးမပြေသည်မရှိ ရွယ်ရည်တော်မူသမျှ အလိုတော်အတိုင်းပြီးပြေကုံတွင်ရသည်ချည်းဖြစ်၍ ရှေ့နောက်အရေးကို ချင့်ချိန်သော် ထင်ထင်ပြက်ပြက်ဖြစ်ချေသောကြောင့် နောက်ထပ်ချီတက်လာရောက်သည့် အမရပူရမြို့က တပ်စုကို တားဆီးခုခံရန်အမှု, ရှေ့သို့အရပ်အနေပြုတော်မူရန် ရတနာသိဃ်မြို့ကိုအလိုတော်ပြည့်လွယ်အောင် ဘိစီးနှိပ်ကွပ်တိုက်ခိုက်တော်မူရန် အမှုများကိုသာ နှေ့ညဥ့်မဟူ ပါသည့် အမှုထမ်းကျွန်တော်မျိုးတို့နှင့် မပြတ်ဆွေးနွေးတိုင်ပင်၍ ခန့်ထားစည်းကြပ်လုပ်ကြံတော်မူသင့်ချေသည်၊ တကြောင်းလည်း-ရတနာသိဃ်မြို့တွင် စီရင်စု မြို့ကျေးရွာရှိအမှုထမ်း လက်နက်ကိုင်လူသူခန့်ထားစည်းကြပ် ခုခံရှိနေသည်ဆိုသည်မှာ ဝန်ပြုလုပ်သူ ငပိုင်း အမှုထမ်း ဆင်းရဲသားတို့ကို ညှဥ်းပန်းနှိပ်စက် ပြုကျင့်ဘန်များသည်နှင့် အမှုထမ်းတို့ နှလုံးစိတ်ဝမ်းကျည်းနာရင်းရှိသဖြင့် ဘုန်းကြီးသည့်အရှင် ချီတက်ဆိုက်ရောက်တော်မူသည်ကြားလျှင် ငပိုင်းကိုပင်အမှုထမ်းတို့ဖမ်းဆီး၍ရှေ့လက်တော်ရောက်ပို့ဆက်သဖြင့် ရတနာသိဃ်မြို့ကို အလွယ်တကူ အလိုတော်ပြည့်မည်ဖြစ်ပါသည်၊ သို့တည်းမဟုတ် ခရီးရင်ဆိုင် တွေ့မြင်သမျှ မြို့ကျေးရွာများကိုသာ တိုက်ခိုက်သိမ်းယူပြီးလျှင် ရတနာသိဃ်မြို့တွင် အရပ်အနေပြု၍ စံတော်မမူပဲ မြန်မာနိုင်ငံအခြားကသည်းစပ်နယ်မြေတိုင်အောင် ချီတက်တော်မူပြီးမှ အရပ်အနေပြုတော်မူမည်ဖြစ်လျှင် အရှစ်နှစ်ပါးရန်သူတော်ဟူက အခြားကထွက်ပေါ်မည် မဟုတ်ချေ၊ နောက်တော်ဝယ် လိုက်ပါထမ်းရွက်ကြသမျှအမှုထမ်းကျွန်တော်မျိုးများပင် ဘုန်းကြီးသည့်အရှင်နောင်တော်ညီတော်နှစ်ပါးနှင့် ကျွန်တော်တို့ကို မင်းဧကရာဇ်ရှိရာ ဖမ်းဆီးပို့ဆက်မည်မချွတ်ဖြစ်ပါ၍ နောက်တော်ပါအမှုထမ်းကျွန်တော်မျိုးတို့ကိုပင် ရန်သူတော်နောက်ထပ် ပါလာသည်ဟု အမြဲမှတ်ယူတော်မူရန်ရှိပါသည်၊ ယင်းသို့ဖြစ်ပါ၍ ဘုန်းကြီးသည့်အရှင် ရတနာသိဃ်မြို့တွင် ရပ်တန့်ခံနိုင်အောင်ကိုသာ ကြံတော်မူ၍ ညီတော်ကိုအရေးပေးအပ်ပြီးလျှင်

ကျွန်တော်မျိုးတို့နှင့်ကစိတ်တဝမ်းတည်းမဆုတ်မနစ်ညီညီညာညာလုပ်ကြ ထမ်းရွက်ရသည်ဖြစ်က နောက်တော်ဝယ် လိုက်ပါထမ်းရွက်ကြသည့် ကျွန်တော်မျိုးတို့လည်း အရှင်ရေး ကိုယ်ရေး နှစ်ပါးပင် ဖြစ်ကြသဖြင့် တယောက်ကိုတရာမတန်ထမ်းရွက်ကြမည့်သူချည်းဖြစ်ကြပါသည်၊ စစ်တို့၏သဘောမည်သည်လည်း အင်နည်း အားများကိုမဆိုသာ စစ်ဦးစစ်စ ကောင်းသည်ဖြစ်က အရပ်ရပ် တိုက်လှန်လုပ်ကြံလေသမျှ အရေးပြီးပြေ အောင်မြင်ရသည်ချည်းဖြစ်ပါသည်၊ ယခုလည်းချီထွက်တော်မူခဲ့ရာ လမ်းခရီး ရင်ဆိုင်တွေ့တွေ့သမျှစစ်တို့ကို ကျွန်တော်မျိုးတစုတို့နှင့် ခုခံတိုက်ခိုက်လျှင်တဖက်ရန်သူဟူက မည်သည့်တွင်မှ ရပ်တန့်ခုခံနိုင်သည်မရှိ ပျက်ပြားဆုတ်ခွာရသည်ချည်းဖြစ်၍ စစ်ဦးစစ်စ ကောင်းလှချေသောကြောင့် ရွယ်ရည်တော်မူသမျှအလိုတော်အတိုင်း ပြီးစီးအောင်မြင်မည်ဖြစ်ပါကြောင်းနှင့်လျှောက်ထားသည်၊ ရမည်းသင်းမိုလ်ဟောင်း ငရွှေစိုကလည်း ယခုကျွန်တော်မျိုးငဘိုးလှိုင်လျှောက်ထားသောအရေးသည် သင့်လျော်သောအရေးပင်ဖြစ်ကြောင်းနှင့် ထပ်မံလျှောက်ထားသည်။

ယင်းသည့်အတွင်း အထက်ရတနာသိင်္ချိုသို့ ခန့်ထားစေလွှတ် သိမ်းယူစေသူ ရဲဘက်မြင်းတပ်မိုလ်ဟောင်း ငခဲ့,ငရွှေဘေး,ငစံကြီး,ငရွှေသိုက်ရင်းအဘ ငမောင်ကြီးတို့လည်း ရတနာသိင်္ချိုရှေ့တပြင် သိမ်းရုံးရသည့်လူတထောင်ကျော်တို့ကို စည်းကြပ်၍ ရတနာသိင်္ချိုဝန် ငဝိုင်း မြို့ကစီးနင်းခုခံပစ်ခတ်သည်ကို ငစီနှင့်ကြက်တက်ရွာနေ ငဘိုးတို့ကို မြို့တွင်းသို့ဝင်၍ မီးပြုရမည်၊ မြကန်ရွာသူကြီး ငရွှေသီးကလည်း မုံအာတံခါးပြင်က မီးပြုရမည် ချိန်းချက်စေလွှတ်သည့်အတွင်း ငစီနှင့် ငဘိုးတို့ မြို့တွင်းသို့အမှတ်မဲ့ကိုယ်ရပ်ဖျောက်ဝင်သွားပြီးလျှင် အတင်းပစ်ခတ်ဝင်ရောက်တိုက်ခိုက်သည်၊ရင်းလူတို့ကလည်း မီးပြုသည်ကိုမြင်လျှင်မြို့ပြင်တွင်ရှိသည့်တပ်စုလည်း မြို့ထိပ်ကခုခံပစ်ခတ်သည့်လက်နက်ကိုပမာဏမပြု ငခဲ့,ငရွှေဘေး, ငစံကြီး, ငရွှေသိုက်, ငမောင်ကြီးတို့ အကွပ်အကဲ ပြင်းပြသည်နှင့် မြို့တွင်းသို့ဝင်မိ၍ တိုက်ခိုက်ကြရာ မြို့ဝန်ငဝိုင်းလည်း မစည်းမကြပ်မကွပ်မကဲနိုင် ကိုယ်လွတ်ပုန်းရှောင်ထွက်ပြေးလေသည်နှင့် မမိမရ အသက်မသေလွတ်လေ၏၊ မြို့စီးပြစီး အမှုထမ်းဟူသမျှလည်း အသီးအသီး မင်္ဂလာတပ်တော်သို့ဝင်ကြပြီးလျှင် အမှုကောင်းရာ လိုက်ထမ်းကြ၏။

ထိုအခါ ရဲဘက်မြင်းတပ်မိုလ်ဟောင်း ငခဲ့, ငရွှေဘေး,ငစံကြီး,ငရွှေသိုက်, ငမောင်ကြီးတို့ကလည်း ရွှေဘုန်းတော်မြတ်ကြောင့် ရတနာသိင်္ချို

မြို့ဝန်မြင်းဝန်ငပိုင်းလူသုံးထောင်ကျော်နှင့်မြို့ကစီးနင်းခဲ့သည်ကို စီးထင်းတိုက်ရှိ ပြီးလျှင် မြို့တွင်းသို့အတင်းဝင်၍ တိုက်ခိုက်ကြရာ ငပိုင်းမရပ်မခံနိုင် ကိုယ်လွတ်ထွက်ပြေး အောင်မြင်တော်မူသဖြင့် အလျှင်အမြန်ရွှေစက်တော်ဖြန့်၍ သိမ်းတော်မူပါမည့် အကြောင်းနှင့် ငရွှေဘေး, ငကြွက်တေး, ငမြား, ငရွှေသွယ်တို့ကို မြင်းလျှင်နှင့် စေလွှတ်လျှောက်ထားလာသည်တွင် ညီတော်ရပ်ခံနေသည့်တပ်ကို စေလွှတ်ပြောဆို၍ ချီတော်မူရာ ရတနာသိင်္ခမြို့ရွှေ မသိုကာရွာစခန်းသို့ရောက်တော်မူလျှင် လှတောကြီးမြင်းတပ်ဗိုလ် ငရွှေပြင်နှင့်, ငရွှေကို့,ငဆိုက်, ဆောင်တို့ ဆွေသားမျိုးသားလူတရာကျော်, မြင်းတရာကျော်များနှင့် ထမ်းရွက်လာသည်၊ ၎င်းလဆန်းတဆဲ့နှစ်ရက်နေ့ရတနာသိင်္ခမြို့သို့ရောက်တော်မူ၏၊ နန်းတော်မဆောက်မီ မြို့ဝန်ငပိုင်းအိမ်တွင် စံတော်မူမိလျှင် ညီတော်ကနောင်မင်းသားနှင့် ရဲအမှုထမ်းတို့သည်း ရတနာသိင်္ခမြို့သို့ ဆိုက်ရောက်လာ၏။

ထိုအခါ နောင်တော်မင်းတရား အမိန့်တော်ရှိသည်ကား ငါတို့ ရတနာသိင်္ခမြို့ကိုရ၍ အရပ်အနေပြုမိသော်လည်း ရွှေသို့ကို သူတို့က မြို့ရွှေမြို့တောင် ဗိုလ်မှူးတပ်မှူး ဆင်လုံးမြင်းရင်း လူသူအများ ခန့်ထားစေလွှတ်ဝန်းဝိုင်းတိုက်ခိုက်လာမည်မချွတ်ဖြစ်သည်၊ စစ်မက်အရာမည်သည်လည်း လုပ်ရေးကြံရေး စသည်များကို နှစ်ဦး ဆိုင်ပြိုင် တွေ့ကြိမ်ကြသည့်အတွင်း ကြောင့်ကြံမှုမနေသာ ကြီးငယ်ယုတ်မြတ်မဟူ သားအပေါင်းတို့ကို ဖမ်းယူလေ့ရှိသဖြင့် မြိမြိသောလုံ့လရှိသော ကေသရရာဇာခြင်္သေ့မင်းကဲ့သို့ ငါသည်လည်း ပါသည့်ကျွန်တော်မျိုး အမှုထမ်းတို့နှင့် လုပ်ရေးကြံရေး စသည်များကို မပြတ်ဆွေးနွေး ညှိနှိုင်းကိုင်ပင်လုပ်ကြံသင့်ချေသည်-အမိန့်တော်ရှိပြီးလျှင် အရပ်အနေပြုတော်မူသည့် ရတနာသိင်္ခမြို့တွင် လေးမျက်နှာမြို့ထိပ်သို့ အမှုထမ်းလက်နက်ကိုင်လူသူ အပြည့်အစုံ စည်းကြပ်ပြီးလျှင် တပ်မှူးတပ်အုပ်ခန့်ထား၍ မြို့စီးပြစီး တင်တော်မူပြီးမှ ချီတက်ဆိုက်ရောက်လာသမျှ တပ်စုကို တားဆီးခုခံတိုက်ခိုက်စေရန် မြို့ရွှေ, မြို့တောင်များက လက်နက်လူသူခန့်ထားစည်းကြပ်တော်မူသည်ကား-

လှတောကြီးမြင်းတပ်ဗိုလ် ငရွှေပြင်ကို တပ်အုပ်တပ်မှူးခန့်ထားရန်နှင့် တကွ လူငါးရာ, လက်နက်ကိရိယာပေးအပ်၍ ရတနာသိင်္ခမြို့ တောင်တပြင်ကျေးရွာများက သိမ်းရုံးရလူတို့နှင့် ဟန်လင်းမြို့ကရပ်နေပြီးလျှင် ချီတက်သာသမျှတပ်ကို ဆီးဆို့ခုခံတိုက်ခိုက်ရမည်-လှတောကြီးမြင်းတပ်ဗိုလ် ငရွှေပြင်ကို ဗိုလ်ချုပ်ခန့်ထား ချီတက်ရပ်ခံစေ၏၊

ငရွှေဘော, ငရွှေသိုက်, ဖင်းအဘငမောင်ကြီး, ဇွက်စားရွာနေငပိုင်း, ငကျီတို့ကိုလည်း လူငါးရာ, လက်နက်ကိရိယာပေးအပ်၍ ရတနာသိင်္ခမြို့ ရွှေတပြင်ကျေးရွာများက သိမ်းရုံးရလူတို့နှင့် တအုံရွာ, ကော့ရွာများက ရပ်နေ၍ တောင်ဒဝယ်မိုလ်တေတ်,ပုဏ္ဏားဝန်ကေုလားတို့တပ်နှင့် ချီတက်လာသမျှတပ်များကို ဆီးဆို့ခုခံတိုက်ခိုက်ရမည်-ငရွှေသိုက်ကို မိုလ်ချုပ်ခန့်ထား ချီတက်ရပ်ခံစေ၏။

ပဉ္စာလ, ထန်းတပင်, မြေဒူးမြို့များသို့လည်း မြေဒူး မြို့ဝန်ဟောင်း မိုလ်လှိုင်ကို လက်နက်လူသူ စေလွှတ်ခန့်ထား သိမ်းရုံးစေ၏။ ယင်းသို့ အလုံးစုံစီရင်ခန့်ရန်တော်မူပြီးမှ ရောဝတီမြစ်မြောက်ဖက်တပြင် အညာမြစ်စဉ်တလျှောက် မြို့ပြကျေးရွာများက အသီးအသီး ကျွန်တော်ခံဝင်ရောက်ထမ်းရွက်ကြသည့် စော်ဘွား, မြို့စား, မြို့ဝန်, မြို့အုပ်, မြင်းစီးမြင်းခေါင်း, သူကြီးကလန်တို့ကို မိုလ်ဝင်ခံတော်မူ၏။

ထိုအခါ ကျွန်တော်ခံထမ်းရွက်ကြသည့် စော်ဘွား,မြို့စား,မြို့ဝန်,ပြဲဝန် မြင်းစီးမြင်းခေါင်း, သူကြီးကလန် အအုပ်အထိန်း တို့ကလည်း ပြည်သူ သတ္တဝါအပေါင်းတို့ဝယ် ဆင်းရဲကြီးစွာ ဖြစ်ကြမည်ကို မြော်ထောက်တော်မူ၍ ဘုန်းကြီးသည့်အရှင် မင်းအဖြစ်ကိုသာ ယူတော်မူပါ၊ ကျွန်တော်မျိုးတို့ အမှုတော်ကို သက်စွန့်ကြိုးပမ်း ကုံတွင်အောင် ထမ်းရွက်ပါမည် လျှောက်ထားကြသည်ကို ဘဝရှင်မင်းတရားကြီးဘုရားလည်းပြည်သူတို့နှင့် မဆန့်ကျင်ရာသောအဝိရောဓနတရားကို နှလုံးထားပြီးလျှင် ဝန်ကြီး အတွင်းဝန်, လွှတ်အရာရှိမှစ၍ ဝန်အအုပ်အထိန်း ခန့်ထားတော်မူသည် ကား····

ခမည်းတော်ဘုရားလက်ထက် အတွင်းဝန် ငစိုးကို မင်းကြီးမဟာရာဇသင်္ကြံအမည်နှင့် ဝန်ကြီးခန့်တော်မူ၏။

မင်္ဂလာအိမ်တော်ပါ အကြီးငရန်ဝေးကို မင်းကြီးမဟာမင်းလှစည်သူ အမည်နှင့် အတွင်းဝန်။

အကြီးစာရေး ငတိုးကို မဟာမင်းလှစည်သူအမည်နှင့် ဝန်ထောက်။

အကြီးစာရေး ငတက်တူကို မဟာမင်းလှသီရိအမည်နှင့်မြင်းစုကြီးဝန်။

အကြီးစာရေး ငနေကို မင်းကြီးမဟာမင်းခေါင်အမည်နှင့် ရွှေဝင်းမှူး သူရဲဝန်။

အကြီးစာရေး ငရှင်ကလေးကို မင်းကြီး မဟာတရဖျား အမည်နှင့် လက်ယာဝင်းမှူး။

မြေဒူးမြို့ဝန်ဟောင်း မိုလ်လှိုင်ကို မင်းကြီး မဟာမင်းခေါင်အမည်နှင့် လက်ဝဲဝင်းမှူး။

ဘေားကို မင်းကြီးမဟာမင်းခေါင်အမည်နှင့် နောက်ဝင်းမှူး။

သဏ္ဍာစိုးရှင်ကလေးကို မင်းလှစည်သူကျော်အမည်နှင့်ရွှေတိုက်ဝန်။

ဘိုးကြီးကို မင်းရဲဇေယကျော်အမည်နှင့် ဆင်ဝန်။

ငန်းမြာရွာအုပ် တွတ်ကြီးကို မဟာသိရိစည်သူအမည်နှင့် ကျီဝန်။

ရွှေခဲကြီးလှေအုပ် ဘိုးမောင်ကို မင်းလှမင်းကျော်သင်္ခယာ အမည်နှင့် ကင်းဝန်။

ငရွှေအိုကို မင်းလှမင်းကျော်ရာဇာအမည်နှင့် စီးတော်မြင်းဝန်။

အကြီးစာရေး ငပေကို မဟာမင်းလှကျော်အမည်နှင့် ငွေခွန်ဝန်။

ရဲဘက်မြင်းတပ်မိုလ်ဟောင်း ငခဲကို မင်းကြီးမဟာဇေယသူရအမည်နှင့် ရတနာသိဃ်မြို့ဝန်။

ရဲဘက်မြင်းဝန် ငမာသိန်ကို မင်းလှရာဇသူအမည်နှင့် ယွန်းစုဝန်။

ငမှုံကို မဟာမင်းထင်ရာဇာအမည်နှင့် ရွှေနန်းရိုးလမိုင်းဝန်။

ငမွှံကို မင်းထင်စည်သူအမည်နှင့် ရေကြည်ဝန်။

ရမည်းသင်းမိုလ်ဟောင်း ငရွှေစိုကို မဟာမင်းကျော်မင်းခေါင်အမည်နှင့် မြို့ဝန်။

အောင်ပင်လယ်လမိုင်းဝန် ငရွှေဘော်ကို ပုဏ္ဏားဝန်။

ငရွှေရိတ်ကို မင်းလှရာဇစည်သူအမည်နှင့် အတ္တပတ်မြင်းဝန်။

ငအောဇာကို မဟာမင်းခေါင်ရာဇာအမည်နှင့် မင်းတုန်းတောင်စဉ် ခုနစ်ခရိုင်မြို့ဝန်။

ငရွှေမောင်ကို မင်းလှသိခ်သူအမည်နှင့် စို့လေးဆယ်ဒိုင်းဝန်။

ငမှုံကို မင်းလှမင်းထင်နော်ရထာအမည်နှင့် အနောက်ဝန်။

ဝန်းကျင်ဝန် စားတော်ကွမ်းရေ ငဘဲကို နေမျိုးသိခ်ကျော်ထင် အမည်နှင့် တရုပ်ဝန်။

ငစောင်ရှုတ်ကို မင်းတဲဒေးဝန်းအကောက်ဝန်။

ဗိုင်းဂနိုင်းမြို့စားဟောင်း မုက္ကတစ်ကို မဟာမင်းထင် သီဟသူအမည်နှင့် ကုလားဝန်။

ငရွှေဇင်ကို မင်းလှသိရိမင်းထင်အမည်နှင့် အမြောက်ဝန်။

ရတနာသိင်္ခမြို့ကို အလိုမပြည့်မီ မြို့တွင်းသို့ဝင်၍ မီးပြသူ ငစီကိုလည်း မင်းကျော်နတ်မီးအမည်၊ မြကန်ပိုလ် ငရွှေသီးကို ဒိပဲယင်းမြို့ဝန် ခန့်တော်မူ၏။

ယင်းသို့ အသီးအသီး မင်္ဂလာအိမ်တော်ပေါ် ရောင်းရင်းဘက် ကျွန်တော်မျိုး, မင်္ဂလာတစ်တော်ပေါ် ကျွန်တော်မျိုးတို့နှင့် ထွက်တော်မူရာလမ်းခရီးတလျှောက် မြို့ပြကျေးရွာများက အမှုတော်ကို လိုက်ပါ ကြိုးပမ်းထမ်းရွက်ကြသူတို့ကိုလည်း ဘွဲ့အမည်အရည် စားကျေးမြို့ရွာ ဝန်အအုပ်အထိန်း အထိုက်အလိုက် ခန့်တော်မူ၏။

ထိုအခါ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မင်းညီမင်းသား မှူးတော်မတ်တော်တို့ အစုံအညီတွင် အမိန့်တော်ရှိသည်ကား····ရတနာသိင်္ခမြို့တွင် မြို့ဝန် မင်းကြီး မဟာမင်းလှမင်းထင် အမှုထမ်း လူသုံးထောင်ကျော်နှင့် မြို့တွင်းက စီးနင်းခုခံ ကြိုးပမ်းတိုက်ခိုက်သော်လည်း မရပ်မခံနိုင်၊ ပျက်ပြားထွက်ပြေးကြောင်း ညီတော်မင်းတုန်းမင်း, ကနောင်မင်းသားတို့ ရတနာသိင်္ခမြို့ကို တိုက်ခိုက် အောင်မြင်၍ မြို့အတွင်း ဝင်ရောက်ရပ်တန့် ဗိုလ်ဝင်ခံပြီးလျှင် အမှုထမ်းလူသူသိမ်းသွင်း စည်းကြပ် ခုခံကြောင်းများကိုကြားသိတော်မူရသည်၊ သည်အရေးသည် ရွှေဘဝါးတော်အောက်က ဗိုလ်ချုပ်ခန့်ထား စေလွှတ်ချီတက်တိုက်ခိုက်စေသည့် လက်ယာဝင်းမှူး သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာသူနှင့် တောင်ဒဝယ်ဗိုလ်,ပုဏ္ဏားဝန်, အောင်ပင်လယ်လမိုင်းဝန်,မတ္တရာဝန်တို့နှင့် သာ မတန်ချေ၊ ယခုလည်း မြောက်ဖက်တလွှား ရတနာသိင်္ခမြို့အနီးရှိမြို့ပြကျေးရွာများကို တိုက်ခိုက်သိမ်းသွင်း စည်းကြပ်ဆဲဖြစ်ချေသောကြောင့် မြို့ကျေးရွာနေ အမှုထမ်းတို့လည်း မားသွားနီးရာပေါ်ချေသဖြင့် ရွှေသို့ အင်အားကြီးမည်မချွတ်ဖြစ်သည်၊ယင်းသို့ဖြစ်၍ နေပြည်တော် အမရပူရမြို့က နှလုံးလက်ရုံးအရည်အသွေးနှင့်ပြည့်စုံသူမင်းညီမင်းသားတို့ကို ရဲမက်အမှုထမ်း စည်းကြပ်ပေးအပ်ပြီးလျှင် ဗိုလ်မှူးဗိုလ်ချုပ်ခန့်ထား၍ ရောဝတီမြစ် အနောက်ဖက် အလုံကြောင်းချီတက် သိမ်းသွင်း ဆီးဆို့ရပ်ခံ တိုက်ခိုက်စေမှသင့်မည်–အမိန့်တော်ရှိပြီးလျှင် ယင်းသည့် ပြာသိုလပြည့်ကျော်တရက်နေ့ ညီတော်လှိုင်မင်းသား သီရိမဟာဓမ္မရာဇာကို အစုအမှုထမ်း လူငါးရာ၊ သူကောင်းဖြစ်အမှုထမ်း လူငါးရာ၊ နှစ်စု လူတထောင် ခန့်ထားစည်းကြပ်ပေးအပ်ပြီးလျှင် ဝန်ထောက်စိုးလေးဆယ်ဒိုင်းဝန် မင်းကြီး မဟာမင်းလှကျော်ထင်, မြောက် တရာ့ငါးဆယ်ဗိုလ် မင်းထင်မင်းခေါင်

ကျော်, အမြောက်ဝန် မင်းကြီးမဟာမင်းထင်မင်းခေါင်တို့ကို ချုပ်အုပ်စေပြီးလျှင် မြစ်အနောက်ဖက် စစ်ကိုင်းကြောင်း။

မိုးညှင်းမင်းသား သုသီရိမဟာဓမ္မရာဇာ, သား-လှိုင်းတက်မင်းသား သတိုးမင်းရဲကျော်ထင်တို့ကို ဗိုလ်ရဲမက်အမှုထမ်းလူငါးရာ ခန့်ထားစည်းကြပ်ပေးအပ်ပြီးလျှင် မိုင်းလျှဉ်းမြို့စား ငွေနှံရွှဲ, လင်းဇင်း သေနတ်ဗိုလ် ဟောင်း မဟာရဲဖျားမင်းခေါင်တို့ တပ်ကို ကွပ်ကဲ ချုပ်အုပ်စေပြီးလျှင် အလုံကြောင်း ချီတက်တိုက်ခိုက်ရမည် ချီတက်စေ၏၊

ထိုအခါ ညီတော်လှိုင်မြို့စား မင်းသားသီရိမဟာဓမ္မရာဇာလည်း ပါသည့်ဗိုလ်ရဲမက်အမှုထမ်းတို့ကို အုပ်စည်းမပျက်စေရ၊ ခရီးလမ်းတလျှော်ကျေးရွာများတွင် အမှုထမ်းသိမ်းသွင်းစည်းကြပ်၍ စစ်ကိုင်းဘက်သို့ ကူးပြီးလျှင် စမ္ဗန်းကြီးရွာရောက် ချီတက်၍ တပ်ချစွဲရပ်ရ၏။

မိုင်းညှင်းမင်းသား သုသီရိမဟာဓမ္မရာဇာ,သား-လှိုင်တက်မြို့စား မင်းသား သတိုးမင်းရဲကျော်ထင်တို့လည်း ပါသည့် ဗိုလ်ရဲမက်အမှုထမ်းတို့ကို ချုပ်အုပ်ထိန်းသိမ်းပြီးလျှင် ရတနာပူရအဝဘက်ကရောဝတီမြစ်ကိုကူးပြီးလျှင် အလုံကြောင်း ချီတက်ထမ်းရွက်ရ၏။

ထိုသက္ကရာဇ်ပြာသိုလအတွင်း အထက်မခေါက်မလားတိုက်တွင် ဆုတ်ခွာထွက်ပြေးကြသည့် အမရပူရမြို့ချီ ဗိုလ်ချုပ်လက်ယာဝင်းမှူး ငတိုက်နှင့် တောင်ဒဝယ်ဗိုလ် ငတုတ်, ပုဏ္ဏားဝန်ငကုလားတို့လည်း ရုံးမိသမျှရဲမက်အမှုထမ်းလူသူတို့ကို စည်းကြပ်အုပ်ကွပ်ပြီးလျှင် ရတနာသိင်္ဃမြို့ရှေ့မျက်နှာ တအုံရွာရောက် အားသစ်ချီတက်လာပြန်ရာ တအုံရွာသို့ချီတက်စွဲရပ်စေသည့် ဗိုလ်ချုပ်ငရွှေသိုက်, အဘ ငမောင်ကြီး,ငရွှေဘေး,ငပိုင်း, ငကျီတို့တပ်နှင့်တွေ့၍ ဆိုင်ပြိုင်တိုက်ခိုက်ကြသည့်တွင် ဗိုလ်ချုပ်လက်ယာဝင်းမှူးလည်း အပြင်းအပြ ကွပ်ညှပ်၍မနည်းကြာကြိုးပမ်းတိုက်ခိုက်သည်၊တနာရီခန့်ရှိလျှင် မြောက်ဖက်သား ဗိုလ်ရဲမက်အမှုထမ်းတို့ လုပ်ရည်ကြံရည်ကို မတူနိုင်သည်နှင့် ဗိုလ်ချုပ်လက်ယာဝင်းမှူးလည်း ပါသည့်အမှုထမ်းတို့ကို မအုပ်မထိန်းနိုင် ကစဉ့်ကလျား ပျက်ပြားဆုတ်ခွာထွက်ပြေးကြလေသည်၊ ဗိုလ်ချုပ်ငရွှေသိုက်,အဘငမောင်ကြီးတို့လည်း ရဲမက်တော်တို့ကို နောက်ထပ်သိုက်လံတိုက်ခိုက်စေရာ မြစ်အရှေ့ဘက်သို့ကူးပြေး၍ငစဉ့်ကူးမြို့စီရင်စုခူလယ်အင်းအတွင်း ဗိုလ်ချုပ်လက်ယာဝင်းမှူးငတိုက်စီးသည့်ဆင်, စွဲကိုင်သည့် ရွှေခေါ်,ရွှေဖလား,ရွှေထီးများကို ရပြီးနောက် ဗိုလ်ချုပ်ပြုလုပ်သူ

လက်ယာဝင်းမှူး ဝေတိုက်, တောင်ဒဝယ်မိုလ် ဝေတုတ်တို့ကို ငှက်စားရွှေခုံတိုင်ရွာနေကျွန်တော်မျိုးပေါ်ဝိုင်းဆွေမျိုးတို့နှင့် ရှမ်းကုန်သည်အမှုထမ်းတို့ဖမ်းမိ၍ တအုံရွာ မိုလ်ချုပ်တပ်သို့ပို့ရောက်ရာ မိုလ်ချုပ်ဝေရွှေသိုက်နှင့်, အဘ မေမောင်ကြီး, ဝေရွှေဘေး,ဝေပိုင်း, ဝေကျီတို့လည်း တိုက်ပွဲတွင်ရသည့် အမြောက်, သေနတ်, လက်နက်ကိရိယာ, ရွှေထီး, ရွှေမား, ရွှေဖလား, ဆင်များနှင့် မိုလ်ချုပ်ပြုလုပ်သူ လက်ယာဝင်းမှူး ဝေတိုက်, တောင်ဒဝယ်မိုလ်ဝေတုတ်တို့ကို ရတနာသိဉ်မြို့ဘဝရှင်မင်းတရားကြီးဘုရားထံ ဈေ့ာက်ထားဆက်သလာ၏၊ ပုဏ္ဏားဝန် ဝေကုလားမှာမူကား ကိုယ်ရပ်ဖျောက်ထွက်ပြေးသည်နှင့် မမိမရ လွတ်လေ၏။

ရတနာသိဉ်မြို့တော် တောင်မျက်နှာ ဟန်လင်းကြီးမြို့တွင် စွဲရပ်ခုခံတိုက်ခိုက်စေသည့် မိုလ်ချုပ် လှတောကြီး မြင်းတပ်မိုလ် ဝေရွှေပြင်နှင့် ဝေဘားတို့လည်း အမရပူရမြို့က ချီတက်ဆိုက်ရောက်လာသည့်ဝန်ထောက်ဖောင်ဝန် ဝေကွန်း, မအူမြို့စား ရဲဘက်မြင်းတပ်မိုလ် ဝေဘိုးတို့တပ်နှင့်တွေ့၍ တိုက်ခိုက်ကြရာ မြောက်ဖက်သား မိုလ်ရဲမက်တို့ မဆုတ်မနစ် အတင်းဝင်၍ ထိုးခုတ်ပစ်ခတ်ဘန်များသည်နှင့် မရပ်မခံနိုင်၊ ဝန်ထောက်ဖောင်ဝန် ဝေကွန်းနှင့်တကွ ရဲမက်အမှုထမ်းတို့ အဆီးအတားမရှိ ပျက်ပြားဆုတ်ခွာထွက်ပြေးကြလေ၏။ မြောက်တရုဝ်ါးဆယ် မိုလ်ဝေတူလည်း ဟန်လင်းကြီးမြို့ အနီးစရပ်တွင် စိတ်နှလုံးမကြည်မသာဖြစ်၍ စွဲကိုင်ရင်း သေနတ်နှင့် ကိုယ်ကိုပစ်သတ်သေဆုံးလေ၏၊

ထိုအခါ ဟန်လင်းကြီးမြို့သို့ ချီတက် တိုက်ခိုက်စေသည့် လှတောကြီး မြင်းတပ်မိုလ် ဝေရွှေပြင်ကို လက်နက်ကိုင်အမှုထမ်း လူတထောင်ကျော်ပေးအပ်၍ စစ်ကိုင်းကြောင်းချီမိုလ်ချုပ်, လှတောကြီး မြင်းခေါင်းဝေပျံ, ဝေဘားတို့ကိုစစ်ကဲ, သရစိမ်းမြင်းခေါင်းဝေသင်း, ဝေနှောင်းတို့ကို နာခံ ခန့်ထားပြီးလျှင် ရတနာသိဉ်မြို့ တောင်တပြင် သိမ်းရလူတို့နှင့် လဲချားမိုလ်ဝေရွှေအို၊ ခေါ်တောမြင်းခေါင်း ဝေကြယ်၊ ရုံးသာမြင်းခေါင်း ဝေဆောင်း၊ ခုနစ်ရွာမြင်းခေါင်း ဝေလူကြီး၊ ကျည်းပင်ရွာစား ဝေဘဲ၊ တောင်ရင်းမိုလ် ဝေဘဲ၊ ရွှေကျင်စာရေးကြီး ဝေရွှေဆွဲ၊ ဒိဝဲယင်းမိုလ် ဝေကံသာ၊ဝေရွှေဘော်၊ ပလိုင်း ဝေကောင်းကလေး၊ ဝေရွှေဝ၊ ဝေကြွက်နီ၊ ဝေသင်း၊ ဝေရွှေသာ၊ဝေသာစံ၊ ဝေအုန်းခိုင်၊ ဝေရွှေနွယ်၊ ဝေသာနုတို့ကို မိုလ်ရံ တပ်မှူးတပ်အုပ်ခန့်ထား၍ ချီတက်စေရာ မြင်းတော်ရွာတွင် တည်၍၊ ၎င်းက လင်းယည်တွင်

တည့်၊ ၎င်းကချီတက်လျှင် စမွန်းကြီးရွာတွင် လှိုင်မြို့စား မင်းသားတပ်နှင့်တွေ့၍ တိုက်ခိုက်ကြသည်တွင် လှိုင်မြို့စား မင်းသား အကွပ်အညှပ်ပြင်းပြလှသည်နှင့် သူ့လက်နက်ကို လက်နက်မမှတ်၊ အပန်းတကြီးပင်ကြိုး၍ ခုခံတိုက်ခိုက်ကြသည်၊ နောက် နှစ်ရက်ခန့်ရှိလျှင် အမရပူရမြို့ချီတပ်သားတို့ အထိအခိုက် အရှအန အသေအပျောက်များပြား၍ လှိုင်မြို့စားမင်းသားနှင့် စို့လေးဆယ်ဒိုင်းဝန် ငထော်နီ, အမြောက်ဝန်ငပါတူတို့လည်း မစည်းမကြပ်မကွပ်မကဲနိုင် ပျက်ပြားဆုတ်ခွာလေ၏။ သေလေသည်လည်းများ၏။ ထိုအခါ ရသည့်သေနတ်တရာကျော်,အမြောက်ငါး,ယမ်းပုံးငါးဆယ်များကို ရတနာသိင်္ဃမြို့ ဘဝရှင် မင်းတရားကြီးထံ စေလွှတ်ဆက်သပြီးလျှင် ဗိုလ်ချုပ် ငရွှေပြင်တို့လည်း စစ်ကိုင်းမြို့ရောက် ချီတက်လေ၏။

ထိုအခါ ရတနာသိင်္ဃမြို့ ညီတော် ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်ကား····အထက် ငါတို့ဝယ် ဗိုလ်ခြေရဲမက်အမှုထမ်း အင်အား နည်းသေးသောကြောင့် သူတို့က ချီတက်လာရောက်သည့်တပ်များကိုသာ အရေးအရာ မလိပ်မလည်းစေရ ရပ်တန့်ခုခံနိုင်အောင် ကြံဆောင်ရချေသည်၊ ယခုမူကား မြောက်ဖက်တလွှား မြို့ကျေးရွာရှိ အမှုထမ်းကျွန်တော်မျိုးတို့ အသီးအသီး ဝင်ရောက်ထမ်းရွက်သည်နှင့် ဆင်မြင်းဗိုလ်ပါအမှုထမ်း ရဲမက်အလုံးအရင်းလည်း ထပ်ဆင့်တိုးပွား အင်အားရှိပြီ ဖြစ်သည်။ အရေးအရာဟူကလည်း အလျင် ပြီးပြေကုံတွင်လွယ်သည် ဖြစ်မှတိုင်းနေပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့ ငြိမ်သက်ချမ်းသာရာရသဖြင့် အကျိုးစီးပွား ဖြစ်ထွန်းရန်ရှိသည်။ ယင်းသို့ဖြစ်၍ ရွှေဝင်းမှူး သူရဲဝန်မင်းကြီးမဟာမင်းခေါင်ကို မြစ်အရှေ့ဘက်ကြောင်းချီ ဗိုလ်ချုပ်ခန့်ထား၍ ချီတက်ထမ်းရွက်စေရမည်–အမိန့်တော်ရှိပြီးလျှင် ဆင်မြင်းရဲမက် အမှုထမ်းလူဘဘောင်တွင် ငရေးကို မဟာမင်းကျော်အမည်နှင့် ကျောက်မြောင်းမြို့ဗိုလ် ခန့်ပြီးလျှင်စစ်ကဲ၊ ငရွှေသိုက်ကို မင်းလှတန်ဆောင်အမည်နှင့် သစ်ချိုပင်ဗိုလ်ခန့်ပြီးလျှင် စစ်ကဲ၊ ငကျီကို မင်းကျော်ကုမ္မာ အမည်နှင့် ငစဥ့်ကူးမြို့ဝန်ခန့်ပြီးလျှင် နာခံ၊ ငပိုင်းကို မင်းလှကုမ္မာ အမည်နှင့် မတ္တရာကျော်စဥ်ဘိုက်ဗိုလ် ခန့်ပြီးလျှင် နာခံ ခန့်တော်မူ၍ ရွှေဝင်းမှူး သူရဲဝန် မင်းကြီးမဟာမင်းခေါင်ကို ချုပ်အုပ်စေပြီးလျှင် ယင်းသည့်သက္ကရာဇ် ပြာသိုလပြည့်ကျော် နှစ်ရက်နေ့ မြစ်အရှေ့ဘက်ကြောင်း ချီတက်ထမ်းရွက်စေ၏။

ရင်းလပြည့်ကျော်ငါးရက်နေ့ လက်ယာဝင်းမှူး မင်းကြီး မဟာတရဖျားကိုလည်း အလုံမြို့ကရပ်နေပြီးလျှင် အမြင့်မြို့, ကန္နီမြို့, ဗန့်ကျီတိုက်, ချောင်းဦးဆယ်ရွာ ကျေးရွာများတွင် အမှုထမ်းရဲမက် လက်နက်ကိုင် သိမ်းရုံးစည်းကြပ်ရမည် ခန့်ထားစေလွှတ် ချီတက်စေ၏၊

ထိုအခါ လက်ယာဝင်းမှူး အလုံမြို့ဝန် မင်းကြီးမဟာတရဖျားလည်း အလုံမြို့ရောက် အလျှင်ချီတက်၍ အမှုထမ်း သိမ်းသွင်းစည်းကြပ် ရပ်နေသည့်အတွင်း ယင်းသည့်သက္ကရာဇ် ပြာသိုလပြည့်ကျော် ခုနစ်ရက်နေ့ အမရပူရမြို့ချီ မိုးညှင်းမင်းသား သုသီရိမဟာဓမ္မရာဇာ၊ သား-လှိုင်းတက်မြို့စားမင်းသား သတိုးမင်းရဲကျော်ထင်တို့တပ် ခင်မွန်ရွာရောက် ချီတက်ဆိုက်ရောက်လာသည်နှင့် ဆီးဆို့ခုခံတိုက်ခိုက်ကြရာ နေနှစ်ချက်တီးအချိန်ကသည် သုံးချက်တီးအချိန်တိုင် မဆုတ်မနစ် ကြိုးပမ်းတိုက်ခိုက်ကြသည်။ နောက်တနာရီခန့်ရှိလျှင် မြောက်ဖက်ဗိုလ်ရဲမက်အမှုထမ်းတို့က ဗိုလ်ခြေအင်အား ထပ်မနားရောက်သည်ဖြစ်၍ အမရပူရမြို့ချီ ရဲမက်အမှုထမ်းတို့ပြောင်းသေနတ် အထိအခိုက် အရှအန များလှသောကြောင့် ဗိုလ်ချုပ်မိုးညှင်းမင်းသားသည် စစ်ရိပ်ကိုနားလည်လိမ္မာသူဖြစ်၍ သည့်စစ်ကို ငါကွပ်သော်လည်း မကွပ်နိုင်ရာအမှတ်ရှိသည်နှင့် အပြင်းအပြမကွပ်မကဲမခံမခံ စစ်ကိုနုတ်သိမ်း ဆုတ်ခွာထွက်သွားကြလေ၏။ ထိုတွင် သေနတ်လက်နက်ကိရိယာအများ ရလိုက်၏။ သေလေသည်လည်းများ၏။

သီလုံးဝန်ကြီး မင်းကြီး မဟာရာဇသင်္ကြံကိုလည်း အမှုထမ်းရဲမက် လူသူခန့်ထား စည်းကြပ်ပေးအပ်ပြီးလျှင် ရှေ့ချီ တက်စေသည့်တပ်များနှင့်တကွ ချုပ်အုပ်၍ အမရပူရမြို့ကို ပေါက်မြောက်အောင် တိုက်ခိုက်ရမည် ဗိုလ်ချုပ်ခန့်ထား အရေးပေးအပ်ပြီးလျှင် သက္ကရာဇ် (၁၂၁၄)တဆောင့်နှစ်ရာတဆဲ့လေးခု ပြာသိုလပြည့်ကျော် တဆဲ့တရက်နေ့ ရတနာသိဥ်မြို့က စစ်ကိုင်းကြောင်း ထပ်မံချီတက်စေ၏။

ထိုအခါ ဆဒ္ဒန်ဆင်မင့်သခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း သာသနာပြု ဆရာတော်ကြီးနှင့် ရွှေစေတီဆရာတော်, သစ်ဆိမ့်ဆရာတော်တို့ကို ရွှေနန်းတော်သို့ပင့်ပြီးလျှင် မင်းညီမင်းသား မှူးတော်မတ်တော်တို့ အစုံအညီတွင် အမိန့်တော်ရှိသည်ကား....ယခု ညီတော် မင်းတုန်းမင်း, ကနောင်မင်းသားတို့ နေပြည်တော် အမရပူရမြို့က သားမယားကျေးကျွန် အလုံးအရင်းနှင့် လမ်းခရီးမြို့ပြ ကျေးရွာများကို တိုက်ခိုက်သိမ်းသွင်းစည်းကြပ်၍ မြောက်ဖက်အရပ်သို့ ထွက်သွားရှိသည်ကို

အမှုထမ်းထက်နက်လူသူ ခန့်ထားစည်းကြပ်၍ သင့်ရာမိုလ်မျူးတပ်မျူးတို့နှင့် အလျှင်စေလွှတ် လိုက်လံတိုက်ခိုက်ဖမ်းဆီးစေရာ သူတို့က ဆီးဆို့ခုခံတိုက်ခိုက်လျှင် ငါတို့ကအရေးမရ ချီတက်လိုက်လံလေသမျှ ဗိုလ်ရဲမက် အမှုထမ်းတို့ ပျက်ပြားဆုတ်ခွာရသည်ဖြစ်သည်။ သူတို့လည်း ရတနာသိင်္ခမြို့ရောက် ချီတက်လုပ်ကြံပြီးလျှင် မြို့အတွင်း အတည်အတံ့ရပ်နေနိုင်၍ ဗိုလ်ရဲမက်အမှုထမ်း သိမ်းသွင်းစည်းကြပ်ရာ အရှေ့ဘက် ရှမ်းပြည် အညာမြစ်စဉ်တလျှောက် မြို့ပြကျေးရွာ၊ ရတနာသိင်္ခမြို့မှစ၍ မြောက်ဖက်တပြင်မြို့ပြကျေးရွာများကို စည်းကြပ် သိမ်းသွင်းမိသဖြင့် ဗိုလ်ရဲမက်အမှုထမ်းအင်အားကြီးလှချေပြီဖြစ်သည်၊ ငါတို့က နေပြည်တော် အမရပူရမြို့မှစ၍ မြစ်တောင်ဘက်တလွှားရှိ မြို့ကျေးရွာများကို အမှုထမ်းခန့်ထားစည်းကြပ်ရမည်လည်း အိန္ဒိယတိုင်း အင်္ဂလိပ်လူမျိုးတို့နှင့် စစ်မက်ဖြစ်ပွားကြသည့်အတွင်းဖြစ်၍ ဟံသာဝတီ, ပုသိမ်, မုတ္တမ,ဓညဝတီကြောင်းများသို့ ရွှေဘဝါးတော်အောက်ရှိ ဗိုလ်ရဲမက်အမှုထမ်းတို့နှင့်အသီးအသီး မြို့ရွာအင်အားအလျောက် ခန့်ထားစည်းကြပ် ချီတက်စေသောကြောင့် အသစ်ထပ်မံခန့်ထားစည်းကြပ်နိုင်ရန် မရှိဖြစ်သည်၊ တကြောင်းလည်း မင်းတို့မည်သည့် တိုင်းနိုင်ငံအတွင်း ပြည်သူသတ္တဝါ အပေါင်းတို့ ငြိမ်ဝပ်ချမ်းသာခြင်းကိုသာ အလိုရှိအပ်သဖြင့် တိုင်းခရိုင် နိုင်ငံအလုံးကိုပင် ညီတော်မင်းတရားအလိုရှိစေကာ ပေးအပ်ဆောက်နှင်းတော်မူမည်၊ ယင်းသို့ဖြစ်၍ စစ်သည်အမှုထမ်းတို့ကို နုတ်သိမ်း ပြေကုံလွယ်အောင်ကိုသာ ဆရာဘော်တို့က ရတနာသိင်္ခမြို့ ညီတော်ရှိရာသို့ ကြွသွား မေတ္တာရပ်ခံပြောဆိုပါ လျှောက်ထားပြီးလျှင် မကွေးဝန်ထောက် မင်းကြီး မဟာမင်းလှစည်သူ, အမှုရေး နေမျိုးသီဟသူ, သံတော်ခံ ငတက်ဖြိုး, အမိန့်တော်ရငဘိုးဘိုကို ဆရာတော်တို့နှင့်အတူထည့်အပ်ပြီးလျှင် ကြွသွားစေ၏။

ဆရာတော်တို့လည်း စစ်ကိုင်းမြို့စီရင်စု ပတ္တခက္ခရွာက စာရေးရွာလမ်း ကြွသွားရာ ခရီးလွန်မှ ဗိုလ်ချုပ်သီလုံးဝန်ကြီးက မြင်းလှူစေလွှတ်ပင့်ခေါ်ပြန်ရောက်ကာလ ဗိုလ်ချုပ်နှင့်တွေ့၍ အကြောင်းမျိုးကို လျှော်ထားမေးမြန်းလျှင် သာသနာပြုဆရာတော်နှင့် ဆရာတော်တို့က ယခုနောင်တော်ညီတော်နှစ်ပါး စစ်မက် ဖြစ်ပွားကြသဖြင့် တိုင်းခရိုင်နိုင်ငံအတွင်းရှိနေသည့် ပြည်သူသတ္တဝါအပေါင်းတို့ ပင်ပန်း ဆင်ရဲကြီးစွာမဖြစ်စေရ ချီတက်ဆိုက်ရောက်သမျှ ဗိုလ်ရဲမက် စစ်သည် အမှုထမ်းတို့ကို

နှတ်သိမ်းပြေကြကြပြီးလျှင်နောင်တော်ညီတော်မင်းနှစ်ပါးရှေ့သို့အရှည်ချစ်ကျည်ညီညွှတ်သင့်တင့်ကြသဖြင့် တိုင်းခရိုင်နိုင်ငံအတွင်း ပြည်သူသတ္တဝါအပေါင်းတို့ ငြိမ်ဝပ်ချမ်းသာစွာနေထိုင်စေခြင်းငှာ ရတနာသိင်္ခမြို့ ညီတော်မင်းတရားရှိရာ မေတ္တာရပ်ခံ သွားလိုကြောင်းနှင့် ဆရာတော်တို့က ပြောဆိုလျှင် မိုလ်ချုပ်သီလုံးဝန်ကြီး မင်းကြီးမဟာရာဇသင်္ကြိလည်း ယခုညီတော်မင်းတရားက တပည့်တော်ကို စစ်ကိုင်းကြောင်းချီ မိုလ်ရဲမက်အမှုထမ်းတို့ကိုအရေးပေးအပ် ချုပ်အုပ်ချီတက်ခဲ့ရသည်ဖြစ်၍ အထက်အမရပူရမြို့တွင်မင်းကောရာဇ်နှင့် ဆရာတော်တို့တိုင်ပင်ပြောဆိုရင်း ဧရာဝတီမြစ်ကို အပိုင်းအခြားပြု၍ နောင်တော်ညီတော်နှစ်ပါး နှစ်ပြည်ထောင်ပြုလုပ်အုပ်ထိန်း စိုးစံစေလိုကြောင်းစကားကို တပည့်တော် သိပြီးဖြစ်ပါသည်၊ စစ်မက်အရေးအရာဟူသည်လည်း တဖက်ကစစ်သည် အမှုထမ်းအင်အားကြီး၍ တဖက်ကအင်အားနည်းလျှင်သာ နည်းသည့်ဘက်က လျှော့ညံ့ရမြဲဖြစ်ပါသည်၊ ယခုမှာမူကား ညီတော်မင်းတရားထံ အရှေ့ရှမ်းကိုးပြည်ထောင်နှင့်တကွ အညာမြစ်စဉ်တလျှောက် မြောက်ဘက်တပြင် တောင်ဘက်တလွှားရှိ မြို့ပြကျေးရွာများကို အကုန်အစင် သိမ်းရုံးပျပ်ဝပ် နှံ့နှာပြီးဖြစ်ပါသောကြောင့် ဆရာတော်တို့ ပြောဆိုမည့်စကားကို ပြည်သူတို့က ကြိုက်မည်မဟုတ်ပါ၊ တပည့်တော်လည်း ပြောဆိုရန်သွားခွင့်အရေးကို မပေးသာ ဖြစ်ပါသည်၊ ယင်းသို့ဖြစ်သဖြင့် ဆရာတော်တို့ အလျင်အမြန်သာပြန်ကြွတော်မူပါတော့လျှော်ထားလိုက်သည့်ကာလသာသနာပြု ဆရာတော်ကြီးနှင့်ဆရာတော်သံဃာတော်,မှူးတော်မတ်တော်တို့လည်း ပြန်လည်လာရောက်ပြီးလျှင် အကြောင်းအရာ အလုံးစုံမျိုးကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားထံ မိန့်ဆိုပြန်ကြားလျှောက်ထားကြ၏။

ယင်းသည့်လအတွင်း စစ်ကိုင်းကြောင်းချီ လှိုင်မြို့စား မင်းသားသီရိမဟာဓမ္မရာဇာလည်း စမွန်းကြီးရွာတွင် စွဲရပ်ရှိသည့် တပ်ဦးချီအမြောက်ဝန် မင်းကြီးမဟာမင်းထင်မင်းခေါင်တို့တပ် မရပ်မခံနိုင် ပျက်ပြားဆုတ်ခွာခဲ့ရသည်၊ မြောက်ဖက်ကြောင်းကလည်း လက်နက်လူသူ မိုလ်မှူး မိုလ်ချုပ် အင်ကြီးအားကြီးနောက်ကိုထပ်ဖြည့် ချီတက်လာမည်မချွတ်ဖြစ်သည် ပြောဆိုပြီးလျှင် ပျက်ပြားဆုတ်ခွာခဲ့ရင်း တပ်များကို တပ်မနှင့် ပေါင်းစည်း နှတ်သိမ်းပြီးလျှင် ရွှေကြက်ယက်သို့ကူး၍ နေပြည်တော်အမရပူရမြို့တောင်မျက်နှာ တောင်သမန်သို့ရောက်ကာလ အမိန့်တော်နှင့် မြို့တွင်းသို့

ဝင်ရ၏၊ ဗိုလ်ချုပ်သီလုံးဝန်ကြီး မင်းကြီးမဟာရာဇသင်္ကြံလည်း ပါသည့် ဗိုလ်ရဲမက်အမှုထမ်းတို့နှင့်စစ်ကိုင်းမြို့ရောက်ချီတက်ပြီးလျှင် တပ်ချစွဲရပ်နေလေ၏။

ထိုသက္ကရာဇ် ပြာသိုလပြည့်ကျော်တဆဲ့နှစ်ရက်နေ့ ညီတော်မင်းတရားကြီးဘုရားလည်း အမရပူရမြို့ကို ချီတက်သိမ်းယူစေသည့် အရေးလည်း မကုံမတွင်သေးသည်ဖြစ်၍ ပြည်မြို့ရှိအင်္ဂလိပ်ဗိုလ်တို့ထံ ကုလားဝန်မဟာမင်းခေါင်သီဟသူ, အမြောက်ဝန် မင်းလှသီရိမင်းထင်တို့ကို စေ၍ တပ်အချီအတက်မရှိ ရှေးအထက်မဟာမိတ်ဖြစ်သကဲ့သို့ ဖြစ်လိုကြောင်းများနှင့် စေလွှတ်ပြောဆိုရ၏။

ထိုအခါ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်ကား····ငါသည် ယခုစစ်ဖြစ်ကြသည့်အတွင်း ပြည်သူ သတ္တဝါအပေါင်းတို့ ချမ်းသာရာမရ သေကျေပျက်စီးမည့် ဘေးဥပဒ်ကို မြင်တော်မူ၍ တိုင်းနိုင်ငံသူတို့အကျိုးကို မြော်ထောက်တော်မူပြီးလျှင် အလုံးစုံ အရေးအရာ ငြိမ်ဝပ်ပြေကုံလွယ်အောင် ညီတော်အလိုရှိရာ ပေးအပ်တော့မည်မှာထားပြီးလျှင် ဆရာတော်သံဃာတော် မှူးတော် မတ်တော်တို့ကို ညီတော့်ထံ စေလွှတ်ပြောဆိုစေသည်ကို မြောက်ဖက်ကြောင်းချီ ဗိုလ်ချုပ်သီလုံးဝန်ကြီးက ညီတော့်ထံ မှာထားတော်မူသမျှ စကားမျိုးအလုံးကို ကုန်စင်အောင်မပြောမဆိုရ ရတနာသိင်္ဃမြို့သို့ သွားခွင့်အရေးကိုလည်းမပေး တားဆီးသောကြောင့် ပြန်လာရသည်များမှာ ငါတို့က အထူးပြေကျေအောင် ပြောဆိုရန်အခွင့်မရှိပြီဖြစ်သည်၊ တကြောင်းလည်း ငါတို့နှစ်ဦးပင် မပြေကျေလိုသဖြင့် နှစ်ဖက်စစ်သည် ဗိုလ်ရဲမက်အမှုထမ်းတို့ကို မရပ်မသိမ်း ဆိုင်ပြိုင်ခုခံတိုက်ခိုက်ကြရလျှင်လည်း ငါတို့တွင် လက်နက်မျိုးရိက္ခာ အစားအစာ အပြည့်အစုံ ဖြစ်သဖြင့် ငါတို့ကား မြို့နေမြောက်ဖက်ကြောင်းချီ ဗိုလ်ရဲမက်အမှုထမ်းတို့မှာ ညွှေ့သည်ဖြစ်သည်၊ပြေလိုလည်းပြေစေ–မပြေလိုလည်း နေစေ ကြောင့်ကြစိုးရိမ်ရန်အရေးအရာမရှိဖြစ်သည်၊ ယင်းသို့ဖြစ်၍ ယခုနေ့ပင် နေပြည်တော်အမရပူရမြို့ထိပ်သို့ဗုန်းအမြောက် သေနတ်လက်နက်ကိရိယာ ဗိုလ်မှူးတပ်မှူး ရဲမက်အမှုထမ်းအပြည့်အစုံ ခန့်ထားစည်းကြပ် တင်ထားပြီးလျှင် မြို့တော်တဆဲ့နှစ်ရပ်တံခါးများကို ပိတ်ထားခုခံစေရမည် အမိန့်တော်နှင့် အလုံးစုံခန့်ထားစည်းကြပ် တင်ထားရသည်ကား—

ရွှေမြို့တော်မြောက်မျက်နှာတွင် အမြောက်ဆန်, စိန်ဆန်, ခဲယမ်းမီးကျောက် အပြည့်အစုံနှင့် အမြောက်မှူးအမြောက်သားတို့ကို အမြောက်လုံးရေ နှစ်ဆဲ့ငါး, စိန်လက်ရေ နှစ်ဆယ် ပေးအပ်တင်စေ၍ အတွင်းကိုယ်ရံတော် မြောက်ဒဝယ်ဗိုလ်သေနတ်စာရေး သွေးသောက်ကြီးတို့နှင့် မြောက်ဒဝယ်အမှုထမ်း လူတရာ၊ မြောက်မာရဘင်ဗိုလ် သေနတ်စာရေး သွေးသောက်ကြီးတို့နှင့် မြောက်မာရဘင်အမှုထမ်း လူတရာ၊ မြောက်တရာ့ငါးဆယ် သေနတ်စာရေးသွေးသောက်ကြီးတို့နှင့်မြောက်တရာ့ငါးဆယ် အမှုထမ်းလူငါးဆယ်၊ နတ်ရှင့်ရွှေးသေနတ်စာရေး သွေးသော်ကြီးတို့နှင့် နတ်ရှင်ရွှေးအမှုထမ်း လူငါးဆယ်၊ နတ်စုလက်ဝဲ သေနတ်စာရေး သွေးသောက်ကြီးတို့နှင့် နတ်စုလက်ဝဲအမှုထမ်းလူသုံးဆယ်၊ ရဲဘက်မြင်းစာရေး မြင်းခေါင်းမြင်းစီးတို့နှင့် ရဲဘက်မြင်းအမှုထမ်းလူသုံးဆယ်၊ လက်ဝဲဝင်းစချီ ဝင်းစာရေးတို့နှင့် လက်ဝဲဝင်းအမှုထမ်း လူတရာ၊ လှေတော်ထောင်ကဲပဲ့နင်းစကြီးဦးနေတို့နှင့် လှေအမှုထမ်းလူတရာ့ငါးဆယ်၊ အရပ်သား ရဲအမှုထမ်းလူငါးရာ၊ စုစုအမှုထမ်း တထောင့် တရာ့တဆယ်တွင် ဝန်စုရ, စားတော်ကွမ်းရေ,ထီးခားလက်စွဲ,အဆောင်မြလူတရာတို့ကို နေ့ညဥ့်မဟူမြဲမြဲလုံခြုံအောင် အသီးအသီး အကွပ်အကြပ် ခန့်ထားဆော်တန်စေပြီးလျှင် ရေနံချောင်းမြို့စား ကျီဝန် ဝန်ကြီး သတိုးမင်းကြီးမဟာသက်တော်ရှည်ကို မှူးကြီးချုပ်အုပ်ထိန်းထိမ်းစေ၏။

ရွှေမြို့တော်အရှေ့မျက်နှာတွင်လည်း ခဲယမ်းမီးကျောက်, အမြောက်ဆန်,စိန်ဆန်အပြည့်အစုံနှင့် အမြောက်မှူးအမြောက်သားတို့ကို အမြော်လုံးရေ နှစ်ဆယ်,စိန်လက်ရေနှစ်ဆယ်ပေးအပ်တင်စေ၍ အတွင်းကိုယ်ရံတော် တောင်တရာ့ငါးဆယ် သေနတ်စာရေး သွေးသောက်ကြီး တို့နှင့် တောင်တရာ့ငါးဆယ်အမှုထမ်း လူငါးဆယ်၊ ရွှေလှံအစုစာရေး သွေးသောက်ကြီးတို့နှင့် ရွှေလှံအမှုထမ်း လူငါးဆယ်၊ သူရဲစာရေးတပ်မှူးတို့နှင့် သူရဲအမှုထမ်းလူတရာ၊လက်ဝဲကြောင်းသေနတ်စာရေး သွေးသောက်ကြီးတို့နှင့် လက်ဝဲကြောင်းအမှုထမ်း လူသုံးဆယ်၊ လက်ယာကြောင်းသေနတ်စာရေး သွေးသောက်ကြီးတို့နှင့် လက်ယာကြောင်းအမှုထမ်း လူသုံးဆယ်၊ မြင်းစုကြီး, မြင်းစာရေး, မြင်းခေါင်း,မြင်းစီးတို့နှင့် မြင်းအစုအမှုထမ်း လူငါးဆယ်၊လမိုင်းစာရေး အဌန်းသွေးသောက်ကြီးတို့နှင့် အောင်ပင်လယ်လမိုင်းအစု အမှုထမ်းလူငါးဆယ်၊ ရွှေဝင်းစချီဝင်းစာရေးတို့နှင့် ရွှေဝင်းအမှုထမ်းလူတရာ၊ လှေတော်ထောင်ကဲပဲ့နင်းစကြီး ဦးနေတို့နှင့်လူ

တရာ့ငါးဆယ်၊ အရပ်သား ရဲအမှုထမ်း လူငါးရာ၊ စုစုအမှုထမ်း လူ တထောင့်တရာ့တဆယ်တို့နှင့် ပုဏ္ဏားဝန် အောင်ပင်လယ်လမိုင်းဝန်, စားတော်ကွမ်းရေ့,ထီးမားလက်စွဲ,အဆောင်မြဲလူတရာတို့ကို နေ့ညဥ့်မဟူမြဲမြဲလုံခြုံအောင် အသီးအသီး ကွပ်ကဲဆော်ဘန်စေပြီးလျှင် မေရဉ္စယမြို့စားဆင်ဝန်အတွင်းဝန် သတိုးမင်းကြီးမဟာမင်းခေါင်မင်းထင်ကို မှူးကြီးချုပ်အုပ် ထိန်းသိမ်းစေ၏။

ရွှေမြို့တော်တောင်မျက်နှာတွင်လည်း ခဲယမ်းမီးကျောက် အမြောက်ဆန် စိန်ဆန်အပြည့်အစုံနှင့် အမြောက်မှူးအမြောက်သားတို့ကို အမြော်လုံးရေနှစ်ဆယ်, စိန်လက်ရေတဆွဲငါး ပေးအပ်တင်စေ၍ အတွင်းကိုယ်ရံတော် တောင်မာရဘင်ဗိုလ် သေနတ်စာရေး သွေးသောက်ကြီး တို့နှင့် တောင်မာရဘင်အမှုထမ်း လူငါးဆယ်၊ တောင်ဒဝယ် သေနတ်စာရေး သွေးသောက်ကြီးတို့နှင့် တောင်ဒဝယ်အမှုထမ်းလူတရာ၊ ရွှေလက်ဝဲသေနတ်စာရေး သွေးသောက်ကြီးတို့နှင့် ရွှေလက်ဝဲအမှုထမ်း လူလေးဆယ်၊ လင်းဇင်းသေနတ်စာရေး သွေးသောက်ကြီးတို့နှင့် လင်းဇင်းအမှုထမ်း လူသုံးဆယ်၊ ရွှေပြည်သေနတ်စာရေး သွေးသောက်ကြီးတို့နှင့် ရွှေပြည်အမှုထမ်းလူသုံးဆယ်၊ နောက်တော်ပါ မြင်းစာရေး,မြင်းခေါင်း,မြင်းစီးတို့နှင့် နောက်တော်ပါမြင်းအမှုထမ်း လူသုံးဆယ်၊ တလုပ်မြို့ သင်းသေနတ်အစုသေနတ်စာရေး သွေးသောက်ကြီးတို့နှင့် သင်းသေနတ်အမှုထမ်း လူငါးဆယ်၊ လက်ယာဝင်းစချီဝင်းစာရေးဝင်းဆော်တို့နှင့် လက်ယာဝင်း အမှုထမ်း လူတရာ၊ လှေတော် ထောင်ကဲပွဲနင်းစကြီး ဦးနေတို့နှင့် လှေအမှုထမ်း လူတရာ၊ အရပ်သားရဲအမှုထမ်း လူငါးရာ၊ စုစုအမှုထမ်းလူ-တထောင့်သုံးဆယ်တွင်ဝန်စုရ,စားတော်ကွမ်းရေ့,ထီးမားလက်စွဲ,အဆောင်မြဲ လူတရာတို့ကို နေ့ညဥ့်မဟူ မြဲမြဲလုံခြုံအောင် အသီးအသီး အကွပ်အကြပ် ခန့်ထားဆော်ဘန်စေပြီးလျှင် မြန်အောင်မြို့စားအတွင်းဝန်သတိုးမင်းကြီး မဟာမင်းလှမင်းကျော်ကို မှူးကြီးချုပ်အုပ်ထိန်းသိမ်းစေ၏။

ရွှေမြို့တော် အနောက် မျက်နှာ တွင်လည်း ခဲ ယမ်း မီး ကျောက်, အမြောက် ဆန်, စိန် ဆန် အပြည့်အစုံနှင့် အမြောက် မှူး အမြောက်သားတို့ကို အမြောက်လုံးရေ သုံးဆယ်, စိန်လက်ရေ နှစ်ဆဲ့ငါး ပေးအပ်တင်စေ၍ အဘွင်းကိုယ်ရံတော် ရွှေပြည်မှန်ကင်း သေနတ်စာရေး သွေးသောက်ကြီးတို့နှင့် ရွှေပြည်မှန်ကင်းအမှုထမ်းလူငါးဆယ်၊ နတ်စုလက်ယာ သေနတ်စာရေး သွေးသောက်ကြီး တို့နှင့် နတ်စု လက်ယာ

အမှုထမ်း လူသုံးဆယ်၊ ရွှေးလက်ယာသေနတ်စာရေး သွေးသောက်ကြီးတို့နှင့် ရွှေးလက်ယာအမှုထမ်း လူသုံးဆယ်၊ ကုလားပျို သေနတ်စာရေး သွေးသောက်ကြီးတို့နှင့် ကုလားပျိုအမှုထမ်း လူသုံးဆယ်၊ ဘုန်းတော်ဖြစ်သေနတ်စာရေး သွေးသောက်ကြီးတို့နှင့် ဘုန်းတော်ဖြစ် အမှုထမ်း လူသုံးဆယ်၊ နောက်ဝန်းကျင်သေနတ်စာရေး သွေးသောက်ကြီးတို့နှင့် နောက်ဝန်းကျင် အမှုထမ်း လူနှစ်ဆယ်၊ ပုခန်းကြီးမြို့ သင်းသေနတ်အစုသေနတ်စာရေးသွေးသောက်ကြီးတို့နှင့် သင်း သေနတ်အမှုထမ်း လူငါးဆယ်၊ ရွှေပြည့်ရန်အောင် မြင်းစာရေး မြင်းခေါင်း မြင်းစီးတို့နှင့် မြင်းအမှုထမ်း လူသုံးဆယ်၊ နောက်ဝင်းစချီ ဝင်းစာရေး ဝင်းဆော်တို့နှင့် နောက်ဝင်းအမှုထမ်း လူတရာ၊ လှေတော်ထောင်ကဲပဲ့နင်းစကြီး ဦးနေတို့နှင့်လှေအမှုထမ်း လူတရာ၊အရပ်သား ရဲအမှုထမ်းလူခြောက်ရာ၊ စုစုအမှုထမ်း လူတထောင့်တရာ့ခုနစ်ဆယ်တွင် အမြောက်ဝန် မင်းကြီး မဟာမင်းထင်မင်းခေါင်, မြေနန်းဝန် မင်းလှမဟာမင်းကျော်ရာဇာ, စားတော်ကွမ်းရေ, ထီးခါးလက်စွဲ, အဆောင်မြလူတရာတို့ကို နေ့ညဉ့်မဟူ မြဲမြဲလုံခြုံအောင် အသီးအသီး အကွပ်အကြပ် ခန့်ထားဆော်ဘန်စေပြီးလျှင် ညီတော် လှိုင်မင်းသား သီရိမဟာဓမ္မရာဇာကို မှူးကြီးချုပ်အုပ် ထိန်းသိမ်းစေ၏။

ယင်းသို့မှ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု တပို့တွဲလဆန်းနှစ်ရက်နေ့ မင်းညီ မင်းသား မှူးတော် မတ်တော် ဗိုလ်ရဲမက် အမှုထမ်းအပေါင်းတို့ဖြင့် ခြံရံတော်မူ၍ ကိုယ်ရံတော် တပ်ဝင်းအခင်းအကျင်းနှင့် ရထားတော်တွင် ရွှေစက်တင်တော်မူပြီးလျှင် ရွှေးတော်ယူ တံခါးကထွက်တော်မူ၍ ရွှေနန်းတော်အရှေ့ မြို့ခြေပတ်လည် ကြည့်ရှုတော်မူပြီးလျှင် ရွှေနန်းတော်သို့ ဝင်တော်မူ၏။ နောက်တော် လိုက်ပါကြသော မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်တပ်အမှူးအကြီးတို့လည်း အသီးအသီး ခါးလွတ်ကိုယ်စေ့ စွဲကိုင်လိုက်ကြရ၏။

ထိုအခါ အမရပူရမြို့အတွင်း ရဲရှောင်မြန်မာလူ ဗိုလ်ရဲမက်အမှုထမ်းတို့ကို စည်းကြပ်သိမ်းရုံးပြီးလျှင် အမိန့်တော်နှင့် အသီးအသီး တပ်မှူးတပ်အုပ်ခန့်ထား၍ ညီတော်လှိုင်မင်းသား သီရိမဟာဓမ္မရာဇာနှင့် ဝန်ကြီးအတွင်းဝန်တို့ကို အရေးပေးအပ် ထိန်းသိမ်းချုပ်အုပ်စေကြောင်းများကို ဗိုလ်ချုပ် သီလုံးဝန်ကြီး မင်းကြီး မဟာရာဇာသင်္ကြံ ကြားသိလေလျှင်

ကျောက်ဆည်ဝန် ငမွှဲ၊ ဗိုလ်ငကဲကြီး၊ မောက်ပက်ဗိုလ် ငခုံ၊ ဗိုလ်ငကျော်၊ ဗိုလ်ငရ၊ ဗိုလ်ငမြတ်ယွန်း၊ ဗိုလ်ငရောက်၊ ဗိုလ်ငကျီ၊ ဗိုလ်ငပိုင်းတို့နှင့်အမှုထမ်း လူနှစ်ထောင်ကျော်တွင် မတ္တရာဝန်ဗိုလ်ဘေးကို အရေးပေးအပ်ချုပ်အုပ်စေပြီးလျှင် အမရပူရမြို့ရွှေမျက်နှာ မြို့ခြေမြို့ရင်းရောက် ချဉ်းကပ်ဝန်းပိုင်းတိုက်ခိုက်ရမည်။

တောင်ဗိုလ်မြင်းခေါင်းသား ဗိုလ်တူ၊ ညီ ပင်လယ်မြင်းခေါင်း ငရှမ်း၊ ညီ ဗိုလ်ငထွန်းကျော်၊ တောင်ဗိုလ်မြင်းခေါင်းသမက် ဗိုလ်ငမြစ်၊ သမက် နွားထိုးမြင်းခေါင်း ငစိုး၊ သမက် ဗိုလ်ငမိတ်တို့နှင့် ဆံမြိတ်ရှည်မြင်းခေါင်း ငဘိုး၊ မင်းလှမြင်းခေါင်းငအောင်၊ ကန်တောင်မြင်းခေါင်း ငပေါကြီး၊ ကုန်းတောင်းမြင်းခေါင်း ငရွှေရင်း၊ လမ္ဘူးမြင်းခေါင်း ငဆား၊ မြို့ကြီးမြင်းခေါင်း ငမင်းရာ၊ ဝဲလောင်မြင်းခေါင်း ငအောင်း၊ အင်းကန်မြင်းခေါင်း ငရာပိုင်၊ ကုတ္တိုစည်းမြင်းခေါင်း ငစု၊ သပြေဝမြင်းခေါင်းငကြီ၊ ရုံးစည်းမြင်းခေါင်း ငသား၊ ကျောက်ဆောက်မြင်းခေါင်း၊ လက်ဝဲမြင်းခေါင်းတို့နှင့် ရွှေပြည်ရန်အောင် မြင်းအမှုထမ်း လူနှစ်ထောင်ကျော်၊ တောင်တပြင် မြို့ကျေးရွာများတွင် တိုက်ခိုက်သိမ်းသွင်း စည်းကြပ်ရအမှုထမ်း လူနှစ်ထောင်၊ နှစ်စုလူလေးထောင်ကျော်တွင် တောင်ဗိုလ် မြင်းခေါင်း မဟာမင်းခေါင်သူရိန်ကို အရေးပေးအပ် ချုပ်အုပ်စေပြီးလျှင် အမရပူရမြို့ တောင်မျက်နှာ မြို့ခြေမြို့ရင်းရောက် ချဉ်းကပ်ဝန်းပိုင်း တိုက်ခိုက်ရမည်။

ဗိုလ်ငဘား, မြတောင်မြို့သူကြီး ငဘိုး, မြို့ဝန် အောင်ပင်လယ်ဝန် လမိုင်းဝန် မဟာမင်းကျော်မင်းခေါင် တို့နှင့် အမှုထမ်း လူနှစ်ထောင်ကျော်တွင် ပန်းဘဲအတွင်းဝန်ဟောင်း မင်းကြီး မဟာမင်းလှကျော်သူကို အရေးပေးအပ် ချုပ်အုပ်စေ၍ အနောက်မျက်နှာ မြို့ခြေမြို့ရင်းရောက် ချဉ်းကပ်ဝန်းပိုင်း တိုက်ခိုက်ရမည်။

ဗိုလ်ငခက်, လဲချားစစ်ကဲ ငရွှေအို, ဗိုလ်ငထား, ဗိုလ်ငရွှေသားတို့နှင့် စုစုအမှုထမ်း လူ နှစ်ထောင်ကျော်တွင် မြောက်ဖက် လှတောကြီး မြင်းတပ်ဗိုလ် ဗိုလ်ပြင်ကို အရေးပေးအပ် ချုပ်အုပ်စေ၍ မြောက်မျက်နှာ မြို့ခြေမြို့ရင်းရောက် ချဉ်းကပ်ဝန်းပိုင်း တိုက်ခိုက် ရမည်-အသီးအသီးခန့်ထားပြီးလျှင် သက္ကရာဇ်(၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု တပို့တွဲလအတွင်း အမရပူရမြို့သို့ ချဉ်းကပ်ဝန်းပိုင်းစေ၏။

ထိုအခါ ညီတော်မင်းတရားလည်း ယင်းသည့်သက္ကရာဇ် ပြာသိုလ အတွင်း မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးအပေါင်းတို့၏အလယ် အမိန့် တော်ရှိသည်ကား….အမရပူရမြို့ကို အလျင် အရေးပြီးလွယ်အောင် ချီ တက်ဝန်းရံလုပ်ကြံစေသည့်အရေးလည်း ငါတို့က အင်အားအလျောက် ဗိုလ်ရဲမက် အမှုထမ်း ခန့်ထားစည်းကြပ်၍ မြို့ခြေမြို့ရင်းသို့ချဉ်းကပ်ရပ်တန့် နေနိုင်သော်လည်း မြို့တွင်းဝယ် လက်နက်ကိရိယာမျိုးရိက္ခာ အစားအစာ အပြည့်အစုံဖြစ်၍ အလွယ်နှင့်မပေါက်မမြောက်နိုင်သေး ဖြစ်သည်။ယင်း သို့ဖြစ်သောကြောင့် ငါတို့ ရတနာသိင်္ဃမြို့က ရှေ့နောက်အရေးအရာနှင့် တကွ အလုံးစုံ သိမြင်ခွဲခြမ်း ဝေဘန်နိုင်သူ ညီတော်အိမ်ရှေ့မင်းကို ဇေ ယျာပူရ စစ်ကိုင်းကြောင်းချီ ဗိုလ်မှူးတပ်မှူး ရဲမက်အမှုထမ်း အပေါင်းတို့ ကို မှူးကြီးချုပ်အုပ်စေရမှ အရေးပြီးလွယ်မည်–အမိန့်တော် ရှိပြီးလျှင် ဗိုလ်မှူးတပ်မှူး ဆင်မြင်းရဲမက် အမှုထမ်းလူငါးထောင် စည်းကြပ်ပေးအပ် ၍ သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု တပို့တွဲလဆန်း နှစ်ရက်နေ့ ညီတော်အိမ်ရှေ့မင်းကို ထပ်မံချီတက်စေ၏။

ညီတော်အိမ်ရှေ့မင်းလည်း ပါသည့် ဗိုလ်ရဲမက်အမှုထမ်းတို့ကို အုပ် စည်းမပျက် ချုပ်အုပ်ထိန်းသိမ်း၍ ဇေယျာပူရစစ်ကိုင်းမြို့ရောက် အလျင် ချီတက်စွဲရပ်ပြီးလျှင် တောင်ဘက်, မြောက်ဖက် အောက်မြစ်စဉ်တလျှော် မြို့ပြကျေးရွာများက လာရောက်သမျှ မြို့ဝန်,စစ်ကဲ, မြို့ရွာသူကြီး, မြင်းစီး မြင်းခေါင်း, သူကြီးကလန်တို့ကို အမှုထမ်းသိမ်းသွင်း ခန့်ထားစည်းကြပ် တော်မူ၏၊ အထက် အမရပူရမြို့တွင် သီလုံးဝန်ကြီး ခန့်ရန် စည်းကြပ် ဝန်းရံစေသည့် မြို့လေးမျက်နှာ ရံတပ်တော် ဗိုလ်မှူးတပ်မှူး တို့ကိုလည်း ညီတော် အိမ်ရှေ့မင်းက အာဏာတော်ထား၍ အပြင်းအပြကွပ်ညှပ်စီရင် တော်မူ၏။

ထိုအခါ ယင်းသည့် တပို့တွဲလဆန်းကိုးရက်နေ့အဝမြို့မြောက်မျက်နှာ မာန်အောင်တံခါးပြင်မြစ်ဆိပ် မြေလေးတောင်ခန့်တွင် အမှုထမ်း ရဲမက် တို့ အမြောက်ကြီး လုံးရေနှစ် တူးဖော်ရသည် ဖြစ်၍ ဗိုလ်မှူးတပ်မှူးအမှု ထမ်း ရဲမက်အပေါင်းတို့က အမရပူရမြို့ကို အလျင်အောင်မြင်တော်မူမည် ပြည်လုံးငြိမ်းအမြောက်လုံးရေ နှစ်–ဆို၍ ညီတော်အိမ်ရှေ့မင်းထံလျှောက် ထားဆက်သရာ ညီတော်အိမ်ရှေ့မင်းလည်း လှည်းစကြာခုံ အသစ်လုပ်

ဆောင်၍ အမရပူရမြို့နောက်မျက်နှာ ရုံတပ်တော် ဗိုလ်မှူးတပ်မှူးတို့သို့ ပို့အပ်ပစ်ခတ်စေ၏။

* အရေးတော်ပြီးငြိမ်း၍ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား အမရပူရမြို့သို့ ဝင်တော်မူရာ ယင်းသည့် အမြောက်လုံးရေနှစ်ကို မာန်အောင်တံခါးပြင် မြစ်ဆိပ်မြေ လေးတောင်ခန့်တွင် ရကြောင်းများနှင့်တကွ လုံးပတ် နှစ်တောင့်နှစ်မိုက်, အရှည် ငါးတောင့်ငါးသစ်, ကျည်ဝ နှစ်မိုက်ရှိသော ပြည်လုံးသိမ်း-ပြည်လုံးငြိမ်းအမြောက်တော်ဟု ကမ္ပည်းအက္ခရာ ထိုးမှတ်တော်မူ၍ အမြောက်နှင့်တကွ အမြောက်တင်လှည်းစကြာခုံပါ ရွှေပိန်းချပြီးလျှင် ကောင်းမွန်စွာထားရ၏။

လက်ယာဝင်းမှူး အလုံမြို့ဝန် မင်းကြီးမဟာတရဖျားနှင့် အမရပူရမြို့ ချီ မိုးညှင်းစား, သား-လှိုင်းတက်စားတို့တပ် အထက် အလုံမြို့စီရင်စု ခင်မွန်ရွာတွင် တိုက်ခိုက်ကြရာ မိုးညှင်းစား သားအဘတို့တပ် မရပ်မခံနိုင်၊ ဆုတ်ခွာခဲ့သည့်နောက် တပ်ပါအမှုထမ်း ရဲမက်တို့ တရွှေရွှေ နည်းပါးတိမ်းရှောင်ထွက်ပြေးရှိသည်ဖြစ်၍ ကျေးကျွန်အနည်းနှင့် တလုပ်မြို့စီရင်စု ပန်းညိုတောအရပ်တွင် ပုန်းအောင်းနေသည်ကို ပုခန်းကြီးမြို့ တလုပ်မြို့ဝန် မင်းကြီးမဟာသူရိန်တပ်နှင့်တွေ့၍ ဖမ်းဆီးပြီးလျှင် ညီတော်အိမ်ရှေ့မင်းရှိရာ စစ်ကိုင်းမြို့တပ်တော်သို့ ပို့ဆက်လာ၏။

အင်္ဂလိပ်အရေးနှင့် ဟံသာဝတီကြောင်း, ပုသိန်ကြောင်း, မုတ္တမကြောင်း, ဓညဝတီကြောင်း ချီတက်သမျှ စစ်ကဲ,နာခံ, တပ်မှူး တပ်အုပ်, အချုပ်အကိုင် ပြုလုပ်သူ ဗိုလ်မှူးတပ်မှူးအပေါင်းတို့နှင့် ရဲမက်အမှုထမ်းတို့ကိုလည်း စေလွှတ်သိမ်းရုံးစေရာ ယင်းသည့် ဇေယျာပူရ စစ်ကိုင်းမြို့တပ်တော်သို့ချည်း ရောက်လာကြ၏။

ထိုအခါ ညီတော်မင်းတရားလည်း အမရပူရမြို့သို့ အသီးအသီးခန့်ထားချီတက် ဝန်းဝိုင်းတိုက်ခိုက်စေသည်ကို မြို့မြေမြို့ရင်းရောက် မချဉ်းမကပ်ကြ၊ ဗိုလ်ရဲမက်အမှုထမ်းတို့လည်း မည်သို့ ချီတက် ဝန်းရုံလုပ်ကြသည်, မည်သို့ အရေးပြီးပြေ ကုံတွင်လွယ်အောင် စွန့်စား ထမ်းရွက်သည်များကို တစုံတရာ မလျှောက်မထား မကြားမသိရသဖြင့် ဗိုလ်မှူးတပ်မှူး တပ်ပါ ဗိုလ်ရဲမက် အမှုထမ်းတို့ ကျေးဇူးသစ္စာတော် ရှိသည့်အတိုင်း အမှုတော်ကို သက်စွန့်ကြိုးပမ်း မထမ်းမရွက် ကြသောကြောင့်သာ အမရပူရမြို့မှ မပေါက်မမြောက်၊ အရေးတော် မပြေမကုံ၊ လစ်

လပ် ကြန့်ကြာ ရှိရသည်။ ယင်းသို့ဖြစ်သဖြင့် ယခုလအတွင်း အလျင်အရေးတော် ငြိမ်းပြေ ကုံတွင်လွယ်အောင် မြို့ခြေမြို့ရင်းရောက် ချဉ်းကပ်ဝန်းဝိုင်း တိုက်ခိုက် ရမည်၊ မြို့ရင်းသို့ မချဉ်းမကပ်နိုင် အရေးတော်မကုံမတွင် တစုံတရာ စစ်မျက်နှာ ဖောက်ပြား ပျက်ကွက် လစ်လပ်ကြောင်းများကို ကြားသိရလျှင် ဗိုလ်ချုပ်သီလုံးဝန်ကြီးနှင့် တပ်ပါဗိုလ်ရဲမက်အမှုထမ်းတို့ကို အဆုံးစီရင်မည်၊ ငါ့အမိန့်တော်အတိုင်း စစ်ကိုင်းကြောင်းချီဗိုလ်မှူးညီတော်အိမ်ရှေ့မင်းက ကြပ်ကြပ်တည်းတည်း ဆင့်ဆိုနှိုးဆော် ချီတက်လုပ်ကြံ ထမ်းရွက်စေရမည်–ထပ်မံ အမိန့်တော်ဆိုက်ရောက်သည်နှင့် အမိန့်တော်ကိုကြားလျှင် ညီတော် အိမ်ရှေ့မင်းလည်း ထိပ်ထက်မိုးကြိုးကျဘိ၏သို့ ကြောက်ရွံ့ခြင်းဖြစ်သဖြင့် စစ်ကိုင်းမြို့ တပ်မတော်က အလျင်အမြန် အမရပူရမြို့သို့ အမိန့်တော်ရင်းအတိုင်း မြင်းလူ စေလွှတ်ပြီးလျှင် ဗိုလ်ရဲမက်အမှုထမ်းတို့ကို အပြင်းအပြကွပ်ညှပ်စေ၍ မြို့ခြေမြို့ရင်းရောက် ပြောင်းသေနတ်ဖျော်ဖျော် ပစ်ခတ်တိုက်ခိုက်စေ၏။

ယင်းသို့စင်တွင် ဗိုလ်ရဲမက် အမှုထမ်းတို့လည်း သူ့ထက်ငါ မဆုတ်မနစ် မြို့ခြေမြို့ရင်းရောက် ချဉ်းကပ်ဝန်းဝိုင်း တိုက်ခိုက်ကြသည်တွင် မြို့ထိပ်က မိုးဖောက်မိုးရွာ၏သို့ ပြောင်းအမြောက် သေနတ်မစဲမလပ် စီးနင်းခုန်ပစ်ခတ်ကြရာ မြို့ပြင်က ဝန်းဝိုင်းတိုက်ခိုက်သည့် ဗိုလ်ရဲမက်တို့ အထိအခိုက်အရှအန အသေအဆုံး များချေ၏၊ မြို့တွင်းကလည်း ဆင်ကြိုးရွှေဂူဘုရားအရှေ့မြို့စီးမြောက်ဒဝယ်ဗိုလ်ခဲပေါင်မြို့စားမဟာမင်းခေါင်ရာဇာ၊ အနောက်မျက်နှာ စည်ရှဉ်တံခါး တောင်ဘက်ပြက မြို့စီး အမြောက်ဝန်မင်းကြီးမဟာမင်းထင်မင်းခေါင်တို့ ပြောင်းသေနတ်သင့်၍ ကျဆုံးချေ၏။

ယင်းသောအခါ အမရပူရမြို့ရှိ ဗိုလ်ရဲမက်အမှုထမ်း တို့နှင့် ပြည်သူအပေါင်းတို့လည်း အင်္ဂလိပ်တို့အရေးနှင့် အောက်ကြောင်းချီ ဗိုလ်ချုပ်ကျောက်ပန်းတောင်းမြို့စား ဝန်ကြီး သတိုးသုဓမ္မမဟာမင်းခေါင်, မုတ္တမကြောင်းချီ ဗိုလ်မှူးစစ်တောင်းမြို့စား ဝန်ကြီးသတိုးမင်းရဲမင်းခေါင်တို့ချုပ်အုပ်စု ဗိုလ်ရဲမက်အမှုထမ်းတို့နှင့် အုပ်စည်းမပျက် ရွှေဘဝါးတော်အောက်သို့ ချီတက်ခဲ့ရာ လမ်းခရီးသို့ ဆိုက်ရောက်ကြောင်းများကို မြို့ပြင်က ဝန်းရံတိုက်ခိုက်သည့် မြောက်ဖက်သား ဗိုလ်ရဲမက်အမှုထမ်းတို့ ကြားသိအောင် အသီးအသီး အဲခိုးသံယံ သတင်းစကား လွှင့်ကြားပြောဆိုကြသည်နှင့် ဇေယျာပူရ စစ်ကိုင်းမြို့ တပ်မတော်သို့ ဖမ်းဆီးသိမ်းယူ ဆိုက်

ရောက်သည့်ဗိုလ်ချုပ်ပြုလုပ်သူကျောက်ပန်းတောင်းမြို့စား ဝန်ကြီးဟောင်း ငရွှေကြည်, စစ်တောင်းမြို့စား ဝန်ကြီးဟောင်း ငကျောက်လုံးတို့နှင့် တပ်ပါအရာရှိတစုတို့ကို မြို့တွင်းရှိမှူးမတ်ဗိုလ်ရဲမက်အမှုထမ်းပြည်သူအပေါင်းတို့ ထင်မြင်ကြားသိအောင် အိမ်ရှေ့မင်းအမိန့်တော်နှင့် အမရပူရမြို့လေးမျက်နှာ အစေ့အန္တံ့လှည့်လည်ပြရ၏။

ယင်းသည့်အတွင်း အမရပူရမြို့တွင်းရှိ မြောက်ဒဝယ်,တောင်ဒဝယ်, မြောက်တရုတ်ငါးဆယ်, တောင်တရုတ်ငါးဆယ်, မြောက်ကြောင်းအစုအမှုထမ်းမှစ၍ မြို့စီးပြစီး အမှုထမ်းတို့လည်း မြို့ပြင်ကဝန်းဝိုင်းသည့်ဗိုလ်ရဲမက်အမှုထမ်းတို့တပ်တွင် အဘ,ညီ,သား,ဆွေမျိုးတို့ လိုက်ပါထမ်းရွက်ကြောင်းများကို သိသည်နှင့် စွဲကိုင်သည့်လက်နက်နှင့် တကွ မြို့ထိပ်ကဆင်းပြေး ထွက်သွားကြရာ မြို့ပြင်က ဝန်းဝိုင်းတိုက်ခိုက်သည့်ရံတပ်တော်ဗိုလ်မှူးတပ်မှူးတို့လည်း စွဲကိုင်ပါလာသည့် ခါးလှံသေနတ် လက်နက်ကိရိယာများကိုသိမ်းယူ၍ ဇေယျာပူရစစ်ကိုင်းမြို့တပ်မတော်သို့ပို့ဆက်ပြီးလျှင် ထွက်ပြေးဝင်ရောက်လာသည့် အမှုထမ်းတို့ကို နေရင်း မြို့ကျေးရွာ မိဘ သားမယားရှိရာသို့ ပြန်သွားစေ၏။

ယင်းသောအခါ အမရပူရမြို့ အတွင်း လှိုင်မြို့စား မင်းသား သီရိမဟာဓမ္မရာဇာနှင့် မြို့စီးမှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူးတို့က ရဲရောင်မြန်မာသူအမှုထမ်း ရွေးကောက်စည်းကြပ်၍ ရွေးရရဲအမှုထမ်း လူငါးရာတို့တွင် ငရွှေဇင်,ငပန်းဘူး,ငရွှေမင်းတို့ကို အသီးအသီးရဲဗိုလ်ခန့်ထားပေးအပ်ပြီးလျှင် မြို့ရှေ့မျက်နှာ မြောက်မျက်နှာ အနောက်မျက်နှာများတွင် မြို့ရင်းသို့ ချဉ်းကပ်ဝန်းဝိုင်း တိုက်ခိုက်လာသည့် ရံတပ်များသို့ ထွက်၍ တိုက်ခိုက်စေရာ ချဉ်းကပ် ဝန်းဝိုင်းတိုက်ခိုက်လာသမျှ မြောက်ဖက်သားဗိုလ်ရဲမက်အမှုထမ်းတို့မရပ်မခံနိုင်ဆုတ်ခွာရသဖြင့် မြို့ဝန်းကျင် ကျုံးတွင်း ကျုံးပြင် ပြောင်းသေနတ် ထိခိုက်ရှနသေဆုံးသည်များချေ၏၊ ယင်းသည့်တိုက်ပွဲတွင် သိမ်းယူရသည့် သေနတ် လက်နက်ကိရိယာ များကိုလည်း ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားထံ လျှောက်ထားဆက်သရ၏။

ထိုအခါ လှိုင်မြို့စား မင်းသား သီရိမဟာဓမ္မရာဇာလည်း မြို့တွင်းရှိရဲမက်အမှုထမ်းတို့နှင့် အတွင်းကိုယ်ရံတော် အစုအမှုထမ်း လူတထောင်ကျော်တို့ကို မှူးကြီး ချုပ်အုပ်လျက် ရွှေမြို့တော် တောင်မျက်နှာ နန္ဒမုတံခါးက ထွက်၍ မြို့အနောက်တောင်ဘုရားအနီးတွင် တပ်စွဲရပ်ပြီးလျှင်

မြို့ပြင်က ချဉ်းကပ်ဝန်းဝိုင်း တိုက်ခိုက်သမျှ မြောက်ကဖလား ဗိုလ်ရဲမက် အမှုထမ်းတို့နှင့် တိုက်ခိုက်ကြ၏။

* ★ *

# ရတနာပုံ ပဉ္စမမြို့တည်နန်းတည် မင်းတရားကြီး

### နောင်တော်က ညီတော် မင်းတုန်းမင်းကို နန်းလွှဲခြင်းစသည်နှင့် အင်္ဂလိပ်က အောက်မြန်မာပြည်ကိုသိမ်းယူခြင်း

ယင်းသည့်နေ့ အထက် စစ်ကိုင်းမြို့တပ်မတော်က ကျောက်မော်မြို့စား ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှသီဟသူသို့ အတွင်းစကား မှာထားရှိသည့်အတိုင်း အလုံမြို့ အတွင်းကိုယ်ရံတော်အမှုထမ်းတို့နှင့် တိုင်ပင်စည်းကြပ်ပြီးလျှင် ဝန်ကြီး, အတွင်းဝန်, ဝန်ထောက်တို့ အစုံအညီ နံနက်ညီလာခံကွဲ လွှတ်တော်သို့ အစုတွင် ရေနံချောင်းမြို့စား ကျီဝန်-ဝန်ကြီး ငပွား, အတွင်းဝန်ငဝို, ငပုတ်စည်, ဝန်ထောက်ငထော်နီ, ငရွှေတို့နှင့် ဝန်စုရ မှူးမတ် မြို့စားပြစား အရာရှိတို့ကို ချည်နှောင်ဖမ်းဆီး ရှိနေသည့်အတွင်း ရွှေမြို့တော်မြောက်မျက်နှာရံတပ်တော် ဗိုလ်မှူးတပ်မှူးအပေါင်းတို့ မြို့တွင်းသို့ဝင်နိုင်သည်နှင့် မြို့တွင်းက ရုတ်ရုတ်သဲသဲအသံများကိုကြားသိလျှင် လှိုင်မြို့စား မင်းသား သီရိမဟာဓမ္မရာဇာလည်း ပါသည့် ဗိုလ်ရဲမက် အမှုထမ်းတို့ကို ရုပ်သိမ်းချုပ်အုပ် နန္ဒမှုတံခါးကဝင်လာ၍ ဈေးကြီးအနီး မြို့တွင်းသို့ရောက်သည်နှင့် မြောက်ဖက်တပ်တော် ဗိုလ်ရဲမက် အမှုထမ်းတို့နှင့် စစ်မျက်နှာ ဆိုင်ပြိုင်တိုက်ခိုက်ကြရာ လှိုင်မြို့စားမင်းသားလည်း ယင်းတွင်ပင်ကျချေ၏။

ထိုအခါ အမရပူရမြို့၏ လေးမျက်နှာဗိုလ်ချုပ်တို့လည်း ယင်းသည့်နေ့ အမရပူရမြို့ ပေါက်ကြောင်း၊ လှိုင်မြို့စားမင်းသားလည်း မြို့တွင်းတွင် ကျကြောင်းများကို ဇေယာပူရစစ်ကိုင်းမြို့ တပ်မတော်သို့ တပ်အရာရှိတို့ကို စေလွှတ်လျှောက်ထားရ၏။

ညီတော်အိမ်ရှေ့မင်းလည်း အမရပူရမြို့ကို လေးကြောင်းလေးသွယ် ချီတက်ဝန်းဝိုင်းတိုက်ခိုက်စေရာ အမရပူရမြို့တွင်းရှိ ဗိုလ်ရဲမက် အမှုထမ်း ပြည်သူအပေါင်းတို့ မြှုံးတွင်းငါးအတူ ရက်ပေါင်းလေးဆယ်ကျော် ရပ်တန့်ခံနေ၍ သက္ကရာဇ်(၁၂၁၄) တပေါင်ခြမ်းကွဲ့နှစ်ရှေ့တဆဲ့လေးခု တပေါင်း လဆန်း တဆဲ့တရက်နေ့ အမရပူရမြို့ကို ရဲမက်အမှုလမ်းတို့ ပေါက်မြော် ဝင်နိုင်သဖြင့် အလုံးစုံ အရေးပြီးပြေကြောင်း၊ လှိုင်မြို့စားလည်း မြို့တွင်းတွင် ကျကြောင်းများနှင့် ရတနာသိင်္ဃမြို့နောင်တော်မင်းတရားကြီးထံ စေလွှတ်လျှောက်ထား၍ စစ်ကိုင်းမြို့တပ်မတော်က ဗိုလ်ရဲမက်အမှုထမ်းတို့နှင့် အုပ်စည်းမပျက် အမရပူရမြို့သို့ ကူးတော်မူပြီးလျှင် မြို့မြောက်မျက်နှာ ရေနန်းတော်တွင် တည်ခို့စံတော်မူပြီးနောက် ‘လွှတ်တော်သို့ ပြောင်းလွှဲစံတော်မူ၍ ရွှေမြို့တော် တဆဲ့နှစ်ရပ်တံခါး, ရွှေနန်းတော် ဝင်းလေးမျက်နှာတံခါး, တံခါးနီတော်များမှာလည်း တပ်တော်ပါ ဗိုလ်ရဲမက် အမှုထမ်းတို့ကို အသီးအသီး အမှုထမ်းပေးအပ်၍ အစောင့်အနေထားတော်မူပြီးလျှင် မသင့်မတင့် ကြံစည်သူ မင်းညီမင်းသား ဗိုလ်မှူးတပ်မှူး အမှုထမ်းတို့ကို စစ်ဆေးရွေးချယ်တော်မူ၍ အပြစ်အလျောက် သန့်ရှင်းစီရင်တော်မူ၏။

ရွှေနန်းတော်အတွင်းရှိ ခေါ်လှံသေနတ် လက်နက် ကိရိယာများကိုလည်း သီလုံးဝန်ကြီးနှင့် ကျောက်မော်မြို့စား ဝန်ကြီးတို့ လွှတ်တော်က ကြီးကြပ်စောင့်နေသိမ်းယူရ၏။ မကိုင်ရှုံးသုံးဆူပါသက်ချစ်တော်မှစ၍ မင်းမြောက်တန်ဆာငါးပါးကိုလည်း လွှတ်သို့ထုတ်၍ ရတနာသိင်္ဃမြို့နောင်တော်မင်းတရားကြီးထံ တပ်ဝင်းအခင်းအကျင်းများနှင့် ကြီးကြပ်ဆောင်ယူ လျှောက်ထားဆက်သရ၏။

ရတနာသိင်္ဃမြို့ နောင်တော်မင်းတရားကြီးကလည်း နောင်တော် ပုဂံမင်းကို စံကြိုက်တော်မူရာ အလယ်နန်းတော်မိဖုရား အဆောင်တော်တွင် မင်းမိဖုရားဘို့နှင့် စံနေစေရမည်-အမိန့်တော် အမှာတော် ဆက်ရောက်လာ၍ စံနေတော်မူ၏။

သီရိသုဓမ္မတိလောကပဝရ မဟာရာဇာဓိရာဇာ-တံဆိပ်နာမံတော်ရှိသော မင်းတရားကား သက္ကရာဇ်(၁၁၇၃)တပေါင်တရှေ့ခုနစ်ဆဲ့သုံးခု ဝါဆိုလဆန်းနှစ်ရက် သောကြာနေ့ နေနှစ်ချက်တီးကျော်အချိန် ပြိဿတွင် ဗုဒ္ဓဟူး, ကြာသပတေး, သောကြာ၊ မေရုန်တွင် စန်းနှင့်တနင်္ဂနွေ၊

ကန်တွင် လက်နှင့် ရာဟု၊ ပြိဿာတွင်အင်္ဂါ, စနေ၊ နက္ခတ်စဉ် ငါးလုံး၊ နှစ်ပါဒ်တဆဲ့တဗိဇနာတွင် ဖွားမြင်တော်မူသည်။ အိမ်နိမ့် သုံးဆဲ့ငါးနှစ်နှင့် လေးလနှစ်ဆဲ့ခုနစ်ရက်၊ စည်းစိမ် ခြောက်နှစ်နှင့် သုံးလ တဆဲ့တရက်၊ သက်တော် လေးဆဲ့တနှစ်နှင့် ရှစ်လ ရှစ်ရက်၊ သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု တပေါင်းလဆန်း တဆဲ့တရက် ကြာသပတေးနေ့ နံနက်တချက်တီးအချိန်တွင် ရွှေဘုံရွှေနန်းထက်မှ လွှဲပြောင်းတော်မူရ၏။ နံတော် သောကြာသားတည်း။

ရွှေနန်းစည်းစိမ်တော်မှ လွှဲပြောင်းလိုသော်-နေပြည်တော် အမရပူရမြို့ တောင်မျက်နှာ တောင်သမန်အင်းရေ ဆုတ်ယုတ်နည်းပါးသဖြင့် အင်းအတွင်း ရေပိုးရေမွှားတို့ကို ပြည်သူပြည်သား အပေါင်းတို့ အုတ်အော်သောင်းသဲ ဖမ်းယူကြ၏။ တလတည်းတွင်နေလကြတ်၏၊ ရွှေမြို့တော်ပတ်လည် ဘုရားပုထိုးတန်းခိုးပြာဋိဟာပြ၏၊ ရွှေနန်းကြက်သရေ တင်းကုပ်တော်တွင် တောင်ခွင်တောရ ပုပ္ပဒန္တဆင်တော် ချည်ထားသည့်အတွင်း ဆင်ချည်တိုင်ရွှေသို့လည်း၏၊ ကြာသပတေးကြယ် လကိုချင်းနင်းဖော်သွား၏၊ ရွှေနန်းတော်ကြီးပြာသာဒ်ထုပိကာ အောက်ကလပ်အထက် အနော်တောင်ကသည် မြောက်သို့ အရောင်တနာရီခန့်ထွက်၏၊ ရွှေစက်တော်တင် ရွှေလောင်းကြီးလျှော်တော် ညဉ့်ကို တနာရီခန့် ညည်းသောအသံထွက်၏။

သီရိသုဓမ္မ တိလောက ပဝရ မဟာ ရာဇာဓိရာဇာ-တံဆိပ်နာမံတော်ရှိသော ဘဝရှင်မင်းတရားကြီးဘုရားကား ရတနာသုံးပါးတို့၌ ယုံကြည်မြတ်နိုးတော်မူ၏၊ နှလုံးလက်ရုံးလုပ်ရည်ကြံရည်စသည်တို့၌လည်း မဆုတ်မနစ် ရဲရင့်တည်ကြည်တော်မူ၏၊ စိတ်တော်နှလုံးတော် မြဲမြံတည်ကြည်တော်မူ၏၊ မှူးတော်မတ်တော်ဗိုလ်ပါရဲမက်အမှုထမ်းတို့ကိုလည်း အထိုက်အလိုက် သူကောင်း ပြုတော်မူတတ်၏၊ တိုင်းနေ ပြည်သူတို့အားလည်း သနားမစသိမ်းပိုက်တော်မူလေ့ရှိ၏၊ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း စသည်တို့၌လည်း လွှေ့လွှေ့ရမ်းရမ်း ပေးကမ်းစွန့်ကြဲတော်မူလေ့ရှိ၏။

ပြုတော်မူသော ကောင်းမှုကုသိုလ်တော်ကား····အမရပူရရွှေမြို့တော်နောက်မျက်နှာ ဗားကရာတိုက်တွင် ကျောင်းဦးပြာသာဒ်နှင့်တကွ မဟာဝေယန်ဘုံသာစံကျောင်းတော်ကြီး၊ သရက်တောတိုက်,ဧင်းတောင်တိုက်, မန်းကျည်းတောတိုက်, ဂူကြီးတိုက်, ပက်ပါတိုက်များတွင် ဆောက်လုပ်လှူဒါန်းတော်မူသည့် ကျောင်းတော် နှစ်ဆဲ့နှစ်၊ စန္ဒာမုနိဘုရား အရွှေ

မျက်နှာ, မြောက်မျက်နှာ မယ်ဘာယက်ဘုရားကုန်းများတွင် ဆောက်လုပ်လှူဒါန်းတော်မူသည့် ကျောင်းတော်ငါး၊ အသောကာရာမတိုက်အတွင်း ကျောင်းရုံလေးကျောင်း၊ မဟာရံတံတိုင်းမီးတားနှင့်တကွသော ရတနာ ဘုံသာ ကျောင်းတော်၊ မင်္ဂလာအိမ်တော်ရာတွင် ထောင့်လေးထောင့် စေတီနှင့်တကွ တည်လုပ်တော်မူသော မဟာလောကရံသိ စေတီတော်ကြီး၊ ရန်ကုန်မြို့ မင်္ဂလာအိမ်တော်ရာတွင် တည်လုပ်တော်မူသောဓမ္မရံသိ စေတီတော်၊ မဟာသကျသိဟ ကြေးရုပ်တုတော်ကိုပင့်ဆောင်၍ အမရပူရမြို့အနောက် မဟာဝိဇယရံသိစေတီတော်တောင် မြေလပ်တွင် မဟာ ရံတံတိုင်းမီးတားနှင့်တကွ တည်လုပ်ကိုးကွယ်တော်မူသည့် တန်ဆောင်းတော်၊ အဝမြို့လောကသရဘူစေတီ ပျက်စီးသည်ကို ရွှေမျက်နှာဝဲယာ အုတ်စရပ်များနှင့်တကွပြင်ဆင်တည်လုပ်သည့်ကုသိုလ်တော်၊ မဟာသကျ ရံသိကျောက်တော်ကြီးဘုရားကို ပင့်ဆောင်၍ တောင်သမန်အနောက် တောင် ရွာနှစ်ရွာအကြားတွင် တည်လုပ်ကိုးကွယ်သည့် အုတ်ပြာသာဒ် ဘော်၊ ဥမင်သုံးဆယ်တောင်ထိပ်၌ တည်လုပ်တော်မူသည့် စေတီတော်၊ ပုဂံရွှေစည်းခုံဘုရားကို ထီးချရားသီးကသည် ဘိနပ်တော်အထိ ရွှေလုံးတော်ပြည့် ကပ်လှူတော်မူသည့် ကုသိုလ်တော်၊ ရွှေမြင်ထင်ဘုရားကို စေတီရံနှင့်တကွ ရွှေမွမ်းမံကပ်လှူတော်မူသည့် ကုသိုလ်တော်၊ စစ်ကိုင်းမြို့နယ် ဝိတောက်ချောင်အထက် ရှိရင်းစောင်းတန်း ပျက်စီးသည်ကို ဖျက်သိမ်း၍ စောင်းတန်းအသစ် ဆောက်လုပ်တော်မူသည့် ကုသိုလ်တော်၊ ဥမင်သုံးဆယ်တောင်ထိပ်၌ ဥမင်သုံးဆယ် ပျက်စီးသည်ကို ပြင်လုပ်တော်မူသည့်ကုသိုလ်တော်၊ မဟာမုနိရုပ်ပွားတော်မှာ လှူဒါန်းတော် မူသည့် ရွှေသားမကိုင်ရွှေသားဒုရင်တော်၊သည့်မှတပါး မြသလွန်ဘုရား,ရှင်ပင်ဆိပ်ပေါက်ဘုရား,ရွှေဆစ်သွားဘုရားမှစ၍ စေတီပုထိုးဟောင်း,ကျောင်းဟောင်းများနှင့် စကုမြို့စီရင်စု ပမဥ္စယဆည်တော် မြောင်းတော်များကို ကံကျေးလကဗ္ဗ ငွေတော်ပေးအပ်ပြီးလျှင် ပြင်ဆင်ဆည်ဖို့တော်မူသည့် ကုသိုလ်တော်ကားများစွာ၏။

ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရားလည်း ရတနာသိင်္ဃမြို့သို့လာရောက်သည့် ထီးရုံနန်းရုံ စော်ဘွားမြို့စားတို့ကို အသီးအသီး သစ္စာတော်ခံစေ၍ ရွှေဘဝါးတော်အောက်သို့ မလာမရောက်သေးသည့် အသီးအသီး မြို့ရွာစော်ဘွားတို့ကို သင့်ရာ ရေးခြားလိမ္မာသူအရာရှိအကြီးအမှူးစေလွှတ်၍ ထုံးစံနှင့်အညီ သစ္စာတော်တိုက်ရ၏။

မှူးဟောင်းမတ်ဟောင်းတို့ လာရောက်သည်ကိုလည်း သစ္စာတော်ပေးပြီးလျှင် သတိုး မင်းကြီး မဟာမင်းလှကျော်သူကို အဂ္ဂမဟာသေနာပတိ ဝန်ကြီးခန့်တော်မူ၏၊ မင်းကြီးမဟာသီဟသူ, လှေသင်းဝန် မဟာဇေယသင်္ခယာ, မဟာမင်းကလေးတို့ကိုလည်း အတွင်းဝန်ခန့်၏။

ပညာရှိတို့က ထီးဆောင်းမင်္ဂလာမဟာဥကင်တော်ဖွင့်သည်နှင့် တပြိုင်နက် ပဟိုရ်ခေါင်းလောင်းတော်များကို တီးရပါသည်၊ ဥကင်တော်မဖွင့်မီ သက္ကရာဇ် (၁၂၁၄) တထောင့် နှစ်ရာ့ တဆဲ့ လေးခု တပေါင်းလပြည့်ကျော် ငါးရက်နေ့ နံနက်လေးချက်တီးကစ၍ နရည်းဆရာ တီးရပါမည်-လျှောက်ထား၍ နရည်းဆရာကို တီးရ၏။

ယင်းသည့်လပြည့်ကျော် ဆယ်ရက်နေ့ တောင်ဝိုင်စော်ဘွား သီဟပဗ္ဗတရာဇာခံချွန်သာ သားမယားတောင်စားအမတ်တို့နှင့် ရွှေ,ငွေ, မြင်း, မောင်း, လက်ဘက်ချောင်း, အထည်အလိပ် ဆက်သရန် လက်ဆောင်တော်များနှင့် ရွှေစက်တော်ရင်းသို့လာရောက်သည်ကို ညီလာခံတွင် အဆက်အသ အဖူးအမြော်ခံတော်မူ၏၊ ထိုအခါ တောင်ဝိုင် စော်ဘွား သီဟပဗ္ဗတရာဇာကို အမိန့်တော်ရှိသည်ကား-တောင်ဝိုင်မြို့ကို ဘွားစားမြဲဘွားစားရမည်၊ တောင်ဝိုင်မြို့ ထမုံပေါမိုင်းကျေးနေ ရွာသားတို့ကိုလည်း ငြိမ်ဝပ်အောင်အုပ်ထိန်း၍ သရဏဂုံသုံးပါး,ဒါနသီလအစရှိသည်တို့ကို စောင့်ထိန်းစေရမည် အမိန့်တော်ရှိသည်။

သီဟပဗ္ဗတရာဇာကလည်း ရှေးမင်းတို့လက်ထက် ကိုယ်အန္တရာယ်မှစ၍ သားမယားဆွေမျိုး ကျေးကျွန်တို့ကို ဘေးအန္တရာယ်လွတ်ကင်းရာလွတ်ကင်းကြောင်း တောတောင်ပုန်းအောင်းခိုမှီနေရပါသည်၊ ယခုမှာဘုန်းကြီးသည့် အရှင် တိုင်းခရိုင်နိုင်ငံကို အစိုးရတော်မူမှ ဘုန်းတော်တန်းခိုးတော် ထင်ရှားပျံ့နှံ့သည်ဖြစ်၍ သားမယား တောင်စားအမတ်တို့နှင့် အဖူးအမြော်လာရောက်ကြောင်းကို လျှောက်ထားသည်။

တောင်ဝိုင်စော်ဘွား သီဟပဗ္ဗတရာဇာကိုလည်း အဘိုးအသပြာ တသောင်းတန် ဒက်ဘယက် ပတ္တမြား မြစီ တဆဲ့ငါးသွယ်၊ စလွယ်တစ်၊ စိန်တင်လက်စွပ်တစ်၊ မြတင်လက်စွပ်တစ်၊ ပတ္တမြားတင်လက်စွပ် တစ်၊ ပုဆိုး ခေါင်းပေါင်းအထည်အလိပ် ပေးတော်မူသည်၊ မယားသားသမီး တောင်စားအမတ်တို့ကိုလည်း လက်ကောက်, လက်စွပ်, သွယ်ပျောင်း, ပုဆိုး, တဘီ, ပုဝါ, ဝိတ်အုပ်, ခေါင်းပေါင်းအုပ်, သက္ကလတ် အထိုက်အလိုက်ပေးတော်မူ၍ ပြန်သွားရ၏။

သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု နှောင်းတန်းခူးလဆန်းနှစ်ရက်နေ့ မယ်တော်မိဖုရားခေါင်ကြီးဘုရား၊ သမီးတော်သီရိပဝရတိလောကရတနာ မင်္ဂလာဒေဝီ၊ အရီးတော်မြင်ကွန်းမြို့စား၊ ဘကြီးတော် မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးတွင် မြင်သည့် သမီးတော်သီရိတိလောက မဟာရတနာဒေဝီ၊ ခမည်းတော်မင်းတရားကြီး ဘုရားအနောက်နန်းတော်မိဖုရားတွင် မြင်သည့်သမီးတော်လှိုင်မြို့စား မင်းသမီးသီရိသုမြတ်စွာ ရတနာဒေဝီ၊ ခမည်းတော်မင်းတရားကြီးဘုရား မြောက်ဆောင်တော် ကနောင်မြို့စားမိဖုရားတွင်မြင်သည့် သမီးတော် ပင်းတလဲမြို့စား မင်းသမီး သီရိရတနာ သုစန္ဒာဒေဝီ၊ ညီမတော်ယင်းခဲမြို့စား မင်းသမီးတို့ ရတနာသိင်္ဃမြို့တော်သို့ ရောက်သည်ကို နန်းမြို့တော်အတွင်း စံနန်းတော်တောင် တဲတော်များမှာ စံနေကြရ၏။

ဝင်းလပြည့်ကျော်သုံးရက်နေ့ ညဥ့်နှစ်ချက်တီးကျော် လေးနာရီအချိန်အခါတော်အတိုင်း အမရပူရ ဒုတိယမြို့တည်နန်းတည် ခမည်းတော်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးတွင်မြင်တော်မူသည့် သမီးတော် သီရိပဝရ တိလောက ရတနာ မင်္ဂလာဒေဝီကို စံတော်မူသည့် တဲတော်ကတပ်ဝင်းအခင်းအကျင်း အခမ်းအနား ပွဲသဘင်စုံများနှင့် ဆောင်ယူ၍မြေနန်းတော်ဦးသို့ ရောက်လျှင် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကြိုဆိုလက်လှမ်းတော်မူ၍ တောင်နန်းတင်တော်မူ၏။

ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးတွင် မြင်တော်မူသည့် သမီးတော်သီရိတိလောကမဟာရတနာဒေဝီကိုလည်း အလယ်နန်းတင်တော်မူ၏။

မင်္ဂလာအိမ်တော်ပါ မြောက်ဆောင်တော် သီရိမဟာရတနာမင်္ဂလာဒေဝီကို မြောက်နန်း၊ ခမည်းတော်မင်းတရားကြီးဘုရား မြောက်ဆောင်တော် ကနောင်မြို့စားမိဖုရားတွင်မြင်သည့်သမီးတော် ပင်းတလဲမြို့စားသီရိရတနာ သုစန္ဒာဒေဝီကို အနောက်နန်း တင်တော်မူ၏၊ ကျွန်ကိုယ်လုပ်တော်တို့ကိုလည်း တောင်ဆောင်တော်, မြောက်ဆောင်တော်, တောင်ရှေ့ရေးဆောင်, မြောက်ရှေ့ရေးဆောင်မှစ၍ အထိုက်အလျောက်ချီးမြှင့်တော်မူ၏၊

မယ်တော် မိဖုရားခေါင်ကြီးဘုရားနှင့် အရီးတော် မြင်ကွန်းမြို့စားတို့ကိုလည်း ရှေ့နန်းတော်အတွင်း စံနေတော်မူစေ၍ မပြတ်ကိုးကွယ် ပြုစုတော်မူ၏။

ထိုသတ္တုရာဇ် အတွင်း အင်္ဂလိပ် ကုလားဗိုလ်တို့ ရှိရာ ပြည်မြို့သို့ ကုလားဝန် မဟာမင်းခေါင်သီဟသူ၊အမြောက်ဝန် မင်းလှသီရိမင်းထင်တို့ကို စေလွှတ်ပြန်ရောက်ရာ နှစ်တိုင်းနှစ်ပြည် မဟာမိတ်ဖြစ်လိုကြောင်း၊ ဝဲခူးတလိုင်းနိုင်ငံအလုံးကို အင်္ဂလိပ်နိုင်ငံ ဖြစ်လိုကြောင်းနှင့် ကြော်ငြာစာရောက်သည့် အကြောင်းအရာများကို ကြားသိတော်မူ၍ ယင်းသည့်နှောင်းတန်းခူးလပြည့်ကျော် တဆဲ့လေးရက်နေ့ ကျောက်မော် မြို့စားဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှသီဟသူ, ယင်းခဲမြို့စားမင်းသား, ဝန်ထောက် မင်းကြီးမဟာမင်းထင်ကျော်, နှမတော်ဝန် ဒလဝန် မင်းကြီး မဟာမင်းခေါင်ရာဇာ, စာရေးကြီး မင်းကျော်ရာဇာ, မင်းလှသီရိရာဇကျော်, စကားပြန် သင်းဘောသူကြီး သာရကျစ်သား-ဂရိကွတ်မာနွတ်တို့နှင့် မြို့ရွာအစုအမှုထမ်း လက်နက်ကိုင် လူသုံးထောင်ပေးအပ်၍ ပြည်မြို့ရှိ အင်္ဂလိပ်အရေးပိုင် ကုလားဗိုလ်တို့ထံ စကားအပြောအဆို စုန်သွားရ၏။

အင်္ဂလိပ်ဗိုလ်တို့က ပြည်မြို့တွင် ဆောက်ထားရှိသည့် စကားပြောတဲသို့ ရောက်ကာလ ရေကြောင်းတွင်ရှိနေသည့် တိုက်သင်းဘောလက်နက်ကိုင်များကို ချုပ်အုပ်ရသော ဗိုလ် ကာမိုဒေါ်လံပတ်၊ ကုန်းတပ်လက်နက်များကို ချုပ်အုပ်ရသောဗိုလ် ဇနရာလဂေါ်တွင်၊ အရေးပိုင်ဝန်ကြီး ကပ္ပိတံဖွေရာတို့နှင့် အရေးပိုင် ကျောက်မော်မြို့စား ဝန်ကြီး သတိုး မင်းကြီး မဟာမင်းလှသီဟသူတို့ အစုံအညီ စကားပြောဆို ကြသည်ကား- နှစ်တိုင်းနှစ်ပြည် အထက်ကကဲ့သို့ မဟာမိတ်ဖြစ်ရအောင် ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင့်သခင် ဆင်ဖြူများရှင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား, ဘုန်းတော်ကြီးလှသော ညီတော်အိမ်ရှေ့ဘုရား, အသျှင်နှစ်ပါးက ကျွန်ုပ်ကို အရေးပေးအပ်တော်မူသည့်အတိုင်း လာရောက် ရသည်ဖြစ်၍ အထက် ရန္တပိုစာချုပ်တွင် မဟာမိတ်အဖြစ်ဖြင့် နှစ်တိုင်းနှစ်ပြည် ပြေငြိမ်းကြ၍ရှိသည်ကို တိုင်းစွန်ပြည်ဖျားတွင် ရပ်နေသည့် အကြီးအအုပ်ပြုသူတို့နှင့် စာ အပေးအမှာ အပြောအဆို မသင့်မတင့်သည့်အမှုနှင့် နှစ်တိုင်းနှစ်ပြည် စက်မက်ဖြစ်ပွားကြသည်များကို အင်္ဂလိပ်ဗိုလ်ချုပ်မင်း, အရေးပိုင် ဝန်ရှင်တော်မင်းကြီးတို့က ဘယင်္ဂါချင်ကြီး ဒေါင်ဒမိန်ကူး, ဒေါင်ပေါက်လူး, ကုလားဝန် မဟာမင်းခေါင်သီဟသူ, အမြောက်ဝန် မင်းလှသီရိမင်းထင်တို့တွင် ပေးအပ် ပါလာသည့်စာအရကို ကြားသိရလျှင် အလွန် ဝမ်းမြောက်သည်

ဖြစ်၍ အထက် သက္ကရာဇ် (၁၁၀၇) တထောင့်တရာ့ ရှစ်ဆဲ့ ခုနစ်ခုနှစ် စာချုပ်နှင့် ပြေငြိမ်းသည့်အတိုင်း ပြေငြိမ်း၍ တပ်စရိတ်များကိုသာ ပြော ဆိုရန် ရှိကြောင်းများနှင့် အကြိမ်ကြိမ်ပြောဆိုသည်တွင် ကုလားဗိုလ်တို့ က ရခိုင်ဘိုးခေါင် တောင်ဦးတောင်ထိပ်က အရှေ့တည့်တည့် မြေထဲမြို့ တပ်အလံတိုင် မြောက်၊ အင်္ဂလိပ်တိုင် ခြောက်တိုင်ကွာကသည့် အဖြောင့် အတိုင်းစိုက်၍ စစ်တောင်းမြို့နှင့် ကရင်နီနယ်နိမိတ်ထိ အပိုင်းအခြား ပြုရ မည်-အင်္ဂလိပ်မင်း အမိန့်ရောက်သည်ဆို၍ စာချုပ်လက်မှတ် နှစ်ဆဲ့လေး နာရီအတွင်း ထိုးရမည် ပြောဆိုသောကြောင့် မြို့ရွာနယ်ပယ်ပါသည်ဖြစ် ၍ စာချုပ်လက်မှတ်မထိုး၊ ရွှေဘဝါးတော်အောက် အလျှောက်အထား ပြန်လာရ၏။

## သားငါးတိရစ္ဆာန်တို့ကို ဘေးမဲ့ပေးခြင်း၊ ရာထူးခန့်ခြင်း စသည်နှင့် တရုပ်သံရောက်ခြင်း

ထိုသက္ကရာဇ် နှောင်းတန်းခူးလ အမရပူရမြို့ စီရင်စု ပုလိပ်ရွာတောင် ဆည်ရွာ, မြို့ခရ, ချုန်းချုန်းကျ ချောင်းများတွင် သားငါး တိရစ္ဆာန်တို့ ကို ဘေးမဲ့ပေးတော်မူ၏။ ယင်းသည့်လ အရေးတော်အတွင်း ကျောက် မြောင်းဆိပ်က ဆန်များကိုဆက်သ၍ ရှေးဦးရှေးဖျား ထမ်းရွက်သူ မင်း ထင်စည်သူကို ဗန်းမော်မြို့ကို စစ်ကဲခန့်၍ အစီးအနင်း အဆောင်အရွက် ပေးတော်မူ၏။ ၎င်းစစ်ကဲနှင့်ပါသည့် ကုန်သည်လှေသူကြီး လှေနှစ်ဆဲ့ငါး တို့ကို ဘွဲ့အမည်ပေးပြီးလျှင် လှေဦးတွင် မျက်လုံးရွှေချ, ပဲ့ရွှေကြာ ငါး ပွင့်ရိုက်များနှင့် မင်းမှုမင်းခင်း အကောက်အစားမရှိ၊ ဖောက်ကားရောင်း ဝယ်ရ၏။

၎င်းလ မင်းကြီးမဟာမင်းလှမင်းခေါင်ကို မိုးနဲ့တပ်စစ်ကဲ မိုင်းပုမြို့စား မင်းကြီးမဟာမင်းလှမင်းထင်ကျော်နှင့်ဘက်၍ မိုးနဲ့တပ်စစ်ကဲ ခန့်တော်မူ ပြီးလျှင် မိုးနဲ့သို့ တက်သွားရပ်နေရ၏။

ထိုနှစ် တန်းခူးလ အရေးတော်အတွင်း တောင်တပြင်ဗိုလ်ချုပ် တောင် ဗိုလ် မြင်းခေါင်း မင်းကြီး မဟာမင်းခေါင်ကျော်ထင်ကို ရွှေပြည်ရန် အောင်မြင်းဝန် ခန့်တော်မူပြီးလျှင် တောင်တပြင်မြို့ကျေးရွာ အမှုထမ်း လက်နက်ကိုင် လူ ခြောက်ထောင့်လေးရာ့ခုနစ်ဆယ်ကျော် ပေးအပ်၍ တောင်ငူကြောင်း ချုပ်အုပ်ချီတက်ရပ်နေရ၏။

ထိုသက္ကရာဇ်အတွင်း စံကားမြို့စား ကမ္ဗောဇမဟာဇေယဝံသရာဇာက နှမ အသက် တဆဲ့ခုနစ်နှစ်အရွယ် ဆက်သရာ စော်ဘွားမြို့စားတို့ သမီး ကညာကို ဆက်သွင်းသည့်နည်း ကြိုယူဆက်သွင်းရ၏။ ထိုနှစ် ကဆုန်လဆန်းငါးရက် တနင်္လာနေ့ နေသုံးချက်တီးကျော် လေးနာရီအချိန် အခါတော်အတိုင်း အရှင်နှစ်ပါး နန်းမြို့တော်အတွင်း သင်္ကြန်တန်ဆောင်းများတွင် အတာသင်္ကြန်ခေါ်တော်မူ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လုပ်ဆောင်လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု ကဆုန်လဆန်းငါးရက်နေ့ နေသုံးချက်တီးကျော် သုံးနာရီ ပါဒ်ပြည့်အချိန်တွင် သင်္ကြန်ကျသည်၊ ၎င်းလဆန်းခုနစ်ရက် ဗုဒ္ဓဟူးနေ့ ညဉ့်လေးချက်တီးကျော် ငါးနာရီသုံးပါဒ်အချိန်တွင် အတာနှစ်သစ် သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့တဆဲ့ငါးခုသို့ တက်သည်။

## ၁၂၁၅—ခု

ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီး ဘုရား အထက် ရတနာသိင်္ဃမြို့သို့ ထွက်တော်မူသည့်အတွင်း မင်္ဂလာအိမ်တော်တွင် ကျန်ရစ်သည့် ဇာတာတော်ကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့ ညွှန်ပြ၍ ရွှေနန်းတော်ပေါ် နောင်တော်ပုဂံမင်းရှေ့သို့ သက္ကရာဇ် တထောင့်နှစ်ရာ့တဆဲ့ငါးခု ကဆုန်လ ကျိုးချို၍ချရာ ကြည့်တော်မူကာလ ညီတော်မင်းတရား ဇာတာတော်ဖြစ်ကြောင်းကိုသိ၍ ညီတော် အိမ်ရှေ့မင်းကို ညီတော်မင်းတရားထံဆက်သရမည်ပေးအပ်၍ မြေနန်းတော်တွင် တရော်ကင်းပွန်း ပရိတ်ရည်များနှင့် ဆေးကြောသန့်စင် ရှစ်ပါး ပုဏ္ဏားတို့ကို ဘိသိက်ဆက်စေပြီးလျှင် ရွှေသားကွမ်းအုပ်တွင်ထည့်၍ မင်းတုန်းစစ်ကဲ မင်းလှမင်းထင်ရာဇာကို ကြီးကြပ်စေပြီးလျှင် တပ်ဝင်း အခင်းအကျင်းများနှင့် ဆင်ထက်တင်ဆောင် ရွှေထီးအုပ်မိုး၍ ရတနာသိင်္ဃမြို့ ညီတော်မင်းတရားကြီးဘုရားထံ ဆက်သရ၏။

ယင်းသည့်လအတွင်း ခမည်းတော် မင်းတရားကြီးဘုရား လက်ထက် သာသနာပြုအပ်ဘူးသူ ရှင်ဥေယျမဗ္ဗကို "ဥေယျမဗ္ဗာဘိမုနိဝရ ဉာဏ

ကိတ္တိသီရိဓဇဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်တော်ကို ရွေးထုံးစံအတိုင်း လှူဒါန်းရန် အဘွယ်အရာများနှင့် ပွဲသဘင်စုံခင်းကျင်းပြီးလျှင် ရွှေတန်ဆာဘုရားရှေ့ သုဓမ္မာစရပ်တော်တွင် သာသနာပြုအပ်တော်မူ၍ လှူဒါန်းတော်မူ၏။

ထိုသက္ကရာဇ်အတွင်း ယောမြို့ကျေး နှံ့သာတောက ပြည်လေးသင်းအောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အရပ်လေးတောင့်အစွယ်ပြင်ပေါ် နှစ်မိုက် ဆင်တော် အမရပူရမြို့ ဆင်ကျုံးသို့ ရောက်သည်ကိုလည်း ကျော့ဖမ်းမြဲ ကျော့ဖမ်းရ၏။

ယင်းသည့် လပြည့်ကျော် ခြောက်ရက်နေ့ မိုးနဲတပ် စစ်ကဲ မင်းကြီးမဟာမင်းလှမင်းထင်ကျော်က လက်နက်နိုင်ငံတော် ကျိုင်းတုံမြို့ကျေးရွာများကို ယိုးဒယားမြို့, ဇင်းမယ်မြို့, လဟိုင်းမြို့များက လူပေါင်းငါးထောင်ကျော်, ဆင်တထောင်ကျော်များနှင့် ချီတက်တိုက်ခိုက်လာရာ သက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု တန်ခူးလပြည့်ကျော် သုံးရက်နေ့ ကျိုင်းတုံစော်ဘွား, မိုးနဲတပ်စစ်ကဲ, မိုင်းပုမြို့စားတို့ တပ်ဦးတော်က မြန်မာအမှုထမ်း ရှမ်းယွန်းတို့နှင့် ခုခံတိုက်ခိုက်လျှင် သူပုန်တို့တပ် မရပ်မခံနိုင် ပျက်ပြားထွက်ပြေး၍ ဆင်ပေါက်မနှစ်ဆယ်၊ ငွေဇဝါရိုက်ကြေးအမြောက် နှစ်၊ အရှည်နှစ်တောင့်တမိုက်လေးသစ်, လုံးပတ် တတောင့်သုံးသစ်,ကျည်ဝင် တပိဿာ့နှစ်ဆဲ့ငါးကျပ်ရှစ်ဆယ်ဝင်စိန် နှစ်၊ကလောင်သုံ့ရလူအများ ရကြောင်းများနှင့် လျှောက်ထား ဆက်သ ရောက်ရာ အမြောက်ကို သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့တဆဲ့ငါးခု ကဆုန်လပြည့်ကျော် ခြောက်ရက်နေ့ ယိုးဒယား ဇင်းမယ်မြို့များက ယွန်းကလောင် ဆင် လူအများနှင့် လာရောက်တိုက်ခိုက်ရာ မိုင်းပုမြို့စား, မိုးနဲတပ်စစ်ကဲ, ကျိုင်းတုံစော်ဘွား အမတ်တို့ ခုခံတိုက်ခိုက်လျှင် ရွှေဘုန်းတော်ရှိန်ကို မခံဝံ့၍ ဆုတ်ခွာထွက်ပြေး ဖမ်းဆီးရမိသည့် ဆင်ပေါက်မနှစ်ဆယ်၊ ကလောင်သုံ့ရလူတို့နှင့် သိမ်းရအမြောက်-ဟုကမ္ဗည်းထိုးမှတ်ရ၏။

သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့တဆဲ့ငါးခု ကဆုန်လ ရွှေတုံးရွာနေ ပွဲကြိုင်အို့, ငရွှေအုံး, ရှမ်းကုန်သည်အိုးစားကြီး ငရှင်ဆု, ငဇောဟ, ငကာနတို့ကို အရေးတော်အတွင်း သက်စွန့်ကြိုးပမ်း ထမ်းရွက်သူ

ဖြစ်၍ ဝန်တင်နွားခြောက်ရာကို အလံ, ပုံ, မောင်း, ခေါင်းလောင်းရွှေချ များနှင့် အကောက်အစားမရှိ ဖောက်ကားရောင်းဝယ်ရ၏။

ထိုသက္ကရာဇ်အတွင်း အမရပူရရွှေမြို့တော်က နောင်တော် ပုဂံမင်းကို ဥဒေါင်းဖောင်တော်နှင့် တင်ဆောင်ပြီးလျှင် ညီတော် အိမ်ရှေ့မင်းမှာ ကရပိုက်ဖောင်တော်စီး၍ ရတနာသိင်္ဃမြို့သို့ ဆောင်ယူ ရောက်ကာလ နောင်တော်ပုဂံမင်းကိုရတနာသိင်္ဃမြို့တော်အတွင်း အရှေ့တောင်ထောင့် တွင် အိမ်တော်ဆောက်၍ နန်းမတော်, အလယ်နန်း, စမွယ်နဂိုရ်မြို့စား, အင်္ဂပူမြို့စား, မကွေးမြို့စားတို့နှင့် စံနေစေပြီးလျှင် ခမည်းတော်အမှတ် မပြတ်ပြုစု လုပ်ကျွေးတော်မူ၏။ ညီတော် အိမ်ရှေ့မင်းမှာ အိမ်ရှေ့အိမ် တော်ဆောက်လုပ်၍ မပြီးမီ နန်းမြို့တော်အတွင်း အရှေ့မြောက်ထောင့် တွင် အိမ်တော်နှင့်စံနေရ၏။

ယင်းသည့်လပြည့်ကျော် တဆဲ့တရက်နေ့ ခုနစ်ရွာ တိုက်စားတွင် မြင်သည့် သမီးတော် နှစ်နှစ်ရွယ် ကံကုန်သည်ကို မယ်တော်မိဖုရား ဝန် အိမ်ဝင်းအတွင်း သင်္ဂြိုဟ်ရ၏။

ယင်းသည့်သက္ကရာဇ် ကဆုန်လ မင်းကြီးမဟာမင်းလှမင်းထင်ကို မိုးနဲ မိုလ်မှူးခန့်၍ အထက်မိုလ်မှူးတို့နည်း အဆောင်အရွက် ပေးပြီးလျှင် မိုးနဲ မြို့သို့ ချီတက်ရပ်နေရ၏၊မဟာမင်းလှသိခ်သူကိုလည်း မိုးနဲစစ်ကဲခန့်တော် မူ၏။

ထိုနှစ် ယောမြို့ကျေး မင်းကောင်းတောက အရပ်ငါးတောင်, အစွယ် ပြင်ပေါ်တတောင်ခန့် ထူးမြတ်သည့်ဆင်တော် တစ်၊ အရပ်ငါးတောင့် တမိုက်,အစွယ်ပြင်ပေါ်တမိုက်ခန့် ဝင်းရည်ဆင်တော်တစ်များကို စလင်း ခုနစ်သင်း, အဝကိုးသင်းအောက်မားတော်များနှင့် အောက်ငင်ရောက် ကြောင်းကို ဆင်ဝန်, ဆင်ဝန်ထောက်, ဆင်လက္ခဏာဖတ်တို့ကလျှောက် ထားရာ အမရပူရမြို့ ဆင်ကျုံးသို့သွင်း၍ ကျော့ဖမ်းမြဲကျော့ဖမ်းစေ၏။

သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့ထဆဲ့ငါးခု နယုန်လအတွင်း ဂန္ဓာလရာဇ်တိုင်း တရုပ်ပြည် ရှင်ဘုန်းဥဒည်မင်းက သယ်နှစ် တကြိမ် လာရောက်မြဲ ရာဇသံလက်ဆောင်တော်များနှင့် တရုပ်သံအကြီး ချင့်တာ လောရဲ, ဝမ့်ဆင်ရဲ, လျှိဆင်ရဲ၊ သံလတ် ရမ့်လောစုံ, ကြို့လောစုံ, လျှိရှည် ဆင်, လျှိတပိတ်၊ နောက်ပါခေါင်း လူငယ်ငါးဆဲ့ရှစ်တို့နှင့်တကွ လွယ်

လိုင်ကင်းသို့ရောက်သည်ကို ရှေးထုံးစံရှိသည့်အတိုင်း ကြိုယူမြဲ ကြိုယူ၍ ဗန်းမော်မြို့သို့ရောက်ကြောင်းများနှင့် ဗန်းမော်မြို့ဝန် မင်းကြီး မဟာမင်းခေါင်ရာဇာက ရွှေဘဝါးတော်အောက် လူစေလွှတ်အလျှောက်အထားရောက်သည်တွင် အထက်မိုးမျှဉ်းမြို့ဝန်တို့သို့စာပေးမှာသည့်အတိုင်း ရွှေဘဝါးတော်အောက်သို့ ရောက်အောင်လာလိုသည်–ဗန်းမော်မြို့ကပြန်လိုသည်များကို ဝန်ရှင်တော်စစ်သူကြီးမင်းများက ဗန်းမော်မြို့ဝန်ကိုမှာထားဆင့်ဆို၍ ဗန်းမော်မြို့ဝန် မင်းကြီး မဟာ မင်းခေါင် ရာဇာက တရုပ်သံတို့ကို မေးရာ ဆင့်ဆိုရာနာခံပါမည် ထွက်ဆိုသည့်အတိုင်း တရုပ်သံတို့ကို ဗန်းမော်မြို့တွင် တဲနေရန်တိုက်အိမ် အစားအစာ ရိက္ခာအလုံအလောက် ပေးကမ်း ကျွေးမွေး ရပ်ဆိုင်းနေစေပြီးလျှင် ရာဇသံစာနှင့် လက်ဆောင်တော် ထည်မျိုး အုပ်မျိုး သေတ္တာလုံးရေ တဆွဲကိုးများကို ဗန်းမော်မြို့အရာရှိတို့ ကြီးကြပ်၍ ရွှေဘဝါးတော်အောက် ပို့ဆက်လာသည်ကို လွှတ်တော်တွင် ပြန်ဆိုမြဲ ပြန်ဆိုဆက်သွင်းရသည်။

ရာဇသံအဓိပ္ပါယ်မှာ···· ဆယ်နှစ်တကြိမ် ပေးမြဲအတိုင်း ဥဒည်မင်းကိုယ်, မိဖုရား, သားတော်သမီးတော်, ဆွေတော်မျိုးတော်မှစ၍ ကျန်းခံ့သာယာကြောင်းများနှင့် ပါသည်၊ ၎င်းရာဇသံအောက် တစောင်မှာလည်း ရှင်ဘုန်းဥဒည်မင်းနန်းစံ သုံးနှစ်ပါသည်၊ ၎င်းပြင်နန်းစံ နှစ်နှစ်ရှိစဉ်ကာလ ဆွေတော်မျိုးတော် တို့တွင် ရွေးချယ်ရာ ညှိုဟူလုရှည်သည် အဆင်းအင်္ဂါ လက္ခဏာသတင်းသီလနှင့် ပြည့်စုံ၍ မောင်းမမိဿံ တို့ကို မစအုပ်ထိန်းနိုင်မည့်အရည်အချင်း ရှိသောကြောင့် မိဖုရားကြီး မြှောက်သည်တွင် ဆွေတော်မျိုးတော် မှူးတော်မတ်တော် မယားတို့ကို အစီးအနင်းအဆောင်အရွက် ချီးမြှင့်ကြောင်း၊ သက်ကြီးရွယ်ရင့် လက်နက်ကိုင်လူတို့ သားမယားများကို ပေးကမ်းပြုစုကြောင်း၊ မိဘကို သားဂါတော်လှန်သည့်အမှု,သခင်ကိုကျွန်ကတော်လှန်သည့်အမှုများပြင်–ထောင်တန်း အကျဉ်းရှိ မိန်းမတို့ကို ဘေးမဲ့လွှတ်ကြောင်း၊ ၎င်းရာဇသံအောက်တွင် ရှင်ဘုန်းဥဒည်မင်း နန်းစံနှစ်နှစ် နတ်တော်လပြည့်ကျော် သုံးရက်နေ့ ရေးပေးသည့်စာ ထိပ်မှတ်ပါသည်။

တရုပ်ပြည်သို့သံဖက်ခန့်သွားစေရန်ကိုလည်း အဆောင်တော်မြဲမင်းလှသံဘိုင်ကို သံအကြီး၊ နေမျိုးသီဟကျော်စွာ,နေမျိုးသီရိရာဇာ,နေမျိုးသီဟရန်အောင်, နေမျိုးသိခ်ရန်အောင်တို့ကို သံလတ်ခန့်ထားပြီးလျှင် တို့ပေး

မြို့ရွှေပေရာဇသံ လက်ဆောင်တော်များနှင့် ဝန့်ရှင်တော် စစ်သူကြီးမင်းများကဥဒည်မင်းစစ်သူကြီးမိုင်းဆည်စုန်းတူတို့သို့ပေးရန်စာထည့်သေတ္တာများကို လွှတ်တော်က ရွေးအစဉ်ထုံးစံရှိသည့်အတိုင်း အခမ်းအနား ခင်းကျင်း၍ ထုတ်ယူပြီးလျှင် တရုပ်သံတို့ကိုပေးကမ်းသနားတော်မူရန် တရုပ်သံကြီး-ချင့်တာလောရဲကိုသီရိရာဇကျော်၊ ဝမ့်ဆင်ရဲကို သီရိဇေယကျော်၊ လျှိုဆင်ရဲကို သီရိသိခ်ကျော်၊ သံလတ်-ရမ့်လောစုံကို သီရိသူရကျော်၊ ကြို့လောစုံကို သီရိဒေဝကျော်၊ လျှိုရှည်ဆင်ကို ဇာနန္ဒကျော်၊ မိုင်းဆည်စုန်းတူကို မဟာသီရိဇေယသူ၊ မိုးမျဉ်းမိုလ်မှူးကို သီရိရာဇနော်ရထာ၊ မိုးမျဉ်းမြို့ဝန်ကို သီရိဇေယနော်ရထာ ဘွဲ့ပုံများနှင့် ရွှေငွေ အကွင်း အချည်အထည်အလိပ်များကို သံဖက်ခန့်သွားစေသူ မင်းလှသံတိုင်တို့သို့ပေးအပ်၍ သက္ကရာဇ် (၁၂၁၅) တဆောင့်နှစ်ရာ့တဆဲ့ငါးခု ဝါခေါင်လပြည့်ကျော်ကိုးရက်နေ့ ဗန်းမော်ဝန်ထောက် မဟာမင်းလှစည်သူ့တောင်တွင်းကြီးမြို့အုပ်ဘို့နှင့် လွှတ်အရာရှိတို့ကို ကျောက်မြောင်းမြို့ရောက် ကြိုးကြပ်လိုက်ပို့စေရာ ရောက်ကာလ သံကြီး-းသံလတ် တို့လည်း ယင်းသည့်ကျောက်မြောင်းမြို့က ခရီးလမ်းစဉ်မပျက် ထွက်သွားကြ၍ ဗန်းမော်မြို့သို့ရောက်ကာလ အမိန့်တော် အမှာတော်ပါရှိသည့်အတိုင်း တရုပ်သံကြီးသံလတ်တို့ကို ဘွဲ့ပုံများနှင့် ရွှေငွေ အကွင်းအချည် အထည်အလိပ်များကို သနားတော်ခံစေပြီးလျှင် သံကြီး မင်းလှသံတိုင်တို့လည်း တရုပ်သံတို့နှင့်အတူ ဂန္ဓာလရာဇ်တိုင်း တရုပ်ပြည် ဥဒည်မင်းရှိရာ ပွဲကျဉ်မြို့ရောက် ခရီးလမ်းစဉ်အတိုင်း ထွက်သွားကြ၏။

ထိုသက္ကရာဇ်အတွင်း ဘဝရှင်မင်းတရားကြီးဘုရားလည်း အဘယဒါနဇီဝိတဒါနကို ရွယ်ရည်တော်မူ၍ ခမည်းတော်မင်းတရားကြီးဘုရား၊ ဘေးမဲ့ပေးတော်မူရင်း အဝမြို့, မြို့တွင်းကျုံး,မြို့ပြင်ကျုံး, တောင်ပန်းခုံ,မြောက်ပန်းခုံ, ရှစ်ထောင့်ကန်, ဆင်စာရေးကန်, ငွေစင်ချောင်းအတွင်း ရှိနေသည့် ရေပိုးရေမွှား သားငါးတိရစ္ဆာန်တို့ကိုလည်း ဘေးမဲ့ပေးလှူတော်မူ၏။

ယင်းသည့်သက္ကရာဇ် နယုန်လပြည့်ကျော်ငါးရက်နေ့ ညဉ့်လေးချက်တီးကျော် မြောက်နာရီအချိန် အခါတော်အတိုင်း ဆောင်း ထီးဖြူတော်ရှစ်စင်း, ယာဉ်ထီးဖြူတော်ရှစ်စင်းများကို အခမ်းအနားများနှင့် စ၍ချုပ်လုပ်ရ၏။

သောင်သွပ်ခစ်ဘွားက ညှဉ့်နေ့မွေးရောင်တောက် ထူးမြတ်သည့် ဆင်တော်ဆက်သသည်ကို ကြိုယူမြို ကြိုယူဆက်သွင်းစေ၍ ဇာနည်ယာဉ် မျှံ-ဘွဲ့တပ်တော်မူ၏။

ထိုနှစ် ပဌမဝါဆိုလအတွင်း မယ်တော်ဘုရား ရွှေတန်ဆာ ဘုရား၊ အင်ကြင်းတော ဘုရားများသို့ တစ်ဝင်း အခင်းအကျင်းများနှင့် အဖူး အမြော်ထွက်တော်မူ၏။ ရတနာသိင်္ဃမြို့နယ်တွင် မဟာနန္ဒာ ကန်တော် ကိုလည်း အကြည့်အရှုထွက်တော်မူ၏။ သုဓမ္မာစရပ်တော်သို့လည်း စာ နာတော် ထွက်တော်မူ၏။

ထိုသက္ကရာဇ် ဝါမဝင်မီ ရတနာသိင်္ဃမြို့တော် တောင်မျက်နှာ မစိုး ရိမ်ကျောင်းတိုက်အတွင်း သာသနာပြုဆရာတော်ကြီးကိုတင်လှူရန် ဝါဆို ကျောင်း တစ်၊ မြို့ရှေ့မျက်နှာ ဇုန္နာတံခါးပြင် ကျောင်းတိုက်အတွင်း ဗားကရာဆရာတော်ကြီးကို တင်လှူရန် ဝါဆိုကျောင်း တစ်၊ ခင်မကန် ဆရာတော်ကိုတင်လှူရန် ဝါဆိုကျောင်း တစ်များကို ဆောက်လုပ်တော် မူပြီးလျှင် လှူဒါန်းရန် အဘွယ်အရာများနှင့် ပဌမဝါဆိုလ ကျောင်းအပ် တင်လှူတော်မူ၏။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းများသခင်၊ ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်းစသော ရတနာတွင်းအပေါင်းတို့၏အရှင်၊ ရတနာပုံ ရွှေပြည်တော်ကြီးကို ရှေးဦးလက်မွန် တည်ထောင် ဘန်ဆင်းတော်မူ သော ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ ပဥ္စမသင်္ဂါယနာတင် အသျှင် ဘဝ ရှင်မင်းတရားကြီးဘုရားလက်ထက်တော် အမိန့်တော်မြတ်နှင့် သက္ကရာဇ်(၁၂၂၉) တဆောင့်နှစ်ရှာနှစ်ဆဲ့ကိုးခု ထော်သလင်းလဆန်း ငါးရက်နေ့ကစ၍ အထူးထူး သောရတနာတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာသော မှန်နန်းထော်ရွှေ ဇေတဝန် ဆောင်တော်တွင် ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့် နှိုင်းညှိ တိုင်ပင်ပြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ၊ စာထမ်းစာဟောင်း၊ မော်ကွန်း၊ အမိန့်တော်၊ နေ့စဉ်မှတ်များနှင့်အညီ သက်လက်စိကုံး ရေးသားသည့် ဒုတိယ မဟာရာဇဝင်တော်ကြီး နဝမတွဲ ၌တွင်ပြီး၏။

## ရွှေတန်ဆာဘုရားသို့ ထွက်တော်မူခြင်း, လယ်ထွန်မင်္ဂလာထွက်ခြင်း ကနောင်မင်းကို အိမ်ရှေ့နှင်းခြင်း စသည်များ

သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့တဆဲ့ငါးခု ပဌမဝါဆိုလဆန်းကိုးရက်နေ့ ရွှေတန်ဆာဘုရားသို့ဘဝရှင်မင်းတရားကြီးဘုရားနန်းမတော်မိဖုရားခေါင်ကြီးနှင့် ထွက်တော်မူ၍ ဖူးမြော်တော်မူပြီးလျှင် သုဓမ္မာစရပ်အတွင်း တံဆိပ်ရ ဆရာတော်သံဃာတော်တို့ ရွှေ ပဌမပဥ္စင်းလောင်း ရှင်လောင်းတော်တို့ စာပြန်ဆိုမေးမြန်းသည်ကို စာနာတော်မူ၍ သုဓမ္မာစရပ်သို့ကြွရောက်သည့် ဆရာတော်သံဃာတော်တို့ကို သင်္ကန်းထည်ရေ တရာ့တဆယ်ကျော် လှူဒါန်းတော်မူ၏။

သက္ကရာဇ် (၁၂၁၅)တထောင့်နှစ်ရာ့တဆဲ့ငါးခု ပဌမဝါဆိုလဆန်းတဆဲ့တရက်နေ့ ဘဝရှင်မင်းတရားကြီးဘုရား လယ်ထွန်မင်္ဂလာမဟာနန္ဒာကန်အောက် စံနန်းတော်သို့ ရွှေသုံးတပ်,နောက်သုံးတပ်,ထီးဖြူ,ယပ်မား, ဝင်းကိုယ်ရံတော် အခင်းအကျင်းများနှင့် ထွက်တော်မူ၍ ၎င်းနေ့ နံနက်တချက်တီးကျော် သုံးနာရီတပါဒ်အချိန် လယ်ထွန်တော်မူရာ စာရင်းပါသည့်အတိုင်း အိမ်ရှေ့မင်းမှစ၍ မှူးတော်မတ်တော်တို့ မျဉ်းမှောက်တိုဆင်ယင်၍ လယ်ထွန်ကြရ၏၊ လယ်ထွန်မင်္ဂလာပြီးလျှင် နတ်ရှင့်ဩဇာဥယျာဉ်တော်အတွင်း စံနန်းတော်တွင် စံတော်မူ၍ ပွဲသဘင်စုံ ခံတော်မူသည်၊ အဖူးအမြော် လာရောက်သူ သက်ကြီးရွယ်ရင့် မိန်းမတို့နှင့်သူငယ်တို့ကို ငွေထုံးဘူးလုံးရေ သုံးရာ့ငါးဆဲ့နှစ်, ငွေခြေကျင်း ရန်စုံလေးရာ့ရှစ်ဆဲ့ခုနစ်များကို ပေးဝေတော်မူပြီးလျှင် ဝင်တော်မူ၏။

သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့တဆဲ့ငါးခု ပဌမဝါဆိုလပြည့်ကျော်လေးရက်နေ့ ခင်ချိုတွင်မြင်သည့်သမီးတော်ကို အခါတော်အတိုင်းပုခက်တင်၍ ကင်ပွန်းတပ်သည်၊ ယင်းသည့်လ ဘဝရှင်မင်းတရားကြီးဘုရား ဝင်းကိုယ်ရံတော် တပ်နှင့် ထီးဖြူစိုက်ရထားတော်မှာ ရွှေစက်တင်တော်မူပြီးလျှင် နန်းမြို့တော်ကို လှည့်လည်ကြည့်တော်မူသည်၊ ၎င်းလပြည့်ကျော် တဆဲ့တရက်နေ့ ဆင်ဖြူတံခါးက ထွက်တော်မူ၍ ရတနာသိင်္ဂမြို့တော်ကို လှည့်လည်ကြည့်ရှုတော်မူပြီးလျှင် ဆင်ဖြူတံခါးက ဝင်တော်မူ၏။

ယင်းသည့်လပြည့်ကျော်တဆဲ့ငါးရက်နေ့ရတနာသိင်္ဂမြို့တော်အတွင်း ရွှေတန်ဆာဘုရားကို လှူဒါန်းရန် ထီးဖြူ, ထီးနီ,တံခွန်, ကုက္ကား, မုလေး

ပွား, ရေချမ်းအိုး, ရွှေဆိုင်း, သက်တော်စေ့ လေးဆယ်စီ ဆွမ်းစမဲဟင်း လျာစုံများနှင့် ရဟန်းလေးဆယ်, သာမဏေလေးဆယ်များကို ဆွမ်းစမဲ ပရိက္ခရာအစုံ၊ သူတော်လေးဆယ်, သီလသည်လေးဆယ်တို့ကို ပိတ်ကိုယ် ဝတ် ကိုယ်ရုံ တောင်ဓှေး, စိပ်ပုတီး,ဆန်တစိတ်စီ၊ ဥပုသ်စောင့်ယောကျ်ား လေးဆယ်, မိန်းမလေးဆယ်, ပုဏ္ဏားလေးဆယ်,ပုဏ္ဏေးမလေးဆယ်တို့ကို ကိုယ်ဝတ်အင်္ကျီ စမွယ်တင်တစ်စီ၊အသက်ကြီးသူအိုယောကျ်ားလေးဆယ်, အသက်ကြီးသူအိုမိန်းမလေးဆယ်, ကသည်းလူမျိုးလေးဆယ်, ကုလားလူ မျိုးလေးဆယ်, တရုပ်လူမျိုးလေးဆယ်, ရှမ်းလူမျိုးလေးဆယ်, ယိုးဒယား လူမျိုးလေးဆယ်, သူတောင်းစား လေးဆယ်, ကျွန်သီးတော် ရခိုင်လေး ဆယ်တို့ကို ပုဆိုး, ခေါင်းပေါင်း, အင်္ကျီ, ထဘီ, ပဝါ, ဆန်တစိတ်စီ လှူဒါန်းပေးကမ်းရန် အဘွယ်အရာများကို အရှစ်နှစ်ပါး မြေနန်းတော် သို့ထွက်၍ ရေစက်သွန်းတော်မူပြီးလျှင် ရွှေတန်ဆာဘုရားကို လှူဒါန်း ရန် ဆွမ်းစမဲဟင်းလျာစုံများကိုလည်း ရဟန်းသံဃာတော်တို့သို့ အပ်၍ လှူဒါန်းရ၏၊ ကျန်အလှူခံတို့မှာ မြေနန်းတော်တွင် ပေးဝေတော်မူ၏၊ ကျွန်သီးတော်, သူတောင်းစားတို့ကို ရွှေးတော်ယူ တံခါးပြင်တွင် ပေး ကမ်းရ၏။

ထိုသက္ကရာဇ် အတွင်း ရွှေနန်းတော်မြောက် အိမ်ရှေ့မင်း စံနေရန် ဝင်းအိမ် တိုက်တန်းတင်းကုပ် ဆောက်လုပ် ပြီးပြေသည်ကို ယင်းသည့် သက္ကရာဇ် ဒုတိယဝါဆိုလဆန်း ခြောက်ရက်နေ့ အခါတော်နှင့် ရှေး မင်းကေရာဇ်တို့ ညီတော်သားတော်များကို အိမ်ရှေ့နှင်းသည့် စာတမ်း စာရင်းထွက်အတိုင်း သီရိပဝရ မဟာ သုဓမ္မရာဇာ—ဘွဲ့အမည် ဗောင်း, ဝတ်လုံ, စလွယ်, မျဉ်းမှောက်တို့ အဆောင်အရွက်၊ ဆင်, မြင်း, ကျေး ကျွန်၊ အသုံးကံကျေးခံ ဒိပဲယင်းမြို့, တောင်တွင်းကြီးမြို့, ပဥ္စာလငါးမြို့, စလေမြို့ များနှင့် အစုအငန်း လှေ,ဥယျာဉ်, လယ်ယာ, အိမ်ရှေ့ဝန်,အိမ် ရှေ့အတွင်းဝန်, ဝင်းမှူး, အနောက်ဝန်, စာရေးကြီး, နာခံ, သံဆင့်သံခံမှ စ၍ အရာရှိ အစုံများကို ပြန်တမ်းနှင့်တကွ ဖတ်ပြန်မြဲ ဖတ်ပြန်၍ ရွှေ နန်းတော် အတွင်းက အိမ်ရှေ့မင်း အိမ်ရှေ့ မိဖုရားတို့ ထမ်းစင်တော် ဝေါတော်စီး၍ ထွက်တော်မူပြီးလျှင် အိမ်တော်သိမ်းအခါကို ငံ့လင့်၍ အိမ်တော်သိမ်းရသည်၊ အခါတော်အတိုင်းလည်း ခမည်းတော် အမရ ပူရ ဒုတိယ မြို့တည်နန်းတည် မင်းတရားကြီးဘုရား အနောက်နန်းတော် တွင်မြင်သည့် သမီးတော် လှိုင်မြို့စား သီရိသုမြတ်စွာရတနာဒေဝီနှင့် ရေ

သွန်းလက်ထပ် အိမ်ရွှေနှင်းအပ်တော်မူ၏။ ၎င်းအိမ်ရွှေနှင်း, လက်ထပ်, အိမ်ရွှေအိမ်တော်သို့ မယ်တော်ဘုရား အရီးတော်ဘုရားတို့နှင့်မင်းမိဖုရားတို့လည်း ထွက်တော်မူ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း မိဖုရားခေါင်ကြီးနှင့်အတူ ထိုသက္ကရာဇ် ဒုတိယဝါဆိုလ မယ်တော် ခမည်းတော် မင်းရပ်တုတော်များကို ပူဇော်မြဲ၊ ခါသာအုပ်, ငှက်ပျော်ပွဲ, ကွမ်းယဉ်ပွဲများနှင့် နန်းတော် မာရဘင် အတွင်း ပူဇော်တော်မူပြီးလျှင် ပူဇော်ပွဲဆက်ပုဏ္ဏားတို့ ပူဇော်ကြရ၏။

ထိုနှစ် သိန်းနီစော်ဘွားက သံလွင်အရှေ့ဘက် ငှက်မနားတောင်ခြေတွင်ရသည့် လုံ့စကြာနှင့် ထူးမြတ်သည့် မြင်းတော်ကိုဆက်သရာ ကြိုယူမြို့ကြိုယူ ဆက်သွင်းရ၏၊ မြင်းတော်ကိုလည်း မဏိဇောတရသ်-ဘွဲ့အမည်တပ်တော်မူ၏။ မိုးနဲ တပ်ဦးတပ်ဖျား ကြိုးပမ်းထမ်းရွက်သူ သီရိသိုစံဘွားကိုလည်း ထိုနှစ် မိုင်းခုံပါလိုက်မြို့ကို မြို့စားပေးတော်မူ၏။

ယင်းသည့်သက္ကရာဇ် ဒုတိယဝါဆိုလပြည့်ကျော်တဆဲ့တရက်နေ့ ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးဘုရား အရှင်နှစ်ပါး ဥပုသ်ယူတော်မူ၍ ဥပုသ်ဆောက်တည်သူ မင်းမိဖုရား, အပျိုတော်, ဝန်ကြီး, အတွင်းဝန်, မှူးတော်မတ်တော်, စားတော်ကွမ်းရေ, ထီးမားလက်စွဲ, အဆောင်မြို့မှစ၍ အတွင်းကိုယ်ရံတော် အစုအမှုထမ်းပါ ယောကျ်ားမိန်းမ လူပေါင်း တထောင့်နှစ်ရာ့သုံးဆယ်တို့ကို ပိတ်ဖြူစမွယ်ကင် တစ်စီ ပေးဝေတော်မူ၏။ နောင်တော်ပုဂံမင်းကိုလည်း တင်လျှောက်၍ အိမ်တော်တွင် ဥပုသ်ယူတော်မူရ၏။

အလုံမြို့စီရင်စု ညောင်ကန်ရွာ အနောက်မြောက် အထက်ရဟန်းတို့မှိဝဲ သုံးဆောင်အပ်အောင် ပြုဂ်ဆင် လုပ်ဆောင်သည့် သီရိနန္ဒာကန်, ဇေယနန္ဒာကန် မော်ကွန်းတိုင် ပျက်စီးသည်ကို ကန်ရိုး ကန်ပေါင်နှင့်တကွ ပြင်ဆင် လုပ်ဆောင်စေပြီးလျှင် မော်ကွန်းတိုင်စိုက်ထူမြဲ စိုက်ထူရ၏။

ယင်းသည့်သက္ကရာဇ် ဝါခေါင်လဆန်းသုံးရက်နေ့ ပြင်သစ်အမျိုးသား ပြင်သစ်မြို့နေ ဒေါ်ဂေါ်ရနီ ရွှေစက်တော်အောက် လက်ဆောင်တော်အဆက်အသ အဖူးအမြော် လာရောက်သည်ကို ရွှေခြေသော် ဘုရားအနီးအိမ်ရာဆောက်လုပ် ပေးအပ်နေထိုင်စေသည်။

ယင်းသည့် ဝါခေါင်လပြည့်ကျော် လေးရက် အင်္ဂါနေ့ နံနက်တချက် တီးကျော် လေးမောင်းတပါဒ်အချိန် ရတနာသိင်္ဃမြို့တော် မြောက်မျက် နှာ မဟာနန္ဒာကန်တော်အတွင်း စိုက်ပျိုးပြုစုတော်မူသည့် ဥယျာဉ်တော် သို့ ယင်းသည့်နေ့ ထွက်တော်မူ၍ ကြည့်ရှုစံနေတော်မူပြီးလျှင် ဥယျာဉ် တော်ကို မဟာမေဃဝန် ဥယျာဉ်-ကမ္ပည်း တပ်တော်မူ၏။ ယင်းသည့် စံနန်းတော်တွင် စံနေတော်မူကြိုက် ပြင်သစ်ကုလားမိုယ် ဒေါ်ဂေါ်ရနီ လက်ဆောင်တော် အဆက်အသ, ရွှေမျက်နှာတော်ကို အဖူးအမြော်ဝင် ရာ အဆက်အသ အဖူးအမြော်ခံတော်မူ၍ ဒေါ်ဂေါ်ရနီကို လွန်းများ ပုဆိုးသုံး, ငွေသပြာတရာ့ငါးဆယ်, ကျောက်နီတင်လက်စွပ် တစ်,နီလာ တင်လက်စွပ်တစ် သနားတော်မူ၏။ နောက်ပါ လူငယ်လေးတို့ကိုလည်း ပိုးပုဆိုးလေး, ငွေသပြာတရာစီသနားတော်မူ၍ ဝင်တော်မူ၏။

သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့တဆဲ့ငါးခု ဝါခေါင်လပြည့် ကျော် ခုနစ်ရက်နေ့ မြောက်ဆောင်တော်မိဖုရားတွင် မြင်သည့် သား တော် မောင်မျိုးရင်းကို သတိုးမင်းလှဇေယသူ-ဘွဲ့နှင့် မလွန်မြို့၊ ညီတော် အိမ်ရှေ့မင်းသား-မောင်ရွှေဆက်ကို သတိုးမင်းလှသီဟသူ-ဘွဲ့နှင့် ပန်း ထိမ်းမြို့၊ ခုနစ်ရွာတိုက်စားတွင်မြင်သည့် သားတော် မောင်မျိုးထွေးကို သတိုးမင်းစောဘွဲ့နှင့် ယောင်းရှည်မြို့၊ တောင်ရွှေရေးဆောင် မိဖုရား တွင်မြင်သည့် သားတော်မောင်မျိုးအေးကို သတိုးမင်းလှကျော်စွာ ဘွဲ့နှင့် မဖဲမြို့၊ ဘောင်ဆောင်တော်မိဖုရားတွင်မြင်သည့် သားတော် မောင်မျိုး ညွန့်ကို သတိုးမင်းရဲညွန့်ဘွဲ့နှင့် တောင်တွင်းချောင်မြို့၊ မြောက်ရွှေရေး ဆောင်မိဖုရားတွင်မြင်သည့် သားတော် မောင်မျိုးတူကို သတိုးမင်းထင် ဘွဲ့နှင့် မက္ကရာမြို့၊ တံတိုင်းရှည်ရွာစားတွင် မြင်သည့် သားတော် မောင် မျိုးပုံကို သတိုးမင်းခေါင်ဘွဲ့နှင့် ညောင်ရမ်းမြို့၊ သတိုး မင်းလှသိခ်သူကို ခေါ်သန္တီမြို့ ဘွဲ့အမည် စားကျေးမြို့ရွာ ပေးတော်မူ၏။

ထိုသက္ကရာဇ် ဝါခေါင်လပြည့်ကျော် ရှစ်ရက်နေ့ ဘိုးတော် အိမ်ရှေ့ မင်းသား မင်းတုန်းမင်းသားကို မင်းတုန်းမြို့၊ သီပေါမင်းသားကို ချွန်း တောင်မြို့၊ ဘေးတော်မင်းတရားကြီးသား နတ်မောက်မင်းသားကို ဆော မြို့၊ သံတွဲမင်းသားကို ညောင်အုပ်မြို့၊ မြင်ကွန်းမင်းသားကို လှိုင်းတက်မြို့၊ ပုခန်းမင်းသာ့းသား သုံးဆယ်မင်းသားကိုစမ္ပယ်နဂိုရ်မြို့၊ မက္ကရာမင်းသာ့း သား ထီးလင်းမင်းသားကို ထီးလင်းမြို့၊ တောင်ငူမင်းသား စလေ မင်း

သားကို ပြင်စည်မြို့၊ ကျောက်တလုံးမင်းသားကို မင်းတပ်မြို့၊ မောင်ဘိုး မင်းကို ပေါက်မြိုင်မြို့၊ ယင်းခဲမင်းသားကို ယင်းခဲမြို့များကို မြို့စား ပေးတော်မူ၏။

သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့တဆဲ့ငါးခု ဝါခေါင်လပြည့်ကျော် ကိုးရက် တနင်္ဂနွေနေ့ နံနက်တချက်တီးကျော် လေးမောင်း နှစ်ပါဒ်အချိန်တွင် လင်တန်းတိုက်စားတွင် သားတော်ဖွားမြင်သည်။

## ရွှေတန်ဆာဘုရား, အင်ကြင်းတောဘုရားများကို ရွှေမွှမ်းမံခြင်းနှင့် ကန်တော်များ ပြုပြင်ခြင်း စသည်များ

ထိုသက္ကရာဇ်အတွင်း ရွှေတန်ဆာဘုရား, အင်ကြင်းတောဘုရားနှစ်ဆူကို ထီးချရားသီးကသည် ဘိနပ်တော်ထိ လုံးတော်ပြည့် ရွှေမွှမ်းမံကပ်လှူတော်မူပြီးလျှင် ရတနာသိင်္ဃမြို့တော် အတွင်းရှိ ပျက်စီး ယိုယွင်းသည့် စေတီဆူရေ ခုနစ်ဆဲ့နှစ်, ဂူငါး, ပြာသာဒ်လေး, အုတ်စရပ်တစ်-များကိုလည်း သစ်ဖျဉ်, သံ, အုတ်, အင်္ဂတေ, အဘိုးလက္ခငွေတော်သပြာ ရှစ်ထောင့်ကိုးရာ့ခြောက်ဆဲ့ရှစ်သပြာကိုးမူး ထုတ်ပေးပြင်ဆင်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော်မူ၏၊ စစ်ကိုင်းမြို့ စီရင်စု ကြက်ထောင့်မြစ်စွတ် အင်းကိုလည်း အရည္ဝါသီ ပုဂ္ဂိုလ်ထွတ်ခေါင်ဆရာတော် မေဓာ္တာရပ်ခံ၍ ဘေးမဲ့ပေးတော်မူ၏။

ထိုနှစ် နတ်တော်လ မြောက်နန်းတော်မိဖုရားသမီးတော်ကို ရွှေဂူမြို့ကို ပေးတော်မူ၏၊ အရီးတော်မြင်ကွန်းမြို့စားမင်းသမီးကိုလည်း ရမည်းသင်းမြို့, မြင်စိုင်းမြို့များကို အသုံးကံကျေးခံပေးတော်မူ၏။

ထိုနှစ် ဆောမြို့စား မင်းသားက အချိန်ခုနစ်မူးလေးရွေးရှိ ထူးမြတ်သည့် ပုလဲကြီး တစ်ကိုဆက်သရာ ကျောက်စုံခြယ် တဆဲ့ရှစ်သွယ် စလွယ်တစ် ပေးတော်မူ၏၊ ကသာမင်းသမီး ကလည်း အချိန်သုံးမူးတပဲရှိသည့် ပုလဲ၊ ရွှေကျင်ဝန်ကြီးသား ငလတ်၊ ညီဘိုးမင်းတို့ကလည်း အချိန်ငါးမူး လေးရွေးရှိသည့် ပုလဲများကို ဆက်သ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ရွှေထီး ရွှေနန်းစည်းစိမ်ကို ရတော်မူ၍ ရတနာသိင်္ဃမြို့တွင်စံနေတော်မူသည့်အတွင်း သတ္တဝါအပေါင်းတို့ အကျိုးစီးပွား များစေခြင်းငှာ သာသနာတော်၏

အခြေအမြစ်ဖြစ်သော ရတနာသိင်္ဃမြို့နယ်တွင် မဟာနန္ဒာ ကန်တော်, ယင်းမာကန်တော်, ကြိုးကြာကန်တော်, ဆင်းကွပ်ကန်တော်, ကတူးကန်တော်, ပလိုင်းကန်တော် ပျက်စီးယိုယွင်းသည်များကို ငွေတော်ထုတ်ပေး၍ ဝန်ကြီး သတိုး မင်းကြီး မဟာ မင်းလှကျော်သူကို ထိုသက္ကရာဇ် တော်သလင်းလပြည့်ကျော်ကိုးရက်နေ့ကစ၍ အစုအမှုထမ်းလူ ကန်ရေသောက်ကျေးရွာနေလူတို့နှင့် ဆည်ဖို့စေပြီးလျှင် ရေပိုးရေမွှားသားငါးတိရစ္ဆာန်တို့ကို အဖမ်းအဆီးအသတ်အညှစ်အပစ်အခတ်မရှိစေရ ဘေးမဲ့ပေးတော်မူ၍ ကျောက်စာကမ္ပည်းထိုးမှတ်ရ၏။

မဟာနန္ဒာကန်တော် ကျောက်ဆည်လွှဲပေါက် မြောက်ဖက်တာတွင် တူးလုပ်သည့် တောင်တရာ့ငါးဆယ် သေနတ်အမှုထမ်း ငထွန်း,ငကြင်အုတို့နှင့် လူပေါင်းခြောက်ဦးသားတို့ တူးကျင်းကရသည့် ငွေဖလားအချိန် တဆွဲနှစ်ကျပ်၊ ၎င်းဖလားအတွင်း ကျောက်စိမ်းတင်လက်စွပ်တစ်-အချိန်တကျပ်လေးမူး၊ ရွှေလက်ကောက်ခဲတစ်-အချိန်တကျပ်၊ ရွှေပန်းတိုင်းသီးလုံးရေခြောက်-အချိန်လေးကျပ်နှစ်မူးတပဲ၊ ရွှေကွင်းငယ်ရေ နှစ်ရာ့နှစ်ဆဲ့ရှစ်-အချိန်သုံးကျပ်များကိုရ၍ လျှောက်ထားဆက်သရာ အမှုထမ်းတို့ ကုသိုလ်ကံအကျိုးပေးညီညွတ်၍ရသည်၊ အသာမိကပစ္စည်းဖြစ်သည်—အမိန့်တော်ရှိပြီးလျှင် တူးဖော်ရရင်းသူတို့ကို ပေးတော်မူ၏။

ထိုနှစ်ညောင်ရွှေစော်ဘွား ကမ္ဘောဇမဟာဝံသရာဇာကအပြင်အလျှာနှင့် ပြည့်စုံသောနှမကို ဆက်သရာ စော်ဘွားကြီးတို့သမီးကညာကို ဆက်သွင်းသည့်နည်း ကြိုယူဆက်သွင်းရ၏၊ ဘဝရှင်မင်းတရားကြီးဘုရားလည်း သာသနာတော် အမွန်ရှည်စွာ တည်ထွန်းစေခြင်းအကျိုးကို ရည်တော်မူ၍ ရတနာသိင်္ဃမြို့တော်မှာထားရန် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ္တန်,ဝိနည်း,အဘိဓမ္မာ-ဟူသော အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံတို့ကို ယင်းသည့်သက္ကရာဇ် သီတင်းကျွတ်လဆန်း ခုနစ်ရက်နေ့က စ၍ရေးသားရ၏။

ထိုသက္ကရာဇ် သီတင်းကျွတ်လ အတွင်း ကန်ပြင်ရွာနေ ဗိုလ်ခေါ်ခံ ငလန်း, ငမြတ်ထွား၊ ဂန္ဓမာရွာနေ ဗိုလ်ခေါ်ခံ ငပိုင်း,ငထိုက်၊ ဆင်ရွာကြီးရွာနေ ဗိုလ်ခေါ်ခံ ငမှုံတို့နှင့် လူတထောင့်ခြောက်ရာကျော် ဆင်ငါးစီး၊ အကြီး ပြုလုပ်သူ နဘ်စုလက်ယာ သေနတ် စာရေး ပေါင်းငလှောက်တို့ မငြိမ်မသက် လူသူစုရုံးပြီးလျှင် တောင်ပြိုးကြီးမြို့ကို တိုက်

နိုက်ကြောင်းကို အိမ်ရှေ့တော်ထမ်း ငအိ၊ အမရပူမြို့စောင့် မိုးညှင်း မြို့စားဝန်ကြီးတို့က လျှောက်ထားကြားသိတော်မူလျှင် အိမ်ရှေ့ဝန် နတ်မောက်မြို့စား မင်းကြီးမဟာကျော်ထင်၊ လက်ယာကြောင်းမိုလ် မဟာမင်းခေါင်ကျော်ထင်၊ မတ္တရာ ကျော်စဉ်တိုက်ဝန်တို့ကို အစုအမှုထမ်း ခြောက်ရာကျော်ပေးအပ်၍ အမရပူရမြို့က လက်နက်ကိုင်လူတို့ကို ချုပ်အုပ်တိုက်ခိုက် ဖမ်းဆီးရမည် အမိန့်တော်နှင့် ချီတက်စေရာ မိုးညှင်းမြို့စားဝန်ကြီးနှင့် အိမ်ရှေ့ဝန်တို့က အကြီးပြုသူ ငဝိုင်း၊ ငလျောက်တို့နှင့် သားမယားတို့ကို မိကြောင်း၊ အစုအရုံးမရှိကြောင်းကို လျှောက်ထား ပြန်လာရ၏။

ထိုနှစ်အတွင်း တထောင့်တရာ့နှစ်ဆဲ့ရှစ်ခုဖွား မြဝတီမြို့စား ဝန်ကြီးဟောင်း မင်းကြီး သီရိမဟာသီဟသူရ၊ ဝတ်မြေဝန် ပိဋကတ်တိုက်စိုး မဟာဓမ္မသင်္ကြီတို့ သေလွန်သည်ကို ကောင်းမွန်အောင် သဂြိုဟ်ရ၏။

ယင်းသည့်လ သီဝိရဋ္ဌမဟာဝံသရာဇာကို သိန်းနီမြို့ကို ဘွားစားစေ၍ စော်ဘွားကြီးတို့နည်း အဆောင်အရွက် ပေးတော်မူ၏၊ ကျိုင်းတုံစော်ဘွား ဂန္ဓာလရဋ္ဌမဟာဇေယရာဇာကိုလည်း မိုးမြိတ်မြို့ကို ဘွားစားစေ၍ နှမကို မိုးမြိတ်မြို့ကို မြို့စားပေးတော်မူ၏။

ယင်းသည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ရှစ်ရက်နေ့ညဉ့် ရွှေနန်းတော်ကစ၍ ရတနာသိင်္ဃမြို့တွင်းရှိ ဘုရားများရောက် ဆီချိန် လေးရာကျော်ကို မီးတိုင်ပေါင်းရှစ်ရာ မီးစောင်းတန်းထွန်းညှိပူဇော်တော်မူ၏။

ယင်းသည့်လ စစ်ကိုင်းမြို့ ရာဇမဏိစူဠာဘုရား အရှေ့တောင်၊ ပြုကန်အင်း၊ တန့်တီးအင်း၊ ထူးမြောင်းအင်း၊ ခေးမကျအင်း၊ ညောင်ပင်သာအင်း၊ မြစ်စွတ်အင်း၊ တောင်ရင်းအင်း၊ ထုံးအင်းများမှာရှိနေသည့် ရေပိုးရေမွှား သားငါးတိရစ္ဆာန်တို့ကို ဘေးမဲ့ပေးတော်မူ၏။ ငစဥ့်ကူးမြို့နယ်တွင် တောင်အင်းကိုလည်း ဘေးမဲ့ပေးတော်မူ၏။

ထိုသက္ကရာဇ်အတွင်း ရတနာသိင်္ဃ မြို့တည်နန်းတည် ဘေးတော်အလောင်းမင်းတရားကြီးဘုရား မြေနန်းပြာသာဒ်တော် တိုင်သစ်များကို ထုလုပ်တော်မူသည့် ဘုရားရုပ်တုဆူရေ တရာ့ငါး၊ ရဟန္တာရုပ်တု ဆူရေ ကိုးဆဲ့ရှစ်၊ နှစ်စုဆူရေ နှစ်ရာ့သုံး ထုလုပ် သစ္စေး သားရိုး ရွှေမွမ်းမံ ပြီးပြေသည်ကို စံနန်းတော်ရှေ့တန်ဆောင်းတွင် အနေကဇာတင်၍ ကိန်းဝပ်

စေပြီးလျှင် ရတနာသိင်္ဃမြို့တော်အတွင်း စွယ်တော်စင်အနီးတွင် တဆူ၊ မင်းကျောင်းရွာတွင် တဆူ၊ ဆီးတောရွာတွင် တဆူ၊ ချည်ပါရွာတွင် တဆူ၊ ထနောင်းဝန်းရွာတွင်တဆူ၊ ဆိတ်ခွန်ရွာတွင်တဆူ၊ သီလုံးရွာတွင် တဆူ၊ ကြိုးကြာရွာတွင် တဆူ၊ အုံးပေါက်ရွာတွင်တဆူ၊ ပလိုင်းရွာတွင် တဆူ၊ သင်ပန်းချောင်းရွာတွင် တဆူ၊ ယင်းတောရွာတွင် တဆူ၊ စိုင်နံ တောင်ရွာတွင် တဆူ၊ မြောက်ရွာတွင်တဆူ၊ ဟန်လင်းမြို့တွင် တဆူ၊ ကျားရွာတွင်တဆူ၊ မောက်ကျီးရွာတွင်တဆူ၊ ကော့ရွာတွင်တဆူ၊ မှတ် ထိရွာတွင် တဆူ၊ လှတောကြီးငါးရွာတွင် တဆူ၊ မူးသာရွာတွင် တဆူ၊ ကန်သာရွာတွင် တဆူ၊ လက်ပံလှရွာတွင်တဆူ၊ သရိုင်ရွာတွင် တဆူ၊ မန်းကျည်းတုံရွာတွင် တဆူ၊ ဆင်အင်းရွာတွင် တဆူ၊ ယင်းပါရွာတွင် တဆူ၊ အင်းဘဲရွာတွင်တဆူ၊ ကြေးကတူးရွာတွင် တဆူ၊ သရစိမ်းရွာ တွင် တဆူ၊ သမန်သာရွာတွင် တဆူ၊ ဆားထောင် မူးသာရွာတွင် တဆူ၊ ညောင်ပင်သာ ရွာတွင် တဆူ၊ စည်ပုတ္တရာ ရွာတွင် တဆူ၊ ပေကုန်းရွာတွင် တဆူ၊ ညောင်စဉ်သင်ပေါင်းကျဉ်းရွာတွင် တဆူ၊ သာ ဝတ္တိရွာတွင် တဆူ၊ ယင်းတိုက်ရွာတွင် တဆူ၊ ခေါ်တောရွာတွင် တဆူ၊ မြင်းသည်ရွာတွင်တဆူ၊ ရုံးသာရွာတွင် တဆူ၊ ခင်ဦးရွာတွင်တဆူ၊ ပြွန်ဦး ရွာတွင် တဆူ၊ ရွာသာရွာတွင် တဆူ၊ လှထွေရွာတွင် တဆူ၊ ရွာဝေးရွာ တွင် တဆူ၊ စည်သာမြို့တွင် တဆူ၊ ကူခေါင်းတောင် ရွာတွင် တဆူ၊ တောင်ကြားရွာတွင် တဆူ၊ စစ်ခွဲကိုင်ရွာတွင်တဆူ၊ မြကန်ရွာတွင်တဆူ၊ ဆင်းကွပ်ရွာတွင်တဆူ၊ တလိုင်းရွာတွင်တဆူ၊ ဝက်လည်ရွဲရွာတွင် တဆူ၊ ပန်းတံဆိပ်ရွာတွင် တဆူ၊ ဥနဲ့ဘုတ်ရွာတွင်တဆူ၊ သရက်ကန် ရွာတွင် တဆူ၊ မန်သာရွာတွင်တဆူ၊ စောကြီးရွာတွင်တဆူ ရွာနန်းရွာတွင်တဆူ၊ ဒန့်ကျည်းရွာတွင်တဆူ၊ ဝဲကူးတောင်ရွာတွင်တဆူ၊ ဝဲကူးမြောက်ရွာတွင် တဆူ၊ ဆင်ပြာကုန်းရွာတွင်တဆူ၊ မြောင်တောင်ရွာတွင်တဆူ၊ မြောင် မြောက်ရွာတွင်တဆူ၊ စုစုဆူရေခြောက်ဆဲ့ငါးများကို လောကမာရဇိန် နှင့်နှင့် ကမ္ပည်းတပ်ပြီးလျှင် သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့တဆဲ့ ငါးခု တန်ဆောင်မုန်းလဆန်းတရက်နေ့ကစ၍ အသီးအသီး ယောကျ်ား မိန်းမ အကပွဲသဘင်များနှင့် ထီးဖြူစိုက်ဆောက်သော ဆင်ကထက် တင် ဆောင်ကြိုယူကိုးကွယ်စေ၏။ ကျန်ဘုရားရုပ်တုဆူရေ လေးဆယ့်ရဟန္တာ ရုပ်တုဆူရေကိုးဆဲ့ရှစ်များကိုလည်း ရတနာသိင်္ဃမြို့နှင့်နီးစပ်သည့်မြို့ကျေး ရွာ၊ ကျောက်မြောင်းမြို့ကျေးရွာများက ထိုက်ရဲ့သို့ အသီးအသီး ပင့်ဆောင်

ကိုးကွယ်စေ၏၊ အကဝွဲသဘင်များကိုသွင်းပြရာ မြေနန်းတော်ဦးသို့ အရှင်နှစ်ပါးထွက်တော်မူ၍ ပုဆိုး, ခေါင်းပေါင်းအုပ်, ပိတ်အုပ်, ငါးမျိုးပုဝါ အုပ်ဆု ပေးဝေတော်မူ၏။

ရဲဘက်မြင်းခေါင်း တဆွဲနှစ်တို့မှာ မင်းတပ်ဘွဲ့၊ မြင်းစီးတဆွဲတစ်တို့မှာ နေမျိုးရဲတပ်ဘွဲ့၊ သူကြီးကိုးဆွဲရှစ်တို့မှာ နေမျိုးသမန္တတပ်ဘွဲ့၊ မြင်းအမှုထမ်း ရှစ်ရာ့ကိုးဆယ်တို့မှာ နော်ရထာတပ်ဘွဲ့၊ စုစုလူပေါင်း တထောင့်တဆွဲတစ်တို့ကို ဘွဲ့အမည်, ပုဆိုး, ခေါင်းပေါင်းအုပ်, ပိတ်အုပ် ဆုပေးတော်မူ၏။

**သိမ်တော်အများသမုတ်ခြင်းစသည်နှင့် ဇလားတောင်းတင်းများ တညီတညွတ်တည်းဖြစ်ရန် အပ်နှံရခြင်း**

သက္ကရာဇ် (၁၂၁၅) တထောင့် နှစ်ရာ့ တဆဲ့ငါးခု တန်ဆောင်မုန်းလဆန်း ခုနစ်ရက်နေ့ ရဟန်းသံဃာတော်တို့ ဥပုသ်ပဝါရဏာ ကံကြီးကံငယ်ဆောင်ရွက်ရန် ရတနာသိင်္ဃမြို့တော် ရှေ့မျက်နှာ သူဇာ တံခါးပြင် ရွှေဘုံသာဘုရားမြောက်တွင် သိမ်တော်တစ်၊ တောင်မျက်နှာ မစိုးရိမ်ကျောင်းတိုက်အတွင်းသိမ်ဟောင်းရာတွင် သိမ်တော်တစ်၊ အနောက်မျက်နှာ မင်းကုန်းရွာမြောက်ဘုရားနှစ်ဆူအရှေ့တွင်သိမ်တော်တစ်၊ မြောက်မျက်နှာ မုံအာတံခါးပြင် သခင်မယ်ရွှေ ကျောင်းတိုက် မြောက်တွင် သိမ်တော်တစ်၊စုစုမြို့တော်လေးမျက်နှာ သိမ်တော်လေး, စတုရန်းဆယ်တာစီမြေကို အရှေ့မျက်နှာမှာ မကွေးမြို့စားဝန်ကြီးသတိုးမင်းကြီးမဟာမင်းလှသီဟသူ၊ တောင်မျက်နှာမှာ မြတောင်မြို့စားဝန်ကြီးသတိုးမင်းကြီးမဟာမင်းလှကျော်သူ၊ အနောက်မျက်နှာမှာ ဝက်မစွတ်မြို့စားအတွင်းဝန်မင်းကြီး မဟာအဘယ၊ မြောက်မျက်နှာမှာ ပုခန်းကြီးမြို့စား အတွင်းဝန်မင်းကြီးမဟာစည်သူတို့ကို ဝိသုံဂါမမြေစားပေး၍ ယင်းသည့်နေ့ ဆရာတော် သံဃာတော် အကြီးအကြပ် မှူးတော်မတ်တော်တို့ အသီးအသီးမြေနုတ်ပြီးလျှင် ယင်းသည့်လဆန်းရှစ်ရက် ကြာသပတေးနေ့ နေတချက်တီးကျော် တနာရီပါဒ်ပြည့် အချိန် အခါတော်နှင့် အမြောက်သံပေး၍ တပြိုင်နက် သမုတ်တော်မူသည်၊ ရှေ့မျက်နှာသိမ်တော်ကို သာသနဓဇ၊ တောင်မျက်နှာသိမ်တော်ကို သာသနမဥ္ဇူ၊ အနောက်မျက်နှာသိမ်တော်ကို မဟာပုညဇ၊ မြောက်မျက်နှာသိမ်တော်ကို လောကတောဇာ-ကမ္ပည်း တပ်၍ ကျောက်တိုင်စိုက်မှတ်တော်မူ၏။

ထိုနှစ် ရတနာသိင်္ခမြို့မ ရှိ သံဃာတော်သုံးရာကျော်ကိုသင်္ကန်းသပိတ်နှင့် တကွ ဆွမ်း စမဲ များကို ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့် မြေနန်းတော်ဦးသို့ ထွက်တော်မူ၍ လှူဒါန်းတော်မူ၏၊ ရတနာသိင်္ခမြို့ ဂိုဏ်းအုပ် တိုက်အုပ် ဆရာတော်တဆွဲလေးပါး ကိုလည်း ကပ္ပိပါ သင်္ကန်း, ပိုးသင်္ကန်း, သက္ကလတ်သင်္ကန်း, ပိတ်သင်္ကန်း, ရေစစ်, သန့်သက်လှူတော်မူ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ထိုသက္ကရာဇ်အတွင်း ရတနာသိင်္ခ ကုန်းဘောင်ရွှေပြည်တော်ကြီးသည် ဘေးတော်အလောင်းမင်းတရားကြီး,ခမည်းတော်မင်းတရားကြီးတို့ ရန်အောင်မြင်ရာအရပ်ဌာနဖြစ်၍ ရတနာသိင်္ခ ကုန်းဘောင်ရွှေပြည်တော်ကြီးတွင် ထီးနန်းကနက် စိုက်ဆောက်စိုးစံတော်မူမည် ရွယ်ရည်တော်မူသည်ကို သာသနာပြု ဆရာတော်နှင့် တံဆိပ်တော်ရ ဆရာတော်သံဃာတော် မင်းညီမင်းသား ဝန်ကြီး အတွင်းဝန် မှူးတော် မတ်တော် လှူညာရှိ ပုဏ္ဏားပညာရှိတို့က ဆဒ္ဒန်ပေါက်မ အစုံရသော အမရပူရ မြို့တည်နန်းတည် ဘေးတော်မင်းတရား,ဘကြီးတော်မင်းတရား,အမရပူရဒုတိယမြို့တည်နန်းတည် ခမည်းတော်မင်းတရား,နောင်တော်မင်းတရားတို့စံနေရာ အမရပူရမြို့တော်ကြီးသည် ဧရာဝတီမြစ်၊ ဒုဋ္ဌာဝတီမြစ်၊ မင်းဝံတောင်၊ ကြက်ယက်တောင်၊ မန္တလေးရွှေတောင်၊ အောင်ပင်လယ်ကန်တော်၊နန္ဒာကန်တော် စသော တောင်ရံ ရေမြစ် အပေါင်းတို့သည် ထက်ဝန်းကျင် ကာရံ၍ ကြည်းဘက်ရေဘက်အလွန်တင့်တယ်ညီညွတ်သဖြင့် ရွှေချက်သိုတော်မူရာ အရပ်မှန်ကြောင်း၊ ပြည်ကိုမှီ၍ အသက်မွေးကုန်သော အမျိုးလေးပါး ပြည်သူသတ္တဝါ အပေါင်းတို့လည်း လုပ်စားဆောင်စား စီးပွားချမ်းသာ ဖြစ်ထွန်းပွားများ၍ စိတ်နှလုံးချမ်းမြေ့ သာယာခြင်း ရှိသဖြင့် အမရပူရ ရွှေမြို့တော်တွင် စံနေတော်မူမည်ကို တညီတညွတ် အာသာဆန္ဒ ပြင်းပြစွာရှိကြကြောင်းများနှင့် မိန့်ဆိုလျှောက်ထား စာဆက်သွင်းရာ သာသနာတော်မြတ် အစီးအပွား ပြည်သူလူတကာအပေါင်းတို့အစီးအပွားကို ရှုက်ဆောင်သင့်သည့်အတိုင်း အဝိရောဓနေတရားကို ထောက်တော်မူ၍ အမရပူရမြို့တော်တွင်စံနေတော်မူမည်အမိန့်တော်ရှိပြီးလျှင်ရွှေနန်းတော်ကြီး ပြင်ဆင်ဆောက်လုပ်ရန်မှစ၍ အိမ်ရှေ့ အိမ်တော်, နောင်တော်ပုဂံမင်းအိမ်တော် လုပ်ဆောင်ရန်ရှိသည်များကို ဝန်ထောက် စို့လေးဆယ်ဒိုင်းဝန် မဟာမင်းလှသီဟသူနှင့် အသုံးစာရေးတို့ကို ငွေတော်ထုတ်ပေး

ကြီးကြပ် လုပ်ဆောင်စေ၍ ပြီးပြေလျှင် သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့တဆဲ့ငါးခု တန်ဆောင်မုန်းလပြည့်ကျော်ငါးရက်နေ့ နံနက်လေးချက်တီးကျော်ခြောက်မောင်းခန့်အချိန် အခါတော်နှင့် ဘုရား,ရဟန္တာ, ပိဋကတ်စာတော်, ဆရာတော် သံဃာတော်တို့ကို တပ်ဦးတော်က အဖြူခြယ် သမ္ဗန်တော်နှင့် ပင့်ဆောင်တော်မူပြီးလျှင် ရွှေသုံးတပ် နောက်သုံးတပ် ဝင်းကိုယ်ရံတော် အခင်းအကျင်း များနှင့် ထွက်တော်မူကြီး ထွက်တော်မူ၍ ကျောက်မြောင်းမြို့ စံနန်းတော်တွင် တည္ခဲ့စံတော်မူ၍ သမ္ဗုဒ္ဓေအရမြတ်စွာဘုရားကို ဆီးမီးတိုင်ခြောက်သိန်းကျော်ကို ရည်မှတ်ပူဇော်ပြီးလျှင် မီးဖောင်မျှောလှူတော်မူ၏။ ထိုကမှ ပြည်ကြီးမွန် ဖောင်တော်တွင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, အသျှင်မိဖုရားခေါင်ကြီး, မင်းမိဖုရားအပေါင်းတို့နှင့် စံပယ်တော်မူပြီးလျှင် ရွှေလှေရွှေလောင်း, မီးသင်းဘော, သမ္ဗန်, ဇလာကပင်, ကတ္တူလွန်းကြင်, သားလှေဌက်လှေမှစ၍ ကြည်းဘက်ရေဘက်တပ်ဝင်းအခင်းအကျင်းများနှင့် ငြိမ့်ငြိမ့်လေးလေးစုန်တော်မူရာမင်းကွန်းတဲနန်းတော်တွင် စခန်းချရပ်တော်မူပြီးလျှင် ထွက်တော်မူပြန်ရာ အမရပူရမြို့ရွှေနန်းတော်သို့ ရောက်တော်မူ၏၊ထိုအခါပုဂံမင်းမှာ မြို့အရှေ့တောင်ထောင့် သိမ်းဆည်းတံခါးအတွင်း ဆောက်ထားရှိသည့်အိမ်တော်တွင်စံရ၏၊ အိမ်ရှေ့မင်းမှာလည်း ရွှေနန်းတော်မြောက် ဆောက်ထားရှိသည့်အိမ်ရှေ့တော်မှာ စံရ၏။

ယင်းသည့် တန်ဆောင်မုန်းလအတွင်း မှန်နန်းတော်ဦးတွင် တနေ့လျှင် သံဃာတော်ငါးဆယ်ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူပြီးလျှင် သံဃာတော်ရှစ်ပါးကို တရားနာတော်မူ၏၊ တောင်ဥယျာဉ်တော် စံနန်းတော်တွင်လည်း သံဃာတော်တဆဲ့ခြောက်ပါးကိုပင့်တော်မူ၍ ဆွမ်းလုပ်ကျွေးတော်မူပြီးလျှင် သက်န်းလျာပိတ်အုပ်တစ်စီ လှူဒါန်းတော်မူ၏၊ မှူးတော်မတ်တော် အတွင်းကိုယ်ရံတော် အစုအမှုထမ်း များကိုလည်း ထမင်းကျွေးတော်မူ၏။

ထိုနှစ် နတ်တော်လ ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့်အတူ ကိုယ်ရံတော် တပ်ဝင်းအခင်းအကျင်းနှင့် မှူးတော်မတ်တော်အပေါင်း ခြံရံတော်မူ၍ အမရပူရမြို့တော်အရှေ့မြောက်ထောင့် ရွှေကွန်အုပ်ဘုရားကိုအဖူးအမြော် ထွက်တော်မူပြီးလျှင် မင်္ဂလာ

အိမ်တော်ရာကို ကြည့်ရှု၍ဝင်တော်မူ၏၊ ဆဒ္ဒန်ဆင်မင်းကိုလည်း ယင်းသည့်နတ်တော်လဆန်းကိုးရက်နေ့ နေနှစ်ချက်တီးကျော်အချိန်အစွယ်လှ ရ၏။

ယင်းသည့် နတ်တော်လအတွင်း ဘဝရှင်မင်းတရားကြီး ဘုရားလည်း မှူးတော်မတ်တော်တို့နှင့် မြေနန်းတော်သို့ ထွက်တော်မူပြီးလျှင် သံဃာတော်ရှစ်ပါးပင့်၍ ဥပုသ်ယူတော်မူ၏။

အတ္တပတ်မြင်း, စာထိုးမြင်း,ဝေလီခံမြင်း,ကသည်းမြင်းကလေးကိုးတစ်ဗိုလ် စစ်ကဲ မြင်းခေါင်း မြင်းစီးအမှုထမ်း လူခုနစ်ရာကျော်တို့ကို ပုဆိုး ခေါင်းပေါင်း ပေးဝေတော်မူ၍ ဗြာဟ္မဏပုဏ္ဏားလေးရာ၊ ခတ္တိယပုဏ္ဏား တရာ့ငါးဆယ်၊ ရခိုင်ပုဏ္ဏားတရာ၊ သုဒ္ဒိယပုဏ္ဏား ငါးရာ့သုံးဆဲ့လေးတို့ ကိုလည်း ခေါင်းပေါင်း ပိတ်ပုဆိုး အထိုက်အလိုက် ပေးဝေတော်မူပြီး လျှင် ဘာသာထမင်း ချက်ပြုတ်ကျွေးမွေးတော်မူ၏။

ထိုသက္ကရာဇ် ပြာသိုလဆန်း ခြောက်ရက်နေ့ ပြင်သစ်ဗိုလ် ဒေါ်ဂေါ် ရနီက အရှေ့မျက်နှာ တိုင်းပြည် ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရ တော်မူသော မြန်မာအရှင်မင်းမြတ်ထံ ခစားထမ်းရွက်ရမည်-ပြင်သစ် မင်းက စေလွှတ်၍ ခစားထမ်းရွက် ပါရသည်၊ အရှင် အလိုတော်ရှိသည့် အကြောင်းအရာများကိုပြင်သစ်မင်းထံမှာထားတော်မူပြီးလျှင် အမှုတော် ကိုထမ်းရွက်ပါမည့်အကြောင်းနှင့် လျှောက်ထားရာ ပြင်သစ်ဗိုလ် ဒေါ် ဂေါ်ရနီကို နေမျိုးသီရိဇေယအမည်နှင့် ငွေတော်သပြာတထောင်ပေး၍ ပြင်သစ်တိုင်းပြည်သို့ ပြန်သွားစေ၏။

ယင်းသည့်လဆန်းရှစ်ရက်နေ့,တဆဲ့ငါးရက်နေ့ ဘဝရှင်မင်းတရားကြီး ဘုရား မှူးတော်မတ်တော်တို့နှင့် မြေနန်းတော်တွင် သံဃာတော်ရှစ်ပါး ပင့်၍ ဥပုသ်ယူတော်မူ၏၊စစ်ကိုင်းတောရ ရတနာထွတ်ခေါင်ဆရာတော် ကိုလည်း မြောက်ဥယျာဉ်တော်အတွင်း စံနန်းတော်သို့ ပင့်၍ နေ့ဆွမ်း လုပ်ကျွေးပြီးလျှင် သင်္ကန်းလျာပိတ်အစုံ လှူဘွယ်ဝတ္ထုများကို လှူတော် မူ၏။

ယင်းသည့် ပြာသိုလအတွင်း စားတော်ကွမ်းရေ ထီးခေး လက်စွဲ အဆောင်မြဲ အသည်ဝန် အသည်စာရေး တရားရုံး အရာရှိတို့ကို ပုဆိုး ပိတ်အစုံ, ခေါင်းပေါင်းအစုံ, ပုဝါအစုံ ဆုပေးတော်မူ၏၊ ရွှေနန်းတော်

ဦးတွင်လည်း သံဃာတော်သက်တော်စေ့ လေးဆဲ့တပါး ပင့်၍ ရံဘန် ရံဘန် ဆွမ်းလုပ်ကျွေးတော်မူပြီးလျှင် တရားနာတော်မူ၏။

သက္ကရာဇ် (၁၂၁၅) တထောင့် နှစ်ရာ့ တဆဲ့ ငါးခု လောင်းရှည် မြို့စားမိဖုရားတွင် သားတော် ဖွားမြင်တော်မူ၏။ ယင်းသည့် ပြာသိုလ စမွယ်နဂိုရ်မြို့စား မင်းသား ရှောင်းတခင်ရောဂါနှင့် ကံကုန်သည်ဖြစ်၍ အခမ်းအနား မလုပ်မဆောင်ရ လွှတ်က ်တော်သင့်အောင် လုပ်ဆောင် သဂြိုဟ်ရ၏။

ယင်းသည့် ပြာသိုလ ရွှေဘုံရွှေနန်း အစဉ်အဆက် ပြုလုပ်မြဲဖြစ်သော ဆင်ခင်းမြင်းခင်းစက်သွင်းသဘင်တော်ကိုလည်း အိမ်ရှေ့မင်းနှင့် ဝန်ကြီး အတွင်းဝန်အရာရှိတို့ ဇောင်းကလော ကုသိုလ်တော်ရှေ့သို့ထွက်၍ စက် သွင်းကြရ၏။

ထိုသက္ကရာဇ်အတွင်း မိုင်းလျဉ်းကြီးမြို့သို့ သူပုန်ကလောင် လူသုံးရာ ကျော် ထိပါးနှောင့်ရှက် လာရောက်သည်ကို ဘယက်မှူးဆိုးတို့ ခုခံတိုက် ခိုက်ရာ မရပ်မခံနိုင် ဆုတ်ခွာထွက်ပြေးကြောင်းများနှင့် မိုးနဲတပ် စစ်ကဲ ကြီးတို့က လျှောက်ထားလာ၏။ မိုင်းပုမြို့စား မိုးနဲတပ်စစ်ကဲကြီးကလည်း သံလွင်အရှေ့ဘက် တပ်ဦးတော်ရှေ့တွင် အလျားတမိုက်တသစ်,ပြက်နှစ် သစ်ရှိသော မိုးကြိုးလှံ့စကြာရသည်ကို လျှောက်ထားဆက်သလာ၏။

ထိုနှစ်တပို့တွဲလ နှစ်စဉ်လှူတော်မူမြဲ တဆဲ့နှစ်ရာသီ မီးဘုံးယာဂုအလှူ တော်ပြင် တိုး၍ ဆန်အချင့်တရာယာဂုထိုးပြီးလျှင် ရွှေမြို့တော်ရှိ သံဃာ တော် မှူးတော်မတ်တော် အတွင်းကိုယ်ရံတော် အစုအမှုထမ်း လူတို့ကို လှူဒါန်းပေးဝေတော်မူ၏။

စလင်းမြို့ကျေး၊ စမွယ်ကြီးတောက အတိုင်းငါးတောင်, အစွတ်ပြင် ပေါ်တတောင်, အသက် နှစ်ဆယ်ခန့် ရွှေးရည်ဆင်တော် တစ်၊ အတိုင်း လေးတောင့်နှစ်မိုက်, အစွယ်ပြင်ပေါ် တတောင်, အသက် တဆဲ့ငါးနှစ် ခန့် ဝင်းရည်ဆင်တော် တစ်၊ အတိုင်း လေးတောင်, အစွယ်ပြင်ပေါ် တတောင်, အသက် တဆဲ့လေးနှစ်ခန့် ဝင်းရည်ဆင်တော် တစ်၊ အတိုင်း လေးတောင်, အစွယ်ပြင်ပေါ် တတောင့်တမိုက်, အသက် တဆဲ့လေးနှစ် ခန့် ထမ်းရည်ဆင်တော်တစ်များကို အောက်မားတော်များနှင့် အောက် ငင်ရကြောင်းနှင့် ဆင်ဝန်, ဆင်ဝန်ထောက်, ဆင်လက္ခဏာဖတ်တို့က လျှောက်ထားရာ ယင်းသည့် တပို့တွဲလ ကျုံးသို့သွင်း၍ ကျော့ဘမ်းမြဲ

ကျော့ဖမ်းရ၏။ မိုးကုတ်ကျတ်ပြင်စို့သူကြီး ငရွှေပြင်ကလည်း ထူးမြတ်သည့်ကျောက်တော် အချိန် ခြောက်မူးလေးရွေး ဆက်သသည်ကို ကြိုယူမြဲ ကြိုယူဆက်သွင်းရ၏။

တိုင်းနိုင်ငံတော်အတွင်း ရှေးအစဉ် ပြုလုပ် သုံးဆောင်မြဲဖြစ်သော ဇလား တောင်းတင်းများကိုလည်း တညီတညွတ်တည်း ဖြစ်စေခြင်းငှာ ထိုသက္ကရာဇ်အတွင်း ဘေးတော်မင်းတရားလက်ထက် ဇလား တောင်းတင်းအတိုင်း လုပ်ဆောင်၍ နိုင်ငံတော်အတွင်း မြို့ကျေးရွာများကို အပ်ရ၏။ ငွေဆန်း, ငွေကြမ်းများကိုလည်း မမှုတ်မလုပ် မသုံးမဆောင်စေရ မြစ်တားရ၏။

သက္ကရာဇ် (၁၂၁၅) တထောင့်နှစ်ရာ့တဆဲ့ငါးခု တပို့တွဲလပြည့်ကျော် တဆဲ့လေးရက် တနင်္ဂနွေနေ့ ညနေလေးချက်တီးကျော်သုံးမောင်းအချိန်တွင် အိမ်ရှေ့မိဖုရားက သားယောကျ်ား ဖွားတော်မူ၏။

ယင်းသည့်သက္ကရာဇ်အတွင်း ရှေးမင်းတို့ ကောင်းမှုဖြစ်သော ရွှေယင်မြော်ဘုရား ပျက်စီးယိုယွင်းရှိသည်များကို မုန်တိုင်းရွာသူကြီး ငရွဲ့, သာယာပန်းသူကြီး ငပုံသာ, ငတုတ်တို့နှင့် အရံစောင့်အကြီး ပုံတောင်ပုညတို့က ဘုရားပွဲဈေးအခွန်နှင့် ပြင်ဆင်လုပ်ဆောင်ရ၏။

တောင်ငူကြောင်းချီ ရွှေပြည့်ရန်အောင် မြင်းဝန် မင်းကြီး မဟာမင်းခေါင်ကျော်ထင်လည်း ပါရင်းလူ လက်နက်ကိုင် ခြောက်ရာ့ငါးဆယ်ကျော်အနက် ငါးရာ့နှစ်ဆဲ့သုံး လက်နက်တိုင်လူတို့ကို အမိန့်တော်နှင့် ရမည်းသင်းမြို့ဝန် မဟာသီလဝံသိုအပ်၍ ထိုသက္ကရာဇ် တပေါင်းလ ရွှေစက်တော်ရင်းသို့ ပြန်လာရ၏။ ထိုသက္ကရာဇ်အတွင်း မောက်မယ်စော်ဘွားက သမီးကညာဆက်သွင်းသည်ကို စော်ဘွားကြီးတို့ သမီးကညာဆက်သွင်းသည့်နည်း ဆက်သွင်းရ၏။

ပုခန်းကြီးမြို့စား အတွင်းဝန် မင်းကြီး မဟာမင်းလှစည်သူ ကိုလည်း ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှသီဟသူ, မင်းကြီး မဟာရာဇသင်္ကြံ, သတိုး မင်းကြီး မဟာမင်းလှကျော်သူ တို့နှင့် ဘက်၍ ထိုသက္ကရာဇ် တပေါင်းလ အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်တော်မူ၏။

ယင်းသည့် တပေါင်းလဆန်း တဆဲ့ငါးရက်နေ့ သဝရှင် မင်းတရားကြီးဘုရား မူးတော်မတ်ခတော်တို့နှင့် သံဃာတော်ရှစ်ပါးပင့်၍ မြေနန်းတော်တွင် ဥပုသ်ယူတော်မူ၏။ ရွှေမြို့တော် လေးမျက်နှာ ရှစ်သီတင်း

စောင့် ဥပုသ်သည့်တို့ကိုလည်း ထမင်းကျွေးတော်မူ၍ ဥပုသ်တော်စောင့် တို့ကို သင်ကြားကျက်မှတ်စေရန် ရွှေပုရပိုက်တွင် သရဏဂုံ သုံးပါးနှင့် ဥပုသ်အခြင်းအရာ ဒုစရိုက်,သုစရိုက်များကို ဥပုသ်တော်စောင့်ခေါင်းတို့ ကို ပေးတော်မူ၏။

ယင်းသည့်နေ့ သားတော် လောင်းရှည်မင်းသား သတိုး မင်းစောကို လောင်းရှည်မြို့နှင့်လဲ၍ သုံးဆယ်မြို့ကို မြို့စားပေးတော်မူ၏။ အိမ်ရှေ့ မင်းသမီးတော် ထန်းတပင်မြို့စားကိုလည်း ထန်းတပင်မြို့နှင့်လဲ၍ စမွယ် နဂိုရ်မြို့ကို မြို့စားပေးတော်မူ၏။

### တရုပ်ပြည်သို့လွှတ်သောသံများ လမ်းမပေါက်၍ ပြန်လာရခြင်း အင်္ဂလိပ်ဗိုလ်ရောက်ခြင်းနှင့် အိမ်ရှေ့မင်းစသည်တို့ကို အစီးအနင်း အဆောင်အရွက်ပေးခြင်း

ယင်းသည့် လပြည့်ကျော်သုံးရက်နေ့ ဂန္ဓာလရာဇ်တိုင်း တရုပ်ပြည် ကြီးသို့ သံဖက်ခန့်သွားစေသည့် သံတို့ တရုပ်ပြည်အနောက်မျက်နှာ မိုင်း ဆည်မြို့သို့ရောက်သည့်တွင် မိုင်းဆည် စုန်းတူဟူတာယည်း, ဗိုလ်ချုပ် လောတာယည်းတို့က မြန်မာနေထွက်ဘုရင့်သံတို့ ရာဇသံတို့ပေးမြဲ လက် ဆောင်တော်များနှင့် မိုင်းဆည်မြို့သို့ ရောက်ကြောင်းကို ရှင်ဘုန်းဥဒည် မင်းထံလျှောက်ထားလျှင် တရုပ်ပြည်မှာ သံတို့လာမည့်လမ်း တွေ့စိုမြို့, ဟူနန်မြို့, ဟူဝယ်မြို့များတွင် ပန်းသေးလူမျိုးတို့ မငြိမ်မဝပ် ရှိသည်နှင့် မသာမယာရှိသည့် အတွင်း အရေးကိုမသိသာဖြစ်၍ မြန်မာ နေထွက် ဘုရင့်သံတို့ကို ပေးကမ်းဘွယ်ရာများကို ပေးကမ်းပြီးလျှင် ရာဇသံတို့ပေးမြဲ လက်ဆောင်တော်များနှင့် မိုင်းဆည်မြို့က ပြန်စေချင်သည်-ဥဒည်မင်း အမိန့်တော်ကို နာခံရကြောင်းများနှင့် မိုင်းဆည် စုန်းတူဟူတာယည်း, ဗိုလ်ချုပ် လောတာယည်းတို့က မြန်မာမင်း အဂ္ဂမဟာသေနာပတိ ဝန် ကြီးမင်းများထံ အစီရင်ခံ ဗန်းမော်မြို့သို့ရောက်၍ ဗန်းမော်မြို့ဝန်က ရွှေ နားတော်ကြား လျှောက်ထားသည့်တွင် တရုပ်သံတို့နှင့်ဖက်ခန့်သည့် သံ တို့ကို မိုင်းဆည်မြို့က ရွှေဘဝါးတော်အောက် ပြန်လာစေ၏။

ယင်းသည့် လပြည့်ကျော် ခြောက်ရက်နေ့ ပုလဲတမူး မျက်လုံးဖြူဆင် တော်မှန်ပြင်း၍ ထူးကိုဖြတ်ပြီးလျှင် ဦးစီးကိုထိုး၍ထွက်သည်ကို ဘိုးဝန်း တောင် ဆင်တော်နှင့်တွေ့၍ စွယ်ချင်းယှက်ကြရာ ဘိုးဝန်းတောင် ဆင် တော် ဝဲစွယ်ကျသည်။

သက္ကရာဇ် တထောင့်နှစ်ရာ့တဆဲ့ငါးခု တပေါင်းလပြည့်ကျော် တဆဲ့သုံးရက် ညဥ့်နှစ်ချက်တီးကျော် ခုနစ်မောင်း ပါဒ်ပြည့် တဆဲ့လေးရက် တနင်္လာနေ့သို့အဝင် သွာဒိနက္ခတ် စတုတ္ထပါဒ် မွန်းတည့် အချိန်တွင် အလယ်နန်းတော်မိဖုရား စံတော်မူရင်း အလယ်နန်းဆောင်တွင် သမီးတော်ကို ဖွားမြင်တော်မူသည်။

ထိုနှစ် နှောင်းတန်းခူးလ ကျိုင်းရုံးကြီးသေဉ်ဝီဘွား ဇောတိနဂရ မဟာသီဟပဝရသုမ္မရာဇာ, စစ်ကဲ မြို့စား တဆဲ့နှစ်ပဒ္မား ဒေါဘယား အမတ်တို့က လုံးပတ်တမိုက်လေးသစ်, အရပ်လေးသစ်, အချိန် နှစ်ဆဲ့နှစ်ကျပ်ရှိသော ထူးမြတ်သည့်ပတ္တမြားကျောက်တော်ကို စစ်ကဲမင်းထင်ရဲလှကျော်သူ တြီးကြပ်သျှောက်ထားဆက်သ လာရောက်သည်ကို ကြိုယူဆက်သွင်းမြဲ ဆက်သွင်းရ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း အလယ်နန်းတော်မိဖုရားတွင်မြင်သည့် သမီးတော်ကို ပခက်တင်မင်္ဂလာမှစ၍ အခမ်းအနား လုပ်ဆောင်ရန်ရှိသည်ကို မယ်တော်မိဖုရားနည်း လုပ်ဆောင်၍ မုံ့ဘိုး မိုးကောင်းမြို့, သုံးဆယ်မြို့ရှိ တွင်းယော်ဥယျာဉ်၊ အလုံမြို့ အောက်တိုက်ရှိ လယ်တော်ယာတော်၊ ဥယျာဉ်တော်၊ မက္ခရာမြို့ နွားထိန်းသူငယ်တော် လယ်တော်,ယာတော်၊ ရွှေတုံးလှေတော်၊ ယဉ်ပုံလှေတော်၊ ဆင်ပေါက်နှစ်၊ ဆင်မနှစ်၊ ကျွဲနွားရှဉ်းစုံသုံးဆယ်၊ အထိန်းတော်၊အယတော်၊ အချီတော်၊ ကစားတော်ဘက် မှူးမတ်သမီးများကို ထိုသက္ကရာဇ် နှောင်းတန်းခူးလဆန်း တဆဲ့လေးရက်နေ့ ပေးဖွဲ့တော်မူ၏။ မင်းမိဖုရား မင်းညီမင်းသား မှူးခတော်မတ်တော်တို့ကလည်း အထိုက်အလျောက် လက်ဖွဲ့ကြရ၏။

နှစ်စဉ် လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီသဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၁၅)တထောင့်နှစ်ရာ့တဆဲ့ငါးခု တန်းခူးလဆန်း တဆဲ့လေးရက် အင်္ဂါနေ့ ညဥ့်တချက်တီးကျော် သုံးနာရီသုံးပါဒ် အချိန် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော်တရက်နေ့ ညဥ့်နှစ်ချက်တီးကျော် နှစ်ရက်နေ့သို့အဝင် ခြောက်နာရီ တပါဒ်အချိန်တွင် အတက်နှစ်သစ် သက္ကရာဇ် (၁၂၁၆) တထောင့်နှစ်ရာ့တဆဲ့ခြောက်ခုသို့တက်သည်။

## ၁၂၁၆—ခု

စစ်ကိုင်းမြို့နယ် လက်လှုပ်အရှေ့ကို ရာဇမဏိစူဠာဘုရား, အနောက်ကို ဧစိန်တဝချောင်း, မြောက်ကို ကုန်းရွာ ကျောက်ဆည်ရွာ, အရှေ့မြောက်ကို စရေးရွာနယ်အတွင်း သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ ချမ်းသာစေခြင်းငှာ ရတနာထွတ်ခေါင် တောရဆရာတော် မေဓာ ရပ်ခံချက်နှင့် ဒိဿာယုက သံဝဠနိက အကျိုးကို ရည်တော်မူ၍ သက္ကရာဇ် (၁၂၁၆) တထောင့်နှစ်ရာ့တဆဲ့ခြောက်ခု တန်းခူးလပြည့်ကျော် ခြောက်ရက်နေ့ ဘေးမဲ့ပေးလှူတော်မူ၏။

ယင်းသည့် တန်းခူးလပြည့်ကျော် ကိုးရက်နေ့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်ရံတော်တပ်ဝင်းအခင်းအကျင်းများနှင့် မှူးတော်မတ်တော်အပေါင်း ခြံရံတော်မူ၍ နန်းမြို့တော်ကို လှည့်လည်ကြည့်ရှုတော်မူရာ ပြည်သူအမှုထမ်းတို့က အမှုရှိသည်များကို မပြီးမပြတ်နိုင်ကြောင်းနှင့် ရွှေနားတော်ကြား လျှောက်ထားကြ၍ အိမ်ရှေ့မင်း, ဝန်ကြီးတို့ကို အပြစ်တင်တော်မူပြီးလျှင် အမှုသည်တို့ကို မေး၍ ရှုံးသင့်နိုင်သင့်သူတို့ကို အမှုအလျောက် ရှုံးစေနိုင်စေရ၏။

အမရပူရရွှေမြို့တော် ရပ်စုကွက်စုများကအလှူအတန်းများကို ပြည်သူပြည်သားတို့ ရွှေနန်းတော်သို့ သွင်းပြရာ ပါသည့်ယောက်ျားမိန်းမတို့ကို ရက်ပေါင်းဆယ်ရက်တိုင်တိုင် ခေါင်းပေါင်း, အင်္ကျီ, ပုဝါ, စိပ်ပုတီး ပေးတော်မူ၏၊ ခေါင်းပေါင်းအုပ်ပေါင်း လေးရာ့ခြောက်ဆယ်, ပိတ်အုပ်ပေါင်း တထောင့်နှစ်ရာ့တဆဲ့နှစ်, ပုဝါအုပ်ပေါင်းသုံးထောင်, စိပ်ပုတီးပေါင်း တထောင်ကုန်သောဟူ၏။

ထိုနှစ် သိန်းနီစော်ဘွား သီပိရဋ္ဌမဟာဝံသရာဇာက သမီးတဆဲ့နှစ်နှစ်ရွယ်ကိုဆက်သရာ စော်ဘွားကြီးတို့သမီးကို ဆက်သွင်းသည့်နည်း ဆက်သွင်းရ၏။

အိန္ဒိယတိုင်း အင်္ဂလိပ်နိုင်ငံက အင်္ဂလိပ်မိုလ်တစ် လက်ဆောင်တော်များနှင့် ရွှေမျက်နှာတော်ကို အဖူးအမြော် လာရောက်ရာ ယင်းသည့် သက္ကရာဇ် ကဆုန်လဆန်းနှစ်ရက်နေ့ တောင်ဥယျာဉ်တော်အတွင်း အဖူးအမြော် အဆက်အသခံတော်မူ၍ အင်္ဂလိပ်မိုလ်ကို ကျောက်နီတင် လက်စွပ်တစ်,ငွေတော်သပြာတရာ့ငါးဆယ်,ဖဲလိပ်တစ်,ဆာပါအုပ်တစ်, ပိတ်အုပ်သုံး, သက္ကလတ် တစ်, ငါးမျိုးပုဝါအုပ်နှစ်များကိုဆုပေးတော်မူ၏။

ထိုနေ့ မိုးညှင်းမြို့စား ဝန်ကြီးမင်းကြီးမဟာရာဇသင်္ကြံကို မိုးညှင်းမြို့နှင့်လဲ၍ မိုင်းလုံမြို့ကို မြို့စားပေးတော်မူ၏၊ ယင်းသည့်လဆန်း လေးရက်နေ့ ဝန္တရာတိုက်စားတွင် မြင်သည့်သမီးတော် မယ်မျိုးဆက်ကို ပတ္တနဂိုရ်မြို့ကို မြို့စားပေးတော်မူ၏။

ယင်းသည့်လဆန်း တဆဲ့လေးရက်နေ့ ဗားကရာကျောင်းတိုက်အတွင်း ဆောက်လုပ်တော်မူသည့်ကျောင်းကို အရညဝါသီတောရ ဆရာတော် ဦးစန္ဒိမာကို မူးတော်မတ်တော်တို့သွား၍ တင်လျှူရ၏၊

ထိုနှစ် ကဆုန်လပြည့်ကျော်တရက်နေ့ ကိုယ်လုပ်တော်မယ်ချိုကို အဝမြို့စီရင်စု လက်ပံစဉ်ရွာ၊ မယ်နီကို ကုက္ကိုလှရွာ၊ မမယ်ကို ပန်တော်ခြင်းရွာ၊ မယ်တုတ်ကို ပြူကန်ရွာ၊ မယ်ခိုကို မြင်းစည်ရွာ၊မယ်အိုကို သနဇရစ်ရွာ၊ မယ်ထောက်ကို တော့င်ပြိုးငယ်ရွာများကို ရွာစားပေးတော်မူ၏။

ထိုနှစ် ဥကင်တော်ဖွင့်၍ တံဆိပ်နာမံ ခံတော်မူမည်ကို ကနကဒဏ်, ကမ္ဗု, မနောဟရမှစ၍ ထီးဖြူတော်များကို ယင်းသည့်လပြည့်ကျော်ငါးရက်နေ့ အခါတော်နှင့် စာတမ်းထွက်အတိုင်း စ၍ချုပ်လုပ်ရ၏။

ထိုနှစ် ကဆုန်လ ညီတော်အိမ်ရှေ့မင်းကို ဗောင်းကတ္တီပါနီ၊နဖူးစည်းဇာဖောက်ရောင်ပြားခံ၊ ဖောင်းသုံးရစ်၊ အလယ်သစ္စာပန်း တဆဲ့ရှစ်ပွင့်၊ ဖောင်းအထက်အောက် သရဘီပွင့်-ရွှေအစိမ်းအဝါဘော့ခြယ်၊ပုလဲသေးဝတ်ဆံဘဝ်-အကြားရောင်လင်းခံ ဖောင်းသုံးရစ် အထက်အောက် ကြာတန်း-ရွှေအစိမ်း အနီဘော့ခြယ်၊နောက်ချပ် ကြက်ရင်ဇာဖောက်-အနားသရက်ကင်း ရွှေ အစိမ်းအနီဘော့ခြယ်၊ ရောင်ပြားဇာဘောက် နှစ်ဆင့်၊ တမာရွက်ထောင်တဆဲ့ရှစ်စီ-ရွှေအစိမ်းအနီဘော့ခြယ်၊ အုံအရပ်ပန်းရွက်ဆင်စွယ်ဝန်းယှက်ထောင့်သန်း၊ ပုလဲဝတ်ဆံတပ် ပန်းပွင့်အပြည့်ကြဲ၊ ဆင်စွယ်ဝန်းယှက် အတွင်းသစ္စာပန်း ပုလဲဝတ်ဆံတပ် အပြည့်ကြဲ၊ မြင်းနားသရက်ကင်းဇာဖောက်-ကြက်ရင် ရွှေအစိမ်းအနီဘော့ခြယ်၊ ဗောင်းမှာသင်္ကျစ်တပ်၊ ပန်းနားချောင်း၊ ရွှေစလွယ် နှစ်ဆဲ့တသွယ်၊ ကြိုးဆောက်လုံးထိုး၊ ဒက်ဘယက် သရက်ကင်းထုပြောက် ဂုန္တန်သိုး-အနားကျောက်စီအလယ်မြစီ၊ ဝတ်လုံရွှေဗုဇ္ဇန်ဆီ၊ ရွှေသားပန်းပွင့်ကြဲ ဘော့ခြယ်၊ ဒုယင်ခြေတပ်ဖဲရုံသုံးဆင့်၊ လည်ပါရွှဲ ဘွဲဖြူနှစ်ဖက်မြိတ်သုံးဆင့်-ရွှေသားပန်းပွင့်ကြဲဘော့ခြယ်၊ အရှည်ခုနစ်တောင်,အနံတတောင် ရွှေသားမှောက်တို ပိုးရည်တောင်ဇာခြယ်၊ ရွှေကုံးစိန်ထောင်တဆဲ့ရှစ်၊ မှောက်တို အနားပတ္တ

မြားတရစ်၊ ရွှေထိပ် ပတ္တမြားသုံးရစ်၊ ရွှေထွတ် ပတ္တမြားသုံးရစ်စီ၊ ငှက်မြတ်နား မှန်ကင်းတပ် စိန်ပွင့်တဆွဲရှစ်၊ နေရောင်ကာရွှေဗုဇ္ဇန်ဆီ–အစိမ်းအနီ အပြာ ခြယ်၊ ရွှေသားပန်းပွင့်ကြဲ၊ ပါးကာ, နားကာ, မောက်ရှ, ပါလည်ကွေး, ရွှေကာ, နောက်ကာ, ရွှေဗုဇ္ဇန်ဆီ–အစိမ်း အနီ အပြာ ခြယ်၊ ရွှေသားပန်းပွင့်ကြဲ၊မျဉ်းတိုရွှေဗုဇ္ဇန်ဆီ–ရွှေသားရောင်ပြား အစိမ်းအနီ အတွန့်သတ်၊ မျဉ်းရှည် ရွှေဗုဇ္ဇန်ဆီ–ရွှေသားရောင်ပြား အစိမ်းအနီ အတွန့်သတ်၊ ကွမ်းခွက်တဆွဲနှစ်မြှောင့်မှန်တပ်၊ အနား ပတ္တမြားသုံးရစ်စီ၊ ကွမ်းလိပ်သုံးမြွာတဆွဲနှစ်မြှောင့်မှန်တပ်၊ အနားပတ္တမြားသုံးရစ်စီ၊ လက်ဘက်အိုးတကောင်းပိတ် တဆွဲနှစ်မြှောင့်မှန်တပ် အနားပတ္တမြားသုံးရစ်စီ၊ ရွှေထွေးအင်၊ ရွှေဆေးတံ အဆစ်ခုနစ်တန့် ပတ္တမြားစီ၊ အဖျားတတောင့်နှစ်မိုက် ခြူးဆွဲပတ္တမြားစီ၊ ရွှေဆေးအိုးပန်းအုံကျောက်စီ၊ ရွှေဆေးကြုတ်၊ ရွှေထည့်ယပ်ရိုးရှည်၊ လက်စွဲရွှေသားယပ်၊ ခြေနင်း၊ ငွေခြေဆေးအင်၊ ရွှေမီးညှပ်၊ ဗန့်ဘိုးအုပ်ရွှေသားထုပြောက်၊ ကြုတ်ခွက် အစုံ၊ ဓားအဆောက်အအိမ် ရွှေသားပိန်း၊ အဆောက်ရင်းဖျား ခွေးမပတ္တမြား ကျောက်တန်းအပြည့်စီ၊ အတွင်းရောင်လင်း သမ္ဘာရာခွံထိပ် နဝရတ်စီ၊ လက်ကိုင်ရောင်လင်း အိမ်ရင်းဖျားခွေးမ သံပတ်ကိုးတန့် ပတ္တမြားသုံးရစ်စီ၊ အိမ်ပတ္တမြားကျောက်တန်းစီခြူးဆွဲ၊ လေးဆယ်တော်ငါးဆယ်တော် ဓားလိုက်တဆွဲနှစ်၊ အဆောက်အအိမ် ဖဲနီမွှမ်း၊ အဆောက်ရင်းဖျားခွေးမ ခွေးငယ်ငါးတန့်၊ အိမ်ရင်းဖျား ခွေးမသံပတ်ငါးတန့်၊ ရွှေသင်းချော၊ ဝေါပလာရွှေပိန်း၊ အတွင်းဟသ်ပဒါးသုတ် ထမ်းစင်ခွက် ခါးပန်းစက်သင်းကျစ်၊ အတွင်းစက်ဝန်း အတွင်းကြယ်၊ အအုံကုလားပန်း အဖျားခြူး၊ ကမ္ဗတ်မှော်တမြို့ခြူး၊ ကမ္ဗတ်နားပွတ်ခြမ်း၊ ဘိနပ်ကုလားပန်း၊ အရွက်အကြားခြူး၊ ဖောင်းမှော်ပန်းလှကြာနု၊ ထောင့်ကြွက်ရင် အမြီးငါးဆင့် ဦးမြီးသုံးဆင့်၊ မှော်တန်းသရက်ကင်း၊ အဆော် ညောင်ရွက်အဖြေမြီးထိုက်အုံးကာ၊ သက္ကဒါန်မြင်းမိုဒ္ဓယင်တပ်၊ ကျိုင်း ရွှေထွတ် ခြေကျက်၊ အဆောင်နီမှောက်တို ရွှေခမောက်၊ လှံလျှင်လေး၊ လှံမတစ်၊ အဲမောင်းတစ်၊ လင်းလေးတစ်၊ ချွန်းတစ်၊ သက္ကလတ်နီအိတ်သွတ် မီးပေါင်း၊ မြင်းကကိုင်းညောင်ရွက် ကိုးချပ်၊ ရွှေဗုဇ္ဇန်ခွံမွှမ်း နင်းနှင်းသိပ်၊ ဇက်ပါးကာရွှေဇဝါပိန်း၊ ကတောင်ရွှေပိန်း၊ မြင်းကြိုး ဦးခက်ထိပ်ဆောင်း မြီးပျမ်းရင်ပတ်ကြိုး ကတ္တီပါရွှေကြယ်တပ်၊ စီးနှီးကတ္တီပါ၊ ကတ္တီပါတင်ရန်း၊ စက်ရွှန်းသုံးဆင့် ရွှေယက်ပြားကွပ်၊ လက်စွဲကြိမ်လုံး အရင်းခေါင်းကန်တော့

သမ္ဘရာခွံ ရွှေသားပတ္တမြားစီ၊ အဖြားရွှေသားပတ္တမြားစီ၊ ရွှေကွပ် ငါး တန့် ဖဲနှံအိတ်သွတ်၊ဆင်ပေါင်းဝန်းရွှေပိန်း၊ ရဲကရွှေပိန်း၊ အလံကျည် လှံကျည်ရွှေပိန်း၊ ဆင်ကြိုးကတ္တီပါ ရွှေကြယ်ငွေကွင်းတပ်၊နင်းလုံးကြိုး ငွေ ကွင်းငွေချိတ်မြီးကောက်၊ ရွှေသားမျက်နှာတပ်၊ စီးဆင် နားဆွဲအောင်း မြှုကန်တော့ ရွှေသား ပိုးကြိုးနီ၊ စွယ်ချွေး တဖက်သုံးတန့်၊ ရွှေသားထု ပြောက် ဆင်ခြေဖုံးမိုးနဲ ရွှေလှံငါးဆယ်၊ စည်နီကိုး၊ စည့်ပုတ်တစ်၊ပုံသာ တစ်၊ ငွေနှဲကြီးနှစ်၊ ငွေနှဲငယ်သုံး၊ ခရာတစ်၊ လင်းခွင်းတစ်၊ မှန်အိမ်ရွှေ သားထုပြောက်၊ နောက်ကြည့်မှန် ရွှေသားထုပြောက်၊ လှော်ကားစက် ပြည့် လုလင်တိုင် အဖြေဒုယင်တပ်၊ ပုံတိုင်လက်ခတ်ရွှေပိန်း၊ မောင်းရွှေ ချ၊ အလံရွှေဗုဒ္ဓနှံဆီ၊ အလံရိုးအလှံကျည် ရွှေပိန်း၊ ခင်းဒုယင် ရွှေပိန်း၊ အမိုးယွန်းဆက်ရွှေပိန်း၊ ရွှေဝေဇယန်တပ်၊ အမွှမ်းဒုယင်တပ်၊ ခုံပွတ်လုံး၊ ယက်ရန်းအဖြေဒုယင်တပ်၊ ငြီးငါးဆင့်ရွှေပိန်း၊ ဖဲဘီးဝေဇယန်၊ ပန်းဆွဲ ပြာသာကွက်ရွှေပိန်း၊ တက်ခုံရွှေပိန်း၊ ရွှေကြိုးရွှေကန်တော့၊ အောင်းမြှု ဦးသုံးပွင့်၊ ပွဲနှစ်ပွင့်၊ တက်မရွှေပိန်း၊ လှော်တက်ရွှေပိန်း၊ လှော်ကား ကဆွဲငါးလံ အဝလေးတောင် ဟသ်ပဒါးသုတ်၊ပုံမောင်း၊ အလံနီ၊လှော် တက်ရွှေပိန်း ပေးတော်မူ၏။

မင်းတုန်းမင်းသားကို ဗောင်းကတ္တီပါနီ နဖူးစည်း ဇာဖောက်ရောင် ပြားခံ ဖောင်းသုံးရစ်၊ အလယ်သစ္စာပန်း တဆွဲရှစ်ပွင့်၊ ဖောင်းအထက် အောက်သရဘီပွင့် ရွှေအစိမ်းအနီ ဘော့ခြယ်၊ ပုလဲသေး ဝတ်ဆံတပ် အကြားရောင်လင်းခံ ဖောင်းသုံးရစ်၊ အထက် အောက်ကြာတန်း ရွှေ အစိမ်းအနီ ဘော့ခြယ်၊ နောက်ချပ်ကြက်ရင် အနား သရက်ကင်း ရွှေ အစိမ်းအနီဘော့ခြယ်၊ ရောင်ပြားဇာဖောက်သုံးဆင့်၊ တမာရွက်ထောင် တဆွဲရှစ်စီ ရွှေအစိမ်းအနီဘော့ခြယ်၊ အုံအရပ်ပန်းရွက်၊ ဆင်စွယ်ဝန်း ရွက်၊ ထောင့်သန့် ပုလဲဝတ်ဆံတပ် ပန်းပွင့် အပြည့်ကြဲ၊ ဆင်စွယ်ဝန်း ရွက် အတွင်းသစ္စာပန်း ပုလဲဝတ်ဆံတပ် အပြည့်ကြဲ၊ မြင်းနားသရက်ကင်း ဇာဖောက်၊ ကြက်ရင် ရွှေအစိမ်းအနီ ဘော့ခြယ်၊ ဖောင်းမှာသင်းကျစ် တပ် ပန်းနားချောင်း၊ ရွှေစလွယ်တဆွဲရှစ်သွယ်၊ ဒက်ဘယက်၊ သရက် ကင်းထုပြောက် ဂုဏ္ဍနံထိုး၊ အနား ကျောက်စီ၊ အလယ်မြစီ၊ ဝတ်လုံရွှေ ဗုဒ္ဓနှံဆီ၊ ရွှေသားပန်းပွင့်ကြဲ ဘော့ခြယ်၊ ဒုယင်ခြေတပ် ဖဲရုံသုံးဆင့် လည်ရုံပါ ဘွဲ့မြှုနှစ်ဖက် မြိတ်သုံးဆင့် ရွှေသားပန်းပွင့်ကြဲ ဘော့ခြယ်၊ အရှည်ခုနစ်တောင်, အနံတတောင်, ရွှေသားမှောက်တို ပိုးရည်တောင်

ဇာခြယ်၊ရွှေကုံးစိန်ထောင် တဆွဲရှစ်၊ ရွှေထိတ်ရွှေထွတ် ကျောက်သုံးရစ်
စီ၊ငှက်မြက်နားမှန်ကင်းတပ် စိန်ပွင့်တဆွဲရှစ်၊ နေရောင်ကာရွှေဗုဇ္ဇန်ဆီ
အစိမ်းအနီ အပြာခြယ် ရွှေသားပန်းပွင့်ကြဲ၊ ပါးကာ နားကာ ရွှေကာ
နောက်ကာ မောက်ရှု ပါလည်ကွေး၊ ရွှေဗုဇ္ဇန်ဆီ အစိမ်းအနီအပြာခြယ်၊
ရွှေသားပန်းပွင့်ကြဲ၊ မျှဦးတိုရွှေဗုဇ္ဇန်ဆီ၊ ရွှေသားရောင်ပြား အစိမ်းအနီ
အတွန့်သတ်၊မျှဦးရှည်ရွှေဗုဇ္ဇန်ဆီ၊ ရွှေသားရောင်ပြား၊အစိမ်းအနီအတွန့်
သတ်၊ ကွမ်းခွက်တဆွဲနှစ်မြှောင့် မှန်တပ်၊ အနားပတ္တမြားသုံးရစ်စီ၊ လက်
ဘက်အိုးတဆွဲနှစ်မြှောင့်မှန်တပ်၊အနားပတ္တမြားသုံးရစ်စီ၊ တကောင်းဝိတ်
တဆွဲနှစ်မြှောင့်မှန်တပ်၊ အနားပတ္တမြားသုံးရစ်စီ၊ ကွမ်းလိပ်သုံးမြွာတဆွဲ
နှစ်မြှောင့်မှန်တပ်၊အနားပတ္တမြားသုံးရစ်စီ၊ ရွှေထွေးအင်၊မားအဆောက်
အအိမ် ရွှေသားဝိန်း၊ အဆောက်ရင်းဖျားခွေးမ ပတ္တမြားကျောက်တန်း
ခြောက်၊ အတွင်းရောင်လင်း သမ္ဘုရာခွံ ထိပ်၊ ပတ္တမြားမျက်ခြယ်၊ လက်
ကိုင်ရောင်လင်း၊ အိမ်ရင်းဖျား ခွေးမသံပတ်ကိုးတန့်၊ ပတ္တမြားသုံးရစ်စီ၊
ဆောင်မား အိမ်အရိုးသံပတ်ကိုးတန့်၊ ပတ္တမြားတရစ်စီ၊ မည်းသရီအိတ်
သွတ်၊ ဝေါပလာ ရွှေဝိန်း၊ အတွင်း ဟသ်ပဒါးသုတ်၊ ထမ်းစင်ခွက်
ရွှေဝိန်း၊ ကျိုင်းရွှေချက် လေး၊ အဆောင်နီ ခမောက် နေရောင်အုပ်၊
မှောက်တို၊ အဲမောင်း၊ လှံမ၊ သေနတ်၊ လင်းလေး၊ အိတ်နီသွတ်၊
မီးပေါင်း၊ မြင်းကကိုင်းညောင်ရွက်ကိုးချပ်၊ ရွှေဗုဇ္ဇန်ခွံမွမ်း၊ နင်းနှင်း
သိပ်၊ ဇက်ပါးကာရွှေဇဝါဝိန်း၊ ကတောင်ရွှေဝိန်း၊ ဦးခက်ထိပ်ဆောင်း
မြီးပျမ်း ရင်ပတ်ကြိုး ကတ္တိပါရွှေကြယ်တပ်၊ စီးနှီးကတ္တီပါ၊ ကတ္တိပါတင်
ရန်း၊စက်ရွှန်းသုံးဆင့်ရွှေယက်ပြားကွပ်၊ ဆင်ပေါင်းဝန်းရွှေဝိန်း၊ရဲကရွှေ
ဝိန်း၊ အလံကျည် လှံကျည်ရွှေဝိန်း၊ ဆင်ကြိုးကတ္တီပါ ရွှေကြယ်ငွေကွင်း
တပ်၊ နင်းလုံးကြိုးငွေကွင်း ငွေချိတ်နဲ့ကောက်၊ ရွှေသားမျက်နှာတပ်၊ ဆင်
ခြေဖုံးမိုးနဲ့ ရွှေလှံငါးဆယ်၊ စည်နီကိုး၊ စည်ပုတ်တစ်၊ ပုံသာ တစ်၊ ငွေ
နဲ့ကြီးနှစ်၊ ငွေနဲ့ငယ်သုံး၊ ခရာနှစ်၊ လင်းခွင်းတစ်၊ လှေကားစက်ပြည့်
ဦးပွဲလုလင်တိုင်ပုံတိုင်လက်ခတ်၊ ပွဲဘီးဝေဇယန်၊ ခင်းဒုယင် အမိုးလည်
ပေါ် ယွန်းဆက်၊ အမွှမ်းထီးရွှေဝိန်း၊ ဒုယင်စိန်ပျံစိုက်၊ အောင်ဖြူးရွှေ
ကြိုး ရွှေကန်တော့ ဦးသုံးပွင့် ပွဲနှစ်ပွင့်၊ အလံရွှေဖျင်၊ ပွဲတက်ရွှေ၊ လှေ
တက်အနီပေးတော်မူ၏။

ပြင်စည်မင်းသား၊ ညောင်အုပ် မင်းသား၊ ချွန်းတောင် မင်းသား၊
လှိုင်းတက်မင်းသား၊ ထီလင်းမင်းသား၊ ဆောမင်းသားတို့ကို၊ မောင်း

ကတ္တီပါနီ နဖူးစည်းဇာဖောက် ရောင်ပြေးခံ၊ ဖောင်းသုံးရစ်၊ အလယ်သစ္စာပန်း တဆွဲရှစ်ပွင့်၊ ဖောင်း အထက် အောက် သရဘီပွင့်၊ အစိမ်းအဝါဘော့ခြယ်၊ အကြားရောင်လင်းခံ၊ ဖောင်းသုံးရစ် အထက်အောက် ကြာတန်း၊ ရွှေအစိမ်းအဝါဘော့ခြယ်၊ နောက်ချပ်ကြက်ရင်ဇာဖောက်၊ အနားသရက်ကင်း ရွှေ အစိမ်းအဝါ ဘော့ခြယ်၊ ရောင်ပြေး အလယ်သစ္စာပန်းတဆွဲရှစ်ပွင့်၊ ဖောင်းအထက်အောက် သရဘီပွင့်၊ ရွှေအစိမ်းအဝါဘော့ခြယ်၊ အကြားရောင်လင်းခံ၊ ဖောင်းသုံးရစ်၊အထက်အောက် ကြာတန်း၊ ရွှေအစိမ်းအဝါဘော့ခြယ်၊ နောက်ချပ် ကြက်ရင်ဇာဖောက်၊ အနားသရက်ကင်း ရွှေအစိမ်းအဝါ ဘော့ခြယ်၊ ရောင်ပြေး ဇာဖောက် တဆင့်၊ တမာရွက်ထောင် တဆွဲရှစ်၊ ရွှေအစိမ်းအဝါဘော့ခြယ်၊ မြင်းနား သရက်ကင်း ဇာဖောက် ကြက်ရင်၊ ရွှေအစိမ်းအဝါ ဘော့ခြယ်၊ ဗောင်းသင်းကျစ်တပ်၊ ပန်းနားဒေါင်း၊ ရွှေစလွယ်တဆွဲရှစ်သွယ်၊ ဒက်ဘယက်သရက် ကင်းထုပြောက် ဂုန္နန်ထိုး၊ အနားကျောက်စီ၊ အလယ်မြစီ၊ ကတ္တီပါဝတ်လုံဖဲရံ၊ ရွှေဗုဇ္ဇန်ဆီနှစ်ဆင့်တပ်၊ လက်ကျယ်လက်ရင်းကိုချုံ၍ ချုပ်ဒေ။ ဘွဲ့ဖြူနှစ်ဖက် အမြိတ်နှစ်ဆင့်၊ ရွှေသား မှောက်ကိုရွှေကုံးစိန်ထောင် တဆွဲရှစ်၊ ရွှေထိပ် ရွှေထွတ် ကျောက်နှစ်ရစ်စီ၊ ငှက်မြတ်နား မှန်ကင်းစိန်ပွင့်တဆွဲရှစ်၊ နေရောင်ကာ ရွှေဗုဇ္ဇန်ဆီ၊ ရွှေသားရောင်ပြေးအစိမ်းအနီအတွန့်သတ်၊ ပါးကာ၊ နားကာ၊ ရွှေကာ၊ နောက်ကာ၊ မောက်ရူ၊ ပါလည်ကွေး၊ ရွှေဗုဇ္ဇန်ဆီ၊ ရွှေသားရောင်ပြေး အစိမ်းအနီအဘွန့်သတ်၊ မျဉ်းတိုရွှေဗုဇ္ဇန်ဆီ၊ ရွှေသားရောင်ပြေး အစိမ်း အနီအဘွန့်သတ်၊ မျဉ်းရှည်ကတ္တီပါနီ၊ ရွှေသားရောင်ပြေးအစိမ်းအနီအတွန့်သတ်၊ ကွမ်းခွက် ရှစ်တောင့် မှန်တပ်၊ အနား ပတ္တမြားနှစ်ရစ်စီ၊ လက်ဘက်အိုး ရှစ်ထောင့်မှန်တပ်၊ အနားပတ္တမြားနှစ်ရစ်စီ၊ တကောင်းဖိတ်ရှစ်ထောင့် မှန်တပ်၊ အနားပတ္တမြား နှစ်ရစ်စီ၊ ကွမ်းလိပ်သုံးမြွာ ရှစ်ထောင့်မှန်တပ်၊ အနားပတ္တမြား နှစ်ရစ်စီ၊ ရွှေထွေးအင်၊ မားအဆောက်အအိမ် ရွှေသားဝိန်း၊ အဆောက်ရင်းဖျားခွေးမ ပတ္တမြားကျောက်တန်းခြောက်၊ အတွင်းရောင်လင်း၊ သမ္ဘုရာခွံထိပ်၊ ပတ္တမြားမျက်ခြယ်၊ လက်ကိုင်ခရောင်လင်း ရင်းဖျားခွေးမ သံပတ်ခုနစ်တန့်၊ ပတ္တမြားသုံးရစ်စီ၊ ဆောင်မား မိုးကြိုးစင်၊ မည်းသရီအိတ်သွတ်၊ ထမ်းစင်ခွက် ခါးပန်းဘီလူးခေါင်း၊ အတွင်းကြာ၊ အတွင်းကြယ်၊ အအုံကြာနနှစ်ဆင့်၊ ခါးပန်းကမွတ်ခရမ်းပွင့်၊ တမြို့ခြုံး၊ ကမွတ်နား ပွတ်ခြမ်း၊ ဘီနပ်ကုလားပန်း၊

ဖောင်းသံပွင့်၊ ပန်းလှကြာနှ၊ ထောင့် ကြက်ရင် ကုလားပန်း၊ ထောင့် အဖြေမြင်းနား၊ ထောင့်အုပ်ဒုယင်ဇွန်းရိုး၊ ထီး မား ဘီလူးခေါင်း၊ မြင်း မိုရ်ဒုယင်၊ ရွှေနှစ်စု အနီတစု၊ ခါးအနီ၊ ကျိုင်းရွှေချက်နှစ်၊ မြင်းကကိုင်း ညောင်ရွက်ကိုး၊ ရွှေဗုဇွန်ခွံမှုမ်း၊ နင်းနင်းသိပ်၊ဇက်ပါးကာ ရွှေဇဝါဝိန်း၊ ကတောင်ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်းမြီးပျမ်း ရင်ပတ်ကြိုး ကတ္တီပါ ရွှေကြယ်တပ်၊ စီးနှီးကတ္တီပါ၊ ကတ္တီပါတင်ရန်း၊ စက်ရွှန်းသုံးဆင့် ရွှေ ယက်ပြားကွပ်၊ ဆင်ပေါင်းဝန်း ရွှေနှစ်စု အနီတစု၊ ရဲက ရွှေနှစ်စုအနီ တစု၊ အလံကျည် လှံကျည်ရင်းဖျား ရွှေတမိုက်၊ ဆင်ကြိုးသက္ကလတ်ရွှေ ကြယ်တပ်၊ ဆင်ခြေဖုံး မိုးနဲရွှေလှံသုံးဆယ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာ တစ်၊ ငွေနှဲကြီး တစ်၊ ငွေနှဲငယ် နှစ်၊ ခရာ တစ်၊ လင်းခွင်း တစ်၊ လှော်ကားစက်ပြည့် ပွဲဘီးဝေဇယန်၊ ပန်းဆွဲပြာသာဒ်ခွက်ရွှေပိန်း၊ လုလင် တိုင်အဖြေဒုယင်တပ် ရွှေပိန်း၊ ပုံတိုင်အနီသုတ်၊ လက်ခတ်အတွင်းရွှေ ရေး၊ အလံဖဲနီ၊ အထွတ်ရွှေ၊ အလံကျည် ရွှေကြီဆစ်၊ အလံရိုး အနီသုတ်၊ ငွေကြိုးရွှေကန်တော့၊ အောင်းဖြူ ဦးသုံးပွင့် ပွဲနှစ်ပွင့်၊ တက်မအနီသုတ်၊ အရိုး ရွှေကြီဆစ်၊ အထွတ်ရွှေရေး၊ လက်ကိုင် အနီသုတ်၊ လှော်တက် အနီသုတ်၊ ခင်းဒုယင် အမှုမ်းဒုယင်တပ်ရွှေပိန်း၊ အုံရွှေဇဝါ၊ တိုင်ရွှေကြီ ဆစ်၊ မှုတ်ရိုးရွှေကြီဆစ်၊ လက်ရန်းအဖြေဒုယင်တပ်၊ ခြီးသုံးဆင့်ရွှေပိန်း၊ လက်ရန်းရွှေရေး၊ ပွတ်လုံးအနီသုတ်၊ ခါးအနီသုတ်ပေးတော်မူ၏။

မင်းတပ် မင်းသား၊ ပေါက်မြိုင် မင်းသား၊ ယင်းခဲမင်းသား၊ ချွန်း တောင်မင်းသား သား-မောင်ဘိုးကြီး၊ မိုးမြိတ်မင်းသား သား-မောင် ခန်းမော်၊ မောင်လတ်၊ မောင်ဘိုး၊ မက္ခရာမင်းသား သား-မောင်သန့်၊ ကောလင်းမင်းသား သား-မောင်ဘိုးတို့ကို ဗောင်းကတ္တီပါနီ နဖူးစည်း ဇာဖောက်ရောင်ပြားခံ၊ ဖောင်းသုံးရစ်၊ အလယ်သစ္စာပန်း တဆွဲငါး ပွင့်၊ ဖောင်းအထက်အောက် သရဘီပွင့်၊ ရွှေအစိမ်းအဝါ ဘော့ခြယ်၊ အကြားရောင်လင်းခံ၊ နောက်ချပ် ကြက်ရင် ဇာဖောက် သရက်ကင်း၊ ရွှေအစိမ်းအဝါ ဘော့ခြယ်၊ ရောင်ပြားဇာဖောက် တဆင့်၊ တမာရွက် ဆောင် တဆွဲငါး၊ ရွှေအစိမ်းအဝါ ဘော့ခြယ်၊ မြင်းနားသရက်ကင်း ဇာဖောက်၊ ကြက်ရင်ရွှေအစိမ်းအဝါ ဘော့ခြယ်၊ ဗောင်းမှာသင်းကျစ် တပ်၊ ပန်းနားချောင်း၊ ရွှေစလွယ် တဆွဲငါးသွယ်၊ ဒက်ဘယက်၊ သရက် ကင်းထုပြောက် ဂုန္နန်ထိုး၊ အနားကျောက်စီ၊ အလယ်ပတ္တမြားစီ၊ကတ္တီပါ

ဝတ်လုံဖဲရုံတဆင့်တပ်၊ လက်ကျယ် လက်ရင်းကို ချုံ့၍ချုပ်စေ၊ ဘွဲ့ဖြူတဘက်မြိတ် တဆင့်တပ်၊ မှောက်တိုရွှေပိန်း ရွှေကုံးစိန်ထောင် တဆွဲငါး၊ ရွှေထိပ်ရွှေထွတ် ကျောက်နှစ်ရစ်စီ၊ ငှက်မြတ်နားစိန်ပွင့် တဆွဲငါး၊ နေရောင်ကာ၊ ပါးကာ၊ နားကာ၊ မောက်ရှူ၊ ပါလည်ကွေး၊ ရွှေကာ၊ နောက်ကာ၊ ရွှေဗုဇ္ဇန်ဆီ ရွှေသားရောင်ပြား အစိမ်းအဝါအဘွန့်သတ်၊ မျဉ်းတိုကတ္တီပါနီ ရွှေသားရောင်ပြားအစိမ်းအနီအတွန့်သတ်၊ မျဉ်းရှည် ကတ္တီပါစိမ်း ရွှေသားရောင်ပြား အစိမ်းအနီအတွန့်သတ်၊ ကွမ်းခွက်ရှစ်ထောင့်မှန်တပ် ပတ္တမြားတရစ်စီ၊ လက်ဘက်အိုး ရှစ်ထောင့်မှန်တပ် ပတ္တမြားတရစ်စီ၊ တကောင်းပိတ် ရှစ်ထောင့်မှန်တပ်၊ ပတ္တမြားတရစ်စီ၊ ကွမ်းလိပ်သုံးမြွာ ရှစ်ထောင့်မှန်တပ် ပတ္တမြားတရစ်စီ၊ ရွှေခထွးအင်၊ ဓားအခဆောက်အအိမ်ရင်းဖျားပတ္တမြားကျောက်တန်းခြောက်၊ အတွင်းရောင်လင်း၊ သမ္ဘရာခွံထိပ်၊ ပတ္တမြားမျက်ခြယ်၊ လက်ကိုင်ရောင်လင်း၊ အိမ်ရင်းဖျား ခွေးမသံပတ် ခုနစ်တန်း ပတ္တမြားသုံးရစ်စီ၊ ဆောင်ဓားကတ္တီပါအိတ်သွတ်၊ ထမ်းစင်ခွက်ခါးပန်းစက်၊ အနားဇော့ကွင်း၊ အတွင်းကြယ်၊ ကြာနုဘဆင့်ကမွတ်သတ်၊ တမြို့ခြုံ၊ ဘိနပ်ကုလားပန်း၊ အိမ်အတွင်းညောင်ရွက်၊ အနား မန်းကျည်းရွက်၊ ဘဝါးရွဲ၊ ဖောင်းထိပ် သံပွင့်၊ ဖောင်းပန်းလှ၊ ကျေးစေတိုင်၊ အုံးတားဘက်ဝန်း၊ ကျေးစေတိုင် အဖြေမြင်းနား ရွှေဘစုအနီနှစ်စု၊ ခါးအနီ၊ ကျိုင်းရွှေထွတ်နှစ်၊ မြင်းကကိုင်းညောင်ရွက်ခုနစ်၊ ရွှေဗုဇ္ဇန်ခွံမွမ်း၊ နင်းနှင်းသိပ်၊ ဇက်ပါးကာ ရွှေဇဝါပိန်း၊ ကတောင်ရွှေပိန်း၊ မြင်းကြိုးဦးခက်ထိပ်ဆောင်း မြီးပျမ်း ရင်ပတ်ကြိုး ကတ္တီပါရွှေကြယ်တပ်၊ စီးနှီးကတ္တီပါ၊ ကတ္တီပါတင်ရန်း၊ စက်ရွှန်းသုံးဆင့်၊ ရွှေယက်ပြားသတ်၊ ဆင်ပေါင်းဝန်းရွှေတစု အနီတစု၊ ရဲကရွှေတစု အနီတစု၊ အလံကျည် လှံကျည်ရင်းဖျား ရွှေတမိုက်၊ ဆင်ကြိုးသက္ကလတ်ရွှေကြယ်တပ်၊ ဆင်ခြေဖုံးမိုးနဲရွှေလှံသုံးဆယ်၊ စည့်နီခုနစ်၊ စည့်ပုတ်တစ်၊ ပုံသာတစ်၊ ငွေနဲကြီးတစ်၊ ငွေနဲငယ်နှစ်၊ ခရာတစ်၊ လှော်ကားခိုနန်းငှက်ပျံချပ်၊ ပဲ့ဘီးဒုယင် အနီ၊ အမအထွတ် ဝတ်ဆံရွှေရေး၊ ညောင်ရွက်ရွှေထည့်၊ လုလင်တိုင် အဖြေပန်းဆုပ် ရွှေတစု အနီနှစ်စုရေး၊ ပုံတိုင်လက်ခတ်အထွတ်ရွှေတစုအနီနှစ်စု၊ အလံဖဲနီ၊ အထွတ်ရွှေ၊ အလံကျည် အဖျား ရွှေနှစ်စုရေး၊ အလံရိုးအနီသုတ်၊ ငွေကြိုးရွှေကန့်တော့၊ အောင်းဖြူဦးသုံးပွင့် ပဲ့နှစ်ပွင့်၊ တက်မအနီသုတ်၊ လှော်တက်အနီသုတ် ခင်းဒုယင်ထောင့် ဖြေမြင်းနား အမိုးအုံရွှေတစု အနီနှစ်စု၊ တိုင်မှုတ်

ရိုးထောက်ရွှေကြိုးဆစ်၊ လက်ရန်းအဖြေပန်းဆုပ်ရွှေတစုအနီနှစ်စု၊ လက်ရန်းပွတ်လုံးကြိုးဆစ်၊ ပွတ်လုံးအနီသုတ်၊ ခုံအနီသုတ်ပေးတော်မူ၏။

နေရာနေ မြင်းမှူးမင်းသားတို့မှာ ဘကြီးတော်မင်းတရား၊ ခမည်းတော်မင်းတရားတို့လက်ထက် မြင်းမှူးမင်းသားတို့ကို သနားတော် မူသည့်နည်း အစီးအနင်း အဆောင်အရွက် ပေးတော်မူ၏။

ဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှသီဟသူ, မင်းကြီးမဟာရာဇသင်္ကြံ, သတိုးမင်းကြီး မဟာမင်းလှကျော်သူ, မင်းကြီး မဟာမင်းလှစည်သူတို့ကို ဗောင်းကတ္တီပါနီ ရွှေသားပန်းတဆွဲနှစ်၊ တမာရွက်ထောင် တဆွဲနှစ်၊ ဘွဲ့သင်းကျစ်တပ်၊ ရွှေနားဒောင်းမီးထွန်း၊ ကတ္တီပါ ဝတ်လုံဖဲရုံရွှေဖျင်တမိုက်တဆင့်တပ်၊ ဘွဲ့ဖြူရွှေမိတ် ရှစ်သစ်၊ ရွှေစလွယ်တဆွဲနှစ်သွယ်၊ မှောက်တိုရွှေပိန်း ရွှေကုံးစိန်ထောင်တဆွဲနှစ်၊ ရွှေထိပ်ရွှေထွတ် ငှက်မြတ်နားစိန်ပွင့်တဆွဲနှစ်၊ ပါးကာ နားကာ ရှေ့ကာ နောက်ကာ မောက်ရှု ပါလည်ကွေး ကတ္တီပါနီယက်ပြားကွပ်၊ မျဉ်းတို ကတ္တီပါစိမ်း ယက်ပြားသတ်၊ မျဉ်းရှည်ကတ္တီပါနက်ယက်ပြားသတ်၊ ကွမ်းထိပ်သုံးမြွာပယင်းတပ်၊ မိုးကြိုးထွေးအင်၊ ကတ္တီပါအုံးဝန်း၊ ရွှေပေခမောက်၊ ခေါးခွေးမခွေးငယ်နောက်ဝိတ်ပတ္တမြားစီ၊ အိမ်မည်းသရီမွှမ်း သံပတ်ခုနစ်တန့် ပတ္တမြားစီ၊ ရင်းဖျားသက္ကဒါနိလေးသစ်ခံ ပတ္တမြားစီ၊ ဆွဲကြိုးဗုဒယက် ကန်တော့လက်ပံကွင်းအနားပတ္တမြားတရစ်စီ၊ ဆောင်ခေါးမိုးကြိုးစင် သက္ကလတ် အိတ်နီသွတ်၊ ထီးနီ ရွှေညောင်ရွက်သုံးဆင့်၊ ညောင်ရွက်ရေ သုံးဆဲ့ခြောက်၊ အချက်အထွတ်ရွှေ၊ အရိုးရွှေကြိုးဆစ်၊ ကျိုင်းအချက်အထွတ်ရွှေ၊ အအုံအရွက်အရိုးအနီသုတ်၊ ထမ်းစင်ခွက် ခါးပန်းစက် အနားဇော့ကွင်း အတွင်းကြယ်၊ ကြာနုတဆင့် ကမွတ်သံပွင့်၊ တမြို့ခြုံး၊ ဘိနပ်ကုလားပန်း၊ အိမ်အတွင်းညောင်ရွက်၊ အနားမန်းကျည်းရွက်၊ ဘဝါးရွှဲ၊ ဖောင်းထိပ်သံပွင့်၊ ပန်းလှကြာ၊ အတွင်းညောင်ရွက် အနားမန်းကျည်းရွက် ဘဝါးရွှေထောင့်ကြက်ရင်ကုလားပန်း၊ ထောင့်အုံကျေးစေတိုင်၊ အုံးတားဘက်ဝန်း၊ မြင်းမိုရ်ကျေးစေတိုင် အဖြေမြင်းနား ရွှေနှစ်စုအနီတစု၊ ခါးအနီ၊ မြင်းကကိုင်းညောင်ရွက်ခုနစ်၊ သမ္ဘရာခွံယက်ဖောက် ကတောင်ဆွဲ၊ ဇက်ပါးကာ ရွှေဇဝါပိန်း၊ နင်းနှင်သိပ်၊ အိမ်မြောင့်ရင်ပတ်ကွင်း ရွှေဇဝါ၊ ကတောင်ရွှေရေး၊ ဇာမရီရုပ်ပန်းခက်ကိုက် ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်း မြီးပျှမ်းရင်ပတ်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ စီးနှိုးသက္ကဒါနိ၊ သက္ကလတ်တင်ရုန်း၊ စက်ရွှန်းသုံးဆင့်၊ ဆင်ပေါင်းဝန်း အချက်အထွတ်ရွှေ၊ အမိုး ရွှေနှစ်စု

အနီတစုံ၊ ကတောင်ရွှေပြည့်ရေး၊ ကခွက် ရွှေနှစ်စုံ အနီတစုံ၊ ရဲကခွက်
ရွှေနှစ်စုံ အနီတစုံ ကတောင်ရွှေပြည့်ရေး၊ အလံကျည် လှံကျည်ရင်းဖျား
ရွှေတမိုက်၊ ဆင်ကြိုးသတ္တုလတ်ဖဲကွပ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာ
တစ်၊ ငွေနှဲကြီးတစ်၊ ငွေနှဲငယ်နှစ်၊ ခရာတစ်၊ လင်းခွင်းတစ်၊ လှော်ကားနို
နန်းငှက်ဖျံချပ်၊ အလယ်နှစ်မိုက်လှပ်၊ ဆံထုံး ပရိတ်ချည်သုံးဆင့်၊ ပွဲဘီး
ဒုယင်အနီ၊ အုမအထွတ် ဝတ်ဆံရွှေ၊ ညောင်ရွက်ရွှေထည့် လုလင်တိုင်
အနီအဖြေပန်းဆုပ်၊ ပုံတိုင်လက်ခတ်အနီ၊ အလံပဲနီ၊ အထွတ်ရွှေ၊ အလံ
ရှိုးအလံကျည် အနီသုတ်၊ ခဲကြိုးရွှေကန်တော့၊ အောင်းနိုဦးတပွင့် ပွဲနှစ်
ပွင့်၊တက်မအနီ လှော်တက်အဖြူ၊ခင်းဒုယင်အနီ၊မှုတ်ရိုးထောက်အနီသုတ်၊
လက်ရန်းအဖြေ ပန်းဆုပ်အနီ၊ ပွတ်လုံးအနီသုတ်၊ အိမ်ခြံမြင်းကြမ်းယက်
ကမွတ်သတ်ပေးတော်မူ၏။

အတွင်းဝန် မဟာမင်းကလေး, မင်းကြီးမဟာသီဟသူ, မင်းလှသီဟ
သူတို့ကို ဗောင်းကတ္တီပါနီ ရွှေသားပန်းကိုး တမာရွက်ထောင်ကိုး၊ ဘွဲ့
သင်းကျစ်တပ်၊ ရွှေနားဒှောင်းမီးတွင်း၊ ကတ္တီပါဝတ်လုံ ဖဲရုံရွှေဖျင်တမိုက်
တဆင့်တပ်၊ ဘွဲ့ဖြူရွှေမြိတ်ရှစ်သစ်၊ ရွှေစလွယ်တဆွဲနှစ်သွယ်၊ မှောက်တို
ရွှေပိန်း၊ ရွှေကုံးစိန်ထောင်တဆွဲနှစ်၊ ရွှေထိတ်ရွှေထွတ်ငှက်မြတ်နား စိန်
ပွင့်တဆွဲနှစ်၊ ပါးကာ နားကာ ရွှေကာ နောက်ကာ မောက်ရှု ပါလည်
ကွေး၊ ကွမ်းခွက်လက်ဘက်အိုး တကောင်းပိတ်ရှစ်ထောင့် ပယင်းတပ်၊
ကွမ်းလိပ်သုံးမြွှာ ပယင်းတပ်၊ ငွေထွေးအင်၊ ကတ္တီပါအုံးဝန်း၊ ရွှေပေ
ခမောက်၊ ခားခွေးမခွေးငယ်နောက်ပိတ်ပတ္တမြားစီ၊ အိမ်မည်းသရီမှုမ်း၊
သံပတ်ခုနစ်တန် ပတ္တမြားစီ၊ ရင်းဖျား သတ္တုဒါန်လေးသစ်ခံ ပတ္တမြားစီ၊
ဆွဲကြိုးဗုဒသက် ကန်တော့လက်ပံကွင်း၊ အနားပတ္တမြား တရစ်စီ၊ ထီးနီ
ရွှေညောင်ရွက်သုံးဆင့်၊ ညောင်ရွက်ရေသုံးဆွဲမြောက်၊ အချက်အထွတ်
ရွှေ၊ အရိုးရွှေကြိုးဆစ်၊ ကျိုင်းအချက်အထွတ်ရွှေနှစ်၊ အအုံအရွက် အရိုး
အနီသုတ်၊ ထမ်းစင်ခွက်ခါးပန်းစက် အနားဇော့ကွင်း အတွင်းကြယ်၊
ကြာနုတဆင့်၊ ကမွတ်သံပွင့်၊ တမြို့ခြူး၊ ဘိနပ်ကုလားပန်း၊ အိမ်အတွင်း
ညောင်ရွက်၊ အနားမန်းကျည်းရွက်၊ ဘဝါးရွှဲ၊ ဖောင်းထိပ်သံပွင့်၊ ပန်း
လှကြာ၊ အတွင်းညောင်ရွက်၊ အနားမန်းကျည်းရွက်၊ ဘဝါးရွှဲ၊ ထောင့်
ကြက်ရင်ကုလားပန်း၊ ထောင့်အုံကျေးစေတိုင်၊ အုံးတား,ဘက်ဝန်း,မြင်း
ခိုရ်ကျေးစေတိုင်၊ အမြေမြင်းနား ရွှေနှစ်စုံ အနီတစုံ၊ ခါးအနီ၊ မြင်းက
ကိုင်းညောင်ရွက်ခုနစ်၊ သမ္ဘာရာခွံယက်ဖောက် ကတောင်ဆွဲ ဇက်ပါးကာ

ရွှေဇဝါပိန်း၊ နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါ၊ကတောင်းရွှေရေး၊ ဇာမရီရုပ် ပန်းခက်ကိုက်၊ အနားသံ လေးသစ် ရွှေပိန်း၊ ဦးခက် ထိပ်ဆောင်း မြီးပျမ်း ရင်ပတ် သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန်၊ သက္ကလတ်တင်ရန်း၊ စက်ရွှန်းသုံးဆင့်၊ ဆင်ပေါင်းဝန်းအချက်အထွတ်ရွှေ၊ အမိုးရွှေနှစ်စု အနီတစု၊ ကတောင်း ရွှေပြည့်ရေး၊ ကခွက်ရွှေနှစ်စုအနီတစု၊ ရဲကခွက် ရွှေနှစ်စု အနီတစု၊ ကတောင်းရွှေပြည့်ရေး၊ အလံကျည် လှံကျည် ရင်းဖျားရွှေတမိုက်၊ ဆင်ကြိုးသက္ကလတ်ဖဲကွပ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ ငွေနှဲကြီးတစ်၊ ငွေနှဲငယ်နှစ်၊ ခရာတစ်၊ လင်းခွင်းတစ်၊ လှော်ကားခိုနန်း ငှက်ပျံချပ်၊ အလယ်နှစ်မိုက်လှပ်၊ ဆံထုံးပရိတ်ချည်သုံးဆင့်၊ ပွဲဘီးဒုယင်အနီ၊ အမအထွတ်ဝတ်ဆံရွှေ၊ ညှောင်ရွက်ရွှေထည့်၊ လုလင်တိုင်အနီအဖြေပန်းဆုပ်၊ ပုံတိုင်လက်ခတ်အနီ၊ အလံဖဲနီ၊ အထွတ်ရွှေ၊ အလံရိုးအလှံကျည် အနီသုတ်၊ ခဲကြိုးရွှေကန်တော့၊ အောင်းနီဦးတပွင့်ပွဲနှစ်ပွင့်၊ တက်မအနီ၊လှော်တက်အဖျူ၊ ခင်းဒုယင်အနီ၊ မှုတ်ရိုးထောက်အနီသုတ်၊ လက်ရန်း အဖြေပန်းဆုပ်အနီ၊ ပွတ်လုံးအနီသုတ်၊အိမ်ခြီမြင်းကြမ်းယက်ကမွတ်သတ်ပေးတော်မူ၏။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းမျာ့းသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း,ပယင်းတွင်းစသော ရတနာတွင်းအပေါင်းတို့၏အရှင်၊ ရတနာပုံ ရွှေပြည်တော်ကြီးကို ရှေးဦးလက်မွန် တည်ထောင် ဘန်ဆင်းတော်မူသော ဆဒ္ဒန်ဆင်မင့်းသခင်, ဆင်ဖြူမျာ့းရှင်, ပဥ္စမသင်္ဂါယနာတင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားလက်ထက်တော် အမိန့်တော်မြတ်နှင့် သက္ကရာဇ်(၁၂၂၉) တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု တော်သလင်းလဆန်း ငါးရက်နေ့ကစ၍ အထူးထူးသောရတနာတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာသော မှန်နန်းတော်ရွှေ ဇေတဝန်ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ်ပညာရှိတို့နှင့် နှိုင်းညှိတိုင်ပင်ပြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ, စာတမ်းစာဟောင်း, မော်ကွန်း, အမိန့်တော်, နေ့စဉ်မှတ်မျာ့းနှင့်အညီ ဆက်လက်စီကုံး ရေးသာ့းသည့် ဒုတိယမဟာရာဇဝင်တော်ကြီး ဒသမတွဲ ဤတွင်ပြီး၏။

ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော် မင်းတရားကြီးလက်ထက်အမိန့်တော်မြတ်နှင့် စီကုံးရေးသာ့းသည့် မှန်နန်းရာဇဝင်တော်သည် ကုန်းဦးမဟာသမ္မတမင်းမြတ်မှ ဘကြီးတော်မင်းတရားကြီးလက်ထက် ၁၁၈၃–ခုနှစ် နတ်တော်လတိုင်သာရေးသာ့း၍ရှိသည်။၎င်းဘကြီးတော်မင်းတရားကြီးလက်ထက် ၁၁၈၃-ခုနှစ်ကစ၍ မဟာရာဇဝင်တော် ဆက်လက်ရေးသာ့းစေ၊ ဘကြီးတော်မင်းတရား

ကြီးလက်ထက် ရေးသားသော မဟာရာဇဝင်တော်ကို ပဌမမဟာရာဇဝင်တော်ကြီး၊ ငါ့ရွှေလက်ထက်တော် ရေးသားသော မဟာရာဇဝင်တော်ကို ဒုတိယမဟာရာဇဝင်တော်ကြီး တွင်စေ၊ မန္တလေးရတနာပုံ ပဌမမြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် မင်းတရားကြီး၏ အမိန့်တော်မြတ်ကို ဦးထိပ်တက် ဆင်ရွက်ရသည့်အတိုင်း ရွှေနန်းဘော်, မှန်နန်းတော်ကြီးရွှေ ဇေတဝန် ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိတို့နှင့် တိုင်ပင်နှိုင်းညှိ၍ ပညာရှိ မှူးတော် မတ်တော်တို့ ကြီးကြပ်စီကုံးရေးသားသည့် ဒုတိယမဟာရာဇဝင်တော်ကြီး ပဌမထုပ်တွဲရေ (၁၀) များသည် ဤတွင်ရွှေ ကံပတ်နိဂုံး အပြီးအဆုံးသို့ ရောက်သတည်း။

* ★ *

ရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီးလက်ထက်တွင်

ဝက်မစွတ်မြို့စားရေးသော

# နိဒါန်း

ဝိဝဋ္ဋဌာ၊ လက်မွန်ခါဠ်၊ ကမလာသန၊ ဖြဟ္မာ့ကိုယ်ရောင်၊ မပြောင်ရွှန်းခိုက်၊ မှောင်ဝန်းပတ်ဝိုက်၊ မိုက်စဉ်အခါ၊ ကမ္ဘာဦးသူ၊ ဗိုလ်ပါဟိန္ဒဂူ၊ ဝှန်ဆူခပင်း၊ လင်းစေလိုကြောင်း၊ သောင်းသောင်းငြာကြော်၊ မြော်ကြီးမြော်စဉ်၊ တိမ်ပေါ်မိုးယံ၊ ဝေဟာနဘန်၊ ယုဂန်ထိပ်ဖျား၊ လှည့်သွားစက်ရှိန်၊ သူရိန်စန္ဒာ၊ ထွန်းလင်းလာသို့၊ သုနာပရန်၊ တမ္ဗဒီပ၊ တိုင်းမအလုံး၊ နိုင်ငံပတ်ကုံး၊ ညွှီးချုံးပူပန်၊ တလိုင်းရန်ဟု၊ ရောင်ဝှန်ညီးညီး၊ သို့သည်မီးကို၊ မိုးကြီးနဝတတ်၊ ဘုန်းရှိန်အာဝသ်၊ ဖြိုင်ဖြိုင်ဖျန်းဆွတ်၊ ငြိမ်းကြောင်း သတ်သော၊ ရတနာသိင်္ဃ-ပဉ္စမ မြို့တည် နန်းတည် အလောင်းမင်းတရားကြီး ဘုရားမှ၊ နေမြစ် ဝံသာ၊ ဆက်သွယ် စဉ်လာ၊ အာဏာဝှန်ဖြိုး၊ တေဇော်တက်တိုး၊ နန်းရိုးနရိန်၊ တန်းခိုးမတိမ်၊ ဆယ်ကြိမ်ကေရာဇ်၊ မြစ်တော်မန္ဒာတ်၊ စက္ကရတ် ဖြစ်တော်မူသော၊ မန္တလာစလ၊ ရတနာပုဏ္ဏ၊ ပဉ္စမရွှေအိမ်၊ ရိပ်ငြိမ်ကွန်းပြောက်၊ ဖြူးဝန်းဆောက်သော၊ ပဥ္စမသင်္ဂါယနာတင်၊ ဆဒ္ဒန်ဆင်မင့်းသခင်၊ ဘဝရှင်မင်းတရားကြီး ဘုရား၊ ဇမ္ဗူသိမ်းကျုံး၊ ရွှေဘုန်းတုလွတ်၊ အထွတ်သနင်း၊ မင်းဖြစ်စိုးယူ၊ ရောက်တော်မူသည်မှ၊ စည်းစိမ်တော် တဆဲ့ ငါးနှစ် မြောက်၊ သာသနာတော် ၂၄၁၁၊ ဝေါဟာရသက္ကရာဇ် ၁၂၂၉-ခုနှစ်ရောက်သောအခါ၊ ဘကြီးတော် ရတနာပူရ စတုတ္ထမြို့တည်နန်းတည် မင်းတရားကြီး ဘုရားလက်ထက်၊ သင်္ဂါယနာ သုံးတန်တင်၊ သာသနာဝင် ကျမ်းဂန်, ကျောက်စာမော်ကွန်း, သမိုင်းစာတမ်း အထွက်အဆိုများကို အရင်းမူလ ပဘာဝအမွန်ပြုလျက်၊ ရှေးရာဇဝင်အစောင်စောင်တို့နှင့် နှီးနှောညှိနှိုင်း၍၊ ယုတ္တာယုတ္တိ၊ ရမိသင့်လျော်စေခြင်းဖြင့်၊ ရဲဟန်းပညာရှိ၊ လူပညာရှိတို့ မှူးကြီး ကြပ်မပြီးလျှင် ဝေါဟာရ သက္ကရာဇ် ၁၁၉၂-ခုနှစ်၊ ကြက်သရေအပေါင်းတို့၏ တည်ရာ၊ ရတနာမျက်မြတ် အပေါင်းတို့ဖြင့် ငြိုးသော မှန်နန်းဆောင်တော်ဦး စနုဆောင်တော်၌ ရေးသားပြုစု စီရင်ခဲ့သော မဟာရာဇဝင်တော်ကြီးသည်၊ ကပ်ဦး မဟာသမ္မတမင်းက အစပြုသဖြင့်၊ ဝေါဟာရသက္ကရာဇ် ၁၁၀၃-ခုနှစ်တွင်ရွှေသာ ရေးသားစီရင်ပြီးပြေရှိသည်

ကို၊ ရွှေလက်ထက်တော် ရဟန်းပညာရှိ လူပညာရှိတို့ ကြပ်မ၍ ဆက်လက်ရေးသားစေ—ပဌမသင်္ဂါယနာတင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်မြွက်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ပိဋကတ္တယ ဆေကာ,ပရိယတ္တိပိသာရဒ, နိကာယဏ္ဏဝပါရဂူ၊ယင်းယည့်ထူဖြစ်တော်မူကြကုန်သော၊တံဆိပ်တော်ရဆရာတော်ကြီးတို့ကို အမှူးထား၍၊ ပညာရှိကန္ဒီအတွင်းဝန် ဆောမြို့စား မင်းကြီးမဟာမင်းခေါင်သခ်ယာ, အိမ်ရှေ့အတွင်းဝန် မဟာဇေယသခ်ယာ, သံတော်ဆင့် ရတနာလှေကားတော်မှူး ပိဋကတ်တော် အုပ် မိုင်းနိုင်း မြို့စား, နောက်အတွင်းဝန် ခင်မမင်းဝန်မင်းကြီးသီရိမဟာဇေယသူ, စာရေးကြီး မင်းလှဇေယသူတို့ ကြပ်မကြည့်ရှုပြုစုသုတ်သင် စီရင်ရေးသားခြင်းဖြင့် ရွှေနန်းတော်ကြီး နန်းဦးဇေတဝန်ဆောင် တော်တွင် စီရင်ပြုစု ရေးသား ကြရာ၊ ပဌမ သင်္ဂါယနာတင် မင်းတရားကြီးဘုရား မန္တလေးရတနာပုံရွှေမြို့တော်သို့ ထွက်ချိပြောင်းစံတော်မမူမီ၊အမရပူရမြို့တော်တွင် စံနေတော်မူဆဲအခါ၊ ဂေါစာသက္ကရာဇ် ၁၂၁၆-ခုနှစ် ပေါက်မြောက်ရုံသာလျှင် စီကုံးရေးသား ပြီးပြေသည့်နောင် မန္တလေးရတနာပုံ ဒုတိယ နန်းစံ မင်းတရားကြီးဘုရား လက်ထက်တော်ရောက် နှစ်ပေါင်းသုံးဆယ်ကျော်တိုင်တိုင် ရာဇဝင်တော် အဆက်ပြတ်ကင်း မပြီးမပြေရှိသည်ကို၊ အမရပူရပဌမမြို့တည်နန်းတည် မင်းတရားကြီးဘုရား၏သားတော်၊ ပဌမဝန်းသိုမြို့၊ ယင်းနောက် ကောလင်းမြို့ကိုစားရသော ငင်းသားကြီးမင်းရဲမြတ်စွာနှင့် နောင်တော် ဆင်ဖြူရှင်မင်းတရားကြီးဘုရား့-သမီးတော်ထန်းတပင်မြို့စား မင်းသမီးသီရိပဘာဒေဝီ-စုံဘက်ရာတွင်မြင်သောသားတော် နေရာနေမင်းသားကြီး သီရိသုဓမ္မရာဇာ၊၎င်း၏သားတော် မြင်းမှူးမင်းသား မင်းရဲသီဟကျော်က မွေးဖွားသူ မဟာဆွေတော်မျိုးတော်အစစ်ဖြစ်သော ဇာတိရှိသဖြင့် လောကုတ်လောကီ၊ အညီပင်မ၊ အရင်းစသော၊ သဒ္ဒတ္ထကဗျာသုတတို့၌၊ မန္တာခိဋ္ဌ၊ ဝယနုနယ်၊ ငယ်ရွယ်စဉ်အခါကပင်၊ အထုံဝါသနာ၊ အာသာဆန္ဒအားဖြင့်၊ သုံးတေသန၊ သုတိန္တိတ၊ သုတသန္နိစယအဖြစ်၊ အစဉ်မပြတ် ဆည်းပူးရှာမှီးလေ့ ရှိရကား .... အင်္ဂလိပ်, အိုင်ရလံ, စကော့တလံမည်သီး၊ ဘိလပ်ကျွန်းကြီး၏ အရှင်၊ ကေရီဘုရင်မ ဘုရား၊ မြန်မာ နိုင်ငံတော်အလုံးကို သိမ်းကျုံးစိုးအုပ်တော်မူဦးစအခါ၊ ကာလညှုစစ် ခေတ်၏အခလျှောက် အမိုးရမင်း အလုပ်ဝတ်တရားကို ကြိုးပမ်းအားထုတ် လုပ်ကိုင်ထမ်းရွက်ရာ၊ မြို့နယ်ပိုင်အရာရှိရာထူး၊ ဆဗ္ဗဒိဗိဇ် နယ်ပိုင်ဝန်ထောက်

အလုပ်နှင့် ဒုတိယဝန်ထောက်ကြီး ရာထူးများကို အစဉ်သဖြင့် တိုးတက် ချီးမြှောက်ခန့်ထားခြင်းခံရပြီးလျှင် အမှုထမ်းကောင်းတံဆိပ်ရမင်း ကြက်သရေဆောင်ရွှေစလွယ်ရမင်း ဘွဲ့တံဆိပ်များကိုလည်း ချီးမြှင့်ပေးသနားခြင်းခံရသော အငြိမ်းပင်စင်စား ဒုတိယဝန်ထောက်မင်း မောင်မောင်တင် (I) K.S.M.,A.T.M. သည် အမျိုးလေးပါးတို့တွင် မင်းဆွေစိုးမျိုးအရိုးစဉ်လာဖြစ်သဖြင့် သာသနာပြု တိုင်းပြုပြည်ထောင် မင်းခေါင်မင်းဖျား မင်းတရားတို့၏ ရာဇဗိန္ဒ၊ ရာဇာနုဘာဝ၊ ရာဇသိရီ၊ သမ္ဘတ္တိဂုဏ်ကျေးဇူးတော်ရပ်များကို အထူးလေးမြတ် ရိုသေစွာ အစဉ်စောင့်ရှောက် ချီးမြှောက်ကော်ရော် ထုတ်ဖော် ထင်ရှားစေအပ်သော ဝတ်တရားရင်းရှိသည်နှင့်အညီ ရွှေနန်းစဉ်ဆက် အလေးအမြတ် မှတ်သားမြဲ နေ့စဉ်မှတ်တမ်း အမှတ်အသား ထုတ်ပြန်တော်မူသည့် အမိန့်တော်ပြန်တမ်း တိုင်းရေးပြည်မှု သဘင်ပွဲလမ်း မင်းခမ်းမင်းနားနှင့်စပ်၍ ဆိုင်သင့်ရာရာ မူးတော် မတ်တော် အရာရှိတို့ လုပ်ကိုင် စီမံယမ်းရွက်ရသော အခွင့်ကိစ္စအကျောက် ဆင့်ဆိုရေးမှတ် ရွက်ဆောင်ခဲ့ကြသော စာတမ်းစာရင်းအမှတ်အသားများမှစ၍ ဒဗ္ဗိကမ္မအဖြစ် ခိုင်ခန့်မြဲမြံစွာမှတ်သားသင့်သမျှကို ကာလအရှည် မနေမနား အစဉ်မပြတ် မဟုဿာဟ လုံ့လကြီးပမ်း ရှူးစမ်းထောက်လှမ်း မေးမြန်းရှာဖွေ စုဆောင်း ဆည်းပူးခြင်းတို့ဖြင့် ဤမဟာရာဇဝင်တော်ကြီးကို ဆက်လက်စီရင် ပြုစုရေးသားပါသတည်း၊၊

ယင်းသည့် နိဒါန်းသည် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ဆက်လက်ရေးသား ပုံနှိပ်လုပ်ဆောင်ရန် အားပေးကူညီ ထောက်ပံ့သည့်သဘောအားဖြင့် ရတနာပုံနေပြည်တော်ကြီး ဒုတိယနန်းစံ မာရ်အောင်ရတနာ စေတီတော်ဒါယကာ မင်းတရားကြီးလက်ထက်တော် မင်းကြီးမင်းထင် မဟာစည်သူ-ဘွဲ့နှင့် ခန့်ထား သူကောင်းပြုသည်ကိုခံရသည့် မူးတော် မတ်တော်ကြီး ဖြစ်သော ဝက်မစွတ်မြို့စား ဝန်ထောက်တော်မင်း စီကုံးရေးသားသည့် နိဒါန်းဖြစ်ပါသည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးကို ဆက်လက်ရေးသားခြင်း၏

# အချီးစာတမ်း စသည်များ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ဇယတု····မရမ္မလောက မြန်ဒေသဒ္ဓ တိုင်းနေပြည်သူ ရှင်လူများစွာ သတ္တဝါ အပေါင်းတို့၏ အကျိုးစီးပွားကို ချီးမြင့် ရွက်ဆောင်တော်မူခြင်း-လောကတ္တစရိယ၊ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားကို ချီး မြှင့် ရွက်ဆောင်တော်မူခြင်း-ဉာတတ္တစရိယ၊ ဘုရားစင်စစ် ဖြစ်ထိုက်တန်ရာ စိတ်ဖြာရေပြွမ်း ငြမ်း၏သဘွယ်ဖြစ်သော ပယ်အပ်ကျင့်စဉ် ဓမ္မဥ္စရ ဖြစ်သော ဒါနဓမ္မသံယမစသော ကိုယ်တော်ကျိုးအားလုံးကို ပေါင်းရုံး ချီးမြှင့် ရွက်ဆောင်တော်မူခြင်း-ဗုဒ္ဓတ္တစရိယဟူသော တရားသုံးပါးတို့ကို ကျင့်ဆောင်တော်မူသော ဇာတိပုည ဂုဏမဟတ္တဖြစ်သော မြတ်သော ဘုန်းကြက်သရေအပေါင်းတို့နှင့် ပြည့်စုံတော်မူသော ဝိဝဋ္ဋဌာယီ ကပ်၏ အဦးအစ အာဒိစ္စဝံသ ဥက္ကာဝံသမင်းမျိုးမှ အစဉ်သဖြင့် ဆင်းသက်သော ဇမ္ဗူဒိပါကျွန်းအပြင်၌ ထူးမြတ်သောဘုန်းသမ္ဘာအာဏာတန်ခိုးနှင့်ပြည့် စုံတော်မူသော ဇနာဓိပတိ ဘူမိပါလ ဘူနာထစသော ပညပ်အပေါင်း တို့ဖြင့် ထင်ရှားသော နေနတ်နွယ်လာ မဟာဝင်ဇာတ်ဖြစ်သော ကုန်း ဘောင်အာဒိ ဝရာဘိဇနိန် ကွာပိန္ဒရာဇ် နတ်စစ်သမ္ဘုတ် သာကီနရိန္ဒာ ရတနာသိင်္ဃ ရွှေပြည်မ၌ ဘေဇဘုန်းမီး ညီးညီးတောက်ထင်း မင်းထက် မင်းမှ သက်ဆင်းမပြား သားတော်မြေးမြစ် ကောရာဇ်နှင်နှင် ဘုရင်ပရမေ ကြက်သရေမင်္ဂလာ တေဇာဓိမိုင်း ပြည့်လျှိုင်းတန်ခိုး ဇွေကကြိုးပြီး ဘုန်းမိုး မြင့်မြတ် အဗ္ဗုပွတ်ဖြင့် တမွတ်မှန်ကင်း အကြောင်းခြင်းနှင့် မင်းတို့၏ အစဉ်ကို ပြဋ္ဌန်ရာဖြစ်သော မဟာရာဇဝံသရာဇဒီပက ကျမ်းကြီးကို ရတ နာပူရ စတုတ္ထကြင့်နှန်း ဘန်ဆန်းကွန်းပြောက် ဖြိုးမောက်ငွါးငွါး သိကြား စံရာ ဝတီ သာနှင့် ပမာတရထည် မြို့တည်နန်းတည် ဖြစ်တော်မူသော ဆဒ္ဒန်ဆင်မင့်းသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား ရွှေလက် ထက်တော် အမိန့်တော်မြတ်နှင့် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူး မတ်ပညာရှိတို့ မှန်နန်းတော်ဆောင်တော်ဦး နန်းမဝနေ၌ရှိုင်းညှိ၍ အသင့် ယုတ္တိကျမ်းဂန် အာဂုံများနှင့် အညီ သုတ်သင် စီရင် ရေးသားတော်မူ

သည့်တွင် ရတနာသိင်္ခ ကုန်းဘောင် ပြည်ထောင် အလောင်မင်းတရားကြီးဘုရား၏ ရွှေလက်ထက်တော် ဂေါစာသက္ကရာဇ် ၁၁၁၃-ခု နှစ်ကစ၍ သားတော် စစ်ကိုင်းမြို့တည်နန်းတည် ကန်တွင်းစည်းခံဒါယကာ နောင်တော်မင်းတရားကြီး,ညီတော် ရတနာပူရတတိယမြို့တည်နန်းတည် နိဗ္ဗာန်ဆိပ်ဦးစေတီတော်ဒါယကာ ဆင်ဖြူရှင်မင်းတရားကြီး,သားတော် မဟာမဂ်လာရွှေဘုံငါးထပ်ကျောင်းကြီးဒါယကာ စဥ္စကူးမင်းတရားကြီး, နောင်တော်မင်းတရားကြီးဘုရားသားတော်ဘောင်းကားမင်း,အလောင်းမင်းတရားကြီးဘုရား သားတော်လတ်ဖြစ်သော အမရပူရ ပဌမမြို့တည်နန်းတည် နိဗ္ဗာနပစ္စယနာဂရာဇာ ဆဒ္ဒန်ဆင်မင့်းသခင် အသျှင်ဘဝရှင်မင်းတရားကြီး, မြေးတော်ဝိဇယရံသီစေတီတော်ဒါယကာ မင်းတရားကြီးဘုရား ရွှေလက်ထက်တော် ဂေါစာ သက္ကရာဇ် ၁၁၈၃-ခုနှစ် နတ်တော်လဆန်း ၉-ရက်နေ့ တိုင်ရုံသာလျှင် ရေးသားပြီးပြေသောကြောင့် ရတနာပုံ ရွှေဘုံကြငှန်း သိုက်မန်းမကုဋ္ဌ ထောင်ဦးစသော ပဥ္စမသင်္ဂါယနာတင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရား ရွှေလက်ထက်တော် အမိန့်တော်မြတ်နှင့် အထူးထူးသောရတနာတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာသော မှန်နန်းတော်ရွှေ ဇေတဝန်ဆောင်တော်တွင် ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, မှူးမတ်ပညာရှိတို့နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ,စာတမ်း စာဟောင်း, မော်ကွန်း, အမိန့်တော်, နေ့စဥ်မှတ်များနှင့် အညီ ဂေါစာသက္ကရာဇ် ၁၁၈၃-ခုနှစ် အတွင်းကစ၍ ဆက်လက်စီကုံးရေးသားတော်မူရာ ရတနာပူရ စတုတ္ထမြို့တည်နန်းတည် မဟာဝိဇယရံသီ စည်းခံတော်ဒါယကာ မင်းတရားကြီး, ညီတော် အမရပူရဒုတိယမြို့တည်နန်းတည် လောကမဏိစူဠာစေတီတော် ဒါယကာ မင်းတရားကြီး,သားတော်အမရပူရစတုတ္ထနန်းစံ မဟာလောကရံသီစေတီတော်ဒါယကာမင်းတရားကြီး,ညီတော် ရတနာပုံပဌမမြို့တည်နန်းတည် မဟာလောကမာရဇိန်စေတီတော်ဒါယကာ ပဥ္စမသင်္ဂါယနာတင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရားရွှေလက်ထက်တော် ဂေါစာသက္ကရာဇ် ၁၂၁၆-ခုနှစ်တိုင်ရုံသာလျှင်စီကုံးရေးသားပြီးပြေသောကြောင့်ဆက်လက်ရေးသားရန်ရှိသော ကုန်းဘောင်ဝံသ ဒီပက၏ ပဝရမြင့်မြတ် အတ္ထုပ္ပတ်ဖြင့် တုလွတ်ဘက်ကင်း မှန်ကင်းသတ္တယ်ဖြစ်သောရာဇဝင်တော်ကြီးကို အစဥ်မပျက် အဆက်မပြတ် ဆက်လက်ရေးသားသည်ဖြစ်မှ စေတီဂူကျောင်းစသော ရတနာသုံးပါးနှင့် စပ်လျဉ်းသည့် အရာများ ပျောက်ပျက်တိမ်

မြုပ် ငုပ်ကွယ်ခြင်းမရှိ အမွန်ရှည်စွာ ထင်ရှားကျော်စောရန် အကြောင်းရှိသည့်ပြင် သုတေသန, သုတကာမ, သုတရေ, သုတသန္နိစယ ပုဂ္ဂိုလ်မွန်တို့ အကျိုးစီးပွားလည်း မြောက်မြားမည် ဖြစ်သောကြောင့် သုတိစိတ္တအရာ၌ အာသာဆန္ဒ အားကြီးလှသော မင်းရဲသီဟကျော် ဘွဲ့မည်တော်ရှိသော မြင်းမှူးမင်းသားကြီး၏သား အငြိမ်းပင်စင်စားဝန်ထောက် ကြက်သရေဆောင် ရွှေစလွယ်ရမင်း အမှုထမ်းကောင်းတံဆိပ်ရမင်းဘွဲ့များကို ရရှိသူ ဦးတင် (I) K. S M., A. T. M. သည် ဂေါစာ သက္ကရာဇ် ၁၂၆၇-ခုနှစ် သမယ ကာလအတိတ် အောင်ပိတ်ဇေယာ မင်္ဂလာမျိုးလိုင် စေဥ္စကိုင်တွင် မြို့နယ်ပိုင်အရာရှိ အဖြစ်နှင့် အစိုးရအမှုတော်ကို ထမ်းရွက် လုပ်ကိုင် နေဆဲအခါ ရှာဖွေစုဆောင်း အပေါင်းခတ္တိယဝံသ အခွစထင်ရှား မင်းသားမင်းသမီး မှူးတော်မတ်တော်ကြီးများလက်မှ ရရှိသော နေ့စဉ်မှတ် အရပ်ရပ်စားတမ်းစာရင်းများနှင့် အညီ ဆက်လက်စီကုံးရေးသားပြီးလျှင် ပဌမအကြိမ်ပုံနှိပ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သော်လည်း ဤစဉ်ကာလ အခါသမယက ရာဇဝင်တော်ကျမ်းတွင် ပါဝင်ထည့်သွင်းရန် ထိုက်သက်သော အခမ်းအနားကြီးများ၏ စာတမ်းစာရင်း အမှတ်အသား အမိန့်တော်ပြန်တမ်းစသည်များကို ပြည့်စုံလုံလောက်အောင်မရဖြစ်၍ ရောင့်ရဲတင်းတိမ်ခြင်းမရှိရကား ရာဇသေဝကအဖြစ်မှ လွတ်လပ်ခွင့်ပေးပြီးလျှင် အငြိမ်းပင်စင်စားဝန်ထောက်နေရာသို့ ဂေါစာတွက်ကိန်းကြိန်းအဌ ဒွေးကေဖြင့် ဝဿနှစ်ဟု သက္ကရာဇ်ပြုပြီး ဥတုဟေမန္တ မကာရရာသီ ဗာဟီပြင်ခန်း နေနန်းစက်မွန် သရဝဏ်ကြယ် ပါဒ်နှစ်သွယ်ဖြင့် မိုးလယ်ထွန်းပ တောက်ပြောင်စွသား မာသပြာသို ယင်းထိုလဆုတ်သမုတ်ပက္ခ ဆိဒြရက်အား နဂါးဒိန နေ့မှစ၍ အစိုးရမင်းက စာရင်းသွင်းမှတ်ဘော် မှုလိုက်သည့်တွင် ကျည်ရှင်ခေတ်ကောင်း နှစ်ထောင်းဝမ်းသာ လိုရာဆန္ဒ ဇာန္တိတကို ဖြည့်ရပေတော့မည်ဟု လွန်ကြည်မနရာဇဝင်တော် ပြင်ဆင်ရေးသားရန် ကိစ္စကို ဒုဟာမဖက် ပရက္ကမဓာတ်အပတ်တကုတ် ကြိုးအားထုတ်၍ ဆုတ်နစ်ခြင်းမရှိသော အဇ္ဈာသယနှင့်တကွ ရှာဖွေစုဆောင်းသည့်တွင် ရတနာပုံရွှေပြည်တော်ကြီးကို ရှေးဦးလက်မွန် တည်ထောင်ဖန်ဆင်းတော်မူသော ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် ပဥ္စမသင်္ဂါယနာတင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ညီတော် သီရိပဝရမဟာသုဓမ္မရာဇာ-တံဆိပ်နာမံရှိတော်မူသော ဥပရာဇာအိမ်ရှေ့မင်း၏သားတော်မြတ် တောင်ဆင်းမြို့စား မင်းသားကြီး စသော

မင်းညီမင်းသား မင်းမိဖုရား ဆွေတော်မျိုးတော်တို့ကရင်း, ဝန်ထောက်တော် ဝက်မစွတ်မြို့စား မင်းကြီး မင်းထင်မဟာစည်သူစသော မှူးတော်မတ်တော် လွှတ်ရုံးခြံတိုက်အရာရှိကြီးတို့ကရင်း ပေးအပ်ကြသည့် အမိန့်တော်ပြန်တမ်း အစောင်စောင်, အခမ်းအနားကြီးများနှင့် ဆိုင်သော စာတမ်းစာရင်း အစောင်စောင်, ယင်းသည့်ပြင် မြန်မာနိုင်ငံတော် အစိုးရမင်း၏အတွင်းဝန်ကြီးအမိန့်ကို တင်ကြို ခံယူရရှိသည့်အတိုင်း အစိုးရဗားနတ်ပိဋကတ်တိုက်တော်မှ ရေးကူးရရှိသော နေ့စဉ်မှတ် အစောင်စောင်တို့နှင့်အညီ ဂေါစာသက္ကရာဇ် (၁၂၈၄) တထောင့်နှစ်ရာ့ရှစ်ဆဲ့လေးခုနှစ် တန်ခူးလအတွင်း ချွတ်ပြင်ဆင်ရေးသားသော ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကား....သက္ကရာဇ် (၁၂၁၆) တထောင့်နှစ်ရာ့တဆဲ့ခြောက်ခု နယုန်လ နတ်မောက်မင်းသ္မား-သား မောင်ဘိုးကို မင်းရဲကျော်ခေါင်ဘွဲ့အမည်နှင့် မြင်းမှူးမင်းသားနေရာမှာ ထားတော်မူ၍ ဗောင်းကတ္တီပါနီ ရွှေသားပန်းကိုး၊ တမာရွက်ထောင်ကိုး၊ဘွဲ့သင်္ကျစ်တပ်၊ ရွှေနားဒောင်းမီးထွန်း၊ ကတ္တီပါဝတ်လုံပဲရုံရွှေဖျင် တမိုက်တဆင့်တပ်၊ ဘွဲ့ဖြူရွှေမြိတ်ရှစ်သစ်၊ ရွှေစလွယ်တဆဲ့နှစ်သွယ်၊ မှောက်တိုရွှေပိန်း၊ ရွှေကုံးစိန်ထောင် တဆဲ့နှစ်၊ ရွှေထိပ်ရွှေထွတ် ငှက်မြတ်နားစိန်ပွင့် တဆဲ့နှစ်၊ ပါးကာ,နားကာ, ရှေ့ကာ, နောက်ကာ, မောက်ရှူ, ပါလည်ကွေးကတ္တီပါနီယက်ပြားကွပ်၊ မျဉ်းတိုကတ္တီပါစိမ်း ယက်ပြားသတ်၊ မျဉ်းရှည်ကတ္တီပါနက်ယက်ပြားသတ်၊ ကွမ်းခွက်လက်ဘက်အိုးတကောင်းဝိတ် ရှစ်ထောင့် ပယင်းတပ်၊ ကွမ်းလိပ်သုံးမြွာ ပယင်းတပ်၊ ရွှေထွေးအင်၊ရွှေပေခမောက်၊ ဓားခွေးမခွေးငယ်နောက်ပိတ် ပတ္တမြားစီ၊ အိမ်မည်းသရီမွမ်း၊ သံပတ်ခုနစ်တန့်ပတ္တမြားစီ၊ ရင်းဖျား သတ္တဒါန်လေးသစ်ခံ ပတ္တမြားစီ၊ ဆွဲကြိုးဗုဒယက်ကန်တော့ လက်ပံကွင်း အနားပတ္တမြားတရစ်စီ၊ ဆောင်ဓားမိုးကြိုးစင် သတ္တလတ်အိတ်နီသွတ်၊ အချက်အထွတ်ရွှေ၊ အရိုးရွှေကြိုဆစ်၊ ကျိုင်းအချက်အထွတ် ရွှေတစ်၊ အအုံအရွက် အရိုးအနီသုတ်၊ထမ်းစင်ခွက်ခါးပန်း အနားဇော့ကွင်း၊ အတွင်းကြယ်၊ ကြာနုတဆင့်၊ကမွတ်သံပွင့်တမြို့ခြူး၊ ဘိနပ်ကုလားပန်း၊ အိမ်အတွင်းညောင်ရွက်၊ အနားမန်းကျည်းရွက်၊ ဘဝါးရွဲ၊ ဖောင်းထိပ်သံပွင့်၊ ပန်းလုကြာ၊ အတွင်းညောင်ရွက်၊ အနားမန်းကျည်းရွက်၊ ဘဝါးရွဲ၊ထောင့်ကြက်ရင် ကုလားပန်း၊ ထောင့်အုပ်ကျေးစေတိုင်၊အုံးတားဘက်ဝန်း၊ မြင်းမိုရ်ကျေးစေတိုင်၊အဖြေမြင်းနားရွှေနှစ်စု, အနီတစု၊ ခါးအနီ၊ မြင်းကကိုင်းညောင်ရွက်ခုနစ်၊သမ္မာ

ရာခွံ ယက်ဖောက်၊ ကတောင်ဆွဲ၊ ဇက်ပါးကာ ရွှေဇဝါဒိပိန်း၊ နင်းနှင်း သိပ်၊ အိမ်မြောင်ရင်ပတ်ကွင်းရွှေဇဝါ၊ ကတောင်ရွှေရေး ဇာမရီရုပ် ပန်းခက်ကိုက်ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်း မြီပျမ်း ရင်ပတ် သက္ကလတ် ကြိုး ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန်၊ သက္ကလတ်တင်ရန်း၊ စက်ရွှန်းသုံး ဆင့်၊ ဆင်ပေါင်းဝန်း အချက်အထွတ်ရွှေ၊ အမိုးရွှေနှစ်စု, အနီတစု၊ ကတောင်ရွှေပြည့်ရေး၊ ကခွက်ရွှေနှစ်စု, အနီတစု၊ ရဲကခွက်ရွှေနှစ်စု, အနီဟာစု၊ ကတောင်း ရွှေပြည့်ရေး၊ အလံကျည်လုံကျည် ရင်းဖျားရွှေ တမိုက်၊ ဆင်ကြိုးသက္ကလတ်ဖဲကွပ်၊ စည်နီခုနစ်၊ စည်ပုတ်ထစ်၊ ပုံသာတစ်၊ ငွေနဲကြီးတစ်၊ ငွေနဲငယ်နှစ်၊ ခရာတစ်၊ လင်းခွင်းတစ်၊ လှော်ကားခိုနန်း ငှက်ပျံချပ်၊ အလယ်နှစ်မိုက်လှပ်၊ ဆံထုံးပရိတ်ချည်သုံးဆင့်၊ ပွဲဘီးတုရင် အနီ၊ အမအထွတ်ဝတ်ဆံရွှေ၊ ညောင်ရွက်ရွှေထည့်၊ လုလင်တိုင်အနီ၊ အဖြေပန်းဆုပ်၊ ပုံတိုင်လက်ခတ်အနီ၊ အလံဖဲနီ၊ အထွတ်ရွှေ၊ အလံရိုး အလုံကျည်အနီသုတ်၊ ခဲကြိုးရွှေကန်တော့၊ အောင်းနီဦးတပွင့်, ပွဲနှစ်ပွင့်၊ တက်မအနီ၊ လှော်တက်အဖျား ခင်တုရင်အနီ၊ မှုတ်ရိုးထောက်အနီသုတ်၊ လက်ရန်းအဖြေပန်းဆုပ်အနီ၊ ပွတ်လုံးအနီသုတ်၊ အိမ်မြီ မြင်းကြမ်းယက် ကမ္ဗတ်သတ်ပေးတော်မူ၏။

အတွင်းဝန် လှေသင်းဝန် မင်းကြီး မဟာဇေယသင်္ခယာကို ဗောင်း ကတ္တီပါနီ ရွှေသားပန်း ကိုး၊ တမာရွက်ထောင် ကိုး၊ ဘွဲ့သင်းကျစ်တပ်၊ ရွှေနားဒေါင်း မီးတွင်း၊ ကတ္တီပါ ဝတ်လုံဖဲရံ ရွှေဖျင် တမိုက်တဆင့် တပ်၊ ဘွဲ့ဖြူရွှေမြိတ် ရှစ်သစ်၊ ရွှေစလွယ် တဆွဲနှစ်သွယ်၊ မှောက်တို ရွှေပိန်း၊ ရွှေကုံးစိန်ထောင် တဆွဲနှစ်၊ ရွှေထိပ်ရွှေထွတ် ငှက်မြတ်နား စိန်ပွင့် တဆွဲနှစ်၊ ပါးကာ, နားကာ, ရွှေကာ, နောက်ကာ, မောက်ရှ, ပါလည်ကွေး ကွမ်းခွက် လက်ဘက်အိုး တကောင်း ပိတ်ရှစ်ထောင့်ပယင်း တစ်၊ ကွမ်းယိပ်သုံးမြှာပယင်းတစ်၊ ငွေထွေးအင်၊ ကတ္တီပါအုံးဝန်း၊ ရွှေ ပေခမောက်၊ ဓားခွေးမ ခွေးငယ်နောက်ပိတ် ပတ္တမြားစီ၊ အိတ်မည်းသရီ မှမ်း၊ သံပတ်ခုနစ်တန်၊ ပတ္တမြားစီ၊ ရင်းဖျားသက္ကဒါန်လေးသစ်ခံ၊ ပတ္တ မြားစီ၊ ဆွဲကြိုးပုဒယက်ကန်တော့ လက်ပံကွင်း၊ အနားပတ္တမြားတရစ်စီ၊ ထီးနီရွှေညောင်ရွက် သုံးဆင့်–ညောင်ရွက်ရေ သုံးဆွဲခြောက်၊ အချက် အထွတ်ရွှေ၊ အရိုးရွှေကြိုဆစ်၊ ကျိုင်းအချက် အထွတ်ရွှေနှစ်၊ အအုံ အရွက်အရိုးအနီသုတ်၊သမ်းစင်ခွက်ခါးပန်းစက်အနားဇော့ကွင်း၊အတွင်း ကြယ်၊ ကြာနတဆင့်၊ ကမ္ဗတ် သံပွင့်တမြို့ခြုံး၊ ဘိနပ် ကုလားပန်း၊ အိမ်

အတွင်းညောင်ရွက်၊ အနားမန်းကျည်းရွက်၊ ဘဝါးရွဲ၊ ဖောင်းထိပ်သံပွင့်၊ ပန်းလှကြာ၊ အတွင်းညောင်ရွက်၊ အနား မန်းကျည်းရွက်၊ ဘဝါးရွဲ၊ ထောင့်ကြက်ရင်ကုလားပန်း၊ ထောင့်အုပ်ကျေးစေတိုင်၊ အုံးတား ဘက်ဝန်း၊ မြင်းမိုရ်ကျေးစေတိုင်အခြေမြင်းနား ရွှေနှစ်စု, အနီတစု၊ ခါးအနီ၊ မြင်းကကိုင်း ညောင်ရွက်ခုနစ်၊ သမ္ဗာရာခွံ ယက်ဖောက်၊ ကတောင်ဆွဲ၊ ဇက်ပါးကာ ငွေဇဝါပိန်း၊ နှင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇဝါ၊ ကတောင်ရွှေရေး၊ ဇာမရီရုပ်ပန်းခက်ကိုက်၊ အနားသံလေးသစ်ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်းမြီးပျမ်း ရင်ပတ်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန်၊ သက္ကလတ်တင်ရန်း၊ စက်ရှန်းသုံးဆင့်၊ ဆင်ပေါင်းဝန်း အချက်အထွတ်ရွှေ၊ အမိုးရွှေနှစ်စု, အနီတစု၊ ကတောင်ရွှေပြည့်ရေး၊ ကခွက်ရွှေနှစ်စု, အနီတစု၊ ရဲကခွက်ရွှေနှစ်စု, အနီတစု၊ ကတောင်ရွှေပြည့်ရေး၊ အလံကျည် လှံကျည်ရင်းဖျားရွှေတမိုက်၊ ဆင်ကြိုးသက္ကလတ်ပဲကွပ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ ငွေနှဲကြီးတစ်၊ ငွေနှဲငယ်နှစ်၊ ခရာတစ်၊ လင်းခွင်းတစ်၊ လှော်ကားခိုနန်းငှက်ပျံချပ်၊ အလယ်နှစ်မိုက်လှပ်၊ ဆံထုံးပရိတ်ချည်သုံးဆင့်၊ပွဲဘီးတုရင်အနီ၊အမအထွတ်ဝတ်ဆံရွှေ၊ညောင်ရွက်ရွှေထည့်၊ လုလင်တိုင်အနီ၊ အခြေပန်းဆုပ်၊ ပုံတိုင်လက်ခတ်နီ၊ အလံဖဲနီ၊ အထွတ်ရွှေ၊ အလံရိုးအလံကျည် အနီသုတ်၊ ခဲကြိုးရွှေကန်တော့၊ အောင်းနီ ဦးတပွင့်–ပွဲနှစ်ပွင့်၊ တက်မအနီ၊ လှော်တက်အဖြူ၊ ခင်တုရင် အမိုးအုံနီ၊ မှုတ်ရိုးထောက် အနီသုတ်၊ လက်ရန်းအခြေ ပန်းဆုပ်အနီ၊ ပွတ်လုံးအနီသုတ်၊ အိမ်ခြီမြင်းကြမ်းယက် ကမ္ဗတ်သတ် ပေးတော်မူ၏။

ကျွန်နေရာနေ နေရာမနေ မှူးတော်မတ်တော်လွှတ်ရုံးအရှိရာမှစ၍ ဝန်အအုပ်အထိန်း တပ်ပေါင်း မြို့စား စုရေးစုကိုင် သူဌေးသူကြွယ် များကိုလည်း အထိုက်အလျောက် ဘွဲ့အမည်အရည် အစီးအနင်း အဆောင်အရွက်ပေးတော်မူ၏။

ထိုနှစ် သုံးဆယ်မြို့ကျေး မြန်လင်တောက ပြည်လေးသင်းအောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်း လေးတောင့်တမိုက် အစွယ်ပြင်ပေါ်တတောင်ခန့် ထူးမြတ်သည့် ဆင်တော်ရောက်သည်ကို ကျုံးသို့သွင်း၍ ကျော့ဖမ်းမြဲ ကျော့ဖမ်းရ၏။

ယင်းသည့်နှစ် အတွင်း ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, နန်းမတော်မိဖုရားခေါင်ကြီးဘုရား တံဆိပ်နာမံခတော် ရေးသား

ထုလုပ်ရန် သံတံဆိပ်ရွှေပေပြားများကို မြောက်စမုတ်တော်ရွှေတွင် တန်ဆောင်းသုံးထပ်နှင့် မှူးတော်မတ်တော်တို့ ကြည့်ရှုကြပ်မ ထုလုပ်ပြီးလျှင် ဘဝရှင်မင်းတရားကြီးဘုရား တံဆိပ်နာမံတော် ရွှေပေအချိန် နှစ်ဆဲ့ရှစ်ကျပ်သုံးမူးတပဲ၊ အနံ တမိုက်တသစ်၊ အလျားတတောင့်တမိုက် ခြောက်သစ်၊ စာထားကျောက်ရစ် တဆဲ့တစ်၊ သင်ပုန်းခေါင်း ကျောက်ရစ်ကိုး၊ အနားကျောက်ရစ်သုံး၊နဝရတ်ပွင့်နှစ်၊ နန်းမတော်မိဖုရားခေါင်ကြီးဖုရား နာမံတော် ရွှေပေအချိန် နှစ်ဆဲ့ရှစ်ကျပ်သုံးမူးတပဲ၊ အနံတမိုက်တသစ်၊ အလျား တတောင့်တမိုက်ခြောက်သစ်၊ စာထားကျောက်ရစ် တဆဲ့တစ်၊ သင်ပုန်းခေါင်းကျောက်ရစ်ကိုး၊ အနားကျောက်ရစ်သုံး၊ နဝရတ်ပွင့်နှစ် လုပ်ဆောင်ပြီးပြေသည်ကို ရွှေနန်းတော် ပြာသာဒ်တော်အတွင်း အခါတော်နှင့် ဝန်ကြီး အတွင်းဝန် မှူးတော်မတ်တော်တို့ကြည့်ကြပ်၍ သီရိသုဓမ္မပဝရ မဟာရာဇာဓိရာဇာ-မည်သော ဘဝရှင်မင်းတရားကြီးတံဆိပ်နာမံတော်, သီရိပဝရ မဟာ ရာဇိန္ဒာ ရတနာဒေဝီ-မည်သော မိဖုရားခေါင်ကြီးဘုရား တံဆိပ်နာမံတော်များကို ရွှေပေတွင်လေခကလက္ခဏာ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော တံဆိပ်ဝန် မင်းလှ ရာဇကျော်ထင်ကို ရေးစေရ၏၊ ဘဝရှင်မင်းတရားကြီးဘုရား၏ သံတံဆိပ်နာမံတော်ကိုလည်း တံဆိပ်ဝန် မင်းလှရာဇကျော်ထင် ရေးပေးသည့်အတိုင်း သံတံဆိပ်တုံးဘော်ကို အက္ခရာဝဋ်မှန်ကန်သေချာစွာ အတွင်းပန်းဘဲခေါင်းကို ထုလုပ်စေရ၏။

သက္ကရာဇ် (၁၂၁၆) တထောင့်နှစ်ရာ့တဆဲ့ခြောက်ခု နယုန်လဆန်းသုံးရက်နေ့ လှိုင်ကျွန်းစားတွင် သားတော်ဖွားမြင်သည်၊ ၎င်းလဆန်းခြောက်ရက်နေ့ သားတော်ကံကုန်သည်။ နိုင်ငံတော်ရွှေမျက်နှာ ကျိုင်းရုံးကြီး ကျိုင်းတုံမြို့များမှလည်း အစွန်အနားကျေးရွာများသို့ ဘန်ကောက်စား ညီနှင့် ဇင်းမယ်, လဖုံး, လကွန်း, ဖြဲ, အနန်း, မိုင်းလာစားတို့ ထိပါးနှောင့်ရှက် လာကြောင်းနှင့် မိုးနဲတပ် စစ်ကဲကြီးတို့က လျှောက်ထားကြားသိတော်မူ၍ ချွန်းခေါင်မြို့စားမင်းသားသီရိမဟာဓမ္မရာဇာကို မိုးနဲမိုလ်မှူးခန့်၍ မြို့ကျေးရွာအမှုထမ်းလူ, မြင်းတပ်မိုလ် စစ်ကဲတို့နှင့် မြင်းစီးအမှုထမ်းငါး လူသုံးဆောင်ကျော်, ဆေး ခဲယမ်းမီးကျောက် စစ်ကိရိယာအစုံခန့်ထားပေးအပ်၍ ထိုသက္ကရာဇ် နယုန်လဆန်းတဆဲ့တရက်စနေနေ့ အခါတော်နှင့်ထွက်၍ အမရပူရမြို့အရှေ့တောင် နရကန်ရွာရှေ့ ဥယျာဉ်ကို ရန်လုံးအောင်တပ်သမုတ်ပြီးလျှင် အောင်တပ်တော်ချရ၏။

## အရှင်နှစ်ပါးသကြိန်ခေါ်ခြင်း, ဥကင်တော်ဖွင့်ခြင်းစသည်နှင့် ဆရာတော်အမျာကို တံဆိပ်လှူခြင်း

ထိုနှစ် ဥကင်တော်ဖွင့် သင်္ကြန်းတော်ခေါ် အခမ်းအနားမှာ အခါတော်မရောက်မီ အရှေ့သင်္ကြိန်တော်မှာ ရွှေနန်းတော်အနောက်မြောက်ထောင့် ဥယျာဉ်တော်အတွင်း, အနောက်သင်္ကြိန်တော်မှာ မြေနန်းတော်အရှေ့တောင်နန်းမြို့ရိုးအနီးတွင် သင်္ကြိန်တန်ဆောင်း,ဝတ်လဲတန်ဆောင်း, ပရိတ်နာတန်ဆောင်းဆောက်လုပ်ပြီးလျှင် သင်္ကြိန်တော်မခေါ်မီတရက်က အရှေ့သင်္ကြိန် ပရိတ်နာတန်ဆောင်းတွင် မကိုဋ်တော်,တုယင်တော်, ဝတ်လဲတော်, မိဖုရားခေါင်ကြီး ဥဂ္ဂတ်တော် အဆင်တန်ဆာတော်များကို သင်္ဂြာတော် ရှစ်ပါးပင့်၍ ပရိတ်တော်ရေ ခံပြီးလျှင် ဥကင်တော်ဖွင့် သင်္ကြိန်တော်ခေါ် စာတမ်းစာရင်းထွက်အတိုင်း ယင်းသည့်သက္ကရာဇ် နယုန်လပြည့်ကျော်တရက် သောကြာနေ့ အခါတော်နှင့် သင်္ကြိန်ခေါ်တော်မူ၏၊ အိမ်ရှေ့မင်း မင်းညီမင်းသား မှူးတော်မတ်တော်တို့လည်း စာရင်းရန်ထားပါသည့်အတိုင်း သနားတော်မြတ်ခံရသည့်အဝတ်အဆင်ကို ဆင်ယင်၍ အရှေ့သင်္ကြိန်တော်တွင်လိုက်ကြရ၏၊ အနောက်သင်္ကြိန်တော်သို့ စာရင်းရန်ထားရာပါသည့် မင်းမိဖုရား ကတော်မယား ဝန်ကြီး အတွင်းဝန် အရာရှိတို့လည်း သနားတော်မြတ်ခံရသည့် အဝတ်အဆင်ကို ဆင်ယင်၍ လိုက်ကြရ၏။ ဘေးမဲ့ ပေးတော်မူသည့် တိရစ္ဆာန်,ခိုးသားယောကျ်ားများကို အနောက် တံခါးတော်က မြို့စာရေးတို့ ကြည့်ကြပ်ဆောင်ယူစေ၍ ဘေးမဲ့ပေးတော်မူ၏။

ထိုနေ့ အင်းလေးရွာ ငွေခွန်မှူးက ထူးမြတ်သောမြင်းတစ် ဆက်သည်ကို ကြိုယူဆက်သွင်းစေ၍ နတ်သယာဉ်ပျံ-အမည်ပေးတော်မူ၏။ မဟာဥကင်ဖွင့်တော်မူမည့်နေ့ ထွက်တော်မမူမီ အိမ်ရှေ့မင်းမှစ၍ မင်းညီမင်းသား မှူးကြီးမတ်ကြီးတို့ သနားတော်မြတ် ခံရသည့် အဝတ်အဆင်အဆောင်အရွက်များကို ဝတ်ဆင်ခင်းကျင်း ကန်တော့ပွဲတက်ဝင်ကြရာ အရောက်စုံညီလျှင် ထိုသက္ကရာဇ် နယုန်လပြည့်ကျော် ခြောက်ရက်နေ့ နံနက် တချက်တီးကျော် သုံးပါဒ်အချိန် အခါတော်နှင့် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရား မကိုဋ်တော်, တုယင် တော်, ခြေနင်း, သားမြီးယပ်၊ နန်းမတော် မိဖုရားကြီးမှာလည်း ဥဂ္ဂတ်တော်, မဟာလတာ တန်ဆာတော်များကို ဆင်ယင်တော်မူ၍ သီဟာသန ရာဇ

ပလ္လင်တော်သို့ ထွက်တော်မူရာ ရတနာသုံးပါး, မင်းရုပ်တုတော် ပူဇော်တော်ပွဲများကို ဆက်သမြဲဆက်သရ၏။

သီဟာသနရာဇပလ္လင်တော်သို့ ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား နှစ်ပါးစံတော်မူမိလျှင် ဘိသိက်တော်ဆက် ပုဏ္ဏားတို့ ဘိသိက်ဆက်ပြီးနောက် သီရိသုဓမ္မပဝရ မဟာရာဇာဓိရာဇာ-မည်သော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား တံဆိပ်နာမံတော်ကို မြတပ် ပတ္တမြားအပြည့်စီ ရှစ်ထောင့် ကွမ်းခွက်တွင်တင်၍ အတွင်းဝန် လောင်းရှည်မြို့စား ဖတ်ကြေညာပြီးလျှင် ညောင်အုပ်မင်းသား ပိုက်ချီဆက်သရ၏။

သီရိပဝရမဟာရာဇိန္ဒာရတနာဒေဝီ-မည်သောမိဖုရားခေါင်ကြီးဘုရား နာမံတော်ကိုလည်း မြတပ်ပတ္တမြားအပြည့်စီ ရှစ်ထောင့် ကွမ်းခွက်တွင်တင်၍ အတွင်းဝန် ခန်းပတ်မြို့စား ဖတ်ကြေညာပြီးလျှင် လှိုင်းတက်မင်းသား ဆက်သရ၏။

ပြီးလျှင်သက်တော်ရှည်အမတ်ကို ပေးမြဲပေး၍ ဥကင်ဖွင့်စာတမ်း စာရင်းထွက်အတိုင်း ဘုရားခုနစ်ဆူအလှူတော်ရွှေမြို့တော်ပတ်လည်ဝန်းကျင် အကြေအညာတယူဇနာစီ ဘေးမဲ့ပေးတော်မူပြီးလျှင် ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း စော်ဘွား,မြို့စား,မြို့ဝန်,စစ်ကဲတို့ထံရာဇဝတ်မှုတရားမမှုများနှင့် အရပ်ရပ် ထောင်တန်း အကျဉ်းခံနေရသူ သားငှက်တိရစ္ဆာန် အလှောင်အထား ရှိသည်များကို အထက်အမိန့်တော်ပြန်သည့် အတိုင်း ဥကင်တော်ဖွင့်သည့်နေ့တချိန်တခါတည်းကုန်စင်အောင်လွှတ်ရ၏။အမိန့်တော်, လက်ဆောင်တော်ဆက်စာ, မင်္ဂလာစကား, မင်္ဂလာရတုများကို နာခံတော် သံခံတို့ ဖတ်ကြေညာပြီးနောက် ငွေမောင်းသံကို ကြားလျှင် ဝင်တော်မူ၏။

ယင်းသည့် မဟာဥကင်တော်ဖွင့်သည့်နေ့ နံနက်ကစ၍ တဆဲ့နှစ်ရက်တိုင် မြေနန်းတော်သို့ ဘဝရှင် မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား နှစ်ပါးထွက်တော်မူပြီးလျှင် ဆရာတော် သံဃာတော် ငါးရာကို ဆွမ်းလောင်း လှူဒါန်းတော်မူ၏။

ဥကင်တော်ဖွင့် အခမ်းအနားတွင် မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်တို့နှင့် ဆင်တော်,မြင်းတော်များကို ဘွဲ့အမည်အရည် ပေးတော်မူသည်ကား····ဘကြီးတော် ရတနာပူရစတုတ္ထမြို့တည်နန်းတည်

မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးတွင်မြင်သည့် နှမတော်အလယ်နန်းတော်မိဖုရား သီရိ တိလောက မဟာရတနာဒေဝီကို သီရိပဝရ မဟာရတနာဒေဝီ။

မြောက်နန်းတော်မိဖုရားကို သီရိမဟာရတနာမင်္ဂလာဒေဝီ။

အနောက်နန်းတော်မိဖုရားကို သီရိမဟာသုစန္ဒာဒေဝီ။

ဘထွေးတော် မိုးနဲဗိုလ်မှူးမင်းသားသမီး နှမတော်သီရိမဟာသုပဘာဒေဝီကို သီရိမဟာမင်္ဂလာ သုပဘာဒေဝီ။

တောင်ဆောင်တော်မိဖုရားကို သီရိသုမင်္ဂလာစန္ဒာမဟေ။

မြောက်ဆောင်တော်မိဖုရားကို သီရိသုမလ္လာ နန္ဒာမဟေ။

တောင်ရွှေရေးဆောင်မိဖုရားကို သီရိရတနာစန္ဒာမဟေ။

မြောက်ရွှေရေးဆောင်မိဖုရားကို သီရိရတနာမင်္ဂလာမဟေ။

စားပွဲတော်တိုက်စားကို သီရိမင်္ဂလာရဇာမဟေ။

ခုနစ်ရွာတိုက်စားကို သီရိရဇာရတနာမဟေ။

တံတိုင်းရှည်ရွာစားကို သီရိနန္ဒာမင်္ဂလာမဟေ။

လင်ပန်းတိုက်စားကို သီရိသုစိတ္တာစန္ဒာမဟေ။

စိန်တုံးတိုက်စားကို သီရိသုပဘာရတနာဒေဝီ။

ရေပွဲတိုက်စားကို သီရိသုပဘာနန္ဒာမဟေ။

မိုးနဲစော်ဘွားသမီးကို သီရိသုနန္ဒာမဟေ။

မြောက်နန်းတော်မိဖုရား ညီမတော်ကို သီရိသုစန္ဒာမဟေ။

လက်ပံစဉ့်ရွာစားကို သီရိသုသာမာမဟေ။

လှိုင်ကျွန်းစားကို သီရိသုစိတ္တာမဟေ။

ကုတ္တိုလှရွာစားကို သီရိသာမာမဟေ။

ပြုကန်ရွာစားကို သီရိမလ္လာမဟေ။

ပန်တော်ခြင်းရွာစားကို သီရိပဘာမဟေ။

သနဇရစ်ရွာစားကို သီရိစိတ္တာမဟေ။

ပြင်စည်ရွာစားကို သီရိစန္ဒာမဟေ။

တောင်ပြီးရွာစားကို သီရိသုမင်္ဂလာမဟေ။

လဲခြားစော်ဘွားသမီးကို သီရိသန်ဒါမဟေ။

သီပေါစော်ဘွားသမီးကို သုသီရိရဇာ။

ညောင်ရွှေစော်ဘွားသမီးကို သုသီရိသာမာ။

စကားမြို့စားနှမကို သုသီရိပဘာ။

ညောင်ရွှေစော်ဘွားသမီးအငယ်ကို သုသီရိစန္ဒာ။
မောက်မယ်စော်ဘွားသမီးကို သုသီရိဥမ္မာ။
ခန္တီးစော်ဘွားသမီး မနန်းမိကို သုသီရိအာသာ၊
ညီမ-မနန်းထားကို သုသီရိကေသာ။
ညီမ-မနန်းသာကို သုသီရိနန္ဒာ။
ညီမ-မနန်းမိုးကို သုသီရိစိတ္တာ။
သမီးတော်ရွှေကူမင်းသမီးကို သီရိသုရတနာဝတီ၊
မပဲမင်းသမီးကို သီရိသုမလ္လာဝတီ။
ညီမတော်ကို သီရိသုစန္ဒာဝတီ။

စားပွဲတော်တိုက်စားတွင် မြင်သည့် သမီးတော်ကို သီရိသုကေသာဝတီ။

ဝန္တရာတိုက်စားတွင်မြင်သည့် သမီးတော်ကို သီရိသုမင်္ဂလာဝတီ။
ညီတော်အိမ်ရှေ့မင်းသမီး မယ်ဖြူကို သီရိအာသာဝတီ။
ညီမ-မယ်စောပုကို သီရိဘဒ္ဒါဝတီ။
ညီမ-မယ်သဲနှစ်ကို သီရိမလ္လာဝတီ။
ညီမ-စမွယ်နဂိုရ်မြို့စားကို သီရိကဥ္စနာဝတီ-အမည်ကိုပေးတော်မူ၏။

ထမ်းစင်, မုတ်လှကန္နား, ထီး,ကျိုင်း, ယာဥ်, အဆင် တန်ဆာ, အဆောင်အရွက် များကိုလည်း နေရာနိမ့်မြင့်ကို ထောက်၍ အထိုက်အလိုက်ပေးတော်မူ၏။ ကျွန်ကိုယ်လုပ်တော် အပျိုတော်တို့ကိုလည်း ဘွဲ့အမည်အရည် အဝတ်အစား အထိုက်အလျောက် ပေးတော်မူ၏။

ညီတော်အိမ်ရှေ့မင်းကို သီရိပဝရ မဟာသုဓမ္မရာဇာ-ဘွဲ့ပေးတော်မူ၏။

မင်းတုန်းမင်းသားကို မဟာသီရိသုဓမ္မရာဇာ။
ချွန်းတောင်မြို့စား မိုးနဲမိုလ်မှူးမင်းသားကို သီရိသုမဟာဓမ္မရာဇာ။
ညောင်အုပ်မင်းသားကို သီရိမဟာသုဓမ္မရာဇာ။
လှိုင်းတက်ခင်းသားကို မဟာသီရိဓမ္မရာဇာ။
ထီးလင်းမင်းသားကို မဟာဓမ္မရာဇာ။
ဆောမင်းသားကို သီရိဓမ္မရာဇာ။
ပြင်စည်မင်းသားကို သုသီရိမဟာဓမ္မရာဇာ။
မင်းတပ်မင်းသားကို သတိုးမင်းလှမင်းထင်။

ယင်းခဲမင်းသားကို သတိုးမင်းလှမင်းခေါင်။
မက္ခရာမင်းသား မောင်သန့်ကို မင်းရဲစည်သူ။
ပေါက်မြိုင်မင်းသားကို သတိုးမင်းလှကျော်ထင်။
မိုးမြိတ်မင်းသမီး-သား မောင်ခန်းမော်ကို မင်းရဲကျော်ထင်။
ညီ-မောင်လတ်ကို မင်းရဲမင်းလှနရာ။
ညီ-မောင်ဘိုးကို မင်းရဲမင်းလှ။
ချွန်းတောင်မြို့စား မိုးနဲဗိုလ်မှူး သီရိသုမဟာဓမ္မရာဇာ့သား-မောင်ဘိုးကြီးကို သတိုးမင်းရဲသီဟသူ။
ကောလင်းမင်းသမီး-သားကို မင်းရဲနန္ဒသူ။
မော်လူးမြို့စားကို မင်းရဲသီဟရာဇာ။
မိုးညှင်းမင်းသမီး-သား-မောင်လတ်ကို မင်းရဲညွန့်။
ဆင်ဝန်မောင်ဘိုးကြီးကို မင်းရဲဇေယကျော်။
တပန်းရာဇာ့သား-မောင်ကြီးကို မင်းရဲရာဇကျော်။
ရခိုင်မင်းသမီး-သား-မောင်လူကို မင်းရဲသီဟသူ။
မောင်ကျေးကို မင်းရဲမင်းလှကျော်ထင်ဘွဲ့ အမည်ပေးတော်မူ၏။ချွန်းတောင်မြို့စား မိုးနဲဗိုလ်မှူးဘွဲ့ကို မိုးနဲရုံးသို့ အကြီးအကြပ်နှင့် စေလွှတ်ပို့ရ၏။

မကွေးမြို့စား ဝန်ကြီးကို သတိုးမင်းကြီး မဟာမင်းလှသီဟသူ။
မိုင်းလုံမြို့စား ဝန်ကြီးကို သတိုးမင်းကြီး မဟာရာဇသင်္ကြံ။
မြို့တောင်မြို့စား ဝန်ကြီးကို သတိုး မင်းကြီးမင်းလှကျော်သူ။
ပုခန်းကြီးမြို့စား ဝန်ကြီးကို သတိုး မင်းကြီးမဟာမင်းလှစည်သူ။
အတွင်းဝန်-ဝက်မစွတ်မြို့စားကို မင်းကြီး မဟာအဘယ။
အတွင်းဝန် ခန်းပတ်မြို့စားကို မင်းကြီးမဟာသီဟသူ။
အတွင်းဝန် ယောင်းရှည်မြို့စားကို မင်းကြီး မဟာစည်သူ။
လှေသင်းအတွင်းဝန်ကို မင်းကြီး မဟာဇေယသင်္ချာ။
ရွှေတိုက်ဝန်ကို မင်းကြီးမဟာသက်တော်ရှည်။
အိမ်ရှေ့ဝန်ကို မင်းကြီးမဟာကျော်ထင်။
ရွှေဝင်းမှူးကို မင်းကြီး မဟာမင်းထင်တန်ဆောင်။
လက်ဝဲဝင်းမှူးကို မင်းကြီး မဟာမင်းခေါင်။
နောက်ဝင်းမှူးကို မင်းကြီး မင်းလှမဟာသူရိန်။
ဗန်းမော်ဝန်ထောက်ကို မဟာမင်းလှစည်သူ။

ဒိုင်းဝန်ထောက်ကို မဟာမင်းလှသီဟသူ။
မြို့သစ်ဝန်ထောက်ကို မဟာမင်းထင်သီဟသူ။
သုံးဆယ်ဝန်ထောက်ကို မဟာမင်းလှကျော်ထင်။
မြစ်စဉ်ဝန်ကို မင်းကြီးမဟာမင်းကျော်မင်းခေါင်။
မယ်တော်ဘုရားဝန်ကို မင်းကြီး မဟာမင်းကျော်မင်းထင်။
နန်းမတော်ဝန်ကို မင်းကြီးမဟာမင်းခေါင်ရာဇာ။
မြင်းစုကြီးဝန်ကို မဟာမင်းထင်။
မြို့ဝန် လမိုင်းဝန်ကို မင်းကြီးမဟာမင်းလှသီရိ။
ကျီဝန်ကို မဟာသီရိစည်သူ။
အသည်ဝန်ကို မဟာသီဟသူရ။
ရွှေနန်းရိုး လမိုင်းဝန်ကို မဟာမင်းထင်ရာဇာ။
ကင်းဝန်ကို မဟာမင်းလှမင်းခေါင်-ဘွဲ့အမည် ပေးတော်မူ၏။ ကျန် အရာရှိ မှူးတော် မတ်တော်, မိုလ်, သေနတ်စာရေး, စုရေးစုကိုင်တို့ကို လည်း အထိုက်အလိုက် ဘွဲ့အမည်အရည် ပေးတော်မူ၏။

ကရင်ဆင်ဖြူတော်ကို ဥပေါသတင်, ကျောက်မော်ဆင်တော်ကို မာတင်ပြောင်မွန်, တောင်ထိပ်ပန်း ဆင်တော်ကို လေးကျွန်း ရန်အောင်, တောင်ဝင်ဆင်တော်ကို ဇမ္ဗူတန်ဆောင်, ဆင်ဖြူငယ်စကားမကို ဘဒ္ဒါ ဝတီ, ဘိုးခေါင်ဆင်တော်ကို ဇမ္ဗူတံဆိပ်, ရှမ်းကလေးဆင်တော်ကို ဇမ္ဗူ ကြက်သရေ, နတ်မောက်ဆင်တော်ကို ဘုန်းရောင်ရွှန်းပွင့်, ပွေးတုတ်မ ဆင်မတော်ကို ဘိုးခေါင်ရင့်မာ, သပြေရိပ်ဆင်တော်ကို ဘုန်းရောင်ရွှန်း, မြိုင်သာဆင်တော်ကို ဘုန်းတောက်ပ, မောင်ကလေး ဆင်တော်ကို ဘုန်း ရောင်ဝင်း-ဘွဲ့တပ်တော်မူ၏။

စီးတော်မြင်းနီကို နတ်သယာဉ်ပျံ၊ ဘောင်းဝတ်ကို နတ်သယာဉ်ကျော်၊ သင်းခွေကို ယာဉ်ကျော်စံထား၊ မြင်းနီကို ဇာနည်ရွှေရောင်၊ မြင်းနီကို မနောမယ၊ မြင်းနီကို ဇာနည်သိန္ဓဝ၊ ဖောင်းဝတ်ကွက်ကို ဇာနည်ယာဉ် ကျော်၊ စိုင်လျော်ကို ယာဉ်ကျော်သိန္ဓဝ၊ သင်းခွေကို နတ်သမဥ္စူ၊ ဖောင်း ဝတ်စိမ်းကို ပုလဲပွင့်ရည်၊ မြင်းနီကို ဇောတိရသ၊ ဖောင်းဝတ်ကို ရွှေစက် ကွန့်မြူး၊ တစီးဖောင်းဝတ်ကို တိမ်တိုက်ကွန့်ရောင်-ဘွဲ့တပ်တော်မူ၏။

ထိုနှစ် နယုန်လ သီဟိုဠ်ကရောက်သည့် သီဟိုဠ်မင်းသား မဟာသီရိ သဒ္ဒါတိဿကို အတွင်းတော်သို့ ဝင်ထွက်ခစားရ၏၊နောက်ပါကျေးကျွန် နှင့်တကွ အဝတ်အစား ငွေတော်လစာ သနားတော်မူ၏။

ဘန်ကောက်စား ညီ ကမ္ဘလုံးပုံသာမိရသနှစ်နှင့် ဇင်းမယ်, လဖုံး, လကွန်း, ပြဲ, အနန်း, မိုင်းလားစားတို့ အထက်တကြိမ်(၁၂၁၄)တထောင့် နှစ်ရာ့တဆဲ့လေးခုနှစ် ထိပါးနှောင့်ရှက်၍ ခုခံတိုက်ခိုက် ပျက်ပြားထွက် ပြေးပြီးနောက် တကြိမ် လူတသောင်းကျော်, ဆင်အများနှင့် ကျိုင်းတုံမြို့ အစွန်းအနား မြို့ကျေးရွာများကို ထိပါးနှောင့်ရှက်လာပြန်၍ ကျိုင်းတုံ စော်ဘွား, ရှမ်းပြည်-မြေလတ်မြို့ကျေးရွာ မြို့စားစော်ဘွားတို့နှင့် မိုင်းပုမြို့ စား မိုးနဲ့တပ်စစ်ကဲ မင်းကြီး မဟာနော်ရထာတို့ အုပ်ကွပ်ချီတက် တိုက် ခိုက်ရာ ထိုသက္ကရာဇ် နယုန်လပြည့်ကျော် ကိုးရက်နေ့ ယွန်း ကလောင် သူပုန်လူတထောင်ကျော် သေကြေပျက်ပြား,ဗုံးအမြောက်, ဆင်,လူအများ နှင့် နန်းမြို့အမတ်, မိုင်ထိုင်မြို့အမတ်တို့ကို အရှင်ရမိ၍ အောင်တော်မူ ကြောင်းများနှင့် မိုးနဲ့ဗိုလ်မှူး မင်းသား သီရိသုမဟာဓမ္မရာဇာ, မိုးနဲ့တပ် ရုံးအရာရှိတို့က ခြေရင်းတော်သို့ လျှောက်ထားလာ၏။

ဝင်းလပြည့်ကျော် ကိုးရက်နေ့ တောင်ဥယျာဉ် စံနန်းတော် ထီးရုံ တော်တွင် ပွဲသဘင် ခံတော်မူသည့်အတွင်း ဘေးမဲ့ အကျဉ်းလွှတ်သည်။ နောက် နောင်တော်ပုဂံမင်းကျွန် ဝန်ကြီးဟောင်း ငပွား၊ ငရွှေကြည်၊ အတွင်းဝန်ဟောင်း ငပုတ်စည်၊ ငပို၊ သား ငဘိုးမောင်၊ ဝန်ထောက် ငထော်နီ၊ လက်ဝဲကြောင်းဗိုလ်ဟောင်းငမြတ်သတော၊ငဘိုးမောင်၊ တရုပ် ဝန်ဟောင်း ငရွှေ၊ အလယ်နန်းဟောင်း အဘ ငသာထွန်းအောင်၊ သား ငကံ၊ ငနှံ၊ ရဲဘက်မြင်းတပ်ဗိုလ်ဟောင်း ငရွှေမောင်တို့ကို ပိုးပုဆိုးတစ်၊ ဗုဏ္ဏန်တုပ် ခေါင်းပေါင်းအုပ်တစ်စီ ဆုပေးတော်မူ၏။ ယင်းသည့်တကြိမ် ဘေးမဲ့အကျဉ်းလွှတ်တော်မူ၍ဆုတော်ပေးပြီးအဆုံး၌ မိုးကြီးအလွန်သည်း ထန်စွာရွာ၏။

လဲခြားစော်ဘွား ကမ္ဘောဇမဟာသီရိဓမ္မရာဇာ ကလောင်အရေးနှင့် အမှုတော်ကိုထမ်းရွက်ပြန်လာရာ ဘော်ဆိုင်ကျေးရွာတွင် သေလွန်သည် ကို ယင်းသည့်လပြည့်ကျော် ဆယ်ရက်နေ့ စော်ဘွားကြီးတို့ သင်္ဂြိုဟ်သည့် နည်း ကောင်းမွန်အောင် သား-ကျမိုင်းက လဲခြားမြို့သို့ ဆောင်ယူသင်္ဂြိုဟ် ရ၏။

ထိုနှစ် နယုန်လပြည့်ကျော် တဆဲ့လေးရက်နေ့ နေပြည်တော် အမရ ပူရ မြို့တွင်းမြို့ပြင် ရှစ်သီတင်းဥပုသ်စောင့်သူတို့ကို တောင်ဥယျာဉ်တော် အတွင်း ထမင်းကျွေးမွေးတော်မူ၏။ နောက်-ထိုဥပုသ်စောင့် လူတို့ကို လည်း သရဏဂုံ, ပဉ္စသီ, အဋ္ဌသီ, သုစရိုက်, ဒုစရိုက်, ပုညကိရိယဝတ္ထု၊

ဆယ်ပါး ပါဠိအနက်များကို ပေးအပ်တော်မူသည်၊ မူရင်းအတိုင်း မှန်ကန်ကျနအောင် ပြန်ဆိုလျှောက်ထားရ၏။ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း ဝါတွင်းသုံးလ ပတ်လုံး သီတင်းစဉ်မပြတ် ဥပုသ်ယူတော်မူ၏။

ယင်းသည့်နေ့ သာသနာပြု ဆရာတော်မေတ္တာရပ်ခံ၍ အလုံမြို့စီရင်စု မောင်းထောင်ရွာတွင် တဖက်ဆည်ကန်အတွင်း ရေပိုးရေမွှား သတ္တဝါ တိရစ္ဆာန်တို့ကို ဘုန်းတော်ကြီးရာ, သက်တော်ရှည်ရာ သောအကြောင်းကိုရည်မှတ်တော်မူ၍ အဖမ်းအဆီး အပစ်အခတ် အသတ်အညှစ်မရှိစေရ ဘေးမဲ့ချမ်းသာ ပေးတော်မူ၏။

အမရပူရရွှေမြို့တော် အတွင်း အနောက် မြောက်ထောင့် ဆင်ကြိုးရွှေဂူဘုရားရင်ပြင်တော်အနီး မြောက်နန်းတော်မိဖုရားသီရိမဟာရတနာမင်္ဂလာဒေဝီက သုဓမ္မာအုတ်စရပ် ဆောက်လုပ်ပြီးပြေသည်ကို ရေစက်တော်သွန်း တံဆိပ်လှူ ထွက်တော်မူရာ သာသနာပြုဆရာတော်နှင့် အရံဆရာတော် သံဃာတော် လေးဆဲ့နှစ်ပါးတို့ကိုတပ်ဦးတော်က ပင့်ဆောင်ကြွသွားတော်မူစေ၍ သာသနာပြုဆရာတော်ကိုလှူရန် တံဆိပ်တုံးများကို ရွှေချဒေါင်းပေါင်တွင်တင်၍ ထီးဖြူအုပ်မိုးပြီးလျှင် မှူးတော်မတ်တော်တို့ ဗောင်းဝတ်လုံစလွယ် ဆင်ယင်ပိုက်ပွေ့စေပြီးမှ ရွှေဖျားစမြောင်သိုင်းနှင့်နှစ်, ၎င်းနောက်-စည်တော်စုံခင်းကျင်း၍ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, အရှင်မိဖုရားခေါင်ကြီးဘုရား, မင်းမိဖုရား, မင်းညီမင်းသား, မှူးတော်မတ်တော်အပေါင်း ခြံရံလျက် သက္ကရာဇ် (၁၂၁၆) တဆောင့်နှစ်ရာ့ တဆဲ့ခြောက်ခု ဝါဆိုလဆန်း နှစ်ရက်နေ့ တပ်တော်ဝင်းတော် အခင်းအကျင်းများနှင့် ထွက်တော်မူပြီးလျှင် သုဓမ္မာစရပ်ကို ရေစက်သွန်းချ လှူဒါန်းတော်မူသည်၊ ဆုတောင်းတော်စာနှင့် တံဆိပ်တုံးများကိုလည်း ဖတ်လျှောက်မြဲဖတ်လျှောက်စေပြီးလျှင်-

သာသနာပြု ဆရာတော်ဘုရားကို-ဧယျံမမ္မာဘိ မုနိဝရ ဉာဏကိတ္တိ သီရိသဒ္ဓမ္မဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု။

ဗားကရာဆရာတော်ကို-ပညာဇောတဓမ္မသီရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု။

ပြည်ဆရာတော်ကို-မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊

ခင်မကန်ဆရာတော်ကို-မဏိဇောတသဒ္ဓမ္မာလင်္ကာရမဟာဓမ္မ ရာဇာဓိရာဇဂုရု။

စံကျောင်းဆရာတော်ကို စန္ဒိမာဘိသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

ထီးလင်းဆရာတော်ကို-ဝိရိယဝရအရိယဝံသမဟာဓမ္မရာဇာဓိရာဇဂုရု။

ဘုံကျော်ဆရာတော်ကို-ပညာသာမိ ကဝိသာရဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု။

စကုဆရာတော်ကို-မုနိန္ဒပရမဓမ္မသီရိမဟာဓမ္မရာဇာဓိရာဇဂုရု။

ထုတ်လန်း ဆရာတော်ကို-အရိယဝံသာလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

ဆင်တဲ ဆရာတော်ကို-ဉာဏကိတ္တိယ တိသာရဓမ္မ မဟာ ဓမ္မ ရာဇာဓိရာဇဂုရု။

ကတိုးဆရာတော်ကို-သာသနဇောတာဘိ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု။

မာရ်အောင်ဆရာတော်ကို-ဇမ္ဗူဒိပဓဇမုနိဝရမဟာဓမ္မရာဇာဓိရာဇဂုရု။

လောကမှန်ကင်း ဆရာတော်ကို-ကလျာဏဝံသ အရိယဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု။

ယင်းတော်ဆရာတော်ကို-ကေသရဝံသသဒ္ဓမ္မသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု။

မဟာဇောဓိ ဆရာတော်ကို-ကဝိန္ဒဓဇဂုဏမဥ္ဇူသာ မဟာဓမ္မရာဇာဓိရာဇဂုရု။

အမရပူရမြို့ဝန်တိုက်နေ အုတ်ကျောင်းဆရာတော် ရှင်ဝါယာမကို-ဝါယာမဓဇသဒ္ဓမ္မသီရိ မဟာဓမ္မရာဇာဓိ ရာဇဂုရု။

သစ်ဆိမ့်ဆရာတော်ကို-တေဇောသာရာဘိပဏ္ဍိတဂုဏမဟာဓမ္မရာဇာဓိရာဇဂုရု။

ညောင်ကန်ဆရာတော်ကို-ဉာဏိန္ဒာဘိ ပဏ္ဍိတပရမ မဟာဓမ္မရာဇာဓိရာဇဂုရု။

သရက်တော ဆရာတော်ကို-မေဓာဘိ မုနိပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

လေးထပ် ဆရာတော်ကို-ပညာသီဟာဘိမုနိ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု။

ဘုံကျော်တိုက်နေ ဆရာတော်ရှင်ဝဏ္ဏကို - ဝိမလာစာရဓမ္မ ဉာဏဓဇ မဟာဓမ္မရာဇဂုရု။

တောင်လေးလုံးဆရာတော်ရှင်ဇယန္တကို-ဇယန္တာဘိဝံသဝရဓဇမဟာ ဓမ္မရာဇဂုရု။

ဂူကြီးဆရာတော်ကို-စန္ဒာဘိသီရိကဝိဓဇမဟာဓမ္မရာဇဂုရု။

အောင်မြေရွှေဘုံ ဆရာတော်ကို-ကေတုဓမ္မဝရာလင်္ကာရဓဇ မဟာဓမ္မ ရာဇဂုရု။

ပုသိန်ဆရာတော်ကို-သဒ္ဓမ္မရံသီအရိယပရမ မဟာဓမ္မရာဇဂုရု။

ခွေးချိုဆရာတော်ကို-ဇနိန္ဒာဘိမုနိယသစိတ္တ မဟာဓမ္မရာဇဂုရု။

ထီးလင်းဆရာတော် ရှင်သီရိကို-သီရိန္ဒာဘိဇောတဓမ္မာလင်္ကာရမဟာ ဓမ္မရာဇဂုရု။

မေဃဝတီ ဆရာတော်ကို-ဇနိန္ဒာဘိဉာဏသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု။

ပင်းဆရာတော်ကို-ခေမာလင်္ကာရဂုဏကိတ္တိသာရမဟာဓမ္မရာဇဂုရု။

အသောကာရာမတိုက်နေ ဆရာတော် ရှင်ဂုဏကို-ဂုဏာဘိဝရ ဓမ္မ ကဝိဇောတ မဟာဓမ္မရာဇဂုရု။

မြင်းဝန်ဆရာတော်ကို-အာဒိစ္စာဘိစက္ကသဒ္ဓမ္မကိတ္တိ မဟာဓမ္မရာဇဂုရု။

ပင်းတလဲ ဆရာတော်ကို-သုဇာတ ပရမ ဂုဏာဘိ သာရ မဟာ ဓမ္မ ရာဇဂုရု။

ရွှေယင်းမာဆရာတော်ကို-ဇာဂရန္တမုနိသဒ္ဓမ္မဝရ မဟာဓမ္မ ရာဇဂုရု။

ဆူးခါးဆရာတော်ကို-နန္ဒမေဓာဘိ သီရိပရမ မဟာဓမ္မရာဇဂုရု။

ရွှေတိုက်ဝန် ဆရာတော်ကို-အရိန္ဒမဝရဗုဒ္ဓိဝိမလ မဟာဓမ္မရာဇဂုရု။

ရွှေတောင်ဆရာတော်ကို-ပဏ္ဍိတဓဇမုနိန္ဒဃောသမဟာဓမ္မရာဇဂုရု။

ကျောက်မြောင်းဆရာတော်ကို-ကေတုမာလာလင်္ကာရဓမ္မရာဇဂုရု။

ဂူကြီးဆရာတော်ကို-ဝရသဓမ္မာဓိအရိယဓဇမဟာဓမ္မရာဇဂုရု။

ငှင်းတိုက် ဆရာတော် ရှင်ဃောသကို-ဃောသဝန္တာစာရာဘိကဝိဓဇ မဟာဓမ္မရာဇဂုရု။

ကျော်အောင်စံထား ဆရာတော်ကို-ကဝိသာရယသကိတ္တိပရမ မဟာ ဓမ္မရာဇဂုရု။

အင်းနားဆရာတော် ရှင်ဓမ္မနန္ဒကို - ဓမ္မနန္ဒာဘိ သီရိဓဇ မဟာဓမ္မ ရာဇဂုရု။

ရေလယ်တိုက် ဆရာတော်ကို — နန္ဒမေဓာစာရ သီရိပရမ မဟာဓမ္မ ရာဇဂုရု၊

အနောက်နန်းတော်တိုက်အုပ်ဆရာတော်ကို-ဝိစာရိန္ဒာဘိသီရိကဝိဓဇ မဟာဓမ္မရာဇဂုရု-ဟူသော တံဆိပ်များကို လှူတော်မူပြီးလျှင် ရွှေနန်းတော်သို့ ဝင်တော်မူ၏။

### မိုးနဲတပ်ပြန်များကို ဆုပေးခြင်း၊ သားတော်‚ညီတော်‚တူတော် များကို ရှင်သာမဏေပြုခြင်း စသည်များ

ထိုနှစ် မိုးနဲမြို့က အမှုတော်ကို လိုက်ထမ်းပြန်ရောက်သည့် အညာမြစ်စဉ် မြို့ကျေးရွာ လူပေါင်းနှစ်ရာ့တဆဲ့နှစ်တို့ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးနှင့် မြေနန်းသို့ ထွက်စံတော်မူ၍ ထမင်းကျွေးမွေးပြီးလျှင် ပိုးပုဆိုး‚ခေါင်းပေါင်း‚ ပုဝါဝိုင်ရေ တစ်စီပေးကမ်းတော်မူပြီးလျှင် သုံးနှစ်အတွင်း မင်းမှုမင်းခင်း စရိတ်ကြေးငွေ အခွဲအခန့်မရှိစေရ အမိန့်တော်နှင့် လွတ်ငြိမ်းစေ၏။

သက္ကရာဇ် (၁၂၁၆) တဆောင့်နှစ်ရာ့တဆဲ့ခြောက်ခု ဝါဆိုလ သားတော်မလွန်မင်းသား သတိုးမင်းလှဇေယသူ‚သားတော်သုံးဆယ်မင်းသား သတိုးမင်းစော‚ သားတော် မြင်ကွန်းမင်းသား သတိုးမင်းလှကျော်စွာ‚ အိမ်ရှေ့မင်းသား-ပန်းထိမ်းမင်းသား သတိုးမင်းလှသီဟသူတို့ကို ခမည်းတော်မင်းတရားလက်ထက် ညီတော်အိမ်ရှေ့မင်းကို နားထွင်းသျှောင်ထုံး အခမ်းအနားနည်း၊ မိထွေးတော်‚ သား-တပယ် မြို့စားကို ဘကြီးတော်မင်းတရားလက်ထက် တောင်ငူမင်း သား-မြင်းမူးမင်းသား မောင်ဘိုးရောင်ကို နားထွင်းသျှောင်ထုံး အခမ်းအနားနည်း ခန့်ထား စီရင်စေ၍ မြေနန်းတော်မြောက် သကြန်တန်ဆောင်းမှာ သကြန်ခေါ်ပြီးလျှင် မြေနန်းတော်သို့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား‚ မိဖုရားခေါင်ကြီးဘုရား နှစ်ပါးထွက်တော်မူ၍ အိမ်ရှေ့မင်း မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်း ခြံရံလျက် စာတမ်းစာရင်းထွက် အတိုင်း အခါတော်နှင့် နားထွင်းသျှောင်ထုံးမင်္ဂလာဆောင်တော်မူပြီးလျှင် သာသနဒါယကာ သာသနာတော်‚ အမွေခံ အကျိုး ရည်တော်မူ၍ ယင်းသည့်လဆန်းတဆဲ့ငါးရက်နေ့ သားတော်သုံးပါးနှင့် အိမ်ရှေ့မင်းသား-ပန်းထိမ်းမင်းသား‚ မိထွေးတော်‚သား-တပယ်မြို့စားတို့ကို ရှင်သာမဏေ အဖြစ် ချီးမြှင့်တော်မူသည်။ တံဆိပ်ရ ဆရာတော် လေးဆဲ့ငါးပါးကို လှူဒါန်းရန် သီးမျိုးစုံပဒေသာပင်ရေလေးဆဲ့ငါး‚ စွန့်ကြဲရန်ပဒေသာပင်

ရေ တရာ့ခုနစ်ဆယ်များကိုလည်း ရေစက်သွန်းချ လှူဒါန်းပေးကမ်းစွန့်ကြဲတော်မူ၏။

ယင်းသည့် ရှင်သာမဏေပြု အခမ်းအနား များတွင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရား, မိဖုရား ခေါင်ကြီး ဘုရား ဥပုသ်ယူတော်မူသည်ဖြစ်၍ ပွဲသဘင် မခင်းမကျင်း မတီးမမှုတ်ရ သားတော်ရှင်သာမဏေတို့ကို ဆရာတော် ဦးစန္ဒိမာထံ အပ်တော်မူ၍ မင်္ဂလာ အိမ်တော်ကို ကျောင်းပြုလုပ် သီတင်းသုံးစေပြီးလျှင် စာပေသင်ကြားရ၏။

ထိုနှစ် နိုင်ငံတော်အတွင်း ဆင်းရဲသား ကျွန်တော်မျိုးတို့မှာ မြေရေစသည်တို့၌ ကံအလျောက် ရွှေအိုး,ငွေအိုးတူးဖော်ရသည်များကို အသာမိက–ဥစ္စာရတနာ မှန်သည့်အတိုင်း မြို့ရှင် ရွာ့ရှင်တို့က အစစ်အကြောအသိမ်းအယူမရှိစေရ၊ အမိန့်တော်နှင့် တူးဖော်ရရင်း သူတို့ကို ရယူစေ၏။

ယင်းသည့် လပြည့်ကျော် တဆဲ့တရက်နေ့ သမီးတော် မယ်မျိုးနှစ်ကို မိုးလှိုင်းမြို့၊မြောက်ရွှေရေးဆောင် မိဖုရားတွင်မြင်သည့် သမီးတော်မယ်မျိုးအံ့ကို ဗန့်ကျီတိုက်အဝင် ဆင်းယည်မြို့များကို မြို့စားပေးတော်မူ၏။

ထိုသက္ကရာဇ် ဝါဆိုလ စလင်းမြို့ဝန် မင်းကြီးမဟာဥဇနာက စကုမြို့ စီရင်စု ရေပုတ်ရွာသူကြီး ငချိန်အိမ်တွင် ငမှုံနှင့် လူတဆယ်ကျော်သားတို့ စကားအကြီးအကျယ်ပြောဆိုသည်ကိုကြားသိ၍ စစ်ကဲမင်းထင်ရန်အောင်ကို အမှုထမ်းလူ ပေးအပ်ဖမ်းဆီးစေရာ အလံဖြူဒေါင်းတံဆိပ်,လေးကျွန်းမင်း အောင်လံလိပ်မှတ် ရေးသားစိုက်ထားသည်ကို မပဲမြို့စီရင်စု သရက်တောတွင်တွေ့ရှိ၍ လေးကျွန်းမင်းခေါ် ငမှုံနှင့် လူတဆယ်ကျော်တို့ကို ဖမ်းဆီးပြီးလျှင် သံရိုးသံရွက် လှံ့စကြာခေါ် တစ်, သေနတ် လက်ရေငါးများနှင့်တကွ ငမှုံနှင့်ပါလူ တဆယ်ကျော်တို့ကို လမ်းခရီးတွင် ထွက်လွတ်တိမ်းရှောင် မရှိစေရ၊ ရွှေစက်တော်ရင်းသို့ အကြီးအကြပ် ခန့်ထားစေလွှတ် လျှောက်ထားပို့ဆက်ရ၏။

ယင်းသည့် ဝါဆိုလ ဘုရား,ကျောင်း, ဝတ္တုကံမိုးမြေ အရံစောင့် ကျွန်သီးတော်တို့နှင့် မင်းမြေမင်းကျွန် ရောနှောယှက်တင် မသန့်မရှင်းရှိသည်ကိုလည်း ရတနာသုံးပါးနှင့် စပ်ဆိုင်သည်ဖြစ်၍ အရပ်ရပ် ကျောက်စာထွက် ဝတ္တုကံမိုးမြေ ကျွန်သီးတော်များကို မင်းမြေမင်းကျွန်တို့နှင့်မထွေးမယှက်ရအောင် သီးသန့်ခြားနား လွှတ်တော်က စာရင်း ဆက်သွင်းရ၏။

ထိုနှစ် ဝါခေါင်လဆန်း တရက်နေ့ မြောက်နန်းတော်မိဖုရားမွေးစားသည့် သမီးတော်အငယ်ကို အင်တောထ်သာဝါးမြို့နှင့် အင်တိုင်းကျွန်းလှုရွာများကို ပေးတော်မူ၏။ အစုသေနတ်စာရေး သွေးသောက်ကြီးတို့ကို ပိုးသားပုဆိုး, ခေါင်းပေါင်းအုပ်, ဝိတ်အုပ် ဆုပေးတော်မူ၏။ ၎င်းလသားတော်မောင်မျိုးထင်ကို ဆားလင်းကြီးရွာကို ပေးတော်မူ၏။

ဝါခေါင်လဆန်း ဆယ်ရက်နေ့ အိမ်ရှေ့မင်းသားငယ် သေလွန်သည်ကို သင့်တင့်ကောင်းမွန်အောင် လုပ်ဆောင်သဂြိုဟ်ရ၏။ ယင်းသည့်နေ့ ရန်ကုန်မြို့နေ အင်္ဂလိပ်ဝန်ကြီး ဖယ်ရာက ပွဲတော်ရ ဒူးရင်းသီး နှစ်ရာ့ငါးဆယ်ကျော် လှေလျှင်နှင့် စေလွှတ်ဆက်သရာ ဆက်သလာသည့် လှေသားတို့ကို ပိုးသားပုဆိုး, ခေါင်းပေါင်းအုပ် အစေ့အငဆုပေးတော်မူ၏။

ယင်းသည့် ဝါခေါင်လ ရောက်စောက်မြို့စား မင်းကျော်ရာဇာသေဉ်လုံက လင်းဇင်းနယ်ဘူးခါးမိုင်းလုံစီရင်စုမိုင်းသေဉ်မြို့အရှေ့တောင်ပေါ်တွင် ထူးမြတ်သည့် လှံစကြာရသည်ကို ရွှေဘဝါးတော်အောက် ဆက်သလာစေ၏။ ကျိုင်းရုံးကြီးစော်ဘွားကလည်း ကျိုင်းရုံးကြီးမြို့တွင် ထူးမြတ်သည့် ရတနာကျောက်တော်ရသည်ကို မြို့စစ်ကဲ မင်းထင်ရဲလှကျော်သူ, အမတ်ဘယားစန္ဒရံ, ဘယားစုံစံတို့ ကြီးကြပ် ပို့ဆက်လာသည်ကို အစဉ်ထုံးစံရှိသည့်အတိုင်း ကြိုယူမြဲ ကြိုယူဆက်သွင်းရ၏။

ထိုသက္ကရာဇ် တော်သလင်းလဆန်း နှစ်ရက်နေ့ ရှေးမင်းတို့ ဆည်ဖို့လုပ်ဆောင်သည့် တမုတ်ဆိုးကန်တော် ပျက်စီးယိုယွင်းသည်ကို ကန်ရေသောက် လယ်ပယ်များ အကျိုးတော် ယုတ်လျော့ပျက်စီးသည်ဖြစ်၍ ငွေတော်ထုတ်ပေးပြီးလျှင် လက်ဖဲဝင်းမှူး မြေဒူးမြို့စား မင်းကြီးမဟာမင်းလှမင်းခေါင်ကို ကြီးကြပ် ဆည်ဖို့လုပ်ဆောင်စေ၏။

ယင်းသည့်လဆန်း လေးရက်နေ့ ရွှေမြို့တော်ကြီးအတွင်း ရွှေလင်းပင်ထောင့်နေ ငကြီးက ကျိုးချိုရှိရသည့် ယောက်သွားပါအချိန် နှစ်ကျပ်ငါးမူးရှိသည့်ပုလဲကို ဆက်သရာ ဆက်သသူ ငကြီးကို အုပ်မျိုးထည်မျိုး ဆုလာဘ်များစွာ ပေးတော်မူ၏။

အမရပူရ မြို့တော်တွင် ပိဋကတ်ကျမ်းဂန် စာပေများကို သင်ကြားနေထိုင်သူ ပဥ္စာလမြို့နေ ရဟန်းရှင်ကေလာသ ပရိယတ္တိ,ပဋိပတ္တိ,ပဋိဝေဓ သာသနာတော်သုံးပါး ပွားစီးကြောင်းဖြစ်သော မြတ်စွာဘုရားဟောကြားတော်မူသော ဥဘတောဝိဘင်း, ဒွေမာတိကာ, မူလသိက္ခာ, ခုဒ္ဒသိက္ခာများကို ယင်းသည့်သက္ကရာဇ် တော်သလင်းလပြည့်ကျော်လေးရက်

နေ့ ဝါစုဠတ ဆောင်ရွက်ပြန်ဆိုနိုင်သည့် ဖြစ်၍ ပဥ္စာလင်္ကါးမြို့နေ မိဘ ပေါက်ဖော် ဆွေမျိုးတို့ကို တိုင်းမင်းမှုမှစ၍ လွတ်ငြိမ်းစေတော်မူ၏။

ထိုသက္ကရာဇ် တော်သလင်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ တံတိုင်း ရှည်ရွာစား သီရိနန္ဒာမင်္ဂလာမဟောတွင်မြင်သည့် သားတော်မောင်မျိုးရုံ ကို ငရနဲမြို့ကို မြို့စားပေးတော်မူ၏။

### ဘင်္ဂလားမြို့ကို သံစေလွှတ်ခြင်း, ပူဇော်ကန်ပြင်ဆင်ခြင်း စသည်နှင့် ကောင်းတုံဝန်ကြီး သေလွန်ခြင်း

ထိုသက္ကရာဇ်အတွင်းအင်္ဂလိပ်အရေးဝိုင်ဝန်ကြီး ဆာအာသာပါဇိဘယ် ဖယ်ရာက အင်္ဂလိပ်ပြည် ဘင်္ဂလားမြို့သို့ မဟာမိတ်အဖြစ် သံစေလွှတ်တော် မူမည်ကို အင်္ဂလိပ်မင်းနှင့် မှူးမတ်အရာရှိတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ် ရှိကြောင်း အလျှောက်အထား ရောက်သည်ဖြစ်၍ နန်းမတော်ဝန် မင်း ကြီး မင်းမဟာ မင်းခေါင်ရာဇာကို-သံကြီး၊ ဝန်ထောက်ဟောင်း မဟာ မင်းထင်မင်းကျော်,ကုလားဝန်မဟာမင်းထင်သီဟသူ, နန်းမတော်ဘုရား စာရေးကြီး ငစဉ့်ကူးမြို့ဝန်မဟာမင်းကျော်ရာဇာတို့ကိုသံလတ်၊ သဘော်ာ တော်စီး မင်းလှမင်းထင်, ဒလမြို့စစ်ကဲ မင်းကျော်မင်းလှမင်းထင် တို့ကို သံငယ်ခန့်ထားပြီးလျှင် သံကြီး,သံလတ်တို့ဝတ်ဆင်ရန် ဗောင်းနားဒွေါင်း ဝတ်လုံ စလွယ် အဆောင်အရွက် အစီးအနင်း ရွှေထီးများကို အထိုက် အလျောက် ခြီးမြှင့်တော်မူ၍ သံအရာရှိတို့နှင့် နောက်ပါလူငယ်, ဆေး သမား, အနှိပ်, ပန်းချီတို့ကို စရိတ်ငွေတော် ပေးကမ်းတော် မူပြီးလျှင် သက္ကရာဇ် (၁၂၁၆) တ ထောင့် နှစ် ရာ့ တဆဲ့ခြောက်ခု တော်သလင်း လပြည့်ကျော် တဆဲ့လေးရက်နေ့ အင်္ဂလိပ်မင်းသို့ပေးရန် ရာဇသံ လက် ဆောင်တော်များနှင့် ထွက်သွားရ၏။ [ရာဇသံအဓိပ္ပါယ်မှာ တိုင်းခရိုင် နိုင်ငံတော်နှင့် အင်္ဂလိပ်မင်းဘိုင်းပြည်နိုင်ငံ၊ ရာဇမဟာမိတ်အဖြစ် စေ လွှတ်ကြောင်းနှင့်ပါသည်]။

ထိုနှစ် သီတင်းကျွတ်လ သိန်းနီစော်ဘွားက တဆဲ့နှစ်နှစ်ရွယ် သမီး ကညာ ဆက်သရာ စော်ဘွားကြီးတို့ သမီးကညာကို ကြိုယူသည့်နည်း ကြို ယူဆက်သွင်းရ၏။

ရှေးမင်းတို့ ဆည်ဖို့လုပ်ဆောင်သည့် ရေနံသာမြို့, စုန်းမြို့နယ်တွင် ပူ ဇော်ကန် ပျက်ပြားတိမ်ကော၍ တောကြီးမြက်ရှည် ရှိသည်ကိုလည်း

ကန်အောက်ကန်တွင်း နယ်နိမိတ်သတ်မှတ် ပုံစံဆက်သွင်းစေပြီးလျှင် ယင်းသည့် သီတင်းကျွတ်လဆန်း ဆယ်ရက်နေ့ သိမ်ကန်သမုတ်၍ ညီတော်အိမ်ရှေ့မင်းက ပြင်ဆင်လုပ်ဆောင်ရ၏။

ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် လေးရက်နေ့ ဆဒ္ဒန်ဆင်မင်းကို အထက်အသုံးကံကျေးခံပေးရင်း လယ်ကိုင်းမြို့နှင့် လဲ၍ စကုမြို့ကို အသုံးကံကျေးခံ ပေးတော်မူ၏။

မြောက်နန်းတော်မိဖုရား သီရိမဟာ ရတနာမင်္ဂလာဒေဝီ မွေးစားသည့် သမီးတော်ရွှေဂူမြို့စားမင်းသမီးကို ထိုသက္ကရာဇ် နတ်တော်လဆန်း မြောက်ရက်နေ့ ရွှေဂူမြို့နှင့်လဲ၍ စလင်းမြို့ကို မြို့စား ပေးတော်မူပြီးလျှင် လင်ပန်းတိုက်စား သီရိသုစိတ္တာ စန္ဒာမဟေတွင် မြင်သည့် သားတော် သတိုးမင်းလှမင်းထင်ကို ရွှေဂူမြို့ကို မြို့စားပေးတော်မူ၏။

ထိုနှစ် နတ်တော်လ ရွှေမြို့တော်တွင်းပြင် အသက်အရွယ် ကြီးရင့်သူ ယောကျ်ား,မိန်းမဦးရေ မြောက် ထောင့် နှစ် ရာ့ ခုနစ်ဆယ်ကျော် တို့ကိုလည်း ဂွမ်းဖုံစောင်, ငွေသာခွာ ပေးကမ်းတော်မူ၏။

ယင်းသည့်လ ကုလားအမျိုးသားတို့က မြတ်စွာဘုရားကို လှူဒါန်းရန် ရွှေသင်္ကန်း,မျက်နှာကြက်, ထီး,တံခွန်,ယပ်၊ ရခိုင်ပုဏ္ဏား အမျိုးသားတို့က ထီး, တံခွန်, မျက်နှာကြက်, သင်္ကန်း အသွယ်အရာ အခင်းအကျင်းကို သွင်းပြရာ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, နန်းမတော် မိဖုရားခေါင်ကြီးနှင့် မြောက်စမုတ်တော်သို့ထွက်တော်မူ၍ ကြည့်ရှုတော်မူပြီးလျှင် ငွေတော်သပြာတရာစီ ကုသိုလ်ဝင်တော်မူ၏။

ဘင်္ဂလားမြို့သူဌေးကြီးအဝင် ကုန်သည်ကြီးဂရုံနှင့် ကုန်သည်ကြီးတဆဲ့နှစ်ဦးတို့ ရှိခိုးလက်ဆောင်တော် ထည်မျိုးအုပ်မျိုးများနှင့် အဖူးအမြော် လာရောက်သည်ကို ထိုသက္ကရာဇ် ပြာသိုလ မြေနန်းတော်တွင် အဖူးအမြော် အဆက်အသ ခံတော်မူ၏။

ဇင်းလ ရတနာသိင်္ဃမြို့ ဝင်းစည်ကန်တော် ပျက်စီးယိုယွင်းရှိသည်ကို မကွေးမြို့စားဝန်ကြီး သတိုး မင်းကြီးမဟာမင်းလှသီဟသူ၊ ပလိုင်းကန်တော် ပျက်စီး ယိုယွင်းရှိသည်ကို အတွင်းဝန် ဝက်မစွတ်မြို့စား မင်းကြီး မဟာအဘယတို့ကို ငွေတော်ထုတ်ပေး၍ ဆည်ဖို့လုပ်ဆောင်စေ၏။

ယင်းသည့်လ ထူးဆင်တော် တဆယ်၊ စီးတော်ဆင် တဆဲ့ခြောက်၊ စီးတော်ဆင်မ တဆဲ့တစ်၊ ရွေးရည်ဆင်တော် နှစ်ဆဲ့ခုနစ်၊ ဝင်းရည်ဆင်တော် တဆဲ့ခုနစ်၊ ဝင်းရည်ဆင်မ ငါးဆဲ့ခြောက်၊ ဦးစီးနောက်ပဲ့ ဆင်

အရာရှိ ဆင်ဆေးသမားတို့ကို ပိုးပုဆိုး, ခေါင်းပေါင်းအုပ်, အစေ့အငု ဆုပေးတော်မူ၏။

ဇင်းလဆန်း နှစ်ရက်နေ့ မိုးကောင်းမြို့ ခန္တီးစော်ဘွားက ရှိခိုး လက်ဆောင်တော် အဆက်အသ ရွှေစက်တော်ရင်းသို့ ရောက်သည်ကို မဟာသီရိဒ္ဓရိန်ရာဇာအမည်နှင့် စော်ဘွားကြီးတို့နည်း အစီးအနင်းအဆောင်အရွက် ပေးတော်မူ၏။

ထိုနေ့ မလွန်တောရ ဆရာ ဦးမုနိန္ဒဃောသ - ဘဝပြောင်းသည်ကို အရည်ဝါသီပုဂ္ဂိုလ်သူမြတ်တို့ ဘဝပြောင်းရာ သင်္ဂြိုဟ်သည့်နည်း ကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။

ထိုနှစ် မြေဒူးမြို့အထက်ကစ၍ မူးမြစ်မပေါက်သည်ကို လှေတက် ကူးသန်းသွားလာနိုင်အောင် မြေဒူးမြို့, ဝန်းသိုမြို့, အင်ထောက်သာငါးမြို့, ခေါ်သန္တိမြို့များက အမိန့်တော်နှင့်မြို့ရွာအင်အားအလျောက် မည်သည့် အစုအမှုထမ်းမဆို ခန့်ထားပြီးလျှင် လက်ဝဲဝင်းမှူး မြေဒူးမြို့စား မင်းကြီးမဟာမင်းခေါင် ကြည့်ရှုကြီးကြပ် တူးဖောက်လုပ်ဆောင်ရ၏။ တောင်ဘက်ကိုးခရိုင် ဆည်တော်မြောင်းတော်များကိုလည်း ဆည်ရေသောက်လုပ်သားတို့ကို အသီးအသီးခန့်ထား၍ ကျောက်ဆည်ဝန်,ကျောက်ဆည်စာရေး, ဆည်ကြီးမြောင်းဆော်တို့က ဆည်ဖို့လုပ်ဆောင်ရ၏။

ထိုသက္ကရာဇ် တပို့တွဲလဆန်း တဆဲ့ငါးရက်နေ့ ညီတော် အိမ်ရှေ့မင်းနားကိုက်သည်ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးဘုရားနှင့်ထွက်တော်မူ၍ ငွေတော်သပြာတသောင်း ခမည်းပေးတော်မူ၏။

ယင်းသည့်တပို့တွဲလ နှစ်စဉ် တဆဲ့နှစ်ရာသီယာဂအလှူတော်ပြင် တိုး၍ ရွှေမြို့တော် လေးပြင်လေးရပ် အိမ်ရှိလူကုန် တရပ်ကုလား မျိုးခြားမှစ၍ သူတော်,သီလသည်, ဇော်ဂျီ, ကျွန်သီးတော်, ထောင်တန်း, စဏ္ဍာလ,စုသေးစုနုပ်တို့ပါ အစေ့အငအကြွင်းအကျန်မရှိစေရ လူတကိုယ်လျှင် ဆန်တစလယ်ကျစီ စုထိန်းစုအုပ်,အရပ်အုပ်, သွေးကြီးသွေးဆော်, အကွက်ခေါင်းအကြီးတို့ကို စာရင်းတောင်းတော်မူ၍ အတွင်းတော်က ယာဂကျိုသည်နှင့်တပြိုင်နက် အမြောက်သံကြား အခါပေးပြီးလျှင် အသီးအသီး ပေးဝေချက်ကျို လုပ်ကိုင်စားသောက်ကြရ၏။ ကောက်ညှင်းဆန်, ဆီ,ဆား,နှမ်း,ချင်း,မြေပဲ, အုန်းသီး, သစ်ကျားသီး, ကိရိယာစုံ အဘိုးငွေတော်သပြာပေါင်းတသောင်းကျော်ကုန်ဝင်သင့်စာရင်းရသောဟူ၏။

ယင်းသည့် လဆန်း၄ါးရက်နေ့ ခမည်းတော် မင်းတရားကြီး ဘုရား လက်ထက် ဝန်ကြီးအရာခန့်ထားသူကောင်းပြုခံရသော ကောင်းတုံမြို့စား ဝန်ကြီးဟောင်း သတိုးမင်းရဲရာဇာသေလွန်သည်ကို လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။

အထက် အမရပူရမြို့တော်က အိန္ဒိယတိုင်း ဘင်္ဂလားမြို့သို့ စေလွှတ်တော်မူသည့် သံကြီး အရှင်နန်းမတော်ဘုရားဝန် မင်းကြီးမင်းမဟာမင်းခေါင်ရာဇာ၊ သံလတ် ဝန်ထောက်ဟောင်း မဟာမင်းထင် မင်းကျော်, ကုလားဝန် မဟာမင်းခေါင်သီဟသူ၊ အရှင်နန်းမတော်ဘုရား စာရေးကြီး စေဋ္ဌကူးမြို့ဝန် မဟာမင်းကျော်ရာဇာ၊ သံငယ်ဒလစစ်ကဲ မင်းကျော်မင်းလှမင်းထင်, သဘော်ာတော်စီး မင်းလှမင်းထင်တို့ အင်္ဂလိပ်မင်းကပေးလိုက်သည့် ရာဇသံကို ဆောင်ယူပြန်လာကြရာ သက္ကရာဇ် (၁၂၁၆) တထောင့်နှစ်ရာ့တဆဲ့ခြောက်ခု ယင်းသည့်တပို့တွဲလပြည့်ကျော်တဆဲ့သုံးရက်နေ့ နေပြည်တော်သို့ရောက်သည်။ [ရာဇသံအဓိပ္ပါယ်မှာ....နှစ်တိုင်းနှစ်ပြည် မဟာမိတ်အဖြစ်အရှည်မြဲမြဲဖွဲ့ဆက်ဆံရန်အကြောင်း၊ (၁၂၁၇) တထောင့် နှစ်ရာ့ တဆဲ့ ခုနစ်ခု နယုန်လအတွင်း အင်္ဂလိပ်မင်းကရာဇသံလက်ဆောင်တော်များနှင့် သံစေလွှတ်လာရောက်မည့်အကြောင်းများနှင့်ပါသည်]။

ထိုနေ့ ကိုယ်ရံတော်တပ်ဝင်း အခင်းအကျင်းများနှင့် မိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်းခြံရံတော်မူ၍ ဆဋ္ဌန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မိဖုရားခေါင်ကြီးဘုရားနှင့်တကွ သာသနာပြုဆရာတော်ကျောင်းသို့ အဖူးအမြော် ထွက်တော်မူ၏။

ထိုနှစ် တပေါင်းလ နိုင်ငံတော်အတွင်း အရင်ရပ်မြို့ကျေးရွာများတွင် ပြင်ဆင်ဆည်ဖို့လုပ်ဆောင်တော်မူသည့် ကန်တော်ဆည်တော်များမှာ ရေပိုး ရေမွှား သားငှက်တိရစ္ဆာန်တို့ကို ကန်တော်ဆည်တော်နယ် တာတရာအတွင်း အဖမ်းအဆီး အပစ်အခတ် အသတ်အညှစ်မရှိစေရ ဘေးမဲ့ချမ်းသာပေးတော်မူ၏။

စစ်ကိုင်းမြို့ စီရင်စု ရေခါးအင်း,မြတောင်မြို့စီရင်စု မြသိန်းတန်ဘုရားတောင်ခြေ တောင်အောက် ဆီမီးခုံရွာ, သာထွန်းရွာ နယ်တွင်းရှိ ပေါက်ပင်ရိုး,စစ်လျှင်တောင်,တောင်ကြီးစပါးအင်းများမှာရှိသည့် ရေပိုး ရေမွှား သားငှက်တိရစ္ဆာန်တို့ကိုလည်း ယင်းသည့်တပေါင်းလ ဘေးမဲ့ချမ်းသာ ပေးတော်မူ၏။

ထိုနှစ် ရွှေမြို့တော် မြောက်မျက်နှာ စန္ဒာမုနိဘုရား မဟာရံတံတိုင်း ပျက်စီးယိုယွင်း ရှိသည်ကိုလည်း လင်ပန်းတိုက်စား သီရိသုစိတ္တာစန္ဒာ မဟေက ကုသိုလ်တော်ပွား ပြင်ဆင်လုပ်ဆောင်ရ၏။

ပညာရှိနာရီမှူး ကန္နီမြို့ဝန် မဟာမင်းကျော်သင်္ခယာက လျှောက်ထား၍ ကန္နီမြို့စီရင်စု တွင်းရွာအရပ်တွင် တွင်းမလယ်ရှည် တောင်မြောက် သုံးတွင်း,အလုံမြို့စီရင်စုညောင်ကန်ရွာနယ်အတွင်း တွင်းတောင်ပိုးတွင်း များမှာ တွင်းပိုးနှင့်တကွ သားငှက်တိရစ္ဆာန်၊ ရွှေစာရေးရွာက ရွှေနန်းတော်သို့ တနှစ်တကြိမ် ဆက်သမြဲရှိသည့် ရွှေစာရေးငါးများကိုလည်း ဖမ်းယူသတ်ညှစ်မရှိစေရ၊ ထိုသက္ကရာဇ် တပေါင်းလ ဘေးမဲ့ချမ်းသာပေးတော်မူ၏။

ယင်းသည့်လဆန်းတဆဲ့နှစ်ရက်နေ့ သီလုံးကျောင်းတိုက်ရှိရဟန်းသုံးဆဲ့ ရှစ်, သာမဏေနှစ်ဆဲ့ကိုးတို့ကို တိစီဝရိတ်, ကောစီ, သင်းပိုင်, ဆွမ်းဆန်, ဆေး, ကွမ်းများကို လှူဒါန်းရ၏။ ထိုနေ့ ဝန်ထောက် မဟာမင်းလှစည်သူ ကို အတွင်းဝန်,မဟာမင်းထင်မင်းကျော်ကို ဝန်ထောက်ခန့်တော်မူ၏။

ထိုနှစ် တပေါင်းလ မယ်တော်ဘုရား ရွှေသာလျောင်းဘုရားသို့ အဖူးအမြော်ထွက်တော်မူမည်ကို ဗိုလ်မှူးတပ်မှူး မှူးတော်မတ်တော်ဆင်, မြင်း, ရထား ဝင်းကိုယ်ရံတော် တပ်ဝင်း အခင်းအကျင်းများနှင့် အလုံးစုံ ခန့်ထား ပေးအပ်တော်မူပြီးလျှင် အဖူးအမြော် ထွက်တော်မူ၏။

သက္ကရာဇ် (၁၂၁၆) တထောင့် နှစ်ရာ့ တဆဲ့ခြောက်ခု တပေါင်းလ ပြည့်ကျော်တဆဲ့နှစ်ရက်နေ့ ညဥ့်နှစ်ချက်တီးကျော် ကြာသပတေးနေ့သို့ အဝင် နှစ်နာရီသုံးပါဒ် ဝိသာခါနက္ခတ် ဒုတိယပါဒ် မွန်းတည့်အချိန် တွင် အလယ်နန်းတော် မိဖုရားက သမီးတော် ဖွားမြင်တော်မူသည်ကို အစ်မတော်ကို ပုခက်တင် မင်္ဂလာအခမ်းအနားနည်း တန်းခူးလဆန်း ခြောက်ရက် သောကြာနေ့ နံနက်တချက်တီးကျော် နှစ်နာရီ ပါဒ်ပြည့် အချိန်တွင် ပုခက်တင်မင်္ဂလာဆောင်တော်မူ၏။

ထိုနှစ် နှောင်းတန်းခူးလဆန်းခြောက်ရက်နေ့ရှင်လူသတ္တဝါအပေါင်း တို့ မှိဝဲသုံးဆောင်ကြရန် ကုသိုလ်တော်ဖြစ်ပွားစေခြင်း အကျိုးငှာ နန်း မြို့တော်အတွင်း ရေတွင်းတဆဲ့လေး အတွင်းဝန် သံတော်ဆင့် မှူးမတ်တို့ ကို ကြီးကြပ်တူးစေရ၏။ ရွှေမြို့တော်အတွင်းလည်း မှူးတော်မတ်တော်တို့ သို့ စရိတ်ငွေတော် ထုတ်ပေးတော်မူ၍ ရေတွင်းတူးကြရ၏။

ယင်းသည့်လ ရဟန်းသင်္ဃာတော် သူတော် သီလသည် ပြည်သူပြည်သား ဧည့်သည်ခရီးသွား ရေမွတ်သိပ်သူတို့ သုံးဆောင်မှီနိုင်စေရန် ဝင်းတော်လေးမျက်နှာ ရွှေမြို့တော်တံခါး ၁၂-ရပ်ပြင်များတွင် နှစ်စဉ် နွေရာသီအခါ ဆောက်လုပ်မြဲ လည်ပေါ်တဲကန္နားဖျင်းဆောက်လုပ်ပြီးလျှင် ရေလောင်းရေခပ်လူတို့ကိုငွေတော်ပေးအပ်၍ ရေအိုးစင်တည်တော်မူ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆွဲနှစ်ရာသီသဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၁၆) တထောင့်နှစ်ရာ့တဆဲ့ခြောက်ခု နှောင်းတန်းခူးလပြည့်ကျော် ဆယ်ရက်နေ့ ညဥ့်သုံးချက်တီးကျော် တဆဲ့တရက် ကြာသပတေးနေ့သို့အဝင် တနာရီနှစ်ပါဒ် အချိန်တွင် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော် တဆဲ့သုံးရက် စနေနေ့ နံနက်လေးချက်တီးကျော်ခြောက်နာရီသုံးပါဒ်အချိန်တွင် အတာနှစ်သစ် သက္ကရာဇ်(၁၂၁၇)တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခုသို့တက်သည်။

## ၁၂၁၇-ခု

တန်းခူးလပြည့်ကျော်တဆဲ့တရက်နေ့ကစ၍ ထောင်တန်းအကျဉ်းခံနေရသည့် ယောကျ်ားမိန်းမတို့ကို အမိန့်တော်နှင့် ကျိဝန် မဟာသိရိစည်သူက ထမင်းကျွေးရ၏။

### အမေရိကန်များရောက်ခြင်း, အိမ်ရှေ့အတွင်းဝန်ခန့်ခြင်းမှ အနောက်မိဖုရားသမီးနှစ်ပါးဖွားသည်အထိ အကြောင်းများ

သက္ကရာဇ် (၁၂၁၇) တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခု ကဆုန်လဆန်းနှစ်ရက်နေ့ အမေရိကံလူမျိုး ဆရာကင်းကိပ်,ဆေးဆရာဒေါ်စည်တို့ မြန်မာရေး ဘာသာရာဇဝင် ဂဏန်းတွက်ပုံစာအုပ်များနှင့် ရွှေစက်တော်ရင်းသို့လာရောက်ဆက်သရာ အဖူးအမြော် အဆက်အသ ခံတော်မူ၍ ငွေတော်ဒင်္ဂါးပြားရေ သုံးရာစီဆုပေးတော်မူ၏။

ယင်းသည့် ကဆုန်လ အိမ်ရှေ့ဝန် နတ်မောက်မြို့စား မင်းကြီးမဟာကျော်ထင်, အိမ်ရှေ့အတွင်းဝန် မဟာမင်းလှသင်္ခယာတို့နှင့် ဘက်၍ မိုးထား မြို့စား မင်းကြီးမဟာမင်းခေါင်ကို အိမ်ရှေ့ဝန်, စုန်းမြို့စား မင်းကြီးမဟာတရဖျားကို အိမ်ရှေ့အတွင်းဝန် ခန့်တော်မူ၏။

ထိုသက္ကရာဇ် နယုန်လ ဗန္ဓကျွံတိုက် စီရင်စု ဘိုးဝန်းတောင် အရှေ့၊ အနောက်၊ တောင်၊ မြောက် တာတရာစီအတွင်း ကျောက်တိုင်စိုက်မှတ်ပြီးလျှင် သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ချမ်းသာပေးတော်မူ၏။ အလ္လကပ္ပမြို့နယ်တွင် ဒိဗ္ဗယင်းအင်း၊ ကတ္တူအင်း၊ စာရေးအင်းများနှင့် အင်းပေါင်း တရာ့ခုနစ်ဆဲ့သုံးများတွင် ရေပိုးရေမွှား သားငါးတိရစ္ဆာန်တို့ကိုလည်း နယ်နိမိတ်ကျောက်တိုင်သတ်မှတ်၍ ဘေးမဲ့ချမ်းသာပေးတော်မူ၏။ မက္ခရာမြို့ စီရင်စု တတ်လည်ရွာ ကျောင်းတိုက်ထက်ဝန်းကျင် တာငါးရာအတွင်း ခိုမှီးနေသည့်ရေပိုးရေမွှားသားငါးတိရစ္ဆာန်တို့ကိုလည်း ရဟန်းတော် ရှင်ဝါယာမ မေတ္တာရပ်ခံချက်အတိုင်း ဘေးမဲ့ချမ်းသာ ပေးတော်မူ၏။

ထိုသက္ကရာဇ်နယုန်လပြည့်ကျော်ငါးရက်နေ့ ပြင်သစ်နိုင်ငံသို့စေလွှတ်သည့် ပြင်သစ်အမျိုးသား ဒေါ်ဂေါ်ရနီ ရောက်သည်ကို ရွှေမြို့တော်အနောက် စစ်တောင်းမြို့စား ဝန်ကြီးဟောင်း သတိုးမင်းရဲမင်းခေါင်ကျော်တိုက်တွင် ချထားနေထိုင်စေ၏။ ယင်းသည့်လ ရွှေပြည်ရန်အောင် အမှုထမ်း မြင်းစီး မြင်းခေါင်း မြင်းစာရေး မြင်းတပ်ဗိုလ်တို့ကို ပုဆိုး၊ခေါင်းပေါင်းအုပ်၊ ပုဝါအုပ် သနားတော်မူ၏။

သက္ကရာဇ် (၁၂၁၇) တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခု နယုန်လပြည့်ကျော် တဆဲ့တရက် တနင်္ဂနွေနေ့ နံနက်တချက်တီးကျော် ခြောက်မောင်းနှစ်ပါဒ် သုံးဘဝါးအချိန် ခုနစ်ရွာတိုက်စား သီရိရာဇာရတနာမဟေတွင် သမီးတော် ဖွားမြင်သည်။

၎င်းသပြည့်ကျော် တဆဲ့တရက်နေ့ ဝန်ထောက် မြို့သစ်မြို့စား မဟာမင်းထင်သီဟသူကလျှောက်ထား၍ ရန်အောင်မြင်မြို့သစ်မြို့ရှိ သာခေါင်ကန် အရှေ့၊ အနောက်၊ တာငါးရာ၊ တောင်၊မြောက် တာတထောင်အတွင်း ရေပိုးရေမွှား သားငါးတိရစ္ဆာန်တို့ကို ဘေးမဲ့ ပေးတော်မူ၏။

သက္ကရာဇ် (၁၂၁၇) တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခုနှစ် ဝါထပ်သင့်သည်-မထပ်သင့်သည်များကို သာသနာပြုဆရာတော်၊ တံဆိပ်ရ ဆရာတော် သံဃာတော်တို့ကို ရွှေနန်းတော်သို့ပင့်၍ အိမ်ရှေ့မင်း မင်းညီမင်းသား မှူးတော်မတ်တော် လူပညာရှိ ပုဏ္ဏားပညာရှိတို့စုံညီ လျှောက်ထားရာ သာသနာပြုဆရာတော်၊ ကျမ်းဂန်ဗေဒင်သိမြင်သည့် ဉာဏာဘိဝံသ ပဏ္ဍိတပရမ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ညောင်ကန်ဆရာတော်တို့နှင့် တံဆိပ်ရဆရာတော်တို့က (၁၂၁၇) တထောင့်နှစ်ရာ့တဆဲ့

ခုနစ်ခုနှစ် ဝါဆိုလအတွင်း ရက်မိုလ်အဓိမာသ်ပြု၍ စန္ဒြမာသတဆဲ့သုံးလ တက်သဖြင့် မေခုန်ရာသီ၌ အမ္ဗာဝါသီနှစ်ထပ်မြင်သောကြောင့် ပြုသောအဓိမာသ်ကို ဝါဆိုလအတွင်းထပ်လျှင် အာသဠှိပုဏ္ဏမီရာသီစောင့်နက္ခတ်များနှင့် ညီညွတ်မှန်ကန်မည်ဖြစ်၍ ပဌမဝါဆိုလ ရက်သုံးဆယ်ပြု၍ ဝါထပ်သင့်ကြောင်းကို သုတ်မဟာဝါ အဋ္ဌကထာ, အဘိဓာန်ဋီကာ, လောကီတွက်ရိုးဗေဒင်, သိရိသုရိယသိဒ္ဓန္တကျမ်း, နိဏ္ဏယ သိန္ဓုကျမ်း, သိဒ္ဓန္တသိရောမဏိကျမ်း, ရာဇမတ္တဏ်ကျမ်း စသော လောကီလောကုတ္တရာကျမ်းဂန် အထောက်အထား အတိတ်ထုံးစံ အထွက်အရှိများနှင့် မိန့်ဆိုသည်များကို စာဆက်သွင်းလျှောက်ထားကြရာ (၁၂၁၇) တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခုနှစ် ပဌမ, ဒုတိယနှစ်လဝါထပ်ပြီးလျှင် နေပြည်တော်မှစ၍ နိုင်ငံတော်မြို့ကျေးရွာအတွင်း သီတင်းသုံးနေကြသည့် ရဟန်းသံဃာတော်တို့ ဝါကပ်ဆိုရ၏။ ထိုနှစ် ဝါတွင်းသုံးလပတ်လုံး ဥပုသ်ယူတော်မူ၍ ရွှေမြို့တော် မြို့တွင်းမြို့ပြင် ဥပုသ်စောင့်လူ, အဝမြို့ကဥသ်ပုစောင့် လူပေါင်း ရှစ်ရာ့နှစ်ဆဲ့ခုနစ်တို့ကို ပုဆိုး, ခေါင်းပေါင်း,အင်္ကျီ ဆုပေးတော်မူ၏။

ထိုနှစ် ပဌမဝါဆိုလ သုမ္ဗာပဌမစာမေးစာပြန် စည်းဝေးသည့် သာသနာပြုဆရာတော်နှင့် တံဆိပ်ရဆရာတော် နောက်ပါသံဃာတော်များကို နှစ်စဉ်လှူဒါန်းသည်ထက် တိုး၍ ဆွမ်းစမဲပွဲစုံ,အချိုပွဲစုံ,ထောပတ်ပွဲစုံ, နွားနို့များကို မှူးမတ်အရာရှိတို့ကို ကြပ်မစေ၍ စာမေးစာပြန် မပြီးမခြင်း လှူဒါန်းတော်မူ၏။ အိမ်ရှေ့မင်း, မင်းညီမင်းသား, မှူးတော်မတ်တော်တို့ကလည်း ဝိုးသင်္ကန်း, ချည်သင်္ကန်း, ဆွမ်းစမဲပွဲစုံ လှူဒါန်းရ၏။

ရွှေမြို့တော်, အဝ, စစ်ကိုင်း, တရုပ်ကုလား လူမျိုးခြားတို့ကလည်း မြတ်စွာဘုရားအား လှူဒါန်းရန် ရွှေသင်္ကန်း, ရွှေသပိတ်, ဆွမ်းစမဲပွဲစုံ, သံဃာတော်တို့ကို လှူဒါန်းရန် သင်္ကန်း, ပန်းကန်ပါ ဆွမ်းစမဲပွဲစုံ,ထောပတ်ဆွမ်း, ရေတကောင်းရေခွက်နှင့်တကွ ကမ္ပလာ ကော်ဇောများကို ရေစက်သွန်းချ လှူဒါန်းကြ၏။

ထိုနှစ် ပဌမ ဝါဆိုလဆန်း တဆဲ့လေးရက်နေ့ တကောင်းမြို့ ဆိပ်သွားပန်းမြိုင်တောတွင် တောင်ငူ မနက်ပလာ စိန်တုပ်ဆင်တော်နှင့် ကျော့ဖမ်းရမိသည့် သရက်ရွက်နအဆင်း ထူးမြတ်သည့်ဆင်တော်၊ ပေါက္ခရာဆင်တော်နှင့် ကျော့ဖမ်းရမိသည့် ဆင်မတော်နှစ်စီး၊ ပုံစံရေးသားလျှော်ထားသည်ကို အိမ်ရှေ့မင်း မင်းကွန်းရောက် ကြိုယူ၍ မြစ်ဆိပ်သို့ ရောက်

ကာလ တည့်ရပ်ဆိုင်း၍ ဝင်းကိုယ်ရံ ပွဲသဘင်စုံ အခင်းအကျင်းများနှင့် ဆက်သွင်းရာ မြေနန်းတော်မြောက်တံခါးကုပ်စံနန်းတော်သို့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးနှင့် ထွက်တော်မူ၍ ကြည့်ရှုတော်မူသည်၊ ထိုတွင် မင်္ဂလာရတုလျှောက်ပြီးလျှင် ဆင်တော်ကျော့ဖမ်းရမိသူတို့နှင့် ဆင်အရာရှိတို့ကို ရွှေဖလား, ငွေသပြာ, ထည်မျိုးအုပ်မျိုးတို့ကို အထိုက်အလိုက် ဆုပေးတော်မူသည်။ ထိုနေ့ မယ်တော်ဘုရားနှင့် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား သုမ္မော့စရပ်သို့ ထွက်တော်မူ၏။

သက္ကရာဇ် (၁၂၁၇) တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခု ပဌမဝါဆိုလဆန်း တဆဲ့လေးရက် ဗုဒ္ဓဟူးနေ့ ညဥ့်လေးချက်တီးကျော် ငါးနာရီ ပါဒ်ပြည့် နှစ်ဗိဇနာ သုံးပြန်အချိန်တွင် အနောက်နန်းတော် မိဖုရား သီရိမဟာရတနာသုစန္ဒာဒေဝီ သားတော်ဖွားမြင်တော်မူသည်၊ ၎င်းညဥ့်တချက်တီးကျော် ခြောက်နာရီ ပါဒ်ပြည့်အချိန်တွင်လည်း သမီးတော်ကို ဖွားမြင်တော်မူသည်၊ ၎င်းညဥ့် သုံးချက်တီးကျော် လေးနာရီခန့် အချိန်တွင် နောက်ဖွားမြင်သည့် သမီးတော်ကံကုန်၍ သပေါက်သားတို့ နောက်ဝန်းကျင်မြို့ရိုးအတွင်း မြေတွင်နှံ့ထားသဂြိုဟ်ရသည်၊ ၎င်းလပြည့်ကျော် တရက်နေ့ နေ့သုံးချက်တီးကျော် တနာရီခန့်အချိန်တွင် သားတော်ကံကုန်သည်ကိုလည်း သပေါက်သားတို့ ဝိုက်ပွေ့စေပြီးလျှင် အနောက်ဝန်အရာရှိ, အနောက်ဝန်စာရေးတို့ ကြပ်မ၍ နောက်ဝန်းကျင် မြို့ရိုးအတွင်း မြေတွင် နှံ့ထားသဂြိုဟ်ရသည်။

ရှမ်းကလေးကျွန်းဆရာတော် ကျောင်းတင်ခြင်း စသည်များနှင့်
သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးခြင်း

ယင်းသည့်လပြည့်ကျော် သုံးရက်နေ့ ရွှေမြို့တော်အနောက်မြောက် ရှမ်းကလေးကျွန်းတွင် ဆောက်လုပ်တော်မူသည့် ကျောင်းကို ရတနာသိင်္ဃမြို့စိုးရင်စု ခေါ်တောရွာတွင် သီတင်းသုံးနေသည့် ဆရာတော် ရှင်နန္ဒကို တင်လှူတော်မူ၏။

ထိုနှစ် ပဌမဝါဆိုလပြည့်ကျော် တဆဲ့ လေးရက် ကြာသပတေးနေ့ နံနက်လေးချက်တီးကျော် တနာရီသုံးပါဒ် တဆဲ့သုံးဗိဇနာ လေးပြန်အချိန် ကိုယ်လုပ်တော် သီရိဥမ္မာတွင် သားတော်ဖွားမြင်သည်။ ထိုနေ့

မယ်တော်ဘုရား, ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရားသုံးပါး သုမင်္ဂလာစရပ်သို့စာနာထွက်တော်မူ၍ သာသနာပြု ဆရာတော်နှင့် ဆရာတော် သံဃာတော် သုံးရာ့ခြောက်ဆဲ့ကိုးတို့ကို ဝိတ်သက်နှီး ကေစီ သင်းပိုင် လှူတော်မူပြီးလျှင်–

တိုက်တော်နေ စည်ပုတ္တရာ ဆရာတော် ရှင်သီရိမာကို–သီရိပရမာလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

မင်းတဲဆရာတော် ရှင်ဥတ္တမကို–ဥတ္တမာစာရပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု။

စလင်းဆရာတော် ရှင်ကလျာဏကို–ကလျာဏ ဇောတ သာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

ပုခန်းကြီးဆရာတော် ရှင်သုဒဿနကို–သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု။

မောင်းထောင်ဆရာတော်ရှင်ပညာသာမိကို–ပညာသာမိသီရိကာဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

မိတ္ထီလာ ဆရာတော်ရှင်ဇာဂရကို–ဇာဂရနန္ဒသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

အုတ်ကျောင်းတိုက်နေ ဆရာတော် ရှင်ဝိစာရကို–ဝိစာရိန္ဒာဘိသီရိကာဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

စီးတော်မြင်းဝန်တိုက်နေ ဆရာတော် ရှင်သုမင်္ဂလကို–သုမင်္ဂလပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု–ဟူသောစာကြည့်ဆရာတော်တို့ တံဆိပ်ကို လှူတော်မူ၍ ရွှေနန်းတော်သို့ ဝင်တော်မူ၏။

ထိုနှစ် ဒုတိယဝါဆိုလဆန်း တဆဲ့တရက် အင်္ဂါနေ့ ညဥ့်တချက်တီးကျော် ငါးနာရီသုံးပါဒ် တဆဲ့တဗိဇနာ နှစ်ပြန် ခြောက်ခရာအချိန် လှိုင်ကျွန်းစား သီရိသုစိတ္တာမဟေတွင် သမီးတော်ဖွားမြင်သည်။

ယင်းသည့်လဆန်း တဆဲ့သုံးရက်နေ့ ပဥ္စင်းလောင်းတော်ငါးရာ, ရှင်လောင်းတော်ငါးရာ, နှစ်စုတထောင်ကို လှပအောင် ဆင်ယင်စေ၍ ပဥ္စင်းလောင်းတော်, ရှင်လောင်းတော်အကြီးအကြပ် နောက်လိုက်နောက်ပါ အစုံခန့်ထားပေးအပ်ပြီးလျှင် ရွှေမြို့တော် မြို့တွင်းမြို့ပြင် ရပ်စုကွက်စုများသို့ ဆင်နှင့်လှည့်လည်စေ၏။ မြေနန်းတော်ရှေ့ မြေနန်းတော်လက်ဝဲလက်ယာ ရေစက်သွန်း . တန်ဆောင်းကန္နားဖျင်းအတွင်း သံဃာတော်တရာနှင့် ပဥ္စင်းလောင်းတော်, ရှင်လောင်းတော် တထောင်ကို လှူရန်

ပရိက္ခရာရှစ်ပါးစုံ သီးမျိုးစုံ ပဒေသာများကိုခင်းကျင်းသည့် တန်ဆောင်း မဏ္ဍပ်အတွင်းသို့ သွင်းထားသည်ကို မယ်တော်ဘုရား ထွက်တော်မူ၍ ရေစက်သွန်းတော်မူ၏၊ ပွဲသဘင်လည်း စည်ပင်သာယာအောင်ခံရ၏။

ငင်းလဆန်း တဆဲ့လေးရက်နေ့ ညနေအချိန် ထွက်တော်မမူမီ စီစဉ် ခင်းကျင်းထားသည့် တပ်ဝင်းအခင်းအကျင်းများနှင့် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား,မင်းမိဖုရား မင်းညီ မင်းသား မှူးတော်မတ်တော် အပေါင်းတို့နှင့် ထွက်စံတော် မူ၍ ပဥ္စင်း လောင်းတော်, ရှင်လောင်းတော်တို့ကို ပဥ္စင်းအဖြစ် ရှင်သာမဏေအဖြစ် ဖြင့် သာသနာတော်မြတ်အတွင်းသို့ ချီးမြှင့်တော်မူပြီးလျှင် ငင်းပဥ္စင်း တော်ငါးရာ, ရှင်တော်ငါးရာတို့ကိုလည်း ယင်းသည့်လဆန်း တဆဲ့ငါး ရက်နေ့နံနက် မြေနန်းတော်သို့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရား ကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား ထွက်တော်မူ၍ ဆွမ်းစမဲစုံ လှူတော် မူ၏။

သက္ကရာဇ်(၁၂၁၇)တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခုဒုတိယဝါဆိုလဆန်း တဆဲ့သုံးရက်နေ့ အနောက်နန်းတော်မိဖုရား အနောက်နန်းဆောင်တော် တွင် ကံတော်ကုန်သည်ကို ဘေးတော် အမရပူရ ပဌမ မြို့တည် နန်း တည် မင်းတရားကြီးလက်ထက် အနောက် နန်းတော် ကံကုန်ရာ သင်္ဂြိုဟ် သည့်နည်း အခမ်းအနား ခန့်ထားစီရင်ရန်ရှိသည်များကို ဝန်ကြီး, ဝန် ထောက်, အနောက်ဝန်အရာရှိတို့ ကြည့်ရှုကြီးကြပ် ခန့်ထားစီရင် လုပ် ဆောင်ပြီးလျှင် ဝန်တော် အိမ်ဝင်းအတွင်း ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရားနှင့်အတူ ရွှေဝေါစီးတော် မူ၍ ထွက်တော်မူပြီးလျှင် အိမ်ရှေ့မင်း မိဖုရား မင်းညီမင်းသား မှူးတော် မတ်တော်အပေါင်းတို့နှင့် သင်္ဂြိုဟ်တော်မူ၏။

ထိုနှစ် ဒုတိယဝါဆိုလအတွင်း အလုံမြို့စီရင်စု မင်းရွာနယ်တွင် ရတ နာသိင်္ဃ ပဌမမြို့တည်နန်းတည် အလောင်းမင်းတရားကြီး လက်ထက် ဆည်ဖို့သည့်ကန်ရိုးကန်ဘောင် တာနှစ်ရာခန့်, ရေနေတတိုင်ခန့် ပျက်စီး ယိုယွင်းသည်ကို ရွှေပြည့်မှန်ကင်း အမှုထမ်း နေမျိုးကို ကြီးကြပ်ဆည်ဖို့ လုပ်ဆောင်စေ၏။ ပလိပ်ရွာ တောရဆရာတော်ရှင်အဌ မေတ္တာရပ်ခံ၍ ကျောင်းတိုက်ထက်ဝန်းကျင် တာငါးရာခန့်အတွင်း ရေပိုးရေမွှား သား ငှက်ဘိရန္တာန်တို့ကို ယင်းသည့် လပြည့်ကျော်တရက်နေ့ ဘေးမဲ့ပေးတော် မူ၏။

ယင်းသည့် လပြည့်ကျော်နှစ်ရက်နေ့ ရမည်းသင်းမြို့ဝန် မင်းကြီးမဟာသီလဝက ရမည်းသင်းမြို့ စီရင်စု နတ်တောင်တော နေ၁င်သခ်ါ်ေ ရေသဖန်းပင်အနီး ရသည့် အရပ် နှစ်တောင့်တမိုက်လေးသစ်, လက်ယာစွယ် နှစ်တောင်ခန့်, လက်ဝဲစွယ် လက်ဝါးပြင်ကဲ့သို့ ပိတ်လျက် နေသောအသက်သုံးနှစ်ခန့် ဆင်တော်ကို ဆက်သရာ လက္ခဏာဖတ်တို့က ဒေဝါတိဒေဝ လက်ယာကောဒဏ္ဍဆင်ဖြစ်ကြောင်းနှင့် ဖတ်လျှောက်သည်။

ယင်းသည့် လပြည့်ကျော်လေးရက်နေ့ အိန္ဒိယတိုင်းမှ ဘိလပ်မြို့သား အင်္ဂလိပ်စစ်ဗိုလ် ခရု, ဆေးသမား မင်္ဂကွင်းတို့ ရွှေစက်တော်ရင်းသို့အဖူးအမြော် လာရောက်သည်ကို ဇေတဝန်ဆောင်တော်တွင် အဖူးအမြော်ခံတော်မူ၍ လွန်းမျှားပုဆိုးနှစ်စီ ပေးတော်မူ၏။

ထိုနှစ် ဝါခေါင်လအတွင်း အမရပူရ မြို့တည် နန်းတည် ဘေးတော်မင်းတရား ထွက်စံတော်မူ၍ ဆည်ဖို့လုပ်ဆောင်တော်မူသည့် မိတ္ထိလာကန်တော်အတွင်း ခိုမှီရှိနေသည့် သားငါးတိရစ္ဆာန်တို့ကို ဘေးမဲ့ပေးတော်မူ၏။ အဝမြို့နယ် ဝမ်းဘဲအင်း, ဆင်တဲငါးရှာနယ်တွင် အင်းသုံးအင်း, စစ်ကိုင်းမြို့နယ် ပူတာအင်း, စလင်းမြို့နယ် အင်းလေးအင်း၊ ရတနာသိင်္ဃမြို့ ခေါ်တော ကျောင်းတိုက် အတွင်း-လုံးတော်တောရကျောင်းတိုက်အတွင်းများသို့ လာရောက်ကျက်စား ခိုမှီရှိနေသည့် သားငှက်တိရစ္ဆာန်တို့ကိုလည်း ယင်းသည့် ဝါခေါင်လ ဘေးမဲ့ပေးတော်မူ၏။

သက္ကရာဇ် (၁၂၁၇) တဆောင့်နှစ်ရှာတဆဲ့ခုနစ်ခု တော်သလင်းလဆန်းနှစ်ရက် ဗုဒ္ဓဟူးနေ့ နံနက်လေးချက်တီးကျော် ခုနစ်နာရီပါဒ်ပြည့် ဗိဇနာပြည့်,ခရာပြည့်အချိန် မြောက်နန်းတော်မိဖုရားညီမတော် ခင်သက်တွင်သားတော်ဖွားမြင်သည်။

### အင်္ဂလိပ်သံရောက်ခြင်း, ဉာတ်ကထိန်ခင်းခြင်းစသည်များနှင့် မဟာလောကရံသိစေတီမှာ ခေါင်းလောင်းလှူခြင်း

သက္ကရာဇ် (၁၂၁၇) တဆောင့်နှစ်ရှာတဆဲ့ခုနစ်မှ ဝါခေါင်လ အိန္ဒိယတိုင်း အင်္ဂလိပ်မင်းက အထက် မြန်မာနိုင်ငံတော်က စေလွှတ်သည့်သံတော်တို့တွင် ရာဇသံလက်ဆောင်တော်များနှင့် မှူးကြီး မတ်ကြီးတို့ကို စေလွှတ်ပါမည့် လျှောက်ထားလိုက်ရင်းအတိုင်း အင်္ဂလိပ်ဝန်ကြီး ဆာအာသာပါစ်ဘယ်ဖယ်ရာ, လက်ယာဗိုလ်ကြီး ဆရာဝန်၊ မြေထဲမြို့ဝန် အာ

လံဗိုလ်, ကဗ္ဗိတန် ယည်နီအိုတင်ဗိုလ်ကြီး, ဂေါ်ရာဗိုလ်ဗိလစ်စစ်, ပန်းချီဆရာသရိုက်, ငှင်းဂရံ, အကောက်ဝန်တွေက်, မြင်းတပ်ဗိုလ် ဖကာင်းစင်, မာလိန်ကလေး ဟီကွတ်,ကဗ္ဗိတံပေါ်တဲ, ငှင်းဒန်းခန်း, ဂေါ်ရာဗိုလ် နှစ်, ဆေးသမားဗိုလ် တစ်, စုစုအရာရှိတဆွဲနှစ်၊ လူငယ် တရှ္ခလေးဆယ်၊ ဂေါ်ရာစစ်ပိုင် တရာ၊ ဘင်ခရာအဖြိမ့်တီး ဂေါ်ရာဘဆွဲငါး၊ လူငယ်နောက်ပါ တရှ္ခခုနစ်ဆယ်၊ မြင်းနှင့်မြင်းစီး တဆွဲငါး၊ စုစုအမှုထမ်း လူငယ်လေးရှ္ခလေးဆယ်၊ နှစ်စု ငါးရှ္ခငါးဆွဲခုနစ်, မီးသင်းဘောနှစ်,တွဲသမ္ဗန်ကြီး နှစ်များနှင့် လာရောက်ရာ မလွန်မြို့သို့ရောက်လျှင် ဝန်ထောက်မဟာမင်းထင်ကျော်, စာရေးကြီး မင်းလှသီရိကျော်ထင်, အရှင် နန်းမတော်ဘုရားစာရေးကြီး မဟာမင်းလှရာဇာ, အမိန့်တော်ရေး နေမျိုးသီရိကျော်ထင်, အသုံးစာရေး ငဘိုးအိုတို့ကို မလွန်မြို့ရောက် စေလွှတ်ကြိုယူစေ၏။ မြစ်စဉ်တလျှောက် စခန်းသင့်ရာ မြို့ကျေးရွာများက ကျွေးမွေးပေးကမ်းစေ၍ ကျောက်တလုံးကင်းတော်သို့ရောက်လျှင် အရှင်နန်းမတော်ဝန် မင်းကြီးမင်၊မဟာမင်းခေါင်ရာဇာ,အကောက်ဝန် ရွှေတိုက်စိုး မဟာမင်းလှရာဇာ, ဖောင်ဝန်စာရေးကြီးမင်းလှမင်းကျော်မင်းထင်,သင်းဘောသူကြီး စပျစ်ရာတို့ကို ခတ်လှေတော်, လှော်လှေတော်, လှေပေါင်းတထောင်ကျော်များနှင့် အကြိုအယူ သွားရ၏။

စစ်ကိုင်းမြို့ သံတဲသို့ရောက်လျှင် ဝန်ကြီးဝန်ထောက်တို့ အမေးအမြန်းနှုတ်ခွန်းဆက်သွားရ၏၊ စစ်ကိုင်းမြို့သံတဲက တောင်သမန်သံတဲသို့ သံတို့စီးသည့်မီးသင်းဘောနှစ်, ဆွဲသမ္ဗန်ကြီးနှစ်များကို သံအရာရှိတို့ကို အကြီးအကြဲပ်ခန့်ထားသည့် မှူးမတ်အရာရှိတို့က ခတ်လှေ လှော်လှေ များနှင့် မြစ်ငယ်ဝကသည် ရွှေကြူပေါက်လမ်း- တောင်သမန် အင်းအတွင်းသို့ဝင်စေပြီးလျှင် သံတဲအနီးတံတားတွင် ခတ်လှေလှော်လှေများကို ဆိုက်ထား၍ ခင်,မြင်း, ရထား, ခြေသည်သူရဲ,စစ်အင်္ဂါလေးပါး တစ်မှူး တစ်အုပ် အကွပ်အကြပ်အစုံနှင့် စီစဉ်ခင်းကျင်းထားသည့်တစ်တော်ခရီးလမ်းစဉ်အတိုင်း မကွေး မြို့စား ဝန်ကြီးသတိုးမင်းကြီးမင်းလှသီဟသူ,မြတောင်မြို့စားဝန်ကြီးသတိုးမင်းကြီးမဟာမင်းလှကျော်သူ,ဗန်းမော်မြို့စား အတွင်းဝန် မင်းကြီးမဟာမင်းလှစည်သူ, အိမ်ရှေ့ဝန် မိုးတားမြို့စား မင်းကြီးမဟာမင်းလှခင်းခေါင်, ဝန်ထောက်စို့ လေးဆယ်ဒိုင်းဝန် မဟာမင်းလှသီဟသူ, သူရဲဝန် မဟာမင်းခေါင်သူရိန်, ပန်းဘဲဝန် နေမျိုးယန္တရာ, မြေနန်းဝန်မင်းလှခင်းထင်ကျော်စွာ, သံဘော်ဆင့်, နာခံ,စာရေးကြီး,လွှတ်အရာရှိတို့

ကြိုဆို ဆောင်ယူပြီးလျှင် သံတို့ကို သံတဲသို့တက်စေ၏၊ သံတဲတွင်လည်း ပွဲသဘင်စည်ပင်သာယာအောင်ခံရ၏၊ သံတဲတွင် အစောင့်အနေမှစ၍ ပေးကမ်းကျွေးမွေးရန် ရှိသည်များကိုလည်း စရိတ်ငွေတော် ထုတ်ပေး၍ လုံလောက်အောင် ပေးကမ်းကျွေးမွေးရ၏၊ နန်းတော်ကလည်း နေ့စဉ် အထူးသဖြင့် ကျွေးမွေးပေးကမ်း၏။

ထိုနှစ် တော်သလင်းလဆန်း ခုနစ်ရက်နေ့ နှစ်စဉ် ကန်တော့ပွဲတက် အခမ်းအနားများထက်သာလွန်၍ ရွှေနန်းတော်ပတ်လည် ,ဝင်းတော်ပြင် မြေနန်းတော်ရှေ့ တောင်မြောက်ဝဲယာများတွင် ခမ်းနားကြီးကျယ်စွာ တပ်ဝင်းအခင်းအကျင်းများနှင့် သံတို့ကို ကြဦးဆောင်ကြိုယူမည့် မြို့ပြင် မြို့တွင်း လမ်းစဉ်တလျှောက် ရဲမက်လက်နက်ကိုင် အမှုထမ်း တပ်ဝင်း အခင်းအကျင်းများကို ဆိုင်ရာတပ်မှူးတပ်အုပ်အစုံနှင့် ခန့်ထားစီရင်ပြီးမှ သံတို့ကို ရွှေနန်းတော်သို့ဝင်စေ၍ ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရား ကြီးဘုရားထွက်တော်မူပြီးလျှင် ရာဇသံနှင့်တကွလက်ဆောင်တော်များကို အဆက်အသခံတော်မူရာ ရာဇသံလက်ဆောင်တော်များကို ဖတ်လျှောက် မြဲ ဖတ်လျှောက်ဆက်သရသည်။

အင်္ဂလိပ်မင်းက ပေးသည့် ရာဇသံစာကား ···· အိန္ဒိယတိုင်းနှင့်တကွ အနောက်မျက်နှာ တိုင်းကြီးပြည်ကြီးများကို အစိုးရတော်မူသော အင်္ဂ လိပ်မင်း မာရ်ကွိသလ်ဒါလဦးသီ ကြားရောက်လိုက်ပါသည်-သုနာပရန်, တမ္ဗဒီပ, အစရှိသော အရှေ့မျက်နှာ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့ကို အစိုးရတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူ လှသော နေထွက်ဘုရင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် ဘဝရှင် မင်းတရားကြီး ···တထောင့်နှစ်ရာ့တဆဲ့ခြောက်ခုနတ်တော်လပြည့်ကျော် ၄ ါးရက်နေ့ ပေးအပ်လိုက်သည့် ရာဇသံစာတွင်ပါရှိသည်နှင့်အညီ ယခု ပဲခူးနိုင်ငံများကို အုပ်ချုပ်စီရင်ရသော အရေးပိုင်ဝန်ရှင်တော် မင်းကြီး မေဇာဆာအာသာပါစိဘယ်ဖယ်ရာကို သံတမန်အရာ ခန့်ထားပြီးလျှင် မဟာမိတ်အဖြစ်ရာဇသံစာနှင့် အရှေ့တိုင်း,အနောက်တိုင်း,ဘိလပ်,အမြို့မြို့ နိုင်ငံများကဖြစ်သော အထည်အလိပ်များကို အင်္ဂလိပ်မင်းက ကောင်း သည့် သဘောလက္ခဏာ အလိုရှိသည်နှင့်အညီ ပို့ရောက်ပါစေသည်၊ မြန်မာဘုရင်မှစ၍ သားတော်မြေးတော် အဆက်ဆက် ထာဝရ ကာလ အရှည် မဟာမိတ်အဖြစ် ကောင်းသည်အလိုကို အင်္ဂလိပ် မင်းများက သဘောစွဲ ရှိပါသည်။ မြန်မာ မင်းက နေ့ရက် မကြာ သံတမန် တို့ကို

ဘင်္ဂလားမြို့သို့ ခန့်ထား စေလွှတ် ရောက်ရာ အင်္ဂလိပ်မင်းက အလွှန် ကျေနပ်၍ လက်ခံသည်များကို ယခုသံတမန်တွင် မြန်မာမင်းပြည့်စုံအောင် သိပါလိမ့်မည်၊ မြန်စွာ သံအရာရှိ များကို ခန့်ထား စေလွှတ်သည့် အကြောင်းသည် မဟာမိတ် နှစ်တိုင်းနှစ်ပြည် ငြိမ်ဝပ်စွာ တဦးကို တဦး အပေါင်းအဖက်ပြုကြရာ နှစ်ဖက်အကျိုးဖြစ်မည်များကို တိုးပွားအောင် အင်္ဂလိပ်မင်းက အဖြောင့် အမှန် ထပ်၍ အလိုရှိသည့်အရာကို မြန်မာ မင်းက သိသင့်ပါကြောင်း၊ အင်းဝ မြန်မာမင်း နန်းစံသည့် နေ့က စ၍ အဖြောင့်အမှန် နှစ်တိုင်းနှစ်ပြည် မဟာမိတ် အစဉ်ဖြစ်အောင် အလိုကို အားထုတ်၍ ပြုသည်အကြောင်း၊ လူအပေါင်း တို့ကို တရားနှင့် အညီ အစဉ်ထာဝရ အမှန်အကန် ပြုသည်မှာ နှစ်သက်ဖွယ်အကြောင်း ဖြစ်ပါ သည်။ ယခု မြန်မာမင်းစိုးအုပ်၍ တိုင်းပြည်သာယာသည့် လက်ထက်တွင် ပြုသမှုအကြောင်း၊ ပညာနှင့် စပ်ဆိုင်သည့် ဂုဏ်သရေအလုံးစုံ တည် ကြည်သည်ဖြစ်၍ ငြိမ်ဝပ်စွာ ဆင်းရဲသားတို့ ချမ်းသာစီးပွား ဖြစ်မည် များကိုသာ လှုံ့လထုတ်သောကြောင့် အင်္ဂလိပ်မင်းက သံတမန် မြန်မာ မင်း ထံသို့ ခန့် ထား စေ လွှတ် ရောက်လျှင် မဟာမိတ် သာ၍ ခိုင် ခန့်အောင်နှစ်တိုင်းနှစ်ပြည် မင်းတို့ အလိုရှိကြသည့် အတိုင်း ဖြစ်မည်၊ အကြောင်း တစုံတခုရှိလျှင်လည်း ရှင်းလင်းကြရလိမ့်မည်၊ အဖော် အကား အရောင်းအဝယ် တိုးပွားအောင်အားပေးလျှင် နှစ်တိုင်းနှစ်ပြည် အမျိုးသားတို့ အကျိုးစီးပွား ဖြစ်မည်အကြောင်းကို အလွှန်ယုံကြည်ပါ သည်။ ခန့်ထားစေလွှတ်သည့် သံတမန်သည် အရာရှိအကြီး ဂုဏ်အသရေ ရှိသူဖြစ်၍ အိန္ဒိယတိုင်းကို အစိုးရတော်မူသော အင်္ဂလိပ်မင်း အလွှန်ယုံ ကြည်သူဖြစ်သောကြောင့် မြန်မာမင်းကို နှစ်သက်ရိုသေသည့်သဘောနှင့် ၎င်းသံတမန်ပြောသော စကားကို နာယူ ယုံကြည်ပါမည်အကြောင်းကို ကြားရောက်လိုက်ပါသည်။

အင်္ဂလိပ်မင်းက သလိုက်သည့် လက်ဆောင်တော်ကား····စိန်မြလည် ဆွဲပုတီးကုံးရေ တစ်၊ စိန်မြနဖူးစည်းကုံးရေ တစ်၊ မြဘယက်ကုံးရေတစ်၊ စိန်မြ လက်ရန်းဆင်ပုတီးကုံးရေ တစ်၊ စိန်တင်လက်စွပ်ကွင်းရေ တစ်၊ မြတင်လက်စွပ်ကွင်းရေ တစ်၊ နာရီစိန်ကြိုး ကြိုးငယ်ချောင်းရေ နှစ်၊သိုး မွေးအချောအပြာရောင်တဘက် တစ်၊ ၎င်းတို့ရှည်တဘက် တစ်၊ရွှေချည် ထိုးတဘက်နှစ်၊ သိုးမွေးလုပ်ပုဝါ တစ်၊ ပတ်ပါနီခြုံထည်တစ်၊ ၎င်းဘီလပ် ခြုံထည်တစ်၊ရွှေဗုဇ္ဇန်ဆီတင်ကပ်အုပ်တစ်၊ ဗာရာဏသီခြုံထည် တစ်၊ဗာရာ

ဏသီလုံချီတစ်၊ ရွှေချည်ခြူထည် တစ်၊ မိုးကြိုးရောင် သက္ကလတ်အုပ် နှစ်၊ ရွှေချည်ထိုးပဲအုပ်နှစ်၊ ရွှေနာရီနှစ်ဖက်ပိတ်တစ်၊ ကျောက်စီရွှေနာရီကြိုးတစ်၊ ရွှေနာရီခွက်တစ်၊ ငှက်တွန်သည့်သံစုံသေတ္တာတစ်၊ အမွှေးထည့် ဥသဘာယားသေတ္တာငယ် တစ်၊ ပန်းပြောက်ထုငွေသက္ကလတ်တင်ဖလားတစ်၊ငွေကရားတစ်၊ ပန်းလိမ်ငွေဖလား တစ်၊ ၎င်းပန်းလိမ်ငွေဖလား အဖုံးပါတစ်၊ ကာဇီသောက်ငွေကရား တစ်၊ လက်ဘက်ရည်သောက် ငွေကရားတစ်၊ သကြားထည့် ငွေခွက် တစ်၊ နို့ထည့်ငွေအိုးတစ်၊ အမြောင့်ထိုး နှလုံးပြူးသေနတ် တစ်၊ နှစ်လုံးပြူးသေနတ် တစ်၊ ပါလရှာမျိုးလုပ်ငွေကွပ်ဓားလွယ် တစ်၊ ကထာရွှေကွပ် သန်လျက်တစ်၊ တခြားမျိုး သန်လျက်နှစ်၊ လင်းလေးတစ်၊ မြားကျည်တောက်တစ်၊ရွှေကွပ်သွား မြားသုံးဆယ်တစ်၊ သံကွန်ချာအင်္ကျီတစ်၊ လှံနှစ်၊ နေရာတော်တစ်၊ ပတ္တမြားရေတဆဲ့ငါးလုံးပါ ဖန်မီးအိမ်ပဒေသာ နှစ်၊ သံစုံသေတ္တာ တစ်၊ ကျောက်ခုံပါကိုယ်လုံးမြင်မှန်ကြီး တစ်၊ဒန်ကွပ်မှန်ပြောင်း တစ်၊ကတ္တီပါအုပ်ကုလားထိုင် တစ်၊ ပုလဲရောင်နှစ်လုံးပြူးမှန်ပြောင်း တစ်၊ သားရိုးအမျိုးစုံအရောင်တင်စာရေးသေတ္တာ တစ်၊၎င်းစက္ကူထည့်သည့်တန်ဆာ တစ်၊ ၎င်းအမွှေးထည့်သေတ္တာ တစ်၊ ဆင်စွယ်လက်ကိုင်တုတ် တစ်၊ ရွှေရောင် ခရာငယ်တစ်၊ ပတ္တမြားရောင် ဖန်ပလင်းဘူးတစ်၊ ရွှေရောင်ဖန်ဘူး တစ်၊ ရွှေတန်ဆာတင်ရန် ကလပ်တစ်၊ပန်းထည့်ရန် ကလပ်စိမ်း အဖုံးနန်းချည်အုပ် နှစ်၊ အပြာရောင်ရွှေရေးအရွက် တစ်၊ ပတ္တမြားရောင် အဖြူရောင်ပလင်းနှစ်၊ ပတ္တမြားရောင်ရွှေရောင်ပလင်းငယ် နှစ်၊ ပတ္တမြားရောင် ရွှေရောင်ဖန်ခွက်နှစ်၊ ခရသင်းကိုလုပ်သည့် စက္ကူဘိရန် တန်ဆာ တစ်၊ ဖန်ကိုလုပ်သည့်ဘိရန်တန်ဆာနှစ်၊တမျက်နှာရုပ်စုံမြင်သည့် မှန်သေတ္တာငယ် တစ်၊ ၎င်းပတ်လည် နေ့ညမြင်သည့် မှန်သေတ္တာကြီး တစ်၊၎င်းအငယ် နှစ်၊ဝိုင်းလျက်မြင်သည့် ရုပ်ပုံမှန်သေတ္တာတစ်၊ မှန်တင်ရွှေရေးစုံလေး၊ ၎င်းတင်ရန် မှန်လေး၊ ဆင်စွယ်ကိုလုပ်သည့်ယည်တစ်၊ ရွှေပွင့်ထိုးခေါင်းပေါင်းချော အုပ်ရေနှစ်၊ ရထားကြီးဘီးလေးခုတပ်တစ်၊ လှပစွာလုပ်သည့် မြင်းကကြိုးတန်ဆာစုံ တစ်၊မြင်းကြီးစီးရေ လေး၊ နှင်းရည်ပလင်းတစ်များကို ဆက်သ၏။

နန်းမတော် အရှင်မိဖုရားခေါင်ကြီးကိုလည်း ပုလဲလည်ဆွဲကုံးရေတစ်၊ စိန်လက်ကောက်ရန်စုံ တစ်၊ မြလက်ကောက်ရန်စုံ တစ်၊ စိန်တင်လက်စွပ်တစ်၊ မြတင်လက်စွပ် တစ်၊ သိုးမွေးရွှေပွင့်ထိုး တဘက် တစ်၊ သိုးမွေး

တဘက်နှစ်၊ ဗာရာဏသီတဘက် နှစ်၊ ကျင်ကပ်အုပ် တစ်၊ ဗာရာဏသီ တဘက်ကြီး နှစ်၊ ပိုးကတ္တီပါအနီအုပ် တစ်၊ ရွှေပွင့်ထိုးဖဲအုပ်တစ်၊ ဖဲပိုး အမျိုးစုံရေတစ်၊ နာရီခွက် တစ်၊ ငွေသေတ္တာတစ်၊ ငွေဆင်ကတစ်၊ ၎င်း ကုန်းခံအဝတ်တစ်၊ သံစုံသေတ္တာတစ်၊ နေ့ညမြင်သည့်မှန်ပြောင်းကြီး ခုံ ပါ တစ်၊ ကိုယ်လုံးမြင်မှန်ကြီး ကျောက်ခုံပါတစ်၊ ပုလဲရောင် ရွှေရည်ပွတ် ရွှေတန်ဆာထည့်သည့် သေတ္တာ တစ်၊ သားရိုး အမျိုးစုံ အရောင်တင် အမွှေးထည့်သေတ္တာတစ်၊အမွှေးထည့်သည့်အစိမ်းရောင်အဖြူ ပလင်းလွတ် နှစ်၊ စက္ကူဘိသည့် ဖန်တန်ဆာနှစ်၊ တမျက်နှာ အရုပ်အမျိုးစုံမြင်သည့် မှန်သေတ္တာတစ်၊ ပိုင်းလျက်မြင်သည့် ရုပ်ပုံမှန်သေတ္တာ တစ်၊ အဝတ်နီ ရွှေပွင့်ထိုး တဘက်ကြီးတစ်၊ ချည်ပန်းပွင့်ထိုးအထည် လေး၊ ရွှေပန်းပွင့် ထိုးအထည်နှစ်၊ အထည်ချောအုပ်ရေ လေး၊ ကြာချည်ပန်းပွင့်ထိုး လေး၊ ကြာချည်အစင်း လေး၊ ချည်ထည်အမျိုးစုံ လေး၊ နှင်းရည်ပလင်းတစ်များ ကို ဆက်သ၏။

အင်္ဂလိပ်မင်းသံတို့ကိုမေးမြန်မေး၍ အင်္ဂလိပ်သံအရေးပိုင် ဝန်ကြီးဆာ အာသာပါစိဘယ်ဖယ်ရာကို ရွှေစလွယ် ကိုးသွယ်,တဆွဲနှစ်ရာသီ ထုပြော် ရွှေဖလား တစ်, ပတ္တမြားလက်စွပ် တစ်, လွန်းမျှားပုဆိုးတစ်-ပေးတော် မူသည်။ လက်ယာမိုလ်ကြီး ဆရာဝန်, မြေထဲမြို့ဝန် အာလံမိုယ်, ကပ္ပိတံ ယည်နီတို့ကို ပတ္တမြားလက်စွပ်,သင်းချောရွှေဖလား, လွန်းမျှားပုဆိုးတစ် စီ-ပေးတော်မူ၏။ ကျန်အရာရှိ တဆွဲနှစ်ယောက် တို့ကိုလည်း ပတ္တမြား လက်စွပ်တစ်, လွန်းမျှားပုဆိုးတစ်စီ ပေးတော်မူ၍ သံတို့ကို ကြပ်မဆောင် ယူလာခဲ့ရင်းလမ်းစဉ်အတိုင်း သံအကြီးအကြပ်တို့တပ်ဝင်းအခင်းအကျင်း များနှင့် သံတဲသို့ ကြပ်မဆောင်ယူရ၏။

၎င်းလဆန်းခုနစ်ရက်နေ့ အိမ်ရှေ့အိမ်တော်သို့ လက်ဆောင်အဆက် အသ သံအကြီးအကြပ် ဝန်ထောက်စာရေးကြီးတို့နှင့်ဝင်ရာ အိမ်ရှေ့အိမ် တော်မှာလည်း ဝင်းတော် အရှေ့တံခါးကသည် သံတို့လာမည့်လမ်းကို လျှောက်၍ သေနတ်စွဲသူရဲမြင်းတပ်လူတသောင်းခန့်၊ ဝင်းတော်အတွင်း အိမ်ရှေ့အိမ်တော်ပတ်လည် တပ်ဝင်းအခင်းအကျင်း လူတသောင်းခန့်၊ အိမ်တော် မာရဘင်ပြင် စားတော်ကွမ်းရေ ထီးဓားလက်စွဲ မှူးမတ်အရာ ရှိတို့ စောင့်နေခင်းကျင်းခစားအသင့်ရှိစေ၍ ပွဲလမ်းသဘင် စည်ပင် သာ ယာအောင် ခံရ၏။သံတို့အိမ်ရှေ့တော်သို့ရောက်၍ အိမ်ရှေ့မင်း,အိမ်ရှေ့

မိဖုရားတို့ ထွက်စံတော်မူမိလျှင် ဆက်သရန် လက်ဆောင်တော်များကို အိမ်ရှေ့နာခံ, အိမ်ရှေ့သံခံတို့ ဖတ်လျှောက်ဆက်သရသည်။

အင်္ဂလိပ်မင်းက ဆက်သလိုက်သည့် လက်ဆောင်တော်ကား····ကျင်ကပ်အုပ်ရေတစ်၊ ဗာရာဏသီပုဝါအုပ်ရေနှစ်၊ ရွှေနာရီနှစ်ဖက်ပိတ်တစ်၊ ရွှေနာရီကြိုးတစ်၊ ငှက်တွန်သံစုံသေတ္တာတစ်၊ ငွေသေတ္တာငယ်တစ်၊ ဆေးလိပ်ထည့် ငွေဖာငယ် တစ်၊ အမွှေးဖျန်းငွေဘူး တစ်၊ ငွေကွမ်းအစ်တစ်၊ သပြက်ရွက်ပုံငွေဖလားတစ်၊ငွေကုလားထိုင်တစ်၊ နှစ်လုံးပြူးသေနတ်တစ်၊ ကျောက်မြင်းသေနတ်စုံရေတစ်၊ မာလာရပ် ငွေကွပ်သန်လျက် တစ်၊ ငွေရိုးကတ္တီပါကွပ်ထီးတစ်၊ ငါးကြီးရိုးလက်ကိုင်တုတ်တစ်၊ ပတ္တမြားရေတဆွဲ နှစ်လုံးပါ ဖန်မီးအိမ် ပဒေသာနှစ်၊ သံစုံသေတ္တာတစ်၊ ဒန်ကွပ်မှန်ပြောင်းငယ်-ခုံပါတစ်၊ ရွှေရောင်တင်ပလင်းလွတ် နှစ်၊ ပယင်းရောင်တင် ပလင်းလွတ် နှစ်၊ ရေထည့်ဖန်တကောင်း နှစ်၊ငှင်းကရားတစ်၊ဘီးနှစ်ခုတပ်ရထားတစ်၊ လှပစွာလုပ်သည့် မြင်းကကြိုးတန်ဆာတစ်၊ မြင်းကြီး စီးရေ နှစ်၊ နှင်းဆီပလင်းတစ်၊ ရွှေပွင့်ထိုးဖဲအုပ်ရေတစ်၊ စက္ကူဘိသည့် ဖန်တန်ဆာ နှစ်၊ ပတ်လည်မြင်သည့် ရုပ်ပုံမှန်သေတ္တာတစ် များကို ဆက်သ၏။

အိမ်ရှေ့မင်းကလည်း သံတို့ကို မေးမြန်မေး၍ ဝင်တော်မူ၏၊ အိမ်ရှေ့တော်တွင်လည်း ကျွေးမွေးရန်တဲဆောက်ပြီးလျှင် အိမ်ရှေ့ဝန်တို့ကြီးကြပ်၍ ထမင်းပွဲ, မုံ့, ယို,အချိုအချဉ်ပွဲများကို လှပကောင်းမွန်အောင် ကျွေးမွေးပြီးလျှင် သံတို့ကို ကြပ်မဆောင်ယူခဲ့ရင်း လမ်းစဉ်အတိုင်း သံအကြီးအကြပ်တို့ ကြပ်မဆောင်ယူ သံတဲသို့ပို့ရ၏။

ထိုသက္ကရာဇ် တော်သလင်းလဆန်း တဆဲ့သုံးရက်နေ့ မြတောင်မြို့စားဝန်ကြီး သတိုး မင်းကြီးမဟာ မင်းလှကျော်သူကို အတွင်း ကိုယ်ရံတော်ခြောက်ကြောင်းအစုမှစ၍ သေနတ်အစုများကို အုပ်ထိန်းဆင့်ဆိုရ၏။

ငှင်းလပြည့်ကျော် တရက်နေ့ ပုပ္ပါးမြို့ကျေး သပြေချောင်းတောကရဲပတိုင်း လေးသင်း မင်္ဂလာ လေးသင်း အောက်မားတော် များနှင့်အောက်ဝင်ခဲ့သည့် အတိုင်း လေးတောင့်နှစ်မိုက်လေးသစ်ခန့်, အစွယ်ပြင်ပေါ် တတောင်ခန့်, အသက် တဆဲ့ ခုနစ်နှစ်ခန့် ဆင်တော် တစ်၊ ကန္နီမြို့ကျေး ပန်းလှိုင်တောက ပြည်လေးသင်း အောက်မားတော်များနှင့်အောက်ဝင်ခဲ့သည့် အတိုင်း ငါးတောင့်တမိုက်ခန့်, အသက်နှစ်ဆယ်ခန့်ဆင်တော်တစ်၊ ဆင်တော်နှစ်စီးကို ဆင်ကျုံးသို့ သွင်းရာ ဆင်ဖမ်းသဘင်

အခမ်းအနားကို အင်္ဂလိပ်သံ ဝန်ကြီး ဆာအာသာပါခ်ီဘာယ်ဖယ်ရာနှင့် သံတို့ကို ပြသကြည့်ရှုရ၏။

ငင်းလပြည့်ကျော်ခြောက်ရက်နေ့ အင်္ဂလိပ်အရေးပိုင် ဝန်ကြီးဆာအာသာပါခ်ီဘာယ်ဖယ်ရာနှင့် သံအရာရှိတို့ အဖူးအမြော်ခံတော်မူ၍ သံအကြီး ဆာအာသာပါခ်ီဘာယ်ဖယ်ရာကို ရထားက မြင်းလေးစီး၊ ဝေါ်ရာဗိုလ် ဝိလစ်စစ်၊ အကောက်ဝန်တွေက်တို့ကို ရွှေဖလားတစ်စီ ပေးတော်မူ၏။ ဝေါ်ရာတရာ့လေးဆယ်တို့ကိုပေးရန် ပိုးပုဆိုး တရာ့လေးဆယ်၊ တရုပ်မီးခတ်တရာ့လေးဆယ်များကိုလည်း ငင်းတွေက်တို့တွင် ပေးတော်မူလိုက်၏။

နောက်တကြိမ် ငင်းလပြည့်ကျော် တဆွဲသုံးရက်နေ့ အင်္ဂလိပ်သံအကြီး ဆာအာသာပါခ်ီဘာယ်ဖယ်ရာတို့ အဖူးအမြော်ဝင်ရာ ဇေတဝန်ဆောင်တော်တွင် အဖူးအမြော်ခံတော်မူပြီးလျှင် သံအကြီးဆာအာသာပါခ်ီဘာယ် ဖယ်ရာက ငါးရာ့ငါးဆယ်ဇာတ်၊ မဟာရာဇဝင်များကို ကြည့်ရှုမှတ်သားလိုကြောင်းနှင့် တင်လျှောက်သည်ဖြစ်၍ ငါးရာ့ငါးဆယ်ဇာတ်၊ မဟာရာဇဝင်တော်များကို သနားတော်မူလိုက်၏။ နောက်တခေါက် ဖယ်ရာ သံလုပ်၍လာလျှင် ရာဇဝင်တော် အဆစ်အပိုင်း၊ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများကို မေးတော်မူမည်ဟူ၍လည်း အမိန့်တော်ရှိလိုက်၏။ ဖယ်ရာကလည်း မေးတော်မူသမျှကို လျှောက်ထားနိုင်အောင် ကြည့်ရှုပါမည်၊ မလျှောက်မထားနိုင်လျှင် အရှက်ကြီးစွာရပါမည်အကြောင်းနှင့် လျှော်ထား၏။ နောက်တကြိမ် အင်္ဂလိပ်သံစာရင်း မကျ။

ဆာအာသာပါခ်ီဖယ်ရာနှင့်အတူပါသူ မယ်ခလောက်၊ဟရီ၊စက်ဆရာငါး၊ ကပ္ပိတံ စစ်အနုတ်ဒါရဗေ၊ မာလိန်ဟိ၊ အန်နကရစ်၊ ဆေးသမားဘော်ရတ်နှင့် လူပေါင်းကိုး၊ နှစ်ဝ နှစ်ဆယ်ကို လွန်းများပုဆိုး တစ်စီပေးတော်မူသည်။ ပန်းချီဆရာသရိက်ကိုလည်း ဆဒ္ဒန်ဆင်မင်းပုံကို ကူးယူစေ၏။ နောက်တကြိမ် သီတင်းကျွတ်လဆန်း ငါးရက်နေ့ အင်္ဂလိပ်သံ ဝန်ကြီး ဆာအာသာပါခ်ီ ဘာယ်ဖယ်ရာနှင့် သံလူကြီးတကျိပ်ခြောက် ဝင်သည်ကို မှန်ကားတွင်ရေးသည့် ဆဒ္ဒန်ဆင်မင်းပုံကို သနားတော်မူ၏။ ဘင်ခရာ အငြိမ့်တီး ဝေါ်ရာတို့လည်း မြေနန်းတော်မှာ တီး၍ပြသကြ၏။

ငင်းလဆန်း ကိုးရက်နေ့ အိမ်ရှေ့မင်းအိမ်တော်သို့ သံအကြီး ဆာအာသာပါခ်ီဘာယ်ဖယ်ရာနှင့်သံတို့ဝင်သည်ကိုသံအကြီးဆာအာသာပါခ်ီဘာယ် ဖယ်ရာကို ရွှေဖလားတစ်၊ ပတ္တမြားတင်လက်စွပ်ကြီးတစ်၊ ရထားက မြင်း

တစီး၊လွန်းများပုဆိုးတစ်၊ ရဲပုဆိုးတစ်၊ဘလာပုဆိုး။ ကျန်သံအရာရှိတကျိပ် ခြောက်ကို ပတ္တမြားတင်လက်စွပ် တဆွဲခြောက်၊ ရဲပုဆိုး တဆွဲခြောက်၊ ဘလာပုဆိုး တဆွဲခြောက်များကို ပေးတော်မူ၏။ အင်္ဂလိပ်သံ ဆာအာသာပါစိဘယ်ဖယ်ရာနှင့် သံအရာရှိတကျိပ်ခြောက်တို့ဝန်ကြီးလေးပါးအိမ်သို့ နှုတ်ခွန်းဆက်ဝင်ရာ ဝန်ကြီးမင်းများလည်း ကောင်းမွန်စွာ စကား လက်ခံပြောကြ၍ လက်ဆောင်ပဏ္ဏာပေးကမ်းပြီးလျှင် စားသောက်ဘွယ် တို့ဖြင့် ကျွေးမွေးကြ၏။

ထိုနှစ် သီတင်းကျွတ်လဆန်း တဆဲ့တရက်နေ့ အိန္ဒိယတိုင်း အင်္ဂလိပ် သံတို့ပြန်မည်တွင် ရာဇသံရွှေပေ စစ်သူကြီးမင်းများက ပေးစာများကို ရေးမြဲရေး၍ ဝန်ထောက် ပုပ္ပါးမြို့စား မဟာမင်းထင်မင်းကျော် ကြီးကြပ် ၍ ဆင်မြင်း တပ်ဝင်းအခင်းအကျင်းများနှင့် ပို့မြဲပို့သည်။ လက်ယာမိုလ် ကြီး ရွှေလင်ပန်းနှင့် ရှိသေစွာ ရာဇသံကို ခံယူပြီးလျှင် ရွှေထီး နှစ်ချက်မိုး ၍ သင်းဘောပေါ်သို့ တင်သည်။ [ရာဇသံစာအမိပ္ပါယ်မှာ-သံအကြီး ဆာအာသာပါစိဘယ်ဖယ်ရာတို့ ရာဇသံရွှေပေနှင့်ရောက်လာ၍ နှစ်တိုင်း နှစ်ပြည် မဟာမိတ်ကြီးစွာဖြစ်ကြရသည်ကို ဝမ်းမြောက်ဝမ်းသာရှိကြောင်း များနှင့် ပါသည်။]

ဝန်ကြီးမင်းများလည်း သံတို့နေရာ တောင်သမန်သံတဲသို့သွား၍ နှုတ် ခွန်းဆက်သကြပြီးလျှင် ရွှေဖလားတစ်စီ လက်ဆောင်ပေးကြ၏။ နောက် ၎င်းသံတို့လည်း အိုးထိန်းမော်မြစ်ဆိပ်သို့ ဆင်းသွားကြ၏၊ ၎င်းလဆန်း တဆဲ့နှစ်ရက်နေ့ စုန်သွားရာ ဝန်ထောက်, စာရေးကြီး, သံအကြီးအကြပ် တို့ ကျောက်တလုံးကင်းရောက် လှေတော်သမ္ဗန်တော်များနှင့် လိုက်ပို့ကြ ရ၏၊ မြစ်စဉ်မြို့ကျေးရွာ ဝန်အထိန်းအအုပ် တို့ကလည်း ရာဇဝတ်ရေး ကင်းလွတ်အောင် သေနတ်လက်နက် လူသူအများနှင့် မြေထဲမြို့ရောက် လိုက်ပို့ကြ၏။

ထိုနှစ် သီတင်းကျွတ်လဆန်း ငါးရက်နေ့ကစ၍ နှစ်စဉ် လှူဒါန်းမြဲ ကထိန်တော်ပြင် မင်းညီမင်းသား, မင်းမိဖုရား မှူးတော် မတ်တော်တို့ကို ကိုးကွယ်ချီးမြှင့် ပြုစုစေသည့် ကျောက်တိုက်များမှာ အသီးအသီး ညတ် ကထိန်ခင်းကျင်းစေရန် သင်္ကန်းလျာဝိတ်အုပ်မှစ၍ လှူဒါန်းရန်အဘွယ် အရာများကို ဝယ်ခြမ်းရန် ငွေတော်ထုတ်ပေးပြီးလျှင် ညတ်ကထိန် ခင်း ကျင်းရ၏။

ယင်းသည့်လပြည့်ကျော် ၅ ရက်နေ့ နေနှစ်ချက်တီးကျော် အချိန် အလယ်နန်းတော်မိဖုရား သိရိပဝရ မဟာရတနာဒေဝီတွင်မြင်သည့် သမီး တော် ကိုးလရွယ်ကံကုန်သည်ကို လှပ ကောင်းမွန်အောင် လုပ်ဆောင် ပြီးလျှင် မြောက်ဥယျာဉ်တော်အတွင်း မြေနှံသင်္ဂြိုဟ်ရ၏။

ထိုနှစ် နတ်တော်လ အထက် သစ္စာတော်ကိုခံ၍ထမ်းရွက်သူ လူနှစ် ရာ့ နှစ်ဆဲ့ ငါးကို ခေါင်းပေါင်း, ပုဆိုး, စရိတ်ငွေတော် ပေး၍ သိန္နီမြို့ စစ်ကဲ မင်းလှမင်းခေါင်ရာဇာနှင့် အမှုတော်တို့ကို လိုက်ထမ်းစေ၏။

ယင်းသည့် လဆန်းသုံးရက်နေ့ ဘေးတော် ဆင်ဖြူရှင့်သား သတိုး မင်းလှနရာခံ–မောင်နဂါးကံကုန်သည်ကို မင်းသားလတ်တို့ သေလွန်ရာ သင်္ဂြိုဟ်သည့်နည်း လွှတ်က ကောင်းမွန်အောင် လုပ်ဆောင် သင်္ဂြိုဟ်ရ၏။

ယင်းသည့်လ စစ်ကိုင်းမြို့ အနုရုဒ္ဓါဆရာတော် ဘဝပြောင်းသည်ကို ပိတောက်ချောင်ဆရာတော်ကြီးနည်း သင်္ဂြိုဟ်ရ၏။

ယင်းသည့်လပြည့်ကျော် ကိုးရက်နေ့ ရွှေမြို့တော်တိုက်ရှိတံဆိပ်ရဆရာ တော် သံဃာတော် ငါးဆဲ့လေးပါးကို မှန်နန်းတော်သို့ပင့်၍ ဆွမ်းလုပ် ကျွေးတော်မူပြီးလျှင် ဆရာတော်တပါးလျှင် ဝိတ်အုပ်ရေတစ်စီ လှူဒါန်း တော်မူ၏။

သက္ကရာဇ် (၁၂၁၇) တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခုနှစ် ပြာသိုလပြည့် ကျော်နှစ်ရက်နေ့ အယုဒ္ဓရတိုင်း ဒွါရာဝတီပြည် ယိုးဒယားမြို့သို့ သာ သနာပြုဆရာအား လှူဒါန်းရန် လှူဘွယ်ဝတ္ထုများနှင့် ဗန်းမော်အတွင်း ဝန် မင်းကြီး မဟာမင်းလှစည်သူက လျှောက်လွှာရေးသားပြီးလျှင် ၎င်း လျှောက်လွှာနှင့် အတွင်းတော်မြဲ မင်းလှစောစံနရိန်, ငရွှေသီး, ငရွှေ မောင်, ကောလာ, ငထွေးတို့ကို စေလွှတ်တော်မူ၏။ ထိုနေ့ သက်ပန်း ရွာစားတွင်မြင်သည့် သားတော်ဗညားလောကို ပင်းမြို့ကို ပေးတော်မူ၏။

ယင်းသည့်လပြည့်ကျော် ၅ ရက်နေ့ အရမဏီလူမျိုး ကုန်သည်ကြီး ဇော်တင်က ဆက်သရန် လက်ဆောင်တော် ဖန်ပဒေသာကြီးလေး, သံစုံ သေတ္တာကြီးတစ်, နာရီကြီးတစ်, မှန်အိမ်, ဖယောင်းတိုင် အထူးအဆန်း လက်ဆောင်တော်များနှင့် လာရောက်သည်ကို ဇေတဝန် ဆောင်တော် တွင် အဖူးအမြော်အဆက်အသ ခံတော်မူ၍ ကျောက်နီတင် လက်စွပ်, လွန်းများပုဆိုး,အုပ်မျိုးထည်မျိုး များစွာပေးတော်မူ၏။

ယင်းသည့်လပြည့်ကျော် တဆဲ့တရက် သောကြာနေ့ မန်းစက်တော်ရာ အထက်အောက် ပြာသာဒ်နှစ်ဆူကို ရွှေမှုမ်းမံကပ်လှူရန် ရွှေဆိုင်းရေခုနစ်ထောင်ကျော်ကို ရေစက်သွန်းချတော်မူရာ ရေ မြေသို့ရောက်လျှင် မြေကြီးလျှင် ပြင်းစွာလှုပ်သည်ကို ပညာရှိတို့က မင်္ဂလာစကား,မင်္ဂလာရတု အသီးအသီး လျှောက်ကြသည်။

ယိုနှစ် တပို့တွဲလဆန်းတရက်နေ့ ဂန္ဓာလရာဇ်တိုင်း ရှင်ဘုန်း ဥဒည်မင်းက နှစ်တိုင်းနှစ်ပြည် ရာဇမဟာမိတ် လက္ခဏာနှင့်အညီ မယ်တော်မကျန်းမမာသည်ကို ဘွဲ့အမည်ချီးမြှင့်၍ ဆေးဝါးကုမရာ (၁၂၁၇) တထောင်နှစ်ရာ့တဆဲ့ခုနစ်ခုနှစ် ဝါခေါင်လဆန်း ကိုးရက်နေ့ နတ်ရွာစံကြောင်းများနှင့် ရောက်သည်ကို ပြန်ဆိုမြဲ ပြန်ဆိုဆက်သွင်းရ၏။

ယင်းသည့် လဆန်းတရက်နေ့ ပခန်းကြီးမြို့ ရေစကြို ရွာကျောင်းနေ ပဘူးဆရာတော်ကိုပင့်၍ ဖူးမြော်တော်မူသည်၊ ရွှေနန်းတော်အတွင်းသို့ ဆရာတော်ဘုရား ဆွမ်းခံဝင်တော်မူရာ မင်းမိဖုရားတို့နှင့် တကွ ဆွမ်းလောင်းလှူတော်မူ၏။

ထိုသက္ကရာဇ် တပို့တွဲလဆန်း ခြောက်ရက်နေ့ ကျိုင်းရုံးကြီး သေဥ္စဝိဘွားက ခြေသည်းလက်သည်းနက်သည့် ဆင်တော်တစ်,မြီးဆံဖြူ ဆင်မတော်တစ်, လားမတဆဲ့ငါး, ရွှေပွင့်ထိုးနေရာတော်, အုံးတော်, ဖဲဖြူလိပ်တစ်, သေဥ္စဝိဘွား ခန့်ထားသည့်ကာလက ရွှေတိုက်တော်က ထုတ်ပေးသည့် ငွေတော်သပြာလေးထောင်။ ကျိုင်းတုံစော်ဘွားက လားထီးတဆဲ့ရှစ်။ မိုင်းလျှဉ်းကြီးစော်ဘွားက လားထီးမငါးများနှင့် ကျိုင်းရုံးကြီးမြို့ မြောက် တဆဲ့နှစ်ရက်ခရီးကွာ တရုပ်နယ်စပ် အိမ်ခြေတသောင်းကျော်ကို ဘွားစားစီရင်ရသော မိုင်းငန်းမြို့စား စော်ဘွား ကျိုးနွံပျပ်ဝပ်ကြောင်း သနားတော်မြတ်ခံရသည့်ဘွဲ့ကို အဘနည်း စက္ကူတွင်ခတ်၍ ပေးရပါမည့်အကြောင်းများနှင့် ကျိုင်းရုံးကြီးအမတ် ဘယားလုံစန္ဒရံ,ကျိုင်းတုံတပ်ဦးချုပ်ဟောင်း မင်းကျော်သူရိန်တို့ လာရောက်ဆက်သ၏။

ယင်းသည့် လပြည့်ကျော်ခြောက်ရက်နေ့ အထက်တကြိမ် လာရောက်ပြန်သွားသည့် ပြင်သစ်ဗိုလ်ကြီး ဒေါ်ဂေါ်ရနီ ထပ်မံလာရောက်ပြီးလျှင် ပြင်သစ်မင်းအကြောင်းအရာ အလုံးစုံမျိုးကို လျှောက်ထားကြားသိတော်မူရာ ပြင်သစ်မင်း ရာဇသံ ရွှေပေလက်ဆောင်တော်များနှင့် ပြင်သစ်ဗိုလ် ဒေါ်ဂေါ်ရနီနှင့်အတူ သံကြီး-မဟာမင်းထင်ရာဇသီဟသူ,သံလတ်-အမှာ

ရေးမင်းလှမင်းထင်စည်သူ, စကားပြန် အဝါနှစ်တို့ကို နောက်ပါလူငယ်တို့နှင့်သင်းဘောခစားစရိတ်လုံလောက်အောင်ပေး၍စေလွှတ်တော်မူ၏။ ပြင်သစ်မင်းသို့ပေးရန် ရာဇသံအမိပ္ပါယ်မှာ-နှစ်တိုင်းနှစ်ပြည် မဟာမိတ်ဖြစ်လိုကြောင်းများနှင့် ပါသည်။ လက်ဆောင်မှာ-အဘိုးတရာတန်နီလာတင်လက်စွပ်ကြီးတစ်၊အဘိုးငါးဆယ်တန် ပတ္တမြားတင်လက်စွပ်ကြီးတစ်၊ အချက်နဝရတ်တင် အချိန်ငါးဆယ်ကျော်ခုတ် ရွှေဖလားကြီးတစ်၊ ပတ္တမြားစီ ရွှေဝိန်းကွင်ဓား တစ်၊ ပြင်သစ်မင်းမှူးမတ်တို့ကို သနားတော်မူရန် နီလာတင်လက်စွပ်ကွင်းရေ တဆယ်၊ ပန်းလက်ချိတ်ပုဆိုးတဆယ်၊ ဘလာပုဆိုးတဆယ်များကို လှေတော်များနှင့် ရန်ကုန်မြို့ဆိပ်ရောက် လိုက်ပို့ရ၏။

ယင်းသည့်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ညနေ သုံးချက်တီးကျော်အချိန် ရွှေမြို့တော်အနောက်ပြင် ဘုန်းတော်ဖြစ်အမှုထမ်း ငရွှေရအိမ်က စ၍ မီးစွဲပြီကျွမ်းလောင်ရာ-အရပ်ရေတဆယ်, အိမ်ခြေပေါင်း နှစ်ထောင်ကျော်မီးလောင်သည်ကို မီးလောင်ရာပါသူတို့အိမ်များကို ဝါး,ကြိမ်,ဖျာ, ရိုင်, ဓနိပေါင်းလန်း,ပန်းကန်,ရေအိုး,ရေခွက်, ဆန်များကိုပေးတော်မူသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ မန်းစက်တော်ရာဘုရားကို လှူဒါန်းရန် ငွေပုဇွန်ဆီထီးဖြူတော်နှစ်ကို မှန်နန်းတော်ဦးတွင် ရေစက်သွန်းလောင်းတော်မူ၍ဘုရားအရောက်အကြီးအကြပ်နှင့်တင်လှူရ၏။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း အထက်မင်္ဂလာအိမ်တော် စံတော်မူစဉ် နောင်တော် ပုဂံမင်းကောင်းမှု မဟာလောကရံသီ စေတီဌာတော်အတွင်း ခေါင်းလောင်းသွန်းလုပ်လှူဒါန်းတော်မူမည် ရည်ကြိုတော်မူရင်း အမိန့်ဒွာန်တော်အတိုင်း ချိန်ဝန်သပြာ ခြောက်သောင်းကျော်, အဝတတောင့်တမိုက်, အနံ့ထုခြောက်သစ်, အောက်နှုတ်ခမ်းကကြားကုန် အရပ်တတောင့် တမိုက် လေးသစ်, ၎င်းကြာကအသက် အရပ်ကုန် တတောင်ရှိသော ခေါင်းလောင်းတော်ကို ကြေးသွန်းပန်းတဉ်းအမှုထမ်းတို့ သွန်းလုပ်ပြီးပြေသည်ကို မဟာဂီရိမကုဋ္ဌဆာ ရာဇာ-ကမ္ပည်းတပ်ပြီးလျှင် ယင်းသည့်သက္ကရာဇ် နှောင်းတန်းခူးလဆန်း သုံးရက်ဗုဒ္ဓဟူးနေ့ ဇန်းမော်အတွင်းဝန် မဟာမင်းလှစည်သူနှင့် လွှတ်ရုံးအရာရှိတို့ ပွဲသမ်းသဘင် စည်ပင်သာယာအောင်ခံစေ၍ မဟာလောကရံသီစေတီတော်မဟာရံတံတိုင်းအတွင်း အရှေ့မြောက်ထောင့်တွင် ဆွဲလှူစေ၏။

နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီသဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၁၇)တထောင့်နှစ်ရာ့တဆဲ့ခုနစ်ခု နှောင်းတန်းခူးလဆန်း ခုနစ်ရက် သောကြာနေ့ နေတချက်တီးကျော် ငါးနာရီပါဒ်ပြည့် တဗိဇနာအချိန်တွင် သကြန်ကျသည်။ ၎င်းလဆန်းကိုးရက် တနင်္ဂနွေနေ့ နေနှစ်ချက်တီးကျော် လေးနာရီနှစ်ပါဒ် ဗိဇနာပြည့်အချိန်တွင် အတာနှစ်သစ်သက္ကရာဇ် (၁၂၁၈) တထောင့်နှစ်ရာ့တဆဲ့ရှစ်ခုသို့ တက်သည်။

## ၁၂၁၈-ခု

### ပိဋကတ်တော်များ ကူးရေးခြင်း,သာသနာသန့်ရှင်းရေးလျှောက်ထားခြင်း စသည်နှင့် မိတ္ထိလာကန်နှင့် ကန်အများပြင်ဆင်ခြင်း

သက္ကရာဇ် (၁၂၁၈) တထောင့်နှစ်ရာ့တဆဲ့ရှစ်ခု တန်းခူးလ အတွင်း မြတ်စွာဘုရားဟောကြားတော်မူသော သုတ္တန်, ဝိနည်း, အဘိဓမ္မာ ဟူသော ပိဋကတ်သုံးပုံကို မင်းအဆက်ဆက် ရေးကူးပြုစုကြသည် များမှာ ကာလမြင့်ရှည် အဆင့်ဆင့် ကူးဘန်များ၍ ပုဒ်ပါဠိအက္ခရာ ချွတ်ယွင်းတိမ်းယိမ်းသည်များကို မတိမ်းမယိမ်းစေရ မှန်ကန်သေချာအောင် ရှေးသာသနာပြုမင်းတို့ သင်္ဂါယနာသုံးတန် တင်ပြီးနောက် ပေါ်ဌကာရဋ္ဌပေထက်အက္ခရာတင်သည်များနှင့် သင်္ဂါယနာလေးတန်ဖြစ်သကဲ့သို့ ရွှေနန်းတော်အတွင်း ကိုယ်တိုင်တော်ကြည့်ရှု၍ ပြင်ဆင်ရေးသားလိုကြောင်းများနှင့် ဆရာတော်သံဃာတော်တို့ထံလျှောက်ထားရာ သင့်မြတ်ကြောင်းနှင့် ဆရာတော်တို့မိန့်ဆိုချက်အရ ထိုသက္ကရာဇ် တန်းခူးလဆန်း ဆယ်ရက်တနင်္လာနေ့ နံနက်လေးချက်တီးကျော် ငါးမောင်းနှစ်ပါဒ်အချိန် မြေနန်းတော်မြောက် သုံးထပ်တန်ဆောင်း သုံးဆောင် မဏ္ဍပ်ကန္နားကြီးစွာနှင့်ရပ်နေတော်မူရန် စံနန်းတော်ပါ ဆောက်လုပ်ပြီးလျှင် ဝိတ်,ရွှေဖျင်,ဖဲ,ကတ္တီပါ, ခါသာ, မျက်နှာကြက် ကြာယပ်လှဇာရွဲ မွမ်းမံခြယ်လှယ်၍ ပွဲသဘင် စည်ပင်သာယာအောင် ခံရ၏။ ပဥ္စမတန်ဆောင်းတွင် မြတ်စွာဘုရား ရုပ်ပွားတော်နှင့် ပိဋကတ်သုံးပုံရေးရန် ပေတင်ရန် ဝိတ်ဖြူ ရွှေဇာ ငွေဇာကွပ်ပြီးလျှင် စာထောက်များကို အသင့်ရှိစေရ၏။

ရေးမည့်သူ ပိဋကတ်တိုက်စိုး,သွေးသောက်ကြီး,တိုက်ခေါင်း,အကြပ်, အစုရေး, ပိဋကတ်ရေးအမှုထမ်းတို့မှာ ပဲဗောင်းသနထော် သုံးပွင့်၊ ဒူးဝတ်လုံ, ရွှေရေး, မင်ရေး, ကညစ်ရေး လူတရာကျော် တို့မှာ ပြစ်ခြမ်းဗောင်း, ဇာဖျင်ဝတ်လုံဝတ်ဆင်စေ၍ စာပေဗဟုသုတ တတ်ကျွမ်းသည့် မှူးမတ်လူပညာရှိတို့ အသင့်စောင့်နေရ၏။

သာသနာပြုဆရာတော်ကြီးနှင့်တံဆိပ်ရပိဋကတ်မဆရာတော်လေးပါး၊ စာကြည့်ဆရာတော် သုံးဆယ်၊ စာတည်းဆရာတော် ငါးဆယ်၊ပရိယတ်တတ်ကျွမ်းသည့်သံဃာအပါးငါးဆယ်တို့ကိုလည်း ပိဋကတ်တန်ဆောင်းတော်သို့ မဟာဒါန်စာရေးတို့ကို လျှောက်ထားပင့်စေ၏။

ပိဋကတ်တော်ရေး အခါတော်နီးလျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားမှာ မကိုဋ်တော်ဒုယင်တော်၊ အရှင်မိဖုရားခေါင်ကြီးဘုရားမှာ မဟာလွှတာ တန်ဆာတော် ဆင်ယင်တော် မူ၍ မိဖုရားတို့မှာလည်း အသီးအသီး အထိုက်အလျောက် သနားတော်မြတ် ခံရသည့် အဆင်တန်ဆာ၊ အိမ်ရှေ့မင်းမှစ၍ မင်းညီမင်းသား မှူးတော်မတ်တော် ကတော်မယားတို့မှာလည်း သနားတော်မြတ် ခံရသည့် ဗောင်း ဝတ်လုံ အဆင်တန်ဆာများကို ဆင်ယင်ဝတ်စားခြီရံတင့်နှိုင်းတော်မူ၍ ပိဋကတ်တော်ရေး တန်ဆောင်းသို့ ထွက်တော်မူပြီးလျှင် ပိဋကတ်တော်များကို မှန်ကန်သေချာအောင် အမြဲမပြတ် ကြပ်မပြင်ဆင် ကြည့်ရှုတော်မူမည့်–

ဒက္ခိဏာရာမ ဆရာတော်ကို-ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု။

စီးတော် မြင်းဝန်တိုက် ဆရာတော်ကို-သုမင်္ဂလသာမိ သိရိပဝရ မဏိဇေ မဟာဓမ္မရာဇာဓိရာဇဂုရု။

ဆီးဗန်းနီဆရာတော်ကို-နရိန္ဒာဘိ သိရိသဒ္ဓမ္မ ဇောတိပါလဇေ မဟာဓမ္မရာဇာဓိရာဇဂုရု။

ဟူသော တံဆိပ်ကို လှူတော်မူပြီးလျှင် ဆရာတော် သံဃာတော်တို့အား လှူဘွယ်ဝတ္ထုများကို လှူဒါန်းတော်မူ၍ တရားနာတော်မူ၏။အခါတော်ရောက်သည့်ကာလ အမြောက်သံကြားတော်မူသည်နှင့် တဖြိုင်နက်ရွှေရေး,မင်ရေး, ကညစ်ရေးတို့ကိုစ၍ ရေးစေ၏။ အခါတော်မရောက်မီ သုံးရက်က မြို့တွင်းမြို့ပြင် ရပ်ရွာကွက်စုများမှာလည်း ပိဋကတ်တော်ရေး တန်ဆောင်းသို့ အဖူးအမြော် ဝင်ထွက်ကြရမည်-အမိန့်တော် ဖတ်ပြန်စည်လည်စေ၍ ပြည်သူပြည်သားတို့ အဖူးအမြော် ဝင်ထွက်ကြရ၏၊ဒုတိ

ယတန်ဆောင်း, တတိယတန်ဆောင်းများမှာလည်း ၎င်းနည်း ထွက်တော်မူ၍ ရေးသားရ၏။

အခါတော်အတိုင်း ရေးပြီးစာကို လွှတ်စာရေး,ရုံးစာရေးတို့ ဒီဃ, ရဿ, ဋဝဏ်, ဥဝဏ်, နိဂ္ဂဟိတ်အကျအန မူပျက်မူပို အကျအပေါက် အမှားအယွင်းမရှိစေရ တည်းပြင်၍စေ၏။ ထိုနောက် တံဆိပ်တော်ရ စာတည်းဆရာတော်တို့, ထိုနောက် စာကြည့်ဆရာတော်ကြီးတို့ အသီးအသီး ကြည့်ရှု တည်းပြင်၍ပြင်ဆင်ကြရ၏။

ပိဋကတ်သုံးပုံကို ပိဋကတ်တန်ဆောင်းတော်တွင် ရေးသည့်ပြင် ၎င်းရေး၍ တိုက်ပြီးတည်းပြင်ပြီးစာကို မူအများရအောင် ဘုန်းတော်ကြီးလှသောဘုရားက သုတ္တန်ပိဋကတ်, အရှင်နန်းမတော်ဘုရားက အဘိဓမ္မာပိဋကတ်, အိမ်ရှေ့မင်းက ဝိနည်းပိဋကတ်တော်များကို ရေးသားကြရ၏။

ယင်းသည့်လ သာသနဒါယကာ ဘဝရှင်မဟာဓမ္မရာဇ်တရားမင်းမြတ်သည် သာသနာပြုဆရာတော်နှင့် တံဆိပ်တော်ရဆရာတော်တို့ကို ရွှေနန်းတော်သို့ ပင့်တော်မူ၍ သာသနာတော်ရေး သာသနာတော်မှုနှင့် စပ်သည်များကို လျှောက်ထားတော်မူပြီးလျှင် မင်းညီမင်းသား မှူးတော်မတ်တော်တို့ အစုံအညီတွင် သာသနာတော်၏ အညစ်အကြေး မရှိစေရ၊ ဝိနည်းပညတ်တော်အတိုင်း ကျင့်သုံး ဆောက်တည် စေခြင်းငှာ....နိုင်ငံတော်အတွင်း ရဟန်းတို့ ဝိနည်းသိက္ခာပုဒ်နှင့်မညီ၊ အလဇ္ဇီ ကျင့်ကြံ၍ ရဟန်းကောင်းအသွင် နေသည်ကို အရပ်ရပ်မြို့ရွာနေလူတို့က အားပေးအားမြှောက်ပြုသကဲ့သို့ မကိုးကွယ်ကြစေနှင့် ပညတ်တော်မူ၍ ဝိနည်းပညတ်တော်နှင့်ညီအောင် ကျင့်ဆောင်ကြရ၏။

ယင်းသည့် တန်းခူးလ ပုပ္ပါးမြို့စား ဝန်ထောက် မင်းကြီး မဟာမင်းထင်ကျော်ကို ရွှေပြည်မှန်ကင်း အမှုထမ်း လူတရာပေးအပ်ပြီးလျှင် မလွန်မြို့ကရပ်နေ၍ တောင်ခွင်မြို့, ပတ္တနဂိုရ်မြို့, မြေထဲမြို့, မြင်ကွန်းမြို့များကို ဆင့်ဆိုစီရင်ရ၏။

ယင်းသည့်လပြည့်ကျော် လေးရက်နေ့ အသုံးခံဇွာက အဖြူ, အနီ, အစိမ်း, အဝါ, အမောင်း, ပြိုးပြိုးပြက် အရောင်ခြောက်ပါးနှင့် ပြည့်စုံသော ပုလဲမျိုးဖြစ်ရာ လက်ယာရစ်ခရုသင်းတော် မဇ္ဈိမဒေသအနောက်တိုင်းပြည်မှ ဆောင်ယူရောက်သည်ကို လျှောက်ထားဆက်သရာ ထူးမြတ်သည့် ပတ္တမြားကျောက်တော်ရောက်သည်ကို ကြိုယူသည့်နည်း ကြိုယူဆက်သွင်းစေ၏။

ဧင်းလအတွင်း ဘင်္ဂလားမြို့နေ အင်္ဂလိပ်လူမျိုး မယ်ချဲဝိလတ်နှင့် ကပ္ပိတံလေး၊ နောက်တရပ် ကပ္ပိတံပရလုံနှင့် လေး၊ နှစ်စုရှစ်တို့ လက်ဆောင်တော် ထည်မျိုးအုပ်မျိုးများနှင့် အဆက်အသ အဖူးအမြော် ရောက်သည်ကို တောင်ဥယျာဉ်တော်အတွင်း စံနန်းတော်တွင် အဆက်အသ အဖူးအမြော် ခံတော်မူ၍ တကိုယ်လျှင် လွန်းများပုဆိုး တစ်စီ, ရဲပုဆိုး ငါးစီ ပေးတော်မူ၏။

ဧင်းလ အထက် အင်္ဂလိပ်မင်းသံ အရေးပိုင် ဆာအာသာပါ်စိဘယ်ဖယ်ရာနှင့် မီးသင်းဘောစက်ဆရာလုပ်၍ ပါလာသူ အာဒါန်, ညီ ဇာနီအာဒင်တို့နှင့် ပန်းဘဲတတ်သူဆရာနှစ်, မီးစက်နားလည်သူ ကုလားရခိုင် လူတဆယ်ဘို့ အင်္ဂလိပ်မင်းလခကိုမယူ၊ ရွှေဘဝါးတော်အောက် ကျွန်တော်မျိုးခံ ဝင်ရောက်ထမ်းရွက်လာ၏။

ထိုနှစ် နယုန်လ သင်းဘောသူကြီး အိုဝင်းက မီးသင်းဘော ရောအတောင်ခြောက်ဆယ်, ဝမ်းဝဆယ်တောင်, စောက်ငါးတောင်, အဘိုးဒင်္ဂါး ကြည်းဆောင်စရိတ်ပါ တသိန်းတသောင်းနှစ်ထောင့်ကိုးရာတန်ကို ဝယ်ယူဆက်သရာ သင်းဘောသူကြီးအိုဝင်းကိုလည်း အလိုရှိသည့်အတိုင်း ကုန်များကို သနားတော်မူ၍ ရောင်းဝယ်စေ၏။

သက္ကရာဇ် (၁၂၁၈) တထောင့်နှစ်ရာ့တဆဲ့ရှစ်ခု နယုန်လဆန်းတဆဲ့တရက်နေ့ ညဉ့်သုံးချက်တီးကျော် တဆဲ့နှစ်ရက် စနေနေ့သို့အဝင် ငါးမောင်းသုံးပါဒ်အချိန်တွင် တောင်သာမြို့စား သီရိပဘာဝတီတွင် သားတော် ဖွားမြင်သည်။

ထိုသက္ကရာဇ် ဝါဆိုလဆန်းငါးရက်နေ့ မြောက်နန်းတော်မိဖုရား သီရိမဟာရတနာမင်္ဂလာဒေဝီက မြို့တော်အရှေ့ ပြည်တိုက်အတွင်း သိမ်အုတ်ပြာသာဒ် ဆောက်လုပ်ပြီးပြေသည်ကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား, အရှင် မိဖုရားခေါင်ကြီးဘုရား ထွက်တော်မူ၍ ဆရာတော် သံဃာတော်တို့အား လှူဒါန်းရန် အဘွယ်အရာများကို ရေစက်သွန်းချလှူဒါန်းတော်မူပြီးလျှင် အကျဉ်းခံရသူ ယောကျ်ားမိန်းမလူပေါင်း ငါးဆယ်ကျော်ကို ဘေးမဲ့ပေးတော်မူ၍ ဥပုသ်တော်စောင့် ယောကျ်ားမိန်းမတို့ကို ပုဆိုး,ခေါင်းပေါင်း,အင်္ကျီ,ထဘီ,ပုဝါ သနားတော်မူပြီးလျှင် ဝင်တော်မူ၏။

ယင်းသည့်လ မောင်းထောင်ဆရာ ရှင်ပညာသာမိနှင့် တံဆိပ်ရဆရာတော်တကျိပ်တို့ မိဘအစ်ကို ညီသားပေါက်ဖော်တို့ကို စုရှင်ငန်းရှင်တို့

က တိုင်းသူရင်းမင်းမှုမှစ၍ အခန့်အထားမရှိစေ, ဆရာတော်တို့ကိုလုပ်ကျွေးပြုစုစေ၏။ ထိုကဲ့သို့ သတ္တိဗျတ္တိရှိသည့် ဆရာတော်တို့ မိဘအစ်ကို ညီသားတို့ကိုလည်း မေတ္တာရပ်ခံလျှင် လုပ်ကျွေးပြုစုစေ၏။

ထိုသက္ကရာဇ်အတွင်း မိတ္ထီလာမြို့နယ်တွင် ရှေးမင်းတို့ ဆည်ဖို့တူးဖော်သည့် မင်းလှကန်, မြို့သစ်မြို့နယ်တွင် ကပိုင်ကန်, ရင်းမြို့နယ် ဆီးဗန်းနီချောင်း တာနှစ်ရာအတွင်းများတွင် ခိုမှီရှိနေသည့်ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့ကို အဖမ်းအဆီး အပစ်အခတ် အသတ်အညှဉ်းမရှိစေရ ဘေးမဲ့ပေးတော်မူ၏။

ထိုနှစ် ဝါဆိုလဆန်း ၄ ရက်နေ့ မြောက်ရွှေရေးဆောင် မိဖုရား သီရိရတနာမင်္ဂလာမဟေသီတွင်မြင်သည့် သမီးတော် မဘဲမြို့စား မင်းသမီးကို မဘဲမြို့နှင့်လဲ၍ ကန္နီမြို့ ညီမတော် ဆင်ယည်မြို့စား မင်းသမီးကို ဆင်ယည်မြို့နှင့်လဲ၍ မဘဲမြို့၊ ညီမတော်အငယ်ကို ဆင်ယည်မြို့များကို မြို့စားပေးတော်မူ၏။

ယင်းသည့်လဆန်းကိုးရက်နေ့ တောင်ဆောင်တော်မိဖုရား သီရိသုမင်္ဂလာစန္ဒာမဟေသီတွင်မြင်သည့် သားတော် တောင်တွင်းချောင်မြို့စား မင်းသား သတိုးမင်းညွန့်ကို တောင်တွင်းချောင်မြို့နှင့်လဲ၍ စကုမြို့ကို မြို့စားပေးတော်မူ၏။ ထိုနေ့ ဆဒ္ဒန်ဆင်မင်းကို တောင်တွင်းချောင်မြို့ကို အသုံးကံကျွေးခံ ပေးတော်မူ၏။

ယင်းသည့်လဆန်း တဆဲ့နှစ်ရက်နေ့ ညဥ့်သုံးချက်တီးအချိန် ရွှေနန်းတော်အတွင်း မြေနန်းတော် လက်ယာဘက်တင်းကုပ်တော်တွင် စီးတော်ဖန်နန်းမဆင်မတော်ကဆင်ပေါက်တစ်-ဖွားမြင်သည်ကိုရှေးထုံးစံအတိုင်း ကင်ပွန်းတပ်၍ ကောင်းမွန်စွာ ကျွေးမွေးရ၏၊ ၎င်းဆင်တော် ဖွားသည်နှင့် တချိန်တည်း အိမ်ရှေ့အိမ်တော်ဝင်းအတွင်းလည်း စီးတော်မြင်းမကာမြင်းထီးတစ် ဖွားမြင်၏။

ထိုနှစ် တော်သလင်းလအတွင်း ဘုံဘိုင်မြို့နေ ပသီလူမျိုး နရဇာအလိ, ဘင်္ဂလားမြို့နေ ဟိန္ဒူလူမျိုး မိုတီလာ, ရဟူဒီလူမျိုး အီပရံ ရေဝတီတို့ ဆက်သရန် လက်ဆောင်တော်အထူးအဆန်း မှန်ပိုင်းမှန်ကြီး နာရီကြီးနှင့် ဆီဆည့်နံ့သာသေတ္တာ, ထူးဆန်းသော ထည်မျိုးအုပ်မျိုးများစွာကို ယူ၍ ရွှေဘဝါးတော်အောက် လာရောက်ရာ အဖူးအမြော် အဆက်အသခံတော်မူ၏။

ယင်းသည့်နှစ် တော်သလင်းလပြည့်ကျော်သုံးရက်နေ့ အဝမြို့သို့ ရေကြောင်း ကြည်းကြောင်း တစ်ဝင်းအခင်းအကျင်းများနှင့် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား ကရဝိက်ရွှေဖောင်တော်တွင် ရွှေစက်တော်တင်၍ လှော်ကားတော် ရွှေလှေ ရွှေလောင်း များစွာခြံရံပြီးလျှင် ထွက်တော်မူ၏။

မင်းမိဖုရား ကိုယ်လုပ်တော်တို့နှင့် အိမ်ရှေ့မင်းမှစ၍ မင်းညီမင်းသားတို့မှာလည်း အသီးအသီး သမ္ဗာန်တော်စီး၍ လိုက်ကြရ၏။ မှူးတော်မတ်တော်တို့မှာ သနားတော်မြတ် ခံရသည့် ရဲလှေတော်များနှင့် ဖောင်တော် ရွှေဝဲယာခြံရံ၍ လိုက်ရ၏။ အဝမြို့သို့ရောက်တော်မူလျှင် လောကသရဘူဘုရားကို ဖူးမြော်တော်မူပြီးလျှင် ရွှေမြို့တော်သို့ ဝင်တော်မူ၏။

ထိုနှစ် တော်သလင်းလ ဂန္ဓာသရာဇ်တိုင်း ရှင်ဘုန်း ဥဒည်မင်းက မယ်တော်ကို သင်္ဂြိုဟ်ပြီးနောက် မယ်တော်၏ကျေးဇူးတော်ကို ထောက်၍ မယ်တော်ကို ရှောင်စည်းခံ့ဖို့ တည်-ဘွဲ့ချီးမြှင့်ပြီးလျှင် ဆွေတော်မျိုးတော် မှူးတော်မတ်တော် တိုင်းသူပြည်သားတို့ကို လှူဒါန်းပေးကမ်း ချီးမြှင့်၍ အကျဉ်းအမြောင်း ခံနေရသူတို့ကို ဆုလာဘ် ပေးပြီးလျှင် ဘေးမဲ့ပေးကြောင်း၊ ဥဒည်မင်းမှာသည်း ဘာသာဥပုသ် ဆောက်တည်ကြောင်းများနှင့် ရာဇသံရောက်၏။

ငင်းလ အင်္ဂလိပ်ဗိုလ်နှစ်တို့ ရွှေဘဝါးတော်မြတ်အောက် အဖူးအမြော် လက်ဆောင်တော် အဆက်အသရောက်သည်ကို ဇေတဝန် ဆောင်တော်တွင် အဖူးအမြော် ခံတော်မူပြီးလျှင် ဆုလာဘ်များစွာပေးတော်မူ၏။

ထိုနှစ် သီတင်းကျွတ်လ သာသနာပြုဆရာတော်နှင့် တံဆိပ်ရ ဆရာတော်ကြီး လေးဆဲ့လေးပါးကိုပင့်၍ မှန်နန်းတော်ဦးတွင် ဆွမ်းလုပ်ကျွေးပြီးလျှင် တရားနာတော်မူ၏။ ယင်းသည့်လ မန်းစက်တော်ရာနှစ်ဆူ ဝတ်မိုး ဝတ်မြေနယ် အတွင်း ခိုမှီရှိနေသည့် ရေပိုးရေမွှားသားငါးတိရစ္ဆာန်တို့ကို ဘေးမဲ့ပေးတော်မူ၏။ ဝဏ္ဏကုံမိုးမြေကထွက်သည့် ဆယ်ဘို့တဘို့ မြေဆီရေခွန်များကိုလည်း အရံစောင့်အကြီးက ကောက်ခံ၍ မန်းစက်တော်ရာဘုရား ဟောင်းနွမ်းပျက်စီးရှိသည်များကို ပြုပြင်ဆင်ရ၏။

ထိုနှစ် သီတင်းကျွတ်လ မယ်တော်ဘုရားက ရွှေနန်းတော်မှသည်-ခမည်းတော်မင်းတရားကြီးဘုရား ကုသိုလ်တော် ဇောင်းကလောကန်ဦး လောကမဏိစူဠာစေတီတော်ရောက် မီးစောင်းတန်းထွန်းညှိပူဇော်တော်မူ၏။

ယင်းသည့်လ တောင်ဆောင်တော်, မြောက်ဆောင်တော်, တောင်ရွှေရေးဆောင်, မြောက်ရွှေရေးဆောင်,ခုနစ်ရွာတိုက်စား, စားပွဲတော်တိုက်စား, တံတိုင်းရှည်ရွာစား, လင်ပန်းတိုက်စားတို့က ရွှေနန်းတော်မှသည် ရွှေမြို့တော်လေးထောင့် ရွှေကွန်အုပ်ဘုရား, ရွှေစံကားဘုရား, ရွှေလင်းပင်ဘုရား, ဆင်ကြိုးရွှေဂူဘုရားရောက် အသီးအသီး မီးစောင်းတန်းထွန်းညှိပူဇော်ကြ၏။ ထိုနှစ် ရွှေမြို့တော် အရပ်အကွက်များကညတ်သက်န်းအလှူကို အသီးအသီးသွင်းပြကြရာ အရှင်နှစ်ပါး မြောက်စမုတ်ဆောင်တော်သို့ ထွက်တော်မူ၍ တရပ်လျှင် ငွေသပြာ ငါးဆယ်စီအလှူဝင်တော်မူ၏။

ယင်းသည့်လ မိတ္ထိလာကန်တော် ကျိုးပေါက်သည်ကို အတွင်းဝန်ဝက်မစွတ်မြို့စား မင်းကြီးမဟာအဘယနှင့် သံတော်ဆင့် ယဉ်ပုံလှေအုပ်, မင်းလှမင်းကျော်သီရိ, မြို့စာရေး နေမျိုးမင်းလှကျော်, လက်စွဲတော်မင်းထင်ရဲခေါင်ကျော်တို့သွား၍ တောင်ဘက်မြင်းဝန် မြင်းတပ်ဗိုလ်တို့နှင့်ကျေးရွာအမှုထမ်းတို့ကို ခန့်ထားပြီးလျှင် ကန်ရိုးကန်ပိုင်နှင့်တကွ ကောင်းမွန်ခိုင်ခံ့လုံခြုံအောင် ပြင်ဆင်ဆည်ဖို့ လုပ်ဆောင်ရ၏။ ကန်တော် နယ်နိမိတ်အတွင်း ရေပိုးရေမွှားသားငါးတိရစ္ဆာန်တို့ကိုလည်း အဖမ်းအဆီးအပစ်အခတ် အသတ်အညှစ်မရှိစေရ ဘေးမဲ့ပေးတော်မူ၏။

သက္ကရာဇ် (၁၂၁၇) တထောင့်နှစ်ရာ့တဆဲ့ရှစ်ခု တန်ဆောင်မုန်းလပြည့်ကျော် တဆဲ့တရက်နေ့ ညနေလေးချက်တီးကျော် နှစ်မောင်း နှစ်ပါဒ်အချိန် လင်ပန်းတိုက်စားတွင် သားတော်ဖွားမြင်သည်။

ထိုနှစ် ပြာသိုလစစ်ကိုင်းမြို့နယ်တွင် တန့်တီးအင်း,မောင်းမကန်အင်း, ဖြတရော်အင်းများတွင် မြောင်းတိမ်ကော၍ မလုပ်ရ၊ လစ်လပ်ပျက်ပြားရှိသည်များကို မြို့ရွာနေ လူတို့နှင့် နန်းမတော်ဝန် မင်းကြီးမင်းမဟာမင်းခေါင်ရာဇာက ကြီးကြပ်လုပ်ဆောင်ရ၏။ ၎င်းဆည်ဖို့လုပ်ဆောင်သည့်နယ်အတွင်း ရေပိုးရေမွှား သားငါးတိရစ္ဆာန်တို့ကိုလည်း ဘေးမဲ့ပေးတော်မူ၏။

ထိုနှစ် တပို့တွဲလ တောင်သာမြို့စားမိဖုရားတွင်မြင်သည့်သားတော်ကိုလယ်ကိုင်းမြို့ကို မြို့စားပေးတော်မူ၏။

၎င်းလ ရတနာသိဉ်မြို့နယ်တွင် မင်းထင်ကန်တော်, မဟာနန္ဒာကန်တော် ရေဝင်မြောင်း ကျိုးပျက်သည်များကို မြောက်လက်မြင်းတပ်ဗိုလ်,

မြင်းအမှုထမ်း, မြင်းမြေကျေးရွာနေလူတို့နှင့် မိုင်းလုံမြို့စား ဝန်ကြီးသတိုးမင်းကြီးမဟာရာဇသင်္ကြိုက ခိုင်ခံ့ကောင်းမွန်အောင် ဆည်ဖို့လုပ်ဆောင်စေ၏။ ၎င်းလ ကျွဲဆင်းကန်တော် ကျိုးပေါက်သည်ကိုလည်း အိမ်ရှေ့ဝန် နတ်မောက်မြို့စားကို မြင်းမြေတောင်လက်ကျေးရွာနေလူတို့နှင့် ဆည်ဖို့လုပ်ဆောင်စေ၏။

### မန္တလေးအရပ်ကို ပြောင်း၍ မြို့တည်သင့်-မတည်သင့်စသော အကြောင်းများနှင့် ရဇ္ဇာဘိသေက မုဒ္ဒါဘိသိက် ခံတော်မူခြင်း

ယင်းသည့်နှစ် ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား….ဘုရားအလောင်း ကပ်ဦးပဌမမဟာသမ္မတမင်းမှစ၍ အစဉ်အဆက်လာသော ဘေးလောင်းတော် ဘိုးလောင်းတော် သကျသာကီဝင်မင်းမျိုးတို့သည် တကောင်း, သရေခေတ္တရာ, ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ, အင်းဝဟူသော တိုင်း-ခရိုင်-နိုင်ငံ များတွင် မြို့နန်းတည်ထောင်စံနေသည့် အရာများသည် ဘုရားသခင့်ဗျာဒိတ်တော်ရ သိုက်ဝင်မင်းတို့သာ မြို့နန်း တည်ထောင် ဘန်ဆင်းစံနေရကြောင်းများကို ဆိုသည်နှင့်အညီ ဘေးလောင်းတော် ဘိုးလောင်းတော်မင်းတရားတို့သည် ရာဇဌာနီ မင်းနေပြည်ကြီး တည်ထောင် စံနေတော်မူပြီးလျှင် သာသနာတော်မြတ်အကျိုးစီးပွား, တိုင်းနေပြည်သူ ရှင်လူသတ္တဝါ အပေါင်းတို့အကျိုးစီးပွားများကို ချီးမြှင့်ရွက်ဆောင်တော်မူကြသည်။ ဆဒ္ဒန်ပေါက်မအစုံရသော ဘေးတော်ရင်း မင်းတရားကြီးသည်လည်း ရတနာပူရ အဝမြို့ကပြောင်း၍မန္တလေးစက်ရိပ်ကိုမှီပြီးလျှင် တောင်သမန်အနီးထီးပေါင်းခ အရပ်တွင် မြို့နန်းအသစ် တည်ထောင်ဘန်ဆင်းတော်မူပြီးလျှင် အမရပူရသမုတ်တော်မူ၍ စံနေတော်မူသည်။ ယင်းသို့ မြို့နန်းအသစ် တည်ထောင် စံနေတော်မူသော်လည်း ဘေးတော်မင်းတရားကြီး လက်ထက်မန္တလေး သာသနာ (၂၄၀၀) နှစ်ထောင့်လေးရာမစေ့မရောက် သိုက်ခေတ် ကိန်းခန်း သာသနာ, ကောဇာ သက္ကရာဇ် အချိန်ကာလ မညီမညွတ်သေး ဖြစ်ချေသည်၊ ငါ့လက်ထက်တော်မူကား ကိန်း ခန်း ခေတ်သိုက်နှင့်တကွ အလုံးစုံ သာသနာ,ကောဇာသမယကြိုက်ညီသည်။ ယင်းသို့ဖြစ်၍ ငါကရာဇ်မင်းမြတ်သည် မန္တလေး သာသနာသိုက်စဉ်အတွက်

အရှိများနှင့် မန္တလေးအရပ်တွင် သာသနာတော် အတိုင်းထက်အလွန် စည်ပင်ပွင့်လင်းစေခြင်း အကြောင်း၊ အမျိုးလေးပါး ပြည်သူသတ္တဝါတို့ပေါင်းတို့ ချမ်းသာစီးပွား များသဖြင့် ခိုမှီရာဖြစ်စေခြင်း အကြောင်းများကို ရည်တော်မူပြီးလျှင် မန္တလေးအရပ်သို့ ပြောင်း၍ မဟာရာဇဌာနီ မင်းနေပြည်ကြီး အသစ်တည်ထောင် ဘန်ဆင်းတော်မူ၍ ထီးနန်းကနက်စိုက်ဆောက်စိုးစံတော်မူမည်။ မြို့နန်းတည်သင့်မတည်သင့် များကို တံဆိပ်ရဆရာတော် သံဃာတော်တို့ကို အသီးအသီး လျှောက်ထားစေ-အမိန့်တော်နှင့် ဝန်ကြီး,အတွင်းဝန်,မှူးတော်မတ်တော် လူပညာရှိ ပုဏ္ဏားပညာရှိတို့လျှောက်ထားစေရာ တည်သင့်မတည်သင့်များကို ကွဲပြားထွက်ဆိုကြသည့်အတွင်း –

တပို့တွဲလ ညဉ့်သန်လွဲအချိန် စက်တော်ခေါ်ရာ မိထွန်းအောင်ဆိုသူသည် မန္တလေးမြို့ကို တည်တော်မူမည် အကြံတော်ရှိသည်မှာ ရှေးမဆွအနှစ် မြင့်ရှည်စွာကပင် သိုက်ဓာတ်နိမိတ် ဗျာဒိတ် ရှိသည်ဖြစ်၍ မင်းကောင်း မင်းမြတ်တို့သာ စံနေထိုက်သည် ဖြစ်သောကြောင့် အကြံတော်အတိုင်း တည်ထောင်စံနေထိုက်ကြောင်းများနှင့် လျှောက်ထားသည်ကို မြင်တော်မူ၏။

တကြိမ်လည်း ငထင်ဆိုသူ မန္တလေးတောင်ပေါ်က မြက်မွေးအများရိတ်ယူ၍ ဆင် မြင်း မိုလ်ခြေနှင့်တကွကျွေးမွေးလျှင် ဘေးဥပဒ်အန္တရာယ်ကင်းကြောင်းများနှင့် လျှောက်ထား ဆက်သွင်းသည်များကို အိပ်မက်မြင်မက်တော်မူ၏။

ယင်းသို့ မြင်မက်တော်မူသည့် အိပ်မက်အလိုသည် မဆုတ်မနစ် မြို့နန်းတည်ထောင်စေလို၍ နတ်ကောင်းနတ်မြတ်တို့ ညွှန်ပြသည့် အိပ်မက်ပင်ဖြစ်ကြောင်းများနှင့် ဖတ်ယူတော်မူပြီးနောက် …သာသနာပြုဆရာတော်, တံဆိပ်တော်ရ ဆရာတော် သံဃာတော် လေးဆယ်ကျော်တို့ကို ရွှေနန်းတော်သို့ပင့်၍ အိမ်ရှေ့မင်း မင်းညီမင်းသား မှူးတော်မတ်တော် လူပညာရှိ ပုဏ္ဏားပညာရှိတို့နှင့် လျှောက်ဘားမေးမြန်းရာ ဘေးတော်မင်းတရား မန္တလေးစက်ရိပ်ကိုမှီ၍ ဇင်္ဂမကိန်း၌ တည်ရင်းမြို့သက်၊ ခမည်းတော်မင်းတရား ထာဝရကိန်းနှင့် အမရပူရမြို့ကို ထပ်မံပြင်ဆင် တည်လုပ်တော်မူသည့် အကြောင်းအရာ–စကားနှစ်ရပ်ကို မလိုက်သင့်။ ရေမြေရှင် သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်မှာသာ "အင်္ဂါနံ မင်း မန္တလေးအရပ်တွင် မြို့နန်းအသစ် တည်ထောင်စံနေအံ့–ဟူသောစကား,

သာသနာနှစ်ထောင့်ထေးရာ စေ့ရောက်သောအခါ မန္တလေးရတနာပုံ မြို့ကြီးဖြစ်လတ္တံ့၊ အနှစ်ခုနစ်ရာတိုင်တိုင် သာသနာတော်စည်ပင်ပြန့်ပွား လတ္တံ့"-ဟူသော သိုက်ခေတ်နိမိတ်ဗျာဒိတ်စံနည်းတံဘောင်စာတမ်းထွက် ရှိသည်နှင့်အညီ အင်္ဂါနံမင်း မြို့နန်းတည်ထောင်မည် ရေမြေရှင်မင်းမြတ် ကိုရည်၍ တိုက်ရိုက်လာသည်ဖြစ်သောကြောင့် ပြောင်းရွှေ့တည်ထောင် စံနေတော်မူသင့်ကြောင်းကို သာသနာပြု ဆရာတော်, တံဆိပ်တော်ရ ဆရာတော် သံဃာတော်တို့နှင့် အိမ်ရှေ့မင်း မင်းညီမင်းသား မှူးတော် မတ်တော် လူပညာရှိ ပုဏ္ဏားပုရောဟိတ်တို့ တညီတညွတ်တည်းထွက်ဆို ကြသည့်အတိုင်း ရွှေးမြို့တည်နန်းတည် မင်းတရားတို့လက်ထက် ဆရာ တော် သံဃာတော် လူပညာရှိ ပုဏ္ဏားပညာရှိတို့ စာဆက်သွင်းသည့် နည်း အမိန့်တော်နှင့် ရဟန်းပညာရှိ မှူးမတ်ပညာရှိ ပုဏ္ဏားပညာရှိတို့ က စာဆက်သွင်းလျှောက်ထားကြသည်ကား....

ဘူမိဇာလမန္တန်ရသော ဘုရားအလောင်း ကပိလရှင်ရသေ့သင်္ခမ်းရာ မြေအရပ်သည် အခြားသောအရပ်မှ ခြသ့ေ့ သစ် ကျား စသော ဘေးကို ကြောက်၍ ပြေးဝင်လာသော သမင်ဒရယ် ယုန်ငယ်စသောသတ္တဝါတို့ပင် ဖြစ်သော်လည်း ဤမြေအရပ်သို့ရောက်လျှင်ခြသေ့ေသစ်ကျားသတ္တဝါတို့ကို ရပ်တန့် ခုခံနိုင်ခြင်း၊ ဤအရပ်၌ ကြီးပွားသူသည် တယောက်တည်းပင် ဖြစ်သော်လည်း တသိန်းသောရန်သူကို အောင်နိုင်ခြင်း-စသော ထူးမြတ် သော အောင်မြေအောင်ရပ်မှန်သဖြင့် သကျသာကီဝင်မင်းတို့၏ အမွန် ဖြစ်သော တတိယဥက္ကာကရာဇ်မင်းကြီး၏ သားတော် ဥက္ကာမုခစသော မင်းညီနောင် လေးပါးတို့သည် ယင်းသည့် သင်္ခမ်းရာမြေ အရပ်၌ မြို့ နန်း တည်ထောင်ဖန်ဆင်းပြီးလျှင် ကပိလဝတ္ထုပြည်သမုတ်၍ စံနေတော် မူခကြောင်း၊ ဗာရာဏသီပြည်တွင် ဒိသမ္ပတိမင်းကြီးသားတော် ရေဏုမင်း ကြီးလက်ထက် နောင်တော်ရေဏုမင်းကြီး အမိန့်တော်နှင့် သတ္တဘူ,ဗြဟ္မ ဒတ္တစသော ညီနောင်ခြောက်ပါးတို့ စံနေရန် ဇမ္ဗူဒီပါကျွန်းတွင် ရေဏု မင်းကြီးစံနေသော တိုင်းပြည်ကို အလယ်ထား၍ တောင်မြောက်အလျား လှည်းဦးသဏ္ဍာန် ဒန္တပူရ, ကလိင်္ဂအစရှိသော တတိုင်းတတိုင်းလျှင် ယူ ဇနာယုံးရာစီရှိသော ရေဏုမင်းကြီးစံနေရင်း ပြည်နှင့် ခုနစ်ပြည်ထောင် ခုနစ်တိုင်းတို့ကို ဘုရားအလောင်း မဟာဂေါဝိန္ဒမည်သောအမတ် တည် ထောင်ဖန်ဆင်း၍ပေးသဖြင့် အသီးအသီး စံနေတော် မူကြကြောင်း-စ သောသင်္ဂါယနာဝင် ကျမ်းလာစကား-

"မြတ်စွာဘုရားသည် သုနာပရန်တမ္ဗဒီပတိုင်းသို့ ကြွတော်မူခဲ့၍ ထွန်းတုံးပူတက်အရပ်မှ ရွှေတောင်, ငွေတောင်, ပတ္တမြားတောင်, ကြေးနီတောင် ဆေးဒန်းတောင်, နဂါးရစ်တောင်, မန္တလေးတောင်ဟု ဆိုအပ်သော မြရည်ရွှန်းစို တောင်ညိုခုနစ်လုံးတို့ဖြင့် တန်ဆာဆင်အပ်သော ဆင်မင်းတဇာစ်, ခြင်္သေ့မင်းတဇာစ်, ဆတ်မင်းတဇာစ်, ဖွတ်မင်းတဇာစ်, ငုံးမင်းတဇာစ်, မှုဆိုးသားတဇာစ်ဟုဆိုအပ်သော ပါရမီမရင့်မီ ဖြစ်စဉ်အခါ ဘုရားလောင်း၏နေရာတော်ဖြစ်ဘူးသော မန္တလေးတောင်သို့ ကြွတော်မူလတ်သော် စန္ဒမုခီမည်သောဘီလူးမငယ်၏ မတုန်မလှုပ် သက်ဝင်ကြည်ညိုသော သဒ္ဓါခြင်းကို ရှုမြော်တော်မူသဖြင့် နောင်သောအခါ ငါ၏သာသနာတော် နှစ်ပေါင်းနှစ်ထောင့်ငါးရာသို့ ဝင်ရောက်သည့် ကာလ မန္တလေးရွှေတောင်အရပ်၌ မဟာရာဇဌာနီ ရတနာပုံပြည်ကြီးတွင် ဘုန်းတန်းခိုးကြီးသော မင်းဖြစ်လတ်သဖြင့် ငါ၏သာသနာတော်ကို လွန်မင်းစွာ ချီးပင့်လတ္တံ့ဟူ၍ မိန့်ဆိုတော်မူသော ဗျာဒိတ်တော်ထွက်စကား"

သာသနာတော် နှစ်ထောင့်လေးရာစေ့ရောက်သောအခါ မန္တလေးရွှေတောင်အရပ်တွင် မင်းကား ခြင်္သေ့နံအစ ဂဠုန်နံအဆုံး လေးဆဲ့လေးဆက်ဖြစ်၍ စံလတ္တံ့။

သဘောဖြူသွယ်၊ ခြင်္သေ့ကြွယ်၊ အကယ်နန်းရိုး၊ အမျိုးမြတ်စင်၊ရွှေနန်းရှင်ဟု၊ ဘုရင်ဘုန်းမွေး၊ မန္တလေး၊ ကြေးအုံတေဇာ၊ ရှစ်မျက်နှာက၊ လာ၍ဖူးမြော်၊ မြတ်သူတော်ကို၊ ဒေဝေါ်ဇုန္ဒမလိမ့်မည်၊ နတ်ကောင်းလည်းလာ၊ ထိုပြည်ရွာသာလတ္တံ့။

ဘုရဒ္ဓးသာသနာ၊ ထိုအခါ၊ တေဇာအရောင်တောက်လတ္တံ့။
ရဟန်းသံဃာ၊ အရိယာ၊ ထိုခါအန္နံ့များလတ္တံ့။

အယူဝါဒ၊ သဘောကျ၊ ဓမ္မခန္ဓာ မှန်လတ္တံ့….စသဖြင့် အရပ်ရပ်ဆိုက်ထွက်စကား။

* ပါပစိတ္တေ ကာလေ ပါပရာဇာ ဘဝိဿတိ၊ သေတ ဟတ္ထိ ဘဝိဿတိ၊ နဂရံ သိဒ္ဓိကံ ဘဝေ။

ပါပစိတ္တေကာလေ-ပါပစိတ်ဆန်းသောအခါ၌၊ ပါပရာဇာ-ပါပစိတ်သားမင်းတရားသည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ တဿရညော-ထိုမင်းတရားအား၊ သေတဟတ္ထိ-ဆင်ဖြူရတနာသည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊

နဂရုံ-မင်းနေပြည်ကြီးသည်၊ က်ဋ္ဌိကံ-ပြီးအောင်မြင်သည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့ဟူ၍ ပြဆိုသော ဓာတ်လာစကား။

ရတနာပုံပြည်ကြီး ဖြစ်ထွန်းမည်ကို မဖြစ်ထွန်းမီက ဝိလှပေသည့်၊ အကွက်ကျလေသည့်၊ အရာရောက်ပေသည်ဟု ပြည်သူပြည်သားတို့ တဦးကိုတဦး ချေတင်ပြောဆို အတန့်ပြုကြသော စကားများသည် ထင်ရှားဖြစ်ကြောင်းများနှင့် အသီးအသီး စာဆက်သ လျှောက်ထားကြသည့်အတိုင်း…မှူးတော်မတ်တော်တို့ မြို့နန်းရာ သွားရောက်နင်းချင်း ကြည့်ရှုကြသည်တွင် ရွှေတောင်,ငွေတောင်စသော တောင်ထူးတောင်မြတ်တို့ဖြင့် တန်ဆာဆင်အပ်သော မန္တလေးတောင်ကို အဦးထားလျက် တောင်အလား ဇောင်းကလေးကန်တော်ထိ တာနှစ်ထောင့်ငါးရာ, အနောက်အလား ဧရာဝတီမြစ်အထိ တာ တထောင့်ခြောက်ရာအတွင်း မရှိုင်းမကော ညီညွတ်သော အပြန့်ရှိသဖြင့် မြေမြတ်တို့၏ လက္ခဏာနှင့်တကွ မအံ့သြနိုင်သော ကြက်သရေအပေါင်းတို့ကိုဆောင်လျက် အရှေ့မျက်နှာ အောင်ပင်လယ်ကန်တော်, အနောက်မျက်နှာဧရာဝတီမြစ်, မြောက်မျက်နှာ မဟာနန္ဒာကန်တော်စသည်တို့၌ ထူးမြတ်သော ကြာမျိုးပန်းမျိုးတို့၏ပန်းဝတ်ပန်းရည်စသည်တို့ကို ယူသုံးပျော်ပါးသော ငှက်အပေါင်းတို့ဖြင့်ပြွမ်းသော ရေ၏တင့်တယ်ခြင်း၊တဆဲ့နှစ်ရာသီတသွင်သွင်စီးသော ရွှေလောင်းရွှေတချောင်းဟူသော ကုန္ဒဒိစစ်၊ မြစ်အထူးတို့၏တင့်တယ်ခြင်း၊ ရန်ကင်းတောင်, ကုလားမတောင်, ဂန္ဓမာတောင်, မြတ်စောညီနောင် တောင်, မျက်မွေးတောင်, တောင်လှုပ်, တောင်ပုလု,ရွှေတောင်ဦးစသော တောင်တို့၏ဘင့်တယ်ခြင်း၊ ရွှေနန်းမြော်ကုန်း, ကုလားပျိုကုန်း, ကြီးမြင့်ကုန်းစသော မျှိမင်္ဂလာသြဘာရှိသောကုန်းတို့၏ တင့်တယ်ခြင်း၊ ဤသို့ အံ့အာသရဲ မချီးမွဲနိုင်သော မြို့ရာနန်းရာ တင့်တယ်ခြင်းကို တွေ့ရှိသောကြောင့်ပန်းချီတို့ကနေထားကျအောင်ရေးသားရသည်၊ရေးသားသည့်ပုံစံအတိုင်းနယ်နိမိတ်ကိုလည်း အသုံးစာရေးတို့က ပန်းသုန်းမှတ်တိုင် စိုက်ထားစေပြီးလျှင် တောင်ကိုအလား ဒုဋ္ဌာဝတီမြစ်, မြောက်ကိုအလားမတ္တရာမြစ်, အနောက်ကိုအလား ဧရာဝတီမြစ်, အရှေ့ကိုအလား နတ်ထိပ်တောင်ရိုးအထိ ရတနာရွှေမြို့တော် နယ်လေးရပ်နိမိတ် ရွှေကြိုးပိုင်းခြားသတ်မှတ်ရသည်။

ယင်းသို့ မှတ်သားကြည့်ရှုရေးသားခဲ့သည့် ပုံစံများကို ယင်းသည့်နှစ်တပို့တွဲလဆန်းလေးရက်နေ့ နံနက်ညီလာခံ မှန်နန်းတော်စနဆောင်တော်

တွင် ဆက်သွင်း၍ အမိန့်တော်မြတ်ခံရာ ဤတွင် နန်း, ဤတွင်မြို့-စသည်ဖြင့် ပုံစံအတွင်း မြို့ရာနန်းရာများကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော်တိုင် ပိုင်းခြားသားနားတော်မူသည်။

မြို့တည်ရန် အမိန့်တော်ကား ···· သာသနာတော်နှစ် (၂၄၀၀) နှစ်ထောင့်လေးရာ၊ ဂေါစာသက္ကရာဇ် (၁၂၁၈) တထောင့်နှစ်ရာ့တဆဲ့ရှစ်ခုနှစ်အတွင်း မန္တလေးအရပ်၌ မြို့ရာနင်းချင်းပြီးလျှင် သက္ကရာဇ်(၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆယ်ပြည့်နှစ် ကောင်းမြတ်သောမင်္ဂလာအခါတော်၌ မြို့တော်နန်းတော် တည်ထောင်စံနေတော်မူလျှင် ဘုန်းတော်ကြီးခြင်း, သက်တော်ရှည်ခြင်း, ရန်အပေါင်းကို အောင်မြင်တော်မူခြင်း စသော-အကျိုးထူး အပေါင်းနှင့် ပြည့်စုံတော်မူ၍ အလုံးစုံ သင့်မြတ်ပါမည် အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း မန္တလေးအရပ်၌ မြို့နန်းတည်ထောင်စံနေတော်မူမည်၊ မြို့ရာနင်းချင်းရန်မှစ၍ အခမ်းအနား ခန့်ထားစီရင်ရန်ရှိသည်များကို (၁၁၄၄)တထောင့်တရာ့လေးဆဲ့လေးခုနှစ် ဘေးတော်အမရပူရမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား အမရပူရမြို့တော်နန်းတော်တည်ထောင်တော်မူရာ လုပ်ဆောင်ခန့်ထားသည့် အခမ်းအနား စာတမ်း စာရင်းများနှင့် ညှိနှိုင်း၍ ဝန်တို့က ပြီးပြေအောင် ခန့်ထားစီရင် စာရင်းကိုလည်းသွင်း။ ယင်းသည့်အမိန့်တော်ကို သံတော်ဆင့် ရွှေပြည်လယ်အုပ် မင်းလှသိခ်သူထုတ်ပြန်ရသည်။

သာသနာတော် (၂၄၀၀) နှစ်ထောင့် လေးရာ ရောက်သည့် နှစ်ကမှီအောင် သက္ကရာဇ် (၁၂၁၈) တထောင့်နှစ်ရာ့တဆဲ့ရှစ်ခု တပို့တွဲလကစ၍ မြို့နန်းလုပ်ဆောင်ရန်ရှိသည်များကို မြို့ရွာဆင်းရဲသားကျွန်တော်မျိုးတို့ကို မခန့်မထား ရွှေတိုက်တော်မှ ကြေးတော်ငွေတော် ထုတ်ပေးတော်မူပြီးလျှင် သက္ကရာဇ်(၁၁၄၄)တထောင့်တရာ့လေးဆဲ့လေးခု ဘေးတော်မင်းတရားကြီးလက်ထက် အမရပူရ မြို့တည်နန်းတည်စာတမ်း, သက္ကရာဇ် (၁၁၈၃) တထောင့်တရာ့ရှစ်ဆဲ့သုံးခု ဘကြီးတော်မင်းတရားလက်ထက် ရတနာပူရ စတုတ္ထမြို့တည်နန်းတည်စာတမ်း, အရပ်ရပ် မြို့တည်နန်းတည် စားတမ်းစာဟောင်းထွက်အတိုင်း သက္ကရာဇ် (၁၂၁၈)တထောင့်နှစ်ရာ့တဆဲ့ရှစ်ခု တပို့တွဲလဆန်းခုနစ်ရက်နေ့ မကွေးမြို့စားဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှသီဟသူ၊မြဲတောင်မြို့စား ဝန်ကြီးသတိုးမင်းကြီးမဟာမင်းလှကျော်သူ၊အတွင်းဝန်လောင်းရှည်မြို့စား မင်းကြီးမဟာစည်သူ၊ဝန်ထော်

စို့ လေးဆယ်ဒိုင်းဝန် မဟာမင်းလှသီဟသူတို့နှင့် ပညာရှိ အဝေးကျော်ဝန် မဟာနန္ဒသင်္ကြံ၊ ပညာရှိ ကန္နီမြို့ဝန် မဟာသီရိသင်္ခယာ၊ ပညာရှိနာရီမှူး ဆင်တဲရွာစား မင်းလှသီရိစည်သူ၊ ကျော်စဉ်ရွာစားနေမျိုးမဂ္ဂရာဇသင်္ကြံ၊ ပုဏ္ဏားပညာရှိ စုန်းမြို့စား မဟာသီရိပဏ္ဍိတမဂ္ဂရာဇဂုရု၊ပညာရှိကျော်ထင် တို့ကို အစုအမှုထမ်း လူတထောင်ကျော် ပေးအပ်တော်မူ၍ မန္တလေး တောင်အနီး မြို့တော် နန်းတော် တည်မည့်အရပ်သို့ သွားစေပြီးလျှင် မြို့ တော်ရာမြေတွင် ဆောက်လုပ်ရှိသည့်တန်ဆောင်းမဏ္ဍပ်တွင် လှူဒါန်းရန် အဖွယ်အရာများနှင့် ဆရာတော် သံဃာတော်တို့ကို ပင့်ဘိတ်၍ ပရိတ် တော် တရားတော်နာကြရ၏။

ယင်းသည့်အခမ်းအနားတွင် စည်တော်ရှမ်းသည်နှင့် တပြိုင်နက် ဆူး ခါးရွာနေ တေလုပ်ဖြူစီးသော မင်းအောင်ဆင်မတော်လွတ်၍ မြောက် အရပ်က ပရိတ်နာ တန်ဆောင်း အနီးသို့ ပြေးဝင်လာပြီးလျှင် အရှေ့သို့ ဦးခေါင်းမူ၍ ရပ်နေသည်။

မီးလည်း ယင်းသည့် တပို့တွဲလဆန်း ခုနစ်ရက်နေ့ည အမရပူရမြို့ မြောက်မျက်နှာကမြင်သည်။

ထို အကြောင်းအရာ များကိုလည်း ပညာရှိတို့က မင်းအောင်ဆင်မ တော် ဝင်ရောက်လာသည့် အချိန်အရပ်သည် ဇောတိသတ္တ အဘ္ဘုတ သာဂရကျမ်းများတွင် ဝရုဏမဏ္ဍလ ကြိုက်သည်ဖြစ်၍ ရွှယ်ရည်တော် မူသမျှ အလိုတော်အတိုင်း ပြီးစီးအောင်မြင်တော်မူလျက် ကောင်းမြတ် ကြီးကျယ် တင့်တယ်သဖြင့် အထူးထူးသော ရတနာမျိုး အပေါင်းတို့ များစွာ ဆက်ရောက်အံ့၊ မီးမြင်သည်မှာလည်း မန္တလေး ရွှေတောင် အရပ်၌ မြို့ရာမြေ သုတ်သင်သန့်ရှင်းမည်၊ မြောက်အရပ်သို့ ရှေးရှုသွား စဉ် နောက်ကမီးမြင်သည်ဖြစ်သောကြောင့် သကာလတိတ် ကြိုက်ကြုံ ညီ ညွတ်သဖြင့် ပြည်ထောင်မင်းအပေါင်းတို့ ပျပ်ဝပ်ကျိုးနွံ၍ ဆင်ကြီးမြင် ကြီး,သမီးကညာ, ရတနာရွှေငွေ များစွာဆက်သ၍ ဘုန်းတန်းခိုးအရှိန် အစော်သည် မီးတောက်မီးလျှံကဲ့သို့ ဖြစ်မည်အကြောင်းများနှင့် လျှောက် ထားကြ၏။

သက္ကရာဇ်(၁၂၁၈)တထောင့်နှစ်ရာ့တဆဲ့ရှစ်ခု တပို့တွဲလဆန်း၇ှစ်ရက် တနင်္ဂနွေနေ့ နံနက်လေးချက်တီးကျော် လေးနာရီပါဒ်ပြည့်တဆဲ့နှစ်ဗိဇ နာ လေးပြန် နှစ်ခရာအချိန်တွင် နေ့ကျော်သားတို့စ၍ မန္တလေးတောင် ခြေရင်းကသည် တောင်ကို မဟာမုနိဘုရားကြီးမြောက် မြေမြို့ရိုးထိ၊အရှေ့

တောင်ကို အောင်ပင်လယ်ကန်-ကန်ပေါင်ရိုးကသည် အနောက်ကို ရွှေတချောင်းမြောင်းထိ၊ နယ်လေးရပ်အတွင်း တောခုတ်ထွင် ပြင်ဆင်သန့်ရှင်းညှိညွှတ်ကြရ၏။

ထိုသက္ကရာဇ် အညာမြစ်စဉ် သစ်တောလေးဌာနသို့လည်း သစ်တောဝန်, သစ်တောစာရေး, မြို့ရွာသူကြီးတို့ကို ကြေးတော်ငွေတော် ပေးအပ်ပြီးလျှင် သစ်တော်အချအယူ စေလွှတ်ရ၏။ ရွှေမြို့တော်ကြီးတည်လုပ်ရန် အုတ်တော်များကိုလည်း အုတ်ဝန်အုတ်သူကြီးတို့ကို ငွေတော် များစွာ ထုတ်ပေးတော်မူ၍ အုတ်ဝန် ကြီးကြပ်စေပြီးလျှင် အခါတော်နှင့် အုတ်တော်လုပ်ရ၏။

ထိုနှစ် အောင်ပင်လယ်ကန်တော်, နန္ဒာကန်တော်, ကန်ရိုးကန်ပေါင်ယိုယွင်းနိမ့်နွံသည်များကို အမရပူရ ပဋ္ဌမမြို့တည်နန်းတည် ဘေးတော်မင်းတရားကြီး ထွက်စံဆည်ဖို့လုပ်ဆောင်သကဲ့သို့ ကန်ကောက် စံနန်းတော်သို့ ထွက်တော်မူကြီး ထွက်စံတော်မူပြီးလျှင် သက္ကရာဇ် (၁၂၁၈) တထောင့်နှစ်ရာ့တဆဲ့ရှစ်ခု တပို့တွဲလဆန်းကိုးရက် တနင်္လာနေ့ နေ နှစ်ချက်တီးကျော် ခြောက်နာရီပါဒ်ပြည့်အချိန် အခါတော်အတိုင်းစ၍ ဆည်ဖို့လုပ်ဆောင်တော်မူသည်။ ယင်းသည့်လကစ၍ နန္ဒာကန်တော်မှာ အိမ်ရှေ့မင်းနှင့် မှူးမတ်အရာရှိ, အောင်ပင်လယ် ကန်မှာ သေနတ်ဝန်ကြီး သတိုး မင်းကြီးမဟာမင်းလှကျော်သူနှင့် မှူးမတ်အရာရှိတို့ ဆည်ဖို့လုပ်ဆောင်စေရ၏။ ထိုနှစ် တပို့တွဲလ ပြင်စည်မြို့နယ်တွင် ကန္ဒာရွာကန်ကျိုးပေါက်သည်ကို ရွှေပြည်ရန်အောင် အနောက်လက်စီရင်စု ကျေးရွာအမှုထမ်းတို့နှင့် မြင်းတပ်ဗိုလ် မဟာမင်းလှရာဇာကို ကြီးကြပ် ဆည်ဖို့လုပ်ဆောင်စေ၏။

မန္တလေးအရပ်၌ ရွှေမြို့တော်ကြီး တည်လုပ်တော်မူရန် ရွှေမြို့တော်, ရွှေနန်းတော်, ကျုံးတော်များကို ပန်းသုန်းပန်နက်ချရန်ကို သက္ကရာဇ် (၁၂၁၈) တထောင့် နှစ် ရာ့ တဆဲ့ရှစ်ခု တပို့တွဲလပြည့်ကျော် ငါးရက် သောကြာနေ့ နေနှစ်ချက်တီးကျော် လေးနာရီနှစ်ပါဒ် ခြောက်ဗီဇနာ သုံးပြန် ခရာပြည့်အချိန်တွင်… ရတနာသုံးပါး,သိကြား, စတုလောကပါလာ, သာသနာဘော်စောင့် သမ္မာဒေဝနတ်တို့အား ပူဇော်တိုင်ကြားပြီးလျှင် ဗြဟ္မဏပွင့်ရာ အရှေ့အရပ်သို့ မျက်နှာရည်လျက်စနေသားကြိုးရင်း, တနင်္ဂနွေသား ကြိုးဖျားကိုင်စေ၍ ပန်းသုန်းပန်နက် စိုက်မှတ်စေပြီးလျှင်

ရွှေမြို့တော်ကြီးရာ, နန်းမြို့တော်ရာများကို အခါတော်နှင့် နေ့ကျော်သား တို့စ၍ မြေပြင်ဆင်ညှိညွတ်ရ၏။

ရွှေမြို့တော်ကြီးတည်လုပ်ရန် ရွှေမြို့တော်ကြီးရာ, နန်းမြို့တော်ရာ မြေများကို သက္ကရာဇ် (၁၂၁၈) တဆောင်နှစ်ရှာတဆဲ့ရှစ်ခု တပေါင်းလဆန်း တဆဲ့နှစ်ရက် သောကြာနေ့ နံနက်လေးချက်တီးကျော် သေးနာရီ ပါဒ်ပြည့် သုံးဗိဇနာ နှစ်ပြန် ခရာပြည့်အချိန်တွင် ဂြဟာဇာပွင့်ရာ အရွှေ အရပ်သို့ မျက်နှာရည်လျှက် ရတနာသုံးပါး,သိကြား,စတုလောကပါလာ, သာသနာတော်စောင့် သမ္မာဒေဝနတ်တို့အား တင်ကြားပသ ပူဇော်ပြီးလျှင် ကြိန်လက္ခဏာနှင့် ပြည့်စုံသည့် နွားရှစ်ရှဉ်းတို့ကို ရွှေကြိုးငွေကြိုး တန်ဆာဆင်လျှက် ရွှေထွန်-ငွေထွန်, ရွှေထွန်သွား-ငွေထွန်သွားတို့ဖြင့် မိတ်နံသင့်သူ ရှစ်ဦးတို့ကို ထွန်စီးစေ၍ ဂဟပတိမဟာသာသစစ်ဖြစ်သော သူကြွယ်သား ရှစ်ယောက်တို့ကို ရွှေပေါက်တူး-ငွေပေါက်တူး စွဲကိုင်စေ ပြီးလျှင် ဗြာဟ္မဏမျိုးရိုးစစ်ဖြစ်သော ပုဏ္ဏားရှစ်ယောက်တို့ကို ရှေးဦး တည်စေ၍ အရွှေအရပ်သို့ မျက်နှာရည်လျှက် လက်ယာရစ် ရွှေမြို့တော် ကြီးနှင့် နန်းမြို့တော်မြေများကိုစ၍ စံနစ်ရ၏။

ထိုနှစ် တပေါင်းလ အလယ်နန်းတော်မိဖုရား သီရိပဝရမဟာရတနာ ဒေဝီတွင်မြင်သည့် သမီးတော်မိုးကောင်းမြို့စားမင်းသမီးကို မိုးကောင်းမြို့ နှင့်လဲ၍ မိုင်းနောင်မြို့၊ မောင်တော်ကိုမိုးကောင်းမြို့ကို မြို့စားပေးတော် မူ၏။

မန္တလေးမြို့တော်တွင် မြို့တော် နန်းတော်တည်လုပ်တော်မူရာ မြို့နန်း မပြီးမီ စံတော်မူရန် နန်းမြို့တော်ရာအတွင်း အနောက် မြောက်ထောင့် တွင် ယာယီစံနန်းဘော် ဆောက်လုပ်ရန်ရှိသည်ကို သက္ကရာဇ် (၁၂၁၈) တဆောင်နှစ်ရှာတဆဲ့ရှစ်ခု တပေါင်းလပြည့်ကျော် ငါးရက် စနေနေ့ အခါတော်နှင့် တွင်းဝန်းတိုင်ထူ၍ ဆောက်လုပ်ရ၏။

ထိုနှစ် နှောင်းတန်းခူးလ သာသနာတော်၏ အခြေအမြစ်ဖြစ်သော ဆည်ကန် ချောင်းမြောင်းများကို ဆည်လုပ်ပြီးပြေသည် ရွှေမြို့တော်က မြောက်ကို မတ္တရာထိ, တောင်ကို မြစ်ငယ်ထိ မင်းမြေ မူးတော် မတ် တော် အစုအမှုထမ်း ဆင်းရဲသားတို့ ဘိုးဘာပိုင်မြေများမှာ မျိုးဝဲ, ကျွဲ, နွား မပြည့်မစုံ၍ မလုပ်ရ ကျန်လပ် ရှိသည်များကို မျိုးတော် နွားတော် ပေးပြီးလျှင် ပြည်သူသတ္တဝါအပေါင်းတို့ လုပ်စားဆောင်စား အကျိုး

စီးပွားများအောင် ဝန်ကြီး အတွင်းဝန်တို့ ခွဲဝေကြီးကြပ်၍ မလစ်မလပ် စေရ လုပ်ဆောင်ကြရ၏။

နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆွဲနှစ်ရာသီသဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၁၈) တထောင့်နှစ်ရာ့တဆဲ့ရှစ်ခု နှောင်းတန်းခူးလပြည့်ကျော် သုံးရက် စနေနေ့ နေသုံးချက်တီးကျော် ငါးနာရီ နှစ်ပါဒ်သုံးဗိဇနာအချိန်တွင် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော် ငါးရက် တနင်္လာနေ့ ညဉ့်တချက်တီးကျော် နာရီပြည့် တပါဒ် ကိုးဗိဇနာအချိန်တွင် အတာနှစ်သစ်သက္ကရာဇ်(၁၂၁၉)တထောင့် နှစ်ရာ့ တဆဲ့ကိုးခုသို့တက်သည်။

## ၁၂၁၉-ခု

သက္ကရာဇ် (၁၂၁၉) တထောင့်နှစ်ရာ့တဆဲ့ကိုးခု တန်းခူးလ ကျပင်းမြို့ ရှင်ဝိစိတ္တကျောင်းတိုက်ပတ်လည်တာငါးရာအတွင်း သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးတော်မူသည်။

မန္တလေးမြို့တော် နန်းမြို့တော်ရာအတွင်း အရှေ့တောင်ထောင့်တွင် သက္ကရာဇ် (၁၂၁၉) တထောင့် နှစ်ရာ့ တဆဲ့ကိုးခု ကဆုန်လဆန်းတဆဲ့ငါးရက် ညဉ့် နှစ်ချက်တီးကျော် နာရီပြည့် တပါဒ် သောကြာနေ့သို့ အဝင် အခါတော်နှင့် လက်နက်တိုက်ကို စ၍လုပ်ဆောင်ရသည်။

ထိုသက္ကရာဇ် အတွင်း ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရား ရဋ္ဌာဘိသေကမုဒ္ဒါဘိသိက် ခံတော်မူမည်ကို ယာယီနန်းတော်, ဘိသိက်ခံနန်း, သင်္ကြန်နန်း, သိကြားရေစင်ခံနန်း, ဘဒ္ဒပီဌရေသဖန်း အင်းပျဉ်မှစ၍ ထီးဖြူတော် အချုပ်အလုပ်, တံဆိပ်နာမံတော် အရေးအသား အထုအလုပ်, သင်္ကြန်ရေတော်ခပ်, နမန္တာဘက် ခတ်ဘက် တပ်ဝင်းအခင်းအကျင်း ခန့်ထားလုပ်ဆောင် စီရင်ရန် ရှိသည်များကို အမရပူရ ပဌမမြို့တည်နန်းတည် ဆဒ္ဒန်ပေါက်မအစုံရသော ဘေးတော် မင်းတရားကြီး သက္ကရာဇ် (၁၁၄၅-၄၆) တထောင့်တရာ့လေးဆဲ့ငါးခု လေးဆဲ့ခြောက်ခု ရဋ္ဌာဘိသေက မုဒ္ဒါဘိသိက်ခံစာတမ်း၊ ရတနာပူရ

စတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရား သက္ကရာဇ် (၁၁၈၅) တဆောင့်တရာ့ရှစ်ဆဲ့ငါးခု ရဋ္ဌာဘိသေကမုဒ္ဒါဘိသိက်ခံစာတမ်း၊ အမရပူရ ဒုတိယမြို့တည်နန်းတည်ခမည်းတော်မင်းတရား သက္ကရာဇ် (၁၂၀၂) တထောင့်နှစ်ရာ့နှစ်ခုရဋ္ဌာဘိသေကမုဒ္ဒါဘိသိက်ခံ စာတမ်းထွက်များနှင့် ညှိနှိုင်းတိုက်ဆိုင် ငြိုးပြေကုံတွင်အောင် လုပ်ဆောင်၍ အလုံးစုံ အလုပ်အဆောင်အခမ်းအနားပြီးပြေလျှင် မင်းညီမင်းသား မှူးတော်မတ်တော်ပဒေသရာဇ် ထီးဆောင်းမင်းအပေါင်းတို့မှစ၍ သာမန္တရာဇ်,ဘောဂရာဇ်မင်းအပေါင်းခြံရံတော်မူ၍ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မြတ်သော မိဖုရားခေါင်ကြီးနှင့် အတူ သိကြားမင်းအသရေကိုဆောင်တော်မူလျက် ယာယီနန်းတော်က ရတနာထမ်းစင်တော်ကို စီးစီးတော်မူပြီးလျှင် သိကြားရေစင်ခံနန်းတော်သို့ ကူးပြောင်းတော်မူ၍ သက္ကရာဇ် (၁၂၁၉) တထောင့်နှစ်ရာ့တဆဲ့ကိုးခု ကဆုန်လပြည့်ကျော်ခုနစ်ရက် ကြာသပတေးနေ့သို့အဝင် ညဥ့်သုံးချက်တီးကျော် ခြောက်နာရီ နှစ်ပါဒ် ရှစ်ဗီဇနာ ပြန်ပြည့် ငါးခရာအချိန်တွင် သိကြားရေစင်ခံပြီးလျှင် အခါတော်စောင့်နန်းတွင် အခါကို ငံ့လင့်စံတော်မူ၍ အခါနီးလျှင် ရဋ္ဌာဘိသေက မုဒ္ဒါဘိသိက်ခံနန်းသို့ ထွက်စံတော် မူပြီးလျှင် ယင်းသည့်လပြည့်ကျော်ခုနစ်ရက် ကြာသပတေးနေ့ နေတချက်တီးကျော် တနာရီနှစ်ပါဒ် တဆဲ့သုံးဗီဇနာ ပြန်ပြည့် ငါးခရာအချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် ရေသဖန်းမဏ္ဍပ်အတွင်း မြတ်သောပလ္လင်ထက် ခင်းထားအပ်သော ဘဒ္ဒပိဌမည်သော ရေသဖန်းအင်းပျဥ်၌ စံပယ်တော်မူ၍ မင်းသမီးစစ်,ပြာဟ္မဏမျိုးရိုးစစ်ပုဏ္ဏား,သူဌေးကြီးတို့ လက်ယာရစ်ခရုသင်းသုံးလုံးရေတို့ဖြင့် အစဥ်ထုံးစံရှိသည့်အတိုင်း ဦးထိပ်၌ စိုက်၍သွန်းအပ်သော ရဋ္ဌာဘိသေကမုဒ္ဒါဘိသိက်ကို ခံတော်မူပြီးလျှင် ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရားမှာ "သီရိပဝရဝိဇယာနန္တယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ" မိဖုရားခေါင်ကြီး ဘုရားမှာ– "သီရိပဝရမဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ" တံဆိပ်နာမံအဆက်အသ ခံတော်မူ၏။

ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း စော်ဘွားမြို့စား မြို့ဝန်စစ်ကဲတို့ထံ ရာဇဝတ်မှု တရားမမှုများနှင့် အရပ်ရပ် ထောင်တန်း အကျဥ်းအမြောင်း ခံနေရသည့် လူတို့နှင့် အလှောင်အထား ရှိသည့် သားငှက်တိရစ္ဆာန်တို့ကို ရဋ္ဌာဘိသေက မုဒ္ဒါဘိသိက် ခံတော်မူသည့်နေ့ တချိန်

တခါတည်း ဘေးမဲ့ ပေးတော်မူသည့်အတိုင်း ကုန်စင်အောင် လွှတ်ရ၏။ ပြည်သူပြည်သားတို့လည်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရှစ်ပါးသီလကို ကျင့်သုံးဆောက်တည်ကြရ၏။

* ရဋ္ဌာဘိသေက မုဒ္ဒါဘိသိက်ခံတော်မူသည့် အကျယ်စကားမှာ ရဋ္ဌာဘိသေက မုဒ္ဒါဘိသိက်ခံ စာတမ်းရှိပြီးဖြစ်၍ အကျယ်မဆိုပြီ။

## သဿမေဓအခွန်တော် ဦးစွာ ကောက်ခံခြင်းစသည်မှ အမေရိကန်ရာဇသံရောက်ခြင်းထိ အကြောင်း

ယင်းသည့်လ မဟာသမ္မတမင်းမှစ၍ ရှေးမင်းကောင်း မင်းမြတ်တို့ ဆယ်ဘို့တဘို့ ဆယ်ခိုင်တခိုင် အခွန်ကိုသာ ခံယူသုံးဆောင်မြဲ ဘုရားဟောကျမ်းဂန်ထွက်ရှိသည့်ကို တရားရင်းသဿမေဓကွယ်ပတိမ်မြုပ်၍ရှိသည်။ ငါ့ကေရာဇ်မင်းမြတ်သည် ပြည်သူတို့ အဒိန္နာဒါန်မှလွတ်၍ ပစ္စုပ္ပန် သံသရာအကျိုးစီးပွား များစေခြင်းငှာ ဘုရားဟောကျမ်းဂန် ထွက်ရှိသည့်အတိုင်း တရားရင်းသဿမေဓ မကွယ်မပ မတိမ်မမြုတ်စေရ အမှန်အကန်ကျအောင် ကောက်ခံရမည်။ ရဋ္ဌာဘိသေကမုဒ္ဒါဘိသိက်ခံတော်မူရင်း အမိဋ္ဌာန်ပါရမီရှိသည့်အတိုင်း ဆယ်ဘို့တဘို့ သဿမေဓ အခွန်တော်ကောက်ခံရန်အမှုကိုနှိုင်းရှည့်ဆင်ခြင်ရွယ်ရည်တော်မူသည့်အတွင်း အဝမြို့နေ ကုန်သည်ဆင်းရဲသားတို့က သက္ကရာဇ် (၁၂၁၉) တဆောင့်နှစ်ရ၁ တဆွဲကိုးခုနှစ်တွက် ဆယ်ဘို့တဘို့၊ ဆယ်ခိုင်တခိုင် သဿမေဓအခွန်တော်ငွေကို သဘောတူ ဆက်သွင်း၊လိုကြောင်းနှင့် ဥပုသ်တော်ခေါင်း ကျွန်တော်မျိုး မောင်ခို, မောင်မြတ်သာဦးတို့ ဆက်သ လာရောက်သည်ကို အဝမြို့နေ သဿမေဓဆက်သည့်လူတို့ကို အဝမြို့ဝန်,မြို့စာရေး, ကျေးရွာသူကြီးတို့နှင့် စုရှင်ငန်းရှင်တို့က (၁၂၁၉) တဆောင့် နှစ်ရ၁ တဆွဲကိုးခုနှစ်အတွင်း စရိတ်ကြေးငွေ အသေးအဖွဲ့ အခွဲအခန့်မရှိစေရ ငြိမ်ဝပ်ချမ်းသာစွာ နေထိုင်စေရ၏။

သက္ကရာဇ် (၁၂၁၉) တဆောင့်နှစ်ရ၁တဆွဲကိုးခု နယုန်လဆန်းတဆဲ့လေးရက် သောကြာနေ့သို့အဝင် ညဥ့်သုံးချက်တီးကျော်အချိန် နိဗ္ဗာနပစ္စယနာဂရာဇာ ဆဒ္ဒန်ဆင်မင်း ကံကုန်သည်ကို ဘေးတော် မင်းတရားလက်ထက် မင်းကွန်းနန်းတော်တွင် သီရိမလ္လာမဟာသုဘဒ္ဒါဆင်ဖြူတော်မကံကုန်ရာ သင်္ဂြိုဟ်သည့်နည်း အခမ်းအနားလုပ်ဆောင်ရန် ရှိသည်များ

ကို အမိန့်တော်နှင့် ပြီးပြေကုံတွင်အောင် လုပ်ဆောင်ပြီးလျှင် စွတ်ဖား ပေါ်သို့ ဆင်မင်းအလောင်းကို တင်ဆောင် ထီးဖြူအုပ်မိုး၍ သနားတော်မူသည့် ထီးဖြူ,ယပ်မား, မင်းခမ်းမင်းနား, ရွှေအင်, ရွှေကျည် စသော အဆောင်အရွက်များကို ဆင်မင်းအလောင်း ဝဲယာခင်းကျင်း-ကျင်းပပြီးလျှင် ပြည်သူပြည်သားတို့ကို သုံးရက် ရွှေနန်းတော်အတွင်း ဝင်ထွက်ကြည့်ရှု ဖူးမြော်စေပြီးမှ ယင်းသည့် လပြည့်ကျော်နှစ်ရက်နေ့ ဆင်မင်း နန်းကသည် ရွှေနန်းတော်မြောက်သို့ ဆောင်ယူ၍ အနောက်တံခါးက ထွက်ပြီးလျှင် အာဠဝီ တံခါးလမ်းအဆင်း ရေဖျန်း ဆိပ်ကုန်းတွင် မီး သင်္ဂြိုဟ်သည်၊ဆင်မင်းကံကုန်သည့်နေ့ တောင်အရပ်က ငှက်ကြီးအကောင် ငါးဆယ်ခန့် ပျံလာပြီးလျှင် အလောင်းအထက်တည့်တည့် တနာရီခန့် ဝဲ၍နေပြီးမှ မြောက်အရပ်သို့ ပျံသွားကြသည်။ ဆင်မင်းအရိုးကို အိုးနှင့် ထည့်သွင်း၍ မဟာဝိဇယရံသီဘုရားတံတိုင်းအတွင်း မြေတွင်နှံထားပြီးမှ အထက်က အုတ်ခုံပလ္လင် တည်လုပ်ပြီးလျှင် အစဉ်ဥဒါန်းမော်ကွန်း ဖြစ်စေခြင်းငှာ ဆဒ္ဒန်ဆင်မင်းပုံလုပ်၍ တန်ဆောင်းပြာသာဒ် ဆောက်ပြီးလျှင် ဆင်မင်းဘွဲ့ပုံကို ရေးသားထုလုပ်ထားရ၏။

ယင်းသည့်လဆန်း ဆယ်ရက်နေ့ ခန္တီးစော်ဘွားကဆက်သည့် သမီး ကညာ သုသီရိကေသာ သေလွန်သည်ကို လှပကောင်းမွန်အောင် သင်္ဂြိုဟ်ရ၏။

ထိုနှစ် မန္တလေးမြို့တော်အတွင်း စံနန်းတော် အောက်အိမ်တိုက်တန်း တင်းကုပ် အလုပ်အဆောင် ပြီးပြေလျှင် မြို့တော် နန်းတော်မှစ၍ လုပ်ဆောင်ရန်ရှိသည်များကို ကိုယ်တော်တိုင် ကြည့်ရှုလုပ်ဆောင်တော်မူမည် ဖြစ်၍ အမရပူရမြို့တော်က သက္ကရာဇ် (၁၂၁၉) တထောင့်နှစ်ရာတဆဲ့ကိုးခု ဝါဆိုလဆန်း တဆဲ့နှစ်ရက် ကြာသပတေးနေ့ နံနက်လေးချက်တီး ကျော် ခုနစ်မောင်း ပါဒ်ပြည့်အချိန်တွင် အခါတော်နှင့် တောင်စမုတ်တော်က သက်တော်မူရာ ရှစ်ပါးပုဏ္ဏားတို့ ဘိသိက်ဆက်သည်ကို ခံတော်မူပြီးလျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးနှင့်အတူ တိမ်ဦးလရောင် ဆင်မတော်တွင် ရွှေစလ်တင်တော်မူပြီးလျှင် ရွှေသုံးတပ်၊ နောက်သုံးတပ် ဝင်းကိုယ်ရံတော် အခင်းအကျင်း တပ်ဦးတော်က လှည်းစကြာတင်အမြောက်ကြီးတရာကို အမြောက်ဝန် အမြောက်မှူးတို့ ကြပ်မ၍ အမြောက်တပ်နှင့်တကွ ထွက်တော်မူသည်။

အောင်ပင်လယ် ပြွန်မတော်ကန်ရိုးသို့ရောက်လျှင် မြောက်ကိုလျှောက်၍ ကန်ကောက်စံနန်းတော်တွင် ကွန်းထောက်တော်မူသည်။ အိမ်ရှေ့မင်းမှစ၍ နောင်တော်ပုဂံမင်း မင်းညီ မင်းသားတို့မှာလည်း တပ်ဦးတော်က လိုက်ကြရသည်။ ကန်ကောက်စံနန်းတော်တွင် တနာရီခန့် စံတော်မူမိလျှင် အမရပူရမြို့ အိမ်ရှေ့အိမ်တော် ဝင်းအတွင်း ကိုယ်လုပ်တော်မိဖေါ် အိမ်ကစ၍ မီးလောင်ရာ ဆယ်အိမ်ခွဲပြီလောင်ကြောင်းများနှင့် လျှော် ထားသည်ကို ပညာရှိတို့က ထွက်တော်မူရာ နောက်တော်က မီးမြင်သည်မှာ ဘုန်းတော်တန်းခိုးတော် မီးတောက်မီးလျှံ အဓွန်အဝါကဲ့သို့ ရည် သန်တော်မူရင်း ရန်အပေါင်းကို အောင်မြင်တော်မူမည့် မင်္ဂလာနိမိတ် ဖြစ်ကြောင်းများနှင့် လျှောက်ထားကြသည်။

မန္တလေးမြို့ စံနန်းတော်သို့ နေသုံးချက်တီးခန့်အချိန် ရောက်တော်မူသည်၊ စံနန်းတော်တွင်လည်း တဆဲ့လေးရက်နေ့ကစ၍ တနေ့လျှင် သံဃာတော်လေးပါးစီ ပင့်ဘိတ်၍ လှူဒါန်းရန် အဘွယ်အရာများနှင့်တကွ လှူဒါန်းပြီးလျှင် မင်းမိဖုရား မှူးတော်မတ်တော် ဥပုသ်သည်တို့နှင့် တကွ ဥပုသ်ယူတော်မူ၏။

မြို့တော်ကြီး ပန်နက်မချမီ မြို့ရိုးအတွင်း မြေဖို့ညှိရန် ရှိသည်များကို ကျုံးတော်ရာမြေကြတူးသည့် မြေစာကို အစုအမှုထမ်းတို့ ဖို့ညှိကြရာ ဘဝ ရှင်မင်းတရားကြီးဘုရား တိမ်ဦးလရောင် ဆင်မတော်မှာ ရွှေစက်တင် တော်မူ၍ ဝင်းကိုယ်ရံတော်နှင့် ထွက်တော်မူပြီးလျှင် မြောက်မျက်နှာ, အနောက်မျက်နှာများကို ကြည့်ရှု၍ ဝင်တော်မူသည်။

နောက် ဝါခေါင်လဆန်းခြောက်ရက်နေ့ တောင်မျက်နှာ အလယ် တံခါးက ထွက်တော်မူ၍ မြို့တော်တည်လုပ်တော်မူရန် ဌာနဒေသများ ကို ကြည့်ရှုတော်မူပြီးလျှင် ဝင်တော်မူသည်။

ယင်းသည့်လအတွင်း မန္တလေးမြို့တော် မြို့တွင်းမြို့ပြင် ဈေးများနှင့် မင်းမိဖုရား ဝန်တော်အိမ်ဝင်း, မင်းညီမင်းသား မှူးတော် မတ်တော် သူဌေးသူကြွယ်တို့ဝင်း, ရပ်စုကွက်စု, တန်းအိမ် လမ်းအိမ်ကို-ပုံတော်ပါ သည့်အတိုင်း ဝန်ကြီး, အတွင်းဝန်, မှူးတော်မတ်တော်တို့ အနေအထား ကျအောင် ကြည့်ရှုရသည်။

သက္ကရာဇ် (၁၂၁၉) တထောင့်နှစ်ရာ့တဆဲ့ကိုးခု ဝါဆိုလပြည့်ကျော် တဆဲ့သုံးရက် စနေနေ့ နေသုံးချက်တီးကျော် ခြောက်မောင်း အချိန် မန်းကျီးပင်စောက်ရွာစား သီရိစန္ဒာမဟေတွင် သမီးတော်ဖွားမြင်သည်။

ယင်းသည့်လ ဘထွေးတော် ချွန်းတောင်မြို့စား မိုးနဲဗိုလ်မှူးမင်းသား သီရိသုမဟာဓမ္မရာဇာကို ချွန်းတောင်မြို့နှင့်လဲ၍ သီပေါမြို့ကို ပေးတော်မူပြီးလျှင် ချွန်းတောင်မြို့ကို မိုးနဲဗိုလ်မှူးမင်းသား သီရိသုမဟာဓမ္မရာဇာ သမီး သီရိမဟာ မင်္ဂလာသုပဘာဒေဝီတွင်မြင်သည့် သမီးတော်ကို ပေးတော်မူ၏။

ယင်းသည့်လ ရှမ်းကလေးကျွန်းဆရာတော် မေတ္တာရပ်ခံချက်အတိုင်း အဝမြို့စီရင်စု ရွာသာယာနယ်တွင် မိကျောင်းတက်ခေါ် အင်းကို ဘေးမဲ့ပေးတော်မူ၏။

ထိုနှစ် ဝါခေါင်လ ကျိုင်းတုံစော်ဘွားသေလွန်သည်ကို အထက်ကျိုင်းတုံစော်ဘွားနည်း လုပ်ဆောင်သင့်ဖိုက်ရသည်။ သားကျမိုင်း ခေမာရဋ္ဌမဟာဝံသရာဇာက အဘ အဆောင်အရွက်များကို ဆက်သရာ သားကျမိုင်း ခေမာရဋ္ဌမဟာဝံသရာဇာကို ထပ်မံသနားတော်မူပြီးလျှင် ကျိုင်းတုံမြို့ကို အဘနည်း စော်ဘွားအရာ ခန့်ထားသူကောင်းပြုတော်မူ၍ ဘွားစားစေ၏။

ယင်းသည့်လ မိတ္ထိလာကန်, မထောင်းတာကန်အကြား တန်တားစရပ်နှင့် ရွှေမြင်ထင်စေတီတော်၊ မထောင်းတာကန်ရိုးတွင် ဘိုးတော်အိမ်ရှေ့မင်းတည်ထားတော်မူသည့် လောကသင်္ချိုက် စေတီတော်၊ ရွှေစောလှူးစေတီတော်များကို မိတ္ထိလာမြို့ဝန်မင်းလှမင်းထင်သမန္တရာဇာသို့ ငွေတော်ပေးအပ်တော်မူပြီးလျှင် ကောင်းမွန်သေချာစွာ ထပ်မံပြင်ဆင် တည်လုပ်ရ၏။

ထိုနှစ် တော်သလင်းသဆန်း နှစ်ရက်နေ့ သိန္နီစော်ဘွား သီဝိရဋ္ဌမဟာဝံသသုဓမ္မရာဇာက ဆက်သည့် သမီးကညာကို စော်ဘွားကြီးတို့ သမီးကညာကို ဆက်သွင်းသည့်နည်း ကြိုယူ ဆက်သွင်းရ၏။ ညောင်ရွှေမြို့စစ်ကဲ မင်းလှမင်းခေါင်ရာဇာက လမိုင်းမြို့တွင် ထူးမြတ်သည့် ဓားစကြာရသည်ကို အဆက်အသလာရောက်ရာ ကြိုယူမြဲ ကြိုယူဆက်သွင်းရ၏။

ယင်းသည့်လဆန်းခုနစ်ရက် အင်္ဂါနေ့ အတွင်းဝန် လောင်းရှည်မြို့စား မင်းကြီးမဟာစည်သူသမီး ထီးလှိုင်ရွာစားတွင် သားတော် ဖွားမြင်သည်၊ သားတော် ဖွားပြီးနောက် မယ်တော် သေလွန်သည်ကို ဘကြီးတော်မင်းတရားလက်ထက် ဗန်းမော်မိဖုရား ညီမ မလ္လာဝတီသေလွန်ရာ သင်္ဂြိုဟ်သည့်နည်း လုပ်ဆောင်သင်္ဂြိုဟ်ရ၏၊ သားတော်ကိုလည်း ပုခက်တင်တော်မူ၍ သာဂရမြို့ကို ပေးတော်မူ၏။

ယင်းသည့် တော်သလင်းလဆန်းဆယ်ရက် သောကြာနေ့ နေတချက်တီးကျော် လေးနာရီအချိန် အခါတော်အတိုင်း နန်းမြို့တော် အတွင်းလွှတ်တော် တွင်းဝန်း တိုင်ထူဆောက်လုပ်ရ၏။

မန္တလေးမြို့တော်ကြီးမတည်မလုပ်မီ နန်းမြို့တော်တည်လုပ်သင့်-မလုပ်သင့် အမရပူရမြို့ရှိ ပဟိုရ်ခေါင်းလောင်းများကိုလည်း ပြောင်း၍တီးသင့်မတီးသင့်များကို သာသနာပြုဆရာတော် တံဆိပ်တော်ရဆရာတော်တို့ထံ အမိန့်တော်နှင့် ဝန်ကြီး, အတွင်းဝန်, သံတော်ဆင့်,ဝတ်မြေဝန်,ပညာရှိတို့ကို စေ၍ ထိုသက္ကရာဇ် တော်သလင်း လဆန်း တဆဲ့ သုံးရက်နေ့ လျှောက်ထားစေရာ သာသနာပြု ဆရာတော်နှင့် တံဆိပ်တော်ရ ဆရာတော်တို့က ပဟိုရ်ခေါင်းလောင်းမှာ အမရပူရမြို့ရှိပဟိုရ်ခေါင်းလောင်းများကို ပြောင်း၍တီးသင့်သည်၊ နန်းမြို့ဆိုသည်မှာ ကေရာဇ်မင်းတို့စံနေသည့် ဝင်းအရံအကာသာဖြစ်၍ မြို့တော်ကြီး မတည်မီပင် တည်လုပ်သင့်သည်-မိန့်ဆိုချက်အတိုင်း တော်သလင်းလပြည့်ကျော်နှစ်ရက် သောကြာနေ့ နေတချက်တီးကျော် အချိန် အခါတော်နှင့် စွယ်တော်စင်, ပဟိုရ်စင်များကို စ၍ လုပ်ဆောင်ရသည်။

ယင်းသည့် လပြည့်ကျော်တဆဲ့ငါးရက် ကြာသပတေးနေ့ နေတချက်တီးကျော် နာရီပြည့်အချိန် မြို့တော်ရှေ့မျက်နှာ ကျုံးထိပ်အရှေ့တွင် သာသနာပြုဆရာတော်ကိုတင်လှူရန် ကျောင်းတော်ပန်နက်ချ တွင်းဝန်း တိုင်ထူသည်။

ထိုနှစ် သီတင်းကျွတ်လဆန်းတရက် သောကြာနေ့ နံနက် တချက်တီးကျော် သုံးနာရီပါဒ်ပြည့် နှစ်ဗိဇနာအချိန်တွင် နေဝန်းကို သုံးစုနှစ်စုကြတ်၍ နှစ်ချက်တီးကျော် တနာရီသုံးပါဒ် ဗိဇနာပြည့်အချိန်တွင် လွတ်စင်သည် ထိုအခါ ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရား နန်းမတော် မိဖုရားခေါင်ကြီးဘုရား နေကြတ်သင်္ကြန်ခေါ်မြဲခေါ်တော်မူသည်။

သက္ကရာဇ်(၁၂၁၉)တထောင့်နှစ်ရာ့တဆဲ့ကိုးခု သီတင်းကျွတ်လပြည့်ကျော်လေးရက် အင်္ဂါနေ့ နေတချက်တီးကျော် ခြောက်မောင်းနှစ်ပါဒ် အချိန်တွင် မြောက်ရှေ့ရေးဆောင်မိဖုရား သီရိရတနာ မင်္ဂလာမဟေတွင် သမီးတော်ဖွားမြင်သည်။

ယင်းသည့်နှစ် တန်ဆောင်မုန်းလဆန်းတရက်နေ့ စားပွဲတောင်တိုက်စား မိဖုရား မလ္လာဒေဝီ သေလွန်သည်ကို ခမည်းတော် မင်းတရားလက်

ထက် မြောက်ဆောင်တော် ကနောင်မြို့စားမိဖုရား သီရိနန္ဒာမလ္လာမဟေ သေလွန်ရာ သဂြိုဟ်သည့်နည်း သဂြိုဟ်ရ၏။

စားပွဲတောင်တိုက်စား မိဖုရား မလ္လာဒေဝီတွင် မြင်သည့် သမီးတော် အငယ်ကို တောင်တွင်းချောင်မြို့ကို ပေးတော်မူ၏။

ယင်းသည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ခြောက်ရက် သောကြာနေ့ အခါတော်နှင့် ရွှေနန်းတော်သစ်များကို စ၍ ရွှေချရသည်၊ ၎င်းလပြည့်ကျော် တဆဲ့သုံးရက် သောကြာနေ့ ရွှေနန်းတော်သစ်များကို တောစာပယ်ရသည်။

ယင်းသည့်လ စားပွဲတောင်တိုက်စား မိဖုရားမလ္လာဒေဝီတွင် မြင်သည့် သမီးတော်အကြီး မိုးလှိုင်းမင်းသမီးသီရိသုကေသာဒေဝီကို မိုးလှိုင်းမြို့နှင့်လဲ၍ ပင်းမြို့ကို ပေးတော်မူ၏၊ ယင်းသည့်လ မြစ်စုရွာ တောရ ဆရာတော် မေတ္တာရပ်ခံချက်အတိုင်း မြစ်စုရွာနယ်တွင်း ကောက်ရိုးကန်ကြီးခေါ် အင်းအတွင်း သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးတော်မူ၏။

မန္တလေးမြို့တော်တွင် စွယ်တော်စင်မှစ၍ ဆရာတော်သံဃာတော်တို့ သီတင်းသုံးနေရန် ယာယီကျောင်းတော် အဆောက်အလုပ် ပြီးပြေလျှင် မြတ်စွာဘုရားသခင်သည် ဝေသာလီပြည်၌ ရောဂန္တရအစရှိသော ဘေးသုံးပါးတို့ကို ကင်းငြိမ်းတော်မူစေ၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသောအခါ နတ်ဗြဟ္မာအပေါင်းတို့သည် ထီး,တံခွန်,ကုက္ကား,ပန်းဆိုင်း-စသည်တို့ဖြင့် စကြဝဠာတိုက်အလုံး ဗြဟ္မာ့ပြည်ထိ ပူဇော်ကြသောသဘင်ပွဲကြီးကဲ့သို့ အမရပူရမြို့တော်က ရုပ်ပွားတော်, စွယ်တော်ဓာတ်, ပိဋကတ်တော်, အဿတိရဟန္တာ, သာသနာပြုဆရာတော်ကြီးနှင့် တံဆိပ်တော် ရမရ ဆရာတော် သံဃာတော် ငါးရာကျော်တို့ကို မင်းညီမင်းသား မှူးတော်မတ်တော် သူဌေးသူကြွယ်တို့ ကြပ်မခြီရံစေပြီးလျှင် ခမ်းနားကြီးကျယ်စွာ တပ်ဝင်းအခင်းအကျင်းများနှင့် မြတ်စွာဘုရား ရုပ်ပွားတော်မှာ ထီးဖြူရှစ်ချက်, ပိဋကတ်စာတော်-အဿတိရဟန္တာများမှာ ထီးဖြူခြောက်ချက်စီ အုပ်မိုး၍ မှန်စီထမ်းစင်နှင့် တင်ဆောင်ပြီးလျှင် သာသနာပြုဆရာတော်မှာ ထီးဖြူလေးချက်, တံဆိပ်တော် ရ-မရ ဆရာတော် သံဃာတော်ငါးရာကျော်တို့မှာ ထီးဖြူနှစ်ချက်စီ အုပ်မိုး၍ မန္တလေးမြို့တော်သို့ ပင့်ဆောင်တော်မူသည်။

မင်းမိဖုရား,အိမ်ရှေ့မင်း,မင်းညီမင်းသား,မှူးတော်မတ်တော်ခြံရံလျက် မယ်တော်ဘုရားနှင့်တကွ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး

ဘုရား, အရှင်နန်းမတော်ဖုရား ရွှေးတော်ယူ တံခါးက ကြိုဆိုတော် မူပြီးလျှင် ရွှေနန်းတော်အတွင်း ဆွမ်းလုပ်ကျွေး၍ ယာယီ ကျောင်းများမှာ သီတင်းသုံးနေကြရ၏။

ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော်ခြောက်ရက် သောကြာနေ့ နေတချက်တီးကျော် နှစ်နာရီနှစ်ပါဒ် ခြောက်ဗိဇနာ လေးပြန် ကိုးခရာ အချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ကြာသပတေး သား သောကြာသားတို့ ရွှေခေါ်း-ငွေခေါ်း, ရွှေပုဆိန်-ငွေပုဆိန်, ရွှေတံစည်း-ငွေတံစည်းတို့ဖြင့် ရွှေနန်းတော်သစ်များကို လှစေရသည်။

ယင်းသည့် တန်ဆောင်မုန်းလပြည့်ကျော် တဆဲ့သုံးရက် သောကြာနေ့ နေနှစ်ချက်တီးကျော် နှစ်နာရီသုံးပါဒ် သုံးဗိဇနာ ပြန်ပြည့် ခရာပြည့် အချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ကြာသပတေး သား, သောကြာသားတို့မြောက်အရပ်သို့မျက်နှာမူစေ၍ ရွှေနန်းတော်ဆောံရန် သစ်တော်များကို တောစာပယ်စေရသည်။

ယင်းသည့်နှစ် နတ်တော်လဆန်းရှစ်ရက် တနင်္လာနေ့ နေတချက်တီးကျော် သုံးနာရီ ပါဒ်ပြည့် ခြောက်ဗိဇနာ တပြန် လေးခရာ အချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ကြာသပတေးသား, သောကြာသားတို့ ရွှေနန်းတော်ဆောက်လုပ်ရန် သစ်ပျဉ်များကို အစပြု၍ လွှတင်စေရသည်။

ထိုနှစ် နတ်တော်လဆန်းတဆဲ့နှစ်ရက် သောကြာနေ့ နေတချက်တီးကျော် နှစ်နာရီတပါဒ် ခြောက်ဗိဇနာ သုံးပြန် ခရာပြည့် အချိန်တွင် ဂြဟာဇာပွင့်ရာအရှေ့အရပ်သို့ မျက်နှာရည်လျက် ရတနာသုံးပါး, သိကြား မြဟ္မာ,စတုလောကပါလာ, သာသနာတော်စောင့်-စသော နတ်ကောင်း နတ်မြတ်တို့အား ပူဇော် တိုင်ကြား ပသစေပြီးလျှင် ကြာသပတေးသား ကြီးရင်း,သောကြာသားကြီးဖျားကိုင်စေ၍ အရှေ့အရပ်သို့မျက်နှာမူလျက် တံမျဉ်းကြိုးခင်းပြီးလျှင် တနင်္ဂနွေ,တနင်္လာသားတို့ ရွှေပန်နက်,ရွှေ လက်ရိုက်, ငွေလက်ရိုက်တို့ဖြင့် နန်းမြို့တော်ပန်နက် ချမှတ်စေပြီးလျှင် အရှေ့ မျက်နှာ-တနင်္ဂနွေသား, တောင်မျက်နှာ-ကြာသပတေးသား, အလယ်မှာ ဗုဒ္ဓဟူးသား နေစေ၍ ရွှေ တူးရွင်း-ငွေ တူးရွင်း, ရွှေ ပေါက်တူး-ငွေ ပေါက်တူးတို့ဖြင့် တပြိုင်တည်း နန်းမြို့တော်ရာမြေကို တူးစေရသည်။

ယင်းသည့် လပြည့်ကျော် လေးရက် သောကြာနေ့ နေတချက်တီးကျော် တနာရီပါဒ်ပြည့်အချိန် အခါတော်အတိုင်း ပွဲသဘင်စုံ အခင်းအကျင်းများနှင့် နေ့ကျော်သားတို့ကို အနောက်အရပ်သို့ မျက်နှာရည်လျက် အရှေ့တောင်ထောင့်၌ ပတ္တမြားအုတ်တစ်,ရွှေအုတ်သုံး,ငွေအုတ်ငါး၊ တောင်အရပ်၌ ပတ္တမြားအုတ်တစ်, ရွှေအုတ်လေး, ငွေအုတ်တဆဲ့ခုနစ်၊ အနောက်တောင်ထောင့် အရပ်၌ ပတ္တမြားအုတ်တစ်, ရွှေအုတ်ခုနစ်, ငွေအုတ်တဆယ်၊ အနောက်အရပ်၌ ပတ္တမြားအုတ်တစ်,ရွှေအုတ်ရှစ်, ငွေအုတ်တဆဲ့ကိုး၊ အနောက်မြောက်အရပ်၌ ပတ္တမြားအုတ်တစ်, ရွှေအုတ်ရှစ်, ငွေအုတ်တဆဲ့နှစ်၊ မြောက်အရပ်၌ ပတ္တမြားအုတ်တစ်, ရွှေအုတ်ခြောက်, ငွေအုတ် နှစ်ဆဲ့တစ်၊ အရှေ့မြောက်အရပ်၌ ပတ္တမြားအုတ်တစ်, ရွှေအုတ်တစ်, ငွေအုတ်ခြောက်၊ အရှေ့အရပ်၌ပတ္တမြားအုတ်တစ်, ရွှေအုတ်နှစ်, ငွေအုတ် တဆဲ့ငါးများကို ဂြိုဟ်နေစဉ်အတိုင်း တပြိုင်တည်း အနောက်တောင်အရပ်သို့ လှည့်ပတ်၍ နန်းမြို့တော်အုတ်မြစ်ချစေသည်။

သက္ကရာဇ် (၁၂၁၉) တထောင့် နှစ်ရာ့ တဆဲ့ ကိုးခုနှစ် နတ်တော်လ သာသနဓဇောတာဘိ ကဝိဓဇ မဟာ ဓမ္မ ရာဇာဓိရာဇဂုရု-ကတိုးတိုက်အုပ်ကြီးခင်းဆရာတော်ဘဝပြောင်းသည်ကို တံဆိပ်ရဆရာတော်ကြီးတို့ ဘဝပြောင်းရာ သင်္ဂြိုဟ်သည့်နည်း လှပကောင်းမွန်အောင်လုပ်ဆောင်သင်္ဂြိုဟ်တော်မူ၏။

ယင်းသည့် လ ရွှေနန်းတော်ကြီး မှန်နန်းတော် ဆောက်လုပ်ရန်အမည်ရ သစ်တော် တဆယ်ကို ရွှေမြို့တော်ကြီး အနောက် မျက်နှာခတ်တံခါးပြင်က ရွှေနန်းတော်အတွင်းသို့သွင်းရာ ဝန်ကြီး,အတွင်းဝန်, ဝန်စုရ, မှူးကြီးမတ်ကြီးတို့ သနားတော်မြတ်ခံရသည့် မောင်းနားခေါင်းဝတ်လုံ စလွယ် ဆင်ယင်၍ သက္ကရာဇ် (၁၂၁၉) တထောင့်နှစ်ရာ့တဆဲ့ကိုးခု နတ်တော်လပြည့်ကျော် လေးရက် သောကြာနေ့ နေတချက်တီးကျော် တနာရီ ပါဒ်ပြည့်အချိန် အခါတော်နှင့် သစ် တလုံးလျှင် တယောက်စီ ကြိုးကြပ်၍ အစုအမှုထမ်းတို့ ဆွဲဆောင်ရသည်၊ အမည်ရ သစ်တော်တဆယ်ပြင် ကျန်သစ်တော်များကိုလည်း သစ်တလုံးလျှင် သက္ကလတ်ကြိုးနီတင် ဆင်ပေါက်တစီးစီ ကြည်းဆောင်ဆွဲယူရသည်။ ဆင်တော်ဦးစီးနောက်ပဲ့တို့မှာ ဘာသာမောင်းဝတ်လုံဆင်ယင်၍ ရွှေနောက် အမအစ လိုက်ရသည်၊ သစ်တော်နောက်က မင်းညီမင်းသား မှူးတော် မတ်

တော်တို့ သနားတော်မြတ်ခံရသည့် ဗောင်းဝတ်လုံ ဆင်ယင်၍ လိုက်ရသည်။ သစ်တော်ရှေ့ ပွဲသဘင် အခင်းအကျင်း တီးမှုတ်ကခုန်ကြရသည်။ သစ်တော်ဆွဲ လမ်းတလျှောက် ရပ်စုကွက်စု များကလည်း မဏ္ဍပ်ကန့်လန့်ဖြင့်ဆင်ဆော်လုပ်၍ ပွဲသဘင် တီးမှုတ်ကခုန်ကြရသည်။

မှန်နန်းတော် ဆောက်လုပ်မည့်အရပ်သို့ နေ့နှစ်ချက်တီးအချိန်မှ သစ်တော်ဆိုက်ရောက်၏။ ဘဝရှင်မင်းတရားကြီးဘုရားလည်း စံနန်းတော်ဦး နန်းမြင့်သို့ ထွက်စံတော်မူ၍ ကြည့်တော်မူ၏။

ထို့နှစ် ပြာသိုလဆန်း ခုနစ်ရက် တနင်္လာနေ့ နေ နှစ်ချက်တီးကျော် ငါးနာရီသုံးပါဒ် တဆွဲလေးဗိဇနာ နှစ်ပြန် ခရာပြည့်အချိန် ကောင်းမြတ်သောမင်္ဂလာအခါတော်၌ ကြာသပတေးသား,သောကြာသားတို့ အနေဘ် အရပ်သို့ မျက်နှာရည်လျက် ရွှေနန်းတော်အပြောက်အမွှမ်းများကို စ၍ ထုလုပ်စေသည်။

ယင်းသည့် ပြာသိုလဆန်း တဆဲ့တရက် သောကြာနေ့ နံနက်လေးချက်တီးကျော် လေးနာရီသုံးပါဒ် တဆဲ့သုံးဗိဇနာ တပြန် ခရာပြည့်အချိန် ကောင်းမြတ်သောမင်္ဂလာအခါတော်၌ ကြာသပတေးသား, သောကြာသားတို့ အနေဘက်အရပ်သို့ မျက်နှာရည်လျက် ရွှေမြို့တော်,နန်းမြို့တော်မှစ၍ နှံ့ထားရန် အင်းပြားများကို စ၍ ခတ်လုပ်စေရသည်။

ယင်းသည့် ပြာသိုလဆန်း တဆဲ့လေးရက် တနင်္လာနေ့ နေနှစ်ချက်တီးကျော်သုံးနာရီတပါဒ် ခုနစ်ဗိဇနာ ပြန်ပြည့် ခရာပြည့်အချိန် ကောင်းမြတ်သောမင်္ဂလာအခါတော်၌ ကြာသပတေး,သောကြာသားတို့ တောင်အရပ်သို့ မျက်နှာရည်လျက် ရွှေနန်းတော်မှာ စွဲရိုက်ရန်သံများကို စ၍ ချွန်လုပ်စေရသည်။

ထို့နှစ် ပြာသိုလပြည့်ကျော်နှစ်ရက် ကြာသပတေးနေ့ နေနှစ်ချက်တီးကျော် နှစ်နာရီသုံးပါဒ်အချိန် အခါတော်နှင့် ရွှေနန်းတော်ကြီး သစ်တော်များကို နွှေကျော်သားတို့ သန္နေးဆေးကြောရသည်။

ဌင်းလပြည့်ကျော်ခြောက်ရက် တနင်္လာနေ့ နေနှစ်ချက်တီးကျော် နှစ်နာရီတပါဒ်အချိန် ရွှေနန်းတော်ကြီး သစ်တော်များကို နွှေကျော်သားတို့ ရွှေချောရသည်။

ယင်းသည့် လပြည့်ကျော်ခုနစ်ရက်နေ့ အမရပူရမြို့နန်းတော် ဇေတဝန်ဆောင်တော်ရှိ မင်းရုပ်တုတော်များကို ထွက်တော်မူသည့် အခမ်း

အနားနည်း ရွှေသုံးတပ် နောက်သုံးတပ် ခင်းကျင်း၍ အမြောက်သံကြား အခါတော်နှင့် မင်းစီးပြာသာဒ် ရထားတော်ထက် တင်ဆောင်ပြီးလျှင် ထီးဖြူနှစ်ချက်စီ အုပ်မိုးလျက် မန္တလေး ရွှေမြို့တော်သို့ ဝန်ကြီး, အတွင်းဝန်, ဝန်ထောက်, မှူးကြီး မတ်ကြီးတို့ ကြပ်မဆောင်ယူရသည်။ ရောက်လျှင် စံနန်းတော်ဦးက ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား နှစ်ပါး ဆီးကြိုပူဇော်တော်မူ၏။

ယင်းသည့် ပြာသိုလပြည့်ကျော်ရှစ်ရက် ဗုဒ္ဓဟူးနေ့ နေ နှစ်ချက်တီးကျော် နှစ်နာရီပါဒ်ပြည့် ရှစ်ဗီဇနာ နှစ်ပြန် လေးခရာအချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ကြာသပတေးသား, သောကြာသားတို့ အခရွှေအရပ်ကို မျက်နှာရည်လျက် ရွှေမြို့တော် နန်းမြို့တော်မှစ၍ နှံ့ထားရန် နတ်ရုပ်များကို ထုလုပ်စေရသည်။

ထိုနှစ် တပို့တွဲလဆန်းသုံးရက် စနေနေ့ နေနှစ်ချက်တီးကျော် နာရီပြည့် ပါဒ်ပြည့်အချိန်အခါတော်နှင့် ရွှေနန်းတော်ကြီး မှန်နန်းတော်ဆောင်များကို နေ့ကျော်သားတို့စ၍ ဆောင်ပုံကိုင်ရသည်။

ယင်းသည့်လ ကျွဲဆင်းကန် ပျက်စီးယိုယွင်းသည်ကို ရတနာသိဉ်မြင်းမြေအမှုထမ်း ကျေးရွာ, လယ်ရေသောက်ကျေးရွာ လှုတာထောင်ကျော်နှင့် တောင်လက်မြင်းတပ်ဗိုလ် မဟာမင်းကျော်သီဟမင်းခေါင်ကို ကြည့်ကြပ်ဆည်ဖို့ လုပ်ဆောင်စေ၏။

ထိုသက္ကရာဇ် တပို့တွဲလဆန်း တဆဲ့နှစ်ရက် တနင်္လာနေ့ နေတချက်တီးကျော်ငါးနာရီတပါဒ်အချိန် အခါတော်အတိုင်း ရွှေနန်းတော်ရာမြေကို နေ့ကျော်သားတို့ စ၍ စံနစ်စေပြီးလျှင် ယင်းသည့်လဆန်း တဆဲ့လေးရက်နေ့ ရွှေနန်းတော်ကြီးရာမြေ ရှစ်မျက်နှာတန်ဆောင်း ရှစ်ရပ်တွင် သံဃာတော်တို့ကိုပင့်၍ ပရိတ်ရွတ်မွန်းပြီးလျှင် ပွဲသဘင် စည်ပင်သာယာအောင် ခင်းကျင်းလျက် ၎င်းလဆန်း တဆဲ့ငါးရက် ကြာသပတေးနေ့ နေတချက်တီးကျော် လေးနာရီသုံးပါဒ် ခုနစ်ဗီဇနာ သုံးပြန် ရှစ်ခရာအချိန် အမြောက်သံကြားသည်နှင့်တပြိုင်နက် ရွှေနန်းတော်ကြီး မှန်နန်းတော် ပြာသာဒ်တော်မှစ၍ အဆောင်တော်ကြီးများကို ရွှေတံမျဉ်းကြိုး, ငွေတံမျဉ်းကြိုးခင်း၍ ကြာသပတေးသား ကြိုးရင်း, သောကြာသား ကြိုးဖျားကိုင်စေလျက် တနင်္ဂနွေသား,တနင်္လာသားတို့ အနောက်သို့ မျက်နှာရည်ပြီးလျှင် ရွှေပန်နက်, ငွေပန်နက် စိုက်မှတ်စေရသည်။

ယင်းသည့်နေ့ ကြာသပတေးသား,သောကြာသားတို့ အနောက်သို့ မျက်နှာရည်လျက် ရွှေမြို့တော် ရွှေနန်းတော်မှစ၍ နှံ့ထားရန် အင်းတော်များကို စ၍ ရေးစေရသည်။

ထိုနှစ် တပို့တွဲလပြည့်ကျော်တရက် သောကြာနေ့ နေတချက်တီးကျော် ငါးနာရီသုံးပါဒ် ခြောက်ဗိဇနာ လေးပြန် သုံးခရာအချိန် ကောင်းမြတ်သောမင်္ဂလာအခါတော်၌ ရွှေနန်းတော် ငြမ်းတိုင် ပန်နက် ချမှတ်စေရသည်။

ယင်းသည့် လပြည့်ကျော်နှစ်ရက် စနေနေ့သို့အဝင် ညဉ့်နှစ်ချက်တီးကျော် လေးနာရီပါဒ်ပြည့်အချိန် အမြောက်သံကြား အခါတော်နှင့် ရွှေနန်းတော်ကြီး မှန်နန်းတော်မှစ၍ အဆောင်တော်များကို နေ့ကျော်သားတို့ ရွှေတူးရွင်း, ငွေတူးရွင်းကိုင်လျက် တွင်းဝန်းရ၏။

ယင်းသည့် တပို့တွဲလပြည့်ကျော်ငါးရက် အင်္ဂါနေ့ နေနှစ်ချက်တီးကျော် နာရီပြည့် နှစ်ပါဒ် တဆဲ့တဗိဇနာ တပြန် ရှစ်ခရာအချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ရွှေနန်းတော်ကြီးမှ စ၍ အဆောင်ဆောင်သော နန်းတော်ငြမ်းများကို တကြိမ်တည်း ထူမတ် စေရသည်။

ယင်းသည့်လ တလုပ်မြို့နယ်တွင် ချီးသေအင်း, သိမ်တိုင်အင်းများမှာ ခိုမှီရှိနေသည့် ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ချမ်းသာ ပေးတော်မူ၏။

ယင်းသည့်လ သမီးတော် ပတ္တနဂိုရ်မင်းသမီးကို ပတ္တနဂိုရ်မြို့နှင့် လဲ၍ တကောင်းမြို့၊ ဝါးနွယ်ကုန်းမြို့စားမင်းသမီးကို ဝါးနွယ်ကုန်းမြို့နှင့် လဲ၍ ပတ္တနဂိုရ်မြို့၊ ရွာပလဲရွာစားတွင်မြင်သည့် သားတော်ကို ကျောက်ရစ်မြို့၊ တောင်သာမြို့စား သီရိပဘာပတီတွင်မြင်သည့် သမီးတော်ကို ဂုံငါးရွာ၊ ရေပွဲတိုက်စား သီရိသုပဘာနန္ဒာမဟေတွင် မြင်သည့် သားတော်ကိုခေါင်တုံးမြို့၊ ခေါ်သန္တီမင်းသားကို ခေါ်သန္တီမြို့နှင့်လဲ၍ ကျောက်ရဲမြို့၊သမီးတော် ဆင်ယည်မြို့စား မင်းသမီးကို ဆင်ယည်မြို့နှင့်လဲ၍ ဟင်္ဂမော်မြို့၊လင်ပန်းတိုက်စား သီရိသုစိတ္တာနန္ဒာမဟေတွင်မြင်သည့် သားတော်ကို ရန်အောင်မြို့သစ်မြို့များကို ပေးတော်မူ၏။

ယင်းသည့် တပို့တွဲလပြည့်ကျော် တဆဲ့တရက်နေ့ တောင်သာမြို့စား မိဖုရား သီရိပဘာဝတီတွင်မြင်သည့် သားတော် လယ်ကိုင်းမြို့စား မင်းသားကံကုန်သည်ကို ဝန်တော်အိမ်ဝင်းအတွင်း သင်္ဂြိုဟ်ရ၏။

ဗန်းမော်အတွင်းဝန် မင်းကြီးမဟာမင်းလှစည်သူက ဘဝရှင်မင်းတရားကြီးဘုရားတွင် လျှောက်ထားပြီးလျှင် အယုဒ္ဓရတိုင်း ယိုးဒယားပြည်တွင် ယိုးဒယားမင်း သာသနာပြုဆရာတော်ထံ လှူဒါန်းရန် ပရိက္ခရာ၊ ပယင်း ပုတီးကုံးရေ လေးဆယ်ကျော်များနှင့် စေလွှတ်သွားစေသူ ကျွန်တော်မျိုး ယိုးဒယားအမတ် မင်းလှစောစံနရိန်နှင့် ငရွှေသီး၊ ငကာလာ၊ ငထွေးတို့ ယိုးဒယားမင်းက ဘုန်းတော်ကြီးလှသော မြန်မာအရှင် နေထွက်ဘုရင် မင်းမြတ် သာသနာပြုဆရာတော်ကြီးသို့ လှူဒါန်းရန် ယိုးဒယားပြည်ဖြစ် အသုံးအဆောင် ပရိက္ခရာများနှင့် ရေးသား ပေးအပ်လိုက်သည့် သဝေ္ဂသကထာများကို ယူဆောင်ပြန်လာရာ ထိုသက္ကရာဇ်(၁၂၁၉) တထောင့်နှစ်ရာ့ တဆဲ့ကိုးခုနှစ် တပေါင်းလ ရွှေဘဝါးတော်အောက်ရောက်၏။

ယင်းသည့် တပေါင်းလဆန်း ငါးရက် အင်္ဂါနေ့ နေနှစ်ချက်တီးကျော် လေးနာရီသုံးပါဒ် သုံးဗိဇနာ သုံးပြန် ခရာပြည့်အချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ကြာသပတေးသား၊ သောကြာသားတို့ တောင်အရပ်သို့ မျက်နှာရည်လျက် ပဟိုရ်စင်တော်တိုင်မြစ်တွင် အင်းတော်များကို နှံ့ထားစေရသည်။

ယင်းသည့် တပေါင်းလဆန်း တဆဲ့နှစ်ရက် အင်္ဂါနေ့ နေတချက်တီးကျော် နှစ်နာရီတပါဒ် တဆဲ့နှစ်ဗိဇနာ လေးပြန် သုံးခရာအချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ကြာသပတေးသား၊ သောကြာသားတို့ ရွှေမား-ငွေမား၊ ရွှေပုဆိန်-ငွေပုဆိန်များနှင့် အရှေ့ တောင်ထောင့်က အနောက်တောင်ထောင့်အရပ်သို့ ထိမ်းစေလျက် ပရိဝါရကြငှန်းသစ်ကို အရှေ့တောင်အရပ်၊ အာယုကြငှန်းသစ်ကို တောင်အရပ်၊ မူလကြငှန်းသစ်ကို အနောက်တောင်အရပ်တွင် ယူစေရသည်။

ရွှေနန်းတော်ကြီးမှန်နန်းတော်ပြာသာဒ်ဆောင်မှစ၍ အဆောင်တော်ကြီးများကို တိုင်ထူမတ်ရာ ပွဲသဘင် စည်ပင်သာယာအောင် ခင်းကျင်းလျက် အခါတော်မရောက်မီ ဆုတောင်းစာနှင့် နတ်တို့အားပူဇော်၍ မင်းညီမင်းသား၊ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်စုရ၊ မှူးကြီးမတ်ကြီးတို့ သနားတော်ခံရသည့် ဗောင်းဝတ်လုံစလွယ်ဆင်ယင်ပြီးလျှင် အသီးအသီး ကြည့်ကြပ်၍ တထောင့်နှစ်ရာ့တဆဲ့ကိုးခု တပေါင်းလဆန်း တဆဲ့လေးရက် ကြာသပတေးနေ့ နံနက်တချက်တီးကျော် နှစ်နာရီပါဒ်ပြည့် ကိုးဗိဇနာ နှစ်ပြန်

ငါးခရာအချိန်တွင် နေ့ကျော်သားတို့ သစ်ရင်း, သစ်လယ်, သစ်ဖျား မစေ၍ တိုင်ထူမတ်ရသည်။

မှန်နန်းတော် ကွန်းငါးစင်သစ်, ပြာသာဒ်တော်ဆောင် ကွန်းငါးစင်သစ်များမှာ ထူမတ်မိသည့်ကာလ ကွန်းသစ်တလုံးလျှင် ထီးဖြူတချက်စီ အုပ်မိုးရသည်၊ ရွှေနန်းတော်ကြီး တိုင်ထူမတ်ရာ မင်္ဂလာခမ်းကြီးနားကြီး အခါဖြစ်၍ အခါတော်မရောက်မီက နိုင်ငံတော်အတွင်း ရဋ္ဌာဘိသေက မုဒ္ဒါဘိသိက်ခံအခမ်းအနားတွင် ထောင်တန်း, ပြင်အိမ်, ဝန်အိမ်မှ စ၍ အပြစ်အလျောက် အကျဉ်းအမြောင်းအနှောင်အဖွဲ့အချုပ်အကိုင် ရှိသည်များကိုဘေးမဲ့ချမ်းသာ ပေးတော်မူ၏။

ယင်းသည့် တပေါင်းလပြည့်ကျော် လေးရက် အင်္ဂါနေ့ နေတချက်တီးကျော် တနာရီတပါဒ် လေးဗိဇနာ လေးပြန် ကိုးခရာအချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ရွှေနန်းတော်ကြီး မှန်နန်းတော်မှစ၍ အဆောင်ဆောင်သော နန်းတော်တိုင်များကို နေ့ကျော်သားတို့ စရွေးရွေးစေရသည်။

ယင်းသည့် တပေါင်းလပြည့်ကျော် ခြောက်ရက် ကြာသပတေးနေ့ နံနက်တချက်တီးကျော်တမောင်းခန့်အချိန် အခါတော်နှင့် မှန်နန်းတော် ပြာသာဒ်ဆောင်များကို ဆောင်ပုံစ၍တင်ရသည်။

ထိုသက္ကရာဇ် တပေါင်းလအတွင်း သုနာပရန္တ, တမ္ဗဒီပ အစရှိသော တိုင်းကြီးပြည်ကြီးများကိုအစိုးရတော်မူသော ဘဝရှင်မင်းတရားကြီးဘုရားသည် မဟာရာဇဓာနီ ရွှေပြည်တော်ကြီးမှစ၍ တိုင်းနိုင်ငံတော်အတွင်း သာသနာတော်မြတ်အကျိုးစီးပွားကို အထူးသဖြင့် ချီးမြှင့်ပြုစုရွက်ဆောင်တော်မူ၍ သာသနာတော် အတိုင်းထက်အလွန်စည်ပင်ပွင့်လင်းကြောင်းများကိုသိဿိုဠ်ကျွန်းတိုင်အောင်ပျံ့နှံ့ကျော်စောသည်ဖြစ်၍ သိဿိုဠ်ကျွန်းနေ ရဟန်းခုနစ်ဝါရ ရှင်ဓမ္မက္ခန္ဓ, လေးဝါရ ရှင်ဝဏ္ဏာယတနတို့ လာရောက်ရာ သာသနာပြု ဆရာတော်ကြီးတိုက်မှာ သီတင်းသုံးနေစေ၏။

နောက် သိဿိုဠ်ရောက်ရဟန်းတို့က သိက္ခာအသစ် ထပ်လိုကြောင်းနှင့် သာသနာပြုဆရာတော်ဘုရားထံ လျှောက်ထားသည်တွင် ဆရာတော်က စာဆက်သွင်းသောကြောင့် ယင်းသည့် လပြည့်ကျော် တဆဲ့ငါးရက်နေ့ ဝန်ကြီး, အတွင်းဝန်, မှူးတော်မတ်တော်တို့ကို ပရိက္ခရာရှစ်ပါး အလှူ

အတန်းများစွာနှင့်စေလွှတ်တော်မူ၍ သိက္ခာအသစ်ထပ်ရာ သိမ်အတွက်ကို စည်တော်ရွှမ်းပြီးလျှင် ရေစက်သွန်းချ လှူဒါန်းတော်မူသည်၊ တိုက်တော်အတွင်းမှာလည်း သီဟိုဠ်ရဟန်းတို့နေထိုင်စေရန် ကျောင်းဆောက်လုပ်လှူဒါန်းတော်မူ၏။

ထိုနှစ် နှောင်းတန်းခူးလ ကန္ဒီမြို့ကျေး ရွှေလဝန်းတောတွင် ပြည်လေးသင်း ရဲပတိုင်းလေးသင်း အောက်မားတော်များသို့ ကပ်ဝင်လာသည့် အတိုင်းငါးတောင်ခန့်, အစွယ်ပြင်ပေါ်တတောင်ခန့် ဆင်တော်ရောက်သည်ကို ကျုံးသို့သွင်း၍ ကျော့ဖမ်းမြဲကျော့ဖမ်းရ၏၊ ဆင်တော်မှာ ရွှေးရည်ဖတ်လျှောက်သည်။

ယင်းသည့်လ အနောက်တိုင်းပြည် အမေရိကံကျွန်းက ရာဇသံရွှေပေနှင့် သံတို့ရောက်သည်ကို အင်္ဂလိပ်ရာဇသံကို ကြိုယူသည့်နည်း ကြိုယူဆက်သွင်းရ၏။

[အမေရိကံကျွန်းက ရောက်ရင်းရာဇသံအဓိပ္ပါယ်မှာ–အမေရိကံနိုင်ငံနှင့် နိုင်ငံတော်နှစ်တိုင်းနှစ်ပြည်ချစ်ကြည်စွာ ရာဇမဟာမိတ်ဖြစ်လိုကြောင်းနှင့်ပါသည်]။

### နန်းတော်တိုင်များ ရက်မဖောက်ခြင်း, မြို့စောင့်နတ်ရုပ်များကို လိပ်ပြာသွင်းခြင်း, နန်းတော်မိုးကြိုးပြခြင်း, သောင်သွပ်စော်ဘွား ဆင်တော်ဆက်ခြင်း

ထိုနှစ် နှောင်းတန်းခူးလဆန်း ကိုးရက် တနင်္လာနေ့ နေတချက်တီးကျော် ငါးနာရီ တဆဲ့သုံးဗီဇနာ လေးပြန် ခရာပြည့်အချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ရွှေနန်းတော်ကြီး မှန်နန်းတော်ဆောင်တော်မှစ၍ အဆောင်ဆောင်သောနန်းတော်စိုက်တိုင်များကို နေ့ကျော်သားတို့ ရက်မဖောက်ထွင်းစေရသည်။

ယင်းသည့် နှောင်းတန်းခူးလဆန်းတဆဲ့လေးရက် စနေနေ့ နေတချက်တီးကျော် လေးနာရီ တပါဒ် ခုနစ်ဗီဇနာ တပြန် ငါးခရာအချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ နန်းမြို့တော်ထောင့်လေးရပ်တွင် ဂူနှင့်တကွထားရန် ပဇာပတိစသော နတ်ရုပ်များကို လိပ်ပြာသွင်းစေရသည်။

ယင်းသည့် နှောင်းတန်းခူး လပြည့်ကျော် တဆဲ့ သုံးရက် စနေနေ့ နေတချက်တီးကျော် တနာရီသုံးပါဒ် ငါးဗိဇနာ သုံးပြန် ရှစ်ခရာအချိန် ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ရွှေနန်းတော်ကြီး အမှွမ်းဒုရင်များတွင် နှံ့ထားရန် သုတ်ပရိတ်တော်များကို ရွှေပြား၌ စ၍ ရေးစေရသည်။

နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီသဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၁၉) တထောင့်နှစ်ရာ့တဆဲ့ကိုးခု နှောင်းတန်းခူး လပြည့်ကျော် တဆဲ့လေးရက် တနင်္ဂနွေနေ့ ညဥ့်တချက်တီးကျော် ခြောက်နာရီပါဒ်ပြည့်အချိန်သင်္ကြန်ကျသည်။ ၎င်းနှစ်ကဆုန်လဆန်း နှစ်ရက်နေ့ ညဥ့်သုံးချက်တီးကျော်, သုံးရက် ဗုဒ္ဓဟူးနေ့သို့အဝင် တနာရီပါဒ်ပြည့် ဗိဇနာပြည့်အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆယ်ပြည့်နှစ်သို့ တက်သည်။

## ၁၂၂၀-ခု

သက္ကရာဇ် (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆယ် ကဆုန်လဆန်း ခုနစ်ရက် တနင်္ဂနွေနေ့ နေနှစ်ချက်တီးကျော် တနာရီပါဒ်ပြည့်အချိန် အခါတော်အတိုင်း မှန်နန်းတော်ကြီး,မြေနန်းပြာသာဒ်တော် အဆောင်တော်ကြီးများနှင့် အဆောင်တော်များကို မင်းညီမင်းသား, ဝန်ကြီး, အတွင်းဝန်, ဝန်ထောက်, မှူးကြီးမတ်ကြီးတို့ သနားတော်မြတ်ခံရသည့် ဗောင်းနားချောင်း ဝတ်လုံ စလွယ် ဆင်ယင်၍ အသီးအသီး အဆောင်ကိုယ်စီ ခွဲဝေပေးအပ်ပြီးလျှင် ပွဲသဘင်ကြီးစွာဖြစ်စေ၍ ပြာသာဒ်တော်ကြီးထီးနှင့်တကွ ဒုရင်ကြေးကွေး အမှွမ်းအပြောက်များကို တင်ရသည်၊ ၎င်းအခါတော်အတိုင်း တောင်နန်းမြင့်, မြောက်နန်းမြင့်,တောင်ပန်းခုံ, မြောက်ပန်းခုံ, တံခါးနီ, မြို့ရိုးတော်များကိုလည်း စ၍အကြီးအကြပ်နှင့် အုတ်မြစ်ချရသည်။

ယင်းသည့်လဆန်းကိုးရက် အင်္ဂါနေ့ နေတချက်တီးကျော် သုံးမောင်းပါဒ်ပြည့် ကိုးဗိဇနာအချိန်တွင် နန်းမြို့တော်လေးထောင့် အုတ်ဂူ, တံခါးနီ, ရွှေတော်ယူတံခါး, လက်ျာဝင်း, လက်ဝဲဝင်း, နောက်ဝင်းတံခါး,

နန်းမြို့ရိုးများတွင် ကျောက်သေတ္တာ, ခေတ်ခြောက်ပါး ကြေးပြားအင်းအနှံ့အထား မင်း၏ပရိဝါရ, အာယု, မူလအရပ်များတွင် ကြငှန်းသုံးရပ်တိုင်များကို နှံ့ထားစိုက်ထူ လုပ်ဆောင်ရ၏။

ပညာရှိတို့က (၁၂၂၀) တထောင့်နှစ်ရာနှစ်ဆယ်နှစ်မှာလေးလရက်စုံသတ်သင့်ကြောင်းနှင့် လျှောက်ထားချက်အတိုင်း သာသနာပြု ဆရာတော်မှာ လျှောက်ထား၍ ရက်စုံသတ်ပြီးလျှင် ဝါထပ်သည်။

ထိုနှစ် ကဆုန်လ သားတော်ခေါင်တုံးမြို့စားမင်းသားကို ခေါင်တုံးမြို့နှင့်လဲ၍ မိုင်းတုံမြို့ကို ပေးတော်မူသည်၊ ခေါင်တုံးမြို့ကို မိုလ်မှူးမင်းသားသား သတိုးမင်းရဲသီဟသူကို ပေးတော်မူသည်။

ယင်းသည့်လ တမုတ်ဆိုးကန် ပျက်စီးယိုယွင်းသည်ကို ရေသောက်လယ်ပယ်ကျေးရွာနယ်တွင် လူတို့က ဆည်ဖို့လုပ်ဆောင်ရ၏။

ယင်းသည့်လပြည့်ကျော် တဆဲ့တရက် သောကြာနေ့ နေတချက်တီးကျော် ငါးမောင်းအချိန် မိုးသည်းစွာ ရွာပြီးလျှင် ပြာသာဒ်တော် ထီးဖျား၊ ရွှေနန်းပြာသာဒ်တော် လက်ဝဲဘက်ရွှေစွန်လက်ခံတိုင်တစ်၊ သည်မတိုင်တစ်၊ ကွန်းတိုင်တစ်များကို နတ်စက်မိုးကြိုး ပြသည့်များကို ညီလာသဘင်တော်တွင် လျှောက်ထားကြရာ ဘဝရှင်မင်းတရားကြီးဘုရားလည်း မြဲတောင်မြို့စား သေနတ်ဝန်ကြီး ကြီးကြပ်လုပ်ဆောင်စေသည့် ပြာသာဒ်တော်ကို နတ်စက်မိုးကြိုးပြသည်မှာ မြဲတောင်မြို့စား ဝန်ကြီးသည် လက်နက်ဟူသမျှကို မကွဲမပြား အပ်ထားအုပ်စိုးရသူ ဖြစ်၍ ရန်အပေါင်းကို အောင်မြင်ရာသော နိမိတ်ဖြစ်ကြောင်းနှင့် ကိုယ်တော်တိုင် ဖတ်ယူတော်မူသည်။

ယင်းသည့် လပြည့်ကျော် တဆဲ့တရက် သောကြာနေ့ နေတချက်တီးကျော် ငါးနာရီနှစ်ပါဒ် တဆဲ့တဗိဇနာအချိန် အခါတော်အတိုင်း ရွှေနန်းပြာသာဒ်တော် သီဟာသန ရာဇပလ္လင်တော်၊ရွှေနန်းတော်ဦး ဇေတဝန်ဆောင်တော်တွင် ဟံသာသန ရာဇပလ္လင်တော်၊ မှန်နန်းတော်တွင် ဘမရာသန ရာဇပလ္လင်တော်၊ လေသာဆောင်တော်တွင် သင်္ခါသန ရာဇပလ္လင်တော်၊ဗြဲတိုက်ဆောင်တော်တွင် ဂဇာသနရာဇပလ္လင်တော်၊ မြောက်စမုတ်ဆောင်တော်တွင် မယူရာသန ရာဇပလ္လင်တော်၊ တောင်စမုတ်ဆောင်တော်တွင် မိဂါသန ရာဇပလ္လင်တော်၊ အနောက်ပွဲတက် ဇေတ

ဝန်ဆောင်တော်တွင် ပဒုမာသနရာဇပလ္လင်တော်၊ ရွှေလွှတ်တော်ပေါ်တွင် သီဟာသနရာဇပလ္လင်တော်မှစ၍ ပလ္လင်တော်ထားရန် အဆောင်တော်များမှာ ရာဇပလ္လင်ကိုးရပ်ကို တင်ရသည်။

ထိုနှစ်နယုန်လဆန်းလေးရက်နေ့ရွှေမြို့တော်အရှေ့မြောက် စံကျောင်းမတည်မီ စံကျောင်းတိုက်အတွင်း စန္ဒိမာဘိသိရိဓဇပဝရ မဟာဓမ္မရာဇာမိ ရာဇဂုရု-တံဆိပ်တော်ရ ဆရာတော် သီတင်းသုံးရန် ကျောင်းတော်ဆောက်လုပ်ပြီးပြေသည်ကို လှူဒါန်းရန်အဘွယ်အရာများနှင့် အတွင်းဝန်သံတော်ဆင့်တို့သွား၍ ကျောင်းအပ်တင်လှူရသည်။

ယင်းသည့်လ ဘေးတော်မင်းတရားကြီးသား ဆောမြို့စားမင်းသားသိရိဓမ္မရာဇာ ကံကုန်သည့်ကို လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိုဟ်ရသည်၊ ယင်းသည့်လ မိုးကုတ်ကျောက်ပြင် ကသည်းစို့သူကြီးတို့က ဘေးတော် မင်းတရား လက်ထက် ရွှေဟင်္သာကျောက် ရသည့်ပင့်ကူတောင်တွင်းတော်က ထူးမြတ်သည့် ကျောက်တော်ဆက်သသည်ကိုကြိုယူမြဲ ကြိုယူဆက်သွင်းရ၏။

ထိုနှစ် ပဌမဝါဆိုလ ပုံးမှု-ခားမှူးက မြီးဆံဖြူ, ဦးခေါင်းမွေးဖြူ, ညွှင်းပြည့် အရပ်ငါးတောင်, အစွယ်ပြင်ပေါ် တတောင့်တမိုက်ခန့် ထူးမြတ်သည့် ဆင်တော်ဆက်သည်ကို ကြိုယူမြဲ ကြိုယူဆက်သွင်းစေပြီးလျှင် တန်ဆောင်းသို့ ထွက်တော်မူ၍ ချစ်ဖွမရဲ-ဘွဲ့တပ်တော်မူသည်။

ထိုသက္ကရာဇ်အတွင်း သောင်သွပ်စော်ဘွားက သနားတော်မြတ် ခံရသည့် ဆင်တော်များနှင့် ကျော့ဖမ်းစေရာ သလ္လာဝတီမြစ် အရှေ့ဘက်ကျီဝန်ဝန်စု မြစ်စဉ်ခုနစ်ရွာအဝင် သရောင်ရွာနယ်မြေအတွင်း သာယာကုန်း ပေါက်ပင်အင်းဦးတွင် ထူးမြတ်သည့်ရတနာဆင်ဖြူတော်ကိုကျော့ဖမ်းရမိ၍ သောင်သွပ်မြို့သို့ ဆောင်ယူရောက်ကြောင်းနှင့် အလျှောက်အထားရောက်သည့်ကို လက်စွဲတော်, ခြေလျင်တော်, ဆင်လက္ခဏာဖတ်တို့ကို စေလွှတ်ကြည့်ရှုစေသည်တွင် သောင်သွပ်စော်ဘွား လျှောက်ထားချက်အတိုင်း ညီညွတ်ကြောင်းနှင့် လျှောက်ထားကြရာ မြို့သစ်မြို့စား ဝန်ထောက် မဟာမင်းထင်သီဟသူကို ဆင်မင်းဖောင်တော်နှင့် ကြိုယူစေ၍ အမရပူရမြို့ ဖောင်တော်ဆိပ်တန်ဆောင်းသို့ ဆိုက်ရောက်လျှင် အိမ်ရှေ့မင်း, မင်းညီမင်းသား, ဝန်ကြီး, အတွင်းဝန်, မှူးတော် မတ်တော်တို့ကိုကြိုယူစေ၍ ရွှေမြို့တော်ဖောင်တော်ဆိပ်သို့ ရောက်ကာလ ထိုနှစ် ဝါဆို

လဆန်းကိုးရက်နေ့ ဘေးတော်မင်းတရားကြီး လက်ထက် နိမ္မာနပစ္စယ နာဂရာဇာ ဆဒ္ဒန်ဆင်မင်းကို ကြိုယူသည့်နည်း ပွဲသဘင်စုံ အခင်းအကျင်း များနှင့် ကြိုယူကြ ရာ ဆင်ဖြူတော်ထား တင်းကုပ်သို့ရောက်လျှင် ဘဝရှင် မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား အရှင်နှစ်ပါး ထွက်စံတော် မူ၍ ဘဝရှင်မင်းတရားကြီးဘုရား ဆင်ယှဉ်ထက်က ရွှေကရားဖြင့် ဦးကင်း ကို ဘိသိက်ရေစင် သွန်းတော်မူသည်။ ပုဏ္ဏားတို့ကလည်း ဘိသိက်ဆက် ၍ အသီးအသီး မင်္ဂလာစကား မင်္ဂလာရတုလျှောက်ကြသည်။ ပွဲသဘင် စုံလည်း တပြိုင်နက် တီးမှုတ်ကခုန်ကြရသည်။ ရတနာ ဆင်ဖြူတော်သွင်း အခမ်းအနားတွင် အစုပွဲ,အရပ်ပွဲ ယောက်ျား မိန်းမတို့က ကခုန်သွင်းပြ ကြသည်များကိုလည်း ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီး ဘုရား နှစ်ပါး ထွက်စံ ကြည့်ရှုတော်မူသည်။

ယင်းသည့်လ ဝါးနွယ်ကုန်းမြို့သူကြီး ငထောင်ဝိုက အောင်ပန်းခေါ် ဆင်ပေါက်တစ်,ကြာအင်းခေါ် ဆင်ပေါက်တစ် ဆက်သည်။ ယင်းသည့် လ လဲခြားစော်ဘွားသမီး သီရိသိန်ဒါမဟေတွင် မြင်သည့် သမီးတော် ခြောက်လရွယ် ကံကုန်သည်။

ထိုနှစ် ပဥ္စမ ဝါဆိုလပြည့်ကျော် တဆဲ့လေးရက်နေ့ အမရပူရမြို့နန်း တော်ရှိ ကနကဒဏ်ထီးဖြူတော်မှစ၍ မင်းခမ်းထီးဖြူတော်များကို ဆောင် ယူပြီးလျှင် အခါတော်အတိုင်း ပြာသာဒ်တော်ကြီး အတွင်း အသစ်လဲ လှယ် အခမ်းအနား အခင်းအကျင်းများနှင့် ချုပ်လုပ်ရ၏။ ယင်းသည့်လ မိုးနဲ့စော်ဘွား ကမ္ဘောဇရဋ္ဌမဟာဝံသရာဇာက ရတနာသိမ်းဆင်ဖြူတော် မ-ဆက်သည်ကို ကြိုယူမြိကြိုယူဆက်သွင်းရသည်။

### နန်းမြို့တော်နှင့် ရွှေနန်းတော်ကို အမည်သမုတ်ခြင်းမှစ၍ သားတော် မလွန်မင်းသား လက်ထပ်ခြင်းထိအကြောင်း

ရွှေနန်းတော် ပြာသာဒ်တော်ကြီး, မြေနန်းတော်, မှန်နန်းတော်,ရာဇ ပလ္လင်ရှစ်ရပ်မှစ၍ ရွှေနန်းတော် အဆောင်ပေါင်း တရာကျော်များကို အလုံးစုံ အဆောက်အလုပ်ပြီးပြေလျှင် နန်းမြို့တော် ရွှေနန်းတော်များ ကို အမည်သမုတ်ရန်ရှိသည်များကို ပညာရှိတို့ ရွေးချယ် ဆက်သွင်းချက် အတိုင်း နန်းမြို့တော်ကို လေးကျွန်းအောင်မြေ, ရွှေနန်းတော်ကို-မြနန်း စံကျော်-သမုတ်တော်မူ၍ မော်ကွန်းကမ္ပည်း သတ်မှတ်တော် မူပြီးလျှင်

သက္ကရာဇ် (၁၂၂၀) တဆောင့် နှစ်ရာ့နှစ်ဆယ် ဒုတိယ ဝါဆိုလဆန်း ခြောက်ရက် သောကြာနေ့ နံနက်လေးချက်တီးကျော် သုံးမောင်းအချိန် အမရပူရ ပဋ္ဌမမြို့တည်နန်းတည် ဘေးတော်မင်းတရားကြီး, ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရားကြီး, အမရပူရ ဒုတိယမြို့ တည် နန်းတည် ခမည်းတော်မင်းတရားကြီးတို့ လက်ထက် အခမ်းအနား အထားရှစ်ရပ်မှစ၍ ရွှေနန်းတော်သိမ်း စာတမ်း စာရင်းထွက်အတိုင်း ယာယီစံနန်းတော်က အရှင်မိဖုရားခေါင်ကြီးဘုရား ရွှေကြာပန်း ကိုင် တော်မူ၍ သဝရှင်မင်းတရားကြီးဘုရား ရတနာထမ်းစင်ထက်တွင် ရွှေ စက်တင်တော်မူပြီးလျှင် ရွှေနန်းတော်ကြီးကို လက်ယာရစ် လှည့်တော်မူ ၍ မြေနန်းတော်မင်းတက်လှေကားက တက်သိမ်း စံပယ်တော်မူသည်။

မှန်နန်းတော်တွင် မှူးမတ် အသက်ကြီးရှစ်ဆယ်ရွယ်, ကိုးဆယ်ရွယ်၊ အနောက်ဝန်-ငသာထွန်းအောင်၊ သံတော်ဆင့်-ငထွေး၊မြေတိုင်းအမတ် ငနတ်ပေး၊ အမိန့်တော်ရေး-ငစံရ၊ ကသာမြို့ စာရေးဟောင်း—သီရိလှ၊ ဗန်းမော် အတွင်းဝန့်ဘိုး-ငမွေး၊ နတ်ကန်စားဟောင်း၊ လှိုင်းတက်စား ဟောင်း၊ မြောက်နန်းတော်မိဖုရား မယ်တော်တို့ကို အဝတ်အစား ပေး ကမ်းတော်မူ၍ ငွေပုံကိုယ်စီ ကျုံးယူစေ၏။

* ထမင်းမိုး, ရတနာ့မိုး, ထမင်းကျွေး,ပွဲတော်တည်,မင်္ဂလာစကား,မင်္ဂလာ ရတု အလျှောက်အထား တပ်ဝင်း အခင်းအကျင်းများမှာ ရွှေနန်းတော် သိမ်း စားတမ်းစာရင်းရှိပြီဖြစ်၍ အကျယ်မဆိုပြီ။

ပဟိုရ်စည်တော်, ခေါင်းစည်တော်များကိုလည်း ၎င်းနေ့နံနက် လေး ချက်တီးအချိန်ကစ၍ တီးမြဲတီးရသည်၊ ယင်းသည့်လ ရွှေမြို့တော်ကြီး ရွှေထီးရွှေနန်း အသစ်တည်ထောင်စံနေတော်မူသည်ဖြစ်၍ မင်းညီ မင်း သား မင်းမိဖုရား မင်းကိုယ်လုပ်တော် မှူးတော်မတ်တော်တို့ကို သစ္စာ တော် ပေးမြဲပေးရ၏၊ ယင်းသည့်လ သမီးတော်ပတ္တနုဂိုရ်မြို့စားမင်းသမီး ကို ပတ္တနုဂိုရ်မြို့နှင့်လဲ၍ ဝါးနွယ်ကုန်းမြို့ကို မြို့စားပေးတော်မူ၏။

ထိုနှစ် ဝါခေါင်လဆန်းတဆဲ့တရက် သောကြာနေ့ နံနက် လေးချက် တီးကျော် လေးနာရီ သုံးပါဒ်အချိန် အခါတော်အတိုင်း သောင်သွပ် စော်ဘွားကဆက်သည့် ရတနာဆင်ဖြူတော်ကို စာတမ်း စာရင်းထွက် အတိုင်း သကြြန်ခေါ်ပြီးလျှင် ၎င်းလဆန်း တဆဲ့သုံးရက် တနင်္ဂနွေနေ့ နံနက်လေးချက်တီးကျော် အချိန် အခါတော်နှင့် ဘေးတော်မင်းတရား

ကြီးယက်ထက် နိမ္မာနပစ္စယနာဂရာဇာဆဒ္ဒန်ဆင်မင်းကို သိမ်းသည့်နည်း ဘဝရှင် မင်းတရားကြီးဘုရား မြောက်စမုတ်တော်တွင် ခြေတော်တင်၍ သိမ်းတော်မူသည်၊ ရတနာဆင်ဖြူတော်ကိုလည်း မောရိယပစ္စယ နာဂရာဇာ-ကျောက်စီရွှေဘွဲ့တပ်တော်မူ၍ အရံကျေးရွာသုံးဆယ်ကျော်ရှိသော ပတ္တနဂိုရ်မြို့နှင့်တကွ ထည်မျိုးအုပ်မျိုးများစွာ လက်ဖွဲ့တော်မူ၏၊ အိမ်ရှေ့မင်းမှစ၍ မင်းညီမင်းသား မှူးတော်မတ်တော် တို့ကလည်း ရွှေ, ငွေ, အကွင်းအချည်, အထည်အလိပ်များစွာ လက်ဖွဲ့ကြရ၏။

မောရိယပစ္စယနာဂရာဇာဆင်မင်းကိုဆက်ရင်း သောင်သွပ်စော်ဘွားကိုလည်း စော်ဘွားကြီးတို့နည်း ဘွဲ့အမည်အရည်အစီးအနင်းအဆောင်အရွက် သောင်သွပ် မြို့နယ်မြေနှင့် အနီးမြို့ကျေးရွာများကို ထပ်၍ပေးတော်မူ၏၊ အမတ်တို့နှင့် ဆင်ကျော့ဖမ်းရမိသူ တို့ကိုလည်း ဘွဲ့အမည်အရည်,ရွှေ,ငွေ, ထည်မျိုးအုပ်မျိုး အထိုက်အလိုက် ဆုပေးတော်မူသည်။ ရတနာ ဆင်ဖြူတော်မြတ်ကို ဆက်သသူ သောင်သွပ်စော်ဘွားကို မဟာမောရိယဝံသသီဟသုမ္မရာဇာ-အမည်နှင့် ထီးဖြူတစ်၊ ညောင်ရွက်သုံးဆင့်၊ ထီးချက်ထီးထွတ်ရွှေထည့်၊ ညောင်ရွက်ရေ သုံးဆွဲခြောက်၊ ထီးရိုးငါးတောင်။ ရွှေပန်းထီးနီနှစ်၊ ညောင်ရွက်တဆင့်တပ်၊ ညောင်ရွက်ရေလေးစီ၊ ထီးချက်ထီးထွတ်ရွှေ၊ အရိုးငါးတောင် ရွှေကြိုးဆစ်။ သန်လျက်အိမ်ဖြူ၊ သံပတ်ခုနစ်တန့် ပတ္တမြားစီ၊ အရိုးရွှေကွပ်၊ ရင်းဖျား ကျောက်တရစ်စီ၊ ရွှေသားခြေနင်း၊ သားမြီးယပ် အရိုးရွှေထည့် ရင်းဖျားကျောက်တရစ်စီ၊ သင်းကျစ်ရွှေသား၊ ကွမ်းခွက်တဆွဲနှစ်ရာသီ ပတ္တမြားသုံးရစ်စီ၊ လက်ဘက်အိုးတကောင်းပိတ် အနားအထွတ် ပတ္တမြားသုံးရစ်စီ၊ ကွမ်းလိပ်သုံးမြွာ အနား ပတ္တမြားသုံးရစ်စီ၊ ကြုတ်ခွက်အစုံ၊ ရွှေထွေးအင်၊ ရှမ်းဗောင်းမြစ်ညွန့်ပြစ်ခြမ်း အထွတ်တပ်၊ ရွှေသားပန်းတဆွဲငါး၊ တမာရွက်ထောင်ဝါဆွဲငါး ရွှေနားဒောင်း မီးထွင်း ကန်တော့ခံ၊ ကတ္တီပါဝတ်လုံ ဖဲရုံတဆင့်တပ်၊ ခေါးမိုးကြိုးစင် ရွှေချည့်စုံအိမ်ဖြူ သတ္တုလက်အိတ်နီသွတ်စုံ၊ တံဆိပ်ခေါးလိုက် အရိုးရွှေကွပ်၊ အိမ်ဖြူခြောက်စင်း၊ မြင်းကကိုင်း ညောင်ရွက်ကိုး၊ ရွှေဇေါ်ဝိန်း နင်းနှင်းသိဝ်၊ အိမ်မြှောင်ရင်ပတ်ကွင်း ရွှေဇေါ်၊ ကတောင်ရွှေဝိန်း မြင်းကြိုးကတ္တီပါရွှေကြယ်တပ်၊ စီးနှီးတင်ရန်းကတ္တီပါ၊ စက်ရွှန်းသုံးဆင့်၊ ဆင်ပေါင်းဝန်းအထွတ် ရွှေစိန်ပွင့်စိုက်၊ အလံကျည် လှံကျည်၊ ကတောင်ရွှေပြည့်ရေးရဲကခွက်ရွှေချ၊ စည်နီကိုး၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ လင်းခွင်းတစ်၊ ငွေနှဲကြီးတစ်၊ ငွေနှဲငယ်

နှစ်၊ ခရာနှစ်၊ တံပိုးနှစ်၊ သံလွင်ကြေးဝန်းသုံး၊ ဆင်ပေါက်သုံး၊ ဆင်မတစ်၊ မှောက်တိုရွှေဝိန်း၊ ရွှေကုံးစိန်ထောင်တဆွဲငါး၊ ရွှေထိပ်ရွှေထွတ်ကျောက်နှစ်ရစ်စီ၊ ငှက်မြတ်နားစိန်ပွင့် တဆွဲငါး၊ နေရောင်ကာရွှေဗုဒ္ဓနှ်ဆီ ရွှေသားရောင်ပြား အစိမ်းအနီအတွန့်သတ်၊ ပါးကာ,နားကာ, ရွှေကာ, နောက်ကာ, မောက်ရှု,ပါလည်ကွေး ရွှေဗုဒ္ဓနှ်ဆီ ရွှေသားရောင်ပြား အစိမ်းအနီ အတွန့်သတ်၊ မြင်းတိုကတ္တီပါနီ ရွှေသားရောင်ပြားအစိမ်းအနီအတွန့်သတ်၊ မြင်းရှည်ကတ္တီပါစိမ်း၊ ရွှေသားရောင်ပြားအစိမ်းအနီ အတွန့်သတ်၊ ရွှေစလွယ်တဆွဲငါးသွယ်၊ ဒက်ဘယက်သရက်ကင်းထုပြောက် ဂုဏ်နှင့်ထိုး အနားကျောက်စီ အလယ်ပတ္တမြားစီ၊ ရွှေပေခမောက်ပယင်းတပ် မှန်ကင်းစိုက်၊ အောင်ပန်း ပွားယင်ယပ်၊ ရွှေ ဖယောင်းကြုတ်၊ လွန်းကြင်ငှက်ရပ်လည်ရွဲ ကျောက်တရစ်စီ၊ ပုဆိုးဖြူရွှေမြိတ်ရွှေချည်ပါ၊ အင်္ကျီ၊ ရွှေဦးထုပ်၊ ကွမ်းအစ် ရွှေသားကျောက်စီ၊ ရွှေသားကွမ်းအုပ်၊ ရွှေယပ်၊ ရွှေဝေါ၊ လက်စွဲဓားအရိုးရွှေဆောက်ပြည့်၊ ခွေးမ-ခွေးငယ်-ပတ္တမြားစီ၊ အိမ်မည်းသရီမှွမ်း၊ သံပတ်ခုနစ်တန့်ကျောက်ပါ၊ ဓားလိုက် အိမ်ဖြူရင်း၊ ခွေးမနောက်ဝိတ် သမ္ဘာရာခွံ ရွှေသင်းချော ရှစ်စင်း၊ ရွှေကွပ်ဓား တဆွဲနှစ်၊ မှောက်တို တဆွဲနှစ်၊ သင်းခွေချပ်ဝတ်လုံ တဆွဲနှစ်၊ ရွှေဒိုင်းသေး၊ မိုးနဲရွှေလှံ တဆွဲခြောက်၊ရွှေချသိုင်းလေးစိန်ပြောင်းနှစ်၊ မောင်းငါးဆုပ်တစ်၊ ထမ်းစင်ဘိနပ်ကုလားပန်း၊ အိမ်ညောင်ရွက်၊ အတွင်းကုလားပန်း၊ အဖျားခြူး၊ ဖောင်းထိပ်မှော်၊ အကြားသံပွင့်၊ ပန်းလှကြာ၊ ဝတ်ဆံပါ၊ ခါးပန်းကမ္ပတ်မှော် တမြို့ခြူး၊ ကမ္ပတ်နား အတွင်းပြင်ပွတ်ခြမ်း၊စက်ခိုနန်းအတွင်းကြာရွက်၊အတွင်းကြယ်အုံနှစ်ဆင့်ကုလားပန်း၊ အိမ်ညောင်ရွက်ကုလားပန်း၊အဖျားခြူး၊ ကြက်ရင်ကုလားပန်း၊အိမ်အတွင်းကုလားပန်း၊ အဖျားခြူး၊ ထောင့်အုပ်ကျေးစေတိုင်၊ ကမ္ပတ်မှော်လက်မိုးကြာဝတ်ဆံပါ၊အဖြေမြင်းနား၊ အမိုးဘုံတဆင့်၊ တိုင်အထောက်လေးမျက်နှာ၊ခြင်ဝိတ်မှော်၊အကြားသံပွင့်၊သတောင်းလည်ကုလားပန်း၊ညောင်ရွက်အတွင်းကုလားပန်း၊ အတွင်းမှော်တန်း၊ သရက်ကင်းဘော့၊ ခြင်ပိတ်သားစွေတစ်၊ ထောင့်အုပ်သင်ပုန်းခေါင်း၊ ကြက်မောက်သရက်ကင်း၊ အမိုးမြေခံ အနားစိန်၊ ညောင်ရွက်အနားသရက်ကင်းဖောက်၊ အရုပ်တဆွဲနှစ်သစ်၊ ထောင့်အုပ်သင်းပုန်းခေါင်း၊ အထက်ခုံသုံးဆင့်၊ လည်ရစ်ဖျားကြာဘူးဆင်စွယ်ထွတ်၊ ဘိနပ်ဖောင်းပန်းလှကမ္ပတ်နားအတွင်း၊ ထောင့်ကြက်ရင်၊ ခြင်ဝိတ်သတောင်းလည်၊ အမွှမ်းကြက်မောက်၊ စိန်ထောင်ညောင်

ရွက် ရွှေနှစ်ရု အနီတရု၊ တိုင်အထောက် ဘိနပ်ဖောင်းပန်းလှ၊ အမွှမ်းကမ္ဗလာဇာတာကွင်း၊ ထောင့်ကြက်ရင်၊ ထောင့်ကျေးစေတိုင်၊ အမိုးအနီ၊ ထမ်းပိုးအနီ၊ ထမ်းပိုးတပ်၊ ကမ္ဗလာသုံကွင်းဘိနပ်ခြေပါ၊ အိမ်ဟော်ကွန်းငါးစဉ်၊ ယွန်းဆက်လည်ပေါ်၊ ဟော်ရွှေဆောင်ဦး ကွန်းငါးစဉ်လည်ပေါ်၊ ဆောင်မရွှေလက်ဝဲလက်ယာ မြှာစိုက်လည်ပေါ်၊ ဟော်ဆောင်မလက်ဝဲလက်ယာ လေး၊ နောက်ဆောင် လေး၊ လည်ပေါ် အိမ်ဟော်ဖြူ၊ ခြီးတပ်အမွှမ်း၊ ထုပြောက်ခြင်ပိတ် ပန်းဆွဲတုယင်တပ်၊ အမွှမ်း ရွှေဇဝါ၊ ခါးပန်းအနီသုတ် ရွှေပွင့်၊ ရေမှုတ်ရိုးအပြောက်၊ အရိုးအနီသုတ်၊ အုတ်ကြွပ်အင်္ဂတေ၊ ခေါင်ပေါ်တွင် ပြာသာဒ်ငယ်ရွှေချ၊ ငှက်မြတ်နားစိုက်၊ ကွန်းစင် ရွှေကြီဆစ်နှစ်တောင်၊ မာရဘင်ဟသ်ာရပ်လေး၊ရွှေရေး၊ပြတင်းရွှေချ၊ လှုရုပ်မားယမ်း၊ တံခါးရင်ဖုံးအပြောက်ထု ရွှေချ၊ ခြင်ပိတ်ဆည်းလည်း ရွှေညောင်ရွက်ပါ၊ ဗုတ်စုခေါင်းလောင်းဆွဲ၊ မျက်နှာကြက် ရွှေချ၊ ဖထိုင်ရွှေရေး၊ဟော်ဦးရာဇပလ္လင်အမြင့်သုံးတောင်,အကျယ်လေးတောင်၊ သားရိုးပြောက်ရွှေချ၊ ရုံးနှစ်ထပ်လည်ပေါ် ယွန်းဆက်၊ အမိုး အုတ်ကြွပ်အင်္ဂတေ၊ အတွင်းသစ်စေး အနီသုတ်၊ မာရဘင်သန်း၊ ရာဇပလ္လင် အမြင့်သုံးတောင်,အကျယ် လေးတောင်၊ အင်္ဂတေအနီသုတ်၊ သောင်သွပ်မြို့တံခါးဝမှာ အုတ်စီ၍ သစ်တပ်တည်လုပ်စေ၊ ဟော်ဝင်းအုတ်စီ အမြင့်လေးတောင်, တာဝန်းတရာ့ငါးဆယ်၊ တံခါးလေးမျက်နှာ ဟော်အိမ်ခြေ အုတ်အင်္ဂတေ မွမ်းမံလုပ်ဆောင်စေ၊ အခြားမြို့ကျေးရွာများသို့ စာအပေးအမှာကိုလည်း သနားတော်မူရင်း ဘွဲ့ပုံကို တံဆိပ်ခတ်မှတ် ပေးအပ်စေ၊ ဆောင်းထီးရွှေပိန်း၊ သောင်သွပ်စော်ဘွား မယားကိုလည်း မဟာဒေဝီဘွဲ့ အမည်ပေးတော်မူသည်။

ထိုနှစ် တော်သလင်းလ မဏ္ဍရာမြို့နယ်တွင် မြစ်တိမ်အင်း, အင်းမလွှဲအင်း, အင်းမအင်းများတွင် သားငါးတိရစ္ဆာန်တို့ကို အဖမ်းအဆီးအပစ်အခတ် အသတ်အညှစ် မရှိစေရ၊ ဘေးမဲ့ချမ်းသာ ပေးတော်မူသည်။

ထိုနှစ် တော်သလင်းလပြည့်ကျော်လေးရက် တနင်္ဂနွေနေ့ ညဥ့်ကစ၍ သီတင်းကျွတ်လကုန်တိုင် အနောက်အရပ်က ကြယ်တံခွန်ပြ၍ ကိတ်ထွက်သည်ကို ပညာရှိတို့က အိန္ဒိယစသော အနောက် ပြည်ထောင်တလွှား တိုင်းနိုင်ငံသားတို့ ရန်စစ်ကြီးခွာ ဖြစ်ကြပါမည်၊ မြန်မာဦးစွန်း တည်ထွန်းရာ သုနာပရန္တစသော အရှေ့နိုင်ငံသားတို့မှာ ဝရဏမင်္ဂလာဖြစ်၍

တိုင်းနိုင်ငံစည်ပင်သာယာသဖြင့် တိုင်းတပါးမှ သမီးကညာဆက်သကျိုးနွံ ကျွန်တော်ခံရောက်မည် အကြောင်းများနှင့် မင်္ဂလာစကာ းလျှောက်ထား ကြသည်။

ယင်းသည်လ သီပေါမြို့အုပ်က ထူးမြတ်သည့် မြင်းတော်တစ်, သိန်းနီ တောင်လက် မိုင်းနောင်ဟိန် မဟာရာဇသီရိသိုဟန်ဘွားက ထူးမြတ်သည့် မြင်းတော် နှစ်စီးနှင့် လှံစကြာတော်များကို ဆက်သရာ ကြိုယူမြဲ ကြိုယူ ဆက်သွင်းရသည်။

ဧင်းလ ရှမ်းကလေးကျွန်း ကျောင်းတော်တွင် သီတင်းသုံးနေသည့် ဆရာတော် ရှင်နန္ဒာဘဝပြောင်းတော်မူသည်ကို လှပ ကောင်းမွန်အောင် လုပ်ဆောင်သဂြိုဟ်ရသည်။

ထိုနှစ် သီတင်းကျွတ်လ ဇေယျကူးမြို့နယ်တွင် ပူဇော်ကန်ပျက်စီးယိုယွင်း သည်ကို အမိန့်တော်နှင့် အိမ်ရှေ့မင်းက အသစ်ထပ်မံပြင်ဆင်ဆည်ဖို့လုပ် ဆောင်စေပြီးလျှင် ကန်တော်နယ်အတွင်း ခိုမှီလာရောက်ရှိနေသည့် ရေ ပိုး ရေမွှား သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးတော်မူသည်၊ ထိုနှစ် တန်ဆောင်မုန်းလ တန့်ကြည့်စွယ်တော်ရှင်ဘုရားကို ဗျူတော်မူသည့် ဝတ်မြေနယ်အတွင်း သဲအင်းကိုးဆယ်,ရိုးအင်း,နန်းအင်း,ဆီးကုန်းအင်း, မိုးကြိုးပစ်အင်းများကို နယ်နိမိတ် သတ်မှတ်၍ ဘေးမဲ့ပေးတော်မူသည်။

သက္ကရာဇ် (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆယ် တပို့တွဲလ မြောက် ဆောင်တော်မိဖုရား ပဘာဒေဝီတွင်မြင်သည့် သားတော် မလွန်မြို့စား မင်းသား သတိုးမင်းလှဇေယသူကို သုသီရိမဟာဓမ္မရာဇာ-ဘွဲ့အမည်ကို ပေးတော်မူပြီးလျှင် ညီတော် အိမ်ရှေ့မင်းကိုယ်လုပ်တွင်မြင်သည့် ဆား လင်းကြီးမြို့စား မင်းသမီး သီရိအာသာဝတီနှင့် ရွှေနန်းတော် အတွင်း အနောက်မြောက်ထောင့်တွင် လက်ထပ်အိမ်ဆောက်လုပ်၍ မင်းသမီးကို နားထွင်း, ဆံထုံးထုံး, တဘက်ပတ်, ဒက်ဆင်, မင်္ဂလာဆောင်တော်မူပြီး လျှင် ထိုသက္ကရာဇ် တပို့တွဲလဆန်း တဆဲ့သုံးရက် အင်္ဂါနေ့ ဘေးတော် မင်းတရားလက်ထက် သားတော် မကွေးရာမင်းနှင့် ကြီးညှပ်မင်းသမီးတို့ကို လက်ထပ်သည့် အခမ်းအနားနည်း ရေသွန်းလက်ထပ်တော်မူသည်။

ထိုနှစ် တန်းခူးလ လက်ပံစဉ်ရွာစား သီရိသုသာမာမဟောကို လက်ပံ စဉ်ရွာနှင့်လဲ၍ မြို့သစ်မြို့ကိုမြို့စားပေးတော်မူသည်။တောင်ရွှေရေးဆောင်

မိဖုရားတွင်မြင်သည့် သားတော် ကျောက်ဆောက်မင်းသား သတိုးမင်းလှဇေယသူကို ကျောက်ဆောက်မြို့နှင့်လဲ၍ မြင်းခုံတိုင်မြို့ကို ပေးတော်မူသည်။

ယင်းသည့်လ ရတနာသိင်္ဃမြို့နေ သရက်တောဆရာရှင်ဇာဂရမေဏ္ဍာ ရပ်ခံချက်အတိုင်း ရတနာသိင်္ဃမြို့ သရက်တောကျောင်းတိုက် လေးမျက်နှာ တာငါးရာစီနယ်အတွင်း ခိုမှီရှိနေသည့် သားငှက် တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးတော်မူသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းဝွဲ အလှူတော်များကိုလည်း လစဉ်မပြတ်စီရင်ခင်းကျင်းလှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆယ် နှောင်းတန်းခူး လဆန်းကိုးရက်နေ့ ညဥ့်သုံးချက်တီးကျော် ဆယ်ရက်နေ့သို့အဝင် မြောက်နာရီနှစ်ပါဒ်အချိန် သင်္ကြန်ကျသည်။ ၎င်းလဆန်းတဆဲ့နှစ်ရက် ကြာသပတေးနေ့ နံနက်တချက်တီးကျော် တနာရီ နှစ်ပါဒ်အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၂၁) တထောင့်နှစ်ရာ့နှစ်ဆဲ့တခုသို့ တက်သည်။

## ၁၂၂၁-ခု

### မြို့တော်ကျုံးတော်စသော ခုနစ်ဌာနကို ပန္နက်ချခြင်းစသည်နှင့် သီဟိုဠ်ကစွယ်တော်ရောက်ခြင်း, ဗောဓိပင်စိုက်ခြင်း

သက္ကရာဇ် (၁၂၂၁) တထောင့်နှစ်ရာ့နှစ်ဆဲ့တခု ကဆုန်လဆန်းနှစ်ရက် အင်္ဂါနေ့ နံနက်တချက်တီးအချိန် အခါတော်အတိုင်း မန္တလေးမြို့တော်ကြီး မြို့ရိုးအုတ်မြစ်ချရန်များကို တံခါး, ပြ, တန်ဆောင်း, ကြိုးကြပ်မည့်သူ, ဝန်ကြီး, အတွင်းဝန်, ဝန်ထောက်, မှူးတော်မတ်တော်တို့ အသီးအသီး ကြပ်မ၍ မြေညှိပြင်ရသည်။

ယင်းသည့်လ ပြည်လေးသင်း ရဲပတိုင်းလေးသင်း အောက်မားတော်များနှင့် မက္ကရာမြို့ကျေး မြလိပ်တောင်, မြစိမ်းတောင်က အောင်ငင်ခဲ့သည့် အတိုင်းလေးတောင်ကျော်, အစွယ်ပြင်ပေါ်နှစ်မိုက်ခန့် ထူးမြတ်သည့်ဆင်တော်ရောက်သည်ကို ကျုံးသို့သွင်း၍ ကျော့ဖမ်းမြဲ ကျော့ဖမ်းရသည်။

ယင်းသည့်နှစ် ကဆုန်လဆန်း ၇ ရက်နေ့ ပြည်မင်းသား မောင်တုတ်၊ ကောလင်းမင်းသမီး-မြေး မောင်သက်တင်၊ လှိုင်းတက် မင်းသမီး-သား မောင်ခင်၊ မောင်ဘိုးလှ၊ မောင်ဘဲ၊ ပြင်စည်မင်းသမီး-သား မောင်ဝင့်၊ မက္ခရာမင်းသမီး-သား မောင်သက်၊ထီးလင်းမင်းသမီး-သား မောင်ဆိုးပုံ တို့ကို မြင်းမူးမင်းသား ခန့်တော်မူသည်။

ထိုနှစ် ကဆုန်လဆန်းတဆဲ့သုံးရက်နေ့ ညဥ့်နှစ်ချက်တီးကျော် တဆဲ့လေးရက် တနင်္ဂနွေနေ့သို့အဝင် နာရီပြည့် နှစ်ပါဒ်အချိန် အမြောက်သံကြား အခါတော်နှင့် ရွှေမြို့တော်ကြီးကျုံးတော်၊ မဟာလောကမာရဇိန်စေတီတော်၊ သိမ်တော်ကြီး၊ မဟာအတုလဝေယန်ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာစရပ်တော် ခုနစ်ဌာနကို တပြိုင်နက် ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးကြီးမတ်ကြီးတို့ အသီးအသီးကြပ်မ၍ စနေသား ကြိုးရင်း၊ တနင်္ဂနွေသားကြိုးဖျားကိုင်စေလျက် တနင်္လာသားကို ရွှေပန်နက် ငွေပန်နက် စိုက်မှတ်စေပြီးလျှင် စာရင်းရန်ထားရာပါသည့် စားတော်ကွမ်းရေ၊ မှူးသား၊မတ်သား၊သူဌေး၊သူကြွယ်၊ နေ့ကျော်သားတို့စ၍ အုတ်မြစ်ချရန် ကျင်းတူးရ၏။

အခါတော် မရောက်မီ မြို့လေးထောင့် မြေတွင် တွင်းတူး၍ အုတ်အင်္ဂတေ အသေအချာ လုပ်ဆောင်ပြီးလျှင် တရာ့နှစ်ဆယ်ဝင် အဖုံးအပိတ်စုံအိုးကြီးကို အတွင်းစဥ့်သုတ်၊ ပြင်စဥ့်သုတ် ကောင်းမွန်အောင် လုပ်ဆောင်၍ စဥ့်အိုးကြီး တလုံးတလုံးအတွင်း နှမ်းကြီးဆီ လေးဆယ်၊ နှမ်းလျှင်ဆီလေးဆယ်၊ မုန်ညင်းဆီလေးဆယ် သုံးရပ် ဆီတရာ့နှစ်ဆယ်ကို ထည့်သွင်းပြီးလျှင် မြဲမြံခိုင်ခံ့အောင်ဖုံးပိတ်ပြီးမှ သက္ကရာဇ် (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆဲ့တခုနှစ် ကဆုန်လဆန်း သုံးရက်နေ့ ညဥ့်နှစ်ချက်တီးကျော် တဆဲ့လေးရက် တနင်္ဂနွေနေ့သို့အဝင် နှစ်နာရီ၊ သုံးပါဒ် ၇ ဗီဇနာ တပြန် ခရာပြည့်အချိန် မတိမ်းမယိမ်းစေရ တည့်မတ်စွာ ဆီအိုးကြီးကို မြှုပ်နှံရသည်။

သက္ကရာဇ် (၁၂၂၁) တထောင့်နှစ်ရာ့ နှစ်ဆဲ့တခု ကဆုန်လပြည့်ကျော်ခြောက်ရက်နေ့ ညဥ့်သုံးချက်တီးကျော် ခုနစ်ရက် တနင်္လာနေ့သို့အဝင် လေးနာရီနှစ်ပါဒ် နှစ်ဗီဇနာ ၇ ပြန် ၇ ခရာအချိန်တွင် ရွှေမြို့တော်ကြီးနှင့်တကွ ခုနစ်ဌာနများကို တပြိုင်နက် အကြီးအကြပ် မှူးတော်မတ်တော် နေ့ကျော်သားတို့စ၍ အမြောက်သံကြားအခါတော်နှင့်တပြိုင်နက် အုတ်စီခင်းလုပ်ဆောင်ပြီးလျှင် မြို့တံခါးတဆဲ့နှစ်ရပ် ယွန်းဆက်မြေ

တန်ဆောင်းပြာသာဒ်တိုင်များကို စိုက်ထူရသည်။ မြို့တော် လေးမျက်နှာ ခုံတံခါးလေးမှာ ပြာသာဒ်ဘုံခုနစ်ဆင့်၊ မိတ်တံခါးရှစ်မှာ ပြာသာဒ်ဘုံငါးဆင့်၊ ထောင့်ပြကြီးလေး၊ ပြငယ် သုံးဆဲ့နှစ်များမှာ ပြာသာဒ်ဘုံငါးဆင့် လုပ်ဆောင်၍ သစ္စေး သားရိုး ဟင်းသပဒါး ရွှေမွမ်းမံရ၏။

တံခါးတော်တိုင်ထူမတ်သည့်နေ့ကစ၍ အမရပူရမြို့ တံခါးဟောင်းအမည်များကို မခေါ်စေနှင့်၊ သမုတ်တော်မူသည့် ကမ္ပည်းသစ်အမည်ကိုသာ ခေါ်ဝေါ်ရမည်။ အမိန့်တော်ရှိပြီးလျှင်-

ရွှေမျက်နှာမြောက်စွန် ဝန်ထောက်ပုပ္ပါးမြို့စား မဟာမင်းလှမင်းထင်ကျော် ကြီးကြပ်သည့် မိတ်တံခါးကို-လွန်ကဲတံခါး၊

မကွေးမြို့စားဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှသီဟသူ ကြီးကြပ်သည့် အလယ် သူရဋ္ဌခုံတံခါးကို-ဦးထိပ်တံခါး၊

ဝန်ထောက် ခန်းပတ်မြို့စား မဟာမင်းလှသီဟသူ ကြီးကြပ်သည့် တောင်စွန်မိတ် တံခါးကို—သောင်းညွတ်တံခါး၊

တောင်မျက်နှာအရှေ့စွန် ဝန်ထောက် ဖောင်ဝန် မြို့သစ်မြို့စား မဟာမင်းထင်သီဟသူ ကြီးကြပ်သည့် မိတ်တံခါးကို-ကျွန်းလုံးယူတံခါး။

လောင်းရှည်မြို့စား အတွင်းဝန်မင်းကြီး မဟာစည်သူ ကြီးကြပ်သည့် အလယ် ကောလိခုံတံခါးကို-ကျော်မိုးတံခါး၊

ပန်းမော်အတွင်းဝန် မင်းကြီး မဟာမင်းလှစည်သူ ကြီးကြပ်သည့် တောင်မျက်နှာနောက်စွန် မိတ်တံခါးကို—ရန်နည်တံခါး၊

အနောက်မျက်နှာ တောင်စွန် သစ်တောဝန် မင်းကျော်မင်းလှစည်သူ ကြီးကြပ်သည့် မိတ်တံခါးကို-ကြေးမုံတံခါး၊

မြတောင်မြို့စား သေနတ်ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှကျော်သူကြီးကြပ်သည့် အလယ်ပါပခုံတံခါးကို-စည်ရှည်တံခါး၊

အတွင်းဝန် ရေနံချောင်းမြို့စား မင်းကြီး မဟာမင်းကျော်မင်းခေါင် ကြီးကြပ်သည့် နောက်မျက်နှာမြောက်စွန် မိတ်တံခါးကို-ထင်ရှားတံခါး၊

မြောက်မျက်နှာနောက်စွန် ပင်းတလဲမြို့ ပုဂံမြို့ဝန် မင်းကြီး မဟာမင်းခေါင် ကြီးကြပ်သည့် မိတ်တံခါးကို-စည်သာတံခါး၊

ပုခန်းကြီးမြို့စား ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှစည်သူ ကြီးကြပ်သည့် အလယ်အဖြိတ္တခုံတံခါးကို-လေးသိန်းတံခါး၊

ကင်းဝန် မဟာမင်းလှဇေယသူကြီးကြပ်သည့် မြောက်မျက်နှာ ရှေ့စွန် မိတ်တံခါးကို-မန်းဦးတံခါး—သမုတ်တော်မူသည်။

ရွှေမြို့တော် အရှေ့မြောက်ထောင့် ပြကြီးကို လက်ဝဲဝင်းမှူး မြေဒူးမြို့စား မင်းကြီး မဟာမင်းခေါင်၊ အရှေ့တောင်ထောင့် ပြကြီးကို မြို့ဝန်၊ နောက်တော်ပါမြင်းဝန်၊ မင်းကြီးမဟာမင်းခေါင်၊ အနောက်တောင်ထောင့်ပြကြီးကို မြင်းစုကြီးဝန် မင်းကြီးမင်းလှမင်းထင်၊ အနောက်မြောက်ထောင့် ပြကြီးကို ရွှေဝင်းမှူးသူရဲဝန်မင်းကြီး မဟာသမိန်ဘေဖြတ်စ၊ ကျန်ပြငယ် သုံးဆဲ့နှစ်များနှင့် ရွှေမြို့တော်ကြီး ခုနစ်ဌာနအဝင် ကျုံးတော်၊ စေတီတော်၊သိမ်တော်၊ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊သုဓမ္မာစရပ်တော်များမှာလည်း အမိန့်တော်နှင့် ခန့်ထားကြီးကြပ်စေသည့် မှူးတော်မတ်တော်တို့ အသီးအသီး ကြီးကြပ်စေပြီးလျှင် အခါတော် အမြောက်သံကြားသည်နှင့် တပြိုင်နက် စ၍လုပ်ဆောင်ကြရသည်။ ၎င်းအရပ် ဌာနများမှာ ပွဲသဘင်ကြီးစွာ ခံရ၏။ ရွှေမြို့တော်ကြီး ခုနစ်ဌာန တည်သည့်အချိန်အခါတွင် ထောင်တန်းအကျဉ်းအမြောင်းခံနေရသူလူတို့ကို ဘေးမဲ့ပေးတော်မူ၏။

တံခါးတော်ပြင် မီးတားရွက်ကာအနီး အုတ်ပလ္လင်သုံးဆင့်ခံ၍ မော်ကွန်းတိုင်စိုက်ထူ ကမ္ပည်းရွက်ကပ်ပြီးလျှင် သက္ကရာဇ် (၁၂၂၀)တထောင့်နှစ်ရာ့ နှစ်ဆဲ့တခု ကဆုန်လပြည့်ကျော် ခြောက်ရက် ညဥ့်သုံးချက်တီးကျော် ခုနစ်ရက် တနင်္လာနေ့သို့အဝင် လေးနာရီ နှစ်ပါဒ် အချိန်တည် ရဘနာပုံရွှေမြို့တော်ကြီးဦးထိပ်တံခါး၊သောင်းညွှတ်တံခါးစသောဆိုင်ရာတံခါးအမည်နှင့်တကွ တံခါးတဆဲ့နှစ်ရပ် ရေးဝှအောင် ကမ္ပည်းတပ်မှတ်ရ၏။

မြို့ရိုး အုတ်မြစ်သံတတောင်၊ အုတ်ရိုးထုတတာ၊ အရပ် သံတဆဲ့ငါးတောင်၊ သူရဲခိုသံသုံးတောင်၊ နှစ်စုအရပ် တဆဲ့ရှစ်တောင်၊ အချင်းတာခြောက်ရာ၊ လေးမျက်နှာတာပေါင်း နှစ်ထောင့်လေးရာ၊ ဤကဲ့သို့တည်လုပ်သည်မှာ သာသနာတော်နှစ် (၂၄၀၀) နှစ်ထောင့်လေးရာရောက်သောအခါ၌ တည်လုပ်ရသည်ဖြစ်သောကြောင့်တည်း။

ရွှေမြို့တော်ကြီးမှာ တပြလျှင် တာငါးဆယ်စီထား၍ အရှေ့-အနောက် တဆဲ့နှစ်ပြ, တာခြောက်ရာ၊ တောင်-မြောက် တဆဲ့နှစ်ပြ, တာခြောက်ရာ၊ အဝန်းတာပေါင်း နှစ်ထောင့်လေးရာ၊ ပြကွက်ပေါင်း တရာ့လေးဆဲ့လေးကွက်ဖြစ်သည်တွင် နန်းမြို့တော်ရာပြကွက်ပေါင်း တဆဲ့ခြောက်ကွက်ကိုနုတ်၍ ကျန်ပြကွက်ပေါင်း တရာ့ရှစ်မှာ မင်းမိဖုရား အိမ်ရှေ့

မင်း မင်းညီမင်းသား မှူးတော်မတ်တော် သူဌေးသူကြွယ် အမှုထမ်းဆင်းရဲသား ကျွန်တော်မျိုးတို့ နေထိုင်ရန်ဖြစ်သည်။ ကျုံးတော်အကျယ် တာနှစ်ဆယ်ထား၍ မြို့တွင်းမြို့ပြင် တံခါးလမ်း,ပြလမ်း, ဒူးလမ်းများကိုလည်း အကျယ် ကိုးတာစီ အညီအမျှထားရသည်။

* မြို့တည်နန်းတည် အကျယ်စကားမှာ မြို့တည်နန်းတည် စာတမ်းစာရင်း ရှိပြီဖြစ်၍ အကျယ်မဆိုပြီ။

ထိုသက္ကရာဇ်အတွင်း အထက်လာရောက်ရင်း သီဟိုဠ်ကျွန်း ကဏ္ဍတိတ္တမြို့နေ ရဟန်းတော် ရှင်မဓ္ဓကန္ဓ,ရှင်ဝဏ္ဏာရတနတို့ သီဟိုဠ်ရဟန်းတို့ သိမ်အယူဝါဒကွဲပြားသည့်အမှုနှင့် မန္တလေးရတနာပုံ ရွှေမြို့တော်သို့ လာရောက်ပြန်၍ သာသနာပြုဆရာတော်ကြီးထံ လျှောက်ထားရာ သီမဝိနိစ္ဆယ အဆုံးအဖြတ်ကို ပေးအပ်ဆောင်ယူပြန်သွားမည်ရှိသည်တွင် သီဟိုဠ်ရှိစွယ်တော်မြတ်ကို ပင့်ဆောင် ကိုးကွယ်လိုသည့်အကြောင်းကို သန္ဒေသကထာစကားရေးသား၍ သီဟိုဠ်ကျွန်းရှိ ထေရ်ကြီးဝါကြီးရဟန်းတို့ကို လှူဒါန်းရန် ပရိက္ခရာ, သီဟိုဠ်ကျွန်းကို ချုပ်အုပ်သောသူတို့အား ပေးကမ်းရန်များနှင့် သန္ဒေသကထာစာများကို ကျွန်တော်ရင်း အတွင်းတော်မြင်ကြီး, သီလသမာဓိရှိသူ ဥပုသ်တော်ခေါင်း ငမွေး, ငအောင်ထွန်းတို့သို့ ပေးအပ်ပြီးလျှင် ရှင်မဓ္ဓကန္ဓ, ရှင်ဝဏ္ဏာရတနတို့နှင့်အတူ ဖက်ထည့် စေလွှတ်တော်မူသည်။

စေလွှတ်သူတို့ သီဟိုဠ်ကျွန်းသို့ရောက်၍ သီလသမာဓိရှိသည့် ထေရ်ကြီး ဝါကြီး ဂိုဏ်းအုပ် ဂိုဏ်းထောက် ရဟန်းတို့ထံ ပါသည့် သန္ဒေသကထာစကားကို ပြသလျှောက်ထားလျှင် သီဟိုဠ်ကျွန်းကို ချုပ်အုပ်သောမင်းနှင့် သီလသမာဓိရှိသည့် ထေရ်ကြီးဝါကြီး ဂိုဏ်းအုပ် ဂိုဏ်းထောက် ရဟန်းတော်တို့က သီဟိုဠ်ကျွန်းမှာ ရှေးအခါကဲ့သို့ သာသနာတော်ထွန်းပပွင့်လင်းသည်မဟုတ်၊ မန္တလေး ရတနာပုံပြည်ကြီးမှာ သာသနာတော်အတိုင်းထက်အလွန် စည်ပင်ပွင့်လင်း ထွန်းပသည်ဖြစ်သောကြောင့် ငါတို့သီဟိုဠ်ရဟန်းတို့က အဆုံးအမ ဩဝါဒ အဆုံးအဖြတ်များကို စေလွှတ်တောင်းယူရသည်။ ယင်းသို့ဖြစ်၍ သာသနာတော် စည်ပင်ပွင့်လင်းရာ မန္တလေးရတနာပုံပြည်ကြီးမှာ စွယ်တော်မြတ် ကိန်းဝပ်တော် မူအောင် တောင်းပန်ပင့်ဆောင်မည်ပြောဆိုပြီးလျှင် စေလွှတ် ထည့်လိုက်သူတို့နှင့် ရဟန်းတော်ထေရ်ကြီးဝါကြီး ငါးဆယ်တို့ စွယ်တော်မြတ်ကိန်းဝပ်သည့်

ပြာသာဒ်ကျောင်းသို့ သွားကြ၍ ပူဇော်သက္ကာရကြီးစွာပြုပြီးလျှင် ဥပုသ်တော်ခေါင်း ငမွေး, ငအောင်ထွန်းတို့နှင့်တကွ လျှောက်ထားတောင်းပန်လေ၏။

ထိုအခါ စွယ်တော်မြတ်လည်း အထက် အရိမဒ္ဒနာ ပုဂံရာမပြည်ကြီးရှင် အနော်ရထာမင်းစောလက်ထက် သီဟိုဠ်ကျွန်းကို အစိုးရသော ဓာတုသေနမင်း လျှောက်ထားတောင်းပန်သည်တွင် လက္ခဏာတော်ကြီး သုံးဆွဲနှစ်ပါး, လက္ခဏာတော်ငယ် ရှစ်ဆယ်, ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ တန်းခိုးပြာဋိဟာ ပြတော်မူပြီးလျှင် ပရိက္ခရာရှစ်ပါးနှင့်တကွ ကောင်းကင်ပြင်၌ စင်္ကြံကြွတော်မူပြီးနောက် စွယ်တော်မြတ်တဆူပွား၍ ဘုရားနှစ်ဆူကဲ့သို့ ဖြစ်တော်မူရာ ထိုပွားသောစွယ်တော်မြတ်သည် ဦးခေါင်းအထက် နဝရတ်ဖြင့်ပြီးသော ရတနာပန်းတောင်းတွင် တည်တော်မူသကဲ့သို့ တည်တော်မူစေသတည်းဟုတောင်းပန်ရာတွင် သီလသမာဓိရှိသောဥပုသ်တော်ခေါင်းငမွေးဦးခေါင်းအပြင် ရတနာပန်းတောင်းထက် စွယ်တော်တည်ရောက်သည်နှင့် သီဟိုဠ်ရဟန်းတော်ထေရ်ကြီးဝါကြီး ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့က ရတနာပုံပြည်ကြီးသခင်သာသနဒါယကာ တရားမင်းမြတ် ကိုးကွယ်တော်မူရန် ယင်းသည့်စွယ်တော်မြတ်နှင့်အတူ ဓာတ်တော်, ရုပ်ပွားဆင်းတုတော်, ဗောဓိပင်တော်, ဗောဓိဒက္ခိဏသာခါ, ဘုရား ဂူ ကျောင်း တန်ဆောင်းသိမ်ပုံများကို ပေးအပ်၍ ကောင်းမွန်စွာ ဆောင်ယူပြန်လာရာ သိကြားနတ်တို့ မစ၍ မပင်မပန်း မလွန်မြို့သို့ဆိုက်ရောက်လျှင် မလွန်မြို့မှာရပ်နေသည့် ရေနံချောင်းမြို့စားအတွင်းဝန် မင်းကြီးမဟာမင်းကျော်မင်းခေါင်သို့ မှားထားကြီးကြပ်ပင့်ဆောင်ခဲ့စေ၍ ရတနာပုံနေပြည်တော်က ဝန်ထောက်ဖောင်ဝန်, မြို့သစ်မြို့စား မဟာမင်းထင်သီဟသူကို လှော်ကားတော်,ရဲလှေ,ခတ်လှေတော်များနှင့် ထပ်မံကြပ်မ ကြိုယူ ပင့်ဆောင်စေရာ စစ်ကိုင်းမြို့ အောင်မြေလောကဆိပ်ကမ်းသို့ ရောက်ကာလ ကိန်းဝပ်တော်မူရန် ဆောက်ထားရှိသည့် ဘုံဆောင်သို့ ပင့်ဆောင်၍ ပွဲသဘင် စည်ပင်သာယာအောင်ခံရ၏၊ စစ်ကိုင်းမြို့,အဝမြို့မှစ၍ ပြည်သူပြည်သားတို့ကို ရက်ပေါင်းသုံးဆယ်ခန့် ဖူးမြော်ပူဇော်စေပြီးမှ ပင့်ဆောင်ခဲ့၍ အမရပူရမြို့ ရှမ်းကလေးကျွန်းဆိပ် ဆောက်ထားရှိသည့် တန်ဆောင်းတွင် ကိန်းဝပ်စေ၍ ပြည်သူပြည်သားတို့ လေးရက်တိုင်တိုင် ဖူးမြော်ပူဇော်ကြရ၏။

နောက် ရွှေမြို့တော်သို့ ပင့်ဆောင်ခဲ့ရာ ရွှေမြို့တော် ဖောင်တော်ဆိပ်သို့ရောက်လျှင် သက္ကရာဇ် (၁၂၂၁) တထောင့် နှစ်ရာ့ နှစ်ဆဲ့ တခု နယုန်လဆန်း တဆဲ့သေးရက်နေ့ တပ်ဝင်းအခင်းအကျင်းပွဲသဘင်စုံများနှင့် မြစ်ဆိပ်ကသည့် စွယ်တော်မြတ်ကိန်းဝပ်သည့် ရတနာပန်းတောင်း, ခါတ်တော်ကိန်းဝပ်သည့် မြတပ်ကွမ်းခွက်တော်များကို ရတနာထမ်းစင်တော်ထက် တင်ဆောင်၍ စန္ဒိမာဘိသိရိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ စံကျောင်းဆရာတော် ဂိုက်ပွေ့လျက် စိန်ဆင်းတုတော်နှင့် ဆင်းတုတော်များကို ရတနာ ဝေါတော်ထက် တင်ဆောင်၍ ဝိရိယာရန္တဓဇဓမ္မသိရိမဟာဓမ္မရာဇဂုရု-တံဆိပ်တော်ရ လှထွေဆရာတော် ဂိုက်ပွေ့လျက် ဗောဓိညောင်တော်မှာ မောရိယပစ္စယနာဂရာဇာဆင်မင်းထက် ဗောဓိဒက္ခိဏသာခါနှင့် ဘုရား ဂူ ကျောင်း တန်ဆောင်း သိမ်ပုံများမှာ လင်းဇင်းဝေါတော်နှင့် အသီးအသီး တင်ဆောင်ပင့်ခဲ့ရ၏။

စွယ်တော်, ခါတ်တော်, ဆင်းတုတော်များ ရွှေးတော်ယူတံခါးသို့ ရောက်လျှင် ဆဒ္ဒန်ဆင်မင့်သခင် ဘဝရှင်မင်းတရားကြီးဘုရား, အရှင်မိဖုရားခေါင်ကြီးဘုရား, မင်း မိဖုရား, မင်းညီမင်းသားတို့နှင့် စွယ်တော်ကျောင်းမနီးမဝေး ကွန်းထောက်နန်းတော်တွင် စောင့်နေတော်မူ၍ ပင့်ဆောင်ခဲ့သည့် စွယ်တော် ဝေါယှဉ်သို့ရောက်ကာလ ဆဒ္ဒန်ဆင်မင့်သခင် ဘဝရှင်မင်းတရားကြီး ကိုယ်ခတော်တိုင် စွယ်တော်မြတ်ကို ပဟိုရ်စင် အနောက် ကောင်းမှုန်ကြီးကျယ်စွာ ဆောက်လုပ်မွမ်းမံ ခြယ်လယ်အပ်သော ကန္နားဖျင်းပတ်လည် အာလိန်ငါးဆင့်ခံ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းတော်သို့ ပင့်ဆောင်တော် မူပြီးနောက် ခါတ်တော်ကို လည်း တခေါက်ပင့်ဆောင်တင်တော်မူ၏၊ ကျန်ရုပ်ပွားတော်, ဆင်းတုတော်, ဗောဓိညောင်တော်များကို မင်းညီမင်းသား အတွင်းဝန်တို့ ပင့်ဆောင် ကြရ၏။

စွယ်တော်, ခါတ်တော်, ရုပ်ပွားတော်များကို ဘဝရှင်မင်းတရားကြီး ကြည်ညိုပူဇော်တော်မူသည့်အတွင်း ပေါက္ခရဝဿ မည်သော မိုးကဲ့သို့ မိုးသေးမိုးဖွဲ ဖြည်းညှင်းစွာရွာ၏၊ ပူဇော်တော်မူပြီးနောက် ဆရာတော် သံဃာတော်တို့နှင့် စကားပြောဆိုတော်မူ၍ ဆရာတော် သံဃာတော်တို့ ကြွသွားတော်မူလျှင် စွယ်တော်မြတ်ကို မင်းမိဖုရားတို့ ဖူးမြော်ပူဇော်ကြ ရ၏၊ အဘန်ကြာလျှင် ခါတ်တော်, စိန်ဆင်းတုတော်, ဗောဓိဒက္ခိဏ

သာခါ ဆင်းတုတော်များကို သားတော်တို့အသီးအသီး ရွှေတော်သို့ ပင့်ဆောင်စေ၍ ရွှေနန်းတော်သို့ ဝင်တော်မူ၏၊ ရောက်ကာလ ရွှေနန်းတော်ဦးဘုရားကျောင်းမှာ သွင်းထားပူဇော်ကိုးကွယ်တော်မူ၏။

နောက် စွယ်တော်မြတ်ကိုလည်း ပြည်ဆရာတော် သီတင်းသုံးနေသည့် မဏ္ဍလာရာမတိုက် အတွင်း အရွှေတောင်ထောင့် သိမ်ပြာသာဒ်သို့ ပင့်ဆောင်ကိန်းဝပ်တော်မူစေ၍ ပြည်သူပြည်သားတို့ ဖူးမြော်ပူဇော်ကြရ၏။

နောက် စွယ်တော်မြတ်ကို ရွှေနန်းတော်သို့ပင့်တော်မူ၍ ရွှေမြို့တော်ခုနစ်ဌာနအဝင်ဖြစ်သော မဟာ လောကမာရဇိန်စေတီတော် ဒုတိယဌပနာတိုက်တွင် သက္ကရာဇ် (၁၂၂၃) တထောင့်နှစ်ရာ့နှစ်ဆဲ့သုံးခု တပေါင်းလပြည့်ကျော် တရက်နေ့ ဌပနာတော် မူသည်၊ မဟာ ဗောဓိညောင်တော်မှာ ဘဝရှင် မင်းတရားကြီးဘုရား နံတော်ဖြစ်သော မူလပရိဝါရအရပ်မှ အာယုအရပ်ဖြစ်သော တောင်စူးစူးအရပ်တွင် စိုက်ပျိုးပြုစုတော်မူသည်။

## မိုးနဲစော်ဘွားက ဆင်တော်ဆက်ခြင်း, ဘွဲ့နှင့်မြို့စားပေးခြင်းစသည်နှင့် သားငှက်တို့ကို ဘေးမဲ့ပေးခြင်း

ထိုနှစ် ဝါဆိုလ ပျဉ်းမနားမြို့စား မင်းကြီး မဟာမင်းခေါင်ရာဇာက ပျဉ်းမနားမြို့နယ်တွင်းရှိ အင်းများတွင် ခိုမှီးရှိနေသည့် ရေပိုး ရေမှား သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ချမ်းသာ ပေးတော်မူပါမည့်အကြောင်း နှင့် လျှောက်ထား၍ ဘေးမဲ့ချမ်းသာ ပေးတော်မူသည်။

ထိုနှစ် တော်သလင်းလ မိုးနဲစော်ဘွား ကမ္ဘောဇရဋ္ဌ မဟာဝံသပဝရသုဓမ္မရာဇာ, သားကျမိုင်းကမ္ဘောဇမဟာဝံသရာဇာတို့က ထူးမြတ်သည့် ဆင်မတော်ဆက်သည်ကို ကြိုယူမြဲ ကြိုယူ၍ တောင်စမုတ်တော်သို့ရောက်သည့်ကာလ ထွက်စံကြည့်ရှုတော်မူသည်။ ၎င်းဆင်မတော် အရပ်လေး တောင့်နှစ်မိုက်, အသက်နှစ်ဆဲ့ငါးနှစ်ခန့် မြီးဆံ မြီးတံ သရက်စေ့ဖြူသည် ဖြစ်၍ ရတနာဆင်ဖြူ တဆဲ့နှစ်စီးအဝင် ရတနာသိမ်း ဆင်မတော် ဖြစ်ကြောင်းနှင့် ဆင်ဝန်ထောက်လက္ခဏာဖတ်တို့က လက္ခဏာဖတ်လျှောက်သည်ကို အမိန့်တော်နှင့် အရှင်နန်းမတော်မိဖုရားခေါင်ကြီး မယ်တော်ဘုရားကို လျှောက်ထားဆက်သရသည်။

ယင်းသည့်လ ဆောင်းရှည်မြို့စား မိဖုရား သီရိမဟာမင်္ဂလာသုပဘာ ဒေဝီတွင် မြင်သည့်သမီးတော်ချွန်းတောင်မြို့စားမင်းသမီးကို ချွန်းတောင် မြို့နှင့်လဲ၍ မိုင်းကိုင်းမြို့၊ ညီမတော်ကို ဇန့်ကျိုတိုက်အဝင်-ပြောင်းပြာမြို့၊ မောင်တော်ကို ပင်းယမြို့၊ တောင်ရွှေရေးဆောင် ဝန္တရာတိုက်စား ဓမ္မာ ဒေဝီတွင်မြင်သည့်သမီးတော်ဝါးနွယ်ခုံမြို့စားမင်းသမီးကို ဝါးနွယ်ခုံမြို့နှင့် လဲ၍ ချွန်းတောင်မြို့၊ ခုနစ်ရွာတိုက်စား သီရိရဇာရတနာမဟေတွင် မြင် သည့်သမီးတော်ကို ဇန့်ကျိုတိုက်အဝင် မြို့ကြီးမြို့၊ ထနောင်းတိုင်ရွာစား စန္ဒာမဟေတွင် မြင်သည့် သမီးတော်ကို ဇန့်ကျိုတိုက်အဝင် ကရားမြို့ များကို မြို့စားပေးတော်မူသည်။

ထိုနှစ် သီတင်းကျွတ်လ တောင်ဆောင်တော်မိဖုရား သီရိသုမင်္ဂလာ စန္ဒာမဟေတွင် မြင်သည့်သမီးတော်ကို ကျောက်ဆောက်မြို့၊ အိမ်ရှေ့ မင်းသမီး မင်းပြင်မြို့စားကို မင်းပြင်မြို့နှင့်လဲ၍ လောဇေယသိန်မြို့များကို မြို့စားပေးတော်မူသည်။

ယင်းသည့်လ စစ်ကိုင်းမြို့ စီရင်စု လယ်ကြီးရွာအနောက် မုရင်းအင်း အတွင်း ခိုမှီးရှိနေသည့် ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့ကို ရဟန်း တော် ရှင်ကဿပ မေတ္တာရစ်ခံချက်အတိုင်း ဘေးမဲ့ပေးတော်မူသည်။

ထိုနှစ် ဝါကျွတ်ပွဲတက် ကန်တော့ခံတော်မူသည့် အခမ်းအနားတွင်-
တောင်ဆောင်တော်မိဖုရားကို-အတုလဒေဝီ။
မြောက်ဆောင်တော်မိဖုရားကို-ပဘာဒေဝီ။
တောင်ရွှေရေးဆောင်မိဖုရားကို-ရတနာဒေဝီ။
မြောက်ရွှေရေးဆောင်မိဖုရားကို-နန္ဒာဒေဝီ။
ဝန္တရာတိုက်စားမိဖုရားကို-ဓမ္မာဒေဝီ။
တံတိုင်းရှည် မိဖုရားကို-ဥမ္မာဒေဝီ။
ခုနစ်ရွာမိဖုရားကို-ကုမ္မာဒေဝီ။
လင်ပန်းတိုက်စားမိဖုရားကို-စန္ဒာဒေဝီ။
ရေပွဲတိုက်စားမိဖုရားကို-ပုဏ္ဏာဒေဝီ။
မန်းကျည်းပင်စောက် ရွာစားကို-သုသီရိစန္ဒာမဟေ။
သီပေါစော်ဘွားသမီးကို-ရဇာမဟေ။
ထနောင်းတိုင်ရွာစားကို-စန္ဒာမဟေ။
ငါးပင်စည်ရွာစားကို-စိတ္တာမဟေ။

နန်းဦးရွာစားကို-သိင်္ဂါမဟော။
စကားစော်ဘွားသမီးကို-ပဘာမဟော။
ရွာသစ်ရွာစားကို-မလ္လာမဟော။
သမီးတော် ထီးလှိုင်မင်းသမီးကို-သီရိသာမာဝတီ။
အင်တောက်သာ မင်းသမီးကို-သီရိသုသင်္ဂါဝတီ။
ချွန်းတောင်မင်းသမီးကို-သီရိသုဟောမာဝတီ။
ဟင်္ဂမော်မင်းသမီးကို- သီရိသုသိင်္ဂါဝတီ။
ရန်အောင်မြင် မင်းသမီးကို-သီရိသုစိတ္တာဝတီ။
တောင်ညိုမင်းသမီးကို-သီရိစန္ဒာဝတီ-ဘွဲ့အမည်ကို ပေးတော်မူသည်။
ခုနစ်ရွာတိုက်စား ကုမ္ဘာဒေဝီတွင် မြင်သည့် သားတော် သုံးဆယ်မင်းသားကို-မဟာသုသီရိဓမ္မရာဇာ။
တောင်ရွှေရေးမိဖုရား ရတနာဒေဝီတွင် မြင်သည့် သားတော် မြင်ကွန်းမင်းသားကို-သုမဟာသီရိဓမ္မရာဇာ။
ညီတော်မြင်းခုံတိုင်မင်းသားကို-သတိုးမင်းလှဇေယသူ။
ငရနဲမင်းသားကို-သတိုးမင်းလှစည်သူ။
လင်ပန်းတိုက်စား စန္ဒာဒေဝီတွင် မြင်သည့် သားတော်ရွှေဂူမင်းသားကို-သတိုးဗညားကျန်း။
မြောက်ဆောင်တော်မိဖုရား ပဘာဒေဝီတွင် မြင်သည့် သားတော် မြောင်လှမင်းသားကို-သတိုးမင်းရဲ။
ခုနစ်ရွာတိုက်စား ကုမ္ဘာဒေဝီတွင် မြင်သည့် သားတော် ပင်လယ်မင်းသားကို-သတိုးမင်းစော။
ကုက္ကိုလှရွာစား သီရိသာမာမဟောတွင် မြင်သည့်သားတော် ကသာမင်းသားကို-သတိုးမင်းဖျား။
သက်ပန်းရွာစား ကလျာဒေဝီတွင် မြင်သည့်သားတော် ကျောက်ရဲမင်းသားကို-သတိုးဗညားလော-ဘွဲ့အမည်ပေးတော်မူ၏။
ထိုနေ့ သားတော်မလွန်မင်းသား သုသီရိ မဟာဓမ္မရာဇာ, သုံးဆယ်မင်းသား မဟာသုသီရိဓမ္မရာဇာ,မြင်ကွန်းမင်းသားသုမဟာသီရိဓမ္မရာဇာတို့ကို မင်းသားကြီးတို့နေရာ အစီးအနင်းအဆောင်အရွက်ကို ပေးတော်မူ၏၊ မှူးတော်မတ်တော် တို့ကိုလည်း အထိုက်အလိုက် ဘွဲ့အမည်ပေးတော်မူ၏။

မြင်သစ်ဗိုလ်ကြီး ဒေါ်ဂေါ်ရနီကိုလည်း ဝါကျွတ်ကန်တော့ခံတော်မူသည်တွင် သနားတော်မူသည့် နေမျိုးသီရိဇေယနော်ရထာဘွဲ့ကို ရွှေသားပွင့်ကိုး–ဘွဲ့ပုံကိုချည်၍ သနားတော်မူသည်။

ယင်းသည့်လ ခုနစ်ရွာတိုက်စား ကုမ္ဘာဒေဝီတွင်မြင်သည့် သမီးတော် ထီးလှိုင်မြို့စား သမီးတော်ကို ထီးလှိုင်မြို့နှင့်လဲ၍ တောင်သာမြို့၊ ညီမတော် မြို့ကြီးမင်းသမီးကို မြို့ကြီးမြို့နှင့်လဲ၍ ထီးလှိုင်မြို့၊ ညီမတော်ကို မြို့ကြီးမြို့ကို မြို့စားပေးတော်မူသည်။

ထိုသက္ကရာဇ် အင်္ဂလိပ်အရေးပိုင်ဝန်ကြီး ဝီ-ဖယ်ရာနှင့် အကောက်ဝန် တွေယ်, ဝန်ကြီး ဒူကင်ဆံန်, ဝန်ထောက် ဗြောင်းတို့ လက်ဆောင်တော်အဆက်အသ ရွှေမျက်နှာတော် အဖူးအမြော်ရောက်သည်ကို ကြိုယူမြို့ကြိုယူပြီးလျှင် ယင်းမာဥယျာဉ်သံတဲတွင် ချထားနေထိုင်စေ၍ တန်ဆောင်မုန်းလဆန်း တဆဲ့သုံးရက်နေ့ ပါသည့်လက်ဆောင်တော်များကို အဆက်အသ ရွှေနန်းတော်သို့ ဝင်ကြရာ ဇေတဝန် ဆောင်တော်တွင် အဖူးအမြော် အဆက်အသ ခံတော်မူသည်။

၎င်းလပြည့်ကျော် ဆယ်ရက်နေ့ အရေးပိုင်ဝန်ကြီး ဝီ-ဖယ်ရာတို့ ရွှေနန်းတော်သို့ ဝင်ပြန်ရာ အရေးပိုင်ဝန်ကြီး ဝီ-ဖယ်ရာ, အကောက်ဝန် တွေယ်, ဝန်ကြီး ဒူကင်ဆန်, ဝန်ထောက်ဗြောင်းတို့နှင့် နောက်ပါ ဗိုလ်လူငယ်တို့ကို ရွှေဖလား, လွန်များပုဆိုး, ယွန်းထိုးအစ်, ယွန်းထိုးခွက်, ဘလာပုဆိုး, အထိုက်အလိုက် သနားတော်မူသည်။ နောက် အရေးပိုင်ဝန်ကြီး ဝီ–ဖယ်ရာနှင့် အရာရှိသုံးတို့ အိမ်ရှေ့တော် သာသနာပြုဆရာတော် ကျောင်းများသို့ အဖူးအမြော်သွားပြီးနောက် ဝန်ကြီး အတွင်းဝန်တို့အိမ်များသို့ နှုတ်ခွန်းဆက်ဝင်၍ အမိန့်တော်မြွက်ခံပြီးလျှင် ၎င်းလပြည့်ကျော် တဆဲ့ငါးရက်နေ့ ရန်ကုန်မြို့သို့ စုန်သွားကြ၏။

သက္ကရာဇ် (၁၂၂၁) တထောင့်နှစ်ရာ့နှစ်ဆဲ့တခု နတ်တော်လပြည့်ကျော်တရက် ကြာသပတေးနေ့ ညတချက်တီးကျော် နှစ်မောင်း ရေဝတီနက္ခတ်မွန်းတည့်အချိန် မြောက်ဆောင်တော်မိဖုရားပဘာဒေဝီတွင် သားတော်ဖွားမြင်သည်။

ယင်းသည့်လ ကျောက်ပန်းတောင်းမြို့ စီရင်စု ရေဆုံးရွာ တောရကျောင်းဝန်းကျင်- တာငါးရာ၊ ရေနံချောင်းမြို့စီရင်စု ကာမရွာတောရကျောင်း ဝန်းကျင်-တာတထောင်အတွင်း ခိုမှီးရှိနေသည့် ရေပိုးရေမွှား

သား၄က်တိရစ္ဆာန်တို့ကို အဖမ်းအဆီး အပစ်အခတ်အသတ်အညှစ် မရှိစေရ၊ ဘေးမဲ့ချမ်းသာ ပေးတော်မူသည်။

၎င်းလ ဇေဋ္ဌကူးမြို့နယ်တွင် ရှေးမင်းတို့ ဆည်ဖို့ပြုစုသည့်မောင်းမကန် ပျက်စီးယိုယွင်းသည်ကို ဆည်ဖို့လုပ်ဆောင် ပြင်ဆင်တော်မူပြီးလျှင် ကန်တွင်းကန်အောက် လယ်မြေအတွင်း ခိုမှီးရှိနေသည့် ရေပိုးရေမွှား သား၄က်တိရစ္ဆာန်တို့ကို အဖမ်းအဆီး အပစ်အခတ် အသတ်အညှစ်မရှိစေရ ဘေးမဲ့ချမ်းသာ ပေးတော်မူသည်။

### အလယ်နန်းတော်မိဖုရားက သမီးတော်ဖွားခြင်းမှစ၍ မိုးကြိုးငါးကြိမ်ကျခြင်းထိအကြောင်း

သက္ကရာဇ် (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆဲ့တခု နတ်တော်လပြည့်ကျော်လေးရက် အင်္ဂါနေ့ ညတချက်တီးကျော် ခြောက်နာရီနှစ်ပါဒ် မိဂသီနက္ခတ် ဒုတိယပါဒ် မွန်းတည့်အချိန် အလယ်နန်းတော် မိဖုရားတွင် သမီးတော်ရတနာ ဖွားမြင်တော်မူသည်ကို ပြာသိုလဆန်း နှစ်ရက်နေ့ အစ်မတော် မင်းသမီးများနည်း အခမ်းအနားလုပ်ဆောင်၍ ပုခက်တင်မင်္ဂလာဆောင်တော်မူသည်။

* ယင်းသည့် သမီးတော်ကား–မန္တလေးရတနာပုံ ဒုတိယနန်းစံ မာန်အောင်ရတနာစေတီတော် ဒါယကာ ဘဝရှင်မင်းတရားကြီးဘုရား ရွှေထီးရွှေနန်း သိမ်းမြန်းစံပယ်တော်မူလျှင် မဟေသီဘိသိက်သွန်းခံစေ၍ တင်မြှောက်တော်မူသော နန်းမတော်မိဖုရားခေါင်ကြီးတည်း။

ထိုသက္ကရာဇ် ပြာသိုလ ခုနစ်ရွာတိုက်စား ကုမ္ဘာဒေဝီအမိ အနောက်အဘွင်းတော်အောက်အိမ်တွင် သေလွန်သည်ကို လှပအောင် လုပ်ဆောင်သင်္ဂြိုဟ်ရသည်။

ထိုနှစ် တပို့တွဲလဆန်း တဆဲ့တရက်နေ့ ဘဝရှင်မင်းတရားကြီးဘုရား ကန်ကောက်စံနန်းတော်သို့ မှူးတော်မတ်တော်အပေါင်း ခြံရံတော်မူပြီးလျှင် ကိုယ်ရံတော် တပ်ဝင်းအခင်းအကျင်းများနှင့် ထွက်တော်မူသည်။

၎င်းလဆန်း တဆဲ့သုံးရက်ခနေ့ သီဟိုဠ်ရောက် သာမဏေရှင်ဉာဏ၊ ရှင်ဂုဏာလင်္ကာရတို့ကို ရဟန်းအဖြစ်ဖြင့် ချီးမြှင့်တော်မူရာ အတွင်းဝန် မှူးတော်မတ်တော် သူဌေးသူကြွယ်တို့ လှူဒါန်းရန် အသုံးအဆောင် ပရိက္ခ

ရာများကို ကုသိုလ်တော်ပွား အတွင်းဝန် လောင်းရှည်မြို့စား မင်းကြီး မဟာစည်သူ ရွှေကရားဖြင့် ရေစက်သွန်း၍ လှူတော်မူ၏၊ ရှင်ဉာဏကို လည်း ဉာဏာလင်္ကာရသီရိဓဇမဟာရာဇဂုရု-တံဆိပ်ကိုချီးမြှင့်လှူဒါန်းတော် မူ၏။

ထိုနှစ် တပို့တွဲလ မိုင်းလုံမြို့စား သီလုံးဝန်ကြီး မင်းကြီး မဟာရာဇ သင်္ကြီသေလွန်သည်ကို ထီးဖြူ သံလျင်းနှင့် လှပအောင် သင်္ဂြိုဟ်တော်မူ၏။ ၎င်းလ သစ်ဆိမ့်ဆရာတော် ပျံလွန်တော်မူရာ အရှင်နန်းမတော်မိဖုရား ခေါင်ကြီးဘုရား မယ်တော် ထွက်တော်မူသည်။

ထိုနှစ် တပေါင်းလ မိုးနဲစော်ဘွား ကမ္ဘောဇ မဟာဝံသပဝရသုဓမ္မ ရာဇာက သမီးကညာဆက်သည်ကို ကြိုယူမြဲ ကြိုယူဆက်သွင်းရသည်။

ထိုနှစ် နှောင်းတန်းခူးလ မြို့အရှေ့တောင် မနော်ရမ်ဥယျာဉ်တော်သို့ ရွှေသုံးတပ် နောက်သုံးတပ် တပ်ဝင်းအခင်းအကျင်းများနှင့် မင်းညီမင်း သား မင်းမိဖုရား မှူးတော်မတ်တော်အပေါင်း ခြံရံတော်မူပြီးလျှင် မိဖု ရားခေါင်းကြီးဘုရားနှင့်အတူ ထွက်တော်မူသည်။

ယင်းသည့်လ မန္တလေးတောင်ပေါ်ဘုရားတောင်တွင် မြတ်စွာဘုရား အရုပ်တော်ပမာဏ အတိုင်းအထွာစံနစ်နှင့်အတူ မြတောင်မြို့စား သေ နတ်ဝန်ကြီးသို့ လက်တတ်ပန်းပုအကျော်တို့ကို ပေးအပ်ပြီးလျှင် ညီတော် အာနန္ဒာလျှောက်ထားတောင်းပန်ဟန်၊ မြတ်စွာဘုရား ဗျာဒိတ်ညွှန်ကြား တော်မူဟန်၊ ရွှေမြို့တော်သို့ ရှေးရှု မျက်နှာရည်တော်မူလျက် မတ်ရပ် ဗျာဒိတ်ညွှန်းဘုရား ရုပ်တုတော်သဏ္ဍာန်၊ ညီတော်အာနန္ဒာလျှောက်ထား တောင်းပန်သည့် ရုပ်တုသဏ္ဍာန် ထုလုပ်တော်မူ၍ သစ္စေး,သားရိုး, ရွှေ မွမ်းမံပြီးလျှင် သမန္တလင်း အရံအုတ်ရိုး စိန်ထောင်နှင့်တကွ ပြေပြစ် ကောင်းမွန်စွာ ရွှေတန်ဆောင်းအကြီးအကျယ် ဆောက်လုပ် ကိန်းဝပ် တော်မူရ၏။ ၎င်းတန်ဆောင်းက တောင်သို့အဆင်း စံကျောင်းတော် မဟာရံမြောက်ထောင့် အနီးရောက် စောင်းတန်း တန်ဆောင်းများကို လည်း မကွေးမြို့စားဝန်ကြီး, မြတောင်မြို့စား သေနတ်ဝန်ကြီး, ပုခန်း ကြီးမြို့စား ဝန်ကြီးတို့ ကြီးကြပ်ဆောက်လုပ်ရသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆွဲနှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ သည်။

* သက္ကရာဇ် (၁၂၂၁) တထောင့်နှစ်ရာ့နှစ်ဆဲ့တခု နှောင်းတန်းခူး လပြည့်ကျော် ခြောက်ရက် ဗုဒ္ဓဟူးနေ့ နေတချက်တီးကျော် ခြော်နာရီနှစ်ပါဒ်အချိန် သကြြန်ကျသည်။ ၎င်းလပြည့်ကျော် ရှစ်ရက် သောကြာနေ့ နေသုံးချက်တီးကျော် တနာရီသုံးပါဒ် အချိန်တွင် အတာနှစ်သစ် သက္ကရာဇ် (၁၂၂၂) တထောင့်နှစ်ရာ့ နှစ်ဆဲ့နှစ်ခုနှစ်သို့ တက်သည်။

## ၁၂၂၂-ခု

သက္ကရာဇ် (၁၂၂၂) တထောင့်နှစ်ရာ့နှစ်ဆဲ့နှစ်ခု ကဆုန်လဆန်း ကိုးရက် တနင်္ဂနွေနေ့ နံနက်တချက်တီးကျော် တမောင်းအချိန် မြောက်ရွှေ ရေးဆောင်မိဖုရား နန္ဒာဒေဝီတွင် သားတော်ဖွားမြင်သည်၊ ယင်းသည့် လဆန်း တဆဲ့တရက် အင်္ဂါနေ့ နံနက်လေးချက်တီးကျော် တမောင်းခန့် အချိန် သနဇရစ်ရွာစား သီရိစိတ္တာမဟေတွင် သားတော် ဖွားမြင်သည်။

ယင်းသည့်လ သားတော်စကုမင်းသား, မက္ခရာမင်းသား, ညောင်ရမ်း မင်းသား, မိုးညှင်းမင်းသား, မြင်းခုံတိုင်မင်းသား, ငရနဲမင်းသားတို့ကို သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်တော်မူမည်ဖြစ်၍ ဆရာတော် ဦးဇာဂရကို နန်းမြို့တော် တောင်ဥယျာဉ်တော်တွင် ကျောင်းတော်ဆောက် လုပ် လှူဒါန်းသီတင်းသုံးနေစေ၍ သင်္ကန်းတောင်း သာမဏေကျင့်ဝတ် များကို သင်ကြားဆုံးမစေ၏။

သက္ကရာဇ် (၁၂၂၂) တထောင့်နှစ်ရာ့ နှစ်ဆဲ့နှစ်ခု ကဆုန်လပြည့် ကျော် တဆဲ့ငါးရက် စနေနေ့ နေသုံးချက်တီးကျော်အချိန် လောင်းရှည် မိဖုရား သီရိမဟာမင်္ဂလာသုပဘာဒေဝီတွင် သမီးတော်ဖွားမြင်သည်။

ထိုနှစ် နယုန်လဆန်းတရက်နေ့ ရတနာသိဉ်မြို့စိုးရင်ဖု သီလုံးတောရ ဆရာ ရှင်စန္ဒိမာ သီတင်းသုံးနေရင်း ကျေးရွာတွင် ဘဝပြောင်းသည်ကို အမိန့်တော်နှင့် လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။

ယင်းသည့် လဆန်းတဆဲ့တရက် ဗုဒ္ဓဟူးနေ့ ညဉ့် သုံးချက်တီးကျော် လေးမောင်းခန့်အချိန် အခါတော်နှင့် ပဟိုရ်ခေါင်းလောင်းကို စ၍ သွန်း လုပ်ရသည်။

ထိုနှစ် ဝါဆိုသဆန်းခုနစ်ရက် တနင်္ဂနွေနေ့ အနောက်အရပ်က ကြယ်တံခွန်ပြသည်ကို ပညာရှိတို့က ဖုဿနက္ခတ်နှင့်ယှဉ်၍ ပြသောကြောင့် မိုးလေဖြောင့်မှန်စွာ ရွာသဖြင့် တိုင်းတပါးမှ ဆင်ကြီး မြင်းကြီး၊ သမီးကညာ, ရတနာ ဆက်သ လာရောက်မည့်အကြောင်းများနှင့် မင်္ဂလာစကား မင်္ဂလာရတု လျှောက်ထားကြသည်။

ယင်းသည့်လ မြေနန်းတော် လက်ဝဲလက်ယာ ဆောင်တွင် သတ္တိဗျတ္တိရှိသည့် သံဃာတော်၊ ဥဘတော ဝိဘင်းကုန်ပြန် အင်္ဂါသုံးဆယ်ရ–သံဃာတော် ငါး၊ ပါရာဇိကဏ်, ပါစိတ်, မဟာဝါ မဟာခန္ဓကကုန်ပြန် နှစ်ဆဲ့ကိုးအင်္ဂါလေးချပ်ရ သံဃာတော် တစ်၊ ပါရာဇိကဏ် ပါဠိတော်, ဘိက္ခုဝိဘင်း နှစ်ဆဲ့ငါးအင်္ဂါရ သံဃာတော်တစ်၊ ပါရာဇိကဏ် ဘိက္ခုနီ ဝိဘင်းပြန် ဆယ်အင်္ဂါရ သံဃာတော်တစ်၊ ဥဘတောဝိဘင်း၊ ပဌမပါရာဇိကပြန် သုံးအင်္ဂါရသံဃာတော် ငါးဆဲ့နှစ်၊ စုစုခြောက်ဆယ်တို့ စာပေသိကြားသူ-မှူးတော်မတ်တော်တို့ ကြည့်ရှု၍ စာပြန်ဆိုကြရာ စာပေသိကြားလိမ္မာသူ မှူးတော်မတ်တော်တို့ မှုလလက်ခံစာကို ကြည့်ရှုကြရမည် အမိန့်တော်ရှိ၍ ဘဝရှင်မင်းတရားကြီးဘုရား, အရှင်မိဖုရားခေါင်ကြီးဘုရား, မယ်တော်ဘုရား သုံးပါး မင်းမိဖုရားအပေါင်းတို့နှင့် ထွက်တော်မူ၍ စာနာတော်မူသည်၊ ခံဝန်ရင်းစာ တနေ့လျှင် သုံးအင်္ဂါကျ ပြန်ရသည်၊ သံဃာတော်တို့စာပြန်ကြရာ သာသနာပြုဆရာတော်, ပြည်ဆရာတော်, ပုသိန်ဆရာတော်, စံကျောင်းဆရာတော်တို့လည်း နေရာတော်ရှေ့ကနေ၍ စာကြပ်မကြရသည်။

သာသနာတော် ပွင့်လင်းစည်ပင်ရာသည်ကို ထောက်တော်မူ၍လည်း ရွှေနန်းတက်တော်မူသည့် နေ့ကစ၍ ရဟန်းတော်တို့ ဥပုသ်ပဝါရဏာကံကြီး ကံငယ် ရွက်ဆောင်ရန် နိုင်ငံတော်အတွင်း မည်သူမဆို သိမ်သမုတ်လိုသူတို့က လျှောက်ထားလျှင် မြေစားပေး၍ ဝိသုံဂါမခေတ္တသိမ်သမုတ် လှူဒါန်းစေသည်။

ယင်းသည့် လဆန်း တဆဲ့လေးရက်နေ့ သားတော် စကုမင်းသား သတိုးမင်းညွန့်၊ မကွေရာမင်းသား သတိုးမင်းထင်၊ ညောင်ရမ်း မင်းသား သတိုးမင်းခေါင်၊ မိုညှင်းမင်းသား သတိုးမင်းလှသိခ်သူ၊ မြင်းခုံတိုင် မင်းသား သတိုးမင်းလှဇေယသူ၊ ငရန်မင်းသား သတိုးမင်းလှစည်သူတို့ကို မင်းသားကြီးတို့နည်း မြေနန်းတော်တွင် အရှင်နှစ်ပါး ထွက်စံတော်မူ၍

နား‌တွင်း သျှောင်ထုံးပြီးလျှင် သာသနာတော်မြတ်အမွှေခံ ဖြစ်စေခြင်း အကျိုးငှာ သားတော်ခြောက်ပါးတို့နှင့် ကျွန်တော်မျိုးခြောက်ဆယ်တို့ကို မြေနန်းတော်ရွှေမဏ္ဍပ်ကနားဖျင်းဆောက်လုပ်ပြီးလျှင်ပွဲသဘင်ကြီးစွာနှင့် တံဆိပ်တော် ရ,မရ ဆရာတော် သံဃာတော်တို့အား ပဒေသာပင်ရေ တရာလှူဒါန်း၍ မြတ်စွာဘုရား သာသနာတော်တွင်းသို့ ရှင်သာမဏေ အဖြစ်ဖြင့် သွတ်သွင်းချီးမြှင့်တော်မူသည်၊ ယင်းသည့်နေ့ အထက်မြတ်စွာ ဘုရား သာသနာတော်တွင်းသို့ သွပ်သွင်းချီးမြှင့်သည့် သာမဏေပေါင်း နှစ်ရာ့လေးဆဲ့ငါးတို့ကိုလည်း ပဉ္စင်းအဖြစ်ဖြင့် ချီးမြှင့်တော်မူသည်။

သက္ကရာဇ်(၁၂၂၂) တထောင့်နှစ်ရာ့နှစ်ဆဲ့နှစ်ခု ဝါဆိုလပြည့်ကျော် လေးရက် သောကြာနေ့ နေသုံးချက်တီးကျော် ခြောက်နာရီတပါဒ် အချိန် ခုနစ်ရွာတိုက်စားမိဖုရားကုမ္ဘာဒေဝီတွင် သမီးတော်ဖွားမြင်သည်။

ယင်းသည့်လ သားတော် ရွှေဂူမြို့စား မင်းသားသတိုးဗညားကျန်းကို ရွှေဂူမြို့နှင့် လဲ၍ ကျပင်းမြို့၊ ကျောက်ရဲမြို့စား မင်းသား သတိုးဗညား လောကို ကျောက်ရဲမြို့နှင့်လဲ၍ ရွှေဂူမြို့၊ မြောင်လှမြို့စား မင်းသားသတိုး မင်းရဲကို မြောင်လှမြို့နှင့်လဲ၍ ဝန်းသိုမြို့၊ အလယ်နန်းတော်မိဖုရားတွင် မြင်သည့် သမီးတော်အငယ်ကို မိုးမြိတ်မြို့များကို မြို့စားပေးတော်မူသည်။

ထိုနှစ် ဝါခေါင်လဆန်းတရက်နေ့ ညီတော် အိမ်ရှေ့မင်းကို အသုံး ကံကျေးခံ ပုဂံမြို့ကို ထပ်၍ပေးတော်မူသည်။

ယင်းသည့်လဆန်းတဆဲ့တရက်နေ့ ဝန်ကြီး အတွင်းဝန်တို့နှင့် မှူးကြီး မတ်ကြီး သုံးဆယ်ကျော်, အိမ်ရှေ့မင်းအရာရှိတို့နှင့် ကျွန်တော်မျိုး လူ သုံးရာကျော်တို့ကို သစ္စာတော်တိုက်မြဲ စာတွင် ငါ့အမှုတော်ကို အစွမ်း သတ္တိ ရှိသည့်အလျောက်ထမ်း၊ ငါ့အမှုတော်ကလွဲလျှင် အိမ်ရှေ့မင်း အမှုတော်ကိုထမ်း····ထည့်သွင်းရေးသားပြီးလျှင် မြေနန်းတော်တွင် ညီ တော် အိမ်ရှေ့မင်း ကြပ်မ၍ သစ္စာတော်တိုက်ရ၏။

ဇင်းနေ့တွင် သားတော်မလွန်မင်းသား့ မြောက်သားတော် သီရိပဘာ ဝတီတွင် သမီးတော်ဖွားမြင်သည်၊ ခုနစ်ရက်ရှိလျှင်သမီးတော်လွန်သည်။ ထိုနှစ် တော်သလင်းလပြည့်ကျော်လေးရက် တနင်္လာနေ့ ညဥ့်တချက်တီး ကျော် ငါးမောင်းခန့်အချိန် မိုးနဲစော်ဘွား သမီး သီရိသုနန္ဒာမဟေတွင် သမီးတော်ဖွားမြင်သည်၊ သုံးရက်ရှိလျှင် သမီးတော်လွန်သည်။

ယင်းသည့်လ ဘေးတော်မင်းတရား တရုတ်မိဖုရားအငယ်တွင် မြင်သည့် သံတွဲမြို့စားရင်း ညောင်အုပ်မြို့စားမင်းသား ကံကုန်သည်ကို လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။

ယင်းသည့်လ ဒိဗ္ဗယင်းမြို့တွင် သီတင်းသုံးနေသည့် ရဟန်းတော် ရှင်ကေလာသ မေတ္တာရပ်ခံချက်အတိုင်း ဒိဗ္ဗယင်းမြို့ ရွာသစ်ကြီးရွာအနေဒ် ရှင်ကေလာသ တောရကျောင်းလေးမျက်နှာ တာတထောင်စီ အတွင်း သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ချမ်းသာ ပေးတော်မူသည်။

ထိုနှစ် သီတင်းကျွတ်လ တံတိုင်းရှည်ရွာစား မိဖုရားတွင် မြင်သည့် သားတော် ငရန်မြို့စားမင်းသား သတိုးမင်းလှစည်သူကို ငရန်မြို့နှင့်လဲ၍ ညောင်အုပ်မြို့ကို မြို့စားပေးတော်မူသည်။

ယင်းသည့် လဆန်း ၅ ရက်နေ့ ညဉ့် မိုးရွာသည်တွင် ရွှေမြို့တော်တောင်မျက်နှာ ကျောက်ပန်းတောင်းမြို့စား ကြီးကြပ် လုပ်ဆောင်သည့် ပြကို မိုးကြိုးကျသည်။ ၎င်းလဆန်း တဆဲ့ငါးရက်နေ့ညဉ့် မိုးကြီး သည်းစွာရွာသည်တွင် ပုခန်းဝန်ကြီးအိမ်မြောက်ဆောင်, နတ်ရှင့်ရွှေးအမှုထမ်း ငလင်းနေအိမ်, မြို့တောင်ယွန်း အမှုထမ်းတို့နေအိမ် နှစ်, နန်းမြို့တော်မြောက်ထောင့် မာရဘင်ဗိုလ်ဝင်းတွင်း အိမ်တစ်များကို မိုးကြိုးကျသည်။

တပယ်မင်းသားလက်ထပ်ခြင်း, ဗားကရာဆရာတော် ဘဝပြောင်းခြင်း
စသည်နှင့် ကုသိုလ်တော်ဘုရား ဌပနာသွင်းခြင်း

ထိုနှစ် တန်ဆောင်မုန်းလ ခမည်းတော်မင်းတရားသားတော် ပုခန်းမင်းကိုယ်လုပ်တွင်မြင်သည့် မင်းသမီးနှင့် မိထွေးတော်သား-တပယ်မြို့စား မင်းသားတို့ကို မင်းသားလတ်တို့နည်း သျှောင်ထုံး,နားတွင်း,ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဆင် မင်္ဂလာဆောင်တော်မူ၍ စုံဘက်တော်မူသည်။

ယင်းသည့် တန်ဆောင်မုန်းလ နောင်တော်မင်းတရားလက်ထက် သာသနာပြုအပ်တော်မူသည့် ပညာဇောတာဘိဓမ္မသီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-ဗားကရာဆရာတော်ကြီး သီတင်းသုံးနေရင်း အသောကာရာမတိုက်တွင် ဘဝပြောင်းသည်ကို ဘကြီးတော်မင်းတရားလက်ထက် သာသနာပြု စလင်းဆရာတော် ဘဝပြောင်းရာသင်္ဂြိုဟ်သည့်နည်း ကောင်းမွန်အောင် သင်္ဂြိုဟ်တော်မူ၏။ ၎င်းလ မြောက်ရွှေရေးဆောင် မိဖုရားသား

တော် ခုနစ်လရှယ် ကံကုန်သည်ကို မြောက်ရွှေရေးဆောင် မိဖုရားဝန် အိမ်ဝင်းအတွင်း သဂြိုဟ်ရ၏။

ထိုသက္ကရာဇ် တန်ဆောင်မုန်းလ ရွှေမြို့တော်, အမရပူရ, စစ်ကိုင်း, အင်းဝမြို့များတွင် သီတင်းသုံးနေသည့် သံဃာတော် သုံးရာ့ငါးဆယ်၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာဝိဘင်းကျမ်းကို အထက် မြေနန်းတော်တွင် ပြန်ဆိုသည့်နည်း ပြန်ဆိုတော်မူကြသည်ကို ဘဝရှင်မင်းတရားကြီးဘုရား, အရှင်မိဖုရားခေါင်ကြီးဘုရား, မယ်တော်ဘုရား သုံးပါး စာနာမြိစာနာ တော်မူသည်။

ထိုနှစ် နတ်တော်လ မြောက်ဆောင်တော် မိဖုရားအမိ အနောက် အတွင်းတော်၊သားတော်မလွန်မင်းသားအိမ်တွင် သေလွန်သည်ကို လှပ ကောင်းမွန်အောင် လုပ်ဆောင်သဂြိုဟ်ရသည်။

ယင်းသည့် နတ်တော်လ မိုးနဲကရင်လူမျိုးတို့ ထကြွ မငြိမ်မဝပ်ရှိသည် ကို အစုံအမှုထမ်း တသွေးသောက်လျှင် လူငယ် တယောက်ကျ၊ လူ တထောင်တွင် လက်ယာကြောင်း သေနတ်ဗိုလ် မဟာမင်းလှမင်းခေါင်, နေမျိုးမင်းလှမင်းခေါင်တို့ကို အုပ်ချုပ်စေ၍ အမိန့်တော်နှင့် ဝန်ထောက် မြို့သစ်မြို့စား ဆင့်ဆိုရာ နာခံထမ်းရွက်ရမည် ဆင့်ဆိုပြီးလျှင် ဝန်ထောက် မင်းကြီးမဟာမင်းထင်စည်သူကို ရှမ်းပြည် မြေလတ် မြို့ကျေးရွာများက လက်နက်ကိုင်လူ ခန့်ထားချီတက် တိုက်ခိုက်စေ၏။

ယင်းသည့် လပြည့်ကျော်မြောက်ရက် တနင်္လာနေ့ နေတချက်တီး ကျော် သုံးနာရီနှစ်ပါဒ ငါးဗိဇနာ နှစ်ပြန် တခရာအချိန်တွင် အခါ တော်အတိုင်း သီဟိုဠ်ကျွန်းတ ပင့်ဆောင်ခဲ့သည့် စွယ်တော်,ဓာတ်တော်, ရုပ်ပွားတော်များနှင့် အတူပါသည့် ဗောဓိပင်တော်ကို ဘေးတော်မင်း တရားလက်ထက် မဟာမုနိဘုရားကြီးတံတိုင်းအတွင်း စိုက်ပျိုးသည့်အခမ်း အနားနည်း ရွှေမြို့တော်တောင် ဝန်ထောက် အသည်ဝန် တိုင်တားမြို့ စား ကျောင်းတိုက်အတွင်း မဟာရံမုတ်ပေါင်းကူးသုံးထပ် လုပ်ဆောင် ပြီးလျှင် သာသနာပြုဆရာတော် မင်းညီမင်းသား မှူးတော်မတ်တော်တို့ အခမ်းအနားပါသည့်အတိုင်း စိုက်ပျိုးရသည်။

ထိုနှစ် ပြာသိုလ ကန္နီမြို့စီရင်စု ဝက်ချောင်းရွာတောင် သလွှာဝတီမြစ် ကမ်းထိပ် တောရကျောင်းက အရှေ့ကို တာတရာ, တောင်ကို တာငါးရာ, အနောက်ကို သလွှာဝတီမြစ်လယ်ကြောထက်ဝက်, မြောက်ကိုတာနှစ်ရာ,

နယ်လေးရပ်အတွင်း ခိုမှီရှိနေသည့် ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့နှင့် စစ်ကိုင်းမြို့ စီရင်စု လယ်ကြီးရွာနယ်အတွင်း ခြေတော်ရာတောင်ထိပ်မှ အရှေ့, အနောက်, တောင်, မြောက် နယ်လေးရပ် တာတဆောင်စီအတွင်းခိုမှီ ရှိနေသည့် ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ချမ်းသာ ပေးတော်မူသည်။

ထိုနှစ် တပို့တွဲလပြည့်ကျော်သုံးရက်နေ့ ဘထွေးတော် မင်းတုန်းမင်းသား ကံကုန်သည်ကို ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရားလက်ထက် ညီတော်တောင်ငူမင်းကံကုန်ရာ သင်္ဂြိုဟ်သည့်နည်းဝေါတော်နှင့် ထွက်တော်မူ၍ ဝင်းတော်အတွင်း သင်္ဂြိုဟ်တော် မူသည်။

ထိုနှစ် တပေါင်းလ ပြူကန်ရွာစား သီရိမလ္လာမဟောတွင် မြင်သည့်သားတော်သုံးနှစ်ရွယ် ကံကုန်သည်ကို နန်းမြို့တော်အနောက် တောရဆုတောင်းပြည့်ဘုရား တံတိုင်းအတွင်း မင်းညီမင်းသား မှူးတော်မတ်တော်တို့ လိုက်ပို့သင်္ဂြိုဟ်ရသည်။

ယင်းသည့် လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ နံနက်လေးချက်တီးကျော်အချိန် မြို့ရှေ့သာသနာပြုဆရာတော်ဘုရားကျောင်းသို့ ဘဝရှင်မင်းတရားကြီးဘုရား, အရှင်မိဖုရားခေါင်ကြီးနှင့်အတူ အဖူးအမြော် ထွက်တော်မူသည်၊ ယင်းသည့်လ သမီးတော်တောင်တွင်းချောင်မင်းသမီးကို တောင်တွင်းချောင်မြို့နှင့်လဲ၍ မိုင်းလုံမြို့ကို မြို့စားပေးတော်မူသည်။

ထိုနှစ် နှောင်းတန်းခူးလ မန်းကျည်းပင်စောက်ရွာစား သီရိစန္ဒာမဟောတွင် မြင်သည့်သမီးတော်ကို မိုင်းညောင်မြို့၊ သမီးတော်လယ်ကိုင်းမြို့စားမင်းသမီးကို လယ်ကိုင်းမြို့နှင့်လဲ၍ မင်းခင်းမြို့၊ ဟင်္သမော်မြို့စား မင်းသမီးကို ဟင်္သမော်မြို့နှင့်လဲ၍ ကြိုညှပ်မြို့၊ သမီးတော်-ဂုံငါးရွာစားမင်းသမီးကို ဂုံငါးရွာနှင့်လဲ၍ တောင်ငူမြို့ စီရင်စု ကျည်တောင်ရွာများကို မြို့စားရွာစား ပေးတော်မူသည်။

ယင်းသည့်လပြည့်ကျော်ကိုးရက်နေ့ ဘဝရှင်မင်းတရားကြီးဘုရား မိဖုရား ခေါင်ကြီးနှင့်အတူ မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်း ခြံရံတော်မူ၍ ရှေ့သုံးတပ် နောက်သုံးတပ် အခင်းအကျင်းများနှင့် မြို့ရှေ့ ကန်ကောက်စံနန်းတော် ဉယျာဉ်တော်သို့ ထွက်တော်မူသည်။

ယင်းသည့် လပြည့်ကျော် တဆဲ့လေးရက်နေ့ည ညဉ့်စောင့် အပြိမ့် အပျိုတော်တို့ ဆေးလိပ်က မှန်နန်းတော်ကြီး ကြမ်းကို မီးစွဲပြီး၍ သက်တော်စောင့် ဒဝယ်အမှုထမ်းတို့ သိသောကြောင့် သတ်ငြိမ်းရသည်။ တတောင်ခန့် ကျွမ်းလောင်သည်၊ ဘဝရှင်မင်းတရားကြီးဘုရား သိတော်မူ၍ မီးစွဲသည်ကို သိရင်းသူ ဒဝယ်အမှုထမ်း လူနှစ်ယောက်တို့ကို ငွေဒင်္ဂါး လေးရာ့တဆယ်စီ ပေးတော်မူသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ်စီရင်ခင်းကျင်းလှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၂၂) တထောင့်နှစ်ရာ့နှစ်ဆဲ့နှစ်ခု နှောင်းကဆုန် လဆန်းသုံးရက် ကြာသပတေးနေ့ ညဉ့်လေးချက်တီးကျော် နာရီ ပြည့် ပါဒ်ပြည့် ကိုးဗီဇနာ နှစ်ပြန် နှစ်ခရာအချိန်တွင် သင်္ကြန်ကျသည်။ ၎င်းလဆန်းခုနစ်ရက် စနေနေ့ ညဉ့်တချက်တီးကျော် သုံးနာရီပါဒ်ပြည့် ငါးဗီဇနာ နှစ်ပြန် ကိုးခရာအချိန်တွင် အတာနှစ်သစ် သက္ကရာဇ် (၁၂၂၃) တထောင့် နှစ်ရာ့နှစ်ဆဲ့သုံးခုနှစ်သို့ တက်သည်။

## ၁၂၂၃-၃

သက္ကရာဇ် (၁၂၂၃) တထောင့်နှစ်ရာ့နှစ်ဆဲ့သုံးခု ကဆုန်လ အတွင်းဝန် လောင်းရှည်မြို့စားသတိုးမင်းကြီးမဟာစည်သူကို မကွေးမြို့စား ဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှသီဟသူ, မြတောင်မြို့စားသေနတ်ဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှကျော်သူ, ပုခန်းကြီးမြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူတို့နှင့် ဖက်၍ အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်တော်မူသည်။

သက္ကရာဇ် (၁၂၂၃) တထောင့်နှစ်ရာ့နှစ်ဆဲ့သုံးခု ကဆုန်လ မဟာသမ္မတမင်းမှစ၍ မင်းကောင်းမင်းမြတ်တို့လက်ထက် ဆယ်ဘို့တဘို့အခွန်တော်ကောက်ခံမြဲ ဘုရားဟောကျမ်းဂန် ရှိသည့်အတိုင်း သင်္ဂဟတရားလေးပါးနှင့်အညီ ဆင်းရဲသား ကျွန်တော်မျိုးတို့ အဒိန္နာဒါန် အပြစ်အကုသိုလ်မှ လွတ်ကင်းရန် အကြောင်းများကို ထောက်တော်မူ၍ နိုင်ငံတော်အတွင်း ရှမ်းပြည် မြေလတ်မြို့ကျေးရွာ ကျောင်းဘုရား, ကျွန်သီး

တော်, ဝတ်မိုးဝတ်မြေများကို ချန်လှပ်၍ မည်သည့်အစုအမှုထမ်းမဆို အခွန်တော်ကောက်ခံရန်ရှိသည်များကို နိုင်ငံတော်အရှေ့မျက်နှာ မဟာမင်းလှမင်းခေါင်သီဟသူ၊တောင်မျက်နှာမဟာမင်းထင်ကျော်၊ အနောက်မျက်နှာ ပညာရှိမဟာသီရိသင်္ခယာ၊ မြောက်မျက်နှာ သစ်တောဝန်မဟာမင်းကျော်စည်သူ တို့ကို အကောက်ဝန် အခွန်ဝန် ခန့်ပြီးနောက် ကောက်ခံရန် မြို့ရွာ ဥပဒေအမှတ်အသားများကို အသေအချာ ပေးအပ်ပြီးလျှင် သဿမေဓအခွန်တော်ငွေများကို ကောက်ခံဆက်သွင်းရ၏။

ကောက်ခံဆက်သွင်းစေသည့် အမိန့်တော်ကား….ငါအရှင်ကေရာဇ်မင်းမြတ် အမိန့်တော်ရှိသည်၊ကမ္ဘာတည်ဦးကာလ ငါတို့ဘုရားအလောင်းမဟာသမ္မတမင်းအား ဇမ္ဗူဒိပ်ကျွန်းသူ လူအပေါင်းတို့ ဆယ်ဘို့တဘို့ ဆယ်ခိုင်တခိုင်ပေးဆက်ပါမည် အညီအညွတ်လျှောက်ထားကြ၍ ခရုသင်းသုံးလုံးရေဖြင့် အဘိသိက်သွန်းမြောက်ကုန်သဖြင့် မင်းအဖြစ်ယူကြောင်းကို ကျမ်းဂန် လာရှိသည့် အတိုင်း တိုင်းနေပြည်သူ လူအပေါင်း တို့က ဆယ်ဘို့တဘို့ ဆယ်ခိုင်တခိုင် အခွန်တော်ပေးဆက်သည်ကို ခံယူခြင်းသည် ဘူမိပါလဖြစ်သော ကေရာဇ်မင်းမြတ်တို့ ကျင့်ဆောင်မြဲ ရာဇဓမ္မသင်္ဂဟတရားမူလအစစ် ဖြစ်သည်ကို ထောက်၍ ငါအရှင်ကေရာဇ် မင်းမြတ်သည်လည်း ရှေးဘုရားအလောင်း မင်းကောင်းမင်းမြတ် တို့ကဲ့သို့ တရားနှင့်အညီ တိုင်းပြည်နိုင်ငံအလုံးကို သိမ်းမြန်းအုပ်ချုပ် စိုးစံတော်မူသည့် သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်ဖြစ်တော်မူသည့်အတိုင်း နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ကျေးရွာများက ဆက်သွင်းသည့်အခွန်ဘဏ္ဍာတော်များမှာ ပေးဆက်ရိုးထုံးစံအတိုင်း ဆယ်ဘို့တဘို့ ဆယ်ခိုင်တခိုင်သာ အဆက်အသခံတော်မူလိုသည့် သမ္မာဆန္ဒ ရှိတော်မူသည်။ နောက်-နှစ်ကာလရှည်ကြာ၍ ဆယ်ဘို့ဘဘို့ ဆယ်ခိုင်တခိုင်မကျ ပိုမိုတိုးပွား ဆက်သကြသည်များကို ရွှေနှလုံးတော်မြတ် နှစ်သက်တော်မမူ၊ထုံးစံဆိုသည့်အရာလည်း တရားနှင့်အညီ အစဉ်အဆက်လာသည့် ထုံးစံကိုသာလိုက်၍ ကျင့်ဆောင်မှ ပစ္စုပ္ပန် သံသရာ အကျိုးနှစ်ပါး ပွားများလျက်ပြည်သူသတ္တဝါအပေါင်းတို့ ချမ်းသာခြင်းအကြောင်းဖြစ်သည်ကို ထော်တော်မူ၍ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ကျေးရွာများမှာ မြေရေအသီးအခွန်,ဆိပ်,တည်,ပွဲ,ကင်း,ကူးတို့, မြို့ရွာအခွန်, ကွမ်းဘိုးမှစ၍ ကောက်ခံမြဲရှိသည်များကို ဆယ်ဘို့တဘို့ ဆယ်ခိုင်တခိုင်ကျသာ ကောက်ခံ ဆက်သွင်းစေ၊ အပိုအမို ကောက်ရိုးကောက်စဉ် ရှိသည်ဆို၍ မကောက်မခံ

မဆက်မသွင်းစေနှင့်၊ ဆယ်ဘို့တဘို့ ဆယ်ခိုင်တခိုင် သင့်ပြင် ရွှေလက်ထက်တော် ဝိုမိုကောက်ခံရှိလျှင် ကုန်စင်အောင်သိမ်း၍ နိုင်နင်းအောင်ဖြစ်။ ဝန်တို့မှာ-ငါ့အရှင်ကေရာဇ်မင်းမြတ် ကျေးဇူးသစ္စာတော်မြတ် ရှိသည့်အတိုင်း အခွန်ဘဏ္ဍာတော် ကောက်ခံဆက်သွင်းရန် ရှိသည်များကို ရှေးကမ္ဘာဦး မဟာသမ္မတမင်းမှစ၍ မင်းကောင်းမင်းမြတ်တို့ ခံယူသည့် ထုံးစံနှင့်အညီ မှန်ကန်ညီညွတ် ဆက်သွင်းရိုးဥပဒေကျအောင် ဆင့်ဆိုစီရင်····အမိန့်တော်အတိုင်း နိုင်ငံတော်လေးမျက်နှာကို ဥပဒေ မှတ်သားချက်များနှင့် စေလွှတ်ကောက်ခံရ၏။

ထိုနှစ် နယုန်လဆန်းကိုးရက် သားတော် မလွန်မင်းသား မြောက်သားတော်တွင် မြင်သည့် သားတော်ကံကုန်သည်။ ယင်းသည့် လဆန်းတဆဲ့နှစ်ရက် တနင်္လာနေ့ မြေနန်းတော် အရှေ့မြောက် နန်းမြို့တော်အတွင်း ယာယီစံနန်းတော်ဆောက်လုပ်၍ စံနေတော်မူသည်။

ဂုဏ်းနေ့ ညဉ့်လေးချက်တီးကျော်အချိန်ကစ၍ ဒုတိယ ဝါဆိုလပြည့်ကျော်ကိုးရက် အင်္ဂါနေ့တိုင် အနောက်မြောက်ထောင့်အရပ်က ကြယ်တံခွန်ပြသည်။ ယင်းသည့်အကြောင်းအရာများကို ပညာရှိတို့က တိုင်းပြည်နိုင်ငံ ငြိမ်ဝပ်ချမ်းမြေ့ သာယာစည်ပင်မည့် အကြောင်းများနှင့် မင်္ဂလာစကား မင်္ဂလာရတု လျှောက်ထားကြသည်။

ယင်းသည့်လ လောင်းရှည်မိဖုရား သီရိမင်္ဂလာသုပဘာဒေဝီတွင် မြင်သည့် သမီးတော်ကို ငရန်မြို့၊ ခုနစ်ရွာမိဖုရား ကုမ္ဗာဒေဝီတွင် မြင်သည့် သားတော်ကို ခေါ်သန့်မြို့၊ သက်ပန်းရွာစားတွင်မြင်သည့် သားတော်ကို ပေါက်မြိုင်မြို့၊ လှိုင်ကျွန်းစား သီရိစိတ္တာမဟေတွင်မြင်သည့် သမီးတော် ထရုံကာမြို့စား မင်းသမီးကို ထရုံကာမြို့နှင့်လဲ၍ ဟင်္သမော်မြို့၊ မြောက်ဆောင်တော်မိဖုရား ပဘာဒေဝီတွင်မြင်သည့် သားတော်ကို ထရုံကာမြို့များကို မြို့စားပေးတော်မူသည်။

ယင်းသည့်လ ဗိုလ်မှူးမင်းသား ခေါင်တုန်းမြို့စား သတိုးမင်းရဲသီဟသူကို မင်းသားကြီးနေရာ အဆောင်အရွက်များကို ပေးတော်မူသည်။ ယင်းသည့်လ မကွေးမြို့နယ်တွင် အင်းကြီးခေါ်အင်းတွင်ရှိနေသည့် ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးတော်မူသည်။

နန်းမြို့တော်အတွင်း မြေနန်းတော်အရှေ့မြောက်ယွန်း စံနန်းတော်တွင် စံနေတော်မူစဉ် သက္ကရာဇ် (၁၂၂၃) တထောင့်နှစ်ရာ့နှစ်ဆဲ့သုံးခု ပဥ္စမ

ဝါဆိုလဆန်း တရက် သောကြာနေ့ ညဥ့်တချက်တီးကျော်အချိန် အလယ်နန်းတော် မိဖုရားက သားတော်ဖွားမြင်သည်ကို ၎င်းလဆန်း တဆဲ့လေးရက် ကြာသပတေးနေ့ နေ့တချက်တီးကျော် နှစ်ပါဒ်အချိန် အခမ်းအနားအခင်းအကျင်းနှင့် သားတော်ကို ပုခက်တင်မင်္ဂလာ ဆောင်တော်မူသည်။

ထိုနှစ် ဒုတိယဝါဆိုလဆန်း တရက်နေ့ နေ့တချက်တီးကျော် အချိန်သောင်သွပ်စော်ဘွားက ထူးမြတ်သည့်ဆင်တော်ဆက်သည်ကိုတကောင်းမြို့ကဆက်သည့် ဆင်တော်ကို ကြိုယူသည့်နည်း ကြိုယူဆက်သွင်းရသည်။

၎င်းလဆန်းနှစ်ရက် တနင်္လာနေ့ နေ့ကြတ်သည်။ ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား နှစ်ပါး နေ့ကြတ်သကြီ်န် ခေါ်တော်မူသည်။ ၎င်းလ မြဲဘဏ္ဍာ,ခတ္တိယ, ဘိသျှ, သုဒ္ဒိယ, ပုဏ္ဏားလေးမျိုး ရှစ်ရာငါးဆယ်ကျော်တို့ကို ခေါင်းပေါင်းအုပ်, ပိတ်အုပ်, ပုဆိုး,ငွေ, အထိုက်အလိုက် ပေးကမ်းတော်မူသည်။

ထိုနှစ် ဒုတိယဝါဆိုလဆန်း တဆဲ့သုံးရက်နေ့နံနက် မြောက်နန်းတော်မိဖုရားက ရွှေမြို့တော်မြောက်မျက်နှာ မန္တလေးတောင်ခြေ အနီးတွင် ရွှေမြို့တော်ကြီး ခုနစ်ဌာနအဝင် ဿိမ်, သုဓမ္မာစရပ် ဆောက်လုပ်ပြီးပြေသည်ကို ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား, အရှင်မိဖုရားခေါင်ကြီးဘုရားနှစ်ပါးထွက်တော်မူ၍ ရေစက်သွန်းတော်မူသည်။

ယင်းသည့်လ လောင်းရှည်မိဖုရားတွင်မြင်သည့် သမီးတော် မိုင်းကိုင်းမြို့စား မင်းသမီး ရှစ်နှစ်ရွယ် ကံကုန်သည်ကို ပုဉ်ရွှေဗုဒ္ဓန်ဆီမွှမ်း, ထီးဖြူနှစ်ချက် အုပ်မိုးပြီးလျှင် အလောင်းတော်ကို ချဆောင်ရ၏၊ အဆောင်အရွက် မခင်းမကျင်းရ သင်းချိုင်းတော်တွင် မြေနှံသင်္ဂြိုဟ်ရသည်။

ယင်းသည့် လပြည့်ကျော်ဆယ်ရက်နေ့ည ရွှေမြို့တော် တောင်မျက်နှာတရပ်တန်း တရပ်ငရွှေလှအိမ်ကစ၍ မီးလောင်ရာ လေးအိမ်ခန့် ကျွမ်းလောင်သည်၊ ၎င်းမီးစစ်ချက်ကို လျှောက်ထားသည်တွင် မီးလောင်၍အိမ်ရှင်မထွက်မပြေး ရှိသူတို့မှာ မှုခင်း မရှိစေနှင့်-အမိန့်တော်အတိုင်းမှုခင်းမရှိ လွတ်ငြိမ်းချမ်းသာစွာ နေထိုင်ရ၏။

ထိုနှစ် ဝါခေါင်လ အမရပူရမြို့အနောက် သာယာကုန်း ရွှေတံငါစု တောင်ရပ်ကျောင်းတိုက်နေ ရဟန်းဦးညွှန်းနှင့် လမ္ဗူးမြင်းစီးသား

ရှိး၊ ရွှေမြို့တော်နောက်ပြင်ဈေးကြိုရပ်နေ ပသီလူမျိုး ငရွှေညိုတို့ ကိုယ်နှင့်မတန် စကားအကြီးအကျယ်ပြောဆိုသည်ကို စစ်မေးမည် ဖမ်းဆီးရာ ရှိးထွက်ပြေး၍ ရဟန်းဦးညွှန်းအဖြောင့်အမှန် အစစ်ခံပြီးလျှင် ရဟန်းဦးညွှန်းက ရဟန်းလုပ်၍အကုသိုလ်တရားပွားများမည်သာဖြစ်တော့သည် သိက္ခာချ၍ လူဝတ်လဲပြီးလျှင် ရာဇဝတ်ပေးရာခံပါမည်၊ ဆရာတော် သံဃာတော်တို့ရှေ့ ထွက်ဆိုချက်အတိုင်း ရဟန်းဦးညွှန်းကို လူဝတ်လဲစေပြီးလျှင် အကျဉ်းချုပ်ထားရ၏။

ထိုနှစ် သီတင်းကျွတ်လဆန်းတရက်နေ့ ရွှေနန်းတော်အဆောင်တော်များမှာ သံဃာတော်ရှစ်ပါးစီပင့်၍ ပရိတ်ရွတ်ပြီးလျှင် ၎င်းလဆန်းသုံးရက်နေ့ ရွှေနန်းတော်သို့ တက်တော်မူ၏။

ထိုသက္ကရာဇ်အတွင်း တိုက်ကျန်ဆယ်ရွာစီရင်စု နှံ့ဘဲကြူးရွာပတ်လည် အင်းဆယ်အင်း၊ အဝမြို့စီရင်စု ဆင်တဲငါးရွာအတွင်း အင်းငါးအင်း၊ အလုံမြို့နယ် အတွင်း လှေကူးရွာ, ညောင်ပင်စောက်ရွာရှိ အင်းငါးအင်းများနှင့် ကျောက်ဆောက်မြို့ စီရင်စု ပဗ္ဗတာရာမကျောင်းတိုက် စကားမြို့နယ်တွင်း ကျောင်းတိုက်ဆယ်တိုက်၊ ရွှေပြည်ရန်အောင်နယ်တွင်း မြင်းကပါကျောင်းတိုက်များမှာခိုမှီရှိနေသည့်ရေပိုးရေမွှားသားငါးတိရစ္ဆာန်တို့ကို အမိန့်တော်နှင့် နယ်လေးရပ် ရှစ်ရပ် သတ်မှတ်၍ ဘေးမဲ့ချမ်းသာပေးတော်မူ၏။

ယင်းသည့် သီတင်းကျွတ်လဆန်းဆယ်ရက်နေ့ ရွှေမြို့တော်ကြီးအရှေ့မြောက်ယွန်း မြို့တော်ခုနစ်ဌာနအဝင် တည်လုပ်တော်မူသည့် စေတီတော်ကြီးကို ပဌမဌပနာသွင်းရန် ဓာတ်တော်, မွေးတော်, ရုပ်ပွားဆင်းတုတော်, ကျောက်အက္ခရာရေး ဓမ္မစေတီတော်, ရဟန္တာ ရုပ်တုတော်, သတ္တဌာနမှစ၍ မင်းရုပ်တုတော် အခမ်းအနား ပါသည်များကို မင်းညီမင်းသား ဝန်ကြီး အတွင်းဝန် မှူးတော်မတ်တော် သူဌေး သူကြွယ်တို့ ဗောင်းဝတ်လုံ့စလွယ်ဘွဲ့ဖြူ ဆင်ယင်၍ ပွဲသဘင်စုံများနှင့် မြောက်စမုတ်တော်သို့ သွင်းပြရာ ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရား နှစ်ပါး ကြည့်ရှုတော်မူပြီးလျှင် အကြီးတော် မင်းတရား, ခမည်းတော် မင်းတရားတို့လက်ထက် မဟာဝိဇယရံသီ စေတီတော်,လောကမဏိစူဠာ စေတီတော်များမှာ ဌပနာသွင်းသည့် အခမ်းအနားနည်း သက္ကရာဇ် (၁၂၂၃) တထောင့်နှစ်ရာ့နှစ်ဆဲ့သုံးခု သီတင်းကျွတ်လဆန်း တဆဲ့လေး

ရက် ကြာသပတေးနေ့ နေ နှစ်ချက်တီးကျော်အချိန် အမြောက်သံကြား အခါတော်နှင့် ပဌမဌပနာ သွင်းတော်မူသည်။

ယင်းသည့်လဆန်း တဆဲ့နှစ်ရက်နေ့ ကလေးစော်ဘွားမောရိယမဟာ ဝံသရာဇာက ထူးမြတ်သည့်ဆင်တော်အဆက်အသရောက်သည်ကို ကြိုယူ မြဲ ကြိုယူဆက်သွင်းရသည်။

ထိုနှစ် တန်ဆောင်မုန်းလ ဉာဏာဘိဝံသဓမ္မသေနာပတိ ဝရမ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု-တံဆိပ်တော်ရ ညောင်ကန်ဆရာတော်ဘဝပြောင်းရာ တံဆိပ်ရ ဆရာတော်ကြီးတို့ကို သင်္ဂြိုဟ်သည့်နည်း သင်္ဂြိုဟ်တော်မူ၏။

### တောင်ပိုင်စော်ဘွား ထကြွခြင်း, မိုးကောင်းမင်းသား ကံကုန်ခြင်း စသည်နှင့် သုံးဆယ်မင်းသား လက်ထပ်ခြင်း

ထိုသက္ကရာဇ် တန်ဆောင်မုန်းလ တောင်ပိုင်မြို့ စော်ဘွားခွန်သာ ရိုင်းပျံ့ဆိုးသွမ်း၍ တောင်ပိုင်မြို့ အနီးအပါး မြို့ ကျေးရွာများကို တိုက် ဖျက် မီးရှို့ပြီးလျှင် တောင်ပိုင် တောင်ထိပ် တောင်အောက် ကျေးရွာများ က အခိုင်အလုံ စွဲရပ်ရှိနေကြောင်းများနှင့် တောင်ပိုင်မြို့အမတ် သီပေါ စော်ဘွားတို့က လျှောက်ထား၍ ရွှေးလက်ဝဲဗိုလ် မဟာမင်းခေါင်ကျော် ထင်တတပ်၊ အတ္တပတ်မြင်းဝန် တတပ်၊ သီပေါစော်ဘွားတတပ်၊ တပ်ပေါ အစုအမှုထမ်း လူငါးရာ၊ သီပေါစော်ဘွားနှင့် သီပေါမြို့, မိုင်းလုံမြို့, သုံးဆယ်မြို့ လက်နက်ကိုင် လူနှစ်ထောင်ကျော်တို့ကို ချီတက်တိုက်ခိုက် စေရာ သင်းတို့မရပ်မခံနိုင် ထွက်ပြေး၍ ခွန်သာကို လက်နက်တော် ထိခိုက်သေဆုံးသည်၊ အလောင်းကို ကချင်တို့မြှုပ်ထားရာ ဆုလာဘ် များစွာပေး၍ဆောင်ယူစေပြီးလျှင် ခွန်သာကိုသိသူ လူအများ ကြည့်ရှု စေရာ ခွန်သာဟုတ်ကြောင်းကို အတပ်အရာသိ၍ တောင်ပိုင် အရေး တော်ငြိမ်းကြောင်းကို ရွှေဘဝါးတော်အောက် လျှောက်ထားလာသည်။ ချီတက်စေသည့် အမှုထမ်း ရဲမက်တော် များကိုလည်း ရွှေဘဝါးတော် အောက် ခေါ်တော်မူသည်။

ငင်းလ အလယ်နန်းတော်မိဖုရားတွင်မြင်သည့် သားတော် ခြောက်နှစ် ရှယ်မိုးကောင်းမင်းသားကံကုန်ရာ ပျဉ်ရွှေဗုဇွန်ခွဲမွမ်း ကျောက်စီ အတွင်း ရွှေပိန်းချ ထီးဖြူရှစ်ချက်မိုးပြီးလျှင် မြောက်ဉယျာဉ်တော်အတွင်း နန်း မြို့ရိုးနားတွင် အုတ်ဂူပြာသာဒ်တည်လုပ်သင်္ဂြိုဟ်တော်မူသည်။

ထိုနှစ်နတ်တော်လ ဉတ္တမာဘိသီလာလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု-ပတူးဆရာတော်သည် ပုခန်းကြီးမြို့ကျေးပတူးရွာတွင် ဘဝ ပြောင်းသည်ကို သာသနာပြု စလင်း ဆရာတော်နည်း ပုခန်းကြီးမြို့စား ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှစည်သူသွား၍ ကောင်းမွန်အောင်လုပ် ဆောင်သင်္ဂြိုဟ်ရသည်။ ထိုသက္ကရာဇ် ပြာသိုလဆန်းတဆဲ့သုံးရက်နေ့ အိမ်ရှေ့မင်း သား-မောင်သန့်ကို တိုင်တားမြို့ကို မြို့စားပေးတော်မူသည်။

ထိုသက္ကရာဇ် တပေါင်းလအတွင်း သာသနာကိန်းခန်း, စံနည်း, တံဘောင်, သိုက်, ဓာတ်, နိမိတ်, ကျမ်းဂန်အထွက်အရှိများနှင့် မန္တလေး ရတနာပုံမြို့တော် ရွှေနန်းတော် ခုနစ်ဌာနမှစ၍ အလုံးစုံ အခမ်းအနား လုပ်ဆောင်ပြီးပြေသည်ကို ရွှေမြို့တော်ကြီး၏ ဆင်ခြေဖုံးကျေးရွာ နယ်နိမိတ် ပိုင်းခြားသတ်မှတ်သင့်သည့်အတိုင်း သတ်မှတ်သည်ကား....

အရှေ့တောင်ထောင့်အလား ရွှေစာရံဘုရားအရှေ့ သမ္ဘူရာချောင်း မြစ်ငယ်အဆုံ မြစ်ငယ် မြောက်ဖက်ကမ်းထိ၊ တဖက်မက္ခရာမြို့နယ်မြေနှင့် အခြား။

၎င်းက အနောက်မြစ်ငယ်ကောက်ကောက်စင်းစင်း မြောက်ဖက်ကမ်း ရေစကိုလျှောက်၍ ရွှေမြို့တော်အနောက်တောင်ထောင့်မြစ်ငယ်ရောဝတီ အဆုံ မြစ်ငယ်မြောက်ဖက်ကမ်းထိ။

၎င်းကမြောက်ကိုရွှေကြက်ကျဘုရားရောက် ရောဝတီကောက်ကောက် စင်းစင်း အရှေ့ကမ်းဘက်ကို လျှောက်ပြီးလျှင် ပြည်လုံးအံ့ လှော်ကား တော်စားကျွန်း, ယည်တော်ကျွန်း, ရှမ်းကလေးကျွန်း, ကုန်းသာကျွန်း အနောက်ဖက် ရေစကိုလျှောက်ပြီးလျှင် ရောဝတီအရှေ့ဘက်ကမ်း လှိုင်ကျွန်းထိ။

၎င်းက မြောက်ကိုရောဝတီအရှေ့ဘက်ကမ်းကောက်ကောက်စင်းစင်း ကိုလျှောက်၍ ရွှေမြို့တော်အနောက်မြောက်ထောင့် ရောဝတီမြစ်, မတ္တရာမြစ်, နတ်ပေါက်အဆုံ ပိဝမြောက်ရွာ တဖက် စဉ့်ကူးမြို့နယ်မြေ အခြား။

၎င်းက အရှေ့ကို မတ္တရာမြစ်နတ်ပေါက် တောင်ဘက်ကမ်း ကောက်ကောက်စင်းစင်း မတ္တရာကျော်စဉ် တိုက်နယ်မြေနှင့် စဉ့်ကူးနယ်မြေ အခြားကို လျှောက်၍ ရွှေမြို့တော်က အရှေ့မြောက်ထောင့်မတ္တရာမြို့နယ် ကုန် ညောင်ချောင်းရွာထိ မတ္တရာကျော်စဉ်တိုက် စဉ့်ကူးမြို့, သုံးဆယ်

မြို့, လေးမြို့ရောက် နယ်လေးရပ်ရှစ်ရပ် သတ်မှတ်သည့်အတွင်း မန္တလေး ရတနာပုံရွှေမြို့တော်ကြီး ဆင်ခြေဖုံးနယ်မြေသမုတ်ပြဌာန်းတော်မူသည်။ သမုတ်ပြဌာန်းသည့် နယ်မြေအတွင်း သား၊ ငှက် တိရစ္ဆာန် တို့ကို အပစ် အခတ် အသတ်အညှစ် အဖမ်းအဆီးမရှိစေရ ဘေးမဲ့ပေးတော်မူသည်၊ ဘေးမဲ့ပေးတော်မူသည့် နယ်မြေကို ကျောက်တိုင်စိုက်မှတ်စေ၍ ပုံစံကို လည်း ဆက်သွင်းရ၏။

သက္ကရာဇ် (၁၂၂၃) တဆောင့်နှစ်ရှဉ့်နှစ်ဆဲ့သုံးခု တပေါင်းလ ညီ ဘော်အိမ်ရှေ့မင်း သီရိပဝရ မဟာသုဓမ္မရာဇာသားသမီးတို့ကို နားထွင်း, သျှောင်ထုံး, ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဆင် မင်္ဂလာဆောင်တော် မူမည်ကို သမီးတော် စမ္ဘာယနဂိုရ်မင်းသမီး သုသီရိကဥ္စနဒေဝီကို ဘေး တော် မင်းတရား လက်ထက် ဘိုးတော် အိမ်ရှေ့မင်းသမီး တောင်ကြီး မင်းသမီးနည်း၊ အမတော် တောင်ညိုမြို့စားကို ခမည်းတော်မင်းတရား လက်ထက် တောင်သာမင်းသမီးနည်း၊ ညီမတော်မယ်အို, မယ်ထွေးမြင့်, မယ်ဦးစွန်းတို့မှာ ညောင်အုပ် မင်းသမီးနည်း၊ အိမ်ရှေ့မင်းသားတော် မောင်သန့်မှာ ဘေးတော် မင်းတရား လက်ထက် ကနောင် မင်းသား နည်း၊ မောင်သက်, မောင်မြင့်, မောင်ဖြူ တို့မှာ ဘေးတော် မင်းတရား လက်ထက် မင်းရဲ သီဟကျော်, မင်းရဲ မင်းလှငယ်တို့နည်း အမိန့်တော် နှင့် နားထွင်း သျှောင်ထုံး အခမ်းအနားကို အိမ်ရှေ့တော်တွင် လုပ် ဆောင်ပြီးလျှင် ဘုရားအမျှုးရှိသော တံဆိပ်တော်ရ ဆရာတော် သံဃာ တော် အရညဝါသီပုဂ္ဂိုလ် တရာတို့အား သီးမျိုးစုံ ပဒေသာပင် တရာ့ တစ်များနှင့်တကွ လှူဒါန်းတော်မူရာ ငင်းလဆန်းကိုးရက်နေ့ မယ်တော် ဘုရား, အရှင်နန်းမတော်ဘုရား, အလယ်နန်းတော်, မြောက်နန်းတော်တို့ ပရိတ်နာ၊ ငင်းလဆန်းဆယ်ရက်နေ့လည်း တရားနာ ထွက်တော်မူသည်။ ငင်းလဆန်း တဆဲ့တရက်နေ့ နားထွင်း,သျှောင်ထုံး အခမ်းအနားတွင် ယော်တော်ဘုရား, အရှင်နန်းမတော်ဘုရားတို့ထွက်တော်မူသည်၊ ပွဲသဘင် ကြီးစွာရက်လည်အောင် နေ့ညခံရ၏။

ထိုနှစ်အတွင်း ရွှေမြို့တော်ခုနစ်ဌာနအဝင် ကုသိုလ်တော်စေတီတော် ကြီး ဒုတိယဌပနာတိုက် ပြီးပြေသည်ကို ရွှေသားကျောက်စီ စေတီတော် တဆဲ့လေး ရွှေသားစေတီတော်ခြောက်၊ မိုးကြိုးစေတီတော် တစ်၊ ငွေ စေတီတော်သေး၊ ပုလဲအဆင်းဓာတ်တော် ခြောက်၊ ချယားစေ့အဆင်း ဓာတ်တော် နှစ်ဆဲ့ခြောက်၊ ကနကမန်ကြုတ်နှင့် ထည့်ပြီးလျှင် သီဟိုဠ်

ရောက်ဖွယ်တော်နှစ်၊ ဗောဓိရွက်ထည့် ငွေသေတ္တာတစ်များကို ရွှေနန်းတော်က မင်းညီမင်းသား မှူးတော်မတ်တော် သူဌေးသူကြွယ် စုရေးစုကိုင်တို့ သနားတော်မြတ်ခံရသည့် ဗောင်းနားဒေါင်း ဝတ်လုံဆင်ယင်၍ စေတီတော်ရောက် ပင့်ဆောင်ပြီးလျှင် ယင်းသည့် တပေါင်းလပြည့်ကျော်တရက် စနေနေ့ နေတချက်တီးကျော်အချိန် အခါတော်ရောက်သည့်ကာလ အမြောက်သံကြားသည်နှင့်တပြိုင်နက် ဒုတိယ ဌပနာသွင်းတော်မူသည်။

ဋင်းလ စေဥ္စကူးမြို့ ရွှေမာလဲဘုရားစေတီတော် ရွှေ ပျက်စီးယိုယွင်းသည်ကို ရွှေမာလဲကျောက်တိုင်အတွင်း ဆယ်ဘိုတဘို အခွန်တော်စပါးငါးရာကျော် အတိုးကို ရွှေဆိုင်းဝယ်ယူ၍ စေဥ္စကူးမြို့ဝန်, မြို့သူကြီး,ရွှေမာလဲဘုရား အရံစောင့်အကြီးတို့ကို ကောင်းမွန်စွာ မွမ်းမံ ချလုပ်စေသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၂၃) တထောင့်နှစ်ရာ့နှစ်ဆဲ့သုံးခု နှောင်းတန်းခူးလဆန်း တဆဲ့သုံးရက်နေ့ ညဥ္စနှစ်ချက်တီးကျော် တဆဲ့လေးရက်စနေနေ့သို့အဝင် နာရီပြည့် နှစ်ပါဒ် ဆယ်ဗိဇနာ အချိန်တွင်သင်္ကြန်ကျသည်။ ဋင်းလဆန်း တဆဲ့ငါးရက်နေ့ ညဥ္စသုံးချက်တီးကျော် လပြည့်ကျော်တရက် တနင်္လာနေ့သို့အဝင် သုံးနာရီပါဒ်ပြည့် ခြောက်ဗိဇနာအချိန်တွင်အတာနှစ်သစ် သက္ကရာဇ်(၁၂၂၄) တထောင့်နှစ်ရာ့နှစ်ဆဲ့လေးခုနှစ်သို့ တက်၏။

## ၁၂၂၄-ခု

သက္ကရာဇ် (၁၂၂၄) တထောင့်နှစ်ရာ့နှစ်ဆဲ့လေးခု ကဆုန်လ သမီးတော် အင်တောက်သာမြို့စား မင်းသမီးကို အင်တောက်သာမြို့နှင့် လဲ၍ကွပ်ရွာတောင်ပြီးမြို့ကို မြို့စားပေးတော်မူသည်။

ယင်းသည့် ကဆုန်လဆန်း တဆဲ့လေးရက်နေ့ ပြည်မင့်သား-မြင်းမူးမင်းသား မောင်တုတ်ကို မင်းရဲသီရိရာဇာ၊ လှိုင်းတက်မင်းသာ့-သားမြင်းမှူးမင်းသား မောင်ခင်ကို မင်းရဲမင်းလှစည်သူ၊ ဋင်းညီ မြင်းမှူးမင်း

သား မောင်ဘိုးလှကို မင်းရဲမင်းလှသီဟသူ၊ ၎င်းညီ မြင်းမှူးမင်းသား မောင်ဘဲကို မင်းရဲမင်းထင်သီဟသူ၊ ကောလင်းမင်းသား-မြေး မြင်းမှူး မင်းသား မောင်သက်တင်ကို မင်းရဲသီဟ၊ ပြင်စည်မင်းသား-သား မောင် ဝင့်ကို မင်းရဲသန်ယာ၊ မက္ခရာမင်းသား-သား မြင်းမှူးမင်းသား မောင်ယုန် ဖြူကို မင်းရဲရာဇာ၊ ၎င်းညီ မြင်းမှူးမင်းသား မောင်သက်ကို မင်းရဲကျော် ထင် ဟူသော ဘွဲ့များကို ပေးသနားတော်မူသည်။

၎င်းနှစ် နယုန်လပြည့်ကျော်သုံးရက်နေ့ ခန္တီးစော်ဘွားဆက် သမီး ကညာ သီရိသုအာသာ အနောက်အတွင်းတော်တွင် သေလွန်သည်ကို လှပအောင် လုပ်ဆောင်သင်္ဂြိုဟ်ရသည်။

ယင်းသည့် လပြည့်ကျော်လေးရက်နေ့ သားတော် သုံးဆယ်မင်းသား မဟာသုသီရိဓမ္မရာဇာနှင့် ညီတော်အိမ်ရှေ့မင်းသမီး ရန်အောင်မြင်မြို့ စား သီရိစိတ္တာဝတီကို သားတော်မလွန်မင်းသားနှင့် အိမ်ရှေ့မင်းသမီး ဆားလင်းကြီးမင်းသမီးတို့ကို လက်ထပ်သည့် အခမ်းအနားနည်း မယ် တော်ဝန်အိမ်ဝင်းအတွင်း လက်ထပ်အိမ်တော် ဆောက်လုပ်၍ မင်းသမီး ကို နားထွင်း, ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဆင်, မင်္ဂလာဆောင်တော်မူ ပြီးလျှင် ရေသွန်းလက်ထပ်တော်မူသည်။

### သုဓမ္မာဆရာတော် ရှစ်ပါးထားခြင်းမှစ၍ မြို့ရှေ့ဥယျာဉ်တော်သို့ ထွက်တော်မူသည်ထိအကြောင်းများ

ထိုနှစ် ဝါဆိုလ မြတ်စွာဘုရား သာသနာတော်မြတ် အရောင်အဝါ အတိုင်းထက်အလွန် စည်ပင်ပွင့်လင်း ထွန်းပစေခြင်းငှာ ပရိယတ္တိ ပဋိ ပတ္တိအရာ၌ သတ္တိဗျတ္တိရှိသည့် စာကြည့်တံဆိပ်တော်ရ ဂိုဏ်းကတ်မဆရာ တော်ရှစ်ပါးကို သာသနာပြုဆရာတော် အဆုံးအမကို ခံစေ၍ သံဃာ ကိစ္စ ကံကြီးကံငယ် ဆုံးမစီရင်ရန် ရှိသည်များကို သုဓမ္မာ စရပ်တော်မှာ စည်းဝေးပြီးလျှင် စီရင်ရမည်-အကြောင်းအရာ အမိန့်တော်ကို ရတနာပုံ ရွှေမြို့တော်,အမရပူရမြို့တော်ရှိ တိုက်အုပ်ဆရာတော်တို့ကိုပင့်၍ သုဓမ္မာ စရပ်တွင် ဖတ်နာစေရာ တပါးလျှင်ဗိတ်အုပ်, ဖယောင်းတိုင်,သင်တုန်း, မျက်မှန်-တစ်စီကျ လှူတော်မူသည်။

ယင်းသည့် ဝါဆိုလ ရွှေမြို့တော်ကြီး ခုနစ်ဌာနအဝင် မဟာရံတံတိုင်း သုံးထပ်နှင့်တကွ ဘိနပ်အခင်း အချင်းပမာဏ သံဘောင်ခြောက်ဆဲ့ငါး

တောင်, ရပ်တော်ပမာဏ သံတောင် ငါးဆဲ့တတောင့် တမိုက်လေးသစ် ရှိသော စေတီတော် အုတ်ရိုးအင်္ဂတေ ပြီးပြေသည်ကို ၎င်းလပြည့်ကျော် ကိုးရက်နေ့ နေတချက်တီးကျော် ငါးမောင်းအချိန် ဝန်ကြီး,အတွင်းဝန်, မှူးတော်မတ်တော်, စုရှင်ငန်းရှင်, ဝန်စုမိုလ်စုတို့ အခါတော်အတိုင်း အမြောက်သံကြား၍ ပွဲသဘင်စုံနှင့် ရွှေထီးအထွတ်တင်လှူတော်မူပြီးလျှင် မဟာလောကမာရဇိန်–ကမ္ဘည်းတပ်တော်မူသည်။

မဟာလောကမာရဇိန် ဘုရား တောင်မျက်နှာ, အနောက်မျက်နှာ, မြောက်မျက်နှာ မဟာရံ တံတိုင်း သုံးထပ်ပြင် မှူးတော် မတ်တော်တို့ကို ငွေတော်ထုတ်ပေး၍ အုတ်စရပ်ပေါင်း သုံးဆဲ့ခြောက်ကိုလည်း အသီး အသီး ကြီးကြပ်လုပ်ဆောင်စေရသည်။

ယင်းသည့်လ သနဇရစ်ရွာစားသီရိစိတ္တာဝတီက စလင်းတိုက်အတွင်း ကုသိုလ်တော်ပွား ကျောင်းဆောက်လုပ်တင်လှူမည်ကို ပဒေသာပင် လှူ ဘွယ်ဝတ္ထုများကိုအတွင်းတော်သို့ သွင်းပြရာ အရှစ်နှစ်ပါးမြောက်စမုတ် တော်သို့ ထွက်၍ ရေသွန်းတော်မူသည်။

ထိုနှစ် ဝါခေါင်လ တောင်သာမိဖုရား သီရိမဟာသုမင်္ဂလာစန္ဒာဒေဝီ တွင် မြင်သည့် သမီးတော်ကို တောင်တွင်းချောင်မြို့ကို မြို့စားပေးတော် မူသည်။ ထိုနှစ် ဝါခေါင်လပြည့်ကျော် တဆဲ့လေးရက် စနေနေ့ကစ၍ တော်သလင်းလဆန်းကိုးရက် တနင်္လာနေ့တိုင် ဝိသာခါနက္ခတ်ကိုမှီ၍ ကိတ်အခိုးထွက်သည်။

ထိုနှစ် တော်သလင်းလ ဘကြီးတော်တောင်ငူမင်းသား ပြင်စည်မင်း သား သုသီရိမဟာဓမ္မရာဇာကံကုန်သည်ကို ဘကြီးတော်မင်းတရားလက် ထက် မြင်စိုင်းမင်းသားနည်း လွှတ်တော်ကကောင်းမွန်အောင်လုပ်ဆောင် သဖြင့်ဟ်ရ၏။

* ပြင်စည်မင်းသားသည် တေးထံထျာ, ကဗျာရတု, သီမှု, ရေးစပ်မှုစသည် များကို ထီးသုံး နန်းသုံး အနှုန်းအဘွဲ့ အနွဲ့အယဉ်တို့နှင့်တကွ တဖက် ကမ်းရောက် တတ်မြောက်ကျွမ်းကျင်ခြင်း ထည်းဟူသော လောကီဂန္ထန္တ ရ ဗဟုသုတနှင့် ပြည့်စုံသည့် မင်းသားပညာရှိတပါးဖြစ်သည်၊ ပတ်ပျိုး, ယိုးဒယား, လူးတား, အဲ,အန်,ရကန်,ရတု စပ်ဆိုမှုဟူသမျှသော အနည်း နည်း အဖုံဖုံ အမျိုးစုံတို့ကို ရေးသားခဲ့သည်ဖြစ်သောကြောင့်–

ရွှေ့,နှင်း,တော,မြို့င်၊ ပန်း,နိုင်,မှော်,မိုင်း၊ ခြားပိုင်းရှစ်သံ၊ ဖရုံထင်,ညွန်၊ ခက်မွန်,ခမိန်၊ ထနောက်,ချိန်ငြား၊ ဖိန်းချား,ထပ်တွန့်၊ ချွတ်ချန့်,ငုငစ်၊ အသံရှစ်၊ မှတ်လစ်စဉ်ကမာ။ ။ဟူသော ယက်ာဖွဲ့ဆိုထားရှိသည့်အတိုင်း—

၁—ရွှေတညာ၊ ဖရုံထင်။
၂—နှင်းယွန်း ခါဟေမန်၊ခက်မွန်။
၃—တောတော့င်စွယ်၊ ခမိန်။
၄—တောမြို့င်ခြေ၊ ထနောက်။
၅—ပန်းမြို့င်လယ်၊ ဖိန်းချား။
၆—နိုင်ပန်းစုံ၊ ထပ်တွန့်။
၇—မှော်ရုံဟောဝန်၊ ချွတ်ချန့်။
၈—မိုင်းမှုပြာ၊ရှိမှောင်ဝေ၊ငုငစ်။

ဟူသောယိုးဒယားသံရှစ်မျိုးနှင့် သီကုံးဖွဲ့ဆိုသောသီချင်းကြီးများသည်လည်း ပြင်စည်မင်းသား ရေးသားခဲ့သောအရာပင် ဖြစ်သည်။ ဤပြင်စည် မင်းသားကြီးအဋ္ဌုပ္ပတ္တိမှာ ရာဇဝင်တော်နှင့်ကားမဆိုင်ပေ၊ သို့သော်လည်း နောက်သားနောင်လာ သုတေသနပုဂ္ဂိုလ်တို့ အစဉ်သိမှတ်ရစ်ကြစေခြင်းငှာ အရာအခွင့်အားလျော်စွာထည့်သွင်းလိုက်ပါသည်။

ထိုနှစ် သီတင်းကျွတ်လကစ၍ မြေနန်းတော်တွင် စာပြန်သည့် ဆရာတော်တို့ကျောင်းတိုက်ရှိ သံဃာတော်တို့ကို တတိုက်စီ အလှည့်ကျပင့်၍ မြေနန်းတော်သို့ ထွက်တော်မူပြီးလျှင် ဆွမ်းလုပ်ကျွေးတော်မူ၏။

ငင်းလ တောင်သာသူတော်-ဒိသာပါမောက္ခ အဘယပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇဂုရု ရွှေနန်းတော် တောင်ဥယျာဉ်တော်အတွင်း သေလွန်သည်ကို ပြာသာဒ်ဦးပြည်း လုပ်ဆောင်၍ သင်းချိုင်းတော်တွင် သဂြိုဟ်ရသည်၊ ရွှေမြို့တော်, အမရပူရ, အဝ, စစ်ကိုင်းမြို့ရှိသူတော်တို့နှင့် ရွှေမြို့တော်လေးပြင်ရှိ ဥပုသ်တော်စောင့် ဥပုသ်တော်တို့ လိုက်ပို့သဂြိုဟ်ကြရသည်။

ယင်းသည့် သီတင်းကျွတ်လ အင်္ဂလိပ်အရေးပိုင်ဖယ်ရာနှင့် ဝန်ထော်, ကုမ္ပဏီ, ကပ္ပိတန်, အကောက်ဝန်, ခေတ်ပုံကူး ဆရာတို့ ရွှေမျက်နှာတော်ကို အဖူးအမြော် အထူးအဆန်း ထည်မျိုးအုပ်မျိုး လက်ဆောင်တော်များနှင့် အဆက်အသ လာရောက်သည်ကို ဇေတဝန် ဆောင်တော်တွင် မင်းညီမင်းသား ဝန်ကြီး အတွင်းဝန်တို့နှင့် အဖူးအမြော် ခံတော်မူပြီးလျှင် အရေးပိုင်ဖယ်ရာကို ရွှေစလွယ်တဆဲ့နှစ်သွယ်၊ အကောက်ဝန်တွေယ်ကို ရွှေစလွယ်ကိုးသွယ်၊ ကျန် အရာရှိတို့ကိုကျူငွေထည့် အိတ်လုံးရေ တစ်စီ, လွန်မှားပုဆိုးတစ်စီ ပေးတော်မူသည်။

နောက် သာသနာပြုဆရာတော်ကြီးထံ ဖယ်ရာနှင့် အင်္ဂလိပ်အရာရှိတို့ အဖူးအမြော်သွားကြပြီးလျှင် နှစ်တိုင်းနှစ်ပြည် ဆင်းရဲသားကုန်သည်တို့ အကျိုးဖြစ်အောင် မေတ္တာစာ ဆက်သွင်းပါမည့်အကြောင်းနှင့် လျှော်ထားသည်တွင် သာသနာပိုင်ဆရာတော်ဘုရားက စာဆက်သွင်းသောကြောင့် နှစ်တိုင်းနှစ်ပြည် ဆင်းရဲသားကုန်သည်တို့ အကျိုးစီးပွား ဖြစ်ထွန်းအောင် အမိန့်တော်နှင့် စာချုပ်ထားစေ၏။ စာချုပ်ပါ အကြောင်းကား....

(၁) တနှစ်လွန်ပြီးသည်နောက် နယ်ချားအကောက်များကို အင်္ဂလိပ်အစိုးရမင်းတို့က လျှော့ရမည်အကြောင်း။

(၂) မြန်မာအစိုးရမင်းတို့ကလည်း တနှစ်ခန့် လွန်ပြီးနောက် ၎င်းအကောက်မျိုးများကို လျှော့ရမည်အကြောင်း။

(၃) မည်သည့် အရပ်ဒေသမဆို အင်္ဂလိပ် ကျွန်တော်မျိုးတို့ ရောင်းဝယ်ဖောက်ကားခြင်းကို မြန်မာအစိုးရမင်းက အခွင့်ပြုကြောင်း။

(၄) မြန်မာဘုရင် ကေရာဇ်မင်းမြတ် စံနေတော်မူသည့် ရတနာပုံနေပြည်တော်မှာ အင်္ဂလိပ်အစိုးရမင်းတို့ ကိုယ်စားလှယ်တော်ထားရန် မြန်မာအစိုးရမင်းက အခွင့်ပြုတော် မူကြောင်းများဖြစ်သည်။

နောက် အင်္ဂလိပ်အရေးပိုင် ဖယ်ရာနှင့် အင်္ဂလိပ်အရာရှိတို့လည်း အိမ်ရှေ့တော်သို့ အဆက်အသ အဖူးအမြော်ဝင်ကြပြီးလျှင် မင်းညီမင်းသားဝန်ကြီး အတွင်းဝန်တို့အိမ်များသို့လည်း နှုတ်ခွန်းဆက် ဝင်ထွက်ကြ၏။ ယင်းသည့်လဆန်း တဆဲ့ငါးရက်နေ့ နှစ်စဉ်ပူဇော်မြဲ နတ်ကြီး တဆဲ့ငါးပါး တန်ဆောင်းသို့ အင်္ဂလိပ်အရေးပိုင် ဖယ်ရာက ပူဇော် ကြည့်ရှုပါရစေ လျှောက်ထား၍ နတ်ပူဇော်တန်ဆောင်းသို့ အင်္ဂလိပ် အရေးပိုင်ဖယ်ရာနှင့် အင်္ဂလိပ်စစ်ဗိုလ် အကောက်ဝန်တို့ ဝင်ကြရ၏။

ယင်းသည့်လ နောင်တော်ပုဂံမင်း မိဖုရား အလယ်နန်းဟောင်း သေလွန်သည်ကို ကောင်းမွန်လှပအောင် လုပ်ဆောင်၍ သင်းချိုင်းတော်တွင် သင်္ဂြိုဟ်ရ၏။

ထိုနှစ် တော်သလင်းလဆန်းဆယ်ရက်နေ့ မင်းကွန်းပုထိုးတော်, စက်တော်ရာ, သားတော်ပုဂံမင်းအိမ်တော်ရာ မဟာလောကရံသီစေတီတော်

များသို့ မယ်တော်ဘုရား အဖူးအမြော်ထွက်တော်မူသည်။ ယင်းသည့်လ ခမည်းတော်မင်းတရားကြီးဘုရား မြောက်နန်းတော် ကောင်းတုံမြို့စား သေလွန်သည်ကို လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။

ထိုနှစ် နတ်တော်လ အဝမြို့ဂိုဏ်းအုပ်ဆရာတော်က အဝမြို့အနောက် ခရမ်းပေါက်ရွာ တိမ်ညိုချောင်းကသည် အရှေ့အလား ငါးရွာဖျားထိ၊ တောင်အလား ကူးတို့ဆိပ်ဆည်ကြီးထိ၊ အနောက်အလား ကျီးမနားထိ၊ မြောက်အလား ဧရာဝတီမြစ်ထိ နယ်လေးရပ်သတ်မှတ်သည့်အတွင်း ရေ ပိုးရေမှား သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးပါမည့် အကြောင်းနှင့် မေတ္တာရပ်ခံ၍ ဘေးမဲ့ပေးတော်မူသည်။

ထိုနှစ် ပြာသိုလ ငွေတောင်ကြေ့ာကလေးက အရပ် သံတောင်ပြည့် မြင်းဖောင်းဝတ်တစ် ဆက်သသည်ကို တောင်ဥယျာဉ်တော် စံနန်းတော် အတွင်းအဆက်အသအဖူးအမြော်ခံတော်မူ၍ နေမျိုးသေည်လုံရန်အောင် ဘွဲ့,ရွှေထီး,အထည်အလိပ် အထိုက်အလိုက်ပေးတော်မူ၏။

ယင်းသည့်လ ပုဂံမင်းသမီးကို ကောင်းတုံမြို့၊ ကောလင်း မင်းသမီးကို အင်တောက်သာမြို့များကို မြို့စားပေးတော်မူသည်။

ယင်းသည့်လ ရွှေပြည့်ရန်အောင် အရှေ့လက် စည်ပင်သာမောကန် ပျက်ပြားတိမ်ကောရှိသည်ကို ရေသောက်ကျေးရွာနေလူတို့နှင့် ရွှေဝင်း တော်မှူး သူရဲဝန်မင်းကြီးမဟာသမိန်သေဖြတ်စကို ကြီးကြပ် ဆည်ဖို့လုပ် ဆောင်စေ၏။

ယင်းသည့်လ ခမည်းတော် လောကမဏိစူဠာစေတီတော် ဒါယကာ မင်းတရားကြီးသားတော် ပြည်မင်းနှင့်စုံဘက်တော်မူသော ပြည်မင်းသွီး သေလွန်သည်ကို လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။ ထိုနှစ် တပို့တွဲလ ခမည်းတော်မင်းတရားကြီး မိဖုရား မိတ္ထိလာမြို့စား သေလွန် သည်ကို လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။

ယင်းသည့်လ မြို့ရှေ့မင်္ဂလာဥယျာဉ်တော်သို့ ရွှေခြောက်တစ် နောက် ခြောက်တစ် အခင်းအကျင်းများနှင့် မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်း ခြီရံတော်မူလျက် အရှင်နှစ်ပါး ထွက်တော်မူသည်ကို အင်္ဂလိပ် အရေးပိုင်ဖယ်ရာနှင့် အင်္ဂလိပ်စစ်ဗိုလ်တို့ မပြန်သေးသည်နှင့် ဝင်းတော် မြောက် စရပ်တန်ဆောင်းက ကြည့်ရှုဖူးမြော်စေ၍ စံနန်းတော်တွင် ၎င်း

အရေးပိုင်တို့ကို အဖူးအမြော် အတွေ့ခံတော်မူသည်။ ယင်းသည့် လပြည့်ကျော် တဆွဲနှစ်ရက် သောကြာနေ့နံနက် ရွှေးတင်းကုပ်တော်တွင် ချည်ထားသည့် ဘလံချောင်းဆင်တော်မှားသည်။

## ရွှေမြို့တော်အတွင်း ၅၇-ရပ်ဖွဲ့ခြင်းမှစ၍ သမီးတော်များ မြို့စားပေးခြင်း၊ ဆင်တော်ဆက်ခြင်းထိအကြောင်း

ထိုနှစ် တပေါင်းလပြည့်ကျော်လေးရက်နေ့ ရတနာပုံရွှေမြို့တော်ကြီး လေးပြင်နယ်အဝှန်းရှိ လမ်းအိမ်ဝင်းအိမ်များကို မှူးတော်မတ်တော် မြို့စားရွာစားမှစ၍ ပြည်သူဆင်းရဲသား ကျွန်တော်မျိုးအပေါင်းတို့ တဦးတယောက်မျှ အလစ်အလပ်မရှိစေရ နေရာဝေ၄ ပေးချခြင်းကိစ္စ ပြီးပြေသောကြောင့် အပိုင်းအခြားသတ်မှတ်၍ အရပ်ဦးရေ ငါးဆဲ့ငါး၄ာနကို အမည်သမုတ်တော် မူသည်ကား....

အရှေ့ပြင်....ကျွန်းလုံးမော်၊ ဝိဇယမဟီ၊ ဇေယမင်္ဂလာ၊ ဘူမိဇေယာ၊ မဟာဇေယဘုံ၊ ပြည်ကြီးမျက်မှန်၊ ပြည်ကြီးမျက်ရှင်။

တောင်ပြင်....ပတ်ကုံးပျော်ဘွယ်၊ ဇမ္ဗူမျက်ရှင်၊ ပတ်ကုံးဝန်းကျင်၊ ရန်မျိုးလုံ၊ မဟာန္တယ်စဉ်၊ သကျန္တယ်စဉ်၊ မောရဂီဝါ၊ စိတြမဟီ၊ ဟေမာဇလ၊ ကဥ္စနမဟီ၊ ဟေမမာလာ၊ ချမ်းမြသာစည်၊ အောင်ချမ်းသာ၊

အနောက်ပြင်....အမရစံခေါင်၊ အမရဌာနီ၊ ပြည်လုံးချမ်းသာ၊ မေဃာဂီရိ၊ ပုလဲငွေရောင်၊ ပြည်ကြီးကြက်သရေ၊ အောင်မြေရန်လုံ၊ ဇမ္ဗူကြွင်းနှန်း၊ ချမ်းဒေသာစံ၊ တုလွှတ်ရန်အောင်၊ ဘေးမဲ့လွှတ်ရှောင်၊ ဧအောင်နန်းရိပ်သာ၊ ရတနာဘူမိ၊ မဟာအောင်မြေ၊ ကျွန်းလုံးကြော်ငြာ၊ ရွှေဘုန်းရှိန်၊ ကျွန်းလုံးဥသျှောင်၊ တမ္ဗဝတီ၊ သန့်လျက်မော်၊စိန်ပန်း၊ ဒေးဝန်း၊ပြည်ကြီးပျော်ဘွယ်၊ သီရိဟေမာ၊ သီရိမာလာ၊ အောင်မြေသာစံ၊ ပြည်ကြီးရန်လုံ၊ မင်းတဲအိုကင်း၊ ဘုန်းတော်ရောင်၊ ညောင်ကွဲ၊

မြောက်ပြင်....မြကျွန်း တန်ဆောင်၊ မြနန်းအောင်မြေ၊ မြနန်းစံရာ၊ မြနန်းဘုံသာ၊ မြကျွန်းမြေငူရပ်များဖြစ်သည်။

ထိုနှစ် နှောင်းတန်းခူးလဆန်းသုံးရက် စနေနေ့နံနက် သားတော် သုံးဆယ်မင်းသား မြင်းတဆယ်ကျော်နှင့် ထီးမပါ ဗညားလောသို့ ထွက်မည်ဆို၍ သွားရာ မြစ်ငယ်ရှမ်းဈေး ကူးတို့ကကူးပြီးလျှင် တောင်ငူမြို့သို့ သွား

သည်။ ၎င်းမြို့ အင်္ဂလိပ်အရေးပိုင်တို့က ရန်ကုန်မြို့သို့ပို့သည်။ ခမည်းတော်မင်းတရားကြီးဘုရားလည်း ၎င်းလဆန်းလေးရက်နေ့မှသိ၍ လိုက်ယံဖမ်းဆီး ခေါ်ငင်စေရာ မတွေ့မမိ ရန်ကုန်မြို့သို့ရောက်ကြောင်းကို ထောက်လှမ်းသူတို့ ပြန်ရောက် လျှောက်ထားမှ သိသည်။ သုံးဆယ်မင်းသားကို လိုက်လိုသျှင် ရွှေဘဝါးတော်အောက်က မီးသင်းဘောနှင့်လိုက်စေ အမိန့်တော်ရှိ၍ လိုက်သွားရာ ရမိခဲ့သည်ကို ညီတော်အိမ်ရှေ့မင်းမှာ အပ်ထားတော်မူ၏။

ထိုနှစ်အတွင်း ရတနာပုံ မဟာရာဇဓာနီ ရွှေမြို့တော်ကြီး အရှေ့မြော်မန္တလေးရွှေတောင်အနီး လက်ယာဘက်တွင် စံနေတော်မူရန် ဝင်းတော်အတွင်း စံနန်းတော်, မင်းမိဖုရားတို့ စံနေရန် အဆောင်တော်များနှင့် တိုက်တန်းတင်းကုပ်မှစ၍ အရပ်ရပ် အလုပ်အဆောင်ပြီးပြေလျှင် စံနန်းတော်အမည်ကို ပညာရှိတို့ ရွေးချယ်ဆက်သွင်းချက်အတိုင်း နန်းမြေဘုံသာ-သမုတ်တော်မူ၍ ယင်းသည့်သက္ကရာဇ် နှောင်းတန်းခူးလပြည့်ကျော် ငါးရက်နေ့ နန်းမြေဘုံသာစံနန်းတော်သို့ အရှင်နှစ်ပါး ရွှေသုံးတပ်နောက်သုံးတပ် အခင်းအကျင်းနှင့် ထွက်စံတော်မူ၏။

နန်းမြေဘုံသာ စံနန်းတော်တွင် စံနေတော်မူသည့်အတွင်း ရွှေဝင်းမှူး သူရဲဝန်ကြီး မဟာသမိန်ဘေဖြတ်စကို အကြီးအအုပ်ခန့်ပြီးလျှင် စဉ့်ကူးမြို့ဝန်, မတ္တရာဆည်ဝန်, ရွေးလက်ဝဲဗိုလ်တို့နှင့် စဉ့်ကူးမြို့ကသည် ရွှေမြို့တော်ရောက် ရေသောက်မြို့ကျေးရွာလူ အစုအမှုထမ်းတို့နှင့် မတ္တရာမြစ်ကို ကျောက်ခန်း ကျောက်ဆည် ခိုင်ခံ့အောင် လုပ်ဆောင်ပြီးလျှင် တူးဖောက်စေရာ ထိုသက္ကရာဇ် နှောင်းတန်းခူးလဆန်းရှစ်ရက်နေ့ ရေစီးရေလာ ကောင်းမွန်၍ ရတနာပုံရွှေမြို့တော်ကြီးသို့ ရောက်သည်။ မြို့တွင်းမြို့ပြင် မြောင်းများမှာလည်း ရေပြည့်လျှမ်းစွာ စီးဝင်သည်။

၎င်းရွှေယောင်းမြောင်းကိုလည်း ရတနာပုံရွှေမြို့တော်ကြီးကို အစွဲပြု၍ ရတနာနဒီသမုတ်တော်မူပြီးလျှင် ၎င်းလပြည့်ကျော် ခုနစ်ရက်နေ့ နန်းမြေဘုံသာစံနန်းတော်က ရတနာနဒီရေနန်းတော်သို့ ထွက်တော်မူ၍ အရှင်နှစ်ပါး သမ္ဗန်တော်တွင် ရွှေစက်တင်တော်မူပြီးလျှင် စုန်ဆန် သွားလာတော်မူ၏။ ရတနာနဒီရေနန်းတော်ရှေ့ ကပ်ကြိုဖောင်ထား၍ ရုံဖန်ရုံဖန်လည်း အရှင်မိဖုရားခေါင်ကြီးနှင့်အတူ ထွက်စံတော်မူ၏။ လှေအမှု

ထမ်းတို့ကိုလည်း လှေလောင်းပေးအပ်၍ လှော်ပြိုင်စေပြီးလျှင် လှော်ပြိုင်သူတို့ကို ပုဆိုး,ခေါင်းပေါင်း ပေးဝေတော်မူ၏။

ရတနာပုံရွှေမြို့တော် ရတနာနဒီ၏ အရှေ့ကမ်းထိပ် တလျှောက်မှာလည်း မန္တလေးတောင်၏အရှေ့ဘက်ဆည်တည့်မှသည် တောင်ကိုလျှော်၍ တာတထောင်ကျော်ကွာ သီရိမဟာမနော်ရမ္မဥယျာဉ်တော်၏ အရှေ့ဘက်ရောက် အရှေ့အနောက် အနံတာတရာ့ငါးဆယ်စီထား၍ ဥယျာဉ်တော် တရပ်စီပိုင်းခြားပြီးလျှင်—

မြောက်စွန်ဥယျာဉ်တော်ကို-မဟာဟေမဇာလာ။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာအသောက။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဓ္ဌနကေသီ။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာသီရိသုမန။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာဘဒ္ဒရိက။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာဂီရိမလ္လိက။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာသီရိသိဒ္ဓိဗလ။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာဇေယပထ။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာသီရိမန္ဒာရဝ။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မင်္ဂလာဥယျာဉ်တော်။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာသီရိဟေမဝန်။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာသီရိမနော်ပထ။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာပဒုမ။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာမေဃဝန။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာသီရိမဟိဿရ။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာသီရိမုဒ္ဒိက။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာဒေဝတာ။
ယင်းမှ တောင်ဘက်ဥယျာဉ်တော်ကို-မဟာသီတလ။
မန္တလေးတောင်၏ အနောက်ဘက် ဥယျာဉ်တော်ကို-မဟာဂီရိစိတြဝန်။

ဟူ၍ အမည်တပ်မှတ် သမုတ်ပြဌာန်းတော်မူပြီးလျှင် ယင်းသည့်ဥယျာဉ်တော်နှစ်ဆယ်ကိုလည်း ဝန်ကြီး, အတွင်းဝန်, ဝန်ထောက်,မှူးကြီးမတ်ကြီးတို့ကို ရေလောင်းကံကျွေး အစုအမှုထမ်းနှင့်တကွ စရိတ်ငွေတော် ထုတ်

ပေး၍ ကြီးကြပ်စိုက်ပျိုးပြုစုလုပ်စေ၏။ ၎င်းဥယျာဉ်တော်များက သစ်သီး သစ်ပွင့်ရသည်များကိုလည်း ရွှေမြို့တော်ရှိ ကျောင်းတိုက်များသို့ မပြတ် လှူတော်မူ၏။

ထိုသက္ကရာဇ်အတွင်း မင်းခင်းမြို့နယ်တွင်းရှိ အင်းသုံးအင်း၊ တောင်တွင်းချောင်မြို့နယ်တွင်းရှိ အင်းနှစ်အင်း၊ ဗန်းမော်မြို့နယ် တွင်းရှိ အင်းရှစ်အင်းများနှင့် ပင်းတလဲမြို့အရှေ့တောင် ပရမစေတီတော် ဝန်းကျင်၊ စစ်ကိုင်းမြို့ ရွှေမြင်ထင်တောင် ထွတ်ခေါင်ဆရာတော် သီတင်းသုံးနေသည့် ကျောင်းတိုက်၊ ကျောက်မြောင်းစီရင်စု မအူရွာကျောင်းတိုက်၊ ရတနာသိဈ်မြို့ စီရင်စု ရွာနန်းရွာ, ညောင်ပင်ကြီးရွာကျောင်းတိုက်များတွင် ရှိနေသည့် ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့ကို နယ်လေးရပ်ရှစ်ရပ် သတ်မှတ်၍ ဘေးမဲ့ချမ်းသာ ပေးတော်မူ၏။

ထိုနှစ် တပေါင်းလ ရွှေမြို့တော်မြောက်မျက်နှာ မန်းဦးတံခါးအထွက်လမ်းအရှေ့ဘက် မဟာဇောတိကာရာမတိုက် ရတနာဘုံစံကျောင်းတော်တွင် သီတင်းသုံးနေသည့် စန္ဒိမာဘိသိရိဓဇ မဟာ ဓမ္မ ရာဇာဓိ ရာဇဂုရု-ဆရာတော်ဘဝပြောင်းသည်ကို မင်္ဂလာအိမ်တော်စံတော်မူစဉ် သဲအင်းဆရာတော်ကြီးထံ အပ်တော်မူ၍ စာသင်တော်မူရာ လက်ခေါင်ဆရာပြုပြီးလျှင် ဆုံးမသင်ကြားတော်မူသည့်ဆရာဖြစ်သည်၊ အထူးသဖြင့် အခမ်းအနား ကြီးကျယ်စွာ လုပ်ဆောင် သင်္ဂြိုဟ်တော် မူမည်–အမိန့်တော်နှင့် သင်္ဂြိုဟ်ရပ်မှာစံကျောင်းတော်အရှေ့တောင်ယွန်း မဟာရံတံတိုင်းအတွင်း အထူးအဆန်း အကြီးအကျယ် အာလိန်ငါးဆင့်လောင်တိုက်လုပ်ပြီးလျှင် နန်းမြေဘုံသာစံနန်းတော်က စံကျောင်းတော်သို့ အရှင်နှစ်ပါး ထွက်တော်မူ၍ နှောင်းတန်းခူးလပြည့်ကျော် ရှစ်ရက်နေ့ သင်္ဂြိုဟ်တော်မူ၏။ ပြာသာဒ်ရထား အလှူအတန်း ပွဲသဘင်များကိုလည်း အထူး အဆန်း အကြီးအကျယ် လုပ်ဆောင်တော်မူ၏။

ထိုခနေ့ ရွှေမြို့တော်,အမရပူရ,အဝ,စစ်ကိုင်းမြို့ရှိ အရည်ဝါသီ ဂါမဝါသီ တံဆိပ်တော်ရ,မရ ရဟန်းသာမဏေဘသောင်းကို သပိတ်သက်န်းနှင့်တကွ ဆွမ်းစမဲဟင်းလျာအစုံ ကွမ်းဆေးလက်ဘက်ပါ သံဃာတော်တပါး သင်္ကန်းတိစီဝရိက်, ခါးပန်းကြိုးကွင်းစုံ, သင်တုန်း,ကြေးရေစစ်,အပ်ထုပ်, ကွမ်းအစ်, ထုံးဘူးတစ်စီကျ လှူတော်မူ၏။ ၎င်းလပြည့်ကျော်ကိုးရက်နေ့ ရတနာပုံရွှေမြို့တော်ကြီး ရွှေနန်းတော်သို့ ဘဝရှင်မင်းတရားကြီးဘုရား

မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်းတို့နှင့် တကွ ဝင်တော်မူ၏။

ထိုသက္ကရာဇ် နှောင်းတန်းခူးလပြည့်ကျော် ဆယ်ရက် တနင်္ဂနွေနေ့ အရှင်နှစ်ပါး ရွှေနန်းတော်အတွင်း သင်္ကြန်ခေါ်မြဲအရပ်တွင် အတာ သင်္ကြန်ခေါ်တော်မူပြီးလျှင် ဂုဏ်လဆန်း တဆဲ့နှစ်ရက်နေ့ ရေးစာတမ်း ထွက်အတိုင်း မှန်နန်းတော် ဘမရာသနပလ္လင် မနောဟရထီးဖြူတော် အောက်တွင် နေရာတော် ခင်းကျင်းပြီးလျှင် အတာပွဲတော် တည်တော် မူ၏။ မင်းညီမင်းသား မှူးတော်မတ်တော်တို့ကိုလည်း မှန်းနန်းတော်ပတ် လည်အတာသင်္ကြန်ထမင်းကျွေးမွေးတော်မူ၏။ ရွှေမြို့တော်အတွင်းအပြင် အတိဒုက္ခိတ မိန်းမယောက်ျား လူပေါင်း နှစ်ရာ့တဆဲ့ခြောက် တို့ကို တကိုယ်လျှင် ကျပ်သုံးဒင်္ဂါးပြားရေ နှစ်ဆယ်ကျ ဒင်္ဂါးပေါင်း လေး ထောင့်သုံးရာ့နှစ်ဆယ် ပေးကမ်းစွန့်ကြဲတော်မူ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသင်္ကြန်မှစ၍ တဆဲ့နှစ်ရာသီ သင်္ကြန်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူ သည်။

* သက္ကရာဇ် (၁၂၂၄) တထောင့်နှစ်ရာ့နှစ်ဆဲ့လေးခု နှောင်းတန်း ခူးလပြည့်ကျော် ဆယ်ရက် တနင်္ဂနွေနေ့ နံနက်လေးချက်တီးကျော် တနာရီ ပါဒ်ပြည့် တဆဲ့နှစ်ဗီဇနာ အချိန်တွင် သင်္ကြန်ကျသည်။ ဂုဏ်လပြည့်ကျော် တဆဲ့နှစ်ရက် အင်္ဂါနေ့ နေတချက်တီးကျော် သုံးနာရီပါဒ်ပြည့် သုံးဗီဇနာအချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၂၅) တထောင့်နှစ်ရာ့နှစ်ဆဲ့ငါးခုနှစ်သို့ တက်သည်။

## ၁၂၂၅-ခု

သက္ကရာဇ် (၁၂၂၅) တထောင့်နှစ်ရာ့နှစ်ဆဲ့ငါးခု ကဆုန်လ တောင် ရွှေရေးဆောင်မိဖုရား ရတနာဒေဝီတွင်မြင်သည့် သမီးတော်ကို တဘက် မြို့၊ တံတိုင်းရှည်မိဖုရား ဥမ္မာဒေဝီတွင်မြင်သည့် သမီးတော်ကို ဟဲလုံမြို့၊ ဆယ်ရွာစား မိဖုရားတွင်မြင်သည့် သမီးတော်ကို လက်မိုင်းမြို့၊ သီရိဝဏ္ဏာ တွင်မြင်သည့် သမီးတော်ကို သီကျစ်မြို့၊ သရစိန်းရွာစား မိဖုရားတွင်မြင် သည့် သမီးတော်ကို နောင်မွန်မြို့များကို မြို့စားပေးတော်မူသည်။

ယင်းသည့်သဆန်း ကိုးရက်နေ့ မိုးမြိတ်မိုးလှိုင်းမြို့အုပ် မင်းထင်သီရိကျော်က ကျောက်တွင်းတော်များတွင် တူးဖော်ရသည့် ပန်းချိန်တကျပ်ရှိ ထူးမြတ်သည့် ပတ္တမြားကျောက်တော်ကို ဆက်သရာ ကြိုယူမြဲကြိုယူဆက်သွင်းရ၏။

ငင်းလ မြေလတ်ဝန် မိုးခြံတပ်ချုပ်က အရပ် လေးထောင့်နှစ်မိုက်, အစွယ်ပြင်ပေါ် တတောင်ခန့် စိန်ကလေးခေါ် ဆင်ပေါက်တစ်၊ အရပ် လေးတောင့်နှစ်မိုက် လေးသစ်, အစွယ်ပြင်ပေါ် တတောင်ခန့် နောင်ထီးအိုင်ခေါ် ဆင်ပေါက်တစ်၊ အရပ် လေးတောင့်တမိုက် မိနန်းကူးခေါ် ဆင်မတစ်၊ ဆင်ပေါက်မသုံးစီး ဆက်လာ၏။

ငင်းလ ငွေတောင်ကြေဲ့ကလေး နေမျိုးသေဥ္စလုံရန်အောင်က အရပ် လေးတောင်, အစွယ်ပြင်ပေါ် တတောင့်နှစ်မိုက် မောင်ကလေးခေါ် ဆင်ပေါက်တစ်၊ အရပ်ငါးတောင်, အစွယ်ပြင်ပေါ် တတောင့်တမိုက် စိုက်ပန်းခေါ် ဆင်ပေါက်တစ်၊ အရပ်လေးတောင့်တမိုက် နှစ်သစ်, အစွယ်ပြင်ပေါ် တတောင့်နှစ်မိုက် ငွေပုံခေါ် ဆင်ပေါက်တစ်၊ အရပ် လေးတောင်, အစွယ်ပြင်ပေါ် တတောင့်နှစ်မိုက် ရွှေချိန်ခေါ် ဆင်ပေါက်တစ်၊ အရပ်လေးတောင့်နှစ်မိုက်, အစွယ်ပြင်ပေါ် တတောင် စိတ်တိုင်းခေါ် ဆင်ပေါက်တစ်၊ အရပ်လေးတောင်, အစွယ်ပြင်ပေါ် တတောင့်နှစ်သစ် ဘူးခေါင်ခေါ် ဆင်ပေါက်တစ်၊ အရပ် လေးတောင့်လေးသစ် မိနန်းရွက်ခေါ် ဆင်မတစ်၊ ဆင်ပေါက်မ ခုနစ်စီးများကို ဝယ်ယူဆက်သပြီးလျှင် ဆင်စွယ်ချောင်းရေနှစ်များနှင့် သားငခန်းကူးကို ဆက်သ၍ ခြေရင်းတော်တွင် မြဲစွဲထမ်းရွက်ရ၏။ ဘကြီးတော်မြေး အိလဲကလည်း ဘားစည်ကြီးဆက်သည်။

ငင်းလ ပုခန်းမင့်း ကိုယ်လုပ်တော်တွင် မြင်သည့် တပယ်မင်းသားမယား ရွှေနန်းတော်အတွင်း အောက်အိမ်တွင် ကံကုန်သည်ကို လှပအောင်သင်္ဂြိုဟ်ရ၏။

ထိုနှစ် နယုန်လ စစ်ကိုင်းမြို့ ဓမ္မိကဆရာတော်ဘုရားအနီး ကျောင်းတိုက်က အရှေ့အလား ရောဝတီမြစ် အရှေ့ဘက်ကမ်းထိ၊ မြောက်အလား ကုတ္တိုချောင်း ထုံးဘိုမြောက်ရွာထိ၊ အနောက်အလား သေလာတောင်ထိ၊ တောင်ကို ရွှေကျင်တောင်ထိအတွင်း မြစ်အင်းကြည်း ရေများမှာ ခိုမှီးရှိနေသည့် ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ချမ်းသာပေးတော်မူ၏၊

## သမီးတော် ပခက်တင်၍ မိတ္ထီလာမြို့ကို လက်ဖွဲ့ခြင်းစသည်နှင့် သားတော် မြင်ကွန်းမင်းသား လက်ထပ်ခြင်း

ထိုနှစ် နယုန်လဆန်း တဆဲ့ငါးရက်နေ့ နံနက်တချက်တီးကျော် သုံးမောင်းခန့်အချိန် အလယ်နန်းတော်မိဖုရားတွင်မြင်သည့် သမီးတော်ကို မြပုခက်တင်တော်မူသည်။ မိတ္ထီလာမြို့ကိုလည်း လက်ဖွဲ့တော်မူသည်။

ထိုနှစ် ဝါဆိုလ ဘထွေးတော် ချွန်းတောင်မြို့စား မိုးနဲဗိုလ်မှူးမင်းသား သီရိမဟာဓမ္မရာဇာ ကံကုန်သည်ကို လှပအောင် လုပ်ဆောင်ပြီးလျှင် ဝင်းအတွင်း သင်္ဂြိုဟ်ရ၏။

တော်သလင်းလ မယ်စလယ်ကြေ့အကြီးက အသက် တဆဲ့လေးနှစ်ခန့် ရွှေးရည်ဆင်တော်တစ် ဆက်သည်ကို ရွှေဖလား,လက်စွပ်, အထည်အလိပ်များစွာပေးတော်မူ၏။

ထိုနှစ် တန်ဆောင်မုန်းလ မေဓာဝီဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ပြည်ဆရာတော်ကို မဟာဇောတိကာရာမတိုက် ရတနာဘုံစံ စံကျောင်းတော်ကို တင်အပ်လှူတော်မူ၏။

ထိုသက္ကရာဇ် တန်ဆောင်မုန်းလပြည့်ကျော် ငါးရက်နေ့ မိုးနဲတပ်စစ်ကဲအရာရှိတို့က ညောင်ရွှေစော်ဘွားဟောင်း ငနော်ဘွားရှမ်းအရိုင်းကချင်လူမျိုးတို့နှင့်ပေါင်းသင်း၍ ညောင်ရွှေမြို့ကို တိုက်ခိုက်လုယူပြီးလျှင် ညောင်ရွှေမြို့နှင့် အနီးကျေးရွာများက လူသူစုရုံးခုခံ ရှိနေကြောင်းများနှင့် အလျှောက်အထား လာရောက်၍ ဘဝရှင်မင်းတရားကြီးဘုရားကြားသိတော်မူလျှင် ရွှေစက်တော်ရင်းက လက်ဝဲကြောင်း သေနတ်ဗိုလ်, ဘုန်းတော်ဖြစ်သေနတ်ဗိုလ်, လင်းဇင်းသေနတ်ဗိုလ်, မိုးနဲတပ်စစ်ကဲကြီး မဟာသီလဝ,သစ္စာခံဗိုလ် နှစ်ဆဲ့လေးတို့နှင့် အစုအမှုထမ်း လူတထောင့်ငါးရာ ပေးအပ်ပြီးလျှင် ဝန်ထောက်မြို့သစ်မြို့စား မိုးနဲဗိုလ်မှူး မင်းကြီးမဟာမင်းထင်စည်သူကို အချုပ်ခန့်တော်မူ၍ ချီတက်တိုက်ခိုက်စေ၏။

သက္ကရာဇ် (၁၂၂၅) တထောင့်နှစ်ရာ့နှစ်ဆဲ့ငါးခု နတ်တော်လဆန်း ခြောက်ရက် တနင်္လာနေ့ နံနက်တချက်တီးကျော် သုံးနာရီ သုံးပါဒ်အချိန် သမီးတော် ပင်းမြို့စားမင်းသမီး သီရိသုဓေဝီကို ဆံထုံးထုံး, တဘက်ပတ်, ဒက်ဆင် မင်္ဂလာဆောင်တော်မူပြီးလျှင် သားတော် မကွေးရာမင်းသား သုသီရိမဟာဓမ္မရာဇာနှင့် ရေသွန်းလက်ထပ် စုံဖက်တော်မူ၏။

လယ်တီမဏ္ဍိုင်-၄၀

ထိုနှစ်ပြာသိုလ ဝန်းသိုမင်းသား သတိုးမင်းရဲကို ဝန်းသိုမြို့နှင့်လဲ၍ ပြင်စည်မြို့၊ ထရုံကာမြို့စား မင်းသားကို တရုံကာမြို့နှင့် လဲ၍ ဝန်းသိုမြို့၊ ခုနစ်ရွာတိုက်စား မိဖုရားကုမ္မာဒေဝီတွင်မြင်သည့် သမီးတော်ကို ထရုံကာမြို့၊ ကျောက်တလုံးရွာစား သုသီရိဝဏ္ဏာတွင် မြင်သည့် သမီးတော်ကို မြောင်လှမြို့များကို မြို့စားပေးတော်မူ၏။

ထိုနှစ်တပို့တွဲလ အမရပူရမြို့ ပိဋကတ်တိုက်ရှိ ပိဋကတ်တော်များကို အမြောက်သံကြား အခါတော်နှင့် ဘေးတော်မင်းတရား လက်ထက်၊ ဘကြီးတော်မင်းတရား လက်ထက် ခမည်းတော်မင်းတရား လက်ထက် ဆောင်ယူသည့်နည်း ဝေါတော်၊ ဆင်တော်၊ထမ်းစင်တော်များနှင့် စီစဉ်ခင်းကျင်းပြီးလျှင် ဝန်ကြီး၊ အတွင်းဝန်၊ မှူးတော်မတ်တော်တို့ ကြီးကြပ်ဆောင်ယူ၍ ရတနာပုံ ရွှေမြို့တော်ကြီးမြောက် ရွှေမြို့တော်ကြီးနှင့် သဏ္ဌာနအပါအဝင် ဖြစ်သော မန္တလေးတောင်ခြေ ပိဋကတ်တိုက်တော်တွင် သွင်းထားရ၏။

ဇင်းလ ဘေးတော်မင်းတရားကြီး မိဖုရား သီရိသုမြတ်စွာမဟေတွင် မြင်သည့် လှိုင်းတက်မြို့စားမင်းသား ခြောက်ဆဲ့သုံးနှစ်ရွယ်သူကံကုန်သည်ကို လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။

ထိုနှစ် တပေါင်းလ မိုးကောင်းမြို့နယ်လဆန်းတောင်စားငစောပိနှင့် နောင်ကြာတောင်စား၊ ထုံးသာနောင်တောင်စား၊ လဘော်တောင်စား၊ လဝထူးတောင်စားတို့ ပယင်းနားချောင်း၊ဆယ်စွယ်၊ကတိုးခွာ၊ အောင်းလှံများနှင့် ရွှေမျက်နှာတော်အဖူးအမြော် အဆက်အသလာရောက်သည်ကို အဆက်အသခံတော်မူ၍ ငွေဒင်္ဂါး၊ အထည်အလိပ် ဆုပေးတော်မူပြီးလျှင် လဆန်းတောင်စား ငစောပိကို လဆန်းစော်ဘွားခန့်၍ မဟာသီရိစောပိရာဇာဘွဲ့ ခန္တီးစော်ဘွားနည်း အစီးအနင်းအဆောင်အရွက်ပေးတော်မူသည်၊ ကျန်တောင်စားတို့ကိုလည်း ဘွဲ့အမည်၊ အထည်အလိပ် ပေးတော်မူ၏။

ထိုနှစ် တပေါင်းလဆန်း တဆဲ့နှစ်ရက် ကြာသပတေးနေ့ ညဥ့်လေးချက်တီးကျော် ခြောက်မောင်းအချိန် မြောက်ရွှေရေးဆောင်မိဖုရားတွင် မြင်သည့် သမီးတော် ကန္နီမြို့စားမင်းသမီးသီရိသုစန္ဒာဒေဝီကို နားထွင်း၊ ဆံထုံးထုံး၊ တဘက်ဝတ်၊ ဒက်ဆင် မင်္ဂလာဆောင်ပြီးလျှင် ညီတော် အိမ်ရှေ့မင့်းသား-ပန်းထိမ်းမြို့စား မင်းသားမဟာသီရိဓမ္မရာဇာနှင့် ရေသွန်း

လက်ထပ်တော်မူ၏။ ၎င်းလ ဘကြီးတော်မင်းတရား အနောက်နန်းတော် ခနဲ့မြို့စား သေလွန်သည်ကို လှပအောင် လုပ်ဆောင်သင်္ဂြိုဟ်ရ၏။

ထိုနှစ် နှောင်းတန်းခူးလ သူနာသူအိုတို့ နေထိုင်စေရန် ရွှေမြို့တော် အတွင်း လေးမျက်နှာမှာ အမိန့်တော်နှင့် ဝင်းအိမ်တိုက်တန်း ဆောက် လုပ်ပြီးလျှင် သူနာသူအိုတို့ကို နေထိုင်စေ၍ ဆန်, ဆား, ငါး, ငါးပိ, စမဲဟင်းလျာ, အစားအစာ အသုံးအဆောင်များကို လုံလောက်အောင် ပေးကမ်းပြီးမှ အကြီးအကြပ်နှင့် ကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေးပြုစု စေပြီးလျှင် သူနာသူအို တိုက်ဆယ်တိုက်များတွင် တိပိတ်ဥက္ကဋ္ဌ ရှာန လာဘိလောကီချာန်မွေ ရသေ့ပညာရှိတို့သည် လူသာမာန်တို့နှင့် မတန် အဘိညာဉ်ဖြင့် စီရင်အပ်သော ကမ္ဘာတန်ဆာ ဆေးကျမ်းကြီး များကို အာစရိယမုဋ္ဌိ လက်ရှိလောက်လုံ နှုတ်ငုံသင်ကြား ကျက်စားချင်းနင်း တတ်မြောက်ကုန်သော ဘေသဇ္ဇဝိဒူ ပါရဂူဖြစ်သော သမားတော်ကြီး သုံးယောက်စီနှင့် အနှိပ်လက်သည်တော် အသီးအသီးပေးအပ်၍ ကုမ ပြုစုရသည်၊ သေလွန်လျှင်လည်း စရိတ်ငွေတော်ထုတ်ပေး၍ သင်္ဂြိုဟ်တော် မူ၏။

ဇာမနီနိုင်ငံမှ ရွှေဘဝါးတော်မြတ်အောက်သို့ လာရောက်၍ ဆေး အတတ်ပညာနှင့် အမှုတော်ကို ထမ်းရွက်နေသူ ဇာမနီလူမျိုးဆရာဝန် မာဘိကိုလည်း လစာရိက္ခာတော်ငွေ လုံလောက်အောင် ပေးထား၍ သူနာရုံများကို မပြတ်သွားရောက်ဆေးဝါးကုသရသည်။

ယင်းသည့်လ ဘင်္ဂလားမြို့နေ မော်လမြိုင်ဝန်, ရွှေကျင်ဝန်ထောက်တို့ သံလွင်မြစ်ကို လျှောက်၍ အကြည့်အရှုသွားရာ နိုင်ငံတော်အရှေ့ဘက် ရှမ်းပြည်မငြိမ်မဝပ်သည့်အတွင်းဖြစ်၍ တကြောင်း, ဝန်ကြီးမင်းများစာမ ပါလာသည်တကြောင်းများကြောင့် ၎င်းအင်္ဂလိပ်လူမျိုး နှစ်နှင့် နောက် ပါလူတို့ကို ကင်းတော်အစောင့်အနေလူတို့က ရွှေဘဝါးတော်အောက် သို့ ပို့ရောက်သည်တွင် နိုင်ငံတော်အစွန်အဖျား သွားလာလိုလျှင် ရန်ကုန် မြို့ အရေးပိုင်တို့က မှာစာလာရောက်မှ ဆင့်ဆိုသွားလာရမည် ဖြစ်သည် ကို ရန်ကုန်မြို့အရေးပိုင်သို့မှာထားပြီးလျှင် အရေးပိုင်စာနှင့် ဝန်ရှင်တော် မင်းကြီးများစာပါမှသွားသာရမည် အမှတ်ထား၍ သွားလာစေသည်။

ယင်းသည့်လ မဟာဇောတိကာရာမတိုက် ရတနာဘုံစံ စံကျောင်း တော်တွင် သီတင်းသုံးနေသည့် မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာ

မိ ရာဇဂုရု-တံဆိပ်တော်ရ ပြည်ဆရာတော်ကြီးဘဝပြောင်းသည်ကို ဗား ကရာဆရာတော်ကြီးနည်း လှပကောင်းမွန်အောင် လုပ်ဆောင်ပြီးလျှင် ယင်းသည့်နှစ် ကဆုန်လဆန်းသုံးရက်နေ့ မြောက်နန်းတော်မိဖုရားထွက်၍ သဂြိုဟ်တော်မူ၏။

ထိုနှစ် ကဆုန်လ မဏ္ဍရာမင်းသား-သားထီးလင်းမင်းသား သီရိမဟာ ဓမ္မရာဇာ ကံကုန်သည်ကို လှပကောင်းမွန်အောင် လုပ်ဆောင်ပြီးလျှင် ၎င်းလဆန်း ခုနစ်ရက်နေ့ သကြြန်မကျမီ သဂြိုဟ်ရ၏။

ထိုသက္ကရာဇ်အတွင်း မြေဒူးမြို့ စီရင်စု ဒယ်ရောက်ရွာနယ် သုမင်္ဂလ ကျောင်းတိုက်၊ သစ်ဆိမ့်ရွာနယ်ကိုးကျောင်းတိုက်၊ ရတနာသိင်္ဃမြို့စီရင်စု ဆင်တဲရွာနယ် ဇော်လကဲ့တောရကျောင်းတိုက်၊ ကွန်းတိုင်းရွာမြောက် တောရကျောင်းတိုက်၊ တလုပ်မြို့စီရင်စု သပြေပင်ရွာအရှေ့ ရေနံချောင်း ခေါ်ချောင်း၊ ပေါက်မြို့စီရင်စု ကူးတို့တောရလွမ်းတောင်ဘုရား မေတ္တာ ကန်ပတ်လည် စတုရန်းတာတထောင်၊ စကုမြို့အရှေ့ စပယ်ရုံတောရ ကျောင်း၊ စလင်းမြို့နယ်မုန်းချောင်းအတွင်း၊စလေမြို့ရှိ ရှင်ဂုဏသီတင်းသုံး နေသည့်တောရကျောင်းတိုက်၊ လယ်ကိုင်းကျောင်းတော်ရာ ဘုရားစေတီ တော် ဝန်းကျင်၊ ဒီပဲယင်းမြို့ စီရင်စု စိုင်ပြင်ရွာမြောက် တောရကျောင်း တိုက်၊ ပင်းတလဲမြို့ စီရင်စု ဆုံတွင်းရွာမြောက် တောရကျောင်းတိုက်၊ ရတနာသိင်္ဃမြို့ ဝဲခူးခေါင်းခွင်ရှိ ဆည်တော်မူသည့် သင်္ချိုက်တော် များမှာ ရှိနေသည့် ရေပိုးရေမွှား သားငါးတိရစ္ဆာန်တို့ကို နယ်လေးရပ် ရှစ်ရပ်သတ်မှတ်၍ ဘေးမဲ့ချမ်းသာပေးတော်မူ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲ အလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၂၅) တထောင့်နှစ်ရာ့နှစ်ဆဲ့ငါးခု နှောင်းကဆုန် လဆန်းခုနစ်ရက် တနင်္လာနေ့ နေနှစ်ချက်တီးကျော် နှစ်နာရီ နှစ်ပါဒ် တဆဲ့သုံးဗိဇနာအချိန်တွင်သင်္ကြန်ကျသည်။ ၎င်းလဆန်း ကိုးရက် ဗုဒ္ဓဟူးနေ့ နေသုံးချက်တီးကျော် လေးနာရီပါဒ်ပြည့် ငါးဗိဇနာအချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၂၆)တထောင့် နှစ်ရာ့နှစ်ဆဲ့ခြောက်ခုသို့ တက်၏။

## ၁၂၂၆-၇

သက္ကရာဇ် (၁၂၂၆) တဆောင့်နှစ်ရာ့နှစ်ဆဲ့ခြောက်ခု ကဆုန်လဆုတ် ငါးရက်နေ့ သားတော် မိုင်းကိုင်းမြို့စားမင်းသားကို မိုင်းကိုင်းမြို့နှင့်လဲ၍ သီပေါမြို့၊ ကျောက်ရစ်မင်းသားကို ကျောက်ရစ်မြို့နှင့်လဲ၍ ထီးလင်းမြို့၊ ခုနစ်ရွာမိဖုရားကုမ္ဗာဒေဝီတွင်မြင်သည့်သားတော်ကို ပင်းယမြို့၊ သရစိမ်းရွာစားတွင် မြင်သည့်သားတော်ကို ငရနဲမြို့၊ သမီးတော်ပြောင်းပြာမြို့စားမင်းသမီးကို ပြောင်းပြာမြို့နှင့်လဲ၍ မိုင်းကိုင်းမြို့၊ ငရနဲမြို့စားမင်းသမီးကို ငရနဲမြို့နှင့်လဲ၍ ပြောင်းပြာမြို့၊ လက်မိုင်းမြို့စားမင်းသမီးကို လက်မိုင်းမြို့နှင့် လဲ၍ ကျောက်ရစ်မြို့၊ ငန်းဇွန်ရွာစား သုသီရိကလျာတွင် မြင်သည့်သမီးတော်ကို လက်မိုင်းမြို့များကို မြို့စားပေးတော်မူ၏။

ထိုနှစ် ပဌမဝါဆိုလ သမီးတော်စလင်းမြို့စား မင်းသမီး သုသီရိမြတ်စွာ ရတနာဒေဝီက ကုသိုလ်တော်ပွား မန္တလေးတောင်ထိပ်ဘုရားဦးတွင် ဆောက်လုပ်သည့် စရပ်တစ်၊ ပဉ္စင်းလောင်းတဆဲ့ခြောက်၊သာမဏေလောင်းတဆဲ့ခြောက်များနှင့် လှူဒါန်းရန် ပဒေသာပင်တဆဲ့ခြောက် စွန့်ကြဲရန်ပဒေသာပင်တဆဲ့ခြောက်၊ ထည်မျိုးအုပ်မျိုး ပဒေသာပင်ရေ ရှစ်များကို အတွင်းတော်သို့သွင်းပြရာ မြေနန်းတော်သို့ အရှစ်နှစ်ပါးထွက်တော်မူ၍ ရေစက်သွန်းချ လှူဒါန်းတော်မူ၏။

ယင်းသည့်လပြည့်ကျော် တဆဲ့လေးရက်နေ့ ထနောင်းတိုင်ရွာစား စန္ဒာမဟေတွင် မြင်သည့် သမီးတော် ရှစ်နှစ်ရွယ်-တရားမြို့စားမင်းသမီး ကံကုန်သည်ကို မယ်တော်ဝန်တော်အိမ်ဝင်းအတွင်း သင်္ဂြိုဟ်ရသည်။

ထိုနှစ် ဒုတိယဝါဆိုလဆန်းနှစ်ရက် အင်္ဂါနေ့ နံနက်တချက်တီးကျော် ခြောက်မောင်းအချိန် တောင်ရွှေရေးဆောင် မိဖုရားတွင်မြင်သည့်သားတော် မြင်ကွန်းမင်းသား သုသီရိဓမ္မရာဇာနှင့် ညီတော်အိမ်ရှေ့မင်းသမီး တောင်ညိုမင်းသမီး သီရိဘဒ္ဒါဝတီတို့ကို သားတော် မလွန်မင်းသားနည်း ရေသွန်းသက်ထပ်တော်မူ၏။

ထိုနှစ် ဝါခေါင်လ အင်္ဂလိပ်လူမျိုး ကုန်သည်ကြီး ဝိလင်းဝါလစ်က စိန်လုံးရေ ငါးရာ့လေးဆဲ့နှစ်လုံး စီခြယ်သည့် ရွှေသား မှန်ပြောင်းကို ဆက်သည်။ ကုန်သည်ကြီး ဝိလင်းဝါလစ်ကိုလည်း ထုသစ်တထောင့်တရာ ပေးတော်မူ၏။ ၎င်းလ ဘေးတော် မင်းတရားကြီးလက်ထက် အာသန်

မင်းကဆက်သည့် သမီးကညာ ဇန်းမော်မြို့စားသေလွန်သည်ကို ကောင်းမွန်အောင် လုပ်ဆောင်သဂြိုဟ်ရ၏။

ရုပ်ပွားတော်ထုရန် စကျဉ်ကျောက်ဖြူတော် ပင့်ဆောင်ခြင်း
စသည်များနှင့် မူးမြစ်ကို ပြင်ဆင်ခြင်း

သက္ကရာဇ် (၁၂၂၆) တဆောင့်နှစ်ရဲ့နှစ်ဆဲ့ခြောက်ခု ဝါခေါင်လ စကျဉ်တောင်တော်တွင် ကျောက်တော်ကြီးတူးဖော်ရသည်ကို ပင့်ဆောင်နိုင်အောင် ရုပ်ပွားတော်သဏ္ဌာန် ကြမ်းချောဆတ်လုပ်စေရန် လက်တတ်ကျောက်ဆတ်သမားတို့နှင့် မကွေးမြို့စား ဝန်ကြီး, မြတောင်မြို့စား သေနတ်ဝန်ကြီးတို့ကို စေလွှတ်တော်မူ၍ ထုလောင်း ပြီးပြေသည်ကို သမ္မန်တော်ကြီး နှစ်စင်းတွဲပြီးလျှင် ပင့်ဆောင်စေရာ အတင်အလျှောက် နေရာမကျသည်နှင့် ဝန်ကြီးနှစ်ယောက်ကို ခေါ်တော်မူပြီးလျှင် လောင်းရှည်မြို့စားဝန်ကြီး, ဝန်ထောက် ခန်းပတ်မြို့စား, ပန်းဘဲဝန်, ပန်းတဉ်းဝန်, သံတော်ဆင့်, တောင်ဒဝယ်မိုလ်တို့ကို စေလွှတ်တော်မူ၍ သမ္မန်တော်ကြီး နှစ်စင်းတွဲပေါ်မှာ တင်ဆောင်အသင့်ရှိစေပြီးလျှင် နောက်ရေကြီးသည့်ကာလ ပင့်ဆောင်ရမည်-အမိန့်တော်အတိုင်း ထုလောင်းပြီး ရုပ်ထုတော်ကို ပင့်ဆောင်တင်ထားရာ မျှားမကြာ ရေကြီးသည်နှင့် စကျဉ်တံတားအနောက် ရေနက်ရာသို့ရောက်ကြောင်း၊ ၎င်းက တာတဆောင်ကျော် မြွေရွာမြစ်ဝသို့ ရောက်ကြောင်းများနှင့် လျှောက်ထားသည်တွင် ရွှေဘဝါးတော်အောက်က သုဓမ္မာဆရာတော်တို့နှင့် သံဃာတော်တို့ကို ခတ်လှေတော်နှင့် ရှေးဦးရှေးဖျား အကြိုအယူအပင့်အဆောင် လိုက်ကြရသည်။ ခရီးလမ်းဟလျှောက် ကျောက်တော်ကြီးတင် တမ္မန်တော်တွင် ပွဲသဘင် အတီးအမှုတ် အကများနှင့် စုန်ဆင်းခဲ့ရာ အထွက်ကို ချောထောက်အမြောက်သံ ရွှေးတော်ယူတံခါးရောက် ကြားစေပြီးလျှင် ၎င်းလပြည့်ကျော် နှစ်ရက်နေ့ မြနန်းစကြာမီးသင်းဘောတော်နှင့်ဆွဲဆောင်ခဲ့ရာ မင်းညီမင်းသား မှူးတော်မတ်တော်တို့ ခတ်လှေ လှော်လှေများနှင့် ကြိုဆိုစေ၍ အနောက်ပြင် အိကင်းရွာဆိပ်သို့ရောက်သည်။

၎င်းလ ရုပ်ပွားတော်ကျောက်တော်ကြီးကို ဖောင်ပေါ်မှကုန်းသို့တင်ရန် ခံကုန်းရွာမြောက် ရွှေတချောင်းမြောင်းကို ချိုး၍ ရွှေတချောင်းမြောင်းဘွင်းသို့ သွင်းပြီးလျှင် ရုပ်တုတော်တင် စွတ်ဖားကို ချဆောင်

သည်။ စွတ်ဖားလမ်း တလိမ့်ကြိုးလွန်များကို ပြင်ဆင်ပြီးလျှင် မန္တလေး တောင်ခြေရင်း သုမဂ္ဂါစရပ်အနီး ကျောက်တော်ကြီးဘုရား ရုပ်တုတော် ထားရာ အရပ်ရောက် အစုအမှုထမ်းလူ တသောင်း နှစ်ထောင်ကျော်တို့ ကို အိမ်ရှေ့မင်း,ဝန်ကြီး, အတွင်းဝန်,ဗိုလ်,သေနတ်စာရေး,သွေးသောက် ကြီးတို့ ကြပ်မဆွဲဆောင်စေရာ ဆွဲရက် တဆွဲသုံးရက်နှင့် တန်ဆောင်မုန်း လဆန်း နှစ်ရက်နေ့ ထားရပ်ပလ္လင်ပေါ်သို့ရောက်သည်။

ရုပ်ပွားတော် ကျောက်တော်ကြီး ထားရပ်ပလ္လင်ပေါ်သို့ မရောက်မီ ခံကုန်းရွာမြောက်သို့ရောက်လျှင် တော်သလင်းလဆန်းသုံးရက်နေ့ နံနက် နန်းမြေဘုံသာစံနန်းတော်သို့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရား ကြီးဘုရား, အရှင်နန်းမတော်ဘုရား နှစ်ပါး ရှေ့မြောက်တပ် နောက်ခြေံ တပ်နှင့် ထွက်တော်မူကြီး ထွက်စံတော်မူသည်။

ကျောက်တော်ကြီးရုပ်တုတော် ကြိုယူပင့်ဆောင် ကြွရောက်တော်မူ မည့် အခမ်းအနားတွင် အစုအမှုထမ်းတို့က ယောကျ်ားအကပွဲ, ရွှေမြို့ တော် ရပ်စုကွက်စုများက ယောကျ်ားမိန်းမ အကပွဲများကို သွင်းပြကြရ သည်။ စံနန်းတော်တွင်လည်း နေ့ည ပွဲသဘင်မပြတ် ခံတော်မူသည်။ ကျောက်တော်ကြီး ရုပ်တုတော် ဆွဲဆောင်သည့်အတွင်း ရုပ်တုတော်တင် ထားရန် ကျောက်ဖြူပလ္လင်လုပ်ရာသို့ အရှင်နှစ်ပါး မပြတ်ထွက်တော်မူ၍ အလုပ်အဆောင် အကြီးအကြပ် ကျောက်ဆတ်ပန်းရန် ကံကျွေးတို့ကို ဒင်္ဂါး အဝတ်အစားပေးတော်မူသည်။

ကျောက်တော်ကြီးဘုရား ပြင်မဟာရံပြင် တောင်ဘက်, အနောက် ဘက်၊ စံကျောင်းတော်တိုက် မဟာရံပြင်၊ အရှေ့ဘက်, တောင်ဖက်များ မှာ အုတ်ပလ္လင်ခံ၍ အမိုးဘုံနှစ်ဆင့် လည်ပေါ်ယွန်းဆက် ဇုလစ်မွန်းချွန် နှင့်တကွ စရပ်ပေါင်းသုံးဆဲ့သုံးကို အသီးအသီး မှူးတော် မတ်တော်တို့ သို့ ငွေဘော်ပေးအပ်၍ တဆောင်စီ ကြီးကြပ်လုပ်စေသည်။

ထိုနှစ် တော်သလင်းလဆန်း ခြောက်ရက်နေ့ ကုလားကုန်သည်ကြီး ဟာလေဒီဘိုလုပ်ကုမ္ပဏီက ဆက်သသည့် မီးသင်းဘောတော်ကို စကြာ ယာဥ်မွန်-ကမ္ဗည်းတပ်တော်မူသည်။

ထိုနှစ် တော်သလင်းလ နန်းမြေဘုံသာ စံနန်းတော်က ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရားသို့ထွက်တော်မူပြီးလျှင် ဆီမီးထွန်းညှိပူဇော်

တော်မူ၍ ဘုရားဝတ်တက်ယောက်ျားမိန်းမ လူပေါင်းခြောက်ရာကို ကျပ်သုံးဒင်္ဂါးတပြားစီ ပေးတော်မူသည်။ ထွက်တော်မူသည့်နေ့ကစ၍ နံနက်တိုင်း ဆွမ်းစမဲအကြီးအကျယ် အဘွယ်အရာများနှင့် သင်ပုတ်တော်ကြီးကို မဟာလောကမာရဇိန်ဘုရား, ကျောက်ဖြူရုပ်ပွားတော်ကြီး ဘုရားသို့ စည်တော်ရွှမ်း၍ တင်လှူတော်မူသည်။

တော်သလင်းလပြည့်ကျော် ဆယ်ရက်နေ့ အရှင်နှစ်ပါး မင်းမိဖုရားမှူးတော်မတ်တော်တို့နှင့် နန်းမြေဘုံသာ စံနန်းတော်က သာသနာပြုဆရာတော်ကျောင်းသို့ အဖူးအမြော် ထွက်တော်မူ၏။

ထိုနှစ် သီတင်းကျွတ်လ ရတနာသိဉ်မြို့စီရင်စု မင်းကြီးရွာနယ်တွင် ငွေတော်ပေး၍ ဆည်ဖို့လုပ်ဆောင်တော်မူသည့်ကန်တော်ကို ချမ်းသာယာ-အမည်သမုတ်ပြီးလျှင် ကန်တော် ထက်ဝန်းကျင် တာတထောင်စီနယ်အတွင်းသို့ ခိုမှီလာရောက်ကျက်စားရှိသည့် သားငှက်တိရစ္ဆာန်ရေပိုးရေမွှားတို့ကို ဘေးမဲ့ပေးတော်မူ၏။

ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ငါးရက်နေ့ နန်းမြေဘုံသာ စံနန်းတော်က ရွှေနန်းတော်ကြီးသို့ ထွက်တော်မူရင်းတစ်စဉ်အတိုင်း ဝင်တော်မူသည်။

သက္ကရာဇ် (၁၂၂၆) တဆောင့်နှစ်ရာ့နှစ်ဆဲ့ခြောက်ခု နတ်တော်လ သိန်းနီမြို့မြောက်လက် ဟိန်ငဆန်ဟဲ ရှမ်းဟိုဟန် ကချင်အရိုင်းတို့နှင့် ပေါင်းသင်းတိုက်ခိုက် မငြိမ်မဝပ်ရှိသည်ကို ရွှေပြည်သေနတ်ဗိုလ် မဟာမင်းခေါင်နှင့် ရွှေပြည်သေနတ်အမှုထမ်း လူငါးရာ, နတ်ရှင့်ရွှေးတပ်မှူး ငတေပေါ်နှင့် အတွင်းကိုယ်ရံတော် စုကြီးခြောက်ကြောင်း နောက်ထော်လူငါးရာ, နှစ်စု လူဘာယောင်ကျော်ကို စစ်ကိရိယာ စရိတ် ရိက္ခာလုံလောက်အောင်ပေးပြီးလျှင် မိုးနဲတပ် စစ်ကဲကြီးမဟာနော်ရထာ အဆင့်အဆိုကိုခံ၍ ထမ်းရွက်ရမည် အမိန့်တော်နှင့် ချီတက်ထမ်းရွက်စေ၏။

ယင်းသည့်လမောက်မယ်စော်ဘွားငနဲ့နှဲ့,မိုင်းခုံပါလိုက်မြို့စားဟောင်း ငသီရိတို့ ရွှေဘဝါးတော်အောက်က တိတ်တဆိတ် ထွက်ပြေး ပြီးလျှင် မောက်မယ်မြို့နှင့် စီရင်စုမြို့ကျေးရွာများကို တိုက်ဖျက်သောကြောင့် ဝန်ထောက် မြို့သစ်မြို့စား မိုးနဲဗိုလ်မှူး မြေလတ်ကျေးရွာက ရပ်နေပြီးလျှင် ပါသည့် နတ်စုသက်ဝဲအမှုထမ်း လူငါးရာခန့်ထားချီတက်တိုက်ခိုက်စေရာ

အင်အားကြီး၍ မိုးနဲမြို့များသို့ ထိပါးနှောင့်ရှက်သောကြောင့် ရှမ်းပြည် မြေလတ် စော်ဘွား မြို့စား ငွေခွန်မှူးတို့နှင့် လူတထောင့်နှစ်ရာကျော်ကို ဆင့်ဆိုခန့်ထား၍ ဝန်ထောက်မြို့သစ်မြို့စား မိုးနဲဗိုလ်မှူးကိုယ်ရံလူကိုးရာနှင့် မိုးနဲမြို့ရောက် ချီတက်ရပ်နေရ၏။

ရွှေဘဝါးတော်အောက်ကလည်း ရွှေပြည်မှန်ကင်းသေနတ်ဗိုလ် မင်းလှမင်းထင်ရန်အောင် တတပ်၊ နတ်စုလက်ဝဲသေနတ်ဗိုလ် မဟာဒေဝ မင်းခေါင်တတပ်၊ လက်ဝဲကြောင်းသေနတ်ဗိုလ် မင်းလှရဲခေါင်ကျော် တတပ်၊ ကင်းထားကုလားပျို သေနတ်ဗိုလ် မင်းထင်ကျော်သူ တတပ်၊ ဘုန်းတော်ဖြစ် သေနတ်ဗိုလ်မဟာမင်းလှမင်းခေါင်တတပ်၊ သူရဲစာရေး မင်းထင်မင်းကျော်တတပ်၊ အမြင့်ချောင်းဦးဆယ်ရွာသင်းသေနတ်တပ်မှူး ရဲထင်သီဟရန်အောင်တတပ်၊ သူကောင်းထမ်းလူတထောင်တွင် ရွှေမား စွဲဗိုလ် နေမျိုးအိန္ဒကျော်စွာတတပ်၊ရွှေမားစွဲဗိုလ်လေးဆယ်တတပ်၊ အတ္တပတ်မြင်းဝန် မင်းလှမင်းထင်ကျော် မြင်းတပ်၊ ရွှေပြည့်ရန်အောင်မြင်း တပ်ဗိုလ်နေမျိုးမင်းထင်ရန်နိုင်မြင်းတပ်၊ ဥဒိန်သီရိကျော်ခေါင်နှင့် စိန်တင် ဆင်နှစ်ဆယ် တတပ်၊ စုစုတပ်ပေါင်းတဆဲ့နှစ်တပ်, အမှုထမ်း စစ်သည် သူရဲ ခုနစ်ထောင်, မြင်းငါးရာ, ဆင်သုံးဆယ်, လက်နက်ကိရိယာ စရိတ် ရိက္ခာ အပြည့်အစုံပေးအပ်ပြီးလျှင် တပ်ပေါင်းတဆဲ့နှစ်တပ်၊ ရွှေဝင်းမှူး သူရဲဝန်ကိုးခရိုင်အုပ် အမြင့်မြို့စား သတိုးမင်းကြီး မဟာသမိန်ဘောဖြတ်စ ကို ချုပ်အုပ်စေ၍ ချီတက်တိုက်ခိုက်သိမ်းယူစေရာ ငနဲနွဲ့,ငသီရိတို့ ဆွေမျိုး ကျေးကျွန်တို့နှင့် သံလွင်အရှေ့ဘက် ဇင်းမယ်စပ်သို့ ထွက်ပြေးကြောင်း များကို ရွှေဘဝါးတော်အောက် လျှောက်ထားစေရာ ရွှေဝင်းမှူးအုပ်စု တပ်များကို ခေါ်တော်မူ၍ ရွှေစက်တော်ရင်းသို့ ပြန်လာရ၏။

ထိုနှစ် တပေါင်းလဆန်း တဆဲ့သုံးရက်နေ့ ကျောက်တော်ကြီးဘုရား မျက်နှာတော်ကို ချန်လှပ်ပြီးလျှင် ထုလုပ်ပြီးပြေသည်ကို မျက်နှာတော် ဖွင့်သည့်ကာလ ကြည့်ရှု ပြုသ ထုလုပ်တော် မူမည်ဖြစ်၍ အခါတော် မရောက်မီက နန်းမြေဘုံသာ စံနန်းတော်သို့ ရွှေခြောက်တပ် နောက် ခြောက်တပ် အခင်းအကျင်းများနှင့် အရှင်နှစ်ပါး မင်းမိဖုရား မင်းညီ မင်းသား မှူးတော်မတ်တော်အပေါင်း ခြံရံထွက်စံတော်မူပြီးလျှင် ကြည့်ရှု ပြုသတော်မူ၏။

ယင်းသည့် တပေါင်းလဆန်း တဆဲ့ငါးရက်နေ့ ရွှေနန်းတော်အတွင်း သာသနာတော် အရှည်တည်ထွန်းစေခြင်းငှာ ပုဒ်ပါဠ်အကျွရာ သဝေ

ဝိဒ်မမှု မချွတ်မယွင်း မတိမ်းမယိမ်းစေရ မှန်ကန်သေချာအောင် အခမ်းအနား အကြီးအကျယ်ဖြစ်စေလျက် ကြပ်မ ရေးသားတော်မူသော ရွှေရေး,မင်ရေး, ကညစ်ရေး ပိဋကတ်သုံးပုံပါဠိတော်,အဋ္ဌကထာ, ဋီကာမှစ၍ ရေးသားပြီးပြေနှင့်သည်ကို တထုပ်လျှင် သေတ္တာတလုံးစီ ထည့်သွင်း၍ သေတ္တာပေါင်းနှစ်ရာကျော်များကို မန္တလေးတောင်ခြေရင်း ပိဋကတ်တိုက်တော်သို့ မှန်စီထမ်းစင်များတွင်တင်ပြီးလျှင် ထီးဖြူအုပ်မိုး၍ တပ်ဝင်းအခမ်းအကျင်း အစီအစဉ် ပွဲသဘင်စုံနှင့် ပင့်ဆောင်သွင်းထားရသည်။

၎င်းလ တောင်ရွှေရေးဆောင်မိဖုရား ရတနာဒေဝီတွင်မြင်သည့်သမီးတော်လေးနှစ်ရွယ် တဘက်မြို့စား မင်းသမီးကံကုန်သည်ကို အိမ်ရှေ့မင်းမင်းညီမင်းသား မှူးတော်မတ်တော်တို့ ကြပ်မ၍ နန်းမြေဘုံသာ စံနန်းတော်အနောက် ကျောက်တော်ကြီးဘုရား မဟာရံတံတိုင်းအနောက်တွင် မြေနှံ့သဂြိုဟ်ရသည်။

၎င်းလ နန်းမြေဘုံသာစံနန်းတော်မြောက် အာရုံခံနန်းတော်သို့လည်း ရုံဖန်ထွက်တော်မူ၍ ကုသိုလ်တော်မဟာလောကမာရဇိန်ဘုရား, မျာဒိတ်ညွှန်းဘုရား, ကျောက်တော်ကြီးဘုရားများကို ကြည်ညိုတော်မူသည်။

ထိုနှစ် မြေဒူးမြို့နယ် မြင်းခွာတောင်အောက်ကသည် ရတနာသိဉ်မြို့ မဟာနန္ဒာကန်တော်ရောက် ရတနာသိဉ် မြို့တည်နန်းတည် အလောင်းမင်းတရားကြီးဘုရားလက်ထက် ကသည်းလူမျိုးတို့ နေရာ မဏိပူရမြို့ကို သိမ်းယူ၍အပြန် ရတနာသိဉ်မြို့ရောက် စုန်ဆင်းတော်မူမည်၊ မူးသစ် တူးဖောက်တော်မူပြီးလျှင် သမ္ဗန်တော် လှေတော်များနှင့် စုန်ဆင်းတော်မူသည့် မူးမြစ် တိမ်ကောကျိုးပေါက်ပျက်စီးယိုယွင်းရှိသည်များကို မဟာနန္ဒာကန်တော်ကသည် ရတနာသိဉ်မြို့ရှေ့ကိုလျောက်၍ စစ်ကိုင်းမြို့စီရင်စုနယ်နှင့်အစပ် တူးဖောက်တော်မူမည်ကို ရတနာသိဉ်မြို့ကျေးရွာမြေဒူး, ခေါ်သန္တိ,ငရနဲ, ထန်းတပင်မြို့, ဒိပဲယင်းမြို့, ပဥ္စာလ မြို့ကျေးရွာများက အမှုထမ်းလူတို့ကို ခန့်ထား၍ မကွေးမြို့စား ဝန်ကြီး သတိုး မင်းကြီးမဟာမင်းလှသီဟသူ,ဝန်ထောက် ပုပ္ပါးမြို့စား မဟာမင်းကျော်မင်းထင်,စာရေးကြီး အသုံးစာရေးတို့ကို တိုင်းတာထိုးမှတ်စေ၍ ရတနာသိဉ်မြို့ဝန်,မြင်းဝန်, မြင်းတပ်ဗိုလ်, မြင်းစာရေး, မြင်းခေါင်းမြင်းစီး, ကျေးရွာသူကြီး, လက်ဝဲဝင်းမှူး မြေဒူ မြို့စား မင်းကြီးမဟာမင်းခေါင်, မြို့အုပ်, မြို့သူကြီး, အိမ်ရှေ့တော်ဒဝယ်ဗိုလ်တို့ကို ကြီးကြပ်ဆည်ဖို့ တူးဖောက်လုပ်ဆောင်စေ

ရာ ရေစီးရေလာကောင်း၍ မူးသစ်အောက် ရေသောက်မှန်သမျှ လုပ်ဆောင်ကြရသည်။

စည်သာမြို့ရှေ့ မူးသစ်ရိုးပေါ်တွင် အလျားတဆဲ့နှစ်ခန်း, အနံ ငါးခန်း, အုတ်စရပ်ကြီးတစ်၊ ၎င်းကကို အင်တော ဗောဓိပေါက် ခရီးတသောင်းကွာတွင် ၎င်းနှင့်အတူ အုတ်စရပ်ကြီးတစ်များကို အိမ်ရှေ့မင်းကဆောက်လုပ်ရ၏။

ထိုသက္ကရာဇ်အတွင်း ရတနာသိင်္ဃမြို့ စီရင်စု လက်ဆောင်ယူတောရကျောင်းတိုက် ရွှေကျင်ရွာနယ်တွင် ရွှေကျင်ကန်တော်၊ အလုံမြို့ စီရင်စု ဝါးရောင်းရွာ, ဝါးပြစ်မရွာ နှစ်ရွာအလယ် ရေကန်၊ ဝေဠုကျွန်းမြို့စီရင်စု သာယာဝတီရွာကျောင်းတိုက် ဗဒ္ဒသိမ်ဝန်းကျင် တာငါးရာ၊ ပုဂံမြို့စီရင်စု ငသရောက်မြို့အဝင် ရဟန်းတော် ရှင်ဇာဂရသီတင်းသုံးနေသည့် တောရကျောင်း၊ ပခန်းကြီးမြို့စီရင်စု ပခုက္ကူရွာမြောက် ကုသိနာရုံကျောင်းများတွင် ခိုမှီရှိနေသည့် ရေပိုးရေမွှားသားငှက်တိရစ္ဆာန်တို့ကို နယ်လေးရပ်ရှစ်ရပ်သတ်မှတ်၍ ဘေးမဲ့ချမ်းသာပေးတော်မူ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၂၆) တထောင့်နှစ်ရာ့နှစ်ဆဲ့ခြောက်ခု နှောင်းတန်ခူးလပြည့်ကျော်တရက် အင်္ဂါနေ့ ညဥ့်လေးချက်တီးကျော် နှစ်နာရီတပါဒ် ဗိဇနာပြန်ခရာပြည့်အချိန်တွင် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော်သုံးရက် ကြာသပတေးနေ့ ညဥ့်တချက်တီးကျော် လေးနာရီနှစ်ပါဒ် ခြောက်ဗိဇနာ ငါးပြန် သုံးခရာအချိန် အတာနှစ်သစ်သက္ကရာဇ် (၁၂၂၇) တထောင့်နှစ်ရာ့နှစ်ဆဲ့ခုနစ်သို့ တက်သည်။

## ၁၂၂၇-ခု

### လက်ယာရစ် ခရုသင်းရောက်ခြင်း၊ ဗောဓိပင်စိုက်ခြင်းစသည်နှင့် သားတော်ခြောက်ပါးကို စိဋ္ဌာန်စေခြင်း

သက္ကရာဇ် (၁၂၂၇) တထောင့်နှစ်ရာ့နှစ်ဆဲ့ခုနစ်ခု ကဆုန်လ အိန္ဒိယတိုင်း မုဆလိဒါပတ်မြို့က လက်ယာရစ်ခရုသင်းနှစ်လုံးကို ပသိကုလား

ကျွန်တော်မျိုးငစိုး ဆောင်ယူလာရောက်ရာ ထူးမြတ်သော ပတ္တမြား ကျောက်တော်ကို ကြိုယူသကဲ့သို့ ကြိုယူဆက်သွင်းရ၏။

ထိုနှစ် ကဆုန်လဆန်း တဆဲ့ငါးရက်နေ့ နံနက် တချက်တီးကျော် အချိန် မဇ္ဈိမဒေသ မဟာဗောဓိပင်တော်အရပ်က ဆောင်ယူဆက်သည့် ဗောဓိပင်တော်ကို ရှေးမဟာဗောဓိပင်စိုက် အခမ်းအနားစာတမ်းထွက်အတိုင်း ပွဲသဘင်ကြီးစွာ ခံတော်မူ၍ ထွက်တော်မူပြီးလျှင် ကျောက်တော်ကြီးဘုရား မဟာရံ ပြင်တံတိုင်းအတွင်း အရှေ့မြောက်ထောင့်အရပ်တွင် အခါတော်ရောက်ကာလ အမြောက်သံသုံးချက်ကြား၍ ဗောဓိပင်တော်ကို ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တိုင်တော် စိုက်ပျိုးတော်မူသည်။ မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်တို့ မြေဖို့ညှိကြရသည်။

နောက် ဝါဆိုလပြည့်ကျော်လေးရက် အင်္ဂါနေ့လည်း အခါတော် အဘိုင်း ကျောက်တော်ကြီးမဟာရံပြင်တံတိုင်းအတွင်း အနောက်မြောက်ထောင့်အရပ်ဘွင် အထက်အရှေ့မြောက်ထောင့် ဗောဓိပင်စိုက်ပျိုးသည့်နည်း ဘဝရှင်မင်းတရားကြီးဘုရား ထွက်တော်မူ၍ ကိုယ်တော်တိုင် စိုက်ပျိုးတော်မူ၏။

ထိုနှစ် ကဆုန်လပြည့်ကျော်သုံးရက်နေ့ သရစိမ်းရွာစား နန္ဒာမဟေ ထွင်မြင်သည့် သားတော် နှစ်နှစ်ရွယ်ကံကုန်သည်ကို နန်းမြေဘုံသာစံနန်းဘော်အနောက် ကျောက်တော်ကြီးဘုရား မဟာရံအနောက်တံတိုင်းပြင်တွင် အိမ်ရှေ့မင်း မင်းညီမင်းသား မှူးတော်မတ်တော်တို့ကြပ်မ၍ သဂြိုဟ်ရသည်။

သက္ကရာဇ် (၁၂၂၇) တပေါင်နှစ်ရ၃နှစ်ဆဲ့ခုနစ်ခုနှစ် ကဆုန်လပြည့်ကျော်ခုနစ်ရက်နေ့ နံနက်တချက်တီးကျော်အချိန် ကောင်းမှုတော်မဟာသက္ကမာရဇိန် ကျောက်တော်ကြီးဘုရား မြတ်နှာတော် ဖွင့်ရန်ရှိသည်ကို နမန္တာဘက် မာတ်ဘက် ဆင်,မြင်း,ရထား, ခြေသည်. စစ်အင်္ဂါလေးပါး တပ်ဝင်းအခမ်းအနား အကြီးအကျယ် စီရင် ခင်းကျင်းတော်မူ၍ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား, အရှင် မိဖုရားခေါင်ကြီးနှင့်အတူ စံနေတော်မူရင်း နန်းမြေဘုံသာစံနန်းတော်မှ ထွက်တော်မူ၍ ဘုရားအနီး ကွန်းထောက်စံနန်းတော်တွင် စံတော်မူသည်၊

တပ်ခင်း အခင်းအကျင်းများကိုလည်း ဘုရားမဟာရံ တံတိုင်းပတ်လည်ခင်းထားပြီးလျှင် ကြီးကျယ်စွာသော ပွဲလမ်းသဘင်ပဉ္စင်တူရိယာမျိုး

တို့ဖြင့် မြေရေငြိမ်မှု ထီးမှုတ်ကာခုန်စေလျက် ညီတော်အိမ်ရှေ့မင်းနှင့်တကွ မင်းညီမင်းသား မှူးတော် မတ်တော်တို့ကို သနားတော်မြတ် ခံရသည့် မောင်းဝတ်လုံ စလွယ် ဘွဲ့ဖြူဆင်ယင်စေ၍ မြီရံစေလျက် ရတနာသုံးပါး သိကြား,ဗြဟ္မာ,စတုလောကပါလာ, သာသနာစောင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ် အပေါင်းတို့အား တင်ကြားပသရန် အဘွယ်အရာ များကို တင်ကြားပသ ပူဇော်စေပြီးမှ သာသနာပြုဆရာတော် အမှူးရှိ သော တံဆိပ်တော်ရ ဆရာတော် သံဃာတော်တို့အား သင်္ကန်းလျာ ပိတ်အုပ်စသော အလှူဝတ္ထုအဘွယ်အရာတို့ကို လှူဒါန်းတော်မူ၍ အခါ ပေး အမြောက်သံ အချက် ငါးဆယ်ကျော် ကြားသည်နှင့် တပြိုင်နက် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ရုပ်ပွားတော်မြတ်၏ မျက်နှာတော်နှင့် ဆီတည့် စီမံခင်းကျင်းပြီး နတ်လမ်းစောင်းတန်း လှေကားတော်ထက်သို့ တက်စံတော်မူပြီးလျှင် ရုပ်ပွားတော်မြတ်၏ မျက်နှာတော်တွင် မျက်ခုံးတော်,မျက်ရေးတော်စသော လက္ခဏာတော် များကို နဝရတ်ကိုးပါးစီခြယ်သော ရွှေစုတ်ကိုစွဲကိုင်တော်မူ၍ ရွှေမင်ဖြင့် ကိုယ်တော်တိုင်စ၍ ရေးသား မျက်နှာတော် ဖွင့်လှစ်တော်မူပြီးမှ တမော္ဘ ကျောက်ဆတ်ပညာသည် အကြီးတို့ ဆက်လက်၍ ပြီးပြေအောင် မျက်နှာတော် ဖွင့်လှစ်ရသည်။

ပြီးလျှင် မျက်နှာတော်ဖွင့် အခမ်းအနားပါဝင်သူ အကြီးအကြပ် မှူးတော်မတ်တော်အရာရှိတို့နှင့် ကျောက်ဆတ်တမော္ဘ,ဗိသုကာလက်တတ် အလုပ်သည်ပညာသည် လူသုံးဆယ်ကျော်တို့ကို အထိုက်အလျောက် ဘွဲ့ အမည်အရည်,ပုဆိုး,ခေါင်းပေါင်း, ပိတ်အုပ်, ပုဝါအုပ် ဆုသနားတော် မူပြီးမှ နန်းမြေဘုံသာစံနန်းတော်သို့ ဝင်တော်မူသည်။

ကျောက်ဖြူရုပ်တုတော်ကြီးကို မျက်နှာတော်ဖွင့် အခမ်းအနားမှစ၍ အလုံးစုံ ချောမောထုလုပ်စေရာ ထက်ဝယ်တော် ဝဲယာအပြန့်တဆဲ့နှစ်တောင်, အဝန်း နှစ်ဆဲ့ရှစ်တောင့်နှစ်မိုက်လေးသစ်, ခါးတော် အဝန်း ဆယ်ခတောင့်နှစ်မိုက် လေးသစ်, ရင်ဖွင့်တော် ပခုံးစွန်း ဝဲယာအကျယ် ရှစ်တောင်, အဝန်းနှစ်ဆယ်,ဦးခေါင်းတော်အဝန်း တဆဲ့သုံးထောင်,စမွခက်မှသည် ရောင်လျှံတော်ဖျားထိ အမြင့်တဆဲ့ခုနစ်တောင့် တမိုက် လေးသစ် ကိုင်းရစ်နစ်ပုံစံနှင့်တကွဒေသာ ရုပ်တုတော်ကြီးကို ထုလုပ်ပြီးပြေ တော်မူ၏။

ယင်းသည့် လပြည့်ကျော်ရှစ်ရက်နေ့ မဏိဇောတာဘိ သိရိသဒ္ဓမ္မ ဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ခင်မကန်ဆရာတော်ဘဝပြောင်း သည်ကို မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ပြည်ဆရာတော် ဘဝပြောင်းရာ သင်္ဂြိုဟ်သည့်နည်း လျပ ကောင်းမွန် အောင် လုပ်ဆောင်သင်္ဂြိုဟ်တော်မူသည်။

ထိုနှစ် နယုန် ပဌမပဌွင်းလောင်းတော် တစ်, ရှင်လောင်းတော်နှစ်ဆဲ့ ရှစ်တို့ သုဓမ္မာစရပ်တော်တွင် စံပြန်ဆိုရာ နန်းမြေဘုံသာစံနန်းတော်က ဆရာတော် သံဃာတော်တို့အား ဆွမ်းဘောဇဉ် သင်္ကန်းသပိတ်မှ စ၍ လှူဒါန်းဘွယ်များကို နေ့စဉ်လှူဒါန်းတော်မူ၍၊ မပြတ်လည်း ထွက်တော် မူပြီးလျှင် အရှင်နှစ်ပါး စာနာတော်မူသည်။

ထိုနှစ် နယုန်လပြည့်ကျော် ငါးရက်နေ့ နံနက် လေးချက်တီးကျော် ငါးမောင်းအချိန် နန်းမြေဘုံသာစံနန်းတော်က မင်္ဂလာလယ်ထွန်တော် မူမည်ကို လယ်ထွန်မင်္ဂလာအခါတော်မရောက်မီ မင်းမိဖုရား မင်းညီမင်း သား မှူးတော်မတ်တော်အပေါင်း ခြံရံတော်မူ၍ ဗိုလ်မှူးတပ်မှူး ရဲမက် လက်နက်ကိုင် တပ်ဝင်းအခင်းအကျင်းများနှင့် ရတနာနန္ဒီ ရေနန်းတော် က သမ္ဗန်တော်တွင် ရွှေစက်တော်တင်ပြီးလျှင် မင်္ဂလာဥယျာဉ်စံနန်း တော်သို့ ထွက်စံတော်မူသည်။ ရောက်တော်မူလျှင် နေ့ညပွဲသဘင်စုံ ခံ တော်မူသည်။

၎င်းလပြည့်ကျော် ခြောက်ရက်နေ့ နံနက် အခါတော်နီးလျှင် မင်္ဂလာ လယ်နား တဲနန်းတော်တွင် အခါကို ငံ့လင့်တော်မူ၍ အခါတော်ရောက် ကာလ အမြောက်သံသုံးချက် ကြားလျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား ရွှေထွန်ရွှေထမ်းပိုးတို့ဖြင့် တင့်တယ်စွာလုပ်ဆောင် သော မင်္ဂလာထွန်ဘော်မှာ ရွှေစက်တင်၍ ထွန်တော်မူသည်။ အိမ်ရှေ့ မင်း မင်းညီမင်းသား မှူးတော်မတ်တော်တို့လည်း ရှေးလယ်ထွန်မင်္ဂလာ စာတမ်းထွက် အခမ်းအနားနည်း စာရင်းရန်ထားရာ ပါသည့်အတိုင်း မင်္ဂလာထွန်တော် နောက်က အစဉ်သင့်ထွန်ကြရသည်၊ ပြီးလျှင် ထိုနေ့ နေသုံးချက်တီးကျော်အချိန် နန်းမြေဘုံသာစံနန်းတော်သို့ ထွက်တော် မူရင်းတပ်စဉ်အတိုင်းဝင်တော်မူသည်။

ထိုနှစ် ဝါဆိုလဆန်း တဆဲ့လေးရက်နေ့ ဗြဲတိုက်တော်တွင် မြတ်စွာ ဘုရားရုပ်ပွားတော်ကိုပင့်၍ သားတော်ခြောက်ပါးကို၊ အိမ်ရှေ့မင်းကိုယ်

တိုင်တော် ကြပ်မပြီးလျှင် အရက်, ထန်းရည်, ဘိန်းဘင်း,ကဇော်,လျှော် ဇာမှစ၍ အမဲနွားသား မစားမသောက် အကျိုးတော်ယုတ်လျော့အောင် မကျင့်မကြံပါ သစ္စာမိဋ္ဌာန်ချက်ကို သံတော်ဆင့်ကဖတ်၍ သံထပ်လိုက် စေပြီးလျှင် သစ္စာတော် ခံသောက်ကြရ၏။

ဝါဆိုလပြည့်ကျော် လေးရက် မွေးတော်လနေ့ကြို၍ မရွေးမချယ် သံဃာတော်ငါးဆွဲသုံးပါးပင့်၍ နန်းမြေဘုံသာစံနန်းတော်ဦးတွင် အရှင် နှစ်ပါး ဆွမ်းကပ်လှူသည် မင်းမိဖုရားတို့ ဆွမ်းစမဲသပိတ်စုံ ငါးဆွဲသုံးစီ များကိုလည်း အသီးအသီး ကိုးကွယ်ရင်းကျောင်းတိုက်သို့ လှူကြရသည်။

ထိုနေ့စံနန်းတော်ဦးတွင် ရှင်လောင်းငါးဆွဲသုံးကို ပရိက္ခရာစုံလှူဒါန်း ရန် အသွယ်အရာများနှင့်ဆရာတော်တကျိပ်နှစ်ပါးကိုပင့်၍ အရှင်နှစ်ပါး လှူဒါန်းတော်မူပြီးလျှင် ရှင်သာမဏေအဖြစ်ဖြင့် ချီးမြှင့်တော် မူသည်၊ ပုဏ္ဏားနှစ်ရာ့တဆဲ့ခြောက်တို့ကို တကိုယ်လျှင် ဒင်္ဂါးငါးပြား, ပိတ်ပုဆိုး, ပိတ်အင်္ကျီ, ခေါင်းပေါင်း ပေးလှူတော်မူသည်။သက်ကြီးသူအိုယောက်ျား မိန်းမ သုံးရာတို့ကိုလည်း ထမင်းကျွေးမွေးပြီးလျှင် အဝတ်အစား ပေး တော်မူ၏။ ထို့နှစ် ဝါခေါင်လပြည့်ကျော် ခြောက်ရက်နေ့နံနက် နန်းမြေ ဘုံသာ စံနန်းတော်က ရွှေနန်းတော်ကြီးသို့ ဝင်တော်မူသည်။

ဝါခေါင်လပြည့်ကျော်ကိုးရက်နေ့ ဘိုးတော်ပုဂံမင်း သီဟသူရမဟာ ဓမ္မရာဇာ့သား ဖျဉ်းမနားမြို့စားမင်းသား ကာလရောဂါနှင့်ကံကုန်သည် ကို ဝင်းတော်အတွင်း သင်္ဂြိုဟ်ရ၏။

ထို့နှစ် တန်ဆောင်မုန်းလဆန်း ငါးရက်နေ့ ရွှေမြို့တော်မြောက်ပြင် မဟာဇောတိကာရာမတိုက် ရတနာဘုံစံ စံကျောင်းတော်ကို ပုခန်းကြီး မြို့ ဆရာတော်-သုဒဿန ဝရ ဓမ္မသာမိ မဟာဓမ္မရာဇာဓိ ရာဇဂုရုအား အရှုံသံဃာငါးဆယ်နှင့်တကွ မြဲတောင်မြို့စား သေနတ်ဝန်ကြီး, လောင်း ရှည်မြို့စား ဝန်ကြီး, ရွှေတိုက်အတွင်းဝန်, ကောလင်းမြို့စားတို့ အလှူ အတန်းများနှင့် စံကျောင်းတော်သို့ သွား၍ တင်လှူရ၏။

ဒေါင်းတံဆိပ်ဒင်္ဂါးသွန်းလုပ်ခြင်းမှစ၍ လယ်ထွန်မင်္ဂလာ
ထွက်သည်အထိ အကြောင်းများ

သက္ကရာဇ် (၁၂၂၇)တထောင့်နှစ်ရာ့နှစ်ဆဲ့ခုနစ်ခုနှစ် တန်ဆောင်မုန်း လ နန်းမြို့တော်အတွင်းပဟိုရ်စင်မြောက် ဒင်္ဂါးခတ်လုပ်စေရန်တိုက်တော်

တည်လုပ် ငြီးပြေရှိသည်ကို ၎င်းလပြည့်ကျော် ကိုးရက် စနေနေ့ နံနက် တချက်တီးကျော်အချိန် အခါတော်နှင့် အမြောက်သံ သုံးချက်ကြားပြီးလျှင် ဥဒေါင်းရုပ် တံဆိပ်ပြင် မြန်မာရေးအက္ခရာနှင့် အရံတံဆိပ်တော်တဖက်၊ စုံပန်းနွယ် ရင်းဖျားတစ်လျှက် ၎င်းအတွင်း ဘဝရှင်မင်းတရားကြီးဘုရား နန်းတက်တော်မူသည့် မြန်မာသက္ကရာဇ် (၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု, ၎င်းအထက်ကျင်သုံးဒင်္ဂါး, ၎င်းပန်းနွယ်ပြင် မြန်မာဘာသာရေး အရံအက္ခရာ ရတနာပုံနေပြည်တော်တဖက်နှင့် ကျပ်သုံးဒင်္ဂါးတော်များကို ခတ်လုပ်စေ၍ တိုင်းကြီးပြည်ကြီးအင်္ဂါနှင့်အညီ တိုင်းခရိုင် နိုင်ငံတော်အတွင်း အနှံ့အပြား သုံးဆောင်ကြရ၏။

* ဤအခါကစ၍ မြန်မာနိုင်ငံတော်တွင် ငွေဒင်္ဂါး, ရွှေဒင်္ဂါး များကို သွန်းလုပ်သုံးစွဲခြင်းဖြစ်သည်။

ထိုနှစ် နတ်တော်လဆန်း ၈ ါးရက်နေ့ ဥရောပတိုက်သား ကျွန်တော်မျိုး သင်းဘောသူကြီး ကာလာဂရုတီက ဝယ်ယူဆက်သည့် သင်းဘောတော်ကို ရေနန်းစကြာ-ကမ္ဘည်းတပ်တော်မူသည်။

သက္ကရာဇ် (၁၂၂၇) တထောင့် နှစ်ရာ့ နှစ်ဆဲ့ ခုနစ်ခု နတ်တော်လ သမီးတော် စထင်းမင်းသမီး သုသီရိမြတ်စွာ ရတနာဒေဝီ အမူးအကြီးထား၍ သမီးတော် တောင်သာမင်းသမီး သီရိပဘာဒေဝီ၊ ချွန်းတောင်မင်းသမီး သီရိသာမာဒေဝီ၊ ကွပ်ရှာမင်းသမီး သီရိမလ္လာဒေဝီ၊ ကြည့်ညှပ်မင်းသမီး သီရိနန္ဒာဒေဝီ၊ ထီးလှိုင်မင်းသမီး သစ်္ဂါဝတီ၊ စောလှမင်းသမီး ကေသာဝတီ၊ မြို့သစ်မင်းသမီး ဝဏ္ဏာဝတီ၊ ဟင်္ဂမော်မင်းသမီးရစာဝတီ၊ အိမ်ရှေ့မင်းသမီး လောဇေယသိန်မြို့စား သီရိမလ္လာဝတီတို့နှင့် သားတော် ပြင်စည်မင်းသားသတိုးမင်းရဲ၊ ကျပင်းမင်းသားသတိုးဗညားကျန်း၊ ပင်လယ်မင်းသား သတိုးမင်းစော၊ ရွှေဂူမင်းသား သတိုးဗညားလော၊ မိုင်းတုံမင်းသား သတိုးမင်းရဲမင်းခေါင်၊ ရနောင်မင်းသား သတိုးဗညား၊ ခေါ်သင်္ကမင်းသား သတိုးမင်းရဲမင်းထင်၊ ဝန်းသိုမင်းသား သတိုးမင်းရဲသီဟသူ၊ ပေါက်မြိုင်မင်းသားသတိုးဗညားဘုန်း၊ ကသာမင်းသားသတိုးမင်းဖျား၊ သာဂရမင်းသား သတိုးမင်းရဲကျော်ထင်၊ ထီးလင်းမင်းသား မင်းရဲကျော်သူတို့ကို အဆိုက်အလိုက် အခမ်းအနားများနှင့် တချိန်တခါတည်း မှန်နန်းတော် မြေနန်းတော်များမှာ ဆံထုံးထုံး, သျှောင်ထုံး, တဘက်ဝတ်, ဒက်ဆင်, နားထွင်း မင်္ဂလာဆောင်တော်မူသည်။

နားတွင်း မင်္ဂလာ အခါမရောက်မီ တရက်က ဘုရားအမှူးရှိသော တံဆိပ်တော်ရ ဆရာတော် သံဃာတော် အရှည်ဝါသီ ဂါမဝါသီပုဂ္ဂိုလ်တို့အား သီးမျိုးစုံပဒေသာပင်ရေ တရာ့တစ်များကို ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်းတရားကြီးဘုရား, အရှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရား နှစ်ပါးထွက်တော်မူ၍ ရွှေကရားဖြင့် ရေစက်သွန်းချ လှူဒါန်းတော်မူပြီးလျှင် ယင်းသည့်နတ်တော်လပြည့်ကျော်ငါးရက် ကြာသပတေးနေ့ နားထွင်းမင်္ဂလာ ဆောင်တော်မူသည်၊ မြေနန်းတော် လက်ဝဲလက်ယာ မြေနန်းတော်ရွှေဇာတ်ရုံဇာတ်စင်များမှာလည်းအထူးအဆန်းအကြီးအကျယ် ဆောက်လုပ်၍ ပွဲသဘင်ခံရသည်။ မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် ကတော်မယားမှစ၍ ပြည်သူပြည်သားတို့ကိုလည်း အထိုက်အလိုက် ပေးကမ်းစွန့်ကြဲတော်မူသည်။

ထိုနှစ် ဝန်ထောက်မြို့သစ်မြို့စား မိုးနဲဗိုလ်မှူးက ငနဲ့နွဲ့ သားအဘနှင့် ငသိရိကို ဇင်းမယ်စော်ဘွားက လက်ခံသည်ကို မခံမထားသင့် ပေးအပ်သင့်ကြောင်းကို မိုးနဲစော်ဘွားအစေနှင့် ကျိုင်းရုံးကြီး စစ်ကဲ ငရစ်, မိုးနဲမြို့အမတ် ငရိုး, တရာ့ငါးဆယ်အမှုထမ်း ငမြတ်ငြိမ်းတို့ကို စာပေးအပ်စေလွှတ်ရာ ဇင်းမယ်စော်ဘွားကလက်မခံပါ၊ ယိုးဒယားမြို့က လက်ခံကြောင်းနှင့် ပြန်ကြားလိုက်သည်။

ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရားကို ဆက်သရန် ယိုးဒယားမင်းကိုမဆက်ဘဲ သိမ်းထားသည့်ဆင်ဖြူတော် အရပ်လေးတောင့်လေးသစ်, အစွယ်ပြြင်ပေါ် နှစ်မိုက်လေးသစ်, ၎င်းနှင့်အတူပါ ဆင်နက် အရပ်သုံးတောင့်လေးသစ်, အစွယ်ပြင်ပေါ်နှစ်မိုက်ခန့်ကို ဆက်သလိုက်ကြောင်းများနှင့် မိုးနဲစော်ဘွားဗိုလ်မှူးဝန်ထောက်တို့ထံသို့ရောက်သည်ကို ရွှေဘဝါးတော် အောက်သို့ စေလွှတ် လျှောက်ထားရာ ဝန်ထောက်မြို့သစ်မြို့စား မိုးနဲဗိုလ်မှူးကို ရွှေဘဝါးတော်အောက် ကြိုယူဆက်လာစေ–အမိန့်တော်နှင့် ကြိုယူဆက်လာရာ မောရိယပစ္စယနာဂရာဇာ-ဆံင်မင်းကိုကြိုယူဆက်သွင်းသည့်နည်း ပြာသိုလဆန်းငါးရက်နေ့ ကြိုယူဆက်သွင်းရ၏။

ထိုနှစ် ပြာသိုလပြည့်ကျော်ငါးရက်နေ့ သမီးတော် မြို့သစ်မင်းသမီး ဝဏ္ဏာဝတီကို မြို့သစ်မြို့နှင့်လဲ၍ ယင်းတော်မြို့ကို မြို့စားပေးတော်မူ၏။

လယ်တီမဏ္ဍိုင်–၄၂

ထိုနှစ် ပြာသိုလအတွင်း နာဂသျှန္တတိုင်း တသည်းပြည်က မြင်လိပ်ရှိန်, ဇီပေါ်ရှိန်, ဆော်တာရှိန်တို့နှင့် နောက်ပါလူငယ်ခြောက်တို့ လက်ဆောင်တော် တရာ့ရှစ်ထပ်ရှိသော ပဒုမာကြာပင်တစ်၊ ငုဝ်အကျားပင်တစ်၊ ငုဝ်အစိမ်းပင် တစ်၊ ရေပေါ်နွယ်စပါး ဆန်ဖြူမျိုးနှစ်တင်း၊ ငုဝ်အနီမျိုး တတင်း၊ ကက္ကုသီး၊ ကြာပုဏ္ဏရိက်ဇွေ၊ နန္ဒင်းနက်၊ နံ့နွင်းချဉ်၊ ကန့်ချုပ်နက်၊ ယက်ပံခါးခေါက်၊ ခေါသီးများနှင့် အဆက်အသဝင်ရာ ဇေတဝန်ဆောင်တော်တွင် ခင်းကျင်း၍ အတွင်းဝန် မှူးတော်မတ်တော်တို့အတွေ့ခံရသည်၊ အလိုတော်ရှိသမျှကိုလည်း ဆက်သထမ်းရွက်ပါမည် လျှောက်ထားသည်။ အလျှောက်အထားပါသူတို့ကိုလည်း ဒင်္ဂါး, ပုဆိုး, အထည်အလိပ် များစွာပေးတော်မူ၍ ပြန်သွားစေ၏။

ထိုနှစ် တပို့တွဲလဆန်း တဆဲ့နှစ်ရက်နေ့ သာသနာပြုဆရာတော် ဥစ္စယျဓမ္မာဘိ မုနိဝရ ညာဏကိတ္တိ သီရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု-ဘာဝပြောင်းသည်။

ထိုနှစ် တပေါင်းလဆန်းဆယ်ရက်နေ့ နန်းမြေဘုံသာ စံနန်းတော်သို့ ရှေ့သုံးတပ် နောက်သုံးတပ် အခင်းအကျင်းနှင့် ထွက်စံတော်မူ၏။ ယင်းသည့်လပြည့်ကျော် တရက်နေ့ မိုးမြိတ်မြို့စီရင်စု ခြိုးငါးတောင်ပေါ်မိုင်းပဗ္ဗတ သီရိကျော်က ထူးမြတ်သည့် မြင်းပျံကို ရွှေစက်တော်ရင်းသို့ လာရောက်ဆက်သရာ ကြိုယူမြို့ကြိုယူ၍ အဆက်အသ ခံတော်မူ၏။

သာသနာပြုဆရာတော် တပို့တွဲလက ဘာဝပြောင်းသည်ကို အထက်သာသနာပြုဆရာတော်ကြီးတို့ကို သဂြိုဟ်သည့် အခမ်းအနားနည်း လုပ်ဆောင်၍ သဂြိုဟ်တော်မမူမီ ထိုနှစ် တပေါင်းလပြည့်ကျော် လေးရက်နေ့ မြတ်စွာဘုရားကို လှူဒါန်းရန် ပဒေသာပင်ရေတစ်, ဆရာတော် သံဃာတော်တို့ကို လှူဒါန်းရန် သီးမျိုးစုံပဒေသာခုနစ်ဆဲ့တစ်, ရွှေမြို့တော်အမရပူရမြို့ရှိ ရဟန်းသာမဏေ ခုနစ်ထောင့်ရှစ်ရာ့ကိုးဆဲ့နှစ်တို့ကိုလှူရန် ဆိုးပြီးပိတ်ကောစီရေ နှစ်ထောင့်လေးရာ,သင်းပိုင်လျှာပိတ်ထည်ရေ ခုနစ်ထောင့်ရှစ်ရာ့ကိုးဆဲ့နှစ်, ရှံခါးပန်းကြီး ကွင်းစုံရှစ်ထောင်, ရေစစ်သုံးထောင့်ရှစ်ရာ့ခြောက်ဆယ်တို့ကို မိဖုရားခေါင်ကြီးနှင့် အလယ်နန်းတော် မိဖုရားတို့ သာသနာပြုဆရာတော်ကျောင်းသို့ ထွက်၍ ရေစက်သွန်းချ လှူဒါန်းရသည်။ ၎င်းလပြည့်ကျော် ငါးရက်နေ့ ခံကုန်းလုပ်တိုင်းသို့ ချဆောင်သဂြိုဟ်ရ၏။

ထိုနှစ် နှောင်းတန်းခူးလပြည့်ကျော်သုံးရက်နေ့ နန်းမြေဘုံသာ စံနန်းတော်အနောက် အောက်အိမ်တွင် မန်းကျည်းပင်စောက်ရွာစား သုသီရိစန္ဒာမဟေ ကံကုန်သည်ကို လှပအောင်လုပ်ဆောင်၍ ခံကုန်း လုပ်တိုင်းတွင် သင်္ဂြိုဟ်ရသည်။

ထိုသက္ကရာဇ်အတွင်း အဝမြို့နယ် သက်ပန်းရွာ စီရင်စု ကုလားရွာ တောင်က အရှေ့အလား ပဒုံမြတဂူဘုရားထိ၊တောင်အလား အင်းခန်းဘုရားထိ၊ အနောက်အလား သပြေငူဘုရားထိ၊ နယ်လေးရပ် အတွင်း တလုပ်မြို့စီရင်စု ကျောင်းမြေရွာနယ် ဆင်တဲဝချောင်း တောင်ဘက်၊ ရန်အောင်မြင်တောရကျောင်းတိုက် အရှေ့အနောက် တောင်မြောက် တာသုံးရာအတွင်း၊ ပုခန်းကြီးမြို့ စီရင်စု ဥက္ကံရွာကျောင်းတိုက်ထက်ဝန်းကျင် စတုရန်းတာသုံးရာအတွင်း၊ တောင်ဘက် ကိုးခရိုင်နယ် သံရွာစီရင်စု တောင်တော်ရွာကျောင်းတိုက်ထက်ဝန်းကျင် စတုရန်းတာသုံးရာအတွင်း၊ ပင်းမြို့စီရင်စု သားများတောရကျောင်းတိုက် တောင်မြောက်သုံးရာ အရှေ့အနောက် တာခုနစ်ရာအတွင်းများတွင် ခိုမှီရှိနေသည့် ရေပိုးရေမွှားသားငှက်တိရစ္ဆာန်အပေါင်းတို့ကို နယ်လေးရပ် ရှစ်ရပ်သတ်မှတ်၍ ဘေးမဲ့ပေးတော်မူ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၂၇) တထောင့်နှစ်ရာ့နှစ်ဆဲ့ခုနစ်ခု နှောင်းတန်းခူးလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ညဥ့်နှစ်ချက်တီးကျော် တဆဲ့သုံးရက် ကြာသပတေးနေ့သို့အဝင် နှစ်နာရီ သုံးပါဒ် အချိန်တွင် သင်္ကြန်ကျသည်။ ကဆုန်လဆန်းတရက် ညဥ့် နှစ်ချက်တီးကျော် နှစ်ရက် စနေနေ့သို့အဝင် ငါးနာရီပါဒ်ပြည့်အချိန် အတာ နှစ်သစ် သက္ကရာဇ် (၁၂၂၈)တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခုနှစ်သို့ တက်၏။

## ၁၂၂၈-ခု

သက္ကရာဇ် (၁၂၂၈) တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခု ကဆုန်လဆန်း နှစ်ရက်နေ့ နေသုံးချက်တီးကျော်အချိန် ရွှေမြို့တော်နောက်မျက်နှာတုလွတ်ရန်အောင်ရပ် ရွှေတော်ပြေးစု ငလတ်အိမ်ကစ၍ မီးစွဲပြီတောက်လောင်

ရာ ကျုံးထိပ်တန်း, ထီးတန်း, သူငွေးတန်း, မန်းကျည်းပင်ဈေးရပ်,ဘရင်ဂျီတန်း, စစ်ကိုင်းတန်း,ညောင်ပင်ဈေးရပ်, အုပ်တန်း,ခွက်တန်း,သံတန်း, ဆန်တန်း, ဝါးတန်းများပါ အိမ်ခြေသုံးထောင့်ရှစ်ရာ့ကျော်မီးစွဲပြီကျွမ်းလောင်သည်၊ ၎င်းနေ့ ညဉ့်နှစ်ချက်တီးကျော် တမောင်းအချိန်သို့ တိုင်ရောက်မှ မီးစဲငြိမ်းသည်။

၎င်းလပြည့်ကျော်တရက် တနင်္ဂနွေနေ့ ညဉ့်နှစ်ချက်တီးကျော် ငါးမောင်းခန့်ကကို ညဉ့်သုံးချက်တီးကျော်လေးမောင်းတိုင် စနေဂြိုဟ်လကို ဖောက်ထွင်းသွားသည်။

နယုန်လ ယောမြို့ကျေး ခင်အေးတောက အဝကိုးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် ထူးမြတ်သည့် ဆင်ဖြူတော် ကျုံးသို့ရောက်သည်ကို ဝန်ကြီးအတွင်းဝန် မှူးမတ်အရာရှိအစုံ ဆင်အရံငါးဆယ်ဝင်းတော်များနှင့် ကြိုယူမြိုကြိုယူ၍ နန်းမြေဘုံသာ စံနန်းတော်သို့ ဆက်သွင်းရသည်။ ဆင်တော်တွေ့မြင်ရင်းသူနှင့် အောက်မားဆင်အမှူးအကြီး ဆင်ဦးစီးတို့ကို ရွှေခွက်, အုပ်မျိုး ထည်မျိုး များစွာ ဆုလာဘ်ပေးတော်မူ၏။

ထိုနှစ် ဝါခေါင်လဆန်း တဆဲ့သုံးရက်နေ့ (၁၂၂၇) တထောင့်နှစ်ရာ့နှစ်ဆဲ့ခုနစ်ခုနှစ်က လယ်ထွန်မင်္ဂလာ ထွက်စံတော်မူသည့်နည်း မင်္ဂလာဥယျာဉ်စံနန်းတော်တွင် တညဉ့်စံတော်မူပြီးလျှင် ၎င်းလဆန်းတဆဲ့လေးရက်နေ့နံနက် အခါတော်နှင့် ထွက်တော်မူ၍ လယ်ထွန်တော်မူသည်။ ၎င်းနေ့ နေသုံးချက်တီးကျော်အချိန် သမ္ဗန်တော်စီး၍ ရေကြောင်း နန်းမြေဘုံသာစံနန်းတော်သို့ ဝင်တော်မူ၏။

ဒုတိယဝါဆိုလ ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရား, ကျော်တော်ကြီး ဘုရားများမှာ ညဝတ်တက်လူတို့ကို ရွှေနန်းတော်က ကျွေးမွေးသည့်ပြင် ဝန်ကြီး, အတွင်းဝန်, ဝန်ထောက်, လွှတ်အရာရှိ, မှူးတော်မတ်ဘော်, ကတော်မယား, သူဌေး သူကြွယ်တို့ကို စာရင်းနှင့် ခွဲဝေ၍ နေ့စဉ်ကြီးကြပ် ကျွေးမွေးစေ၏။

ယင်းသည့်လပြည့်ကျော်လေးရက် တနင်္လာနေ့ နေသုံးချက်တီးကျော်လေးမောင်းခန့်အချိန် အနောက်အရပ်က တိမ်အဆင်းသွေးကဲ့သို့ ခြင်းခြင်း တွေးတွေးနီသည်၊ ၎င်းလပြည့်ကျော်ငါးရက် အင်္ဂါနေ့ နေသုံးချက်တီးကျော် ခြောက်မောင်းခန့်အချိန်ကောင်းကင်အလုံးသွေးပေါက်သွေးခဲကဲ့သို့ တိမ်အဆင်းနီပြီးလျှင် ညဉ့်လေးချက်တီးကျော် အချိန် ရှတ်ခြည်း

မည်းမိုက်၍ မိုးကြီးရွာရာ နန်းမြို့တော်အရှေ့မြောက် ရွှေမြို့တော်အရှေ့မြောက်အရပ်များတွင် မိုးကြိုးလောင်မီးအများ ကျသည်။

## မြင်ကွန်းမင်းသား ပုန်ကန်ခြင်းစသည်မှ ပန်းထိမ်းမင်းသားကို စီရင်သည်ထိ အကြောင်းများ

သက္ကရာဇ် (၁၂၂၈) တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခု ဒုတိယဝါဆိုလပြည့်ကျော်ခုနစ်ရက်ကြာသပတေးနေ့ နေနှစ်ချက်တီးခန့်အချိန် နန်းမြေဘုံသာ စံနန်းဘော် လွှတ်တော်အနီး တဲကြီးတွင် အိမ်ရှေ့မင်း, ဝန်ထောက်, မှူးမတ်အရာရှိတို့ သဃမေမှုမှစ၍မင်းရေးမင်းမှုရှိသည်များကို တိုင်ပင်ညှိနှိုင်းစည်းဝေးပြောဆိုကြစဉ်သားတော်မြင်ကွန်းစား, ညီမြင်းခုံတိုင်စားတို့သည် နန်းမြေဘုံသာစံနန်းတော်တောင်နေအိမ်ဝင်းက လူဆိုးလူသွမ်းတို့ကို ပေါင်းသင်း စုရုံးစည်းကြပ် အရက်သေစာ တိုက်ပြီးလျှင် ရွှေမြို့တော်ကြီး တောင်မျက်နှာအရပ်က မီးထင်းရှို့ပြ၍ လူလေးဆယ်ကျော်ငါးဆယ်ခန့် ဓားလွှတ်ကိုယ်စွဲနှင့် အုပ်ကွပ်ထွက်လာခဲ့ပြီးလျှင် စံနန်းတော်လက်ယာဝင်းတံခါးကဝင်လာရာ အိမ်ရှေ့မင်းလည်းလက်သုံးတော်ဓားလှံသေနတ်မှစ၍ နောက်ပါကျွန်တော်မျိုးတို့ကို စံနန်းတော်ဝင်းပြင်အုတ်စရပ်တွင် ထားခဲ့သောကြောင့် ရှောင်းတခင်ဖြစ်၍ တဲကြီးက ဆင်းသွားသည်တွင် လွှတ်တော်တောင်လှေကားအနီးတွင် မြင်ကွန်းစားလူပြေးသီးလုပ်ကြံ၍ နတ်ရွာစံသည်၊ မြတောင်မြို့စား သေနတ်ဝန်ကြီးလည်း သူပုန်တို့ဓားချက်နှင့် ဆုံးချေသည်၊ လောင်းရှည်မြို့စားဝန်ကြီး, လက်ဝဲဝင်းမှူး မြေဒူးမြို့စား, လယ်ဝန် သံတော်ဆင့်, နာခံပြေးကြီး, ငရန့်ခေါ်သန္တိ နှစ်မြို့အုပ်တို့နှင့် လူအများမှာ သူပုန်တို့ဓား ထိခိုက်ခြင်းခံရသည်၊ ဝန်ထောက်မြို့သစ်မြို့စား မိုးနဲဗိုလ်မှူး, ဝန်ထောက်ပုပ္ပါး မြို့စား, ကျောက်ရဲမြို့စား, မြို့ဝန်, မြို့သာမြို့စား, မြို့ဝန်, သစ်တောဝန်, ကျီဝန်, ဆင်ဝန်, ပင်းတလဲဝန်, တောင်ငူ-ရမည်းသင်းနှစ်မြို့ဝန်တို့မှစ၍ မှူးတော်မတ်တော်တို့လည်း ကိုယ်လွတ် ရှောင်ရှားထွက်ပြေးကြရသည်၊ သားတော်မလွန်မင်းသား, ညီပြင်စည်မင်းသား, စကုမင်းသားတို့ကိုလည်း အိမ်ရှေ့မင်းအမိန့်တော်နှင့်ဆို၍ တကြောင်းတဝ လူစေလွှတ်ခေါ်စေပြီးလျှင် စံနန်းတော်လက်ယာဝင်းတံခါးပြင်ရောက်ကာလ လုပ်ကြံ၍ ကံတော်ကုန်ကြသည်။

သူပုန်လူလေးဆယ်ကျော်နှင့် မြင်ကွန်းစား မြင်းခုံတိုင် စားတို့လည်း တံခါးနီက အတင်းဝင်ပြီးလျှင် နန်းမြေဘုံသာသို့ တက်သောကြောင့် ရွှေဝင်းမှူး သူရဲဝန်, တောင်ဒဝယ်မိုလ်, ကင်းဝန်တို့ ဟန့်တားခုခံကြသည်ကို သူပုန်တို့လုပ်ကြံရာ စံနန်းတော်ထက်တွင် ဦးလည်ပြတ်၍ သွေးသံတခြင်းနှင့် သေဆုံးချေသည်။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း မြင်ကွန်းစား,ညီ မြင်းခုံတိုင်စားတို့ အလုပ်အကြံကိုသိတော်မူ၍ ပွဲတော်ဆောင်မှ သားတော်မက္ခရာမင်းသား, အနောက်ဝန် ရပ်စောက်မြို့စား, လှိုင်းတက်မြို့စား, ဘုန်းတော်ဖြစ် သေနတ်မိုလ်, ကိုယ်ရံတော်,စားတော် ကွမ်းရေ, ထီးခါးလက်စွဲ, ရုံးမိသမျှ လူလေးဆယ်ကျော် ငါးဆယ်ခန့်နှင့် နန်းမတော် မိဖုရားခေါင်ကြီး, မင်းမိဖုရား, သားတော်သမီးတော်တို့ပါ စံနန်းတော်အနောက်တံခါးသို့ ထွက်တော်မူ၍ ဝင်းတော်ပြင်ရောက်လျှင် မြင်ကွန်းစား-ညီမြင်းခုံတိုင်စားတို့က လုပ်ကြံစေမည့် အစောင့်ထားသူငပိုက်ကြီးနှင့် တွေ့သော်လည်း ဘုရား့ရွှေဘုန်းတော်မြတ်ကြောင့် ငပိုက်ကြီး မလုပ်မကြံဝံ့၊ လက်နက်ကိုချ၍ ဒူးပဆစ်တုပ်ပွပ်ပြီးလျှင် အမှုတော်ကို ထမ်းရွက်ပါရမည်အကြောင်းနှင့် တင်လျှောက်သောကြောင့် ငပိုက်ကြီး ကိုယ်ထက် ခြေတော်တင်၍ ထွက်စံတော်မူသည်။

ယင်းကနောက် ရှောင်းတခင် နတ်တို့ဆက်သသောမြင်းကို ခြေတော်တင်၍ ရွှေမြို့တော် မြောက်မျက်နှာ မန်းဦးတံခါးက ရွှေနန်းတော်သို့ ဝင်တော်မူ၏။ ပုခန်းဝန်ကြီးလည်း ဝင်းတော် မာရဘင်ဆီးကို ကျော်၍ ဆင်းလာပြီးလျှင် စံနန်းတော်တောင်သို့ လှည့်၍ အနောက်တံခါးတွင် တပ်တော်နှင့်တွေ့သည့်ကာလမှ နောက်တော်က လိုက်ပါရ၏။ နန်းမြေဘုံသာ စံနန်းတော် အတွင်းပြင်ပတ်လည်မှစ၍ ရတနာပုံရွှေမြို့တော်ကြီး အတွင်းပြင်ပတ်လည်ရှိနေကုန်သော ပြည်သူပြည်သား ဆင်းရဲသား ကျွန်တော်မျိုးအပေါင်းတို့လည်း အုတ်ကျက်ထိတ်လန့် ကြောက်ရွံ့ကြကုန်သည်။

မြင်ကွန်းစားနှင့်တကွ နောက်ပါသူပုန်တို့လည်း စံနန်းတော်တွင် ဘဝရှင်မင်းတရားကြီးကို မတွေ့မရှိသည်နှင့် ရှာဖွေသည်အတွင်း အိမ်ရှေ့မင်း နောက်တော်လိုက် တပ်ပါကျွန်တော်မျိုးတို့ အိမ်ရှေ့မင်းကို နှံစပ်ရှာဖွေမည်-စံနန်းဘော်အနောက်တံခါးက ဝင်လာသည်ကိုသိလျှင် သူပုန်တို့

ဆင်းပြေးကြပြီးကာလ ရွှေမြို့တော် ဦးထိပ်တံခါးကိုဖွင့်၍ ရွှေးတော်ယူ တံခါးကို ဖောက်ဖွင့်ရာ ယင်းသည့်တံခါးကရှိနေသူ နတ်ရှင့်ရွှေးသေနတ် ဗိုလ် မဟာမင်းလှကျော်သူ မခုခံနိုင်သောကြောင့် တံခါးကို ဖွင့်ပြီးလျှင် နန်းတော်သစ်တပ်တွင်းသို့ သူပုန်တို့ဝင်ရောက် လွှတ်တော်တွင် ရှိနေနှင့် ရင်း မကွေးမြို့စား ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှသီဟသူ, ဝန်ထော် ကျောက်ရဲမြို့စား မင်းကြီးမင်းခေါင်မဟာသီဟသူ, ဝန်ထောက် အသည် ဝန် မဟာသီဟသူရတို့ကို ဖမ်းဆီးပြီးလျှင် မျက်မှောင် ချည်ကာထား၏။

သူပုန်တို့ တံခါးနီတော်သို့ ချဉ်းကပ်ဖွင့်ပြန်ရာ ဘဝရှင်မင်းတရားကြီး ဘုရားလည်း အမှန်ယစ်သော ဆင်ပြောင်ကြီး၏ဦးကင်းကို လှစ်ဖွင့်၍ စားသောက်သော ကေသရာဇာခြသေ့်မင်းကဲ့သို့ ရဲရင့်ခြင်း သူရသတ္တိ အထူးနှင့်ပြည့်စုံသော ပုရိသာဇာနေယျဖြစ်တော်မူသည်နှင့်အညီ နောက် ပါသားတော် မက္ကရာမြို့စားမင်းသား သီရိမဟာသုဓမ္မရာဇာ၊ ပုခန်းကြီး မြို့စား ဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှစည်သူ၊ အတွင်းဝန် ဗန်းမော် မြို့စား မင်းကြီးမဟာမင်းလှစည်သူ, အနောက်ဝန်ရပ်စောက်မြို့စား မင်း ကြီးအာယုဒိဿရာကျော်၊ မြင်းစုကြီးဝန် ပုခန်းငယ်မြို့စား မင်းကြီးမင်းလှ မင်းထင်၊ သုံးဆယ်ဝန် မောင်ရိုး၊ မြောက်ဒဝယ်ဗိုလ် မင်းခေါင်သီဟ သူ၊ ဖောင်ဝန်မင်းကြီး မဟာမင်းထင်၊ ဆွေတော်အုပ်မင်းသား မင်းရဲ ညွန့်၊ သံတော်ဆင့် မိုင်းကိုင်းမြို့စား မဟာသိရိဇေယသူ၊ အမြောက်ဝန် မဟာနော်ရထာ၊ အမြောက်စားရေး ငကြီး၊ တောင် တရုတ္တငါးဆယ် ဗိုလ်မောင်ရိတ်၊ သံတော်ဆင့်မောင်တိုး၊ လက်စွဲကြီး ငထောင်ဗိုလ်မှစ၍ ကိုယ်ရံအမှုထမ်း ကျွန်တော်မျိုး လူခုနစ်ဆယ်ကျော်တို့နှင့် မြေနန်းတော် မှ ရပ်တန့်ခုခံတော်မူသည်။

ယင်းသောအခါ ပုရပိုက်တွင် တင်စာရေးသား၍ ပိုးပုဝါရစ်ပတ် လျက် တံခါးနီတော်အတွင်းသို့ လှမ်းကမ်းပစ်ချသောကြောင့် တံခါးနီ တော်အဝှန်း ငရေချမ်းက ပုရပိုက်ကို ယူဆောင်၍ ဖောင်ဝန်မင်းကြီး မဟာမင်းထင်ထံပေးအပ်၊ ဖောင်ဝန်မင်းကြီး မဟာမင်းထင်က ရွှေလက် တော်ရောက် ဆက်သည်တွင် ကိုယ်တော်တိုင်ဖတ်ရှုတော်မူသည်။

စာပါအဓိပ္ပါယ်ကား....ဘုရား သားတော်တို့ ဘုန်းလက်ရုံး အစွမ်း သတ္တိ ဗလအင်အားနှင့်ပြည့်စုံခြင်းကြောင့် ဘထွေးတော် အိမ်ရှေ့မင်းနှင့် တကွ ဗိုလ်မှူးတပ်မှူးမှစ၍ သူရဲကောင်းအပေါင်းတို့ကို အောင်မြင်ပြီး

ဖြစ်ပါ၍ ခမည်းတော်ဘုရား အမိန့်တော်မြွတ်ရှိရာ နာခံလိုပါကြောင်း နှင့် ပါရှိသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ငါ့ကိုရန်မပြုနှင့်-ဟူသောအမိန့်တော်ကိုပုရပိုက်တွင်ရေး၍ပုဝါနီရစ်ပတ်ပြီးလျှင် မြင်ကွန်းစား,မြင်းခုံတိုင်စားတို့ မယ်တော်-တောင်ရွှေရေးမိဖုရားကိုယ်တိုင် သားတော်များရှိရာ သွားရောက်ပေးစေသည်။

တောင်းသောအရေးလည်းမရ တံခါးနီပွင့်အောင်လည်း မတတ်နိုင်ကြသောကြောင့် နောက်ကိုဆုတ်ပြီးလျှင် မြင်ကွန်းစား-မြင်းခုံတိုင်စားတို့ လွှတ်တော်ထက်က သူပုန်တို့နှင့် စည်းကြပ် လုပ်ကြံသည် အတွင်းအိမ်ရှေ့တော်ထမ်း မြောက်ဒဝယ်မိုလ်မော, လက်စွဲခေါင်း သောရောက်, သေက်ပြင်း, တောသား, ရောက်,သံဆင့်မြွား, ဘိုးအို့,ကလေးတို့နှင့် အိမ်ရှေ့တော်ထမ်းလူတရာ၊ ဘုန်းတော်ဖြစ်သေနတ်မိုလ်မဟာမင်းလှမင်းခေါင်နှင့် လူသုံးဆယ်တို့ ၎င်းနေ့ နေသုံးချက်တီးကျော် ငါးမောင်းအချိန် လက်ဝဲတံခါးကဝင်၍ မြင်ကွန်းစားက အစောင့်ထားသည့်ဇော်ကျီမိုလ်နှင့် လူဘဆယ်တို့ကို သတ်ဖြတ်ပြီးလျှင် လွှတ်တော်ထက်စီးဝင်ခုံနေသည့် မြင်ကွန်းစားညီအစ်ကိုနှင့် သူပုန်တို့တပ်ကို တိုက်ခိုက်ကြရာ မြင်ကွန်းစားတွင် မိုလ်ပြုလုပ်သူ သူပုန်တို့ သေကြေပျက်စီးသည်နှင့် မြင်ကွန်းစားညီအစ်ကိုလည်း မရပ်မနေနိုင်၍ လွှတ်တော်တောင်လှေကားကဆင်းပြီးလျှင် လက်ယာဝင်းတံခါးပြင်သို့ ထွက်ပြေး မမိမရရှိသည်၊ အိမ်ရှေ့တော်ထမ်းလူတို့လည်း ညဉ့်လေးချက်တီးကျော် အချိန်ရှိလျှင် အိမ်ရှေ့အိမ်တော်သို့ ပြန်သွားကြသည်။

မြင်ကွန်းစား ညီအစ်ကို တို့လည်း နန်းတော် သစ်တပ်ပြင်မြို့တွင်းရှိ ရရာရမိလူဘို့ကို သိမ်းရုံးပြီးလျှင် ၎င်းနေ့ ညဉ့် နန်းတော်အနောက်ရုံးကနေ၍ အနောက်တံခါးကို တိုက်ခိုက်ပြန်လာသည်ကို ရွှေနန်းတော်အတွင်းက ဝန်ကြီး, အတွင်းဝန်, မှူးတော် မတ်တော်, မိုလ်မှူးတင်မှူးတို့ အုပ်ကွပ်၍ အမိန့်တော်နှင့် ရွှေနန်းတော် ကြီးထွင် စောင့်နေရသည့် သံတော်ဆင့်မိုင်းကိုင်းမြို့စား မင်းလှသီရိဇေယသူ,တောင်ဒဝယ်မိုလ်မဟာမင်းခေါင်နော်ရထာတို့ကို အမှုထမ်း လူတရာ့ငါးဆယ်ကျော်ပေးအပ်၍ ခုခံတိုက်ခိုက်ကြရသည်၊ အိမ်ရှေ့တော်ထမ်းလူတို့နှင့် ပုခန်းငယ်မြို့စားရဲဘက်မြင်းဝန်မင်းကြီးမဟာမင်းလှမင်းခေါင်, ဘုန်းတော်ဖြစ်သေနတ်မိုလ်

မဟာမင်းလှမင်းခေါင်တို့လည်း နန်းမြို့သစ်တပ်ပြင်ကလှည့်၍ တိုက်ခိုက်ကြသည်၊ နောက် သူပုန်တို့ ထိခိုက် သေကြေပျက်စီးများလျှင် မြင်ကွန်းစားညီအစ်ကိုလည်း ကျေးကျွန်အမှုထမ်းလူလေးဆယ်ကျော် ငါးဆယ်ခန့်နှင့် ရွှေမြို့တော်တောင်မျက်နှာ ရန်နည်းတံခါးက ထွက်သွား၍ ရောဝတီမြစ်ဆိပ်ကမ်းမှာ ဆိုက်ထားရှိသည့် ရေနန်းစကြာမီးသင်းဘောတော်တွင် သင်းဘောစီးကပ္ပိတန် ခလာသီလူဘိုကို အပြင်းအပြမ်းကွပ်၍ အုပ်ချုပ်တင်ဆောင်လျက် အကြေသို့စုန်ပြေးပြီးလျှင် ရောဝတီမြစ်စဉ်တလျှောက်မြို့ကျေးရွာများမှာလည်း ရရာရမိ, ရွှေ, ငွေ, သေနတ်, လူသူ, သိမ်းယူစည်းကြပ်၍ မလွန်မြို့သို့ ရောက်ကာလ မီးသင်းဘောနှင့်ဆန်တက်ပြီးလျှင် တရုပ်မြို့စီရင်စု မြင်းခြံဆိပ်က အရပ်အနေပြု၍ စည်းကြပ်ရလူတို့ကို ဗိုလ်တပ်မှူး စစ်ကဲ အအုပ်အချုပ် ခန့်ထားပြီးလျှင် ရွှေမြို့တော်သို့ ဆန်တက်တိုက်ခိုက်ရမည် စေလွှတ်သည်။

ရွှေဘဝါးတော် အောက်ကလည်း သက္ကရာဇ် (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခု ဒုတိယဝါဆိုလပြည့်ကျော် ကိုးရက်နေ့ အတွင်းဝန်ရေနံချောင်းမြို့စားမင်းကြီးမဟာမင်းထင်မင်းကျော်ကိုပုဂံမြို့ကအရပ်အနေပြု၍ အောက်မြစ်စဉ်မြို့ကျေးရွာများကိုအုပ်ထိန်းဆင့်ဆို စီရင်ရမည်၊ ရွှေးလက်ယာသေနတ်ဗိုလ်ကို တောင်ဘက်ကိုးခရိုင်အုပ် ခန့်တော်မူပြီးလျှင် တောင်ဘက်ကိုးခရိုင်စီရင်စုမြို့ကျေးရွာနေလူတို့ကို ခွဲခန့်စည်းကြပ်ရမည် အမိန့်တော်နှင့် ထွက်သွားကြရ၏။

၎င်းလပြည့်ကျော်ကိုးရက်နေ့ အိမ်ရှေ့ဝန် နတ်မောက်မြို့စား မင်းကြီးမဟာကျော်ထင်ကိုလည်း တောင်တွင်းကြီးမြို့ကျေးရွာနေ လူတို့ကို အုပ်ထိန်းဆင့်ဆိုစည်းကြပ်ပြီးလျှင် တောင်တွင်းကြီးမြို့က ရပ်နေရမည် အမိန့်တော်နှင့် ထွက်သွားရ၏၊ ထိုအခါ အခရေးတော်အတွင်း ပုခန်းကြီးမြို့စားဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှစည်သူ,ဝန်ထောက်ခုနစ်ရွာစား မဟာမင်းကျော်စည်သူတို့ကိုလွှတ်တော်ကနေ၍ အရပ်ရပ်တပ်တော်အမှုတော်အရေးအရာများကို ဆင့်ဆိုထမ်းရွက်ရ၏။

ထိုသက္ကရာဇ် ဒုတိယဝါဆိုလပြည့်ကျော် ဆယ်ရက်နေ့နံနက် မြင်ကွန်းစား ဦးရိုးတော်သူ ဆင်ဝန်ဟောင်း သူပုန် ငရွှေအိုးနှင့် သူရဲစာရေးဟောင်း ငကြီး, မြင်းတပ်ဗိုလ် ငအုန်းခိုင်, မြင်ကွန်းစား မြင်းခံငပေတိုးတို့လည်း လက်ယာဝင်းမှူးမင်းကြီးမဟာကျော်သူတွင် ရှိသည့် လက်ယာ

ဝင်းတော် မားကို သိမ်းယူပြီးလျှင် နောက်ပါ မြင်းစီးရေ လေးဆယ် ကျော် ငါးဆယ်ခန့်နှင့် တောင်ဘက် ကိုးခရိုင်မြို့ကျေးရွာများသို့ လူသူ သိမ်းသွင်း စည်းကြပ်မည် တိုင်ပင်ကြံစည် ထွက်သွား၍ မက္ခရာမြို့စီရင် စုနယ်တွင်း ကျေးရွာသို့ လာရောက်သည်ကို မက္ခရာမြို့ကျေးရွာအမှုထမ်း လူတို့နှင့် မက္ခရာမြို့သူကြီး ငရွဲက ငရွှေအိုးနှင့် ငကြီးတို့ကို ဖမ်းဆီးပြီး လျှင် ထိုသက္ကရာဇ် ဒုတိယဝါဆိုလပြည့်ကျော် တဆဲ့တရက်နေ့ ရွှေစက် တော်ရင်းသို့ ဝင်းတော်မားနှင့်တကွ ပို့ဆက်လာရာ ငရွှေအိုး,ငကြီးတို့ ကို ထောင်မှာ အကျဉ်းထား၍ ဖမ်းဆီးဆက်သသူ မက္ခရာမြို့သူကြီး ငရွဲ ကို နေမျိုးဘွဲ့နှင့် ငွေဒင်္ဂါးပြားရေတရာ, ပိုးသား ပုဆိုး, ပုဝါ ဆုပေး တော်မူသည်။

မြင်ကွန်းစားတို့ကို အဖမ်းအဆီး အတိုက်အခိုက် စေလွှတ်တော်မူ သည့် ရေနံချောင်းမြို့စား မြစ်စဉ်အတွင်းဝန် မင်းကြီးမဟာမင်းကျော်မင်း ထင်လည်း စလင်း ဆင်ဖြူကျွန်းဆိပ်ကမ်းတွင် စလင်း-ကျပင်း နှစ်မြို့ဝန် မဟာသမိန်လောနှင့် လက်နက်လူသူ စည်းကြပ်နေသည့်အတွင်း မြင်ကွန်း စားညီအစ်ကိုတို့ မီးသင်းဘောနှင့် ဆန်သွားသည်ကိုသိ၍ မီးသင်းဘော တော်နှစ်စင်း သရက်တော ကျောင်းတွင်ရှိသည်ကို မြစ်စဉ် အတွင်းဝန် သား ပုခန်းငယ်ကျောက်ရဲနှစ်မြို့ဝန်သွား၍ ခေါ်ရာ အင်္ဂလိပ်အရေးပိုင် ဝန်ကြီးဖယ်ရာက မြင်ကွန်းစားညီအစ်ကိုတို့က တောင်းလာသည်ကိုလည်း ကျွန်ုပ်တို့ကမပေးပါ၊ ကပ္ပိတန် မာလိန်ခလာသီတို့ လခကျန်များနှင့် ယခု ဆန်တက်ရမည့်လခ ပေးပါလျှင် မြစ်စဉ်အတွင်းဝန်မင်းကို ပေးပါမည် ပြောဆိုသောကြောင့် မြစ်စဉ်အတွင်းဝန်, စလင်း ကျပင်းနှစ်မြို့ဝန်တို့က စလင်းမြို့ ကျပင်းမြို့များတွင် ငွေဒင်္ဂါးတသောင်းခွဲခန့် ပေးကမ်းပြီးမြေ သည့်ကာလ စကြာယဉ်မွန်သင်းဘောမှာ ပုန်းလုံးရေနှစ်, အမြောက်လုံး ရေ ခြောက်၊ မြနန်းစကြာမီးသင်းဘောတော်မှာ ဗုံးလုံးရေနှစ်, အမြောက် လုံးရေ ခြောက်၊ အမြောက်ဆန်ဗုံးဆန် ခဲယမ်းအပြည့်အစုံတင်၍ အရေး ပိုင်ဖယ်ရာက တောကျောင်းအရပ်တိုင် ပေးအပ် လိုက်ပို့စေသည်ကို ဆောင်ယူဆန်တက်လာကြသည်။

ဆင်ဖြူကျွန်းဆိပ်ကမ်းသို့ ရောက်ကာလ မီးသင်းဘော နှစ်စင်းတွင် စလင်း,ကျပင်း, ဆင်ဖြူကျွန်းမြို့ကျေးရွာများတွင် ခန့်ထားစည်းကြပ် ရရှိ သော စစ်သည်ရဲမက် အမှုထမ်းတို့ကို ခွဲဝေပြီးလျှင် အပြည့်အစုံတင်၍ စကြာယဉ်မွန် မီးသင်းဘောတွင် ရေနံချောင်းမြို့စား မြစ်စဉ်အတွင်းဝန်

မင်းကြီးမဟာမင်းကျော်မင်းထင်၊ မြနန်းစကြာမီးသင်းဘောတွင် စလင်းကျွပင်းနှစ်မြို့ဝန်, ပုခန်းငယ် ကျောက်ရဲနှစ်မြို့ဝန်တို့စီး၍ ရေတပ်က ခတ်လှော်လှော်လှေ နှစ်ရာကျော်၊ လက်ယာ လမ်းကြောင်းတပ်က မြစ်စဉ်အတွင်းဝန်ညီ ငကျော်စံ၊ လက်ဝဲဘက်လမ်းကြောင်းတပ်က မြစ်စဉ်စစ်ကဲ သောထွန်းတို့နှင့် မြစ်စဉ်မြို့ရွာ စည်းကြပ်ရလူ တသောင်းကျော်, သူကောင်းထမ်း လူသုံးထောင်ကျော်တို့နှင့် ရေအားကြည်းအား အုပ်စည်းမပျက် ချီတက်ကြရာ(၁၂၂၀)တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခု တော်သလင်းလဆန်း တဆဲ့တရက်နေ့ မြင်ကွန်းစား ညီအစ်ကိုတို့ရပ်နေသည့် မြင်းခြံဆိပ်ကမ်းသို့ ရောက်ကာလ မြင်ကွန်းစား ညီအစ်ကိုတို့နှင့် နောက်ပါသူပုန်တို့ သင်းဘောမရပ်မခံဝံ့၊ အောက်သို့ အလျင်ဆုတ်ခွာစုန်ပြေးသည်ကို လိုက်လံဘိုက်ခိုက်ကြသည်တွင် အင်္ဂလိပ်အစိုးရပိုင်နယ်သို့ ဝင်ရောက်ခပ်လေသောကြောင့် လွတ်လေ၏။

သက္ကရာဇ်(၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခု တော်သလင်းလပြည့်ကျော် ကိုးရက်နေ့ အလယ်နန်းတော် မိဖုရားတွင်မြင်သည့် သားတော်ဇန့်ကျီတိုက်စားမင်းသား ခုနစ်နှစ်ရွယ်ကံတော်ကုန်သည်ကို နောင်တော်မိုးကောင်းမြို့စားမင်းသားနည်း မြောက်ဥယျာဉ်တော်အတွင်းလုပ်ဆောင်သင်္ဂြိုဟ်တော်မူသည်။

ထိုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ခုနစ်ရက်နေ့ မြင်ကွန်းမင်းသား, မြင်းခုံတိုင်မင်းသားတို့သည် နန်းမြေဘုံသာစံနန်းတော်အတွင်း ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့်ရွှေမြို့တော်ပတ်လည်ရပ်စုကွက်စုများပါအုတ်အုတ်ကျက်ကျက်ဖြစ်၍ စံနန်းတော်ပြင်ရုံက ချထားသော အိမ်ရှေ့မင်းကိုယ်ရံတော်တပ်လည်း အကွဲကွဲထွက်ခွာသွားကြလေရာ အချို့တပ်သားတို့မှာနန်းမြို့တော်အတွင်း အိမ်ရှေ့အိမ်တော်သို့ ရောက်လာကြလေ၏။ ယင်းသောအခါ အိမ်ရှေ့မင့်းသားတော်ကြေးမြင့်မင်းသား, တိုင်တားမင်းသားတောင်ဆင်းမင်းသား, ရွှာသာမင်းသားတို့က မည်ကဲ့သို့အရေးဖြစ်ပွားကြောင်း မေးမြန်းသည်တွင် အိမ်ရှေ့ဘုရား၏ လက်ယာ လက်မောင်းတော်မှာ ဓားထိခိုက်သောအရာ အဆာနှင့် မင်းသားလေးပါး တွဲပြီးလျှင် နန်းတွင်းသို့ ဝင်သွားသည်ကို နန်းတော်ပြင်ရုံမှ ချောင်းမြောင်းကြည့်ရှု၍ မြင်လိုက်ရကြောင်းနှင့် တပ်သားတဦးက ချွတ်ချွတ်လွဲလွဲလျှော့ထားလေ၏။

ယင်းသည့်အခါ ငါတို့ခမည်းတော်ကို မင်းသားကပုန်ကန်လျှင် မင်းသား တပါးသာ ဖြစ်ရမည်၊ ယခု မင်းသားလေးပါး တွဲယူသွားသည်ဆိုသော် မင်းကေရာဇ်အမိန့်တော်နှင့် ဖမ်းဆီးခြင်း ဖြစ်တန်ရာသည်ဟု သားတော်များကတွေးမိကြလေ၏။ထိုအခါတောင်ဆင်းမင်းသားက ယခုကဲ့သို့အရေးကို ကြားဘူးတွေ့ဘူးခဲ့ရခြင်းမရှိချေ၊ အိမ်ရှေ့မင်းကို ဖမ်းဆီးသည်ဆိုသောအကြောင်းမှာ အလွန်စိုးရိမ်ဘွယ်သော တိုင်းရေးပြည်ရေးကြီးပင်ဖြစ်တော့သည်။ အိမ်ရှေ့အတွင်းဝန် ဦးသင်လည်း လောကီ လောကုတ္တရာနှစ်ပြာသော ပညာဗဟုသုတနှင့်ပြည့်စုံသူ သပ္ပုရိသ ပုဂ္ဂိုလ်တဦး ဖြစ်သည်။ ခမည်းတော်ဘုရား ယုံစားတော်မူသော ကျွန်တော်ရင်းလည်း ဖြစ်သည်။ဤသူသို့တိုင်ပင်၍ သူကနည်းလမ်းညွှန်ပြရာကို ညီတော်နောင်တော်တို့ကြံကြိုက်တော်မူရာကြံတော်မူကြမှသင့်တော့မည်ဟုအရေးစကားဆိုသည်တွင် ကြေးမြင့်မင်းသား၊ တိုင်တားမင်းသား၊ ရွှာသာမင်းသားတို့ကလည်း အကြိုက်ညီသောကြောင့် အိမ်ရှေ့အတွင်းဝန် ဦးသင်ထံသို့ ရှတ်ခြည်းသွား၍ အိမ်ရှေ့မင်းကိုယ်ရံတော် တပ်မှပြန်လာသူ ကျွန်တော်မျိုး တဦး၏လျှောက်ထားချက်ကို ပြန်ကြားပြီးလျှင် လုပ်ရေးကြံရေး မည်ကဲ့သို့သင့်မည်အကြောင်း ဆွေးနွေးတော်မူကြလေ၏။

အိမ်ရှေ့အတွင်းဝန် ဦးသင်လည်း မိမိအရှင် အိမ်ရှေ့မင်းကို ဖမ်းဆီးသည်ကြားရလျှင် ယမ်းပုံမီးကျ ဟုန်းဟုန်းထသကဲ့သို့ အာဃာတဖြစ်ပွားပြီးလျှင် ကိုယ်တော်တို့မှာ သက်တော်ရှယ်တော်ငယ်သေး၍ ကြောက်ရွံ့တော်မူကြပါလျှင် ရန်ကုန်မြို့သို့အရောက် ကိုယ်လွတ်ထွက်ရှောင်တော်မူကြပါ၊ သို့တည်းမဟုတ် ငါတို့ခမည်းတော်ကို ဤကဲ့သို့ မသင့်ကြံသည်ကို မခံလိုဘူး၊ လုပ်ကြံသင့်ရာ လုပ်ကြံတော့မည်ဆိုပါလျှင် ရှောင်းတခင် လူစု၍ ပေးပါမည်၊ နန်းမြေဘုံသာစံနန်းတော်ကို ယခုဝင်၍ တိုက်တော်မူကြပါဟု လျှောက်ထားလေ၏။

မင်းသား များကလည်း ကြောက်ရွံ့သောကြောင့် အင်္ဂလိပ်မင်းပိုင်နိုင်ငံဖြစ်သော ဟံသာဝတီနယ်ရန်ကုန်မြို့သို့ ကိုယ်လွတ်ရှောင်ရှားခဲ့သော် ငါတို့မင်းမျိုးသည် သူရသတ္တိမရှိဟု နောင်ကမ္ဘာပတ်လုံး ပြောထုံးမကျေဖြစ်လေရာသည်။ ယောက်ျားတို့မည်သည်မှာ လုံ့လဝီရိယအကြံအစည်ကို လျှော့မြဲမဟုတ်ချေ၊ ငါတို့ခမည်းတော်ကို သက်တော်ထင်ရှားနှင့် ပြန်၍ ရလျှင်လည်းရစေတော့၊ မရလျှင်လည်း ဖြစ်လိုရာဖြစ်စေတော့ နန်းမြေဘုံသာစံနန်းတော်ကိုဝင်၍ အရတိုက်တော့မည်၊ ငါတို့လုပ်ကြံရလျှင် ငါ

တို့လက်က လွတ်နိုင်တော့မည်လားဟု ကြုံးဝါးပြီးလျှင် ကြေးမြင့်မင်းသား, တိုင်တားမင်းသား, တောင်ဆင်းမင်းသား, ရွှာသာမင်းသား ညီတော်နောင်တော်တို့သည် နောက်ပါ လက်နက်ကိုင် လူနှစ်ရာခန့်နှင့် ချီထွက်လာကြလေ၏။ မြောက်မျက်နှာ လေးသိန်းတံခါးအနီး ရောက်လျှင် နောက်ပါကျွန်တော်မျိုးတို့က ဘကြီးတော်ဘုရားမှာ လက်နက်ကိုင် အစုအမှုထမ်း လူနှစ်သောင်းကျော်နှင့် သေနတ်အမြောက် စိန်ပြောင်းယမ်းခဲဆေး လုံလောက်စွာ စည်းကြပ်ပြီး အသင့်ရှိပါသည်။ အိမ်ရှေ့တော်တပ်မှာ အကွဲကွဲဖြစ်၍ မရုံးမစည်းမိသေးပါ၊ ရွှေမြို့တော် အနောက်မြောက်စက်ရုံတွင်လည်း ခမည်းတော် ဘုရားကျွန်တော်မျိုး အမှုထမ်းတို့ အသင့်ရှိပါသည်။ ၎င်းလူများပါသိမ်းခေါ်၍ ရတနာသိဿ် မြို့တော်ရောက်ထွက်တော်မူကြရန် သင့်ပါသည်။ ရတနာသိဿ်မြို့, မြေဒူးမြို့, ဒီပဲယင်းမြို့, ပဥ္စာလမြို့, ပုဂံမြို့, တောင်တွင်းကြီးမြို့များတွင် ရှိနေသူများသည်း ခမည်းတော်ဘုရား၏ ကျွန်တော်မျိုးချည်းဖြစ်ကြသောကြောင့် လိုသလောက်လက်နက်လူသူများကို လွယ်ကူစွာနှင့် ရနိုင်ပါသည်။ ဤအခါ ရည်ကြီတော်မူသမျှအတိုင်း မချွတ်မလွဲ အောင်မြင်မည် ဖြစ်ပါသောကြောင့် နန်းမြေဘုံသာ စံနန်းတော်သို့ ထွက်တော်မူကြရန် မသင့်ပါဟုလျှောက်ထားကြလေ၏။

မင်းသားများလည်း ယခု လျှောက်ထားကြသော အရေးစကားမှာ သင့်ပေသည်ဟု မိန့်ဆို၍ လေးသိန်းတံခါးကမထွက်ကြဘဲ အနောက်စွန်စည်သာတံခါးကထွက်ရန် ချီလာကြရာ စည်သာတံခါးမိုလ်သည် တံခါးကိုပိတ်၍ ခုခံဘားမြစ်သောကြောင့် နောက်ပါတပ်သားတို့ သေနတ်နှင့်လွတ်သည်တွင် တံခါးမိုလ်လည်း ကိုယ်လွတ် ရှောင်ရှားရလေ၏။ မင်းသားများနှင့် နောက်ပါ အမှုထမ်းတို့လည်း မြို့တံခါးကိုဖွင့်ပြီးလျှင် မြို့တွင်းမှထွက်ခဲ့ရာ နေမွန်းယိမ်းအချိန် စက်ရုံသို့ရောက်ကြသည်။ စက်ရုံရှိအိမ်ရှေ့မင်း ကျွန်တော်ရင်း လူခုနစ်ရာကိုလည်း နောက်တော်လိုက်ခဲ့ရမည်။ ရတနာသိဿ်မြို့တော်ကို ထွက်မည် အမိန့်ရှိပြီးလျှင် ရွှေတချောင်းမြောင်းဘောင်အတိုင်းမင်းသားများချီထွက်သွားကြရာ ညနေကြက်တက်အချိန် မတ္တရာမြို့သို့ ဆိုက်ရောက်လေ၏။

မြင်ကွန်းမင်းသား, မြင်းခုံတိုင်မင်းသားတို့ ဝင်ရောက်တိုက်ခိုက်ကြစဉ်ပန်းယိမ်းမင်းသားလည်း နန်းမြေဘုံသာစံနန်းတော်အတွင်းမှာရှိနေကြိုက်ဖြစ်သောကြောင့် မထွက်မသွားသာ၍ရပ်ဖျော်နေပြီးလျှင် အမှုထမ်းသား

တယောက်၏ချည်ပုဆိုးနွမ်းနှင့်ဆင်တော်မူသောလွှန်းများပုဆိုးကိုလဲလှယ်ခဲ့ပြီးမှ ဆင်းရဲသားအဟန်ဆောင်၍ နန်းမြေဘုံသာ စံနန်းတော်မြောက်ဖက် ဝင်းတံခါးကိုကျော်ထွက်ရလေ၏၊ ယင်းကာတဖန် မန္တလေးတောင်အရှေ့ဘက် သီလရှင်များ၏နေရပ်ကိုဖြတ်၍ တောင်ထိပ်ရောက်တက်ပြီးလျှင် အနောက်ဖက်စောင်းတန်းက တကိုယ်တည်း ဆင်းသက်တော်မူခဲ့ရာ တောင်ခြေ၌ ကျိဝန်စာရေးမြင်းနှင့်လာသည်ကို တွေ့သဖြင့် ကျိဝန်စာရေးထံက မြင်းတွင် ခြေတော်တင်ပြီးလျှင် စက်ရုံရှိရာသို့ ခရီးပြင်းနှင့်လာခဲ့ရာ စက်ရုံအနီးသို့ရောက်ကာလ စက်ရုံရှိသေနတ်သားခြောက်ဆယ်ကျော် ခုနစ်ဆယ်ခန့်တို့သည် တောင်ဒဝယ်မိုလ်မောင်တိုးလာသည် ထင်မှတ်သောကြောင့် ပစ်လွှတ်ရန် သေနတ်နှင့်ရွယ်ကြလေ၏၊ ထိုအခါ ပန်းထိမ်းမင်းသား ဝရီးဒတော် စားတော်ကွမ်းရေကိုင် မောင်ပေတလူကပန်းထိမ်းကိုယ်တော်ဖြစ်သည်ဟုပြန်ကြားတားမြစ်သည်တွင်မှ မပစ်မလွှတ်နေကြသောကြောင့် စက်ရုံဝင်းအတွင်းသို့ ပန်းထိမ်းမင်းသား ဝင်မိလေ၏၊ ပန်းထိမ်းမင်းသားက အကြောင်းခြင်းရာ မည်ကဲ့သို့ ရှိကြောင်းနှင့်မေးမြန်းတော်မူသည်တွင် ညီတော် ကြေးမြင့်မင်းသား, တိုင်တားမင်းသား, တောင်ဆင်းမင်းသား,ရွှာသာမင်းသားများ နောက်ပါသက်နက်ကိုင် လူနှစ်ရာခန့်နှင့် လာရောက်၍ စက်ရုံတော်ရှိလက်နက်ကိုင်လူခုနစ်ရာပါသိမ်းခေါ်ပြီးလျှင် မတ္တရာလမ်းအတိုင်းရတနာသိင်္ဃမြို့သို့ချီတက်သွားကြောင်းနှင့် စက်ရုံအရာရှိတို့က လျှောက်ထားကြလေ၏။

ထိုအခါ ပန်းထိမ်းမင်းသားသည် ငါတို့ခမည်းတော်လည်း မည်ကဲ့သို့အရေးနှင့်ကြုံတွေ့တော်မူရသည်ကို အသေအချာမသိရ တိုင်းပြည်နိုင်ငံလည်း ရွှေသို့ကောင်းတော့မည်မဟုတ် ခေါးမိုး လုံမိုးရွာဘိသို့ရှိလေပြီ ညီတော်များလည်း ငယ်ရွယ်သူဖြစ်ကြသည့်ပြင် နောက်တော်ကမ္ဘူးကောင်းမတ်ကောင်းပါသေးသည့် လက္ခဏာမရှိ စိတ်မချသာချေ၊ ငါလည်း ထီးမွေ နန်းမွေကို ခံစံသိုက်သူဖြစ်ခဲ့သည်၊ ညီတော်များရှိရာအမှီလိုက်၍ ရတနာသိင်္ဃမြို့တော်ရောက် ထွက်တော်မူမည်၊ စက်ရုံတော်ရှိ သေနတ်သားအမှုထမ်း ကျွန်တော်မျိုးများနှင့် ဒိဝဲယင်းစစ်ကဲ ငအုန်း, အိမ်ရှေ့သံဆင့် ငရွှေမောင်, ငမောင်ကလေးတို့ပါ နောက်တော်လိုက်ခဲ့ကြရမည်ဟု အမိန့်တော်ရှိပြီးလျှင် ခရီးအပြင်းချီလေသော် ညဉ့်အချိန် မတ္တရာမြို့ညီတော်များရှိရာသို့ မှီလေ၏။

ထိုကတဖန် ညီတော်များပါပေါင်းစပ်၍ ရေကြောင်းဖြင့် ဧရာဝတီမြစ်အနောက်ဖက်လမ်း ကူးဖြတ်၍ ချီသွားရာ ကြက်ဆင်းအချိန် ရှိမ်းမကားရွာသို့ ဆိုက်ရောက်ကြသည်၊ ၎င်းကချီခဲ့၍ ရတနာသိင်္ဃမြို့ အရှေ့ဆင်နင်းအရပ်သို့ရောက်လျှင် မြေလတ်မြင်းတပ်ဗိုလ်မောင်နက်ပြား, ရတနာ သိင်္ဃမြို့အုပ် မောင်တုတ်တို့ကမင်းသားများကိုခုခံရန် လက်နက်စည်းကြပ်ကြသော်လည်း ရတနာသိင်္ဃ မြို့တွင်းသားတို့သည် အိမ်ရှေ့မင်း၏ကျွန်တော်ရင်းချည်းဖြစ်ကြသောကြောင့် သြဇာကိုမခံဘဲ မြင်းတပ်ဗိုလ်နှင့် အသုံးစာရေး, မြို့အုပ်တို့ကို ဖမ်းဆီး၍ ခြေကျဉ်းစွဲရိုက်ထားကြလေ၏။

မြို့တွင်းသားတို့လည်း ပန်းထိမ်းမင်းသားရှိရာ ဆင်နင်းအရပ်သို့လာကြ၍ မြင်းတပ်ဗိုလ်နှင့် မြို့အုပ်အရာရှိများကို ဖမ်းဆီးချုပ်ထားပြီးဖြစ်ပါသည်၊ မြို့တော်ကို ဝင်တော်မူပါဟု ဆီးကြို လျှောက်ထားကြသည်တွင် ထိုသက္ကရာဇ် ဝါဆိုလပြည့်ကျော်ရှစ်ရက်နေ့ ညနေအချိန် ပန်းထိမ်းမင်းသားသည် ရတနာသိင်္ဃမြို့တွင်းသို့ဝင်၍ အလွယ်တကူ သိမ်းယူရရှိလေ၏၊ တူးရှင်းတိုင်မင်းသား, တောင်ပုံမင်းသားတို့လည်း ရတနာသိင်္ဃမြို့တော်သို့ နောက်ထပ်ရောက်လာကြသည်။

ပန်းထိမ်းမင်းသား ရှိမ်းမကားရွာသို့ရောက်သည်နေ့ လက်နက်လူသူအပြည့်အစုံနှင့် ရတနာသိင်္ဃမြို့တော်သို့ လာ၍ အမှုတော် ထမ်းရမည့်အကြောင်းနှင့် မြောက်ဖက်တခွင်ရှိ ဝန်စစ်ကဲ မြို့အုပ်တို့ထံ မြင်းလျှင်စေလွှတ် ဆင့်ဆိုလိုက်သည်ဖြစ်၍ ထိုသက္ကရာဇ် ဒုတိယ ဝါဆိုလပြည့်ကျော်ကိုးရက်နေ့ သိမ်းသွင်းစည်းကြပ်ရ အမှုထမ်း လူငါးထောင်နှင့် ပဋ္ဌာလဝန် မောင်အောင်မြတ် ရတနာသိင်္ဃမြို့တော်သို့ ဆိုက်ရောက်လာသည်၊ ယင်းသည့်လပြည့်ကျော် ဆယ်ရက်နေ့ သိမ်းသွင်းစည်းကြပ်ရ အမှုထမ်းလူခုနစ်ထောင်နှင့် ဒီပဲယင်းဝန် မောင်မှန်း ထပ်မံ ရောက်လာသည်၊ ထိုနောက်ကိုလည်း ငရနဲမြို့, ခေါ်သန္တိမြို့, ကန္ဒီမြို့မှစ၍ မြောက်ဖက် တခွင်မြို့ကျေးရွာတို့က နေ့စဉ် ငါးရာစု,တထောင်စု စသဖြင့် အမှုထမ်း ဝင်ရောက်ကြလေ၏။

ပန်းထိမ်းမင်းသားလည်း ရတနာသိင်္ဃမြို့တော်ကိုမြို့စီးပြစီးတင်ပြီးလျှင် အခိုင်အလုံနေ၍ ထိုသက္ကရာဇ် ဒုတိယဝါဆိုလပြည့်ကျော် တဆဲ့တရက်နေ့ ဒီပဲယင်းဝန်မောင်မှန်းကို အဂ္ဂမဟာသေနာပတိဗိုလ်ချုပ်ဝန်ကြီး၊ ပဋ္ဌာလဝန် မောင်အောင်မြတ်ကို လက်ယာဝင်းမှူး၊ မြင်းတပ်ဗိုလ်ဟောင်း

ငွေမောင်ကို လက်ဝဲဝင်းမှူး၊ အိမ်ရှေ့သံတော်ဆင့် ငွေမောင်ကို အတွင်းဝန်ခန့်ပြီးလျှင် ဝန်ကြီးအခေါ်ခံ ဒိဝဲယင်းဝန်မောင်မှန်းကို လက်နက်လူသူပေးအပ် အချုပ်အအုပ်ခန့်ထား၍ရွှေမြို့တော်သို့ ချီတက်စေ၏။

ဒိဝဲယင်းမြို့ဝန် မောင်မှန်းလည်း ရှိမ်းမကားရွာက တပ်မ စွဲပြီးလျှင် ပဉ္စာလဝန် မောင်အောင်မြတ်နှင့် ဗိုလ်ပြုလုပ်သူတို့ကို လက်နက်လူသူ ပေးအပ်၍ အရှေ့ဘက် မတ္တရာကြောင်း, မြင်းစာရေး ငကျော်ရာ-သား ရဲဘက်မြင်းတပ် စည်ပုတ္တရာဗိုလ်ဟောင်း ငမောင်ကို လက်နက်လူသူ ပေးအပ် စစ်ကိုင်းကြောင်းခန့်ထားချီတက်စေ၍ မတ္တရာမြို့, စစ်ကိုင်းမြို့ များက ရပ်ခံနေရ၏၊ အလယ်ကြောင်းချီ ငအုန်းမှာ မင်းကွန်းကရပ်ခံနေ စေ၏၊ နောက်မတ္တရာကြောင်းချီ မောင်အောင်မြတ်လည်း မတ္တရာမြို့က ချီတက်ပြီးလျှင် ကပိုင်တောင်ပြိုးသို့အရောက် ချီတက်၍ စွဲရပ်နေလာ၏၊ ပုဂံမြို့အုပ် ငတောက်တဲ့, စလေမြို့အုပ် ငပေ, တောင်တွင်းကြီး မြို့အုပ် ငမိတ်တို့ထံသို့လည်း တောင်တပြင် မြို့ကျေးရွာများတွင် လက်နက်လူသူ သိမ်းရုံးစည်းကြပ်၍ ရွှေမြို့တော် တောင်မျက်နှာက ဝန်းဝိုင်းတိုက်ခိုက်ရ မည် စေလွှတ်ဆင့်ဆို၏၊ ငတောက်တဲ့, ငပေ, ငမိတ်တို့လည်း အောက် မြစ်ခဉ်ဘလျောက် မြို့ကျေးရွာများနှင့် တောင်တပြင် မြို့ကျေးရွာများကို တိုက်ခိုက်ပြီးလျှင် လက်နက်လူသူသိမ်းရုံးစည်းကြပ်၍ အဝမြို့နယ်တံတား ဦးအရင် အမရပူရမြို့နယ် ပလိပ်ရွာထိ မြစ်ငယ် တောင်ဘက်တလျောက် များကို ဖျက်ဆီးထိပါးလာ၏။

ယင်းသည့်အကြောင်းများကို ဘဝရှင်မင်းတရားကြီးဘုရား ကြားသိ တော်မူလျှင် တိုင်းနေပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့ ဆင်းရဲပင်ပန်း ကြမည့်အကြောင်းကိုမြော်တွေးတော်မူ၍ ကိုယ်တော်တိုင်အရေးစိုင်းပြင်း ခင်းကျင်းစီရင်တော်မူပြီးလျှင် ဘုန်းတော်ဖြစ်သေနတ်ဗိုလ် မဟာမင်းလှ မင်းခေါင်ကို လက်ဝဲဝင်းမှူးခန့်၍ အုပ်စုဘုန်းတော်ဖြစ် အမှုထမ်းလူတို့ နှင့် ရွှေကြက်ယက်တောင်က တပ်စွဲရပ်ခံနေရ၏။

နတ်စုလက်ဝဲဗိုလ်တတပ်၊ အမြောက်ဝန် တောင်ဒဝယ်သေနတ်ဗိုလ် ဟတပ်၊ လက်ယာကြောင်းသေနတ်ဗိုလ်တတပ် ရွှေလှံဗိုလ်တတပ် တောင် မာရဘင်အစုကိုအပ်တော်မူ၍ မြို့ပြင်က မောင်ကျော်တတပ်၊ ရွှေပြည် အစုကိုအပ်တော်မူ၍ မတ္တရာဆည်စာရေးဟောင်း မောင်ငါးတတပ်၊ ရွှေ ပြည့်မှန်ကင်း အစုကို အပ်တော်မူ၍ ညောင်ရွှေ စော်ဘွား တတပ်၊

သူကောင်းဖြစ် ထမ်း လှူငါးရာကျော်နှင့် မြို့တိုက်သံဆင့်ဟောင်းဘိုးဦး တတပ်၊ ဗိုလ်ချုပ်ပုခန်းငယ်မြို့စား ရဲဘက်မြင်းဝန်တပ်မနှင့် တပ်ပေါင်း ရှစ်တပ်တွင် ပါသည့် ဆင် တဆယ်၊ မြင်း နှစ်ရာ့ငါးဆယ်၊ စစ်သည် ရဲမက် အမှုထမ်းလူနှစ်ထောင့်ငါးရာကျော်တွင် ပုခန်းငယ်မြို့စား ရဲဘက် မြင်းဝန် မဟာမင်းကြီးမင်းလှမင်းခေါင်ကို ရွှေဝင်းမှူးခန့်ပြီးလျှင် မှူးကြီး ချုပ်အုပ်စေ၍ မဏ္ဍရာကြောင်း ချီတက်ရပ်ခံရ၏။

အဝမြို့ တောင်တပြင်ကြောင်းကလည်း သားတော်သုံးဆယ်မင်းသား မဟာသုသီရိဓမ္မရာဇာကို ဆင်မြင်းရဲမက် လက်နက်ကိုင် အမှုထမ်း လူ တထောင့်ငါးရာကျော် ခန့်ထား ပေးအပ်တော်မူပြီးလျှင် တောင်တပြင် ဗိုလ်မှူး, ကင်းဝန်, လှိုင်းတက်မြို့စားမင်းကြီးမဟာမင်းလှစည်သူကို လက်ဝဲ စစ်ကဲ၊သူရဲဝန် ရွှေပြည့်ရန်အောင် မြင်းဝန်မင်းကြီးမဟာမင်းလှမင်းခေါင် ကို လက်ယာစစ်ကဲ၊ မြတောင်မြို့ဝန် အညာမြစ်စဉ်စစ်ကဲ မဟာသီရိဝဓန, သိဏ်တောရွာအုပ် မင်းလှမင်းခေါင်ကျော်တို့ကို နာခံ ခန့်တော်မူ၍ ချီ တက်စေပြီးလျှင် အဝမြို့ကို အောင်မြေသာစည်သမုတ်၍ ရပ်ခံနေရသည်။

တောင်ဘက်ကိုးခရိုင်ကြောင်းကလည်း အမှုထမ်းရဲမက်လက်နက်ကိုင် လူတထောင်ကျော်ခန့်ထားပေးအပ်တော်မူ၍ သားတော်မဏ္ဍရာမင်းသား သီရိမဟာသုဓမ္မရာဇာကို တောင်ဘက်ကိုးခရိုင်ကြောင်း မှူးကြီးချုပ်အုပ် စေ၍ မြို့လတ်ဝန်မင်းကြီးမဟာတရဖျားကို လက်ဝဲစစ်ကဲ, ဝန်ထောက် မင်းကြီး မဟာမင်းခေါင်ကျော်ထင်ကို လက်ယာစစ်ကဲ ခန့်ထားပြီးလျှင် အမရပူရမြို့က ရပ်နေရမည် ခန့်ထားတော်မူ၍ ရပ်နေရ၏။

အညာ မြစ်စဉ်ကြောင်း စစ်ကိုင်းကြောင်းများ ကလည်း ရဲမက်အမှု ထမ်းလူဘထောင်ကျော်ကို သားတော် ညောင်ရမ်းမင်းသား သီရိမဟာ ဓမ္မရာဇာကို မှူးကြီးချုပ်အုပ်စေ၍ အတ္တုပတ်မြို့ဝန်လယ်ကိုင်းမြို့စား မင်း ကြီးမဟာဇေယသူရကို လက်ဝဲစစ်ကဲ, ကျောက်မြောင်းမြို့စား မဟာမင်း ကျော်မင်းခေါင်ကို လက်ယာစစ်ကဲ ခန့်ထားပြီးလျှင် မြို့အနောက်မြစ်ဆိပ် ချမ်းသာရဘုရားအနီး ဥယျာဉ်က ရပ်ခံ၍ ဆီးဆို့တိုက်ခိုက်ရမည် အမိန့် တော်နှင့် စစ်ငါးကြောင်း ခန့်ရန်စည်းကြပ် စီရင်တော်မူ၍ ရပ်ခံရ၏။

အသျှင်ဘဝရှင်မင်းတရားကြီးဘုရားလည်း အတ္တညုတ,ဓမ္မညုတ,မတ္တညု တ, ကာလညုတ, ပရိသညုတ-ဟူသော အမြင်တော် ငါးပါးနှင့်ပြည့်စုံ ၍ ခမာဂုဏ် လုံလောက်တော်မူသည်ဖြစ်သောကြောင့် တိုင်းနေပြည်သူ

ရှင်လူသတ္တဝါအပေါင်းတို့ ချမ်းသာစေခြင်းငှာတကြောင်း၊ ပန်းထိမ်းမင်းသားကို ဖွားစအခါက ရွှေမန်းနှင့်ယူတော်မူ၍ သားတော်အမှတ်မွေးစားတော်မူပြီးလျှင် အရွယ်သို့ရောက်ပြန်သော် သမီးတော် ကန်နီမြို့စားမင်းသမီး သုသီရိစန္ဒာဒေဝီနှင့် စုံဘက်ပြီးလျှင် အလွန်အကျူး သူကောင်းပြုတော်မူသော တူတော်ဖြစ်သဖြင့် ကရုဏာတရား သနားခြင်းမကင်းတော်မူသည့် တကြောင်းကြောင့်၊ မကောင်းသော ကျေးမိုက်ကျွန်မိုက်တို့ သွေးငင်၍သာလျှင် ငါ၏တူတော် ပုန်စားပုန်ကန် ပြုရခြင်းဖြစ်တန်ရာသည်၊ ငါလည်း သတ္တဝါတယောက်ကို ယင်တသောက်မျှ သွေးပေါက်ယိုထွက်စေရန် အလိုတော်မရှိပြီဖြစ်သည်။ အသာအယာပြန်၍လိုက်လာလျှင် စားကျေးမြို့ရွာ ဥစ္စာပစ္စည်းကျေးကျွန်တို့ကို မရှုတ်မချဘဲ သူကောင်းပြုတော်မူမြဲ အတိုင်း သူကောင်းပြုတော် မူမည်ဟု ရွှေနှလုံးသွင်း အရင်းထားတော်မူပြီးလျှင်····အိမ်ရွှေမင်းနှင့် အကျွမ်းဝင်သောမောင်းထောင်ဆရာတော်၊ ပုခန်းဆရာတော်၊စလင်းဆရာတော်၊ မတ္တရာဆရာတော်တို့ကို ရွှေနန်းတော်သို့ပင့်ဘိတ်၍ ရတနာသိင်္ဃမြို့ရောက် ထွက်သွားရှိနေသူ ပန်းထိမ်းစားကို ဆရာတော်တို့နှင့်အတူ လိုက်လာလျှင် သူကောင်းပြုမြဲပြုတော်မူမည်။ တကာတော် မင်းကေရာဇ်က မိန့်တော်မူကြောင်း မြွက်ကြား၍ ခေါ်ယူခဲ့ရမည်ဟု အမိန့်တော်ရှိပြီးလျှင် စေလွှတ်တော်မူသည်။

ဆရာတော်လေးပါးလည်း နောက်ပါ သံဃာတော် လေးပါးစီနှင့် ရတနာသိင်္ဃမြို့သို့ ကြွသွား၍ ထိုသက္ကရာဇ် ဒုတိယ ဝါဆိုလပြည့်ကျော် တဆဲ့သုံးရက်နေ့ ပန်းထိမ်းမင်းသားထံ ဝင်ကြလေ၏။ပန်းထိမ်းမင်းသားလည်း ညီတော် ကြေးမြင့်မင်းသား၊တိုင်တားမင်းသား၊တောင်ဆင်းမင်းသား၊ ရွာသာမင်းသား၊ တူးရွှင်းတိုင်မင်းသား၊ ဘောင်ပုံမင်းသားတို့နှင့် အစုံအညီ ဆရာတော်များကို အတွေ့ခံလေသည်။ ဆရာတော်တို့ကလည်း အသျှင် ဘဝရှင်မင်းတရားကြီး မှာတော်မူလိုက်သော အကြောင်းခြင်းရာများကို ပြန်ကြား၍ ရွှေမြို့တော်သို့ ပြန်လည်ရန်သင့်ကြောင်းနှင့် မိန့်ဆိုတော်မူကြ၏။

ထိုအခါ ပန်းထိမ်းမင်းသားက တကာတော်မှာ ယခု အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်နှင့်တကွ ဗိုလ်မှူးဝဲမှူးအများကို ခန့်ထားမိပြီးဖြစ်သောကြောင့် ပြန်၍လိုက်ပါနိုင်ရန်အကြောင်းမရှိချေ၊ သို့ရာတွင် အသက်

လွတ်စေမည်၊ ဆရာတော်တို့က ဝန်ခံပါလျှင် ပြန်ပါမည်ဟု လျှောက်ထားသည်။

ဆရာတော်များသည်း ရာဇမာယာ ဥပါယ်သတ္တိဆိုသော အရာသည် လွန်စွာ အသိခက်လှချေ၏။ ရှေးအနာဂတ် ကာလအဘို့၌ မည်ကဲ့သို့ အကြောင်းထူးမည်ကို တပ်ရာမသိနိုင်၊ ငါတို့မှာ မင်းကောင်းဇာမိန့်ဆိုတော်မူသမျှသာလျှင်ကြားသိခဲ့ရခြင်းဖြစ်သည်။ အသက် လွတ်စေမည် ငါတို့က ဝန်ခံရမည့်အရေးမှာ ခဲယဉ်းလှ၏ဟု နှလုံးသွင်းပြီးလျှင် ခတ်မဆိတ်နေတော်မူကြသည်။

ပန်းထိမ်းမင်းသားကလည်း ဆရာတော်တို့ဝန်မခံနိုင်လျှင် မလိုက်ဝံ့ပြီ။ ဆရာတော်တို့ မိန့်ဆိုသမျှကို ယုံကြည်၍လိုက်မှားချေသော် တကာတော့ ကိုယ်နှင့်တကွ သားမယား ဆွေမျိုးပေါက်ဖော်တစုတို့ ဆင်းရဲကြီးစွာ တွေ့ရချိမ့်မည်မချွတ်၊ ယင်းသို့ဖြစ်သောကြောင့် ယောကျ်ားတို့မည်သည် အကြိုကိုလျှော့မြဲမဟုတ် "ဒုတ်မိသဲတိုင်-တက်နိုင်ခေါင်ရောက်" ဆိုဘိသို့ ဘုန်းကံပါရမီအတိုင်း တသက်တခါ ဖြစ်လိုရာဖြစ်စေတော့ဟု ဆရာတော်များသို့ လျှောက်ထားလိုက်လေ၏။

ရွှေမြို့တော်မှ ရတနာသိင်္ဃသို့ ဆရာတော်များကြွသွား၍ သုံးရက်ကြာလျှင် အိမ်ရှေ့အတွင်းဝန် မဟာမင်းလှသင်္ကြံ၊ မဟာ မင်းလှစည်သူ၊ အိမ်ရှေ့သံတော်ဆင့် မောင်ဘိုးမောင်၊ မောင်ဘိုးမင်း၊ ကျိုဝန် မဟာမင်းလှကျော်ထင်၊ သစ်တောဝန် မင်းကျော်သိဒ္ဓိပညာတို့ကို တကြိမ်၊ ပဋ္ဌာလဝန် မောင်အောင်မြတ်၏နှမ အိမ်ရှေ့မင်း ကိုယ်လုပ်တော် ခင်သိုက်ကို တကြိမ်၊ စေလွှတ်သူတို့နှင့်အတူလိုက်လာလျှင် သူကောင်းပြုမြဲ ပြုတော်မူမည် အမိန့်တော်ရှိ၍ ပန်းထိမ်းမင်းသားကိုခေါ်ရန် ထပ်မံစေလွှတ်တော်မူသည်။

ပန်းထိမ်းမင်းသားလည်း ပျက်စီးရမည့် အကုသလကမ္မတရားနှိုးဆော်တိုက်တွန်းခြင်းကြောင့် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အကြိမ်ကြိမ်ခေါ်တော်မူသည်ကို အယုံအကြည်ကင်းမဲ့၍ မလိုက်မပါ ငြင်းဆန်ကာ နေလေ၏။

ထိုအခါ ဘဝရှင် မင်းတရားကြီးဘုရားလည်း မြောက်ဘက်ကြောင်း အရပ်ရပ် ချီတက်လာသော သူပုန်တို့တပ်ကို တိုက်လှန်လုပ်ကြံတော်မူမည်ကို မှူးမတ်ပညာရှိ၊ ပုဏ္ဏားပညာရှိတို့အား ကောင်းမြတ်သောအခါတော် နေ့ရက်ကိုရွေးချယ်ဆက်သွင်းစေပြီးလျှင် ဘုန်းပညာအာဏာတန်းခိုး သူရ

သတ္တိစသောစိန်တောင်ထွတ်နှင့်တူသောကြွံကြွံခိုင်သောရွှေနှလုံးတော်ကို ရွှေသွားပြုတော်မူ၍ ခြင်္သေ့မင်း၏လှုံ့လနည်းကို မှီတော်မူပြီးလျှင် သက္ကရာဇ် (၁၂၂၈) တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခု တော်သလင်းလပြည့်ကျော် ဆယ်ရက်နေ့ ည-ညီလာသဘင်တော်တွင် မင်းညီ မင်းသား မှူးတော် မတ်တော် မိုလ်မှူးတပ်မှူးတို့ကို အမှုထမ်းရဲမက်လက်နက်ကိုင် လူအသီးအသီး ခွဲဝေစည်းကြပ် ခန့်ထားစေလွှတ်တော်မူသည်ကား....

လက်ယာစစ်ကဲ ကျောက်မြောင်းမြို့စား မဟာ မင်းကျော် မင်းခေါင်နှင့် အမှုထမ်းလူ တထောင် တတပ်၊ ကျောက်ဆည်ဝန် မောင်ကြီးနှင့် အမှုထမ်းလူရှစ်ရာတတပ်၊ ဖောင်ဝန် မင်းလှမင်းထင်ရာဇာနှင့် အမှုထမ်းလူခြောက်ရာ တတပ်၊ မြို့တောင်ဝန် မဟာသီရိဝဇနနှင့် အမှုထမ်း လူလေးရာတတပ်၊ မိုးညှင်းငါးမြို့ဝန် မဟာမင်းထင် သမန္တရာဇာနှင့် အမှုထမ်းလူသုံးရာ တတပ်၊ သားတော် စစ်ကိုင်းကြောင်းချီ မိုလ်မှူးညောင်ရမ်းမင်းသားသီရိမဟာဓမ္မရာဇာတပ်မနှင့်သော် တပ်ပေါင်းငါးတပ်တွင် ပါသည့် အမြောက်လုံးရေခုနစ်, စိန်လုံးရေနှစ်ဆဲ့ငါး, ဆင်ငါးစီး, မြင်းနှစ်ရာ, စစ်သည်ရဲမက်အမှုထမ်းလူသုံးထောင့်တရာကိုမြစ်စဉ်လမ်းစစ်ကိုင်းကြောင်း။

အက္ကပတ်မြို့ဝန် လယ်ကိုင်းမြို့စား မင်းကြီး မဟာဇေယသူရနှင့် အမှုထမ်းလူခြောက်ရာ တတပ်၊ ယင်းတော်, ရနောင်, ထရုံကာ သုံးမြို့ဝန် မဟာမင်းခေါင်သမန္တရာဇာနှင့် အမှုထမ်း လူငါးရာ တတပ်၊ လက်ဝဲဝင်းမှိုင်း စာရေး ငသီလနှင့် အမှုထမ်း လူငါးဆယ် တတပ်၊ ကသည်းမြင်းတပ်မိုလ်နှင့် အစုအမှုထမ်းလူငါးဆယ် တတပ်၊ တပ်ပေါင်းလေးတပ်တွင် ပါသည့် ခဲယမ်းမီးကျောက်ကိရိယာစုံနှင့် အမြောက်လုံးရေ ငါး, စိန်လက်ရေနှစ်ဆယ်, ဆင်ငါးစီး, မြင်းနှစ်ရာ, စစ်သည်ရဲမက်အမှုထမ်းလူတထောင့်နှစ်ရာကို စမ္ဗန်းကြီးရွာလမ်းအလယ်ကြောင်း။

စို့လေးဆယ် ဒိုင်းဝန် မဟာမင်းလှသင်္ခယာနှင့် ဒိုင်းအမှုထမ်းလူနှစ်ရာ တတပ်၊ ညောင်ရွှေမြေလတ်ဝန် မိုးမြို့တပ်ချုပ်မင်းလှမင်းခေါင်ကျော်နှင့် အမှုထမ်းလူလေးရာတတပ်၊ စစ်ကိုင်းမြို့ဝန် နေမျိုးလက်ယာသူရိန်တတပ်၊ တပ်ပေါင်းသုံးတပ်တွင်ပါသည့်အမြောက်လုံးရေ သုံး, စိန်လက်ရေတဆဲ့ငါး, ဆင်သုံးစီး, မြင်းတရာ, စစ်သည်သူရဲအမှုထမ်း လူတထောင့်ငါးရာကို ရာဇမဏိစူဠာစေတီတော်လမ်း အနောက်ကြောင်း။

အလုံဝန်နတ်စုလက်ယာဗိုလ်မဟာမင်းလှမင်းခေါင်ရဲထင်နှင့်အမှုထမ်း လူသုံးရာ တတပ်၊ သံတော်ဆင့် ပုံတော် ရွှေခဲလှေအုပ် မင်းလှရာဇာနှင့် အမှုထမ်းလူနှစ်ရာတတပ်၊မြင်းခုံတိုင်မြို့သူကြီးငပေနှင့် အမှုထမ်းလူခြောက်ရာ တတပ်၊ တပ်ပေါင်းသုံးတပ်တွင် ပါသည့် အမြောက်လုံးရေသုံး, စိန်လက်ရေ တဆဲ့ငါး, ဆင်သုံးစီး, မြင်းတရာ, စစ်သည်ရဲမက်အမှုထမ်း လူ တထောင့်ငါးရာကို ဆားတောင်မငါးရွာလမ်း အနောက်ကြောင်း။

စုစု တပ်ပေါင်း တဆဲ့ခြောက်တပ်တွင် ဆင် တဆဲ့ခြောက်စီး, မြင်း ခြောက်ရာ, အမြောက်လုံးရေ တဆဲ့ရှစ်, စိန်လက်ရေ ခုနစ်ဆဲ့ငါး,ရဲမက် အမှုထမ်း လူ ခုနစ်ထောင့်သုံးရာ ခန့်ရန်စည်းကြပ်ပေးအပ်တော်မူပြီးလျှင် သားတော် ညောင်ရမ်းမင်းသား သီရိမဟာဓမ္မရာဇာကို ဗိုလ်မှူးခန့်တော်မူ၍ သက္ကရာဇ် (၁၂၂၀) တထောင့် နှစ်ရာ့ နှစ်ဆဲ့ရှစ်ခု တော်သလင်း လပြည့်ကျော် တဆဲ့တရက်နေ့ နံနက် လေးချက်တီးကျော် အချိန်တွင် အမြောက်သံကြားအခါတော်နှင့် ဧရာဝတီမြစ်မြောက် စစ်ကိုင်းဘက်သို့ သားတော်ဗိုလ်မှူးမင်းသား ရှေးဦးကူးတော်မူသည်။

သားတော် ညောင်ရမ်းမင်းသားလည်း ဇေယျာပူရစစ်ကိုင်းမြို့တွင် စွဲရပ်ရှိနေသည့် သူပုန်ရန်သူတို့တပ်များကို တိုက်ခိုက်အောင်မြင်လျှင် စစ်ကိုင်းမြို့တွင် တပ်စွဲရပ်၍ စည်းကြပ်ပေးအပ်တော်မူရင်း တပ်စဉ်အတိုင်း ဗိုလ်မှူးရဲမက်အမှုထမ်းတို့ကို အသီးအသီးခွဲဝေခန့်ထား ချီတက်တိုက်ခိုက်ကြရ၏။

သားတော် စစ်ကိုင်းကြောင်းချီ ဗိုလ်မှူး ညောင်ရမ်းမင်းသားလည်း စစ်ကိုင်းမြို့တွင် တပ်တော်စွဲရပ်မိလျှင် စစ်ကိုင်းမြို့နယ်တွင်းရှိ စည်းကြပ်ရ အမှုထမ်း လူ တထောင်ကျော်တို့ကို သူပုန်ရန်သူတို့ ဝင်ထွက်ရောက်ပေါက်သည့် လမ်းပေါက်လမ်းဝများတွင် အသီးအသီး ကင်းအစောင့် အရှောက်များနှင့် စည်းကြပ်၍ အသီးအသီး သူပုန်တို့တပ် ခံရပ်နေသမျှ ဝတ်ချက်ရွာ စစ်ကိုင်းမြို့ ရွှေမျက်နှာများကို တိုက်ခိုက်သိမ်းရုံး မီးရှို့စေသည်၊ မြောက်ဖက်ကြောင်းချီ ဗိုလ်ရဲမက်အမှုထမ်းအားလုံးတို့ စစ်ကိုင်းဘက်သို့ ကူးမိကြ၏။

နောက်သူပုန်တို့တပ်လည်း တပ်တော်များရောက်လျှင် မရပ်မခံနိုင် အသီးအသီး ပျက်ပြားထွက်ပြေးကြ၍ အလယ်ကြောင်းချီ တပ်ဦးဗိုလ် မြတောင်မြို့ဝန် မဟာသီရိဝဇုန, မိုးညှင်းငါးမြို့ဝန် မဟာမင်းထင်သမန္တ

ရာဇာတို့တပ်က ပန်းထိမ်းစား-သစ်တောရွာမှ မြစ်အရှေ့ဘက်သို့ကူးမည်တွင် ဖမ်းမိ၍ ရေနံချောင်းမြို့စား မြစ်စဉ်ဝန်ကြီးထံပို့ရာ ဝန်ကြီးကတဆင့်သားတော် စစ်ကိုင်းကြောင်းချီ မိုလ်မှူးညောင်ရမ်းမင်းသားတပ်သို့ပို့သည်ကို သားတော်မိုလ်မှူး ညောင်ရမ်းမင်းသားက ရွှေဘဝါးတော်အောက်သို့ ပန်းထိမ်းစားနှင့် အိမ်ရှေ့မင်းကိုယ်လုပ်မိသိုက်, သား ငယော့က်,အိမ်ရှေ့အတွင်းဝန်ဟောင်း ငဘဲ, ငပြီမ်းတို့ကို ပို့ဆက်လာ၍ အရေးတော်ပြီးငြိမ်းတော်မူ၏။ သားတော် သုံးဆယ်မင်းသား, မက္ခရာမင်းသားတို့ကိုလည်း ခေါ်တော်မူ၏။

ပန်းထိမ်းစားနှင့် ညီတိုင်တားစားမောင်သန့်, တောင်ဆင်းစားမောင်မြင့်, တောင်ပုံစား မောင်ဖြူတို့ကို ထောင်မှာ အကျဉ်းထားပြီးနောက် သုံးရက်ခန့်ရှိသည့်ကာလ ရွှေနန်းတော်အတွင်း တောင်ရွှေတိုက်တော်အနီးတွင် တောင်တရေ့ဒါးဆယ်မိုလ်ကို အုပ်စုသေနတ် အမှုထမ်းတို့နှင့် အစောင့်အနေထား၍ စောင့်နေရသည်။

သဒ္ဒန်ဆင်မင့်သခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ရတနာပုံ ရွှေပြည်တော်ကြီးက ထွက်သွားပြီးလျှင် လူသူစုရုံးစည်းကြပ်၍ ပုန်ကန်ထောင်ထားသူ ပန်းထိမ်းစားနှင့်တကွ ညီတိုင်တားစား,တောင်ဆင်းစား, တောင်ပုံစားတို့ကို ရွှေဘုန်းတော်အားနှင့် လုပ်ကြံ သိမ်းရုံးတော်မူရာ သုံးလအတွင်း ပန်းထိမ်းစားနှင့်တကွ သားချင်းအမှူးအမတ်ပြုလုပ်သူတို့ကို နတ်တို့ဖမ်းယူ ရွှေလက်တော်ရောက် ပို့ဆက်သဖြင့် အလုံးစုံအရေးတော်ဟူသမျှပြီးငြိမ်းတော်မူလျှင် ရတနာပုံမဟာရာဇဌာနီ ရွှေပြည်တော်ကြီးမှ စ၍ လက်နက်နိုင်ငံတော်ဖြစ်သော အရှေ့မျက်နှာ ထီးရုံနန်းရုံ စော်ဘွား မြို့စား အပေါင်းတို့နှင့်တကွ တောင်ဘက်တလွှား မြောက်ဘက်တပြင် အနောက်ဘက်တတန်း ရှိနေကုန်သော မြို့ကျေးရွာနေ ပြည်သူသတ္တဝါ အပေါင်းတို့အား ရွှေဘုန်းတော်ရိပ်ကို ခိုလှုံပြီးလျှင် ငြိမ်ဝပ်ချမ်းသာစွာ နေထိုင်စိမ့်သောငှာ တိုင်းနိုင်ငံတော်အတွင်း မြို့ပြကျေးရွာတို့ကို စည်ပင်ဖြစ်ထွန်းအောင် သိမ်းပိုက်ကြည့်ရှု အုပ်ချုပ်ထိန်းသိမ်းနိုင်မည့်သူ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသည့် အမှူးအမတ် စော်ဘွား မြို့စား အရာထမ်း အမှုထမ်းတို့ကို ရွေးချယ်တော်မူ၍ အသီးအသီး စော်ဘွား,မြို့စား,မြို့ဝန် စစ်ကဲ, နာခံ, မြို့အုပ်, မြို့ထိန်း,မြို့သူကြီး, ရွာသူကြီး, အအုပ်, အထိန်း, အသီးအသီး ခန့်ထားတော်မူပြီးလျှင် အမိန့်တော်မြတ်နှင့် မှူးကြီးဘွားစားအုပ်ထိန်း ကြည့်ရှုကြီးစိုး စီရင်စေ၏။

ဒုတိယ ဝါဆို လပြည့်ကျော် ကိုးရက်နေ့ကပင်လျှင် အိမ်ရှေ့မင်းအလောင်းကို စံနန်းတော်ဆောင်မတော်တွင် ခေါင်းသွင်း၍ ထီးဖြူဝဲယာလေးစင်းစိ အဆောင်အရွက် အစောင့်အနေများနှင့် ကျင်းပထားသည်။ သားတော်မလွန်မင်းသား, ပြင်စည်မင်းသား ညီအစ်ကိုမှာလည်း မယ်တော်မြောက်ဆောင်တော်မိဖုရား အောက်အိမ်၊ စကုမင်းသားအလောင်းကိုလည်း မယ်တော်တောင်ဆောင်တော်မိဖုရားအောက်အိမ်တွင် ခေါင်းသွင်း၍ ထီးဖြူဝဲယာ နှစ်စင်းစိ ကျင်းပပြီးလျှင် အစောင့်အနေနှင့် ထားသည်။

သက္ကရာဇ် (၁၂၂၈) တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခု သီတင်းကျွတ်လပြည့်ကျော်တရက်နေ့ အစုအမှုထမ်းလူ ခုနစ်ရာ, မတ္တရာမြို့စည်းကြပ်ရအမှုထမ်း လူသုံးရာ, နှစ်စု လူတထောင်၊လက်နက်ကိရိယာများကို ဝန်ထောက်မင်းကြီးမဟာမင်းခေါင်ကျော်ထင်သို့ ပေးအပ်ပြီးလျှင် ရှမ်းပြည် အရေးအကြောင်းကိုထောက်၍ မြေလတ် အင်းလေးရွာသို့ ချီတက်ရပ်နေစေသည်။

ယင်းသည့် လပြည့်ကျော်ဆယ်ရက်နေ့ မှန်နန်းတော် ဘမရာသနပလ္လင်တော်နှင့်တကွ မနောဟရထီးဖြူတော်သည် အစဉ်ထွန်းတောက်ပမြဲဖြစ်သော အရောင်ထက်ထူး၍ အရောင်အဆင်းသစ်လွင်ထွန်းပသဖြင့် မှန်နန်းတော်အရောင်အဝါ ထွန်းညီး တောက်ပသည်များကို ပညာရှိတို့က သနက်ံမာရ မြဟ္မာမင်းတို့ ကိုယ်ထင်လာပြီးလျှင် အသစ်အသစ်သော ဘုန်းကြက်သရေတော် ထွန်းတောက်ပအံ့သည်များကို ညွှန်ပြသော ပုဗ္ဗနိမိတ်အထူးဖြစ်ကြောင်းများနှင့် မင်္ဂလာစကား မင်္ဂလာရတု လျှောက်ထားကြသည်။

ထိုနှစ်တန်ဆောင်မုန်းလဆန်းခြောက်ရက်နေ့ အင်္ဂလိပ်ဝန်ကြီး ကာရနယ်လမေဇာအာရတာပါရဂီဖွေရာနှင့် အကောက်ဝန် တွေယ်, စလေတင်, စစ်ဗိုလ်နှစ်, အမြောက်ဗိုလ်တို့ ရွှေမျက်နှာတော်ကို အဖူးအမြော်လက်ဆောင်တော် အဆက်အသဝင်သည်ကို ဇေတဝန်ဆောင်တော်တွင် အဖူးအမြော် အဆက်အသ ခံတော်မူသည်။ မယ်တော်ဘုရားနှင့် အရှင်နန်းမတော်ဘုရား မင်းမိဖုရားတို့ကိုလည်း လက်ဆောင်တော် ဆက်သသည်။ မြင်ကွန်းစားလက်တွင်ရသည့် ရေနန်းစကြာ မီးသင်းဘောတော်နှင့် အမြောက်, မြင်ကွန်းစားစွဲကိုင်သည့် သံတိုင်နဝရတ်ကြီးခေါ် လက်

သုံးတော်ခေါးများကို ဆက်၏။ ယင်းသည့်လပြည့်ကျော်ငါးရက်နေ့ ၎င်းတို့ ရွှေမျက်နှာတော် အဖူးအမြော်ဝင်ပြီးလျှင် စုန်ဆင်း ပြန်သွားသည်။

မိုးကုတ်ကျတ်ပြင်စို့ သူကြီး ငအင်းက ထူးမြတ်သည့် ပတ္တမြားကျောက်တော် တူးဖော်ရသည်ကို ကြိုယူမြို့ ကြိုယူ ဆက်သွင်းရသည်။ ၎င်းတန်ဆောင်မုန်းလပြည့်ကျော် ဆယ်ရက်နေ့ ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း မင်းညီမင်းသား မှူးတော်မတ်တော် စုရေးစုတိုင် ကုန်သည်ဆင်းရဲသားမှစ၍ သေနတ်၊ ခေါးလှံ၊ ခေါးမြှောင်များကို ကုန်စင်အောင် သိမ်း၍ သွင်းရသည်။ အဝေးမြို့ကျေးရွာက ခေါး လှံ သေနတ် မြို့စောင့်ရှိသင့်သည်များကို စာရင်းအသေအချာ ခံဝန်ချုပ်ချ၍ သိမ်းရသည်။

သက္ကရာဇ် (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခု မိုင်းမျဉ်းမြို့တွင် ရှိနေသည့် တရုပ်မိုလ်ကြီး လီဆီတာရဲက ရွှေဘုန်းတော်မြတ်ကို ခိုလှုံပါရအောင် အတင်အလျှောက် စေလွှတ်သည့် တရုပ် စန္ဒားစော်ဘွားညီ- ဖွမြင့်စွင့်၊ မိုးလားစော်ဘွားမြေး ဖွပေါင်ရင်၊ ဖွစူးစင်၊ စာရေး ရှောင်ဆင်ဆင်၊ ခေါင်ချင်းစုံရဲ၊ ရှိဆင်ဘုန်းတို့နှင့် နောက်ပါလူငယ် နှစ်ဆဲ့နှစ်တို့ လက်ဆောင်တော် အဆက်အသ လာရောက်သည်ကို ဇေတဝန်ဆောင်တော်တွင် အဆက်အသ အဖူးအမြော် ခံတော်မူ၏။ ရွှေထီး၊ ဒင်္ဂါး၊ ပိုးပုဆိုး၊ သက္ကလတ်မြို့ထည်၊ ခေါင်းပေါင်းအုပ်၊ ပိတ်အုပ်၊ ဆာပါအုပ်၊ ပြင်သစ်ပုဝါအုပ် များစွာပေးဘော်မူသည်။ မိုင်းမျဉ်းမြို့မှာ ရှိရစ်သည့် တရုပ်မိုလ်ကြီး လီဆီတာရဲကို သနားတော်မူရန် ရွှေထီးတစ်၊ ရွှေစလွယ်ခြောက်သွယ်၊ ရွှေဖလားတစ်၊ လွန်းမျှားပုဆိုးတစ်၊ သက္ကလတ် မြို့ထည်တစ်၊ ပိတ်ပြာအုပ်တစ်၊ မိုးကြိုးရောင်အုပ်တစ်၊ အစိမ်းအုပ်တစ်၊ ခေါင်းပေါင်းအုပ်တစ်၊ပုသိန်ဆာပါအုပ်တစ်၊ငါးမျိုးပြင်သစ်ပုဝါအုပ်တစ်၊ယွန်းထိုးအုပ်ရန်စုံတစ်၊ ၎င်းအစ်ကြီးတစ်၊ ၎င်းကွမ်းစားအစ်ငယ်တစ်၊ ရေထည့်ခွက်ကြီးတစ်၊ ရေသောက်ခွက်ငယ်တစ်များကိုလည်း ၎င်းလာလူတို့ စားစရိတ် ဒင်္ဂါးခုနစ်ရာနှင့်တကွပေး၍ ပြန်သွားစေသည်။

ပန်းထိမ်းစားနှင့် ပုန်ကန်ထွက်ပြေးရပါသည့် အိမ်ရှေ့မင့်သား ကြေးမြင့်စားလည်း ရောဝတီမြစ်အရှေ့ဘက်သို့ကူး၍ ထွက်သွားသည်နှင့် မမိမရရှိရာက ရွှေဘုန်းတော်မြတ်ကြောင့် တောတောင်သို့ ရောက်လျှင် အဖျားရောဂါကပ်ရောက်၍ ကိုယ်ရုပ်ဖျောက် ရွှေဘဝါးတော်အောက်လာပြီးလျှင် ရွှေမြို့တော်အနောက် ပုသိန်တိုက်အတွင်း စရပ်တွင် သေ

သည်ကို ကြေးမြင့်စား ဟုတ်မဟုတ် အမိကို ကြည့်ရှုစေရာ ဟုတ်မှန်ကြောင်းနှင့်ထွက်ဆို၍ ထုံးစံရှိရာသဂြိုဟ်ရ၏။

နတ်တော်လဆန်း၄ ါးရက်နေ့နံနက် သားတော်ညောင်ရမ်းမင်းသား၊ ညီညောင်အုပ်မင်းသားတို့ ကြောက်လန့်ထွက်သွားသည်ကို လိုက်၍ခေါ်စေရာ အောင်မြေသာစည်မြို့ မနော်ရမ္မ ဥယျာဉ်မှာ တွေ့သောကြောင့် အောင်မြေသာစည်မြို့ဝန်နှင့်တကွ ခေါ်ယူခဲ့၍ ရွှေဘဝါးတော်အောက် ရောက်သည်ကို မေးတော်မူပြီးလျှင် အိမ်တော်မှာ နေမြဲ အငြိမ်အဝပ်နေရသည်။ သားတော်များမှာလည်း ရွှေနန်းတော် အထွက်အဝင် ကွမ်းကိုင် ရေကိုင်, အဆောင်မြဲ, အိမ်တော်တွင် စေခိုင်းရန်အမှုထမ်းတို့ကို ထား၍ စောင့်နေစေရသည်။

ယင်းသည့်လ ပုခန်းကြီးမြို့စား ဝန်ကြီး သတိုး မင်းကြီးမဟာမင်းလှစည်သူကို အတွင်းကိုယ်ရံတော် စုကြီးမြောက်ကြောင်း သေနတ်မှစ၍ အရပ်ရပ် သေနတ်အစုအမှုထမ်းတို့တွင် ဝန်ခန့်တော်မူ၍ ချုပ်အုပ်ထိန်းသိမ်းရ၏။ မြင်းအစုမြောက်စို့ ဝင်းလေးမျက်နှာအစုများကိုလည်း ရေနံချောင်းမြို့စားဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှမင်းခေါင်က ထိန်းသိမ်းဆင့်ဆိုရ၏။

ယင်းသည့်လ မိုးညှင်းစား - သား၊ လှိုင်းတက်စား ဟောင်းသည့်နန်းတွင်းနေ–နှမအပျိုတော် မိမိတ်နှင့် စိန်နားဒွောင်း အထည်အလိပ်များကို ရောင်းချ၍ လူသူစည်းကြပ်ပြီးလျှင် မသင့်မတင့်သော အကြံအစည်ကို တိုင်ပင်ကြံစည် ကြောင်းများကို မိမိတ်ဝင်းတွင်းနေ လှည်းသမား ငရိတ်,ကုန်သည်ငပေါ်တို့က ပုခန်းကြီးမြို့စားဝန်ကြီးထံ လျှောက်ထားသောကြောင့် စစ်မေးရာ ဖြောင့်မှန်သည်ဖြစ်၍ လှိုင်းတက်စားဟောင်း သောထွန်းအောင်, ညီ-ငခို, ငစို, ငချို, ငပို,နှမ မိမြင့်,မိမိတ်တို့နှင့် ရွှေးလာဘ်ဝဲ အမှုထမ်း ငချမ်းငေ, ငအောင်ပေါ်, ငပိုက်, မိမိတ်ဆွေမျိုးငရဲလှ, ဘောအို, ငကျောက်လုံး, ငချိတ်ငယ်တို့ကို အမိန့်တော်မခံသုံးတန်းပေး၍ ထုံးစံနှင့်အညီ စီရင်သည်။ ၎င်းနှစ် ပြာသိုလဆန်းတဆဲ့ ငါးရက်နေ့ ည တချက်မတီးမီ အရှေ့ မျက်နှာတွင် မြောက် အရပ်က တောင်အရပ်သို့ ဥက္ကာပျံ၍ တော်လည်း၏။

တပို့တွဲလ မကွေးမြို့ ဂိုဏ်းအုပ်ဆရာတော် မေတ္တာရပ်ခံချက်အတိုင်း စလင်းမြို့စီရင်စု ကျွဲထီးရွာမြောက် ရွှေမုဋ္ဌောဘုရားတည်ရာ တောင်ခြေမှတောင်ကို တာတထောင်ခန့်ရှိ ရေကန်ထက်ဝန်းကျင် ကြည်း,ရေ ကျက်

စား ခိုမှီရှိနေသည့် ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့ကို နယ်နိမိတ်သတ်မှတ်၍ ဘေးမဲ့ပေးတော်မူသည်၊ ထိုနှစ် တပေါင်းလဆန်းသုံးရက်နေ့ ညဥ့်သုံးချက်တီးကျော်အချိန် လကိုရောဟိဏီနက္ခတ်ချင်းနင်းသည်။

တပေါင်းလပြည့်ကျော် နှစ်ရက်နေ့ အင်္ဂလိပ်မင်းကရောက်သည့် ရာဇသံကို အထက်ကြိုယူသည့်နည်းကြိုယူ၍ လွှတ်တော်သို့ရောက်လျှင် စလေတင် ဗိုက်ချီ အတွင်းတော်သို့ဝင်၍ အတွင်းဝန်သံတော်ဆင့်တို့နှင့်ဆက်သသည်။

[ရာဇသံအဓိပ္ပါယ်မှာ····မဟာမိတ် ဖြစ်သည်ကို အလွန် ဝမ်းမြောက်ကြောင်း၊ နှစ်တိုင်းနှစ်ပြည်ကုန်သည်တို့အကျိုးစီးပွားများအောင် စာချုပ်လိုကြောင်းများနှင့်ပါသည်]။

ထိုနှစ် နှောင်းတန်ခူးလဆန်း ခုနစ်ရက်နေ့ ညဥ့်သုံးချက်တီးကျော် မြောက်မောင်းအချိန် မိုးသီးနှင့်တကွ မိုးရောလေပါ ပြင်းစွာလာ၍ ပြာသာဒ်တော် ဒုတိယဘုံ အနောက်မြောက်ထောင့် ဒရင်ကျသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင် ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၂၈) တထောင့် နှစ်ရာ့ နှစ်ဆဲ့ရှစ်ခု နှောင်းတန်းခူးလပြည့်ကျော်ကိုးရက် သောကြာနေ့ နံနက်လေးချက်တီးကျော် သုံးနာရီတပါဒ် သုံးဗိဇနာအချိန် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော် တဆဲ့တရက် တနင်္ဂနွေနေ့ နေ့တချက်တီးကျော် ငါးနာရီ နှစ်ပါဒ် လေးဗိဇနာအချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၂၉) တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခုသို့ တက်သည်။

## ၁၂၂၉-ခု

သက္ကရာဇ် (၁၂၂၉) တထောင့် နှစ်ရာ့ နှစ်ဆဲ့ကိုးခု တန်ခူးလပြည့်ကျော် ငါးရက်နေ့ ညဥ့်လေးချက်တီးကျော် ငါးမောင်းခန့်အချိန် စွယ်တော်စင်မြောက် လက်ယာကြောင်းသေနတ်တန်းက ယမ်းစည်ပေါက်၍ တန်းကိုမီးလောင်သည်ကို အစုအမှုထမ်းတို့နှင့်လွှတ်အရာရှိတို့ သတ်ငြိမ်းရသည်၊ မီးမြင်ရာမလာမရောက် အိပ်ဘန်စာရင်းမကျသည့် မှူးမတ်အရာ

ရှိတို့ကိုလည်း ထုံးစံရှိသည့်အတိုင်း တုံးဘိနေလှန်း ရာဇဝတ်ပေးသည်။ ထိုနှစ် ကဆုန်လ ရွှေမြို့တော် လေးပြင်လေးရပ်များမှာလည်း အမှုထမ်း အရာရှိတို့ကို ချန်လှပ်၍ သဿမေမခွဲတော်မူသည်။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ပန်းထိမ်းစား ငယ်သည် ညီတော် အိမ်ရှေ့မင်းသား ဖြစ်သည်ကို ထောက်တော်မူ၍ ပုန်ကန်ခြားနားပြုကျင့်လေငြားသော်လည်း အရေးတော်မပြု မင်းကေ ရာဇ်တကာတို့ သည်းခံနိုင်ခဲသောအမှုကို သည်းခံတော်မူပြီးလျှင် အမိန့် တော်နှင့် ရွှေနန်းတော်အတွင်းသို့သွင်း၍ အငြိမ်အဝပ်ထားတော်မူသည် ကို မနေ၊ နှမ ရန်အောင်မြင်စားနှင့် အတိုင်အပင်ပြု၍ မသင့်မတင့်သော အကြံအစည်ကို ကြံစည်ပြုသည်နှင့် အကြောင်းကို စစ်မေးရာ ဖြောင့်မှန် သည်ဖြစ်၍ လွှတ်တော်က နောင်-ပန်းထိမ်းစားတို့အမှုနှင့် တိုင်ပြည် မြို့ ရွာ မငြိမ်မသက် ကျေးကျွန်သင်းပင်းမှစ၍ မှုခင်းမှုရာပွားများလျှင် စီရင် ရန်များပြားမည်ဖြစ်သောကြောင့် သက္ကရာဇ် (၁၂၂၉) တထောင့်နှစ်ရာ့ နှစ်ဆဲ့ကိုးခု ကဆုန်လဆန်း တဆဲ့သုံးရက်နေ့ အမိန့်တော်မခံ သုံးတန်း ပေး၍ ပန်းထိမ်းစားငယ်နှင့် ညီတိုင်တားစား, တောင်ဆင်းစား, တောင် ပုံစား, မိန်းမစိုး ဘိုးဦး, ငခိုင်တို့ကို ထုံးစံနှင့်အညီ စီရင်မည် ထုတ်ယူ သွားရာ အင်္ဂလိပ် အရေးပိုင် စလေတင်က ရွှေနန်းတော်သို့ ဝင်၍ ချမ်းသာပေးတော်မူပါမည့် အကြောင်းနှင့် လျှောက်ထားသည်တွင် ငါ မသိ-အမိန့်တော်ရှိပြီးလျှင် ချမ်းသာစေ-အမိန့်တော်နှင့် နုတ်ယူရာ ပန်း ထိမ်းစားမှာ လက်လွန်ပြီးဖြစ်၍ ကျန်လူတို့ကိုသာ ချမ်းသာစေ-အမိန့် တော်ရင်းနှင့်အညီ မစီရင်ရ လွှတ်ငြိမ်းချမ်းသာရ၏။

### အိမ်ရှေ့မင်းနှင့်သားတော်များအလောင်းကို သင်္ဂြိုဟ်ခြင်း စသည်နှင့် စောလဘော်တို့ကို ရွှေစလွယ်ပေးခြင်း

ထိုနှစ် နယုန်လဆန်း ၄ ါးရက်နေ့ နန်းမြေဘုံသာ စံနန်းတော်ဆောင် မတော်ကို ဖျက်သိမ်း၍ အိမ်ရှေ့မင်းအလောင်းသင်္ဂြိုဟ်ရန် အုတ်ဂူ, ၎င်း အနီး မလွန်မင်းသား, စကုမင်းသား, ပြင်စည်မင်းသားတို့ကို သင်္ဂြိုဟ်ရန် အုတ်ဂူတည်ပြီးလျှင် ၎င်းဂူတွင် အိမ်ရှေ့မင်းအလောင်း, မင်းသားများ အလောင်းကို ခေါင်းနှင့်တကွ ဝန်ထောက်, စာရေးကြီး, လွှတ်တော် အရာရှိ မှူးတော်မတ်တော် မင်းဆွေမင်းမျိုးတို့ ကြပ်မ၍ သွင်းထားရ

သည်။ ပြီးလျှင် လုံခြုံအောင်အုတ်ဝိုင်း၍ ၎င်းဂူအရှေ့ နှစ်တောင်ကွာတွင် စန္ဒာမုနိဘုရားကိန်းဝပ်ရန် အုတ်ပလ္လင်ခံ၍ ၎င်းအပေါ် အုတ်ရိုးစေတီ တည်ထားစေသည်။

သီရိပဝရမဟာဓမ္မရာဇာ-အမည်တော်ရှိသော ညီတော် မဟာဥပရာဇာသည် သက္ကရာဇ် (၁၁၈၁) တထောင့်တရာ့ရှစ်ဆယ့်တခု တော်သလင်းလပြည့်ကျော်တရက်နေ့ ညဉ့် နှစ်ချက်တီးကျော် တနင်္ဂနွေနေ့သို့ အဝင် ခနေသိဒ္ဓနက္ခတ်မွန်းတည့် မိန်စန်း၊ ပြိဿလက်၊ မေဓုန်တွင်အင်္ဂါ၊သိဟ်တွင် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာ၊ မကာရတွင် ကြာသပတေး၊ ကုံတွင်စနေ ရပ်လျက် ဖွားမြင်တော်မူသည်။

သက်တော် သုံးဆဲ့သုံးနှစ်၊ ကိုးလ၊ တဆဲ့ကိုးရက်တွင် အမရပူရဒုတိယမြို့တည်နန်းတည် ခမည်းတော် မင်းတရားကြီး အနောက်နန်းတော်တွင် မြင်သည့် နမတော်လှိုင်မြို့စားမင်းသမီး သီရိသုမြတ်စွာ ရတနာဒေဝီနှင့် ရေသွန်းလက်ထပ်တော်မူ၍ အိမ်ရှေ့နှင်းတော်မူသည်။ အိမ်ရှေ့စည်းစိမ် တဆဲ့သုံးနှစ်နှင့်တဆဲ့ခြောက်ရက်၊ သက်တော်လေးဆဲ့ခြောက်နှစ်၊ ဆယ်လ၊ငါးရက်တွင် နတ်ရွာစံတော်မူသည်။

ပြုတော်မူသော ကောင်းမှုကုသိုလ်တော်ကား....အမရပူရမြို့ ဘုံကျော်ကျောင်းတိုက် ကျောင်းကြီးအနီးတွင် ဘုံကျော်ဆရာတော် သီတင်းသုံးရန် ဆောက်လုပ်တော်မူသည့် ကျောင်းတော်၊ ရတနာပုံရွှေမြို့တော် နန္ဒာကန်တော်အရှေ့မြောက် ရင်ခတ်တောင်တွင် ဆောက်လုပ်တော် မူသည့် ကျောင်းတော်-ငါး၊၎င်းတောင်တွင် စက်တော်ရာနှင့် အုတ်တန်ဆောင်းနှစ်၊ ရွှေမြို့တော်မြောက်မျက်နှာ လောကမှန်ကင်းတိုက်တွင် လောကမှန်ကင်းဆရာတော် သီတင်းသုံးရန် ဆောက်လုပ်သည့်ကျောင်းတော်၊ စစ်ကိုင်းမြို့ ဆင်မချောင်းတွင် ဆောက်လုပ်တော်မူသည့်စကြံကျောင်းတော်၊ မင်းကွန်းရွှေမြင်ထင်တောင်တွင် ထွတ်ခေါင်ဆရာတော် သီတင်းသုံးရန် ဆောက်လုပ်တော်မူသည့် တောရကျောင်းတော်၊ အောက်မန်းစက်တော် အနီး လုပ်ဆောင်တော်မူသည့် ဆယ်ခန်းအုတ်စရပ်ကြီး၊ စည်သာမြို့ရွှေမူးသစ်ရိုးပေါ်တွင် အလျားတဆဲ့နှစ်ခန်း၊ အနံငါးခန်း၊ အုတ်စရပ်ကြီးတစ်၊ ယင်းက ခရီးတသောင်းကွာ အင်တော ဗောဓိပေါက်တွင် ၎င်းနှင့်အတူ အုတ်စရပ်ကြီး-တစ်၊ ကုလားမ တောင်-တောင်ခြေတွင် စရပ်တစ်၊၎င်းတောင်အရှေ့ မဟာနဒီအကူးတံတား-တစ်၊ရွှေလောင်းမြောင်း

ကူးတံတား-တစ်၊ မဟာနန္ဒီကာ ရွှေတချောင်းမြောင်းသို့ ဖောက်သည့် ရွှေမြို့တော် တောင် မြောင်းအကူးတံတား-တစ်၊ ရွှေမြို့တော် နောက်မျက်နှာ ထင်ရှားတံခါးလမ်း ရွှေတချောင်း မြောင်းအကူးတံတား-တစ် များကို ဆောက်လုပ်လှူဒါန်းတော်မူသည်။

ထိုမှ တပါးလည်း အရိယာသံဃာတော်တို့အား ရဟန်းတို့ အသုံးအဆောင် များစွာလှူတော်မူ၏။ မှူးမတ် ကျွန်တော်မျိုး တို့ကိုလည်း အထိုက်အလိုက်ပေးကမ်းတော်မူ၏။ သက်ကြီးရွယ်ရင့် အိုမင်းသူ မဝတ်ရတတ် မစားရတတ်သူတို့ကိုလည်း အဝတ်အစားအသုံးအဆောင် ပေးကမ်းစွန့်ကြဲတော်မူ၏။

သားတော်သမီးတော်ကား.... နှမတော်အိမ်ရှေ့မိဖုရား သီရိသုမြတ် စွာရတနာဒေဝီတွင်မြင်သည့် သားတော်–ထန်းတပင်မြို့စား တပါး၊ ညီတော်–ငယ်ကလွန် တပါး။

ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော် သမီးတော်တို့ကား.... မြောက်ဆောင်ရှင်ကျေးတွင်မြင်သည့် သားတော် ပန်းထိမ်းမြို့စား မဟာသီရိဓမ္မရာဇာခံ တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခုနှစ် အပြစ်နှင့်လျော်စွာ ရေချသည်တပါး၊ နှမတော် တောင်ညိုမြို့စား သီရိ ဘဒ္ဒါဝတီ-ဘဝရှင်မင်းတရားကြီးဘုရားသားတော် မြင်ကွန်းမင်းသား သီရိဓမ္မရာဇာနှင့် စုံဖက်တော်မူသည်တပါး၊ ညီမတော် ရန်အောင်မြင်မြို့စား သီရိစိတ္တာဝတီ-ဘဝရှင်မင်းတရားကြီးဘုရား သားတော်သုံးဆယ်မင်းသား မဟာသုသီရိဓမ္မရာဇာနှင့် စုံဖက်တော်မူသည်တပါး၊ ညီမတော် စမွယ်နဂိရ်မြို့စား သီရိအာသာဒေဝီတပါး၊ မောင်တော် တိုင်တားမြို့စား မောင်သန့်တပါး။

ရှင်ဖေ့ဘွင်မြင်သည့် သမီးတော် ဆားလင်းကြီးမြို့စား သီရိအာသာဝတီ–ဘဝရှင် မင်းတရားကြီးဘုရား သားတော် မလွန်မြို့စားမင်းသား သီရိ မဟာ ဓမ္မ ရာဇာနှင့် စုံဖက်တော်မူသည်တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊ ညီတော်-ငယ်ကလွန်တပါး၊ ညီတော်-ငယ်ကလွန်တပါး။

ရှင်စာတွင် မြင်သည့်သမီးတော်လောဇေယသိန်မြို့စား သီရိမလ္လာဝတီ တပါး၊ ညီမတော်-ငယ်ကလွန်တပါး။

အတွင်းဝန်ဇ ရွှံ့မြို့စားမင်းကြီးမဟာမင်းလှနေ်ာရထာသမီးအကြီးရှင်ဖူးတွင် မြင်သည့်သားတော် မောင်မြင့် တပါး၊ ညီတော် မောင်စစ်အောင် တပါး၊ နှမတော်မယ်ဆွေစစ်တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊နှမ

တော်-ငယ်လွန်တပါး။ ၎င်းအတွင်းဝန် သမီးအငယ် ရှင်ပုတွင်မြင်သည့် သားတော် မောင်စစ်နိုင်တပါး၊ ညီတော်-ငယ်ကလွန်တပါး။

ခမည်းတော်မင်းတရားကြီးဘုရား ပဥ္စာလဘ္ဘဲပါ ကျွန်တော်မျိုးသမီး ရှင်သိုက်တွင် မြင်သည့်သားတော် မောင်ဖြူတပါး၊ နှမတော် မယ်ဆွေ ကြွေ့တပါး၊ မောင်တော် မောင်လှောက်ကြီးတပါး၊ ညီတော်မောင်ဘိုး တပါး။

ရှင်ညှာတွင်မြင်သည့်သားတော် ငယ်ကလွန်တပါး၊ ညီတော်ကြေးမြင့် မင်းသား မောင်သက်၊ ပန်းထိမ်းစားနှင့် ပုန်ကန်ထွက်ပြေးသည့်နောက် ပုသိန်ကျောင်းတိုက်တွင် သေလွန်သည်တပါး၊ နှမတော် မယ်ဆွေကြည် တပါး၊ ညီမတော်-ငယ်ကလွန် တပါး။

ရှင်အိတွင်မြင်သည့် သားတော်-ငယ်ကလွန်တပါး၊ ညီတော်-ငယ်က လွန်တပါး၊ ညီတော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး၊ ညီမတော်-ငယ်ကလွန်တပါး၊ မောင်တော် မောင်ဘုန်းတပါး။

ရှင်မှိတွင်မြင်သည့်သားတော်-ငယ်ကလွန်တပါး။

ကွပ်ရွာမြို့စားဝန်ကြီးသမီး ရှင်ဘွားတွင်မြင်သည့် သမီးတော် မယ် ဆွေချစ် တပါး။

မြို့ဝန်လမိုင်းဝန် မောင်ခိုသမီးရှင်ကေတွင်မြင်သည့် သားတော် မောင် မှတ်ကြီးတပါး၊ ညီတော်-ငယ်ကလွန်တပါး။

နှမတော် စာရေးကြီးမင်းလှမင်းထင်ကျော်သမီး ရှင်အစ်တွင်မြင်သည့် သားတော် မောင်မြကြိုင်တပါး၊ ညီတော်-ငယ်ကလွန်တပါး၊ နှမတော် မယ်ဆွေသက်တပါး။

တိမ်ကြားမင်းခေါင်သမီး ရှင်လေးတွင် မြင်သည့် သားတော် မောင် ကုသ် တပါး၊ နှမတော် မယ်ဆွေအုံတပါး။

ရှင်လေးတွင် မြင်သည့်သမီးတော် မယ်ဆွေမြင့်တပါး၊

ရှင်ဖြူတွင် မြင်သည့်သမီးတော် မယ်အိုတပါး။

ညောင်စည်မြင်းခေါင်းသမီး ရှင်ဥတွင် မြင်သည့်သမီးတော် မယ်ဆွေ လှ တပါး၊ ညီမတော် မယ်ဆွေထွတ်တပါး။

ရှင်ခါတွင်မြင်သည့်သမီးတော် မယ်ဆွေအုံတပါး၊ ညီမတော် မယ် ဆွေအိတပါး။

ရှင်ငွေတွင် မြင်သည့်သားတော် မောင်ဆွေစစ်တပါး။

ရှင်ကောက်တွင်မြင်သည့်သမီးတော်-ငယ်ကလွန်တပါး၊ မောင်တော် မောင်နေထွန်းတပါး၊ နှမတော် မယ်ဆွေတင်တပါး။

ရှင်ဘဲတွင် မြင်သည့်သမီးတော် ကောင်းတုံမြို့စား မယ်ဆွေရုံတပါး။

ရှင်ပုတွင် မြင်သည့် သမီးတော် မယ်ဆွေရင်တပါး။

ရှင်ဖူးတွင်မြင်သည့် သမီးတော် မယ်ဆွေတုတ်တပါး။

ရှင်ဘွားကြီးတွင်မြင်သည့် သမီးတော်-ငယ်ကလွန်တပါး၊ ညီမတော်-ငယ်ကလွန်တပါး၊ ညီမတော် မယ်ဆွေကောင်းတပါး၊ ညီမတော်-ငယ်ကလွန်တပါး၊ ညီမတော် မယ်ဆွေခင်တပါး။

ရှင်ဝိုတွင် မြင်သည့်သမီးတော် မယ်ဆွေညွန့်တပါး။

ရှင်အေးတွင်မြင်သည့်သမီးတော် မယ်ဆွေဟော့တပါး။

ရှင်ဖော့တွင်မြင်သည့်သားတော် မောင်ဆွေမြစ်တပါး။

စစ်ကိုင်းမြို့ဝန် မဟာမင်းလှတန်ဆောင် သမီး ရှင်ချိန်တွင် မြင်သည့် သားတော် မောင်ဆွေသိမ့်တပါး၊ နှမတော်-ငယ်ကလွန်တပါး။

ကလေးတိန်ညင် ရာဇဂြိုဟ်စော်ဘွားသမီး အင်ပူမြို့စား ရှင်လေးတွင် မြင်သည့် သားတော်-ငယ်ကလွန်တပါး၊ ညီတော်မောင်ဆွေမြတ်တပါး။

ကျွန်တော်မျိုး တောင်တွင်းမိုလ် မောင်ရွှေအောင်သမီး ရှင်ထယ်တွင် မြင်သည့် သမီးတော် မယ်ဆွေစောတပါး။

ထန်းတပင်မြို့အုပ် မောင်ကျော်ခဲသမီး ရှင်လေးတွင် မြင်သည့်သားတော်-ငယ်ကလွန်တပါး။

ရှင်မြင့်တွင် မြင်သည့် သမီးတော်-ငယ်ကလွန်တပါး၊ ညီမတော် မယ်ဘွားစောတပါး၊ ညီမတော် မယ်ဆွေအုံတပါး။ မောင်တော် မောင်ဆွေဝန်းတပါး၊ ညီတော် မောင်ဟန်တပါး၊ ညီတော် မောင်ဆွေငြိမ့်တပါး။

ရှင်ပွင့်တွင်မြင်သည့် သမီးတော် မယ်ဆွေစိုးတပါး။

ရှင်ရင်ကြီးတွင်မြင်သည့် သမီးတော် မယ်ဆွေနှစ်တပါး၊ ညီမတော်-ငယ်ကလွန်တပါး။

ရှင်ရင်ကလေးတွင်မြင်သည့် သမီးတော် မယ်ဘွားရှင် တပါး။

ရှင်ရိပ်တွင် မြင်သည့် သားတော် မောင်ဆွေမြတ်တပါး။

ရှင်ထွေးကြီးတွင် မြင်သည့် သားတော် မောင်ဘိုးရှင်တပါး။

ရှင်မေတွင် မြင်သည့် သမီးတော် မယ်ဆွေတူတပါး၊ ညီမတော် မယ်ဆွေကြွားတပါး။

ရှင်ကူးတွင် မြင်သည့် သမီးတော် မယ်ဆွေသန့် တပါး။

ရှင်ရှမ်းတွင် မြင်သည့် သမီးတော် မယ်ဆွေအေးတပါး။

ရှင်ခါတွင်မြင်သည့် သမီးတော် မယ်ဦးစွန်းတပါး။

ရှင်စောတွင်မြင်သည့် သားတော်-ငယ်ကလွှန်တပါး၊ နှမတော် မယ်ဆွေဝ တပါး။

ရှင်စိုတွင် မြင်သည့် သားတော်-ငယ်ကလွှန်တပါး။ ရှင်ရွှေမိတ်တွင် မြင်သည့် သားတော်-ငယ်ကလွှန်တပါး၊ နှမတော်-ငယ်ကလွှန်တပါး၊ မောင်တော်-ငယ်ကလွှန်တပါး၊ ညီတော်-ငယ်ကလွှန်တပါး။

နွားထိုးမြင်းခေါင်းသမီး ရှင်ရစ်တွင် မြင်သည့် သားတော်-ငယ်ကလွှန် တပါး။

ရှင်ရွှေမတွင် မြင်သည့် သားတော်-ငယ်ကလွှန်တပါး။

ရှင်ရွှေမြစ်တွင်မြင်သည့် သားတော်-ငယ်ကလွှန်တပါး။

ရှင်ကြင်တွင် မြင်သည့် သားတော်-ငယ်ကလွှန်တပါး။

ရှင်ယုံတွင်မြင်သည့် သားတော်-ငယ်ကလွှန်တပါး၊ ညီတော်-ငယ်ကလွှန်တပါး။

ရှင်ရွှေမယ်တွင်မြင်သည့် သမီးတော်-ငယ်ကလွှန်တပါး။

ရှင်ခတွင်မြင်သည့် သားတော်-ငယ်ကလွှန်တပါး။

ရှင်သဲအူးတွင် မြင်သည့် သားတော်-မောင်စိုးတပါး။

နှမတော် အိမ်ရွှေမိဖုရားသီရိသုမြတ်စွာ ရတနာဒေဝီတွင် မြင်သည့် သားတော် နှစ်ပါး။ ကိုယ်လုပ်တော်တို့တွင် မြင်သည့်သားတော် သမီးတော်ပေါင်း တရာ့နှစ်ပါး၊ သားတော်ပေါင်းငါးဆဲ့သုံးပါး၊ သမီးတော် ပေါင်းငါးဆဲ့တပါး၊ သားတော်သမီးတော်ပေါင်းတရာ့လေးပါးတည်း။

မြေးတော်များကား …သမီးတော် ဆားလင်းကြီး မင်းသမီး သီရိ အာသာဝတီနှင့် ဘဝရှင်မင်းတရားကြီးဘုရားသားတော် မလွန်မင်းသား သီရိမဟာဓမ္မရာဇာ-စုံဖက်ရာတွင် မြင်သည့်သားတော်-မိုင်းပျဉ်းမြို့ကိုစား သည် တပါး၊ နှမတော်-ရေနံမြို့ကို စားသည်တပါး၊

ထန်းတပင်မင်းသား ကိုယ်လုပ်တော် ရှင်ရွှေဘန်တွင်မြင်သည့် သား တော်-ငယ်ကလွှန်တပါး၊ နှမတော်တပါး၊ မောင်တော်တပါး၊ညီတော်- ငယ်ကလွှန်တပါး။

ကိုယ်လုပ်တော် ရှင်စောတွင်မြင်သည့် သမီးတော်မကြီးတပါး၊ မောင် တော်တပါး၊ ညီတော်တပါး၊ နှမတော်တပါး။

ပန်းထိမ်းမင်းသားနှင့် ဘဝရှင်မင်းတရားကြီးဘုရား သမီးတော် ကန္နီမင်းသမီးတွင် မြင်သည့် နဂါးတိုမင်းသားတပါး၊ နှမတော်တပါး။

ကိုယ်လုပ်တော်ရှင်သင်တွင် မြင်သည့် သမီးတော် တင်ပုကြီးတပါး၊ ညီမတော်မယ်တင်အိုကလေးတပါး။

တိုင်တားမင်းသား ကိုယ်လုပ်တော် ရှင်ဆုံတွင်မြင်သည့် သမီးတော် မယ်သက်စု တပါး။

ကိုယ်လုပ်တော် ရှင်ခင်တွင် မြင်သည့် သမီးတော် မယ်ချစ်တပါး၊ညီမတော် မယ်မျိုးစုတပါး။

တောင်ဆင်းမင်းသား ကိုယ်လုပ်တော် ရှင်ထွန်းတွင် မြင်သည့် သားတော် မောင်တင်ကြီးတပါး၊ ညီတော် မောင်တင်လတ်တပါး၊ ညီတော် မောင်တင်လေးတပါး၊ ညီတော် မောင်တင်ငယ်တပါး၊ နှမတော် မယ်တင်ကြီးတပါး၊ ညီမတော် မယ်ဘွားကြီးတပါး။

မောင်စစ်အောင် ကိုယ်လုပ်တော် ရှင်ဆင့်တွင်မြင်သည့် သားတော် မောင်တင်တပါး။

မောင်စစ်နိုင် ကိုယ်လုပ်တော် ရှင်ဆင်တွင် မြင်သည့် သမီးတော် မယ်ဆွေချစ်တပါး၊ ညီမတော် မယ်တင်ချိုတပါး။

မောင်ဖြူနှင့်-လှိုင်မင့်းသမီး ရှင်အိုတွင် မြင်သည့်သားတော် မောင်လူကလေးတပါး၊ ညီတော်မောင်တင်မြတပါး၊ နှမတော် မပုတပါး၊ ညီမတော် မဦးစွန်းတပါး၊ ညီမတော် မတင်ကလေး တပါး။

ကြေးမြင့်မင်းသား ကိုယ်လုပ်တော် ရှင်သန့်တွင်မြင်သည့် သားတော် မောင်ဘလေးတပါး၊ နှမတော် မတင်အိုတပါး။

မောင်မှတ်ကြီး ကိုယ်လုပ်တော် ရှင်ဆွေကောင်းတွင် မြင်သည့် သမီးတော် မယ်တင်ကြီးတပါး၊ညီမတော်မယ်တင်ကလေးတပါး၊မောင်တော် မောင်ဘောလေးကြီး တပါး၊ ညီတော် မောင်ဘောလေးငယ်တပါး။

မောင်သိမ့် ကိုယ်လုပ်တော် ရှင်အုန်းဘူးတွင် မြင်သည့် သမီးတော် မယ်နွဲ့ဘန်တပါး၊ ညီမတော် မယ်နွဲ့ဟန်တပါး။

သားတော် ငါးကျိပ်သုံးပါး၊ သမီးတော်ငါးကျိပ်နှစ်ပါး၊ မြေးတော် ယောကျ်ား တကျိပ်ရှစ်ပါး၊ မြေးတော်မိန်းမ နှစ်ကျိပ်တပါး၊ သားတော်, သမီးတော်, မြေးတော်ယောကျ်ား, မြေးတော်မိန်းမ စုစုပေါင်း တရာ့လေးကျိပ် လေးပါးတည်း။

ထိုနှစ် နယုန်လ မြင်ကွန်းစား ရန်ကုန်မြို့က ထွက်ပြေးလာပြီးလျှင် ကြယ်ဘိုးကြီးထံ ကရင်အရိုင်းတို့နှင့် ပေါင်းသင်း၍ ဖယ်ခုံတပ်တော်စောင့် လူဘို့ကို ထိပါးနှောင့်ရှက် တိုက်ခိုက်ကြောင်းများနှင့် ရှမ်းပြည်မြေလတ်တွင် ရပ်နေသည့် ဝန်ထောက် မင်းကြီးမဟာမင်းခေါင်ကျော်ထင်က အတင်အလျှောက်ရောက်၍ လမိုင်းကြီးဝန်ထောက် မင်းကြီးမဟာမင်းလှမင်းခေါင်ကို အစုအမှုထမ်း လူ သုံးထောင့်ခြောက်ရာကျော် ပေးအပ်ပြီးလျှင် ထိုနှစ် နယုန်လပြည့်ကျော် တဆဲ့လေးရက်နေ့ ချီတက်စေပြီးလျှင် စဘားမြို့က စည်းကြပ်ရပ်နေ ထမ်းရွက်စေသည်။

ဝါဆိုလ မဟာဒါန်ဝန်နေမျိုးရာဇသီဟ, ရေနံသာမြို့အုပ် လက်စွဲကြီး မင်းလှမင်းထင်ရဲခေါင် တို့ကို ငစဥ့်ကူးနယ်တွင် သံကျောက်, ကြေးနီကျောက်, ဘော်ကျောက် များကို အရှာအဖွေ စေခိုင်းတော် မူရာ ရွှေဘုန်းတော် မြတ်ကြောင့် စကျဥ်တောင်တွင် ပတ္တမြား ကျောက်တော်အနီကြီး ကျောက်လုံးရေ ခုနစ်ဆဲ့လေး, ကျောက်လတ်လုံးရေငါးဆယ်, လုံးချောအနီကြီးလုံးရေသုံး, တာပယာနှစ်များကို တူးဖော်ရကြောင်းနှင့် တင်လျှောက်၍ ကျောက်တော်များကို ကြိုယူမြို့ကြိုယူစေပြီးလျှင် ရာပြတ်တို့ကို ကြည့်ရှုစေရာ မိုးကုတ်ကျတ်ပြင် တွင်းကြီးတော်များက တူးဖော်ဆက်သည့် ကျောက်တော်များနှင့် ထပ်တူဖြစ်ကြောင်းများကို တင်လျှောက်သည်။ မဟာဒါန်ဝန် ရေနံသာမြို့အုပ်တို့နှင့် တူးရာပါလူဘဆဲ့လေးတို့ကိုလည်း ပုဆိုး,ဒင်္ဂါး, ခေါင်းပေါင်းအုပ်,ပိတ်အုပ် များစွာသနားတော်မူသည်။ စုန်းမြို့, စကျဥ်ရွာ,တောင်ပြိုးငယ်ရွာ, ရေနံသာမြို့များကို ငစဥ့်ကူးမြို့နှင့် ရုံးကွဲပေးအပ်ပြီးလျှင် ၎င်းမြို့ကျေးရွာ လူတို့ကို ငွေတော်ပေးကမ်း ငှားရမ်းတူးဖော်၍ 'မပြတ်ကျောက်တော်များကိုဆက်သရသည်။

ထိုနှစ် တော်သလင်းလပြည့်ကျော်ဆယ်ရက်နေ့ ပြကန်ရွာစား သီရိမလ္လာမပေတွင်မြင်သည့် သမီးတော်အငယ်ကို ယင်းခဲမြို့ကို မြို့စားပေးတော်မူ၏။

ထိုနှစ် သီတင်းကျွတ်လ ရန်ကုန်မြို့ အရေးပိုင်ဝန်ကြီး ဖယ်ရာ အစားခန့်ထားသည့်ကာရနယ်လအာရဘက်ဖိုက် ရွှေမျက်နှာတော်အဖူးအမြော်လာရောက်သည်ကို အရေးပိုင်ဝန်ကြီး ဖယ်ရာလာရာ ကြိုယူသည့်နည်း ဝန်ထောက် ပုပ္ပါးမြို့စား မင်းကြီးမဟာ မင်းကျော်မင်းထင်,သံတော်ဆင့် ပန်းတဉ်းဝန် ပန်းဘဲဝန်မင်းလှရာဇကျော်ထင်, စာရေးကြီး မင်းလှကျော်

ထင်, နန်းမတော်ဘုရားစာရေးကြီး မဟာမင်းကျော်ရာဇာ, အသုံးစာရေး မင်းလှမင်းထင်ကျော်တို့ မလွန်မြို့ရောက် ကြိုယူ၍ ရွှေတချောင်းအနောက် သံတဲတွင် ချထားနေထိုင်စေပြီးလျှင် ၎င်းလဆန်း တဆဲ့လေးရက်နေ့ ဆက်သရန် လက်ဆောင်တော်များနှင့်ဝင်ရာ ဇေတဝန်ဆောင်တော်တွင် အဆက်အသ ခံတော်မူသည်။ အရေးပိုင်ဝန်ကြီး ဘက်ဖိုက်မယား, ရန်ကုန်မြို့တွင် စောင့်နေရစ်သည့် အရေးပိုင်မယားများကိုလည်း အနောက်တံခါးကဝင်၍ မယ်တော်ဘုရား,အရှင်နန်းမတော်ဘုရား, မင်းမိဖုရားတို့ကို လက်ဆောင်တော် အုပ်မျိုးထည်မျိုး ဗုဇ္ဇန်ဆီလိပ်, ဖဲလိပ်, နှင်းရည်ဘူး, ဆီမွှေးဘူး,အထူးအဆန်းများကိုလည်း အဆက်အသ အဖူးအမြော်ဝင်စေသည်။ အရေးပိုင် ဘက်ဖိုက်မယား, ရန်ကုန်မြို့ အရေးပိုင်မယားတို့ကို ကျောက်စီဘယက်, ပတ္တမြားတင်လက်စွပ်, ရွှေဖလား, ရွှေကြိုးလိုက်ထဘီ,ကတိုးခွာများကို မယ်တော်ဘုရား,အရှင်နန်းမတော်ဘုရားတို့နှင့် မင်းမိဖုရားတို့က အသီးအသီးပေးတော်မူကြသည်။

၎င်းလ အရေးပိုင်ဘက်ဖိုက်အပြန် ရွှေနန်းတော်သို့ အဖူးအမြော်ဝင်ရာ တောင်ဥယျာဉ် စံနန်းတော်တွင် အဖူးအမြော်ခံတော်မူ၍ အကွင်းအချည် အထည်အလိပ် များစွာပေးတော်မူသည်။၎င်းဝန်ကြီး ကာရနယ်လ အာရဘက်ဖိုက်နှင့် လွှတ်တော်တွင် ပုခန်းကြီးမြို့စားဝန်ကြီး, ရေနံချောင်းမြို့စားဝန်ကြီး, ဝန်ထောက်ကင်းဝန်, ဝန်ထောက် ဥဒေါင်းလှေအုပ်တို့ အစုံအညီ နှစ်တိုင်းနှစ်ပြည် ရောင်းဝယ်မှုကို စာချုပ်တဆဲ့သုံးချက်ချုပ်၍ လက်မှတ်ထိုးကြသည်။ ၎င်းနောက် ဝန်ကြီးမင်းများအိမ်သို့ဝင်၍ တန်ဆောင်မုန်းလဆန်းနှစ်ရက်နေ့ ပြန်သွားသည်။

ထိုနှစ် နတ်တော်လ ဝန်ထောက် အောင်ပင်လယ်လမိုင်းဝန် မင်းကြီး မဟာမင်းလှမင်းခေါင်က ဖယ်ခုံတပ်-ကွန်လုံတပ်တော်များသို့ မြင်ကွန်းစား,ကြယ်ဘိုးကြီးတို့ အပေါင်းအသင်းကချင်တို့ ထိပါး နှောင့်ရှက်လာသည်ကို နှိပ်ကွပ်တိုက်ခိုက်စေရန် လူထပ်ဖြည့်ပေးပါမည့် အကြောင်းနှင့် လျှောက်ထားရာ အတ္တပတ်မြင်းအမှုထမ်း လူငါးရာတွင် အတ္တပတ်မြင်းဝန်အုပ်ကွပ်၍ တတပ်၊ သူရဲအမှုထမ်း လူငါးရာတွင် သူရဲစာရေးငပြားအုပ်ကွပ်၍ တတပ်, နှစ်စု လူတထောင်ကို လက်နက်ကိရိယာပေးအပ်ပြီးလျှင် ၎င်းလပြည့်ကျော် ရှစ်ရက်နေ့ လမိုင်းဝန်ထောက် ရပ်နေသည့် စကားမြို့ဘပ်မသို့ ထပ်ဖြည့်ချီတက်စေသည်။

ယင်းသည့်နှစ်တော်လ အနောက်တိုင်းပြည်က ကုန်သည်ကြီးဒဗ္ဗန္တလီခေါ် မယ်ကောက် ဘုန်းတော်ကိုခိုလှုံပြီးလျှင် ကူးသန်း ရောင်းဝယ် အမှုတော်ကို ထမ်းလိုသောကြောင့် ရွှေဘဝါးတော်အောက် လာရောက်၍ ရွှေမျက်နှာတော် အဖူးအမြော်၊ လက်ဆောင်တော် ထည်မျိုးအုပ်မျိုး မှန်ကြီးမှန်ငယ်, အရုပ်မျိုးစုံ အထူးအဆန်းများစွာနှင့် ဝင်ရောက်ဆက်သသည်ကို နန်းမစနုဆောင်တော်တွင် အဖူးအမြော် အဆက်အသခံတော်မူသည်။ ကုန်သည်ကြီး ဒဗ္ဗန္တလီခေါ် မယ်ကောက်ကို မဟာသီရိဇေယျရတ်ဘွဲ့နှင့် အချိန်ငါးရတီနှစ်မူးပဲရှိ အဘိုးဒင်္ဂါးတထောင့်ငါးရာတန်ပတ္တမြားတင်လက်စွပ်ကွင်းရေတစ်၊ ပတ္တမြားတောင်တော်ထွက် အချိန်လေးရတီရှိ သွေးပြီးပတ္တမြားကျောက်လွှတ် တစ်၊ အချိန်နှစ်ဆယ်ခုတ် ရွှေဖလားတစ်၊ လွန်းမျှားပုဆိုး၊ ရွှေမတ်ပြား ဒင်္ဂါးတရာ၊ ပတ္တမြားကျောက်ချိန်တကျပ်၊ ငွေကျပ်သုံးဒင်္ဂါးတထောင်။ ကိုယ်စားလှယ် မေလော်ကြက်မှာ လွန်းမျှားပုဆိုး၊ ရွှေမတ်ပြားဒင်္ဂါးတဆယ်၊ ငွေကျပ်သုံးဒင်္ဂါးတရာ။ သစ်ခေါင်းကုန်သည် တဆဲ့လေးတို့မှာ ပိုးပုဆိုးတစ်စီ,ငွေကျပ်သုံးဒင်္ဂါးငါးရာပေးတော်မူ၍ အမှုတော်ကို ထမ်းစေသည်။

ယင်းသည့်လအသည်ဝန် မင်းကြီးမဟာသီဟသူရကို ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှစည်သူ,သတိုးမင်းကြီးမဟာစည်သူ,သတိုးမင်းကြီးမဟာမင်းကျော်မင်းခေါင်တို့နှင့်ဖက်၍ အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်တော်မူသည်။

မြင်ကွန်းစားနှင့် အနောက် ကရင်ကြယ်ဘိုးကြီး, ကြယ်ဘိုးကလေးတို့ အရေးကိုထောက်၍ မြို့ဝန်နတ်ရှင့်ရွှေးဗိုလ် မင်းကြီးမဟာမင်းခေါင်ကျော်ထင်ကို နတ်ရှင့်ရွှေးအစု, နတ်စုလက်ဝဲအစု,ရဲဘက်မြင်းအစု,စုစုလူနှစ်ထောင်ပေးအပ်ပြီးလျှင် မြေလတ်ကြောင်း ညောင်ရွှေမြို့က ရပ်နေရမည်၊ ထိုသတ္တရာဇ် ပြာသိုလဆန်း ဆယ်ရက်နေ့ ချီတက်စေသည်။

၎င်းလ အင်္ဂလိပ်မင်းရာဇသံ ရွှေမြို့တော်မြစ်ဆိပ်သို့ ရောက်သည်ကို အထက်နည်းကြိုယူမြဲ ကြိုယူ၍ ဆက်သွင်းလျှောက်ထားရသည်။ [ရာဇသံအဓိပ္ပါယ်မှာ....အင်္ဂလိပ်မင်းက စာချုပ်သည့်အတိုင်း နှစ်တိုင်းနှစ်ပြည်အကျိုးစီးပွားများပါတော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ရှိပါကြောင်း၊ တိုင်းတော်ပြည်တော်မှာ ကိုယ်စားလှယ်ပြုလုပ်နေထိုင်သူတို့ကို မစတော်မူ၍ တရုပ်ပြည်သို့ စေလွှတ်တော်မူသည်ကို ဝမ်းမြောက်ဝမ်းသာရှိပါကြောင်းနှင့် ပါသည်]။

ယင်းသည့်ပြာသိုလ သီဟိုဠ်ကျွန်းက ရဟန်းရှင်ပညာဇောတိ၊ တပည့်ရှင်ပညာတိဿ၊ တကာအပုဟာမိတို့ - ရွှေစေတီတော်တစ်,ငွေစေတီတော်နှစ်, ရွှေအဆင်း မြတ်စွာဘုရားခတ်တော်ခြောက်,သီဟိုဠ်ကျွန်းတွင်တဆွဲခြောက်ဌာနတည်ထားသည့် စေတီတော်ပုံစံရေးသားသည့်ကား, နှစ်မိုက်ခန့် ဗောဓိပင်လေးများကို ဘဝရှင်မင်းတရားကြီးဘုရား ကိုးကွယ်တော်မူရန် နေပြည်တော်သို့ ဆောင်ယူလာရောက်သည်။ တပို့တွဲလ မိုင်းနောင်ဟိန် သီဝိရဋ္ဌမဟာဝံသရာဇာက ထူးမြတ်သည့် မြင်းတော်နှင့် လှံစကြာဆက်သသည်ကို ကြိုယူမြဲကြိုယူဆက်သွင်းရသည်။

ယင်းသည့်လ အလယ်နန်းတော် မိဖုရားတွင် မြင်သည့် သမီးတော် သီရိသုရတနာ မင်္ဂလာဒေဝီ, သီရိသုပဘာရတနာဒေဝီ တို့ကို နားထွင်း, ဆံထုံးထုံး, တဘက်ဝတ်,ဒက်ဆင် မင်္ဂလာဆောင်တော်မူမည်မှာ-ဘကြီးတော်မင်းတရားလက်ထက် မိဖုရားခေါင်ကြီးတွင် မြင်သည့် သမီးတော် သီရိတိလောကမြတ်စွာကို နားထွင်းသည့် အခမ်းအနားနည်း။ မကွေးမိဖုရားတွင် မြင်သည့် သမီးတော် မင်းခင်းမင်းသမီး သီရိသုရတနာဝတီ၊ စဝ္ဓတောင်တိုက်စား မိဖုရားတွင်မြင်သည့် မိုင်းလုံးမင်းသမီး သုသီရိရတနာ ဒေဝီတို့ကို ခမည်းတော်မင်းတရား လက်ထက် လှိုင်မင်းသမီးနည်း။ လောင်းရှည်မိဖုရားတွင် မြင်သည့် သမီးတော် မိုင်းကိုင်းမင်းသမီးသုသီရိပဘာဝတီ၊ ခုနစ်ရွာတိုက်စားမိဖုရားတွင်မြင်သည့် သမီးတော် ပန်းထိမ်းမင်းသမီးသီရိသုပဘာဝတီ၊ မြောက်ရွှေရေးဆောင် မိဖုရားတွင်မြင်သည့် သမီးတော် ဆင်ယည်မင်းသမီး သီရိသုမင်္ဂလာဝတီ၊မန်းကျည်းပင်ဧောက် မိဖုရားတွင် မြင်သည့် သမီးတော်မိုင်းညောင်းမင်းသမီး သုသီရိပဘာဝတီ တို့မှာ ရွှေလက်ထက်တော် ချွန်းတောင်မြို့စား မင်းသမီးနည်း။ အိမ်ရှေ့မင်းသမီးတဆွဲလေးမှာ သမီးတော် စောလှမင်းသမီး,မှန်သွင်မင်းသမီးတို့နည်း အခမ်းအနားများကိုလုပ်ဆောင်၍(၁၂၂၉)တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု တပို့တွဲသဆန်းတဆဲ့လေးရက်နေ့ အခါတော်အတိုင်း မှန်နန်းတော်မှာ သမီးတော်စလင်းမင်းသမီးနည်း နားထွင်းတော်မူသည်။ ပွဲသဘင်ကြည်းတပ်ရေတပ် အခင်းအကျင်း အလှူအတန်း မူးတော် မတ်တော်ပြည်သူပြည်သားတို့ကိုအခါတော်မရောက်မီက ပုဆိုး,ခေါင်းပေါင်းအုပ်, ပိတ်အုပ်, ထဘီ, ဆာပါအုပ်မှစ၍ အကျွေးအမွေး များမှာလည်း သမီးတော် စလင်းမင်းသမီးနည်း ကျွေးမွေးပေးဝေတော်မူသည်။

ယင်းသည့်လ မဂ်လာလေးသင်း ရဲပတိုင်းလေးသင်းအောက်မားတော်များနှင့် စလင်းမြို့ကျေး ရေယည်တော်က အောက်ငင်ခဲ့သည့် အရပ်ငါးတောင့်တမိုက်လေးသစ်, အစွယ်ပြင်ပေါ် တမိုက်ခန့် ပုပ္ပဒန္တဆင်တော်ရောက်သည်ကို ကျုံးသို့သွင်း၍ ကျော့ဖမ်းမြဲကျော့ဖမ်းစေသည်။

ယင်းသည့်လ ရှမ်း ရှစ်ပြည်ထောင်အဝင် မိုင်းခန်းစော်ဘွား ဘထွေးတင်ရန်မိန်, မိုင်းမိန်စော်ဘွားညီ လမန်ဝိန်, မိုင်းတိန်စော်ဘွားညီ ကတ်စုံတို့နှင့် နောက်ပါလူတဆဲ့ငါးတို့ လက်ဆောင်တော် အဆက်အသရွှေမျက်နှာတော် အဖူးအမြော် ဝင်ရောက်သည်ကို ဇေတဝန်ဆောင်တော်တွင် အဆက်အသ အဖူးအမြော် ခံတော်မူသည်။ လူကြီးသုံးမှာလွန်မျှားပုဆိုး တစ်, သက္ကလတ်ချော တစ်, ပိတ်အုပ်တစ်, ခေါင်းပေါင်းအုပ်တစ်စီ။ လူငယ်တဆဲ့ငါးတို့မှာ ပိုးသားပုဆိုး, ပိတ်အုပ်, ခေါင်းပေါင်းအုပ်တစ်စီ ပေးတော်မူသည်။ ၎င်းတို့နှင့်အတူပါ ရဟန်းနှစ်ဆဲ့ငါး, သာမဏေ သုံးဆဲ့သုံး, နှစ်ပ ငါးဆဲ့ရှစ်တို့ကိုလည်း ဇေတဝန် ဆောင်တော်တွင်ပင့်၍ သပိတ်, သင်္ကန်း, ဆွမ်းစမဲလှူရသည်။

ထိုနှစ် တပေါင်းလ မြို့ဝန်နတ်ရှင့်ရွှေးသေနတ်ဗိုလ်က အရှေ့ ကရင်အကြီးစောလှဘော်, စောမော်ကား, စောနက်တဲ့တို့က အနောက်ကရင်ကြယ်ဘိုးကြီး, မြင်ကွန်းစားတို့တပ်ကို လောတန်တားတွင် တိုက်ခိုက်ရာသူပုန်တို့ ပျက်ပြားထွက်ပြေးကြောင်းနှင့် အတင်အလျှောက် ရောက်၍စောလှဘော်, စောမော်ကား, စော်နက်တဲ့တို့ကို ရွှေစလွယ်, လွန်းမျှားပုဆိုး, ခေါင်းပေါင်းအုပ်, သားမွေးအင်္ကျီ, သားမွေးစောင်များကို ကိုယ်ရံတော်ရွှေခားစွဲ ဗိုလ်ငထိန်း, ငဆိုင်းတို့ကို တပ်ရောက်သွား၍ ပေးစေသည်။

ထိုနှစ် နှောင်းတန်ခူးလ လင်းဇင်း သေနတ်ဗိုလ်နှင့် ယင်းဇင်းသေနတ် အမှုထမ်း၊ ဘုန်းတော်ဖြစ်သေနတ်စာရေးနှင့် ဘုန်းတော်ဖြစ်အမှုထမ်း၊ ကျွန်တော်မျိုး ငအောင်သူနှင့် ရဲဘက်မြင်းစီးနှစ်ဆဲ့ငါး၊ သူကောင်းထမ်း လူတရာ မိုင်းစိတ်မြို့စားရိုး ငခန်းမိုးနှင့် လူတရာ၊ စုစု လူတထောင်ကျော်တို့ကို လမိုင်းဝန်ထောက်တပ်သို့ ထပ်ဖြည့် ချီတက်စေသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ သဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း၍ လှူဒါန်းတော်မူ၏။

* သက္ကရာဇ် (၁၂၂၉) တထောင့်နှစ်ရာ့နှစ်ဆဲ့ကိုးခု နှောင်းတန်းခူး လပြည့်ကျော်ငါးရက် စနေနေ့ နေနှစ်ချက်တီးကျော် သုံးနာရီသုံးပါဒ် လေးဗိဇနာအချိန် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော် ခုနစ်ရက် တနင်္လာနေ့ နေသုံးချက်တီးကျော် ခြောက်နာရီ ပါဒ်ပြည့် တဆဲ့ သုံးဗိဇနာအချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၃၀) တထောင့်နှစ်ရာ့သုံးဆယ်သို့ တက်သည်။

## ၁၂၃၀-ခု

သက္ကရာဇ် (၁၂၃၀) တထောင့်နှစ်ရာ့သုံးဆယ် တန်းခူးလပြည့်ကျော် ခုနစ်ရက်နေ့ ဝန်ထောက် မင်းကြီးမဟာမင်းခေါင်ကျော်ထင်ကို ကိုယ်ရံ နောက်ထောက် အစုအမှုထမ်း လူတထောင်ကျော်ပေး၍ သိန်းနီကြောင်း ချီတက် ထမ်းရွက်စေသည်။

ထိုနှစ် ကဆုန်လ ဒီပဲယင်းမြို့စစ်ကဲနှင့် သင်းသေနတ် အမှုထမ်းလူ တထောင်၊ မြေဒူးမြို့စစ်ကဲနှင့် သင်းသေနတ်အမှုထမ်း လူငါးရာ၊ အလုံမြို့ အမှုထမ်း လူနှစ်ရာ၊ သုံးဆယ်မြို့ အမှုထမ်းလူတရာ၊ စုစုလူတထောင့်ရှစ်ရာကို သိန်းနီစော်ဘွား သီဗိရဋ္ဌမဟာဝံသသုဓမ္မရာဇာသို့ ပေးအပ်ပြီးလျှင် ဝန်ထောက် မင်းကြီး မဟာမင်းခေါင်ကျော်ထင် ဆင့်ဆိုရာ နာခံထမ်း ရွက် ချီတက်စေသည်။

ယင်းသည့်လ ရမည်းသင်းမြို့ကျေးရွာက မနက်ပလာဆင်တော်များနှင့် ကျော့ဖမ်းရမိသည့် အရပ် သုံးတောင့်နှစ်မိုက်ရှိ ဒန္တဘင်္ဂဆင်တော်ရောက်သည်။

တကောင်းမြို့ကျေး ကွဲစားအင်းတောက မနက်ပလာ ဆင်တော်များနှင့်ကျော့ဖမ်းရမိသည့်အိုးသစ်အဆင်းရှိသော ဆင်ဖြူတော်မ၊ ရွှေမြို့တော် အနောက် ပုခန်းမင်းသမီး ဥယျာဉ်သို့ ဆိုက်ရောက်သည်ကို အထွက် အရောက် အခြောက်သံကြား၍ ကြိုယူရသည်။ မြေနန်းတော်ဦးသို့ ဆိုက်ရောက်လျှင် ဘဝရှင်မင်းတရားကြီးဘုရား, အရှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့်အတူ ထွက်တော်မူ၍ ရှုစားတော်မူသည်။ ဆင်ဖြူတော်ကို မြေနန်းတော်မြောက် တန်ဆောင်းတင်းကုပ်သို့ သွင်းထားရသည်။

## ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာ တင်သည်မှစ၍ မယ်တော်ဘုရား နတ်ရွာစံသည်ထိ အကြောင်းများ

ဆဒ္ဒန်ဆင်မင်းသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရားသည် သာသနာတော်၌ အထူးသဖြင့် သဒ္ဓါတော်မူသည်နှင့်အညီ သာသနာပြုဆရာတော် အမူးရှိသော တံဆိပ်တော်ရဆရာတော်တို့ ပုဒ်ပါဠိအက္ခရာ မယိုမယွင်းရ ပေတင်အရိယာရဟန္တာတို့ ရေးသားခဲ့တိုင်း တည်စေခြင်းငှာ ရှင်းလင်းသုတ်သင်ပြီးလျှင် မရေမတွက်နိုင်အောင် အထက် ရေးသားကိုးကွယ်တော်မူသည့် ရွှေရေး,မင်ရေး, ကညစ်ရေး, ပိဋကတ်တော်ဖြင့် ရောင့်ရဲခြင်း ရှိတော်မမူသောကြောင့် သိကြားနတ်မင်း၏ အမြင်နှင့်တူသောအမြင်တော်ဖြင့် ရတနာသုံးပါးကို တလုံးလဲလဲ ဆင်ခြင်တော်မူလျှင် မြတ်စွာဘုရားအလောင်းတော်သည် သင်္ချေများစွာ ကမ္ဘာဘာက ပါရမီပရိစာဂ စရိယအပြား တရားအပေါင်းတို့ကို ဆင်းရဲငြိုငြင်စွာ ဖြည့်ကျင့်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဟောကြားတော် မူသောဒေသနာတော်၏ အလွန်ကြည်ညိုဘွယ် ရှိသည်၏ အဖြစ်ကို မြင်တော်မူလျှင် အသွန်သဒ္ဓါကြည်ညိုခြင်းဖြစ်တော်မူ၍ ထိုဒေသနာတော်မြတ်တို့ကို ကပ္ပဋ္ဌိတိလေးပါးတို့နှင့် ငါးပါးမြောက် ပဉ္စမကပ္ပဋ္ဌိတိအဖြစ်ဖြင့်တည်စေတော်မူလိုလတ်ရကား....ရွှေပြားငွေပြားတို့၌ ရေးသားခြင်းသည်လည်း ဆွေးမြေ့လွယ်ခြင်း လူမိစ္ဆာတို့ဖျက်ဆီးခြင်းဖြင့် အရှည်မတည်ရာ၊ ကဿပဘုရားလက်ထက်၌ တည်ထားအပ်သော ကျောက်လိုဏ်သည် အန္တရကပ်တကပ်ကျော် ငါတို့ဂေါတမဘုရားသခင် လက်ထက်တော်တိုင် တည်ရှိ၍ သူကရခါတဝက်တူးလိုဏ်တွင်ကျောင်း ထိုလိုဏ်၌ သီတင်းသုံးတော်မူရကြောင်းကို ကျမ်းဂန်သာသည်၊ ဤမြတ်စွာဘုရား၏ ဓမ္မက္ခန္ဓာတော်ပိဋကတ်သုံးပုံကိုလည်း ထိုနည်းအတူ အခွန့်မြင့်ရှည် တည်စိမ့်သောငှာ ကျောက်၌ရေးတင်မည်၊ ထိုသို့တင်ရာ၌လည်း ကျောက်ဟူသည် အမှုက်မဏ်ကျောက်မျိုး,ပါသာဏကျောက်မျိုးဟူ၍ နှစ်ပါးရှိသည်၊ ရှေးမင်းတို့ စေတီပုသိုးကျောင်းကန်တို့၌ ကျောက်အက္ခရာ ရေးသားထိုးမှတ်ကြသော ကျောက်သည်ကား ပါသာဏ ကျောက်မျိုးဖြစ်၍ အခွန့်မြင့်ရှည် မတည်မျက်မဏိကျောက်မျိုးနှစ်ဆဲ့လေးပါးတို့တွင် ဖလိကသဒ္ဒါဟောအပ်သော ကျောက်သလင်းသည် အလွန်ခိုင်ခံ့သည်၊ အထူးထူးသောတိုင်းကြီး ပြည်

ကြီးတို့တွင် မရှိမယင် နိုင်ငံတော်တွင်သာ မြင်းမိုရ်စကြာဝဠာနှင့် တပြိုင်တည်းပေါ်ထွန်းသော ထိုကျောက်သလင်းသည် ပတ္တမြားအတိပြီးသော စကျဉ်တောင်တော်တွင် ရှိသည်၊ အထက် ရည်ရွယ်တော်မူတိုင်း တည်အောင် သလင်းကျောက်ဖြင့် ထုလုပ်ရေးသားကိုးကွယ်တော်မူမည်၊ သာသနာတော်လေးရာကျော်သီဟိုဠ်ကျွန်းဝင္ကဂါမဏိမင်းလက်ထက် ရဟန္တာအရှင်မြတ်တို့ ပေထက်အက္ခရာတင်သည်ကာကို ယခုတိုင် ဘေးလောင်းတော် ဘိုးလောင်းတော် သာသနာပြု မင်းကောင်းမင်းမြတ်တို့လက်ထက် ပိဋကတ်တော်ကို ကျောက်ဖြင့် ရေးသားထုလုပ်သည်မရှိ ငါအသျှင်ကေရာဇ်မင်းမြတ် ကုသိုလ်တော်ပွား ရေးသားကိုးကွယ်ရမည်ကို နတ်တို့သိ၍ ဘိတားလေယောင်ဟု အလွန်ဝမ်းမြောက်တော် မူသဖြင့် စကျဉ်တောင်တော်မှဖြစ်သော သလင်းကျောက်ဖြူတော်များကို ချဆောင် ချောမောစေ၍ သက္ကရာဇ် (၁၂၂၂) တထောင့်နှစ်ရာ့နှစ်ဆဲ့နှစ်ခု တန်ဆောင်မုန်းလဆန်းတရက်နေ့ကစပြီးလျှင် ရွှေနန်းတော်အတွင်း ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်သော တန်ဆောင်းတော်တွင် တိပိဋကဓရ သီလဝိသုဒ္ဓိဒက္ခိဏေယျ နွယ်စဉ် ခမ္ဘဋ္ဌရ ဓမ္မရုစိ ရှန်းရှန်းညီသော တောင်ဆောင်တော် မိဖုရားဆရာ ဇာဂရာဘိဝံသတိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ မြတောင်မြို့စား သေနတ်ဝန်ကြီးဆရာ နရိန္ဒာဘိသိရိသဒ္ဓမ္မဇောတိပါလဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ စီးတော်မြင်းဝန်တိုက်ဆရာတော်သုမင်္ဂလသာမိ သိရိပဝရမဏိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ဆရာတော်သုံးပါးတို့ကို ပုဒ်ပါဌ်အက္ခရာ ကျောက်စာအရေးအသား မချွတ်မယွင်းစေရအောင် သန့်ရှင်းပြင်ဆင်ရန် လျှောက်ထားအပ်နှံတော် မူ၍ အတွင်းဝန် ခန်းပတ်မြို့စား မင်းကြီးမဟာသိရိဥဇနာ၊ အတွင်းဝန် ယောမြို့စား မင်းကြီးမဟာမင်းလှစည်သူ၊ ခင်မမင်းဝန်မိုင်းကိုင်းမြို့စား မဟာသိရိဇေယသူ၊ သံတော်ဆင့် နေမျိုးရာဇစည်သူ၊ အမိန့်တော်ရေး မင်းထင်ဇေယသူ၊ အသုံးစာရေး နေမျိုးသိရိကျော်သူတို့ကို ကြီးမှူးကြပ်မစေပြီးလျှင် မင်ရေးတမော့, ကျောက်ဖြူဆတ်,လက်တတ်လက်ကောင်းတို့နှင့် ရေးသားထုလုပ်စေရာ—

ဝိနည်းငါးကျမ်း ပါဠိတော်ကျောက်ချပ်ရေ တရာ့တဆဲ့တစ်။

အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်ကျောက်ချပ်ရေ နှစ်ရာ့ရှစ်။

နိကာယ်ငါးကျမ်း သုတ်ပါဠိတော် ကျောက်ချပ်ရေ လေးရာ့ကဆယ်များကို သက္ကရာဇ် (၁၂၃၀) တထောင့်နှစ်ရာ့သုံးဆယ် ကဆုန်လဆန်း

တဆဲ့လေးရက်နေ့ ပြီးပြည့်စုံသောကြောင့် ကုသိုလ်တော်မဟာလောက မာရဇိန်ဘုရား ပဌမ မဟာရံအတွင်း တံတိုင်းနား ပတ်ထည် အုတ်ပြာသာဒ်ဂူ တည်လုပ်၍ ကျောက်ချပ်ရေ လေးဆဲ့နှစ်၊ ဒုတိယမဟာရံအတွင်း အုတ်ပြာသာဒ်ဂူတည်လုပ်၍ ကျောက်ချပ်ရေ တရာ့ခြောက်ဆဲ့ရှစ်၊ တတိယ မဟာရံအတွင်း အုတ်ပြာသာဒ်ဂူတည်လုပ်၍ ကျောက်ချပ်ရေ ငါးရာ့တဆဲ့ကိုးများကို အုတ်ပြာသာဒ်ဂူတစ်လျှင် ကျောက်ချပ်ရေ တစ်စီ စိုက်ဆောက်သွင်းထား ကိုးကွယ်တော်မူသည်။

ထိုနှစ် နယုန်လ ငွေတောင်ရွာနေ ရှမ်းမိုလ်ငနက အဘိုးငွေ ဒင်္ဂါး တထောင့်နှစ်ရာနှင့်ဝယ်ယူဆက်သသည့် ဆင်ဖြူတော်သည် ဆင်ဖြူတော် တဆဲ့ နှစ်မျိုး အဝင် ရတနာကျမ်းဆင်၊ နောင်မွန် မြို့အုပ်က ဆက်သသည့် အရပ် လေးတောင့် နှစ်မိုက် ရှိ, ဆင်မတော် ကိုလည်း ဆင်ဖြူတော် တဆဲ့နှစ်မျိုးအဝင် ရတနာသိမ်းဆင်မတော် ဖြစ်ကြောင်းနှင့် လက္ခဏာဖတ်တို့က တင်လျှောက်သည်။

ထိုနှစ် ဝါဆိုလဆန်းငါးရက်နေ့ သက္ကရာဇ် (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခုနှစ်က လယ်ထွန်မင်္ဂလာ ထွက်တော်မူသည့်နည်း မင်္ဂလာဥယျာဉ်စံနန်းတော်သို့ ထွက်စံတော်မူ၍ တညဉ့်စံတော်မူပြီးလျှင် ယင်းသည့်သဆန်းခြောက်ရက်နေ့နံနက် အခါတော်နှင့် အမြောက်သံကြား၍ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား လယ်ထွန်တော်မူသည်။ ၎င်းနေ့ညနေ သုံးချက်တီးအချိန် ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ထိုနှစ် တော်သလင်းလ မြင်ကွန်းမင်းသား ကရင်အရပ်က လာရောက်၍ ကြေးမြင့်တိုင်အရပ်တွင် တွေ့ရှိဖမ်းဆီးချုပ်ထားကြောင်းနှင့် တောင်ငူမြို့အရေးပိုင် ကာရနယ်-အယ်လ်-အာရဘက်ဖိုက်ထံက ရမည်းသင်းမြို့ဝန်ထံသို့ စာရောက်သောကြောင့် ၎င်းစာနှင့်တကွ ရမည်းသင်းမြို့ဝန်က သံတော်ဦးတင်ရောက်သည်။

ခတ်လှေစီးအဆောင်မြို့အုပ်ကလည်း မြင်ကွန်းမင်းသားကို နောက်ပါလူ လေးဆယ်ကျော်နှင့်တကွ ကြေးမြင့်တိုင် လှော်ကားစု, ငချက်, ငကျော်ဟိုးတို့အိမ်တွင် ဖမ်းဆီးရမိ၍ အရာရှိခေါ် လူလေးဆယ်ကျော်ကို ထောင်မှာထားပြီးလျှင် ကျန် လူများကိုလည်း ဖမ်းဆီးဆဲ ဖြစ်ကြောင်း, မြင်ကွန်းမင်းသားကို မီးသင်းဘောနှင့် တင်ဆောင်၍ ကပ္ပလီကျွန်းသို့ ပို့ကြောင်း သံတော်ဦးတင်သည်။

ထိုနှစ် ပြာသိုလ မိုးဗြဲစော်ဘွား အမတ်ငထယ်, ငမောင်တို့နှင့် ကြယ်ဘိုးကလေးအမတ် စစ်ခေါင်း, ခွန်လုံ စစ်ခေါင်းတို့က ဆက်သရန် ဆင်ပေါက်တစ်, ဟိုင်းတစ်, ကရင်စောင်ထည်ရေ လေးဆယ်ကျော်,ဘောင်းဘီသုံးဆယ်ကျော်, ဖယောင်းချိန် ခွက်တဆယ်များနှင့် အဆက်အသအဖူးအမြော် ရောက်သည်ကို ဇေတဝန်ဆောင်တော်တွင် အဖူးအမြော်အဆက်အသ ခံတော်မူသည်။ အမတ်စစ်ခေါင်းလူကြီး တဆွဲလေးတို့ကို ပိုးသားပုဆိုးထည်ရေ တဆွဲလေး, ခေါင်းပေါင်းအုပ်တဆွဲလေး သနားတော်မူသည်။

ယင်းသည့်လ ညောင်ရွှေစော်ဘွားက ထူးမြတ်သည့် ဆင်ဖြူတော်မဆက်သရာ ကြို့ယူမြဲ ကြို့ယူ၍ မြေနန်းတော်သို့ရောက်လျှင် ဘဝရှင် မင်းတရားကြီးဘုရား ထွက်တော်မူ၍ ရှုစားတော်မူသည်။ ရွှေကရားဖြင့် ရေမသွန်း၊ ညောင်ရွှေစော်ဘွားကို စော်ဘွားကြီးတို့နည်း ဗောင်းဝတ်လုံ အစီးအနင်း အဆောင်အရွက်များကို သနားတော်မူသည်။ စော်ဘွားနှင့်အတူ ဆင်ဖြူတော်ဆက်သရာ ပါလူ ဆွေမျိုးတဆွဲခြောက်,အမတ်ရှစ်, ကိုယ်ရံမိုလ်တဆွဲသုံးတို့ကို ပိုးသားပုဆိုး, ခေါင်းဗောင်းအုပ်, ပိတ်အုပ် တစ်စီ။ လူငယ် သုံးရာ့လေးဆွဲလေးမှာ ဘောင်းဘီနှင့် ပုဝါစေ့အောင် ပေးသနားတော်မူသည်။

ထိုနှစ် တပို့တွဲလ တပ်ကုမ္ပဏီက ရွှေဘော်စက်, ဝန်ချီစက်, ပွတ်ခံစက်, ဖောက်စူးစက်, သံပြားကြိတ်စက်, အားပေးမီးစက်များကို အတိုးငွေဒင်္ဂါးသိန်းခုနစ်သောင်းပေး၍ ဝယ်ယူဆက်သသည်။

ယင်းသည့်လ မြောက်နန်းတော်မိဖုရားက မဟာမုနိ ဂန္ဓကုဋိတိုက်မြောက်ဘက် အာရုံခံပြာသာဒ်စောင်းတန်း လုပ်ဆောင် ပြီးပြေသည်ကို အရှင်နန်းမတော်ဘုရား, မြောက်နန်းတော်ဘုရားတို့ မဟာမုနိဘုရားအနီးစံနန်းတော်သို့ ထွက်တော်မူ၍ ရေစက်သွန်းချတော်မူသည်။

ယင်းသည့်လ ပညာသာမိသီရိကဝိဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ဘဝပြောင်းသည်ကို အရှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား တပ်ဝင်းအခင်းအကျင်းနှင့် ကျောင်းတော်သို့ထွက်တော်မူ၍ မဏိဇောတာဘိ သီရိသဒ္ဒမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ခင်မကန်ဆရာတော် ဘဝပြောင်းရာသင်္ဂြိုဟ်သည့်နည်းခံကုန်းလုတ်တိုင်းတွင် လှပကောင်းမွန်အောင် လုပ်ဆောင်သင်္ဂြိုဟ်တော်မူသည်။

ထိုနှစ် တပေါင်းလဆန်း တဆဲ့တရက်နေ့ ရွှေကြက်ယက်ဘုရားအောံခြေ ရေကာနှင့်တကွ ပျက်စီးယိုယွင်းသည်ကို မြောက်နန်းတော်မိဖုရားက ကုသိုလ်တော်ပွား ပတ္တမြားစေတီ,စိန်စေတီ,မြစေတီ, ရွှေစေတီ, ငွေစေတီ, ဥက္ကုတ်တော် အဆင်တန်ဆာတော်များပါ ဌပနာတော်မူ၍ လုပ်ဆောင်ပြင်ဆင်တော်မူရာ ပြီးပြေသောကြောင့် မြောက်နန်းတော်ဘုရား မီးသင်းဘောတော် သမ္မန်တော် ခတ်လှေလှော်လှေတော်များနှင့် ကြက်ယက်တောင်သို့ ထွက်၍ ရေစက်သွန်းချလှူဒါန်းတော်မူသည်။ ဆုတောင်းစာကိုလည်း နာခံတော်တို့က ဖတ်မြဲအတိုင်း ဖတ်ရသည်။

ယင်းသည့်လ ရွှေမြို့တော်တိုက်တော်ရှိ ရဟန်းသာမဏေ,အမရပူရမြို့တိုက်တော်ရှိ ရဟန်းသာမဏေ, နှစ်စုရဟန်းတော် နှစ်ရာ့လေးဆဲ့သုံး, သာမဏေ နှစ်ရာ့သုံးဆဲ့ကိုး, စုစုရဟန်းသာမဏေ လေးရာ့ရှစ်ဆဲ့နှစ်တို့ကို မြေနန်းတော်သို့ အရှင်နှစ်ပါးထွက်တော်မူ၍ ရဟန်းတပါးလျှင် တိစီဝရိက်သင်္ကန်း, ခါးပန်းကွင်းစုံ, ပုဝါနှင့်ထုပ်၍ တစ်စီ။ သာမဏေ တပါးလျှင် ကေစီ သင်းပိုင်ဆိုးပြီး,ခါးပန်းကွင်းစုံ,ပုဝါနှင့်ထုပ်၍တစ်စီ။ ဆွမ်းစမဲဟင်းလျာ သပိတ်နှင့်တကွ လှူတော်မူသည်။

ယင်းသည့်လ မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု–တံဆိပ်တော်ရ ပြည်ဆရာတော် ဘဝပြောင်းရာ သင်္ဂြိုဟ်ရပ်တွင် အရိုးနှင့်တကွ ရွှေဆင်းတု,ငွေဆင်းတု,ရွှေစေတီ,ငွေစေတီများစွာ ဌပနာပြီးလျှင် တည်လုပ်သည့် စေတီတော်ကြီး ပြီးပြေသည်ကို မြောက်နန်းတော်မိဖုရား ထွက်တော်မူ၍ သံဃာတော် လေးဆဲ့ခြောက်ပါးကို ပဒေသာပင်ရေ လေးဆဲ့ခြောက်၊ မဏ္ဍလာရာမတိုက်, စလင်းတိုက်, ရွှေဂူတိုက်ရှိ သံဃာတော် နှစ်ရာ့ခုနစ်ဆဲ့ငါးကို တိစီဝရိက်သင်္ကန်း, ဆွမ်းစမဲ ဟင်းလျာစုံ သပိတ်နှင့်တကွ လှူတော်မူသည်၊ ဆုတောင်းစာကိုနာခံတော်ပြေ့ကြီးမှူး ဖတ်မြဲအတိုင်း ဖတ်ရသည်။

ယင်းသည့်လ တရုပ်ပြည် မိုးမျှင်းမြို့ မိုလ်လျှိုက္ခံဖွံ့က ပန်းသေးလူမျိုးတို့ နှောင့်ယှက်ထားသည့် မြို့ကျေးရွာများကို တဝက်တစိတ်ရပါပြီ ကျန်မြို့ကျေးရွာများကိုလည်း ဘုန်းတော်ကြီးလှသော ဘုရားရွှေဘုန်းတော်မြတ်နှင့် မကြာမီ ရပါတော့မည်၊ ဆင်းရဲသားကုန်သည်တို့ လမ်းခရီးသာယာအောင် ဗန်းမော်မြို့ကသည် တာပင်ချောင်းရောက် ဆင့်ဆိုပါမည့်အကြောင်းနှင့် ကက်တာလောရဲ, လျှမ်းကုန်လျှက်, နှင်စင်လျှက်,

ရမ့်တာလောရဲတို့ကို ရွှေဘဝါးတော်အောက် စေလွှတ်၍ ရှိခိုးသံတော် ဦးတင်သည်၊ လမ်းခရီးသာယာငြိမ်ဝပ်အောင် လွှတ်တော်က ဗန်းမော် ဝန်သို့ မှာစာပေးအပ်ဆင့်ဆိုရသည်၊ လာလူတို့ကလည်းရွှေမျက်နှာတော် အဖူးအမြော် လက်ဆောင်တော် အဆက်အသ ဝင်ရပါမည့်အကြောင်း နှင့်လျှောက်ထားရှိ၍ ဇေတဝန်ဆောင်တော်တွင် အဖူးအမြော် အဆက် အသ ခံတော်မူသည်။ လူကြီးလေးယောက်မှာ လွန်းများပုဆိုး, ပိုးပုဆိုး, ပိုးပုဝါအုပ်, ခေါင်းပေါင်းအုပ်, ပိတ်အုပ်တစ်စီနှင့် ငွေဒင်္ဂါးတရာ၊ လူ ငယ်တဆဲ့သုံးမှာ ပိုးပုဆိုးတစ်,ခေါင်းပေါင်းအုပ်တစ်စီနှင့် ငွေဒင်္ဂါးနှစ်ရာ သနားတော်မြတ်ခံ၍ ပြန်စေသည်။

နှစ်စဉ်လှူဒါန်းမြဲအတာသင်္ကြန်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော် များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၃၀)တထောင့်နှစ်ရာ့သုံးဆယ်ပြည့် နှောင်းကဆုန် လဆန်းနှစ်ရက် တနင်္ဂနွေနေ့ ညဉ့်တချက်တီးကျော် နှစ်နာရီ တပါဒ် ကိုးဗိဇနာ လေးပြန်အချိန်တွင် သင်္ကြန်ကျသည်။ နှစ်ရက် ကြွတ်၍ ၄င်းလဆန်း၄ါးရက်ဗုဒ္ဓဟူးနေ့ အတာနှစ်သစ် သက္ကရာဇ် (၁၂၃၁) တထောင့်နှစ်ရာ့သုံးဆဲ့တခုနှစ်သို့တက်သည်၊ အကြတ် နေ့မှာ အရှင်နှစ်ပါး မဟာသင်္ကြန်ခေါ်တော်မူသည်။

## ၁၂၃၁—ခု

ရေမြေကိုအစိုးရသော မင်းကေရာဇ်တို့မှသာလျှင် အသက် ဒါနကို ပေးနိုင်သည်ဖြစ်၍ ဆည် ကန် ချောင်း မြောင်း ထုံး အင်း အိုင်အရပ် ဒေသတို့ကို ပိုင်းခြားပြီးလျှင် အဘယဇီဝိတ ဒါန ကမ္ဗည်းကျောက်တိုင် စိုက်မှတ်၍ ပေးလှူတော်မူသည့်ပြင် (၁၂၂၇) တထောင့်နှစ်ရာ့နှစ်ဆဲ့ ခုနစ်ခု တန်းခူးလက စ၍ ယခုမျက်မှောက် ကိုယ်တော်၏ အဖြစ်၌ မင် ဖိုယ်ကိုရလိုသည် ရည်သန်တော်မူရင်းအတိုင်း ဆင်းရဲသားချင်း အဘိုး ပေးဝယ်၍ လွှတ်သကဲ့သို့ တနေ့တနေ့လျှင် သေနီးဆဲဆဲ ရောက်သည့် သတ္တဝါတို့ကို ဒင်္ဂါး၄ါးဆဲ့ခြောက်ပြားကျ အဘိုးပေးဝယ်၍ ကြက်ရှစ်ဆဲ့ လေး, ဆိတ်ကောင်ရေလေး, တလသင့်နှစ်ထောင့်ခြောက်ရာ့လေးဆယ်၊ တနှစ်သင့် သုံးသောင်းတထောင့်တရာ့၄ါးဆဲ့နှစ်၊ လေးနှစ်သင့် တသိန်း

နှစ်သောင်း လေးထောင့် ခြောက်ရာ့ရှစ်များကို သေးမဲ့ ဇီဝိတဒါနလှူ တော်မူသည်။

ရွှေနန်းတက်တော်မူသည့်နှစ်မှစ၍ သက္ကရာဇ် (၁၂၃၁) တထောင့် နှစ်ရာ့သုံးဆဲ့တခုနှစ်တိုင် နှစ်စဉ်မပြတ် တဆဲ့နှစ်လ နိဗဒ္ဓဝတ်ပြုတော်မူ၍ သံဝစ္ဆရနှစ်ပြည့်သောအခါ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရား, မိဖုရားခေါင်ကြီးဘုရားနှင့် အတူ တောင်စမုတ်တော်သို့ ထွက် တော်မူ၍ ဆုတောင်းစာကို နာခံတော်တို့ ဖတ်စေပြီးလျှင် ကိုယ်တော် တိုင် ရွှေကရားနှင့် ရေစက်သွန်းချလှူဒါန်းတော်မူသည်။

ယင်းသည့်ကဆုန်လရေစက်သွန်းချလှူဒါန်းတော်မူသော အလှူခံအလှူ ဦးရေကား—မြတ်စွာဘုရားပေါင်း နှစ်သောင်းတထောင့်ရှစ်ရာ့ကိုးဆယ်၊ ရဟန္တာပေါင်းရှစ်သောင်းခြောက်ထောင့်လေးရာ၊ သမ္မုတိရဟန်းပေါင်း တသန်းခြောက်သိန်း နှစ်သောင်းတထောင့်ကိုးရာ့လေးဆယ်၊ သာမဏေ ပေါင်း ရှစ်သိန်း သုံးသောင်း နှစ်ထောင့်ခုနစ်ရာ့နှစ်၊ သူတော်သီလသည် နေဘ်ပါတပည့်ပေါင်းသုံးသိန်းခုနစ်သောင်းခုနစ်ထောင့်သုံးရာ့ရှစ်ဆဲ့ကိုး၊ စုစုအလှူခံဦးရေ နှစ်သန်းကိုးသိန်းလေးသောင်းသုံးရာ့နှစ်ဆဲ့တစ်။လှူဒါန်း သည့် ဆန်တော်တင်းပေါင်း နှစ်သောင်းတထောင့်ရှစ်ရာ့ခုနှစ်ဆယ်၊ တိ ရစ္ဆာန်ကျွေးစပါးတော် တင်းပေါင်း သုံးရာ့ခြောက်ဆယ်၊ စမဲဟင်းလျာ အသျှခံတို့၏ အသုံးအဆောင်ဝယ်ခြမ်းရန်ငွေတော် ရှစ်သိန်းခြောက်သောင်း နှစ်ထောင့်သုံးရာ့ခြောက်ကျပ် သုံးမူး၊ သက်န်းကြီး လေးထောင့်နှစ်ရာ့ ခြောက်ဆယ်၊ ဘောစီခြောက်ထောင့်နှစ်ရာ့ကိုးဆဲ့ငါး၊ သင္ကလတ်ဝါ ခြီ ထည် နှစ်ရာ့ငါးဆဲ့လေး၊ ကြေးသန့်သက်ငါးဆဲ့ကိုး၊ ကြေးရေစစ် သုံးရာ့ ကိုး၊ မျက်မှန်သုံးရာ့သုံး၊ ဝိတ်အုပ်မျိုးစုံ နှစ်သောင်းလေးထောင့် ကိုးရာ့ သုံးဆယ်၊ ကျောက်ဖယောင်းတိုင်ထည့်သေတ္တာ ခုနစ်ဆဲ့ကိုး၊ ပိုးကတ္တီပါ မျိုးစုံ ကိုးဆဲ့ရှစ်တောင်၊ သရက်ထည်အုပ်ရေ နှစ်ဆဲ့သုံး၊ ချည်ကတ္တီပါ အုပ်မျိုးစုံ သုံးဆဲ့ကိုး၊ မာတရဘက်အုပ်ရေ နှစ်ရာ့ကိုးဆဲ့လေး၊ ပိုးပုဝါ ထည်ရေ ခြောက်ဆဲ့ခြောက်၊ ဖဲပုဆိုးထည်ရေငါး၊ ချည်ပုဆိုး ထည်ရေ သုံးဆဲ့လေး၊ ဗုဇ္ဇန်တုပ် ခေါင်းပေါင်းအုပ် ကိုးဆဲ့ကိုး၊ ဘီလပ်ကောဇော ချပ်ရေ ငါးဆဲ့ခြောက်၊ မှန်အိမ်လုံးရေ ငါးဆဲ့ခြောက်၊ အပ်ချည်လုံးရေ တသောင်းသုံးသောင့်ကိုးရာ့နှစ်ဆဲ့လေး၊ အပ်ထုပ်ရေ တရာ့ခြောက်ဆဲ့ ရှစ်၊ ငွေယက်ပြားအရှည် တောင်ပေါင်းနှစ်ရာ၊ ပိတ်အင်္ကျီဘရာ၊ပိုးပုသိန် အုပ်ရေ နှစ်ဆဲ့ခြောက်၊ စခေသခေစာင်ထည်ရေ လေးဆဲ့ငါး၊ရှုံအုပ်ရေသုံး၊

ဖယောင်းတိုင်ကြီးပေါင်း နှစ်ထောင့်နှစ်ရာ၊ ငွမ်းပွအင်္ကျီထည်ရေ လေးဆယ်၊ ခြင်ရုံနှစ်၊ သက္ကလတ်ကန့်လန့်ကာတစ်၊ သင်းဘောချည်ပုဆိုးထည်ရေငါး၊ အင်္ကျီနက်ထည်ရေ တဆဲ့သုံး၊ ပြင်သစ်ပဝါအုပ်ရေ ကိုးဆဲ့ကိုးများနှင့် တပင်လျှင် အတိုးဒင်္ဂါးငါးရာတန် ပဒေသာပင်ရေလေး၊ မန္တလေးရွှေကျင်တိုက်အနီး ကျောင်းတော်လေး၊ အရံမြင်းတား၊ကုဋိ၊ဆွမ်းချက်တဲနှင့် ဆောက်လုပ်တော်မူသည့် ကျောင်းတော်ကို၊ ဆွမ်းချက်တဲငါး၊ ကုဋိတဆဲ့ငါး၊ အရံမြင်းတားငါး၊ တံတားတော်သုံး၊ ပြင်ဆင်တော်မူသည့် ကျောင်းတော်တဆဲ့နှစ်၊စောင်းတန်းသုံး၊ ဘုရားကျောင်းတဆယ်၊ အုတ်စရပ်ရှစ်၊ နင်းကြမ်းတော်တစ်၊ ပြင်ဆင်တော်မူသည့် စေတီတော်တရာ့တဆဲ့ခုနစ်၊ တည်တော်မူသည့် စေတီတော်ခြောက်၊ ပြင်ဆင်တော်မူသည့် ရုပ်ပွားတော် တရာ့ခြောက်ဆဲ့ငါး၊ ကျောက်ဆင်းတုတော် တစ်၊ ကြေးဆင်းတုတော်တစ်၊ ပြင်ဆင်တော်မူသည့် ရဟန္တာရှစ်ဆယ်၊ ရဟန္တာဂူပြာသာဒ် သုံးဆဲ့ငါး၊ ရွှေကျင်ဆရာတော် သီတင်းသုံးနေရန် ဂူတစ်၊ ပြွန်တော်သုံး၊ ရေကန်တော်နှစ်၊ မြောင်းတော်တစ်၊ ရေတွင်းတော် နှစ် များဖြစ်သည်။

ယင်းသည့်နှစ် နယုန် လပြည့်ကျော် ခြောက်ရက်နေ့ စာတော်ဖတ်အောင်မြေသာစည်မြို့စာရေး နေမျိုးမင်းလှသိခ်သူကို မြိတ်ဝက်သံဆင့် ခန့်တော်မူသည်။

သက္ကရာဇ် (၁၂၃၀) တထောင့်နှစ်ရာ့သုံးဆဲ့တခု တန်ဆောင်မုန်းလဆန်းရှစ်ရက်နေ့ တောရဆရာတော်ကြီး ဦးပြားနှင့်တကွ ရန်ကုန်မြို့နေ ဂုဏ်သရေရှိ လူကြီးလူကောင်းအများတို့ ရွှေဒဂုံဘုရား ထီးတော်တင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ စည်းဝေးညှိနှိုင်း တိုင်ပင်ကြရာ အရပ်တော်သံတောင် တရာ့ရှစ်ဆဲ့ခြောက်တောင့် တမိုက်လေးသစ်ရှိသော ဒဂုံစေတီတော်ကြီးကို နဝရတ်စီ ရွှေထီးအထွတ်တင်လှူရန် လုံးတော်ပြည့်ရွှေမွှမ်းမံရန်မှာ ကုန်သည်ဆင်းရဲသားတို့ အင်အားမျှနှင့် ပြီးမြေအောင် စွမ်းဆောင်နိုင်မည်မဟုတ်ချေ၊ သာသနဒါယကာ မဟာဓေရာဇ်မင်းမြတ်တို့က အရင်းမူလ ပဓာနပြု၍ ကုသိုလ်ပေါင်း လှူဒါန်းတော်မူလျှင်သာ လွယ်ကာဖြင့် အပြီးသို့ ရောက်နိုင်ရန်ရှိသည်၊ ယင်းသို့ဖြစ်၍ ရတနာပုံရွှေမြို့တော်ကြီးကို လက်မှန်အစပဋ္ဌမတည်ထောင်ဖန်ဆင်းတော်မူသော ဆဒ္ဒန်ဆင်မင်းသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ရွှေနားတော်ကြား လျှောက်ထားရလျှင် လျော်ကန်သင့်မြတ်မည် ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့ ကုန်သေးတန်း

ရပ်နေ လူကြီးတို့က အကြံပေးကြသည်ကို အစည်းအဝေးသို့ လာရောက်ရှိနေကုန်သော ရဟန်းရှင်လူ ပရိသတ်အပေါင်းတို့က သဘောနှစ်သက်ခြင်းနှင့်တကွ ကြိုက်ညီကြသောကြောင့် ဧရာဇ်မင်းမြတ် ရွှေနားတော်ကြား လျှောက်ထားရန်ကိစ္စကို လောကမ္မေ ရာဇတန္တီ ထုံးစံညီအောင် သိမှိုက္ခုမ်းကျင်သူ ပုဆိုးတန်းရပ်နေ ကျောင်းတကာ ကိုထွန်းအောင်သို့ လွှဲအပ်ကြ၏။

ကိုထွန်းအောင်လည်း ရတနတ္တယ မှုကိစ္စကို ထာဝရဆောင်ရွက်လိုသော သမ္မာဆန္ဒအာသီသအရင်းခံရှိခြင်းကြောင့် ရန်ကုန်မြို့နေ လူကြီးများက ရွှေသေတ္တာငယ်နှင့်ထည့်သွင်းပေးအပ်လိုက်သည့် တင်လျှောက်ကိုယူဆောင်၍ ဧရာဝတီမြစ်ကြောင်းဆန်တက်လာရာ ထိုနှစ်နတ်တော်လဆန်းနှစ်ရက်နေ့ ရတနာပုံ ရွှေမြို့တော်ကြီးသို့ ဆိုက်ရောက်သဖြင့် မှူးတော်မတ်တော်ကြီးများထံ ဝင်ရောက် ကျိုးကြောင်းကုန်စင်အောင် လျှောက်ထား၍ ယူဆောင်ခဲ့သော တင်လျှောက်ကို ပေးအပ်ရာ အတွင်းဝန် ယောမြို့စား မင်းကြီးမင်းလှမဟာစည်သူက လက်ခံသိမ်းယူလိုက်၏။

ယင်းသည့် နတ်တော်လပြည့်ကျော် ရှစ်ရက်နေ့ ဆဒ္ဒန်ဆင်မင်းသခင်အသျှင် ဘဝရှင်မင်းတရားကြီးဘုရား လက်ဘက်ရည် ဆောင်တော်တွင် မိုယ်ရှုခံတော်မူရာ ဝန်ရှင်တော် ပုခန်းကြီးမြို့စားမင်း သတိုးမင်းကြီးမဟာမင်းလှစည်သူ၊ ဝန်ရှင်တော် လောင်းရှည်မြို့စားမင်း သတိုးမင်းကြီးမဟာသီရိစည်သူ၊ ဝန်ရှင်တော်ခန်းပတ်မြို့စားမင်း သတိုးမင်းကြီးမဟာမင်းလှကျော်ခေါင်၊အတွင်းဝန်ယောမြို့စား မင်းကြီးမင်းလှမဟာစည်သူ-စသောမှူးတော် မတ်တော်တို့ အစုံအညီတွင် ရန်ကုန်မြို့နေ လူကြီးများက ဆက်သလိုက်သောတင်လျှောက်ကို သံတော်ဆင့် နေမျိုးရာဇာစည်သူဖတ်လျှောက်ရသည်။

တင်လျှောက်ကား....ဘုရားကျွန်တော်မျိုး ဟံသာဝတီ ဝေရိက္ခယ ရာမညနေ စာရင်းပါ ဆင်းရဲသားအများတစုတို့ ရွှေဘဝါးတော်မြတ်အောက်ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား....ဘုရ၃ခမည်းတော် မင်းတရားကြီးဘုရားသည် သက္ကရာဇ် (၁၂၀၃) တထောင့် နှစ်ရာ့ သုံးခုနှစ် သီတင်းကျွတ်လတွင် ဧရာဝတီမြစ်ကြောင်းကို ရွှေလှေ ရွှေလောင်း နှင့် ရေကြောင်း ကြည်းကြောင်း မတ်ပေါင်းမိုတ်ပုံ ဝန်းအုံရံကျင်းလျက် ဖြယ္မာမင်းကြွက်သရေတမျှ ရွှေစကြာဖြန့်ကြွ၍ ၎င်းလပြည့်ကျော် သုံးရက်နေ့ ဟံသာဝတီရန်ပုံခွင်းတံတားတော်ကြီးသို့ ရွှေစက်ဦး ဆိုက်ရောက် တက်

လှမ်းတော်မူပြီးလျှင် မဟာလမ်းမတော်ကြီးသို့ စကြာကွန့်မြူ ဒေဝရင်နတ်မင်းကဲ့သို့ တင့်တယ်စွာ ကွန်းထောက်စံနန်းတော်တွင် စံပယ်တော်မူ၍ ၎င်းလပြည့်ကျော် လေးရက်နေ့ ဘုန်းတော်ကြီးတော်မူလှသော ဘဝရှင်မင်းတရားကြီးဘုရားသည် သတ္တပူရိန် လျှံထိန်တေဇာ နန်းအိမ်ရတနာဝယ် ဖွေချာဥကင် ပလ္လင်အောင်ခန်း လွန်ဆန်းတောက်ညီး ဖြူထီးသောင်းထောင် ရွှေညောင်ကြာမြိတ် မြရိပ်အလယ်၌ တင့်တယ်ခိုမှီးသော နတ်မင်းကြီးမျက်နှစ် အချစ်တော်ရတနာ သုဇာတာနှုန်း ပတ်ကုံးရံသန်း ရွှေနန်းကြက်သရေ အကုရှေ့ဘိုး တိမ်မီးခိုးသို့ ရှိုးရှိုးရဲရဲ ကြောပ်မျက်ရွှဲချီ ဆယ်ရတီစိန်လျှံ မဟာလ္လတာ နတ်တန်ဆာတို့ကို ကောင်းစွာဆင်စွမ်းနိုင်သော တောင်နန်းမတော် မဟာအတုလဒေဝီ မဟေသီခေါင်ဖျား မိဖုရားကြီးနှင့်တကွ သားတော်သမီးတော် ဆွေတော်မျိုးပေါင်း မှူးကောင်းမတ်ပံ့ဝန်းအုံခြံရံလျှက်ထွက်စံတော်မူပြီး၍ ဆံတော်ရှင်ဒဂုံစေတီတော်မြတ်ဘုရားကြီးကို ရှိခိုးပူဇော်ဖူးမြော်ကြည်ညိုတော်မူပြီးလျှင်စေတီတော် ကြီးကိုရွှေလုံးပြည့် ကပ်လှူတော်မူပြီး၍ မဟာဃဏ္ဍာခေါင်းလောင်းတော်ကြီးကို သွန်းလုပ် တင်ဆောင် လှူဒါန်းတော် မူပါသည်၊ ယင်းသို့ထီးဘုရားအဆက်ဆက်ဘုရားခမည်းတော်ဘုရားရွှေလက်ထက်တော်တိုင် ကပ်လှူပူဇော်တော်မူကြသည့် မဟာသမ္ဘာရ ဝိသိဋ္ဌတရဖြစ်သောကုသိုလ်တော် သမ္ပဒါန်သည် အတိတ်သင်္ခါရဟိတ်ခံ၍ ရောင်လျှံပြကတေ့ ရွှေလျော့မတည် ဖြော့တော့မှေးညစ်ရှိသည့်ပြင် ထက်ခွင်ရစ်သိုင်း လေမုန်တိုင်း ဖြတ်ပိုင်းဆောင်ယူသဖြင့် မြင့်ခေါင်ဝေးခြား ပျက်ပြားလွင့်ပါးသော ရွှေသားတမွတ် ထီးထွတ်ငှက်မြတ်နားကို ဟံသာဝတီဝေရိကွယရာခညတိုင်းနေ ဆင်းရဲသား ကျွန်တော်မျိုးတို့ သည်ပိုးမတတ်နိုင် စိတ်ဝမ်းနှလုံး ညှိုးချုံးပူပန်ရှိုနေကြသည်ဖြစ်ပါသောကြောင့် ရာဇဝံသာ စဉ်လာမပျက်စေရ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဘုရားကိုယ်စားတော်စား ရည်မှတ်၍ စေတီတော်မြတ်ကို ဘိနပ်တော်မှ စ၍ ငှက်မြတ်နားတိုင် ထီးဖျားစိန်ဖူးထိ ရွှေလုံးပြည့် ကပ်လှူပူဇော်ပါလျှင် ဘုန်းသစ် ဆော်နိုး၍ ဘုန်းတော်တိုးပါမည်၊ ယခု ရာမညတိုင်းနေ ရဟန်းရှင်လူ သဒ္ဓါသူ တို့ကို ပန်ကြား နိုးဆော် ကောက်ခံရာ····အသပြာငွေကျပ်သုံးဒင်္ဂါးပြားရေ နှစ်သောင်းကျော်ရရှိသည်ကိုလည်း အစိုးရမင်းတို့ထံ အပ်နှံ၍ ငွေတိုက်သို့ပို့အပ်တင်ထား ထိန်းသိမ်းရှိပါကြောင်း၊ သာသနာတော်မြတ်ကို ကြည်ညိုမြတ်နိုးကြကုန်သော သူတော်ကောင်း နတ်

အများတို့ ကောင်းစွာထောက်ပင့်၍ ဘုရားဝတ္တကံမြေအတွင်း ကောက်ခံရငွေ သောင်းနှစ်ထောင်ကို အခြားလုပ်ခင်းဆောင်ဘွယ် နုတ်ယူသုံးစွဲခြင်း မရှိစေရ အစိုးရမင်းတို့ထံ အပ်နှံလျက် ရှိပါကြောင်း၊ နှစ်စုငွေသုံးသောင်း နှစ်ထောင်ကျော်ကို ဘဏ်တိုက်တွင် သိမ်းထားပါကြောင်း၊ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့၏ သင်းကျစ်သရဘူ ဖြစ်တော်မူ၍ ရှေးဘုရား အဆူဆူတို့ထံ ခံအပ်သော ဗျာဒိတ်မင်္ဂလာ ရှိတော် မူသည်နှင့် လောကီသရ အာဝိသရ ဘူမိသရ အစစ် ဖြစ်တော်မူသော အရှင်ကေရာဇ် တရားမင်းမြတ်သည်လည်း အကုန္ဓမကသော ရဲမက်ဗိုလ်ပါ ရံကာဝန်းရှက် လက်နက်စကြာ ရတနာအမျိုးမျိုးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်ပါ၍ ရန်စစ်မိစ္ဆာ မသာမွာသူ ဟူသမျှတို့ကို သိမ်မွေ့ညွှတ်ထွား လှံ့ခေးမကူ အောင်မြင်တော် မူလျက် မြေပြင်-ရေလုံး လေဆုံးအဇ္ဇာ အာကာဘဝဂ် ရိုက်နှက်ပွဲတင် ငလျင်မြိမ့်မြိမ့် သိမ့်သိမ့် လှုပ်သို့ လောကဓာတ်လုံး ထစ်ချုန်းဟစ်အော် စေသဖြင့် အယုဇ္ဈပူရ သိကြားမင်းစံရာ ဝေဇယန္တာ ဘုံနန်းကဲ့သို့ ရတနာပုံရွှေပြည်တော်ကြီးကို လက်မွှန်မဆွ အစစွာတည်ထောင်ဖန်ဆင်း စံနေတော်မူပြီးလျှင် မင်းကျင့်တရားဆယ်ပါး သင်္ဂဟမွေလေးဝ ဗလငါးစုံ ရာဇဂုဏ်ခြောက်သွယ် ကျင့်ဘွယ်မမှား ခုနစ်ပါးသော အပရိဟာနိယ ဖြဟ္မဝိဟာရလေးပါး စကြာမင်းတို့ မယွင်းကျင့်ရာ ဆဲ့နှစ်ဖြာသော တရားအပေါင်းတို့ကို ဖြည့်ကျင့်ရှက်ဆောင်တော်မူ၍ မန္ဓာဒေဝမင်း, နေမိမင်း, သုဒဿန စကြာမင်းတို့ကဲ့သို့ ပကတိစကြာ ရာဇပြကတေ့ အခလေ့ဘွယ်ရာ ပြည့်စုံစွာဖြင့် လောကီအစီးအပွား အရေးအရာ ပရိယာယ်ဥပါယ်စသည်တို့၌ အလွန်သိမြင်လိမ္မာတော်မူခြင်း၊ လောကီအစုအမှုမှတပါး လောကုတ္တရာ တရားမြတ်၌လည်း ရှေးအခါ ထီးနန်းစံတော်မူကြကုန်သော သိရိဓမ္မာသောကမင်း, ဒေဝါနံပိယတိဿမင်းစသော မင်းကောင်းမင်းမြတ်တို့ကဲ့သို့ သာသနာတော်ကို လွန်မင်းစွာ သဒ္ဒါကြည်ညိုတော်မူသော ရွှေနှလုံးတော် ရှိတော်မူခြင်း၊ ရာဇဗြိုဟ်ပြည့်ဝယ် တဆဲ့ရှစ်ရပ်သော ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းတော်မူသည်မှမက ရတနာပုံရွှေပြည်တော်ကြီး၏ လေးမျက်နှာတို့၌ နတ်ပြည်ခြောက်ထပ် နတ်တို့ပြာသာဒ် ဘုံဆောင်ကဲ့သို့ များမြောင်လှစွာ ဘုရားပုထိုးစေတီ ဂူကျောင်းတန်ဆောင်း စရပ်တို့ကို ဆောက်လုပ်လှူဒါန်းတော်မူခြင်း၊ သာသနာတော်မြတ်သည် အခွန့်ရှည်စွာ တည်စိမ့်ငှာဖြင့် ကျောက်ထက်အက္ခရာ သေချာစေ့စပ် သုံးပုံပိဋကတ်တို့ကို ရေး

ကူးထုလုပ်တော်မူ၍ အုတ်ပြာသာဒ်နှင့် တည်ထားလှူဒါန်းတော် မူခြင်း၊ မရေမတွက်နိုင်သော ကုသိုလ်ကောင်းမှုတော်တို့ကို နေ့စဉ်မပြတ် လှူဒါန်းတော်မူငြားသော်လည်း အားရရောင့်ရဲတော်မမူ၊ဖြူဆွတ်ပွင့်ချပ်ပန်းဇလပ်မြတ်ကဲ့သို့ အထပ်ထပ်သဒ္ဓါတရား တက်ပွားကြီးကျယ်ခြင်း၊ပညာဉာဏ်တော်အစုတို့ကြောင့် ဗိုလ်ရှုသဘင် ခိုဝင်လာရောက်သည့် ကျွန်ထော်မျိုး ပရိသတ်တို့ အားလည်း အခါမပြတ် သမထ-ဝိပဿနာ ဘာဝနာတရားတို့ကို ဆုံးမမိန့်ကြားတော်မူခြင်း၊ ယင်းသို့ လောကဓမ္မ ရာဇတန္တီကို အညီအညွတ် မချွတ်မယွင်း သိလင်းနှံ့စပ်တော်မူသော အရှင် ဧကရာဇ်မင်းမြတ်ဖြစ်တော်မူသည့်အတိုင်း ရာမညနေ ဆင်းရဲသားကျွန်တော်မျိုးတစုတို့မှာ ကာလဝိပတ္တိငြိ၍ ပစ္စန္တရာဇ်တိုင်းစွန်ပြည်ဖျား လွင့်ပါးရောက်ပေါက်ရှိသော်လည်း ပကတိသဘောမဖျက် ထက်မြက်သော ဉာဏ်သွားနှင့် ကောင်းမွန်စွာ သဘောထား၍ ရွှေဒဂုံမြတ်စွာဘုရားကြီးအား တတ်အားသမျှ ရဟန်းရှင်လူတို့ သဒ္ဓါတရားအလျောက် အရပ်ရပ်ကောက်ခံလှူဒါန်းကြသည့် သပြာငွေဒင်္ဂါးများ ဘုရားရွှေဘုန်းတော်မြတ်ကို ခိုလှုံဆက်သပြီးလျှင် ရင်းငွေများနှင့် မျက်ပါးရပ် ရွှေဆိုင်းခတ်လုပ်ပြီးလျှင် ဘုန်းတော်ကြီးလှသော အရှင်ဧကရာဇ်မင်းမြတ်၏ ကုသိုယ်တော်ထဲသို့ ထည့်သွင်း၍ ဒဂုံစေတီတော်မြတ်ဘုရားကြီးလုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပြီးမှ ရတနာအပေါင်းတို့ဖြင့် ခြယ်လှယ်စီမံ၍ ထီးတော်မြတ် တင်တော်မူပါမည့်အကြောင်း····ရွှေဘဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦးတင်ပါသည်ဘုရား။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ရာမညတိုင်းသားတို့ တင်လျှောက်ချက်ကို ကြားတော်မူရသောအခါ လွန်စွာသဒ္ဓါတရား ပွားများထက်သန်တော်မူသောကြောင့် ယင်းသည့်နေ့မှာပင် အမိန့်တော် ထုတ်ပြန်သည်ကား····ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆပ်မင့်းသခင် ဆင်ဖြူများ့ရှင် လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်မြတ် ပြန်လိုက်သည်····ရန်ကုန်မြို့နေဆင်းရဲသားကျွန်တော်မျိုးအပေါင်းတို့ ရွှေသားထီးအထွတ် ငှက်မြတ်နားကို သိင်္ဂီမင်းစံ အလျှံရွှန်းအိ ပကတိရွှေမြတ် နဝရတ်ကိုးသွယ် စီခြယ်မွမ်းမံတော်မူ၍ အသစ်လုပ်ဆောင်တော်မူမည်။ စေတီတော်အလုံး ရွှေမွမ်းမံရန်ရှိသည်ကိုလည်း ကုန်သည်ဆင်းရဲသား ကျွန်တော်မျိုးတို့ ကုသိုလ်တော်ပွား လှူဒါန်းပေါင်းစုကြသည့်ငွေနှင့် မပြည့်မစုံ မလုံမလောက်ရှိသည်များ

ကို ငွေတော်ထုတ်ပေး၍ ရွှေမွမ်းမံတော်မူမည် ဖြစ်သည်။ ကုန်ဝင်ရန် စာရင်းကို ဆက်သွင်းတင်လျှောက်ကြစေ။

ယင်းသည့်အမိန့်တော်မြတ် မှတ်လွှာကို ၎င်းနေ့တွင် သံတော်ဆင့် နေမျိုးရာဇာစည်သူ လက်မှရရှိ၍ ကျောင်းတကာ ကိုထွန်းအောင် ယူဆောင်ပြန်သွားရာ ထိုနှစ် ပြာသိုလဆန်းသုံးရက်နေ့ ရန်ကုန်သို့ ရောက်သဖြင့် ရဟန်းရှင်လူပြည်သူပြည်သားတို့ကို ဘိတ်ကြားကြော်ငြာ၍ မဟာဒဂုံစေတီတော်မြတ်အနီးဝယ် အမိန့်တော်မြတ် မှတ်လွှာကို နာခံတော်အတူဝတ်ဆင်၍ ရန်ကုန်မြို့သား မောင်လူကလေးက ဖတ်ကြားသော အခါ များပြားသော ပရိသတ်အပေါင်းတို့သည် လွန်စွာဝမ်းမြောက်ခြင်း ဖြစ်ကြ၍ ကောင်းမြတ်သော ဇောစေတနာ သဒ္ဒါပသန္နတို့ဖြင့် ထကြွတိုးတက်ခြင်းနှင့်တကွ ဘိနပ်တော်မှသည် ချရားသီးတိုင် လုံးဝေ်ပြည့် ရွှေမွမ်းမံရန် ရွှေထီးအထွတ်တင်ရန် တိုင်ငြမ်းစသော လိုအပ်သည့် ကိစ္စများကို ညီညာဖြိုဖြို စီမံလုပ်ဆောင်နှင့်ကြလေ၏။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၃၁) တထောင့်နှစ်ရာ့သုံးဆဲ့တခု နှောင်းတန်းခူးလဆန်း တဆဲ့တရက်နေ့ ညဉ့်သုံးချက်တီးကျော် တဆဲ့နှစ်ရက် အင်္ဂါနေ့သို့အဝင် ခြောက်နာရီသုံးပါဒ ငါးဗိဇနာ သုံးပြန်လေးခရာအချိန် သင်္ကြန်ကျသည်။ ၎င်းလဆန်းတဆဲ့လေးရက် ကြာသပတေးနေ့ အတာနှစ်သစ်သက္ကရာဇ် (၁၂၃၂) တထောင့်နှစ်ရာ့သုံးဆဲ့နှစ်ခုသို့တက်သည်။

## ၁၂၃၂-ခု

သက္ကရာဇ် (၁၂၃၂) တထောင့်နှစ်ရာ့သုံးဆဲ့နှစ်ခု နယုန်လအတွင်း ရတနာပုံရွှေမြို့တော်ကြီးမြောက်မျက်နှာ ရွှေတချောင်းမြောင်းက မဟာနန္ဒာကန်တော်ရောက် တူးဖောက်သည့်ရေသွားမြောင်း ပျက်စီးယိုယွင်းရှိသည်ကို စို့လေးဆယ်ဒိုင်းဝန် ပုဂံမြို့ဆိုင်ရာ မဟာမင်းလှသင်္ခယာကို စရိတ်ငွေတော်ပေးအပ်ကြီးကြပ် တူးဖောက်လုပ်ဆောင်စေသည်။

ထိုနှစ်အတွင်း ကျောက်တလုံးကင်း,မင်းကွန်းကင်း, စမ္ဗာယ်နဂိုရ်ကင်းများနှင့် ဆင်ကြွန်,မြောင်းဦး, လေသာ,ပြင်းထိပ်,နတ်ထိပ်, ရှောင်ကဗွေ

စသော ကြည်းကင်းရေကင်းများကို ကင်းဝန်အရာနှင့် သူကောင်းပြုတော်မူခြင်းခံရသော ကင်းဝန်ထောက်မင်းကြီးမဟာစည်သူကို အောက်မြစ်စဉ်မြို့ကျေးရွာများသည် အင်္ဂလိပ်အစိုးရမင်းတို့နယ်မြေများနှင့် နီးစပ်ယှက်တင်ကြသည့်မြို့ရွာများဖြစ်၍ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် မြစ်စဉ်ဝန်,စစ်ကဲ,နာခံအရာရှိတို့နှင့်မြို့ရွာနယ်ရှင် အကြီးအအုပ်တို့ကိုကြပ်ကြပ်တည်းတည်း ဆင့်ဆိုစီရင်ရမည်ဟု အောက်မြစ်စဉ် ဝဲယာတလျောက်နယ်ခြားရောက် မြို့ရွာများကို သီးခြားခန့်အပ်တော်မူပြီးလျှင် မင်းလှမြို့ကရပ်တန့်ထမ်းရွက်စေသည်။

ထိုနှစ် တော်သလင်းလဆန်းဆယ်ရက်နေ့ အမရပူရ ဒုတိယ မြို့တည်နန်းတည် ခမည်းတော်မင်းတရားကြီးဘုရား၏ မိဖုရားခေါင်ကြီး နတ်ပြည်စံတော်မူသည်ကို အမရပူရ ပဉ္စမမြို့တည်နန်းတည် ဘေးတော်မင်းတရားကြီး၏ မိဖုရားခေါင်ကြီး နတ်ပြည်စံတော်မူရာ သင်္ဂြိုဟ်သည့်နည်း အခမ်းအနားကြီးကျယ်စွာ စီရင်တော်မူပြီးလျှင် သားတော် မြေးတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော်အပေါင်းခြံရံလျက် ရွှေဝေါနှင့်ထွက်တော်မူ၍ နန်းမြို့တော်အတွင်း လွှတ်တော်အရှေ့မြောက်ယွန်းတွင်သင်္ဂြိုဟ်တော်မူသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆွဲနှစ်ရာသီသဘင်မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော် မူသည်။

* သက္ကရာဇ် (၁၂၃၂) တထောင့်နှစ်ရာ့သုံးဆဲ့နှစ်ခု နှောင်းတန်းခူးလပြည့်ကျော်ရှစ်ရက် ဗုဒ္ဓဟူးနေ့ နေ့တချက်တီးကျော် နာရီပြည့်သုံးပါဒ် ရှစ်ဗီဇနာ တပြန် ကိုးခရာအချိန် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော်ဆယ်ရက် သောကြာနေ့ နေနှစ်ချက်တီးကျော်အချိန်အတာနှစ်သစ် သက္ကရာဇ် (၁၂၃၃) တထောင့်နှစ်ရာ့သုံးဆဲ့သုံးခုနှစ်သို့တက်သည်။

သင်္ကြန်ပြောင်းသည့်အချိန်တွင် နှစ်စဉ် အမြောက်သံ ပေးမြဲအတိုင်း တံခါးနီက စိန်သံကြား၍ မြို့တော်လေးမျက်နှာ တဆွဲ နှစ်တံခါးများတွင်လည်းစကြာတင်အမြောက်ကြီး နှစ်လုံးကျထားရှိသည့်အတိုင်း လက်ယာရစ်လှည့်၍ တံခါးတရပ်လျှင် အမြောက်သံသုံးချက်ကျစီပေးရသည်။

အခါသုံးရက်အတွင်းလည်း ရတနာသုံးပါး,သမ္မာဒေဝနတ်မှစ၍ရှေးအစဉ်လှူဒါန်းပသမြဲ အဘွယ်အရာစသည်တို့ကို စီရင်ခင်းကျင်း ပူဇော်လှူ

ဒါန်းစေ၏။ ရွှေပြည်တော်မြို့တွင်းမြို့ပြင်မှစ၍ ပြည်သူပြည်သားတို့ ခိုက်ပွားရန်စစ် မဖြစ်စေရ အမွေးအထုံနံ့သာရေစသည်တို့ဖြင့် ဖျန်းပက်ကစားကြရ၏။

## ၁၂၃၃-၃

### ပဉ္စမ သင်္ဂါယနာတင်တော်မူခြင်း, ဒဂုံဆံတော်ရှင်ဘုရားကို ထီးတော်တင်လှူခြင်း စသည်များ

ထိုနှစ် တန်းခူးလအတွင်း ပဉ္စမသင်္ဂါယနာ မင်္ဂလာသဘင် ယင်တော်မူလိုရကား....မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံယူတော်မူသည့်နောက် လေးလမြောက်သောအခါ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးသားတော် အဇာတသတ်မင်းသည် စီရင်ခင်းစီရင်ဘွယ်တို့ကို အပြီးသို့ရောက်အောင် စီမံခင်းကျင်း၍ သတ္တရာဇ် (၁၄၈) တရာ့လေးဆဲ့ရှစ်ခု ဝါခေါင်လပြည့်ကျော် တရက်နေ့ ရာဇဂြိုဟ်ပြည်တွင် အဇာတသတ်မင်းကို အမှီပြု၍ အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမြတ်ငါးရာတို့ ခုနစ်လပတ်လုံး ပဌမ သင်္ဂါယနာတင်တော်မူသည်၊ ထိုအခါ အရှင်မဟာကဿပအား အဇာတသတ်မင်းက ဘုရားရှင့်သာသနာတော်သည် အနှစ်ငါးထောင် တည်ရစ်မည်ဟု ဗျာဒိတ်တော်ရှိသည်၊ သာသနာတော်နှစ်နှင့် သတ္တရာဇ်သည် မညီ သတ္တရာဇ် (၁၄၈) တရာ့လေးဆဲ့ရှစ်ခုကိုချေ၍ တခုကြွင်းထားတော်မူမှသာ သာသနာတော်နှင့် သတ္တရာဇ် ညီမည်ဟု နားတော်လျှောက်လျှင် သတ္တရာဇ် တရာ့လေးဆဲ့ရှစ်ခုကို ရှင်မဟာကဿပ ချေတော်မူ၍ တခုကြွင်း ထားတော်မူသည်။

နောက် သာသနာတော် သတ္တရာဇ် အနှစ်(၁၀၀) ရောက်သောအခါ ဝေသာလီပြည်၌ သုသုနာဂမင်းကြီးသားတော် ကာလာသောကမင်းကြီးကို အမှီပြု၍ ရှင်မဟာယသထေရ်အမှူးရှိသောခုနစ်ရာကုန်သော ရဟန္တာအရှင်မြတ်တို့ ရှစ်လတိုင်တိုင် ဒုတိယ သင်္ဂါယနာ တင်တော်မူကြကုန်သည်။

နောက်သာသနာတော် သတ္တရာဇ်( ၂၃၅ )နှစ်ရာ့သုံးဆဲ့ငါးနှစ်ရောက်သောအခါ ပါဋလိပုတ်ပြည် ဗိန္ဒုသာရမင်းကြီး သားတော် သီရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်အမှူး

ရှိသော တထောင်ကုန်သော ရဟန္တာအရှင်မြတ်တို့ ကိုးလတိုင်တိုင် တတိယ သင်္ဂါယနာ တင်တော်မူကြကုန်သည်။

နောက် သာသနာတော် သက္ကရာဇ် အနှစ်(၄၅၀) လေးရာ့ငါးဆယ် ရောက်သောအခါ သီဟိုဠ်ကျွန်း၌ သဒ္ဓါတိဿမင်းကြီးသားတော် ဝဋ္ဋဂါမဏိမင်းကြီးကို အမှီပြု၍ ရှင်မဟာဓမ္မရက္ခိတထေရ် အမှူးရှိသော ငါးရာ ကုန်သော ရဟန္တာအရှင်မြတ်တို့ ပိဋကတ်သုံးပုံကို ပေထက်အက္ခရာ ရေးသား၍ စတုတ္ထသင်္ဂါယနာတင်တော်မူကြကုန်သည်။

ငါ အသျှင်ကေရာဇ်မင်းမြတ်သည်လည်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံကို ရွှေရေး, မင်ရေး, ကညစ်ရေး သုံးရပ်တို့ဖြင့် ရေးသားပြုစု၍ ကိုးကွယ်တော်မူခြင်း သာသနာတော် ငါးထောင်ပတ်လုံး မဆုံးမချင်း ယိုယွင်းပျက်စီးခြင်းမရှိ ကပ္ပဋ္ဌိတိလေးရပ်တို့ကဲ့သို့ အမွန်ရှည်စွာ တည်စေကြောင်း ပြဋ္ဌာန်းပိုင်းခြားတော်မူ၍ ပဥ္စမ စကျဉ်တောင်၊ ငါ၏ရွှေလက်ထက်တော်၌ ပတ္တမြားတောင်ဟု ခေါ်ဝေါ် သမုတ်အပ်သော တောင်ထူးတောင်မြတ်မှ ချောမွေ့ပြေပြစ် ကောင်းမွန်စွာဖြစ်သော ဘူမိဥက္ကဋ္ဌ ပဝရသေလာ ရတနာကျောက်သလင်းထက် ရေးသား ထုလုပ်တော် မူခြင်းဖြင့် ပြီးပြည့်စုံလေပြီ၊ ငါအသျှင်ကေရာဇ် မင်းမြတ်သည် သာသနာတော်ကို အလွန်အကျူး ချီးမြှောက်ထိုက်သည့် မင်းကောင်းမင်းမြတ် ဖြစ်သည့်အတိုင်း ရှေးရှေးသောမင်းတို့လက်ထက် သင်္ဂါယနာတင်တော်မူကြကုန်သည့်နည်း ပဉ္စမသင်္ဂါယနာတင် မင်္ဂလာ သဘင် ယင်တော်မူခည်-ဆဒ္ဒန်ဆင်မင်းသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိလျှင် အခမ်းအနားစာရင်းရန်ထားရာပါ အကြီး အကြပ်တို့က စီရင်ခင်းစီရင်ဘွယ်ရှိသမျှကို ပြီးပြေအောင် စီမံလုပ်ဆောင် ကြရသည်။

သက္ကရာဇ် (၁၂၃၃) တထောင့်နှစ်ရာ့သုံးဆဲ့သုံးခု တန်းခူးလပြည့် ကျော်တဆဲ့တရက် နှစ်ဆန်းတရက် စနေနေ့ ကောင်းမြတ်သောမင်္ဂလာ အခါတော်၌ အမြောက်သံကြားစေပြီးမှ ဆဒ္ဒန်ဆင်မင်းသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား, အရှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရား နှင့် တကွ မင်းညီမင်းသားမှူးတော်မတ်တော်အပေါင်းတို့ဖြင့် ခြီရံလျက် ထွက်တော်မူ၍ ရွှေနန်းပြာသာဒ်တော်ဦး မြေနန်းတော်တွင် အခမ်း အနားကြီးကျယ်စွာ စီမံခင်းကျင်းပြီးလျှင် သာသနာပြုသုဓမ္မာဆရာတော်,

တံဆိပ်တော် ရ-မရ ဆရာတော် သံဃာတော်တို့ကို ဈေ့ာက်ထား တောင်းပန်၍ ပဌမသင်္ဂါယနာတင် မင်္ဂလာသဘင် ယင်တော်မူသည်။

ထိုနှစ် နယုန်လ မိုးမြိတ်-မိုးလှိုင်း နှစ်မြို့ဝန် မဟာမင်းလှသင်္ခယာကို မြို့ဝန်အရာနှင့် လဲပြောင်း၍ တမူး,ခန်းပတ်, မိုင်းနိုင်း, မိုင်းညောင်း လေး မြို့ဝန် ခန့်တော်မူသည်။

ဇမ္ဗူဒီပ အပရန္တ တိုင်းမဥ္ဈျောင် ရန်ပေါင်းအောင်သော ရတနာပုံ ရွှေပြည်တော်ကြီး၌ ပဌမသင်္ဂါယနာ တင်တော်မူမည် ကြံရည်တော်မူ သည်မှာ သာသနာတော်စောင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ နှိုး ဆော် တိုက်တွန်းအပ်သည်ဖြစ်၍ သာသနာပြု သုဓမ္မာဆရာတော်ရှစ်ပါး အား ဈေ့ာက်ထားပြီးလျှင် တိပိဋကဓရ သိက္ခကာမ သီလဝိသုဒ္ဓိ ဖြစ် သော တံဆိပ်တော်ရ-မရ သံဃာတော် နှစ်ထောင့်လေးရာတို့ ရွှေနန်း ပြာသာဒ်တော်ကြီး သီဟာသနရာဇပလ္လင်တော်ရှေ့တွင် ဝိနည်းပိဋကတ် တော်ကို အဦးထား၍ (၁၂၃၃) တထောင့်နှစ်ရာ့သုံးဆဲ့သုံးခု တန်းခူး လပြည့်ကျော် တဆဲ့တရက်နေ့ကစ၍ ပိဋကတ်သုံးပုံကိုအစဉ်သဖြင့်ပေါင်း ၍ သရဇ္ဈာယ်တော်မူကြရာ ငါးလနှင့် သုံးရက်ပြည့်သော သက္ကရာဇ် (၁၂၃၃)ဘထောင့်နှစ်ရာ့သုံးဆဲ့သုံးခု တော်သလင်းလပြည့်ကျော် တဆဲ့ လေးရက်နေ့တွင် ပဌမသင်္ဂါယနာတင် မင်္ဂလာသဘင် ယင်တော်မူသော အခမ်းအနားကြီး ပြီးစီးအောင်မြင်မည်ဖြစ်၍ ထိုနေ့မတိုင်မီတော်သလင်း လပြည့်ကျော်တဆဲ့နှစ်ရက်နေ့တွင် အမိန့်တော်ထုတ်ပြန်သည်ကား....

ဘုန်းဘော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အရှင် ဆဒ္ဒန်ဆင် မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် ပဌမသင်္ဂါယနာတင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်....ငါအသျှင် ဂေါတမ မင်းမြတ်သည်၊ ရှေးပဌမ သင်္ဂါယနာတင်-အဇာတသတ်မင်း, ဒုတိယသင်္ဂါယနာတင်-ကာလာသောကမင်း, တတိယသင်္ဂါယနာတင်- သီရိဓမ္မာသောကမင်း, စတုတ္ထပေထက်အက္ခရာတင်-ဝဋ္ဋဂါမဏိမင်းတို့ကဲ့ သို့ ဘုရားပညတ်တော်မူသည့် အတိုင်း သာသနာတော်မြတ်ကို အထူး သဖြင့် စည်ပင်ပွင့်လင်းအောင် အာဏာစက်, ဓမ္မစက် နှစ်ချက်ဖြင့် ချီး မြှင့်ပြုစုတော်မူ၍ ဗောဓိသမ္ဘာရ ပုညဝိသေသ လောကုတ္တရစရိယပါရမီ ကို ဖြည့်ကျင့်ရွက်ဆောင်တော်မူသည်နှင့် အညီ လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီဖြည့်၍ လူသုံးပါးတို့၏အထွတ်အထိပ်သို့ ရောက်တော်မူ

သော သဗ္ဗညုမြတ်စွာဘုရားသည် လေးဆဲ့ငါးဝါပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား တရားအမြိုက် တိုက်ကျွေးဆုံးမတော်မူသော ဝိနည်း, သုတ္တန်, အဘိဓမ္မာတည်းဟူသော ပိဋကတ်သုံးပုံကို အာဂုံနှုတ်တက် ဆောင်ရွက်နိုင်သည့်သုဓမ္မာဆရာတော်ရှစ်ပါးအမှူးရှိသော တံဆိပ်တော် ရ-မရ ဆရာတော်သံဃာတော် နှစ်ထောင့်လေးရာတို့ကို ပွှောက်ထားတောင်းပန်ပြီးလျှင် သက္ကရာဇ် (၁၂၃၃) တထောင့်နှစ်ရာ့သုံးဆဲ့သုံးခု တန်းခူးလပြည့်ကျော်တဆဲ့တရက် နှစ်ဆန်းတရက်နေ့ကစ၍ ရွှေနန်းပြာသာဒ်တော်ဦး မြေနန်းတော်တွင် ပဥ္စမသင်္ဂါယနာတင် မင်္ဂလာ သဘင် ယင်တော်မူရာ တော်သလင်းလပြည့်ကျော် တဆဲ့လေးရက်နေ့ ပြီးစီးအောင်မြင်တော်မူမည်ဖြစ်သည်၊ ပဥ္စမသင်္ဂါယနာတင် မင်္ဂလာ သဘင် ယင်တော်မူ၍ ပြီးစီးအောင်မြင်တော် မူသည်ကို တိုင်းနေပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့ ကောင်းချီးအနုမောဒနာ ခေါ်ရာဖြစ်စေခြင်းငှာ ရွှေပြည်တော် မြို့တွင်းမြို့ပြင် စေ့နှံ့အောင် မောင်းခတ်စေ၍ အမြောက်သံကြားစေ၊ ထီးရုံနန်းရုံ, စော်ဘွား,မြို့စား,အဝေးမြို့ဝန်စစ်ကဲ တို့ကိုလည်း ဝန်တို့က စေ့နှံ့အောင်မှာ၊ နာခံတော် နေမျိုးရာဇကျော်သူ ပြန်အမိန့်တော်။

ယင်းသည့်အမိန့်တော်မြတ်အရ ရွှေပြည်တော် မြို့တွင်း မြို့ပြင် စေ့နှံ့အောင် မောင်းခတ်၍ ရွှေနန်းတော်ရှေ့က အမြောက်သံကြားရသည်၊ ထီးရုံနန်းရုံ,စော်ဘွားမြို့စား,အဝေးမြို့ဝန်စစ်ကဲတို့ကိုလည်း လွှတ်တော်က အစေ့အနှံ့မှာထားရသည်။

ဒဂုံဆံတော်ရှင် စေတီတော်၌ တင်လှူရန် သက္ကရာဇ် (၁၂၃၂) တထောင့် နှစ်ရာ့ သုံးဆဲ့နှစ်ခု ကဆုန်လဆန်း ရှစ်ရက်နေ့ကအစပြု၍ လုပ်ဆောင်သောထီးတော်–

ပဌမဘုံ ထီးဝကိုးတောင့်နှစ်မိုက်လေးသစ်,အရပ်နှစ်တောင့်တမိုက်။
ဒုတိယဘုံ ထီးဝခုနစ်တောင်,အရပ်တတောင့်နှစ်မိုက်လေးသစ်။
တတိယဘုံ ထီးဝငါးတောင်,အရပ်တတောင့်နှစ်မိုက်။
စတုတ္ထဘုံ ထီးဝလေးတောင့်ငါးသစ်, အရပ် တတောင့်တမိုက်။
ပဥ္စမဘုံ ထီးဝ သုံးတောင့်တမိုက်, အရပ်တတောင့်တမိုက်။
ဆဋ္ဌဘုံ ထီးဝနှစ်တောင့်နှစ်မိုက်ငါးသစ်, အရပ် တတောင့်လေးသစ်။
သတ္တမဘုံ ထီးဝ နှစ်တောင့်ခြောက်သစ်, အရပ် တတောင့်နှစ်မိုက်။

ပဥ္စမဘုံက သတ္တမဘုံရောက် ထီးတော် အရပ်တဆွဲလေးတောင့်ခုနစ်သစ်၊ ကလပ်, ဆပ်သွားဖူး, ငှက်မြတ်နား စိန်ထွတ်ထိ၊ ရှစ်တောင့်တသစ်၊ နှစ်စုအမြင့် နှစ်ဆွဲ နှစ်တောင့် တမိုက်ရှိသော ထီးတော်ကို ရွှေသားချိန်နှစ်သောင်းနှစ်ရာ့နှစ်ဆွဲကိုးကျပ်လေးမူး,ကျောက်နီကြီး,ကျောက်နီလတ်, ကျောက်နီသေး, မြကြီး, မြလတ်, မြသေး, စိန်ကြီး,စိန်လတ်, စိန်သေး, ကြောင်, နီလာ, ပုလဲ, ဥဿဖယား, ဂေါ်မိတ်, သန္တာ လုံးရေပေါင်း သုံးသောင်း ခြောက်ထောင့် လေးရာ့ တဆွဲတစ်များဖြင့် မွမ်းမံစီခြယ်၍ စေတီတော်ကြီးချရားသီးမှ ဘိနပ်တော်ထိ မွမ်းမံရန် ရွှေဆိုင်းရေနှစ်သောင်း ခုနစ်ထောင့် ခြောက်ရာ့ ရှစ်ဆွဲလေးများနှင့် တကွ ထီးတော်အလုပ်အဆောင် အလုံးစုံပြီးပြေလျှင် သက္ကရာဇ် (၁၂၃၃)တထောင့်နှစ်ရာ့သုံးဆွဲသုံးခု သီတင်းကျွတ်လပြည့်ကျော် လေးရက်နေ့ ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီး ဘုရားကိုယ်တော်ဘိုင် ရတနာကရားနှင့် ရေစက်သွန်းတော်မူ၍ ရတနာအတိပြီးသော ထီးတော်ကို ရန်ကုန်မြို့ ဆံတော်ရှင်ဘုရားသို့ တင်လှူရန် ဝန်ထောက် ပုပ္ပါးမြို့စား မင်းကြီး မဟာမင်းကျော်မင်းထင်ကို အကြီးအကြပ်ခန့်ပြီးလျှင် စေလွှတ်တော်မူသည်။

ယင်းသည့်နေ့ အခါတော်အတိုင်း ရွှေနန်းတော်မှသည် နေပြည်တော် အနောက်မျက်နှာ ရောဝတီမြစ်ဆိပ် ရေနန်းစကြာ သင်းဘောဘော်ရောက် ထီးတော်ကို ပင့်ဆောင်ရသည့် အစီအစဉ်ကား····ရွှေဖျားစမြောင်သိုင်းနှင့် နှစ်၊ ၎င်းနောက် ရွှေတော်ပြေးစည်တော်စုံ၊ ၎င်းနော်ခရာပုံတောင် ဇာတ်အတီးအက၊ ယင်းမှနောက်၌ ဝတ်သန့်ဝတ်ကောင်းနှင့် သွေးသောက်သားတို့ ယပ်စွဲကိုင်လျက် ဝဲယာ ခြီရံစီစဉ်ခင်းကျင်းလိုက်စေပြီးမှ ထီးတော်ဘုံများကို အစီအစဉ်အတိုင်း ပင့်ဆောင်ရသည်။ မင်းညီမင်းသား မှူးတော် မတ်တော်တို့လည်း သနားတော်မြတ် ခံရသည့် ဖောင်းနားဒွောင်းဝတ်လုံ ဆင်ယင်ပြီးလျှင် ခြံရံလိုက်ပို့ကြရ၏။ ရွှေနန်းတော်က သန်လျက်မော်ဆိပ်ကမ်းရောက် ခရီးလမ်းစဉ်တလျှော်မှာလည်း ရာဇမတ်ကာရံပြီးလျှင် သဲငွေကြဲ၍ ပုဆိုးပဝါ,ငှက်ပျောပင်ရှင်, ကြံပင်ရှင်တံခွန်ကုက္ကား မလေးပွားစိုက်ဆောက်ဆွဲဆင်ရသည်။ တိုင်းသူပြည်သားအပေါင်းတို့လည်း ပန်းပေါက်ပေါက်နှံ့သာ စသည်တို့ဖြင့် ထွက်၍ဖူးမြော်ပူဇော်ကြသည်။ လမ်းခွင်မလပ် ပြည့်သောဟူ၏။

ရေနန်းစကြာ သင်းဘောတော်ထက်သို့ ထီးတော်ရောက်လျှင် တည့်ရပ်ဆိုင်း၍ သီတင်းကျွတ်လပြည့်ကျော် ငါးရက်နေ့ ကောင်းမြတ်သည့်အခါတော်တွင် ကြီးကြပ်မည့်သူ ဝန်ထောက်ပုပ္ပါးမြို့စား မင်းကြီးမဟာမင်းကျော်မင်းထင်နှင့် စာရေးကြီးမင်းလှသီရိကျော်သူ, စာရေး နေမျိုးသူရိန်, ရွှေတိုက်စိုး မင်းလှမင်းထင်ရာဇာ, သံတော်ဆင့် သင်းဘောတော်စီး နေမျိုးရာဇသီရိ, သံချက်ဝန် ပညာသိဒ္ဓိကျော်သူ, ထိုပြင် ပန်းပဲအမှုထမ်း, ပန်းထိမ်တော် အမှုထမ်း, ထီးတော်ခေါင်းလက်သားတို့နှင့်တကွ သန်လျက်မော်ဆိပ်ကမ်းက သင်းဘောတော် စုန်ဆင်းခဲ့ရာ ထိုနှစ် တန်ဆောင်မုန်းလဆန်း ဆယ်ရက်နေ့ ရန်ကုန်မြို့သို့ ဆိုက်ရောက်သည်။

ဒဂုံစေတီတော်၌ ထီးတော်တင်ရန် အလုပ်အဆောင် အခမ်းအနားအလုံးစုံပြီးပြေလျှင် နတ်တော်လဆန်း ရှစ်ရက်နေ့ ကြီးကျယ်ခမ်းနားစွာ ပွဲသမ်းသဘင် စီစဉ်ခင်းကျင်းပြီးလျှင် ထီးတော်စ၍ တင်ရသည်၊ ၎င်းလဆန်း တဆဲ့ငါးရက်နေ့ ထီးတော်တင်ကိစ္စ ပြီးစီးအောင်မြင်သည်။

ကုန်ဝင်ငွေစာရင်းချုပ်ကား····ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား ကုသိုလ်တော် ကံကျေးလက္ခမှစ၍ ရွှေငွေစိန်ကျောက် ပတ္တမြားစသော ရတနာတို့၏ တန်ဘိုးငွေ ကိုးသိန်း လေးသောင့်းတထောင့်လေးရာ့ငါးဆဲ့နှစ်ကျပ်ခြောက်မူး၊ ထီးတော်ဟောင်းက ရသော ရွှေငွေစိန်ကျောက်ပတ္တမြားစသော ရတနာတို့၏တန်ဘိုးငွေ တသိန်းနှစ်သောင့်းခြောက်ထောင့်သုံးရာ့နှစ်ဆဲ့ရှစ်ကျပ်ငါးမူးတပဲ၊ အောက်မြို့ ကျေးရွာနေလူတို့က လှူဒါန်းသော ရွှေငွေစိန်ကျောက် ပတ္တမြားစသော ရတနာတို့၏တန်ဘိုးငွေ သုံးသိန်သုံးသောင့်းနှစ်ထောင့်ခြောက်ရာ့ ရှစ်ဆဲ့ကိုးကျပ်ခုနစ်မူးပဲ၊ သုံးစုငွေ တသန်း လေးသိန်းလေးရာ့ ခုနစ်ဆယ်ကိုးမူး-ဖြစ်သတည်း။

ထိုနှစ် တန်ဆောင်မုန်းလဆန်း တဆဲ့ငါးရက်နေ့ စာတော်ဖတ်နေမျိုးမင်းလှကျော်သူကို သံတော်ဆင့် ခန့်တော်မူသည်။ ။ထိုနှစ် တပို့တွဲလ အောက်မြစ်စဉ်ဆိုင်ရာအဖြစ်နှင့် မင်းလှမြို့က ရပ်တန့် ထမ်းရွက်နေသူ ကင်းဝန်ထောက် မင်းကြီးမဟာစည်သူကို ရွှေဘဝါးတော်မြတ် အောက်သို့ခေါ်တော်မူပြီးလျှင် မြန်မာနိုင်ငံတော်နှင့်အင်္ဂလိပ်မင်းနိုင်ငံ ရာဇမဟာမိတ်အဖြစ် ဆက်လက်ရှိသော်လည်း မြန်မာနိုင်ငံတော်ကအင်္ဂလိပ်မင်းနိုင်ငံသို့ သံကြီးတမန်ကြီးမစေမလွှတ်ဘူးသေးဖြစ်၍ အင်္ဂလိပ်ကေရီဘုရင်မင်း

မြတ်ထံ ရာဇသံလက်ဆောင်တော်များနှင့် စေလွှတ်တော်မူမည်-ရည်ရွယ်တော်မူသည့်အတိုင်း အမှုတော်ကို ထမ်းရွက်နိုင်မည်, မထမ်းရွက်နိုင်မည်များ တင်လျှောက်ရန် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားအမိန့်တော်ရှိရာ····ကြည်လင်ရွှင်လန်းဝမ်းမြောက်စွာ အလိုတော်ရှိတိုင်းကုံတွင်ပေါက်မြောက်အောင် သွားရောက် ထမ်းရွက်ပါမည်အကြောင်းနှင့် ကင်းဝန်ထောက် မင်းကြီးမဟာစည်သူက တင်လျှောက်သည်တွင် အမိန့်တော်ရှိသည်ကား····

အင်္ဂလိပ်မင်းနိုင်ငံ လန်ဒန်မြို့တည်ရာဌာနသည် သမုဒ္ဒရာ ပင်လယ်ကြီး အတန်တန် ခြားသဖြင့် ခဲယဉ်းသော ဥဒကကန္တာရကြီး ဖြစ်သည် တကြောင်း၊ အာဒိကမ္မိက-အဦးအစသွားရောက်ရမည်ဖြစ်သည် တကြောင်း၊ မြန်မာနိုင်ငံတော်က ဂရိတ်,ဘရိတန်,အိုင်ရလန် ဟူသော အင်္ဂလိပ်နိုင်ငံတော်ကြီးသို့ သံကြီးတမန်ကြီးအဖြစ်ဖြင့် တဦးတယောက်မျှ သွားရောက်မရှိဘူးသေးသည်တကြောင်း၊ အင်္ဂလိပ်မင်းနိုင်ငံတွင်လည်း အားပြုလော်သော အဆွေခင်ပွန်းမရှိသည်တကြောင်း၊ သည့်ကဲ့သို့ ခဲယဉ်းငြိုငြင်ဘွယ်များစွာရှိသည့် ခရီးကိုစင်လျက် သွားရောက်ထမ်းရွက်ပါမည်အကြောင်းနှင့် ဝမ်းမြောက် ဝမ်းသာ တင်လျှောက်ခြင်းအရာသည် မှူးကောင်း မတ်ကောင်း လက္ခဏာညီညွတ်သည်ဟု အမိန့်တော် ရှိပြီးလျှင် ယင်းသည့်တပို့တွဲလ ကင်းဝန်ထောက် မင်းကြီးမဟာစည်သူကို ရေနံချောင်းမြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော်, ခန်းပတ်မြို့စား ဝန်ကြီး သတိုးမင်းကြီးသီရိမဟာမင်းခေါင်ဥဇနာတို့နှင့် ဘက်၍ အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်တော်မူသည်။

ယင်းသည့်နောက် ကင်းဝန်မင်းကြီး မင်းကြီးမဟာစည်သူကို သံကြီး၊ ဝန်ထောက်ပန်းတဉ်းဝန် မဟာမင်းလှကျော်ထင်, ဝန်ထောက်ဖလ်ချက်ဝန် မဟာမင်းကျော်ရာဇာတို့ကို သံလတ်၊ စာရေးကြီးမင်းလှဇေယသူကို သံငယ် ခန့်တော်မူပြီးလျှင် ရာဇသံအမိန့်တော်နှင့် ပေးမှာရန် စာများကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော်တိုင် လက်မှတ်ရေးသား တံဆိပ်တော်ခတ်နှိပ်၍ ဆင်စွယ်ကျည်, ဂဏ္ဍိပါအိတ်, ကျင်ခတ်အိတ် သွတ်သွင်းလျက် ကျည်တော်များ ထည့်သော သေတ္တာတစ်၊ အင်္ဂလိပ်ဘုရင်မသို့ပေးရန် လက်ဆောင်တော် ပတ္တမြားစီငါးကြီးတစ်၊ ပတ္တမြားစီလက်ကောက်ရံစုံ တစ်။ အင်္ဂလိပ်အိမ်ရှေ့မင်းကိုပေးရန် ပတ္တမြားစီနှစ်ဆဲ့တသွယ် စလွယ်များကို ထည့်သောသေတ္တာ တစ်၊ အင်္ဂ

လိပ်နိုင်ငံ လန်ဒန်မြို့ရောက်ကာလ သင့်ရာပေးကမ်းရန် စိန်ရောင်ထိုးတဆွဲ နှစ်သွယ်၊ ရွှေစလွယ်ကုံးရေ သုံး၊ ပန်းပြောက်ထု ကိုးသွယ်, ရွှေစလွယ် ကုံးရေငါး၊ ပတ္တမြားလက်စွပ်ကွင်းရေ ခုနစ်၊ တဆွဲနှစ်ရာသီ ရွှေဖလား လုံးရေ တဆယ်များကို ထည့်သောသေတ္တာတစ်၊ ရှမ်းပြည်လုပ် ငွေပန်း ပြောက်ထိုး ကွမ်းအစ်လုံးရေလေးဆွဲကိုး၊ ၎င်းငွေဘာလျှားလုံးရေလေးဆွဲ နှစ်၊ ရွှေငါးရပ်ကောင်ရေ နှစ်၊ ရွှေငွေနှစ်စု ငါးရပ်ကောင်ရေ ငါး၊ ငွေငါးရပ်ကောင်ရေ ငါးဆွဲလေး၊ ငွေဘားရပ်ကောင်ရေ ကိုးဆွဲသုံးနှင့် တကွ ထည့်သော သေတ္တာများကို ပေးအပ်တော်မူပြီးလျှင် သက္ကရာဇ် (၁၂၃၃) တထောင့်နှစ်ရာ့သုံးဆဲ့သုံးခု တပေါင်းလဆန်း တဆဲ့ငါးရက် နေ့ လှပတင့်တယ်အောင် အစီအစဉ်အခမ်းအနားနှင့် စီစဉ်ခင်ကျင်း၍ သင်းဘောဆိပ်သို့ ပို့သပြီးမှ သံကြီး, သံလတ်, သံငယ် အရာရှိတို့သည် ယင်းသည့်လပြည့်ကျော် ကိုးရက်နေ့ ရတနာပုံရွှေမြို့တော် သန်လျက် မော်ဆိပ်ကမ်းက စကြာယဉ်မွန် သင်းဘောတော်နှင့် စုန်ဆင်းထွက်ခွာ ကြရ၏။

နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော် များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူသည်၊

* သက္ကရာဇ် (၁၂၃၃) တထောင့်နှစ်ရာ့သုံးဆဲ့သုံးခု နှောင်းကဆုန် လဆန်းငါးရက် ကြာသပတေးနေ့ နေသုံးချက်တီးကျော် လေး နာရီပါဒ်ပြည့် တဆဲ့တဗီဇနာ လေးပြန် တခရာအချိန် သင်္ကြန် ကျသည်။ ၎င်းလဆန်းခုနစ်ရက် စနေနေ့ နေသုံးချက်တီးကျော် အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၃၄) တထောင့်နှစ်ရာ့သုံး ဆဲ့လေးခုနှစ်သို့ တက်သည်။

## ၁၂၃၄—၃

သက္ကရာဇ် (၁၂၃၄) တထောင့်နှစ်ရာ့သုံးဆဲ့လေးခု ကဆုန်လဆန်း တဆဲ့နှစ်ရက်နေ့မိုးသည်းထန်စွာရွာသွန်းသည်နှင့် နန်းတော်မြောက်မြို့ရိုး ကြီးတွင် နတ်စုလက်ဝဲတန်းတွင် နတ်စက်မိုးကြိုးပစ်ချရာ သားအဘ သုံး ယောက်သေဆုံးသည်၊ နန်းတော် တောင် ဒဝယ်တန်းတွင်လည်း ၎င်း အချိန်တွင် နတ်စက်မိုးကြိုးကျ၍ လူတယောက်သေဆုံးသည်။

ယင်းသည့် ကဆုန်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ မြောက်နန်းတော်မိဖုရား သုသီရိမဟာရတနာမင်္ဂလာဒေဝီ တုပ်ကွေးအဖျားရောဂါနှင့် နတ်ပြည်စံသည်ကို အမရပူရပဌမမြို့တည်နန်းတည် ဘေးတော်မင်းတရားကြီးမြောက်နန်းတော်မိဖုရား နတ်ပြည်စံရာသင်္ဂြိုဟ်သည့်နည်း နန်းမြို့တော်သစ်တပ်အတွင်း အနောက်မြောက်အရပ်တွင် အုတ်နန်းပြာသာဒ်၌ သွင်း၍ သင်္ဂြိုဟ်တော်မူသည်။

ထိုနှစ် နယုန်လအတွင်း ရွှေဒင်္ဂါး, ငွေဒင်္ဂါး ပုံရိုက်လုပ်ဆောင်သောဒင်္ဂါးစက်ရုံတော်၊ ထည်မျိုး အုပ်မျိုး ရက်လုပ်သော ရက်ကန်းစက်ရုံတော်၊ စပါးအမျိုးမျိုးကြိတ်လုပ်သော ဆန်ကြိတ်စက်ရုံတော်၊ အမြောက်ကြီးငယ်, လှံဓားအမျိုးမျိုး, ဗုံးဆန်, အမြောက်ဆန်, တူဆန် အမျိုးမျိုးသွန်းလုပ်သော စက်ရုံတော်၊ သစ်ပျဉ်များကို တိုက်ခွဲသော လွှစက်ရုံတော်၊ သကြားချက်လုပ်သော စက်ရုံတော်၊ မဲနယ်ချက်လုပ်သော စက်ရုံတော်မှစ၍ စက်ရုံအမျိုးမျိုး ဦးရေ ငါးဆယ်ကျော်များတွင် ပြုလုပ်ဆောင်စေသည့် လူမျိုးများနှင့် အလုပ်ဝန်ပညာဝန်တို့ကို လစဉ်လစာငွေပေးရန် အလုပ်တော်နှင့်စပ်သမျှ ဆင့်ဆိုရန်ရှိသည်များကို အလုပ်ရုံတော်ဌာနပါ အမှုးအကြီး, ဝန်ကြီး, အတွင်းဝန်, ဝန်ထောက်, စာရေးကြီး, သံတော်ဆင့်တို့အပေါ်က အုပ်ချုပ်စေရန် သားတော် မက္ခရာမင်းသားသီရိမဟာသုဓမ္မရာဇာကို အပ်တော်မူသည်။

ထိုနှစ် သီတင်းကျွတ်လဆန်းခြောက်ရက်နေ့ ရွှေမြို့တော် မြောက်ပြင်မန္တလေးတောင်အရှေ့ဘက်ရှိ ငွေတော်ဝယ်အမှုတမ်း လူခုနစ်ရာတို့ကို သံတော်ဆင့် ကျီဝန်စာရေး နေမျိုးမင်းလှကျော်သူကို အုပ်ထိန်းရန် အပ်တော်မူသည်။

ထိုနှစ် နတ်တော်လ ပဲခူးမြို့နေ အသက်လေးဆယ်ရွယ် မောင်ရဲဆိုသူဆင်းရဲသားဘာဝ ဆားကျင်းလုပ်ဆောင်၍ အသက်မွေးနေစဉ် နဂါးတဦးက မြန်မာဘုရင် ဧကရာဇ်မင်းမြတ်သည် မင်းကျင့်တရားနှင့် အညီတိုင်းနေပြည်သူ ရှင်လူရဟန်းတို့ကို စိုးအုပ်တော်မူလျက် သာသနာတော်ကို အလွန်အကျူး ချီးမြှောက်တော်မူသော မင်းတရားကြီးဖြစ်၍ ကျွန်တော်မျိုးမံ ရောက်လိုသည်။ ရွှေနန်းတော်သို့ မောင်ရဲဆိုက်ရောက်သည့်နောက် တလခန့်ကြာလျှင် ရွှေတော်သို့ အဖူးအခမြော် ကန်တော့ဝင်မည်။

နဂါးတို့မည်သည် အသရေရှိသော အရပ်မှနေထိုင်မည်ဖြစ်၍ မင်္ဂလာရှိသောနေရာတွင် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကြီးအသစ်တခု ပြုလုပ်ဆောက်ဖန်ထားစေရမည်အကြောင်းနှင့် နဂါးတမန်မောင်ရဲကို ရှိခိုးသံတော်ဦးတင်စေလွှတ်ရာ မောင်ရဲသည် မန္တလေးရတနာပုံ ရွှေမြို့တော်သို့ ဆိုက်ရောက် တံခါးနီတော်တံခါးတွင် မှူးတော်မတ်တော်ဆင်းရဲသား ကျွန်တော်မျိုးတို့ ထွက်ဝင်မြဲ မလွယ်ပေါက်ကမဝင် တံခါးတော်က ဝင်သောကြောင့် တံခါးနီအမှုထမ်းတို့က ဖမ်းဆီးရာ နဂါးမင်း၏တမန် ဖြစ်ကြောင်းကို ပြောဆို၍ တံခါးနီဗိုလ်က အမိန့်တော်မြတ်ခံလျှင် မောင်ရဲကို တံခါးနီတော်ကဝင်စေ ခွင့်ပြုပြီးကာလ ရွှေတော်သို့သွင်းစေ အမိန့်တော်မြတ် မှတ်တော်မူ၍ ရွှေတော်သို့ သွင်းဆက်ရာ နဂါး မှာထားသော အကြောင်းအရာများကို တင်လျှောက် ကာလဘဝရှင် မင်းတရားကြီးဘုရား ယုံကြည်တော် မူသည်နှင့် မောင်ရဲကို ကံကျွေးအိမ်ရာ လစာရိက္ခာတော် ပေးထားစေ၍ နဂါးနေစေရန် မန္တလေးတောင်ခြေရင်းတွင် ရေကန်ကြီးအသစ် ပြုလုပ် ဆောက်ဖန်စေတော်မူသည်။ မောင်ရဲကလည်း တင်လျှောက်သောနေ့ရက် အချိန်တိုင်ရောက်လျှင် မြေနန်းတော်နှင့် အရှင်မိဖုရားခေါင်ကြီးဘုရား အဆောင်တော်များမှာ ညဉ့်အချိန် နဂါးအခိုးအငွေ့လွှတ်၍ ပြပါလိမ့်မည်။ သုံးကြိမ်မြောက်တင်လျှောက်သောကြောင့် ကြည့်ရှုကြရာ နဂါးအခိုးအရောင် တပြောင်ပြောင် မြင်ကြောင်းများကို တင်လျှောက် ကြသည်။ ရေကန်ကိုလည်း ယခုတိုင် မောင်ရဲကန်ဟု တွင်သည်။

နှစ်စဉ် လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ်(၁၂၃၄)တဆောင့်နှစ်ရှာသုံးဆဲ့လေးခု နှောင်းတန်းခူးလဆန်းတဆဲ့လေးရက် သောကြာနေ့ ညဉ့်တချက်တီးကျော် လေးနာရီ ပါဒ်ပြည့် ဗိဇနာပြည့် ပြန်ပြည့် ခရာပြည့်အချိန် သကြြန်ကျသည်။ငင်းလပြည့်ကျော်တရက် ညဉ့်နှစ်ချက်တီးကျော် တနင်္လာနေ့သို့အဝင် ခြောက်နာရီနှစ်ပါဒ် ခုနစ်ဗိဇနာ သုံးပြန် ငါးခရာအချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၃၅) တဆောင့်နှစ်ရှာသုံးဆဲ့ငါးခုနှစ်သို့ တက်သည်။

## ၁၂၃၅-၃

## ကျပင်းမင်းသား လက်ထပ်ခြင်း, ကင်းဝန်မင်းကြီး ဘိလပ်က ပြန်ရောက်ခြင်းစသောအကြောင်းများ

သက္ကရာဇ် (၁၂၃၅) တပေါင်နှစ်ရာ သုံးဆဲ့ငါးခု ကဆုန်လဆန်း ငါးရက်နေ့ လင်ပန်းတိုက်စား မိဖုရားသားတော် ကျပင်းမင်းသားသတိုး ဗညားကျန်းနှင့် တမာကုန်းတိုက်စား မိဖုရားသမီးတော် ကွပ်ရွာမြို့စား မင်းသမီး သီရိမင္ဂလာဒေဝီတို့ကို စုလျားရစ်ပတ် လက်ထပ်မင်္ဂလာပြု၍ စုံဘက်တော်မူသည်။

အင်္ဂလိပ်နိုင်ငံကေရိဘုရင်မင်းမြတ်ထံသို့ရာဇသံလက်ဆောင်တော်များနှင့် စေလွှတ်သော ကင်းဝန်မင်းကြီး မင်းကြီးမဟာစည်သူသည် သံတော်ကြီးအဖြစ်ဖြင့် ဆောင်ရွက်ရန်ရှိသည်များကို ပြီးပြေအောင် ဆောင်ရွက်သည့်ပြင် အင်္ဂလိပ်မင်းပိုင် ဂရိတ်,ဘရိတန်, အိုင်ရလန်နိုင်ငံကြီးနှင့်ပြင်သစ်နိုင်ငံ, အီတာလျံနိုင်ငံများတွင်ရှိသော ထင်ရှားကြီးကျယ်သော ခရိုင်ကြီး, မြို့ကြီး၊ သင်းဘောဆိပ်ကြီး၊ တပ်မြို့၊ ခံမြို့၊ ခံကတုတ်၊ကြေးနန်းတိုက်၊ စာပို့တိုက်၊ ဘဏ်တိုက်၊ မြူဇယန်းတိုက်၊ အလုပ်ရုံ၊ စက်ရုံ၊ လက်နက်ရုံ၊သူနာရုံ၊ သူဆင်းရဲရုံ၊ အုံ့ပွဲရုံ၊ ဇာတ်ရုံ၊ အမျိုးဘာသာ-သာသနာကျောင်း ပညာသင်ကျောင်း စစ်သင်းဘော ကုန်သင်းဘောစသော အဆောက်အဦ အလုပ်အဆောင်များနှင့်တကွ နိုင်ငံမြို့ရွာကို စိုးအုပ်ပုံ မလေ့ထုံးစံ တရားဥပဒေ တည်နေပုံ ကုန်းကြောင်း ရေကြောင်း တစ်ဘွဲ့စည်းစောင့်ရှောက်ပုံမှစ၍ တိုင်းပြည်နိုင်ငံ၏ အလုပ်ကိစ္စ ကြည့်ရှုမှတ်သားဘွယ် ရှိသည်များကို တနှစ်ကျော်တိုင်တိုင် လှည့်လည်သွားရောက်ကြည့်ရှုမှတ်သား၍ နိုင်ငံခြားသံကြီး, ကုမ္ပဏီ ကုန်သည်ကြီးများနှင့် တွေ့ကြုံဆက်ဆံပြီးမှ ဥရောပတိုက် တိုင်းပြည်များက ပြန်လည်လာရာ ယင်းသည့် ကဆုန်လဆန်း ခြောက်ရက်နေ့ ရတနာပုံရွှေမြို့တော်ကြီးသို့ ဆိုက်ရောက်၍ ကင်းဝန်မင်းကြီးနှင့်တကွ သံအရာရှိတို့ နံ့သာနန်းတော်သို့ ဝင်ရောက်ခစားရာ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား ထွက်တော်မူ၍ အရပ်ရပ်မေးမြန်းစုံစမ်းတော်မူပြီးလျှင် သံအရာရှိတို့ကို ချီးမွမ်းတော်မူသည်။

ထိုနှစ် တပေါင်းလဆန်းငါးရက်နေ့ သုံးလူ့တောက်ပ လှေတော်ကို သံတော်ဆင့် ကျိုဝန်စာရေး ငွေတော်ဝယ်လူအုပ်နေမျိုးမင်းလှကျော်သူကို အုပ်ထိန်းရန် ခန့်တော်မူသည်။

ယင်းသည့် တပေါင်းလပြည့်ကျော်သုံးရက်နေ့ ကင်းဝန်မင်းကြီး-မင်းကြီးမဟာစည်သူကို သတိုး မင်းကြီးမဟာမင်းလှစည်သူ ဘွဲ့ပေးတော်မူသည်။

ယင်းသည့်နှစ် ပြင်သစ်နိုင်ငံသို့ သံတမန် စေလွှတ်တော်မူရန် ကင်းဝန်မင်းကြီး-သတိုးမင်းကြီးမဟာမင်းလှစည်သူကို သံကြီး၊ စာရေးတော်ကြီး မင်းလှစည်သူကို သံလတ်၊ လက်ဘက်ရည်တော် နေမျိုးမင်းထင်သူရိန်ကို သံငယ် ခန့်ထားတော်မူသည်။ နိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံ မဟာမိတ်စာချုပ် ချုပ်လုပ်ခဲ့ရင်း ပဥ္စမစာချုပ်ခြောက်ချက်တွင် ထပ်ဖြည့်၍ ရွှေပြည့်တော်တွင် ပြင်သစ်သံကြီး ကောင်ဒီရော်ရှုနှင့် အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် ကင်းဝန်မင်းကြီး သတိုးမင်းကြီးမဟာမင်းလှစည်သူတို့ ချုပ်ဆိုကြသည့် ဒုတိယစာချုပ်, ပြင်သစ်မင်းသို့ပေးရန် ရာဇသံများကို လက်မှတ်တော်တင်၍ ပြီးပြေရှိသည့်အတိုင်း လက်မှတ်တော်တင်ပြီး စာချုပ်နှစ်ရပ်ကို ပြင်သစ်သံကြီး ကောင်ဒီရော်ရှုသို့ ပေးအပ်လဲလှယ်ပြီးနောက် ရာဇသံ လက်ဆောင်တော်များနှင့်တကွ သနားတော်မူ၍ လွှတ်တော်သို့ ထုတ်ယူ အပြည့်အစုံ စီစဉ်ခင်းကျင်းထားပြီးလျှင် သက္ကရာဇ် (၁၂၃၅) တထောင့်နှစ်ရာ့သုံးဆဲ့ငါးခု တပေါင်းလပြည့်ကျော်ငါးရက်စနေနေ့ နေသုံးချက်တီးကျော် ငါးမောင်းအချိန် ကောင်းမြတ်သည့်အခါဖြစ်ကြောင်းနှင့် ပညာရှိတို့ ထွက်ဆိုချက်အတိုင်း ဝန်ရှင်တော် ကင်းဝန်မင်းကြီး မြို့တွင်းအိမ်က ထွက်၍ သန်လျက်မော် စံနန်းတော် ခန်းပတ်မြို့စားမင်းကြီး အိမ်မှာ စခန်းချရပ်သည်။

ယင်းသည့် လပြည့်ကျော် ခြောက်ရက်နေ့ လွှတ်တော်ရှိ ရာဇသံလက်ဆောင်တော်များကို အစီအစဉ် အခမ်းအနားနှင့် သန်လျက်မော် စံနန်းတော်လွှတ်တော်သို့ပို့ရသည်၊ ၎င်းလွှတ်တော်တွင် အသုံးစာရေးငသစ်, အဓိန့်တော်ရေးနော်ရထာစည်သူ, သစ္စာရေး ငရွှေအောင်တို့နှင့် သေနတ်အမှုထမ်း လူငါးဆယ်တို့ နေ့ညဥ့်စောင့်နေရသည်။

ယင်းသည့်လပြည့်ကျော် ခုနစ်ရက်နေ့ ဝန်ရှင်တော် ကင်းဝန်မင်းကြီး ရွှေရေးဆောင်တော်သို့ ဝင်၍ ခစားရာ ဝန်ရှင်တော် ခန်းပတ်မြို့စားမင်းကြီး,ယောမြို့စား အတွင်းဝန်, ရွှေတိုက်အတွင်းဝန်,ဗန်းမော်အတွင်းဝန်တို့ စုံညီရှိကြသည်၊ အီတာလျံနိုင်ငံသို့ရောက်သည့်ကာလ အီတာလျံအမျိုးသားကို ရွေးချယ်၍ ကောင်စစ်ကိုယ်စားလှယ်တော် ထားရလျှင်

အလုံးစုံသင့်မြတ်ကြောင်းနှင့် အမိန့်တော်မြတ်ခံရာ အကျိုးများစွာ ရှိသည့် အရာဖြစ်သည်၊ ဝန်ကြီးကင်းဝန်က နေရာကျအောင် ထားခဲ့စေ, ပြင်သစ် နိုင်ငံမှာလည်း ကုန်သည်ကြီးတို့နှင့် နေရာကျအောင် ဆက်လက်ကမ်း လှမ်းခဲ့စေ-အမိန့်တော်မြတ်ရှိသည်။

ယင်းသည့်လပြည့်ကျော် ဆယ်ရက်နေ့ ပြင်သစ်မင်းက ဆက်သည့် ခရန္တောပစ္စယဘယက်ကို ဝန်ရှင်တော်ကင်းဝန်မင်းကြီးက သနားတော် မြတ်ခံစေရန် ၎င်းအောက် ပစ္စခေါ်ဘယက်ကို စာရေးတော်ကြီးက သနားတော်မြတ်ခံစေရန် အမိန့်တော်စာနှင့် မြင်းသည်စေလွှတ် ပေးပို့ လာ၍ သနားတော်မြတ်ခံရသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့တရက်နေ့ ပြင်သစ်မြို့ ဝန်ကြီးချုပ်မှစ၍ အရာရှိလူကြီးခြောက်ဦးတို့ကို ပေးရန် တဆဲ့နှစ်သွယ် ရွှေစလွယ်ကုံးရေ နှစ်၊ ကိုးသွယ်ရွှေစလွယ်ကုံးရေ လေးများကို အမိန့်တော်နှင့် မြင်းသည် စေလွှတ်၍ ကင်းဝန်မင်းကြီးထံပို့ရသည်။

ကင်းဝန် မင်းကြီး သတိုး မင်းကြီး မဟာ မင်းလှစည်သူလည်း အမိန့် တော်မြတ်အတိုင်း အမှုတော်ရပ်များ ကုံတွင်အောင် ထမ်းရွက်ရန် သံလတ် သံငယ်တို့နှင့်တကွ ပြင်သစ်သံကြီး ကောင်ဒီရေဉ်ရှ, သံလတ် မာရကတ်ကြီးမှစ၍ ပြင်သစ်အရာရှိလေးဦးတို့ပါ သက္ကရာဇ် (၁၂၃၅) တထောင့်နှစ်ရာ့သုံးဆဲ့ငါးခု တပေါင်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ရတနာပုံရွှေမြို့တော် သန်လျက်မော်ဆိပ်ကမ်းက ရေနန်းစကြာ သင်း ဘောတော်နှင့် စုန်ဆင်းထွက်ခွာကြရ၏။

ထိုနှစ် နှောင်းတန်းခူးလဆန်း လေးရက်နေ့သံတော်ဆင့်ကျိဝန်စာရေး နေမျိုးမင်းလှကျော်သူကို ပေါင်းကတ္တိပါနီ,ရွှေသားပန်းကိုး, တမာရွက် ထောင်ကိုး, ရွှေစလွယ်ကိုးသွယ် သနားတော်မူသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော် များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ်(၁၂၃၅)တထောင့်နှစ်ရာ့သုံးဆဲ့ငါးခု နှောင်းတန်းခူး လပြည့်ကျော်ဆယ်ရက်နေ့ ညဉ့်သုံးချက်တီးကျော် တဆဲ့တရက် တနင်္ဂနွေနေ့သို့အဝင် ငါးနာရီနှစ်ပါဒ် ဆဲ့သုံးဗိဇနာ တပြန် သုံးခ ရာအချိန် သင်္ကြန်ကျသည်။၎င်းလပြည့်ကျော်တဆဲ့သုံးရက်အင်္ဂါနေ့ အတာနှစ်သစ် သက္ကရာဇ် (၁၂၃၆) တထောင့်နှစ်ရာ့ သုံးဆဲ့ ခြောက်ခုနှစ်သို့ တက်သည်။

## ၁၂၃၆-ခု

ထိုနှစ် ရဇ္ဇာဘိသေက မုဒ္ဒါဘိသိက်ခံ၍ ဥကင်တော်ဖွင့်တွင် တံဆိပ်နာမံတော်အသစ် ခံတော်မူမည်ကို သက္ကရာဇ် (၁၂၃၆) တဆောင့်နှစ် ရှာသုံးဆဲ့ခြောက်ခု ကဆုန်လဆန်း ၄ ါးရက်နေ့ ဇေတဝန် ဆောင်တော်တွင် ခွေးချိုဆရာတော်, ဆီးဖန်းနီဆရာတော်,မက္ခရာဆရာတော်,သစ်ဆိမ့်ဆရာတော်, လှထွေဆရာတော်, ဗန်းမော်ဆရာတော်, ဝိစိတ္တာရာမဆရာတော်, မဏ္ဍလာရာမတိုက်နေ ပုံဂံဆရာတော် ဦးဉာဏတို့နှင့် သားတော် မက္ခရာမင်းသား သုသီရိမဟာဓမ္မရာဇာ၊ ဝန်ကြီး ခန်းပတ်မြို့စား သတိုးမင်းကြီး သီရိမဟာဥဇနာ၊ ပညာရှိကန္နီအတွင်းဝန် မင်းကြီး မဟာမင်းခေါင်သင်္ခယာ၊ အတွင်းဝန် လယ်ဝန် ယောမြို့စားမင်းကြီးမင်းထင်ကျော်၊ အတွင်းဝန် ရွှေတိုက်ဝန် မင်းကြီးမင်းလှစည်သူ၊ ဗန်းမော် အတွင်းဝန် မင်းကြီးမဟာမင်းခေါင်ကျော်စွာ၊ ကင်းစဉ်ဝန်ထောက် မင်းကြီးမင်းလှမဟာကျော်ထင်၊ အရှင်နန်းမတော်ဘုရားဝန် မိုင်းနိုင်းမြို့စား မဟာသီရိဇေယသူ၊ အနောက်ဝန် မင်းကြီးမဟာတရဖျား၊ကျီဝန် မဟာမင်းကျော်စည်သူ၊ တရားသူကြီး မြို့သာဝန် မဟာမင်းကျော်ရာဇာ၊ တရားသူကြီး မဟာမင်းကျော်စည်သူ၊ သံတော်ဆင့် မင်းလှစည်သူကျော်၊ မင်းလှသီရိကျော်ခေါင်၊ ဝတ်မြေဝန် နေမျိုးသီရိနရာ၊ ပညာရှိ တောင်တွင်းကြီးမြို့ဝန် မဟာမင်းထင်စည်သူ၊ ပုဏ္ဏားပညာရှိ နာရီတော်မှူး သီရိကဝိန္ဒဝံသပြဟ္မာ၊သီရိဒေဝရာဇပြဟ္မာ၊သီရိဇာန္ဒဝံသ ပြဟ္မာ၊ မဟာသီရိသုပြဟ္မာ ဓမ္မရာဇဂုရု၊သီရိဘိဒြာပတိရာဇပုရောဟိတတို့အစုံအညီ အသျှင်နှစ်ပါးတံဆိပ်နာမံတော်ကို သဒ္ဒါနည်း,ဆန်းနည်း, အလင်္ကာနည်း,ဗေဒင်နည်းများနှင့် ရွေးချယ် တွက်ချက်လျှင်····သီရိပဝရ ဝိဇယာနန္တယသပဏ္ဍိတတြိဘဝနာဒိတျာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ” တံဆိပ်နာမံတော်ကြီးမှာ ပဌမ-ဘဂိုဏ်း,ဒုတိယ-နဂိုဏ်း, တတိယ-ယဂိုဏ်း, စတုတ္ထ-နဂိုဏ်း,ပဥ္စမ-ဘဂိုဏ်း, ဆဋ္ဌ-နဂိုဏ်း, သတ္တမ-မဂိုဏ်း, အဋ္ဌမ-နဂိုဏ်း, နဝမ-ဒသမ-ဧကာဒသမ-ယဂိုဏ်းအားဖြင့် အလုံးစုံ ဍာဠဖလဂိုဏ်းယှဉ်သည်။ ဂိုဏ်းစောင့်နက္ခတ်မှာ ဘုမ္မိဂဏ, သက္ကဂဏ, စန္ဒဂဏ, အဟ္မဂဏအားဖြင့် လေးပါး ကောင်းစွာယှဉ်သည်။ စုတ်မှာ သာဘစုတ် ဘရဏီနက္ခတ်ကြိုက်သည်။ အာနိသင်အကျိုးကိုထောက်လျှင် ဘုမ္မိဂိုဏ်း-ချမ်းသာ အထူးပွားများသည်။ သက္ကဂိုဏ်း-အရပ်ဌာနနှင့် မကွေမကွာရှိမည်။ စန္ဒဂိုဏ်း-အကျိုးအသစ် ရောက်

မည်။ အဘ္ဘုဂိုဏ်း-အခြွေအရံများမည်-ဆန်းဋီကာတို့၌ လာသောကြောင့် ကောင်းမွန်သင့်မြတ်သည်။ ဌာနမှာလည်း အစစ္စာ ခတ္တိယဝံသနှင့် ဟုဉ်သည်။ အတ္တနယကိုထောက်သော်–

သိရိ-သဒ္ဒါဖြင့် အဋ္ဌာရသသိပ္ပ၌ ကျွမ်းကျင် မြော်မြင်တော်မူသော ဘုန်းကြက်သရေအပေါင်းနှင့် ပြည့်စုံတော်မူခြင်းအနက်ကိုပြသည်။

ပဝရ-သဒ္ဒါဖြင့် ရာဇဓမ္မစသော တရားအကျင့် မြတ်သောအနက်ကို ပြသည်။

ဝိဇယ-သဒ္ဒါဖြင့် တရားနှင့်လျော်စွာ ရန်မာန်အပေါင်းတို့ကို နှိမ်နင်းအောင်မြင်ခြင်းအနက်ကို ပြသည်။

အနန္တယသ-သဒ္ဒါဖြင့် မဟာရာဇဌာနီ မည်သော ရတနာပုံနေပြည်တော်ကြီး အမှူးအကဲရှိသော တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းများ အသျှင် အထူးထူးသော သဝိညာဏက, အဝိညာဏက ရတနာအပေါင်းတို့သခင်ဖြစ်၍ ရေတွက်ခြင်းငှာ မဆုံးသော အခြံအရံ အကျော်အစောရှိခြင်းအနက်ကိုပြသည်။

ပဏ္ဍိတ–သဒ္ဒါဖြင့် ပစ္စုပ္ပန်၌ဖြစ်သော ကိုယ်တော်စီးပွား, သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဆွန့်ရှည်စွာ တည်တွန်းအံ့သောအကျိုးစီးပွား, သာသနာတော်မြတ် စီးပွားကို များစေနိုင်သော ပညာ, သမ္မာသမ္ဗောဓိ ဆုတည်းဟူသော တမလွန်စီးပွားကို များစေနိုင်သော ပညာနှင့် ပြည့်စုံတော်မူခြင်းအနက်ကို ပြသည်။

တြိဘဝနာဒိတျာဓိပတိ-သဒ္ဒါဖြင့် လောကသုံးပါးတွင် ထင်ရှားသော အာဒိစ္စဝံသ, စန္ဒရဝံသ နှစ်ပါးသော မင်းနွယ်တို့တွင် အာဒိစ္စ ဝံသ သာကီဝင်မင်းမျိုးမှ လာသော မင်းမြတ်တကာတို့စံရာဌာနဒေသ တိုင်းကြီး ပြည်ကြီး များသခင်ဖြစ်၍ နေမင်းမျိုးရိုးဖြစ်တော်မူသော အမင်းမင်းတို့၏ အသျှင်ဟူသော အနက်ကိုပြသည်။

မဟာဓမ္မရာဇ-သဒ္ဒါဖြင့် ဘေးလောင်းတော် ဘိုးလောင်းတော်အဆက်ဆက်မှ လာသော ဓမ္မသတ်, ရာဇသတ်,ထုံးပဝေဏီကို မပျောက်ပစေမူ၍ အပရိဟာနိယတရားကိုဖြည့်ကျင့်တော်မူသော မင်းမြတ်ဟူသော အနက်ကို ပြသည်။

အမိရာဇ-သဒ္ဒါဖြင့် ကျွန်းတကာတို့၏ အချက်အချာ ဇမ္ဗူဒီပါကျွန်း အပြင်၌ သာသနာတော်စီးပွား, တိုင်းနိုင်ငံသူတို့စီးပွားကို ရွက်ဆောင်တော်မူခြင်းဖြင့် မင်းတကာတို့ထက်လွန်ကျူးထူးမြတ်သော မင်းဟူသော အနက်ကိုပြသည်။

ဗေဒင်နည်းနှင့် နှိုင်းရှည့်လျှင် ဂိုဏ်းစောင့်နက္ခတ်, ဝဂ္ဂစက်, အသင့်, အကြွင်း အလုံးစုံ သင့်မြတ်သည်ဖြစ်၍ တစိုးတစိမျှအပြစ်မရှိ ကောင်းကျိုး ချမ်းသာ မင်္ဂလာသုတိ ဖြစ်ပွားရာသည်။

"သိရိပဝရအတုလတိလောကမဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ"အရှင်နန်းမတော်ဘုရား တံဆိပ်နာမံတော်မှာ ပဌမ-ဘဂိုဏ်း,ဒုတိယ-တတိယ-နဂိုဏ်း,စတုတ္ထ-ဘဂိုဏ်း, ပဉ္စမ-မဂိုဏ်း, ဆဋ္ဌ-ဘဂိုဏ်း, သတ္တမ-နဂိုဏ်း, အဋ္ဌမ-မဂိုဏ်းအားဖြင့် အလုံးစုံ ဇုဋ္ဌဖလဂိုဏ်းယှဉ်သည်၊ ဂိုဏ်းစောင့်နက္ခတ်မှာ ဘုမ္မိဂဏ, သတ္တဂဏ, စန္ဒဂဏအားဖြင့်သုံးပါး ကောင်းစွာယှဉ်သည်၊ စုတ်မှာသိဒ္ဓိစုတ် ဘရဏီနက္ခတ်ကြိုက်သည်၊ အာသံသအကျိုးကိုထောက်လျှင် ဘုမ္မိဂိုဏ်း-ချမ်းသာ အထူးပွားများသည်၊ သတ္တဂိုဏ်း-အရပ်ဌာနနှင့် မကွေမကွာရှိမည်၊ စန္ဒဂိုဏ်း-အကျိုးအသစ် ရောက်မည်၊ ဆန်းအလင်္ကာသဒ္ဒါနည်း, ဗေဒင်နည်းများနှင့် အလုံးစုံသင့်တင့်ညီညွတ်သည်ဖြစ်၍ တစိုးတစိမျှ အပြစ်မရှိ ကောင်းကျိုးချမ်းသာ မင်္ဂလာ ဖြစ်ပွားရာသော အကြောင်းနှင့် ရွေးချယ်၍-

ယင်းသည့်ကဆုန်လဆန်း ခြောက်ရက်နေ့ ရွှေနန်းဆောင်တော်တွင် ဝန်ရှင်တော်ခန်းပတ်မြို့စားမင်းကြီး, ကန်နီအတွင်းဝန်, ယောမြို့စားအတွင်းဝန်, ရွှေတိုက်အတွင်းဝန်, ဗန်းမော်အတွင်းဝန်, ကင်းစဉ်ဝန်ထောက်တို့ အစုံအညီ ဖတ်လျှောက် အမိန့်တော်မြတ်ခံရာ ထူးထွေအမိန့်တော်မြတ်ကို ဦးထိပ်ထက် မရွက်ရ ဆိတ်ဆိတ်နေတော်မူသည်ကို တဏှာဘာဝေနသမစိတ္တံ-ကောက်၍ သံတော်ဆင့် မင်းလှစည်သူကျော် မှတ်ရသည်။

ယင်းသည့်လ နဝရတ်ပွင့်စုံခြယ် ပတ္တမြားကိုးရစ်စီ ရွှေပေတော်များ၌ ရွှေနန်းတော်ဦးပြာသာဒ်ဆောင်တော်တွင် အခါတော်နှင့် ဝန်ကြီး, အတွင်းဝန်, မှူးတော်မတ်တော်တို့ ကြီးကြပ်၍ အသျှင်နှစ်ပါး၏ တံဆိပ်နာမံတော်ကို အက္ခရာဝဋ္ဋိ မှန်ကန်သေချာစွာ တံဆိပ်ဝန်က ရေးသားရသည်၊ သံတံဆိပ်တုံးတော်ကိုလည်း အတွင်းပန်းဘဲခေါင်းတို့က ထုလုပ်စေရသည်။

ထိုနှစ် ရင်္ဂာဘိသေက-မုဒ္ဓါဘိသိက်သွန်းခံတော်မူမည်ဖြစ်၍ ငွေသား စိန်မကိုဋ်တော်၊ ဒုရင်တော်၊ ဝဲယာစုလျားတော်၊ ရွှေဖုံး ဝဲယာသုံးသွယ်တော်၊ အနားငွေယက်ပြားသတ် ဘွဲ့ဖြူဝတ်လဲတော်များကို ရွှေတိုက်အရာရှိတို့ ကြပ်မ၍ ပုဏ္ဏားပညာရှိတို့အခါတော်ကြားသည်နှင့်တပြိုင်နက် စ၍ ချုပ်လုပ်ရသည်၊ ဒုရင်တော်၊ ဝဲယာစုလျားတော် သုံးဆင့် ရွှေဖုံး ဝဲယာတော်များမှာ ငွေဗုဇ္ဇန်ဆီခံ၍ ငွေကြယ်၊ ငွေချည်၊ငွေပိန္နဲဆူး၊ငွေဘူးနွယ်များနှင့် ခြယ်လှယ်ထိုးချုပ်ပြီးလျှင် အနား၌ ငွေချူများဆွဲရသည်၊ ယင်းသည့် ဒုရင်တော်ကိုမကိုဋ်ရွှေချည်ထိုးအမှုထမ်းနှစ်ဆဲ့သုံးက ဝတ်ကောင်းဝတ်သန့်နှင့် သနားတော်မြတ် ခံရသော နဝရတ်လက်စွပ်ကို ဝတ်ဆင်၍ ထိုးချုပ်ရသည်။ ပြီးကာလ ရွှေဒေါင်းပေါင်တွင် တင်၍ သံဃာတော် ရှစ်ပါးပင့်ပြီးလျှင် ပရိတ်တော် ခံရသည်။

ရင်္ဂာဘိသေက မုဒ္ဓါဘိသိက်ခံတော်မူရာ ရှေး-ဘေးတော်၊ဘိုးတော်၊ ဘကြီးတော်၊ ခမည်းတော်တို့ ခံသည့်ဘိသိက်နည်း သက္ကရာဇ် (၁၂၃၆) တထောင့်နှစ်ရာ့သုံးဆဲ့ခြောက်ခု ကဆုန်လ၌ ဘိသိက်ခံမဏ္ဍပ်သုံးဆောင် ဆောက်လုပ်ရန် သစ်ဝါးကြိမ်တို့ကို အသည်သားတို့က ရင်းဖျားမမှားစေရ မှတ်သားခုတ်ယူ၍ ပေးရလေ၏။

ယင်းသို့ သစ်ဝါးစုံလင်လတ်သော် နန်းတော်အရှေ့စူးစူး မြေအပြင် မင်္ဂလာမဏ္ဍပ် ဆောက်ရာအရပ်၌ ကောင်းမြတ်သော အခါတော်နှင့် ရွှေတွန်၊ ငွေတွန်၊ သံတွန် သုံးရပ်၊ ရွှေတွန်မှာ အမျိုးအရိုး သူဌေးမှန် သူ၏သား ဝါမောင်းသော တန်ဆာဆင်လျက် တွန်ရလေ၏။ ငွေတွန်မှာ အမျိုးစဉ်ဆက် သူကြွယ်မှန်သောသူ၏သား၊ နီမောင်းသော တန်ဆာဆင်လျက် တွန်ရလေ၏။ သံတွန်မှာ အမျိုးစဉ်ဆက်ကြီးသောတောင်သူကြီး၏သား စိမ်းသောတန်ဆာကိုဆင်လျက် တွန်ရလေ၏။ ထိုသုံးရပ်သော တွန်တို့၌သော်ကား နွားလားဥသဘနှင့် တွန်ရလေ၏။ ယင်းသို့ပြီးလတ်သော် နွားနို့ရည်ကို အနံ့ဖျန်း၍ နွားချေးမှုန့်ဖြင့် အနံ့ဖြူးရလေ၏။ ယင်းသို့ပြီးလတ်သော် မုယော၊နှမ်း၊ဝါ၊ ပြောင်း၊ပဲ၊စပါးများကို ကြဲဖြန့်ရလေ၏။ယင်းသို့ပြီးလတ်သော်ဒေါင်းခြိုလုံ့စွာကာလျက်ဟုံးနတ်ပူဇော်သော ပုဏ္ဏားတို့က စန္ဒီ၊ပရမီသွာ၊ဗိဿနိုးစသောနတ်တို့ကို လှည်းရထားဖြင့်တင်၍ ရာဇမတ္တက် ကျမ်းလာ ဂါထာမန္တန်တို့ကို ရွတ်ဖတ်ရလေ၏။ ယင်းသို့ပြီးလတ်သော် သံဃာတော်၊ ပုရောဟိတ်တဆဲ့နှစ်ပါး၊ သံဃာ

ဂိုဏ်းပြည့်, ဘူမိပါလစသော အောင်ခြင်းရှစ်ပါးအစုံ မင်္ဂလာသုတ်ပရိတ်, ရတနသုတ်ပရိတ်စသော ပရိတ်တော်တို့ကို ရွတ်ရလေ၏။ ကမ္ဘဝါစာလည်း ဖတ်ရ၏။

ပြီးလတ်သော် နတ်ပူဇော်ပုဏ္ဏားတို့က ကရဏသရိသျှ ဘူမိဇာလဂါထာကို ရွတ်လျက် ခရသင်းသံပေးရ၏။ ပြီးလတ်သော် မင်္ဂလာမဏ္ဍပ်ဆောက်ရန် သစ်ဝါး, ကြိမ်,အမိုး, ကန့်လန့်ကာတို့၌ ပရိတ်တော်ရေ, ခရသင်းရေတို့ဖြင့် ဖျန်းစေပြီးမှ ဟူးရားသေွးပုဏ္ဏားလေးယောက်နှင့် ဟူးရားတတ်ပုဏ္ဏား ရှစ်ယောက်တို့သည် ဖြူစင်သော တန်ဆာကိုဆင်လျက် ပန္နက်ချအခါတော် စောင့်ရ၏။ ပန္နက်ချသောသူမှာ သင်းဘောသားတို့ ညိုသောတန်ဆာကိုဆင်လျက် ရွှေပန္နက်ကို ကိုင်ရသည်။ပရိတ်ရွတ်ပုဏ္ဏားတို့မှာ နီသောတန်ဆာကိုဆင်လျက် ငွေပန္နက်ကိုကိုင်ရသည်။ လယ်သူကြီးတို့မှာ ပြာသောတန်ဆာကိုဆင်လျက် သံပန္နက်ကိုကိုင်ရသည်။ထိုသို့စုံလင်စွာ အခါနာရီညှိလျက်နေစေ၍ ကောင်းသောနက္ခတ်ရောက်လတ်သော် မိးပေါက်ခုနစ်လုံးကို ခုနစ်ကြိမ်ပစ်ဖောက်၍ မောင်း,ခွက်ခွင်း၊ ဒုံမင်း,ခရသင်းအသံတို့ဖြင့် တပြိုင်နက်တီးမှုတ်စေပြီးလျှင် ပန္နက်ကို တညီတညာတည်း ချရလေသည်၊ ဆောက်သောအခါ မူကား အသည်သားတို့က ဆောက်လုပ်မိုးကာရသည်။

မဏ္ဍပ်သုံးဆောင်၏ အမည်တော်ကား–သီဟာသနမဏ္ဍပ်, ဂဇာသနမဏ္ဍပ်,မောရာသနမဏ္ဍပ်၊ သီဟာသနမဏ္ဍပ်၌ ဖြူမောင်းသော တန်ဆာကို ခြယ်ရသည်။ ဂဇာသနမဏ္ဍပ်၌ နီခမောင်းသော တန်ဆာကို ခြယ်ရသည်။ မောရာသနမဏ္ဍပ်၌ ညိုမောင်းသော တန်ဆာကို ခြယ်ရသည်။ ပြီးသောအခါ သီဟာသနမဏ္ဍပ်မှာပရိတ်ရွတ်ပုဏ္ဏားတို့က စောင့်ရသည်။ ဂဇာသနမဏ္ဍပ်မှာ သင်းဘောသားတို့က စောင့်ရသည်။ မောရာသန မဏ္ဍပ်မှာ အသည့်သားတို့က စောင့်ရသည်။

ဘိသိက်သွန်းရန် မြစ်ရေတို့ကို အမျိုးအစဉ် နန်းရိုးမှန်သော မင်းသမီး ရှစ်ယောက်၊ အမျိုးစဉ်ဆက်မှန်သော ဘိသိက်မင်္ဂလာပုဏ္ဏားသမီး ရှစ်ယောက်၊အမျိုးစဉ်ဆက်မှန်သော အမတ်သမီးရှစ်ယောက်၊အမျိုးစဉ်ဆက်မှန်သော သူဌေးသမီး ရှစ်ယောက်၊ အမျိုးစဉ်ဆက်မှန်သော သူကြွယ်သမီး ရှစ်ယောက်တို့ ဆန်းကြယ်သော အဝတ်တန်ဆာကိုဝတ်ဆင်လျက် မင်းသမီးတို့မှာ ရွှေအိုး၊ ပုဏ္ဏားသမီးတို့မှာငွေအိုး၊ အမတ်သမီးတို့မှာမြေ

အိုး၊ သူဌေးသမီးတို့မှာ ကြေးအိုး၊ သူကြွယ်သမီးတို့မှာ သံအိုး-ထိုသို့အစုံ ကိုင်လျက် ဘိသိက်မင်္ဂလာတော်ဆက် ပုဏ္ဏားရှစ်ယောက် သာသနာပိုင် နှင့် စကြဝတေး လေးယောက်၊ အမတ်ရှစ်ယောက်၊ သူဌေး-သူကြွယ်၊ တောင်သူ-သင်းဘောတော်မှူး ရှစ်ယောက်စီ တူရိယာအစုံနှင့် ရွှေနန်း တော်က လာခဲ့၍ မြစ်ဆိပ်သို့ရောက်သော် မင်းသမီးတို့သော်ကား-ငှက် ဆင်လှေတော်မှာ စီးရသည်။ ပုဏ္ဏား သမီးတို့သော်ကား-ရွှေလောင်း လှေတော်မှာ စီးရသည်၊ အမတ်သမီးတို့သော်ကား-လွန်းကြင်လှေတော် မှာစီးရသည်။ သူဌေးသမီးတို့သော်ကား-ဗားမဲ့လှေတော်မှာ စီးရသည်။ သူကြွယ်သမီးတို့သော်ကား-မိကျောင်းလှေတော်မှာ စီးရသည်။ ဘိသိက် မင်္ဂလာပုဏ္ဏားတို့မှာ သဗ္ဗဒါနိလှေတော်၌စီးရသည်။ အမတ်ရှစ်ယောက် တို့မှာ အားတတ်လှေတော်၌ စီးရသည်။ သူဌေး-သူကြွယ်တို့မှာ ဂွတ်လှေ တော်၌ စီးရသည်။ သင်းမှူး တောင်သူကြီးတို့မှာ သရေလှေတော်၌ စီးရ သည်။ ယင်းသို့ပြီးလျှင် လှေတော်ထွက်သောအခါ မီးပေါက်ခုနစ်လုံး သုံးချက်စီ ပစ်ဖောက်ရလေသည်။ နတ်ပူဇော်ပုဏ္ဏားတို့သည်လည်း ခရု သင်းမှုတ်လျက် လိုက်ရသည်။ စောင်းတီးပုဏ္ဏားတို့သည်လည်း စောင်းတီး လျက် လိုက်ရသည်။

မြစ်ဂင်္ဂါစောင့် ဘီလူးအဟန်လည်း ဘီလူးနှင့် အသွင်အပြင်တူသော သူကိုစောင့်နေနှင့်စေ၍ ရေခပ်မည့်သူတို့ရောက်လျှင် ဘီလူးအဟန်စောင့် နေနှင့်သူက အဘယ်အလို့ငှာလာသည်ဟု သုံးကြိမ် ဝေါက်ငမ်း၍ မေးရ သည်၊ ပုရောဟိတ်ပုဏ္ဏားတို့က ရှေးဘေးလောင်းတော် မင်းအဆက်ဆက် မင်းကေရာဇ်တို့ ဘိသိက်မင်္ဂလာ စီရင်တော် မူသည့်နည်း ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော မင်းတရားကြီးသည် ထီးဆောင်းမင်္ဂလာ တော်ပြုရန် ရေတော်ခပ်လာရသည်ဟုဆိုလျှင် ဘီလူးအယောင် ဆောင် သူက သာသနာတော်စီးပွား၊ ပြည်သူ လူ ရဟန်းတို့စီးပွားကို တရားနှင့် ညီစွာ ကျင့်ဆောင်နိုင်အံ့လောဟု မေးရသည်၊ ပုရောဟိတ်ပုဏ္ဏားတို့က သာသနာတော်စီးပွား၊ ပြည်သူ လူ ရဟန်းတို့ စီးပွားကို တရားနှင့်အညီ ဆောင်လိုသောကြောင့် ဤသည့်ရေကို ခပ်လာရကြောင်းဆိုရသည်။

ဘီလူးအဟန် ဆောင်သူတို့က ဘုန်းတော်ကြီး၍ သက်တော်ရာကျော် ပတ်လုံး သာသနာတော်စီးပွား၊ ပြည်သူလူရဟန်းတို့စီးပွား၊ သားတော် အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်အခက် တိုးတက်ပွားစီး ကြီး မြတ်တော်မူသည် ဖြစ်စေသောဝ်-ကောင်းစွ, ကောင်းစွဆို၍ အခွင့်ပေး

ဆင်တော်မြိုင်ညို,ဘွဲ့ဇေယျယည်၊စီးလူ ငအောင်,ဘွဲ့-ဇေယစက်ရောင်၊ နှင်းဆီမ, ဘွဲ့-ယဉ်သာညင်၊ ဦးစီး ငခက်, ဘွဲ့-ရဲလှစွာ၊ မြင်းငယ်ဖြူထီး,ဘွဲ့ စံကျော်ယဉ်၊ စီးလူ ငထွန်းပေါ်,ဘွဲ့-စန္ဒရဲရိန်၊ မြင်းရွှေချိဝ်မ,ဘွဲ့-ယဉ်စံ ညင်၊ စီးလူငရွှေကျော်, ဘွဲ့-ရဲလွန်းစွ၊ [အနောက်မျက်နှာ လက်ယာက ခင်းရသည်]။

ဆင်တော် ဂမုန်းချောင်း,ဘွဲ့-ရန်တိုင်းနိုင်၊ ဦးစီး-ငဘိုးထေး,ဘွဲ့ -ရဲလှ ရန်နိုင်၊ မင်းတုတ်မ, ဘွဲ့-နတ်ချစ်ရန်၊ ဦးစီး-ငရွှေတုတ်, ဘွဲ့-နရာသိရိ၊ မြင်းဖောင်းဝက်ဖြူထီး, ဘွဲ့-ရဲရတနာ၊ စီးလူ ငလူ, ဘွဲ့-ရဲလှကျော်ထင်၊ မြင်းနီကျားမ, ဘွဲ့-နတ်သယဉ်၊ စီးလူငနှင်း, ဘွဲ့-နရာဇေယ၊ [အနောက် မြောက်က ခင်းရသည်။]

ဆင်တော်အင်တိုင်းသာ, ဘွဲ့-သံမြန်စွာ၊ ဦးစီးငဝင်း, ဘွဲ့-သီရိဂဇ၊ နန်းခါမ, ဘွဲ့-စံညင်သာ၊ ဦးစီးငတူ, ဘွဲ့-စန္ဒရဲသူ၊ မြင်းအုန်းခွံဖြူထီး, ဘွဲ့- သူတော်စင်၊ စီးလူ ငကြေယ်, ဘွဲ့-သူရကျော်စွာ၊ မြင်းနက်ကျားမ,ဘွဲ့-စံညင် သာ၊ စီးလူ ငထယ်, ဘွဲ့-စောလှရဲသူ၊ [မြောက်မျက်နှာလက်ဝဲက ခင်းရ သည်]။

ဆင်တော် ဘော့ပန်းခိုင်၊ ဘွဲ့-လေးကျွန်း ရန်သင်၊ ဦးစီး ငရွှန်း, ဘွဲ့-လက်ယာကျော်သူ၊ ကြည်းချောင်းမ, ဘွဲ့-သာလှယဉ်ဝင်း၊ ဦးစီးငဘဲ, ဘွဲ့-သီဟရဲလွန်၊ မြင်းနီမန်းကျည်းစေ့ထီး, ဘွဲ့-လေယဉ်သာ၊ စီးလူငကိုင်း ဘွဲ့-ဝဏ္ဏရဲသူ၊ မြင်းအုန်းခွံစအုမ, ဘွဲ့-သောမဝေလာ၊ စီးလူ ငကုလား, ဘွဲ့-သာလှရဲလွှန်၊[မြောက်မျက်နှာလက်ယာက ခင်းရသည်။]

ဆင်တော်စိန်ကလေး, ဘွဲ့-အောင်မျိုးပေါက်၊ ဦးစီး ငလှိုင်, ဘွဲ့-ဥဒိန် ရဲပေါ်၊လဲချားမ,ဘွဲ့-မုန်အာ၊ဦးစီးငမြတ်ဇေး, ဘွဲ့-ဘယရန်အောင်၊မြင်းဝါ ထီး,ဘွဲ့-အသယဉ်ပျံ၊စီးလူ ငသန့်,ဘွဲ့-အိန္ဒရဲပေါ်၊ မြင်းရွှေဝါမ,ဘွဲ့-ပန်း လှဦး၊ စီးလူ ငစံခအေး,ဘွဲ့-ပွဲတိုင်းအောင်။ [အရှေ့မြောက်ကခင်းရသည်]

သက္ကရာဇ် (၁၂၃၆) တထောင့်နှစ်ရာ့သုံးဆဲ့ခြောက်ခု နယုန်လပြည့် ကျော်နှစ်ရက် တနင်္လာနေ့ ဆင်စီးမြင်းစီးတို့မှာ စစ်ဝတ်တန်ဆာကို ဝတ် ဆင်၍ရှေ့တဆဲ့နှစ်တပ် လက်ဝဲအမတ် လက်ယာအမတ် အစဉ်အတိုင်း ရှေ့ဝင်းမှူး, လက်ဝဲဝင်းမှူးတို့လိုက်ရသည်။ နောက်တဆဲ့နှစ်တပ်မှာလည်း လက်ဝဲအမတ်,လက်ယာအမတ်, လက်ယာဝင်းမှူး,အနောက်ဝင်းမှူးတို့ စစ် အင်္ဂါလေးပါးစုံစွာ ခင်းကျင်း၍ အစဉ်အတိုင်းလိုက်ရသည်။ ထွက်တော် မူမည့် ပရွက်ကြောင်းလမ်းအမိုးတွင်းက လက်ဝဲလက်ယာ ဘိသိက်သွန်း

မြင်းအုန်းခွံမ, ဘွဲ့-လေယာဉ်ကျော်၊ စီးလူငကြာရှုန်း, ဘွဲ့-ဝေလုကျော်ခေါင်၊ [အရှေ့မျက်နှာ လက်ဝဲကခင်းရသည်]။

ဆင်တော်အင်းဝန်း,ဘွဲ့-ဥပေါ်ထွတ်တင်၊ ဦးစီးငမောင်ကလေး, ဘွဲ့-ဥဒိန္န၊ မိသဲမ, ဘွဲ့-နန်းတော်ဦး၊ ဦးစီးငကျော်သူ, ဘွဲ့-နာဂရန်အောင်၊ မြင်းစိုင်ထီး, ဘွဲ့-အောင်ပန်းထင်၊ စီးလူ ငရင်, ဘွဲ့-ဇုန္နကျော်ထင်၊ မြင်းသဟက်မ, ဘွဲ့-နတ်သရန်အောင်၊ စီးလူ ငကြီပေး, ဘွဲ့-နရာရန်အောင်၊ [အရှေ့မျက်နှာ လက်ယာက ခင်းရသည်]။

ဆင်တော်ဘိုးခေါင်, ဘွဲ့-ဇမ္ဗူသိမ်း၊ ဦးစီးငညို, ဘွဲ့-ဇေယသူ၊ဒဝယ်မ, ဘွဲ့-သောမရစည်၊ ဦးစီး ငထွန်းဦး, ဘွဲ့-သူရသာစည်၊ မြင်းနီထီး, ဘွဲ့-စံကျော်ယဉ်သာ၊ စီးလူ ငတက်ခါး, ဘွဲ့-စန္ဒရဲသူ၊ မြင်းဝါမ,ဘွဲ့-သာယင်စည်၊ စီးလူငအုန်းခိုင်, ဘွဲ့-သိဒ်သာစည်၊ [အရှေ့တောင်ကခင်းရသည်]။

ဆင်တော်တောင်ဝင်း, ဘွဲ့-လုလင်နာဂ၊ ဦးစီးငအောင်မင်း, ဘွဲ့-လုလင်ကျော်ခေါင်၊ ကြေ့ာသူမ,ဘွဲ့-ချစ်မဝ၊ ဦးစီးငဘား,ဘွဲ့-ဂဇလုလင်၊ မြင်းအုန်းခွံညိုထီး, ဘွဲ့-ဝေယာယဉ်ကျော်၊ စီးလူ ငပေ, ဘွဲ့-ဝေလုရဲကျော်၊ မြင်းစိုင်မ, ဘွဲ့-ကြေ့ာမျိုးလွန်၊ စီးလူ ငပါနောက်, ဘွဲ့-ကျော်ထင်လှ၊ [တောင်မျက်နှာ လက်ဝဲက ခင်းရသည်။]

ဆင်တော် စပါးခတာရွှေ,ဘွဲ့-ကောင်းချီးပြောင်မွန်၊ ဦးစီး ငချစ်သွေး,ဘွဲ့-ဂဇရဲမာန်၊မိချိုမ,ဘွဲ့-ဘိုးခေါင်ယဉ်စည်၊ ဦးစီးငတရုပ်, ဘွဲ့-ဗလပျံချီ၊ မြင်းနက်ထီး,ဘွဲ့-ကောင်းကင်ယဉ်ပျံ၊ စီးလူ ငရွက်, ဘွဲ့-ကျော်သူဒိပ္ပ၊ မြင်းညိုမ,ဘွဲ့-မြတ်ယာဉ်ကျော်၊စီးလူ ငပဲလှော်,ဘွဲ့-မြမြကျော်၊[တောင်မျက်နှာလက်ယာက ခင်းရသည်။]

ဆင်တော်အုန်းခိုင်, ဘွဲ့-နတ်ပေးရဲ၊ဦးစီး ငမှိုင်း, ဘွဲ့-နာဂနရာ၊ မိကွံမ, ဘွဲ့-ရတနာမန္တိ၊ ဦးစီး ငတူ,ဘွဲ့-ရာဇရဲတိုင်၊ မြင်းဖောင်းဝတ်ထီး, ဘွဲ့-နတ်ဆက်ရ၊ စီးလူ ငရွှေမြတ်, ဘွဲ့-နရာသူရဲ၊ မြင်းရွှေမ, ဘွဲ့-ယဉ်ကျော်ရတနာ၊ စီးလူ ငကြီး, ဘွဲ့-ရဲကျော်ထင်၊ [အနောက်တောင်က ခင်းရသည်။]

ဆင်တော်ညှာင်းပြည့်, ဘွဲ့-ဘုန်းတော်ဦး၊ ဦးစီး ငရန်ကွင်း, ဘွဲ့-ဗလရန်အောင်၊ မိုးကြွင်းမ, ဘွဲ့-အင်စုံပြည့်၊ ဦးစီးငကြီးညို, ဘွဲ့-ဥဒိန်ရဲပေါ်, မြင်းကြိုးကြားထီး, ဘွဲ့-မြတ်လှယဉ်အောင်၊ စီးလူ ငကြားရိုး, ဘွဲ့-ပုညရန်အောင်၊ မြင်းကြိုးကြာမ, ဘွဲ့-ဇုန္နယဉ်ပျံ၊ စီးလူ ငလူမောင်, ဘွဲ့-အောင်ဝွဲမိုင်၊ [အနောက်မျက်နှာ လက်ဝဲက ခင်းရသည်။]

မင်္ဂလာတော် ပုဏ္ဏားမျိုးတရာ၊ လက်ဝဲစကြဝတေး နှစ်ယောက်၊လက်ယာစကြဝတေး နှစ်ယောက်၊ သာသနာပိုင်ဆရာတော်၊ ပုဏ္ဏားဝန်ပုရောဟိတ်ဗြဟ္မာစန္ဒက နဝရတ်စီ လက်ယာရစ်ခရုသင်းကို ရွှေပန်းတောင်းနှင့်ထည့်၍ လက်နှစ်ဘက်စုံလျက် ကောင်းစွာကိုင်ကာ လိုက်ရသည်။ ဟူးရားတိုင်ဟူးရားတတ်ပုဏ္ဏားတရာ၊ နတ်ပူဇော်ပုဏ္ဏားတရာ၊ စောင်းတီး ပုဏ္ဏားတရာ၊ ပရိတ်ရွတ်ပုဏ္ဏားတရာ၊ ပန်းတင်ပုဏ္ဏားတရာ၊ ထိုငါးရာတို့မှာ ခရုသင်းမှုတ်၍ လိုက်ရသည်။ ဘိသိက်သွန်း မင်းသမီးရှစ်ယောက်၊ ပုဏ္ဏားသမီး, သူဌေးသမီး, သူကြွယ်သမီးတို့လည်း ရှစ်ယောက်စီ လိုက်ရသည်။ အခါတော်ကြီးလျှင် မြှောက်စည်, ဒုံမင်း, မောင်းကြေးနင်း, ခွက်ခွင်း, ပတ်သာ, ခရာ, စောင်းငြင်းစသော အသံဆယ်ပါးဖြင့် မြှောက်လျှင်းစေ၍ မိုးပေါက်တဆဲ့ငါးလုံး ခုနစ်ကြိမ် ပစ်ဖောက်ပြီးသောအခါ၌ မင်းညီမင်းသား မှူးတော်မတ်တော်မှစ၍ သာမန္တရာဇ်, ဘောဂရာဇ်,ပဒေသရာဇ်ထီးဆောင်းမင်းအပေါင်း ခြံရံတော်မူ၍ ဆဒ္ဒန်ဆင်မင်းသခင် · ဆဝရှင်မင်းတရားကြီးဘုရား မြတ်သော မိဖုရားခေါင်ကြီးနှင့်အတူ သိကြားနတ်မင်း၏အသရေကို ဆောင်တော်မူလျက် မင်းသမီးလေးပါးတို့ ဆနမဏ္ဍကအဆင်တန်ဆာကို ဆင်ယင်၍ ရွှေနှစ်ပါး နောက်နှစ်ပါး ရှိခိုးကာရှိနေသော ရွှေသားရတနာထမ်းစင်တော်ထက် စံပယ်တော်မူ၍ အခါစောင့်မင်္ဂလာမဏ္ဍပ်သို့ ထွက်တော်မူသည်၊ ရောက်ခတော်မူလျှင် မိုးပေါက်တဆဲ့ငါးလုံးခုနစ်ကြိမ်ပစ်ဖောက်ရသည်၊ ယင်းသောအခါ သာသနာပိုင်ဆရာတော် ဝိနည်းမိုရ်နှင့် ပုရောဟိတ်ဘဆဲ့နှစ်ပါးတို့က မြတ်စွာဘုရား ဟောတော်မူခဲ့သော ပိဋကတ်တော်ကို ဆောင်ယူသာခဲ့၍ သီဟာသနမဏ္ဍပ်၌ထားလေပြီးသော် နန်းဘော်သို့ဝင်၍ နန်းတော်စွန်းတွင် သံဃာတော်တရာ့ရှစ်ပါးတို့ ပရိတ်တော်ကို ရွတ်လေ၍ နန်းကိုပြည့်စုံးကြီးအမယ်ကဆေးရလေ၏။

အရှင်နှစ်ပါး အခါစောင့် မင်္ဂလာမဏ္ဍပ်တော်က မောရာသနမဏ္ဍပ်တော်သို့ ကူးပြောင်းစံတော်မူ၍ နန်းရမိဖုရားတို့ ဆက်သသော ဝတ်လဲတော်တို့ကိုလဲဆင်ဘော်မူသည်၊ ယင်းသည့်နောက်အခါတော်နီးကြောင်းနှင့် လျှောက်ထားလျှင် သိကြားရေစင်ခံ ဂဇာသနမဏ္ဍပ်တော်သို့ ကူးပြောင်းတော်မူ၍ရောက်လျှင်အခါတော်ကြား၍ မင်္ဂလာစကား ပညာရှိပုဏ္ဏားကလျှောက်ရသည်၊ အသင့်လုပ်ဆောင်ပြီးရှိသည့် ရတနာပန်းဆိုင်းနှင့် အပေါက်တထောင်ရှိသော ရွှေလင်ပန်းကန်တော့ကာကျသော ရေ

မျိုးစုံရောနှောထားသည့်သိကြားရေစင်ကို ရွှေပန်းတောင်းထက် နဝရတ်စီ ရွှေဖလားတင်၍ ခံယူပြီးလျှင် သမီးတော် မြဲတောင်မြို့စား စုဘုရား သီရိသုပဘာရတနာဒေဝီက ဘဝရှင်မင်းတရားကြီးဘုရားကိုသွန်းလောင်းရသည်၊ ပြီးလျှင် အမတ်သုံးယောက်တို့က ရွှေအိုးပေါင်း နှစ်ဆယ်နှင့်သွန်းလောင်းရသည်၊ ပြီးလျှင် နဝရတ်စီ လက်ယာရစ်ခရုသင်းဖြင့် ဆံတော်ဖျားကို ရမည်းသင်းမြို့စား စုဘုရား သီရိရတနာ သုပဘာဒေဝီက သွန်းလောင်းရသည်၊ ပြီးလျှင် ဂြဟာသျှင်္ဂိဂါထာကိုရွတ်၍ ဘိသက်တော်ဆက်ပုဏ္ဏား ဘိဒြာက လက်ယာရစ်ခရုသင်းဖြင့် ဆံတော်ဖျားကို သွန်းလောင်းရသည်၊ ပြီးလျှင် ဘုရားခုနစ်ဆူ အလှူတော်ကို တင်လှူရသည်။

ညလေးချက်တီးကျော်နှစ်နာရီသုံးပါဒ်အချိန် ငွေသားစိန်မကိုဋ်တော်, ဒုရင်တော်, ဝဲယာစုလျားတော်, ရွှေဖုံးဝဲယာသုံးသွယ်တော်, အနားငွေယက်ပြားသတ် ဘွဲ့ဖြူဝတ်လဲတော်များကို ရှစ်ပါးပုဏ္ဏားတို့က သိဒ္ဓိတင်၍ မိုင်းနောင်မြို့စား စုဘုရား သီရိသုရတနာမင်္ဂလာဒေဝီ, စလင်းမြို့စား စုဘုရား သီရိသုမြတ်စွာရတနာဒေဝီ, ရမည်းသင်းမြို့စား စုဘုရား သီရိသုသိင်္ဂါရတနာဒေဝီတို့ အစဉ်အတိုင်း ဆက်သရာ ဆင်ယင်တော်မူသည်။

ပြီးလျှင် အခါစောင့် နန်းတော်သို့ ကူးပြောင်းတော်မူ၍ ပဒေသာအလှူတော်များကို လှူတော်မူသည်တွင် နှခံတော်ပြေ့ကြီးမှူးက ရတုဖတ်လျှောက်ရသည်၊ ဂြိုဟ်နတ်တို့ကိုလည်း ပုဏ္ဏားတို့က ပူဇော်ရသည်၊ ပြီးလျှင် သီဟာသနမဏ္ဍပ်တော်ကို လက်ယာရစ်လှည့်၍ အရှေ့ဘက်သို့ရောက်လျှင် ရပ်တော်မူသည်၊ ဤအခါ ဗိသုကာဆရာကြီးတို့ ဆောက်လုပ်သည့်ဘိသိက်နန်းတော်ကို ပုရောဟိတ်ပုဏ္ဏား မင်္ဂလာစကားလျှောက်ဆို၍ ဖတ်ရသည်၊ ယင်းသည့်အခါ ပညာရှိ ပုဏ္ဏားမြဟ္မာစန္ဒက ထမင်းမိုးရွာ၍ထက်ဝန်းကျင်နေသူတို့ကို ကြွေးကြော်ရသည်၊ မြိမ့်မြိမ့်ငြာအောင်ပွဲသဘင်လည်း တီးမှုတ်ရသည်၊ ဘဝရှင်မင်းတရားကြီး ဘုရား မြေနန်းတော်သို့ တက်တော်မူ၍ သီဟာသန ရာဇပလ္လင်တော်မြောက်ဖက် မြေနန်းဦးသို့ရောက်လျှင် သန်လျက်တော်, တောင်ဝှေးတော်ကို ပုရောဟိတ်ပုဏ္ဏားက ဆက်သည်၊ မင်းသမီးတို့ကဥကင်တော်တံခါးဖွင့်လျှင်သန်လျက်တော်, တောင်ဝှေးတော်ကို စွဲကိုင်တော်မူလျက် "ဗုဒ္ဓံ ဓမ္မံ သံဃံ့ သရဏံ ဂတော၊ ဥပါသကတ္တံ ဒေသေသိ။ သကျပုတ္တဿ သာသနေ၊ သဒါဂုဏမုပေဟိတိ" ဟူသော ဂါထာကို ရွတ်တော်မူသည်၊ ပြီးလျှင်

ပုရောဟိတ်ပညာရှိပုဏ္ဏား ဇယဒေဝက လက်တော်ကိုမ၍ မင်္ဂလာစကား လျှောက်ဆိုရသည်၊ ပြီးလျှင် ဘဝရှင်မင်းတရားကြီးဘုရားလက်ယာခြေကို ချီတော်မူ၍ သီဟာသနရာဇပလ္လင်တော်သို့ မြတ်သော မိဖုရားခေါင်ကြီး နှင့် အတူ တက်စံတော်မူသည်၊ ပြီးလျှင် မင်္ဂလာ မင်းကြားစည်တော်က တီးရွှမ်း၍ ဘုရားခုနစ်ဆူ အလှူတော်ကိုလှူတော်မူသည်၊ မင်းရပ်တုတော် ပူဇော်တော်ပွဲလည်း ဆက်ရသည်၊ ပြီးလျှင် ရှစ်ပါးပုဏ္ဏားတို့က ဂါထာ ရွတ်၍ ထီးဖြူတော်, သင်းကျစ်တော်,သားမြီးယပ်တော်,သန်လျက်တော်, ခြေနင်းတော် မင်းမြောက်တန်ဆာ များကို အစဉ်အတိုင်း ဆက်ရသည်၊ ပြီးလျှင် သီရိ ပဝရ ဝိဇယာနန္တယသ ပဏ္ဍိတ တြိဘဝနာ ဒိတျာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ-မည်သော ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင် မင်း တရားကြီးဘုရား နဝရတ်ပွင့် နှစ် ပတ္တမြားကိုးရစ်စီ ရွှေပေ တံဆိပ် နာမံတော်ကို ပတ္တမြားအပြည့်စီ ရှစ်ထောင့်ကွမ်းခွက်နှင့်တင်၍ အတွင်း ဝန်ယောမြို့စား မင်းကြီး မင်းလှမဟာစည်သူ သုံးကြိမ်တိုင် ဖတ်လျှောက် ပြီးလျှင် သားတော် မက္ခရာ မြို့စားမင်းသား သုသီရိ မဟာဓမ္မရာဇာ ပိုက်ချီဆက်သသည်။

ပြီးလျှင် သီရိပဝရ အတုလတိလောက မဟာရာဇိန္ဒာဓိပတိ ရတနာ ဒေဝီ-မည်သော မိဖုရားခေါင်ကြီးဘုရား နဝရတ်ပွင့် နှစ် ပတ္တမြားကိုး ရစ်စီ ရွှေပေနာမံတော်ကို ပတ္တမြားအပြည့်စီ ရှစ်ထောင့် ကွမ်းခွက်နှင့် တင်၍ အတွင်းဝန် ကန္နီမြို့စား မင်းကြီး မင်းခေါင်သင်္ခယာ သုံးကြိမ်တိုင် ဖတ်လျှောက်၍ သားတော်ညောင်ရမ်းမြို့စား မင်းသား သုသီရိဓမ္မရာဇာ ပိုက်ချီဆက်သရသည်။

ညဉ့်လေးချက်တီးကျော် ခြောက်နာရီ တပါဒ်အချိန် သမီးတော်ရှစ် ယောက်ဘို့ ဆန်းကြယ်သော ဃနမတ္တက အဆင်တန်ဆာကို ဆင်ယင်၍ သမီးတော် ရမည်းသင်းမြို့စား စုဘုရား သီရိရတနာ သုဂ္ဂဘာဒေဝီက ရွှေခြယ်လက်ယာရစ်ခရုသင်းတော်ကိုင်ပြီးလျှင် ဂင်္ဂါ ါးရပ်ရေကို စုံစွာ ထည့်၍ လက်နှစ်ဘက်စုံလျက် ကောင်းမွန်ရိုသေစွာ ဘဝရှင် မင်းတရား ကြီးဘုရား ဦးထိပ်၌ စိုက်ပြီးလျှင် "အရှင်မင်းကြီး-ရှေးဦးစွာကမ္ဘာအစ၌ဖြစ် သော မဟာသမ္မတ မင်းကောင်းမင်းမြတ်တို့ ကျင့်တော်မူသော တရား ကို မြဲစွဲစွာ ကျင့်ဆောက်တည်တော် မူပါလော့၊ အရှင်မင်းကြီး-ခပ်သိမ်း သော ပြည်ထောင်မင်းတို့ကို အမျက်မသွန်စေခြင်း၊ ခပ်သိမ်းသော သူတို့ ကို ကော င်းချီးမြောက်ခြင်း၊ ခပ်သိမ်းသောသူတို့အား ရင်တော်သားအမျှ

ချစ်သနားခြင်း၊ ခပ်သိမ်းသောသူတို့ စီးပွားကိုဆောင်ခြင်း၊ ခပ်သိမ်းသော သူတို့အသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ ထင်မှတ်ခြင်းပြုပါလော့၊ အရှင်မင်းကြီး-လောဘ ဒေါသတို့၏ ဝိတ်ပင်ခြင်းကို ကင်းစေ၍ အဝိဇ္ဇာမိုက်မဲ့စွာသော မောဟတရားကို လင်းတော်မူပါလော့၊အရှင်မင်းကြီး-ကြက်သရေရှိသော အမှုကိုသာပြုခြင်း၊ ကြက်သရေရှိသောစကားကိုသာ ဆိုခြင်း၊ ကြက်သရေရှိသော လုံ့လအကြံကိုသာ ကြံခြင်းတို့ကို ပြုတော်မူပါလော့" ဟူသောစကားကို မင်းသမီးရှစ်ယောက်တို့ ဆိုလေ၍ ဘဝရှင်မင်းတရားကြီးဘုရား ဦးထိပ်၌ ဘိသိက်ရေကို သွန်းကုန်၏။

ထို့နောက် ဘိသိက်မင်္ဂလာတော်ရ အမျိုးမှန်သော ပုဏ္ဏားရှစ်ယောက်တို့သည် သနားတော်မြတ်ခံရသော တန်ဆာကို ဝတ်ဆင်လျက် ပုဏ္ဏားဝန် ဗြဟ္မာစန္ဒက ဂင်္ဂါငါးရပ်ရေကို ငွေခြိယ် လက်ယာရစ်ခရုသင်းတွင် ထည့်ပြန်၍ လက်နှစ်ဘက်စုံလျက် ကောင်းမွန်ရှိသေစွာ ဘဝရှင်မင်းတရားကြီးဘုရား ဦးထိပ်၌စိုက်ပြီးလျှင် "ဇာတိဝိသော, သွာက္ခာတော, သုပ္ပဋိပန္နော"စသော ဂုဏ်တော်ကိုရွတ်ဆို၍ သာသနာတော်ပွင့်လန်းအောင်ပြုပါလော့၊"အရှင်မင်းကြီး-ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အားကိုယ်သားနှင့်အမျှ ချစ်ခင်ခြင်း၊ ပြည်သူတို့၏ စီးပွားကို ကိုယ်တော်၏ စီးပွား, ခပ်သိမ်းသော သတ္တဝါတို့၏ ဇီဝိတိန္ဒြေအသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ စောင့်တော်မူပါလော့၊အရှင်မင်းကြီး-ခပ်သိမ်းသော ပြည်ထောင်မင်းတို့အား အမျက်မလွှန်ခြင်း၊ တရား၌စောင့်ခြင်း၊ ပညာရှိစကားကို နာလွယ်ခြင်းများကို အမြဲစောင့်ထိန်းတော်မူပါလော့"···· ထိုစကားကို ပုဏ္ဏားရှစ်ယောက်တို့ ဆိုလေ၍ ဘဝရှင်မင်းတရားကြီးဘုရား ဦးထိပ်၌ ဘိသိက်ရေကို သွန်းကုန်၏။

ထို့နောက် အရိုးအမျိုးမှန်သော သူဌေးရှစ်ယောက်တို့သည် သနားတော်မြတ်ခံရသော တန်ဆာကိုဝတ်လျက် သူဌေးသွေးသောက်ကြီးမဟာသီရိမနရာဇာက ဂင်္ဂါငါးရပ်ရေကို ရတနာမျိုးခြိယ် လက်ယာရစ် ခရုသင်းတွင် ထည့်ပြန်၍ လက်နှစ်ဘက်စုံလျက် ကောင်းမွန်ရှိသေစွာ ဘဝရှင်မင်းတရားကြီးဘုရား ဦးထိပ်၌စိုက်ပြီးလျှင် "အရှင်မင်းကြီး-ခပ်သိမ်းသော သူတို့အား ကိုယ်တော်၏အသက်ကို စောင့်သကဲ့သို့ စောင့်တော်မူပါလော့၊ အရှင်မင်းကြီး-ခပ်သိမ်းသောသူတို့၏ စီးပွားကို ကိုယ်တော်၏ စီးပွားကဲ့သို့ စောင့်ထိန်းခြင်း၊ ပြည်ထောင်မင်းတို့အား အမျက်ကိုမလွှန်ခြင်း၊ ပြည်သူ့ဥစ္စာ အခွန်ဘဏ္ဍာခံယူရာ၌ တရားနှင့် လျော်ညီအောင်

စောင့်ထိန်းခြင်း၊ တရားမသိ ပြိန်းဖျင်းသွမ်းသွပ်သောသူတို့ကိုရှောင်ခြင်း၊ ပဏ္ဍိတလိမ္မာသောသူ၏စကားကိုနာလွယ်ခြင်းများကိုပြုတော်မူပါလော့” ဟူသောစကားကို သူဌေးရှစ်ယောက်တို့ ဆိုလေ၍ ဘဝရှင်မင်းတရားကြီးဘုရား ဦးထိပ်၌ ဘိသိက်ရေကို သွန်းကုန်၏။

ယင်းသို့ နောက်မှတုံသော် တဖန် သူဌေးရှစ်ယောက်တို့ ဆိုပြန်သည်ကား- “အရှင်မင်းကြီး-အကျွန်ုပ်တို့ သွန်းလောင်းသောရေစက်ကိုခံတော်မူ၍ အကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်ဆောင်တော်မူ၍ ပြည်သူ့လုပ်ခွန် ဆယ်ဘို့တဘို့ခံယူစားသုံးတော်မူ၍ မင်း၏စည်းစိမ်ကိုခံစံပြီးသော် ပြည်သူကို တရားသဖြင့် စောင့်တော်မူပါလော့၊ အရှင်မင်းကြီး-အကျွန်ုပ်တို့ ဆိုသောစကားအတိုင်း ကျင့်တော်မူပါသော်ကား ပစ္စုပ္ပန်,သံသရာနှစ်ဖြာအကျိုး တက်တိုးလေလျက် တက်သစ်သောနေ ဆန်းသစ်သောလကဲ့သို့ တနေ့တပါး ကြက်သရေတော် ပွင့်လင်း၍ ပြည်ထောင်မင်းပေါင်း ဦးခေါင်းညွှတ်လာ သဗ္ဗါပြည့်ဖြိုး သူခိုးဓားပြ ငြိမ်းချမ်းသာယာ သာသနာတော် တည်ထွန်း ရေစာမရှား မင်းအားပြည်သူ ဆုယူနေ့တိုင်း ကောင်းချီးပေးလျက် သက်တော်ရာကျော် စံတော်မူရသည်ဖြစ်စေသောဝ်။ ယင်းသို့မဟုတ်-အကျွန်ုပ်တို့ စကားအတိုင်း မတည် မင်းကောင်း မင်းမြတ်တို့ ဝန်ခံသော ဘိသိက်သစ္စာပျက်ပချေသော် ကမ္ဘာဆူဝေ လေမုန်တိုင်းဆင် လျှင်တော်သည်း မြေကြီးကွဲ၍ ငရဲမီးလျှံ ဝင်းဝင်း ပြောင်ပြောင် တောက်လောင်ကြေညက် သူပျက်သူလောင် ထောင်သောင်းထားထား ခိုးသားတန်ု့ စသည်တွေတွေ နေလတံ့ခွန် ငှက်ပျံငှက်ယုတ် စုန်းဘုတ်တစ္ဆေ နန်းထက်နေ၍ မွေ့မွေ့လှန့်ချောက် မြေပြေဟောင်းနန်းကျား တက်၍စားသည် ဖြစ်စေသောဝ်—ဟူသောစကားကိုဆိုကုန်၏။

ပြီးလျှင် အင်္ဂုလိမာလသုတ်-စသောဂါထာကို အရှေ့သို့မျက်နှာမူ၍ ရွတ်တော်မူသည်၊ ပြီးလျှင်ရွှေကရားကိုကိုင်တော်မူလျက် မြေမှုန့်လုံးမှ ကျုံး၍ ချသို့ ဒါနဟူသော အလှူအားဖြင့် ဤရွှေနန်းတော်ကို ငါရသည်၊ ပြည်သူ လူ ရဟန်း ချမ်းသာကို ငါရှာအံ့ တရားဆယ်ပါးကို ကျင့်အံ့ အသက်မြင့်ရှည်တည်လိုသောဝ်, ရန်မာန်ခပ်သိမ်းကို အောင်လိုသောဝ်, ဆင်ဖြူရတနာ သမီးကညာ ရလိုသောဝ်, ဘုန်းတန်းခိုးအာဏာ အသရေတက်နေကဲ့သို့ ထွန်းပသည်ဖြစ်စေသောဝ်—မိဋ္ဌာန်သစ္စာကို ဆိုတော်မူ၍ ရွှေကရားနှင့် ရေစက်သွန်းတော်မူပြီးလျှင် ဂုဏ်တော်မြတ် သုံးပါးကို နှလုံးသား၍ စံနေတော်မူသည်။

ရွှေမြို့တော်ပတ်လည်ဝန်းကျင် အကြေအညာ တယူဇနာစီ သေးမဲ့ပေးတော်မူပြီးလျှင် ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း စော်ဘွား မြို့စား မြို့ဝန် စစ်ကဲတို့ထံ ရာဇဝတ်မှု,တရားမမှုများနှင့် အရပ်ရပ် ထောင်တန်း အကျဉ်းခံနေရသူ သားငှက်တိရစ္ဆာန်အလှောင်အထားရှိသည်များကို တချိန်တခါတည်း လွှတ်ရန် နိုင်ငံတော်အတွင်း အစောင့်အရှောက်မရှိသည့် ထင်း,မြက်,ရေ, သစ်သီး, သစ်ပွင့်, အမြစ်များကို ရဟန်းပုဏ္ဏားတို့အား ခွင့်ပေးတော်မူသည်။ ယင်းသည့်အမိန့်တော်သုံးရပ်ကို သံတော်ဆင့်ဖတ်လျှောက်၍ နာခံတော်သို့ အပ်ရသည်။

ပြီးလျှင် ရှစ်ပါး ပုဏ္ဏားတို့ ဘိသိက်တော် ဆက်၍ ဘိသိက်ပန်းကို အတွင်းဝန် ရွှေတိုက်ဝန် မင်းကြီးမင်းလှစည်သူက ဆက်ရသည်။

ပြီးလျှင် လေးကျွန်းမင်းနှင့် ကန်တော့လက်ဆောင်တော် အဆက်အသ ခန့်ထားသူအရာရှိတို့ ရွှေရုံးတော်ကဆင်း၍ ရွှေနန်းတော်နှင့် ဆိုတည့်ရောက်ကာလ ရှမ်းသံတော်ခံက လက်ဆောင်တော်စာချွန်ထန်းဖူးညွှန့်ရှည်များကို ရင်းဖျားဝဲယာ ကိုင်မလျက် ဝင့်ဝိုက်ကာ ဟန်လှနှင့်ဆက်သလာရသည်၊ ဤကဲ့သို့လာရာ ရွှေးတော်ယူတံခါးအနီးသို့ ရောက်ကာလ တကြိမ်၊ တံခါးနီတော်အနီးသို့ ရောက်ကာလတကြိမ်၊ သီဟာသန မဏ္ဍပ်တော်ဦး ရောက်ကာလတကြိမ် သုံးကြိမ်တိုင် တုပ်ပျပ်ကာဦးညွှတ်ကြရသည်။ လက်ဆောင်တော်စာနှင့် ရှမ်းသံတော်ခံမှာ ရွှေမျက်နှာက, ကျန်အရာရှိတို့မှာ လက်ဝဲလက်ယာကဝင်၍ ခစား နေထိုင်ရသည်။ ကန်တော့ လက်ဆောင်တော်စာများကိုလည်း မြန်မာသံတော်ခံတို့က အသံရင့်လေးစွာ အလှည့်အလည် ဖတ်လျှောက်ကြရသည်။

ပြီးလျှင် မင်းသမီး မင်္ဂလာစကားလျှောက်ဆို၍ ငွေမောင်း,ငွေသံလွင်တီးရသည်၊ ပြီးလျှင် သီဟာသန ရာဇပလ္လင်ပေါ်က လက်ယာခြေတော်ကို ရှေးဦးစွာချီလျက် ဆဒ္ဒန်ဆင်မင့်းသခင် ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးနှင့် အတူ သက်တော်မူ၍ လက်ဝဲမာရဘင် တံခါးက ထွက်ပြီးလျှင် ရာဇပလ္လင်တော်လှည့်လည် လက်ယာမာရဘင် တံခါးက ဝင်၍သလွန်တော်ပေါ်မှာစံတော်မူသည်။ယင်းသည့်နောက်ပွဲတော်ဦးကို တဝက်ခွဲ၍ နံတော်သင့်ဘုရားမှာ တင်လှူပြီးလျှင် ကြောင်နှင့်လူကိုကျွေးရသည်၊ တနာရီခန့်ရှိလျှင် ပွဲတော်တည်တော်မူသည်။ ပြီးလျှင်ဆဒ္ဒန်ဆင်

မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရား မြတ်သော မိဖုရားခေါင်ကြီးနှင့် အတူ မြေနန်းတော်ဦး မင်းတက်လှေကားက ရွှေနန်းတော်ကြီးသို့ တက် တော်မူသည်။

သက္ကရာဇ် (၁၂၃၆) တထောင့်နှစ်ရာ့သုံးဆဲ့ခြောက်ခု နယုန်လပြည့်ကျော် ကိုးရက် တနင်္လာနေ့ နေတချက်တီးကျော် ခြောက်မောင်းအချိန် ထွက်တော်မမူမီ မင်းညီမင်းသား မှူးတော်မတ်တော်တို့ သနားတော်မြတ် ခံရသည့် အဝတ်အဆင် အဆောင်အရွက်များကို ဝတ်ဆင်ခင်းကျင်း ကန်တော့ပွဲတက်ဝင်ကြရာ အရောက်စုံညီလျှင် ဆဋ္ဌန်ဆင်မင်းသခင် ဘဝ ရှင်မင်းတရားကြီးဘုရား မကိုဋ်ဒုရင်တော်, ခြေနင်း,သားမြီးယပ်၊ နန်းမ တော်မိဖုရားခေါင်ကြီးဘုရားမှာလည်း ဥဂ္ဂတ်တော်, မဟာလ္လတာတန်ဆာ တော်ကို ဆင်ယင်တော်မူ၍ မြေနန်းပြာသာဒ်တော်ကြီး ခြသေ့ခံသော သီဟာသနရာဇပလ္လင်တော် စောင်းတန်းဦးတွင် ရပ်တော်မူရာ ပညာရှိ ပုဏ္ဏားတို့ အခါတော်လျှောက်ကြားလျှင် လက်ယာခြေတော်ကို ရှေးဦး စွာ ချီတော်မူ၍ ရာဇပလ္လင်ပေါ်သို့ တက်စံ စံပယ်တော်မူသည်။ ယင်း သည့်အခါ ရှစ်ပါးပုဏ္ဏားတို့က ဘိသိက်တော်ဆက်၍ ဘိသိက်ပန်းကို ရွှေတိုက်အတွင်းဝန် မင်းကြီးမင်းလှစည်သူဆက်ရသည်။ ပြီးလျှင် ဘုရား ခုနစ်ဆူ အလှူတော်ကို တင်လှူတော်မူသည်။

ပြီးလျှင် ဥပမိသမ္ဗုတ္တိတည်းဟူသော မင်္ဂလာနှင့် ပြည့်စုံသော ငယ်လင် ငယ်မယား သားသမီးနှင့် ပြည့်စုံသူကို စာတမ်း စာရင်းထွက် ရှိသည့် အတိုင်း သက်တော်ရှည်ဘွဲ့ သနားတော်မြတ်ခံစေ၍ ၎င်းသက်တော် ရှည်အမတ်ကို "သက်တော်ရှည်-သက်တော်ရှည်-သက်တော်ရှည်" သုံး ကြိမ်ခေါ်၍ ကောင်းမြတ်သောမင်္ဂလာအခါတော်၌ ထီးနန်းဥက္ကာသ် ဖွင့် တော်မူသည်မှာ သာသနာတော်မြတ်စီးပွား, ငါအရှင်ကေရာဇ်မင်းမြတ် စီးပွား, သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် စီးပွား, ပြည်သူသတ္တဝါအပေါင်းတို့ စီးပွားကို သက်တော်ရာကျော် ရှည်တော်မူ ၍ ဆောင်နိုင်မည်အကြောင်း ဖြစ်သည်ဟု အဓိန့်တော်မြတ်ရှိသည်။

ပြီးလျှင် သက်တော်ရှည်အမတ်က မင်္ဂလာစကားလျှောက်ရသည်။ ပြီး လျှင် မင်းမိဖုရား မင်းညီမင်းသား မင်းသမီး မှူးတော် မတ်တော်တို့ကို မြို့ရွာကံကျေး ဘွဲ့အစီးအနင်း အဆောင်အရွက် သနားတော်မူသည်။

ပြီးလျှင် ဆင်တော်မြင်းတော်များကို ဘွဲ့တပ်ရသည်။ ပြီးလျှင် တံခါးနီတော်ပြင်မှ ဗောင်းနားဒေါင်း ဝတ်လုံစလွယ်ဆင်၍ လက်နှစ်ဘက်စုံလျက် စာချွန်ဘော်ကို ရိုသေစွာကိုင်ဆောင်ပြီးလျှင် ဟန်လှနှင့် ဝင်လာရောက်ရှိနေသော အဝေးရောက် လက်ဝဲသံတော်ခံ လက်ယာသံတော်ခံတို့က ရှိခိုးလက်ဆောင်တော်စာကို ဖတ်လျှောက်ရသည်။ ပြီးလျှင် လက်ဆောင်တော်သိမ်း၍ နာခံတော်က ရတုလျှောက်ရသည်။ ပြီးလျှင် နာရီတော်မှူးက ငွေမောင်းငါးချက်ခတ်၍ ဝင်တော်မူသည်။

### မြို့သိမ်းခြင်း၊ ရဟန်းလောင်း၊ ရှင်လောင်းတော် ပဋ္ဌမတထောင်ပြန်ခြင်း၊သားတော်များ ရှင်ပြုခြင်း၊အမြင့်မြို့အုပ် မဏ္ဍရာမင်းသားထံဝင်၍ အမှုဖြစ်ခြင်း

ယင်းသည့်လ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားမှာ ရတနာမကိုဋ်တော်, ရတနာဒုရင်တော်များကို ဆင်ယင်တော် မူလျက် မြတ်သောမိဖုရားခေါင်ကြီးဘုရားနှင့်တကွ မင်းမိဖုရား မင်းညီမင်းသားမှူးတော်မတ်တော်အပေါင်း ခြံရံလျက် စကြာမင်း၏ အသရေတော်ကို ဆောင်ယူပြီးလျှင် ရွှေနန်းတော်က အရှေ့မျက်နှာ ဦးထိပ်တံခါးသို့ ရထားတော်နှင့် ထွက်စံတော်မူသည်။ ရောက်လျှင် ကရဝိက် ရွှေဖောင်တော်ထက် တက်စံတော်မူ၍ လက်ရွှေးကြီး, လက်သစ်, ပြည်လုံးအုံ့, ရွှေးကြီးစသော လှော်ကားတော်စင်းရေ တဆဲ့ခြောက်၊ ရွှေတုံး,မင်းစံ, တောင်လုံးမိုင်း, ရွှေလောင်းကြီး, ယဉ်ပုံ, စိန်တုံး, မဂ်လာရန်နင်း, တဲကြီး,စံရွှေးစသော ခတ်လှေတော်စင်းရေ နှစ်ဆဲ့ရှစ်၊ ပုလိပ်ရွှေခဲ, အစေခံတောင်လုံး, ပွဲတိုင်းကျော်, ထွက်ဟိုင်းရ, ကြာဖက်ဆောင်းစသော လှော်လှေတော်စင်းရေ နှစ်ဆဲ့နှစ်၊ သုံးလူ့တောက်ပ,သုံးလူ့ပူဇော်စသောလောင်းတော်စင်းရေ နှစ်ဆဲ့ကိုး၊ ဝန်ကြီး,အတွင်းဝန်, ဝန်ထောက်, သံတော်ဆင့်,စာရေးကြီးစသည်တို့မှာ သနားတော်မြတ်ခံရသည့် ရာထူးအလိုက် စီးနင်းရသော လှော်ကားစင်းရေ ငါးဆယ်တို့ဖြင့် ခြံရံလျက် မင်္ဂလာအမြောက်သံကြား၍ လှော်ကားတော်ကြီး လေးစင်းက လူးတားလျှောက်ဆို, ပုံမောင်းနရည်းဆရာသံပေးသည်နှင့် တပြိုင်နက် အသီးအသီး တီးမှုတ်ကခုန်လျက် သုံးဆဲ့ခုနစ်ပါးသော တက်ရေးတက်ချင်းတို့ဖြင့် ကျုံးတော်အလုံးပဲ့တင်ထပ်မျှ လက်ယာရစ် လှည့်တော်မူ၍ ရတနာပုံရွှေမြို့တော်ကြီးကို သိမ်းတော်မူသည်။

ကုန်းကြောင်းကလည်း နမန္တာဘက်, ခတ်ဘက်,ဆင်,မြင်း, ရထား, ခြေသည်သူရဲ, စစ်အင်္ဂါလေးပါးဖြင့် ကျုံးတော် မြို့တော်ကို အထပ်ထပ် ဝန်းရံခင်းကျင်းစေ၍ အာဂရှင်မင်းတရားကြီးဘုရား ရွှေနန်းတော်သို့ ဝင်တော်မူသည့်နောက်မှ ရပ်သိမ်းရသည်။

ထိုနှစ် နယုန်လဆန်း ရှစ်ရက်နေ့က စ၍ ဝါဆိုလဆန်း ရှစ်ရက်နေ့တိုင် မန္တလေးတောင်၏အနီး သုဓမ္မာစရပ်တော်နှင့် စန္ဒာမုနိဘုရားပြင်ယံရှိ စရပ်တော်များတွင် ဝဲယာခွဲ၍ တံဆိပ်တော်ရ ဆရာတော် သံဃာတော်တို့ ကြပ်မလျက် ပဌမကျော်တစ်၊ ပဌမကြီးတကျိပ်ကိုး၊ ပဌမလတ်, ပဌမငယ်စသော အတန်းအဆင့်ရှိသည့် ပဌမစာတော်ပြန် ပဏ္ဍင်းလောင်းတော် ရှင်လောင်းတော် ဦးရေတထောင်တို့ တလတိုင် ပဌမစာတော်ပြန်ဆိုမြဲပြန်ဆိုကြရသည်၊ ပဌမစာတော်ပြန်ဆိုသူတို့မှာ ပဌမကျော်နှင့် ပဌမကြီး များမှာ–ပတ္တမြား နားဒောင်း, ပတ္တမြားလက်ကောက်, ပုတီး, လက်စွပ်, စလွယ် ဆင်ယင်၍ ရွှေထီးလေးချက်ဆောင်းမိုး၍ လူဆွဲရွှေရထားဘော်ထက်စီးရသည်၊ အဆောင်အရွက်စုံကိုင်နောက်လိုက်နောက်ပါ လူနှစ်ကျိပ်တို့က ဝတ်ကောင်းဝတ်သန့်နှင့် လိုက်ကြရသည်။

ပဌမလတ်တို့မှာလည်း–မြနားဒောင်း,မြလက်ကောက်,ပုတီး,လက်စွပ်, စလွယ် ဆင်ယင်၍ ရွှေထီးနှစ်ချက် ဆောင်းမိုးရသည်၊ ရွှေက, ရွှေကတောင်, ရွှေဦးခက်တို့ဖြင့် လှပစွာဆင်ယင်သော မြင်းတော်ကိုစီးရသည်။

ပဌမငယ်တို့မှာလည်း–ပဌမလတ်ကဲ့သို့ ဆင်ယင်၍ ရွှေထီး တချက်ဆောင်းမိုးရသည်၊ရွှေက,ရွှေကတောင်,ရွှေဦးခက်တို့ဖြင့်လှပစွာဆင်ယင်သောမြင်းတော်ကိုစီးရသည်၊ အဆောင်အရွက်စုံကိုင်နောက်လိုက်နောက်ပါ လူဘကျိပ်တို့ကလည်း ဝတ်ကောင်းဝတ်သန့်နှင့် လိုက်ကြရသည်။

ပဌမစာတော်ပြန်မည့်သူတို့ကို ရွှေတော်သို့သွင်း၍ ဝတ်ဆင်ရန် ရွှေကျင်ခတ်ခေါင်းပေါင်း,လွန်းမျှားပုဆိုး,ဖဲပုဆိုး, ပိုးပုဆိုး, အင်္ကျီ,ပုဝါများကို တယောက်လျှင် ငါးလဲကျစီနှင့် မွှံဘိုးငွေတရာစီ အောက်ခံထား၍ အထက်ကို စာဝါနိမ့်မြင့်အလျောက် တိုးတက်ချီးမြှင့် သနားတော်မြတ်ခံရသည်။

ပဌမကျော်ပြန်သူမှာ မဟာဝိသုတာရာမတိုက်တော်နေ ဗန်ကျီတိုက်စိရင်စု သီတင်းကန်ရွာသစ်ရွာလျှင် ဖွားရာဇာတိရှိသော အသက်နှစ်ဆဲ

တနှစ်ရှိသူ လူမည်မောင်မြ, ရှင်မည်ရှင်တိသာသနဖြစ်သည်၊ ဤစဉ်အခါ ရွှေမြို့တော်လေးပြင်ရှိ ကျောင်းတိုက်တော်ဟူသမျှက ပဥ္စမစာတော်ပြန် အသီးအသီး ထွက်ကြသောကြောင့် ရွှေထီးရောင် ရွှေရထားရောင်တို့ သည် ထိန်ပြောင်ဝင်းလက်၍ တတိုက်နှင့်တတိုက် ဘရောတယှက်တည်း ရှုမငြီးအောင် ရှိသောဟူ၏။

ထိုနှစ် ဝါဆိုလ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရား မြေနန်းတော်တွင် သဘင်ပွဲလမ်း ကြီးကျယ်စွာကျင်းပ၍ ထွက်တော်မူပြီး လျှင် သားတော်ခေါ်သန္တိမင်းသား သတိုးမင်းရဲမင်းထင်, ဝန်းသို မင်း သား သတိုးမင်းရဲသီဟသူ, သာဂရမင်းသား သတိုးမင်းရဲကျော်ထင်,မိုး လှိုင်းမင်းသား မဟာဓမ္မရာဇာ, သီပေါမင်းသား သုသီရိမဟာဓမ္မရာဇာ တို့ကို သာမဏေရပဗ္ဗဇ္ဇအဖြစ်ချီးမြှင့်၍ တံဆိပ်တော်ရဆရာတော်ထံသာ တော် ခြောက်ဆဲ့သုံးတို့အား သီးမျိုးစုံပဒေသာပင်ရေ ခြောက်ဆဲ့သုံးတို့ ကို လှူဒါန်းတော်မူသည်၊ သားတော်တို့ကို မာလာလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇဂုရု-တံဆိပ်တော်ရတောင်တော်ဆရာတော်ဘုရားထံ အပ်နှံ တော်မူ၍ ရွှေနန်းတော်အတွင်း လွှတ်တော်ရှေ့တွင် ကျောင်းတော် ဆောက်လုပ်တင်လှူတော်မူပြီးလျှင် သီတင်းသုံးနေစေ၍ သားတော်များ ကို စာပေသင်ကြားပြသတော်မူရသည်။

ယင်းသည့်လ (၁၂၂၈) တခေါင့်နှစ်ရ၇နှစ်ဆဲ့ရှစ်ခုနှစ်အတွင်း သား တော် မြင်ကွန်းမင်းသား, မြင်းခုံတိုင်မင်းသား, အိမ်ရှေ့မင်း သားတော် ပန်းထိမ်းမင်းသားတို့ အရေးပြီးငြိမ်းသည့်နောက် သားတော် သုံးဆယ် မင်းသား, ညောင်ရမ်းမင်းသား, မက္ခရာမင်းသားမှစ၍ အရွယ်တော် ရောက်သည့် သားတော်များထံ အခြားလူတို့ အဝင်အထွက် မရှိစေနှင့် ပြဋ္ဌာန်းပိုင်းခြားပြီးလျှင် သားတော်တို့ စေခိုင်းရန် အဆောင်မြဲအမှုထမ်း တို့ကို အလှည့်ကျ ဝင်ထွက်ခစား ထမ်းရွက်စေသည့်အတွင်း သားတော် မက္ခရာခင်းသား သုသီရိ မဟာဓမ္မရာဇာ အိမ်တော်သို့ အမြင့်မြို့အုပ် မောင်ကြီးဆိုသူဝင်ထွက်ခစားသည်နှင့် ထည်မျိုးအုပ်မျိုး ဆုလာဘ်ပေး ကမ်းတော်မူသည်ကို ဝမ်းမြောက်ဝမ်းသာ ရှိလှသောကြောင့် ယောက္ခမ ဖြစ်သူ အလုံမြို့ဝန်, အမြင့်ငါးမြို့ဝန်, မင်းကြီးမဟာသမိန်ပရမ်းသို့ပြန်ပြော ရာ ပြဋ္ဌာန်းပိုင်းခြားတော်မူသည့် အမိန့်တော်ကို ကျူးလွန်သောကြောင့် တိတ်တဆိတ်နေက မိမိကိုယ်နှင့်တကွ ရာဇဝတ်တော်မကင်းရှိမည်ကို စိုး ရိမ်သည်နှင့် မက္ခရာမင်းသား ပေးကမ်းသော ထည်မျိုးအုပ်မျိုးကို ရွှေ

တော်သို့ သွင်း၍ အမိန့်တော်မြွက်ခဲ့သည်တွင် မောင်ကြီးကိုသူကောင်းပြု တော်မူသည့်အရာကနုတ်၍ မိုးကောင်းမြို့သို့အကျဉ်းပို့ထားတော်မူသည်။ အလုံမြို့ဝန် အမြင့်ငါးမြို့ဝန်မှာ ကျေးဇူးသစ္စာတော်မြွက်ကိုစောင့်သိရှိသေ သူဖြစ်၍ မင်းကြီးမဟာသက်တော်ရှည်တွဲ လွှဲပြောင်းသနားတော်မူသည်၊ သားတော်မက္ခရာမင်းသားမှာ (၁၂၂၀) တထောင့် နှစ်ရာ့ နှစ်ဆဲ့ ရှစ်ခု နှစ် အရေးတွင် အပါးတော်က လိုက်ပါ၍ အမှုတော်ကို သက်စွန့်ကြိုး ပမ်းထမ်းသည့် သားတော်ဖြစ်သောကြောင့် ရာဇဝတ်တော်ကို ချမ်းသာ ပေး၍ ဝင်ထွက်ခစားမြဲ ဝင်ထွက်ခစားစေသည်။

### အိန္ဒိယဘုရင်ခံထံ သံလွှတ်ခြင်းစသည်များနှင့် ကင်းဝန် မင်းကြီး အိန္ဒိယသို့သွားခြင်း

ထိုနှစ် မြန်မာနိုင်ငံတော် အပါအဝင်ဖြစ်သော ကရင်နီနယ်ပယ်၌ ကရင်လူမျိုးများ တိုက်ခိုက်၍ ကရင်မိန်းမ ယောက်ျားတို့ကို ဖမ်းယူ ကျွန်အဖြစ်စေစားကြောင်း၊ ခန္တီးစော်ဘွားသည် အင်္ဂလိပ်မင်းအလံတော် အောက်သို့ ခိုဝင်လိုကြောင်းနှင့် စကား အရှုပ်အထွေး ရှိသည့်အတွက် သက္ကရာဇ် (၁၂၃၆) တထောင့်နှစ်ရာ့သုံးဆဲ့ခြောက်ခု တပို့တွဲလဆန်း တရက်နေ့ နိုင်ငံခြားဝန်ထောက် မင်းကြီးမဟာမင်းလှဇေယသူကို သံကြီး ခန့်၍ အိန္ဒိယဘုရင်ခံမင်းထံ ကရင်နီနယ်ပယ်တွင် ကချင်တိုက်ခိုက်မှုစကား ပြောဆိုရန် ရာဇသံလွှတ်တော်မူသည်။

ထိုနှစ် ကုန်းကြောင်း စစ်အမှုထမ်းဖြစ်သော မြောက်ဒဝယ်, တောင် ဒဝယ်စသော သေနတ်အစုတပ်ပေါင်း နှစ်ဆဲ့နှစ်, စစ်သည်လက်နက် ကိုင်ပေါင်း ငါးသောင်းကျော်တို့တွင် အကြီးအမှူးအဖြစ်ဖြင့် ကင်းဝန် မင်းကြီး သတိုးမင်းကြီးမဟာစည်သူကို သေနတ်ဝန်ခန့်တော်မူသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော် များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၃၆) တထောင့်နှစ်ရာ့သုံးဆဲ့ခြောက်ခု နှောင်း တန်းခူးလဆန်း ခုနစ်ရက် တနင်္လာနေ့ နေတချက်တီးကျော် ငါး နာရီသုံးပါဒ် တဆဲ့သုံးဗိဇနာ နှစ်ပြန် ရှစ်ခရာအချိန် သင်္ကြန် ကျသည်။ ၎င်းလဆန်းကိုးရက် ဗုဒ္ဓဟူးနေ့ နေသုံးချက်တီးကျော် အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၃၇) တထောင့်နှစ်ရာ့ သုံး ဆဲ့ခုနစ်ခုနှစ်သို့ တက်သည်။

## ၁၂၃၇-၃

သက္ကရာဇ်(၁၂၃၇)တထောင့်နှစ်ရာ့သုံးဆဲ့ခုနစ်ခုနှစ်ကဆုန်လအတွင်း သားတော် သီပေါမင်းသား သုသီရိမဟာဓမ္မရာဇာက ပဌမ ပြန်ဆိုနိုင်ကြောင်းနှင့် လျှောက်သည့်တွင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား အားရတော်မူ၍ ရဟန်းရှင်လူ ပြည်သူပရိသတ်တို့ရှေ့ ဘုန်းကံပါရမီနှင့် ပြည့်စုံသော သားတော်မြတ်ရတနာ ဖြစ်ကြောင်းကို ထင်ရှားစေခြင်းငှာ သုဓမ္မာစရပ်တော်တွင် ပဌမပြန်ဆိုရမည်-အမိန့်တော်ရှိ၍ သားတော် သီပေါမင်းသားကို ရှင်သာမဏေအဖြစ်မှ လူဝတ်လဲလှယ်စေပြီးလျှင် ရထား,ဆင်,မြင်း,တပ်ဝင်းအခင်းအကျင်းနှင့် ကြီးကျယ်စွာသော အဆောင်အရွက်တို့ဖြင့် နှင်းအပ် သူကောင်းပြုတော်မူသည်။

ထိုနှစ် နယုန်လဆန်း ရှစ်ရက်နေ့ကစ၍ ဝါဆိုလဆန်း ရှစ်ရက်နေ့တိုင် သားတော် သီပေါမင်းသား သုသီရိမဟာဓမ္မရာဇာ ရထား,ဆင်, မြင်း, တပ်ဝင်းအခင်းအကျင်းတို့နှင့် စည်တော်စုံ တီးရွှမ်း၍ မှူးတော်မတ်တော် အပေါင်း ခြံရံလျက် သုဓမ္မာစရပ်တော်သို့ ထွက်တော်မူပြီးလျှင် တိပိဋကဓရ တိပိဋကဆောက ဗျတ္တိဗလ သတ္တိဗလ ဝိသေသ လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူသော တံဆိပ်တော်ရဆရာတော် သံဃာတော်စသော ရဟန်းပရိသတ်၊ နေရာနေမင်းသားကြီး,မင်းသားလတ်, မြင်းမှူးမင်းသား စသော ဆွေတော်မျိုးတော်ပရိသတ်၊ မှူးတော်မတ်တော်တို့မှစ၍ အများပြည်သူ ပရိသတ်တို့ အလယ်၌ သားများသေဌ်နင်း ခြင်္သေ့မင်းကဲ့သို့ ရဲရင့်တည်ကြည်ခြင်း ဉာဏ်တော်ဖြင့် တနေ့လျှင်နှစ်ကြိမ်ကျ ရက်ပေါင်းသုံးဆယ်တိုင်တိုင် အောက်စာရင်းပါစာများကို ကောင်းမွန်စွာ ပြန်ဆိုတော်မူပြီးလျှင် တိပိဋကတ္တယ ကောသလ္လ ဉာဏခုံမြောက် ဖက်ကမ်းရောက်တော်မူသော တံဆိပ်တော်ရ ဆရာတော်မထေရ်မြတ်တို့ မေးမြန်းအပ်သော သရုပ်အဓိပ္ပါယ် ပုစ္ဆာအမျိုးမျိုးကိုလည်း ကောင်းမွန်စွာ ဖြေစွမ်းတော်မူနိုင်သည်ဖြစ်၍ စာနာလာရောက်သူ ရဟန်းရှင်လူ ပြည်သူပရိသတ်အပေါင်းတို့သည် အံ့အားသရဲ ချီးဝှမကုန်နိုင်သည်နှင့် ကောင်းချီးမင်္ဂလာ ဩဘာပြိမ့်လေး အောင်ဆုပေးကြသောအသံသည် ပွဲတင်ထပ်မျှရှိ၏။

ပြန်ဆိုတော်မူသည့် စာများမှာ…သဒ္ဒါရှစ်စောင် ပါဠ်,အနက်,ရုပ်။ သင်္ဂြိုဟ်ကိုးပိုင်း၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်ပါဠ်,အနက်။ မာတိကာ၊

ခေတုကထာ၊ ယမိုက်ငါးကျမ်း ပါဠိ,အနက်,အရကောက်များကို ပြန်ဆိုတော်မူသည်။

ပဌမ ပြန်ဆိုတော်မူရန် သုဓမ္မာစရပ်အတွင်း မြတ်စွာဘုရား ရုပ်ပွားတော် ကိန်းဝပ်ရာ ရွှေတော်သို့ ဝင်တော် မူသည့်အခါ လှိုင်းတက်မင်းသား မင်းရဲကျော်ထင်, စိန်တုံးလှေအုပ်မင်းသား မင်းရဲနရာ, ပွဲတိုင်းကျော်လှေအုပ်မင်းသား မင်းရဲမင်းလှ, အမရပူရ ပဌမ မြို့တည်နန်းတည် မင်းတရားကြီးဘုရား သားတော် ကောလင်းမင်းသားသား-မင်းရဲနန္ဒသူ, ဆွေတော်အုပ်မင်းသား မင်းရဲညွန့်တို့က နေရာတော်နေ မင်းသားလတ်တို့သနားတော်မြတ်ခံရသောဗောင်းနားဒွောင်းဝတ်လုံဆင်ယင်၍အလှည့်ကျ အတွဲအမလိုက်ရသည်။ ပြင်စည်မင်းသားသား-မင်းရဲသင်္ချာ, အမရပူရ ပဌမမြို့တည်နန်းတည် မင်းတရားကြီးဘုရားသားတော် ကောလင်းမင်းသား မြေး-မင်းရဲသီဟ, ပြည်မင်းသား-မင်းရဲကျော်ထင်, ပုခန်းမင်းသား-မင်းရဲမင်းထင်တို့က မြင်းမှူးမင်းသားတို့ သနားတော်မြတ်ခံရသော ဗောင်း နားဒွောင်း ဝတ်လုံကို ဆင်ယင်၍ မြတ်စွာဘုရားအား ပူဇော်ရန် ပန်းနှင့်တကွသော ရွှေသားကလပ်ကို ရွှေတော်က ကိုင်လျက် တလှည့်စီလိုက်ရသည်၊ သုဓမ္မာစရပ်အတွင်း ခင်းထားအပ်သော နေရာတော်သို့ ရောက်လျှင် ပန်းတင်ရွှေကလပ်ကို နေရာတော်ရွှေကထားရသည်၊ ပန်းတင်ရွှေကလပ်တော်နှင့် တူရူက နေတော်မူ၍ မြတ်စွာဘုရား ရုပ်ပွားတော်ရှိရာသို့ မျက်နှာတော်မူလျက် ယမ်းပည်းရိုသေစွာ ပဌမပြန်ဆိုတော်မူသည်။

ဤသို့နှင့်နှင် ရက်သုံးဆယ်တိုင်တိုင် သုဓမ္မာစရပ်တော်တွင် ပဌမစာပြန်ပွဲသဘင်ယင်တော်မူပြီးနောက် အထက်အပ်နှံတော်မူရင်း တောင်တော်ဆရာတော်ဘုရားထံမှာပင် ရှင်သာမဏေအဖြစ်ဖြင့် ပိဋကတ်ကျမ်းဂန်များကို ဆက်လက်သင်ကြားတော်မူသည်။

ထိုနှစ် မြောက်ဆောင်တော်မိဖုရား ပဘာဒေဝီ ကံကုန်သည်ကို မိဖုရားကြီးတို့ သေလွန်ရာ သင်္ဂြိုဟ်သည့်နည်း အခမ်းအနားကြီးကျယ်စွာ စီရင်၍ သင်္ဂြိုဟ်ရသည်။ ယင်းသည့်နောက် မြောက်ရွှေရေးဆောင်မိဖုရား နန္ဒာဒေဝီကို မြောက်ဆောင် ထားတော်မူသည်။ ထိုနှစ် တော်သလင်းလကင်းဝန်မင်းကြီး သတိုးမင်းကြီးမဟာမင်းလှစည်သူကို လယ်ကိုင်းမြို့ကို မြို့စား ပေးတော်မူသည်။

ထိုနှစ် တန်ဆောင်မုန်းလဆန်းဆယ်ရက်နေ့ ဝေလမြို့စား အင်္ဂလိပ် အိမ်ရှေ့မင်း အိန္ဒိယနိုင်ငံသို့ လာရောက်သည်ကို မဟာမိတ်နိုင်ငံရှင်မင်း၏-သားကြီး ဥပရာဇာဖြစ်သည့်အတိုင်း မိတ်လက္ခဏာနှင့်ညီစွာ နှုတ်ခွန်းဆက်သွားရမည်၊အိမ်ရှေ့မင်းနှင့် နှုတ်ခွန်းဆက်လက်ပြီးပြေလျှင် ဗုဒ္ဓဂယာ မဟာဗောဓိပင်တော်သို့ သွားရောက် သီရိဓမ္မာသောကမင်း တည်ထားခဲ့သည့်စေတီတော်ကြီးနှင့် တံတိုင်းမီးတား ပျက်စီးယိုယွင်း ရှိသည်များကို ပြင်ဆင်ရန်မှစ၍ မဟာဗောဓိပင်တော်သို့ဖူးမြော်ပူဇော်လို၍ လာရောက်သောပရိသတ်များတဲခိုရန် အုတ်စရပ်ဆောက်လုပ်တော်မူမည်ဖြစ်၍ မြေများကို ကြည့်ရှုမှတ်သားခဲ့ရမည်-ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိ၍ စေလွှတ်တော်မူသည်တွင်....အမိန့်တော်မြတ်အတိုင်း ကင်းဝန်မင်းကြီး သတိုးမင်းကြီး မဟာစည်သူလည်း ကာလကတ္တားမြို့သို့ သွားပြီးလျှင် ဝေလမြို့စားအိမ်ရှေ့မင်းထံ ဝင်ထွက် နှုတ်ခွန်းဆက်လက်ပြီးနောက် ဗုဒ္ဓဂယာ မဟာဗောဓိပင်တော်သို့သွား၍ ပြင်ဆင်လုပ်ဆောင်ရန်ရှိသည်များကို စာရင်းကောက်ယူမှတ်သားပြီးလျှင် အုတ်စရပ်တော်ဆောက်လုပ်ရန် မြေနေရာကိုလည်း မဟန္တဂိဇော်ဂျီနှင့် စုံညီရွေးချယ်မှတ်သားခဲ့၍ ရတနာပုံရွှေမြို့တော်ကြီးသို့ ပြန်လာခဲ့သည်။

### သမီးတော်၊ သားတော်၊ မြေးတော်များ နားထွင်းခြင်းစသည်နှင့် နန်းမတော်ဘုရားကြီး နတ်ရွာစံခြင်း

ထိုနှစ် နတ်တော်လ အလယ်နန်းတော်မိဖုရားတွင် မြင်သည့် သမီးတော် သီရိသုသိင်္ဂါရတနာဒေဝီကို နားထွင်း၊ ဆံထုံးထုံး၊ တဘက်ဝတ်၊ ဒက်ဆင် မင်္ဂလာဆောင်တော်မူသည်မှာ....ရွှေလက်ထက်တော် သီရိသုရတနာ မင်္ဂလာဒေဝီကို နားထွင်းသည့်အခမ်းအနားနည်း။ မကွေးမြို့စားမိဖုရားတွင်မြင်သည့် သမီးတော် ပြင်စည်မင်းသမီးသုပဘာဝတီ၊ လောင်းရှည်မိဖုရားတွင် မြင်သည့်သမီးတော် ပြောင်းပြာမင်းသမီး သီရိရူစာဝတီ၊ တောင်ဆောင်တော်မိဖုရားတွင် မြင်သည့် သမီးတော် မိုးညှင်းမင်းသမီး သီရိကဥ္စနာဝတီ၊ ဆယ်ရွာတိုက်စားတွင်မြင်သည့် ကျောက်ရစ်မင်းသမီး သီရိနန္ဒာဝတီ၊ သရစိမ်းတိုက်စားတွင် မြင်သည့် တိုင်တား မင်းသမီး သုသီရိစန္ဒာဝတီ၊ ထနောင်းတိုင်ရွာစားတွင် မြင်သည့် မတ္တရာမင်းသမီး သီရိသင်္ဂါဝတီ၊ ပြူကန်တိုက်စားတွင် မြင်သည့် ရင်းခဲမင်းသမီး သီရိသု

စိတ္တာဝတီ၊ ခုနစ်ရွာတိုက်စားတွင် မြင်သည့် မြို့ကြီးမင်းသမီးသီရိသုဝဏ္ဏာဝတီ၊ လှိုင်ကျွန်းတိုက်စားတွင် မြင်သည့် ဟင်မော်မင်းသမီး သီရိသုသာမာဝတီ၊ မြေးတော် ရေနဲမင်းသမီးမယ်ဦးစွန်း၊ မယ်နွယ်မြ၊ မယ်နွယ်ပ၊ မယ်နွယ်ချစ်၊ မယ်နွယ်ဦး၊ အိမ်ရှေ့မင်းသမီးတော် မယ်ဆွေကြွေ၊ မယ်ဆွေလှ၊ မယ်ဆွေထွတ်၊ မယ်ဆွေအိ၊ မယ်ဆွေစော၊ မယ်ဆွေအုံ၊ မယ်ဘွားရှင်၊ မယ်ဆွေတူ၊ မယ်ဆွေကြွား၊ မယ်ဆွေသန့်၊ မယ်ဆွေအေး၊ မယ်ဆွေဝ၊မယ်ဆွေနှစ်၊မယ်ဦးစွန်း၊ မြင်းမူးမင်းသား မင်းရဲကျော်ထင် သမီးမယ်တင်မြင့်၊ မြောက်နန်းတော်မိဖုရားမြေး မှန်သာကြီးရွာစား သီရိသုကလျာတို့နှင့်သားတော်ပင်းယမင်းသားသတိုးမင်းရဲကျော်ထင်၊တောင်ညိုမင်းသား သတိုး မင်းရဲကျော်၊ ကောလင်းမင်းသား သတိုးမင်းရဲကျော်ခေါင်၊ မြင်စိုင်းမင်းသား သတိုးမင်းရဲရန်နိုင်၊ မြေးတော် မိုင်းပျဉ်းမင်းသား သတိုးမင်းရဲသီဟသူ၊ မြေးတော် မောင်ကြိုင်သင်း၊ မောင်နွယ်စ၊ မောင်နွယ်ဘူး၊ မောင်နွယ်မြစ်တို့ကို အထိုက်အလိုက် အခမ်းအနားများနှင့် တချိန်တခါတည်း မှန်နန်းတော် မြေနန်းတော်များမှာ ဆံထုံးထုံး, သျှောင်ထုံး, တဘက်ဝတ်, ဒက်ဆင်, နားထွင်းမင်္ဂလာ ဆောင်တော်မူသည်။

တောင် စမုတ်၌ ယိုးဒယား ဇာတ်ကြီး၊ မြောက်စမုတ်၌ မဟာစင်တော်ကြီး၊ မှန်နန်းတော်ကြီး ဝဲယာနှင့် ဇေတဝန် ဆောင်တော်တွင် အတွင်းအငြိမ့်,မှန်အငြိမ့်, အတွင်းဆိုင်းစသည်တို့ဖြင့် နေ့ရက်များစွာ ပွဲသဘင်ခံတော်မူသည်။ ကြည်းတပ်ရေတပ် အခင်းအကျင်း များကိုလည်း ခင်းကျင်းရသည်။ အလှူအတန်း မူးတော်မတ်တော် ပြည်သူပြည်သားတို့ကို အခါတော်မရောက်မီက ပုဆိုး,ခေါင်းပေါင်းအုပ်, ပိတ်အုပ်, ထဘီ, ဆာပခါအုပ်စသည်များကို ပေးဝေတော်မူသည်။

ယင်းသည့်နေ့ သတ္တဝါအပေါင်းတို့အား သနားထောက်မြော်တော်မူခြင်းစသော မြာဟ္မစိုရ်တရား ပွားများစေလျက် သားကြီးငါးကြီးမပေါ်မပေါက်စေရ၊ ကြွေးမြီကုန်ဘိုး ဖြတ်စာထွက် အတောင်းအခံ အချုပ်အနှောင် တရားစကား အပြောအဆို မရှိစေရ၊ ထောင်တန်း အကျဉ်းအမြောင်းခံနေရသူတို့ကိုလည်း အမှုလေးပေါ့ကိုကြည့်ရှု၍ အဘယဒါနလွတ်ငြိမ်းချမ်းသာပေးသနားတော်မူသည်။

ထိုနှစ် နှောင်းတန်ခူးလ ဆန်း၁ရက်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ရှေးရှေးရာဇပဝေဏီ တန္တိုလက်သုံး ထုံးဥပဒေသဖြစ်သော

မန္တလာစလ အယုဇ္ဈကြင့်နန်း မန်းဗွေချက်ချာ ရတနာပုံရွှေပြည်တော်ကြီးကို တည်လုပ်ပြီးပြေသည့်နောက် လောကဏ္ဍစရိယအကျိုးကို ရည်ရွယ်ကြံဆောင်တော်မူပြီးကာလ ရွှေတချောင်း အနောက်ဘက် အိမ်ခြေလူနေ စည်ပင်ဖြစ်ထွန်း ပွားများစေလိုသည့် တကြောင်း၊ စံနေတော်မူရင်းနန်းမြို့တော်နှင့် ဧရာဝတီနဒီသုပတိဋ္ဌ ဌာနခရီး ခြားသီး ကွာဝေးစေလိုသည့်တကြောင်းများကို မြော်ထောက်ချင့်နှိုင်းပြီးကာလ ပြင်မြို့ရိုးကြီးကိုမှူးတော်မတ်တော် မြို့စား ရွာစားများသို့ ထိုက်လိုက်သင့်လျော်စွာ စရိတ်ငွေတော် ပေးအပ်တော်မူ၍ အတိုင်းပမာဏအားဖြင့် မြို့ရိုးအထု ဆယ်တာ၊ ထိပ်ပြင်ခြောက်တာ၊ အမြင့်သံဆယ်တောင် တည်လုပ်တော်မူသည်။

မြို့ကြီး လေးမျက်နှာ တံခါးတော် ငါးဆဲ့ခုနစ်ရပ် ထားသည်မှာလည်း အရှေ့မျက်နှာ တောင်စွန် သူဇံတံခါး၊ယင်းကမြောက်ကို သာစုံ၊ ယင်းကမြောက်ကို သညာ၊ ယင်းကမြောက်ကို သိန်းစံ၊ ယင်းကမြောက်ကို သာစည်၊ ယင်းကမြောက်ကို အောင်ငြိမ်း၊ယင်းကမြောက်ကို ဦးတည်၊ ယင်းကမြောက်ကို အောင်ထင်၊ ယင်းကမြောက်ကို အောင်ထွန်း၊ ယင်းကမြောက်ကို အောင်နန်း၊ ယင်းကမြောက်ကို ဦးနှိမ်၊ ယင်းကမြောက်ကို ဥဒါန်း၊ ယင်းကမြောက်ကို ဦးတိုက်၊ ယင်းကမြောက်ကို လှိုင်ကူ၊ ယင်းကမြောက်ကို လွတ်ကင်း၊ ယင်းကမြောက်ကို လှိုင်ကျွန်း၊ ယင်းက မြောက်ကို လှိုင်ကျော်၊ ယင်းကမြောက်ကို လွန်းကြင်။

မြောက်မျက်နှာ အရှေ့စွန် မှူးဦးတံခါး၊ ယင်းက အနောက်ကို မြောင်းဦး၊ ယင်းက အနောက်ကို မာန်အောင်၊ ယင်းက အနောက်ကို လှိုင်သာ၊ ယင်းကအနောက်ကို လေသောက်၊ ယင်းက အနောက်ကို လေသာ၊ ယင်းက အနောက်ကို သီဝံ၊ ယင်းက အနောက်ကို လှိုင်သင်း၊ ယင်းက အနောက်ကို လှိုင်ကြူ၊ ယင်းကအနောက်ကို ရဲထွတ်။

အနောက်မျက်နှာ မြောက်စွန်ရဲတပ်တံခါး၊ ယင်းက တောင်ကို ရန်ပြို၊ ယင်းက တောင်ကို ရဲထင်၊ယင်းကတောင်ကို စံရှား၊ ယင်းကတောင်ကို စက်ရိပ်၊ ယင်းကတောင်ကို ရေကြည်၊ ယင်းကတောင်ကို ပိုက်ကျုံး၊ ယင်းကတောင်ကို ရေစုံ၊ ယင်းကတောင်ကို စံရှည်၊ ယင်းကတောင်ကို ဂေါဝိန်၊ ယင်းကတောင်ကို တာရိန်၊ ယင်းကတောင်ကို ပန်းဆက်၊ယင်းက တောင်ကို စံရာ၊ ယင်းကတောင်ကို ဆောင်ရှည်၊ ယင်းကတောင်ကို မြရိပ်၊ ယင်းကတောင်ကို မြန်အောင်၊ ယင်းက တောင်ကို ထုံးရှည်၊ယင်းကတောင်ကို ထိန်းရ။

တောင်မျက်နှာ အနောက်စွန် ရန်နှင်တံခါး၊ ယင်းကအရှေ့ကို ရန်နိုင်၊ ယင်းကအရှေ့ကို ရန်နိုင်၊ ယင်းကအရှေ့ကို ရန်နိမ်၊ ယင်းက အရှေ့ကို ကဲမိုး၊ ယင်းကအရှေ့ကို ကဲမြင့်၊ ယင်းကအရှေ့ကို ကောင်းမြိုက်၊ယင်းကအရှေ့ကို ကျော်မျှ၊ ယင်းကအရှေ့ကို ကောင်းလှိုင်၊ ယင်းက အရှေ့ကို ခွန်ယူ၊ ယင်းကအရှေ့ကို ကြိုင်လှိုင်-ဟူ၍ တရစ်စီ သမုတ်ပြဋ္ဌာန်းတော်မူသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၃၇)တထောင့်နှစ်ရာ့သုံးဆဲ့ခုနစ်ခု နှောင်းတန်းခူး လပြည့်ကျော်သုံးရက်အင်္ဂါနေ့ နေသုံးချက်တီးကျော် ခြောက်နာရီ ပါဒ်ပြည့် တဆဲ့သုံးဗီဇနာ ဿေးပြန် ခုနစ်ခရာအချိန် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော်ငါးရက် ကြာသပတေးနေ့ ညလေးချက်တီးကျော်အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၃၈)တထောင့်နှစ်ရာ့ သုံးဆဲ့ရှစ်ခုနှစ်သို့ တက်သည်။

## ၁၂၃၈-ခု

သက္ကရာဇ် (၁၂၃၈) တထောင့်နှစ်ရာ့ သုံးဆဲ့ရှစ်ခုနှစ် ကဆုန်လဆန်းသုံးရက်နေ့ ကျိုင်းခန်းမြို့ကို အရှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားသို့ အသုံးကံကျေးခံ သနားတော်မူသည်။

ထိုနှစ် နယုန်လဆန်းတရက်နေ့ တောင်ရှေ့ရေးမိဖုရား သီရိသုဓမ္မာဒေဝီ ကံကုန်သည်ကို (၁၂၃၇) တထောင့်နှစ်ရာ့သုံးဆဲ့ခုနစ်ခု မြောက်ဆောင်တော်မိဖုရား၊ ပဘာဒေဝီကံကုန်ရာ သင်္ဂြိုဟ်သည့်နည်း ဝန်တော်အိမ်ဝင်းအတွင်း လုပ်ဆောင်သင်္ဂြိုဟ်တော်မူသည်။

ထိုနှစ် ဝါဆိုလ မင်းညီမင်းသား, မှူးတော်မတ်တော်, စရေးစကိုင်, သူဌေးသူကြွယ်တို့နှင့် စော်ဘွားမြို့စား, အဝေးမြို့ဝန်, စစ်ကဲအရာရှိတို့က နှစ်စဉ်ဆက်သမြဲ ဝါဝင်ရှိခိုးကန်တော့ လက်ဆောင်တော်များကို ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရားမှာ ရတနာမကိုဋ်တော် ရတနာဒုရင်တော်ကို ဆင်ယင်တော်မူ၍ အရှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားမှာ ရတနာမြိတ်ရစ်ဆံထုံးပုံ, မဟာလတ္တာ တန်ဆာတော်များကို

ဆင်ယင်တော်မူပြီးလျှင် မြေနန်းပြာသာဒ်တော် ခြသေ့ံခံသော သီဟာသနရာဇပလ္လင်တော်ထက် ထွက်စံ စမွယ်တော်မူ၍ ကန်တော့ခံတော်မူသည်။

ထိုနှစ် နယုန်လဆန်း ရှစ်ရက်နေ့ကစ၍ ဝါဆိုလတိုင် သက္ကရာဇ်(၁၂၃၇) တထောင့်နှစ်ရာ့သုံးဆဲ့ခုနစ်ခုနှစ်က အခမ်းအနား အတိုင်းကြီးကျယ်စွာခင်းကျင်းကျင်းပပြီးလျှင် သားတော်သီပေါမင်းသား သုသီရိမဟာဓမ္မရာဇာ၊ သုဓမ္မာစရပ်တော်သို့ထွက်၍ပဋ္ဌမထတ်အဖြစ် သဒ္ဒါရှစ်စောင်ပါဠိ,အနက်, ရုပ်၊ ဆန်းပါဠိ,အနက်။ အလင်္ကာ ပါဠိ,အနက်။ အဘိဓာန်ပါဠိ,အနက်။ သဂြိုဟ်ကိုးပိုင်း ပါဠိ,အနက်။ မာတိကာပါဠိ,အနက်, အရကောက်၊ ဓာတုကထာပါဠိ,အနက်,အရကောက်၊ ယမိုက်ဆယ်ကျမ်းပါဠိ,အနက်,အရကောက်များကို ပြန်ဆိုတော်မူသည်။ ဤသို့လျှင် သုဓမ္မာသဘင် ယင်တော်မူပြီးနောက် အထက် အပ်နှံတော်မူရင်းတောင်တော်ဆရာတော်ဘုရားထံမှာပင် ရှင်သာမဏေအဖြစ်ဖြင့် ပိဋကတ်ကျမ်းဂန်များကို ဆက်လက်သင်ကြားတော်မူသည်။

ထိုနှစ် ဝါခေါင်လပြည့်ကျော် သုံးရက်နေ့ အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား အဖျားရောဂါကပ်ရောက်တော်မူ၍ သမားတော် နေမျိုးသက္ကနော်ရထာ, သမားတော် မိတ္တိလာဆရာတို့ စောင့်ကြပ်ကုမစေရာ ဆယ်ရက်အတွင်း ပျောက်ကင်းကျန်းမာတော်မူသည်။

ထိုနှစ် တော်သလင်းလဆန်း ခုနစ်ရက်နေ့ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ရွှေနန်းတော်အတွင်း ဗဲယာဉယျာဉ်တော်များသို့သမ္ဘန်တော်နှင့် ရေကြောင်းထွက်စံတော်မူရာ အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား လိုက်ပါတော်မူသည်၊ ယင်းသည့်လဆန်းရှစ်ရက်နေ့ အဖျားရောဂါ အနည်းငယ် ထပ်မံကပ်ရောက်တော်မူပြန်သည်နှင့် အထက်ပြုစုကုသထမ်းရွက်ရင်း သမားတော်တို့နှင့် သမားတော်ရှစ်ဦးတို့ကို နေ့ညဥ့်စောင့်ကြပ် တွဲဘက်ကုခစေရာ အဖျားရောဂါ သက်သာ ပျောက်ကင်းသော်လည်း ပွဲတော်မလှမ်းလို၊ အာသာပြတ်ကင်း ပျို့အန်ခြင်းများစွာ တိုးတက်ဖြစ်ပွားတော်မူပြန်၍ နေ့ညဥ့် စောင့်ကြပ်ကုသ ထမ်းရွက်ရင်းသမားတော်တို့နှင့် ကင်းစဉ်ဝန်ထောက် လှိုင်းတက်မြို့စား မင်းကြီး မဟာမင်းခေါင်သခ်ယာ, ရွှေပြည်ဝန် ဝက်မစွတ်မြို့စား မင်းကြီးမင်းလှမဟာစည်သူ့ဘို့ကို ညို့နိုင်းတိုင်ပင် သွေးလေစမ်းသပ် ဖူးမြော်ကြည့်ရှု စောင့်ကြပ်ကုမစေရသည်။

နောက် ရောဂါတော် ရင့်မာကြီးပွားရှိပြန်သည်နှင့် ဝန်ကြီး, အတွင်းဝန်, ဝန်ထောက်, မှူးတော်မတ်တော် အရာရှိတို့ အပါးတော်သို့ မပြတ်ဝင်ရောက် ဆွေးနွေးတိုင်ပင် ဖူးမြော်ကြည့်ရှုပြီးလျှင် ကုသထမ်းရွက်ရင်းသမားတော် တို့နှင့် နိုင်ငံတော်အတွင်း အနီးအဝေး မြို့ရွာများတွင် အကျော်အစော တတ်ကျွမ်းသည့် ဆေးသမားတို့ကိုခေါ်၍ ဂျာရမံလူမျိုး ကျွန်တော်မျိုး သစ်တောဝန် မင်းကျော်သိဒ္ဓိ ဘိသက္ကပညာကိုတွဲဘက် ကုသ စောင့်ကြပ် ပြုစုထမ်းရွက် စေရာလည်း ဝေဒနာတော်ဆုတ်ယုတ် ရွေ့လျော့ခြင်းမရှိ၊ တနေ့တပါး တိုးတက်သည်းထန်ရှိသည်နှင့် ကုသိုလ်တော်ပွား လှူဒါန်းတော်မူရန် ငွေသပြာ တသိန်းခုနစ်သောင်းကျော်ကို အဆောင်တော်က ထုတ်ပေးတော်မူ၍ ရေစက်သွန်းချပြီးလျှင် ရင်းငွေတော်က ငွေသပြာတသောင်းကို ထုတ်ပေးတော်မူ၍ ရွှေမြို့တော် လေးပြင်တွင် ပျက်စီးယိုယွင်းသည့် ဘံတား နင်းကြမ်းဦးရေ ခြောက်ဆဲ့ငါးကို ထောင်မှူး မြို့စာရေးတို့နှင့် အရှင် နန်းမတော်မိဖုရား ခေါင်ကြီးဘုရား ကျွန်တော်မျိုးတို့ လုပ်ငန်းတရပ်လျှင် နှစ်ဦးကျ တွဲဖက်လုပ်ဆောင်စေရသည်။

ပွဲတော်တည်တော်မူရင်း ရွှေစင်အချိန်ခွက်သုံးဆယ်ကျော် ရွှေသားဒေါင်းပေါင်ဖုံးစုံ, ရွှေလင်ပန်းများကိုလည်း ရေစက်သွန်းချ လှူဒါန်းတော်မူသည်၊ ရာဇဝတ်အပြစ်အလျောက် ထောင်တန်းအကျဉ်းခံရသူ မိန်းမယောကျ်ား လူဦးရေ ခြောက်ဆဲ့ငါးကိုလည်း အဘယဒါနကုသိုလ်တော်ပွား အမိန့်တော်မြွက် ထုတ်ပြန်တော်မူ၍ ဘေးမဲ့ချမ်းသာပေးတော်မူပြီးလျှင် ယောကျ်ားငါးဆဲ့ငါးတို့မှာ ပုဆိုး,ခေါင်းပေါင်း,အင်္ကျီတစ်စီ, ငွေဒင်္ဂါးတဆယ်စီ။ မိန်းမတဆယ်တို့မှာ ပုဝါတစ်, ထဘီအင်္ကျီတစ်စီ, ငွေဒင်္ဂါးတဆယ်စီ သနားတော်မူပြီးလျှင် ဝန်တော်အိမ်အတွင်း ထမင်းကျွေးမွေးပြုစု၍ လွှတ်တော်မူသည်။

ထိုနှစ် တော်သလင်းလဆန်းတဆဲ့နှစ်ရက်နေ့ ယက်ဝဲတော်ပါ သုစိတြဂါမရွာကို အသယ်နန်းတော်မိဖုရား သိရိပဝရ မဟာရတနာဒေဝီကို ထီးမိုးယဉ်ခံ။ မဏ္ဍာဘူမိရွာကို သမီးတော်မိုင်းနောင်မင်းသမီး သုသီရိရတနာ မင်္ဂလာဒေဝီကို ထီးမိုးယဉ်ခံ။ တောင်ပြုံးကြီးမြို့ စီရင်စု အဘယဂါမရွာ–တိုက်ထီးလှိုင်ရွာများကို သမီးတော် ဒီပဲယင်း–မြတောင်–မန်လည်မြို့စား မင်းသမီး သုသီရိပဘာရတနာဒေဝီကို ထီးမိုး ယဉ်ခံ။ ယက်ဝဲတော်ရွာ–ဘေးမဲ့ရွာများကို သမီးတော် ရမည်းသင်းမင်းသမီး သီရိ

ရတနာသုပဘာဒေဝီကို ထီးမိုးယဉ်ခံ၍ နေရဥ္စရရွာကို သမီးတော်စလင်းမင်းသမီး သီရိသုမြတ်စွာရတနာဒေဝီကို ထီးမိုးယဉ်ခံ၍ တောင်ပြုံးကြီးမြို့ စီရင်စု ရတနာဂါမရွာကို သမီးတော် မိုင်းလုံမင်းသမီး သုသီရိရတနာဒေဝီကို ထီးမိုးယဉ်ခံ အသီးအသီး သနားတော်မူသည်။

ထိုနှစ် သီတင်းကျွတ်လဆန်းရှစ်ရက်နေ့ကစ၍ တဆွဲလေးရက်နေ့တိုင် ဝင်းတော်လေးမျက်နှာမှာ အလှူတော်ရွှေဆင်ပွဲသဘင်စုံ ခံရသည်။ယင်းသည့်လဆန်း တဆွဲငါးရက်နေ့ ဆင်ယာဉ်, မြင်းယာဉ်,လှေယာဉ်စသော အလှူတော်များကို အတွင်းတော်သို့သွင်း၍ ဿဝရှင်မင်းတရားကြီးဘုရားရေစက်သွန်းတော်မူပြီးလျှင် ဘုရားစေတီပုထိုးများမှာ လှူတော်မူသည်။

ထိုနှစ် သီတင်းကျွတ်လဆန်း တဆွဲငါးရက်နေ့က စ၍ အရှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား သက်တော်စေ့ ရဟန်းသံဃာတော်ခြောက်ဆွဲငါးကို ရွှေနန်းတော် ဇေတဝန်ဆောင်တော်သို့ နေ့စဉ်ပင့်လျှောက်၍ ဆွမ်းစမဲ မုံ့ယို အချိုအဆိမ့် လှူဒါန်းကျွေးမွေးတော်မူသည်။

ပရက္ကမဆရာတော်၊ မင်္ဂလာရာမဆရာတော်၊ စံကျောင်းဆရာတော်၊ သစ်ဆိမ့်ဆရာတော်၊ သက်ပန်းဆရာတော်၊ လှထွေဆရာတော်၊ ပုခန်းဆရာတော်၊ ဝိစိတ္တာရာမဆရာတော်၊ မဟာဝိဇိတာရာမဆရာတော်၊ မဟာဓမ္မဇောတိကာရာမဆရာတော်တို့ကိုလည်း နေ့စဉ်ပင့်လျှောက်၍ ပဋ္ဌာန်းတရားတော်,ဗောဇ္ဈင်္ဂသုတ်ပါဠိတော်, မဟာသတိပဋ္ဌာနသုတ် ပါဠိတော်များကို အပါးတော်တွင် သုံးရက်တိုင်တိုင် ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်ကို နှုတ်တက်လိုက်ပါရွတ်ဆိုတော်မူ၍ ကောင်းမွန်ကြည်ညိုစွာ နာခံတော်မူသည်။ ကိုယ်တော်တိုင်လည်း ကာယဂတာသတိ, မရဏာနုဿတိ, အသုဘကမ္မဋ္ဌာန်း ပဋ္ဌာန်းတရားတော်များကို ရံခါရံခါရွတ်ဖတ်သရဇ္ဈာယ်တော်မူသည်။

နောင်တော် ပုဂံမင်းကိုလည်း စံတော်မူရင်းအိမ်တော်သို့ အတွင်းဝန်ယောမြို့စား, ဝန်ထောက်မြို့သစ်မြို့စားတို့ကို တပ်ဝင်း အခင်းအကျင်းနှင့် စေလွှတ်ကြိုမဆောင်ယူစေ၍ နောင်တော်ပုဂံမင်းမှာ ရွှေထီးရှစ်ချက်အုပ်မိုးပြီးလျှင် ယာဉ်တော်နှင့် ပုဂံမင်းနန်းမတော်မှာ ရွှေပိန်းချလှည်းနှင့် ရွှေနန်းတော်အတွင်း ဝင်ထွက်စေ၍ အဆောင်တော်သို့ ဝင်ရောက်ရာ ဿဝရှင် မင်းတရားကြီးဘုရား နောင်တော်ပုဂံမင်းကို ကိုယ်တော်တိုင် လက်တော်လှမ်းကမ်း ကြိုယူတော်မူသည်။ နောင်တော်ပုဂံမင်းကိုလည်း တောင်ဥယျာဉ်တော်အတွင်း အရှင်နန်းမတော်ဘုရားစံတော်မူရင်း စံနန်း

တော်တွင် ညဉ့်အခါ စံနေတော်မူစေသည်။ တောင်ဒဝယ်သေနတ်မိုယ်, တောင်တရ၇ငါးဆယ်သေနတ်မိုယ်, လင်းဇင်းသေနတ်မိုယ်တို့ကို နေ့ည ကြီးကြပ်စောင့်နေစေရသည်။

အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရားလည်း သည်းထန်ပြင်းပြစွာ ကပ်ရောက်သည့်ဝေဒနာတော်ကို သိမ်းဆည်းသည်းခံတော်မူသဖြင့် ဆရာတော်တို့ ရွတ်ဖတ်သရဇ္ဈာတ်သည့် ပဋ္ဌာန်းတရားတော်, ဗောဇ္ဈင်္ဂသုတ်, မဟာသတိပဋ္ဌာနသုတ် ပါဠိတော်များကို နာခံတော်မူ၍ သက္ကရာဇ် (၁၂၃၇) တထောင့်နှစ်ရာ့သုံးဆဲ့ရှစ်ခု တန်ဆောင်မုန်း လပြည့်ကျော် တဆဲ့နှစ်ရက် တနင်္ဂနွေနေ့ နံနက်တချက်တီးကျော် ငါးမောင်းတပါဒ် အချိန် နတ်ပြည်စံတော်မူသည်။

အလောင်းတော်ကို စံနေတော်မူရင်း အဆောင်တော်ခန်းမအတွင်း ညီမတော် အနောက်နန်းတော်မိဖုရား ကြပ်မပြင်ဆင်တော်မူ၍ ရွှေသား နဝရတ်စီ သလွန်တော်နှင့် ပြင်ဆင်ထားရသည်။ ဤးလျှင် အရှင်နန်းမ တော်မိဖုရားခေါင်ကြီးဘုရားအလောင်းတော်ကို ဆင်ယင်မြဲ မဟာလ္လတာ တန်ဆာတော်နှင့် ခင်းကျင်းမြဲ အဆောင်အယောင်တော်များ ခင်းကျင်း ရသည်။ အဆောင်တော်ပြင်ပတ်သည် ကာရံသည့်မှန်ကားများကို ချန် လှပ်၍ အဆောင်တော်အတွင်း ကာရံရှိသည့်အကာ, မှန်စီကားများကို ဝန်ကြီး,အတွင်းဝန်, ဝန်ထောက်, သံတော်ဆင့်, စာရေးကြီးတို့ ရုပ်သိမ်း ရသည်။ အဆောင်တော်အတွင်း ခင်းကျင်းလုပ်ဆောင် ပြင်ဆင်ရန် ရှိ သည်ကိုလည်း လယ်ကိုင်းမြို့စား ကင်းဝန် သေနတ်ဝန်ကြီးနှင့် အတွင်း ဝန်, ဝန်ထောက်,သံတော်ဆင့်,စာရေးကြီးတို့ ကြပ်မလုပ်ဆောင်ရသည်။

အလယ်ဆောင်တော် ဝဲယာဆောင်တော်များမှာ အမိုးအကာ တိုက် နံရံမှစ၍ အသစ်အလပ်မရှိစေရ ပိတ်ဖြူမှမ်းကြက်ရန်အလုပ်, အဆောင် တော်အတွင်းပြင် အခင်းကော်ဇော ခင်းကျင်းရန် အလုပ်များကိုလည်း ရွှေတိုက်အတွင်းဝန် တောင်ခွင်မြို့စား ကြီးကြပ်၍ သံတော်ဆင့် အချုပ် ဝန်တို့ အချုပ်အမှုထမ်း, နေရာတော်အမှုထမ်းတို့ကို ဆင့်ဆိုမှမ်းကြက် ခင်းကျင်းစေရသည်။

အလောင်းတော် ပြင်ဆင်ခင်းထားသည့် အလယ်ဆောင်တော်လက်ဝဲ ဘက်တွင် အလယ်နန်းတော်မိဖုရားနှင့် မင်းမိဖုရား,သမီးတော်,အိမ်ရှေ့ မင်းသမီးတော်,အပျိုတော်တို့ အလောင်းတော်ဝဲယာခြံရံနေထိုင်ရသည်။

လက်ယာဘက် ဝဲဆောင်တော်တွင် မင်းညီမင်းသား, မှူးတော်မတ်တော်, ထီးဓားလက်စွဲ အဆောင်မြှတို့နှင့် ကျွန်တော်မျိုးရင်းတို့မှစ၍ ဝင်ထွက်ဖူးမြော်စေသင့်သူတို့ကို ဝင်ထွက်ဖူးမြော်စေရသည်။ နတ်ပြည့်စံတော်မူသည့်ကစ၍ နေရာနေ ကတော်မယားတို့မှာ ဝဲဘက်အဆောင်တော်က နေ့ညဝင်ထွက် ခစားဖူးမြော် စောင့်နေစေသည်။ နောင်တော် ပုဂံမင်း နေထိုင်ရန် နေရာကိုလည်း အလောင်းတော်ရွှေ ဘဝရှင်မင်းတရားကြီး ဘုရား စံနေတော်မူရန် ခင်းထားသည့် သလွန်တော်နှင့်ဆည်တည့် လက်ယာဘက်က သလွန်တော် အခင်းနေရာတော်များကို ပြင်ဆင်ခင်းကျင်းထားရသည်။ အတွင်းတော်သို့ မဝင်မထွက်ရ အစောင့်အရှောက်နှင့်ထားသည့် သားတော်သုံးဆယ်မင်းသား, မက္ခရာမင်းသား, ညောင်အုပ်မင်းသား, ပင်လယ်မင်းသား, ခေါင်သန္တိမင်းသား, သာဂရမင်းသား, ကသာမင်းသားတို့ကိုလည်း အခမ်းအနားမပြီးမပြေမီအတွင်း အဆောင်တော်သို့နေ့ညဝင်ထွက် ဖူးမြော်စေ-အမိန့်တော်မြတ်နှင့် ဆင့်ဆိုဝင်ထွက်စေပြီးလျှင် သားတော် သုံးဆယ်မင်းသား,ပင်လယ်မင်းသား, ခေါင်သန္တိမင်းသား, ထီးလင်းမင်းသားတို့မှာ ရွှေနန်းတော်အတွင်း ထီးလင်းမင်းသားနေရင်း အချုပ်တိုက်အနောက်ဘက်အိမ်တွင်။ညောင်အုပ်မင်းသား, သာဂရမင်းသားတို့မှာ ငင်းအနီး ဝန်းသိုမင်းသားအိမ်တွင်။ မက္ခရာမင်းသား, ကသာမင်းသားတို့မှာ ငင်းအနီး မိုင်းတုံမင်းသားအိမ်တွင် နေရာချထားရသည်။ ဝန်ထောက် မြို့သစ်မြို့စားနှင့် ရွှေနန်းရိုးလမိုင်းဝန် ရွှေလှံမိုလ်,တောင်မာရဘင်မိုလ်တို့ကို စောင့်နေစေသည်။

နတ်ပြည် စံတော်မူသည့်နေ့ည ရွှေနန်းတော်အတွင်း အိပ်ဘန်တော်အလှည့်မခွဲ ဝဲယာပေါင်းဆုံ အိပ်နေထမ်းရွက်စေသည့် လက်ဘက်ရည်တော်, ကွမ်းရေတော်ကိုင်မှစ၍ ထီးဓားလက်စွဲ အဆောင်တော်မြှ တို့ကို ဂွမ်းထိုးအင်္ကျီတစ်စီ, သက္ကလတ်ခြုံထည် တစ်စီ သနားတော်မူသည်။

အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား အဆောင်တော်တွင် လည်း ယင်းသည့်လပြည့်ကျော် တဆဲ့သုံးရက်နေ့နံနက်ကစ၍ အထက်နေ့စဉ်ကျွေးမွေးလှူဒါန်းမြဲအတိုင်း သံဃာတော် ခြောက်ဆဲ့ငါးပါးကို ဆွမ်းစဲ အချို့ အဆိမ့်များ လှူဒါန်းကျွေးမွေးပြီးလျှင် ပရိတ်တော်တရားတော်များကို နာခံရသည်။

အဆောင်တော်သို့ဝင်ထွက်ရန်ရှိသည်များကို လက်ဝဲလက်ယာစမုတ်တော်များက ဝင်ထွက်စေရသည်။ ယင်းသည့် စမုတ်တော်များတွင်လည်း

မြောက်ဒဝယ်သေနတ်မိုယ်, တောင်ဒဝယ်သေနတ်မိုယ်တို့ကို ကြပ်ကြပ်တည်းတည်း စောင့်နေစေရသည်။

ယင်းသည့် တန်ဆောင်မုန်း လပြည့်ကျော် တဆဲ့သုံးရက်နေ့ နေသုံးချက်တီးကျော် လေးမောင်း အချိန် အခမ်းဖွင့်ရန် အခမ်းအနားရှိသည် များကိုလည်း လုပ်အောင် ပြီးပြေရှိသည့်အတိုင်း ခန်းပတ်မြို့စား ဝန်ကြီး, ကင်းစဉ်ဝန်ထောက်, စာရေးကြီး, အသုံးစာရေးတို့ ဆွေတော် ကျွန် မဟာလေးဆယ်တော်, အဆောင်တော်မြဲ တို့ကို ထီးဖြူဗိတာန်ခုံ, ကုန္တီးကျင်းရန်အဘွယ်အရာများကို စီစဉ်ခင်းကျင်း ဆောင်ယူကိုင်တွယ်စေပြီးလျှင် လုပ်ဆောင်ရင်း မြဲတိုက်တော်မြောက် ကန္နားဖျင်းကသည့် ရွှေနန်းတော်ဝဲဘက် မြောက်ဒဝယ်တံခါးသို့ဝင်၍ အစဉ်အတိုင်း ရွှေနန်းတော် အနောက်စမုတ်သို့ လျှောက်သွား၊ အနောက်စမုတ် ဝဲဘက်လှေကားတော်သို့တက်၍ မှန်နန်းတော် အနောက်ဆည်တည့် လမ်းမတော်အတိုင်း ဆောင်ယူခဲ့ပြီးလျှင် အရှင်မိဖုရားခေါင်ကြီးဘုရား အဆောင်တော်အနောက်တန်းလျား တောင်ဘက်တံခါးပေါက်ကသွင်းပြီးလျှင် အဆောင်တော်တောင် ယာဘက် ဝဲဆောင်အထယ်ဆည်တည့် အပေါက်တံခါးပွတ်လုံးများကို ရုပ်သိမ်း၍ အခမ်းဖွင့်ရန်စီစဉ် ဆောင်ယူခဲ့သည်များကို ခန်းပတ်မြို့စားဝန်ကြီး, လယ်ကိုင်းမြို့စား ကင်းဝန် သေနတ်ဝန်ကြီး,အတွင်းဝန်ဆောမြို့စား, အတွင်းဝန် လယ်ဝန်ယောမြို့စား, ရွှေတိုက်အတွင်းဝန် တောင်ခွင်မြို့စား, အမြောက်အတွင်းဝန် မိုးတားမြို့စား, ကင်းစဉ်ဝန်ထောက် လှိုင်းတက်မြို့စား,ဝန်ထောက် မြို့သစ်မြို့စားတို့နှင့် သံတော်ဆင့်,စာရေးကြီး, အရှင်နန်းမတော်ဘုရားဝန်, စာရေးကြီးတို့ ကြီးကြပ်ပြီးလျှင် အလောင်းတော်အနီးသို့ တင်ဆောင်ခင်းကျင်း၍ ထီးဖြူတော်ရှစ်ချက်မှာ မြင်းမှူးမင်းသားတို့ ဖွင့်ရသည်။မဟာလေးဆယ်တော်,အဆောင်တော်မြဲတို့က ကလန့်ထိုးရသည်။ သဲညွှန်ဆွဲရန် အလောင်းတော်တွင် လက်မတော်ခြေမတော်များမှာ ပုလဲကြိုးတွဲဘွဲ့ရန်၊မျက်နှာတော်ဖုံး,လက်စွပ်တော်, ခြေစွပ်တော် ဆင်ရန်ရှိသည်များကို တူမတော် ရွှေခုံတိုင်မင်းသမီး လုပ်ဆောင်စေရသည်။

မဟာလွှတာ အဆင်တန်ဆာတော်များကိုလည်း အလောင်းတော်တွင် ဆင်ယင်တင်ထားလျှင် လေအထိအပေါ်းမရှိ၍ ရုပ်တော်ကြွရန်ရှိသည်နှင့် အဆင်တန်ဆာတော်များကို တူမတော်ရွှေခုံတိုင်မင်းသမီးက အလောင်း

တော်အထက်တွင် မြောက်ချီကြွယူဆင်ဟန်ပြု၍ သလွန်တော် လက်ယာဘက်က အဆင်တန်ဆာတော်များကို စီစဉ်ခင်းကျင်းထားရသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့လေးရက်နေ့ ညဥ့် တချက်တီးကျော် ငါးမောင်းခန့် အချိန် အလောင်းတော်ကို သမီးတော်တို့ ဝဲယာရှေ့နောက် ကြွချီမစပြီးလျှင် ခေါင်းတော်အတွင်းသွင်းထား၍ ဗုဇွန်ဆီ ရွှေချည်ငွေချည်ထိုး ဝိုးရည်တောင်ဇာခြယ် ခြုံစောင်တော်ကို ခေါင်းတော်အထက် အုပ်ဖုံးတင်ထားရသည်။

အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား ရုပ်ပုံတော် သွန်းလုပ်ရန် ရွှေတိုက်တော်က ရွှေစင်အချိန် ခြောက်ပိဿာကို ထုတ်ပေးတော်မူ၍ မယ်တော်မိဖုရားခေါင်ကြီးဘုရား ရုပ်တုတော်နှင့်စံနစ်ပုံစံတူညီစွာရွှေနန်းတော်တောင်ပန်းခုံစံနန်းတော်တွင်ခန်းပတ်မြို့စားဝန်ကြီး,စာရေးကြီး,ရွှေတိုက်စိုး,အသုံးစာရေးတို့ ကြီးကြပ်ပြီးလျှင် ပန်းတဉ်းစာရေး နေမျိုးကျော်ထင်ရာဇာ လက်တတ်ဆရာတို့နှင့် နေ့ညစောင့်ကြပ် သွန်းလုပ်ရသည်။ ပြီးပြေလျှင်ရွှေစင်အချိန် ငါးပိဿာ့ငါးဆဲ့ငါးကျပ်ငါးမူးရှိရုပ်ပုံတော်ကို နန်းမဆောင်တော်တွင် ရွှေပြာသာဒ်နှင့်ထားရသည်။

ထိုနှစ် နတ်တော်လဆန်းသုံးရက်နေ့ ဘဝရှင် မင်းတရားကြီးဘုရား မြောက်ဉယျာဉ်တော်သို့ ရေကြောင်းထွက်တော်မူပြီးလျှင်ရွှေပြည်ဉယျာဉ်ကွက်အတွင်း ရေကန်တော်တောင်ဘက်မြေလပ်တွင် အရှင်နန်းမတော် မိဖုရားခေါင်ကြီး ဘုရား အလောင်းတော် ထားရန် အုတ်ပြာသာဒ်နှင့် တကွ စံနန်းတော်ကို အမြန်ပြီးပြေအောင် လုပ်ဆောင်စေ-အမိန့်တော်မြွက်အရ ခန်းပတ်မြို့စားဝန်ကြီး, ကင်းစဉ် ဝန်ထောက် လှိုင်းတက်မြို့စားတို့ကြီးကြပ်၍ မှန်နန်းဆောင်တော်မှာ-မြောက်မာရဘင် သေနတ်ဗိုလ်၊ နန်းဦးဆောင်တော်မှာ-ရွှေပြည်မှန်ကင်း သေနတ်စာရေး ငစိုး၊ မှန်နန်းတော်တောင်ဘက် အုတ်ပြာသာဒ်မှာ-အုတ်ဝန် သံတော်ဆင့်၊ မှန်နန်းတော်မြောက်ဘက် အဆောင်တော်မှာ-တောင်တရေ့ငါးဆယ်ဗိုလ်၊မှန်နန်းတော် အနောက်ဘက်အဆောင်တော်မှာ မြောက်ဒဝယ်သေနတ်ဗိုလ်၊ အုတ်ပြာသာဒ် အနောက်ဘက် အဆောင်တော်မှာ-မြောက်တရေ့ ငါးဆယ်သေနတ်ဗိုလ်တို့ စောင့်ကြပ်၍ ပန်းရန်, လက်သမား, ဗိသုကာတို့နှင့် ကောင်းမွန်ပြီးပြေအောင် လုပ်ဆောင်ရသည်။ အလုပ်အဆောင် များကိုလည်း နေ့စဉ် ရေကြောင်းထွက်တော်မူ၍ ကြည့်ရှုတော်မူသည်။ ယင်း

သည့်လဆန်း လေးရက်နေ့ မြေနန်းပြာသာဒ်တော် သီဟာသန ရာဇ ပလ္လင်တော်တွင် လက်ယာတော်ကခင်းသည့် ထီးဖြူတော်များကို ဖွင့်မြဲ ဖွင့်ရသည်၊ မင်းခမ်းတော်များကိုလည်း ခင်းကျင်းမြဲ ခင်းကျင်းရသည်။

ယင်းသည့် နတ်တော်လပြည့်ကျော် နှစ်ရက်နေ့ ဝန်ကြီး,အတွင်းဝန်, မြို့ဝန်, ဝန်ထောက်, သံတော်ဆင့်, စာရေးကြီးတို့ကြီးကြပ်လျက် သံလျင်းတော်, ကျင်းထီးဖြူများကို မဟာလေးဆယ်တော်တို့ ဆောင်ယူစေ၍ ရွှေနန်းတော် မြောက်သို့လှည့်သွား၊ အနောက်စမုတ်မြောက်ဖက် လှေကားတော်က တက်ပြီးလျှင် အရှေ့အတည့်လမ်းမတော်အတိုင်းလျှောက်၍ အဆောင်တော်အနောက်မှ တောင်ကိုလှည့်ပြီးလျှင် ယာဘက်ဆောင်တော်သို့ ရောက်ကာလ ကျင်းထီးဖြူတော်ကိုင်လူတို့ကို ရပ်နေစေ၍ သံလျင်းတော်ကိုသာ သွင်းပြီးလျှင် အလောင်းတော်အနီးယှဉ်ထား၊ သားတော်များက-ခေါင်းတော်ကို ဆောင်ယူ၊ သံလျင်းအတွင်း ထည့်သွင်း၊ သားတော်သုံးဆယ်မင်းသား, မက္ခရာမင်းသား, ညောင်ရမ်းမင်းသား, ညောင်အုပ်မင်းသား, ရွှေဂူမင်းသား,မိုင်းတုံမင်းသား,ရနောင်မင်းသား, ပင်လယ်မင်းသား,ခေါ်သန္တိမင်းသား,သီပေါမင်းသား,ဝန်းသိုမင်းသား, မိုးလှိုင်မင်းသား, ပင်းယမင်းသား, သာဂရမင်းသား,ထီးလင်းမင်းသား, ကသာမင်းသားတို့နှင့် နေရာနေ မင်းသားလတ်တို့ သံလျင်းတော်ကို ထမ်းဆောင်ပြီးလျှင် ဆောင်းထီးဖြူတော်ရှစ်ချက်ကို မြင်းမှူးမင်းသားတို့ အုပ်မိုးစေလျက် လာရင်းလမ်းစဉ်အတိုင်း ဆောင်ယူ၊ အနောက်စမုတ် လှေကားတော်သို့ရောက်လျှင် မာသရဘက်ရများကြီးကို ထောင်မှူးတို့က သံလျင်းထမ်းပိုးမှာ ချည်နှောင်ပြီးပြေကာလ သားတော် တောင်ညိုမင်းသား, မြင်စိုင်းမင်းသား,အိမ်ရှေ့မင်းသားတော် ထန်းတပင် မင်းသားတို့နှင့် အိမ်ရှေ့မင်းသားတော် နေရာနေမြင်းမှူးမင်းသား, နေရာမရမြင်းမှူး မင်းသား, မြေးတော်များနှင့်တကွ ရများကြီးဆွဲရသည်။

ဟသ်ာကွမ်းအုပ်တော်နှင့်အဆောင်တော်တဆဲ့ခြောက်မှာ စားတော်ကွမ်းရေဝဲယာ မှန်တင်တော်နှင့် အဆောင်တော် တဆယ်မှာ ဆိုင်ရာ ကျွန်တော်မျိုးများ၊ မဟာလ္လတာတန်ဆာတော်နှင့် အဆောင်တော်ငါးဆဲ့ လေးမှာ အိမ်ရှေ့မင်းသမီးနေရာတော်နေ မင်းသားလတ်သမီးတို့ဆောင်ယူ၊ သံလျင်းတော်ရှေ့ အစီအစဉ်အတိုင်း သွားကြရသည်၊ ဝေါတော်, ခုံ, စန္ဒရထားမှစ၍ တောအခမ်းအနားများကိုလည်း အစီအစဉ်အတိုင်း

စာတမ်းပါမင်းညီမင်းသား,ကတော်မယား, ယောကျ်ား, မိန်းမ အသီး အသီး ဆောင်ယူ၍ ဖြည်းညင်းစွာ သွားရသည်။

အနောက်စမုတ်လှေကားတော်က အုတ်ပြာသာဒ်တော်ရောက် ဝဲယာ ရာဇမတ်သုံးသွယ် ရေအိုးရေပြည့်များနှင့် ခင်းကျင်းထားရသည်၊ လမ်း တလျှောက် ဖျာခင်းပြီးလျှင် သက္ကလတ်နီ ဖိတ်လွှမ်း၍ ရာဇမတ်လမ်းစဉ် အတိုင်း ခင်းကျင်းရသည်။

အလောင်းတော်ကို အလယ်နန်းတော်ဘုရား, အနောက်နန်းတော် ဘုရားနှင့် တကွ သမီးတော်, မင်းမိဖုရား, မင်းညီမင်းသား,မှူးတော်မတ် တော်တို့ ကြွပ်မ၍ ဖြည်းညင်းစွာဆောင်ယူ ရွှေပြည်တံခါးသို့ရောက်လျှင် တောအခမ်းအနားပါများမှာ တံခါးနီသို့ထုတ်၍ ရွှေးတော်ယူ အတွင်း ခင်းကျင်းထားသည့်လောင်တိုက်ရောက် ဆောင်ယူပြီးလျှင် သိမ်းမြဲသိမ်း ရသည်။

အလောင်းတော်မှာ ရွှေပြည်တံခါးက ဝင်၍ အုတ်ပြာသာဒ်တော် တောင်ဘက် မြေလှေကားက တက်ပြီးလျှင် အုတ်ပြာသာဒ်တော်အနောက် မုတ်က ချဉ်း၍ သံလျှင်းအတွင်းခေါင်းကို သားတော်များဆောင်ယူ ရွှေ သားနဝရတ်စီသလွန်တော်ပေါ်သို့ တင်ထား ထီးဖြူရှစ်ချက်အုပ်မိုးထား ရသည်။

ယင်းသည့်နောက် အလောင်းတော်ကို အုတ်ပြာသာဒ်တော် အတွင်း သွင်းထားပြီးပြေရှိကြောင်းနှင့် အတွင်းဝန် သံတော်ဆင့်တို့ ရွှေနန်းတော် ကြီးသို့ လာရောက်လျှောက်ထားရာ ဘဝရှင်မင်းတရားကြီးဘုရား မြောက် စမုတ်တော်က မြောက်ဥယျာဉ်တော်သို့ရေကြောင်းထွက်တော်မူ၍ အုတ် ပြာသာဒ်တော်အတွင်း ထီးဖြူအုပ်မိုးခင်းကျင်းထားသည်များကို ကြည့်ရှု တော်မူပြီးလျှင် အလောင်းတော် တင်ဆောင်သည့် မြေလှေကားကို တူးယက်ဖျက်သိမ်း၊ စံနန်းတော်ကြမ်းပြင်တိုင်စိုက်ထူ၊ အကာပျဉ်ထောင် လုပ်ဆောင်ကာရံရသည်။

အပျိုတော်တို့မှာ ရှိတော်မူစဉ်ကအတိုင်းကဲ့သို့ အလှည့်ကျ အုတ်ပြာ သာဒ်တော်တွင် နေ့စဉ်ခစားထမ်းရွက်ကြရသည်။ ဘဝရှင်မင်းတရားကြီး ဘုရားလည်း နေ့စဉ်အလောင်းတော်ထားရာ မြောက်ဥယျာဉ်စံနန်းတော် သို့ ရေကြောင်းထွက်တော်မူပြီးလျှင် သုံးလတိုင် မိုလ်ရှ ညီလာသဘင် ခံတော်မူသည်။

## ရန်ကင်းတောင်တွင် ကျောက်စေတီတည်လုပ်ခြင်း–စသည်များနှင့် သားတော်၊ မြေးတော်၊ တူတော်များကို ချုပ်ထားခြင်း

ယင်းသည့် နတ်ခတော်လ ရတနာပုံ ရွှေမြို့တော်ကြီး အရှေ့မျက်နှာ ရန်ကင်းတောင်အနီး ဘူမိဥက္ကဋ္ဌအစစ်ဖြစ်သော ဇေယခုံအရပ်၌ အဥ္ဇနဂိရိမည်သော မျက်စဥ်းတောင် အဆင်းနှင့် တူသော တခဲနက်ဖြစ်သော သယံဇာတကျောက်တို့ဖြင့် မြေဝင် ငါးတောင့်တမိုက်၊ အချင်းသံတောင် သုံးရာ့နှစ်ဆဲ့တမိုက်လေးသစ်၊ အမြင့်ပန်းတင်အရံတုံး ချရားသီးဆုံးတိုင် နှစ်ရာ့ ငါးဆဲ့ခြောက်တောင့် နှစ်မိုက် ရှိသော ပုံစံ စံနစ်အတိုင်း ဓာတုဃရမဟာထာဝရကျောက်စေတီတော်ကြီးကို စ၍ တည်တော်မူသည်။

နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၃၈) တထောင့်နှစ်ရာ့ သုံးဆဲ့ရှစ်ခု နှောင်းတန်ခူးလပြည့်ကျော် တဆဲ့လေးရက် ဗုဒ္ဓဟူးနေ့ ညဉ့်တချက်တီးကျော် ငါးနာရီသုံးပါဒ် နှစ်ဗီဇနာ လေးပြန် ကိုးခရာအချိန် သင်္ကြန်ကျသည်။ ကဆုန်လဆန်းနှစ်ရက် ညဉ့် သုံးချက်တီးကျော် စနေနေ့သို့အဝင် တနာရီတပါဒ် သုံးဗီဇနာ လေးပြန် တခရာအချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၃၉) တထောင့်နှစ်ရာ့သုံးဆဲ့ကိုးခုနှစ်သို့တက်သည်။

## ၁၂၃၉-ခု

သက္ကရာဇ် (၁၂၃၉) တထောင့်နှစ်ရာ့သုံးဆဲ့ကိုးခုနှစ် ကဆုန်လဆန်း တဆဲ့ငါးရက်နေ့ ဗောဓိညောင်တော်စသော ဘုရားစေတီ ပုထိုးများမှာ ညောင်ရေတော် သွန်းလှူတော်မူသည်။

ထိုနှစ် နယုန်လဆန်း ရှစ်ရက်နေ့ကစ၍ ပါဆိုလတိုင် သက္ကရာဇ် (၁၂၃၈) တထောင့်နှစ်ရာ့သုံးဆဲ့ရှစ်ခုနှစ်က အခမ်းအနားအတိုင်း ကြီးကျယ်စွာကျင်းပပြီးလျှင် သားတော် သီပေါမင်းသား သုသီရိမဟာဓမ္မရာဇာ သုဓမ္မာစရပ်တော်သို့ထွက်၍ ပဋ္ဌမကြီးအဖြစ် သဒ္ဒါ ရှစ်စောင်ပါဠိ၊ အနက်၊ ရုပ်။ ဆန်းပါဠိ၊ အနက်။ အလင်္ကာ ပါဠိ၊ အနက်။ အဘိဓာန်ပါဠိ၊

အနက်။ သဗြိုဟ်ကိုးပိုင်း ပါဠိ, အနက်။ မာတိကာပါဠိ, အနက်, အရကောက်။ ဓာတုကထာပါဠိ, အနက်, အရကောက်။ ယမိုက်ဆယ်ကျမ်း ပါဠိ,အနက်, အရကောက်များနှင့် ပဋ္ဌာန်း ကုသလတိက် ဂုန်အောင် ပြန်ဆိုတော်မူသည်။

ယင်းသည့်နေ့ဘတ် လူဝတ်နှင့်ပင် ရွှေနန်းတော်အတွင်း လွှတ်တော်မြောက်ဘက် မင်္ဂလာအိမ်တော်တွင် စံနေတော်မူပြီးလျှင် ခမည်းတော် သာဝရှင်မင်းတရားကြီးဘုရားအပေါ်တော်သို့ ဝင်ထွက်ခစား၍နေရသည်။

ထိုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ငါးရက်နေ့ သံတော်ဆင့် ကျိဝန် စာရေး ငွေတော်ဝယ်လူအုပ် မင်းကျော်သီရိစည်သူကို လက်နက်တိုက်ဝန် ခန့်တော်မူသည်။

ထိုနှစ် ဝါခေါင်လဆန်း တဆဲ့ငါးရက် ကြာသပတေးနေ့ ညဥ့် သုံးချက်တီးကျော်အချိန်တွင် ယူဇနာလေးထောင့်ရှစ်ရာရှိသော ရာဟု အသူရိန် နတ်သားသည် မည်းသော အဝတ်တန်ဆာကို ဆင်ယင်ပြီးလျှင် လေယာဥ်စီး၍ ကျော့ကွင်းလက်နက် စွဲကိုင်လျက် ဥတ္တရဂေါလ အရှေ့မြောက်ကစ၍ အချင်းလေးဆဲ့ကိုးယူဇနာရှိသော လမိမာန်ကို သမသတ်ငုံသည်။ နံနက်လေးချက်တီးကျော် လေးနာရီပါဒ်ပြည့်အချိန်တွင် လွှတ်စင်သည်။ လနတ် ရာဟုနတ်တို့အား အပရိဟာနိယတရားနှင့်အညီ တိုင်ကြားပသရသည်။

ယင်းသည့်လ သိန်းနီစော်ဘွား သီဝိရဋ္ဌမဟာဝံသ သေဋ္ဌပဝရ သုဓမ္မရာဇာက ဆက်သသော ထူးမြတ်သည့်ဆင်တော်နှစ်ကို ကြိုယူမြဲ အခမ်းအနားအတိုင်း ကျင်းပကြိုယူရသည်။

ထိုနှစ် တန်ဆောင်မုန်းလဆန်းကိုးရက်နေ့ အီတာလျံမင်းသားစပါညို ဘုရင်ဟောင်း အာပေဝေဝိုစတာကို ပတ္တမြားစီစလွယ် တဆဲ့ရှစ်သွယ် သနားတော်မူသည်။

ယင်းသည့် တန်ဆောင်မုန်းလပြည့်ကျော် ခြောက်ရက်နေ့ အလယ်နန်းတော် သီရိပဝရ မဟာရတနာဒေဝီသည် ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရားကြီးဘုရား၏ မိဖုရားခေါင်ကြီးတွင် မြင်သော သမီးတော်စစ်ဖြစ်၍ ရွှေနန်းတော်-နန်းမဆောင်တော်ထက် မနော ဟရ ထီးဖြူအုပ်မိုးလျက်ဖွားမြင်ခြင်း၊သစ်နက်ရေခံခြင်း၊ ကြာချပ်တထောင်ရှိသော ရွှေသား ပတ္တမြား သုံးရစ်စီ မနောလင်ပန်းဖြင့် ချင်းတန်းသန့်စင်ခြင်း၊ မင်းခမ်းစုံ ကျင်းပလျက် အိမ့်ရှင်စည်ကြီး တီးရွှမ်းခြင်း၊

မဟာဥက္ကာ ဖွင့်တော်မူခြင်း စသည်ဖြင့် ဇမ္ဗူဒိပ်ခွင် မြေပြင်အနှံ့ ထူးမြတ်သော ရာဇိန္ဒ,ရာဇာနုဘာဝတို့ကို ထွန်းတောက်ပစေလျက် ဖွားမြင်သော မြတ်သော နေနတ်နွယ်မြစ် သာကီယစစ်ဖြစ်၍တကြောင်း၊ မိန်းမမြတ်တို့၏ လက္ခဏာ ခြောက်ဆဲ့လေးပါးတို့နှင့် မချွတ်မယွင်း ပြည့်စုံလျက် သူမတူတန် ကဲသွန်ထူးမြတ်သော ဂုဏ်ထူးဝိသေသ ရှိသည်တကြောင်း၊ ကပ်ဦး မဟာသမ္မတမင်းမှ ဆင်းသက်ခဲ့သော ဥက္ကာမုခသကျသာကီဝင်မင်းတို့နှင့် တဝေးမပြား မျိုးနွယ်စဉ်ဆက် မပျက်မယွင်းစေရ၊ စောင့်ရှောက်မြဲ ရာဇတန္တိ ပဝေဏီထုံးတမ်းနှင့် အကြောင်းညီစေလျက် မြတ်သော ပြည်ထောင်ဘက် မိဖုရားကြီးအဖြစ်ကို ဆောက်နှင်းတော်မူ၍ရှိသည့်အတိုင်း ဒုရကတိုင်း ဒဝယ်မြို့ကဆက်သည့် သိရိမဟာသုဘဒ္ဒာရတနာဆင်ဖြူတော်မကို သနားတော်မူသည်။ ထိုအခါကစ၍ ဆင်ဖြူမရှင်မိဖုရားကြီးဟု တွင်လေ၏။

ယင်းသည့်လပြည့်ကျော် ဆယ်ရက်နေ့ အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ်မြို့စား မင်းကြီးမင်းလှမဟာစည်သူ မှူးကြီးကြပ်မ လုပ်ဆောင်သော ရွှေမြို့တော်အရှေ့ပြင် မဟာအတုလဝိဇိတာရာမတိုက် မဟာအတုလဝေယန်ကျောင်းတော်ကြီး အပြောက်အမွှမ်းနှင့်တကွ ပြီးပြေလျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ရွှေနန်းတော်က သမ္ဗန်တော်တွင် ရွှေစက်တင်တော်မူ၍ တပ်ဝင်းအခင်းအကျင်းနှင့် ရေကြောင်း ထွက်တော်မူပြီးလျှင် ကြည့်ရှုတော်မူသည်။ ထိုကျောင်းတော်ကြီး ထက်တွင် ရတီချိန် သုံးဆဲ့နှစ်ရတီရှိသော မဟာစိန်တော်ကလေးကို ဥဏ္ဏလုံ မွေးရှင်တော်ပြု၍ တပ်လှူတော်မူသည့် မံဆင်းတုတော်ကြီးနှင့် မဟာဗောဓိသားဖြင့် ထုလုပ်သော ရုပ်ပွားတော်ကြီးများကို တင်ထားကိုးကွယ်တော်မူသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၃၉) တဆောင့်နှစ်ရာ့သုံးဆဲ့ကိုးခု နှောင်းတန်းခူးလဆန်း တဆဲ့တရက် သောကြာနေ့ နံနက် ဆေးချက်တီးကျော် နာရီပြည့် တပါဒ် ဗိဇနာပြည့် တပြန် ငါးခရာအချိန် သင်္ကြန်ကျသည်။ ၎င်းလဆန်းတဆဲ့သုံးရက် တနင်္ဂနွေနေ့ နေတချက်တီးကျော်အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၄၀) တဆောင့်နှစ်ရာ့လေးဆယ်ခုသို့ တက်သည်။

## ၁၂၄၀-ခု

သက္ကရာဇ် (၁၂၄၀) တထောင့်နှစ်ရာ့လေးဆယ်ခု ကဆုန်လ မဟာ ဝိသုတာရာမတိုက်ကျောင်းတော်က မဟာအတုလဝေယန် ကျောင်းတော်ကြီးသို့ ပိဋကတ်တော်များကို ရေကြောင်း ပင့်တော်မူရန် ဖောင်တော်, သမ္ဗန်တော်, လှေတော်မှစ၍ ရေတပ်အခင်းအကျင်း အခမ်းအနားများကို ပိဋကတ်တော် မပင့်မဆောင်မီ ကဆုန်လဆန်း ဆယ်ရက်နေ့ ရွှေမြို့တော်အရှေ့မျက်နှာ ကျုံးထိပ်စံနန်းတော်သို့ ထွက်တော်မူ၍ကြည့်ရှုတော်မူသည်။

ထိုနှစ် နယုန်လဆန်း တရက်နေ့ကစ၍ ဝါဆိုလဆန်း ရှစ်ရက်နေ့တိုင် သာသနာတော် သုံးပါးတွင် အရင်းမူလ ဘူတဖြစ်သော ပရိယတ္တိ သာသနာတော် ထွန်းလင်းတောက်ပစေခြင်းငှာ နှစ်စဉ်မပျက် စာပြန်ဆိုစေသည်အတိုင်း မဟာဝိသုတာရာမတိုက်တော် ပဌမ ပဋ္ဌင်းလောင်းတော်ရှင်ပဉ္စင်္ဂနှင့် ပဌမကြီးတစ်၊ ပဌမလတ်လေးဆဲ့ငါး၊ ပဌမငယ်ကိုးဆယ်၊စုစု ပဌမပဋ္ဌင်းလောင်းတော် ရှင်လောင်းတော်တရာ့သုံးဆဲ့ခုနစ်တို့ကို သုဓမ္မာ စရပ်တော်များတွင် ဝဲ-ယာ လေးဌာနခွဲဝေ၍ ပဌမစာတော်ပြန်ဆိုကြရသည်။

ထိုနှစ်ဝါခေါင်လအတွင်း ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီး ဘုရား ကိုယ်တော် ကျန်းခန့်တော်မမူသောကြောင့် ဝန်ကြီးအတွင်းဝန်မှစ၍ မှူးတော်မတ်တော်တို့ကိုအမိန့်တော်နှင့်ခေါ်တော်မူပြီးလျှင် အထက်ပေးမြို ခံသောက်မြိသစ္စာတော်ပြန်တမ်းရင်းတွင်ငါ့ကိုသာအရှင်မှတ် ငါမှ တပါး ငါညွှန်ပြသူကိုသာ အရှင်မှတ်-ဟူသော ဗျာဒိတ်တော်ခွန်းကို ထည့်သွင်းရေးသား၍ ရွှေနန်းတော် နန်းဦးဘုရားဆောင်တော်တွင် ယင်းသည့်ဝါခေါင်လဆန်းတဆဲ့နှစ်ရက်နေ့ သစ္စာတော်ပြန်တမ်းကိုနာခံတော် နေမျိုးမင်းထင်စည်သူ ဖတ်လျှောက်ပြန်ဆိုစေပြီးလျှင် သစ္စာတော်ခံသောက်ကြရသည်။

ယင်းသည့် ဝါခေါင်လပြည့်ကျော် တဆဲ့လေးရက်နေ့က စ၍ လေဝေဒနာတော် သက်သာရာမရ လေးလံတော်မူသည်နှင့် မှန်နန်းတော်မြောက် စံတော်မူရင်းရွှေနန်းဆောင်တော်သို့ အခြားမိဖုရား,သားတော်, သမီးတော်, မှူးတော် မတ်တော်တို့ အဝင် အထွက် အသက် အသံမရှိစေရ အပါးတော်တွင်-တောင်ဆောင်တော်မိဖုရား, စိန်တုံးမိဖုရား,

လက်ပံစည် မိဖုရား, သာရစိမ်း မိဖုရား, လဲခြားမိဖုရား, ငန်းငွန် မိဖုရား, သနဇရစ်မိဖုရား, ပလွဲပရွာစားတို့နှင့် တကျွန်းတနိုင်ငံ လက်ာဒီပသီဟိုဠ်ကျွန်းက ရွှေစက်တော်ရင်းသို့လာရောက်အမှုတော်ထမ်းရွက်သူဆေးဆရာသာရာလင်္ကာရ, နိုင်ငံတော်အတွင်း ရွှေစက်တော်ရင်းတွင် နေ့ညမြဲစွဲထမ်းရွက်သူ, ဘာဝပ္ပကာသ, သုသုတဘေဒကျမ်း, ဒြဗျဂုဏပြကာသ, သာရကောမုဒီ, ဘေသဇ္ဇမဉ္ဇူသာရ, မာတုဒိပနီစသော အစောင်စောင်သော ဆေးကျမ်းတို့ကို တတ်ကျွမ်းသိမြင်လိမ္မာသော ဘွဲ့အမည်အရည်ရသော ဆရာတို့ကို နေ့ည မြဲစွဲစောင့်ကြပ်စေပြီးလျှင် သင့်မသင့် လျော်မလျော်များကို ဝန်းကြီး,အတွင်းဝန်, ဝင်သင့်ဝင်ထိုက်သူ မှူးမတ်တို့နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင် ဆင်ဖြူမရှင်အသျှင်မိဖုရားကြီးနှင့် သားတော်သီပေါမြို့စားမင်းသား သုသီရိမဟာဓမ္မရာဇာ ကြည့်ရှုကြီးကြပ်ဆေးဝါးဆက်သကုမတော်မူသည်။

ထိုနှစ် တော်သလင်း လပြည့်ကျော် တရက်နေ့ ဝန်ကြီး အတွင်းဝန်မှစ၍ မှူးတော် မတ်တော် ကြီးတို့က ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား၏ ဝေဒနာတော်သည် တနေ့တခြား တိုးတက်ရင့်မာလာသောကြောင့် တိုင်းရေးပြည်မှုများ ညီညာ ဆောင်ရွက်တော်မူရန် နန်းလောင်းနန်းလျာအဖြစ်ရည်ကြီတော်မူရင်းရှိသော သားတော်သီပေါမြို့စားမင်းသား သုသီရိမဟာဓမ္မရာဇာကို အိမ်ရှေ့ဥပရာဇာအဖြစ် ဆော်နှင်းတော့မည့်လက္ခဏာ လွှန်စွာနီးကပ်ခဲ့လေပြီ၊ ယင်းကဲ့သို့ သီပေါမင်းသား သုသီရိမဟာဓမ္မရာဇာကို အိမ်ရှေ့နှင်းအပ်တော်မူလျှင် အသီးအသီးသော သားတော်မြေးတော်တို့က သဘောတူညီကြမည်မဟုတ်၊ ခမည်းတော်မင်းတရားကြီးဘုရားမှာလည်း ဝေဒနာတော် သည်းစွာစွဲကပ်တော်မူလျက်ဖြစ်သည်။ အကယ်၍ သဘောမတူသော သားတော်မြေးတော်တို့က အသီးအသီး သဘောရှိရာ ကြံစည်ထကြွ လှုပ်ရှားရှိခဲ့ကြလျှင် တိုင်းပြည်နိုင်ငံ ငြိမ်ဝပ်ချမ်းသာခြင်း ဖြစ်နိုင်တော့မည်မဟုတ်၊ ကိုယ်တို့ ငါတို့လုပ်ရေးကြီးရေး ခက်ချိမ့်မည်။ ခမည်းတော်မင်းတရားကြီးဘုရား ကျွန်းမာတော်မူစဉ် လွန်ခဲ့သော (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆဲ့ရှစ်ခုနှစ်ကပင် သားတော် မြင်ကွန်းမင်းသား, မြင်းခုံတိုင်မင်းသားတို့ နှစ်ပါးတည်းလုပ်ကြံထကြွရုံမျှနှင့် ညီတော်သားတော် မှူးတော်မတ်တော် အများဆုံးပါးသည့်ပြင် တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့ မချမ်းမသာ ဆေးလကျော်ငါးလ ဒုက္ခကြီးစွာ တွေ့ကြုံခဲ့ရသည်မှာ ဒိဋ္ဌမျက်မှောက်ပင် ဖြစ်တော့

သည်။ ယင်းသို့ဖြစ်၍ ယခုပြင်အိမ်တော်မှာရှိသော သားတော် မြေးတော်များမှာ ရွှေနန်းတော်အတွင်း အသာအယာ ခေါ်ယူပြီးလျှင် အစောင့်အရှောက်နှင့်ထားဦးမှ သင့်မည်ကို အစုံအညီတိုင်ပင်ကြပြီးကာလ ဝန်းသိုမင်းသား၊ မက္ခရာမင်းသား၊ သုံးဆယ်မင်းသား၊ ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသား၊ ပင်လယ်မင်းသား၊ ခေါ်သန္တိမင်းသား၊ ရနောင်မင်းသား၊ မိုင်းတုံမင်းသား၊ ရွှေဂူမင်းသား၊ မိုးလှိုင်းမင်းသား၊ တောင်ညိုမင်းသား၊ ကသာမင်းသား၊ သာဂရမင်းသား၊ မိုင်းရင်းမင်းသား၊ ပင်းယမင်းသား၊ မလွန်မင်းသား-သား မိုင်းပျဉ်းမင်းသား၊အိမ်ရှေ့မင်းသားတော် ထန်းတပင်မင်းသား၊ တိုင်တားမင်းသား မောင်သန့်၊ တောင်ဆင်းမင်းသား မောင်မြင့်၊ ရွာသာမင်းသား မောင်ဖြူ၊ ကြေးမြင့်မင်းသား မောင်ကလေး၊ မြင်းဝမ်းပိုက်မင်းသား မောင်စစ်နိုင်၊ ဆောက်တောင်းမင်းသား မောင်စစ်အောင်၊ မောင်သိမ့်၊ မောင်လှောက်၊ မောင်မှတ်ကြီး၊ မောင်ဘရှင်၊ မောင်ဘိုးတို့ကို အမိန့်တော်မြတ်နှင့်ဆို၍ အပါးတော်က သံတော်ဆင့်တို့ကို အသီးအသီး တဦးစီ စေလွှတ်ခေါ်စေရာ သားတော် ညောင်ရမ်းမင်းသား, ညောင်အုပ်မင်းသားတို့သည် ရွှေနန်းတော်သို့ မလာမရောက် အင်္ဂလိပ်အစိုးရမင်းက ထားသည့် ကိုယ်စားလှယ်တော်-ကော်လော်နက်ဒန်ကင်းထံသို့ထွက်ပြေးခိုဝင်နေ၍တောင်းခံရာ ကြောက်ရွံ့ခိုကိုးလာသူကို သဘောမတူသဲ ပေးအပ်နိုင်သည့်အခွင့်မရှိပါ၊ မင်းသားတို့ ပြန်သွားလိုလျှင် ပြန်သွားနိုင်သည့် အခွင့်ရှိပါသည် ပြောဆို၍ မပေးမအပ်ဘဲ ရွှေတချောင်းအနောက် သံတဲဝင်းတွင် ထားလေ၏။ ကျန်သားတော်တို့ ခြံတိုက်တော်သို့ လာရောက်ကြ၍ မြောက်ဥယျာဉ်တော်အတွင်း အစောင့်အရှောက်နှင့် ထားရသည်။

ဝန်ကြီး အတွင်းဝန် မှူးတော်မတ်တော်တို့လည်း ယင်းသည့်နေ့ကစ၍ တိုင်းခရိုင် နိုင်ငံတော်အတွင်း သာသနာတော်ရေး, တိုင်းရေးပြည်မှုမှ စ၍ အလုံးစုံ စီရင်ခင်းစီရင်ဘွယ် မှုခင်းကိစ္စရှိသည်များကို သားတော် သီပေါမြို့စား မင်းသား သုသိရိမဟာဓမ္မရာဇာမှာ လျှောက်ထားအမိန့်တော်ခံပြီးမှ ပြည်ရွာသာယာ စည်ပင်စေခြင်း၏အကြောင်းရင်းဖြစ်သော တားမြစ်စောင့်ရှောက်ခြင်း စသည်တို့ဖြင့် လုံ့ခြုံစေအပ်သော ရက္ခာဝရဏ ဂုတ္တိတရားကို အမြဲနှလုံးထားပြီးလျှင် တရားသဖြင့် မှန်ကန်ညီညွတ်စွာ နေရာကျ စိစစ် ရွေးချယ်စီရင်ဆုံးဖြတ်ကြရ၏။

## သီပေါမင်းသားကို အိမ်ရှေ့နန်းခြင်း
## ချုပ်ထားသောသားတော်များ ရှေ့တော်ဝင်ရခြင်း၊နောက်ထပ်
## ဖမ်းဆီးခြင်းနှင့် နတ်ရွာ စံတော်မူခြင်း

တော်သလင်းလပြည့်ကျော်ကိုးရက်နေ့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဝေဒနာတော်မှ လွတ်မြောက်တော်မူမည်မထင်၊ အကြံတော်ရှိသည့်အတိုင်း ဆင်ဖြူမရှင် မိဖုရားကြီးနှင့် ဝန်ကြီးအတွင်းဝန်တို့ အစုံအညီတွင် အမိန့်တော်ရှိသည်ကား… ရှေးရှေးသောမင်းကောင်းမင်းမြတ်တို့သည် သာသနာတော်မြတ် အကျိုးစီးပွား, တိုင်းနေပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းငှာ လက်ရုံးနှလုံးနှင့် ပြည့်စုံသော ညီတော်သားတော်တို့အား အိမ်ရှေ့နန်းအပ်ပြီးလျှင် တိုင်းပြည်ဝန်ကို ကူညီဆောင်ရွက်စေသကဲ့သို့ ငါ့သားတော်သီပေါမြို့စား မင်းသား သုသီရိမဟာဓမ္မရာဇာသည် မဟာဝင် ရာဇဝင်စသော စာဟောင်း စာတမ်းများတွင် ရှေးမင်းတကာတို့ လက်ထက်တွေ့မြင် ကြံမ်ကြိုက်ခဲ့သော ထူးမြတ်သော မြတ်စွာဘုရား ရှေ့နတ်တော်ထွက် ပိဋကတ်သုံးပုံတို့ကို သုံးကြိမ်ပြန်ဆိုသဖြင့် သုံးကြိမ်တိုင်တိုင် မြတ်စွာဘုရား သာသနာတော်အတွင်း ထမ်းဆောင်နိုင်ခြင်း၊ ရှေးပဝေဏီ မင်းကောင်းမင်းမြတ်တို့ ကျင့်ရိုးကျင့်စဉ်ဖြစ်သော ရာဇပုံ ရာဇထုံးစသည်တို့၌ ကျွမ်းသိနားလည်ခြင်း၊ တိုင်းရေးပြည်မှု ရှိသည်များကိုလည်း ငါ့အား ပန်ကြားလျှောက်ထားပြီးလျှင် ဝန်ကြီး,အတွင်းဝန်တို့အား ပြောဆိုပြန်ကြား တိုင်းပြည်ဝန်ကို ညီညာရွက်ဆောင်နိုင်ခြင်း-စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော သားထူးသားမြတ်ဖြစ်သည့်အတိုင်း ငါလည်း သက်ရွယ်ကြီးရင့်ပြီဖြစ်၍ ငါ့သားတော် သီပေါမြို့စား သုသီရိမဟာဓမ္မရာဇာကို အိမ်ရှေ့အရာ ဆောက်နန်းတော်မူပြီးလျှင် တိုင်းပြည် နိုင်ငံအလုံးကို လွှဲအပ်တော်မူတော့မည်။ ငါ့သားတော် သုသီရိ မဟာဓမ္မရာဇာသည် ရှေးမင်းကောင်းမင်းမြတ်တို့ ကျင့်ရိုးကျင့်စဉ်ဖြစ်သော ရာဇဓမ္မအပရိဟာနီယ သင်္ဂဟစသော မင်းကျင့်တရားအပေါင်းတို့ကို အမြဲစောင့်ထိန်း၍ သာသနာတော်မြတ် အကျိုး, တိုင်းနေပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့အကျိုး, သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့၏ အကျိုး ပွားစီးဖြစ်ထွန်းသဖြင့် တိုင်းပြည်နိုင်ငံ စည်ပင်သာယာခြင်း၏ အကြောင်းကိုအမြဲနှလုံးထားပြီးလျှင်မပြတ်ထိန်းသိမ်းအုပ်ချုပ်စိုးစံရမည်။

တကြောင်းလည်း ငါ့သားတော်သည် ငါ့ကိုချစ်လျှင် တိုင်းနေပြည်သူအပေါင်းတို့ကို ချစ်ရလိမ့်မည်။ ငါ့အကျိုးကိုလိုလျှင် တိုင်းပြည်နိုင်ငံ အကျိုးစီးပွားကို အလိုရှိရလိမ့်မည်၊ ယခု ငါမှာတော်မူသည့် အမိန့်တော်အတိုင်း တည်သော် မင်းဘုန်းကြီးသက်ရှည်ရှိမည်။ ငါ့သားတော်အား ငါမှာတော်မူသည်ကို ဝန်ကြီး,အတွင်းဝန်, မှူးတော်မတ်တော်တို့လည်း အမြဲအမြဲ မှတ်ရမည်–အမိန့်တော်မြွက်ရှိသည်တွင် အိမ်ရှေ့နှင်းပြန်တမ်းအမိန့်တော်ကို ရှေ့တော်တွင် ဝန်ကြီးအတွင်းဝန်တို့ စီကုံးရေးသား၍ လွှတ်တော်သို့ ပြန်ရ၏။

အမိန့်တော်ကား....."ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ရေမြေ့အသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများနှင့်ရှင် လက်နက် စကြာသခင် ပဥ္စမသင်္ဂါယနာတင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်....ရှေးရှေးသော မင်းကောင်း မင်းမြတ်တို့သည် သာသနာတော်သုံးပါး စည်ပင်ပြန့်ပွား ထွန်းလင်းစေကြောင်း၊ တိုင်းပြည်နိုင်ငံ အစီးအပွား များပြား တိုးတက်စေကြောင်းများကို ညီညာ ဆောင်ရွက်စေခြင်းငှာ ရိက်ရာတော်ခံ နန်းရန်အစစ်ဖြစ်သော သားတော်မြတ်ကို အိမ်ရှေ့နှင်းတော်မူမြဲဖြစ်သည်နှင့်အညီ ငါအသျှင် ဧကရာဇ် မင်းမြတ်သည်လည်း အပရိဟာနီယစသော ရာဇဓမ္မကျင့်ဝတ်တရားအပေါင်းကို မြဲမြဲစွာ ကျင့်ဆောင်တော်မူလျက် ရတနာပုံမဟာရာဇဌာနီ ရွှေပြည်တော်ကြီးကို လက်မှန်အစ တည်ထောင်ဖန်ဆင်းတော်မူ၍ မြတ်စွာဘုရားသာသနာတော် အထူးသဖြင့် စည်ပင်ပွင့်လင်းစေခြင်းငှာ ငါးကြိမ်မြောက်ဖြစ်သော ပဥ္စမသင်္ဂါယနာ မင်္ဂလာသဘင် ယင်တော်မူပြီးလျှင် သာသနာတော်မြတ်အကျိုးစီးပွား, ကိုယ်တော်မြတ်အကျိုးစီးပွား, သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် စီးပွား, ရဟန်းရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ အကျိုးစီးပွား များစေကြောင်းများကို တရားနှင့်အညီ ထိန်းသိမ်း စောင့်ရှောက်တော်မူသည်။ ငါ့သားတော် သီပေါမြို့စား မင်းသား သုသီရိမဟာဓမ္မရာဇာသည်လည်း ကပ်ဦး မဟာသမ္မတ ဥက္ကာမုခ သကျသာကီဝင်မင်းတို့မှ အစဉ်မပျက် ဆင်းသက်ခဲ့သော ကုန်းဘောင်နန်းရိုး နေမျိုးနွယ်စစ်ဖြစ်ခြင်း၊ ပိဋကတ်သုံးပုံကို ချောက်ချားစေလျက် သုံးကြိမ်မြောက် ပဌမပြန်ဆို၍ သုံးကြိမ်တိုင်တိုင် မြတ်စွာဘုရားသာသနာတော်ကို ထမ်းဆောင်နိုင်ခြင်း၊ လောက-ဓမ္မ လိမ္မာကျေပွန်သဖြင့် နောင် ငါနှင့်ထပ်တူ တိုင်းပြည်နိုင်ငံကိုစိုးအုပ်နိုင်မည့် နှလုံး,လက်ရုံး

ဘုန်းပညာ လက္ခဏာနှင့် ဂုဏ်ထူး ဝိသေသ ရှိသော သားတော်မြတ်ဖြစ်သည်နှင့်အညီ သာသနာတော်ရေး တိုင်းရေးပြည်မှုများကို ညီညာဆောင်ရွက်စေခြင်းငှာ အိမ်ရှေ့မင်းတို့ တင့်တယ် စမွယ်ခြင်း၊ အလုံးအရင်း, ဆင်မြင်းဗိုလ်ပါ အပေါင်းတို့ဖြင့် ခြံရံလျက် အိမ်ရှေ့ဥပရာဇာအဖြစ်ကို သောက်နှင်းတော်မူမည်။ ။[အိမ်ရှေ့မင်း အဆောင်အယောင် အခမ်းအနား, ဝန်,ဝင်းမှူး, အတွင်းဝန်မှစ၍ သင်းစုပင်းစု ပေးဘွဲ့ရန် စာရင်းကိုလည်း သွင်း။]

ယင်းသည့်အမိန့်တော်ကို လွှတ်တော်သို့ ပြန်ပြီးနောက် အိမ်ရှေ့နှင်းအမိန့်တော်စာတမ်းစာရင်းပါ အိမ်ရှေ့မင်းတို့ ဆောင်ယောင်ခမ်းနားမှစ၍ အိမ်ရှေ့တော်တွင် ဝန်,ဝင်းမှူး,အတွင်းဝန်,မှူးမတ်အရာရှိခန့်ထားရန် သင်းစု ပင်းစု ပေးဘွဲ့ရန်များကို ခမည်းတော် မင်းတရားကြီး ဘုရားကျွန်းမာတော် မမူမီ အတွင်း ရပ်ဆိုင်း၍ ကျန်းမာ သာယာအောင် သင့်တင့်ရာရာ အစားအစာ ဆေးဝါးများနှင့် ဆက်သကုမတော်မူမည် ဆောင်ယောင်ခမ်းနား မှူးမတ်အရာရှိ သင်းစုပင်းစု ခန့်ထားပေးဘွဲ့ရန် ဆိုသည်များမှာ အရှင့်အကျိုး တိုင်းကျိုးပြည်ကျိုးစသည်ကို မဆုတ်မယုတ်စေရ ကောင်းမွန်စွာ ကြိုးစားအားထုတ် ထမ်းရွက်နိုင်မည့်သူကို ခမည်းဘော်မင်းတရားကြီးဘုရား ကျန်းခန့် သာယာတော်မူသည့်ကာလ အလိုဘော်ရှိရာ အရည်အလျောက်စိစစ်ရွေးချယ်ခန့်ထားတော်မူမည်ဖြစ်သည်။ သားတော် အိမ်ရှေ့မင်းအမိန့်တော်အတိုင်း အလုံးစုံ ခန့်ထားပေးဘွဲ့ရန်ရှိသည်များကို မခန့်မထားရ ရပ်ဆိုင်းရ၏။

ကျန် သားတော် မြေးတော် တူတော် များကို မြောက်ဥယျာဉ်တော်အဘွင်း ခြေကျဉ်းစွဲရိုက် အကျဉ်းချုပ်ထားသောကြောင့် လင်ပန်း တိုက်စား မိဖုရား, သက်ပန်းတိုက်စား မိဖုရား, ခုနစ်ရွာတိုက်စား မိဖုရား, မြောက်ရှေ့ရေးမိဖုရားတို့က ဘဝရှင်မင်းတရားကြီးဘုရား ရှေ့တော်ဝင်ရောက်၍ သားတော်များကို အိမ်ရှေ့မင်းနှင့် မှူးတော်မတ်တော်တို့က ခြေကျဉ်းစွဲရိုက် အကျဉ်းချုပ်ထားကြောင်း သံတော်ဦး တင်ကြသည်တွင် သားတော်များကို အကျဉ်းအချုပ်က ချက်ခြင်းလွှတ်၍ ရှေ့တော်ဝင်စေရမည်-အမိန့်တော် ရှိသောကြောင့် အသီးအသီးသော သားတော်များရှေ့တော်သို့ဝင်ကြရသည်။

ယင်းသည့်အခါ သားတော် သုံးဆယ်မင်းသားကို ချင်းတွင်းကြောင်း၊ သားတော် မက္ခရာမင်းသားကို တောင်တွင်ကြီးကြောင်း၊ သားတော်

ညောင်ရမ်းမင်းသားကို အောက်မြစ်စဉ်ကြောင်း အသီးအသီး ဘုရင်ခံသနားတော်မူသည်။ သားတော်များကိုလည်း စရိတ်ငွေတော်နှင့် ထည်မျိုး အုပ်မျိုး များစွာသနားတော်မူ၍ ကိုယ်စီကိုယ်မြို့သွားကြစေရန် အခွင့်ပေးတော်မူသည်။

သားတော်များ ရွှေတော်မှထွက်ခဲ့၍ မြောက်ဥယျာဉ်တော်အတွင်း မယ်တော် နှမတော်များနှင့် နှုတ်ခွန်းဆက်လက်စံနေတော်မူကြစဉ် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် မှူးတော်မတ်တော်တို့ တိုင်ပင်ပြုလုပ်၍ မယ်တော်သားတော်များပါထပ်မံဖမ်းဆီးပြီးလျှင် ချုပ်ထားမြဲချုပ်ထားသည်၊ သားတော်များနှင့် စပ်သော သုံးဆယ်မင်းသား ဝရီးတော် ဗန်းမော် အတွင်းဝန် မောင်ဘိုး, ရနောင်မင်းသား ဝရီးတော် ရေနံသာမြို့စားမင်းသား မောင်ရွှေမောင်, ညောင်ရမ်းမင်းသား ဝရီးတော် မြင်းစုကြီးဝန် မောင်တက်တူ, ရန်ကုန်ဝန် မောင်အုပ်, တပယ်မြို့စား မင်းသား မောင်ဘတို့ကိုလည်း ဖမ်းဆီး၍ ခြေကျဉ်းစွဲရိုက် အကျဉ်းချထားလေ၏။

သားတော် မဟာဥပရာဇာ အိမ်ရှေ့မင်းသည်လည်း တိုင်းခရိုင် နိုင်ငံတော်အတွင်း သာသနာတော်ရေး တိုင်းရေးပြည်ရေးမှစ၍ အလုံးစုံစီရင်ခင်းစီရင်ဘွယ်ရှိသည်များကို မေ့လျော့လစ်လပ်ခြင်းမရှိစေရ အထူးသဖြင့် တနေ့လျှင် သုံးကြိမ် ဝန်ကြီး,အတွင်းဝန်, မှူးတော်မတ်တော်တို့ အလျှော်အထား ခံဘော်မူပြီးလျှင် မပြတ်စီရင်ကြည့်ရှုထိန်းသိမ်း စောင့်ရှောက်တော်မူ၏။

ထိုနှစ် တော်သလင်းလအတွင်းဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရား ရောဂါဝေဒနာတော် ဆုတ်ယုတ်သက်သာရာ မရရှိသည်နှင့် ရွှေမြို့တော်ပတ်လည် နံတော်သင့်စေတီပုထိုး ရုပ်တုဆင်းတုဗောဓိညောင်တော် စသည်များမှာ ဆွမ်းသင်ပုတ်, ရေချမ်း, ပန်း, ဆီမီး,အဘွယ်အရာတို့ကို မပြတ်ဘင်လှူပူဇော်ခြင်း၊ ရာဇဝတ်အပြစ်အလျောက် ထောင်တန်းအကျဉ်းအမြောင်းခံနေရသူများကို အပြစ်လေးပေါ့ မရွေးမချယ် ဘေးမဲ့ပေးတော်မူခြင်း၊ သားငှက်တိရစ္ဆာန်စသည်တို့ကို အဘိုးကြေးငွေ ပေးကမ်းဝယ်ခြမ်းတော်မူ၍ အသက်ဘေးအန္တရာယ်မှ လွတ်ကင်းချမ်းသာစေခြင်းစသော ဒီဃာယုကသုခ သံဝတ္တနိက ဖြစ်ရာဖြစ်ကြောင်းတို့ကို မယ်တော်ဆင်ဖြူမရှင်မိဖုရား, သားတော် ဥပရာဇာအိမ်ရှေ့မင်းနှင့်တကွ ဝန်ကြီး, အတွင်းဝန်,မှူးတော် မတ်တော်အပေါင်းတို့ ဗုဒ္ဓယတြာ, လောကီ

ယတြာ အမျိုးမျိုးတို့ဖြင့် ကြိုးပမ်းအားထုတ် ကုမထမ်းရွက်ကြသော်လည်း လေဝေဒနာတော်မှ လွတ်မြောက်တော်မမူ ဓမ္မတာသဘောကို မလွန်နိုင်သည်ဖြစ်၍ သက္ကရာဇ် (၁၂၄၀) တဆောင့် နှစ်ရာ့ လေးဆယ် သီတင်းကျွတ်လဆန်း ခြောက်ရက် အင်္ဂါနေ့ နေနှစ်ချက်တီးကျော် ခြောက်မောင်းခန့်အချိန် လူ့ပြည်ငြိုး၍ နတ်ပြည်စံတော်မူသည်။

နတ်ပြည် စံတော်မမူမီ အတွင်းလည်း လေဝေဒနာတော်ကို သိမ်းဆည်း သည်းခံ သက်သာရာရစေ၍ လက္ခဏာရေးသုံးပါး၊ အနုဿတိ တရားဆယ်ပါး၊ အသုဘကမ္မဋ္ဌာန်း စသည်များကို အမြဲ နှလုံးသွင်းတော်မူလျက် အပါးတော်တွင် စောင့်ကြပ်ကုမသည့် မင်းမိဖုရားမှူးတော်မတ်တော်တို့ကို ပြောဆိုဆုံးမတော်မူပြီးလျှင် ရွှေနန်းစည်းစိမ်ကို စံတော်မူဦးကာလကစ၍ ကေသံဝဋ္ဋရအပိုင်းအခြား ထားပြီးကာလ နှစ်၊ လ၊ ရက်စဉ် အလျဉ်မပြတ် ဆည်းပူးပြုစု လှူဒါန်းတော်မူသော အဘိုးငွေတော်သပြာ နှစ်ဆွဲနှစ်ကုဋေ့ခြောက်သန်းအတိုင်းအရှည်ရှိသော နှစ်စဉ်အလှူတော်စာရင်းကို လျှောက်ကြား နာခံတော်မူပြီးလျှင် ဖြည်းညင်းသက်သာစွာ နတ်ပြည်စံတော်မူ၏။

အလောင်းတော်ကိုလည်း မြောက်ဒဝယ်သေနတ်မိုလ်၊ စို့လေးဆယ်ဒိုင်းဝန်-သံတော်ဆင့်တို့ ရေကြည်တော် ထမ်းဆောင်ဆက်သွင်း၍ ခန်းမတော်တွင် စောင့်ကြပ်ရင်း မင်းမိဖုရားတို့ ချီးရေတော် သန့်ရှင်းစင်ကြယ်ရသည်၊ ပြီးလျှင် အလောင်းတော်ကို ပြကထေ့ဆင်တော်မူမြဲဖြစ်သော အင်္ကျီရှည်တော် ဦးပေါင်းတော်များဆင်ယင်လျက် စက်တော်မူရင်းရွှေချမှန်စီသလွန်တော်မှ၊ မင်းမိဖုရားတို့ ချီမပြင်ဆင်တင်ထားပြီးလျှင် ခေါင်းရင်းတော်က အဘာ ရွှေမှုန်း တရုပ်ကပ် နံ့ရံကို ဖောက်ဖြတ်၍ ၎င်းအပေါက်နှင့် အရှေ့ကိုတည့်တည့် လက်ဘက်ရည်ဆောင်တော် အဆင်းမင်းတက်လှေကားတော်သို့ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးတော်မတ်တော်တို့သလွန်တော်ကို ဝဲယာချီပင့်ပြီးလျှင် လှေကားတော်အောက်သို့ ခြေရင်းတော်လှည့်၍ ယူဆောင်၊ ထီးဖြူတော် ရှစ်ချက်အုပ်မိုးလျက် လက်ဘက်ရည်ဆောင်တော်က မှန်နန်းတော် မင်းတက်သတ္တဒါန်လှေကားတော်သို့ တက်သွား၊ အလယ်ဘမရာသနရာဇပလ္လင်တော်ရွှေနှစ်နန်းကွာတွင် ချထားပြီးလျှင် ရွှေသားကျောက်စီသလွန်တော်သို့ လဲပြောင်း၊ သမီးတော်တို့ အလောင်းတော်ဝဲယာ ရွှေချယပ်ရိုးရှည်၊ အရိုးပဲကွပ်ဒေါင်းမြီးယပ်ခတော်ကြီးများနှင့် မပြတ်လွှဲခပ်ရသည်။

သီရိပဝရဝိဇယာနန္တယသပဏ္ဍိတတြိဘဝနာဒိတျာဓိပတိ မဟာဓမ္မ ရာဇာဓိရာဇာ–တံဆိပ်နာမံ ခံတော်မူသော ဆင်ဖြူများရှင် ပဉ္စမသင်္ဂါယနာတင် အသျှင် ဘဝရှင်မင်းတရားကြီး ဘုရားကား....သက္ကရာဇ် (၁၁၇၆) တထောင့်တရာ့ခုနစ်ဆဲ့ခြောက်ခု ဝါဆိုလပြည့်ကျော်လေးရက် အင်္ဂါနေ့ နေနှစ်ချက်တီးကျော် သုံးနာရီနှစ်ပါဒ် ခုနစ်ဗီဇနာအချိန် တူတွင်လက်၊ မကာရတွင်စန်း၊ ပြိဿတွင် သောကြာ၊ မေထုန်တွင် တနင်္ဂနွေ၊ ကြကဋ်တွင် အင်္ဂါ, ဗုဒ္ဓဟူး, ရာဟု၊ သိမ်တွင် ကြာသပတေး၊ မကာရတွင်စနေ၊ နက္ခတ်စဉ်နှစ်ဆဲ့တလုံးသုံးပါဒ် တဆဲ့တဆင့်၊ ဝရဇုတ်ကြိုက်လျက် ဖွားမြင်တော်မူသည်။

သက်တော်သုံးဆဲ့ရှစ်နှစ်နှင့် ခုနစ်လနှစ်ဆဲ့သုံးရက် သက္ကရာဇ်(၁၂၁၄) တထောင့်နှစ်ရာ့တဆဲ့လေးခု တပေါင်းလဆန်း တဆဲ့တရက် ကြာသပတေးနေ့ အမရပူရရွှေနန်းကို သိမ်းမြန်းအောင်မြင်၍ မင်းပြုတော်မူသည်။

မင်းစည်းစိမ် ရတနာသိင်္ဃရွှေနန်းတော်ဝယ်ရှစ်လဆယ်ရက်၊အမရပူရရွှေနန်းတော်ဝယ် သုံးနှစ်နှင့် ရှစ်လ နှစ်ဆဲ့နှစ်ရက်၊ မန္တလေးရတနာပုံ ရွှေမြို့တော်ကြီးဝယ် နှစ်ဆဲ့တနှစ်နှင့် တလ နှစ်ဆဲ့သုံးရက် ပတ်လုံး မင်းအဖြစ်ဖြင့် သာသနာတော်မြတ် အစီးအပွား,ကိုယ်တော်မြတ်အစီးအပွား, သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အစီးအပွား, ပြည်သူလူတကာတို့၏ အစီးအပွား, သတ္တဝါအပေါင်းတို့၏ အစီးအပွားကို ရွက်ဆောင်တော်မူ၍ အိမ်နိမ့်သုံးဆဲ့ရှစ်နှစ်နှင့်ခုနစ်လနှစ်ဆဲ့သုံးရက်, ရွှေနန်းတက်တော်မူသည့် စည်းစိမ်နှစ်ဆဲ့ငါးနှစ်နှင့် ခြောက်လ နှစ်ဆဲ့ငါးရက်၊ သက်တော်ခြောက်ဆဲ့လေးနှစ်နှင့် နှစ်လ တဆဲ့ရှစ်ရက်၊ သက္ကရာဇ် (၁၂၄၀) တထောင့်နှစ်ရာ့လေးဆယ် သီတင်းကျွတ်လဆန်းခြောက်ရက် အင်္ဂါနေ့ နေနှစ်ချက်တီးကျော် ခြောက်မောင်းခန့်အချိန်တွင် လူ့ပြည်ငြီး၍ နတ်ပြည်ပြောင်းစံတော်မူသည်၊ နံတော်အင်္ဂါသားတည်း။

နတ်ပြည် စံတော်မူလိုသော်… ရွှေနန်းတော်ကြီး ဝဲဘက်ဆောင်တော်တွင် လင်းတနား၏၊ ဗြဲတိုက်တော်တွင်လည်း လင်းတနား၏၊ မြေနန်းတော်လက်ယာဘက်တွင်ပျားစွဲ၏၊ တော်မပြတ်လည်း၏၊ ရွှေမြို့တော်ကြီး တံခါး ပြအိုး မြို့ရိုး အကြောင်းမဲ့ပြို၏၊ကုသိုလ်တော်မဟာလောကမာရဇိန်ဘုရား မဟာရံကရေထွက်၏၊ ရွှေမြို့တော်ရွှေပြင် မဟာဓမ္မိကာရာမတိုက်တော်တွင် ကျားဝင်၏၊ရွှေမြို့တော်မြို့တွင်းမြို့ပြင် ရပ်စုကွက်စုများမှာ တလ

ကျော် တိုင်တိုင် နေ့စဉ်ရက်ဆက် မီးမပြတ်လောင်၏၊စစ်ကိုင်းမြို့အမရပူရမြို့များတွင် ဘုရားပုထိုးရောင်ခြည်ပြ၏၊ကြာသပတေးကြယ်နီ၏၊အခိုးအငွေ့များစွာလွှတ်၏၊ ကြာသပတေးကြယ် သောကြာကြယ် လတွင်ချဉ်း၏၊ နေတံကျောင်လျှို၏၊ တိမ်တံခွန်ပြ၏၊ ရွှေမြို့တော် အရှေ့တောင်အရပ်မှသည် အနောက်မြောက်အရပ်သို့ သပိတ်လုံးခန့် ဥက္ကာပျံ၏၊ မိုးမဆင်ဘဲလျှက် ကောင်းကင်ဝယ် တိမ်ခွဲ၏၊ ကြိတ်ထွက်၏၊ မပြတ် စံနေတော်မူသော နန်းသာဖြူ စံနန်းတော်သို့ အရှုးဝင်၏၊ ရွှေနန်းတော်ကြီး အဆောင်တော် အောက်တွင် ခွေးမွေး၏။ စံနေတော်မူသော ရွှေနန်းတော် အထက်တွင် ညဉ့်နှစ်ချက်တီးကျော်အချိန် ကောင်းကင်မှ နတ်တူရိယာသံ ကြား၏။ မှန်နန်းတော် ဒုတိယ လည်သည်းက နတ်ငိုသံကြား၏။ မှန်နန်းရာဇပလ္လင်တော်ပေါ်တွင်' နတ်သမီးမှောက်၍ငို၏၊ ရွှေမြို့တော် အရှေ့မြောက်အရပ်မှစ၍ အနောက်တောင်အရပ်သို့ ညဉ့်သန်ခေါင်အချိန် သဲသဲရတ်ရတ် အုတ်အုတ်ကျက်ကျက် အသံဖြစ်၏၊ ရွှေမြို့တော် မြို့တွင်း မြို့ပြင် ဆိုင်ဈေးကန္နားများမှာလည်း အလိုမဲ့ မပြတ်ထိတ်လန့်ကြ၏။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားကား···· ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်၌ အထူးသဖြင့် ယုံကြည်မြတ်နိုးတော်မူ၏။ ဉာဏ်ပဋိဘာန် လျှင်မြန်ထက်မြက်တော်မူ၏။ အဋ္ဌာရသ သိပ္ပအတတ်မျိုးတို့၌ အလုံးစုံ တတ်ကျွမ်းသိမြင်တော်မူ၏။ ပညာရှိတို့ကို နှစ်သက်စုံမက် မြတ်နိုးတော်မူ၏။ ပညာရှိတို့နှင့် မပြတ်တိုင်ပင် ဆွေးနွေးမေးမြန်း နှိုင်းရှည်တော်မူ၏။ ရည်ကြံတော်မူသမျှ အလိုတော်အတိုင်း ပြီးပြေကုံတွင်သည်များ၏၊ စိတ်,စေတသိက်, ရုပ်, နိဗ္ဗာန်,ခန္ဓာ, အာယတန, ဓာတ်စသော ပရမတ္ထတရားသဘော၌ စိတ်ဖြာခွဲခြမ်း တတ်ကျွမ်း သိမြင်တော်မူသဖြင့် မင်းမိဖုရား မင်းညီမင်းသားမှူးတော်မတ်တော်ပြည်သူပြည်သားအပေါင်းတို့အား နိဗ္ဗာန်တိုင်အောင်သောအကျိုးကို ပေးတတ်သော သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယစသော တရား၊ တရားဦးဖြစ်သောဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်တို့ကို ကြေးငွေသပြာ များစွာပေးကမ်းတော်မူ၍ သင်အံကျက်မှတ်စေပြီးလျှင် စိတ်ဖြာခွဲခြမ်းပြသတော်မူ၏။ လဆန်း ငါးရက်နေ့တိုင်း ပြည်သူပြည်သားအပေါင်းတို့အား ဂရုဓမ္မတရားငါးပါးကိုအပြီးကျင့်ဆောင်ကြရမည်ဟု တဆဲ့နှစ်ရာသီလစဉ်မပြတ်ပြည်တွင်း ပြည်ပ အမိန့်တော်ဖတ်ပြန်၍ စည်လည်စေ၏။ စိတ်နှလုံး မြဲမြံတည်

ကြည်တော်မူ၏။ လက်ရုံးနှလုံး လုပ်ရည်ကြံရည်နှင့် ပြည့်စုံတော်မူ၏။ မူးတော်မတ်တော် အရာထမ်း အမှုထမ်းတို့ အရည်အသွေးကို သိမြင်တော်မူသည့်အတိုင်း အထိုက်အလိုက် သူကောင်းပြုတော်မူ၏။ တိုင်းနေပြည်သူသတ္တဝါအပေါင်းတို့အားလည်း သနားမစ သိမ်းပိုက်တော်မူလေ့ရှိ၏။ လှူဒါန်းပေးကမ်း စွန့်ကြဲတော်မူခြင်း၌ လွေ့လွေ့ရမ်းရမ်းပေးကမ်းလေ့ရှိတော်မူ၏။ သီလသီတင်းစသည်တို့၌ မပြတ် မွေ့လျော်တော်မူ၏။ အမျက်ဒေါသကို သိမ်းဆည်းသည်းခံတော်မူခြင်း၌ သူမတူအောင် သည်းခံတော်မူလေ့ရှိ၏။

ဘုန်းတော် ဂုဏ်တော်၏ အကြောင်းကို ဆိုချေသည်ရှိသော်....အိန္ဒိယတိုင်းနှင့်တကွ စက်ကောတယံ, အိုင်ရယံ, အင်္ဂလံကျွန်းကြီးကို အစိုးရသော ဗိလပ်မင်း၊ ပြင်သစ်နိုင်ငံကို အစိုးရသော ပြင်သစ်မင်း၊ ဣတလီနိုင်ငံကို အစိုးရသော အီတာလျံမင်း၊ အီရန်နိုင်ငံကို အစိုးရသော မကိုင်ဆောင်း မင်းအပေါင်းတို့က သိန္ဓုမြစ်နား၌ဖြစ်သော သိန္ဓောမြင်းစသည်တို့နှင့် အတိုးအတိုင်းမသိထိုက်သော များစွာသော လက်ဆောင် လက်နက်တို့ကို ဆက်သပြီးလျှင် ချေငံသာယာစွာ ရာဇသံများနှင့်ရွှေစက်တော်ရင်းသို့ စေလွှတ်လာရောက်ကြ၏။

မဇ္ဈိမဒေသတိုက် ဗုဒ္ဓဂယာမြို့အနီးအရံကျေးလက် တဆွဲ့နှစ်ရွာကိုစား၍ မဟာဗောဓိပင်ကို စောင့်ထိန်း ကြည့်ရှုရသော မဟန္တဂိမည်သောဇော်ဂျီက မဟာဗောဓိသားနှင့် မြတ်စွာဘုရားရုပ်တုတော်ဆင်းတုတော်,မဟာဗောဓိမြေများကို ရွှေစက်တော်ရင်းသို့ စေလွှတ်ဆက်သလာရ၏။

သိင်္ဂိုဠ်ကျွန်းကို အစိုးရသော မာရ်ထိန်ရာဇပက္ခမည်သော အမတ်နှင့်များစွာသော အမတ်တို့ကလည်း မြတ်စွာဘုရား ရုပ်ပွားတော် စိန်ဆင်းတု, ရွှေဆင်းတု, ငွေဆင်းတု, မွေးတော်ဓာတ်တော်နှင့်တကွ အထူးထူးသော ထည်မျိုးအုပ်မျိုး လက်ဆောင် ပဏ္ဏာများကို ဆက်သပြီးလျှင် သိင်္ဂိုဠ်ကျွန်း၌ မြတ်စွာဘုရား သာသနာတော်မြတ် အရှည်တည့်ထွန်းအောင် စောင်မကြည့်ရှုတော်မူပါမည့်အကြောင်းနှင့် ရွှေစက်တော်စုံကို ဦးခိုက်လျှောက်ထားလာ၏။

သိကြား နတ်မြတ်တို့ ဆောင်ယူဆက်သသည့် ငွေတောင်အဆင်းခရုသင်းပွတ်သစ် ပုလဲနှစ်အတူ ဖွေးဖွေးဖြူသော မောရိယပစ္စယ နာဂရာဇာ မည်သော ရတနာဆင်ဖြူတော်ကို မွေရင်လူမျိုးတို့နေရာ မောရင်တိုင်း သောင်သွပ်မြို့မှ ရတော်မူ၏။

ပြုတော်မူသော ကောင်းမှုတော်ကား····ရတနာပုံ ရွှေမြို့တော်ကြီး ခုနစ်ဌာနအဝင် မဟာလောကမာရဇိန်စေတီတော်ကြီး။
မန္တလေးတောင်ထိပ်၌ တန်ဆောင်းပြာသာဒ်တော်နှင့်တကွ မြတ်စွာဘုရား အရပ်တော်ပမာဏ အတိုင်း စံနစ်နှင့်အတူ ထုလုပ်ကိုးကွယ်တော်မူသည့် ဗျာဒိတ်ညွှန်း ရုပ်တုတော်ကြီး။
ကိန်းဝပ်ရန် အုတ်ဂူပြာသာဒ်ရှစ်ဆယ်နှင့်တကွ မြတ်စွာဘုရား လက်ယာတော်ရံ, လက်ဝဲတော်ရံ, ဧတဒဂ်ရ အသီတိရဟန္တာရုပ်ပွားတော်ဆူရေ ရှစ်ဆယ်။
စကျဉ်တောင်မှ ကောင်းမွန် ထူးမြတ်သော သလင်းဇာတိကျောက်ကို ထုလုပ်ကိုးကွယ်တော်မူသည့် ထက်ဝယ်တော် အချင်းတဆွဲနှစ်တောင် ရှိသော မဟာသကျ မာရဇိန်ရုပ်ပွားတော်။
အမရပူရမြို့ရှိ စန္ဒာမုနိဘုရားကိုပင့်ဆောင်တော်မူ၍ မန္တလေးတောင်အနီး နန်းမြေဘုံသာ စံနန်းတော်ရာတွင် ကိန်းဝပ်ရန် အာရုံခံ အုတ် ပြာသာဒ် မဟာရုံတံတိုင်းနှင့်တကွ တည်လုပ်သွင်းထားကိုးကွယ်တော်မူသည့် စန္ဒာမုနိစေတီတော်။

ဗျာဒိတ်ညွှန်းရုပ်တုတော်ကြီးက တောင်ခြေရောက်စောင်းတန်းတော်။

ရန်ကင်းတောင်အနီးတွင်တည်လုပ်တော်မူသည့်ကျောက်စေတီတော်။
မဇ္ဈိမဒေသ မဟာဗောဓိပင်တော်မှ ရသော ဗောဓိသားကို ကိုယ်တော်တိုင် ကြပ်မထုလုပ်တော်မူပြီးလျှင် ရွှေနန်းတော် မြောက်ဥယျာဉ်တော် အတွင်း အုတ်ပြာသာဒ် တည်လုပ် သွင်းထားကိုးကွယ်တော်မူသည့် မဟာဗောဓိရုပ်ပွားတော်။

မဇ္ဈိမဒေသ မဟာဗောဓိပင်တော်၌ မဟာရံ အုတ်ရိုးတံတိုင်းမိုးတား တည်လုပ်ပြီးလျှင် အဘိုးများစွာထိုက်တန်သောစိန်မြပတ္တမြားတို့ဖြင့်စီခြယ် လုပ်ဆောင်သည့် ရွှေတန်ဆောင်-ငွေတန်ဆောင်,ရွှေပန်းခိုင်-ငွေပန်းခိုင် စသော အထူးထူးသော အလှူတော်များကို ကျောက်စာထိုးမှတ်တင်လှူတော်မူသည့် ကုသိုလ်တော်။

ရာမညတိုင်း ရန်ကုန်မြို့ရှိ ဘုရားလေးဆူတို့၏ မွေးတော် ဓာတ်မြတ် ကိန်းဝပ်ရာ ဆံတော်ရှင်ဘုရားကို တင်လှူရန် အရပ် နှစ်ဆွဲ နှစ်တောင် တမိုက်ရှိသော ရွှေထီးအထွတ် လုပ်ဆောင်တော်မူ၍ ရွှေဗုဒ္ဓနိခံ့ ခတ်လုပ် ပြီးလျှင် ရွှေဆည်းလည်း-ငွေဆည်းလည်းတို့နှင့်တကွ အဘိုးအနဂ္ဃ ထိုက်

တန်သော စိန် မြ ပတ္တမြား နဝရတ်ကိုးပါးတို့ဖြင့် ခြယ်လှယ်မွမ်းမံ၍ တင်လှူတော်မူသည့် ကုသိုလ်တော်။

မဟာမုနိဘုရားကြီးတွင် ငွေသား သပိတ်တော်စသော ငွေထည် ပရိဘောဂ အသုံးအဆောင်များကို လှူတော်မူသည့် ကုသိုလ်တော်။

သောဠသတဆဲ့ခြောက်တိုင်းအဝင် မဇ္ဈိမတိုက် မြတ်စွာဘုရားပွင့်တော်မူသော မဟာဗောဓိပင်တော် အနောက်မြောက်ဖက် မဟာရုံပြင်တွင် ဆောက်လုပ်တော်မူသည့် ခြောက်ခန်းအုတ်စရပ်တော်ကြီး။

မာရ်ငါးပါးကို အောင်တော်မူရာဖြစ်သော အပရာဇိတပလ္လင်တော်မြေကို ဌပနာသွင်း၍ အရပ်တော်တမိုက်လေးသစ်ခန့် ရွှေချစေတီတော်ထုလုပ် မှန်အိမ်ထည့်သွင်းပြီးလျှင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ ကိုးကွယ်စေရန် အသီးအသီး ပေးဝေတော်မူသည့် စေတီတော်ဆူရေ ရှစ်သောင်းလေးထောင်။

တူရကီနိုင်ငံ မကာမြို့ရှိ ပသီလူမျိုးတို့ကိုးကွယ်သည့် ပသီကျောင်းကြီးအနီး စတုဒိသာတဲခိုရန် ဆောက်လုပ်တော်မူသည့် အုတ်စရပ်တော်ကြီး။

ရတနာသိင်္ဃမြို့တွင် စံတော်မူကြိုက် အလောင်းမင်းတရားကြီး စံနေတော်မူသည့် မြေနန်းပြာသာဒ်တော် တိုင်သစ်များကို ဘုရားရုပ်တုဆူရေတရာ့ငါး၊ ရဟန္တာရုပ်တုဆူရေကိုးဆဲ့ရှစ်၊နှစ်စုဆူရေ နှစ်ရာ့သုံးဆူထုလုပ်တော်မူပြီးလျှင် လောကမာရဇိန် ကမ္ဗည်းတပ်တော်မူ၍ ရတနာသိင်္ဃမြို့ စီရင်စု လေးဆဲ့ခြောက်ခေါင်းမြင်းမြေကျေးရွာများတွင် ပင့်ဆောင် ကိုးကွယ်စေသည်။

ရတနာသိင်္ဃမြို့ရှိ ပျက်စီးယိုယွင်းသည့် စေတီတော်ခုနစ်ဆဲ့ငါးဆူ, ဂူငါး, ပြာသာဒ်လေး, အုတ်စရပ်တစ်များကို ပြင်ဆင်တော်မူပြီးလျှင် ၎င်းမြို့ရှိ ရွှေတန်ဆာဘုရား, အင်ကြင်းတောဘုရားနှစ်ဆူကို ရွှေလုံးတော်ပြည့်မွမ်းမံကပ်လှူတော်မူသည်။

သုနာပရန္တတိုင်းအဝင် စကုမြို့အတွင်းရှိသည့် မန်းစက်တော်ရာနှစ်ဆူအနက် အောက်စက်တော်ရာဘန်ဆောင်းကို အသစ်ထပ်မံလုပ်ဆောင်၍ ရွှေဆိုင်းရေ ခုနစ်ထောင်ကျော် မွမ်းမံကပ်လှူတော် မူသည်၊ ငွေဗုဇွန်ဆီထီးဖူးတော်ကြီးနှစ်ကိုလည်း လှူတော်မူသည်။

ရွှေမြို့တော်တောင်ပြင် မဟာနွယ်စဉ်ရပ်တွင် လက်ာဒီပသီဟိုဠ်ကျွန်းက ပင့်ဆောင်ခဲ့သည့် ဗောဓိပင်တော်များကို စိုက်ပျိုးပြုစုတော်မူပြီးလျှင်

မဟာရံမိကားနှင့်တကွ တည်ထားဆောက်လုပ်တော်မူသည့် အုတ်စရပ်ကြီး ရှစ်။

ရတနာသိင်္ခမြို့တွင် မြတ်စွာဘုရားဟောကြားတော်မူသော ပိဋကတ်သုံးပုံတို့ကိုရေးသားပြုစုတော်မူ၍ ပိဋကတ်တိုက်တည်လုပ်သွင်းထားတော်မူသည်။

အမရပူရမြို့တွင် စံနေတော်မူကြိုက် မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကတ်သုံးပုံတို့ကို ရွှေရေး၊ မင်ရေး၊ ကညစ်ရေး သုံးရပ်တို့ဖြင့် ရေးသားပြုစုတော်မူပြီးလျှင် ပိဋကတ်တိုက် တည်လုပ်သွင်းထားတော် မူသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ရှစ်သောင်း လေးထောင် အရေအတွက်ရှိသော ဓမ္မက္ခန္ဓာပါဠိတော်တို့နှင့်တကွ အဋ္ဌကထာ၊ ဋီကာများပါ ရွှေရေး၊ မင်းရေး၊ ကညစ်ရေး သုံးရပ်တို့ဖြင့် ရေးသားပြုစုတော်မူသည်။

ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ပါဠိတော်တို့ကို ရတနာ ကျောက်သလင်း အပြင်၌ ရေးတင်ထုလုပ်တော်မူ၍ မဟာလောကမာရဇိန် စေတီတော် မဟာရံတံတိုင်း သုံးထပ်အတွင်း အုတ်ဂူပြာသာဒ်ဆူရေ ခုနစ်ရာ့နှစ်ဆဲ့ကိုး တည်လုပ်သွင်းထား ကိုးကွယ်တော်မူပြီးလျှင် ငါးကြိမ်မြောက်ပဉ္စမ သင်္ဂါယနာတင်တော်မူသည်။

ရတနာသိင်္ခမြို့တော် လေးမျက်နှာတွင် သမုတ်တော်မူသော သိမ်တော်လေး၊ ရတနာပုံရွှေမြို့တော်ကြီး ခုနစ်ဌာနအဝင် ပဋ္ဌာန်းဟောရွှေသိမ်တော်၊ ခုနစ်ဌာနအဝင် သုဓမ္မာရွှေစရပ်တော်၊ ခုနစ်ဌာနအဝင် မန္တလေးတောင်ခြေ၌ တည်လုပ်တော်မူသည့် ပိဋကတ်တိုက်တော်၊ ခုနစ်ဌာနအဝင် မဟာရံနှစ်ထပ်နှင့်တကွ မဟာအတုလ ဝိဇယာရာမတိုက်တော်အတွင်း ဆောက်လုပ်တော်မူလည့် မဟာအတုလဝေယန်ကျောင်းတော်ကြီး။

ရွှေမြို့တော်ရွှေမျက်နှာတွင် ကျောင်းရံနှစ်ဆယ်ကျော်နှင့် တကွသော ဥဒ္ဒေယျဓမ္မာဘိ မုနိဝရဉာဏကိတ္တိသီရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာ ဓိရာဇဂုရု-တံဆိပ်တော်ရ သာသနာပြုဆရာတော် သီတင်း သုံးနေသည့် မဟာဝိသုတာရာမတိုက်တော်တွင် ဆောက်လုပ်တော်မူသည့် မဟာတု လွှတ်ဘုံစံရွှေကျောင်းတော်။

မဏ္ဍလာမြစ်က တူးဖောက်သည့် ရွှေလောင်း မြောင်းဟောင်းရာတွင် ရေလာရေသွား မပေါက်မရောက်သည်ကို ထပ်မံ တူးဖောက်တော်မူသည့် ရတနာနဒီမြစ်တော်။

တောင်ပြိုးကြီး မြို့နယ်အတွင်းတွင် ဆည်ဖို့ လုပ်ဆောင်တော်မူသည့် မဟာအမိကရကန်တော်။

မိတ္ထီလာမြို့ရှိ နတ်မောက်ဆည်, မထောင်းတာဆည်, လင်းဇင်းဆည် နှင့်လက္ခ ပျက်ပြားရှိသည့် မိတ္ထီလာကန်တော်ကို အသစ်ထပ်မံ ပြင်ဆင် ဆည်ဖို့ လုပ်ဆောင်တော်မူသည်။

မြေဒူးမြို့နယ် မြင်းခွာတောင်အောက်ကသည် ရတနာသိဉ်မြို့ မဟာ နန္ဒာကန်တော်ရောက် မူးမြစ်တိမ်ကော ကျိုးပေါက် ပျက်စီးယိုယွင်းရှိ သည်များကို အသစ်ထပ်မံ တူးဖောက်လုပ်ဆောင်တော်မူသည်။

ရတနာပုံရွှေမြို့တော် လေးပြင်ရှိ ကျောင်းတိုက်များတွင် ရဟန်း သံ ဃာတော်တို့ ဥပုသ်ပဝါရဏာ ကံကြီးကံငယ် ဆောင်ရွက်ရန် စတုရန်း ခုနစ်တာစီ မြေကို ဝိသုံဂါမမြေစား သနားတော်မြတ်ခံစေ၍ ကုသိုလ် တော်ပွား ခဏ္ဍသိမ်သမုတ်လှူဒါန်းသည့် များစွာသောသိမ်တော်။

လက်ာဒီပသီဟိုဠ်ကျွန်းရှိ စွယ်တော်နှင့် အနုရာဓမြို့ရှိ ဒုဋ္ဌဂါမဏိမင်း ကောင်းမှု မဟာစေတီတော်များမှာ လှူဒါန်းပူဇော်တော်မူသည့် စိန်မြ ပတ္တမြားစီခြယ်သော ရွှေသားဆီမီးခွက်တော်, ရွှေသား ပန်းခိုင်တော်, ငွေသားပန်းခိုင်တော်။

ရွှေမြို့တော်ကြီးမြောက်ပြင်တွင် ကျောင်းရံ နှစ်ဆယ်ကျော်နှင့်တကွ မဟာရံနှစ်ထပ်တို့ဖြင့် ဆန်းကြယ်တင့်တယ်စွာဆောက်လုပ်၍ သီလုံးရွာ တောရ စန္ဒိမာဘိသီရိကဝိဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆရာတော်ကို တင်လှူတော်မူသည့် မဟာဇောတိကာ ရာမတိုက် ရတနာ ဘုံစံ–စံကျောင်းတော်။

ရှမ်းကလေးကျွန်းတွင် ဆောက်လုပ်၍ ခေါ်တောဆရာတော်ကို တင် လှူသည့်ကျောင်းတော်။

ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရား ပတ်လည်တွင် အရှေ့ မျက်နှာကိုချန်၍ ကျန်သုံးမျက်နှာမှာ ဆောက်လုပ်တော် မူသည့် အုတ် စရ ပ်တော် သုံးဆွဲခြောက်။

မဟာသက္ယ မာရဇိန် ကျောက်တော်ကြီး ဘုရား တောင်မျက်နှာ, အနောက်မျက်နှာ, စံကျောင်းတော် အရှေ့မျက်နှာ, တောင်မျက်နှာများ

တွင် အုဘ်ခုံ စိန်ထောင် သမန်တလင်းနှင့်တကွ ဆောက်လုပ်တော်မူသည့် ထည်ပေါ် စရပ်တော်ကြီး သုံးဆွဲသုံး။

ရွှေမြို့တော် မြို့တွင်းမြို့ပြင်များတွင် ရပ်ကွက်နေပြည်သူတို့ နေ့စဉ် ညစဉ် ဝတ်တက်ဝတ်ကပ်ပြု၍ ဥပုသ်ဆောက်တည်စောင့်သုံးရန် ဆောက်လုပ်တော်မူသည့် ဓမ္မာရုံစရပ်တော် တဆွဲတစ်၊ ထိုစရပ်တော်များတွင် ကြည်ညိုဖူးမြော် ပူဇော်ကြရန် ပင့်ဆောင်ကိုးကွယ်တော်မူသည့် မြတ်စွာဘုရား ရုပ်ပွားတော်ဆူရေ တဆွဲတစ်။

ရွှေမြို့တော် တံခါးတဆွဲနှစ်ရပ်များတွင် ဆောက်လုပ်တော် မူသည့် တရားတင်းကုပ် တဆွဲနှစ်။

ရွှေမြို့တော် လေးပြင် မြေမြို့ရိုးကြီး တံခါး ငါးဆွဲခုနစ်ရပ်များတွင် ရဟန်းရှင်လူတို့ အသွားအလာ များပြားသည့် အရှေ့မျက်နှာဌာနသုံးရပ်, တောင်မျက်နှာ ဌာနလေးရပ်, မြောက်မျက်နှာ ဌာန တရပ်များတွင် ဆောက်လုပ်တော်မူသည့် အုတ်စရပ်တော်ကြီးရှစ်။

ထိုမှတပါး မင်းမိဖုရားတို့က အရင်းပဋ္ဌာနပြုစေ၍ ဆောက်လုပ် လှူဒါန်းတော်မူသည့် ဘုရားကျောင်းကန် စသော ကုသိုလ်တော်ရပ်များမှာလည်း····နန်းမြို့တော် အနောက်တောင်ထောင့် တောရဘုရား မဟာရံ အတွင်း နန်းမတော်မိဖုရားခေါင်ကြီးက တည်ထားသည့် လောကဆိမ်း ဘုရားစေတီတော်။

ရွှေမြို့တော်အရှေ့မျက်နှာ တွင် မင်္ဂလာရာမတိုက်အတွင်း ကျောင်းရံနှစ်ဆယ်နှင့်တကွ ဆောက်လုပ်တော်မူ၍ မောင်းထောင်ဆရာတော်အား တင်လှူတော်မူသည့် ဘုံလေးဆင့် စမြင်ခံကျောင်းတော်။

ယင်းမှတောင် သဒ္ဓမ္မဇောတိကာရာမ တကောင်းတိုက် အတွင်း တကောင်းဆရာတော်ကို တင်လှူတော်မူသည့် ကျောင်းရံနှစ်ဆယ်နှင့် တကွ ဘုံသုံးဆင့်စမြင်ခံ ကျောင်းတော်။

မဟာဓမ္မိကာရာမအရှေ့ စလင်းတိုက်အတွင်း စလင်းဆရာတော် ရှင်ကလျာဏအား တင်လှူတော်မူသည့် ဘုံသုံးဆင့်ကျောင်းတော်ကြီး။

ယင်းမှတောင် မဟာဝိဇိတာရာမ တောင်စလင်းတိုက်အတွင်း တောင်စလင်းဆရာတော် ရှင်ကေတုကို တင်လှူတော်မူသည့် မဟာရံမီးတား, ထောင့်မုတ်ပြာသာဒ်, ရွှေချတံခါးတိုင် တံခါးရွက်စုံ, အရံကျောင်း နှစ်ဆယ်ကျော်နှင့်တကွ ဆောက်လုပ်တော်မူသည့် မဟာအောင်မြေ ဗိမာန် ကျောင်းတော်ကြီး။

ရွှေမြို့တော်မြောက်ပြင် မကုဋာရာမတိုက်အတွင်း နိသျည်းဆရာတော်ကို တင်လှူသည့် သုံးထပ်စမြင်ခံ ဘုံလေးဆင့် ကျောင်းတော်ကြီး။

ဆင်ဖြူမရှင်မိဖုရားကြီးက ရွှေမြို့တော်အရှေ့ပြင်မဟာဝိသုဒ္ဓါရာမတိုက်အတွင်း ဆောက်လုပ်တော်မူသည့် သုံးထပ်စမြင်ခံကျောင်းတော်ကြီး။

မန္တလေးတောင်အနောက်စောင်းတန်း အလယ် လက်ယာဘက်တွင် ပလ္လင်ခံရုပ်ပွားတော်ကြီးနှင့်တကွ ကိန်းဝပ်တော်မူသည့် မှန်စီပြာသာဒ်တော်ကြီး။

အဝမြို့တွင် မယ်တော်မိဖုရားခေါင်ကြီးကောင်းမှု ပျက်စီးယိုယွင်းသည်ကို ကောင်းမွန်အောင် အသစ်တည်လုပ်တော်မူသည့် မဟာအောင်မြေဘုံစံကျောင်းတော်ကြီး။

အမရပူရမြို့တွင် ခမည်းတော် ရတနာပူရ စတုတ္ထမြို့တည် မင်းတရားကြီး တည်လုပ်တော်မူခဲ့ရင်း ပျက်စီးယိုယွင်းသည့် မဟာဝိဇယရံသီ ပုထိုးတော်ကြီးဘုရားကို ကောင်းမွန်အောင် ပြင်ဆင်၍ တင်လှူတော်မူသည့် ထီးတော်။

စစ်ကိုင်းမြို့ ဓမ္မိကချောင်တွင် ရတနာထွန့်ခေါင်ဆရာတော်အား တင်လှူသည့် ကျောင်းဦးပြာသာဒ်, ဘောဂ, စနုဆောင်များနှင့်တကွ မှန်စီရွှေချကျောင်းတော်။

စစ်ကိုင်းမြို့ မင်းကွန်းရွာတွင် ခမည်းတော်မင်းတရားကြီးကောင်းမှုပျက်စီးယိုယွင်းသည်ကို ပြင်ဆင်လုပ်ဆောင်တော် မူသည့် ရှင်ဖြူဘုရားစေတီတော်။

သမီးတော် ပုဂံ-မိုင်းနောင်နှစ်မြို့စား စုဘုရားကြီးက ရွှေမြို့တော်ရှေ့ပြင် ဝိစိတ္တာရာမမာရ်အောင်တိုက်တွင် ကျောင်းဦးပြာသာဒ်ဘောဂစနုနှင့်တကွ ဆောက်လုပ်၍ ဝိစိတ္တာရာမ ဆရာတော် ရှင်တိလောကအား တင်လှူသည့် ဘုံငါးဆင့် စမြင်ခံကျောင်းတော်ကြီး။

မြောက်နန်း မိဖုရားက ရွှေမြို့တော်မြောက်ပြင် မန္တလေးတောင်ခြေ မဏ္ဍလာရာမပြည်တိုက်အတွင်း ဆောက်လုပ်၍ မေဓာဘိဝံသ သီရိသဒ္ဓမ္မဓဇ ပရမ မဟာ ဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ပြည်ဆရာတော်အား တင်လှူတော်မူသည့်ကျောင်းရံနှစ်ဆယ်နှင့်တကွ လေးထပ်စမြင်ခံကျောင်းတော်ကြီး, သိမ်ပြာသာဒ်တော်ကြီး။

သမီးတော်စလင်းမြို့စား စုဘုရားသုသီရိမြတ်စွာရတနာဒေဝီက ဆောက်လုပ်၍ မြောက်စလင်းဆရာတော် တံဆိပ်တော်ရ ငယ်မည်ဦးမှော်အား

တင်လှူတော်မူသည့် ရွှေမြို့တော် မြောက်ပြင် စံကျောင်းတိုက်မြောက်ရှိ စံဒကျောင်းတော်နှင့် စံနစ်ပုံစံထပ်တူတည်လုပ်တော်မူသည့်ကျောင်းတော်။

အမရပူရ ဒုတိယ မြို့တည်နန်းတည် မင်းတရားကြီးဘုရား၊ မိဖုရားခေါင်ကြီးက ကုသိုလ်တော်ပွား ရွှေမြို့တော်တောင်ပြင် သီရိမဟာမနော်ရမ္မဥယျာဉ်တော် မြောက်ဖက်တွင် ဆောက်လုပ်တော်မူ၍ ဝိရိယာရန္တမဇ သာသနပါလ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ လှထွေးဆရာတော်အား တင်လှူတော်မူသည့်ပြာသာဒ်ဘောဂစနနှင့်တကွ ဘုံငါးဆင့်စမြင်ခံ မဟာတုလွတ်ဘုံကျော် ကျောင်းတော်ကြီး။

ရွှေမြို့တော် မြောက်ပြင် မန္တလေးတောင် အနောက်ဖက် မဟာခေမိကာရာမ သစ်ဆိမ့်ကျောင်းတိုက်အတွင်း ဆောက်လုပ်တော်မူ၍ သစ်ဆိမ့်ဆရာတော် ပညာသီဟ သာသနဓဇ မဟာဓမ္မ ရာဇဂုရု-တံဆိပ်တော်ရဆရာတော်အား တင်လှူတော်မူသည့် လေးထပ်စမြင်ခံ အုတ်ကျောင်းတော်ကြီး။

အနောက်နန်းတော် မိဖုရားက ရွှေမြို့တော်အရှေ့မျက်နှာ မဟာဝိဇယာရာမ ခင်မကန်ကျောင်းတိုက်အတွင်း ဆောက်လုပ်တော်မူသည့်လေးထပ်စမြင်ခံ ကျောင်းတော်ကြီး၊ ထိုကျောင်းတိုက်အတွင်း သိမ်ပြာသာဒ်တော်ကြီး, စရပ်တော်ကြီးနှစ်နှင့် ရေတွင်းနှစ်, ပြင်ဆင်သည့်ကျောင်းရုံတဆယ်။

ရွှေမြို့တော် နောက်ပြင် ခင်မကန်ကျောင်းတိုက်အတွင်း ဆောက်လုပ်တော်မူသည့် ကျောင်းသုံး၊ သိမ်ပြာသာဒ်တစ်။

ရွှေမြို့တော် မြောက်ပြင် မဟာဇောတိကာရာမ စံကျောင်းတိုက်အတွင်း ဆောက်လုပ်တော်မူသည့် ကျောင်းတစ်။

အမရပူရမြို့ ဆင်ကြိုးရွှေဂူဘုရားတွင် ဆောက်လုပ်တော်မူသည့် အာရုံခံ အုတ်ပြာသာဒ်တော်။

စစ်ကိုင်းဘက် ရတနာထွန့်ခေါင်တောရအရပ်တွင် တည်လုပ်သည့် စေတီတော်တစ်၊ ရတနာမော်ဦ စူဠာစေတီတော်တစ်၊ စောင်းတန်းတော်တစ်၊ အာရုံခံပြာသာဒ်တစ်၊ သိမ်အုတ်ပြာသာဒ်တစ်၊အုတ်ကျောင်းတော်တစ်၊ ပျဉ်ကျောင်းတော်နှစ်၊ စကြံတော်နှစ်၊ စရပ်တော်နှစ်၊ ရေကန်နှစ်၊ စတုမရူကန်တော်လေး။

ဒက္ခိဏဗုဒ္ဓချောင်တွင် ဆောက်လုပ်သည့် ကျောင်းနှစ်၊ စရပ်နှစ်၊ စောင်းတန်းတော် တစ်၊ ကျောက်ရေကန်တစ်။

စိန်တုံးမိဖုရားက ရွှေမြို့တော်ရှေ့ပြင် ဝဇီရာရာမတိုက်အတွင်းဆောက်လုပ်သည့် ဘုံသုံးဆင့်စမြင်ခံ ကျောင်းတော်ကြီး။

လောင်းရှည်မိဖုရားက ရွှေမြို့တော်ရှေ့ပြင် မဏ္ဍရာ တိုက်အတွင်း ဆောက်လုပ်သည့် ဘုံသုံးဆင့် စမြင်ခံကျောင်းတော်ကြီး။

သက်ပန်းမိဖုရားက ရွှေမြို့တော်ရှေ့ပြင် သက်ပန်းတိုက်အတွင်း ဆော် လုပ်သည့် ဘုံသုံးဆင့်စမြင်ခံ ကျောင်းတော်ကြီး။

လင်ပန်းမိဖုရားက ရွှေမြို့တော်မြောက်ပြင် မန္တလေးတောင် မြောက်ဘက် ရွှေကျင်တိုက်အတွင်း ဆောက်လုပ်သည့် သုံးထပ်စမြင်ခံ ကျောင်းတော်ကြီး။

တောင်ဆောင်တော်မိဖုရားက ရွှေမြို့တော် တောင်ပြင် ဒက္ခိဏာရာမ တိုက်အတွင်း ဆောက်လုပ်သည့် ဘုံသုံးဆင့်စမြင်ခံ ကျောင်းတော်ကြီး။

လက်ပံစဉ်မိဖုရားက ရွှေမြို့တော်တောင်ပြင် မဟာမုနိဘုရား မြောက်ဘက် မြင်းဝန်မင်းကြီး တိုက်ဟောင်းအတွင်း ဆောက်လုပ်သည့် ဘုံသုံးဆင့်စမြင်ခံ ကျောင်းတော်ကြီး။ ထိုမှတပါး မင်းမိဖုရား သမီးတော်တို့ကို ဆောက်လုပ်လှူဒါန်းစေသည့် ကျောင်းကြီးကျောင်းငယ်တိုက်ကား များလှစွာ၏။

ထိုမှတပါးလည်း သာသနဒါယဋ္ဌ သာသနအမွေကိုခံတော်မူသည်မှာ····သားတော်နှစ်ဆဲ့တစ်, တူတော် နှစ်တို့နှင့်တကွ သာမဏေရပဗ္ဗဇ္ဇအဖြစ် ချီးမြှင့်တော်မူသည့် သာမဏေပေါင်း တထောင့်ခြောက်ရာ့သုံးဆဲ့ခြောက်၊ ရဟန်းတော်ပေါင်း ငါးရာ့လေး၊ နှစ်စု ရဟန်းသာမဏေ နှစ်ထောင့်တရာ့လေးဆယ်ပြင် နှစ်စဉ် ပဋ္ဌမစာတော်ပြန် ရဟန်း သာမဏေတို့ကို တနှစ်လျှင် ငါးဆယ်ကျော် ခြောက်ဆယ်ကျ နှစ်စဉ်ပြုစု ချီးမြှင့်တော်မူသည်၊

များစွာသော ရဟန်း သာမဏေတို့ကို လှူဒါန်းတော်မူသည်မှာလည်း ရွှေမြို့တော်လေးပြင်နှင့် အမရပူရပါ ကျောင်းတိုက်ပေါင်း နှစ်ရာ့တဆဲ့ခုနစ်၊ ကျောင်းပေါင်း တထောင့်လေးရာ့လေးဆဲ့နှစ်တို့တွင် သီတင်းသုံးနေသည့် တံဆိပ်တော်ရ-မရ ဆရာတော်သံဃာတော် ရှစ်ထောင့်ခုနစ်ရာ့တဆဲ့ရှစ်၊ သာမဏေ ခြောက်ထောင့် ခြောက်ရာ့ လေးဆဲ့ရှစ်၊ နှစ်စု ရဟန်းသာမဏေ တသောင်းငါးထောင့် သုံးရာ့ခြောက်ဆဲ့ခြောက်တို့ကို တလလျှင် ဆွမ်းဆန် နှစ်သောင်းလေးရာ့ကိုးဆဲ့နှစ်တင်းကျ လစဉ်နှစ်စဉ် လှူတော်မူသည်။

နိုင်ငံတော်အတွင်း အဝေးမြို့ရွာများရှိ ဂိုဏ်းအုပ်တရာ့ခြောက်ဆယ်, ဂိုဏ်းထောက် နှစ်ရာ့လေး, နှစ်စုဂိုဏ်းအုပ်ဂိုဏ်းထောက် ဆရာတော် သုံးရာ့ခြောက်ဆဲ့လေးတို့ကို ရှစ်နှစ်အတွင်း လှူဒါန်းတော်မူသည့် ကျောက်ဖယောင်းတိုင်သေတ္တာပေါင်း တသောင်းရှစ်ထောင့် လေးရာ့သုံးဆဲ့နှစ်၊ ကွမ်းသီးချိန် နှစ်သောင်းငါးထောင့်တရာ့ငါးဆဲ့နှစ်၊ သွားသန့်စင်တော် နံ့နက်စာစည်းရေ နှစ်သိန်းငါးသောင်း တထောင့်ငါးရာ့နှစ်ဆယ်များနှင့် သက်န်းသပိတ်စသော အထူးထူးသော အလှူတော်။

ဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတော်, ဂိုဏ်းဝင်သံဃာတော်တို့ကို တလလျှင် တတင်းကျစီ၊ လစဉ်နှစ်စဉ် လှူဒါန်းတော်မူသည့် အတိုင်းမသိ မရေတွက်နိုင်သော ဆွမ်းဆန်အလှူတော်။

စစ်ကိုင်းတောင်တန်း,မင်းဝံတောင်တန်းတလျှောက် ဝိတောက်ချောင်ဓမ္မိကချောင်စသော ချောင်ပေါင်း ခြောက်ဆယ်ကျော်၊ ရွှေကျင်တောရ, တိလောကဂုရု, ထူပါရုံ, တောင်ဖီလာစသော တောရတိုက်ပေါင်း လေးဆယ်ကျော်များနှင့် ချောက်မြောင် တောင်ရိုးတို့၌ သီတင်းသုံးနေသည့် အရည်ဝါသီပုဂ္ဂိုလ်သူမြတ် ခြောက်ရာကျော်၊ ရဟန်းသာမဏေ သူတော်သီလသည် ရသေ့တို့ကို လစဉ် လှူဒါန်းသည့် ဆန်, ဆီ, ငါးဝိ, ငရုတ်, ကြက်သွန်စသော မရေမတွက်နိုင်သော ငါးဌာနအလှူတော်။

ပဋ္ဌာန်းသိမ်စရပ်တော်တွင် တလလျှင် လေးသီတင်းကျ ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည့် ဆရာတော်ရှစ်ပါးတို့ကို တပါးလျှင် တပင်ကျ၊ လစဉ်နှစ်စဉ် လှူဒါန်းတော်မူသည့် သက်န်းသပိတ်ပရိက္ခရာစသော သုံးမျိုးဆောင်မျိုးစုံ ပဒေသာပင်ပေါင်း သုံးထောင့်ကိုးရာ့ကိုးဆဲ့နှစ်။

ရွှေမြို့တော်လေးပြင် စုံမရှိ အသည်လူတို့ကို ဉပုသ်တော်စောင့် လူပေါင်း နှစ်ထောင့်လေးရာကျော် ဖွဲ့စည်း၍ အဝတ်ပုဆိုးခေါင်းပေါင်း, လစာငွေတော် လစဉ်သနားတော်မူသည့် ကုသိုလ်တော်။

ရွှေမြို့တော်မြို့တွင်းမြို့ပြင်ဓမ္မာရုံဓမ္မဌာနရုံများတွင် ဉပုသ်ဆောက်တည်သူတို့နှင့် အရာရှိမှူးတော် မတ်တော် နန်းတော်သား အစုအမှုထမ်းတို့ကို ကလျာဏ-အန္ဓဲ့ခွဲဝေ၍ ဉပုသ်စောင့်သုံးသည့်အခါ ကလျာဏမှာ တကိုယ်ငါးမူး၊ အန္ဓမှာ နှစ်မူးတပဲကျ တသီတင်းလျှင် ငွေငါးထောင်ကျော်ခြောက်ထောင်ကုန် လစဉ်နှစ်စဉ်ပေးဝေတော်မူသည့် ကုသိုလ်တော်။

သက်ကြီးရွယ်ရင့် ယောက်ျားမိန်းမတို့ကို ငွေဒင်္ဂါး အဝတ်ပုဆိုးမပြတ် ပေးကမ်းချီးမြှင့်တော်မူသည့် ကုသိုလ်တော်။

သူအို သူနာ ယောက်ျားမိန်းမတို့ကို ရုံဆောက်လုပ်, စားစရိတ်ငွေ အဝတ်အထည်မှစ၍ သမားတော်အနှိပ်တော်တို့နှင့် တကွ ပြုစုကုမတော်မူသည့် ကုသိုလ်တော်။

ရှစ်ဌာနအုတ်စရပ်တော်များသို့ လာရောက်သည့် ရဟန်းရှင်လူ ပြည်သူ ပရိသတ်အပေါင်းတို့ကို လက်ဘက်ရည်,အချို,ကွမ်း,ဆေး,လက်ဘက် မှစ၍ တဲခိုချက်ပြုတ်ရန်ကိရိယာ၊ ဂိလာနပစ္စယ်တို့ကိုပြုစုရန်သမားတော် အနှိပ်တော်တို့နှင့် တကွ ပြုစုကျွေးမွေးတော်မူသည့် ကုသိုလ်တော်။

နိုင်ငံတော်အတွင်း မြို့ရွာဦးရေငါးဆဲ့နှစ်ဌာနတို့၌ အစွတ်တည်းဟူသော အင်း အိုင် ဦးရေ လေးဆဲ့ခုနစ်၊ အခြောက်တည်းဟူသော ကိုင်း, ကျွန်း, ကုန်း, ဌာနဦးရေရှစ်ဆဲ့ကိုး၊ နှစ်စုဌာနဦးရေ တရာ့သုံးဆဲ့ခြောက် တို့၌ ခိုမှီကျက်စား ပျော်ပါးကုန်သော ကြည်းရေသတ္တဝါအပေါင်းတို့ကို အဖမ်းအဆီး အနှောင်အဖွဲ့ အပစ်အခတ် အသတ်အညှစ် မရှိစေရ အဘယဌာန,ဇီဝိတဒါန ဘေးမဲ့ချမ်းသာပေးတော်မူသည့်ကုသိုလ်တော်။

အလှူတော် အခမ်းအနား၊ ဘိသိက်မင်္ဂလာ မဟာဥကင်တော်ဖွင့် အခမ်းအနား၊ ရှင်ပြုနားထွင်း အခမ်းအနားမှစ၍ အခမ်းအနားကြီးများ တွင် ထောင်တန်း အကျဉ်းအမြောင်း ခံနေရသည့် ယောက်ျား မိန်းမ အနှောင်အဖွဲ့အလှောင်အထား ခံနေရသည့်သားငှက်တိရစ္ဆာန်အပေါင်း တို့ကို မရေမတွက်နိုင်အောင် များစွာ ဘေးမဲ့ချမ်းသာပေးတော်မူသည့် ကုသိုလ်တော်။

သေအံ့ဆဲဆဲ ဘေးရောက်သောအခါ အဘိုးငွေ ပေးချေဝယ်ယူတော် မူ၍ ခုနစ်ရက်တကြိမ် နောက်နေ့စဉ်မပြတ် ဘေးမဲ့ချမ်းသာ ပေးတော်မူ သည့် ကြက်ကောင်ရေ တသန်းငါးသိန်းတသောင်းနှစ်ထောင်၊ ဆိတ် ကောင်ရေ နှစ်ထောင်၊ ဝက်ကောင်ရေ များပြားလှစွာ ဘေးမဲ့ချမ်းသာ ပေးတော်မူသည့် ကုသိုလ်တော်။

ရွှေမြို့တော် မြို့တွင်းမြို့ပြင် ရှိ ခွေးများစွာကို ကောင်းမွန်စွာချက်ကျို၍ တံခါးတော်ဘဆဲ့နှစ်ရပ်၏ပြင်တွင် ကျွေးမွေးတော်မူသည့်ကုသိုလ်တော်။

တံဆိပ်တော် ရ-မရ ဆရာတော် သံဃာတော်တို့ ဘဝပြောင်းသည့် အခါ ကောင်းမွန်လှပတင့်တယ်စွာ သင်္ဂြိုဟ်ချီးမြှင့်တော်မူသည့် ကုသိုလ် တော်။

ရှေးမင်းတို့ တည်ထားပြုစုခဲ့ရင်း ဆင်းတု စေတီ ဘုရားပုထိုး ပျက်စီးယိုယွင်း ရှိသည်များကိုလည်း မရေမတွက်နိုင်အောင် ပြင်ဆင်တည်လုပ်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော်မူသည့်အရာမှစ၍ ဆည်,မြောင်း, ကန်, ချောင်း, အသစ်တူးလုပ်တော်မူသည့် အရာ၊ ရေတွင်းရေကန်ပျက်ပြား ယိုယွင်းသည်ကို ကောင်းမွန်ခိုင်ခံ့အောင် လုပ်ဆောင်တော်မူသည့်အရာ၊ တန်တား နင်းကြမ်း စသော ထာဝရ ကုသိုလ်တော်များကို ဆည်းပူးပြုစုတော်မူသည့်အရာ စသည်တို့ကိုလည်း အတိုင်းမသိ မရေမတွက်နိုင်အောင် များပြားလှစွာ အားထုတ်ပြုစု လုပ်ဆောင်တော်မူသတည်း။ သံဝစ္ဆရ အလှူတော်စာရင်း အစုစုငွေပေါင်းမှာ နှစ်ဆဲ့နှစ်ကုဋေ့ ခြောက်သန်းဟူ၏။

မင်း မိဖုရားနှင့် သားတော် သမီးတော်တို့ကား....သီရိပဝရ အတုလတိလောက မဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ အရှင်မိဖုရားခေါင်ကြီးနှင့် သီရိ မဟာ ရတနာမင်္ဂလာဒေဝီ မြောက်နန်းတော် ရှင်မိဖုရားမှာ သားတော် သမီးတော် ထွန်းကားခြင်းမရှိ။

သီရိပဝရတိလောက မဟာရာဇိန္ဒာဓိပတိပဒုမာရတနာဒေဝီ အလယ်နန်းတော် ရှင်မိဖုရားတွင် မြင်တော်မူသည့် သမီးတော် သီရိသုရတနာမင်္ဂလာ ဒေဝီ-မိုင်းနောင်မြို့ကို စားသည်တပါး၊ ညီမတော်-ငယ်ကလွန်တပါး၊ မောင်တော်-ရန်အောင်မြင်မြို့ကိုစားသည်တပါး၊ နှမတော် သီရိသုပဘာ ရတနာဒေဝီ-မြိတောင်မြို့ကိုစားသည်တပါး, မှာ-ရတနာပုံရွှေမြို့တော် ဒုတိယနန်းစံ မာန်အောင်ရတနာ စေတီတော် ဒါယကာ မင်းတရားကြီးလက်ထက်တော် မဟေသီ ဘိသေကဘိသိက်သွန်းခံ၍ မိဖုရားခေါင်ကြီးဘင်မြှောက်တော်မူသည် မောင်တော်-ဗန္ဓကျီတိုက်ကိုစားသည်တပါး၊ နှမတော်-သီရိသုသိင်္ဂါရတနာဒေဝီ—ရမည်းသင်းမြို့ကို စားသည်တပါး။

ပဌမအနောက်နန်းတော်သီရိမဟာသုစန္ဒာဒေဝီတွင် မြင်တော်မူသည့် သားတော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး။ ။ဒုတိယ အနောက်နန်းတော် သီရိမဟာသုစန္ဒာရတနာဒေဝီမှာ သားတော်သမီးတော် ထွန်းကားခြင်းမရှိ။

မြစ်ကြွေးမြို့စား မိဖုရား သီရိမဟာသုမင်္ဂလာစန္ဒာဒေဝီတွင် မြင်သည့် သားတော်-လယ်ကိုင်းမြို့ကိုစားသည် တပါး၊ နှမတော် သီရိသုရတနာ

ဒေဝီ–မင်းခင်းမြို့ကိုစားသည် တပါး၊ ညီမတော် သုပဘာဝတီ ပြင်စည်မြို့ကိုစားသည် တပါး။

ဘထွေးတော် ချွန်းတောင်မြို့စား မိုးနဲ့မိုလ်မှူး မင်းသား သီရိသုမဟာဓမ္မရာဇာသမီးတော် လောင်းရှည်မြို့စား မိဖုရား သီရိမဟာ သုပဘာဒေဝီတွင်မြင်သည့် သမီးတော် သုသီရိပဘာဝတီ–ချွန်းတောင်မြို့ကို စားသည် တပါး၊ ညီမတော် သုသီရိရတနာဒေဝီ–မိုင်းကိုင်းမြို့ကိုစားသည် တပါး။ မောင်တော် သုသီရိမဟာဓမ္မရာဇာ–သီပေါမြို့ကိုစား၍ ခမည်းတော်မင်းတရားကြီး နတ်ပြည်ပြောင်းစံတော်မူလျှင် အထွတ်အမြတ်သို့ရောက်တော်မူ၍ သီရိပဝရာဒိတျာလောကာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ–တံဆိပ်နာမံတော်ဖြင့် ခမည်းတော်ဘုရား အရိုက်အရာကို ဆက်ခံတော်မူသည် တပါး၊ နှမတော် သီရိသုရစာဝတီ–ပြောင်းပြာမြို့ကို စားသည် တပါး။ ။စိန်တုံးမိဖုရား သီရိသုပဘာရတနာဒေဝီမှာ သတော် သမီးတော် ထွန်းကားခြင်းမရှိ။

တောင်ဆောင်တော်မိဖုရား အတုလဒေဝီတွင်မြင်သည့် သမီးတော်–ငယ်ကလွန်တပါး၊ မောင်တော်–ငယ်ကလွန်တပါး၊ ညီတော်–ငယ်ကလွန်တပါး၊ ညီတော်သတိုးမင်းညွန့်–ဇကုမြို့ကိုစားသည် တပါး၊ညီတော်သတိုးမင်းလှသိန်သူ–မိုးညှင်းမြို့ကိုစားသည် တပါး၊ နှမတော် သီရိကဥ္စနာဝတီ–ပဥ္စမ ကျောက်ဆောက်မြို့ကိုစား၍ ဒုတိယ မိုးညှင်းမြို့ကိုစားသည် တပါး။

မြောက်ဆောင်တော်မိဖုရား ပဘာဒေဝီတွင်မြင်သည့် သားတော် သုသီရိမဟာဓမ္မရာဇာ–မလွန်မြို့ကိုစားသည် တပါး၊ နှမတော်–ငယ်ကလွန်တပါး၊ မောင်တော် သတိုးမင်းရဲ–ပြင်စည်မြို့ကိုစားသည်တပါး၊ ညီတော်သတိုးမင်းရဲသီဟသူ–ဝန်းသိုမြို့ကိုစားသည် တပါး။

ဒုတိယမြောက်ဆောင်တော် မိဖုရား နန္ဒာဒေဝီတွင်မြင်သည့် သမီးတော် သီရိသုစန္ဒာဒေဝီ–ကန္နီမြို့ကိုစားသည်တပါး၊ မှာ–ညီတော်အိမ်ရှေ့မင်းသားတော် ပန်းထိမ်းမင်းသား မဟာသီရိဓမ္မရာဇာနှင့် စုံဘက်တော်မူသည်။ ညီမတော် သီရိသုမလ္လာဝတီ–မဘဲမြို့ကိုစားသည် တပါး၊ မှာ–ခမည်းတော်ဘုရားသားတော် ညောင်းရမ်းမင်းသား သီရိမဟာဓမ္မရာဇာနှင့် စုံဘက်တော်မူသည်။ မောင်တော် သီရိမဟာသုဓမ္မရာဇာ–မကွေးမြို့ကိုစားသည် တပါး၊ မှာ–ခမည်းတော်ဘုရား သမီးတော် ပင်းမင်းသမီး သီရိသုကောသာဒေဝီနှင့်စုံဘက်တော်မူသည်။ နှမတော် သီရိသာမာဒေဝီ–

ကြီညွှပ်မြို့ကိုစားသည်တပါး၊ မှာ-ခမည်းတော်ဘုရားသားတော် ရနောင်မင်းသား သတိုးဗညားဒေါနှင့် စုံဘက်တော်မူသည်။ ညီမတော် သီရိသုမင်္ဂလာဒေဝီ-ဆင်ရှင်မြို့ကို စားသည်တပါး၊ မှာ-ခမည်းတော်ဘုရားသားတော် ရွှေကူမင်းသား သတိုးဗညားလောနှင့် စုံဘက်တော်မူသည်။ မောင်တော်-ငယ်ကလွန်တပါး။

ပဉ္စမတောင်ရွှေရေးမိဖုရား ရတနာဒေဝီတွင်မြင်သည့် သားတော် သုမဟာသီရိဓမ္မရာဇာ-မြင်ကွန်းမြို့ကိုစားသည် တပါး၊မှာ-ညီတော်အိမ်ရှေ့မင်းသမီးတော်တောင်ညိုမင်းသမီးသီရိဘဒ္ဒါဝတီနှင့်စုံဘက်တော်မူသည်၊ နှမတော်-ငယ်ကလွန်တပါး၊ ညီမတော်-ငယ်ကလွန်တပါး၊ မောင်တော်သတိုးမင်းလှဇေယသူ-မြင်းခုံတိုင်မြို့ကို စားသည် တပါး။

ဒုတိယတောင်ရွှေရေး မိဖုရား ဝန္တရာတိုက်စား သုဓမ္မဒေဝီတွင်မြင်သည့် သားတော်-ငယ်ကလွန်တပါး၊ နှမတော်-ငယ်ကလွန်တပါး၊ ညီမတော် သီရိသုမင်္ဂလာဒေဝီ-တကောင်းမြို့ကိုစားသည် တပါး၊ မှာ-ခမည်းတော်ဘုရားသားတော် စကုမင်းသား သတိုးမင်းညွန့်နှင့် စုံဘက်တော်မူသည်။ ညီမတော် သုသီရိနန္ဒာဒေဝီ-ချွန်းတောင်မြို့ကိုစားသည်တပါး။

ဒုတိယ မြောက်ရွှေရေးမိဖုရား ဥမ္မာဒေဝီတွင်မြင်သည့် သမီးတော်ငယ်ကလွန်တပါး၊ မောင်တော် သီရိမဟာသုဓမ္မရာဇာ-ညောင်ရမ်းမြို့ကိုစားသည်တပါး၊မှာ-ခမည်းတော်ဘုရားသမီးတော်မဘဲမင်းသမီးသုမလ္လာဝတီနှင့် စုံဘက်တော်မူသည်။ ညီတော် သတိုးမင်းလှစည်သူ-ညောင်အုပ်မြို့ကိုစားသည် တပါး၊ နှမတော်-ကျောက်ဆောက်မြို့ကိုစားသည်တပါး။

စာပွဲတောင်တိုက်စားမိဖုရား မလ္လာဒေဝီတွင်မြင်သည့် သမီးတော်-ငယ်ကလွန်တပါး၊ ညီမတော် သီရိသုကေသာဒေဝီ-ပင်းမြို့ကိုစားသည်တပါး၊ မှာ-ခမည်းတော်ဘုရား သားတော် မကွရာ မင်းသား သီရိမဟာ သုဓမ္မရာဇာနှင့် စုံဘက်တော်မူသည်၊ မောင်တော်-ငယ်ကလွန်တပါး၊ နှမတော် မိုးမြိတ်မြို့ကိုစားသည်တပါး။

ခုနစ်ရွာတိုက်စား မိဖုရားကုမ္ဘာဒေဝီတွင်မြင်သည့်သားတော် မဟာသုသီရိဓမ္မရာဇာ-သုံးဆယ်မြို့ကိုစားသည် တပါး၊ နှမတော်-ငယ်ကလွန်တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊ ညီတော်-ငယ်ကလွန်တပါး၊ နှမတော်-မြင်ကွန်းမြို့ကိုစားသည် တပါး၊ ညီမတော်-ငယ်ကလွန် တပါး၊ မောင်တော် သတိုးမင်းစော-ပင်လယ်မြို့ကို စားသည်တပါး၊ နှမတော်

သီရိပဘာဒေဝီ-တောင်သာမြို့ကိုစားသည်တပါး၊ ညီမတော်-ပန်းထိမ်းမြို့ကို စားသည်တပါး၊ မောင်တော် သတိုးမင်းရဲမင်းထင်-ခေါ်သန္တီမြို့ကို စားသည် တပါး၊ နှမတော် သီရိသုဝဏ္ဏာဝတီ-မြို့ကြီးမြို့ကိုစားသည် တပါး၊ မောင်တော် သတိုးမင်းရဲကျော်ထင်-ပင်းယမြို့ကိုစားသည် တပါး၊ နှမတော်-မင်းတပ်မြို့ကိုစားသည်တပါး။

လင်ပန်းတိုက်စား မိဖုရား သီရိသုစန္ဒာဒေဝီတွင်မြင်သည့် သမီးတော် သီရိသုမြတ်စွာ ရတနာဒေဝီ-စလင်းမြို့ကိုစားသည်တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊ ညီတော်-ငယ်ကလွန်တပါး၊ ညီတော်သတိုးဗညား ကျန်း-ကျပင်းမြို့ကိုစားသည်တပါး, မှာ-ခမည်းတော်ဘုရား သမီးတော် ကွပ်ရွာမင်းသမီးနှင့် စုံဘက်တော်မူသည်၊ ညီတော် သတိုးဗညားဒေါ-ရနောင်မြို့ကို စားသည်တပါး, မှာ-ခမည်းတော်ဘုရားသမီးတော် ကြံညှပ်မင်းသမီး သီရိသာမာဒေဝီနှင့် စုံဘက်တော်မူသည်။

ရေပွဲတိုက်စားမိဖုရား ပုဏ္ဏာဒေဝီတွင်မြင်သည့်သားတော် သတိုးမင်းရဲ မင်းခေါင်-မိုင်းတုံမြို့ကိုစားသည်တပါး။

သက်ပန်းတိုက်စား မိဖုရား သီရိသုမဟာဒေဝီတွင်မြင်သည့်သားတော် သတိုးဗညားလော-ရွှေကူမြို့ကို စားသည်တပါး, မှာ-ခမည်းတော်ဘုရား သမီးတော်ဆင်ရှင်မင်းသမီး သီရိသုမင်္ဂလာဒေဝီနှင့် စုံဘက်တော်မူသည်၊ ညီတော် သတိုးဗညားဘုန်း-မိုးလှိုင်းမြို့ကိုစားသည် တပါး၊ ညီတော်သတိုး မင်းရဲကျော်-တောင်ညိုမြို့ကိုစားသည် တပါး။

ဆယ်ရွာတိုက်စားတွင် မြင်သည့် သမီးတော် သီရိနန္ဒာဝတီ-ကျောက်ရစ်မြို့ကိုစားသည် တပါး။

ပဥ္စမ လက်ပံစဉ့်တိုက်စား, ယင်းသည့်နောက် မြို့သစ်မြို့ကိုစားရသော မိဖုရား စန္ဒာဒေဝီတွင်မြင်သည့် သမီးတော် ဝဏ္ဏာဝတီ-ယင်းတော်မြို့ကို စားသည်တပါး၊ ညီမတော်-ကသာမြို့ကိုစားသည်တပါး၊ မောင်တော်-မြင်စိုင်းမြို့ကိုစားသည်တပါး။

ကုက္ကိုလှာဘိုက်စား သီရိသာမာမဟေတွင်မြင်သည့် သားတော်သတိုး မင်းဖျား-ကသာမြို့ကိုစားသည်တပါး။

မြို့ကန်တိုက်စားသီရိပလ္လာမဟေတွင်မြင်သည့်သမီးတော်ကေသာဝတီ-စောလှမြို့ကိုစားသည်တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊ နှမတော် သီရိသုစိဉ္ဇာဝတီ-ရင်းခဲမြို့ကိုစားသည် တပါး။

သနဇရစ်တိုက်စား သီရိစိတ္တာမဟေတွင်မြင်သည့် သားတော်-ငယ်က လွန်တပါး၊ ညီတော်-ငယ်ကလွန်တပါး၊ ညီတော်-ကောထင်းမြို့ကိုစား သည်တပါး။

တမာပင်တိုက်စားတွင် မြင်သည့်သမီးတော် ကွစ်ရွာမြို့ကို စားသည် တပါး,မှာ-သားတော်ကျပင်းမင်းသားသတိုးဗညားကျန်းနှင့်စုံဆက်တော် မူသည်။

လှိုင်ကျွန်းတိုက်စား သီရိသုစိတ္တာမဟေတွင် မြင်သည့် သားတော်-ငယ်ကလွန်တပါး၊ နှမတော်-တောင်တွင်းချောင်မြို့ကိုစားသည် တပါး၊ ညီမတော် သီရိသုမင်္ဂလာဝတီ-ဟင်းဂမော်မြို့ကိုစားသည် တပါး။ [မြစ်စဉ် တိုက်စား သီရိစန္ဒာမဟေမှာ သားတော်သမီးတော်ထွန်းကားခြင်းမရှိ။]

မိုးနဲစော်ဘွားသမီး သီရိနန္ဒာမဟေတွင် မြင်သည့်သမီးတော်-ငယ်က လွန်တပါး။

ငန်းဌန်းတိုက်စားသုသီရိကလျာတွင် မြင်သည့်သမီးတော်-လက်မိုင်းမြို့ ကိုစားသည်တပါး၊ ညီမတော် မြို့လှမြို့ကို စားသည်တပါး၊ ညီမတော် ထရံကာမြို့ကို စားသည်တပါး။

လဲချားစော်ဘွားသမီး သီရိသိင်္ဂါမဟေတွင်မြင်သည့်သမီးတော်-ငယ် ကလွန်တပါး၊ မောင်တော်-ငယ်ကလွန်တပါး၊ နှမတော်တပါး,မှာ-မယ် တော်နှင့်အတူ ရှမ်းပြည်သို့ပြန်ပို့သည်။[သီပေါစော်ဘွားသမီး ရစာမဟေ မှာ သားတော်သမီးတော် ထွန်းကားခြင်းမရှိ။]

သရစိမ်းတိုက်စား သုသီရိနန္ဒာမဟေတွင်မြင်သည့် သမီးတော် သီရိ သုမင်္ဂလာဝတီ-နောင်မွန်မြို့ကိုစားသည်တပါး၊ မောင်တော် ငရနဲမြို့ကိုစား သည်တပါး၊ နှမတော် သုသီရိစန္ဒာဝတီ-တိုင်တားမြို့ကိုစားသည် တပါး၊ ညီမတော် သုသီရိကေသာဝတီ-မိုင်းလုံမြို့ကိုစားသည် တပါး။

ထနောင်းတိုင်တိုက်စား သုသီရိပဘာမဟေတွင်မြင်သည့် သမီးတော် သီရိသဒ္ဒါဝတီ-မတ္တရာမြို့ကိုစားသည်တပါး။

[နန်းဦးတိုက်စားသိင်္ဂါမဟေမှာ သားတော်သမီးတော်-ထွန်းကားခြင်း မရှိ။]

ရွာသစ်တိုက်စား မင်္ဂလာမဟေတွင်မြင်သည့် သားတော်-ငယ်ကလွန် တပါး၊ ကျိုင်းတောင်းစော်ဘွားသမီး သုသီရိရစာတွင် သားတော်-သမီး တော် ထွန်းကားခြင်းမရှိ။

ငါးပင်စဉ်တိုက်စားစိတ္တာမဟေတွင် မြင်သည့်သမီးတော်-ငယ်ကလွန် တပါး၊ မိကျောင်းတက်တိုက်စားတွင်မြင်သည့် သားတော်-ငယ်ကလွန် တပါး။ကျောက်တလုံးတိုက်စား သုသီရိဝဏ္ဏာတွင်မြင်သည့် သမီးတော်- မြောင်လှမြို့ကိုစားသည်တပါး၊ရွာပုလဲတိုက်စားတွင်မြင်သည့် သားတော် သတိုးမင်းရဲကျော်သူ-ထီးလင်းမြို့ကိုစားသည် တပါး။

မန်းကျည်းပင်စောက်တိုက်စား သုသီရိစန္ဒာမဟေတွင်မြင်သည့် သမီး တော် သုသီရိပဘာဝတီ-မိုင်းညောင်းမြို့ကို စားသည် တပါး၊ တောင် ပြုံးတိုက်စား သီရိမင်္ဂလာမဟေတွင် မြင်သည့် သားတော်-ငယ်ကလွန် တပါး။ သိန်းနီစော်ဘွားသမီးတွင် မြင်သည့် သားတော်-မိုင်းရင်းမြို့ကို စားသည် တပါး။

ရေနံချောင်းဝန်ကြီး သတိုး မင်းကြီးမဟာမင်းလှမင်းခေါင်၏ သမီး ကြေးမြွင်တိုက်စား သုသီရိပဘာမဟေတွင်မြင်သည့် သားတော် သတိုး မင်းရဲမင်းခေါင်-ပျဉ်းမနားမြို့ကိုစားသည် တပါး။ [ကျောက်ရဲမြို့စားမှာ သားတော် သမီးတော် ထွန်းကားခြင်းမရှိ။]

လောင်းရှည်ဝန်ကြီး သတိုး မင်းကြီး မဟာစည်သူ၏သမီး ထီးလှိုင် တိုက်စားတွင်မြင်သည့် သားတော် သတိုးမင်းရဲကျော်ထင်—သာဂရမြို့ကို စားသည် တပါး။

ကိုယ်လုပ်တော် မယ်ထားအိုတွင် မြင်သည့် သမီးတော်-ငယ်ကလွန် တပါး။ ဆင်တဲတိုက်စားတွင်မြင်သည့် သားတော်-ငယ်ကလွန် တပါး။ [ရစိတိုက်စားမှာ သားတော် သမီးတော် ထွန်းကားခြင်းမရှိ]။

မြေးတော်များကား····မလွန်မင်းသား သီရိမဟာဓမ္မရာဇာနှင့် အိမ် ရှေ့မင်းသမီးတော် ဆားလင်းကြီးမင်းသမီး သီရိအာသာဝတီစုံဘက်ရာ တွင်မြင်သည့် သားတော်-မိုင်းပျဉ်းကိုစားသည် တပါး။ သမီးတော်-ငရေ နဲကိုစားသည် တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်သန့်တွင်မြင်သည့် သမီးတော် မယ်နွယ်သစ်တပါး, မယ်နွယ်နှစ်တပါး, မယ်နွယ်ချစ်တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်လေးညိုတွင်မြင်သည့် သမီးတော် မယ်နွယ် မြတပါး, မယ်နွယ်ပတပါး။

သုံးဆယ်မင်းသား မဟာသုသီရိဓမ္မရာဇာ၏ ဆောင်ရကိုယ်လုပ်တော် ရှင်ရင်တွင်မြင်သည့် သားတော်မောင်တုတ်တပါး၊ ညီတော် မောင်ပုံ တပါး၊ ညီတော် မောင်တင်တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်လေး တွင်မြင်သည့် သားတော်တပါး။

မကွေ့ရာမင်းသား သီရိမဟာသုဓမ္မရာဇာ၏ ဆောင်ရကိုယ်လုပ်တော် ရှင်ခင်တွင်မြင်သည့် သားတော် မောင်ရှမ်းကြီးတပါး၊ နှမတော်ခင်မကြီး တပါး၊ ညီမတော် ခင်မကလေးတပါး။ ဆောင်ရကိုယ်လုပ်တော်ရှင်လေး တွင်မြင်သည့် သားတော် မောင်ရွှေယုံတပါး၊ ညီတော် မောင်ထက်တ ပါး။ဆောင်ရကိုယ်လုပ်တော် ရှင်နန်းယဉ်တွင်မြင်သည့် သားတော်မောင် တုတ် တပါး၊ ညီတော် မောင်ဝတပါး။ ဆောင်ရကိုယ်လုပ်တော် ရှင် မျိုးနွယ်တွင်မြင်သည့် သားတော်မောင်ဖြူတပါး၊ နှမတော် မယ်ထွေး တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်လေးတွင်မြင်သည့် သမီးတော်မမြ ဦးတပါး၊ ညီမတော် မမြဖြူးတပါး၊ မောင်တော် မောင်ပိန်တပါး၊ နှမ တော်တပါး။ဆောင်ရကိုယ်လုပ်တော် ရှင်သစ်တွင်မြင်သည့် သမီးတော် တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်မိမိတွင်မြင်သည့် သမီးတော်တပါး။

ညောင်ရမ်းမင်းသား သီရိမဟာသုဓမ္မရာဇာနှင့် မဘဲမင်းသမီး သု မလ္လာဝတီ စုံဘက်ရာတွင်မြင်သည့် သမီးတော် မယ်တင်တပါး။ ဆောင် ရကိုယ်လုပ်တော် ရှင်ခင်တွင်မြင်သည့် သားတော်မောင်ကြီးတပါး၊ နှမ တော် မလတ်တပါး၊ မောင်တော်တပါး။

ညောင်အုပ်မင်းသား သတိုးမင်းလှစည်သူ၏ဆောင်ရကိုယ်လုပ်တော် ရှင်သစ်တွင်မြင်သည့် သမီးတော်မယ်မတပါး၊ ညီမတော်မယ်ရွှေတပါး၊ ညီမတော် မယ်ကလေးတပါး၊ မောင်တော် မောင်ပုတပါး၊ ညီတော် မောင်တင့်တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်ဥတွင်မြင်သည့် သား တော် မောင်တင်တပါး၊ ညီတော် မောင်ခင်တပါး။ ဆောင်ရ ကိုယ်လုပ် တော်ရှင်ဖွားတွင်မြင်သည့် သမီးတော် မရွှေမတပါး၊ ညီမတော် မယ်က လေးတပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်လှိုင်းတွင်မြင်သည့် သားတော် တပါး၊ နှမတော်တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်သစ်ကလေးတွင် မြင်သည့် သားတော်တပါး။

ကျပင်းမင်းသား သတိုးဗညားကျော်နှင့် ကွပ်ရွာမင်းသမီး စုံဘက်ရာ တွင် မြင်သည့်သားတော် ဘိုးတော်ချစ်တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်ရင်တွင်မြင်သည့် သမီးတော်တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင် သက်တွင်မြင်သည့် သားတော်တပါး။

မြင်ကွန်းမင်းသား သုမဟာသီရိဓမ္မရာဇာနှင့်တောင်ညိုမင်းသမီး သီရိ ဘဒ္ဒါဝတီစုံဘက်ရာတွင်မြင်သည့် သမီးတော်တပါး၊ ညီမတော် မခင်လေး

တပါး၊ ဆောင်ရကိုယ်လုပ်တော် ရှင်အိုတွင်မြင်သည့် သမီးတော်တပါး၊ မောင်တော်တပါး။

ရနောင်မင်းသား သတိုးဗညားဒေါနှင့် ကြီညွှပ်မင်းသမီး သီရိသာမာဒေဝီ စုံဘက်ရာတွင်မြင်သည့် သမီးတော်တပါး။ညီမတော်တပါး၊ မောင်တော်တပါး၊ နှမတော်တပါး၊ မောင်တော်တပါး၊ ညီတော်တပါး။

ရွှေကူမင်းသား သတိုးဗညားလောနှင့် ဆင်ရှင်မင်းသမီး သီရိသုမင်္ဂလာဒေဝီ စုံဘက်ရာတွင် မြင်သည့် သမီးတော်တပါး၊ ညီမတော်တပါး၊ မောင်တော်တပါး၊ နှမတော်တပါး၊ ညီမတော်တပါး။

သာဂရမင်းသား သတိုးမင်းရဲကျော်ထင်၏ ဆောင်ရကိုယ်လုပ်တော် ရှင်သက်တွင်မြင်သည့်သားတော်တပါး၊ ညီတော်တပါး၊ ညီတော်တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်သန့်တွင်မြင်သည့် သမီးတော်တပါး၊မောင်တော်တပါး။

ကသာမင်းသား သတိုးမင်းဖျား၏ ဆောင်ရကိုယ်လုပ်တော်ရှင်နှင်းဦးတွင် မြင်သည့်သမီးတော်တပါး၊ ညီမတော်တပါး၊ မောင်တော်တပါး၊ ညီတော်တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်စောတွင်မြင်သည့် သားတော်တပါး၊ ညီတော် တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်မိရှင်တွင် မြင်သည့် သားတော် မောင်တင်တပါး၊ နှမတော် မယ်တင်ပုတပါး။

သမီးတော် ကန္တီမင်းသမီးသီရိသုစန္ဒာဒေဝီနှင့် အိမ်ရှေ့မင်းသားတော် ပန်းထိမ်းမင်းသား မဟာသီရိမဟာရာဇာစုံဘက်ရာတွင် မြင်သည့်သားတော် နဂါးဘိုရွာကိုစားသည်တပါး၊ နှမတော်တပါး။

စကုမင်းသား သတိုးမင်းညွန့်၏ ဆောင်ရကိုယ်လုပ်တော် ရှင်လေးတွင် မြင်သည့်သားတော် မောင်နွယ်ဘူးတပါး၊ ဝန်သိုမင်းသား သတိုးမင်းရဲသီဟသူ၏ ဆောင်ရ ကိုယ်လုပ်တော် ရှင်ဆင်တွင်မြင်သည့် သမီးတော် မယ်တင်လှတပါး။

ပင်လယ်မင်းသား သတိုးမင်းစော၏ ဆောင်ရကိုယ်လုပ်တော် ရှင်ပိုတွင် မြင်သည့် သားတော် မောင်တင်တပါး၊ နှမတော် မမယ်တပါး၊ ညီမတော်တပါး။ ဆောင်ရကိုယ်လုပ်တော် ရှင်ငြိမ်းတွင်မြင်သည့် သမီးတော် မကြီးတပါး။

ခေါ်သန္တီမင်းသား သတိုးမင်းရဲမင်းထင်၏ ဆောင်ရကိုယ်လုပ်တော် ရှင်ပုံတွင်မြင်သည့်သမီးတော်မကြီးကြီးတပါး၊ ညီမတော်တပါး။

မင်းမိဖုရား-ငါးကျိပ်၊ သားတော်-ငါးကျိပ်နှစ်ပါး၊ သမီးတော်-ငါးကျိပ်ခြောက်ပါး၊ မြေးတော် ယောကျ်ား-လေးကျိပ်တပါး၊ မြေးတော် မိန်းမ-လေးကျိပ်နှစ်ပါး၊ မင်းမိဖုရား သားတော် သမီးတော် မြေးတော် ယောကျ်ား, မြေးတော်မိန်းမ, စုစု နှစ်ရာ့လေးကျိပ် တပါးတည်း။

* မြို့စားရွာစား ဘွဲ့အမည်အရည် မရမရှိသေးက ရာဇဝင်တော်တွင် ခမည်းတော် မယ်တော်တို့က ခေါ်ဝေါ်သော အမည်ကို ဖော်ပြရေးသားမြဲ အစဉ် ပဝေဏီထုံးစံရှိသည်များကို မဖျက်ကောင်းမပယ်ကောင်းသောကြောင့် ဘိုးတော်ဘုရား၏ မိဖုရား, သားတော်, သမီးတော်, မြေးတော်မှစ၍ ဥပရာဇာအိမ်ရှေ့မင်း၏ ကိုယ်လုပ်တော်, သားတော်,သမီးတော်,မြေးတော်အချို့ကို ရှိရင်းတိုင်း အမည်နှင့် ရေးသားရခြင်းဖြစ်သည်။

ရာဇဝင်တော် ဟူသည်ကား–ရာဇ–ဝံသပုဒ်ကို ထောက်၍ မင်းတို့၏ အစဉ် အဆက်နှင့်တကွ မင်းမိဖုရား သားတော် သမီးတော် မြေးတော်မကျန် ပြဆိုရာ ပြဆိုကြောင်း ဖြစ်သည့်အတိုင်း စေ့စေ့စုံစုံလင်စွာပါရှိရသည်၊ သို့မှသာလျှင် မင်းမျိုး မင်းနွယ်တို့မှာ ကာလအရှည် တိမ်မြုပ်ပျောက်ကွယ်ခြင်းမရှိ ကပ္ပဋ္ဌိတိ လေးပါးကဲ့သို့ အစဉ်အမြဲတည်တံ့ထင်ရှားမည်ဖြစ်သည်။

တကြောင်းသည်း····သားတော်,သမီးတော်, မြေးတော်များကို ရာဇဝင်တွင် ဖော်ပြသောအမည်နာမဖြင့် မွေးတော်မတ်တော်မှစ၍ ထပါးသောသူတို့က ခေါ်ဝေါ်ပြောဆိုရသည်မဟုတ် ခမည်းတော် မယ်တော်တို့၏ မြင့်မြတ်သော ဂုဏ်တော်ကိုလိုက်၍ တင်တင်, ထိပ်တင်,ထိပ်ခေါင်တင်,စုဘုရား,ထိပ်စုဘုရား,အရှင် ထိပ်စုမြတ်ဘုရား စသည်ဖြင့်၎င်း၊ တင်တင်,ထိပ်တင်, ကိုယ်တော်ကလေး, ကိုယ်တော်ကြီး, ကိုယ်တော်မြတ်ဘုရား, ရွှေကိုယ်တော်ကြီးဘုရား စသည်ဖြင့်၎င်း၊ ထီးနန်းတွင် အစဉ်ပြောဆိုသုံးစွဲမြဲ ဓလေ့ထုံးစံအတိုင်းသာ ယဉ်ကျေးစွာ ခေါ်ဝေါ် ပြောဆိုရခြင်းဖြစ်သည်။

* ★ *

# ရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီး

★

### သားတော်အိမ်ရှေ့မင်းနန်းတက်၍ ခမည်းတော်ဘုရား
### အလောင်းတော်ကို သင်္ဂြိုဟ်တော်မူခြင်း

ဝန်ကြီး အဘွင်းဝန် မှူးတော်မတ်တော် တို့က ခမည်းတော် မင်းတရားကြီး ဘုရား ဥပရာဇ်နန်းလျှာ ထားတော်မူခဲ့ရင်း အတိုင်း သားတော် မဟာဥပရာဇာ အိမ်ရှေ့မင်း စံနေတော်မူရာ လွှတ်တော်မြောက်ရွေးတင်းကုပ်အနီး အိမ်ရှေ့တော်သို့ စေလွှတ်၍ ရွှေနန်းတော်ကြီးသို့ ပြောင်းရွှေ့စံနေတော်မူပါမည် အကြောင်းနှင့် လျှောက်ထားသည့်တွင် ဘုန်းကြက်သရေ အပေါင်းတို့ဖြင့် တင့်တယ်ခြင်းရှိတော်မူသော သားတော် မဟာဥပရာဇာ အိမ်ရှေ့မင်းသည် အိမ်ရှေ့တော်က တပ်ဝင်း အခင်းအကျင်းများနှင့် ဝင်တော်မူပြီးလျှင် မြေနန်းတော်ဦး မင်းတက်လှေကားက တက်တော်မူ၍ တောင်စမုတ်အရှေ့ဘက် ဗိုလ်ညီလာခံ ပန်းခုံစံနန်းတော်သို့ သီတင်းကျွတ်လဆန်း ခြောက်ရက်နေ့ ပြောင်းရွှေ့စံတော်မူသည်။

ယင်းသည့်နေ့ ရွှေနန်းတော် တောင်စမုတ်အရှေ့ဘက် ဗိုလ်ညီလာခံ စံနန်းတော်သို့ သားတော်အိမ်ရှေ့မင်း၊ မဟာဥပရာဇာစံတော်မူရာ ဝန်ကြီး၊အတွင်းဝန်၊ မှူးတော်မတ်တော်တို့က ခမည်းတော်ဘုရား အရိုက်အရာတော် ရွှေထီးရွှေနန်း တိုင်းခရိုင်နိုင်ငံအလုံးကို သိမ်းအုပ်စိုးစံတော်မူပါမည့်အကြောင်းနှင့် စုံညီသွားရောက် လျှောက်ထားကြ၏။

သားတော် မဟာဥပရာဇာ အိမ်ရှေ့မင်း-မင်းအဖြစ်သို့ရောက်တော်မူလိုသော်····ကျောင်းတော်တွင် မျောက်မျဉ်းစက်တော်ခေါ်ရာ နေနှင့်လကောင်းကင်မှကျလာ၍ ခြေတော်တွင်ကပ်သည်။ သောက်ရှူး ကြယ်ကိုကြယ်အပေါင်းရံသည် မြင်မက်တော်မူသည်။ မင်္ဂလာအိမ်တော်တွင် စံတော်မူစဉ် မျောက်မျဉ်းစက်တော်ခေါ်ရာ တာဝတိံသာနတ်ပြည်သို့တက်၍ သိကြားနတ်နှင့် တွေ့မြင်ရသည်။ ကောင်းကင်ကို မပြတ်ပျံတက်ရသည်၊ ဝန်းသိုမင်းသား၏အသားကို ပွဲတော်တည်ရသည်။ လူသားကို

သုံးကြိမ်ပွဲတော်တည်ရသည်။ ဆင်ဖြူကိုစီးရသည်-စသော များစွာသော အိပ်မက်တော်ကို မြင်မက်တော်မူသည်။

ရွှေမြို့တော် မြို့တွင်းမြို့ပြင်ရပ်စုကွက်စုများတွင် မီးလောင်ဖန်များခြင်း၊ ပဌမစာပွဲသဘင် ယင်တော်မူစဉ် လက်တော်ကိုင် ဆေးထိပ်ထုပ် ပုဝါကို စွန်ချီ၍ ရွှေနန်းတော်ဦးမှာချခြင်း၊ စီးတော်မူသော ဂမုန်းချောင်းဆင်တော်သည့် ချွန်းအုပ်၍မရ အကြောင်းမဲ့ တဲတော်အနီး ခင်းကျင်းထားသော ဒိုင်္ကမစည်တော်ကို တိုးခွေပြီးလျှင် သုဓမ္မာစရပ်တော်အနီး နန်းမြေဘုံသာ စံနန်းတော်ဝင်းကို စနေထောင့်ကတိုးဝင်၍ အင်္ဂါထောင့်သို့ ထွက်ခြင်း၊ ကံ့ကော်ပန်းနှစ်ပွင့် ညှိုးခြောက်၍ အချပ်အမုံကြွေပြီးမှ အသစ်ပွင့်ခြင်း၊ အိမ်ရှေ့စံတော်မူစဉ် မိဌာန်၍ ထိုးစိုက်သည့်သပြေပန်း ညှိုးပြီးမှ အတက်ပေါက်ခြင်း၊ ပုဏ္ဏားပညာရှိ ဗြဟ္မာစန္ဒသာ၍ ရွှေနန်းစည်းစိမ်ကို စံတော်မူပါ လျှောက်ထားခြင်း-စသော များစွာသော တိတ်နိမိတ် အိပ်မက်တော်များကို ထင်မြင်တော်မူသည်။

သားတော် မဟာဥပရာဇာ အိမ်ရှေ့မင်း-မင်းအဖြစ်သို့ရောက်တော်မူသည့်ရှိသော် မင်းညီမင်းသား မှူးတော်မတ်တော်ဗိုလ်မှူးမြို့ဝန်စစ်ကဲစုရေးစုကိုင် သူဌေးသူကြွယ်တို့ကို ရှေးအစဉ်ထုံးစံရှိသည့်အတိုင်း မြေနန်းတော်ဦးတွင် အမိန့်တော်နှင့် သစ္စာပေးရသည်။ အဝေးအလံ စော်ဘွားမြို့စားမြို့ဝန်စစ်ကဲတို့ကိုလည်း အမိန့်တော် အမှာတော်စာများနှင့် အမှူးအကြီးခန့်ထားစေလွှတ် သစ္စာတော်ပေးရသည်။

ဝင်းတော်လေးမျက်နှာ ရွှေမြို့တော်တံခါး တဆဲ့နှစ်ရပ်, ပြင်မြို့ကြီးတံခါး ငါးဆဲ့ခုနစ်ရပ်, မြို့တွင်းမြို့ပြင် ရပ်စုကွက်စုများမှာလည်း ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် အသီးအသီး အအုပ်အထိန်း ခန့်ထား၍ မြဲမြံစွာ စောင့်ထိန်းစေသည်။

ပြည်သူ ဆင်းရဲသားအပေါင်းတို့ ထိတ်လန့်ကြောက်ရွံ့မရှိစေရ၊ ငြိမ်ဝပ်ချမ်းသာစွာ ရွှေဘုန်းတော်ရိပ်ကို ခိုလှုံ နေထိုင်စေရန်များကိုလည်း အမိန့်တော်နှင့် ရွှေပြည်တော် မြို့တွင်းမြို့ပြင် ရပ်စုကွက်စုများတွင် စေနှံအောင် ရွှေရုံးက မောင်းကြေးနင်း ခတ်ရသည်။ ယင်းသည့်နေ့က စ၍ တီးမြဲပဟိုရ်စည် ခေတ်စည်များကိုမတီးရ၊အတွင်းတော်၌ နရည်းဆရာကိုသာ တီးရ၏။ ခမည်းတော်မင်းတရားကြီး နတ်ပြည် စံကြောင်းကိုလည်း အမိန့်တော်နှင့် သကြီးတော်ပုဂံမင်းကို လျှောက်ထားရ၏။

ယင်းသည့်နေ့ သားတော်မင်းတရားလည်း ခမည်းတော် မင်းတရားကြီးဘုရားအလောင်းတော်ကို သက်ြိုဟ်တော်မူရန် အခမ်းအနား ရှိသည်များမှာ-ရှေးဘုရားအလောင်းတော် မဟာသုဒဿနစကြာမင်း၊ မန္ဓာတ်မင်းတို့သည် စကြာရတနာ အမှူးရှိသော ရတနာခုနစ်ပါးနှင့်တကွ လေးကျွန်းလုံးကိုအစိုးရတော်မူခြင်း၊ စကြာရတနာတန်းခိုးအားဖြင့် သုံးကျွန်းလုံးကို လှည့်လည်သိမ်းပိုက်တော်မူ၍ ကျွန်းသူကျွန်းသားတို့အား တရားပြသဩဝါဒပေးပြီးမှ နောက်တော်လိုက်ပါကုန်သော ဗိုလ်ပါ ပရိသတ်တို့အား ဇမ္ဗူဒီပါကျွန်းအပြင်၌ အကွက်အကန့် ပေးကမ်းချထား နေထိုင်စေခြင်း၊ လက်ပမ်းဖောက်ခတ်သဖြင့် ရတနာမိုးကို ရွာစေခြင်း၊ စတုမဟာရာဇ်, တာဝတိံသာနတ်ပြည်တို့၌ ထက်ဝက်သော နတ်တို့၏ စည်းစိမ်ကို ခံစားရခြင်းစသော အတုမရှိသော ပုညိဒ္ဓိ,ကမ္မဇိဒ္ဓိတန်းခိုးနှင့် ပြည့်စုံသော မင်းကောင်းမင်းမြတ်တို့လက်ထက် ဒါနသီလစသော ကုသိုလ်ကောင်းမှုများကို မပြတ်အားထုတ် ဖြည့်ကျင့် ရှက်ဆောင်တော်မူရပြားသော်လည်း သာသနာပအခါ ကြိမ်ကြိုက်ရသည်ဖြစ်၍ တရားတော်ကို လက်သုံးမပြုရချေ။

ခမည်းတော်မင်းတရားကြီးမှာမူကား သာမန်မင်းတို့အား မဆက်ဆံသော ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက်ကို နှစ်ကြိမ်မြောက် သွန်းခံတော်မူပြီးလျှင် မင်းကျင့်တရားဆယ်ပါး, စကြာမင်းတို့ကျင့်ဝတ်တရားဆယ်ပါး, တဆွဲနှစ်ပါး, အပရိဟာနီယတရား ခုနစ်ပါး, သင်္ဂဟတရား လေးပါး စသော တရားအပေါင်းတို့ကို မပြတ်ဖြည့်ကျင့် ရှက်ဆောင်တော်မူလျက် စေတီ,ဂူ,ကျောင်း, တန်ဆောင်း,စရပ်စသည်တို့ကို တည်ထားပြုစုတော်မူခြင်း၊ မြတ်စွာဘုရား ဟောတော်မူသည့် ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာပါဠိတော်တို့ကို ကပ္ပဋ္ဌိတိတည်စေရန် အလွန် ချောမောကောင်းမွန်သော ခရသင်း ပွတ်သစ်အဆင်းနှင့်တူသော ရတနာ ကျောက်သလင်းအပြင်၌ ရေးသားထုလုပ်တော်မူခြင်း၊ ပိဋကတ်သုံးပုံတို့ကို အလုံးစုံ တတ်ကျွမ်းသိမြင်တော်မူသော တံဆိပ်တော်ရ ဆရာတော်သံဃာတော် နှစ်ထောင်ကျော်တို့ကို ရွှေနန်းပြာသာဒ်တော် သီဟာသနရာဇပလ္လင်တော်ဦးသို့ ပင့်၍ ပဉ္စမသင်္ဂါယနာ တင်တော်မူခြင်း၊ ရွှေမြို့တော် လေးပြင်လေးမျက်နှာ တံဆိပ်တော်ရ-မရ ဆရာတော် သံဃာတော် အပေါင်းတို့အား လစဉ်မပြတ် ထိုက်သက်ရာရာသော ပစ္စည်းဝတ္ထုတို့ဖြင့် လှူဒါန်းတော်မူခြင်း၊ ကိုယ်ခဟာ်မှစ၍ မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်

သူဌေးသူကြွယ် တိုင်းနေပြည်သူသတ္တဝါအပေါင်းတို့အား အလွန်နက်နဲ သိမ်မွေ့သော အနတ္တလက္ခဏာ ဝိပဿနာတရားကို မပြတ်လေ့လာ ပွား များ သင်ကြားဆုံးမ ဩဝါဒပေးတော်မူ၍ ကျင့်ဆောင်စေခြင်း စသော ကုသိုလ်ကောင်းမှုတရားများကို မပြတ်အားထုတ် ရွက်ဆောင်တော်မူ သော မြဲမြံသော ဒဠှထာမအားအစွမ်းနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓုပ္ပါဒ နဝမအခါ သာသနာတော် အတွင်း ကြုံကြိုက်ရသော မြင့်မြတ်သော ဘုန်းကံသမ္ဘာရရှိတော်မူသော ပါရမီတော်ရှင် ဖြစ်သည်။ သာသနာ တွင်း,သာသနာပ ပြုရသောကုသိုလ်နှစ်ပါးတွင်လည်း သာသနာပ ပြုရ သော ကုသိုလ်ထက် သာသနာတွင်းပြုရသော ကုသိုလ်သည် သာလွန်၍ အကျိုးကြီးမြတ်ကြောင်းကို သဗ္ဗညုဘုရား ဟောတော်မူချေသည်။ ယင်း သည့်အကြောင်းများကိုထောက်သဖြင့် ခမည်းတော်မင်းတရားကြီးဘုရား အလောင်းတော်ကို သူခပ်သိမ်းတို့ အမြဲပူဇော်ရာဖြစ်စေခြင်းငှာ လွှတ် တော်မြောက်ဘက်တွင် အုတ်နန်းပြာသာဒ် တည်လုပ်သွင်းထားမည် ကြံ ရည်တော်မူ၍ ဝန်ထောက် ရန်အောင်မြင်မြို့စား မင်းကြီး မဟာမင်းလှ မင်းခေါင်ရာဇာ, အုတ်ဝန် သံတော်ဆင့်တို့ကို အမိန့်တော်နှင့် ကြီးကြပ် တည်လုပ်စေသည်။

ယင်းသည့်နေ့ကစ၍ မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် ကတော်မယားတို့ ခုနစ်ရက်မစေ့မီအတွင်း ဝတ်ဖြူဝတ်ကြရသည်။

မြေနန်းပြာသာဒ်တော်, သီဟာသနရာဇပလ္လင်တော်ရွှေ ဝဲယာ ထီး ဖြူတော်ရှစ်စင်းကိုလည်း မိုးဗြိတ်မင်းသား-သားလှိုင်းတက်မြို့စားမင်းသား မင်းရဲကျော်ထင်,စိန့်တုံးလှေအုပ်မင်းသားမင်းရဲနရာ, ပွဲတိုင်းကျော် လှေ အုပ်မင်းသားမင်းရဲမင်းလှတို့ ညီတော်နောင်တော်သုံးဦး ကြပ်မဖွင့်လှစ်ရ သည်။ ၎င်း သီဟာသနရာဇပလ္လင်တော်ရွှေ ကျင်းပမြဲ လက်ဝဲတော် မင်းခမ်းစုံများကိုလည်း ဆွေတော်အုပ်မင်းသား မင်းရဲညွန့်,သံတော်ဆင့်, မဟာလေးဆယ်တော်, အဆောင်တော်မြဲ, မင်းခမ်းတိုက်စိုးတို့ကြပ်မ၍ မင်းခမ်းတော် အမှုထမ်းတို့ကို ဆောင်ယူစေပြီးလျှင် အလောင်းတော် လက်ဝဲဘက်ခေါင်းရင်းတော်တွင် အခြေလေးချောင်းတပ် ရွှေချမှန်စီခုံ ကြီးငယ်များနှင့် စီစဉ်ကျင်းပတည်ထားရသည်။

သားတော် မင်းတရားသည်း စံနေတော်မူသည့် ဗိုလ်ရှုစံနန်းတော် တော်တွင် စံတော်မူရန် နေရာကျဉ်းသည့်ဖြစ်၍ ခမည်းတော် မင်းတရား

ကြီးဘုရား စံတော်မူရင်း တောင်စမုတ် ဆောင်တော် အနောက်ဖက် တောင်နန်းတော်သို့ ပြောင်းရွှေ့စံတော်မူသည်။

ယင်းသည့်လဆန်း ၅ရက်နေ့ နေနှစ်ချက်တီးကျော်အချိန် မှန်နန်းတော်တွင် ခမည်းတော်မင်းတရားကြီးဘုရား အလောင်းတော်ကို တဆွဲတခမ်းဖွင့်၍ ရှေးအစဉ်ထုံးစံရှိရာ မင်းခမ်းမင်းနားများကို စီစဉ်ကျင်းပရ၏။

ယင်းသည့်လဆန်း ၁နှစ်ရက်နေ့ ညဉ့်တချက်တီးအချိန်ကစ၍ ၄င်းလဆန်းဆယ်ရက်နေ့ နေနှစ်ချက်တီးအချိန်တိုင် အစဉ်မပြတ် မိုးတစိမ့်စိမ့်ရွာသွန်း၍ အုတ်နန်းပြာသာဒ်တော် အလုပ်အဆောင် မပြီးမပြေရှိသည်နှင့် အလောင်းတော်ကို ပြင်ဆင်ကျင်းပရင်း အခင်းကတ္တီပါ မွေ့ရာတော်, အုံးတော်, လွှမ်းထားရင်း ပိုးဖြူဝတ်လဲတော်များနှင့်တကွ အတွင်း ရွှေပိန်းထည့် သံဖြူခေါင်းတော်တွင် ထည့်သွင်း၍ အတွင်းပြင် ရွှေပိန်းထည့် စပ်ပျဉ်ခေါင်းအတွင်း ထပ်မံထည့်သွင်းတင်ထား၊ ကျင်းပမြဲသလွန်တော်တက် ကျင်းပတင်ထားပြီးလျှင် မြဟ္မဝတန်ဆာ အဆင်တော်ကို ဝဲယာလှပတင့်တယ်အောင် ဆင်ယင်လွှမ်းထားရသည်။

နတ်ပြည်စံတော်မူသည့်နေ့ကစ၍ ၄င်းလဆန်း၅ရက်,ဆယ်ရက်, ဆွဲတရက်နေ့ ဘကြီးတော်ပုဂံမင်း၊ အရီးတော်မိဖုရားနှင့်ရွှေနန်းတော်သို့ဝင်တော်မူသည်ကို ဝန်ထောက် မြို့သစ်မြို့စားနှင့် လွှတ်တော်အရာရှိတို့ ကြီးကြပ်နောက်တော်လိုက်ပါ ကြိုယူပြီးလျှင် မြေနန်းတော် လက်ဝဲလှေကားတော်က တက်တော်မူ၍ မှန်နန်းတော်အတွင်း စံတော်မူရန် ခင်းကျင်းထားသော နေရာတော်သို့ ရောက်ကာလ ဘကြီးတော်ပုဂံမင်းလည်း နေရာတော်တွင်စံတော်မမူဦးပဲ ညီတော်မင်းတရားကြီးအလောင်းတော်အနီးသွားရောက် တစိမ်းစိမ်းကြည့်ရှုတော်မူ၍ အလွန်ကြေကွဲတော်မူသည်။

သားတော် မင်းတရားလည်း မှန်နန်းတော်ဦးသို့ထွက်စံတော်မူပြီးလျှင် ခမည်းတော်မင်းတရားကြီးဘုရား အလောင်းတော်ကို ပန်းပေါက်ပေါက်တို့ဖြင့် နေ့စဉ်ပူဇော်တော်မူ၍ သကြီးတော်ပုဂံမင်းနှင့် ချေချေသာသာ မပြတ်ပြောဆိုလျှောက်ထား အတွေ့အမြင် ခံတော်မူသည်။

အလောင်းတော်ကို သင်္ဂြိုဟ်တော်မမူမီ ခုနစ်ရက်အတွင်းလည်း ခမည်းတော်မင်းတရားကြီးဘုရား အလောင်းတော် ခေါင်းရင်းတော် ဝဲယာတံဆိပ်တော်ရ ဆရာတော်သံဃာတော်တို့ကို အလှည့်ကျပင့်ဘိတ်သီတင်းသုံးတော်မူစေ၍ ပရိတ်တော်တရားတော်များကို မပြတ်နာတော်မူသည်။

ယင်းသည့်လဆန်း ဆယ်ရက်နေ့ ရွှေမြို့တော်မြောက်ပြင် ဒိဗဲယင်းသင်းအစုအိမ်တန်းနေ အမှုထမ်း ငထား၊ အမိ-မိထုံးတို့နေအိမ် အုဝ်ထားသောမီးက စွဲပြီ သုံးအိမ် ကျွမ်းလောင်ပြီးမှ စဲငြိမ်းသည်။ ပဟိုရ်စည်ခေါက်စည်များကိုလည်း ယင်းသည့်လဆန်းတဆဲ့သုံးရက်နေ့ နံနက်လေးချက်တီးကစ၍ တီးမြဲတီးစေရန် အမိန့်တော်မှတ်ရသည်။

ယင်းသည့်လဆန်း တဆဲ့နှစ်ရက်နေ့ နေတချက်တီးကျော် ငါးမောင်းအချိန် ခမည်းတော်ဘုရားအလောင်းတော်ကို မှန်နန်းတော် ရွှေမျက်နှာအလယ်သက္ကဒါန်လှေကားတော်က သက်ဆင်းရန်သံလျှင်းတော်အတွင်းခေါင်းတော်ကို ထည့်သွင်း ဆောင်းထီးဖြူတော် ရှစ်ချက် အုပ်မိုးပြီးလျှင်သံလျှင်းတော် ရွှေဖျား အလောင်းတော် ဦးခေါင်း ဦးတော်က ခင်းကျင်းသည့် မင်းခမ်းတော် ကျင်းထီးဖြူတော်ရှစ်ချက်, ဝိတ်ဗိတာန်တော်, တောာအခမ်းအနားပါ အသုံးအဆောင်တော်များကို စာတမ်းပါရှိသည့်အတိုင်း စီစဉ်ခင်းကျင်းရသည်။

အသျှင် ဘဝရှင် မင်းတရားကြီးဘုရားသည်း ဝတ်ဆင်တော်မူမြဲ ပြကတေ့အဝတ်အဆင်တော်ကို ဝတ်ဆင်တော်မူ၍ သံလျှင်းတော် လက်ယာနံပါးက စောင်မတော်မူပြီးလျှင် မှန်နန်းတော်လှေကားတော်က မြောက်ကို မှန်နန်းတော် နန်းမစနေ့အလယ်ခန်းမနှင့် အတည့်အတန်း လက်ဘက်ရည်ဆောင်တော် အလယ်ခန်းမရောက်၊ ၎င်းကမြောက်ကို အထက်ရှိရင်းနံရံခါးဖျက်ဖောက်ပြီး အုတ်နံရံပေါက်က မြောက်ကိုစမုတ်တော်ရောက်ဆောင်ယူရာ စမုတ်တော်ရောက် လိုက်ပါထွက်စံတော်မူပြီးမှ စံနေတော်မူရင်း အဆောင်တော်သို့ ပြန်လည်၍ဝင်တော်မူသည်။

ခမည်းတော်ဘုရား အလောင်းတော်ကို မှန်နန်းတော်က အစီအစဉ်အတိုင်း ချဆောင်ရာ သံလျှင်းတော် ရွှေ ရမျှားကို မင်းမိဖုရားသမီးတော် အိမ်ရှေ့မင်းသမီးတော် အပျိုတော်ကြီးတို့ ဆွဲယူရသည်။

သံလျှင်းတော် ဝဲယာမှာ သားတော်ကြီးတို့ကို သင့်ရာသိမ်းထားရသည်နှင့် နေရာနေမင်းသားလတ်, မြင်းမှူးမင်းသား, မဟာလေးဆယ်တော်တို့ ထမ်းဆောင်ကြရသည်၊ သံလျှင်းတော် နောက်မှာ ဆင်ဖြူမရှင်အသျှင်မိဖုရားကြီး, သမီးတော် မိုင်းနောင်စုဘုရား, မြတောင်စုဘုရား, ရမည်းသင်း စုဘုရား, သမီးတော်စလင်းစုဘုရား, ပြောင်းပြာစုဘုရား, မိုင်းကိုင်းစုဘုရား, မိုးမြိတ်မင်းသမီး, တောင်ဆောင်တော်မိဖုရားတို့ မြောက်စမုတ်လှေကားတော်က ကြွမလိုက်ပါ သက်ဆင်းရသည်။ လျှန်မိဖုရား

နှင့် သမီးတော်များမှာ မြောက်စမုတ်တော် အနောက် အဆောင်တော် လှေကားက ဆင်းသက်လိုက်ပါကြရသည်။

ခမည်းတော်ဘုရား အလောင်းတော်ကို အခမ်းအနား စာတမ်းပါရှိသည့်အတိုင်း လမ်းစဉ်တလျှောက် ဝဲယာခင်းကျင်းရန်, ရှေ့နောက် ဝဲယာ အစီအစဉ် ခင်းကျင်းရန် များနှင့် လောင်တိုက် အလုပ်အဆောင် အခမ်းအနား, အုတ်နန်းပြာသာဒ်တော် အခမ်းအနား, ထီးဖြူ, သံလျင်း, ဆိုင်း, စည်, အလောင်းစင်ခုံ, ဗိတာန်ကျင်း ဆင်တော်,ပြငေါါတော်မှ စ၍ စီစဉ် ခင်းကျင်းလိုက်ပါရန် ရှိသည်များကို အလုံးစုံ စီရင်ပြီးပြေ၍ အလောင်းတော် လောင်တိုက်သို့ ဆိုက်ရောက် ရှိကြောင်းနှင့် အတင်အလျှောက် စေလွှတ် ရှိခိုးသံတော်ဦးတင်လျှင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား မြဟ္မာမင်း အဆင်တန်ဆာနှင့် တူသော အလုံးစုံဖြူသော အရောင်အဝါ ထွန်းလင်းသော ငွေသားရတနာ မကိုဋ်တော်, ငွေချူ, ငွေကြယ်, ငွေပိန္နဲဘူး, ငွေချည်စသည်တို့ဖြင့် ပြီးသော အဆင်ဒုရင်တော်များကို ဆင်ယင်တော်မူလျက် တောင်စမုတ်တော်ရှေ့ ခင်းထားရှိသည့် ဝေါတော်တွင် ဝေါဦးစီး ခမည်းတော်ဘုရား သမီးတော် ဟင်္သာမြို့စားမင်းသမီး, မတ္တရာမြို့စားမင်းသမီး, တိုင်တားမြို့စားမင်းသမီး, ယင်းခဲမြို့စားမင်းသမီး လေးပါးခြံရံလျက် ထွက်စံတော်မူသည်။ ထွက်စံတော်မူရာ အတွင်းဝန် သံတော်ဆင့်တို့ သနားတော်မူရင်း ဆောင်းမားစွဲကိုင်လျက် ယပ်နှင့် လိုက်ပါရသည်။

ထွက်စံတော်မူ၍ တပ်တော်ဝဲယာလောင်တိုက် အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်သို့ ဆိုက်ရောက်လျှင် မြောက်သို့ မျက်နှာမူရင်း ဝေါတော်ကို အရှေ့သို့လှည့်၍ လောင်တိုက်တော် မျက်နှာမုတ်နှင့် ဝေါတော်တည့်လျှင် ဝေါတော်ရပ်နေ၍ အတွင်းဝန် ဝက်မစွတ်မြို့စားမင်းကြီးမင်းလှမဟာစည်သူ ဝေါတော်မြောက်ဖက်တွင် ဝေါရင်းသို့ကပ်ချဉ်း,မတ်ရပ်, မြောက်သို့မျက်နှာမူပြီးလျှင် အပါးတွင်တုပ်ပျပ်ခစားရှိနေသူ တင်းထိမ်ရံမှူးကို လူပျို-လူပျို-လူပျိုဟု သုံးခွန်းဆင့်ခေါ်မြဲ ခေါ်ရာ တင်းထိမ်ရံမှူးချဉ်းကပ်လာရောက်ရှိလျှင် နာခံတော်,ခေါ်တော်-ဟူသော စကားခွန်းကို အတွင်းဝန် ဝက်မစွတ်မြို့စား မင်းကြီး မင်းလှမဟာစည်သူ ဆို၍ တင်းထိမ်ရံမှူးနောက်သို့ လက်ရှက်သွားပြီးမှ လောင်တိုက်မုတ်ပြင်ကသည် အလယ် လောင်တိုက် ကျောက်စီတလားအနီးသို့ချဉ်းကပ် ဝေါတော်ရှိရာ မျက်နှာမူ၍ နားဒွောင်းဖြူ, မောင်းဖြူ ဆင်ယင်ဝတ်စားလျက်

ကတ္တီပါကွပ် လံဘီတင်သင်ဖြူးထက် ပုဆစ်တုပ်ပျပ်နေသူ နာခံတော်ကို ခေါ်တော်ဟူသော ခေါ်မြစကား သုံးခွန်းကိုခေါ်ရာ အသွားအပြန် ဟန်လှန်နှင့် နာခံတော်လာရောက် လောင်တိုက်မုတ်အတွင်းက ပုဆစ်တုပ် ပျပ်နေရာ ခမည်းတော်မင်းတရားကြီး အလောင်းတော်ကို အုတ်နန်းပြာ သာဒ်သို့ ငြိမ်သက်စွာသွင်းစေ၊ ပူဇော်တော်ပွဲများကိုလည်း ပူဇော်စေ- မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော်တို့ လိုက်ပါပူဇော်ကြစေ- အထက်မှတ်ပြီး အမိန့်တော်ကို အတွင်းဝန် ဝက်မစွတ်မြို့စားက နာခံ တော်သို့ပြန်ရာ နာခံတော်က ရှိခိုးသံတော်ဦးတင်ပြီဘုရား လျှော်ထား၊ လောင်တိုက်တလားတော်ရှိရာ နောက်ပြန်ဟန်လှန်နှင့် ဆုတ်သွား၊ ခင်း ထားရင်းနေရာသို့ဆိုက်ရောက်၊ ဦးသုံးကြိမ်ခိုက်၍ အမိန့်တော်ကို ဖတ်ပြီး လျှင် ဝေါ်တော်လှည့်၍ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ဝင်တော် မူသည်။

တောင်စမုတ်တော်သို့ဆိုက်ရောက်လျှင် ရေစက်တော်သွန်း ပြာသာဒ် တွင် စံတော်မူ၍ တရော်ရည်ရေကြည်ရေမွှေးတို့ဖြင့် ပြင်ဆင်အသင့်ရှိသည့် အတိုင်း မကိုဋ်ဒုရင်တော်များ လဲလှယ်တော်မူပြီးလျှင် နေ့ကျော်သား ဝဲယာ တရော်ရည်သွန်းလောင်း၍ ဆံတော်ဖျားခန့် သကြြန်ခေါ်တော်မူ ပြီးလျှင် ခြေသည်း လက်သည်းတော်များကို သန့်ရှင်းတော်မူ၍ ရွှေနန်း ဆောင်တော်သို့ ဝင်တော်မူသည်။ ယင်းသည့် ညဉ့်နှစ်ချက်တီးကျော် သုံးမောင်းခန့်အချိန် တော်လည်း၍ လျှင်လှုပ်သည်။

မင်းမိဖုရား မင်းညီခင်းသား မှူးတော်မတ်တော်တို့လည်း ပူဇော်တော် ပွဲ ပန်းပေါက်ပေါက်စသည်တို့ဖြင့် ပူဇော်ကြသည်။ မယ်တော်ဆင်ဖြူမရှင် အသျှင်မိဖုရားကြီးလည်း အလောင်းတော်ကို အုတ်နန်း ပြာသာဒ်တော် တွင်းသို့သွင်းရာ ပူဇော်ကန်တော့ပြီးလျှင် ကိုယ်တော်တိုင် ကြပ်မကြည့်ရှု သွင်းနှံ့ သဂြိုဟ်တော်မူသည်။

အလောင်းတော်ကို လိုက်ပို့ကြရသော မိဖုရား,မင်းသမီး,အပျိုတော် တို့ အဆောင်တော်သို့ ပြန်ရောက်ကြပြီးနောက် သမီးတော် စလင်းမြို့ စား တပင်တိုင်စံ သုသီရိမြတ်စွာရတနာဒေဝီသည် ဆံတော်ပယ်ပြီးလျှင် သီလသည်အဝတ်ကို လဲတော်မူသည်။ အပျိုတော် ကျောက်တာရွာစား, သာစည်ရွာစား, သရက်တောရွာစားတို့ သုံးဦးလည်း ဆံချပြီးလျှင် သီလသည်အဝတ် လဲကြသည်။ စလင်းစုဘုရားကို ဆံတော်ချပေးမှုနှင့်

သီလသည်အဝတ်လဲသူ အပျိုတော် သုံးဦးကိုလည်း ခြေကျဉ်းစွဲရိုက်၍ အနောက်ထောင်မှာထားသည်။

### ပဟိုရ်စဉ် တီးခြင်း၊ ကန္နီမင်းသမီးကို ချုပ်ထားခြင်း ဆရာတော်များ ရှေတော်ဝင်ခြင်းစသည်များ

ယင်းသည့်လဆန်းတဆဲ့သုံးရက်နေ့နံနက်လေးချက်တီးကစ၍ အထက် အမိန့်တော်မြွက်ရင်းအတိုင်း ပဟိုရ်စည်တော်, ခေါတ်စည်တော်များကို တီးရသည်။

ယင်းသည့်နေ့ မြောက်ဆောင်တော် မိဖုရားဟောင်းသမီး-ကန္နီမင်း သမီးကို အထက်ဘထွေးတော်အိမ်ရှေ့မင်းသားပန်းထိမ်းစားဟောင်းနှင့် ထိမ်းမြားလက်ထပ်ရာတွင်မြင်သည့် အသက်တဆဲ့လေးနှစ်ရွယ် နဂါးဘို ရွာစားမင်းသားငယ်ကို အမိဖြစ်သူ ကန္နီမြို့စားဟောင်းက အကြံအစည် ပေး၍ အလိုရှိရာအရပ်များသို့တိတ်တဆိတ်စေလွှတ်ထွက်သွားစေသည်နှင့် ၎င်းနဂါးဘိုရွာစား မင်းသားကို စစ်ဆေးမေးမြန်းမရရှိ၍ အမိ ကန္နီမြို့စား ဟောင်း မင်းသမီးကို ရွှေနန်းတော်အတွင်း အနောက်ဝန်းကျင်မြို့ရိုး အကြားအိမ်တွင် ခြေကျဉ်းစွဲရိုက် ချုပ်ထားရသည်။

ယင်းသည့်လဆန်း တဆဲ့ငါးရက်နေ့ ရွှေနန်းတော်ဦး မြေနန်း ပြာ သာဒ်တော် သီဟာသန ရာဇပလ္လင်တော်ရှေ့တွင် အထက် ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရားလက်ထက် တလလျှင်သုံးကြိမ် အလှည့်ကျ သင်္ဂါယနာတင် သာသနာဝင်ကျမ်းများကို ပြန်ဆိုမြဲ တံဆိပ် ရ ဆရာတော် သံဃာတော်တို့ စာပြန်အခမ်းအနားသို့ မင်းညီမင်းသား ဝန်ကြီး အတွင်းဝန် မှူးတော်မတ်တော် အရာရှိတို့ မပြတ်ဝင်ထွက်စာနာ ကြရသည်။

ယင်းသည့်နေ့က နောက် ဆက်လက်ပြန်ဆိုရန်ရှိသည်များမှာ တိုင်း ခရိုင် နိုင်ငံတော်အလုံးကို အုပ်ချုပ်စိုးစံတော်မူသည့် အရာ မကြာမမြင့် သေးဖြစ်သည်နှင့် တိုင်းခရိုင် နိုင်ငံတော်အတွင်း သာသနာတော်ရေး, တိုင်းရေးပြည်ရေး စီရင်ခင်းစီရင်ဘွယ်မှုခင်းကိစ္စကျယ်ဝန်းများပြားစွာ ရှိ သည်ဖြစ်၍ ထပ်မံအပြန်အဆို မရှိစေရ-ရပ်သိမ်းတော်မူသည်။

ယင်းသည့်နေ့ ပရဇ္ဇမဆရာတော်, စံကျောင်းဆရာတော်, မဏ္ဍလာ ရာမဆရာတော်, တောင်တော် ဆရာတော်, လှထွေဆရာတော်, ဝိစိတ္တာ

ရာမ ဆရာတော်တို့ ရွှေနန်းတော်သို့ဝင်ရောက်၊ တောင်နန်းတော်တွင် သီတင်းသုံးနေတော်မူပြီးလျှင် သာသနဒါယကာ ရေမြေရှင်တရားမင်းမြတ်မှာ မြတ်စွာဘုရားသာသနာတော် အမွန်ရှည်စွာ စည်ပင်ပွင့်လင်းသဖြင့် တိုင်းနေပြည်သူ ရှင် လူ သတ္တဝါအပေါင်းတို့ တရားမင်းမြတ်ရွှေဘုန်းတော်ရိပ်ကို ငြိမ်ဝပ်ချမ်းသာစွာ ခိုလှုံနေထိုင်စေရန်များကို ကြောင့်ကြမဲ့မဖြစ်စေဘဲမပြတ်အားထုတ်ချီးမြှင့်ရွက်ဆောင်တော်မူရန်အကြောင်းများနှင့် ဆရာတော်တို့ အသီးအသီး ပြောဟောဆုံးမတော် မူသည်ကို သဝရှင်မင်းတရားလည်း အလုံးစုံလျှောက်ထားခွင့်သင့်ရာ ဆရာတော်တို့အား ချေချေသာသာ ပြန်လှန်လျှောက်ထားတော်မူ၍ ဆုံးမတော်မူသည်များကို နာခံတော်မူပြီးလျှင် ယင်းသည့်နေ့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အဋ္ဌင်္ဂသီလကို ခံယူတော်မူသည်။

ယင်းသည့်လပြည့်ကျော် တရက်နေ့ ဝါကျွတ်ကန်တော့ခံတော်မူရန် အခမ်းအနားမှာ တိုင်းရေးပြည်မှု များပြားသည့်အခါဖြစ်၍ ကန်တော့ခံတော်မမူ၊ ဝင်းတော်လေးမျက်နှာ ရုပ်စုံများကို အတီးအမှုတ်အကာအခုန်မရှိစေရ ဆင်ယာဉ်, မြင်းယာဉ်, လှေယာဉ်, ရွှေဆင်, သင်းဘော,တိုက်ကျိုကြြ, မီးမျိုးစုံ အလှူတော်များကို ရွှေတော်သို့သွင်းပြ၊ တောင်စမုတ်တော် ရေစက်သွန်း နန်းပြာသာဒ်တော်သို့ ထွက်တော်မူ၍ စည်ဆိုင်းအတီးအကမှာ ရွှေတော်ပြေးစည်မျှသာ တီးရွှမ်းစေပြီးလျှင် ရေစက်သွန်းတော်မူသည်။

ယင်းသည့်နေ့ ရွှေနန်းတော် အနောက်အတွင်းတော်ရှိ မင်းမိဖုရားတို့မှာ ခမည်းတော် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်တော်ပေးဘွဲ့သနားတော်မူသည့် လက်ရှိမင်းခမ်းမင်းနား အသုံးအဆောင် ရွှေ ငွေ စိန် ကျောက် အကွင်းအချည် အထည်အလိပ်များ အနက် မင်းခမ်းမင်းနား မပါမဝင်သည့် ရွှေ ငွေ စိန် ကျောက် များပြင် ကျွန်ရွှေနန်းစဉ်ဆက် မင်းခမ်းမင်းနားနှင့် စပ်ဆိုင်သမျှ ရွှေ ငွေ စိန် ကျောက် အကွင်းအချည်များကို မြဲတိုက်အရာရှိ, ရွှေတိုက်အရာရှိ, နောက်-ရုံးအရာရှိတို့ စုံညီခမ်းမြန်း စာရင်းမှတ်သား စုသိမ်းတောင်းခံပြီးလျှင် တောင်းခံရမင်းခမ်းခင်းနားနှင့် စပ်လျဉ်းသည့် ရွှေငွေစိန်ကျောက် အကွင်းအချည် အထည်အသိပ်များကို အမှတ်အသား အင်းစာရင်း အသေအချာနှင့် အရာရှိစုံညီ ဆက်သွင်းရသည်၊ စိန်တုံးမိဖုရားမှာ ၎င်းသဏ္ဍာတော်များကို စာရင်းစစ်သိမ်းသည့်နေ့ မင်းခမ်းမင်းနားနှင့်ဆိုင်သည့် ရွှေငွေစိန်ကျော်

အကွင်းအချည်များကို ကုန်စင်အောင် မပေးမအပ်ရှိနေ၍ ပေးအပ်ရမည့်အကြောင်းနှင့် ထပ်မံတောင်းဆိုရသည်။

ယင်းသည့် လပြည့်ကျော် တရက်နေ့ ဝန်ကြီး, အတွင်းဝန်မှ စ၍ အသီးအသီး ရာထူးဌာနန္တရနှင့် ခန့်ထား သူကောင်းပြုတော် မူသည့် နေရာနေ-နေရာမနေ စော်ဘွားမြို့စား, မှူးတော်မတ်တော်, ဝန်စုမှူးစု, မြို့ဝန်, စစ်ကဲ, စုရေးစုကိုင်, သူဌေးသူကြွယ်တို့ကို အစဉ်သစ္စာတော်ရေ ပေးမြဲအတိုင်း သစ္စာတော်ပေးရန် ရှိသည်ကို ရေမြွေအသျှင် ဘဝရှင် မင်းတရားကြီးဘုရား မြေနန်းတော်သို့ ထွက်စံတော်မူ၍ ရွှေတော်တွင် သစ္စာတော်တိုက်ရသည်။

ယင်းသည့်နေ့ပင် တိုင်းနိုင်ငံပြည်ရွာသာယာစည်ပင်ခြင်း၏အကြောင်း ဖြစ်သောအပရိဟာနိယတရားကိုမှီ၍ တိုင်းရေးပြည်ရေး သာသနာတော် ရေးများကို အစုံအညီတိုင်ပင်ဆွေးနွေး ညီညွတ်ပြောဆိုစေရန် ဝန်ကြီး, အတွင်းဝန်, ဝင်းမှူး, မြို့ဝန်,ဝန်ထောက်မှစ၍ မှူးတော်မတ်တော် အရာရှိ ခြောက်ဆယ်ကျော်တို့ကို ရွှေနန်းတော်ဦး ဘုရားဆောင်တော်တွင် တကြိမ်ထပ်၍ သစ္စာတော်ပေးရ၏။ အထက် မှူးတော်မတ်တော်အရာရှိတို့ကို သစ္စာတော်တိုက်ရာမပါကျန်မှူးမတ်အရာရှိတို့ကို ယင်းသည့်လပြည့်ကျော် နှစ်ရက်နေ့ သုံးရက်နေ့များတွင် မှူးတော်မတ်တော် အရာရှိတို့ ကြည့်ရှု ကြီးကြပ် တိုက်ရသည်။

ယင်းသည့်ညှ ရှို့လွှတ်မြဲ မီးမျိုးစုံများကိုလည်း မဟာလောကမာရဇိန် ဘုရားမှာ ရှို့လွှတ်ထွန်းပြောင်ပူဇော်ရသည်။

ယင်းသည့် သီတင်းကျွတ် လပြည့်ကျော်နှစ်ရက်နေ့ နံနက် ညီလာ သဘင်တော်တွင် တကျွန်းတနိုင်ငံက ရွှေဘုန်းတော်ရိပ်ကိုခိုလှုံလာသူ ဘင်္ဂလားမြို့နေ ဟိန္ဒူလူမျိုး နိရဥ္စနမုခဂျီပဟာဒိုက ရေပန်းပင်တစ်၊ ဖန်ပဒေသာပင်ရေ နှစ်၊ ရွှေရိုးတပ် ကုလားကိုင် ဓားစင်းရေ နှစ်၊ ကြေးရေကို လုပ်သည့် စစ်ဆောင်ဗိုင်း တစ်၊ စာမရီသားမြီးယပ် စင်းရေ နှစ်၊ ၎င်းလူမျိုးသူဌေး ဂေါ်ဝိမောဟနစတူရိယက ရွှေသားကွပ်လက်ယာရစ်ခရုသင်း တစ်၊ စက်သော့ပေး စာဌက်ကောင်ရေနှစ်,ထည့်သည့် ရွှေအိမ်တစ်။

မဟာဝိဟိကတိုင်း ရခိုင်လေးမြို့အဝင် ရမ္မာဝတီမြို့နေ ရခိုင်လူမျိုး သေချို, သောထွန်း, ရွှေဦး, အောင်ကြီ, တောတေတို့နှင့် လူ တဆဲ့ရှစ်ဦး တို့က ငါးလက်ခွာ၊ ဒူးရင်းယို၊ စွန်ပလွံယို၊ ပျားဖယောင်းတိုင် နှစ်ထောင့်

ကိုးရာ၊သင်္ကန်းနက် ခြောက်ထောင်၊ သင်္ကန်းနက်စိပ်ပုတီးကုံးရေ ငါးထောင့် ငါးရာ၊ ရေမွှေးပုလင်းလုံးရေ နှစ်ဆဲ့လေး၊ နံ့သာဆီပုလင်းလုံးရေတဆယ်၊ ၎င်းမြို့နေ ငမြတ်ကြွမ်း, ငပန်းလှ, ငမွှေး, ငထွန်းဖြူတို့က သေမွှေရာ, လေခေါင်းအုံး,ဘိလပ်ပန်းစုံ တဆဲ့လေးမျိုးခိုင်ရေငါးဆယ်၊ နံ့သာပုလင်း လုံးရေ ခြောက်ဆယ်၊ ပြဒါးလုံးရေ တဆဲ့ရှစ်များကို ဆက်သသည်ကို အဆက်အသ အဖူးအမြော် ခံတော်မူသည်။

ယင်းသည့်လပြည့်ကျော် နှစ်ရက်နေ့ သာသနာပြု, တိုင်းပြု, ပြည်ပြု ရှေးမင်းကောင်းမင်းမြတ်တို့သည် သာသနာတိုင်းပြည် ပွားစည်တိုးတက် ကြောင်း ဖြစ်သော သင်္ဂဟတရားလေးပါး, ရိပုံဇယတရား လေးပါး, အပရိဟာနိယတရား ခုနစ်ပါးစသော ကျင့်ဝတ်တရားတို့ကို ကျင့်ဆောင် တော်မူလျက် သာသနာတော်ကျိုး, တိုင်းကျိုး, ပြည်ကျိုးများကို ရွက် ဆောင်တော်မူကြကုန်သည်၊ ငါအရှင်ဧကရာဇ်မင်းမြတ်သည်လည်း သာ သနာပြု-တိုင်းပြု ပြည်ပြုမင်း ဖြစ်တော်မူသည်နှင့်အညီ ဆယ်ဘို့တဘို့ကို မလွန်စေမူ၍ ပြည်သူတို့ အခွန်အတုတ်ကို ခံခြင်း၊ ဗိုလ်ပါရဲမက်တို့အား မျိုးရိက္ခာပေးခြင်းစသောသင်္ဂဟတရားပြည့်စုံခြင်းကြောင့် မြို့ရွာတိုင်းပြည် ပွားစည်တိုးတက်စေသော မဟာသမ္မတစသောမင်းတို့ထုံးနှုန်း။ နှိမ့်ချ ချီး မြှောက်ခြင်း-နိဂ္ဂဟပဂ္ဂဟစသော မင်းရေးမင်းရာတို့၌ မချွတ်မြဲမြဲ မှန်ကန် စွာ ပြဋ္ဌာန်းပြောဆိုခြင်းစသော ရိပုံဇယတရားပြည့်စုံခြင်းကြောင့် ရန်သူ ကို အောင်မြင်နိုင်သော အလောင်းတော် ဝါနရိန္ဒမျောက်မင်းထုံးနှုန်း။ အစဉ်မပြတ် စည်းဝေးတိုင်ပင်ခြင်း၊ မည်သည့်အမှုမဆို အညီအညွတ်ပြု ခြင်းစသော အပရိဟာနိယတရားပြည့်စုံခြင်းကြောင့် သုံးကြိမ်ချွတ်ွင် ပွား စည်ပင်သော ဝေသာလီပြည် လိစ္ဆဝီမင်းတို့ ထုံးနှုန်းစသော ကျင့်ဝတ် ရာဇဓံ ပုံစံဥပဒေများကို အထူးသဖြင့် ရွှေနှလုံးတော်သွင်း ရိုးရင်းတော် မူသည်ဖြစ်၍ သာသနာတော်မှု တိုင်းရေးပြည်မှု စီရင်ခင်း စီရင်ဘွယ် နတ်ပယ် ခန့်ထား ဆင့်ဆိုပြင်ဆင်ပြုလုပ်ရန် ရှိသည်များကို သင်္ဂဟ, ရိပုံ ဇယ, အပရိဟာနိယများနှင့် တပြေးညီစွာ ငါအရှင်ဧကရာဇ်မင်းမြတ်နှင့် တကွ ငါ၏သစ္စာတော်ကို နှစ်ကြိမ်မြောက် ခံသောက်ထမ်းရွက်ကြသည့် အရာရှိ မှူးမတ်အစည်းအဝေးဝင်သူတို့ ညှိနှိုင်းပြောဆို ဥပဒေပြဋ္ဌာန်းဝိုင်း ခြားထားမည်ဖြစ်သည်။ စုံညီ ညှိနှိုင်းပြောဆိုရ ဥပဒေများကို ငါအရှင် ဧကရာဇ်မင်းမြတ်နှင့်တကွ အရာရှိ မှူးမတ် အစည်းအဝေးလူတို့က အပျက် အယွင်း မရှိရအောင် စောင့်ရှောက်ကြစေ-ပြဋ္ဌာန်း ဝိုင်းခြားထားသည့်

ဥပဒေလည်း သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဖွန့်ရှည်စွာ သာသနာတော်ကျိုး, တိုင်းကျိုး, ပြည်ကျိုး တိုးတက်ပွား များရန် အကြောင်းဖြစ်သည်။ ညှိနှိုင်းပြောဆို ပြဋ္ဌာန်းပိုင်းခြားထားမည့် ဥပဒေအတိုင်း အမြဲတည်စေ-ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။

အစည်းအဝေးဝင် မှူးတော်မတ်တော်တို့လည်း တိုင်းရေးပြည်မှုစီရင် ခင်းစီရင်ဘွယ်များကို ကိုယ်ကျိုးကိုယ်စီးပွားကို ငဲ့ကွက်ခြင်းမရှိ၊ သန္တိပါတ သမဂ္ဂဟူသော အစည်းအဝေး မြဲမြံခိုင်ခံ့အောင် ဥပဒေစည်းကမ်းထား၍ တောင်ဥယျာဉ်တော်အတွင်း စံနန်းတော်ကို အစည်းအဝေးရုံ ပြုလုပ်ပြီး လျှင် နေ့စဉ် ဝင်ရောက်ညှိနှိုင်း စည်းဝေးရသည်။

### ရန်အောင်မြင်ဝန်ထောက်က လုံဆက်ခြင်း-စသည်များနှင့် မယ်တော်နှင့် ဆင်ဖြူမရှင်ဘုရားတို့ကို မြှိုပေးခြင်း

ယင်းသည့်နေ့ ဝန်ထောက်ရန်အောင်မြင် မြို့စား မင်းကြီးမဟာမင်းလှ မင်းခေါင်ရာဇာက အောင်းလုံစင်းရေ တဆယ်၊ ယွန်းသေတ္တာ လုံးရေ တဆယ်၊ မြစိမ်းခေါ် ကွမ်းအစ်တစ်များကို ဆက်သည်။

ယင်းသည့်နေ့ မင်္ဂလာအိမ်တော် စံတော်မူစဉ် အသီးအသီးဝင်ရောက် ထမ်းရွက်ကြသည့် အိမ်တော်ပါ ရောင်းရင်းတော်ဘက် ကျွန်တော်မျိုး လူသုံးဆယ်တို့တွင် အကြီးတော်ငပုလေးကို အနောက်ဝန်၊အကြီးစာရေး ငလူကလေးကို တံခါးနီမှူး၊ ငကျားကြီးကို တောင်မာရဘင်သေနတ်မိုလ်၊ ဘိုးတော်မိုလ်မှူးမင်းသား အကြီးစာရေး ငဘိုးရစ်ကို လက်ဘက်ရည် တော်၊ တပယ်မြို့စား ငအောင်မြတ်, ငဖူးတို့ကို မြဲတိုက်သံဆင့်၊ ငညွန့်ကို ရွှေတိုက်စိုး၊ ငရွှေတောင်ကို ရွှေတိုက်ကြပ်၊ ငဘိုးသက်-တေရှုပ်ဖြူတို့ကို စားတော်ကွမ်းရေကိုင်၊ ငထွန်းဖြူ,ငအောင်သာ,ငလောအောင်, ငထွန်း ပေါ်, သောကြွယ်တို့ကို လက်သုံးတော်ကိုင်၊ ငမိုး,ငလှိုင်တို့ကို လက်စွဲ ကြီး၊ ငထွန်းကို ရွှေခေါးစွဲမိုလ်၊ ငဝင်း,ငမောင်, ငရန်အောင်, ငဘိုးစံ တို့ကို လက်ဘက်ရည်တော်၊ ငဘိုးကြွယ်, ငထွန်း, ငထွန်းအောင်, ငဘိုး လှ, ငဘိုးခိုင်တို့ကို ဘိနပ်တော် ခန့်ထား ထမ်းရွက်စေသည်။

ယင်းသည့်လပြည့်ကျော်သုံးရက်နေ့ နံနက်ညီလာခံ ထွက်တော်မူရာ ရခိုင်တိုင်း ရမ္ဗာဝတီမြို့နေ ငမြတ်ကြမ်း, ငပန်းလှ, ငမွေး, ငထွန်းဖြူတို့က

လေမွှေရာ၊ လေခေါင်းအုံး၊ ဘိလပ်ပန်းစုံ တဆဲလေးမျိုး ခိုင်ရေငါးရာ၊ နှံ့သာပုလင်းခြောက်ဆယ်၊ ပြဒါးလုံးရေ တဆဲ့ရှစ်များ ဆက်သသည်ကို အဆက်အသ ခံတော်မူသည်။

ယင်းသည့်နေ့ မြေနန်းတော်တွင် အထက်သစ္စာတော် ပေးရာ-မပါ ကျန် မှူးတော်မတ်တော်တို့ကို အမိန့်တော်မြတ်ခံ၍ ကြီးကြပ်ကြည့်ရှုသစ္စာ တော်ပေးမြဲ ပေးရသည်။

ယင်းသည့်နေ့ ခမည်းတော် မင်းတရားကြီးဘုရား စံတော်မူရင်းမှန် နန်းတော်မြောက် ရွှေနန်းတော်ကို ကျောင်းဆောက်ရန် ဖျက်သိမ်းရ သည်။

ယင်းသည့် လပြည့်ကျော်လေးရက်နေ့ နံနက်ညီလာသဘင်တော်တွင် နိုင်ငံတော်ရွှေမျက်နှာ လူးလူမျိုးတို့နေရာ ဇောတိနဂရ တိုင်းအလုံးကို ဘွားစားစိုးအုပ်ရသော ကျိန်းရုံးကြီးသေဉ်ဝိဘွား-သား ရွှေစက်တော် ရင်းမှာ မြဲစွဲထမ်းရွက်နေထိုင်သူ ခွန်သာကို အရိုးအမျိုးမှန်သည့်အတိုင်း ဇောတိနဂရတိုင်းအလုံးကို အဘ စော်ဘွားကြီးနည်း မင်းမြောက်တန် ဆာငါးပါးနှင့်တကွ သေဉ်ဝိဘွားအရာ ခန့်ထား သူကောင်း ပြုတော်မူ သည်။

ခမည်းတော်မင်းတရားကြီးဘုရား အလောင်းတော်ကို အုတ်နန်းပြာ သာဒ်သွင်းသည့်နောက် တရက်ကစ၍ ခုနစ်ရက်တိုင် မှူးတော်မတ်တော် အရာရှိသုံးဆယ်တို့က တဦးလျှင် သပိတ်ဆယ်လုံးကျ သပိတ်လုံးရေသုံးရာ ကိုနေ့စဉ်ချက်ပြုတ်ဆက်သွင်း၍ ဆရာတော် သံဃာတော်တို့ကို ပင့်ဘိတ် ပရိတ်တော်တရားတော်များကို ရွတ်မွန်းနာခံ နေ့စဉ် လှူဒါန်းရသည်။

သပိတ်, ပန်းကန်လုံးရေလေး, ကြေးဝါသပိတ်ဖုံး, လက်ကိုင်ပုဝါ, စိပ် ပုတီး, ဆွမ်းဆန်, ဟင်းလျာလေးခွက်ဘိုးငွေများကို အတွင်းတော်ကထုတ် ပေးသည်။ ယင်းသည့်နေ့ ခုနစ်ရက်လည်သည်။ ယင်းသည့်နေ့ ခမည်း တော် မင်းတရားကြီးဘုရား ရုပ်တုတော်ကို ရွှေတိုက်တော်တွင်စ၍ မြေပုံ လုပ်ရသည်။ နတ်မောက်မင်းသား-သား ရက်ကန်းတော်အုပ် မင်းသား မင်းရဲကျော်ခေါင်, သံတော်ဆင့်ပန်းတဉ်းဝန် မင်းလှစည်သူကျော်တို့ ကြီးကြပ်လုပ်ဆောင်ရသည်။

ယင်းသည့် လပြည့်ကျော်ခြောက်ရက်နေ့ သာသနာတော်မြတ်သုံးပါး ၏အရင်းမူလဘူတ ပရိယတ္တိ သာသနာတော်ဖြစ်သော ပိဋကတ်တော် များကို အထူးသဖြင့် ပြန့်ပွားအောင် ရွှေစာ, မင်စာ, ကညစ်ရေး စာ

များကို ဘ၀ရှင်မင်းတရားကြီးဘုရား အမိန့်တော်မြတ်အရ ရေးသားရသည်။

ယင်းသည့် လပြည့်ကျော်ခုနစ်ရက်နေ့ စိန်တုံးမိဖုရားဟောင်းမှာ သိမ်းဆည်းထားသည့် အကွင်းအချည် အထည်အလိပ်များကို ကုန်စင်အောင် မပေးမအပ်ရှိ၍ ရွှေနန်းတော်ပြင်သို့ မထွက်မသွားစေရ၊ ဝန်းကျင်မြို့ရိုးကြားတွင် အနောက်ဝန်တို့ကိုအပ်၍ အကျဉ်းချုပ်ထားရသည်။

ယင်းသည့် လပြည့်ကျော်ကိုးရက်နေ့ ကျိုင်းရုံးကြီးသေဉ်ဝိဘွား ခွန်သာကို ဇောတိနဂရမဟာဝံသသီရိပဝရ သုဓမ္မရာဇာဘွဲ့-သနားတော်မူသည်။ ဘွဲ့ကို သစ်သားကလပ်တွင်တင်၍ ဆံတော်ဆင့်က ဖတ်လျှောက်ပေးအပ်ရသည်။

ယင်းသည့် လပြည့်ကျော်ဆယ်ရက်နေ့ နံနက် ညီလာသဘင်တော်တွင် အထက်ရွှေတော်သို့ ဝင်ရောက်ဖူးမြော်သူ ဘင်္ဂလားမြို့နေ ဟိန္ဒူလူမျိုး နိရဥ္စနမုခ ဂျိပဟာဒို့, ဂေါ်ဝိမောဟနစတူရိယတို့ကို အဘိုးငွေသပြာနှစ်ရာတန် ပတ္တမြားတင်လက်စွပ်တစ်၊ အဘိုးငွေသပြာ တရာ့ငါးဆယ်တန် ပတ္တမြားတင်တက်စွပ်တစ်၊ အချိန် ရွှေသပြာတဆယ်ခုတ် ရွှေဖလားလုံးရေ နှစ်၊ လွန်းမျှားပုဆိုးထည်ရေ သုံး၊ ကြိုးသေးပုဆိုးတစ်၊ သားမွေးအင်္ကျီတစ်၊ ဝိုးဘလာပုဆိုးထည်ရေ တဆဲ့ရှစ်၊ ငွေ ကျပ်သုံးဒင်္ဂါးပြားရေ ရှစ်ရာ့ခြောက်ဆယ် သနားတော်မူသည်။

ယင်းသည့်နေ့ မယ်တော်အိမ်ဖြူရှင် အသျှင် မိဖုရားကို အမြင့်မြို့စိရင်စု ချောင်းဦးဆယ်ရွာနှင့် နန်းခန်းပင်းခန်းမြို့များကို ထီးမိုးယဉ်ခံ,ချောင်းဦးဆယ်ရွာရှိ ဘိုးတော်ဘုရားက ဆင်းသက်ပိုင်ဆိုင်သည့် လယ်တော်ယာတော်နှင့် စလင်းမြို့ တလုပ်မြို့များကို အသုံးကံကျွေးခံ ပေးတော်မူသည်။

မယ်ခတော်ဘုရား အထိန်းတော်သား ကျွန်တော်မျိုးသေနှံရှင်း, ကျွန်တော်မျိုး ငမောင်ကြီး, ငပြောင်, ဘေတို့ကို မယ်တော်ဘုရား စာရေးကြီး၊ ကျွန်တော်မျိုး ဘေိုး,ငကြီးတို့ကို ကွမ်းရေခေါင်း ခန့်တော်မူသည်။ စာရေးကြီး လေး၊ ကွမ်းရေခေါင်းနှစ်၊ ကွမ်းရေတော် ခုနစ်ဆယ်၊ ကျွန်တော်မျိုး ယောကျ်ားငါးရာ၊ ကျွန်တော်မျိုး မိန်းမလေးရာတို့သည် ဝဲလှည့်ယာလှည့် ခွဲဝေ၍ နေ့ညဥ့်မပြတ် အရှေ့အနောက် ဝင်ထွက်ခစားကြရသည်။

အစ်မတော် မိုင်းကိုင်းစားဘုရားကို မိုင်းကိုင်းမြို့ကို ထီးမိုးယဉ်ခံ၊ ပုခန်းကြီးမြို့ကို မြို့စား၊ နှမတော်ပြောင်းပြာစားဘုရားကို ပြောင်းပြာမြို့ကို ထီးမိုးယဉ်ခံ၊ မိတ္ထီလာမြို့ကို မြို့စားသနားတော်မူသည်။

ယင်းသည့် လပြည့်ကျော် တဆဲ့တရက်နေ့ ဆင်ဖြူမရှင် အသျှင်မိဖုရားကြီးကို အမြင့်လေးမြို့ကို ထီးမိုးယဉ်ခံ၊ ဗန်းမော်မြို့၊ ဝန်းသိုမြို့များကိုအသုံးကံကျေးခံ ပေးတော်မူသည်။

ယင်းသည့်နေ့ မင်္ဂလာအိမ်တော်ပါ ခမည်းကော်မင်းတရားကြီးဘုရားသနားတော်မူသည့် ကြိမ်ဂနိုင်ဆင်တော်ကို ဆင်ဝန်ထောက် လက္ခဏာဖတ်တို့နှင့် စိတ်ဖြာကြည့်ရှုရာ ဘုန်းတော်ကြီးသော ကောရာဇ်မင်းမြတ်တို့သာ ရွှေစက်တင်ထိုက်သော ရတနာသိမ်း ဆင်တော်ဖြစ်ကြောင်းနှင့် လျှောက်ထားကြ၏။

### ဆရာတော်များ ရွှေတော်ဝင်ခြင်း၊ ဥပုသ်တော်ယူခြင်း-စသည်နှင့် ခမည်းတော် ဝတ်လဲတော်ကို မဲဆင်းတုထုလုပ်ခြင်း

ယင်းသည့်လပြည့်ကျော် တဆဲ့သုံးရက်နေ့ ပရက္ကမဆရာတော်၊ တောင်တော်ဆရာတော်၊ ပုခန်းဆရာတော်၊ ဆရာတော်ဦးစန္ဒလက်ာ၊ ဦးလက္ခဏ၊ ငါးစိုးတိုက် ဦးအာစာရရန္တ၊ ဦးဉာဏိန္ဒ၊ ရမည်းသင်း ဆရာတော်၊ မြတောင်ဆရာတော်၊ တကောင်းဆရာတော်၊ မဏ္ဍလာရာမ ဆရာတော်၊ မိုးထိဆရာတော်၊ ငါးကျမ်းဆရာတော်၊ ဆူးကားဆရာတော်၊ မြောက်စလင်းတိုက်ဆရာတော်၊ ရွှေကျင်တိုက်အုပ်ဆရာတော်၊ ဆရာတော်ဦးဉာဏဝံသ၊ ဦးပဏ္ဍိ၊ မင်းခင်းဆရာတော်တို့ကို မှန်နန်းတော်သို့ ပင့်တော်မူ၍ ထွက်စံတော်မူပြီးလျှင် နံနက် ဆွမ်း၊ အချိုပွဲတော်၊ ကွမ်းဆေး လက်ဘက်စုံ ကပ်လှူဘော်မူပြီးနောက် ဆရာတော်တို့ကို တိစီဝရိက်သက်န်းတစုံစီ လှူဒါန်း၍ ပစ္စည်းလေးပါးဒါယကာတော်အဖြစ်ဖြင့် ဘိတ်ကြား လျှောက်ထားဘော်မူသည်ကို ဆရာတော်တို့တ သဝရှင်တရားမင်းမြတ်မှာ ရှေးဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သူတော်ကောင်းတို့ထံ ပန်ယူတော်မူခဲ့သူးသော ပုညသမ္ဘာရ မဟာကုသိုလ်တော်ကြောင့် အလွန် ခဲခက်သော ခမည်းတော်မင်းတရား အရိက်အရာ ရွှေနန်းစည်းစိမ်တော်ကို တစုံတရာ အညစ်အကြေး ဘေးရန်မရှိ လွယ်ကာအောင်မြင်တော်မူ၍ စံတော်မူရသည့် အရာဖြစ်သည်။ သို့ဖြစ်၍ လောကီ-လောကုတ္တရာ အကျိုးနှစ်ပါး

ပွားများစေရန် မြတ်စွာဘုရားဟောကြားတော်မူသော ရှေးမင်းကောင်း မင်းမြတ်တို့ ကျင့်ရိုးလမ်းကိုမှီသဖြင့် ရာဇဓမ္မ, အပရိဟာနိယ, သင်္ဂဟ စသော တိုင်းပြည်မြို့ရွာ သာယာစည်ပင်ခြင်း၏အကြောင်းရင်း ဖြစ်သော မင်းတို့ကျင့်ဝတ်တရားများကို မပြတ်ဖြည့် ကျင့်တော်မူပြီးလျှင် သာသနာတော်မြတ်အကျိုး တိုင်းနေပြည်သူ သတ္တဝါအပေါင်းတို့အကျိုး ပွားစီးရာ ပွားစီးကြောင်းများကို မပြတ်အားထုတ် ရွက်ဆောင်ရန် အခွင့်များကို သတိပညာတော် ရှိရင်းအတိုင်း မပြတ် နှလုံးထားတော် မူသင့်သည်-မိန့်ဆိုတော် မူကြသည်ကို ဘဝရှင် မင်းတရားကြီး ဘုရားလည်း တပည့်တော်သည် မင်းအဖြစ်ကို ယူတော်မူစဉ်ကပင် ကိုယ်၏ချမ်းသာရာ ချမ်းသာကြောင်းကို မြော်ထောက်၍ ယူတော်မူသည်မဟုတ်ပါ၊ မြတ်စွာဘုရား သာသနာတော် အတိုင်းထက်အလွန် စည်ပင်ပွင့်လင်း စေခြင်း၊ တိုင်းနေ ပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့ ဘေးအန္တရာယ် ကင်းငြိမ်းသဖြင့် ချမ်းသာစီးပွား များစေခြင်းအကျိုးကို ရွယ်ရည်၍ မင်းအဖြစ်ကို ယူတော်မူခြင်းဖြစ်ပါသည်။ ယင်းသို့ သာသနာတော်မြတ်အကျိုး, တိုင်းကျိုး ပြည်ကျိုးများကို မြဲမြံစွာအားထုတ်ဖြည့်ကျင့်ရွက်ဆောင်မည် မပြတ်နှလုံးသွင်းရင်းတွင် ဆရာတော်တို့က ကျမ်းဂန်ဇာတ်နိပါတ် အထွက်အရှိများနှင့် ထပ်မံအဆုံးအမ ဩဝါဒပေးပြန်တော်မူသည်မှာ အလွန်ပင် ကျေးဇူးကြီးလှပါသည်၊ ချင်သာယာစွာ ပြောဆိုလျှောက်ထား အဆုံးအမကို ခံတော်မူပြီးနောက် ဆရာတော်တို့ ကြွသွားတော်မူလျှင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ဝင်တော်မူသည်။

ယင်းသည့်လပြည့်ကျော် ဆဲ့လေးရက်နေ့ လစဉ်လှူဒါန်းမြဲ ပဌာန်း ပဒေသာအလှူတော်များကို မြောက်စမုတ် ရေစက်သွန်းပြာသာဒ်တော်သို့ ဘဝရှင်မင်းတရားကြီးဘုရား ထွက်စံတော်မူ၍ ကိုယ်တော်တိုင် ရေစက်သွန်းချ လှူဒါန်းတော်မူသည်။

ထိုသက္ကရာဇ်အတွင်း ရေမြွေအရှင် ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူများရှင်,အသျှင်ဘဝရှင်မင်းတရားကြီးဘုရားလည်းရှေးဘုရားအလောင်းတော် မဟာသုဒဿနစကြာမင်း, မန္ဓာတ်မင်းတို့သည် စကြာမင်းဖြစ်အံ့သော ကာလ သမယအချိန်အခါ တန်ခြင်း၊ စကြာမင်းအဖြစ်သို့ ရောက်ခြင်း၊ စကြာမင်းတို့၏ စက်လက္ခဏာနှင့်ပြည့်စုံခြင်းဟူသော သမ္ပတ္တိစက်သုံးပါးနှင့် ပြည့်စုံသော်လည်း စကြာရတနာရောက်ထိုက်ရသော သမ္မာပယောဂ ကျေးဇူး အထူးပွားများစေရန် အကြောင်းများကို မပြတ် ဖြည့်ကျင့်ရွက်

ဆောင်တော်မူမှ စကြာရတနာ အမှူးရှိသော ရတနာခုနစ်ပါးတို့သည် ပြည့်စုံသကဲ့သို့ ရှေးရှေးသောဘဝတို့၌ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သော ပါရမီပုညသမ္ဘာရတော်ထက် ကဲလွန်ထူးမြတ်သော အသစ်အသစ်သော ဘုန်းကြက်သရေတို့ကို ပွားစီးဖြစ်ထွန်းစေရန် အကြောင်းများကို ရည်သန်တော်မူပြီးလျှင် ရာဇဓမ္မတရားဆယ်ပါး၌ အကျုံးဝင်သော အဋ္ဌင်္ဂသီလ ဥပုသ်ကို ယင်းသည့်သီတင်းကျွတ်လပြည့်ကျော် တဆဲ့လေးရက်နေ့က စ၍ တလပတ်လုံး နေ့စဉ်မချွတ်မယွင်းစေရ ဥပုသ်သီတင်း စောင့်သုံးဆောက်တည်တော်မူမည်-အမိန့်တော်ရှိသည်ကို ဝန်ကြီး, အတွင်းဝန်, မှူးတော်မတ်တော်တို့က တလတိုင်တိုင် နေ့စဉ်ဥပုသ်သီတင်း စောင့်သုံးတော်မူလျှင် အထက် မင်္ဂလာအိမ်တော်စံတော်မူစဉ် မြတ်စွာဘုရား ဟောကြားတော်မူသည့် အဘိဓမ္မာပါဠိတော်တို့ကို သုံးနှစ်သုံးကြိမ် သုဓမ္မာသဘင်ဘော်တွင် မပြတ်လေ့ကျက်ဆောင်ရွက်ပြန်ဆိုတော်မူခဲ့သည်ဖြစ်ပါ၍ လေဝေဒနာတော်ကပ်ရောက်တော်မူမည်ကို စိုးရိမ်ကြောင့်ကြရန် ရှိပါသည်၊ သို့ဖြစ်၍ တလလျှင် ရှစ်သီတင်းကျ လေးလနှင့်ရက်ပေါင်းသုံးဆယ်ပြည့် စောင့်သုံးတော်မူလျှင် သင့်မြတ်ပါမည့်အကြောင်းနှင့် လျှောက်ထားကြရာ လိုက်နာတော် မူပြီးလျှင် ယင်းသည့်နေ့က စ၍ အဋ္ဌင်္ဂသီလဥပုသ်ကို မပျက်မယွင်းစေရ စောင့်သုံးဆောက်တည်တော်မူသည်။

ထို့နှစ်တန်ဆောင်မုန်းလဆန်းတရက်နေ့ စံတော်မူသည့် တောင်နန်းတော်ဆောင် လက်ဝဲသက်ယာ ဝဲဆောင်များမှာ တံဆိပ်တော်ရ ဆရာတော် သံဃာတော်ရှစ်ပါးစီပင့်၍ ပရိတ်တော် ဂုဏ်တော်များကို ရွတ်မွန်းရသည်။

ယင်းသည့် လဆန်းနှစ်ရက်နေ့ တောင်နန်းတော်တွင် မင်းလှခံမြို့သို့ အထက်စေလွှတ်သည့် နတ်စုလက်ယာဗိုလ်ကို နတ်စုလက်ယာအစု,ရွှေလှံအစု, နတ်စုလက်ဝဲအစုများနှင့် ရွှေဘဝါးတော်အောက်လာစေ၍ နတ်စုလက်ဝဲ အစုအမှုထမ်း လူ ါးရာ့ခြောက်ဆယ်ပေးအပ်၊ မင်လှတွင် အစားလဲလှယ်စောင့်နေစေရန် နတ်စုလက်ဝဲသေနတ်ဗိုလ်တစ်, သေနတ်စာရေးတစ်, တပ်မှူးငါး, သွေးသောက်ကြီးတဆယ်တို့ ရွှေတော်သို့ဝင်ရာ ပိုးသားပုဆိုး, ခေါင်းပေါင်းအုပ်, ဝတ်အုပ် သနားတော်မူသည်။

ယင်းသည့်လဆန်းလေးရက်နေ့ ပညာရှိတို့က တဆောင်နှစ်ရာ့လေးဆယ် တန်ဆောင်မုန်းလဆန်းခုနစ်ရက်နေ့ကစ၍ နေ့ယံခုနစ်မောင်း,ညယံ

ရှစ်မောင်း, နာရီတော်မောင်း လဲပြောင်းတီးပါရမည် အကြောင်းနှင့် လျှောက်ထား၍ လဲပြောင်းတီးစေရန် အမိန့်တော်ရှိသည်။

ယင်းသည့်လဆန်းငါးရက်နေ့ မင်္ဂလာရာမဆရာတော်၊ တောင်တော် ဆရာတော်၊ သဒ္ဓမ္မဇောတိကာရာမဆရာတော်၊ မစိုးရိမ်တိုက်ဆရာတော်၊ ဝေဠုဝန်ဆရာတော်၊ ဝိစိတ္တာရာမ ဆရာတော်၊ သောဘိတာရာမ ဆရာတော်၊ ဆီးဗန်းနီဆရာတော်၊ အဝဝန်တိုက်ဆရာတော်၊ ကောင်းတုံဆရာတော်၊ ငှင်းတိုက်အုပ် ဆရာတော်၊ စံကျောင်းဆရာတော်၊ မကုဋာရာမ ဆရာတော်၊ ကုသိနာရုံ ဆရာတော်၊ အင်းနား ထီးလင်းဆရာတော်၊ ညောင်ကန်ဆရာတော်၊ ဘုံကျော် ဆရာတော်၊ အောင်မြေရွှေဘုံ ဆရာတော်၊ ကျီဝန်တိုက်ဆရာတော်တို့ကို မှန်နန်းတော်သို့ပင့်၍ နံနက်ဆွမ်း, အချိုပွဲတော်,ကွမ်းဆေးလက်ဘက် အစုံကပ်လှူတော်မူပြီးလျှင် တိစီဝရိက်သင်္ကန်း တစုံစီ လှူတော်မူ၍ ပစ္စည်းလေးပါးဒါယကာအဖြစ် ဘိတ်မန် လျှောက်ထားတော်မူသည်။

ယင်းသည့်နေ့ ကန်ကြီးကန်ပြင်ကို ကင်းဝတ်လှည့် စေလွှတ်သူ ရွှေလက်ယာဗိုလ်ဟောင်း မင်းထင်ပုဏ္ဏက, ရွှေစာရံမုံတောကို စေလွှတ်သူ နတ်မီးလင်းတို့နှင့် သွေးသောက်ကြီးနှစ်စီပါ လူကြီးလေးတို့ကို ပိုးပုဆိုး, ခေါင်းပေါင်းအုပ်တစ်စီ သနားတော်မူသည်။

ယင်းသည့်လဆန်းခြောက်ရက်နေ့ ရတနာပူရစတုတ္ထမြို့တည်နန်းတည် မင်းတရားကြီး ဘုရား၏ နန်းမတော် မိဖုရားခေါင်ကြီးတွင် မြင်သော ဆင်ဖြူမရှင် အသျှင်မိဖုရားကြီး၏ ရင်သွေးတော်မြတ် ဖြစ်သော အလုံးစုံ သဗ္ဗတောဘဒြတာဒိသစစ်ဖြစ်သော လေးကျွန်းလုံးကိုအစိုးရသော စကြာ မန္ဒာတ်မင်းတို့၏ မိဖုရားရတနာ သုဘဒ္ဒါဒေဝီကဲ့သို့ သဒ္ဒါသီလစသော တရားအပေါင်း၌ မပြတ် မွေ့လျော်တော်မူသဖြင့် ဆဲ့နှစ်ကွန်းစားသော ဇမ္ဗူရာဇ်ရွှေမှုန်တို့ဖြင့် လိမ်းကျံသပ်လှယ်အပ်သော ခြောက်ဆဲ့လေးပါးသော မိန်းမမြတ်ဘို့၏ လက္ခဏာအပေါင်းတို့နှင့် ပြည့်စုံသော နှမတော် မိုင်းနောင်မြို့ – ပုဂံမြို့စား စုဘုရား သီရိသု ရတနာဒေဝီ၊ ဒိဝဲယင်းမြို့—မန်လည်မြို့-မြတောင်မြို့စား စုဘုရားသီရိသုပဘာ ရတနာဒေဝီတို့ကို အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအဖြစ်သောက်နှင်းတော်မူ၍ မဟေသီဘိသေက ဘိသိက်သွန်းခံတော်မူမည် အမိန့်တော်ရှိသည်။

ယင်းသည့် လဆန်းရှစ်ရက်နေ့ မှန်နန်းတော်တွင် စိုက်ဆောက်ရင်း မနောဟရထီးဖြူတော်ကို မဟေသီဘိသိက်ခံတော်မမူမီ ချုပ်လုပ်ရန်အခါ

တော်စာ ဆက်သွင်းချက်အတိုင်း မြေနန်းပြာသာဒ်တော်တွင် အခမ်းအနားစုံများကို ခင်းကျင်းကျင်းပ ပွဲသဘင်တီးမှုတ်စေ၍ ချုပ်လုပ်ရသည်၊ ယင်းသည့်နေ့ တောင်နန်းတော်ယာဘက်ဝဲဆောင်တော်ကို ဆေးဖြူသုတ်လူးရသည်။

ယင်းသည့်လဆန်းဆယ်ရက်နေ့ မဟေသီဘိသေကဘိသိက်ခံတော်မမူမိ သကြြန်တော်ခေါ်ရာ သကြြန်တော်နှစ်ရပ်တွင်ဈော်ရန်, မဟေသီဘိသေကဘိသိက်ခံတော်မူရာဈော်ရန် စာဆိုတော် နေမျိုးစိန္တကျော်ထင်ဆက် ရတုပိုဒ်စုံသုံးရပ်ကို နှာခံတော်သုံးတို့ တကိုယ်လျှင်သုံးပိုဒ်တစုံစီ ဖတ်ဈော်ကြရသည်။

ယင်းသည့် တန်ဆောင်မုန်းလဆန်းတဆဲ့သုံးရက်နေ့တောင်စမုတ်လှေကားတော်ရင်းတွင် မိုင်းနောင်မြို့, ပုဂံမြို့စား စုဘုရားကြီး စီးတော်မူရန် နတ်ပြည်စံ အသျှင်နန်းမတော်ဘုရားကြီးဝေါ်တော်ကို လှေကားတော်၏ လက်ယာတော် အနောက်ဖက် ရွှေတပ်ထားပြီးလျှင် ဒိဗဲယင်းမြို့-မန်လည်မြို့-မြတောင်မြို့စား စုဘုရားစီးတော်မူရန် မယ်တော်ဆင်ဖြူမရှင် အသျှင်မိဖုရားကြီး ဝေါ်တော်ကို လှေကားတော်၏ လက်ဝဲတော် အရှေ့ဘက်နောက်တပ်ထား၍ ဝေါ်စင်, ဝေါ်ယှဉ်,ဝေါ်ရွှေ ကျိုင်းလေးချက်စီ၊လက်ကိုင်မှန်စီကျိုင်းတစ်စီ ခင်းကျင်း၊ ဗောင်းဝတ်လုံနှင့် မှူးတော်မတ်တော်တို့ ဝေါ်တော်ရွှေဝဲယာစီစဉ်စောင့်နေ၍ နေတချက်တီးကျော်ခြောက်မောင်းအခါတော် မရောက်မီ လေးမောင်းတိုင်လျှင် မိုင်းနောင်မြို့-ပုဂံမြို့စား စုဘုရားကြီးမှာ စံတော်မူရင်း မယ်တော် ဆင်ဖြူမရှင် အသျှင်မိဖုရားကြီး အဆောင်တော်က မှန်နန်းတော် အနောက်တန်းလျှားအတိုင်း တောင်နန်းတော်ဝင် အုတ်နံရံပေါက်သို့ လမ်းဈော်ခင်းထားရှိသည့်အတိုင်း ဥဂ္ဂတ်တော် အဆင်တန်ဆာများကို ဆင်ယင်၍ တောင်နန်းတော်သို့ ကူးတော်မူပြီးလျှင် တောင်နန်းတော်က စမုတ်သို့ ဆင်းတော်မူသည်။

နောက်စမုတ်တော်ရွှေ အထွတ်ဆတ်သွားဖူး အနီတစ် အနီမွှမ်းသကြြန်တန်ဆောင်းသုံးရပ်သို့ထွက်စံတော်မူ၍ ရောက်တော်မူလျှင် ညီမတော် ဒိဗဲယင်းမြို့- မန်လည်မြို့– မြတောင်မြို့စား စုဘုရား စံတော်မူရင်းတောင်နန်းတော်က ဥဂ္ဂတ်အဆင်တန်ဆာ ဆင်ယင်တော်မူ၍ တောင်စမုတ်ရွှေ ဝေါ်တော်သို့ ဆင်းတော်မူရာ ဘဝရှင်မင်းတရားကြီး ဘုရားတောင်စမုတ်တော် ရေစက်သွန်း ပြာသာဒ်တော်သို့ ထွက်စံတော်မူ၍ ကြည့်ရှုတော်မူသည်။

ယင်းသည့်နေ့ မှန်နန်းတော်အရှေ့ဗိုင်း ဘမရာသနရာဇပလ္လင်တော် ပေါ်များတွင် အလစ်အလပ်မရှိစေရ၊ ရွှေဇာငွေဇာ ခြယ်လှယ်သော ဖဲကတ္တီပါကမ္ဗလာမျိုးစုံ ခင်းကျင်းပြီးလျှင် မှန်နန်းတော်ဝဲယာ ယိုးဒယား ဇာတ်ကြီး အတီးအက, မြန်မာဇာတ်ကြီး အတီးအက, အတွင်းအငြိမ့်, မွန်အငြိမ့်များကိုလည်း စည်ပင်သာယာအောင် တီးမှုတ် ကခုန်စေရ သည်။ တောင်နန်းတော်တွင်လည်း အငြိမ့်စုံများကို တီးမှုတ်ရသည်။

ယင်းသည့်နေ့ ညဥ့်လေးချက်တီးကျော် နှစ်မောင်းအချိန် အခါတော် ရလျှင် မှန်နန်းတော် ရာဇပလ္လင်တော်မြောက်ဖက် မာရအောင်ပေါက်က အရှင်မိဖုရားခေါင်ကြီးနှစ်ပါး ဥဂ္ဂတ်တန်ဆာဆင်ယင်တော်မူ၍ ထွက်စံ တော်မူပြီးလျှင် ရာဇပလ္လင်တော်ထက် ရွှေနောက်တက်တော်မူ၍ မိုင်း နောင်စုဘုရားကြီးမှာ လက်ယာတော်ဘက်, မြတောင်စုဘုရားမှာ လက် ဝဲတော်ဘက် အရွှေသို့မျက်နှာရည်၍ စံတော်မူမိလျှင် ပူဇော်တော် ပွဲ များကို အသီးအသီး ဆက်သကြရသည်။ ပြီးလျှင် ရွှေတော်ပြေး စည် တော်စုံကို တီးရွှမ်းရသည်။ ပြီးလျှင် မှန်နန်းတော် သတ္တဒါန် လှေကား တော်ဦးက ပုဏ္ဏားပညာရှိ နာရီတော်မှူး အခါတော် ကြားလျှောက်ရ သည်။

ပြီးလျှင် ရာဇပလ္လင်တော် ယာဘက်က မတ်ရပ်နေသူ ဘိသိက်တော် ဆက်ပုဏ္ဏား ဟရိရာမ်, စမ္ဗကာနန္ဒ, သိသူရမ်, ယုဂေသရ, မင်္ဂလာ,စန္ဒသေ ခရ, ဒါမူဒရ။ ဇေယကိသူရ, ရာဇပလ္လင်တော်ဝဲဘက်က မတ်ရပ်နေသူ ဗြဟ္မာစန္ဒ, ဗိဒျာ,ဇယဒေဝ,ကုမုဒ,ဦးသိန်း,ဘဂီရထ,စန္ဒဝဒနတို့ကဘိသိက် တော်ဆက်ကြရသည်။ ပြီးလျှင် နာခံတော်က ထန်းရွက်ညွန့်ရှည် ရေး သားပြီး ဘိသိက်ခံမင်္ဂလာရတုပိုဒ်စုံသုံးကို ဖတ်လျှောက်ရသည်၊ ပြီးလျှင် ဝင်တော်မူသည်။

မှူးတော်မတ်တော် ကတော်မယားတို့မှာ သနားတော်မြတ် ခံရသည့် ဖောင်းဝတ်လုံစလွယ် အဆင်တန်ဆာများကို ဆင်ယင်၍ မှန်နန်းတော် ကွန်းမဝဲယာက ခွဲဝေခစားကြရသည်။ မင်းညီမင်းသားတို့နှင့် ရတုလျှော် နာခံတော်များမှာ ရာဇပလ္လင်တော် ရွှေတူရှုက ခစားကြရသည်။

ယင်းသည့်လဆန်း ဆဲ့လေးရက်နေ့ ကထိန်အလှူတော်ကို တောင် စမုတ် ရေစက်တော်သွန်း ပြာသာဒ်တော်သို့ အရှင်မိဖုရားခေါင်ကြီး နှစ် ပါးနှင့်တကွ ထွက်စံတော်မူ၍ ရေစက်သွန်းတော်မူသည်။ ယင်းသည့်နေ့

အထက်ထောင်တွင်ချထားသော စလင်းစုဘုရားအဖျိုတော် ကျောက်တာရွာစား, သာစည်ရွာစား, သရက်တောရွာစား တို့ကိုလည်း ထောင်အကျဉ်းမှ လွှတ်တော်မူသည်။

ယင်းသည့်လဆန်း တဆဲ့ငါးရက်နေ့ နံနက် နတ်ကြီးတဆဲ့ငါးပါး ပူဇော်တော်မူသည့် အခမ်းအနားသို့ ဘဝရှင်မင်းတရားကြီးဘုရား,အရှင်မိဖုရားခေါင်ကြီး နှစ်ပါးနှင့်တကွ မကိုဋ်ဒုရင် အဆင်တန်ဆာ, မဟာလွှတာ ဥဂ္ဂတ်ဆင်ယင်တော် မူပြီးလျှင် အတွဲအမ မင်းသမီးတို့မှာလည်း အဆင်တန်ဆာ ဆင်ယင်စေ၍ ထွက်စံတော်မူသည်။ ပွဲသဘင်တီးမှုတ်ကမှန်ခြ အခင်းအကျင်းများကို ခင်းကျင်းတီးမှုတ်ကခုန်ကြရသည်။

လစဉ် လှူဒါန်းမြဲ ပဋ္ဌာန်းပဒေသာအလှူတော်များကိုလည်း မြောက်စမုတ်ရေစက်သွန်း ပြာသာဒ်တော်သို့ ထွက်စံတော်မူ၍ ရေစက်သွန်းချလှူဒါန်းတော်မူသည်။

ယင်းသည့် လပြည့်ကျော်လေးရက်နေ့ အတွင်းဝန် ယောမြို့စားက ရတနာကြမ်းဆင့် ဆင်မတော်ကို ဆက်သည်။ လက္ခဏာဖတ်တို့က ဂေါရီဘမင်္ဂလာ ဆင်တော်ဖြစ်ကြောင်းနှင့် ဆင်၏လက္ခဏာကိုဖတ်၍လျှောက်သည်။ ရတနာကြမ်းဆင့် ဆင်မတော်ကို ကြိုယူရန် အခမ်းအနားမှာ ခမည်းတော်မင်းတရားကြီးဘုရားလက်ထက် ရတနာကြမ်းဆင့်ဆင်မတော်ကို ကြိုယူသည့်နည်း ကြိုယူစေရသည်။

သေနတ် အစုအမှုထမ်းတို့မှာလည်း ရွှေလက်ထက်တော် အထူး သူကောင်းပြု မခံရသေးဖြစ်၍ သေနတ်အစုမိုယ်, ဝန်စုရတို့ကို ရွှေထီးသနားတော်မူသည်။

သုဓမ္မာဝင်ဆရာတော်တို့ စာဆက်သွင်းချက်အတိုင်း ရွှေမြို့တော်လေးပြင်ရှိ ခမည်းတော် မင်းတရားကြီးဘုရား လက်ထက်တော် ဝိသုံဂါမ သနားတော်မူသည့် ကျောင်းတိုက်, သနားတော်မူရာမပါ ကျန်ကျောင်းတိုက်များကို မယ်တော် ဆင်ဖြူမရှင်ဘုရား,အရှင်မိဖုရားခေါင်ကြီးနှစ်ပါး, အစ်မတော် ပုခန်းကြီးစုဘုရား, နှမတော် မိတ္ထိလာစုဘုရားနှင့် နှမတော် မင်းသမီးတို့ကို ဝိသုံဂါမမြေစား သနားတော်မူသည်။ ဝန်ကြီး, အတွင်းဝန်, ဝင်းမှူး, ဝန်ထောက်, မြို့ဝန်, သံတော်ဆင့်, မိုယ်စု ဝန်စုတို့ကိုလည်း ဝိသုံဂါမမြေစား သနားတော်မူသည်။

မဟာမင်းလှမင်းခေါင်ကို မြောက်တရာ့ငါးဆယ်မိုလ်အရာနှင့် လဲ၍ ပဏ္ဍာလမြို့ဝန်၊ တပယ်မြို့စား မင်းလှစည်သူကျော်ကို မြောက်တရာ့ငါးဆယ်မိုလ်၊ ငနေတွန်း, ငရွှေဝတို့ကို သစ်တောစာရေး ခန့်တော်မူသည်။

ခမည်းတော်မင်းတရားကြီးဘုရား ဝတ်လဲတော်များကို ပြာချ၍ လုပ်ဆောင်ရန် မံဆင်းတုတော်ကြီးကို စ၍ထုလုပ်ရမည့်အခါနေ့ရက် တိုင်ရောက်ရှိသည့်အတိုင်း ခန်းပတ်မြို့စား မင်းကြီး, သေနတ်ဝန် ကင်းဝန် လယ်ကိုင်းမြို့စား မင်းကြီး, ရွှေတိုက်အတွင်းဝန် တောင်ခွင်မြို့စားတို့နှင့် စာရင်းပါ မှူးတော်မတ်တော် အရာရှိတို့ မဟာအတုလဝေယန် ကျောင်းတော်ကြီးသို့ သွားရောက်ပြီးလျှင် ဆင်းတုတော်ကြီးကိုစ၍ထုလုပ်ရသည်။

## တိုင်းရေးပြည်မှုကိုတဆဲ့လေးဌာနခွဲ၍ အုပ်ချုပ်ခြင်း-စသည်နှင့် အနောက်အတွင်းတော်တွင်သစ္စာတိုက်ခြင်း

ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် သုံးရက်နေ့ သာသနာတော်ရေး တိုင်းရေးပြည်မှုဆိုသည့်အရာသည် ပစ္စုပ္ပန်,သံသရာ အကျိုးစီးပွားနှစ်ပါးနှင့် ဆိုင်သည့်အရာဖြစ်၍ သာသနာတော် စည်ပင်ထွန်းလင်းကြောင်း, တိုင်းပြည်နိုင်ငံအကျိုးစီးပွား များကြောင်းဖြစ်သော ပြည်ကြီးဝန်ကို ရွက်ဆောင်ရသည့် မှုခင်းရေးရာ အလွန် ကျယ်ဝန်းများပြားလှသည် ဖြစ်၍ သာသနာတော်မှု, တိုင်းမှုပြည်မှု ရှိသည်များကို ဆင့်ဆိုစီရင်ထမ်းဆောင်ရသည့် မှူးတော်မတ်တော် အရာရှိတို့မှာ တာဝေပုံမပိုင်းမခြားမခွဲမဝေ ရောထွေးထမ်းဆောင်ကြရလျှင် ဆင့်ဆိုထမ်းရွက်သည့်မှုခင်းကိစ္စ ကောင်းမွန်စွာ မပြီးမပြေ မတွင်မကုံ၊ ထမ်းဆောင်ရသူမှာလည်း လက်ရုံးနှလုံး စွမ်းရည်သတ္တိအင်နှင့် မတန် မှုခင်းများပြား ဝေဘန်ခွဲခြမ်းထမ်းဆောင်နိုင်ရန်မရှိ၊ ထမ်းအားရွက်အား ရည်သွားဆုတ်ယုတ်ရန် အပြစ်များစွာ ရှိသည်ဖြစ်၍ သာသနာတော်မှု, တိုင်းရေးပြည်မှု ရှိသည်များကို တရပ်တဌာနစီ ခွဲဝေပိုင်းခြား အကြီးအချုပ် တဦးတယောက်စီ မှူးကြီးကြပ်မ ထမ်းရွက်စေရန် မှူးမတ်အရာရှိ အစည်းအဝေးတွင် စုံညီညှိနှိုင်းပြောဆိုကြရာ-

(၁) ပဌမဝေပုံပါ-နိုင်ငံတော်အတွင်း မြေနှင့်စပ်ဆိုင်သမျှ လယ်ယာ ကိုင်းကျွန်း ချထားလုပ်ဆောင်ရန် အမှု၊ ကန်ချောင်းဆည်မြောင်း ဆည်ဖို့

တက်သက်ရန်အမှု၊ ကျွဲတော် နွားတော်များကို ထိန်းသိမ်းရန်အမှုများကို ရေနံချောင်းမြို့စား ဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှမင်းခေါင်ကျော်။

(၂) ဒုတိယ ဝေပုံပါ-ကျောင်းဘုရားအလုပ်အဆောင်မှု၊ နန်းတော် အိမ်တော် မြို့လုပ် ကျုံးတာ အလုပ်အဆောင်မှု၊ ကျောက်လမ်းအသစ် လုပ်ဆောင်ရန်အမှု၊ တဆဲ့နှစ်ရာသီအလုပ်အဆောင်မှု၊ လက်လုပ်နှင့်စပ် ဆိုင်သမျှ အလုပ်အဆောင်မှုများကို ခန်းပတ်မြို့စား ဝန်ကြီးသတိုးမင်းကြီး မင်းလှမဟာဥဇနာ။

(၃) တတိယ ဝေပုံပါ-သေနတ်, အမြောက်, မြင်းအစု,ကုန်းကြောင်း အမှုထမ်းတို့ကို ဆင့်ဆိုရန် အမှု၊ လုပ်ဆောင်ပြီး သေနတ်အမြောက်မှစ၍ ကုန်းကြောင်းစစ်သည်ရဲမက်တို့နှင့် ဆိုင်သည့် လက်နက်ကိရိယာ ခဲယမ်း မီးကျောက်အမှု၊ အတွင်းပြင် လက်နက်တိုက်များကို ဆင့်ဆိုရန် အမှု၊ ဆင်တော်မြင်းတော်များကို ထိန်းသိမ်းဆင့်ဆိုရန်အမှု၊ ဆင်မှူးသွေးသော် ကြီး ကျုံးယရည်း ဆင်တိုင်မြင်းတိုင်များကို ဆင့်ဆိုရန်အမှု၊ ခံမြို့ ခံကတုတ် အလုပ်အဆောင်အမှုများကို ထယ်ကိုင်းမြို့စား သေနတ်ဝန် ကင်းဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှစည်သူကျော်။

(၄) စတုတ္ထဝေပုံပါ-ဈေး-ပွဲ-ကင်း-ကူးတို့-အကောက်အခွန်မှု၊ နိုင် ငံတော်အတွင်း အစွတ်အခြောက်အခွန်မှု၊ ပတ္တမြားကျောက်စိမ်း, သစ်, ရေနံ, လက်ဘက်, ကုန်အရောင်းအဝယ်မှစ၍ သမ္ဘာပါသမှု များကို အတွင်းခန်ဝက်မစွတ်မြို့စားသတိုးမင်းကြီးမဟာမင်းလှမင်းခေါင်သီဟသူ။

(၅) ပဥ္စမဝေပုံပါ-ကျောင်း ဘုရား ဝတ်မိုးဝတ်မြေမှု၊ပိဋကတ်ပေစာ, မင်စာ, ကျောက်စာမှု၊ ရဟန်းသံဃာတော်တို့နှင့် စပ်ဆိုင်သည့်အမှု၊ သစဉ် နှစ်စဉ် အလှူတော်မှု၊ သူအိုသူနာတိုက်များကို ပြုစုစောင့်ရှောက် ရန် အမှု၊ ရာဇဝင်, ဗေဒင်, စာဟောင်းစာတမ်းမှစ၍ လောကီပညာနှင့် စပ်ဆိုင်သည့်အမှု၊ နတ်ပူဇော်, ဗြိုဟ်ပူဇော်, ပုဏ္ဏားနှင့်စပ်သည့်အမှု၊ နှစ် ဆဲ့လေးဌာန ဘုရား-ဈေး-ပွဲ-အကောက် အခွန် မှုများကို အတွင်းဝန် ဆော့မြို့စား မင်းကြီးမဟာမင်းထင်သင်္ခယာ။

(၆) ဆဋ္ဌဝေပုံပါ-ငွေတော်စပါးတော် နှစ်စာ လစာပေး ပုရိသမေ ဓမှု၊ အလှူတော်တွက် အလုပ်အထွက်မှစ၍ ငွေ, ဆန်, စပါး, ပေးသုံးမှု၊ လက်ဝဲ လက်ယာ ဥယျာဉ်တော်မှစ၍ ခမည်းတော်မင်းတရားကြီးဘုရား

အသစ်စိုက်ပျိုးပြုစုတော်မူသည့် ဥယျာဉ်တော်များကို စောင့်ရှောက် ထိန်းသိမ်းဆင့်ဆိုရန် အမှုများကို အတွင်းဝန်ယောမြို့စား မင်းကြီးမင်းခေါင်ကျော်။

(၇) သတ္တမဝေပုံပါ-နိုင်ငံတော် အတွင်း သဿမေဓ ကောက်ခံဆက်သွင်းရန်အမှု၊ နွားတော်ဘိုး ကျွဲတော်ဘိုး ငွေများပြင် ငွေတော်အကြွင်းအကျန်ရှိသည်များကို စစ်ဆေးတောင်းခံရန်အမှု၊ ရွှေတိုက်ဝန်ဝန်စုပါလူတို့ကို ဆင့်ဆိုရန်အမှုများကို အတွင်းဝန် ရွှေတိုက်ဝန် တောင်ခွင် မြို့စား မင်းကြီးမဟာမင်းထင်စည်သူ။

(၈) အဋ္ဌမဝေပုံပါ-ရွှေကြိုးသတ်နယ်အတွင်း အထက် ခမည်းတော်မင်းတရားကြီးဘုရား လက်ထက်တော် အမိန့်တော်နှင် ဝိုင်းခြားထားသည့် ရာဇဝတ်မှု၊ ထွက်တော်မူဝင်တော်မူမှစ၍ လမ်းပန်း, ရာဇမတ်, ရေအိုးရေပြည့်, တံခွန်ကုက္ကား, ပုဆိုးပစ္စုပ္ပန်စိုက်ထူရန်များကို ဆင့်ဆိုရန်အမှု၊ သစ်,ပျဉ်,ဝါး, ကြိမ်, ဖျင်, စောင်, ပုဆိုး, ထဘီများကို ထုပြက်လက်သစ်, တောင်တိုတောင်ရှည်, စစ်ကြော ဆင့်ဆိုရန်အမှု၊ အလေး, တောင်း, တင်း စဉ်းချိန်ဆင့်ဆိုရန်အမှု၊ ပြည်ကံကျွေး, သွေးမစွန်း,စဏ္ဍာလအမှုများကို ဆင့်ဆိုရန် အမှု၊ မြို့တွင်း မြို့ပြင်များမှာ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် ကင်းဝတ် ကင်းပတ် လှည့်လည်စောင့်ထိန်းရန်အမှု၊ ရွှေမြို့တော်ဆင်ခြေဖုံး ရွှေကြိုးသတ်နယ်မြေအတွင်း ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် စောင့်ထိန်းရန်အမှုများကို မြို့ဝန် မြို့သာမြို့စား မင်းကြီး မဟာမင်းလှမင်းခေါင်ထူရိန်, မြို့ဝန်စုန်းမြို့စား မဟာမင်းလှစည်သူ။

(၉) နဝမဝေပုံပါ-ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း မြို့ကျေးရွာများက လွှတ်တော်တရားရုံးတော်များသို့ ဆိုက်ရောက်လျှောက်ထားသည့် မှုခင်းတရားစကားမှု၊ တရားသူကြီးနှင့်တကွ တရား အရာရှိတို့ကို ဆင့်ဆိုရန်အမှုများကို ဝန်ထောက် မင်းကြီး သီရိမဟာရာဇသင်္ကြံ။

(၁၀) ဒသမဝေပုံပါ-လှေ,ဖောင်,သင်းဘော,သမ္ဗန် အမှုထမ်းတို့ကို ဆင့်ဆိုရန်အမှု၊လုပ်ဆောင်ပြီး သေနတ် အမြောက် ခဲယမ်း မီးကျောက်မှစ၍ရေကြောင်းစစ်သည်ရဲမက်တို့နှင့်ဆိုင်သည့် လက်နက်ကိရိယာမှု၊ လှေတော်,ဖောင်တော်, သင်းဘောသမ္ဗန်များကို နေရာကျ ဆင့်ဆိုထိန်း

သိမ်းရန် အမှုများကို ဝန်ထောက် လိုင်းတက်မြို့စား မင်းကြီး မဟာမင်းခေါင်သခ်ယာ။

(၁၁) ကောဒသမဝေပုံပါ-နိုင်ငံခြား မင်းမှူးမတ်တို့နှင့် ဆက်လက်ကမ်းလှမ်း ဆင့်ဆိုမှာထား ထမ်းရွက်ရန်အမှု၊ စကားပြော ကြေးနန်းအလုပ်အဆောင်မှုများကို ဝန်ထောက် မြောင်လှမြို့စား မင်းကြီး သီရိမဟာဇေယသူ။

(၁၂) ဒွါဒသမဝေပုံပါ-တွဲဘက်ရုံးနှင့်စပ်ဆိုင်သည့်အမှု၊ ရွှေမြို့တော်ရှိ သိုးဆောင်း, ပုသီ, တရုပ်, ကုလား လူမျိုးခြားတို့နှင့်စပ်သည့်အမှုများကို ဝန်ထောက် ပဏ္ဍနုဂိုရ်မြို့စား မင်းကြီးမဟာမင်းထင်ရာဇာ။

(၁၃) တေရသမဝေပုံပါ-ရွှေမြို့တော် ဆင်ခြေဖုံး၊ ရွှေကြိုးသတ်နယ်တွင်းမှအပ အဝေးရာဇဝတ်မှု၊ စော်ဘွားမြို့စား, အဝေးမြို့ဝန်, မြို့အုပ်, မြို့ထိန်းတို့ကို မှာထားဆင့်ဆိုရန်အမှု၊ သတင်းစာတိုက် တည်ထောင်လုပ်ဆောင်ရန်အမှု၊ နိုင်ငံတော်အတွင်း ကြီးရိုး စိုးရိုးမှု၊ နယ်မြေလုဆိုမှု၊ အစုအချင်းချင်းဖြစ်စေ, အစုနှင့် အသည်ဖြစ်စေ လူလုဆိုမှုများကို ဝန်ထော်မြို့သစ်မြို့စား မင်းကြီး မဟာမင်းလှမင်းခေါင်။

(၁၄) စုဒ္ဒသမဝေပုံပါ-သေနတ် အမြောက်လုပ် စက်ကိရိယာမှစ၍ လက်နက်စက်ရုံအလုပ်မှု၊ သံဖိုကြီး, ဒင်္ဂါးတိုက်, ရက်ကန်းစက်ရုံမှ စ၍ အရပ်ရပ် စက်ရုံအလုပ်မှု၊ ပန်းဘဲ, လက်သမား, ပွတ်ခုံ, ဘုံစည်းတိုက်မှ စ၍ စက်ရုံအလုပ်သည် ပညာသည်တို့ကို ဆင့်ဆိုရန်အမှုများကို ဝန်ထော်ရန်အောင်မြင်မြို့စား မင်းကြီး မဟာမင်းခေါင်တို့တ အကြီးအချုပ်ပြုလုပ်စေ၍ ဝေပုံကျ မင်းမှုတော်ရပ် ပြီးပြေကုံတွင်လွယ်အောင် ဆင့်ဆိုစီရင်လုပ်ဆောင် ထမ်းရွက်စေရန်သင့်ကြောင်းနှင့် အစည်းအဝေးဝင် မှူးမတ်တို့ စုံညီညှိနှိုင်းချက် ဆက်သွင်းကြသည်ကို ဘဝရှင် မင်းတရားကြီးဘုရားသင့်ပြီ အမိန့်တော်ရှိသောကြောင့် သာသနာတော်မှု, တိုင်းရေးပြည်မှုများကို တဆဲ့လေးဌာနခွဲဝေ၍ အကြီးအချုပ် ပြုလုပ်ဆင့်ဆို စီမံထမ်းရွက်ကြရသည်။

သက္ကရာဇ် (၁၂၄၀) တထောင့်နှစ်ရာ လေးဆယ်ပြည့်နှစ် အတွင်း ညောင်ရမ်းစား ညီ-ညောင်အုပ်စားငယ်တို့ နေရင်း ဝင်းအိမ်က ရပ်ဖျောက်ထွက်သွားပြီးလျှင် ရာဇဝတ်တော်ကို ကြောက်ရွံ့သည်နှင့် အင်္ဂလိပ်အရေးပိုင် မစ္စတာရှော ဝင်းအိမ်အတွင်း ခိုမှီပုန်းအောင်း ရှိနေသည်

ကို အမိန့်တော်နှင့် နိုင်ငံတော်မှအပ ကျောက်တိုင်ပြင်ဘက် အောက်မြို့ကျေးရွာသို့ အင်္ဂလိပ်အရေးပိုင် မစ္စတာရှောက ပို့ထားရန် နေ့ရက်တိုင်ရောက်ရှိသည့်အတိုင်း ယင်းသည့် တန်ဆောင်မုန်းလပြည့်ကျော် ခြောက်ရက်နေ့ နေ့တချက်တီးအချိန် ညောင်ရမ်းစား, ညောင်အုပ်စားငယ် ညီအစ်ကိုတို့ကို အရေးပိုင် မစ္စတာရှောဝင်းက တောင်မာရဘင် သေနတ်ဗိုလ် သေနတ်စာရေးတို့နှင့် သေနတ်အစုအမှုထမ်း လူနှစ်ရာပေးအပ်၍ ဝန်ထောက် ပတ္တနဂိုရ်မြို့စား မင်းကြီးမဟာမင်းထင်ရာဇာ, စာရေးကြီး မင်းလှ သီရိကျော်ခေါင်, ခန်းပတ်ဝန်ဟောင်း မဟာ မင်းကျော်တန်ဆောင်, ကင်းစာရေးဟောင်း မင်းလှမင်းထင် ရာဇကျော်ခေါင် တို့ကို ကြီးကြပ်ဝန်းရံ ဆောင်ယူစေပြီးလျှင် နိုင်ငံတော်ပြင်ဘက် အောက်မြို့ကျေးရွာရောက် တုလွတ်ယာဉ်ပျံသင်းဘောတော်နှင့် တင်ဆောင်ပို့စေသည်။ ဝန်ထောက် ပတ္တနဂိုရ်မြို့စားမှာ မြို့တော်မှ သင်းဘောဆိပ်ရောက်လျှင် ပြန်လာရသည်။

ယင်းသည့် တန်ဆောင်မုန်းလပြည့်ကျော် ခြောက်ရက်နေ့ သာသနာပြုဖြစ်သောမင်းကောင်းမင်းမြတ်တို့မည်သည် ပရိယတ္တိ သာသနာတော်, ပဋိပတ္တိသာသနာတော်, ပဋိဝေဓ သာသနာတော်ဟူသော သာသနာတော် မြတ်သုံးပါး စည်ပင်ပြန့်ပွား ဖြစ်ထွန်းစေခြင်းငှာ ပိဋကတ်သုံးပုံကို ချောက်ချားနိုင်သဖြင့် အကျင့်အာစာရသီလဝိသုဒ္ဓိ ဂုဏ်ထူးရှိသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့ကို ရွေးချယ်စိစစ်၍ သာသနာပြုအပ်မြဲဖြစ်သည်နှင့်အညီ ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော် ပရိယတ္တိ ပဋိပတ္တိ ဝိသာရဒဖြစ်သော တံဆိပ်တော်ရ ဆရာတော်ဆယ်ပါးကို ရွေးချယ်တော်မူ၍ သာသနာပြု သုဓမ္မာ ဝင်အပ်တော်မူသည်၊ သာသနာရေး သာသနာမှုဆိုသည့်အရာသည် လောကီအကျိုးစီးပွားများထက် မြင့်မြတ်ကဲသွန်သော မဂ်ဖိုလ်နိဗ္ဗာန်၏ အခြေမူလဘူတ လောကုတ္တရာ အကျိုးစီးပွားနှင့်ဆိုင်သည့်အရာဖြစ်၍ သာသနာရေး သာသနာမှု ဆုံးဖြတ်စီရင်ရန်ရှိသည်များကို တဦးတယောက်တည်း စီရင်ဆုံးဖြတ်ဆောင်ရွက်ရသည်ထက် တိပိဋကဆေက လဇ္ဇီပေသလ သိက္ခာကာမဖြစ်သော ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်သူမြတ်အများ ညှိနှိုင်းတိုင်ပင် စီရင်ဆုံးဖြတ်ရလျှင် သာသနာတော်မြတ်၏ ဆူးငြောင့်သဘွယ် ဖြစ်သောဘေးရန်အပေါင်း ကင်းရှင်းပပျောက်သဖြင့် အတိုင်းထက်အလွန် စည်ပင်ထွန်းလင်းကုန်ရာသည်။

ငါ့အသျှင် ကေရာဇ်မင်းမြတ်သည်လည်း သာသနာပြု မင်းကောင်းမင်းမြတ်တို့ ပြည့်ကျင့်ရှက်ဆောင်မြဲ ရာဇပြကတေ့ ဓလေ့ထုံးစံနှင့်ညီစွာ သာသနာတော်မြတ်သုံးပါး ပြန့်ပွားစည်ပင်ကြောင်းများကို အထူးသဖြင့် ရွက်ဆောင်တော်မူလိုသော မနောပဏိဓိရှိတော်မူသည်နှင့်အညီ ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား ရွေးချယ်ခန့်အပ်တော်မူသော မဟာဝိသုတာရာမ ဆရာတော်, မဏ္ဍလာရာမဆရာတော်, မင်္ဂလာရာမဆရာတော်, စံကျောင်းဆရာတော်-ဆရာတော်ကြီး လေးပါးတို့တွင် မဟာခေမိကာရာမဆရာတော်, တောင်တော်ဆရာတော် နှစ်ပါးသွင်း၍ ဆရာတော်ကြီးခြောက်ပါး၊ သက်ပန်းဆရာတော်, လှထွေဆရာတော်, ပုခန်းဆရာတော်, ဝိစိတ္တာရာမဆရာတော်, မဟာဝိဇိတာရာမဆရာတော်, မဟာဓမ္မဇောတိကာရာမဆရာတော် ခြောက်ပါး၊ နှစ်ရပ်တံဆိပ်တော်ရ ဆရာတော် တကျိပ်နှစ်ပါးတို့ကို သာသနာပြု သုဓမ္မာဝင် အပ်တော်မူသည်။ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေသည့် ရဟန်းသံဃာတော်တို့တွင် ဓမ္မကံကြောင်းအလျောက် ဆုံးဖြတ်စီရင်ရန်ရှိသည်များကို သာသနာပြုသုဓမ္မာဝင်ဆရာတော် တကျိပ်နှစ်ပါးတို့က ဆုံးဖြတ်စီရင်မြဲ ဆုံးဖြတ်စီရင်စေ၊ ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ အမိန့်တော် ပြန်တမ်းကိုလည်း ထုံးစံရှိရာ သုဓမ္မာတွင် နာခံတော် နေမျိုးမင်းထင်ကျော်ခေါင် ပြန်ဆိုစေသည်။

အဝန်မြို့ဝန် မင်းကြီး မင်းလှမဟာမင်းခေါင်ရာဇာကို အဝန်မြို့ဝန်အရာနှင့်လဲ၍ နန်းမတော်ဝန်၊ မိုင်းကိုင်းမြို့စား မဟာသီရိဇေယသူကို တောင်နန်းမတော်ဝန် ခန့်တော်မူသည်။

အသျှင် မိဖုရားခေါင်ကြီးနှစ်ပါးကို အဂ္ဂမဟေသီ မိဖုရားကြီးအဖြစ်ဆောက်နှင်းတော်မူသည့်အတိုင်း ဆိုင်ရာ တင်ကြွားပသမြဲ ရတနာသိဉ်မြို့ရှိ ဇီးတောရွှေလောင်းနတ်, ဇလုံငယ်နတ်, ဘိုးမင်းနတ်, မိုးညှင်းမကြီးနတ်, ကြာပန်းညိုနတ်, မင်းရဲလှနတ်, ဦးစီးကတော်နတ် ခုနစ်ပါးနှင့် မြို့မရှိ-ကိုးပါးနတ်တို့ကို တင်ကြွားပသရန် အဘွယ်အရာစာရင်းများကို ဆက်သွင်းသည့်အတိုင်း တင်ကြွားပသရသည်။

မယ်တော်ဘုရား စံတော်မူရန် အိမ်ဖြူတော် ကုံဝင်ရန် ငွေရှစ်သောင်းကျော်စာရင်းကိုလည်း ဖတ်လျှောက်ရသည်။ ယင်းသည့် လပြည့်ကျော်ကိုးရက်နေ့ နှစ်စဉ်လှူဒါန်းမြဲ တန်ဆောင်အလှူတော်များအနက် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား တန်ဆောင်တော်, မယ်တော် ဆင်ဖြူမရှင်

တန်ဆောင်တော်များကို တောင်စမှတ် ရေစက်သွန်းပြာသာဒ်တော်သို့ အသျှင်မိဖုရားခေါင်ကြီးနှစ်ပါးနှင့်တကွ အသျှင် ဘဝရှင်မင်းတရားကြီး ဘုရား ထွက်စံတော်မူ၍ ကြည့်ရှုကြည်ညိုတော်မူသည်။

ယင်းသည့် လပြည့်ကျော် ဆယ်ရက်နေ့ အနောက် အတွင်းတော်တွင် သစ္စာတော်ပေးရန် ရှိသည်ကို အတွင်းဝန် ဆောမြို့စား မင်းကြီး မဟာမင်းထင် သင်္ခယာ, ဝန်ထောက် မြောင်လှမြို့စား မင်းကြီး သီရိ မဟာဇေယသူ, ဝန်ထောက် ပတ္တနဂိုရ်မြို့စား မင်းကြီး မဟာမင်းထင် ရာဇာ, သံတော်ဆင့်မြို့စာရေး မင်းထင်သင်္ခယာ, နာခံနေမျိုးမင်းထင် ကျော်ခေါင်တို့ အနောက်စမှတ် ပွဲတက်ဆောင်တော် ပဒုမာသန ရာဇ ပလ္လင်တော်ရှေ့ ခင်းကျင်းအသင့်ရှိသည့် အခင်း ကမ္ဗလာကော်ဇော မျက်နှာကြက်နေရာများတွင် တောင်ဆောင်တော် မိဖုရားဟောင်း၊ မိုးနဲ မိဖုရားဟောင်း၊ သီပေါမိဖုရားဟောင်း၊ ကျိုင်းတောင်း မိဖုရားဟောင်း၊ ဆင်တဲမိဖုရားဟောင်း၊ နှမတော် မင်းခင်းစုဘုရား၊ ညီမတော် ပြင်စည် စုဘုရား၊ မိုးညှင်းမင်းသမီး၊ မိုင်းညောင်းမင်းသမီး၊ မိုးမြိတ်မင်းသမီး၊ အိမ်ရှေ့ မင်းသမီးတော် မင်းပြင်မင်းသမီး၊ မယ်ဆွေတူ၊ မယ်ဆွေကြွား၊ မယ်ဆွေ ဝတို့နှင့် မင်းမိဖုရား သမီးတော် အိမ်ရှေ့မင်းသမီးတော်တို့ပါ တဆဲ့လေး။

မှန်နန်းအပျိုတော် မခင်ခေါင်းစု တဆဲ့တစ်၊ မအုန်းခေါင်းစု ခုနစ်၊ မသက်ခေါင်းစုကိုး၊ မမြစ်ခေါင်းစုတဆဲ့လေး၊ စုစုအပျိုတော် လေးဆဲ့တစ်။

မယ်တော် ဆင်ဖြူမရှင် အပျိုတော် နှစ်ဆဲ့သုံး၊ မယ်တော်ဘုရား အပျိုတော် တဆဲ့ငါး။

အသျှင်မိဖုရားခေါင်ကြီးနှစ်ပါး အပျိုတော် ခုနစ်ဆဲ့နှစ်၊ ထိပ်စုဘုရား အပျိုတော် တဆဲ့ခုနစ်၊ ပုခန်းကြီးစုဘုရားအပျိုတော် သုံးဆဲ့နှစ်၊ မိတ္ထီလာ စုဘုရားအပျိုတော်သုံးဆဲ့ငါး၊ အငြိမ့်အပျိုတော်သုံးဆဲ့တစ်၊ စုစုနှစ်ရာ့ရှစ်ဆဲ့ တစ်တို့ကို သစ္စာတော်ပေးသည်။ ယင်းသည့်နေ့မှာမပြီး၍ ကျန်အပျိုတော် များကို ယင်းသည့်လပြည့်ကျော်တဆဲ့တရက်နေ့တိုင်ရောက်မှ သစ္စာတော် ပေးရသည်။

ပေးရန်သစ္စာတော်လွှာကိုနာခံတော်နေမျိုးစည်သူကျော်ခေါင် ဖတ်မြွ ဖတ်၍ လက်နက်ငါးပါးရေနှင့်သွေးပြီးလျှင် ပေးရသည်၊ သစ္စာတော် တိုက် ဖလားမှာ မင်းမိဖုရားသမီးတော်တို့ကို အနားပတ္တမြားတရစ် စီရွေ

ဖလားနှင့် အပျိုတော်ကြီးတို့မှာရွှေသားဖလားနှင့်,အပျိုတော်ငယ်တို့မှာ ငွေဖလားနှင့် အနောက်ဝန်တို့ တိုက်စေရသည်။ ဖလားကို ရွှေတိုက် တော်က ထုတ်ပေးသည်၊ ရေမှာ ရေကြည်တော်ကပေးရသည်။

## မယ်တော်ဆင်ဖြူမရှင်ဘုရား ကျွန်တော်များကိုသူကောင်းပြုခြင်း မှူးတော်မတ်တော်တို့ကို သူကောင်းပြုခြင်းစသည်များ

မယ်တော်ဆင်ဖြူမရှင်မိဖုရားကျွန်တော်မျိုးတို့အနက် အရည်အချင်းရှိသူ တို့ကိုရွေးချယ်၍ နန်းမတော်စာရေကြီး, ဘဏ္ဍာစိုး,ဘဏ္ဍာစာရေး,ကျီစိုး အရာများကို အသျှင်မိဖုရားခေါင်ကြီးနှစ်ပါး ခွဲဝေခန့်ထားသည်။

ယင်းသည့် တန်ဆောင်မုန်းလပြည့်ကျော် တဆဲ့ငါးရက်နေ့ ခမည်း တော် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား မကျန်းမမာ ဝေဒနာစွဲ ရောက်တော်မူသည့်နေ့ကစ၍ နတ်ပြည်စံတော်မူပြီးနောက် ခမည်းတော် ဘုရားအရိုက်အရာတော်ဖြစ်သော ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံတော် မူသည့်တိုင်အတွင်း လျှို့ဝှက် ခဲခက်သည့် အကြံအစည် အရေးအရာများကို ညှိနှိုင်းတိုင်ပင် စီရင်ဆောင်ရွက်သည့် မှူးတော်မတ်တော်တို့မှာ ခမည်း တော် ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီးဘုရား ကျေးဇူးသစ္စာတော်, ငါ အသျှင်ကေရာဇ်မင်းမြတ်ကျေးဇူးသစ္စာတော်နှစ်ပါးကို စောင့်သိရိုသေစွာ တိုင်းနေပြည်သူ ရှင်လူအပေါင်းတို့ ငြိမ်ဝပ်ချမ်းသာကြောင်း၊ သာသနာ တော်မဆုတ်မယုတ်ဘိုးတက်စည်ပင်ပွင့်လင်းကြောင်း၊ ငါအသျှင်ကေရာဇ် မင်းမြတ်မှစ၍ သားတော်အစဉ် မြေးတော် အဆက် မြစ်တော် အညွန့် အဖွန့်မြင့်ရှည် တိုင်းပြည်နိုင်ငံ သာယာဝပြောစွာ တနေ့တခြား တိုးပွား ကြီးကျယ် ဖြိုးခိုင်ကြောင်းများကို ကြံစည်အားထုတ် ဆင့်ဆို စီရင် ထမ်း ဆောင်ကြသူများဖြစ်၍ ရှေး ဘေးလောင်းတော် ဘိုး လောင်းတော်တို့ ရွှေထီးရွှေနန်း တက်သိမ်းစံပယ်တော်မူလျှင် အမှုတော်ကိုကောင်းမွန်စွာ ထမ်းရွက်သည့် ရဲဘော်ကျွန်တော်မျိုးတို့ကို အထူး ဆု သနားတော်မူမြဲ ဖြစ်သည်နှင့်အညီ အမှုတော်ကို မသွေမဖည် ဖြောင့်ဖြောင့်ရိုးရိုး ကြိုးပမ်း အားထုတ် ထမ်းဆောင်သည့်အဖြစ်ထင်ရှားအောင် ထမ်းရည် ရွက်ရည် အင်ကိုထောက်၍ ချီးမြှောက် သူကောင်းပြုတော်မူသင့်သည့်အတိုင်း ရေ နံ့ချောင်းမြို့စား ဝန်ကြီး သတိုး မင်းကြီး မဟာ မင်းလှမင်းခေါင်ကျော်, ခန်းပတ်မြို့စား ဝန်ကြီး သတိုးမင်းကြီးမင်းလှမဟာဥဇနာတို့ကို ပဏ္ဍာမြား

တရစ်စီ အခွေးခုနစ်တန် ရွှေတောင်ဝှေးနှင့် မိုးကြိုးတကောင်းဖုံး သနား တော်ခံစေ။

လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီး သတိုး မင်းကြီးမဟာမင်းလှစည်သူ ကျော်ကို သတိုးသုဓမ္မမဟာသက်တော်ရှည် ဘွဲ့နှင့် မိုးကြိုးတကောင်းဖုံး သနားတော် ခံစေ။

ဝက်မစွတ်မြို့စား သတိုး မင်းကြီး မင်းလှ မဟာ မင်းခေါင် သီဟသူကို ဝန်ကြီး သတိုးမင်းကြီးမဟာသီရိစည်သူ, သတိုးမင်းကြီးမဟာမင်းလှမင်း ခေါင်ကျော်, သတိုးမင်းကြီးမင်းလှမဟာဥဇနာ, သတိုးသုဓမ္မမဟာသက် တော်ရှည်တို့နှင့် ဘက်၍ ဝန်ကြီးခန့်စေ။

ဝက်မစွတ်မြို့စား ဝန်ကြီးသတိုးမင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူ ကို လောင်းရှည်မြို့စားဝန်ကြီးသတိုးမင်းကြီးမဟာသီရိစည်သူနည်း အစီး အနင်းအဆောင်အရွက်နှင့် တနှစ်လျှင် ရန်ပုံတော်ငွေ တသောင်းနှစ် ထောင် သနားတော်ခံစေ။

အတွင်းဝန် ရွှေတိုက်ဝန် တောင်ခွင်မြို့စား မင်းကြီးမဟာမင်းထင်စည် သူကို သတိုးမင်းကြီးမဟာမင်းထင်စည်သူဘွဲ့နှင့် သနားတော်မြတ်ခံရရင်း ရန်ပုံငွေခြောက်ထောင်တွင် နှစ်ထောင့်လေးရာတိုး၍ တနှစ်လျှင် ရန်ပုံ တော်ငွေ ရှစ်ထောင့်လေးရာ သနားတော်ခံစေ။

လှိုင်းတက်မြို့စား မင်းကြီးမဟာမင်းခေါင်သင်္ခယာကို အတွင်းဝန်မင်း ကြီး မဟာမင်းထင်သင်္ခယာ,မင်းကြီးမင်းခေါင်ကျော်,သတိုးမင်းကြီးမဟာ မင်းထင်စည်သူတို့နှင့် ဘက်၍အတွင်းဝန် ခန့်စေ။

အတွင်းဝန် လှိုင်းတက်မြို့စား မင်းကြီး မဟာ မင်းခေါင်သင်္ခယာကို အတွင်းဝန် ဆောမြို့စားမင်းကြီးမဟာမင်းထင်သင်္ခယာနည်း အစီးအနင်း အဆောင်အရွက်နှင့် တနှစ်လျှင်ရန်ပုံတော်ငွေ ခြောက်ထောင်သနားတော် ခံစေ။မြို့ဝန် မြို့သာမြို့စားမင်းကြီးမဟာမင်းလှမင်းခေါင်သူရိန်ကို ကတ္တီပါ အုံးဝန်း, မိုးကြိုးထွေးခံ သနားတော်ခံစေ။

မြို့ဝန် စုန်းမြို့စား မဟာမင်းလှစည်သူကို မင်းကြီး ဇေယဂါမဏိ ဘွဲ့နှင့် သနားတော်မြတ်ခံရရင်း ရန်ပုံတော်ငွေ သုံးထောင့်ခြောက်ရာတွင် နှစ် ထောင့်လေးရာတိုး၍ တနှစ်လျှင် ရန်ပုံတော်ငွေ ခြောက်ထောင် သနား တော်ခံစေ။

ဝန်ထောက် မြောင်လှမြို့စား မင်းကြီးသီရိမဟာဇေယသူကို ကတ္တီပါ အုံးဝန်း သနားတော်ခံစေ၊ သနားတော်မြတ်ခံရရင်း ရန်ပုံတော်ငွေ သုံး

ထောင့်ခြောက်ရာတွင် နှစ်ထောင့်လေးရာတိုး၍ တနှစ်လျှင် ရန်ပုံတော်ငွေ ခြောက်ထောင်သနားတော်ခံစေ။

ဝန်ထောက် ပတ္တနဂိုရ်မြို့စား မင်းကြီးမဟာမင်းထင်ရာဇာ,ဝန်ထောက်မြို့သစ်မြို့စားမင်းကြီးမင်းလှမဟာမင်းခေါင်,ဝန်ထော်ရန်အောင်မြင်မြို့စားမင်းကြီး မဟာမင်းလှမင်းခေါင်ရာဇာ တို့ကို မောင်းကတ္တီပါနီ ရွှေသားပန်းတဆွဲနှစ်၊ ရွှေနားဒွောင်းမီးထွင်း၊ ကတ္တီပါဝတ်လုံ ဖဲရံ ရွှေဖျင်တမိုက်တဆင့်တပ်၊ ရွှေစလွယ်တဆွဲနှစ်သွယ် အစီးအနင်းအဆောင်အရွက်နှင့်သနားတော်မြတ် ခံရရင်း ရန်ပုံတော်ငွေ သုံးထောင့်ခြောက်ရာတွင် နှစ်ထောင့်လေးရာတိုး၍ တနှစ်လျှင် ရန်ပုံတော်ငွေ ခြောက်ထောင် သနားတော်မြတ် ခံစေ။

သံတော်ဆင့်ဒေးဝန်းအကောက်ဝန်အတွင်းခြောက်စုသေနတ်စာရေးကြီး မဟာမင်းထင်ကျော်ကို ပေါက်မြိုင်မြို့ကို မြို့စားသနားတော်ခံစေ၍သနားတော်မြတ်ခံရရင်းရန်ပုံငွေသုံးထောင့်ခြောက်ရာတွင် တထောင့်နှစ်ရာတိုး၍ တနှစ်လျှင် ရန်ပုံတော်ငွေ လေးထောင့်ရှစ်ရာသနားတော်ခံစေ။

သံတော်ဆင့် အမြောက်ဝန် မင်းထင်ရာဇာကျော်ခေါင်ကို မဟာမင်းထင် မင်းခေါင်ဘွဲ့နှင့် သနားတော်မြတ်ခံရရင်းရန်ပုံတော်ငွေ သုံးထောင့်ခြောက်ရာတွင် တထောင့်နှစ်ရာတိုး၍ တနှစ်လျှင် ရန်ပုံတော်ငွေ လေးထောင့်ရှစ်ရာ သနားတော်မြတ်ခံစေ၍ အသီးအသီး သူကောင်းပြုတော်မူသည်။

မိုးနဲတပ်စစ်ကဲ မြင်းစုကြီးဝန် မင်းကြီး မင်းကျော်မင်းခေါင်ကို မြင်းစုကြီးဝန်အရာနှင့်လဲ၍ ကင်းဝန်၊ လက်ဝဲဝင်းမှူးသူရဲဝန်ကို သူရဲဝန်အရာက နုတ်၍ မဟာ မင်းထင် မင်းခေါင်ကျော်ကို သူရဲဝန်၊ မင်းကြီးမဟာမင်းလှမင်းခေါင်သီဟသူကို မြင်းစုကြီးဝန်၊ လက်သုံးတော်ကိုင် ရနေခင်မြို့စားကို မြောက်ဒဝယ်မိုလ်,ရွှေထီး၊ လက်သုံးတော်ကိုင်ကျောက်ဆောက်မြို့စားကို တောင်ဒဝယ်မိုလ်,ရွှေထီး၊ လက်သုံးတော်ကိုင် ပင်းသာမြို့စားကို ရွှေထီးသနားတော်မူသည်။

ထိုနှစ် နတ်တော်လဆန်းတရက်နေ့ ဖောင်ဝန်မင်းကြီး မဟာမင်းထင်ကို သနားတော်မြတ်ခံရရင်း ရန်ပုံတော်ငွေ သုံးထောင့်ခြောက်ရာမှာ တထောင့်နှစ်ရာတိုး၍ တနှစ်လျှင်ရန်ပုံတော်ငွေ လေးထောင့်ရှစ်ရာသနားတော်မြတ် ခံစေရသည်။

ယင်းသည့်နတ်တော်လဆန်း နှစ်ရက်နေ့ ခမည်းတော်မင်းတရားကြီးဘုရားလက်ထက် ခန့်ထားသူကောင်းပြုတော်မူသည့် ငွေခွန်ဝန် အသက်အရွယ်ကြီးရင့် အိုမစွမ်းရှိသည်နှင့် ငွေခွန်ဝန်အရာကို နုတ်သိမ်းတော်မူ၍ စားတော်ကွမ်းရေကိုင် မင်းလှမင်းထင်သီဟသူကို ငွေခွန်ဝန် ခန့်တော်မူသည်။

ထိုသက္ကရာဇ် အတွင်း ခမည်းတော် ပဌမ သင်္ဂါယနာတင် အသျှင်ဘဝရှင် မင်းဘရားကြီး လူ့ပြည်ငြိုး၍ နတ်ပြည် စံတော်မူရာ ခမည်းတော် မင်းတကြီးဘုရား အလောင်းတော်ကို မန္တာတ် စကြာမင်းတို့ အလောင်တော်ကို သင်္ဂြိုဟ်သည့်နည်း မင်းမိဖုရား မင်းညီ မင်းသားမှူးတော် မတ်တော် စော်ဘွား မြို့စား အပေါင်းတို့နှင့် ထွက်စံတော်မူ၍ ရွှေနန်းတော်အတွင်း ကောင်းမွန်စွာ သင်္ဂြိုဟ်တော် မူပြီးလျှင် တိုင်းနေပြည်သူ ရှင်လူသတ္တဝါအပေါင်းတို့ ငြိမ်သက်ချမ်းသာစွာ ခမည်းတော်မင်းတရားကြီးဘုရား အရိုက်အရာတော်ဖြစ်သော ရွှေထီးရွှေနန်းနှင့်တကွ တိုင်းခရိုင်နိုင်ငံအလုံးကို သားတော်မဟာဥပရာဇာ အိမ်ရှေ့မင်း သိမ်းအုပ်စိုးစံတော်မူကြောင်းများကို တိုင်းကြီးပြည်ကြီးချင်း ရာဇမဟာမိတ်လက္ခဏာနှင့်အညီ အီတာလျံနိုင်ငံကိုအစိုးရသော အီတာလျံမင်းသို့ပေးရန် ရာဇသံစာကို ဆင်နှင့်တင်ဆောင် ရွှေထီးအုပ်မိုး၍ ယင်းသည့်နတ်တော်လဆန်း နှစ်ရက်နေ့ ရွှေနန်းတော်က တပ်ဝင်း အခင်းအကျင်းနှင့် ဝန်ကြီး, အတွင်းဝန်, မှူးတော်မတ်တော်တို့ ကြီးကြပ်လိုက်ပို့ သင်းဘောဆိပ်သို့ရောက်ကာလ စကြာယဉ်မွန် သင်းဘောတော်နှင့် တင်ဆောင်ယူသွားရ၏။

ယင်းသည့်လဆန်း ခုနစ်ရက်နေ့ ဖောင်ဝန်မင်းကြီး မဟာမင်းထင်ကို ကျောက်ရဲမြို့ကို မြို့စားသနားတော်မူသည်။ ယင်းသည့်လဆန်း ကိုးရက်နေ့ မြင်းခင်းသဘင်တော် မတိုင်မီ ရွှေနန်းတော်အတွင်း မြေနန်းတော်ရှေ့ ရှောက်သီး ငှက်ပျောပင်များကို ကြပစ်စိုက်ထားစေ၍ တပ်ဗိုလ်ဇစ်ကဲ အရာရှိစုံနှင့် ကသည်းမြင်း, အတ္တပတ်မြင်းအမှုထမ်း လူတရာ့နှစ်ဆဲ့ခုနစ်တို့ သုံးကြိမ်သုံးခေါက်စီ စီးနည်းအထွေထွေ စီးပြ စိုင်းနှင်၍ ဘယ်ပြောင်းညာပြန် မားရေး လှံရေး ထိုးခုတ်ကစားကြသည်ကို ဘဝရှင်မင်းကရားကြီးဘုရား ထွက်စံကြည့်ရှုတော်မူပြီးလျှင် အထိုးအခုတ် ကျင်လျှင် ပွဲလမ်းရသသူတို့ကို ပိုးပုဆိုး, ဖဲပုဝါ, ပိုးပန်းပုဝါ,ဗုဇွန်ထုပ်ခေါင်းပေါင်း, ငွမ်းခံအင်္ကျီ ဆုသနားတော်မူသည်။

ယင်းသည့်လဆန်းဆယ်ရက်နေ့ ပြင်စည်မင်းသား-သား မင်းရဲမင်းလှ မင်းခေါင်ကို နေရာတော်နေ မင်းသားယတ်နေရာနှင့် မင်္ဂလာဈေးကို အစား သနားတော်မူသည်။

ယင်းသည့်လဆန်း တဆဲ့တရက်နေ့ နိုင်ငံတော်အတွင်း အရပ်ရပ် မြို့ ကျေးရွာသူကြီး အထိန်းအအုပ်တို့ကို မြို့ရွာ နယ်မြေအတွင်း ဖြစ်ပွားကြ သည့် တရားရာဇဝတ်မှုများက အစဉ်ဆက်သွင်းမြဲ ခိုင်ကွမ်းဘိုးငွေတော် များကို အဆက်အသွင်းမရှိစေရ၊ မြို့ရေးရွာမှုမှစ၍ အမှုတော်ရှိရာ ကြိုး စားအားထုတ် ထမ်းအားရွက်အား တိုးတက်အောင် မြို့ရွာသူကြီးအထိန်း အအုပ်တို့ကို အမိန့်တော်နှင့် အစား သနားတော်မူသည်။

လက်သုံးတော်ကြီးကိုင် ရေနံသာမြို့စားကို စီးတော်မြင်းဝန်၊ လက် ဘက်ရည်တော် တပယ်မြို့စားယို လက်နက်တိုက်ဝန်၊ မြတိုက်သံဆင့် မင်း ထင်သီရိစည်သူကျော်ကို သံတော်ဆင့်ဆောမြို့စား၊ မြတိုက်သံဆင့် မဟာ မင်းလှမင်းခေါင်ကျော်ကို သံတော်ဆင့်ပန်းတည်းဝန်၊ တံခါးနီမှူး မင်းထင် ကျော်ခေါင်ကို တံခါးနီမိုယ်၊ လက်သုံးတော်ကိုင် မဟာမင်းလှမင်းထင် သီရိကို မြောက်မာရဘင်ဗိုလ် မြို့ကြီးမြို့စား၊ လက်သုံးတော်ကိုင် ရွှေတိုက် ကြပ် မင်းလှမင်းထင်ကျော်ခေါင်ကို အချုပ်ဝန်၊ လက်သုံးတော်ကိုင် နေမျိုးမင်းထင်သီလဝကို ယွန်းစုဝန် ခန့်တော်မူသည်။

ယင်းသည့်လဆန်းတဆဲ့နှစ်ရက်နေ့ မိုးမြိတ်စော်ဘွားက မြင်းရုံဆယ် စီးနှင့်တကွ ထူးမြတ်သည့်မြင်းတော်တစ်၊ မိုင်းကိုင်းမြို့စားက မြင်းရုံရှစ် စီးနှင့် တကွ ထူးမြတ်သည့် မြင်းတော်တစ်များကို ဆက်သည်။

ယင်းသည့် နတ်တော်လဆန်း သုံးရက်နေ့ ရွှေနန်းတော် မြောက် ဥယျာဉ်တော်အတွင်း မယ်တော်ဘုရား စံနေတော်မူရန် အိမ်ဖြူတော် ဆောက်လုပ်တော်မူမည်ကို အခါတော်အတိုင်း ရွှေပန်နက်-ငွေပန်နက် ချမှတ်ရသည်။

လင်္ကာဒီပမည်သောသီဟိုဠ်ကျွန်းရွှေ သီဟိုဠ်အမတ်မာရ်ထိန်ရာဇပကွ က မြတ်စွာဘုရားသာသနာတော် အထူးသဖြင့် စည်ပင်ထွန်းလင်းအောင် စောင်မချီးမြှင့် ကြည့်ရှုတော်မူပါမည်အကြောင်းနှင့် လျှောက်ထားချက် အရ သီဟိုဠ်ကျွန်းတွင် သာသနာတော်မြတ် အစီးအပွားကို ချီးမြှင့်ရွက် ဆောင်တော်မူမည် အကြံတော်ရှိသည်အတိုင်း သီဟိုဠ်ကျွန်း သတ္တနံမြို့ရှိ

မြတ်စွာဘုရား လက်ယာစွယ်တော်မြတ်ကို လှူဒါန်းရန် အထူးထူးသော လှူဘွယ်ဝတ္ထု၊ ထေရ်ကြီးဝါကြီး ရဟန်းသံဃာတော်တို့ကို လှူဒါန်းရန် ပရိက္ခရာရှစ်ပါး၊ ကြေးကမ္ဗဝါစာ၊ သီဟိုဠ်အမတ်နှင့် လူကြီးသူကြီးများကို ပေးကမ်းရန် ထည်မျိုးအုပ်မျိုးစုံများကို ထုတ်ပေး သနားတော်မူ၍ ပိဋကတ်တော်ထားရန် သင့်တင့်ရာ အရပ်ဌာနများကို ကြည့်ရှုမှတ်သားစေရန် အထက်ခမည်းတော် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက် သက္ကရာဇ် (၁၂၃၉) တထောင့် နှစ်ရာ့ သုံးဆဲ့ ကိုးခု တပို့တွဲလ လက်ဘက်ရည်တော် စိန်တုံးလှေအုပ် နေမျိုးမင်းလှဇေယသူကို အမိန့်တော်နှင့် စေလွှတ်ရာ သီဟိုဠ်ကျွန်းသို့ရောက်လျှင် သီဟိုဠ်ကျွန်းရှိ အမတ်ကြီး လူကြီးတို့ ပွဲသဘင်အခမ်းအနားနှင့် ကြိုယူ၊ ခါတ်တော်များကို ဖူးမြော် လှူဒါန်းပူဇော်ပြီးနောက် လှူဒါန်းပေးကမ်းရန်များကို ထေရ်ကြီးဝါကြီး ရဟန်းသံဃာတော်, အမတ်ကြီးလူကြီးတို့ကို အသီးအသီး လှူဒါန်းပေးကမ်း၊ ပိဋကတ်တော်ထားရန် သင့်တင့်သည့် အရပ်ဒေသများကို ကြည့်ရှုပြန်လာရာ သီဟိုဠ်ကျွန်း ကောလမ္ဗမြို့စီရင်စု နိဂမ္ဗုမြို့နေ အမတ် ဟိန္ဒရိဒိဆီလဝဂုဏစေကရ,က ဆက်သလိုက်သည့် ပုလဲအဆင်း မြတ်စွာဘုရားခါတ်တော်ဆူရေတစ်ကို ငွေကြာပွင့်ခံရွှေကြာချပ်အုံကြုတ် အတွင်းထည့်သွင်း၍ ဝင်းကြုတ်ပါ ကြာပွင့်စိုက် အရပ်ပမာဏ တတောင်ခန့် သပိတ်မှောက် အောက်ခြေတွင် ကျောက်နီနှင့် နီလာ တလုံးခြားပတ်လည်တရစ်စီ၊ အထက်လည်သီးလေးမျက်နှာ နီလာရှစ်လုံး အထွဋ် နီလာစီတပ်သည့်ရွှေစေတီတစ်။

ဂါဠုမြို့စီရင်စု ဒုဒန္ဒုရွာနေ ပိယာရတနတိဿမထေရ်၏ ဒါယကာက ဆက်သလိုက်သည့် မြတ်စွာဘုရား ခါတ်တော်ကြီးငယ် ဆူရေနှစ်ကို ငွေကြာပွင့်အတွင်းထည့်သွင်း၍ ငွေကြာပွင့်စိုက် အရပ်ပမာဏ နှစ်မိုက်လေးသစ်ခန့် သပိတ်မှောက် အထက် လည်သီးလေးမျက်နှာ သီဟိုဠ်စိန်လေးလုံးစီတပ်သည့် ငွေစေတီကြီး ဆူရေတစ်။

တရပ်-ဝင်းရွှာ အမတ်ကဆက်သလိုက်သည့် ပုလဲအဆင်း မြတ်စွာဘုရား ခါတ်တော်အငယ် ဆူရေနှစ်ကို ရွှေကြုတ်နှင့်ထည့်သွင်း၍ ရွှေကြာဘူးစိုက် အရပ်ခြောက်သစ်ပမာဏခန့် ငွေသားစေတီတစ်။

ကောလမ္ဗမြို့ စီရင်စု နိဂမ္ဗုမြို့နေ နန္ဒာရာမမထေရ်၏ ကျောင်းဒါယကာက ဆက်သလိုက်သည့် အရပ်ပမာဏ တမိုက်ခန့် အောက်ခြေကြေးဖြူ

ပလ္လင်ခံ တံကဲကြေးဖြူနှင့်တကွ ငွေသားမတ်ရပ် မြတ်စွာဘုရား ရုပ်ပွားတော် ဆူရေတစ်။

၎င်းမြို့နေ မြန်မာလူမျိုး ဘေသမီးမိယတ် ဆက်သလိုက်သည့် အလျားတမိုက်ဃေးသစ်, အနံသုံးသစ်, ငွေပေလွှာတွင် မြန်မာအက္ခရာရေးအဘိဓမ္မာပဌာန်းပါဠိတော် ငွေပေချပ်ရေ လေး၊ ၎င်းဆက်ကြေးခုံခံ ငွေကြာပွင့်တစ်များနှင့် ကောလမ္ဗမြို့စီရင်စု နိဂမ္ဗုမြို့နေ နန္ဒာရာမ မထေရ်ဆက်သသည့် အနုရာဓမြို့ရှိ စေတီဆင်းတု၊ ဗောဓိပင်ပုံမှန်ကားတစ်။

ဂါဠုမြို့စီရင်စု ဗာလိပိတ္တိမောဒရ ဇနပုဒ်နေ မာရ်ထိန်ရာဇပက္ခအမတ်ကဆက်သည့် သီဟိုဠ်ကျွန်းပုံစာအုပ်၊ အိန္ဒိယနိုင်ငံအတွင်း ထူးဆန်းသည့် အကြောင်းအရာပုံစံ စာအုပ်။

မာရ်ထိန် ရာဇပက္ခအမတ်က ဘုန်းတော် ကြီးမြတ်တော်မူလှသော ဘဝရှင်မင်းတရားကြီး အလုံးစုံ ရန်အပေါင်းတို့ကို အောင်မြင်တော် မူစေကြောင်း ရေးသားပေးအပ် ဆက်သလိုက်သည့် ရှစ်ဂါထာ ပါဠိအနက်။

ကောလမ္ဗမြို့နေ ဇုန္နာသဘညာဏသာမိ မထေရ်, ၎င်း ကောလမ္ဗမြို့ သေလဗိမ္ဗာရာမတိုက် နေ ပိယာရတနတိဿ မထေရ်, ကောလမ္ဗမြို့ ဒဒ္ဒမုရွာ သေလဗိမ္ဗာရာမတိုက်နေ, ဂါဠုမြို့ ပရမာနန္ဒတိုက်နေ,သုဒဿနာရာမတိုက်နေ, မထေရ်ခြောက်ဦးတို့က လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီးသို့ ပေးသည့် သန္ဒေသကထာ။

၎င်းပြင် သေလဗိမ္ဗာရာမတိုက် ဒါယကာနှစ်ဦးတို့က ဘုန်းတော်ကြီးမြတ်တော်မူလှသော ဘဝရှင်မင်းတရားကြီးသို့ လျှောက်ထားသည့် စာ၊ ဂါဠုမြို့နေ ဒပွသတိယန္ဒသား-ဂုဏဝဓနက ဝန်ကြီးမင်းများထံ အစီရင်ခံစာများကို ဆောင်ယူပြန်လာရာ သက္ကရာဇ် (၁၂၄၀) တဆောင့်နှစ်ရာ့သေးဆယ်ခု နတ်တော်လဆန်း ငါးရက်နေ့ ရွှေမြို့တော် ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်တွင် ယင်းသည့်လပြည့်ကျော် သုံးရက်နေ့ အစီအစဉ်တပ်အခင်းအကျင်း အခမ်းအနားများနှင့် လွှတ်တော်က မှူးတော်မတ်တော် အရာရှိတို့ ရောဝတီသင်းဘောဆိပ်ရောက် သွား၍ ဓာတ်တော်စေတီတော်များကို ရွှေထမ်းစင်နှင့် တင်ဆောင် ရွှေထီးအုပ်မိုး ပင့်ယူပြီးလျှင် ဆက်သွင်းရ၏။

ရွှေနန်းတော်သို့ရောက်သည့်ကာလ ဆက်သလိုက်သည့် ရုပ်တုဆင်းတုစေတီတော်, ပဌာန်းငွေပလွှာများကို အမိန့်တော်နှင့် ရွှေနန်းတော်

ဦး ဘုရားဆောင်တော်သို့ ပင့်ဆောင်သွင်းထားရ၏။ စေတီဆင်းတုဗောဓိပင်ပုံမှန်ကားနှင့် အိန္ဒိယနိုင်ငံအတွင်း အကြောင်းအရာ ပုံစံစာအုပ်များကိုမူကား ရွှေလက်တော်သို့ ဆက်သရသည်။

ယင်းသည့်လပြည့်ကျော် လေးရက်နေ့ နံနက်ကစ၍ လပြည့်ကျော် တဆဲ့သုံးရက်နေ့တိုင် ရွှေမြို့တော်ရွှေပြင် ဝိသုတာရာမတိုက် ပရက္ကမ ဆရာတော် အမှူးရှိသော လေးပြင်လေးရပ် သီတင်းသုံးနေသည့် တံဆိပ်တော်ရ–မရ ဆရာတော် သံဃာတော်ရဟန်းသာမဏေတို့ကို ရွှေနန်းပြာသာဒ်တော် သီဟာသနရာဇပလ္လင်တော်ဦး မြေနန်း ဆောင်တော်သို့ ပင့်တော်မူပြီးလျှင် မင်းညီမင်းသား မှူးတော်မတ်တော်အပေါင်းတို့နှင့် ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား, နန်းမတော်အသျှင်မိဖုရားခေါင်ကြီး နှစ်ပါးနှင့် နေ့စဉ်ထွက်စံတော်မူ၍ သပိတ်သက်န်းနှင့်တကွ ကိုယ်တော်တိုင် ဆွမ်းကြီးလောင်းလှူတော်မူသည်။

ထိုနှစ် ပြာသိုလဆန်းသုံးရက်နေ့ ရှေးမင်းစဉ်မင်းဆက်သဘင်မင်းခမ်းစသည်တို့နှင့်မကင်းသော ယိုးဒယားဇာတ်ကြီး, မြန်မာဇာတ်ကြီး အတီးအက၊ ကျွမ်းခရာပုံထောင် အတတ်သည် ပညာသည်အမှုထမ်းလူပေါင်းလေးရာ့သုံးဆယ်ကျော်တို့ကို တောင်ဘက်ကိုးခရိုင် ဆည်တော် မြောင်းတော် ရေသောက်တဆဲ့လေးဌာနတွင် လယ်ပယ်မြောက်ထောင့်လေးရာကို အထိုက်အလျောက် စာရင်းရန်ထားဆက်သွင်းစေ၍ အမိန့်တော်နှင့်အစား သနားတော်မူသည်။

ယင်းသည့်လဆန်း၄ ါးရက်နေ့ မြောက်ဥယျာဉ်တော်အတွင်းချုပ်ထားရှိသည့် ပဉ္စမသင်္ဂါယနာတင် ဘဝရှင် ခမည်းတော်မင်းတရားကြီးဘုရားသားတော် မြေးတော်တို့ကို ရွှေနန်းတော်အတွင်း ချုပ်ထားရှိသည်မှာ-သည့်ကဲ့သို့ ရွှေနန်းတော်အတွင်း အရှည်ထာဝရနေထိုင်စေရန်မသင့်သည်တကြောင်း၊ နေရာဌာနလည်း ကျဉ်းကျပ်ရှိသည်တကြောင်း၊ မင်းစဉ်မင်းဆက် ကိုးကွယ်တော်မူသည့် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်, မဟာဗောဓိသား ရုပ်ပွားတော်များ ကိန်းဝပ်တော်မူသည့် အုတ်ကျောင်းတော်များနှင့် နီးစပ်သည်တကြောင်း၊ မယ်တော်ဘုရားအိမ်ဖြူတော်ဆောက်ရာဌာနနှင့် နီးစပ်သည်တကြောင်းများကြောင့် ရွှေမြို့တော်ကြီးအတွင်း သင့်ရာရပ်ကွက်တွင် ပတ်လည်အုတ်တံတိုင်းကာရံ၍ ထိုအတွင်း၌မင်းသားတပါးလျှင် ကိုယ်လုပ်တော် သားသမီးနှင့်တကွ နေထိုင် နိုင်လောက်အောင်

တအိမ်စီ ဆောက်လုပ်ပြီးလျှင် နေ့ညဥ့်မပြတ် အမြဲစောင့်ရှောက်စေရန် သေနတ်အမှုထမ်းတို့ နေရာတဲနန်းများနှင့်တကွ ဆောက်လုပ်ပြောင်းရွှေ့ နေထိုင်စေရလျှင် သင့်လျော်ရန် ရှိကြောင်းနှင့် အစည်းအဝေးဝင် မှူး တော် မတ်တော်တို့ စုံညီညှိနှိုင်းချက် ဆက်သွင်းရှိသည့်အတိုင်း ရွှေနန်း တော်ကြီး အနောက်မျက်နှာ စည်ရှည်တံခါး လမ်းမတော် တောင်ဘက် ရွှေးလက်ဝဲကွက်အတွင်း စတုရန်း တာလေးဆယ်ကျော်ရှိသော ဝင်းရာ မြေတွင် လွှတ်တော်အရာရှိတို့ကြီးကြပ်စေ၍ ဖြီးခိုင်ကောင်းမွန်စွာ အုတ် ဝင်းထောင်ကြီးလုပ်ဆောင်ရသည်။

ယင်းသည့်လဆန်း ခြောက်ရက်နေ့ အထက်ခမည်းတော် ပဥ္စမသင်္ဂါ ယနာတင် ဘဝရှင်မင်းတရားကြီးဘုရား ကြည်ညို ကိုးကွယ်တော်မူရင်း စန္ဒိမာဘိသီရိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု-တံဆိပ်တော်ရ စံကျောင်း ဆရာတော်အရိုးကို နှံ့ထားရာ မဟာဇောတိကာရာမတိုက် အရှေ့ထောင့် အလယ်မဟာရံအတွင်းအရိုးအိုးစေတီကိုမျို၍ တောင်ဆောင်တော်မိဖုရား ဟောင်းက အုတ်ရိုး သိမ်ပြာသာဒ်တည်လုပ်ပြီးပြေ ရှိသည်ကို တောင် ဆောင်တော်မိဖုရားဟောင်းက ရေစက်သွန်းထွက်ပါရမည့်အကြောင်းနှင့် လျှောက်ထားရာ အမိန့်တော်နှင့် တောင်ဆောင်တော် မိဖုရားဟောင်း, သမီးတော် မိုးညှင်းမြို့စားမင်းသမီးတို့ကို အရိုးအိုးသိမ်ပြာသာဒ်သို့ထွက်၍ ရေစက်သွန်းလှူစေသည်။

## သပြေတန်းခံမြို့ ပြီးစီးခြင်း, မင်းသားများ သူကောင်းပြုခြင်း စသည်များနှင့် အတွင်းဝန်-ဝန်ထောက်ခန့်ခြင်း

အဝမြို့ ဒုဋ္ဌာဝတီမြစ် အရှေ့ဘက် ဧရာဝတီမြစ် ကမ်းနဖူး သန်လျက် စွန်းတွင် တည်လုပ်ပြီးပြေရှိသည့် ရွှေကြက်ယက်ခံမြို့တော်ကို အမိန့်တော် နှင့် သိမ်းရန် ဘုမ္မာဆရာတော် တကျိပ်နှစ်ပါးနှင့်တကွ တံဆိပ်ရဆရာ တော် သံဃာတော်တို့ကို စကြာရန်လွှင့် တိုက်သင်းဘောတော်နှင့် တင် ဆောင်ပင့်ယူ၊ လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီး, လယ်ဝန် ယောမြို့စား. မြို့ဝန် စုန်းမြို့စား. ကျီဝန်မိုးတားမြို့စား, ဝန်ထောက် မြောင်လှမြို့စား, သံ တော်ဆင့် အမြောက်ဝန်, အသည်ဝန်,စာရေးကြီး,သစ်တောဝန်တို့ သွား ရောက်ပြီးလျှင် ဆရာတော် သံဃာတော်တို့ကို နေ့ဆွမ်းကပ်လှူ ကျွေးမွေး ပြီးနောက် ထိုနှစ် ပြာသိုလဆန်းဆယ်ရက်နေ့ နေနှစ်ချက်တီးကျော် နှစ်

မောင်းခန့်အချိန် အမြောက်သံကြားအခါတော်နှင့် ပရိတ်တော်တရားတော် နာ၍ ခံမြို့တော်ကို သိမ်းကြသည်၊ ညဉ့်နေ့မပြတ်ယိုးဒယားဇာတ်ကြီး, မြန်မာဇာတ်ကြီး အတီးအကရုပ်စုံသဘင်မှစ၍ ကျွမ်း,ခရာပုံထောင်, လက်ဝှေ့လက်ပမ်းစသောပွဲသဘင်စုံများကိုလည်း စည်ပင်သာယာအောင် ခံရ၏။

ယင်းသည့်နေ့ မိုးမြိတ်မင်းသားဲ-သားလှိုင်တက်မင်းသား သုသီရိမဟာဓမ္မရာဇာကို တကောင်းမြို့ကို မြို့စားပေး၍ တံခါးဝိတ်မင်းသားကြီးနေရာသို့ ထားတော်မူသည်။

စိန်တုံးလှေအုပ်မင်းသား မဟာသုသီရိဓမ္မရာဇာကိုကြီညွှပ်မြို့၊ ပွဲတိုင်းကျော်လှေအုပ်မင်းသား သီရိသုမဟာဓမ္မရာဇာကို ဟင်္ဂမော်မြို့၊ မိုးညှင်းမင်းသား-သား ဆွေတော်အုပ်မင်းသား သုသီရိမဟာဓမ္မရာဇာကို မိုးညှင်းမြို့များကို မြို့စားပေးတော်မူ၍ မင်းသားကြီးတို့ နေရာ အဆောင်အရွက် ပေးတော်မူသည်။ ကောလင်းမင်းသား-သား မင်းရဲနန္ဒသူကို သီရိသုဓမ္မရာဇာဘွဲ့နှင့် မင်းသားကြီးတို့နေရာကို ပေးတော်မူသည်။

နတ်မောက်မင်းသား ရက်ကန်းတော်အုပ် မင်းသား မင်းရဲကျော်ခေါင်, တောင်ငူမင်းသား-ကျောက်ရဲမင်းသား မင်းရဲကျော်ထင်,မက္ခရာမင်းသား-မင်းရဲရာဇာတို့ကို မင်းသားလတ်တို့ နေရာ အဆောင်အရွက် ပေးတော်မူသည်။

ပုသိန်မင်းမြေး-မင်းရဲကျော်ခေါင်,လှိုင်းတက်မင်းသား-သားမင်းရဲမင်းလှစည်သူ, ညီ-မင်းရဲမင်းလှသီဟသူ, ညီ-မင်းရဲမင်းထင်သီဟသူ, ကောလင်းမင်းသား-မြေး မင်းရဲသီဟကျော်, ပြည်မင်းသား-မင်းရဲသီရိရာဇကျော်, မက္ခရာမင်းသား-သား မင်းရဲကျော်ထင်တို့ကိုလည်း မြင်းမူး မင်းသားတို့ နေရာ အဆောင်အရွက်ပေးတော်မူသည်။

ယင်းသည့် လဆန်းတဆဲ့တရက်နေ့ အဝကိုးသင်း ရဲပတိုင်းလေးသင်း အောက်မားတော်များနှင့် စလင်းမြို့ စီရင်စု နယ်မြေအတွင်း ဒွေးတခွန်းတောက အောက်ငင်ခဲ့သည့် အတိုင်းငါးတောင် အစွယ်ပြင်ပေါ်နှစ်မိုက်ခန့် ဆင်တော်ကို ဆင်လက္ခဏာဖတ်တို့က ရွေးရည်ဆင်တော်ဖြစ်ကြောင်းနှင့် ဖတ်လျှောက်ချက်များကို ဆင်ဝန်အရာရှိတို့ကလျှောက်ထားရာ ဆင်တော်ကို ကျုံးသို့သွင်း၍ ကျော့ဖမ်းမြဲကျော့ဖမ်းရသည်။

ယင်းသည့်လဆန်း တဆဲ့သုံးရက်နေ့ သတိုင်ငွေခွန်မှူး ငွေခွန်အိုက ဆက်သသည့် ဆင်ပေါက်မနှစ်စီး အနက် ဆင်ပေါက်ကို ထမ်းရည့်ဆင်မကို မားရည် ရှိကြောင်းနှင့် ဆင်လက္ခဏာဖတ်တို့က ဖတ်လျှောက်ကြောင်းများကိုလည်း ဆင်ဝန်-ဆင်ဝန်ထောက်တို့က လျှောက်ထားကြသည်။

ယင်းသည့် ပြာသိုလပြည့်ကျော် နှစ်ရက်နေ့ ရှေးမင်းတကာတို့ လက်ထက် ဖျူဟာသဘင်စိစဉ်ကျင်းပမြဲဖြစ်သော ဆင့်မြင်း၊ရထား၊လေး၊မြား စသော မင်းမူဝိဇ္ဇာအတတ်မျိုးတို့၌ အကျုံးဝင်သော ဆင်ခင်းမြင်းခင်း စက်သွင်းသဘင်တော် ကျင်းပရန်ကို ရွှေနန်းတော်အတွင်း မြေနန်းတော် လက်ဝဲဘက်တွင် အမြင့် တဆဲ့ငါးတောင်ကစ၍ နှစ်ဆယ်၊ နှစ်ဆဲ့ငါးတောင်၊ သုံးဆယ်၊ ငါးဆယ်၊ အနောက်က အရှေ့သို့ အတည့်အတန်း စက်တိုင်ငါး စိုက်ထူပြီးလျှင် မြေနန်းတော်ဦး မင်းတက်သက္ကဒါန်လှေကားတော်မြောက် စံတော်မူရန်တဲကန္နားဖျင်းတော် ဆောက်လုပ် ပိတ်ဖြူ မျက်နှာကြက် မိတာန်ကြာယပ်လှဇ ရွဲကြက်လုပ်ဆွဲဆင်အသင့်ရှိစေ၍ ပြာသိုလပြည့်ကျော် သုံးရက်နေ့တိုင် မင်းညီမင်းသား၊ ဝန်ကြီး၊အတွင်းဝန်၊ ဝင်းတော်မှူး၊ မှူးတော်မတ်တော်၊လက်သုံးတော်၊လက်စွဲတော်တို့ သနားတော်မြတ်ခံရသည့် မျဉ်းမှောက်တိုစစ်ဝတ်တန်ဆာဆင်ယင်ပြီးလျှင် မြင်းကြိုးကစုံများကို စီးနင်း၍ တကိုယ်လျှင် ဆယ်ခေါက်ကျ လှံလျှင်ဆယ်စင်းစီ ကုန်အောင် ထိုးကြရသည်။

မင်းညီမင်းသားများမှာ မျဉ်းတိုမျဉ်းရှည်စစ်ဝတ်တန်ဆာအဆင်အယင်နှင့် ပေါင်းထုပ်ပဝါပေါင်း၍ ထိုးကြရသည်၊ ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင် မင်းတရားကြီးဘုရားမှာ အဘိုးအနဂ္ဃထိုက်တန်သော ရတနာအပေါင်းတို့ဖြင့်ပြီးသော မျဉ်းမှောက်တို စစ်ဝတ်တန်ဆာ ဆင်ယင်တော်မူပြီးလျှင် အသျှင်မိဖုရားခေါင်ကြီးနှင့်တကွ မင်းမိဖုရား မောင်းမမိဿံ ခြံရံတော်မူလျက် မြေနန်းတော် အထက်ကန္နားဖျင်းတဲတော်သို့ ထွက်စံကြည့်ရှုတော်မူသည်။

စက်ထိုးသဘင်တော်တွင် စက်စွဲသည့် မင်းညီမင်းသား၊ မှူးတော် မတ်တော်၊လက်သုံးတော်၊ လက်စွဲတော်တို့မှာ တလက်စွဲလျှင် ငွေပွင့်ထိုးပန်းပဝါတစ်၊ သဇင်ပန်းခိုင်တစ်စီ သနားတော်မူသည်။

မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ လက်သုံးတော်၊ လက်စွဲတော်တို့ စက်ထိုးသဘင်ပြီးလျှင် ကသည်း၊အတ္တပတ်မြင်းတပ်မိုလ် အရာရှိတို့နှင့်

မြင်းအမှုထမ်းတို့ရှောက်သီးခားခုတ်လှံထိုး, ဌက်ပျောပင်စိုက် ရေအိုးတင် ခါးခုတ်, မြင်းအစိုင်းအနှင် အရေးအရာများကို ထိုးခုတ်ပြပြီးနောက် ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ယင်းသည့်လပြည့်ကျော် လေးရက်နေ့ ဘဝရှင် မင်းတရားကြီးဘုရား လွှတ်တော်ရွှေ ဆင်ခင်းသဘင်တော်သို့ အထက်စက်သွင်းသဘင် ထွက်စံတော်မူသည့်နည်း စစ်ဝတ်အဆင်တန်ဆာတော် ဆင်ယင်ထွက်စံတော်မူပြီးလျှင် ဆင်တော်စီးရေ သုံးဆွဲနှစ်ကို တွဲဖက် တိုက်ခွေစေပြီးနောက် စစ်မြေအရပ်တွင်ဆင်တော်များကိုရဲဝံ့တုံ့စားအကြောက်အရွံ့မရှိရအောင် သေနတ် မီးပေါက်, ယမ်းမီးမြောက်ပိုင်းကာတို့ဖြင့် ပစ်ဖောက်ရိုက်ခတ် ချောက်လှန့်စမ်းသပ်သည်များကို ကြည့်ရှုတော်မူ၍ ရွှေနန်းတော်သို့ဝင်တော်မူသည်။

ယင်းသည့်လပြည့်ကျော်ခြောက်ရက် တနင်္ဂနွေနေ့ နေနှစ်ချက်တီးကျော် နှစ်မောင်းခန့်အချိန် ရွှေနန်းတော်ဦး မြေနန်း ပြာသာဒ်တော် အနောက်မျက်နှာ ကလပ်ထိပ်တွင် အကြောင်းမဲ့အခိုးအလျှံနှင့်တကွ မီးစွဲငြိသည်ကို လက်စွဲကလေးငမှန်, မင်္ဂလာလက်စွဲကလေးငဘိုးတို့ တက်၍ ရေနှင့်သတ်ငြိမ်းရာ မီးစဲငြိမ်းသည်။ ငမှန်, ငဘိုးတို့ကိုလည်း တကိုယ်လျှင် ငွေဒင်္ဂါးသုံးရာ, သားမွေးအင်္ကျီတစ် ပိုးပုဆိုးတစ်, ခေါင်းပေါင်း တစ်စီ ဆုပေးတော်မူသည်။

ယင်းသည့် ညဉ့်တချက်တီးကျော် တမောင်း အချိန် ရောက်ကာလ လည်း တနင်္ဂနွေဗိုလ် မကာရအိမ်သို့ ပြောင်းသည်။ အခိုးအလျှံနှင့်တကွ မီးစွဲငြိ ထင်မြင်သည့် အကြောင်းအရာများကိုလည်း ပညာရှိတို့က ဘုန်းတော်တန်းခိုးတော် ကဲလွန်ကြီးမြတ်သဖြင့် ကြီးရည်တော်မူသမျှ ပြီးမြောက်တော်မူအံ့သော နိမိတ်ဩဘာဖြစ်ကြောင်းများနှင့် မင်္ဂလာစကားလျှော် ထားကြသည်။

ယင်းသည့်လပြည့်ကျော်ခုနစ်ရက်နေ့ သံတော်ဆင့်ဒေးဝန်းအကောက်ဝန် ပေါက်မြိုင်မြို့စား မင်းကြီး မင်းလှမဟာမင်းထင်ကျော်, သံတော်ဆင့် အမြောက်ဝန် မြို့သစ်မြို့စား မဟာမင်းထင်ကျော်ခေါင်တို့ကို ဝန်ထောက် ခန့်တော်မူသည်။

ယင်းသည့်လပြည့်ကျော် ကိုးရက်နေ့ ခမည်းတော် ပဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရား ရွှေရုပ်တော် သွန်းလုပ်ရန် ရှိသည်ကို ဆင်ဖြူ

မရှင်အသျှင်မိဖုရားကြီးက ထုတ်ပေးတော်မူသည့် ရွှေခဲပါ ရွှေပုရပိုက် ခေါက်ချိန် ခြောက်ပိဿာ ငါးဆယ်နှင့် ယင်းသည့်နေ့ နေ့နှစ်ချက်တီး ကျော် ငါးမောင်းအချိန် ပညာရှိတို့ ရွေးချယ်ဆက်သွင်းသည့် အခါတော် အတိုင်း တောင်ဥယျာဉ်တော်အတွင်း စံနန်းတော် အရှေ့တောင်တွင် နတ်မောက်မင်းသား-သား ရက်ကန်းတော်အုပ် မင်းသား မင်းရဲမင်း ခေါင်ကျော်, သံတော်ဆင့် ပန်းတဉ်းဝန် မင်းလှစည်သူကျော်, ရွှေတိုက် စိုး ရွှေတိုက်ကြပ်တို့ ကြပ်မကြည့်ရှုပြီးလျှင် ရွှေတိုက် ပန်းထိမ်ခေါင်းအမှု ထမ်း, ပန်းတဉ်းကြေးသွန်းခေါင်းအမှုထမ်း ယက်တတ်လူတို့ သွန်းလုပ်ရ သည်။ ရွှေရုပ်တော် သွန်းလုပ်ချောမွေ့ပြီး အချိန် လေးပိဿာလေးဆယ် ရှိ၏။

ယင်းသည့်လပြည့်ကျော် တဆဲ့သုံးရက်နေ့ ရေနံချောင်းမြို့စားဝန်ကြီး, မကွေးမြို့စား ဝန်ကြီး, ဝန်ထောက် မြို့သစ်မြို့စားတို့ကို အမျက်တော်ရှိ၍ အရာနှင့်တကွ ဘွဲ့အမည်အရည် အဆောင်အရွက် စားကျေးမြို့ရွာများကို ရုပ်သိမ်းတော်မူသည်။

ထိုနှစ် တပို့တွဲလဆန်းတရက်နေ့ မြို့ဝန် နတ်ရှင့်ရွှေး သေနတ်ဗိုလ် မကျန်းမမာ အမှုတော် မထမ်းမရွက်နိုင် ရှိသည်နှင့် မြို့ဝန်နတ်ရှင့်ရွှေး သေနတ်ဗိုလ်အရာကို ရုပ်သိမ်းပြီးလျှင် ရန်ပုံတော်ငွေ သုံးထောင့်ခြောက် ရာပေးတော်မူ၏။ ပုခန်းငယ်မြို့ကိုလည်း မြို့စားပေးတော်မူ၏။

ယင်းသည့်နေ့ ကျောက်ရဲမြို့စား ဖောင်ဝန် မင်းကြီး မဟာမင်းထင် ကို မြို့ဝန်မင်းကြီးမဟာမင်းလှသူရိန်, မင်းကြီး ဇေယဂါမဏိတို့နှင့်ဘက်၍ ရွှေမြို့တော်ဝန် ခန့်တော်မူသည်။

ယင်းသည့်လဆန်းနှစ်ရက်နေ့ မြင်းစုကြီးဝန် မင်းကြီးမဟာမင်းလှမင်း ခေါင်သီဟသူ, သူရဲဝန် မင်းကြီးမင်းခေါင်မဟာကျော်ထင်တို့ကို အတွင်း ဝန်၊ စို့လေးဆယ်ဒိုင်းဝန်ပုဂံမြို့ဝန် မဟာမင်းထင်သခ်ယာကို ဝန်ထောက် ခန့်တော်မူပြီးလျှင် အတွင်းဝန် မင်းကြီး မဟာမင်းလှမင်းခေါင်သီဟသူ ကို ရေနံချောင်းမြို့၊ အတွင်းဝန် မင်းကြီး မင်းခေါင်မဟာကျော်ထင်ကို တိုင်တားမြို့၊ မြို့ဝန် ကျောက်ရဲမြို့စားကို သနားတော်မူရင်း ကျောက်ရဲမြို့ နှင့်လဲ၍ စလေမြို့ကို မြို့စားပေးတော်မူသည်။

ယင်းသည့်လဆန်း လေးရက်နေ့ပြိုဟ်ရှစ်လုံးနှင့်တကွ ကိတ်ပြိုဟ်, မိဿ ပြိုဟ်နတ်တို့ကို ရှေးအစဉ်ပူဇော်ရိုး စာဟောင်း စာတမ်းထွက်အတိုင်း

နန်းမြို့တော်အတွင်း အရှေ့မြောက်ထောင့်အရပ်တွင် ပညာရှိ အတွင်းဝန် ဆောမြို့စားနှင့် ပုဏ္ဏားပညာရှိတို့ ကြီးကြပ် ပူဇော်ရသည်။

ယင်းသည့်လဆန်း ခြောက်ရက်နေ့ ခမည်းတော် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရား အလောင်းတော် နှံထားကိုးကွယ်သည့် အုတ်နန်း ပြာသာဒ်တော်တွင် တံဆိပ်တော်ရ ဆရာတော်သံဃာတော်တရာ ပင့်ဘိတ်ပြီးလျှင် ပူးတော်မတ်တော်တို့ ကြီးကြပ်၍ ဆွမ်းလုပ်ကျွေးလှူဒါန်းရသည်။

### အိန္ဒိယ ဘုရင်ခံထံ ရာဇသံလွှတ်ခြင်း-စသည်များ

ထိုသက္ကရာဇ်အတွင်း ရတနာပုံ မဟာရာဇဌာနီ ရွှေပြည်တော်ကြီးကို ရှေးဦးလက်မွန် တည်ထောင် ဖန်ဆင်းတော်မူသော ခမည်းတော် ပဋ္ဌမ သင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီးဘုရားသည် နန်းစံနှစ်ဆဲ့ခြောက်နှစ်တိုင်တိုင် ရှေးရှေးသောသာသနာပြုတိုင်းပြုပြည်ပြုမင်းကောင်းမင်းမြတ်တို့ကဲ့သို့ အလုံးစုံသော မင်းကျင့်တရားအပေါင်းတို့ကို မလစ်မဟင်း မယွင်းမယိုစေရ၊ မြဲမြဲစွာ ဖြည့်ကျင့်တော်မူ၍ သာသနာတော်မြတ် အကျိုးစီးပွား, တိုင်းနေပြည်သူ သတ္တဝါအပေါင်းတို့၏အကျိုးစီးပွား, သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့၏ အကျိုးစီးပွား, ကိုယ်တော်မြတ်အစီးအပွားကို များစွာ ချီးမြှင့်ရွက်ဆောင်တော်မူပြီးလျှင် ဓမ္မတာသဘောကို မလွန်ဆန်နိုင်သဖြင့် ထူးမြတ်ကဲလွန်သော ဘုန်းတော် ဂုဏ်တော် ကြက်သရေတော် အပေါင်းတို့ကို အကြွင်းထားတော်မူခဲ့၍ နတ်ပြည်စံတော်မူလျှင် စကြာရတနာနှင့်တကွသော စကြာမင်း၏ဝန်ကို သားကြီးရတနာသာ ရွက်ဆောင် ခံစံနိုင်သကဲ့သို့ ခမည်းတော် မင်းတရားကြီးဘုရား အလောင်းတော်ကို စကြဝတေး မန္ဓာတ်မင်းတို့၏ အလောင်းကို သဂြိုဟ်သည့်နည်း မင်းမိဖုရား မင်းညီမင်းသား ပူးတော် မတ်တော် အပေါင်းတို့နှင့်တကွ ပဒေသရာဇ် ထီးဆောင်းမင်း အပေါင်းတို့ဖြင့် ခြံရံ ထွက်စံတော်မူ၍ ရွှေနန်းတော် အတွင်း အုတ်နန်း ပြာသာဒ်တော် တည်လုပ်၊ ကောင်းမွန်စွာ သွင်းနှံသဂြိုဟ်တော်မူပြီးလျှင် ခမည်းတော် မင်းတရားကြီးဘုရား အရိုက်အရာတော်ဖြစ်သော တိုင်းကားနိုင်ငံ အပေါင်းကို သားတော် မဟာဥပရာဇာ အိမ်ရှေ့မင်း သိမ်းအုပ်စိုးစံတော်မူ၍ တိုင်းနေပြည်သူ သတ္တဝါအပေါင်းတို့အား ရွှေဘုန်းတော်ရိပ်ကို ခိုလှုံလျက် ချမ်းသာစွာ နေထိုင်စေကြောင်း

များကို သက္ကရာဇ် (၁၂၄၀) တထောင့် နှစ်ရာ့လေးဆယ်ခု တပို့တွဲလဆန်း ခြောက်ရက်နေ့ ရာဇမဟာမိတ်လက္ခဏာနှင့်အညီ အိန္ဒိယဘုရင်ခံမင်းမြတ်သို့ပေးရန် ရာဇသံစာကို ဆင်နှင့်တင်ဆောင် ရွှေထီး အုပ်မိုးပြီးလျှင် ရွှေနန်းတော်က တပ်ဝင်းအခင်းအကျင်းများနှင့် လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီး ကြီးကြပ်၍ ရေဝတီမြစ်ဆိပ်ရောက် လိုက်ပို့ရသည်။ ဆိပ်ကမ်းသို့ရောက်ကာလ သင်းဘောတော်နှင့် တင်ဆောင် ယူသွားရသည်။

ယင်းသည့်လဆန်း တဆဲ့နှစ်ရက်နေ့ လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီးက သားကို မြတ်စွာဘုရား သာသနာတော်တွင်းသို့ ရှင်သာမဏေ အဖြစ်ဖြင့် ချီးမြှင့်ရာ ဘုရားအမှူးရှိသော သမ္ဗုတိသံဃာတော်တို့ကို လှူဒါန်းရန် အလှူဝတ္ထုများအနက် သံဃာတော် တပါးသင့် လှူဒါန်းရန် အသုံးအဆောင်များကို ကိုယ်တော်ပွား ရွှေနန်းတော်အတွင်း မြောက်စမုတ်တော်သို့ သွင်းပြဆက်သ လျှောက်ထားရာ သဝရှင်မင်းတရားကြီးဘုရား ရေစက်သွန်းချတော်မူသည်။

ယင်းသည့်လဆန်း တဆဲ့လေးရက်နေ့ လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီးက ရွှေမြို့တော်ကြီးအနောက်တောင် ကျောင်းတိုက်တွင် သားကို မြတ်စွာဘုရား သာသနာတော်တွင်းသို့ ရှင်သာမဏေအဖြစ် ချီးမြှင့်ရာ မယ်တော် အိမ်ဖြူရှင် အရှင်မိဖုရား တပ်ဝင်းအခင်းအကျင်းများနှင့် ထွက်စံတော်မူ၍ ရေစက်သွန်းတော်မူသည်။

မဘဲမြို့ကျေး ကျော်စဉ်တောက အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အတိုင်း ငါးတောင့်နှစ်မိုက် ဆင်တော်ကို ဆင်လက္ခဏာဖတ်တို့က ထမ်းရည်လက္ခဏာဖတ်လျှောက်သည်။ ဆင်တော်ကိုကျုံးသွင်း၍ ကျော့ဖမ်းမြဲ ကျော့ဖမ်းရသည်။ တောင်ငူမြို့ကျေးက ကျော့ဖမ်းရမိသည့် ဆင်မတော်ကိုလည်း ဆင်လက္ခဏာဖတ်တို့က မားရည်လက္ခဏာ ဖတ်လျှောက်သည်။

ယင်းသည့် တပို့တွဲလပြည့်ကျော် ရှစ်ရက်နေ့ ထောင်ကြီး အတွင်း အချုပ်အနှောင် ခံနေရသူ သုံးဆယ်မင်းသားဝရီး ဗန်းမော်အတွင်းဝန် မောင်ဘို၊ ရနောင်မင်းသားဝရီး ရေနံသာမြို့စား မင်းသား မောင်ရွှေ မောင်၊ စိန်တုံးမိဖုရား မောင် တပယ်မြို့စား မင်းသားမောင်ဘ၊ ညောင်ရမ်း မင်းသားဝရီး မြင်းစုကြီးဝန် မောင်တက်တူ၊ ရန်ကုန်ဝန်ဟောင်း မောင်အုပ်တို့ကို ကွင်လေ၏။

ယင်းသည့်လပြည့်ကျော်ကိုးရက်နေ့ သစ်ကြိတ်ကြီးမြို့စား မဟာသီရိသိုစံဘွားက ဆင်တော်ဆက်သည်ကို ဆင်ဝန်ထောက် လက္ခဏာဖတ်တို့က ဂေါရီဘ မင်္ဂလာဆင်တော် ဖြစ်ကြောင်းနှင့် လက္ခဏာဖတ်လျှောက်ကြသည်။

သီဟိုဠ်ကျွန်းနေ မာရ်ထိန်ရာဇပက္ခ အမတ်က ဆဒ္ဒန်ဆင်မင်း သခင်ဘဝရှင်မင်းတရားကြီး ဘုရား, အသျှင် မိဖုရားခေါင်ကြီးဘုရား, မယ်တော် ဆင်ဖြူမရှင်ဘုရား ကြည်ညို ကိုးကွယ်တော်မူရန် မြတ်စွာဘုရားဓာတ်တော်, မွေးတော်, စေတီတော်, ဆင်းတုတော်များကို ပေးအပ်ပြီးလျှင် အဆက်အသ စေလွှတ်သူ ကိုယ်စားလှယ် - ၀ိဇယဂုဏဝနုန ရတနာပုံ နေပြည်တော်ကြီးသို့ တပို့တွဲ လပြည့်ကျော် ဆယ်ရက်နေ့ ဆိုက်ရောက်ရှိသည်ကို လောကီ-လောကုတ္တရာ အကျိုးနှစ်ပါးကို ပေးစွမ်းနိုင်သော အမွန်ရတနာ ထူးမြတ်စွာသော ဓမ္မပဏ္ဏာ ဖြစ်သည်။ ဆောင်ယူပါလာရင်း ဓာတ်တော်,မွေးတော်,စေတီတော်, ဆင်းတုတော်များကို ကောင်းမွန်ရှိသေစွာ တပ်ဝင်း စီစဉ်ခင်းကျင်းပြီးလျှင် မှူးတော်မတ်တော်တို့ ကြီးကြပ်ကြိုယူ ဆက်သွင်းစေရမည်—အမိန့်တော်မြတ်အရ ဝန်ထောက်မြောင်လှမြို့စားနှင့် လွှတ်တော်အရာရှိ, တရားရုံးအရာရှိတို့ ရောဝတီမြစ်ဆိပ်ရောက်သွား၍ ကြိုယူပင့်ဆောင် ဆက်သွင်းရသည်။

ရွှေတော်သို့ရောက်လျှင် ဆက်သရန် စာရင်း ပါရှိသည့်အတိုင်း မယ်တော် ဆင်ဖြူမရှင်ဘုရား ကိုးကွယ်တော်မူရန် ဓာတ်တော်ဆူရေ-ငါး၊ အသျှင်မိဖုရားခေါင်ကြီးဘုရား ကိုးကွယ်တော်မူရန် ဓာတ်တော်ဆူရေ-လေး၊ညီမတော်ရမည်းသင်းစုဘုရား ကိုးကွယ်တော်မူရန် ဓာတ်တော်ဆူရေ-သုံးများကို အမိန့်တော်နှင့်စားတော်ဝန်စကုမြို့စားသို့ပေးအပ် အသီးအသီး ဆက်သစေ၍ ကျန်ဓာတ်တော်ဆူရေ သုံးဆဲ့ခုနစ်၊ ညဏ်တော်နှစ်သစ်ခန့် ရွှေဆင်းတု တစ်၊ ငွေ ဆင်းတု တစ်၊ ရွှေငွေမိုးကြိုးအရောင်သုံးမျိုးပါ အောက်ခြေအချင်းပမာဏတမိုက်, အမြင့်ပမာဏ နှစ်မိုက်ခန့် စေတီတစ်၊၎င်းအတွင်းရွှေ ငွေ မိုးကြိုး အရွက်အသီးပါ ဓာတ်တော်ထည့်ကြုတ်နှင့်တကွ ငွေပန်းခိုင်သုံး၊ ကြေးနီကြေးဝါကြေးနက်များကို သွန်းလုပ်သည့် ရုပ်တော်မူ,ထက်ဝယ်တော်,နှစ်ရုပ်ဆူရေရှစ်၊ ငွေရောင်ဆင်းတုတစ်၊ မဟာဗောဓိရွက်ထည့်အိတ်တစ်၊ ဓာတ်တော်ကြီးရရင်းရွှေသားကျည်ငယ်အခံ အဖုံးစုံ အခေါင်းပါဖလ်ထွတ်နှင့် တကွများကို ဘဝရှင်မင်းတရားကြီး

ဘုရား ကိုးကွယ်တော်မူရန် စာရင်းပါသည့်အတိုင်း အမိန့်တော်နှင့် စားတော်ဝန်စကုမ္ပိစား၊ သံတော်ဆင့် ဝေါကြီးမှူး, လက်သုံးတော်ဆင်ရှင်မြို့စားတို့ကို အပ်တော်မူ၍ ရွှေနန်းတော်ဦး ဘုရားဆောင်တော် စောင့်မြောက်ဒဝယ်အမှုထမ်းတို့ကို စာရင်းမှတ်သား ပေးအပ်ပင့်ဆောင်သွင်းထားစေပြီးလျှင် ဆေးမျိုးစုံ ရွှေရောင်အုန်းသီးက ထွက်ရှိသည့် လုံးပတ်ထွာဆိုင်, အရှည်တတောင်ခန့် အုန်းသီးပလင်း ပိတ်ဖြူရစ်၊ ဗောဓိတုံးတစ်၊ အရှည်တတောင်ခန့် ချောင်းရေတဆယ်၊ သစ်ကြံပိုးပင်အရိုးခြောက်စီးရေတစ်များကို ဆေးကုသရန် အမှတ်အသား ပုရပိုက်နှင့်တကွ ရွှေတိုက်အတွင်းဝန်, ရွှေတိုက်စိုး, ရွှေတိုက်ကြပ်, ရွှေတိုက်စာရေးတို့ကို ပေးအပ်သိမ်းထားစေသည်။

ထိုနှစ် ခမည်းတော် ပဌမသင်္ဂါယနာတင် မင်းတရားကြီး ဘုရား နတ်ရွာမစံမီ ဝေဒနာတော်အသည်းအသန်ရှိတော်မူစဉ် ရွှေနန်းတော်အတွင်းမြောက်ဥယျာဉ်တော်တွင် မှူးတော်မတ်တော်တို့က နေ့စဉ်မပြတ် ကြည့်ရှုစစ်ဆေး၍ အခစောင့်အရှောက်နှင့်တကွ ချုပ်ထားရှိသော ခမည်းတော်မင်းတရားကြီးဘုရား၏ သားတော်, မြေးတော်, ဘထွေးတော် အိမ်ရှေ့မင်းသားတော်များသည် ကံတော် ယိုယွင်းပျက်စီးအံ့သောအခါ ဆိုက်ရောက်ရကား လက်သုံးတော်ကြီးကိုင် မြောက်ဒဝယ်ဗိုလ် ရနောင်မြို့စားစသော လက်သုံးတော်ကိုင်အရာရှိတို့က မင်းသားများကို ဤကဲ့သို့ထား၍ မသင့်ပါ၊ ၎င်းတို့ကို ထားသော ကြေးတိုက်နေရာသည် မယ်တော်ဘုရားအိမ်ဖြူတော်ဦး ကျခြင်း, အိမ်ဖြူတော်သိမ်းရန်အခမ်းအနားလည်း နီးကပ်ခြင်းကြောင့် မင်းသားများထားရန် ဆောက်လုပ်သည့် အုတ်ဝင်းနေအိမ်များမပြီးမီ ရွှေနန်းတော်ပြင်ထုတ်ဆောင်ပြီးလျှင် ထောင်ကြီးတွင်အကျဉ်းချုပ်ထားပါရမည့် အကြောင်းနှင့် ထင်ရှားခြင်းမဖြစ်စေဘဲ အမိန့်တော်မြွက်ခံပြီးလျှင် ထိုနှစ် တပို့တွဲလပြည့်ကျော် တဆဲ့တရက်နေ့ ညဥ့်လေးချက်တီးအချိန် ရွှေလှံအမှုထမ်း သေနတ်စွဲလူတရာ, မြောက်မာရသင်အမှုထမ်းသေနတ်စွဲ လူတရာ, ဘုန်းတော်ပြည့် အမှုထမ်း သေနတ်စွဲလူတရာ, လက်ဝဲကြောင်းအမှုထမ်း သေနတ်စွဲ လူတရာတို့နှင့် ဝန်းရံစောင့်ရှောက်၍ သုံးဆယ်မင်းသား, မက္ခရာမင်းသား, မိုးလှိုင်းမင်းသား, သာဂရမင်းသား, ပင်လယ်မင်းသား, အိမ်ရှေ့မင်းသားတော် ထန်းတပင်မင်းသားတို့ကို နန်းတော်သစ်တပ်ပြင် ရာဇဝတ်ရုံးအနီး ထောင်ကြီးသို့ထုတ်ထားသေ၏။ မြို့ဝန်စလေမြို့စားအိမ်တွင် အပ်နှံချုပ်ထားသော မြောက်ဆောင်

တော်မိဖုရား၊ ကန္ဒီမင်းသမီး၊ မဘဲမင်းသမီး၊ ကြီညွှပ်မင်းသမီး၊ ဆင်ရှင်မင်းသမီး၊ ညောင်အုပ်မင်းသား သမီးငယ်တစ်၊ ရနောင်မင်းသား သမီးငယ် နှစ်၊ သားငယ်နှစ်၊ ရွှေကူမင်းသား သမီးငယ်သုံး၊ သားငယ်တစ်တို့ကိုလည်း မင်းသားများနှင့် တချိန်တည်း ထောင်ကြီးသို့ ပြောင်းရွှေ့၍ ထားလေ၏။

ယင်းသည့်နေ့ လက်သုံးတော်ကြီးကိုင်မြောက်ဒဝယ်မိုလ်ရနောင်မြို့စား၊ လက်သုံးတော်ကြီးကိုင် တောင်ဒဝယ်မိုလ် ကျောက်ဆောက်မြို့စား၊ လက်သုံးတော်ကြီးကိုင် နောက်တော်ပါမြင်းဝန်၊ လက်သုံးတော်ကြီးကိုင် ရွှေလက်ဝဲမိုလ်၊ လက်သုံးတော်ကြီးကိုင် မာရဘင်မိုလ်၊ လက်သုံးတော်ကြီးကိုင် ခနက်ပလာ ဆင်ဝန်၊ လက်သုံးတော်ကြီးကိုင် ယွင်းစု ဝန်တို့သည် တောင်နန်းတော်ခစားမြဲနေရာက ညဥ့်တချက်တီးကျော် တမောင်းခန့်အချိန် ထွက်လာကြ၍ ထောင်ကြီးအတွင်း ရှိသော သားတော်၊ သမီးတော်၊ မြေးတော်ပေါင်းတကျိပ်ကိုးတို့ကို ဖျော်ဖျက်စီရင်လိုက်ကြလေ၏။

ယင်းသည့်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ တိုင်းခရိုင်နိုင်ငံတော် အရံအကာဖြစ်သော အရှေ့မျက်နှာ ရှမ်းစော်ဘွားတို့ အသီးအသီးဘွားစားစိုးအုပ်နေထိုင်သော ရှမ်းရှစ်ပြည်ထောင်အဝင် ကိုင်းမားမြို့၊ မိုင်းမိုင်းမြို့၊ မိုင်းဟိန်မြို့ဂိုဏ်းအုပ်ဆရာတော်ခြော်၊ဂိုဏ်းထောက်ဆရာတော်နှစ်၊နေဘုံပါ ရဟန်း သုံးဆဲ့ကိုး၊ သာမဏေလေးဆဲ့ခုနစ်တို့ အလုပ်အကျွေးယောကျ်ားမိန်းမနှစ်ရာငါးဆဲ့လေးတို့နှင့် အောက်မြစ်စဉ်မြို့ကျေးရွာများတွင်ရှိသည့် ပုထိုးစေတီတော်များကို အဖူးအမြော် လာရောက်ကြရာ သာသနာပြုဆရာတော် မေတ္တာစာဆက်သွင်းချက်နှင့် ဘဝရှင်မင်းတရားကြီး ဘုရားသာသနာတော်မြတ်အကျိုးစီးပွားကိုမြော်တော်မူပြီးလျှင် ကြည်ညိုရိုသေစွာ ရွှေနန်းတော်သို့ ပင့်ဆောင်စေ၍ ဂိုဏ်းအုပ်ဆရာတော် ဦးဇေယျ၊ ဦးမဓ္ဓ၊ ဦးသီရိ၊ ဦးဇုန္ဓပညာတို့ကို တိစီဝရိက်သင်္ကန်းစုံ ရှစ်၊ ဖယောင်းတိုင်သေတ္တာရှစ်၊ ဆွမ်းပန်းကပ်လှူရန် စရိတ် ငွေဒင်္ဂါးရှစ်ဆယ် လှူတော်မူသည်။

နောက် ရဟန်းတော်တို့က အထက်အောက် မြို့ကျေးရွာ ဘုရားပုထိုးစေတီများသို့ အဖူးအမြော်သွားကြသည့်ကာလ ခမည်းတော် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရားလက်ထက် သင်းဘောနှင့် တင်ဆောင်ပို့သည့်နည်း ပို့တော်မူပါမည့်အကြောင်းနှင့် မေတ္တာရပ်ခံကြရာ ဘဝရှင်

မင်းတရားကြီးဘုရားလည်း ရှမ်းရှစ်ပြည်ထောင် ဆရာတော်သံဃာတော်တို့နှင့် အလုပ်အကျွေး ယောကျ်ားမိန်းမတို့ကို စရိတ်ကြေးငွေမကုန်မကျစေရ သင်းဘောတော်တွင် တင်ဆောင်အမိန့်တော်နှင့်လိုက်ပို့စေသည်။

ယင်းသည့်နေ့ညတချက်တီးကျော်အချိန် ခေါ်သင်္ကိမင်းသား၊ ဝန်းသိုမင်းသား၊ ရနောင်မင်းသား၊ မိုင်းတုံမင်းသား၊ ရွှေကူမင်းသား၊ ကသာမင်းသား၊ တောင်ညိုမင်းသား၊ မိုင်းရင်းမင်းသား၊ ပင်းယမင်းသားတို့နှင့် သုံးဆယ်မင်း သား-သားငယ်နှစ်, မကွရာမင်း သား-သားငယ်တစ် တို့ကို ထောင်ကြီးသို့ ထုတ်၍ လက်သုံးတော်ကြီးများ လာရောက် ဖျောက်ဖျက်စီရင်လိုက်ကြလေ၏။

ယင်းသည့် တပို့တွဲလပြည့်ကျော် တဆဲ့သုံးရက်နေ့ တိုင်ရောက်မှ မင်းသားများမရှိကြကြောင်းကို ဘဝရှင်မင်းတရားကြီးဘုရားကြားသိတော်မူရ၍ သံဝေဂတရားများစွာ ဖြစ်တော်မူသည်သာမက ပယောဂတော်တစိုးတစိမျှ ပါတော်မမူသည်ကိုလည်း ညီလာခံသဘင်တွင် မင်းညီမင်းသားမှူးတော်မတ်တော်ကြီးများသို့ အမိန့်တော်ရှိ၍ အကုသလကမ္မ စသောတရားများကို ဟောကြားဆုံးမတော်မူသည်၊ ထိုကစ၍ နောင်ကို တိုင်းမှုပြည်မှုနှင့်စပ်လျဉ်းသော အရာများတွင် ဝန်ကြီးအတွင်းဝန်တို့ မသိစေဘဲ တစုံတရာကိုမျှ လက်သုံးတော်တို့က မပြုမလုပ်စေရ-အမိန့်တော်နှင့်မြစ်၍ လက်သုံးတော်တို့ အခွင့်အာဏာသည် တဖြည်းဖြည်းလျော့လျောလေ၏။

### ဆင်တော်, မြင်းတော် သွင်းပြခြင်း-စသည်များနှင့် ရုပ်ပွားတော်များ ရေသပ္ပါယ်တော်မူခြင်း

ထိုနှစ် တပေါင်းလဆန်းတရက်နေ့ ဘဝရှင်မင်းတရားကြီးဘုရား, မင်းညီ မင်းသား, မှူးတော်မတ်တော်အရာရှိတို့ခြံရံလျက် တောင်စမုတ်တော်သို့ ထွက်စံတော်မူပြီးလျှင် ထူးဆင်တော်, စီးတော်ဆင်မှစ၍ ရွှေးရည်, ဝင်းရည်,ဝန်းရည်, ထမ်းရည်,စုစုဆင်ပေါက်စီးရေ ခြောက်ဆဲ့ဆစ်၊ ဆင်မစီးရေ သုံးဆဲ့ကိုး၊ နှစ်စုဆင်ပေါက်မတရာများနှင့် စီးတော်မြင်း,ကသည်းမြင်း,အက္ကပတ်မြင်း,အမွေးသန့်မြင်းနီ မြင်းဝါ စီးရေနှစ်ရာ့လေးဆယ်များကို အစဉ်အတိုင်း ရှေ့တော်သို့သွင်းပြစေပြီးနောက် နတ်ရှင့်ရွှေးအစုအမှုထမ်း, မိုလ်, သေနတ်စာရေး, သွေးသောက်ကြီး, တပ်မှူးအမှုထမ်းတို့ စစ်ဝတ်ချပ်တန်ဆာဆင်ယင်၍ စစ်အရေးအရာ ခင်းကျင်းသွင်းပြသည်များ

ကို ကြည့်ရှုတော်မူပြီးလျှင် လက်စွဲတော် ရှစ်ရပ် လှူနှစ်ရာ့ငါးဆွဲသုံးတို့ အဝတ်အစား အင်္ကျီခွဲဝေဝတ်ဆင်ပြသည်များကို ကြည့်ရှုတော်မူ၍ ဝင်တော်မူသည်။

ယင်းသည့် တပေါင်းလဆန်း နှစ်ရက်နေ့ မြောက်ဥယျာဉ်တော် အတွင်း ကြေးတိုက်တွင် ချုပ်ထားရှိသူ ဘထွေးတော် အိမ်ရှေ့မင်း သားတော် တကျိပ်နှစ်တို့ကို အကျဉ်းက လွှတ်တော်မူ၍ ပုဆိုးခေါင်း ပေါင်း အထိုက်အလိုက်ပေးကမ်းသနားတော် မူပြီးလျှင် ခန်းပတ်မြို့စား ဝန်ကြီးမှာ-ရှင်သည်းအူသားမောင်စိုး၊ လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီး မှာ-ရှင်သိုက်သား မောင်ဖြူ၊ အတွင်းဝန် ယောမြို့စားမှာ-ရှင်ပုသား မောင်စစ်နိုင်၊ အတွင်းဝန် ရွှေတိုက်ဝန် တောင်ခွင်မြို့စားမှာ-ရှင်ဖုး သား မောင်စစ်အောင်၊ အတွင်းဝန် လှိုင်းတက် မြို့စားမှာ-ရှင်ချိန် သား မောင်သိန်း၊ အတွင်းဝန် ရေနံချောင်းမြို့စားမှာ-ကြေးမြင့်စားသား မောင်ကလေး၊ အတွင်းဝန် တိုင်တားမြို့စားမှာ-ရှင်သိုက်သား မောင် လှောက်၊ မြို့ဝန် မြို့သာမြို့စားမှာ-တိုင်တားစားဟောင်း မောင်သန့်၊ မြို့ဝန် စုန်းမြို့စားမှာ-ရှင်ဖုးသား မောင်မြင့်၊ မြို့ဝန်ဖောင်ဝန် စလေမြို့စားမှာ- ရှင်ကေသား မောင်မှတ်ကြီး၊ ဝန်ထောက်စို့လေးဆယ် ဒိုင်းဝန် ပုဂံမြို့ဝန် မှာ-ရှင်သိုက်သား မောင်ဘိုး၊ ဝန်ထောက်ပေါက်မြိုင်မြို့စားမှာ-ရှင်ထွေး သား မောင်ဘရှင်တို့ကို အသီးအသီး အမိန့်တော်နှင့် ခွဲဝေထိန်းသိမ်း ကြည့်ရှုကြရသည်။

ယင်းသည့်လဆန်း ငါးရက်နေ့ ရွှေမြို့တော်နောက်ပြင် မိုးကောင်း တိုက်ကျောင်းကို အမိန့်တော်နှင့် မာလာလင်္ကာရ သီရိဓဇမဟာရာဇဂုရု- တံဆိပ်တော်ရ တောင်ခဟော်ဆရာတော်ဘုရားသို့ ကျောင်းအပ် တင်လှူ မည်ကို လှူဒါန်းရန် အဘွယ်အရာ ဆွမ်းစမဲ့မံ့ယို အချို့ခွဲစုံများနှင့် လွှတ် တော်အရာရှိ, ရွှေရုံးအရာရှိ, ဝန်စုမှူးစု ဗိုလ်စုတို့သွား၍ ကြည့်ရှုကြီးကြပ် လှူဒါန်းကျွေးမွေးပြီးလျှင် မာလာလင်္ကာရ သီရိဓဇမဟာရာဇဂုရု-တံဆိပ် တော်ရ တောင်တော်ဆရာတော်ဘုရားကို ကျောင်းအပ် တင်လှူရသည်။

ယင်းသည့်လဆန်း ခြောက်ရက်နေ့ မှုပြစ်အလျောက် ထောင်တွင် အကျဉ်းချထားခံနေရသူ ယောကျ်ားမိန်းမ လူပေါင်း နှစ်ဆဲ့တစ်တို့ကို ဘေးမဲ့ချမ်းသာ ပေးတော်မူသည်။

ယင်းသည့်နေ့ နေသုံးချက်တီးကျော် သုံးမောင်းခန့်အချိန်ကစ၍ ညဉ့်တချက်တီးကျော်အချိန်တိုင် ရွှေမြို့တော်နောက်ပြင် ရွှေဘုန်းရှိန် အရပ်ပြည်လုံးအုံ့လှေအမှုထမ်း ငကြွယ်အိမ်ကစ၍ မီးစွဲပြီ တောက်လောင်ရာ အိမ်ခြေ နှစ်ရာကျော်ခန့် မီးကျွမ်းလောင်ပြီးမှ စဲငြိမ်းသည်။ မဟာမုနိဘုရား အနောက်စောင်းတန်းနှင့် ရွှေရေးဆောင်ကျောင်းတိုက်များလည်း မီးသင့်ရာပါသည်။

ထိုနှစ်အတွင်း ဘဝရှင်မင်းတရားကြီးဘုရား မယ်တော်ဘုရား စံနေတော်မူရန် ရွှေနန်းတော် မြောက်ဥယျာဉ်တော်အတွင်း အိမ်ဖြူတော်ဆောက်လုပ်မည်ကို ယင်းသည့်နှစ် နတ်တော်လဆန်း တဆဲ့သုံးရက်နေ့ ရွှေပန်နက်ငွေပန်နက်ချ၊ တဆဲ့လေးရက်နေ့ တွင်းဝန်းတိုင်ထူအခါတော် ရကြောင်းနှင့် ပညာရှိတို့ ဆက်သွင်းချက်အတိုင်း အိမ်တော်ရာမြေကို သာယာညီညွတ်အောင် ထွန်ယက် ဖို့ညှိပြင်ဆင်စေ၍ ခန်းပတ်မြို့စားဝန်ကြီး ကြည့်ရှုကြီးကြပ် ဆောက်လုပ်ရာ အမွှမ်းအပြောက်နှင့်တကွ ကောင်းမွန်သေချာစွာ ပြီးမြေရှိသည်ကို အိမ်ဖြူတော် မသိမ်းမီ စံတော်မူရန် အိမ်ဖြူတော် အရှေ့မြောက် ဆောက်လုပ်ထားရှိသည့် အခါစောင့်တဲတော်သို့ သက္ကရာဇ် (၁၂၄၀) တခုထောင့်နှစ်ရာ့လေးဆယ်ခု တပေါင်းလဆန်း တဆဲ့လေးရက်နေ့ မယ်တော်ဘုရား ပြောင်းရွှေ့စံနေတော်မူသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း အရှင် မိဖုရားခေါင်ကြီးနှင့်တကွ ရွှေနန်းတော်က သမ္မန်တော်တွင် ရွှေစက်တင်တော်မူ၍ အိမ်ဖြူတော် အဆောက်အလုပ် အခမ်းအနား အခင်းအကျင်းများကို ထွက်စံကြည့်ရှုတော်မူပြီးလျှင် ဝန်ကြီး,အတွင်းဝန်, မှူးတော်မတ်တော်တို့နှင့် မေးမြန်းပြောဆိုတော် မူပြီးနောက် မြောက်ဥယျာဉ်တော်အတွင်း တောင်တိပ်စံနန်းတော်တွင် ခေတ္တစံနေတော်မူ၍ ရွှေနန်းတော်ကြီးသို့ ဝင်တော်မူသည်။

မယ်တော်ဘုရားလည်း ယင်းသည့်လဆန်း တဆဲ့ငါးရက်နေ့ အခါတော်အတိုင်း ရတနာအပေါင်းတို့ဖြင့် တင့်တယ်ဆန်းကြယ်သော ရွှေသားယာဉ်စီးတော်မူ၍ တပ်ဝင်းအစီအစဉ် အခင်းအကျင်းနှင့် သမီးတော်ပုခန်းကြီးမြို့စား စုဘုရား, မိတ္ထီလာမြို့စား စုဘုရား ဝဲယာ ခြံရံတော်မူပြီးလျှင် အိမ်ဖြူတော်ကို လက်ယာရစ် သုံးပတ်လှည့်တော်မူ၍ တက်သိမ်းစံယော်မူသည်၊ ဘိသိက်ခန့်ထားသူတို့လည်း ပူဇော်တော်ပွဲ ဘိသိက်

တော်ပန်းများကို ဆက်ရသည်။ ဘိသိက်ပန်းတော်ကို သီပေါမိဖုရား ဟောင်းရစာမဟောက ခံယူဆက်ရသည်။

မင်္ဂလာရတုကို နာခံတော် ပြေ့ကြီးမှူး သနားတော်မြတ်ခံရသည့် ဗောင်းနားချောင်း ဝယ်လုံစလွယ်ဆင်ယင်၍ ဖတ်လျှောက်ရသည်။ အိမ်ဖြူတော်အခမ်းအနား ပါဝင်သည့် မှူးတော်မတ်တော် ကတော်မယားတို့လည်း သနားတော်မြတ်ခံရသည့် ဗောင်း နားချောင်း ဝတ်လုံ စလွယ် အဆင်တန်ဆာများကို ဆင်ယင်၍ နောက်တော်က လိုက်ကြရသည်။

ယင်းသည့် တပေါင်းလပြည့်ကျော် နှစ်ရက်နေ့ ပြည်လေးသင်း ရဲပတိုင်းလေးသင်း အောက်မားတော်များနှင့်အောက်ငင်ခဲ့သော ဆင်တော်ကို ဆင်ဝန်ထောက် ဆင်လက္ခဏာ ဖတ်တို့က ရွေးရည် ရှိကြောင်းနှင့် လက္ခဏာဖတ်လျှောက်ကြရာကျုံးသို့သွင်း၍ကျော့ဖမ်းမြဲကျော့ဖမ်းရသည်။

ယင်းသည့် လပြည့်ကျော် ခုနစ်ရက်နေ့ စလင်းခုနစ်သင်းအောက်မားတော်များနှင့် မြေဒူးမြို့ကျေး ငှက်ကြီးသိုက်တောက အောက်ငင်ခဲ့သော အတိုင်းသုံးတောင်, အစွယ်ပြင်ပေါ် တတောင်ခန့်, အသက်ငါးနှစ်ခန့် ဆင်တော်တစ်၊ အတိုင်းလေးတောင်, အသက်ခုနစ်နှစ်ခန့် ဆင်မတော်တစ်များကို ဆင်ဝန်ထောက် ဆင်လက္ခဏာဖတ်တို့က ပေါက်ဆင်တော်မှာ ဝန်းရည် ရှိကြောင်းများနှင့် လက္ခဏာဖတ်လျှောက်သည်။

ယင်းသည့် တပေါင်းလ ရွှေမြို့တော် အတွင်း ထီရုံ တည်ပြီးလျှင် တလက်မှတ်ကို ငွေဒင်္ဂါး ငါးကျပ်ကျ ထည့်ဝင်စေ၍ လက်မှတ်ပေါင်း တသောင်းနှစ်ထောင်,ငွေခြောက်သောင်း ပြည့်သောအခါ ထီဖွင့်လှစ်ပြီး ကာလ အောင်ပါလေ ရွှေသီးနှင့် တိုက်ဆိုင်သူဂဏန်းရှင်ကို ခိုင်ငွေ တသောင်းနုတ်၍ကျန်ငွေငါးသောင်းပေးပြီးလျှင် သူဌေးအရာခန့်ထားက နိုင်ငံတော်အတွင်း ပစ္စည်းပေါများသော သူဌေးအများပေါ်ထွန်းနိုင်ရန် ရှိကြောင်း-မှူးတော်မတ်တော်တို့ ညှိနှိုင်းတိုင်ပင်၍ အမိန့်တော်မြတ်ခံပြီးလျှင် ရွှေမြို့တော်နောက်ပြင် ဈေးကြိုကြီး တောင်ဘက်ထောင့် ကိုးခန်းအုတ်တိုက်ကြီးတွင် အများပြည်သူတို့ကို ကြော်ငြာ၍ မဲလက်မှတ်ခံယူရာ ငွေခြောက်သောင်းပြည့်သည်နှင့် မှူးတော်မတ်တော်တို့ ကြီးကြပ်၍ ပဌမထီဖွင့်ရာ ကွမ်းရေတန်းရပ်နေ စာရေးမောင်ဦးသမီး-မအုံ မဲလက်မှတ်နှင့် တိုက်ဆိုင်၍ မအုံက ငွေငါးသောင်းရရှိသည်၊ နောက်ကိုလည်း ထီပွဲများမပြတ်ဆက်၍ လုပ်သည်၊ မအုံမှာ မိန်းမငယ်ကလေးဖြစ်၍ သူဌေး

ရာထူးကို မခန့်မထားရ၊ ယင်းကဲ့သို့ ထိဖွင့်သော ကိုးခန်းအုတ်တိုက်ကြီး နေရာကို ယခုတိုင် ရုံးတော်ကြီးဟု တွင်လေ၏။

ရွှေဝင်းမှူးရတနာသိဉ်ဖြိုဝန် ရဲဘက်မြင်းဝန် သတိုး မင်းကြီးမဟာ မင်းခေါင်ရာဇာ, လက်ယာကြောင်း သေနတ်မိုယ် လက်သုံးတော်ကိုင် ပျဉ်းမနားမြို့စား မင်းလှမင်းထင်ရာဇာ တို့က ကုသိုလ်တော်ပွား ကန် တော်တူးလုပ်ရန် အထက်မြေညွန်ပြရင်း ဟန်လင်းကြီးမြို့ တောင် တာ ငါးရာခန့် ကွာ ရှေးပုဂံရာမပြည်ကြီးရှင် ဘေးလောင်းတော် နရပတိ စည်သူမင်း တည်ထားတော်မူသည့် ဘုရားအနီး မောဓိကုန်း ညောင်ပင် အနောက် နှစ်ဆွဲငါးတောင်ခန့် ကွာ အရပ်တွင် ယင်းသည့် တပေါင်း လဆန်း ၅ ရက်နေ့ကစ၍ တူးလုပ်ကြရာ တူးယက်သည့်မြေတာ စောက် ငါးတောင်ခန့် ရောက်ကာလ မြေတိုက်အတွင်း အလျားတတောင့်ထေး သစ်, ပြက်နှစ်သစ်ရှိသည့် လုံ့စကြာတော်ကို တွေ့မြင်ရရှိကြောင်းများနှင့် ကန်တော်ပုံ, လုံ့စကြာတော်ပုံများကို ရေးသားပြီးလျှင် ရွှေဘဝါးတော် အောက်သို့ လူစေလွှတ်အမိန့်တော်မြတ်ခံရာ တပ်ဝင်း စီစဉ်ခင်းကျင်းပြီး လျှင်အစဉ်ထုံးစံရှိသည့်အတိုင်း ထိုနှစ် နှောင်းတန်းခူးလဆန်းလေးရက်နေ့ လုံ့စကြာတော်ကို ကြိုယူဆက်သွင်းရသည်။

နှစ်စဉ်လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော် များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၄၀) တထောင့်နှစ်ရာ့လေးဆယ်ခု နှောင်းတန်းခူး လပြည့်ကျော် ၃ ရက် စနေနေ့ နေတချက်တီးကျော် ၃ နာရီ တပါဒ် ဆယ်ဗီဇနာ အချိန်တွင် သင်္ကြန်ကျသည်။ ၎င်းလပြည့် ကျော် ကိုးရက် တနင်္လာနေ့ နေသုံးချက်တီးကျော် တနာရီ သုံး ပါဒ် ၃ ဗီဇနာ ပြန်ပြည့် ၃ ခရာအချိန် အတာနှစ်သစ် သက္က ရာဇ် (၁၂၄၁) တထောင့်နှစ်ရာ့လေးဆဲ့တစ်ခုနှစ်သို့ တက်သည်။

## ၁၂၄၁-ခု

သင်္ကြန်အခါတော်ကြားသည်နှင့် တပြိုင်နက် ရွှေမြို့တော်ရွှေမျက်နှာ ဦးထိပ် တံခါးတော်ကစ၍ တဆဲ့နှစ်ရပ်တံခါးတော်ကုန် လက်ယာရစ် အစဉ်အတိုင်း အခါတော်ကြား အမြောက်သံသုံးချက်စီပေးရသည်၊ ပြည် သူ တို့မှာလည်း အခါသုံးရက်အတွင်း အစဉ်ထုံးစံရှိသည့်အတိုင်း ရေဖျန်း

ပက်ရန်ရှိသည့်မှာ နံနက်ညနေအချိန်တွင် ရေကြည်ရေအေးအမွှေးအထုံရည် များနှင့်သာ ဖျန်းပက်ကြစေရမည့်အကြောင်းကို မြို့တွင်းမြို့ပြင်ရပ်စုကွက်စု များမှာ သကြံန်မကျမီက မောင်းကြေးနင်းခတ်စေရသည်။

သရီရဓာတ်မွေးတော်မြတ် ကိန်းဝပ်တော်မူသောရုပ်ပွားတော်,ပုခန်း စည်သူရှင်ဘုရား, ရှင်မတောင် မြတ်ပေါင်းမဥ္ဇူဘုရား, ဒက္ခိဏာသာခါ ဘုရား, သီဟတောဘုရား, ရှင်ဖြူဘုရား, နဂါးရုံဘုရား, ဆုတောင်းပြည့် ဘုရားရှင်တို့အား မွှန်မြတ်သောရေမွှေးရည်တို့ဖြင့် ဘဝရှင်မင်းတရားကြီး ဘုရားကိုယ်တော်တိုင်သပ္ပါယ်ပူဇော်တော်မူသည်၊ဆွမ်းတော်ကြီးအဘွယ် အရာစုံများကိုလည်း နေ့စဉ်ကပ်လှူမြဲထက် အခါသုံးရက်တွင် အထူးသဖြင့် ကြီးကျယ်ခမ်းနားစွာ ခင်းကျင်း၍ ကပ်လှူတော်မူသည်။ အသျှင်နှစ်ပါး နံတော်သင့် မဟာမုနိဘုရား, လောကမာရဇိန် ဘုရားရှင်များသို့လည်း ဆွမ်းတော်ကြီးအဘွယ်အရာစုံ, ပကတိရေ, အမွှေးအထုံရေစသော ရေ မျိုးစုံများကို အစီအစဉ် အခမ်းအနားနှင့် မှူးတော်မတ်တော်တို့ အသီး အသီး ကြီးကြပ်စေ၍ နေ့စဉ်သွားရောက် ပူဇော်လှူဒါန်းရသည်။

မင်းညီမင်းသား, မှူးတော်မတ်တော်အရာရှိ, လက်သုံးတော်, လက် ဘက်ရည်, ကွမ်းရေ,ထီးဓားလက်စွဲ အဆောင်မြဲတို့နှင့် အနောက်အတွင်း တော်ရှိ မင်းသမီး, မြို့စားရွာစား, အပျိုတော်,ကတော်မယားပါ ဦးရေ တထောင်ကျော်တို့ကိုလည်း လွှန်းများ လက်ချိတ်, လွှန်များစပ်, ဘလာ ဝိုးဖဲ, ပုဆိုး,ထဘီ,ခေါင်းပေါင်းအုပ်, ဝိတ်အုပ်ပုဝါအုပ်များကို ဌာနန္တရ အလျောက် အသီးအသီး သနားတော်မူပြီးလျှင် သင်္ကြန်ထမင်း အချို အဆိမ့်များကို အသျှင်နန်းမတော်ဘုရားဝန်, စာရေးကြီးတို့ ကြပ်မကျွေး မွေးရသည်။

### သင်္ကြန်ခေါ်တော်မူခြင်း-မှစ၍ မာရ်အောင်ရတနာဘုရား တည်ခြင်း၊ သားတော်ဖွားမြင်ခြင်း

သက္ကရာဇ် (၁၂၄၁) တထောင့်နှစ်ရာ့လေးဆဲ့တခု တန်းခူးလသင်္ကြန် ခေါ်တော်မူရန် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား နံ တော်နှင့် ဂဟပတိဖြစ်သော မြောက်ဥယျာဉ်တော် အရှေ့မြောက်ထောင့် မဟာဗောဓိရုပ်ပွားတော် ကိန်းဝပ်တော်မူသည့် အုတ်ပြာသာဒ်တော် အနီးရှိ ရေကန်တော်ကြီး ကမ်းထိပ်တွင်တဌာန၊အသျှင်နန်းမတော်မိဖုရား

ခေါင်ကြီးဘုရား နံတော်နှင့် ဂဟာပတိဖြစ်သော မြောက်ဥယျာဉ်တော် အနောက်မြောက်ထောင့်ရှိ ရေကန်တော်ကြီး ကမ်းထိပ်တွင် တဌာန၊ ထိုဌာနတွင် ပရိတ်နာတန်ဆောင်း, သကြန်တန်ဆောင်း, ပွဲခံကန္နားဖျင်းများကို အခါတော်မရောက်မီက ဆောက်လုပ်အသင့်ရှိစေပြီးလျှင် သကြန်တော် ခေါ်တော်မူမည့်နေ့မှာ မင်းညီမင်းသား မှူးတော် မတ်တော်တို့ ဗောင်းနားဒွောင်း ဝတ်လုံစလွယ်ဆင်ယင်ပြီးလျှင် အရှေ့သကြန် အနေ့ သကြန်ခွဲဝေ၍ ကတော်မယားတို့မှာ မြိတ်ရစ်မြိတ်ခံ ပွဲတက်အဆင်တန်ဆာ ဆင်ယင်စေလျက် အနောက်သကြန်တန်ဆောင်းတော်သို့ ဝင်ထွက်ခစားကြရသည်။

သကြန်တော် အခါနီးသည့်ကာလ ကုန်းတပ်ရေတပ် ခင်းကျင်းစေပြီးလျှင် ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရား,အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား အနောက်စမုတ်ဆောင်တော်ရှေ့ မင်္ဂလာမြောင်းတော်က သမ္ဗန်တော်နှင့် ရေကြောင်းထွက်တော်မူ၍ သကြန်တန်ဆောင်းသို့ရောက်တော်မူသည့်ကာလ ဘုရားခုနစ်ဆူ အလှူတော်များကို လှူဒါန်းတော်မူပြီးလျှင် ပရိတ်တော်တရားတော်များကို နာတော်မူပြီးမှ သကြန်ခေါ်တော်မူသည်။ ပြီးလျှင် ရွှေနန်းတော်သို့ တက်တော်မူသည်။

ပွဲသဘင်များမှာ အနောက်အတွင်းတော်တွင် အနောက်အငြိမ့်၊ မှန်နန်းတော် ရွှေဝဲယာတွင် အရှေ့အငြိမ့်, အထွင်းဆိုင်း၊ ဇေတဝန်ဆောင်တော်တွင် အတွင်းဆိုင်း, မွှန်ဆိုင်း၊ မြေနန်းတော်တွင် ယိုးဒယားဇာတ်ကြီး အတီးအကများကို အခါသုံးရက်အတွင်း နေ့ညဥ့်မပြတ် တီးမှုတ်ကခုန်ကြရသည်။ ရွှေနန်းတော်ပေါ်တွင်လည်း မြို့စား ရွာစား အပျိုတော်တို့နှင့် လက်သုံးတော် လက်ဘက်ရည်တော်တို့ အဓိန်တော်မြတ်နှင့် တဦးကိုတဦး ပျော်ပါးစွာ ရေသွန်းလောင်း ကစားကြရလေသည်။

ထိုနှစ် အစ်မတော် မိုင်းနောင်မြို့စား စုဘုရားကြီးမှာ မှူးတော်မတ်တော်တို့က မိဖုရားကြီးနှစ်ပါး တင်မြှောက်သင့်ကြောင်းနှင့် လျှောက်ထားချက်အရ မဟာသီဘိသေကာဘိသိက် သွန်းခံ၍ မိဖုရားကြီး နှစ်ပါးရည်သန်တော်မူသော်လည်း အသက်အရွယ် ဂုဏ်ဝါအားဖြင့် ကြီးမြင့်တော်မူသည်နှင့် ရှိသေလေးမြတ်ခဲ့ရင်းရှိသည့်တကြောင်း၊ ပဌမငယ်ရွယ်တော်မူစဉ်အခါကပင် ညီမတော် မြတောင်မြို့စား စုဘုရားနှင့်သာ ရည်

ရွယ် ဆက်လက်ခဲ့ရင်း ရှိသည့်တကြောင်းများကြောင့် နှမတော်မြတောင် မြို့စား စုဘုရားကိုသာ မိဖုရားခေါင်ကြီးအရာ ထားတော်မူ၍ အစ်မတော် မိုင်းနောင်မြို့စားစုဘုရားကြီးမှာ အစ်မတော် အဖြစ်နှင့်သာ မယ်တော် ဆင်ဖြူမရှင်ဘုရား အဆောင်တော်အနီး အထက်စံတော်မူရင်း အဆောင် တော်တွင် စံနေတော်မူသည်။

ယင်းသည့်လ နှစ်သစ်ကန်တော့လာရောက်မြဲ ရှိခိုးကန်တော့ လက် ဆောင်တော်များနှင့် စော်ဘွားမြို့စားတို့ လာရောက်ဆက်သ ရွှေမျက် နှာတော်ကို ဖူးမြော်ကြရာ ခမည်းတော်မင်းတရားကြီးဘုရား လက်ထက် တော်ကကဲ့သို့မခြား တင်လျှောက်ရန်ရှိသည်များကိုတင်လျှောက်၍ ဘွား စားမြဲဘွားစား, အမှုတော်ကို ထမ်းရွက်ကြရမည်–အမိန့်တော်ရှိပြီးလျှင် ပုဆိုး, ခေါင်းပေါင်းအုပ်, ပိတ်အုပ်များကို သနားတော်မူ၍ မြို့ရွာသို့ ပြန်သွားကြစေသည်။

ထိုနှစ်ကဆုန်လ အထက်က တလက်မှတ်ကိုငွေဒင်္ဂါးငါးကျပ်ကျခံယူ၍ ထီရုံတရုံတည်း ထားရှိရာ လောင်းကြေးငွေ များသည်ဖြစ်သောကြောင့် ဆင်းရဲသားတို့ မထည့်မဝင်ရသည့် ပြင် မဲလက်မှတ် ခံယူရခြင်းလည်း အကျပ်အတည်း တိုးဝင်ခံယူရသဖြင့် အများပြည်သူတို့ ငြိုငြင်ပင်ပန်းခြင်း ဖြစ်သောကြောင့် တလက်မှတ်လျှင် ငွေနှစ်ကျပ်ကျ လက်မှတ်ပေါင်း ခြောက်ထောင်အတွက်ငွေတသောင်းနှစ်ထောင်ကိုယူ၍ခိုင်ငွေနှစ်ထောင် နုတ်ပြီးလျှင် အောင်ပါလေပေါက်သောဂဏန်းရှင်သို့ ငွေတသောင်းပေး ခြင်းဖြင့် သောင်းထီဖွင့်သော ထီရုံတော်များ ထားရှိဘို့ရန် ဗျူးတော် မတ်တော်တို့ စည်းဝေးတိုင်ပင်ရာသဘောတူကြသည့်အတိုင်း အမိန့်တော် ခံပြီးလျှင် ထီရုံဆယ်ဌာန တည်လုပ်၍ အတွင်းဝန် ယောမြို့စား, အတွင်း ဝန် တိုင်တားမြို့စား, အတွင်းဝန် ပင်းမြို့စား, မြို့ဝန်ယင်းတော်မြို့စား, မြို့ဝန် ဖောင်ဝန် စလေမြို့စား, ဝန်ထောက် စို့လေးဆယ်ဒိုင်းဝန်, ဝန်ထောက် ပေါက်မြိုင်မြို့စား, ကျီဝန် မိုးတားမြို့စားတို့က အသီးအသီး ကြွပ်မဖွင့်လှစ် ရသည်၊ ယင်းသည့်ထီရုံဆယ်ရုံမှာ တလလျှင်ဆယ်ကြိမ်ခြောက်စီ အကြိမ် တရာဖွင့်ရသည်။ တကြိမ်လျှင် ငွေတထောင့်နှစ်ရာကျ ခိုင်ငွေတော်တသိန်း နှစ်သောင်းကို လစဉ်ဆက်ရသည်။ ယင်းသည့်နောက် အတွင်းဝန်မြို့သစ် မြို့စား, အတွင်းဝန်ကျောက်မြောင်းမြို့စားတို့က ထီရုံတရုံစီ ထပ်မံတည် လုပ်ဖွင့်လှစ်ရသည်။

ယင်းသည့်လ သုံးလူ့ထွတ်ထား ရှင်တော်ဘုရား၏ သရီရဓာတ်တော် မွေးတော် ကိန်းဝပ်ရာ နှစ်စဉ်လှူဒါန်းသွန်းလောင်းမြဲရပ်ပွားတော် စေတီတော်မြတ်တို့အား ညောင်ရေသွန်းလောင်း လှူဒါန်းတော်မူသည်။

ထိုနှစ်နယုန်လ လစဉ်လစာငွေတော်သနားတော်မြတ်ခံ၍ ရွှေဘဝါး တော်အောက် အိမ်ထောင်စုံ တက်နေထမ်းရွက်သည့် အမှုထမ်းလူတို့မှာ သေနတ်, အမြောက်, မြင်း, ဝင်း, လှေ, ဖောင်,သင်းဘော အသီးအခြား ရှိကြသည့်အတိုင်း တစုနှင့်တစု ကွဲပြားအောင် အရောင်အသွေး တမျိုးစီ ခြားနား၍ ဝတ်ဆင်စေရန် စစ်ဝတ်သက္ကလတ်အင်္ကျီ ဘောင်းဘီများကို ကောင်းမွန်စွာ ချုပ်လုပ်စေ-အမိန့်တော် မြတ်အရ ချုပ်လုပ်ကုံဝင်ရန် စာရင်း ဆက်သွင်းရာပါငွေ သုံးသိန်းကျော်ဘိုးအထည်များကို မန္တလေး မြို့, ရန်ကုန်မြို့များတွင် အလွယ်တကူဝယ်ယူရနိုင်ရန်မရှိသည်နှင့် စာရင်း ဆက်သွင်းရာပါ သက္ကလတ်ရောင်စုံကပ်အမျိုးမျိုး, အတွင်းခံဂေါ်ရာပိတ် အုပ်, ဘယားအိတ် ချုပ်လုပ်ရန် ဘိလပ်သားရေများကို ဝယ်ခြမ်းရန် သံတော်ဆင့် နေမျိုး မင်းလှနရာကျော်ထင်သို့ ငွေတော်သုံးသိန်းကျော် ထုတ်ပေးပြီးလျှင် ဘင်္ဂလားမြို့သို့ စေလွှတ်ရသည်။

ယင်းသည့် လ ခမည်းတော်ပဋ္ဌမသင်္ဂါယနာတင်မင်းတရားကြီးဘုရား ထားတော်မူခဲ့သော မဇ္ဈိမတိုက် မဟာဗောဓိ ပင်တော်မှ ပင့်ဆောင် ဆက်သ ဆိုက်ရောက်သောမဟာဗောဓိဒက္ခိဏသာခါကို ထက်ဝယ်တော် လေးတောင်, အရပ်ငါးတောင်ရှိသော ရုပ်ပွားတော်မြတ် ထုလုပ်တော် မူ၍ မြတ်စွာဘုရား သရီရဓာတ်တော် မွေးတော်တို့နှင့် ဓမ္မခန္ဓာရွှေလွှာ ပေရေးပါဠိတော် များကို သွင်းနှံ၌ပနာတော်မူပြီးလျှင် လွှတ်တော်ရှေ့ အထက် ရှင်သာမဏေအဖြစ် စံနေတော်မူသော ကျောင်းတော်ရာတွင် ကျောင်းဦးပြာသာဒ်နှင့်တကွ ဘုံသုံးဆင့်ရှိသော မှန်ကျောင်းတော်ကို ဆောက်လုပ်တော်မူ၍ မဟာဗောဓိရုပ်ပွားတော်မြတ်ကို ပင့်ဆောင် ကိုး ကွယ်တော်မူသည်။

သက္ကရာဇ် (၁၂၄၁) တဆောင့် နှစ်ရာ့ လေးဆဲ့တခု ကဆုန်လဆန်း လေးရက် အင်္ဂါနေ့ ရတနာပုံရွှေမြို့တော်ကြီး အရှေ့တောင် နံတော်၏ တေဇအရပ်ဖြစ်သော မဟာသီရိဟေမဝန် ဥယျာဉ်တော်ဝယ် ဘိနပ် တော် ငါးဆဲ့ငါးတောင်, အရပ်တော် ငါးဆဲ့ခြောက်တောင် ရှိသော စေတီတော်ကို တံတိုင်းမီးတားနှင့် တကွ တည်လုပ်တော်မူ၍ ရွှေဘုန်း

တော်မြတ်ကြောင့် သမ္ဘာဒေဝ နတ်ကောင်းနတ်မြတ်တို့ ညွှန်ကြားပြသပေး အပ် သည့် အတိုင်း ရတနာသိင်္ဃမြို့ စီရင်စု ရွှာသာယာ အရပ် တလည်းချောင်းအနီးဥမင်လိုဏ်တွင်းမှ တွေ့ရှိသော ရုပ်ရှင်တော် ဓာတ်တော် မွေးတော်များ၊ ထိုမှတပါး မဇ္ဈိမတိုက် မြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိပင်တော်အောက် အပရာဇိတရွှေပလ္လင်တော် ပေါက်ရောက်ရာဌာနက မြေနှင့်တကွ သတ္တဌာန, အဠဝိသ, ရွှေ,ငွေ, မိုးကြိုး, ပဥ္စလောဟာ ရုပ်တုဆင်းတုတော်များ၊ ဓမ္မကန္တာရွှေလွှာရေး ငွေလွှာရေး ပါဠိတော်များကို ဌပနာသွင်းနှံတော်မူပြီးလျှင် သဘင်ပွဲလမ်းအခမ်းအနားကြီးကျယ်စွာသော အစီအရင်ဖြင့် ရွှေထီးအထွတ် တင်လှူတော်မူ၍ အရိယာ သံဃာတော်တို့အား အထူးထူးသော လှူဘွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းချီးမြှင့်တော်မူလျက် စေတီတော်ကို "မာရ်အောင်ရတနာ" သမိုက်တော်မူသည်။

သက္ကရာဇ်(၁၂၄၁) တဆောင့်နှစ်ရှ့ဲလေးဆဲ့တခုနယုံန်လပြည့်ကျော်သုံးရက် သောကြာနေ့ ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် မင်းညီမင်းသား ဆွေတော်မျိုးတော် မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး စစ်အင်္ဂါလေးပါး ခြံရံလျက် ဘဝရှင် မင်းတရားကြီးဘုရား, အသျှင်နန်းမတော် မိဖုရားခေါင်ကြီးနှင့်တကွ ရွှေနန်းတော်ကြီး တက်သိမ်းတော်မူသည်။

ထိုနှစ် ဝါဆိုလ အတွင်းဝန် ယောမြို့စား မင်းကြီးမင်းထင်မင်းခေါင်ကျော်, အတွင်းဝန် ရွှေတိုက်ဝန် တောင်ခွင်မြို့စား မင်းကြီးမဟာမင်းထင်စည်သူတို့ကို ဝန်ကြီးခန့်တော်မူသည်။ မိုးတားမြို့စား မင်းကြီး မင်းလှမဟာကျော်ထင်ကိုလည်း ကျီဝန် မြင်းသစ်မြင်းဝန်အရာနှင့်လဲ၍ မြင်းစုကြီးဝန် ခန့်တော်မူသည်။

ထိုနှစ် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား မီးရှူးမြင်တော်မူရန် အခမ်းအနားများမှာ စကြာမန္တာတ်မင်းတို့၏ မိဖုရားခေါင်ကြီးတို့ မီးရှူးမြင်တော်မူသည့် အခမ်းအနားအတိုင်း ခန့်ထားလုပ်ဆောင်စေ-ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်မြတ်အရ အဏ္ဍဇ, ဇလာဗုဇ, ဂန္ဒသေယျက, ဥပပါတ်ဟူသော ပဋိသန္ဓေလေးမျိုးတို့တွင် ဂန္ဒသေယျကမှာ ကလလရေကြည် တည်နေသည်မှ အပွကအားဖြင့် ခုနစ်လ စေ့ရောက်သော်၎င်း, ခုနစ်လအလွန် ဆယ်လမစေ့မရောက်မီ အတွင်း၌သော်၎င်း

မျက်နှာသနန့်စင်မီးရှူးမြင်ခြင်း သဘာဝမွေအလျော် အသျှင်နန်းမတော်မိဖု
ရားခေါင်ကြီးဘုရား၌ ရေကြည်ကလလတည်တော်မူသည်မှခုနစ်ယကပင်
တင်လျှင်၍ မီးရှူးမြင်တော်မူရန် တောင်နန်းမဆောင်တော်တွင် အခင်း
အနှီး, အကာအရံ, အမွှမ်းအကြက်, အသုံးအဆောင် အဘွယ်အရာများ
ကို ရှု၍မဝ ပြောပမဆုံးနိုင်အောင် ထူးဆန်းတင့်တယ် လှပကောင်းမွန်
စွာ လုပ်ဆောင်ခင်းကျင်းရသည်။

မီးရှူး မြင်တော်မူသည့်အခါ စံတော်မူရန် ရတနာ ညောင်စောင်း
တော် အခြေလေးချောင်း သားအပေါင်းတို့တွင် ကဏ္ဍဒိပိအမည်ရှိသော
သတ္တဝါတို့သည် ကိလေသာအာရုံ ကာမဂုဏ်၌ အလွန် ခေါင်းပါးခြင်း
ရှိသော သားအထူးဖြစ်၍ ထိုသား၏အရေကို ယောဂါဝစရ, ဈာနလာ
ဘီ ဥာသိတာပသတို့ အစဉ်သုံးဆောင်လေ့ရှိသော ထုံး၊ ဝေဿန္တရာမင်း
ကြီး၏ နန်းမဒေဝီ မဒ္ဒီမိဖုရားကြီးမှ ဖွားမြင်တော်မူသော ကဏှာဇိန်မင်း
သမီးသည် သစ်နက်ရေကို အခင်းအဘွဲ့ပြုပြီးလျှင် ဖွားမြင်တော်မူသည်ကို
အစွဲပြု၍ ကဏှာဇိန် အမည်သမုတ်တော်မူသည့် ထုံး၊ ဘုရားအလောင်း
တော် သိဒ္ဓတ်မင်းသားကို ဖွားတော်မူသောအခါ၌လည်း စတုမဟာရာဇ်
နတ်မင်းကြီးလေးယောက်တို့သည် အလွန်နူးညံ့သိမ်မွေ့သော သစ်နက်
ရေဖြင့်ခံသော ထုံးစသော အနွှန်းအစံများကိုထောက်၍ ရင်သွေးတော်
မြတ်ရတနာဖွားမြင်တော်မူသည့်အခါအခင်းအဘွဲ့ပြုရန် ကဏ္ဍဒိပိ အမည်
ရှိသောသား၏အရေ, ချင်းဟန်းသန့်ရန်ပဏ္ဏမြား ခုနစ်တန့်ဖြင့်စီခြယ်အပ်
သောရွှေအတိပြီးသော ကိရိယာစုံ၊ ကောင်ရှုမွှဖြစ် မြှုနစ်ညံ့သက် လွှန်မွေ့
ညက်သောဘွဲ့မြှုပုဆိုးထက် ရင်သွေးတော်မြတ် ရတနာကို စတုမဟာရာဇ်
နတ်မင်းကြီးတို့ ဆောင်ယူတင်ထားဟန် ကိရိယာစုံ၊ ဇမ္ဗူနဒ တောက်ပ
ရောင်လက် ခြည်လျှံရှက်သော ကြယ်ချူညောင်ရွက်နှင့်တကွ ပုလဲရတ
နာ သန္တာပန်းဆိုင်းတို့ဖြင့် ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော ကနက
ဒဏ္ဍ ရွှေလျှံပသော စိုက်ဆောက်ခင်းကျင်းရန် မနောဟာရ ထီးဖြူတော်မှစ
၍ မီးရှူးတော်အခမ်းအနားပါ ထုပ်ဆောင်ရန် အဘွယ်အရာများကိုလည်း
လုပ်ဆောင်အသင့်ရှိရသည်။

ဖွားတော်မူသည်နှင့်တပြိုင်နက် မြေနန်းဉကင်တော် ကျည်းရွှက်ကိုဖွင့်
လှစ်စေရန် မြေနန်းဉကင် သီဟာသနရာဇပလ္လင်တော် ဝဲ-ယာတွင် အမြဲ
စိုက်ဆောက်အပ်သော နဗဒဏ္ဍစသော မင်းခမ်းထီးဖြူတော် ရှစ်စင်းနှင့်
တကွ ကွမ်းလောင်း ကွမ်းကျပ်စသော မင်းခမ်းတော်ကြီးများကို ဖွင့်လှစ်

ခင်းကျင်းစေရန် အိမ့်ရှင်စည်ကြီးကို ရွှေပြည်စိုးက ခတ်တီးသျှောက်ကြားစေရန်မှစ၍ ဖွားတော်မူသည်နှင့်တပြိုင်နက် ပြုလုပ်ရန် အခမ်းအနားပါ အဘွယ်အရာများကိုလည်း ဆင့်ဆိုပြင်ဆင်အသင့်ရှိရသည်၊ဒဗ္ဗဂုဏ,ဓာတုပြ သံသ,လက္ခဏဒီပ,ဆနဝုတိစသောဆေးကျမ်း ဓာတ်ကျမ်းများကို တတ်ကျွမ်းပြီးမြောက် ဖက်ကမ်းရောက်ဖြစ်သော သမားတော်ကြီး ဝဲယာတို့ကိုရင်း၊ အင္ဂဝိဇ္ဇာန ဘွဲ့ထယှက်ဆိုင်း ပြိုင်းပြိုင်းထင်စွာ ကိုးရာသောအကြောနှင့် တကွ အရသာကို ဆောင်သော ခုနစ်ထောင်သောအကြောတို့ဝယ် ဓာတ်လေးပါး မညီမညွတ်သည့်အခါ တင်းမာခိုင်ကျန်းခြင်း ထိုးကျင့်ကိုက်ခဲခြင်း ရှိသည်ကို အတိုင်းတရှိ စောင်းကြိုးညှိသကဲ့သို့ ပကတိ ကာယိန္ဒြေ တည်နေခန့်ကျန်းအောင် ဆောင်စွမ်းနိုင်သောလက်တတ်အကျော် အနှိပ်တော် ဝဲယာတို့ကိုရင်း၊ မီးရှူးသဘင်ယင်တော်မူချိန်တိုင်ရောက်လျှင် ရွှေနောက်မကွာ ဝဲယာယုယပိုက်ဖြားမလျက် သာမြကြည်လင် မီးရှူးတော်မြင်စေနိုင်သော လက်တတ်အကျော် ကျွန်တော်မျိုးမတို့ကိုရင်း၊ ရင်သွေးတော်မြတ်ရတနာအား တနုခီရ ဆက်သပွဲတော် အလှည့်လှည့်ဖျော်စေရန် နို့ထိန်းတို့ကို ရွေးချယ်သောအခန်းတွင် အတိဒီဃထနဖြစ်က သူငယ်၏ နှာခေါင်းသည် စဥ်းငယ်ပိစပ်ဖြစ်တတ်ခြင်း,အတိရဿဖြစ်က သူငယ်၏လည်ကို တိုစေတတ်ခြင်းစသော-ထနလက္ခဏာ ခီရလက္ခဏာမှာလည်း ရွှေခွက်၌ ထည့်ထားအပ်သော ရေကြည့်ရေးသို့ ထည့်လောင်းသည်ရှိသော် အောက်သို့ မကျမသက် ရေပြင်ထက်၌ပျံ့၍တည်ခြင်း,အသွယ်သွယ်ဆန်းလျက် တည်ခြင်းဟူသော ခီရသပ္ပစသည်ကို သုံးဆောင်ရသော သူငယ်သည် ရောဂါအန္တရာယ်များခြင်း, အသားအရေ ကြိုခြင်းစသော ခီရလက္ခဏာ အင်္ဂါအပြစ်တို့မှ ကင်းလွတ်သော နို့ထိန်း နှစ်ရာ့လေးကျိပ် ထားသကဲ့သို့ ဆွေတော်မျိုးတော် ပြင်အိမ်စံ မင်းသမီးတို့နှင့် ကတော်မယားတို့မှ ဆိုအပ်ခဲ့ပြီးသော အပြစ်တို့နှင့် လွတ်ကင်းသော ရွေးချယ်ပြီးသော နို့ထိန်းမိန်းမတို့ကိုရင်း၊ ရင်သွေးတော်မြတ်ရတနာကို ပိုက်ဖြားမစ ယုယဖျော်ဖြေ ထိန်းချီစေရန် အထိန်းတော်, အယတော်,အချီတော်, ကတော်မယားတို့ကိုရင်း ဝဲလှည့်ယာလှည့် ခွဲဝေရန်ထား၍ နေ့ညဥ့်မပြတ် ဝင်ထွက်ခစားနေထိုင်ကြစေရသည်။

သက္ကရာဇ် (၁၂၄၁) တထောင့်နှစ်ရာ့လေးဆဲ့တခု တော်သလင်းလပြည့်ကျော်ဆယ်ရက်နေ့ ညဥ့် နှစ်ချက်တီးကျော် ဆဲ့တရက်ဗုဒ္ဓဟူးနေ့သို့ အဝင် ခုနစ်မောင်းအချိန် အရှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား သား

တော်မြွတ်ရတနာကို ဖွားမြော်သန့်စင်မီးရှူးမြင်တော်မူသည်။ ယင်းသည့်သားတော်မြွတ် ရတနာကိုလည်း သားမြွတ်သားထူးသားဦးဩရသဖြစ်၍ ဘဝရှင်မင်းတရားကြီးဘုရား အထူးမြွတ်နိုးတော်မူသည်။

ထိုနှစ် သီတင်းကျွတ်လဆန်း၊နှစ်ရက်နေ့ ဖွားတော်မူသည်မှ ခုနစ်ရက်မြောက်သောနေ့ဖြစ်၍ မင်းညီမင်းသား မှူးတော်မတ်တော် စော်ဘွား မြို့စား ဝန်စုမှူးစု ဗိုလ်စု လက်သုံးတော် လက်ဘက်ရည် ကွမ်းရေ ထီးခါး လက်စွဲ အဆောင်မြွတို့ကို ပကတိသော ဝတ်သန့်ဝတ်ကောင်း အပေါင်းအထုပ်နှင့် ရွှေနန်းတော်သို့ ဝင်စေပြီးလျှင် မွန်မြွတ်သော စားဘွယ်သောက်ဘွယ်, မုံ့ယို, အချိုအဆိမ့်,ကွမ်းလက်ဘက်ပွဲစုံများနှင့် ငါးကြင်းငါးသိုင်းကောင်များကို ပွဲတော်ကိရိယာ ရသာနှစ်လို့ အင်မချိုစေဘဲတံစို့ညှပ်တင် ကင်ပြီးနှင့်တကွ တေးကင္ဆုက မွှေးပျံ့ရှိမ်းစပ် ချိုမြိန်လတ်သော ဟင်းခါးရေလုံပွဲများကို အရှင်နန်းမတော်ဘုရားဝန်, စာရေးကြီးတို့က ကောင်းမွန်တင့်တယ်စွာ တည်ခင်း၍ ကျွေးစေရသည်။

ဖွားတော်မူသည်မှ ခုနစ်ရက်လည်သည့် တိုင်အောင် နေ့ညဥ့်မပြတ်ဝင်ထွက်ခစားနေထိုင်ရသော အခမ်းအနား ပါဝင်သူ မင်းညီမင်းသားမှူးတော်မတ်တော် အရာရှိတို့မှာ တဦးတယောက်လျှင် ပိုးပုဆိုးထည်ရေငါး, ဗုဇွန်တုပ်ခေါင်းပေါင်းအုပ်ငါး,အတုမရှိပိတ်အုပ်ငါး,မိကျောင်းရေစောင်,ကတ္တီပါစောင်, သက္ကလတ်ခြုံထည်ငါး, ပေပိတ်အုပ်ငါး,ပိတ်ပြောံအုပ်ငါး, ရှံအုပ်ငါးစီ,မီးရှူးနန်းမဆောင်တော်ရှေ့တွင် အသီးအသီးတပုံစီထားစေပြီးမှဘဝရှင်မင်းတရားကြီးဘုရား,အရှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့်အတူ ထွက်စံတော်မူပြီးလျှင် မင်းသားကြီးများမှာလွန်းများပုဆိုး ဆပ်သွားဖူးကပ်ဖက်ထည့်၍ သနားတော်မြွတ် ခံစေသည်၊ ဝန်ကြီးများမှာ စပ်ပုဆိုး ဘက်ထည့်၍ သနားတော်မြွတ် ခံစေသည်၊ အတွင်းဝန်မှစ၍ နှစ်လှည့်အိပ်ဘန်တော်ရ မှူးတော်မတ်တော်တို့မှာ ရွှေတော်သို့ ဝင်၍ အလိုရှိသမျှ ကိုယ်တိုင် မွေ့ပိုက် ထမ်းဆောင် ယူငင် စေရန်သနားတော် မူသည်၊ ကျန်တလှည့် အိပ်ဘန်တော်ရ မှူးတော် မတ်တော်ထီးခါးလက်စွဲ အဆောင်မြွတို့မှာ လွန်းများပုဆိုး, ပိုး, ဖဲ, ဘလာ သင့်ရာပုဆိုးဘစ်၊ ခေါင်းပေါင်းအုပ်တစ်၊ ပိတ်အုပ်တစ်စီ သနားတော်မြွတ်ခံရသည်။ မင်းသမီး, အပျိုတော်, အထိန်းတော်, အယတော်, ကတော်မယားတို့မှာလည်း အနောက်ဆွေ့ခံ ဝဲဆောင်တော်တွင် မင်းညီမင်း

သား မူးတော်မတ်တော်တို့နည်း စားဘွယ်သောက်ဘွယ်များကို ကောင်း မွန်တင့်တယ်စွာ တည်ခင်းကျွေးမွေးတော်မူပြီးလျှင် အဝတ်အထည်အသုံး အဆောင်များကို အလိုရှိသမျှ ဝိုက်မွေ့ရွက်ပိုးယူဆောင် သနားတော် မြတ်ခံစေသည်။ သမားတော်, အနှိပ်တော်, လက်တတ် ကျွန်တော်မျိုး များမှာလည်း စိန်-မြ-ပတ္တမြားစသော အကွင်းအချည်, ရွှေသပြာ-ငွေ သပြာ,ပုဆိုး-ထဘီ အထည်အလိပ် အသုံးအဆောင်များကို အထူးသဖြင့် သနားတော်မြတ် ခံစေသည်။

### အင်္ဂလိပ်ကိုယ်စားလှယ်များ ပြန်ခြင်း-စသည်များနှင့် ပုဂံမင်း နတ်ရွာစံခြင်း၊ သားတော် ကံကုန်ခြင်း

ထိုနှစ် သီတင်းကျွတ်လ မန္တလေးရတနာပုံ ရွှေမြို့တော်ကြီးတွင် မဟာ မိတ်အဖြစ်ဖြင့် အင်္ဂလိပ် အစိုးရမင်းတို့က ထားသည့် ကိုယ်စားလှယ် အရေးပိုင်သည် မြန်မာအစိုးရမင်းတို့ထံ အကြောင်းရှိရာတင်လျှောက် ပြော ဆိုခြင်းမပြုဘဲ ရုတ်တရက် နိုင်ငံတော်မှ ထွက်သွားလေသည်။ ထိုကစ၍ မန္တလေးရတနာပုံရွှေမြို့တော်ကြီးတွင် အင်္ဂလိပ်မင်းတို့က ကိုယ်စားလှယ် အရေးပိုင် ထပ်မံမခန့်မထားရှိသည်နှင့်မြန်မာနိုင်ငံတွင်းနေ တရုတ်ကုလား မျိုးတူမျိုးခြား ကုန်သည်ဆင်းရဲသားအပေါင်းတို့သည် နှစ်တိုင်းနှစ်ပြည် ရန်စစ်ဖြစ်ပွားတော့မည် တွေးထင်မကောင်း စိုးရိမ်ကြောင့်ကြခြင်း ရှိသည် ဖြစ်၍ ကူးသန်းရောင်းဝယ်ရေး ဆုတ်ယုတ်သဖြင့် အကျိုးစီးပွား များစွာ ပျက်ယွင်းခြင်း ရှိကြရလေ၏။

ယင်းသည့်လ စစ်ဝတ်တန်ဆာချုပ်လုပ်ရန် သက္ကလတ်ထည် ရောင်စုံ အမျိုးမျိုးများကို သံတော်ဆင့်နေမျိုးမင်းလှနရာကျော်ထင် ဘင်္ဂလားမြို့မှ ဝယ်ယူ ပြန်လည်ဆိုက်ရောက်ဆက်သရှိသည်နှင့် ငွေဒင်္ဂါးသုံးထောင် ဆု သနားတော်မူသည်။သက္ကလတ်အထည်များကိုလည်း အသီးအသီး ကုန်း ကြောင်း ရေကြောင်းအရာရှိတို့ကို ဆိုင်သင့်ရာရာ ခွဲဝေပေးအပ် ကြီးကြပ် ချုပ်လုပ်စေပြီးလျှင် ဌာနဆိုင်ရာများတွင် ကောင်းမွန်စွာ သိမ်းထားရ သည်။

ယင်းသည့်လ ခမည်းတော်မင်းတရားကြီးဘုရား လက်ထက်တော်က ခန့်ထားရှိသည့် မြေဒူးမြို့စား မိုးနဲတပ်စစ်ကဲ မင်းကြီး မင်းလှမဟာမင်း ခေါင်လည်း ဝါကျွတ်ကန်တော့ ရွှေမျက်နှာတော်ကို အဖူးအမြော်လာ

ရောက်ရာ မိုးနဲမြို့တွင် စစ်ကဲအဖြစ်နှင့် ရပ်နေမြဲရပ်နေစေရန် မိုးနဲမြို့သို့ တက်သွားထမ်းရွက်စေသည်။

ယင်းသည့် သီတင်းကျွတ်လ ကုန်ကြောင်းရေကြောင်း စစ်သည်ရဲမက်တော် အမှုထမ်းလူတို့အနက် ရွှေစက်တော်မြတ် အောက်တွင် လစဉ် လစာငွေသနားတော်မြတ်ခံစေ၍ အိမ်ထောင်စုံ တက်နေ ထမ်းရွက်ရှိသည့် အမြဲတမ်း ရဲမက်တော်လူ နှစ်သောင်း လေးထောင်ကျော်တို့မှာ အထက်ချုပ်ပြီး စစ်ဝတ်ကိရိယာများကို ဝတ်ဆင်စေ၍ ရွှေတော်သို့ တပ်စဉ်အတိုင်း စီစဉ်ခင်းကျင်း သွင်းပြစေ-အမိန့်တော်မြတ်အရ တပ်ကြီးခင်းကျင်းသွင်းပြရသည်မှာ····

အတွင်းမြောက်စုကိုယ်ရံတော်အမှုထမ်းမြောက်ဒဝယ်တစ်ကို ရွှေဖျားထား၍ မြောက်ဒဝယ်သေနတ်ဗိုလ် ရနောင်မြို့စား မဟာမင်းလှမင်းထင်စည်သူနှင့် မြောက်ဒဝယ်အစု သေနတ်စွဲသူရဲ မြောက်ရာ့ရှစ်ဆဲ့ငါး-တတပ်၊ တောင်ဒဝယ်သေနတ်ဗိုလ် ကျောက်ဆောက်မြို့စား မဟာမင်းလှမင်းထင်စည်သူနှင့် တောင်ဒဝယ်အစု သေနတ်စွဲသူရဲ မြောက်ရာ့ခုနစ်ဆဲ့ငါး-တတပ်၊ မြောက်တရာ့ငါးဆယ် သေနတ်ဗိုလ် မင်းလှသိင်္ခသီဟသူနှင့် မြောက်တရာ့ငါးဆယ် အစု သေနတ်စွဲသူရဲ မြောက်ရာ့မြောက်ဆဲ့သုံး-တတပ်၊ တောင်တရာ့ငါးဆယ် သေနတ်ဗိုလ် မဟာမင်းခေါင်သီဟသူနှင့် တောင်တရာ့ငါးဆယ် အစုသေနတ်စွဲသူရဲ ငါးရာ့ခုနစ်ဆဲ့လေး-တတပ်၊ မြောက်မာရဘင် သေနတ်ဗိုလ် မဟာမင်းလှမင်းထင်သီရိနှင့် မြောက်မာရဘင်အစု သေနတ်စွဲသူရဲ ခုနစ်ရာ့ကိုးဆဲ့ကိုး-တတပ်၊ ရွှေပြည့်မှန်ကင်း သေနတ်ဗိုလ် မင်းလှဇေယသူရိန်နှင့် ရွှေပြည့်မှန်ကင်း အစု သေနတ်စွဲသူရဲ မြောက်ရာ့ခုနစ်ဆဲ့နှစ်-တတပ်။

စုကြီးမြောက်ကြောင်းမှာ····နတ်စုလက်ဝဲသေနတ်ဗိုလ် မဟာမင်းလှမင်းထင်သမိန်စက်နှင့် နတ်စုလက်ဝဲအစုသေနတ်စွဲသူရဲ တထောင့်ကိုး-တတပ်၊ နတ်စုလက်ယာ သေနတ်ဗိုလ် မဟာမင်းလှ ရာဇကျော်ထင်နှင့် နတ်စုလက်ယာ အစု သေနတ်စွဲသူရဲ လေးရာ့နှစ်ဆယ်-တတပ်၊ ရွှေးလက်ဝဲ သေနတ်ဗိုလ် မင်းကျော်သီဟမင်းထင်နှင့် ရွှေးလက်ဝဲအစု သေနတ်စွဲသူရဲလေးရာ့ငါးဆဲ့ငါး-တတပ်၊ ရွှေးလက်ယာသေနတ်ဗိုလ် မင်းထင်သိင်္ခရာဇာနှင့် ရွှေးလက်ယာအစု သေနတ်စွဲသူရဲ သုံးရာ့ရှစ်ဆဲ့ကိုး-တတပ်၊ လက်ဝဲကြောင်း သေနတ်ဗိုလ် နေမျိုးမင်းလှမင်းထင်နှင့် လက်ဝဲ

ကြောင်း အစုံ သေနတ်စွဲသူရဲ ငါးရာ့ ခုနစ်ဆယ်-တတပ်၊ လက်ယာ ကြောင်းသေနတ်ဗိုလ် မဟာမင်းလှမင်းခေါင်နှင့် လက်ယာကြောင်းအစုံ သေနတ်စွဲ သူရဲငါးရာ-တတပ်။

အစုသေနတ်မှာ····တောင်မာရဘင် သေနတ်ဗိုလ် နေမျိုးရန်ထုတ် သင်္ချာနှင့် တောင်မာရဘင် အစုသေနတ်စွဲသူရဲ သုံးရာ့ငါးဆဲ့ခြောက်-တတပ်၊ ရွှေလှံဗိုလ် မဟာမင်းခေါင်နော်ရထာနှင့် ရွှေလှံအစုသေနတ် စွဲသူရဲ ငါးရာ့လေး-တတပ်၊ နတ်ရှင့်ရွှေးသေနတ်ဗိုလ် မင်းလှမင်းထင် စည်သူနှင့် နတ်ရှင့်ရွှေးအစု သေနတ်စွဲသူရဲ ငါးရာ့ခြောက်ဆဲ့လေး-တတပ်၊ ရွှေပြည်သေနတ်ဗိုလ် မင်းလှမင်းထင်သမိန်သံလိုက်နှင့် ရွှေပြည် စု သေနတ်စွဲသူရဲ တရာ့ခြောက်ဆဲ့ရှစ်-တတပ်၊ နောက်ဝန်းကျင်ဝန် မင်း ထင်မင်းလှစည်သူနှင့် နောက်ဝန်းကျင် အစုံသေနတ်စွဲသူရဲ တရာ့ခုနစ် ဆယ်-တတပ်၊ လင်းဇင်းသေနတ်ဗိုလ် နေမျိုးမင်းထင်သိဒ္ဓိနှင့် လင်းဇင်း အစုသေနတ်စွဲသူရဲသုံးရာ့သုံးဆယ်-တတပ်၊ ကင်းတားသေနတ်ဗိုလ် မင်း လှမင်းထင်ကျော်သူနှင့် ကင်းတားအစု သေနတ်စွဲသူရဲသုံးရာ့သုံးဆဲ့ငါး-တတပ်၊ သူရဲဝန် မဟာမင်းထင်ပညာသီရိသင်္ချာနှင့် သူရဲအစု သေနတ် စွဲ တထောင့်တရာ့တဆယ်-တတပ်၊ တံခါးနီဗိုလ် မင်းထင်ကျော်ခေါင် နှင့် တံခါးနီအစု သေနတ်စွဲသူရဲ တရာ့ခုနစ်ဆဲ့ခုနစ်-တတပ်၊ ဘုန်းတော် ပြည့်သေနတ်ဗိုလ် မင်းလှကျော်သူနှင့် ဘုန်းတော်ပြည့်အစု သေနတ်စွဲသူရဲ နှစ်ရာ့ကိုးဆဲ့လေး-တတပ်၊ ဘုန်းတော်တိုး သေနတ်ဗိုလ် မင်းကျော်တန် ဆောင်နှင့် ဘုန်းတော်တိုးအစု သေနတ်စွဲသူရဲ လေးရာ့ခြောက်ဆဲ့တစ်-တတပ်၊ တရာ့ငါးဆဲ့ရှစ် အစုသေနတ်ဗိုလ် နေမျိုးသီရိဗလကျော်ထင်နှင့် တရာ့ငါးဆဲ့ရှစ် အစုသေနတ်စွဲသူရဲ ခြောက်ဆဲ့သုံး-တတပ်၊ ရွှေဝင်း တော်မှူး သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာနှင့် ရွှေဝင်းအစုသေနတ် စွဲသူရဲ နှစ်ရာ့ကိုးဆဲ့ငါး-တတပ်၊ လက်ဝဲဝင်းမှူးနှင့် လက်ဝဲဝင်းအစု သေ နတ်စွဲသူရဲ လေးရာ့နှစ်ဆဲ့လေး-တတပ်၊ လက်ယာဝင်းတော်မှူး ဗိုလ်က လေးနှင့် လက်ယာဝင်းအစု သေနတ်စွဲသူရဲ တရာ့တဆဲ့လေး-တတပ်၊ နောက်ဝင်းတော်မှူး မင်းကြီး မင်းလှမဟာမင်းခေါင်နှင့် နောက်ဝင်းအစု သေနတ်စွဲသူရဲ တရာ့တဆဲ့လေး-တတပ်၊ စို့လေးဆယ်ဒိုင်းဝန် မဟာ မင်းလှမင်းထင်ကျော်နှင့် စို့လေးဆယ်ဒိုင်းအစု သေနတ်စွဲသူရဲ လေးရာ့ နှစ်ဆဲ့ခြောက် - တတပ်၊ ကောင်ဟန်ဝန် မင်းလှမင်းခေါင် သီဟသူနှင့် ကောင်ဟန်အစုသေနတ်စွဲသူရဲ ကိုးဆဲ့ငါး-တတပ်၊ ယွန်းစုဝန် နေမျိုး

မင်းထင်သီလဝနှင့် ယွန်းအစုသေနတ်စွဲသူရဲ တရာ့တဆဲ့လေး-တတပ်၊ လက်ရွေးကြီး လှေသင်းမိုလ် မင်းလှကျော်ခေါင်နှင့် လှေသင်းအစုသေနတ်စွဲသူရဲ တထောင့်ငါးဆယ်-တတပ်၊ ပြည်လုံးအုံလှေသင်းမိုလ် မင်းကျော်သိဒ္ဓိရန်အောင်နှင့် ပြည်လုံးအုံ လှေအစု သေနတ်စွဲသူရဲတထောင်-တတပ်၊ ရွေးကြီးလှေသင်းမိုလ် မင်းထင်မင်းလှရဲခေါင်သူရိန်နှင့် ရွေးကြီးလှေအစု သေနတ်စွဲသူရဲ တထောင့်တရာ့နှစ်ဆယ်-တတပ်၊ လက်သစ်လှေသင်းမိုလ် မင်းထင်ရာဇာနှင့် လက်သစ်လှေအစု သေနတ်စွဲသူရဲ တထောင့်ငါးဆဲ့လေး-တတပ်၊ ဖောင်ဝန် မဟာမင်းထင်မင်းလှသီဟသူနှင့် ဖောင်အစု သင်းဘောသမ္ဗန်သရပတ်အစု သေနတ်စွဲသူရဲ ခုနစ်ရာ့နှစ်ဆယ်-တတပ်။

အမြောက်တပ်မှာ····အမြောက်ဝန် မင်းထင်မင်းလှကျော်ခေါင် မဘဲမြို့စားကြီးကြပ်၍ အမြောက်တပ်တတပ်လျှင် လှည်းစကြာတင်အမြောက်ကိရိယာစုံပါ အမြောက်လုံးရေ တဆယ်ကျ၊ စကြာအမြောက်မိုလ် ဟာရှင်နှင့် အမြောက်အမှုထမ်းလူ တရာ့တဆဲ့သုံး-တတပ်၊မဂ်လာ အမြောက်မိုလ် ငကျယ်နှင့် အမှုထမ်းလူ တရာ့တဆဲ့သုံး-တတပ်၊ မဂ်လာအမြောက်ဆူးယေကုန်းမိုလ် ငမောင်နှင့် အမှုထမ်းလူ တရာ့တဆဲ့သုံး-တတပ်၊ မဂ်လာအမြောက်ဘုံးအိုးမိုလ် ငရောက်နှင့် အမှုထမ်းလူ တရာ့တဆဲ့သုံး-တတပ်၊ ရန်ပုံခွင်းအမြောက်မိုလ် ငခနှင့် အမှုထမ်းလူ တရာ့တဆဲ့သုံး-တတပ်၊ တောင်အင်းအမြောက်မိုလ် ငသော်နှင့်အမှုထမ်းလူ တရာ့တဆဲ့သုံး-တတပ်၊ နောက်တိုးအမြောက်မိုလ် ငရွှေထွန်းနှင့် အမှုထမ်းလူတရာ့တဆဲ့သုံး-တတပ်၊ မဂ်လာစိန် သွေးသောက်ကြီးငပိုနှင့် အမှုထမ်းလူ ငါးဆဲ့ခြောက်-တတပ်၊ အမြောက်တပ်ပေါင်း ရှစ်တပ်, အမြောက်လုံးရေ ခုနစ်ဆယ်, အမြောက်အမှုထမ်း ကိရိယာကိုင်လူ ရှစ်ရာ့လေးဆဲ့ခုနစ်။

မြင်းတပ်မှာ····မြင်းအမှုထမ်းလူတို့သို့ ပေးအပ်ရင်း မြင်းတော်များကို ကကြိုးကိရိယာစုံ ဆင်ယင် စီးနင်းစေ၍ ခေးလှံ စွဲကိုင်စေပြီးလျှင် ကသည်းမြင်းဝန် မင်းလှမင်းထင်ရာဇရှိန်နှင့် ကသည်းမြင်းအစု မြင်းစီးသူရဲရှစ်ရာ့ငါးဆဲ့နှစ်-တတပ်၊ အဏ္ဏပတ်မြင်းဝန် မင်းလှမင်းထင်သူရိန်နှင့် အဏ္ဏပတ်မြင်းအစု မြင်းစီးသူရဲ ကိုးရာ့ကိုးဆဲ့တစ်-တတပ်၊ ရဲဘက်မြင်းတပ်မိုလ် မင်းကျော်သူရမင်းထင်နှင့် ရဲဘက်မြင်းအစု မြင်းစီးသူရဲငါးရာ့ခြောက်ဆဲ့ကိုး-တတပ်၊ ရွှေပြည်ရန်အောင်မြင်းတပ်မိုလ် မင်းထင်မင်းလှ

ကျော်ခေါင်နှင့် ရွှေပြည်ရန်အောင် မြင်းအစုမြင်းစီးသူရဲ ငါးရာ့ခြောက်ဆဲ့တစ်-တတပ်၊ မြင်းစုကြီးဝန် မင်းကြီးမဟာမင်းခေါင်ကျော်ထင်ကြီးကြပ်၍ မြင်းစုကြီး မြန်မာမြင်းစာရေးကြီး မင်းထင်စည်သူရာဇာနှင့် မြန်မာမြင်းအစု မြင်းစီးသူရဲ နှစ်ရာ့တဆဲ့ငါး-တတပ်၊ ရှမ်းမြင်း စာရေးကြီးနှင့် ရှမ်းမြင်းအစုမြင်းစီးသူရဲ ခြောက်ရာ့တဆဲ့နှစ်-တတပ်၊ ဇင်းမယ်ပါ မြင်းစာရေးကြီးနှင့် ဇင်းမယ်ပါ မြင်းအစု မြင်းစီးသူရဲ နှစ်ရာ့လေးဆဲ့လေး-တတပ်၊ နောက်တော်ပါမြင်းဝန် မင်းထင်ရာဇသင်္ချာနှင့် နောက်တော်ပါမြင်းအစု မြင်းစီးသူရဲ လူတရာ့တဆဲ့ရှစ်-တတပ်၊ လမိုင်းမြင်းဝန်နှင့် လမိုင်းမြင်းအစု မြင်းစီးသူရဲ တရာ့ တဆဲ့ တစ်-တတပ်၊ နန်းဦးမင်္ဂလာမြင်းဝန်မဟာမင်းကျော် သူရရဲခေါင်နှင့် နန်းဦးမင်္ဂလာမြင်းအစု မြင်းစီးသူရဲ လူ ငါးရာ့ခြောက်ဆဲ့ခြောက်-တတပ်။

တိုက်ဆင်တော်များမှာ····ရွှေကြယ်ငွေကြယ်တပ် ကတ္တီပါသက္ကလတ်ကြိုးလုံးတင်လျက် ဦးစီးနောက်ပဲ့အစုံနှင့် ကျန်ပေါက်မဆင်တော်များမှာ ဝဲယာ စိန်နှစ်လက်စီဆင်ယင်ပြီးကတင်လျက် ကုန်းလယ်စီး ဦးစီးနောက်ပဲ့အစုံနှင့် ဆင်ဝန် မဟာမင်းထင်မင်းခေါင်ကြီးကြပ်လျက် တိုက်ဆင်တော်စီးရေ ရှစ်ဆယ်-တတပ်၊ ဆင်ဝန်ထောက်တို့ ကြီးကြပ်လျက် စိန်တင် ဆင်ပေါက်မ စီးရေ ငါးဆယ်-တတပ်၊ စစ်ကိရိယာအစုံတင် ဆင်တော်ပေါက်မ စီးရေ ငါးဆယ်-တတပ်၊ဆင်တပ်ပေါင်း သုံး ဆင်တော်ပေါက်မစီးရေတရာ့ရှစ်ဆယ်၊ တစီးလျှင်သုံးယောက်ကျ ဦးစီးနောက်ပဲ့လူငါးရာ့လေးဆယ် စုစုတပ်ပေါင်း ငါးဆဲ့ခုနစ်, စစ်သည်သူရဲပေါင်း နှစ်သောင်းလေးထောင့်ခြောက်ရာ့ကိုးဆဲ့ခြောက်, မြင်းစီးရေ လေးထောင့်ရှစ်ရာ့သုံးဆဲ့ကိုး, ဆင်စီးရေ တရာ့ရှစ်ဆယ်, အမြောက်လက်ရေ ခုနစ်ဆယ်, ခြေသည်တတပ်လျှင် စိန်နှစ်လက်ကျ ဆင်တင်စိန်ပါ စိန်လက်ရေတရာ့ခြောက်ဆဲ့ရှစ်များကို အတွင်းဝန် မြို့သစ်မြို့စားမင်းကြီးမင်းလှမဟာဇေယသင်္ကြံကိုရွှေတပ်ချုပ်၊ သံတော်ဆင့်ကျီဝန်မဟာမင်းထင်စည်သူကို လက်ဝဲစစ်ကဲ၊ သံတော်ဆင့် လယ်ဝန်ယောမြို့စား မဟာမင်းကျော်သီရိမင်းထင်ကို လက်ယာစစ်ကဲ၊ အတွင်းဝန်လှေသင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာဇေယကျော်ထင်ကို နောက်တပ်ချုပ်၊ သံတော်ဆင့် ရန်လင်ကြီးလှေအုပ် မဟာမင်းလှမင်းခေါင်ကို လက်ဝဲစစ်ကဲ၊ သံတော်ဆင့် မြမန်းလှေအုပ် မဟာမင်းကျော်သီရိမင်းထင်ကို လက်ယာစစ်ကဲမှစ၍ နာခံ, တပ်ရေး, အသီးအသီးရန်ထားပြီးလျှင် ဗိုလ်မှူး, ဗိုလ်ချုပ်, စစ်ကဲ, တပ်ဗိုလ်

တို့မှာ သနားတော်မြတ်ခံရသည့် မျဉ်းမှောက်တိုကိုဆင်ယင်၍ ဆင်စီးလျက်၊ ကျန်အရာရှိတို့မှာ စစ်ဝတ်သတ္တလတ်အင်္ကျီ ဝတ်ဆင်၍ မြင်းစီးလျက်၊ အသီးအသီး ကြီးကြပ်အုပ်ကွပ်စေပြီးလျှင် စစ်သည် ရဲမက်တော်တို့မှာ စစ်ဝတ်သတ္တလတ်အင်္ကျီ, ဘောင်းဘီ, မှောက်တိုဆင်ယင်လျက် ရင်ပေါင်တန်း လေးယောက်စီ တညီတညွတ်တည်း စီစဉ်၍ အောင်စည် အောင်မောင်းတို့ဖြင့် အသံမစဲ ရဲတံခွန်အောင်လံစုံကျင်းပစေ၍ ရွှေနန်းတော်ကြီး တောင်နန်းတော်သို့ အသျှင် ဘဝရှင် မင်းတရားကြီး ဘုရား, အသျှင်နန်းမတော် မိဖုရားခေါင်ကြီးနှင့်တကွ ထွက်စံတော်မူရာ ရွှေတော်သို့ တစ်စဉ်အတိုင်း သွင်းပြပြီးလျှင် ရွှေနန်းတော်ကြီး အနောက်တံခါးက ချောက်၍ ရွှေမြို့တော်ကြီး အနောက်မျက်နှာ စည်ရှည်တံခါးတော်က ထွက်ပြီးလျှင် ရွှေမြို့တော်ကြီးလေးမျက်နှာ ကျုံးထိပ်လမ်းမတော်အတိုင်း လက်ယာရစ် လှည့်၍ စည်ရှည်တံခါးတော်က တဖန်ဝင်စေပြီးမှ တပ်တော်များကို ရုပ်သိမ်းရသည်။ ထိုအခါရွှေမြို့တော်ကြီးပတ်လည်နှင့် ခရီးတာသုံးထောင်ခန့်ကို တပ်ဦးတော်လှည့်လည်၍ စည်ရှည်တံခါးတော်သို့ ဝင်ရောက်စဉ် မြို့တွင်းကထွက်လာသောနောက်ဆုံးတပ်နှင့်ဆက်မိလေ၏။

ထိုနှစ် တန်ဆောင်မုန်းလ သားတော်မြတ်ရတနာကို 'တမ္ဗုလကရဏ' ဟူသော ကွမ်းဦးခွံ့ မင်္ဂလာ ဆင်ယင်ကျင်းပတော်မူသည်မှာ-မှန်နန်းဆောင်တော် ဘမရာသန ရာဇပလ္လင်တော်ဦးတွင် ထူးဆန်းတင့်တယ်စွာ ခြယ်လှယ်စီမံ ထားအပ်သော အခင်းတော်ကြီးများကို ခင်းကျင်းစေပြီးလျှင် အခါတော်မရောက်မီ သံဃာတော်ရှစ်ပါးပင့်ဘိတ်၍ ပရိတ်တော်ဂုဏ်တော်များကို ရွတ်မွန်းရသည်၊ မင်းညီမင်းသား မှူးတော်မတ်တော်တို့မှာ ဖောင်း ဝတ်လုံ စလွယ် ဆင်ယင်လျက်, ကတော်မယား တို့မှာလည်း မြိတ်ရစ်မြိတ်ခံအဆင်တန်ဆာဆင်ယင်လျက် ဝင်ထွက်ကြရသည်။

သားတော်မြတ်ရတနာလည်း စံတော်မူရင်းအဆောင်တော်မှ ဘွားတော် ဆင်ဖြူမရှင်ဘုရားနှင့်တကွ ဆွေတော်မျိုးတော် မင်းသမီးအပေါင်းတို့ ကြပ်မဝန်းအုံလျက် အထိန်းတော်, အချီတော်, အယတော်တို့ ပိုက်ပွေ့ယုယကာထွက်စံတော်မူရသည်။

အခါတော်နီးသည့်ကာလ အသျှင် ဘဝရှင် မင်းတရားကြီးဘုရား, အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့် တကွ ထွက်စံတော်မူလျှင် မှန်နန်းတော်ကြီး ဝဲယာ ခင်းကျင်းအသင့်ရှိသော အနောက်အငြိမ့်,

အရှေ့အငြိမ့် အတွင်းဆိုင်းများက တပြိုင်နက် သာယာငြိမ့်လေးစွာ တီးမှုတ်ကြရသည်။ အခါတော်စောင့် ပုဏ္ဏားတို့က အခါတော်စာလျှောက်ကြားသည်နှင့်တပြိုင်နက် မြေနန်းတော်ရှေ့က မင်္ဂလာစိန်သံ ထောက်၍ ရုံးနှစ်ဘက်ကြားရှိ အလျှုတော်များကို ရွှေတော်ပြေး စည်တော်စုံတီး ရှမ်း၍ လှူဒါန်းမြဲလှူဒါန်းရသည်။

ပြီးလျှင် ဘိသိက်တော်ဆက် ရှစ်ပါးပုဏ္ဏားတို့က အမျိုးဘာသာ ဘိသိက်တော်ဂါထာ ရွတ်ဆိုလျက် ဘိသိက်တော်ဆက်ကြရသည်။ ပြီးလျှင် ပူဇော်တော်ပွဲဆက် ခန့်ထားသူ မြန်မာပုဏ္ဏားအုပ်တို့က ပူဇော်တော်ပွဲများကို ဆက်သပူဇော်ရသည်။ ပြီးလျှင် ပြင်ဆင်အသင့်ရှိသော စားတော်ကွမ်းပွဲတော် အဘွယ်အရာစုံများကို သံတော်ဆင့်တို့က မင်္ဂလာစကား ဖတ်လျှောက်မြဲ ဖတ်လျှောက်စေပြီးလျှင် စားတော်ကွမ်းဆက်ခန့်ထားသည့် ငယ်လင်ငယ်မယား သားမြေးမြိတ်စွန်နှင့် ပြည့်စုံ၍ နေ့နံသင့်သူ ကတော်မယားတို့ ဆက်သရသည်။ ပြီးလျှင် ပွဲသဘင်တူရိယာစုံများကို အတန်ငယ်ကျင်းပစေပြီးမှ အသျှင်နှစ်ပါးဝင်တော်မူသည်။

သားတော်မြတ် ရတနာကို နေ-လ ရှုမျှော်တော်မူရန်-ရဝိန္ဒုဒဿနမင်္ဂလာ,ထမင်းပွဲတော်ဦးဆက်သရန်-ပဌမဘတ္တမင်္ဂလာ, ဆံတော်ပြင်ရန်ကေသစ္ဆေဒနမင်္ဂလာတော်များမှာလည်း တမ္ဗုလကရဏမင်္ဂလာ အခမ်းအနားအတိုင်း ခင်းကျင်း ကျင်းပချီးမြှောက်တော်မူသည်။

ယင်းသည့် တန်ဆောင်မုန်းလပြည့်ကျော်နှစ်ရက်နေ့ သားတော်မြတ်ရတနာကို မြပုခက်ယောင်တင်တော်မူခြင်း-ဒေါ်ဠကရဏ မင်္ဂလာသဘင်ချီးမြှောက် ကျင်းပတော်မူသည်မှာ....မှန်နန်းဆောင်တော် ဘမရာသနရာဇပလ္လင်တော်ရှေ့တွင် အခမ်းအနားပြည့်စုံအောင် ခင်းကျင်းကျင်းပပြီးလျှင်ခြည်ဝါပြိုးပြက် တခဲနက်သောရွှေစင်ရောင်လင်းပြင်၌ စီစဉ်ပတ္တမြားမြသားထပ်ဆင့်စိန်ပွင့်စိန်ပန်း ထူးဆန်းတင့်တယ် မျက်စုံခြယ်သည့် အဘိုးအနဂ္ဃထိုက်သော မြပုခက်ယောင်တော်ကို ရတနာမျိုးတို့ဖြင့် စီခြယ်အပ်သော ယောင်ခုံတော်နှင့် ဆင်ယင်ခင်းကျင်းထားရခြင်း၊ ဆင်,မြင်း, သစ်,ကျား စသောသားရုပ်၊ ကျေး,သာရကာ, ဟင်္သာ, ကရဝိက်စသော ငှက်ရုပ်၊ အိုးတန်ဖုံးပွက် ခွက်ကြုတ်သန္ဓေးစသော အသုံးအဆောင်မှ စ၍ ကစားဘွယ် အသွယ်သွယ်များကိုလည်း ရွှေသတ္တိလုပ်ဆောင်၍ ခင်းကျင်းပြင်ဆင်ထားရခြင်း၊ ဘိုးတော်, ဘွားတော်, ခမည်းတော်, မယ်တော်နှင့်

တကွ သားတော်မြတ်ရတနာ၏ ပုညာနိသံသ တေဇာနုဘာဝ ထွန်းပထူး မြတ်သောဂုဏ်တော် ကျေးဇူးတော်များကို ကမ္ဘာဝသုန် မကုန်မချင်း ထွန်းလင်းရစ်စိမ့်သော၄ှာ ဖွဲ့ဆိုသီကုံးသော မင်္ဂလာချောင်း, မင်္ဂလာလူး တား, မင်္ဂလာယောင်ချင်းများကို အမိန့်တော်နှင့် ဝန့်ရှင်တော်လယ်ကိုင်း မြို့စား ကင်းဝန် သေနတ်ဝန်မင်းကြီး မင်းကြီး သတိုးသုမဓ္ဓ မဟာသက် တော်ရှည် စီကုံးရေးသားဆက်သွင်းရခြင်း။

ခမည်းတော်မင်းတရားကြီးဘုရား, မယ်တော် မိဖုရားခေါင်ကြီးဘုရား လက်ဖွဲ့တော်မူအပ်သော အဘိုးဖြတ်ဆိုခြင်းငှာ မထိုက်သော နန်းစဉ် ပတ္တမြား လက်စွပ်တော်ကြီးနှင့်တကွ စိန်,မြ, ပတ္တမြားစသော လက်ဝတ် တော်အမျိုးမျိုး၊ ရတနာအတိစိခြယ်အပ်သော ဘယက်, စည်ပေါင်း, လက်ကျပ်, လက်ကောက်စသော အဆင်တန်ဆာ အမျိုးမျိုး ပိုးထည် ဖဲ ထည်စသော အထည်အလိပ်အမျိုးမျိုး၊ ထီးမိုးယဉ်ခံ အသုံးကံကျွေးတော် ခံ မြို့, ရွာ, ဥယျာဉ်, လယ်,ယာ, ဆင်,မြင်း, သင်းစုပင်းစု, အထိန်းတော် အချီတော်, အယတော်, လူပျိုတော်, အပျိုတော်များနှင့် ဖွားတော် ဆင်ဖြူမရှင်ဘုရားက လက်ဖွဲ့တော်မူသည့်အကွင်းအချည် အသုံးအဆောင် အထည်အလိပ်၊ မင်းညီမင်းသား, မင်းသမီး, မှူးတော်မတ်တော်တို့က လက်ဖွဲ့တော်ဆက်သသည့် အကွင်းအချည်ရွှေထည် အသုံးအဆောင်များ ကို ယွန်းပေါင်ပုရပိုက်နှင့်ရေးသား အသင့်ရှိစေခြင်းစသောအခမ်းအနား အလုံးစုံပြီးပြေလျှင် အခါတော်နီး၍ အသျှင် ဘဝရှင် မင်းတရားကြီး ဘုရား အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့်တကွ ထွက်စံတော်မူ သည်ကာလ အခါကြား အမြောက်သံ သုံးချက်ပေး၍ ဘုရားခုနစ်ဆူ အလှူတော်တင်လှူရခြင်း၊ ဘိသိက်တော် ဆက်ခြင်း၊ ပူဇော်တော်ပွဲဆက် ခြင်း၊ မင်္ဂလာပွဲတော်ထမင်း, ပွဲတော်ဟင်း ဆက်သခြင်း များကို အစဉ် အတိုင်း ပြုလုပ်ရသည်။

ပြီးလျှင် မင်းညီမင်းသား မင်းသမီး မှူးတော်မတ်တော်တို့က အသီး အသီး လက်ဖွဲ့တော်ဆက်သည့် တင်လျှာများကို သံတော်ဆင့်တို့ကဖတ် လျှောက်ရသည်၊ ပြီးလျှင် ယွန်းပေါင်ပုရပိုက်ဖြင့် ရေးသားသော လက်ဖွဲ့ တော်စာရင်းများကို ဖတ်လျှောက်ရသည်၊ ပြီးလျှင် မင်္ဂလာချောင်းကို ပုဒ် စပ်ချောမွေ့ သန္ဓေ့ခြားဖြတ် သံလွှတ်ဖွင့်ဆို ရှည်တိုလေးပေါ့ တင်း လျော့နိဂ္ဂဟိတ် အစိတ်အဖြာ အင်္ဂါဆယ်ခု ဖတ်ရွတ်မှု ကျွမ်းကျင်သော လေးနက်သာယာနာပျော်ဘွယ်အသံနှင့်ပြည့်စုံသော ဝန်ထောက် ပေါက်

မြိုင်မြို့စား မင်းကြီး မင်းလှ မဟာ မင်းထင်ကျော်က အသံထားမပါဘဲ စကားအဓိပ္ပါယ် နားလည်ဘွယ်ဖြစ်အောင် ဖတ်လျှောက်ရသည်။

ပြီးလျှင် ရတနာယောင်တော်ထက် သားတော်မြတ်ရတနာကို ပိုးဖဲကတ္တီပါစသော ညင်ရုံတော်အမျိုးမျိုးဖြင့် ဝိုက်ရွှေယုယ စက်တော်ခေါ်သည့်ကာလ ရွှေတော်ပြေးမှူးမင်းလှသီရိအိန္ဒဒေဝါကိုမင်္ဂလာနတ်စည်ဟူသော စောင်းတော်ကို ညှိစေခြင်းဖြင့် မင်္ဂလာယောင်တော်သဘင် ငြိမ့်လေးစေရသည်။

ပြီးလျှင် မင်္ဂလာချေင်း, သံဖောက်, မင်္ဂလာလူးတားများကိုနာခံတော်ဝေါကြီးမှူး မဟာမင်းကျော်စည်သူ ဖတ်လျှောက်ရသည်၊ မင်္ဂလာယောင်ချင်းကို နာခံတော်ဝေါကြီးမှူး မဟာမင်းကျော်မင်းထင် ဖတ်လျှောက်ရသည်၊ ပြီးလျှင် ပွဲသဘင်စုံတို့က တပြိုင်နက် အတန်ငယ်တီးမှုတ်ကခုန်စေပြီးလျှင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့်တကွ ဝင်တော်မူသည်။ ယင်းသည့်နေ့ညဥ့်မှာလည်း မှန်းနန်းတော်ကြီး ဝဲဘက် နန်းကြမ်းပြင်တွင် ရုပ်စုံ မဟာစင်တော်ကြီး၊ တောင်နန်းတော်ဦး ဇာတ်ရုံတော်တွင် ယိုးဒယားဇာတ်ကြီး အတီးအကစုံများကို ခင်းကျင်းပြသရသည်။

ယင်းသည့် တန်ဆောင်မုန်းလကစ၍ ဆောင်းရာသီအတွင်း အစုအမှုထမ်းလူတို့ကို သေနတ်အပစ်အခတ် အခင်းအကျင်း စစ်မှုနှင့်စပ်သည့်အရာများ အထက်သင်ကြားတတ်မြောက်ရင်းထက် အထူးသဖြင့်ကောင်းမွန်စွာတတ်မြောက်နားလည်အောင် ကြိုးကြပ်ပြသ သင်ကြားစေရန် အီတာလျံကျွန်တော်မျိုး ကပ္ပိတန်ကောင်မိုတို, ဘာရဘေရီ, ပြင်သစ်ကျွန်တော်မျိုး ဘန်တပ်ပေါတို့ကို အသီးအသီး ခွဲဝေပေးအပ်၍ စစ် အရေးအရာများကို သင်ကြားပြသစေသည်။

ထိုနှစ် နတ်တော်လ အစည်းအဝေးဝင် မှူးတော်မတ်တော်တို့က အင်္ဂလိပ် ကိုယ်စားလှယ် အရေးပိုင်သည် မြန်မာနိုင်ငံတော်မှ ရုတ်တရက်ထွက်ခွာသွားခြင်းကြောင့် နှစ်တိုင်းနှစ်ပြည် ကုန်သည်ဆင်းရဲသားတို့ ကူးသန်းရောင်းဝယ်ရေး ဆုတ်ယုတ်ပျက်ပြားရှိသည့်အကြောင်းအရာ၊ မြန်မာအစိုးရမင်းတို့ကလည်း ခမည်းတော်မင်းတရားကြီးဘုရားလက်ထက်တော်ကကဲ့သို့ ရာဇမဟာမိတ် အရှည်မြဲမြံခိုင်ခံ့စေရန် ထပ်မံစာချုပ်ဆိုလိုသည့်အကြောင်းအရာ-ရာဇသံများနှင့် အိန္ဒိယဘုရင်ခံမင်းထံသံစေလွှတ်ရလျှင်သင့်ရန်ရှိကြောင်း ညှိနှိုင်းတိုင်ပင်သဘောညီညွတ်ရှိကြသည့်အရ အမိန့်

တော်မြတ် ခံပြီးလျှင် ခမည်းတော်မင်းတရားကြီးဘုရား လက်ထက်တော် ဥရောပတိုက် တိုင်းပြည်နိုင်ငံများသို့ သံအဖြစ်ဖြင့်အကြိမ်ကြိမ်သွားရောက် ထမ်းရွက်ဘူးသူ ဝန်ထောက် မြောင်လှမြို့စား မင်းကြီးသီရိမဟာဇေယသူ ကို သံကြီး, စာရေးကြီး မင်းထင်သိဒ္ဓိရာဇာကို သံလတ်, အမှာရေးနေမျိုး မင်းထင်ရာဇာကို သံငယ် ခန့်ပြီးလျှင် ရာဇသံလက်ဆောင်တော်များနှင့် အိန္ဒိယဘုရင်ခံမင်းထံ စေလွှတ်ရာ ကျောက်တိုင်တောင်ဘက် သရက်မြို့ ဆိပ်ကမ်းသို့ ဆိုက်ကာလ သရက်အရေးပိုင် လာရောက်ပြီးလျှင် မြန်မာ သံတော်တို့ မည်သည့်ကိစ္စနှင့် လာရောက်ကြောင်း မေးမြန်းသည်နှင့် နေ ထွက်ဘုရင်မြန်မာမင်းမြတ်က အိန္ဒိယဘုရင်ခံမင်းထံ ရာဇသံလက်ဆောင် တော်များနှင့် စေလွှတ်၍ လာရောက်ရကြောင်း ပြန်ပြောသည်ကာလ သည်ကဲ့သို့အကြောင်းကို ဘုရင်ခံမင်းထံ ကြေးနန်းနှင့်လျှောက်ထားပါဦး မည်၊ သရက်မြို့တွင်ပင် ရပ်ဆိုင်းပါဦး ပြောဆိုပြန်သွားပြီးနောက် သရက် အရေးပိုင် ထပ်မံလာရောက်ပြီးလျှင် ရာဇသံတွင် မည်သည့်အကြောင်း ပါရှိသည်–မေးမြန်းပြန်ပြောရဦးမည်၊ ဘုရင်ခံမင်းထံက အမိန့်ကြေးနန်း ဆင့်ဆိုရှိကြောင်းနှင့် ပြောဆိုသောကြောင့်ရာဇမဟာမိတ်အရှည်မြဲမြဲခိုင်ခံ့ စေရန် စာချုပ် လုပ်လိုခြင်းဖြစ်ကြောင်း ပြန်ပြော၍ မြန်မာသံတော်တို့က ချုပ်ဆိုလိုသည့် စာချုပ် သဘောလက်ခံများကို ပေးအပ်လိုက်ရ၏။

ရှေးမင်းတို့ ပြုစုတည်ထားခဲ့သည့် မန္တလေးတောင်ထိပ်ရှိစေတီတော် ဘုရား, မြတ်စောညီနောင်ဘုရား, ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်း တရားကြီးဘုရား ကိုးကွယ်တော်မူသည့် ဗျာဒိတ်ညွှန်း ရွှေရပ်တော်ကြီး ဘုရားများကို အဖူးအမြော်ထွက်တော်မူမည်–အမိန့်တော်မြတ်အရ မန္တ လေး တောင်ခြေတွင် ကွန်းထောက်စံနန်းတော်မှစ၍ တောင်ထိပ်ရောက် စခန်းသင့်ရာ စံနန်းတော်များကို ဆောက်လုပ်ပြီးပြေလျှင် ယင်းသည့်နှစ် တော်လပြည့်ကျော် ၁၂ ရက်နေ့ ရွှေ ခြောက်တပ် နောက် ခြောက်တပ် တပ်ဝင်းအခမ်းအနား ခင်းကျင်း ကျင်းပ၍ အသျှင် ဘဝရှင်မင်းတရား ကြီးဘုရား, အသျှင်နန်းမတော် မိဖုရားခေါင်ကြီးနှင့်တကွ ရထားတော် နှင့် ထွက်တော်မူ၍ တောင်ခြေစံနန်းတော်သို့ ရောက်တော်မူလျှင် ယာဉ် တော်များကိုစီးနင်းတော်မမူ တောင်မျက်နှာစောင်းတန်းက တက်တော် မူ၍ မြတ်စွာဘုရားရှင်တို့အား အထူးထူးသော လှူဘွယ်တို့ဖြင့် ပူဇော် တော်မူပြီးလျှင် ထိုနေ့ ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ထိုနှစ် တပို့တွဲလ စာရေးကြီး ဖန်ချက်ဝန် မဟာမင်းထင်စည်သူကို ဝန်ထောက်ခန့်တော်မူ၍ အထက်ဝန်ထောက်တို့နည်း ဘွဲ့အစီးအနင်း အဆောင်အရွက် သနားတော်မြတ်ခံစေ၍ ကျောက်ရဲမြို့ကို မြို့စားသနား တော်မူသည်။

အတွင်းဝန် ဆောမြို့စား မင်းကြီးမဟာမင်းထင်သင်္ခယာမှာ သက်ရှယ်ကြီးရင့်ရှိသည်နှင့် အတွင်းဝန်အရာက နုတ်ပြီးလျှင် ချမ်းသာစွာနေထိုင်စေသည်။

ထိုနှစ် တပေါင်းလ စာရေးကြီးမင်းထင်ရာဇာကို မိုးနဲတပ်စစ်ကဲခန့်၍ ကိုယ်ရံအမှုထမ်းလူတရာနှင့် ကျိုင်းတုံမြို့က ရပ်နေထမ်းရွက်စေသည်။

ထိုနှစ်နှောင်းတန်ခူးလဆန်း ၄ ါးရက်နေ့ အမရပူရစတုတ္ထနန်းစံ ဘကြီးတော် ပုဂံမင်းတရား နတ်ရွာစံတော်မူသည်ကို စကြဝတေးမင်း-မန္တာတ်မင်းတို့ကို သဂြိုဟ်သကဲ့သို့ အခမ်းအနားကြီးကျယ်စွာစီရင်ခင်းကျင်းတော်မူ၍ စံနေတော်မူရင်း ရွှေမြို့တော်တွင်းအရှေ့တောင်ထောင့် နတ်စုလက်ယာကွက်ရှိ ဝင်းတော်အတွင်းတွင် အလောင်းတော်ကို ကောင်းမွန်စွာ သဂြိုဟ်တော်မူသည်။

ယင်းသည့် နှောင်းတန်ခူးလဆန်း ၅ ရက်နေ့ ကျောက်ကြီးရောဂါနှင့် သားတော်မြတ်ရတနာ ရွှေကိုယ်တော်ကြီးဘုရား ကံတော်ကုန်သည်ကို အခမ်းအနားကြီးကျယ်စွာ ခင်းကျင်း ကျင်းပပြီးလျှင် ရတနာမျိုး တို့ဖြင့် စီခြယ်အပ်သော ရွှေတလားအတွင်းသွင်း၍ မြောက်ဥယျာဉ်တော်တွင် အုတ်နန်းပြာသာဒ်တည်လုပ်တော်မူပြီးလျှင် ဘဝရှင်မင်းတရားကြီးဘုရား, အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့်တကွ ထွက်တော်မူ၍ အုတ်နန်းပြာသာဒ်အတွင်း၊ သွင်းနှံသဂြိုဟ်တော်မူသည်။

နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ်စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ်(၁၂၄၁) တထောင့်နှစ်ရာ့လေးဆဲ့တခု နှောင်းကဆုန်လဆန်းလေးရက် တနင်္ဂနွေနေ့ ညဉ့်လေးချက်တီးကျော် နာရီပြည့် သုံးပါဒ် ဗိဇနာပြည့် လေးပြန် ၄ ါးခရာအချိန် သင်္ကြန်ကျသည်။ ၎င်းလဆန်းခြောက်ရက် အင်္ဂါနေ့ ညဉ့်တချက်တီးကျော်အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၄၂) တထောင့်နှစ်ရာ့လေးဆဲ့နှစ်ခုသို့ တက်သည်။

## ၁၂၄၂—၃

သက္ကရာဇ် (၁၂၄၂) တထောင့်နှစ်ရာ့လေးဆဲ့နှစ်ခုတန်းခူးလ နှစ်သစ်ကန်တော့လာရောက်မြဲအသီးအသီး စော်ဘွားမြို့စားတို့လာရောက်ရာ မိုးနဲစော်ဘွား, ရပ်စောက်စော်ဘွား, မိုင်းနောင်မြို့စား, မိုင်းပျဉ်းမြို့စားတို့ မလာမရောက်ရှိလေ၏။

### သီရိပဝေသန ဘိသိက်ခံခြင်း, မယ်တော်ဘုရား ကျွန်တော်များ လျှော့ပေါ့ခြင်း–စသော အကြောင်းများ

သက္ကရာဇ် (၁၂၄၂) တထောင့် နှစ်ရာ့ လေးဆဲ့ နှစ်ခု နယုန်လပြည့်ကျော် တရက်နေ့ ခမည်းတော် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား၏ အရိုက်အရာတော်ဖြစ်သော ရွှေထီးရွှေနန်း တိုင်းခရိုင်နိုင်ငံတော်အလုံးကို ဆက်ခံစိုးအုပ် တော်မူ၍ လူတို့ အထွတ်အမြတ် ဖြစ်သော မင်းအဖြစ်ကို ယူတော်မူသည့် အတိုင်း မင်းတို့ ဘွယ်ရာ ဖြစ်သော ရွှေနန်းတော်ကို တက်သိမ်းတော်မူပြီးနောက် ဘုန်းတော် ကြက်သရေတော်တိုးတက်ခြင်း၏ အကြောင်းဖြစ်သော ထီးဆောင်းမင်္ဂလာ မဟာဥကာသ်ဖွင့်တော်မူ၍ သီရိပဝေသနဘိသိက်သွန်းခံတော်မူရန် ရှိသည်ကို ရှေးစာဟောင်း စာတမ်းထွက်နှင့်အညီ ရွှေနန်းတော်သစ်တစ်ပတ်လည် ရွှေနန်းတော်တွင်းများတွင် ခြေသည်တစ်, ဆင်တစ်, မြင်းတစ်, ရထားတစ်စသော စစ်အင်္ဂါလေးပါးတို့ဖြင့် ခင်းကျင်း ကျင်းပစေလျက် မြေနန်းတော်ဝဲယာနေရာတော်များသို့ နေရာတော်နေ မင်းညီမင်းသား, မှူးတော်မတ်တော်, စော်ဘွား မြို့စား, ဝန်စု မှူးစု, စုရေး စုကိုင်, သူဌေးသူကြွယ်တို့ အသီးအသီး ရှိခိုးကန်တော့လက်ဆောင်တော်များနှင့် ဝင်ထွက်စေပြီးလျှင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား, အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့်တကွ ထီးဆောင်းမင်္ဂလာ မဟာဥကာသ်ဖွင့်တော်မူ၍ သီရိပဝေသနဘိသိက်သွန်း ခံတော်မူသည်။

ထိုအခါ အသျှင် ဘဝရှင်မင်းတရားကြီးဘုရားမှာ–သီရိပဝရ ဒိတျာလောကာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ၊ အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရားမှာ–သီရိပဝရ မဟာရာဇိန္ဒာသိသုဓမ္မရတနာ စန္ဒာဒေဝီ-ဟူသော တံဆိပ်နာမံ ခံတော်မူသည်။ မင်းညီမင်းသား မှူးတော်မတ်တော် အရာရှိတို့ကိုလည်း ဘွဲ့သစ်လဲလှယ်၍ သနားတော်မူသည်။

ထိုနှစ် မယ်တော်ဘုရား စံတော်မူသော အိမ်ဖြူတော်တွင် ဝင်ရောက်ခစား ထမ်းရွက်ရသည့် ယောကျ်ားမိန်းမ ကျွန်တော်မျိုး ကိုးရာကျော်ရှိသည့်အနက် အရည်အသွေးကောက် ရွေးချယ်ပြီးလျှင် စာရေးကြီးငပြောင်, ငဘတို့ကို နုတ်ပယ်၍ ကွမ်းရေခေါင်းငကြီး, ငဘိုးတို့ကို ကွမ်းရေခေါင်းစာရေးကြီး ခန့်တော်မူပြီးလျှင် ဝဲလှည့်စာရေးကြီးနှစ်၊ ယာလှည့်စာရေးကြီးနှစ်၊ ဝဲလှည့်ကွမ်းရေတော် နှစ်ဆဲ့ငါး၊ ယာလှည့်ကွမ်းရေတော် နှစ်ဆဲ့ငါး၊ ဝဲလှည့်ကျွန်တော်မျိုး ယောကျ်ားတရာ၊ မိန်းမတရာ့ငါးဆယ်၊ ယာလှည့်ယောကျ်ားတရာ၊ မိန်းမ တရာ့ငါးဆယ်၊ စုစု ကျွန်တော်မျိုး ယောကျ်ားမိန်းမ ငါးရာ့ငါးဆဲ့လေးတို့သာလျှင် ထမ်းရွက်စေသည်။

ထိုနှစ် နယုန်လ ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား နတ်ပြည်စံတော်မူသောအခါ ထွက်ရှောင်၍ မန္တလေးရတနာပုံ ရွှေမြို့တော်ရှိ အင်္ဂလိပ်ကိုယ်စားလှယ် အရေးပိုင်ထံ ဝင်ရောက်၊ အင်္ဂလိပ်အစိုးရမင်းတို့က ကလကတ္တားမြို့သို့ ပို့ထားသော ညောင်ရမ်းမင်းသား၏ ညီ–ညောင်အုပ်မင်းသား မြန်မာနိုင်ငံတော် အောက်မြစ်စဉ်အစွန်အဖျား ဒဂုံမော်ကျောက်တိုင်အနီးသို့ အမှတ်မဲ့လာရောက် လူသူစုရုံးပြီးလျှင် မြေထဲမြို့ကို ရုတ်တရက်ဝင်ရောက် မီးရှို့ပြီးကာလ နေရင်းဒဂုံမော်ကျောက်တိုင်အနီး ဆံပုံတောင်အရပ်တွင် ခိုဝင်နေထိုင်ရှိကြောင်း, မြေထဲမြို့ဝန်ငဆိပ်လည်း တောင်တွင်းကြီးမြို့နယ်မြေသို့ ထွက်ပြေး ရှိကြောင်းများနှင့် အောက်မြစ်စဉ်ဝန် မင်းကြီး မဟာမင်းလှမင်းထင်နရသူက တင်လျှောက်ကြားသိတော်မူရ၍ တိုင်းရေးပြည်မှုနှင့် စပ်သည့်အရာကို အမှုငယ်သည်ဟူ၍ လေးစားမှု ပြုထိုက်သည်မဟုတ်၊ တိုင်းစွန်ပြည်နား ဆင်းရဲသားကျွန်တော်မျိုးတို့ ထိတ်လန့် ကြောက်ရွံ့ရန်အကြောင်းရှိသည်ဖြစ်၍ နိုင်ငံတော် အစွန်အဖျား မြို့ရွာများကို ဝင်ရောက်ထိပါးနှောင့်ရှက်သူ ညောင်အုပ်စားကို ရမိအောင် ဖမ်းဆီးစေ-အမိန့်တော်မြတ်အရ တောင်တွင်းကြီးမြို့နှင့် နီးစပ်သည့် မြို့ရွာများမှာ အတွင်းဝန် ပင်းမြို့စား မင်းကြီးမင်းခေါင် မဟာမင်းကျော်သူရိန်ကိုဆိုင်ရာ၊ အောက်မြစ်စဉ် ဝဲယာမြို့ကျေးရွာများမှာ မြို့ဝန် ဖောင်ဝန် စလေမြို့စား မင်းကြီးမဟာမင်းထင်ကို ဆိုင်ရာ၊ အသီးအသီး ခန့်ထားပြီးလျှင် သေနတ်စွဲသူရဲ အမှုထမ်း လူငါးရာစီနှင့် ဆိုင်ရာမြို့ရွာများသို့ သွားရောက်ရပ်နေရန် စီစဉ်ကြရ၏။

ထိုနှစ် ပဌမဝါဆိုလ မြန်မာနိုင်ငံတော်နှင့် အင်္ဂလိပ်နိုင်ငံ ရာဇမဟာမိတ် မြဲမြံခိုင်ခံ့အောင် မဟာမိတ်စာချုပ် အသစ်ချုပ်ဆိုရန် ရာဇသံလက်

ဆောင်တော်များနှင့် ဝန်ထောက် မြောင်လှမြို့စား မင်းကြီးသီရိမဟာဇေယသူ, စာရေးကြီး မင်းထင်သိဒ္ဓိရာဇာ, အမှာရေး နေမျိုးမင်းထင်ရာဇာ တို့ကို ခန့်ထားစေလွှတ်ရာ အင်္ဂလိပ်အစိုးရမင်းတို့က စေလွှတ်တော်မူသည့်သံတော်တို့ကို သရက်မြို့တွင် ရပ်ဆိုင်းရန် အခွင့်ပေး၍ ခုနစ်လကျော် ဆိုင်းငံ့ရှိနေသော်လည်း မြန်မာအစိုးရမင်းတို့ ချုပ်ဆိုလိုသည့် စာချုပ်သဘောနှင့် အင်္ဂလိပ်အစိုးရမင်းတို့ ချုပ်ဆိုလိုသည့် စာချုပ်သဘောဆန္ဒ မညီမညွတ်ကြသောကြောင့် မြန်မာသံတော်အရာရှိတို့မှာ သရက်မြို့က ပြန်လာရ၏။

ယင်းသည့်လပြည့်ကျော် တဆဲ့တရက်နေ့ မြို့ဝန် စလေမြို့စား မင်းကြီးမဟာမင်းထင်ကို အတွင်းဝန် ပင်းမြို့စား မင်းကြီး မင်းခေါင်မဟာမင်းကျော်သူရိန်, အတွင်းဝန် ရေနံချောင်းမြို့စား မင်းကြီး မဟာမင်းလှနန္ဒစည်သူ, အတွင်းဝန် တိုင်တားမြို့စား မင်းကြီး မင်းခေါင်အဘယတို့နှင့်ဘက်၍ အတွင်းဝန် ခန့်တော်မူသည်။

ထိုနှစ် ဒုတိယဝါဆိုလဆန်း တဆဲ့ငါးရက်နေ့ သံတော်ဆင့် မင်းကြီးမင်းထင်မဟာစည်သူကို မင်းကြီးမဟာမင်းကျော်ရာဇာ, မင်းကြီး သီရိမဟာဇေယသူ, မင်းကြီး မင်းလှမဟာနန္ဒသကြံ, မင်းကြီး မဟာဇေယသကြံ, မင်းကြီးမင်းခေါင်မဟာကျော်ထင်, မင်းကြီးမဟာမင်းခေါင်သင်္ခယာတို့နှင့်ဘက်၍ ဝန်ထောက်ခန့်တော်မူသည်။

ဝန်ထောက် ပေါက်မြိုင်မြို့စား မင်းကြီး မင်းလှမဟာဇေယနန္ဒသကြံကို အတွင်းဝန် ခန့်တော်မူ၍ သံတော်ဆင့်ကွင်းရွာမြို့စား မင်းကြီး မင်းခေါင်စည်သူကျော်ကို မြို့ဝန်ခန့်တော်မူသည်။ ယင်းသည့်နောက် သုံးလခန့်အကြာတွင် မြို့ဝန် ကွင်းရွာမြို့စားကို ဝန်ထောက်ခန့်တော်မူသည်။

ယင်းသည့်လ အတွင်းဝန် ပင်းမြို့စား မင်းကြီးမင်းခေါင် မဟာမင်းကျော်သူရိန်, အတွင်းဝန် လှေသင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာဇေယကျော်ထင်တို့ အထက်အမိန့်တော်မြွတ်အတိုင်း လက်နက်ကိုင်လူသူအပြည့်အစုံနှင့် တောင်တွင်းကြီးကြောင်း အောက်မြစ်စဉ်ကြောင်း ဆိုင်ရာ မြို့ရွာများသို့ သွားရောက်ရပ်နေရ၏။

ထိုအရာရှိ မှူးတော်မတ်တော်တို့ မြို့ရွာများသို့ မရောက်မီ ညောင်အုပ်မင်းသားသည် ဒုတိယကျောက်တိုင်စစ် ဒဂုံမော်ကြေးနန်းရုံတော်များကို နှောင့်ရှက်ဖျက်ဆီး ပြုလုပ်ပြန်သည်နှင့် အောက်မြစ်စဉ်ဝန်အမိန့်နှင့် မြေထဲမြို့သူကြီး နေမျိုးသမန္တရာဇာက လူသူလက်နက် စည်းကြပ်ပြီးလျှင်

သွားရောက်တိုက်ခိုက် ဖမ်းဆီးရာ ညောင်အုပ်မင်းသားနှင့် အပေါင်းပါလူတို့ ကျောက်တိုင်တောင်ဘက်သို့ ထွက်ပြေး တိမ်းရှောင်ရှိကြောင်းနှင့် မြေထဲမြို့သူကြီး အောက်မြစ်စဉ်ဝန်တို့က တင်လျှောက်ရှိ၍ အထက်မြို့ရွာများက ထွက်ပြေးသူဆိပ်ကို မြေထဲမြို့ဝန်အရာကနုတ်၍ အကျဉ်းယူစေ-အမိန့်တော်မြတ်အရ ရွှေဘဝါးတော်အောက်သို့ အကျဉ်း ယူရသည်။ ညောင်အုပ်မင်းသားနှင့်အပေါင်းပါလူတို့ကိုတိုက်ခိုက်သူ မြေထဲမြို့သူကြီး နေမျိုးသမန္တရာဇာကို မြေထဲဝန်ခန့်တော်မူသည်။

ထိုနှစ် ဝါခေါင်လပြည့်ကျော်သုံးရက်နေ့ ဝန်ထောက် မင်းကြီးမင်းထင်မဟာစည်သူကို ဝက်မစွတ်မြို့စား သနားတော်မူ၍ ဗောင်းကတ္တီပါနီ ရွှေသားပန်း တဆွဲနှစ်၊ တမာရွက်ထောင် တဆွဲနှစ်၊ ရွှေနားဒေါင်း မီးထွင်းကန်တော့ခံ၊ ကတ္တီပါဝတ်လုံဖဲရံ ရွှေဖျင်တမိုက်တဆင့်တစ်၊ ဘွဲ့မြို့ ရွှေမြိတ်ရှစ်သစ်၊ ရွှေစလွယ်တဆွဲနှစ်သွယ်၊ မှောက်တိုရွှေပိန်း၊ ရွှေကုံး စိန်ထောင် တဆွဲနှစ်၊ ရွှေထိပ်ရွှေထွတ်ငှက်မြတ်နား စိန်ပွင့်တဆွဲနှစ်၊ ပါးကာ,နားကာ, ရှေ့ကာ, နောက်ကာ, မောက်ရှု, ပါလည်ကွေး ကတ္တီပါနီယက်ပြားသတ်၊ မျဉ်းတိုကတ္တီပါစိမ်းယက်ပြားသတ်၊ မျဉ်းရှည်ကတ္တီပါနီယက်ပြားသတ်၊ ကွမ်းခွက်လက်ဘက်အိုး တကောင်းပိတ်ရှစ်ထောင့်၊ ကွမ်းလိပ်သုံးမြွာ ကြုတ်ခွက်အစုံ၊ ငွေထွေးအင်၊ ထီးနီရွှေညောင်ရွက်နှစ်ဆင့်၊ ကျိုင်းရွှေထွတ် နှစ်၊ ထမ်းစင်တလဲကိုးဝန်း၊ ထမ်းစင်ခွက် ခါးပန်းစက် အနားဇော့ကွင်း, အတွင်းကြယ်, ကြာနုတဆင့်၊ ကမ္ဗလာသံပွင့်တမြို့ ခြူး၊ ဘိနပ်ကုလားပန်း၊ အိမ်အတွင်းညောင်ရွက်၊ အနားမန်းကျည်းရွက် ဘဝါးရဲထောင့်ကြက်ရင် ကုလားပန်း၊ ဖောင်းထိပ်သံပွင့် ပန်းလှကြာ၊ အတွင်းညောင်ရွက်, အနားမန်းကျည်းရွက်၊ ထောင့်အုပ် ကျေးစေတိုင်၊ မြင်းမိုရ်ကျေးစေတိုင်၊အဖြေမြင်းနား ရွှေတစု အနီနှစ်စု၊ ထမ်းစင်အပေါင်အခွက် ရွှေတစု အနီနှစ်စု၊ မြင်းကကိုင်းညောင်ရွက် ခုနစ်၊ သမ္ဘာရာခုံ ယက်ဖောက် ကတောင်ဆွဲ၊ ဇက်ပါးကာ ရွှေဇဝါပိန်း၊ နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ဘတ်ကွင်း ရွှေဇဝါ၊ ကတောင်ရွှေရေး၊ စာမရီရုပ် ပန်းခက်ကိုက်၊ အနားသံလေးသစ် ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်းမြီးပျမ်း ရင်ဘတ်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ စီးနှီးသက္ကဒါန်၊ သက္ကလတ် တင်ရန်း စက်ရွှန်းသုံးဆင့်၊ ဆင်ပေါင်းဝန်းနက် ္ဘအချက်အထွတ်ရွှေ၊ အမိုးအနက်၊ ကတောင်ရွှေရေး၊ ရွှေတစု အနီနှစ်စု၊ ရဲကခွက် ရွှေတစု အနီနှစ်စု၊ အလံကျည် လှံကျည်၊ ရင်းဖျားရွှေတမိုက်၊ ဆင်သက္ကလတ် ကြိုးလုံးနီ၊ စည်နီ

ခုနစ်၊ စည်ပုတ်တစ်၊ ပုံသာတစ်၊ ငွေနဲ့ကြီးတစ်၊ ငွေနှဲငယ်နှစ်၊ ခရာတစ်၊ လင်းခွင်းတစ်၊ လှော်ကားဦးငှက်ပျံရုပ်လေး၊ ပဲ့ငှက်ပျံရုပ်ခြောက်၊ ဆံထုံးတဘက်ဘရုံတုံး၊ ပရိတ်ချည်သုံးဆင့်၊ ခင်ဒုယင်အမိုးအုံနီ၊မှုတ်ရိုးထောက်အနီသုတ်၊ လုလင်တိုင်အနီ၊ အမြေပန်းဆုပ်အနီ၊ ပွတ်လုံးအနီသုတ်၊ပုံတိုင်လက်ခတ်အနီ၊ အလံနီအထွတ်ရွှေ၊ အလံရိုးအလှံကျည်အနီသုတ်၊ ခဲကြိုးကန်တော့ သစ်ပွတ်ချိပ်နီတိုက်၊ အောင်းနီဦးတပွင့်၊ တက်မအနီ၊ လှော်တက်အဖြူ ပေးတော်မူသည်။

သက္ကရာဇ် (၁၂၄၂) တထောင့်နှစ်ရာ့လေးဆဲ့နှစ်ခု တော်သလင်းလဆန်းနှစ်ရက် တနင်္ဂနွေနေ့နံနက် တချက်မတီးမီ မိဿတွင်စနေ၊ သိဟ်တွင်တနင်္ဂနွေ, တနင်္လာ, ဗုဒ္ဓဟူး၊ ကန်တွင်အင်္ဂါ, သောကြာ, လတ်းခနေတွင်ရာဟု၊ မိန်တွင် ကြာသပတေး၊ စဉ်နက္ခတ်ဆယ်လုံးသုံးပါဒ် ခြောက်ဗိဇနာအချိန် အသျှင် နန်းမတော် မိဖုရားခေါင်ကြီးဘုရား သမီးတော်မြတ်ရတနာ ဖွားမြော်သန့်စင် မီးရှူးမြင်တော်မူသည်။

သမီးတော်မြတ်ရတနာကို မီးရှူးသန့်စင် ယင်တော်မမူမီ သုံးလက တင်လျှင်၍ စကြာမန္တာတ်မင်းတို့၏ မိဖုရားခေါင်ကြီး မီးရှူးမြင်တော်မူသည့် အခမ်းအနားအတိုင်း တောင်နန်းမဆောင်တော်တွင် အခင်းအနှီးအကာအရံ အမွှမ်းအကြက် အသုံးအဆောင် အဘွယ်အရာများကို ကောင်းမွန်စွာ လုပ်ဆောင်ခင်းကျင်း၍ ရတနာ ညောင်စောင်းတော် ချင်းတန်းသန့်ရန် ပတ္တမြား ခုနစ်တန့်စီဖြင့် စီခြယ်အပ်သော ရွှေအတိပြီးသော ပန္ဒိပ်အိမ့်ခေါ်, လင်ပန်း, ဖလား သခွေးကြီးငယ်စသော ကိရိယာစုံများနှင့် စိုက်ဆောက် ခင်းကျင်းရန်မနေ့ဘရထီးဖြူတော်မှစ၍ မီးရှူးတော်အခမ်းအနားပါ စာတမ်းစာရင်းထွက်ရှိသည့်အတိုင်းပြီးပြည့်စုံအောင် ခင်းကျင်းကျင်းပ၍ ထားရသည်။

သမီးတော်မြတ်ရတနာဖွားတော်မူသည်မှ လေးရက်မြောက်၌ နန္ဒိမုခဟူသော မျက်နှာတော်ပြမင်္ဂလာ၊ ခုနစ်ဆဲ့ငါးရက်မြောက်၌ တမ္ဗူလကရဏ-ဟူသော ကွမ်းဦးခွံ့မင်္ဂလာ၊ ရက်ပေါင်း ကိုးဆယ်မြောက်၌ ရဝိန္ဒုဒဿန-ဟူသော နေလရှုမြှော်တော်မူရန် မင်္ဂလာ၊ ရက်ပေါင်းတရာ့ရှစ်ဆယ်မြောက်၌ ပဌမဘတ္တ-ဟူသော ထမင်းဦးခွံ့ မင်္ဂလာ၊ ထိုနောက်ကေသဆွေဒန-ဟူသော ဆံတော်ပြင်မင်္ဂလာ၊ ထိုနောက် ဒေါ်ငုကရဏ-ဟူသော မြေပုခက်ယောင်တင်တော်မူသော မင်္ဂလာများကို မှန်နန်းဆောင်တော်ဘမရာသန ရာဇပလ္လင်တော်ရွှေဝယ် အထက်သားတော်မြတ်ရတနာ

ကို ချီးမြှင့်တော်မူသကဲ့သို့ ခမ်းနားကြီးကျယ်စွာ ခင်းကျင်းပချီးမြှင့်တော်မူပြီးလျှင် သုံးဆယ်မြို့စား မင်းသမီး သုကေသာဝတီ, တောင်ဆင်းမြို့စားမင်းသမီးသုနန္ဒာဝတီတို့ကို တနုခီရဆက်သပွဲတော်အလှည့်အလှည့်ဖျော်စေရန် အထိန်းတော်အဖြစ်သူကောင်းပြုတော်မူ၍ အယတော်,အချီတော်, အပျိုတော် မြို့စားရွာစား ကတော်မယားတို့ကို ဝဲလှည့်ယာလှည့်ထားပြီးလျှင် သမီးတော်မြတ်အပေါ်းတော်၌ ခစားထမ်းရွက်စေရသည်။

အထိန်းတော် သုံးဆယ်မြို့စား မင်းသမီး၏ယောကျ်ား ရက်ကန်းတော်အုပ် မင်းသား မင်းရဲကျော်ခေါင်ကို သုသီရိမဟာဓမ္မရာဇာ–ဘွဲ့အမည်ကို ပေးတော်မူ၍ ဖောင်းကတ္တီပါနီ နဖူးစည်းဇာဖောက်ရောင်ပြားခံ ဖောင်းသုံးရစ်၊ အလယ်သစ္စာပန်း တဆွဲရှစ်ပွင့်၊ ဖောင်းအထက်အောက် သရဖီပွင့်၊ ရွှေအစိမ်း၊ အဝါဘော့ခြယ်၊ အကြားရောင်လင်းခံ၊ ဖောင်းသုံးရစ်၊ အထက်အောက်ကြာတန်း၊ ရွှေအစိမ်းအဝါဘော့ခြယ်၊ နောက်ချပ်ကြက်ရင်ဇာဖောက်၊ အနားသရက်ကင်း၊ ရွှေအစိမ်းအဝါဘော့ခြယ်၊ရောင်ပြားဇာဖောက်တဆင့်၊ တမာရွက်ထောင်တဆွဲရှစ်၊ရွှေအစိမ်းအဝါဘော့ခြယ်၊ မြင်းနားသရက်ကင်း ဇာဖောက်၊ ကြက်ရင်ရွှေအစိမ်းအဝါ ဘော့ခြယ်၊ ဖောင်းမှာသင်းကျစ်တပ်စေ။ ပန်းနားဒေါင်း၊ ရွှေစလွယ်တဆွဲရှစ်သွယ်၊ ဒက်ဘယက်၊ သရက်ကင်းထုပြောက်'ဂုဏ္ဍန်ထိုး၊အနားကျောက်စီ၊အလယ်မြစီ၊ ကတ္တီပါဝတ်လုံ့ပဲရုံရွှေဗုဇ္ဇန်ဆီနှစ်ဆင့်တပ်၊ လက်ကျယ် လက်ရင်းကိုချုံ့၍ချုပ်စေ။ ဘွဲ့ဖြူနှစ်ဖက်အမြိတ်နှစ်ဆင့်၊ ရွှေသားမှောက်တို၊ ရွှေကုံးစိန်တောင်တဆွဲရှစ်၊ ရွှေထိပ်ရွှေထွတ် ကျောက်နှစ်ရစ်စီ၊ ငှက်မြတ်နားမှန်ကင်း စိန်ပွင့်တဆွဲရှစ်၊ နေရောင်ကာရွှေဗုဇ္ဇန်ဆီ ရွှေသားရောင်ပြားအစိမ်း အနီ အတွန့်သတ်၊ ပါးကာ၊ နားကာ၊ ရွှေကာ၊ နောက်ကာ၊ မောက်ရူ၊ ပါလည်ကွေး၊ ရွှေဗုဇ္ဇန်ဆီ ရွှေသားရောင်ပြား အစိမ်း အနီအတွန့်သတ်၊ မျဉ်းတိုရွှေဗုဇ္ဇန်ဆီ ရွှေသားရောင်ပြား အစိမ်းအနီအတွန့်သတ်၊ မျဉ်းရှည်ကတ္တီပါရွှေသားရောင်ပြား အစိမ်းအနီ အတွန့်သတ်၊ ကွမ်းခွက်ရှစ်ထောင့်မှန်တပ်၊ အနားပတ္တမြားနှစ်ရစ်စီ၊ လက်ဘက်အိုးရှစ်ထောင့်မှန်တပ်၊ အနားပတ္တမြားနှစ်ရစ်စီ၊ ကွမ်းလိပ်သုံးမြွာ ရှစ်ထောင့်မှန်တပ်၊ အနားပတ္တမြားနှစ်ရစ်စီ၊ ရွှေထွေးအင်၊ ဓားအဆောက်အအိမ်ရွှေသားပိန်း၊ အဆောက်ရင်းဖျားခွေးမ ပတ္တမြားကျောက်တန်းခြောက်၊ အတွင်းရောင်လင်း သမ္ဘာရာခွံထိပ်၊ ပတ္တမြားမျက်ခြယ်၊ လက်ကိုင်ရောင်

လင်း၊ ရင်းဖျားခွေးမ သံပတ် ခုနစ်တန် ပတ္တမြားသုံးရစ်စီ၊ ဆောင်မေား မိုးကြိုးဆင်၊ မည်းသရီအိတ်သွတ်၊ ထမ်းစင်ခွက်ခါးပန်းစက် ဘီလူးခေါင်း အတွင်းကြာ၊ အတွင်းကြယ်၊ အအုံကြာနနှစ်ဆင့်၊ ခါးပန်းကမွတ် ခရမ်း ပွင့် တမြို့ခြူး၊ ကမွတ်နားပွတ်ခြမ်း၊ ဘိနပ်ကုလားပန်း၊ ဖောင်းသုံးပွင့် ပန်းလှကြာနု၊ထောင့်ကြက်ရင်ကုလားပန်း၊ထောင့်အဖြေမြင်းနား၊ထောင့် အုပ်ဒုယင်ဇွန်းရိုး၊ အုံးတားဘီလူးခေါင်း၊ မြင်းမိုရ်ဒုယင်၊ ရွှေနှစ်စု အနီ တစု၊ ခါးအနီ၊ ကျိုင်းရွှေချက်နှစ်၊ မြင်းကကိုင်းညောင်ရွက်ကိုး၊ ရွှေဗုဇွန် ခွံမှုမ်း၊ နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ဇက်ပါးကာရွှေဇဝါပိန်း၊ ကတောင်ရွှေပိန်း၊ ဦးခက်ထိပ်ဆောင်းမြီးပျှမ်း ရင်ပတ်ကြိုး ကတ္တီပါရွှေ ကြယ်တပ်၊ စီးနှီးကတ္တီပါနီ၊ ကတ္တီပါတင်ရန်း၊ စက်ရွှန်းသုံးဆင့် ရွှေ ယပ်ပြားကွပ်၊ ဆင်ပေါင်းဝန်းရွှေနှစ်စုအနီတစု၊ ရဲကခွက် ရွှေနှစ်စု အနီ တစု၊ အလံကျည် လှံကျည်ရင်းဖျား ရွှေတမိုက်၊ ဆင်ကြိုးသက္ကလတ် ရွှေ ကြယ်တပ်၊ ဆင်ခြေဖုံးမိုးနဲရွှေလှံသုံးဆယ်၊ စည်နီခုနစ်၊ စည်ပုတ်တစ်၊ ပုံ သာတစ်၊ ငွေနှဲကြီးတစ်၊ ငွေနှဲငယ်တစ်၊ ခရာတစ်၊ လင်းခွင်းတစ်၊ လှော် ကားစက်ပြည့်၊ ပွဲဘီးဝေဇယန်ပန်းဆွဲပြာသာဒ် ကွက်ရွှေပိန်း၊ လုလင်တိုင် အခြေ ဒုယင်တပ်ရွှေပိန်း၊ ပုံတိုင်အနီသုတ်၊ လက်ခတ်အတွင်းရွှေရေး၊ အလံဖဲနီအထွတ်ရွှေ၊ အလံကျည်ရွှေကြာဆစ်၊ အလံရိုးအနီသုတ်၊ ငွေကြိုး ရွှေကန်တော့၊ အောင်းဖြူဦးသုံးပွင့် ပွဲနှစ်ပွင့်၊ တက်မအနီသုတ်၊ အရိုးရွှေ ကြာဆစ်၊ အထွတ်ရွှေရေး၊ လက်ကိုင်အနီသုတ်၊ လှော်တက် အနီသုတ်၊ ခင်ဒုယင်အမွှမ်းဒုယင်တပ် ရွှေပိန်း၊ အုံရွှေဇဝါ၊ တိုင်ရွှေကြာဆစ်၊ မှုတ်ရိုး ရွှေကြာဆစ်၊ လက်ရန်းအဖြေ ဒုယင်တပ်၊ ပရိတ်ချည်သုံးဆင့် ရွှေပိန်း၊ လက်ရန်းရွှေရေး၊ ပွတ်လုံးအနီသုတ်၊ ခါးအနီသုတ်၊ အဆောင်အရွက် ပေးတော်မူ၍ မင်းသားကြီးတို့နေရာတွင် ထားတော်မူသည်။

လှေအမှုထမ်းကို သေနတ်အပ်ခြင်း, ငွေတော်ဝယ်အစုကို
ဘုန်းတော်တိုးအမည်ပေးခြင်းနှင့် သေနတ်အစုစသည်ဖွဲ့၍ ဆင်ခင်းသဘင်
ကျင်းပခြင်း, မီးဖုံးတော်လှူခြင်း

ထိုနှစ် သီတင်းကျွတ်လ ရေကြောင်း၃၁နချုပ်အတွင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာဇေယကျော်ထင်က ရေကြောင်းသက်ဝင်ရာပါ လှော် ကားတော် ခတ်လှေတော် လှော်လှေတော်မှစ၍ အဝေးအနီး လက်ရှိ

လှေတော်အမှုထမ်း လူ လေးထောင်ကျော်တို့မှာ မင်းအဆက်ဆက် လှေတော်နှင့်သာ တက်စွဲ၍ အမှုတော်ကို ထမ်းရွက်ပါရသည်၊ ဘုရားရှေ့ လက်ထက်တော်မှာ တိုင်းပြည်နိုင်ငံမှုများ ကိုးဌာနခွဲဝေရာ ရေကြောင်းစစ်မှုတဌာနပါရှိသည့်အတိုင်း ထိုလှေတော်အမှုထမ်းလူတို့ကို သေနတ်အစုအမှုထမ်းလူတို့ကဲ့သို့ လစာငွေတော် သနားတော်မြတ်ခံစေ၍ သေနတ်ပေးအပ်စွဲကိုင်စေပြီးလျှင် လှော်ကားတော်ကြီးလေးစင်းကို အရင်းပြု၍ သင့်ရာလှေတော်ချင်းဖက်တွဲ ပေါင်းစပ်ပြီးလျှင် အထက် ခန့်ထားရှိသည့် ဖောင်ဝန်နှင့် ပြည်လုံးအွံ့လှေသင်းမိုလ် မင်းကျော်သိဒ္ဓိရန်အောင်၊ ထိုပြင်လှေသင်းမိုလ်သုံး၊ လှေသင်းစာရေးကြီးတစ်၊ ဖောင်စာရေးတစ်၊ လှေသင်းစာရေးရှစ်၊ သင်းဘောစာရေးတစ် ခန့်ထားထမ်းရွက်စေလျှင် ရေကြောင်းနှင့်စပ်၍တစုံတရာရေးကြောင်းရှိသည့်အခါ အခြားသေနတ်အစုအမှုထမ်းတို့က ကူပံ့ခြင်းမရှိစေရ၊ တကြောင်းတဝအမှုတော်ကို သီးခြားထမ်းရွက်နိုင်ရန် ရှိကြောင်းနှင့် လျှောက်ထားသည့်အတိုင်း မင်္ဂလာအိမ်တော်ပါ ကျွန်တော်မျိုး တောင်မာရဘင်သေနတ်မိုလ်ဟောင်း မင်းထင်သိဒ္ဓိရန်အောင်ကို မင်းထင်မင်းလှရဲခေါင်သူရိန်-ဘွဲ့အမည်နှင့် လက်ရွေးကြီးလှေသင်းမိုလ်၊ စလေပုခန်းငယ်နှစ်မြို့ဝန်ဟောင်း မင်းထင်ရာဇာကို မဟာမင်းလှသိဒ္ဓိကျော်စွာ ဘွဲ့အမည်နှင့် လက်သစ် လှေသင်းမိုလ်၊ မင်းလှရာဇကျော်ခေါင်ကို အရှေ့ပြင်ထောင်မှူးအရာနှင့်လဲ၍ ရွေးကြီးလှေသင်းမိုလ်၊ ငအောင်ဘူးကို နေမျိုးမင်းထင်သူရိန်ရာဇာဘွဲ့နှင့် ဖောင်စာရေးကြီး၊ ငယွန်းကို နေမျိုးမင်းထင်ရာဇာဘွဲ့နှင့် သင်းဘောစာရေးကြီး၊ ငခက်ကို နေမျိုးမင်းထင်ရာဇာဘွဲ့နှင့် လှေသင်း စာရေးကြီး ခန့်တော်မူ၍ ငဘိုးမောင်ကိုနေမျိုးစည်သူကျော်ခေါင်၊ ငကူးကိုနေမျိုးမင်းခေါင်ရာဇာ၊ ငဘိုးလှကို နေမျိုးသိဒ္ဓိရာဇာ၊ ငကဲကိုနေမျိုးမင်းလှမင်းထင်ရာဇာ၊ ငပေါ်ထင်ကို နေမျိုးမင်းခေါင်ရာဇာ၊ ငဆင်ကို နေမျိုးမင်းထင်ရာဇာ၊ ငမြကို နေမျိုးရာဇာ၊ ငခကို နေမျိုးစည်သူကျော်ဘွဲ့အမည်နှင့် အသီးအသီးလှေသင်းစာရေးခန့်တော်မူ၍ လှေအစုအမှုထမ်းတို့ကိုသေနတ်ပေးအပ်စွဲကိုင်စေပြီးလျှင် အီတာလျံကျွန်တော်မျိုး ရေကြောင်းမိုလ် ကောင်မိုတို၊ ပြင်သစ်ကျွန်တော်မျိုး ဘန်တပ်ပေါ်တို့ကြီးကြပ်စေ၍ စစ်အတတ်ပညာများကို သင်ကြား ထမ်းရွက်စေရသည်။

ထိုနှစ် ခမည်းတော် ပဌမ သင်္ဂါယနာတင် မင်းတရားကြီး ဘုရားလက်ထက်တော် ငွေတော်ဝယ်အစုအုပ် တပ်မှူးသွေးသောက်ကြီးတို့က

ငွေတော်ဝယ်အစုအမှုထမ်း လှူငါးရာကျော်တို့မှာ သေနတ်အစုအမှုထမ်းတို့ကဲ့သို့ လစာငွေ သနားတော်မြတ် ခံစေပြီးလျှင် ဆေးတော်ထိုးမှတ်သေနတ်စွဲကိုင် အမှုတော်ကို ထမ်းရွက်ပါရမည်အကြောင်းနှင့် လျှောက်ထားချက်အရ ကိုးဌာန အရာရှိတို့သဘောကြိုက်ညီသည့်အတိုင်း အမိန့်တော်မြတ်ခံရာ ငွေတော်ဝယ်အစုအမှုထမ်းတို့ကို ဘုန်းတော်တိုးအမည်လဲပြောင်း ဆေးတော်ထိုးမှတ်စေ၍ သေနတ်အစုမှာ ထမ်းရွက်စေပြီးလျှင်မင်းကျော်တန်ဆောင်ကို ဘုန်းတော်တိုးသေနတ်ဗိုလ်အရာ, စာရင်းဆက်သွင်းရာပါလူတို့ကိုလည်း သေနတ်စာရေး, တပ်မှူး, သွေးသောက်ကြီးခန့်တော်မူ၍ သေနတ်ပေးအပ်စွဲကိုင်စေပြီးလျှင် စစ်အတတ်ပညာများကိုအီတာလျံကျွန်ဖော်မျိုး ဘာရဘောရီကို ကြီးကြပ်ပြသ သင်ကြား ထမ်းရွက်စေရသည်။

မြောက်တရာ့ငါးဆယ် သေနတ်အစု တပ်မှူး နေမျိုးသူရိန်ကလည်းတရာ့ငါးဆယ် အမှုထမ်းလူတို့ ပျက်ပြားရှိသည်ကို ခေါ်ယူသိမ်းသွင်းပြီးလျှင် တရာ့ငါးဆယ်အစု သေနတ် ထပ်မံဖွဲ့စည်း၍ ဆေးတော်ထိုးမှတ် ထမ်းရွက်ပါရမည်အကြောင်းနှင့် လျှောက်ထားချက်အရ အမိန့်တော်မြတ်ခံရာ တပ်မှူး နေမျိုးသူရိန်ကို တရာ့ငါးဆယ် သေနတ်ဗိုလ်ခန့်ထားပြီးလျှင် စာရင်းတင်ဆက်ရာပါ အမှုထမ်းလူတို့ကို ဆေးတော်ထိုးမှတ်စေ၍ သေနတ်ပေးအပ် စွဲကိုင်စေပြီးလျှင် ရွှေနန်းတော်ကြီးအနောက်တံခါးတော်မှာ အမြဲစောင့်နေ ထမ်းရွက်စေရသည်။

နန်းဦးမင်္ဂလာမြင်းအစု, မြင်းဝန်, မြင်းစာရေး, မြင်းတပ်မှူး, သွေးသောက်ကြီးတို့ကလည်း ဖွဲ့စည်းရအမှုထမ်း လှူငါးရာ့ခြောက်ဆဲ့ခြောက်တို့ကို ဆေးတော်ထိုးမှတ်၍ အမှုတော်ကို ထမ်းရွက်ပါရမည့်အကြောင်းနှင့် အစည်းအဝေးဝင် အရာရှိတို့ထံ လျှောက်ထားချက်အရ အမိန့်တော်မြတ်ခံပြီးလျှင် လွှတ်တော်ကစာရင်းရန်ထားဆက်သွင်းချက်အတိုင်းစာရင်းရန်ထားရာပါ လူတို့ကို မြင်းဝန်, မြင်းစာရေး, မြင်းတပ်မှူး,သွေးသောက်ကြီး ခန့်ထား၍ ဖွဲ့စည်းရအမှုထမ်းလူတို့ကို နန်းဦးမင်္ဂလာ မြင်းအစု သမုတ်ပြီးလျှင် ဆေးတော်ထိုးမှတ် ထမ်းရွက်စေရသည်။

မင်္ဂလာရဲညွန့် မြင်းအစု, မြင်းဝန်, မြင်းစာရေး, တပ်မှူး,သွေးသောက်ကြီးတို့ကလည်း ဖွဲ့စည်းရအမှုထမ်းလူ လေးရာ့လေးဆယ်တို့ကို ဆေးတော်ထိုးမှတ်၍ အမှုတော် ထမ်းရွက်ပါရမည် အကြောင်းနှင့် အစည်းအဝေးဝင် အရာရှိတို့ထံ လျှောက်ထားချက်အရ အမိန့်တော်မြတ် ခံပြီး

လျှင် လွှတ်တော်က စာရင်းရန်ထား ဆက်သွင်းချက်အတိုင်း စာရင်းရန်ထားရာပါလူတို့ကို မြင်းဝန်,မြင်းစာရေး, မြင်းတပ်မှူး, သွေးသောက်ကြီး ခန့်ထား၍ ဖွဲ့စည်းရအမှုထမ်းလူ လေးရာ့လေးဆယ်ကို မင်္ဂလာရဲညွန့်မြင်းအစုသမုတ်၍ ဆေးတော်ထိုးမှတ် ထမ်းရွက်စေရသည်။

ထိုနှစ် သီတင်းကျွတ်လ လယ်ယာဌာနချုပ်ဝန်ထောက် မြို့သစ်မြို့စား မင်းကြီး မဟာရာဇသင်္ကြံကို အတွင်းဝန်, သံတော်ဆင့် ပင်းတလဲမြို့ဝန် မဟာမင်းထင်ကျော်ကို ဝန်ထောက်ခန့်တော်မူသည်။ ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် တဆဲ့သုံးရက်နေ့ ရွှေလှံ့ဗိုလ် ကောလင်းမြို့စား မဟာမင်းခေါင်နော်ရထာကို ရွှေမြို့တော်ဝန် ခန့်တော်မူသည်။

ထိုနှစ် ရွှေဘဝါးတော်မြတ်အောက် အမြဲထမ်းရွက်လျက် ရှိနေသော စစ်သည်ရဲမက်တော်တို့အနက် အရပ်လေးတောင်အထက် ကြီးမြင့်သန်မာသူတို့ကို အစုစုံက ရွေးကောက်တော်မူ၍ ရွေးရလူစုကို နတ်ရှင့်ရန်နိုင်-ဟူသောအမည်ပေးပြီးလျှင် သနားတော်မူသော သတ္တလတ်ပြာတွင် သတ္တလတ်ဝါအနားကွပ်သော အင်္ကျီနှင့် ဝိုးဝိုက်လက်ချိတ်ပုဆိုးကို အမြဲဝတ်ဆင်၍ ငွေဓားစွဲလျက် အပါးတော်တွင် ဝဲယာ ခွဲဝေ ထမ်းရွက်စေသည်။ ထွက်တော်မူ ဝင်တော်မူ အခမ်းအနားများမှာလည်း မှောက်တိုထွတ်တွင် သတ္တလတ်ဝါ ပန်းပွားတပ်ကို ဆင်ယင်၍ နောက်တော်လိုက်ရသည်။

ထိုနောက် နတ်ရှင့်ရန်နိုင်လူတို့အောက် အလုံးအရပ် ညီညွတ်ချောမောသန်မာသူတို့ကို အစုစုံကရွေးကောက်တော်မူ၍ ရွေးရလူတရာ့တဆဲ့သုံးတို့ကို အလံနီစိုက် လူတော်ဟူသောအမည်ကိုပေးပြီးလျှင် သနားတော်မူသော ဖဲနက်အင်္ကျီ, ဝိုးပုဆိုး အမြဲဝတ်ဆင်၍ ငွေဓားစွဲလျက် အပါးတော်တွင် ဝဲယာခွဲဝေ ထမ်းရွက်စေသည်။ ထိုလူတို့မှာ အလံနီကိုသျှောင်၌ အမြဲစိုက်ထားရသည်။ ခမည်းတော် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော်ကစ၍ ထမ်းရွက်ရင်းရှိသော ရဲညွန့်လူတော်နှစ်ဆယ်တို့ကိုလည်း သတ္တလတ်နီ အင်္ကျီတွင် ရွှေယက်ပြား အနားသတ်၍ အမြဲဝတ်ဆင်စေပြီးလျှင် အပါးတော်တွင် ဝဲယာခွဲဝေ ထမ်းရွက်စေသည်။

ထိုနှစ် ပြာသိုလ နှစ်စဉ် မင်းခမ်းသဘင် ကျင်းပတော်မူမြဲ ဆင်ခင်း မြင်းခင်း,ဆက်သွင်းသဘင် ယင်တော်မူရန်ရှိသည်ကို အခါတော်မရောက်မီက ဆင်ခင်းသဘင် ဝင်ရောက်ကျင်းပစေရန် အာဝင်မှန်သောက် ပေါက်

ပြောင်မာတင်ဖြစ်သော ထူး, စီးတော်, ရွေး, ဝင်း-ဟူသော ဆင်တော်စီးရေ တရာကျော်များကို လွှတ်တော်အရာရှိ မှူးတော် မတ်တော်တို့နှင့် ဆင်ဝန်, ဆင်ဝန်ထောက်, ဆင်စချီတို့ ကြီးကြပ်စေပြီးလျှင် လုံးရပ် အင်အားမျှလောက်သည့် ဆင်တော်ချင်း တွဲဖက်ရန်ထား၍ စွယ်ချင်းယှက်ကာ ထိုးဌွေစမ်းသပ်စေခြင်း၊ ဒိုင်း,ကာ, မီးပျောက်တို့ဖြင့် ချောက်လှန့်စမ်းသပ်စေခြင်း၊ လွှတ်တော်ဦးတွင် ဆင်ခင်းသဘင် စံနန်းတော်ဆောက်လုပ်ခြင်းစသော ပုဗ္ဗကိစ္စတို့ကို ပြည့်စုံစေပြီးမှ ယင်းသည့်လဆန်း ဆယ်ရက်နေ့ အသျှင် ဘဝရှင်မင်းတရားကြီးဘုရားမှာ ရတနာအတိပြီးသော မျဉ်းမှောက်တို အဆင်တန်ဆာဆင်တော်မူ၍ တိမ်တိုက်ကွန့်မြူးမြင်းယာဉ်တော်နှင့် အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရားမှာ ရတနာယာဉ်တော်နှင့် လွှတ်ဦးစံနန်းတော်သို့ ထွက်စံတော်မူ၍ အထက် ရထားစမ်းသပ်ပြီး ဆင်တော်များကို ဝဲတစီး, ယာတစီး ဦးစီးနောက်ပဲ့စုံနှင့် ရှေ့တော်သို့ သွင်းပြီးလျှင် စွယ်ချင်းယှက်ကာ သုံးကြိမ်စီ ပြိုင်ဆိုင်ကျင်းပစေရသည်။

သည့်ကဲ့သို့ သုံးရက်တိုင် ထွက်တော်မူ၍ ဆင်သဘင် ယင်တော်မူရာ တတိယမြောက်ရက်မှာ ဝဲယာခင်းကျင်း နေထိုင်စေသည့် ဝင်းတော်လေးမျက်နှာ အမှုထမ်းတို့က မိမိတို့စွဲကိုင်သော ဒိုင်းလွှားများကို ပွဲတင်ထပ်မျှ တပြိုင်နက် တီးခတ်စေသည့်အတွင်းသို့ ဆင်တော်ပေါက်မကုန် တစီးစီစီးနင်းဝင်ရောက် ခြောက်လှန့်ခြင်း၊ သေနတ်မီးပေါက်သံတို့ဖြင့် အသံမစဲပစ်ဖောက်ခြောက်လှန့်ခြင်း၊ လှုပ်ရှား၍ ကိုက်ဆွဲဟန်အမူအရာဖြင့် ဖြစ်စေနိုင်သော စက်ယန္တရားတပ်ထားသော ကျားရုပ်ကို ရင်ဆိုင်ပြသခြောက်လှန့်ခြင်းများကို စမ်းသပ်ပြီးမှ ဆင်ခင်းသဘင်သိမ်း၍ ရွှေနန်းတော်သို့ ဝင်တော်မူသည်။ အကြီးအကြပ်ဆင်ဝန်, ဆင်ဝန်ထောက်, ဆင်စချီအရာရှိတို့နှင့် ကျုံးယရည်းအမှုထမ်းတို့ကို ဝိုးပုဆိုး, ပဲပုဆိုး, ပုဝါအုပ်,ဒိတ်အုပ်, ခေါင်းပေါင်းအုပ် အသီးအသီး ဆုသနားတော်မူသည်။ စွယ်ချင်းပြိုင်စဉ် အနိုင်ရဆင်တော်ဦးစီး နောက်ပဲ့တို့မှာ ပဲပုဆိုးတစ်, ဝိုးပုဝါတစ်, အင်္ကျီနက်တစ်စီ၊ ရှုံးနိမ့်သည့် ဆင်တော်ဦးစီးနောက်ပဲ့တို့မှာ ချည်စက်ပုဆိုးတစ်, ချည်ပုဝါတစ်, အင်္ကျီနက်တစ်စီ ဆုသနားတော်မူသည်။

ထိုနှစ် ဥတုသုံးပါးတွင် ဟေမန္တဥတု, ရတုခြောက်ပါးတွင် သိသိရရတုဟု ဆိုအပ်သောတပို့တွဲလ ပန္နရသီ တိထိထွန်းစည့် လပြည့်နေ့အခါဝယ် ခြောက်ပါးရောင်လက် ဝင့်တိုင်းစက်သော ဆဋ္ဋဒန္တ ပြောင်မုန်ဝ

ပင် အေးမြသောအစွယ်ရှိသည်ဖြစ်၍ သုံးလူ့ထွတ်ထား မြတ်စွာဘုရား လျှင် လေးပါးသော မဟာဘူတမျှတစေရန် မီးရှိန် ခံတော်မူသည်ကို ရည်ပြီးလျှင် ရုပ်ရှင်တော်ပွား ကိုယ်စားတော်စားဖြစ်သော ဓာတ်တော်, မွေးတော်, ရုပ်ပွားတော် ကိန်းဝပ်ရာ စွယ်တော်စင်ဘုရား၊ လောကဆီမီးဘုရား၊ စန္ဒာမုနိဘုရား၊ မဟာသက္ကျမာရဇိန်ဘုရား၊ မာရ်အောင်ရတနာဘုရား၊ ရွှေကွန်အုပ်ဘုရား၊ လောကမဏိစူဠာဘုရား၊ ဗျာဒိတ်ညွန်းရွှေရပ်တော်ကြီးဘုရား၊ မဟာလောကမာရဇိန်ဘုရား၊ မန္တလေးတောင်ထိပ်ဘုရား၊ ရှင်ပင်ကျီးမြင့်ဘုရား၊ မဟာလောကရံသီဘုရား၊ ရတနာမဉ္ဇူဘုရား၊ ချမ်းသာကြီးဘုရား၊ မဟာမုနိဘုရား၊ စုစုဘုရားတဆဲ့ငါးဆူ၊ ရွှေဂူစေတီ၊ သရီရမြတ်၊ မွေးတော်ဓာတ်တို့အား နှစ်စဉ် ပူဇော်လှူဒါန်းမြဲနှံသာမျိုးဆယ်ပါးတို့တွင် သာရဂန္ဓအစစ် အနှစ်နံ့သာတို့ဖြင့် ပြည့်သော မီးခံနှင့်တကွသော မီးဖုံးပြာသာဒ်တော်ဆူရေ တဆဲ့ငါး၊ ကောက်သုံးပါးတို့တွင် သြဇာလေးနက် အကျိုးတက်သော ကောက်ကြီးဆန်မြတ်ပေါ်လတ်လက်ဦး ဆွတ်ယူရူးသော ကောက်ဦး ဆွမ်းအဖြစ်ဖြင့် ယင်းသည့်လဆန်း တဆဲ့လေးရက်နေ့ ညကပင် ရွှေရုံးတော်ရှေ့တွင် ပွဲသဘင်စုံကျင်းပစေလျက် လွှတ်တော်အရာရှိ ရွှေရုံးအရာရှိတို့ ကြီးကြပ်၍ အခွံနွေးနွေး၊ နစ်နစ်မပြေးမှု၊ မြတ်လေးငုံသဏ္ဍာန်၊ အစေ့ဝှန်သော ကောက်သစ်ဆန်များကို ဆပ်ခြင်းကင်းစေလျက် မြိန်ဆိမ့်သော အဘွယ်အရာတို့ဖြင့် ကောင်းစွာကျိုချက်အပ်သော မွန်မြတ်သော ယာဂုဆွမ်းအလှူတော်များကို စာရင်းပါ တဆဲ့ငါးဆူသော ဘုရားရှင်တို့အား သဇင်ပန်း, ဆီမီးတန်ဆောင်စသော အလှူတော်များနှင့်တကွ အရာရှိ မှူးတော်မတ်တော်တို့ ကြီးကြပ်စေပြီးလျှင် ကောင်းမွန်စွာ အရှုံဆွမ်းကပ်၍ မီးဖုံးတော်များကို လှူဒါန်းပူဇော်တော်မူသည်။ တံဆိပ်တော်ရ ဆရာတော်သံဃာတော်တို့ကိုလည်း ယာဂုတော်များကို စွေနှံအောင် လှူဒါန်းတော်မူသည်။

ယောမင်းကြီး မိုးနဲမြို့သို့ ချီခြင်း၊ ဘိသိက်ခံရန်အမိန့်ရှိခြင်း
ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက်ခံတော်မူခြင်း

ထိုနှစ် တပို့တွဲလ အထက်ဆိုခဲ့သော စော်ဘွား မြို့စားတို့ မလာမရောက်ရှိသည့်အရာ အလေးဂရုမပြုလောက်သော်လည်း တစတစ ရိုင်းပျံ့ခြားနားခြင်း၏အကြောင်းရင်းမူလဖြစ်သည်။ အထက်ခန့်ထား ရပ်နေ

စေသူတို့လည်း ဩဇာအာဏာသေးသည်ဖြစ်၍ ထိုအရာရှိတို့ကို ခေါ်ပြီးလျှင် မိုးနဲမြို့တွင် ဗိုလ်မှူးဝန်ကြီးရပ်နေ၍ ကျိုင်းတုံမြို့မှာလည်း နှလုံးလက်ရုံးပြည့်စုံသူကို ထားမှ သင့်လျော်မည်၊ အစည်းအဝေးဝင် မှူးကြီးမတ်ကြီးတို့ စုံညီညှိနှိုင်းအမိန့်တော်မြွက်ခံပြီးလျှင် သဘောတူရွေးချယ်ရာ ယောမြို့စား ဝန်ကြီးသတိုးမင်းကြီးမဟာမင်းထင်မင်းခေါင်ကျော်ကို ဗိုလ်မှူး၊ မြို့သစ်မြို့စား ဝန်ထောက်ဟောင်း မင်းကြီးမင်းလှမဟာမင်းခေါင်ကို မကွေးမြို့စားဝန်ထောက်၊ လက်ဝဲကြောင်းဗိုလ်ဟောင်း မဟာမင်းခေါင်သူရိန်ကို အလုံဝန်၊ မိုးနဲတပ်စစ်ကဲခန့်၍ သူရဲစာရေးနှင့် သူရဲအမှုထမ်းလူငါးရာ၊ ရဲညွန့်မြင်းဝန်နှင့် မြင်းအမှုထမ်းလူသုံးရာ၊ နန်းဦးမင်္ဂလာမြင်းစာရေးနှင့် အမှုထမ်း လူ သုံးရာ၊ ကိုယ်ရံတော် သူကောင်းထမ်း လူ လေးရာ့ငါးဆဲ့နှစ်၊ စုစု တထောင့်ငါးရာ့ငါးဆဲ့နှစ် ပေးအပ်၍ မယဉ်ကျေးသော စော်ဘွားမြို့စားတို့ကိုယဉ်ကျေးအောင် သိမ်းပိုက်ရန် မိုးနဲမြို့ရောက်ချီတက်ထမ်းရွက်ရသည်။

ဗိုလ်မှူးဝန်ကြီးလည်း ညောင်ရွှေစော်ဘွားနှင့်အတူ ညောင်ရွှေမြို့သို့ ဆိုက်ရောက်ရာ ညောင်ရွှေမြို့နှင့် ခရီးတဆဲ့ငါးတိုင်ကွာဝေးသောရပ်စော်စော်ဘွားသည် ကြောက်ရွံ့၍ မိုးနဲမြို့သို့ လူလေးရာကျော် ငါးရာခန့်နှင့် ထွက်ပြေးကြောင်း, မိုးနဲစော်ဘွားလည်း ဆွေမျိုးသားချင်းတို့နှင့် မိုင်းနောင်မြို့သို့ ထွက်သွားကြောင်း ထောက်လှမ်း ကြားသိရသောကြောင့် ညောင်ရွှေမြို့က ဆက်လခန့်ရပ်နေ၍ မိုးနဲစော်ဘွား ယောက်ဖတော်သူ သီပေါစော်ဘွားနှင့် ဆရာတော်သံဃာတော်တို့ကို မိုးနဲစော်ဘွား, ရပ်စောက် စော်ဘွားတို့ အကြောက်အရွံ့မရှိစေရ ခေါ်ငင်သိမ်းပိုက်စေရာ မိုးနဲစော်ဘွား မိုးနဲမြို့သို့ပြန်ရောက်၊ ရပ်စောက်စော်ဘွားကို မတွေ့မရှိ၊ သီပေါစော်ဘွားမှာ ဗိုလ်မှူးဝန်ကြီးမိုးနဲမြို့သို့ ဆိုက်ရောက်သည့်တိုင် နှေးလ-ကြန့်ကြာ မလာမရောက်ရှိနေလေသည်။

ထိုနှစ် ဗိုလ်မှူးဝန်ကြီးလည်း ကျိုင်းရုံးကြီး တဆဲ့နှစ်ပန္နားသဉ်ဝီဘွားခန့် အမိန့်တော်မြွက်နှင့် အမှူးအကြီးလုလင်စုံတို့ကို ကျိုင်းရုံးကြီးမြို့သို့ ရွှေဘဝါးတော်အောက်က စေလွှတ်လိုက်ရာ တဆဲ့နှစ်ပန္နားမြို့စားတို့ မညီမညွတ် ကျိုင်းချိုင်စော်ဘွားလည်း တူဖြစ်သူ ခွန်လီကို သဉ်ဝီဘွား ဖြစ်စေလို၍ တဆဲ့နှစ်ပန္နားမြို့စားတို့ကို သွေးဆောင် ထားလေသည်နှင့် ခန့်ထားတော်မူသော ကျိုင်းရုံးကြီး သဉ်ဝီဘွား စောဆိုင်ကို မြို့ရွာသို့

မဝင်ရ ခုခံ တိုက်ခိုက် ရှိနေကြောင်း, ကျိုင်းသေဉ်ကြီးမြို့မတွင်လည်း ယွန်းကလောင်တို့ဝင်ရောက်ရှိနေကြောင်း, ကျိုင်းတုံမြို့တွင်ရပ်နေစေသည့် စာရေးကြီးမိုးနဲတပ်စစ်ကဲလည်း ကျိုင်းချိုင်မြို့ ကျိုင်းတုံမြို့ စော်ဘွား ဒေါ်ဘယားအမတ်တို့နှင့် စိတ်ဝမ်းကွဲပြားရှိကြောင်းများကို ကြားသိရသည်နှင့် အထက်တပ်စစ်ကဲကိုခေါ်၍ တပ်ဦးချုပ်ဗိုလ်ဆန်းကို စေလွှတ်ရာ မြို့ရွာသာယာငြိမ်ဝပ်ကြောင်း, မိုးနဲစော်ဘွားအမတ်တို့လည်း အထက်ဘွားစားရင်း ကျိုင်းတောင်းမြို့ကို ဘွားစားမြဲဘွားစားပါရလျှင် အရပ်ရပ်အရေးရှိသည်များကို ထမ်းရွက်၍ စစ်စရိတ်ငွေနှစ်သောင်းကို ဆက်သပါမည်အကြောင်း, အထက်ခန့်ထားရင်း သိန်းနီစော်ဘွား နော်ဖွာဆိုသူသည်း ခမည်းတော်မင်းတရားကြီးဘုရား လက်ထက်တော်က သိန်းနီမြို့က ထွက်ရှောင်၍ မိုင်းစီမိုင်းတန် အရပ်တွင် ခိုဝင် ရှိနေသည်ကို သွားရောက်ခေါ်ငင်ရာ သိန်းနီမြို့တွင် ဝင်ရောက်နေထိုင်ပါရမည် အကြောင်းများနှင့် လျှောက်ထားကြသည့်စာများကို အမိန့်တော်မြတ်ခံရာ မြို့ရွာမငြိမ်မသက်အောင် ထကြွလှုပ်ရှားသူများဖြစ်၍ အခွင့်ပေးတော်မမူဖြစ်သည်။

ထိုနှစ် တပို့တွဲလ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား····ဝိဝဋ္ဋဝါယီ ကပ်ဦး အစ မဟာသမ္မတမင်းမှစ၍ လောကသမ္မုတိနတ်ဖြစ်တော်မူသော ရှေးရှေးသောမင်းကောင်းမင်းမြတ်တို့သည် ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက် သွန်းခံတော်မူကြောင်း, သိဿိုဠ်ကျွန်း၌ အဘယမင်းနှင့် ပဏ္ဍုကာဘယမင်းအကြား မင်းပြုသော တိဿမင်းသည် ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက်မခံဘဲ မင်းပြုခြင်းကြောင့် ထိုတိဿမင်း စိုးအုပ်သော တဆဲ့ခုနစ်နှစ်မှာ မင်းမရှိသကဲ့သို့ မင်းသုန်းသည်ဟု သမုတ်ကြောင်း ကျမ်းဂန်လာရှိသည်နှင့်အညီ ဘေးတော်, ဘိုးတော်, ခမည်းတော်မင်းတရားကြီးဘုရားတို့လည်း ရဇ္ဇာဘိသေကမုဒ္ဓါဘိသိက်ကို သွန်းခံတော်မူကြသည့်အတိုင်း ရဇ္ဇာဘိသေကမုဒ္ဓါဘိသိက်ကို သွန်းခံလိုသောမင်းတို့သည် သကျသာကီယ နေနတ်နွယ်စစ် အဘိဇစ္စဗလ ဂုဏ်ထူးကျေးဇူးကြက်သရေ အင်္ဂါပါင်းတို့နှင့် ပြည့်စုံတော်မူခြင်း၊ မင်းကျင့်တရား၌ တည်တော်မူခြင်း၊ ပြည်သူသတ္တဝါတို့အား ရင်ဝယ်သားကဲ့သို့ သနားကရုဏာရှိတော်မူခြင်း၊ နီးဝေးရင်းဖျား ထူးခြားမရှိ ပြည်သူသတ္တဝါ များ၌ ချမ်းသာစီးပွား ထပ်တူထပ်မျှ မေတ္တာစိတ်ရှိတော်မူခြင်း၊ ပြည်သူသတ္တဝါတို့ ချစ်ခင်မြတ်နိုးကြသဖြင့် ဆုတောင်းဆုယူ စောင့်ရှောက်လုံခြုံစေအပ်

သည် ဖြစ်ခြင်းဟူသော ဘိသိက်ခံထိုက်သော အကြောင်းငါးပါးနှင့် ညီညွတ် ပြည့်စုံရာသည်ဖြစ်၍ မင်းသာမန်တို့ ခံဝံ့ခဲသော ရဇ္ဇာဘိသေကမုဒ္ဒါဘိသိက်ကို သွန်းခံတော်မူမည်ဖြစ်သည်၊ ရှေးစာဟောင်းစာတမ်းထွက်ရှိသည့်အတိုင်း အခမ်းအနားခင်းထားစီရင်ရန်ရှိသည်များကို ခင်းထားစီရင်လုပ်ဆောင်ရမည်–အမိန့်တော်မြတ်အရ–

ရဇ္ဇာဘိသေက မုဒ္ဒါဘိသိက် သွန်းခံတော်မူရန်ရှိသည်ကို သမန္တ ပါသာဒိက အဋ္ဌကထာ၊ သီဟနာဒသုတ် အဋ္ဌကထာ၊ သုမင်္ဂလဝိလာသိနီအဋ္ဌကထာ၊ ပပဉ္စသူဒနီအဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ မဟာဝင်ဋီကာ၊ သီလက္ခန်ဋီကာ၊ ပါထေယျဝဂ်ဋီကာ-စသော သာသနာတော်ကျမ်း၊ သကလာဘိသေက၊ ရဇ္ဇာဘိသေက၊ သရောဒယ၊ ရာဇမတ္တဏ်စသော လောကီကျမ်း၊ ပုဏ္ဏားတို့ဆက်သောသသ်ကရိုင် အဘိသေကစာတမ်း၊ မြန်မာတိုင်းပြည်မင်းအဆက်ဆက် ဘိသိက်ခံသော မြန်မာအဘိသေကစာတမ်း၊ ဒိသာဇေယစာတမ်း၊ ရာဇမင်္ဂလာစာတမ်း၊ အမရပူရ ပဌမမြို့တည် ဆေးတော်မင်းတရားကြီးဘုရား နှစ်ကြိမ်မြောက် သွန်းခံတော်မူသော ရဇ္ဇာဘိသေက, မုဒ္ဒါဘိသေက စာတမ်း၊ ရတနာပူရ စတုတ္ထမြို့တည်ဘိုးတော်မင်းတရားကြီးဘုရား သွန်းခံတော်မူသော ရဇ္ဇာဘိသေက မုဒ္ဒါဘိသေကစာတမ်း၊ အမရပူရ ဒုတိယမြို့တည်ဘိုးတော်မင်းတရားကြီးဘုရား သွန်းခံတော်မူသော ရဇ္ဇာဘိသေက မုဒ္ဒါဘိသေကစာတမ်း၊ ရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ခမည်းတော်မင်းတရားကြီးဘုရား နှစ်ကြိမ်မြောက် သွန်းခံတော်မူသော ရဇ္ဇာဘိသေက မုဒ္ဒါဘိသေက စာတမ်း ဤတဆဲ့ကိုးစောင်သော ကျမ်းဂန်စာတမ်းများတွင်လာသည့်အရ ရဇ္ဇာဘိသေက မုဒ္ဒါဘိသိက် သွန်းခံတော်မူရန် ဘိသိက်နန်းတော်ကြီးမှစ၍ အရပ်ရပ် အခမ်းအနားများကို အတွင်းဝန် တိုင်တားမြို့စားပညာရှိတို့ ညှိနှိုင်းတင်ဆက်သည့် စာတမ်းနှင့်အညီ ထိုနှစ်တပို့တွဲလဆန်းတဆဲ့လေးရက် စနေနေ့ ကောင်းမြတ်သော မင်္ဂလာအခါတော်နှင့် ဘိသိက်နန်းပြာသာဒ်တော်ကြီး ဆောက်လုပ်ရန် ယမနေသစ်, နန်းပြာသာဒ်တော်ကြီးအတွင်း ရေသဖန်းနန်းပြာသာဒ်တော် ဆောက်လုပ်ရန် ရေသဖန်းသစ်, ဘဒ္ဒပီဌအင်းပျဉ်လုပ်ဆောင်ရန် ရေသဖန်းသစ်များနှင့်တကွ စံကား, ချယားစသည့်သစ်ကိုးပါးကို စေလွှတ်ခုတ်လုပ်ဆက်သွင်းစေသည်။

ယင်းသည့်လပြည့်ကျော် ငါးရက် သောကြာနေ့ မင်္ဂလာအခါတော်နှင့် ထီးဖြူတော် ထီးရိုးထီးလက် လုပ်ဆောင်ရန် အရှည်တဆဲ့ငါးတောင်

ရှိ ကျွန်းသစ်ကို အရှေ့တောင်ပေါ်မြို့ရွာများသို့ ပုဏ္ဏားပညာရှိတို့ကို စေလွှတ်၍ ကြပ်မခုတ်လုပ်ဆက်သွင်းစေသည်။

ထိုနှစ်တပေါင်းလဆန်းလေးရက်ကြာသပတေးနေ့ မင်္ဂလာအခါတော်အရ မကိုဋ်တော်ဒုယင်တော်များနှင့် ဗြဟ္မာ့တန်ဆာတော်, မဟာလတာတန်ဆာတော်များကိုစ၍ချုပ်လုပ်ရသည်၊ယင်းသည့်လဆန်းတဆဲ့ငါးရက်တနင်္လာနေ့ အသျှင် ဘဝရှင်မင်းတရားကြီးဘုရား သံတွေတံဆိပ်တော်, ပတ္တမြားစိန်ရွှေပေ၊ အသျှင် မိဖုရားခေါင်ကြီးဘုရား တံဆိပ်နာမံတော်, ပတ္တမြားစိန်ရွှေပေများကို စ၍လုပ်ဆောင်ရသည်။

ယင်းသည့်နေ့ အဘိသေကထီးဖြူတော်ကို လက်သစ်တော်နှင့် အချင်းသုံးတောင့်နှစ်မိုက်ခြောက်သစ်, အဝန်းတဆဲ့နှစ်တောင့်ခုနစ်သစ်, ထီးရိုးတဆဲ့နှစ်တောင့် ခုနစ်သစ်, တခုကြွင်း, တံခွန်သင့်, နေခြည်ကာသောထီးတော်လုပ်ဆောင်ရသည်။

ယင်းသည့်လပြည့်ကျော် ခုနစ်ရက်နေ့ မင်္ဂလာအခါတော်အရ မြေနန်းတော်ရှေ့တွင် ဘိသိက်နန်းတော်ကြီးနှင့်တကွ တန်ဆာဆင် ဝတ်လဲနန်းတော်,အခါတော်စောင့်လင့်တော်မူရန် နန်းရာမြေများကို စာတမ်းထုံးစံရှိသည့်အတိုင်း အပရိဟာနိယတရားတော်နှင့်အညီ သိကြား,ဗြဟ္မာ,စတုလောကပါလာ သာသနာတော်စောင့်နတ်, ရွှေနန်းတော်, ရွှေမြို့တော်, ထီးချက်တော်,ဥကင်ရာဇပလ္လင်တော်, ကိုယ်တော်စောင့်နတ်, မြေစောင့်နတ်, ဂြိုဟ်နတ်အပေါင်းတို့အား ပသပူဇော်ခြင်း၊ နွားလားဥသဆိုကသော ရွှေထွန်, ငွေထွန်တို့နှင့် ထွန်ရေးခုနစ်သွယ်တို့ဖြင့် ထွန်ငင်ခြင်း၊ အရပ်ရပ်မြေတော်စုံတို့ကို ကိုးပါးပုဏ္ဏားတို့ ကြဲမှုန်းခြင်း၊ သူဌေးသူကြွယ်တို့ ရွှေပေါက်တူး ငွေပေါက်တူးဖြင့် ပြင်ဆင်ခြင်း၊ မင်းညီမင်းသားတို့ ရွှေတံမျှဉ်းချည်, ငွေတံမျှဉ်းချည်တို့ဖြင့်ညီညွတ်ခြင်း၊ ဘိသိက်တော်ဆက်ပုဏ္ဏားတို့ လက်ယာရစ်ခရုသင်းဖြင့် လက်ယာရစ်လည်၍ ဘိသိက်သွန်းခြင်း အဘွယ်အရာ အခမ်းအနားတို့နှင့် တကွ မှူးတော်မတ်တော်ကြီးတို့ကြီးကြပ်၍ ရွှေကနက် ငွေကနက် စိုက်မှတ်ရသည်။

ထိုနှစ် နှောင်းတန်းခူးလဆန်းကိုးရက် ကြာသပတေးနေ့ ဘိသိက်နန်းတော်ကြီးအတွင်း မာရဘင်တံခါးပြင်က မြေပလ္လင်တော်ကို လက်သစ်တော်နှင့် အရပ်လုံးတောင့်တမိုက်, အပြင်စတုရန်း ကိုးတောင် ခြသေ့်သင့်, ကျမ်းဂန်စာတမ်း ထုံးစံရှိသည့်အတိုင်း မင်္ဂလာ အခါတော်အရ

လုပ်ဆောင်ပြီးလျှင် မြေပလ္လင်တော်ထက်တွင် ဘဒ္ဒပီဌ ရေသဖန်းအင်းဖျဉ်ကို လက်သစ်တော်နှင့် အထုအရပ် တတောင့်မြောက်သစ်, အပြင်စတုရန်း လေးတောင့်ငါးသစ်များကို လုပ်ဆောင်ရသည်။

နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၄၂) တထောင့်နှစ်ရာ့လေးဆဲ့နှစ်ခု နှောင်းတန်းခူးလဆန်း တဆဲ့သုံးရက် ညဥ့်နှစ်ချက်တီးကျော် တဆဲ့လေးရက်အင်္ဂါနေ့သို့အဝင် တနာရီပါဒ်ပြည့် နှစ်ဗီဇနာ တပြန် လေးခရာအချိန် သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော်တရက် ကြာသပတေးနေ့ အတာနှစ်သစ် သက္ကရာဇ် (၁၂၄၃) တထောင့်နှစ်ရာ့လေးဆဲ့သုံးခုသို့တက်သည်။

## ၁၂၄၃—၃

သက္ကရာဇ် (၁၂၄၃) ဘထောင့်နှစ်ရာ့လေးဆဲ့သုံးခု တန်းခူးလပြည့်ကျော် ငါးရက်နေ့ သဗ္ဗညုမြတ်စွာဘုရားသည် သစ္စာလေးပါး တရားရွှေမှောက် ထွတ်ထိပ်ရောက်တော်မူ၍ ပဌမဝါ ကျွတ်တော်မူကာလ သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားစေခြင်းငှာ သက္က, ဘဂ္ဂ, မဂဓတိုင်းစသော ထိုထိုမြို့ရွာ ဒေသသို့ တပည့်သားရဟန္တာတို့ကို စေလွှတ်တော်မူ၍ သာသနာတော်အခြေအမြစ် ဖြစ်ထွန်းပြန့်ပွား တရားရောင်ခြည် လည်စေတော်မူသော ဩဝါဒစဉ်လာ ရှိသည့်အတိုင်း ဘုရားသခင်ပရိနိဗ္ဗာန် စံယူတော်မူပြီးနောက် သာသနာတော် ဂေါဇာသက္ကရာဇ် (၂၃၆) နှစ်ရာ့သုံးဆဲ့ခြောက်နှစ် ရှိသောအခါ သီရိဓမ္မာသောကမင်းသည် ဂန္ဓာရ, မဟိံသကစသော တိုင်းကြီးဒေသ ကိုးဌာနသို့ မဇ္ဈန္တိက, အရှင်ရေဝတစသော ရဟန္တာမထေရ်ကြီးကိုးပါးတို့ကို အမှူးထား၍ ငါးပါးပဉ္စဝဂ် ဥပသမ္ပဒကံ ဆောင်ရွက်ပြည့်စုံစေခြင်းငှာ သာသနာပြု ကြွသွားစေလွှတ်သည့် ဓမ္မကံသုံးစံလာရှိသည့်အရ အမရပူရ ပဌမ မြို့တည်နန်းတည် ဘားတော်မင်းတရားကြီးလက်ထက်၌လည်း တံဆိပ်တော်ရဆရာတော် လေးဆဲ့နှစ်, နောက်ပါသံဃာတော် တရာ့ငါးဆဲ့နှစ်, သာသနာပြုရပ် လေးဆဲ့နှစ်ဌာနများသို့ အသီး အသီး မြို့ရွာ ဝေပုံချထားသည်နှင့်အညီ ကြွသွားစေ၍ သာသနာတော်ကို မြဲစ ပွင့်လင်းစေသည့်

အစဉ်အလာ။ ပဥ္စမသင်္ဂါယနာတင် ခမည်းတော် မင်းတရားကြီးဘုရား လက်ထက်တော်၌လည်း မဟာဝိဟိကတိုင်း, ဇေယဝဓနတိုင်း, ကမ္ဗောဇ တိုင်း, တမ္ဗဒီပတိုင်းအဝင် တောင်တွင်းကြီး မြို့များသို့ သာသနာပြုစေ လွှတ်တော်မူသည့် အစဉ်ထုံးစံလာရှိသည့်အတိုင်း သာသနာတော်အခြေ အမြစ် မဖြစ်မထွန်း မပွင့်မလင်း အချင်းခဝ်သိမ်း မတည်မရှိသေးသည့် မြို့ကျေးရွာများသို့ သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားစေခြင်း ၄ာ ရွှေရေး, မင်ရေး,ကညစ်ရေး ဝိဋကတ်စာအစုံများနှင့် သာသနာပြု စေလွှတ်တော်မူမည် အကြံတော်ဖြစ်၍–

ကမ္ဗောဇတိုင်း အဝင်အပါ ရှမ်းပြည်မြေလဝ် အင်းလေးရွာ၊ ညောင် ရွှေမြို့၊ စကားမြို့၊ မိုးနဲမြို့တဝ်ရုံးအထိ ဝင်းမြို့ကျေးရွာများသို့ နန်းဦးဆရာ တော် ရှင်ညာဏိန္ဒ, ဒိဗ္ဗယင်းဆရာတော်, နောက်ပါ ရဟန်းတော်ခြောက် ပါးနှင့် ပေါင်းရှစ်ပါး။

ကမ္ဗောဇတိုင်း အဝင်အပါ သုံးဆယ်မြို့၊မိုင်းလုံမြို့၊ သီပေါမြို့၊ စိန္နတိုင်း ဝေပုံပါ မိုးဖြိတ်မြို့၊ မိုးလှိုင်းမြို့၊ မိုးကုတ်မြို့၊ တောင်ပိုင်မြို့၊ သီဝိရဋ္ဌတိုင်း သိန်းနီမြို့ရောက် သုံးဆယ်မြို့ဂိုဏ်းအုပ် ရှင်ပရမ, ရွှေကျင်တိုက် ပဌမစာချ ရှင်ဂန္ဓမာ, နောက်ပါရဟန်းတော်သုံးပါးနှင့် ပေါင်း ငါးပါး။

ကန္တီ,မင်းခင်းကစ၍ ချင်းတွင်းဝဲယာ ကလေး၊ ရာဇဂြိုဟ်၊ တိမ်းညင်း၊ တမူး၊ ခန်းပတ်၊ သာထွန်းနန်းမြေ၊ သုနာပရန္တ၊ မောရိယတိုင်း သောင် သွပ်မြို့ရောက် တိုက်တော်နေဆရာတော် ရှင်အာလောကနှင့် ရွှေကျင် တိုက်ဆရာတော် ရှင်ကလျာဏ, ကလေးဂိုဏ်းထောက် ရှင်ကဝိန္ဒ,မင်းခင်း ဂိုဏ်းထောက် ရှင်အာစိဏ္ဏ, ရွှေကျင်တိုက်စာချ ရှင်သီရိ–ပေါင်းငါးပါး။

တိုက်ကျန်ဆယ်ရွာ ရတနာသိင်္ဂ၊ အမြင့်၊ ဗန့်ကျီ၊ အလုံ၊ ဒိဗ္ဗယင်း၊ မြေဒူး၊ ငရနဲ၊ ခေါ်သန္တိ၊ ပဥ္စာလငါးမြို့၊ ကောလင်းမြို့၊ ဝန်းသိုမြို့ရောက် မိုင်းလုံဆရာတော်နှင့် ရွှေကျင်တိုက် ပဌမစာချ ရှင်ဇောတ, ရှင်သီရိ, တိုက်တော် ပဌမစာချ ရှင်သုန္ဒရ, ရှင်စန္ဒ, ဒုတိယစာချ ဇုန္ဒာသဘ– ပေါင်း ခြောက်ပါး။

လယ်တွင်းကိုးခရိုင် ရွှေပြည့်ရန်အောင် အရှေ့လက် ပင်းတလဲမြို့၊လှိုင်း တက်မြို့၊ သာဂရမြို့၊ ရနေ့ာင်မြို့၊ ထရံကာမြို့၊ မိတ္ထီလာမြို့၊ ရင်းတော်မြို့၊ ညောင်ရမ်းမြို့၊ ရမည်းသင်းမြို့၊ တိုက်ထီးလှိုင်၊ ဇေယဝဓနတိုင်း တောင်ငူ မြို့ရောက် မိုးထိဆရာတော်နှင့် ဝင်းတိုက် ပဌမစာချ ရှင်ဝိလာသ, ဝိစိတ္တာ

ရာမတိုက် ပဌမစာချ ရှင်သုဇာတ, ရှင်သီဟ, ရှင်အာသဘ၊ အဘယာရာမတိုက် ရှင်ရာဇိန္ဒ, ရှင်စန္ဒိမာ—ပေါင်းခုနစ်ပါး။

အဝမြို့၊ တလုပ်မြို့၊ ပုခန်းကြီးမြို့၊ ယောလေးမြို့၊ မြစ်စဉ်ဝဲယာ၊ မလွန်မြို့၊ မင်းလှမြို့၊ ဆင်ပေါင်ဝဲ၊ မြေထဲတောင်စဉ်ခုနစ်ခရိုင်ရောက် မဏ္ဍလာရာမဆရာတော်နှင့် ၎င်းတိုက်ပဌမစာချ ရှင်ဝိစိတ္တ, မြောက်စထင်းတိုက်အုပ်ရှင်မဒ္ဒဝ, တိုက်တော်ပဌမစာချ ရှင်အာဒိစ္စ, မဟာဝိဇိတာရာမတိုက် ပဌမစာချ ရှင်ဇယန္တ, လယ်ကိုင်းတိုက်ပဌမစာချ ရှင်သုမန, ရှင်သောဘိတ-ပေါင်းခုနစ်ပါး။

ရွှေပြည်ရန်အောင် အနောက်လက် ပြင်စည်မြို့၊ ကျောက်ဆောက်မြို့၊ ညောင်အုပ်မြို့၊ တောင်သာမြို့၊ ပင်း၊ နက်မောက်၊ ကျောက်ပန်းတောင်း၊ ပုပ္ပါးမြို့၊ တောင်တွင်းကြီးမြို့ရောက်၊ သဒ္ဓမ္မဇောတိကာရာမတိုက် ဆရာတော် ရှင်ဉာဏနှင့် တိုက်တော် ပဌမစာချရှင်ကေလာသ, မဟာဝိဇိတာရာမတိုက် ပဌမစာချ ရှင်နန္ဒ, ရှင်ဉာဏိန္ဒ, အဘယာရာမတိုက် ဒုတိယစာချ ရှင်အာဒိစ္စ, ရှင်သုဇာတ-ပေါင်းခြောက်ပါး။

ကျောက်မြောင်း စေဥ္စကူးမြို့ကစ၍ အထက်မြစ်စဉ်ဝဲယာမြို့ရွာ ဗန်းမော်မြို့၊ဇောတိနဂရရာဇင်္ဂလဥဒေါဂိရိတိုင်း မိုးကောင်းမြို့ရောက် အုတ်ကျောင်းဆရာတော်နှင့် ပိဋကတ်တိုက်ရှင်ကေသရ, ရွှေကျင်တိုက်စာချရှင်သောဓမ, ပယင်းတွင်းဆရာ ရှင်နရိန္ဒတိက္ခ, သက်ပန်းတိုက် ဒုတိယစာချ ရှင်အာဒိစ္စ-ပေါင်းငါးပါး။ ထိုတံဆိပ်တော်ရဆရာတော်ကိုးပါးနှင့် စာချပုဂ္ဂိုလ်လေးဆယ်တို့ကို ရှစ်ဌာနခွဲဝေပိုင်းခြား၍ သာသနာပြုလွှတ်တော်မူသည်။

သက္ကရာဇ် (၁၂၄၃) တထောင့်နှစ်ရာ့ လေးဆဲ့ သုံးခု ကဆုန်လပြည့်ကျော် တရက်နေ့ကစ၍ ၎င်းလပြည့်ကျော် ခုနစ်ရက်နေ့တိုင် ဘိသိက်ခံတော်မူသည့်နေ့ရက်အတွင်း ရွှေမြို့တော်မှစ၍ နိုင်ငံတော် အရပ်ရပ် မြို့ကျေးရွာတို့မှာ သားငှက် ချိုင့်သွင်း,လှောင်ထား,လိုက်ခတ်သတ်ဖြတ်မရှိစေရ သင်ပုတ်ရေချမ်း လှူဒါန်းသွန်းလောင်း သီတင်းသီလအထူးစောင့်ထိန်းဆောက်တည်ကြရန် ဆင့်ဆိုနှိုးဆော်၍ ရာဇဝတ်တော်ကြောင်းကင်းလွတ်လုံခြုံအောင် စောင့်ထိန်းစေရန် ရွှေမြို့တော်တံခါးတဆဲ့နှစ်ရပ်မှစ၍ အရပ်ရပ် စော်ဘွား, မြို့စား, မြို့ဝန်, မြို့အုပ်, မြင်းစီး, မြင်းခေါင်း, ဒိုင်းခေါင်း, အဝှန်း, အမှုးသူကြီးတို့ကို စေ့နှံ့အောင်ဆင့်ဆိုရသည်။

ယင်းသည့် လပြည့်ကျော်နှစ်ရက် စနေနေ့ ရွှေနန်းတော် ပြာသာဒ်တော်အတွင်း အခါတော်နှင့် ဝန်ကြီး အတွင်းဝန် မှူးတော်မတ်တော်တို့ ကြီးကြပ်၍ သိရိပဝရဝိဇယာနန္တယသတိလောကာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ-မည်သော ဘဝရှင်မင်းတရားကြီးဘုရား တံဆိပ်နာမံတော်, သိရိပဝရ တိလောက မဟာ ရာဇိန္ဒာ ဓိပတိ ပဒုမရတနာဒေဝီ-မည်သော မိဖုရားခေါင်ကြီးဘုရား တံဆိပ်နာမံတော်ါမျှားကို ပတ္တမြားစိရွှေပေတွင် လေခကလက္ခဏာအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော တံဆိပ်ဝန် နေမျိုးသိဒ္ဓိပညာကျော်ခေါင်ကို ရေးစေရ၏၊ ဘဝရှင်မင်းတရားကြီးဘုရား သံတွေ တံဆိပ်နာမံတော်ကိုလည်း တံဆိပ်ဝန် နေမျိုးသိဒ္ဓိပညာကျော်ခေါင် ရေးပေးသည့်အတိုင်း သံတွေတံဆိပ်တုံးတော်ကို အက္ခရာဝဋ်မှန်ကန်သေချာစွာ အတွင်းပန်းတဲခေါင်းတို့ ထုလုပ်စေရ၏။

ယင်းသည့် လပြည့်ကျော် သုံးရက်နေ့ မင်္ဂလာအခါတော်အရ စာတမ်းစာရင်း ပါရှိသည့်အတိုင်း ရဋ္ဌာဘိသေကမုဒ္ဒါဘိသိက် သွန်းခံတော်မမူမီ မဟာသကြြန် ခေါ်တော်မူရန် နဝတတ်အိုင်ရေ ဂင်္ဂါရေများကို ခပ်ယူဆက်သွင်းရသည်။

ယင်းသည့် ကဆုန်လပြည့်ကျော်လေးရက် တနင်္လာနေ့ နံနက်လေးချက်တီးကျော် ငါးနာရီသုံးပါဒ် တဆွဲလေးဗိဇနာ ပြန်ပြည့် လေးခရာအချိန် မဟာသကြန် ခေါ်တော်မူရန် သကြြန်နန်းတော်သို့ တပ်ဝင်းအခင်းအကျင်းများနှင့် တင့်တယ်လှစွာ ထွက်တော်မူကြီး ထွက်တော်မူရာ သကြြန်နန်းတော်သို့ ရောက်တော်မူလျှင် ဝတ်လဲနန်းတော်တွင် ရေခံဝတ်လဲတော် အဖြူဆင်တော်မူသည်၊ ဝတ်လဲနန်းတော်တွင် မင်းကိုချည်တန်း၍ ပညာရှိတို့က ကြီးကြပ်၊ မန္တန်တော်ခေါင်းတို့ ပရိတော်, အောင်ခြင်းရှစ်ပါး ဂါထာများကို ရွတ်မွှန်းရသည်၊ ဝတ်လဲနန်းတော်က ဆေးစင်တန်ဆောင်းတော်သို့ ကူးကြွတော်မမူမီ ရတနာသုံးပါး,သိကြား,မြဟ္မာ, စတုလောကပါလာ, သာသနာတော်စောင့်နတ်, ကိုယ်တော်စောင့်နတ်မှစ၍ ဘေးတော်,ဘိုးတော်,ဘွားတော်, ခမည်းတော်, မယ်တော်မြတ်တို့အား ပူဇော်တော်ပွဲဆက်သရသည်။

ပြီးလျှင် ဆေးစင် တန်ဆောင်းတော်သို့ ဝင်တော်မူ၍ အခါတော်လျှောက်ကြား အမြောက်သံသုံးချက်ပေးစေရသည်၊ ဆေးစင်တန်ဆောင်းတော်မှာ ချွတ်ချည်တို့ကို ဂါထာရွတ်မွှန်း သွယ်ကုံးဝန်းရံထားရသည်။

လက်တော်စွပ်, ခြေတော်စွပ်, နဝရတ်လက်စွပ်များကို စွပ်တော်မူသည်။ ပတ္တမြားငုံတော်မူသည်။ တရော်မျိုးရေအိုးနှင့် ကျောနဝိသတိ ရေတော်အစုံ အိုးများကို မြန်မာပညာရှိ မန္တန်ခေါင်းတို့ပိုက်ချီ၍ အသီးအသီး ရွတ်မွန်း၊ပဌမအစ ကျောနဝိသတိအဆုံးတိုင်အောင် အစဉ်အတိုင်း ကိုယ်တော်ကို သွန်းလောင်းရသည်။ ပြီးလျှင် မန္တန်တော်ရေ ပရိတ်တော်ရေများကို သွန်းလောင်းရသည်။ ပြီးလျှင် ဝတ်လဲတော်လဲ၍ ဆေးစင်တံခါးတော်က ထွက်တော်မူရာ ဂန္ဓာပုဏ္ဏားဦးထိပ်တွင် နံ့သွင်းကာသယ်အိုးကို ကိုယ်တော်၌ ဥပဒ်အန္တရာယ် စင်ကြယ်တော်မူအောင် ခြေတော်ဖြင့် ထည့်စေသည်။

ဝတ်လဲတော် တန်ဆောင်းတော်သို့ ရောက်တော်မူလျှင် အကူးကြမ်းကို ဖျက်သိမ်းစေရသည်။ ဝတ်လဲတန်ဆောင်းတော်တွင် ဆံတော်ကိုယ်စ်ဝေယံဖြင့် သွေ့မြန်းစေ၍ မကိုင်ငှတန်ဆာတော်များကို ဆင်တော်မူပြီးလျှင် ပရိတ်နာတန်ဆောင်းသို့ ထွက်တော်မူသည်။ ဘိသိက်တော်ဆက်ပုဏ္ဏားရှစ်ပါးတို့ ဘိသိက်တော်ဆက်ရသည်။ ငြိမ်သက်လျှင် ဘုရားခုနစ်ဆူအလှူတော်စာကို နာခံတော် ဖတ်လျှောက်တင်လျှောတော်မူသည်။ ပြီးလျှင် ဆရာတော်သံဃာတော်ရှစ်ပါးတို့ရှေ့ ပရိတ်အိုး ရှစ်လုံးတည်ထား၍ ကိုယ်တော်ကို မင်းကိုချည်ဝန်းပြီးလျှင် လက်သုတ်ပုဝါဖြူ အသီးအသီး ဆရာတော်တို့သို့ကပ်၍ ၎င်းလက်သုတ်ပုဝါဖြင့် မင်းကိုချည်ကို ဆရာတော်သံဃာတော်ရှစ်ပါးကိုင်ပြီးလျှင် မင်္ဂလသုတ်, ရတနသုတ်, မေတ္တသုတ်, ဂုဏ်တော်ကိုးပါး, အဋ္ဌဇေယမင်္ဂလာ ဂါထာများကို ရွတ်မွန်းတော်မူကြရာ မင်းညီမင်းသား မှူးတော်မတ်တော်တို့ ဝန်းရံ၍ ပရိတ်တော် နာတော်မူသည်။ မင်းကိုချည်ကိုလည်း ဆင်တော်မူသည်။

ပြီးလျှင် ဆရာတော်တို့ရှေ့ ဘေးမဲ့လွှတ်တော်မူရန် နို့သားယောကျ်ားဆင်,မြင်း, နွား, ကျွဲ, ဆိတ်, ဝက်, ကြက်, ငှက်, တိရစ္ဆာန်များကို အမိန့်တော်ဖတ်ပြန် ဘေးမဲ့လွှတ်တော်မူသည်။

ပြီးလျှင် ဆရာတော်တို့ကြွသွားပြီးနောက် နာခံတော် မဟာမင်းလှမင်းထင်ကျော်က မင်္ဂလာရတု လျှောက်ဆို၊ စည်တော်စုံများကို တးမြိုင်နက်တီးယွမ်း၊ ပွဲသဘင်အငြိမ့် စည်ပင်သာယာစွာ ကသီကြရသည်။ ပြီးလျှင် ထွက်တော်မူရင်း တပ်ဝင်းအခင်းအကျင်းနှင့် သကြြန်နန်းတော်ကယာယီအသန့်စံနန်းတော်သို့ ဝင်တော်မူသည်။

အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရား သကြန် ခေါ်တော်မူရန် အခမ်းအနားများမှာလည်း ဘဝရှင်မင်းတရားကြီးဘုရား မဟာသကြန် ခေါ်တော်မူသည်နှင့်အတူ မင်းသမီး, မှူးမတ်သမီး,သူဌေးသမီး, သူကြွယ်သမီး, ကတော်မယားတို့ ခြံရံပြီးလျှင် သကြန်ခေါ်တော်မူ၍ ယာယီအသန့် စံနန်းတော်သို့ ဝင်တော်မူသည်။

ယင်းသည့် လပြည့်ကျော်ငါးရက် အင်္ဂါနေ့ မင်္ဂလာ အခါတော်အရ စာတမ်းထုံးစံရှိသည့်အတိုင်း မြေပလ္လင်တော်ထက် အဘိသေက ထီးဖြူတော်ကို ဂါထာမန္တန်ရွတ်မွန်း၍ ပုရောဟိတ်ပုဏ္ဏားတို့ စိုက်ဆောက်ပြီးလျှင် ၎င်းပုဏ္ဏားတို့ပင် ထီးဖြူတော်ကို ဖွင့်ရသည်။

ဘိသိက်နန်းတော်ကြီး ကန္နားဖျင်းပတ်လည် ကြာယပ်လှ ဇရွဲအတွင်းတွင် အရှေ့မျက်နှာက နန်းဦးသဏ္ဍာန်,လွှတ်တော်သဏ္ဍာန်၊အရှေ့တောင်က သားမြီးယပ်သဏ္ဍာန်၊ တောင်မျက်နှာက ချွန်းတောင်း သဏ္ဍာန်၊ အနောက်တောင်က ဒေါင်းမြီးယပ်သဏ္ဍာန်၊ အနောက်မျက်နှာက နန္ဒာသိရိပန်းသဏ္ဍာန်၊ အနောက်မြောက်က ထမင်းပွဲသဏ္ဍာန်၊ မြောက်မျက်နှာက လက်ယာရစ်ခရုသင်းသဏ္ဍာန်၊ အရှေ့မြောက်က နွားလားဥသဘသဏ္ဍာန်များကို ပိတ်တွင်ရေး၍ ဆွဲထားခြင်း။ တံခွန်တိုင်ကြီး အရွက်ပေါ်, ရွှေတန်ဆောင်ကြီး, ပဒေါင်ပင်ရှင်, သဖန်းပင်ရှင်, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ရွှေလင်ပန်းနှင့် အရသာစုံ, တန်ဆာဆင်သောဆင် တစ်များကို ဘိသိက်နန်းတော်ကြီး အရှေ့ရှုးရှူးအရပ်က ခင်းကျင်းထားစေရခြင်း။ ၎င်းတံခွန်တိုင်ကြီးစသည်များပေါ် ငွေလင်ပန်းနှင့် အရသာစုံ, ဆိတ်မြန်မာများကို အရှေ့တောင်ထောင့်က, ၎င်းတံခွန်တိုင်ကြီး စသည်များပေါ် သံလင်ပန်းနှင့်အရသာစုံ,တန်ဆာဆင်သော ကျွဲမတစ်များကို တောင်ရှုးရှူးအရပ်က,၎င်းနည်း ခဲမလင်ပန်းနှင့်အရသာစုံ,လူအိမ်ထောင်စုံတစ်များကို အနောက်တောင်ထောင့်က, ၎င်းနည်း ခဲမဖြူလင်ပန်းနှင့်အရသာစုံ,တန်ဆာဆင်သောမြင်းထီးတစ်များကို အနောက်ရှုးရှူးက,၎င်းနည်း ကြေးလင်ပန်းနှင့် အရသာစုံ တန်ဆာဆင်သော သမင်တစ်များကို အနောက်မြောက်ထောက်က, ၎င်းနည်း ငွေလင်းပန်းနှင့် အရသာစုံ, တန်ဆာဆင်သော မြင်းထီးတစ် မြောက်ရှုးရှူးက, ၎င်းနည်း ငွေလင်ပန်းနှင့် အရသာစုံ, နွားလားဥသဘများကို အရှေ့မြောက်ထောင့်က ခင်းကျင်းထားစေရသည်။

ယင်းသည့်လပြည့်ကျော်ခြောက်ရက် ဗုဒ္ဓဟူးနေ့ မြဟ္မာ့တန်ဆာ ဆင်နန်းတော်တွင် မြဟ္မာမင်း၏အဆင်ဘန်ဆာ၊ မကိုဋ်တော်၊ ဘွဲ့ဖြူတော်၊ ဒုယင်တော်၊ စလွယ်တော်၊ ရွှေယက်ပြားသတ်ဝတ်လဲပုဆိုး၊ သားမြီးယပ်တော်၊ သန်လျက်တော်၊ လက်ယာရစ်ခရုသင်း ပတ္တမြားစီ၊ ဖန့်ဘိုးတော်အုပ်၊ နံ့သာဖြူးတော်၊ မှန်တော်၊ ခြေနင်းတော်များကို နံသင့်သလွန်တော်ထက် ခင်းကျင်း၍ သံဃာတော်ရှစ်ပါးတို့ စတုဘာဏဝါရ, အဋ္ဌဇေယမင်္ဂလာ, မဟာသမယ, ပရိတ်ကြီးရှစ်စောင်, ပရိတ်တော် ဂုဏ်တော်များကို ရွတ်မွှန်းတော်မူကြသည်။ ထိုနောက် ပညာရှိ ပုရောဟိတ်ပုဏ္ဏားသိဒ္ဓိဂါထာမန္တန်များကိုရွတ်၍ သိဒ္ဓိတင်စေရသည်။

ယင်းသည့်နေ့ အရှင်နှစ်ပါးဝေါတော်နှင့် သုဒဿန နတ်လမ်းမကဲ့သို့ တန်ဆာဆင်သောလမ်းစဉ်အတိုင်း ထွက်တော်မူရာ ဆင့်,မြင်း တပ်ဝင်း အခင်းအကျင်း, မင်းသမီး, မှူးမတ်သမီး,သူဌေးသူကြွယ်သမီးတို့ ရွှေမြူတာ,ငွေမြူတာ၊ သားမြီးယပ်, ဒေါင်းမြီးယပ်, ရွှေယပ်, ထန်းရွက်ယပ်, ကြေးမုံတော်, ရတနာကြောင်အိမ်တော်များကို ပိုက်ချီ၊ အငြိမ့်ပွဲသဘင်ပျော်ရွှင်စွာ ထွက်တော်မူ၍ အခါတော်စောင့် နန်းသို့ရောက်တော်မူလျှင် မြူတာပိုက် သူဌေးသူကြွယ်သမီး ရှစ်ယောက်တို့မှာ နဝတတ်အိုင်မြောက်က သိကြားရေစင်ခံနန်းတော်သို့ ရှေး၍ တည်ကြည်စွာရပ်နေရသည်။

ရွှေမြူတာပိုက်, ငွေမြူတာပိုက် မှူးမတ်သမီးတို့မှာ သိကြားရေစင်ခံစံနန်းတော်က နေနှင့်စေရသည်။ မင်းသမီးရှစ်တို့မှာ ဆက်သရန် ဝတ်လဲတော်များကို ခင်းကျင်းစောင့်နေရသည်။ သားမြီးယပ်ကိုင်, ရတနာကြောင်အိမ်ပိုက် မင်းသမီးတို့မှာ အခါတော်စောင့်နန်းတော်တွင်အသင့်စောင့်နေရသည်။ သိကြားရေစင်ခံ အခါတော်နီးကြောင်းကို ပညာရှိတို့က လျှောက်ထားရသည်။ အသျှင်နှစ်ပါး ရေခံဝတ်လဲတော်ဆင်၍ သိကြားရေစင်ခံ နန်းတော်သို့ ဝင်တော်မူလျှင် အခါတော်ကြားရသည်။

ပြီးလျှင် ပညာရှိပုရောဟိတ်ပုဏ္ဏား မင်္ဂလာစကား လျှောက်တင်ရသည်။ ပြီးလျှင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား လက်ဝဲတော်,အသျှင်မိဖုရားခေါင်ကြီးဘုရား လက်ယာတော်က ရွှေသလွန်တော်မှာ ရွှေငွေပတ္တမြားရတနာမျိုးအစုံ ခင်းထားသော အပေါ်တွင် မြောက်သို့ရှေး၍ စံတော်မူသည်။

ပြီးလျှင် ယခင်စောင့်နေရှိနှင့်သည့် မြူတာဝိုက် မှူးမတ်သမီး, သူဌေး သူကြွယ်သမီးတို့ နဝတတ်အိုင်သို့ တက်၍ သွန်းလောင်းစေရသည်။ ပြီးလျှင် ရွှေလင်ပန်းအပေါက်တထောင်ဖြင့် သွန်းကျလာသည့် သိကြားရေစင်ကို မင်းသမီးစစ် ရတနာရွှေပန်းတောင်းတွင် ရွှေသား ပတ္တမြားစီ ဖလားနှင့်ခံ၍ ကိုယ်တော်ကိုသာ မင်္ဂလာစကား ချောက်ဆို၍ သွန်းလောင်းရသည်။

ပြီးလျှင် ကော့နဝီသတိ ရွှေအိုးရေတို့နှင့် သိကြားရေစင်ကိုရော၍ မြန်မာပညာရှိတို့ ဂါထာရွတ်မွန်း သွန်းလောင်းရသည်။ ပြီးလျှင် ပညာရှိ ပုဏ္ဏား လက်ယာရစ်ခရုသင်းဖြင့် သိကြားရေစင်ကိုခံ၍ ဗြဟ္မာကြို့ဂါထာ ရွတ်မန်းသွန်းလောင်းရသည်။ ပြီးလျှင် ဆင်မြဲဝတ်လဲတော်ကို ဝတ်ဆင်တော်မူ၍ သိကြားရေစင်ခံနန်းတော်က မြဟ္မာ့တန်ဆာဆင် နန်းတော်သို့ ထွက်တော်မူသည်။

ဝတ်စားတန်ဆာ အသုံးအဆောင်တို့ဖြင့် ကြွယ်ပုံဖြိုးမှုသီးသော ပဒေသာပင်ကြီး လေးပင်တို့က အသီးများကိုဆွတ်ယူ၍ လှူဒါန်း ပေးကမ်းစွန့်ကြဲတော်မူသည်။

မြဟ္မာ့တန်ဆာဆင် ဝတ်လဲနန်းတော်တွင် စံတော်မူမိ၍ အခါတော်ရောက်လျှင် ယခင်ဝတ်လဲတော်ဆက် စောင့်နေအသင့်ရှိသည့် မင်းသမီးတို့က မကိုဋ်တန်ဆာတော်, ဘွဲ့ဖြူတော်, ဒုယင်တော်, ရွှေယက်ပြားသတ် ဝတ်လဲတော်ပုဆိုး, စလွယ်တော်များကို အစဉ်အတိုင်း မင်္ဂလာစကား အသီးအသီး တင်လျှောက်ဆက်သရသည်။

အဘိသေက ရာဇပလ္လင်တော် ဝဲယာခင်းကျင်းမြဲ မင်းခမ်းထီးဖြူတော် ရှစ်စင်းများကို အဘိသေက ထီးဖြူတော်ဖွင့်သည့် မင်္ဂလာ အခါတော်နှင့်တပြိုင်နက် မင်းသားတို့က ဖွင့်ရသည်။ ထီးချက်စောင့် နတ်သမီးကိုယ်စီများနှင့် ဝဲယာ တဆဲ့သုံးစီ ခင်းကျင်းမြဲ မင်းခမ်းတော်များကို ခင်းကျင်းရသည်။

ဘိသိက်နန်းတော်ကြီး မာရဘင်ဥကင်တံခါးအတွင်း လက်ဝဲတော်က အချိန် ခုနစ်ဆယ်လုပ် ငွေမောင်းတစ်၊ အချိန်နှစ်ဆယ်လုပ် ငွေသံလွင်တစ်များနှင့် တီးခတ်ရန် လက်ခတ်များကို တင့်တယ်စွာ ဆွဲထားအသင့်ရှိရသည်။ မဟာဇနကဇာတ်တော်၌ သီဝလိဒေဝီ မိဖုရားကြီးနှင့်တကွ ရှေးဦးစွာ အင်ကြင်းသား သလွန်တော်ထက် စံတော်မူကြောင်းကို လာသည့်အရ သလွန်တော်အလျားအနံ မုတ်ပေါင်းသုံးခုကြွင်း ခြသေ့်သင့်

အလုံးစုံအင်ကြင်းသား ရွှေထည့် သလွန်တော်ကို မာရဘင်ဥကင်တံခါး အတွင်း လက်ယာတော်ကဖျာသင်ဖြူးနေရာတော်များနှင့် တောင်မြောက် ခင်းထားရသည်။

သလွန်တော်အပေါ်တွင် ရတနာ့မုနော့သလင်ပန်းတစ်၊ ရွှေသမွေးတစ်၊ ငွေသားဇွန်းတစ်၊ ရွှေဒေါင်းပေါင် သုံး၊ ရွှေအုပ်ဆောင်းသုံး၊ ကောင်း ပင်စည်ပွဲတော်ထမင်း နှစ်ပြည်ချက်၊ ကျောက်ဖရုံသီးဟင်းပွဲတော် တစ်၊ ငါးခေါင်းမြီးစုံပွဲတော် တစ်၊ သနပ် မှုံ့ ယို အချို အဆိမ့် ပွဲတော်များနှင့် ရွှေကြက်ရုပ်, ငွေကြက်ရုပ်, ရွှေငါးကြင်း-ငွေငါးကြင်း, ရွှေငါးရံ့-ငွေငါးရံ့, ရွှေမှုံ့, ရွှေဗုဇွန်တုပ်-ငွေဗုဇွန်တုပ်, ရွှေဝမ်းဘဲ-ငွေဝမ်းဘဲများကို ရတနာ မုနော့သလင်ပန်းနှင့် အစုံအလင် တင်ရင်ခင်းကျင်းရသည်။ စပါးတောင်းတစ်၊ ၎င်းအပေါ်ဆန်တောင်းတစ်၊ ၎င်းအပေါ် ကြာသွတ်အိုးခံပြီး တစ်၊ ၎င်းအပေါ် အုန်းပင်ပေါက် တစ်၊ ၎င်းအပေါ် ဝိတ်ဖြူ လွှမ်း၍ ခင်းကျင်းရသည်။ ဖယောင်းတိုင် အခိုးအထုံထည့်သည့် တဆွဲ နှစ်ရာသီ ရွှေဖလားတစ်, ငွေဖလားတစ်များကိုလည်း ခင်းကျင်းရသည်၊ သလွန်တော်လက်ယာက ရွှေခေါင်းယောင်းတစ်, ရွှေလက်ခတ်နှင့်တကွ ခင်းကျင်း၍ ရွှေတင်းထိမ်-ငွေတင်းထိမ် ကာရံပြီးလျှင် ဥပမိမင်္ဂလာနှင့် ပြည့်စုံသည့် မှူးတော်မတ်တော်ကြီး ဇနီးမောင်နှံစုံတို့ စောင့်နေရသည်။

သက္ကရာဇ် (၁၂၄၃) တဆောင့်နှစ်ရာ့ လေးဆဲ့ သုံးခု ကဆုန်လပြည့် ကျော်ခြောက်ရက်နေ့ ညဉ့်သုံးချက်တီးကျော် ခုနစ်ရက် ကြာသပတေး နေ့သို့အဝင် နာရီပြည့် တပါဒ် ငါးဗိဇနာ ပြန်ပြည့် ခရာပြည့်အချိန် အခါတော်စောင့် နန်းတော်မှ ဘိသိက်နန်းတော်ကြီးသို့ လက်ယာ ခြေတော်ကို ရှေးဦးကြွချီ၍ အသျှင်နှစ်ပါး ကူးကြွတော်မူရာ မြန်မာပညာ ရှိ,ပုဏ္ဏားပညာရှိတို့ အဋ္ဌဇေယမင်္ဂလာဂါထာများကိုရွတ်မွန်း၍ ရွှေတော် က လိုက်ပါ၊ အငြိမ့်ပွဲသဘင် သာရွှင်စွာ ကသီခြင်း, ဆီမီးတန်ဆောင် ညှိထွန်းခြင်း, ပန်းမွှေးကြဲခြင်း အစီအစဉ်တို့ကိုပြုစေ၍ သုဇိတာနတ်မိဖုရား ကြီးနှင့်တကွ တင့်တယ်စံပယ်စွာ အသူရာကိုအောင်ဆဲသောသိကြားနတ် မင်း နတ်မိဖုရားတို့ကဲ့သို့ ဘိသိက်နန်းတော်ကြီးကိုသုံးပယ်လည်၍ အသျှင် နှစ်ပါးဝင်တော်မူရာ ယခင်သိကြားရေစင်ခံတွင်း၌ ပါရင်းကြောင်အိမ် ဝိုက် စသည့် အခမ်းအနား အဆောင်အယောင် များကိုလည်း အစဉ် အတိုင်း လိုက်ပါစေရသည်။

ဘိသိက်နန်းတော်ကြီး အရှေ့တံခါးဝသို့ ရောက်တော်မူလျှင် ပုရောဟိတ်ပုဏ္ဏားကြီးက မင်္ဂလာစကားလျှောက်ရသည်။ ထိုအခါ ထမင်းမိုးရွာစေ အမိန့်တော်ရှိ၍ ကောင်းပင်စည်ထမင်းမိုးကို မှူးတော်မတ်တော်တို့ ရွာသွန်းကြရသည်။

လက်ဝဲ မာရဘင် တံခါးသို့ ရောက်တော်မူလျှင် သန်လျက်တော်၊ တောင်ဝှေးတော်များကို ပညာရှိပုဏ္ဏားဝန် ဖြဟ္မာစန္ဒ-က ဂါထာမန္တန်ရွတ်၍ ဆက်ရသည်၊ သန်လျက်တော်ကို အသျှင် ဘဝရှင်မင်းတရားကြီးဘုရား စွဲတော်မူသည်၊တောင်ဝှေးတော်ကို အသျှင်မိဖုရားခေါင်ကြီးဘုရား လက်တော်သို့ ယူ၍ ကမ်းတော်မူသည်။ ယင်းနောက် အဋ္ဌဇေယမင်္ဂလာအချုပ်ဂါထာကို ရွတ်တော်မူ၍ လက်ယာခြေတော်ကို ရှေးဦးကြွချီလျက်ရာဇပလ္လင်တော်သို့တက်တော်မူသည့်ကာလ နေ့နံသင့်သူ ဖြဟ္မဏမျိုးရိုးစစ် ပုဏ္ဏားဝန်ဖြဟ္မာစန္ဒ-က ကောင်းချီးမင်္ဂလာ ဂါထာရွတ်၍ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား လက်ယာလက်ရုံးတော်ကိုမစေရသည်၊ ရာဇပလ္လင်တော်သို့ တက်တော်မူမိလျှင် အသျှင် မိဖုရားခေါင်ကြီး ဘုရားကို လက်ယာတော်ကထား၍ အရှေ့သို့ မျက်နှာရည်တော်မူလျက် ထက်ဝယ်ဖွဲ့ခွေစံနေတော်မူရာ ဇယန္တောပေါဓိယာမူလေ စသောပရိတ်ဂါထာကို ရွတ်တော်မူသည်၊ ငြိမ်သက်လျှင်တံခါးနီတော်အတွင်း လက်ယာဘက်က တန်ဆောင်းနှင့် ဆွဲထားသော မင်္ဂလာမင်းကြားစည်တော်ကို ရွှေပြည်စိုးက ခုနစ်ချက် တီးရွှမ်းရသည်။ အခါတော်နီးလျှင် ဘုရားခုနစ်ဆူ အလှူတော်ကို နာခံတော်ဖတ်လျှောက်တင်လှူတော်မူသည်။ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်၊ မယ်တော်မြတ်တို့ကိုလည်း ကြည်ညိုတော်မူ၍ နှလုံးဖြင့် လက်အုပ်ချီတော်မူသည်။ ထီးဖြူတော်၊ မကိုဋ်သင်းကျစ်တော်၊ သားမြီးယပ်တော်၊ သန်လျက်တော်၊ ခြေနင်းတော်အားဖြင့် မင်းမြောက်တန်ဆာငါးပါးကို ပုဏ္ဏားတို့ အသီးအသီး ဂါထာရွတ်၍ တပါးတပါးစီ ဆက်ရသည်။

ပြီးလျှင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ရွှေပေပဏ္ဏမြားစီ နာမံတော်ကို ရတနာကွမ်းခွက်တွင်တင်၍ တကောင်းမြို့စား မင်းသားသုသီရိမဟာဓမ္မရာဇာ ပိုက်ချီစေပြီးလျှင် နာမံတော်ကို အတွင်းဝန် ပင်းမြို့စားမင်းကြီးမင်းခေါင်မဟာမင်းကျော်သူရိန်က သုံးကြိမ်တိုင် ဖတ်လျှောက်၍ ရွှေလက်တော်သို့ ဆက်ရသည်၊ လှမ်းယူတော်မူ၍ ရာဇပလ္လင်တော် ရွှေမြောက်ယွန်းတွင် ရတနာကွမ်းခွက်တော်ထက် ထင်ထားတော်မူသည်။

အသျှင်မိဖုရားခေါင်ကြီးဘုရား ရွှေပေပတ္တမြားစီ နာမံတော်ကိုလည်း ရတနာ ကွမ်းခွက်တွင်တင်၍ ကြီးညွှပ်မြို့စား မင်းသား မဟာသုသီရိဓမ္မ ရာဇာပိုက်ချီစေပြီးလျှင် နာမံတော်ကိုအတွင်းဝန်ပေါက်မြို့ငမြို့စားမင်းကြီး မင်းလှမဟာဇေယနန္ဒသကြီကြ သုံးကြိမ်တိုင်ဖတ်လျှောက်ရသည်၊ ပြီးလျှင် ရာဇပလ္လင်တော်ရွှေတောင်ယွန်းတွင် ရတနာကွမ်းခွက်ထက်တင်၍ ထား တော်မူသည်။

အခါတော်ကြွားလျှင် ယခင်ရေထားတန်ဆောင်းကရေကိုယူ၍ ထည့် ထားရှိသောအိုးစရည်းကြီးတွင် နဝတတ်ဂင်္ဂါရေတို့ကို ရွှေသတိအုံး ရှစ် လုံးနှင့် မင်းသမီးရှစ်ယောက်တို့ပိုက်ချီ၍ ရာဇပလ္လင်တော်မြောက်က ဘယ် ညာမလှည့် ရာဇပလ္လင်တော်သို့ရှေးရှုရပ်နေရှိနှင့်သည့်ရေကို မိုးညှင်းမင်း သမီး သီရိကဋ္ဌနာဝတီက လက်ယာရစ် ရွှေခြယ်ခရုသင်းဖြင့် ခပ်ယူလျက် လက်နှစ်ဘက်ဖြင့်ချီမ၍ ဘိသိက်ဂါထာကို လျှောက်တင်ပြီးလျှင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ဦးထိပ်နှင့်ဆည်တည့် ရှိသေစွာသွန်းလောင်း ရသည်။

ပြီးလျှင်ရေကိုပုဏ္ဏားဝန်ပြဖွာစန္ဒက လက်ယာရစ်ငွေခြယ်ခရုသင်းဖြင့် ခပ်ယူလျက် လက်နှစ်ဘက်ဖြင့်ချီမ၍ ဘိသိက်ဂါထာကို လျှောက်တင်ပြီး လျှင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ဦးထိပ်နှင့်ဆည်တည့်ရှိသေစွာ သွန်းလောင်းရသည်။

ပြီးလျှင် ရေကိုသူဌေးသွေးသောက်ကြီးမဟာသီရိနေရာဇာက ရတနာ မျိုးခြယ်လက်ယာရစ်ခရုသင်းဖြင့် ခပ်ယူလျက် လက်နှစ်ဘက်ဖြင့် ချီမ၍ ဘိသိက်ဂါထာကို လျှောက်တင်ပြီးလျှင် အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားဦးထိပ်နှင့်ဆည်တည့်ရှိသေစွာသွန်းလောင်းရသည်၊ဘိသိက်သုံးကြိမ် သွန်းလောင်းပြီးနောက် ရေသဖန်းအင်းပျဉ်တော်ထက် အဠေါဟမသ္မိ- စသောစကားကောင်း သုံးခွန်း ဂါထာကို ရှေးဦးစွာ ရွတ်တော်မူသည်၊ ထိုနောင်ဘုရားတကာတို့ မာရ်ငါးပါးကို အောင်တော်မူဆုံးတွင် ဥဒါန်း ကျူးတော်မူမြဲ ယဒါဟဝေပါတုဘဝန္တိ-စသောဂါထာကိုရေသဖန်းအင်း ပျဉ်တော်ထက်တွင်ပင် ရွတ်တော်မူသည်၊ ထိုနောင်ပဋ္ဌာနာပြုအံ့သောငှာ သဗ္ဗိတိယောဝိဝဇ္ဇန္တု-စသော ရှစ်ဂါထာကို ရွတ်တော်မူသည်။

ဤသို့ဆိုခဲ့ပြီးသော တဆဲ့လေးဂါထာတို့ကို ရွတ်တော်မူပြီးလျှင် မြေ မှုန့်လုံးမှုကျုံး၍ချသို့ စသောမင်္ဂလာစကားကိုအမိန့်တော်ရှိ၍ ရွှေကရား

နှင့် ရေစက်သွန်းတော်မူသည်၊ ထို့နောင် ဇာတိပိသော, သွာချာတော, သုပ္ပဋိပန္နော စသောဂုဏ်တော်သုံးပါးကို မရွတ်ဘဲနှလုံးဖြင့်ဆင်ခြင်တော်မူသည်။

စန္ဒကုမာရမင်းကို ဘိသိက်သွန်းဆုံးတွင် သတ္တဝါတို့အား ဘေးမဲ့လွှတ်သည်ဆိုသော ကျမ်းဂန်ထုံးစံအရ ထောင်တန်းအကျဉ်းအမြောင်းအချုပ်အတည်း အဝှိအထားရှိသမျှကို နာခံတော်မဟာမင်းထင်ရာဇကျော်အမိန့်တော်ဖတ်ပြန်၍ ဘေးမဲ့ပေးတော်မူသည်၊ ဘေးမဲ့ပေးရန်-ရန်ထားရှိသည့် သတ္တဝါတိရစ္ဆာန်တို့ကိုလည်း ဘေးမဲ့လွှတ်တော်မူသည်၊ တောတောင်အင်းအိုင် မြစ်သမုဒ္ဒရာ အရပ်ဆယ်မျက်နှာ၌ အသိမ်းအဆည်း အစောင့်အရှောက်အပြုအစုမရှိသော မြက်, ထင်း,သစ်ပင်,အမြစ်,အရွက်,အပွင့်, အသီးများကို ရဟန်းပုဏ္ဏားသတ္တဝါများတို့ အလိုရှိရာယူဆောင်သုံးစားစေ-အမိန့်တော်စာကို ဖတ်ပြန်၍ခွင့်ပြုတော်မူသည်။

ထို့နောင် ပုဏ္ဏားဝန်ပြဟ္မာစန္ဒ, ဝိဇ္ဇာ, ဇယဒေဝ, ရာဇဗလ,ကုမုဒ, ဦးသိန်း, ဘဂီရထ, စန္ဒဝနုနတို့က ဘိသိက်တော်ဆက်ရသည်၊ ဘိသိက်တော်ပန်းကို ရွှေသားကလပ်တွင် ပတ္တမြားစီဖလားနှင့် ဥပမိမင်္ဂလာနှင့် ပြည့်စုံသောမှူးတော်မတ်တော်ကြီးက အသျှင်ဘဝရှင်မင်းတရားကြီးဘုရားကို ဆက်ရသည်၊ မင်းညီမင်းသား မှူးတော်မတ်တော် မှူထမ်းရာထမ်းမင်းပရိသတ်အပေါင်းတို့ကလည်း တပါးသို့မျက်နှာမကွက်မလှည့် ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အသျှင်နှစ်ပါးကိုသာ ရှေး၍ ရှိသေစွာတုပ်ပျပ်လျက် ကောင်းချီးမင်္ဂလာ ဆုတောင်းပတ္ထနာပြုကြရသည်။

အရှေ့ပြုဗ္ဗာဝိဒေဟကျွန်းကို အစိုးရသောမင်းက ငွေတွေ့,ငွေချောင်း, ဟိန်းခို လက်ဆောင်တော်၊ အနောက် အပရဂေါယာဉ်ကျွန်းကို အစိုးရသောမင်းက ဝိတ်အုပ်, ဖလ်မှန်, သန္တာ, ဖုံးမသိန်, ဟိန်းခိုလက်ဆောင်တော်၊ မြောက်ဥတ္တရကုရုကျွန်းကို အစိုးရသောမင်းက ရွှေတွေ့, ငွေချောင်း, ဟိန်းခိုလက်ဆောင်တော်၊ တောင်ဇမ္ဗူဒိပါကျွန်း တရာသောပဒေသရာဇ်မင်းတို့က သံတွေ့,ရွှေချောင်း,ငွေတွေ့,ပုလဲ,မြ,သန္တာ,ဖုံးမသိန် လက်ဆောင်တော်များနှင့်လက်ဆောင်ဆက်ခန့်ထားသည့် မှူးမတ်သူဌေးသူကြွယ် စော်ဘွားမြို့စားမြို့ဝန်တို့က စာတမ်းထုံးစံလာသောအရ ဆက်စာတင်လျှောက်ဆက်သကြရသည်။

လက်ဆောင်တော် ဆက်ပြီးလျှင် မာရဘင်အတွင်း လက်ဝဲတော်က ယခင်ဆွဲထားနှင့်သည့် ငွေမောင်း,ငွေသံလွင်များကို ခမည်းတော်ဘုရား

သမီးတော် တိုင်တားမင်းသမီး သီရိစန္ဒာဝတီ, ဟင်္ဂမော်မင်းသမီး သီရိသုသာမာဝတီတို့က စွဲကိုင်၍ ဘုန်းတော်ကြီးပါစေ, သက်တော်ရှည်ပါစေ, ဆင်ဖြူစကြာရတနာရောက်ပါစေ, ရန်မာန်ခပ်သိမ်း ကင်းငြိမ်းပါစေ, ပြည်ထဲလေးမျက်နှာ သာပါစေ-ဟူသော မင်္ဂလာစကား ငါးခွန်းတင်ဆက်၍ တခွန်းလျှင် တချက်တီးခတ်ရသည်။

ငွေမောင်းငွေသံလွင် ငါးချက်စေ့လျှင် ဘိသိက်နန်းတော်ကြီး မာရဘင်ဥကင် တံခါးတော်အတွင်း ဝင်တော်မူ၍ ခင်းထားရှိနှင့်သည့် ရွှေသလွန်တော်ထက် အသျှင်နှစ်ပါး လက်ဝဲလက်ယာ အနောက်သို့ ရှေးရှုစံတော်မူရာ ဥပမိမင်္ဂလာနှင့်ပြည့်စုံသည့် မှူးတော်မတ်တော်ကြီး သမီးမောင်နှံစုံတို့ ယခင်ရန်ထားရှိသည့် ပွဲတော်များကို ခင်းကျင်း ဆက်သရသည်။

ရှေးဦးစွာ အသျှင်နှစ်ပါး နံတော်သင့် မာန်အောင်ရတနာ ဘုရား, မဟာလောကမာရဇိန်ဘုရားများကို ဆွမ်းသင်ပုတ် ကပ်လှူတော်မူသည်။ ထိုနောင် ရွှေနန်းတော်, ထီးချက်တော်, ဥကင် ရာဇပလ္လင်တော်စောင့်, မဟာဂီရိ, သမ္ဘာဒေဝနတ်အပေါင်းတို့ကို ပသ တင်ကြွေးတော်မူသည်။ ထိုနောင် ကြောင်နှစ်ခုကို ကျွေးတော်မူသည်။ ထိုနောင် ကျွန်တို့ကိုကျွေးတော်မူသည်။ အသျှင်နှစ်ပါး ပွဲတော် သောက်ရေတော်များကို မင်္ဂလာစကား တင်ကြားဆက်သရသည်။ ပွဲတော်ကြွင်းကို ဥပမိမင်္ဂလာနှင့် ပြည့်စုံသောမှူးတော်မတ်တော်ကြီးမောင်နှံအစုံတို့က ကောက်ရသည်။ပြီးလျှင် ရှစ်ပါးပုဏ္ဏားတို့ ဘိသိက်တော်ဆက်ရသည်။ ပြီးလျှင် စည်တော်စုံ,အငြိမ့်ပွဲသဘင်စုံတို့ကို တပြိုင်နက် တီးရွှမ်းဆော်ကြားစေ၍ အသျှင်နှစ်ပါး ရွှေနန်းတော်ကြီးသို့ တက်သိမ်း စံပယ်တော်မူသည်။ ဘိသိက်နန်း သုံးဆောင်ကိုမှုကား တစမကျန် မြစ်သို့ ချမျှောရလေသည်။

ဘိသိက်မင်္ဂလာအခါတော်နှင့် တပြိုင်နက်တည်း လဗိမာန်ကို ရာဟုအသူရိန်နတ် ဖမ်းငုံဆဲအခါ ဆေးလောင်းကော် သီရိမ္ဗောသောကမင်းကဲ့သို့ နိုင်ငံတော်အတွင်း အရပ်ရပ် မြို့ပြခရိုင်များတွင် မြို့ဝန်, မြို့အုပ်, မြို့ရှင်, ရွာရှင်တို့ကို စရိတ်ငွေတော် ထုတ်ပေးသနားတော်မူပြီးလျှင် တမြို့တဆူ ရွှေဂူပုထိုးများကို တချိန်တခါတည်း တပြိုင်နက်တည်း တည်လုပ်ဌပနာ သွင်းနှံတော်မူ၍ နံတော်သင့်ရာ ရာဇမုနိစေတီ တညီတညွတ်တည်း သမိုက်တော်မူသည်။

## မယ်တော်ဘုရား နတ်ရွာစံခြင်း၊ ယောမင်းကြီး မိုးနဲတွင် သေလွန်ခြင်း စသည်များနှင့် အရှေ့မှန်ကျောင်း ရေစက်ချခြင်း

ယင်းသည့် ကဆုန်လ အဘျင်ဘဝရှင်မင်းတရားကြီးဘုရား မယ်တော်မကျန်းမမာတော်မူသည်နှင့် မူးတော်မတ်တော် သမားတော်တို့ နေ့ညဥ့်မပြတ် ကြီးကြပ်စေ၍ ကုမပါသော်လည်း ဝေဒနာတော်မှ အထမမြော်ထိုနှစ် နယုန်လဆန်း၄ါးရက်နေ့ လူ့ပြည်ပြီး၍ နတ်ပြည်စံတော်မူသည်။ မယ်တော်ဘုရား အလောင်းတော်ကို စကြာမန္ဓာတ်မင်းတို့ မယ်တော်ကို သင်္ဂြိုဟ်သည့်နည်း ကောင်းမွန်စွာလုပ်ဆောင်၍ ယင်းသည့်လဆန်း ကိုးရက် တနင်္ဂနွေနေ့ ရွှေနန်းတော်အတွင်း လွှတ်တော်မြောက် အထက်ခမည်းတော်ဘုရား အုတ်နန်း ပြာသာဒ်တော်မြောက်တွင် ထီးဖြူလေးချက် အုတ်မိုးလျက် ကြီးကျယ်ခမ်းနားစွာ တပ်ဝင်းခင်းကျင်း ကျင်းပ ရွှေဝေါတော်နှင့် ထွက်တော်မူပြီးလျှင် သင်္ဂြိုဟ်တော်မူသည်။ အလွန်ကြေကွဲတော်မူ၏။

အရိုးတော်ကို မယ်တော်ဘုရား စာရေးကြီး မင်းထင်ရာဇာ ဗောင်းဝတ်လုံဖြူ ဆင်ယင်၍ ကောက်ယူပြီးလျှင် ပတ္တမြားရွှေကြုတ်နှင့် ထည့်၍ ရွှေဝေါတော်တွင် စာရေးကြီး မင်းထင်ရာဇာ ပိုက်ပွေ့၊ ထီးဖြူလေးချက် အုပ်မိုးပြီးလျှင် တပ်ဝင်းအခမ်းအနား ကြီးကျယ်စွာ ခန့်ထား၍ ဧရာဝတီမြစ်သို့ ယူဆောင်၊ လှော်ကားတော်နှစ်စင်းနှင့်တင်၍ မြစ်လယ်တွင် ချရသည်။ ထိုနေ့ကစ၍ တော်သလင်းလတိုင် လေးလအတွင်း တနေ့လျှင် သံဃာတော်တရာကျ နေ့စဉ် ရေစက်သွန်းချ၍ ဆွမ်းစမဲဟင်းလျာသပိတ်ဖုံးစုံ အဘွယ်အရာများကို လှူဒါန်းတော်မူသည်။

မယ်တော်ဘုရားစာရေးကြီး၊ ကွမ်းရေတော်ကျွန်တော်မျိုး၊ ယောကျ်ားမိန်းမ ကျွန်တော်မျိုး၄ါးရာကျော်တို့ကိုလည်း ဝမ်းမနည်းစေရ၊ လစာငွေတော်၊ ဆုတော်၊ ထည်မျိုး အုပ်မျိုးများကို လစဉ်အသီးအသီး သနားတော်မူသည်။

ယင်းသည့် နယုန်လ မိုးနဲမြို့သို့ ချီတက်ရင်း ရဲမက်လက်နက်ကိုင် တပ်မိုလ်အရာရှိတို့ကို အလုံမြို့ဝန် မိုးနဲတပ်စစ်ကဲသို့ လွှဲအပ်ခဲ့ပြီးလျှင် ယောမြို့စား ဗိုလ်မှူးဝန်ကြီးနှင့် ဝန်ထောက်မကွေးမြို့စားတို့မှာ ကိုယ်ရံသူကောင်းထမ်းလူတို့နှင့် ရွှေဘဝါးတော်အောက် ပြန်လာစေ-အမိန့်တော်မြတ်အရ လွှတ်တော်မှာ စာဆိုက်ရောက်ရှိသည့်နောက် နေ့ရက်မကြာမီ ဗိုလ်မှူး

ဝန်ကြီး အဖျားရောဂါ ကပ်ရောက်သည်နှင့် ယင်းသည့် လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ မိုးနဲမြို့တွင် သေဆုံးကြောင်း တင်လျှောက် ကြားသိတော်မူသည်နှင့် ယောမြို့စား ဗိုလ်မှူးဝန်ကြီး သတိုးမင်းကြီး မဟာမင်းထင်မင်းခေါင်ကျော် သေလွန်သည်ကို ပုခန်းကြီးမြို့စား သေနတ်ဝန်ကြီး သေလွန်ရာ သင်္ဂြိုဟ်သည့်နည်း ကောင်းမွန်စွာ လုပ်ဆောင် သင်္ဂြိုဟ်စေ-အမိန့်တော်မြတ်အရ စရိတ်ငွေတော်ထုတ်ပေး၍ မိုးနဲမြို့ စစ်ကဲကြီးနှင့် မိုးနဲစော်ဘွား ကမ္ဘောဇရဋ္ဌမဟာဝံသသီရိသုဓမ္မရာဇာတို့ကြီးကြပ်သင်္ဂြိုဟ်ရသည်။

အမှုတော်ကို ထမ်းရွက်သည့်အခါ အဝေးမြို့ရွာမှာ သေဆုံးသည်ဖြစ်၍ ယောမြို့စား ဗိုလ်မှူးဝန်ကြီးသား သံတော်ဆင့် မဟာမင်းကျော်သီရိမင်းထင်ကို လယ်ဝန်ခန့်ပြီးလျှင် အဘဝန်ကြီးစားရင်း ယောမြို့ကို မြို့စားသနားတော်မူသည်။ ဝန်ကြီးကတော်ကိုလည်း ဗိုလ်မှူးဝန်ကြီးရှိစဉ်ကဲ့သို့ ပြုစုတော်မူသည်။

သက္ကရာဇ် (၁၂၄၃) တထောင့်နှစ်ရာ့လေးဆဲ့သုံးခု ဝါခေါင်လပြည့်ကျော်နှစ်ရက် ကြာသပတေးနေ့ ညဥ့်တချက်တီးကျော် နာရီပြည့် သုံးပါဒ် တဆဲ့သုံးဗိဇနာ ငါးပြန် နှစ်ခရာအချိန် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား သမီးတော်မြတ်ရတနာကို ဖွားမြော်သန့်စင် မီးရှူးမြင်တော်မူသည်။

ယင်းသည့် သမီးတော် မြတ်ရတနာကို မီးရှူသန့်စင်ယင်တော်မူသော အခမ်းအနား၊ ယင်းနောက် နန္ဒီမုခမျက်နှာတော်ပြ မင်္ဂလာအခမ်းအနား၊ ယင်းနောက် တမ္ဗုလကရဏဟူသော ကွမ်းဦးခွံ့ မင်္ဂလာအခမ်းအနား၊ ယင်းနောက် ရပိန္ဒုဒဿနဟူသော နေလ ရှုမြော်တော်မူရန် မင်္ဂလာအခမ်းအနား၊ ယင်းနောက် ပဌမဘတ္တဟူသော ထမင်းဦးခွံ့ မင်္ဂလာအခမ်းအနား၊ ယင်းနောက် ကေသစ္ဆေဒနဟူသော ဆံတော်ပြင်မင်္ဂလာအခမ်းအနား၊ ယင်းနောက် ဒေါဠကရဏဟူသော မြပုခက်ယောင် တင်တော်မူသောမင်္ဂလာအခမ်းအနားများကို မှန်နန်းဆောင်တော်ဘမရာသနပလ္လင်တော်ရှေ့ဝယ် အထက်သမီးတော် ထိပ်စုမြတ်ဘုရားကြီးကို ချီးမြှင့်တော်မူသကဲ့သို့ ခမ်းနားကြီးကျယ်စွာ ခင်းကျင်းကျင်းပ ချီးမြှင့်တော်မူပြီးလျှင် မိုးညှင်းမြို့စား မင်းသမီး သုပဘာဝတီကို တနုခီရပွဲတော် ဆက်သစေ၍ အထိန်းတော်ကြီးအဖြစ် သူကောင်းပြုတော်မူသည်။

အယကော်, အချိတော်, အပျိုတော်, မြို့စားရွာစား ကတော်မယား တို့ကိုလည်း ဝဲလှည့် ယာလှည့်ထားပြီးလျှင် သမီးတော်မြတ် အပေါ်တော်၌ ခစားထမ်းရွက်စေသည်။

ထိုနှစ် သီတင်းကျွတ်လ မယ်တော်ဘုရား အိမ်မြှုတော်ကို မြို့ရှေ့တိုက် တော်မှာ တောင်ကျောင်းတော် ဆောက်လုပ်လှူဒါန်းရန် ဖျက်သိမ်းပြီး လျှင် ကျောင်းတော်ရာရောက် ယူဆောင်ရသည်။ ၎င်းကျောင်းမှာ အပြီး မသတ်ရှိလေ၏။

ထိုနှစ် တန်ဆောင်မုန်းလဆန်း တဆဲ့ငါးရက်နေ့ နံနက် မုနိဿရ မုနိပုင်္ဂဝ ဖြစ်တော်မူသော ရှင်စောဘုရား၏ခေတ်တော် မွေးတော် ကိန်း ဝပ်ရာ ကုသိုလ်တော်မာန်အောင်ရတနာဘုရား၊ အုံးအင်းဘုရား၊ချမ်းသာ ကြီးဘုရား၊ မဟာလောကမာရဇိန်ဘုရား၊ မန္တလေးဘုရား၊ ဆုတောင်း ပြည့်ဘုရား၊ မဟာလောကရံသီဘုရား၊ ဘုရားရှင် ခုနစ်ဆူအား လှူဒါန်း တော်မူရန် ကထိန်ရွှေသင်္ကန်းကြီး ခုနစ်နှင့်တကွ ရွှေပန်းခိုင်-ငွေပန်းခိုင် ရွှေတန်ဆောင်-ငွေတန်ဆောင်စသော အလှူတော် အသွယ်အရာများ နှင့် ရွှေမြို့တော် လေးမျက်နှာရှိ ကျောင်းတိုက်ရေ တရာ့ငါးဆဲ့လေး၊ ကျောင်းဦးရေ တထောင့်နှစ်ရာ့ငါးဆဲ့ခုနစ်၊ အမရပူရ မြို့လေးမျက်နှာရှိ ကျောင်းတိုက်ရေ လေးဆဲ့လေး၊ ကျောင်းဦးရေ တရာ့ငါးဆဲ့ကိုး။ နှစ်စု ကျောင်းတိုက်ရေ တရာ့ကိုးဆဲ့ရှစ်, ကျောင်းဦးရေ တထောင့်လေးရာ့ တဆဲ့ခြောက်များတွင် သီတင်းသုံးနေသည့် ဆရာတော် သံဃာတော် နှစ်ထောင့်ငါးရာ့ခုနစ်ဆဲ့ခုနစ်တို့အား လှူဒါန်းရန် ဆိုးလုပ်ပြီး ကထိန် သင်္ကန်းကြီး နှစ်ရာ့ရှစ်ဆဲ့ကိုး၊အာနိသင်ပိတ်သင်္ကန်းလျာစုံရေ နှစ်ထောင့် ငါးရာ့ခုနစ်ဆဲ့ခုနစ်၊ ချုပ်ဆိုးရန်အပ်ထုပ်, ချည်လုံး, ပိန္နဲချဉ်မှုန့်, စဉ့်အိုး, ကျီအိုး, ခပ်အိုး, ရေမှုတ်,ဖွပ်ပျဉ်,ကြိမ်ခွေ, ထင်း,ကိရိယာစုံ နှစ်ထောင့် ငါးရာ့ခုနစ်ဆဲ့ခုနစ်စီများအနက် သင်္ကန်းလျာများနှင့် ပိန္နဲချဉ်မှုန့်စသော ကိရိယာများမှာ ထမ်းလူဆောင်လူနှင့် ထင်းမှာ လှည်းနှင့်တင်ဆောင်၍ အစီအစဉ် အခမ်းအနား ခင်းကျင်းမြဲအတိုင်း စီစဉ် ခင်းကျင်းပြီးလျှင် တောင်စမုတ်တော်သို့ သွင်းပြရာ အသျှင် ဘဝရှင်မင်းတရားကြီးဘုရား, အသျှင် နန်းမတော် မိဖုရားခေါင်ကြီးဘုရားနှင့်ထွက်တော်မူ၍ ရေစက် သွန်းချတော်မူပြီးလျှင် ကျောင်းတိုက်ဇေ့ အရာရှိတို့ကြီးကြပ်သွားရောက်၍ ကထိန်မြောက်အောင် ကောင်းမွန်စွာ ခင်းကျင်းလှူဒါန်းရသည်။

ထိုနှစ် ပြာသိုလ ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည် ကား…ယခုထီးရုံအများ တည်လုပ်ခြင်းအမှုမှာ အထက် ရည်ရွယ်ရင်း အတိုင်း အကျိုးပြီးမြောက်သည်မဟုတ် ပြည်သူ ဆင်းရဲသားတို့သည် ကံ စမ်းရုံမျှသာမက အကြိမ်ကြိမ်ထည့်ဝင်ကြလေသည်၊ တကြိမ်နှစ်ကြိမ် ယက် မှတ်တိုက်ဆိုင်၍ ငွေရသောသူတို့လည်းမရောင့်ရဲနိုင် အထပ်ထပ်ထည့်ဝင် ၍ ရပြီးသော ပစ္စည်း ကုန်ကျခြင်းဖြစ်ရလေသည်။ မရသေးသောသူတို့ လည်း အာသာငင်းငင်း ချင်ခြင်းမပြေရှိလေသည်နှင့် အခါခါ အထပ် ထပ် ထည့်ဝင်လေ၍ ကြေးငွေများစွာကုန်ကျ ကြွေးတင်ကျွန်ဖြစ်ရှိရသည် ပြင် ထီရုံအကြီးအကြပ်တို့ထံ ရှုံးကြေးငွေများကို မပေးနိုင်၍ ချုပ်ထား တောင်းခံရှိကြောင်းများကိုကြားသိတော်မူရသဖြင့် ဤအမှုသည်လောဘ နိုင်ငံကိုလိုက်၍ ကစားပွဲကဲ့သို့ တစတစကြီးပွားကြလျှင် ဥစ္စာပစ္စည်း ကုန် ခန်းပျက်စီးခြင်း အကြောင်းဖြစ်သည်။ ငါ အသျှင်ကောရာဇ် မင်းမြတ်၏ အကျိုးကိုထောက်မြော်ငဲ့ညှာ၍ အရှည်သဖြင့်ပြုလုပ်သင့်သည့်အရာမဟုတ် ဖြစ်သည်။ ထီရုံများကို ရုပ်သိမ်းပြီးလျှင် ခိုင်ငွေနှင့်စပ်၍ ရရန်ငွေတော် များကို အချုပ်အနှောင် အတောင်းအခံမရှိချမ်းသာစေရမည်။ ပြည်သူ ဆင်းရဲသားတို့အချင်းချင်း ထီကြွေးနှင့်စပ်၍ ထီရုံအကြီးအကြပ်တို့က ချုပ် တောင်းရှိသည့်ငွေများကိုလည်း ငွေတော်ထုတ်၍ ဆပ်ပေးတော်မူမည်။ နောင်ကိုလည်း ထီကြွေးနှင့်စပ်သည်ကို လွှတ်တော်ရုံးတော်များက လက် ခံ၍ အတောင်းအခံမရှိ ချမ်းသာသဖြင့် လွှတ်လွှတ်ကူးသန်းရောင်းဝယ် ခြင်းအမှုများကို ပြုလုပ်နေထိုင်စေရမည်-အမိန့်တော်ရှိ၍ ထီရုံတော်များ ကို ရုပ်သိမ်းရသည်။ ထိုနောက် ထီရုံအကြီးအကြပ်တို့ စာရင်းဆက်သွင်း ရာပါ ဆင်းရဲသားတို့ အချင်းချင်းယှက်တင်သည့် ထီကြွေးငွေနှစ်သောင်း ကျော် များကိုလည်း ရွှေတိုက်တော်က ထုတ်၍ ဆပ်ပေးသနားတော်မူ သည်။

ယင်းသည့် ပြာသိုလဆန်းငါးရက်နေ့ မိုးနဲစော်ဘွား ခွန်ချိုငယ်သည် ကျေးဇူးသစ္စာတော်ကို မထောက် ကျူးလွန်စွာပြုကျင့်သူဖြစ်၍ နှလုံးရည် ဖြင့် သိမ်းပိုက်၍ သင့်တော့မည်မဟုတ် လက်ရုံးနှလုံးရည်စပ်၍ ရမိအောင် တိုက်ခိုက်ဖမ်းဆီးမှသင့်မည်။ မိုးနဲစော်ဘွားမယား မဟာဒေဝီသည် မိုင်း နောင်စော်ဘွားနှမဖြစ်၍ မိုင်းနောင်စော်ဘွားက အားပေးကူညီရန်ရှိ သည်။ သို့ဖြစ်၍ မိုးနဲ-မိုင်းနောင်နှစ်ကြောင်းနှစ်သွယ် ခွဲဝေအသစ်ထပ်မံ ချီတက်တိုက်ခိုက်ဖမ်းဆီးစေရမည်။ အထက်ယောမြို့စားဗိုလ်မှူးဝန်ကြီးနှင့်

လိုက်ပါထမ်းရွက်ရင်း အမှုထမ်းလူတို့ ပြန်လာစေ—အမိန့်တော်မြတ်အရ ရွှေးလက်ဝဲအစုအမှုထမ်း လူသုံးရာ၊ ရွှေးလက်ယာသေနတ်မိုလ်မင်းခေါင် သူရိန်နှင့် အမှုထမ်းလူငါးရာ၊ လင်းဇင်းသေနတ်မိုလ် မင်းကျော်သိဒ္ဓိနှင့် အမှုထမ်းလူသုံးရာ၊စို့လေးဆယ်ဗိုင်းဝန်စာရေးနှင့် အမှုထမ်းလူနှစ်ရာ့ငါး ဆယ်၊ လက်သစ်လှေသင်းမိုလ် မင်းထင်ရာဇာနှင့် လှေအမှုထမ်းလူငါးရာ၊ အမြောက်အမှုထမ်းလူတရာ့ငါးဆယ်၊ ရွှေပြည့်မှန်ကင်း အစုအမှုထမ်း လူကိုယ်ရံသူကောင်းထမ်းပါငါးရာ၊ စုစုဆင်စီးရေ တဆယ်, မြင်းစီးရေ တရာ့ငါးဆယ်, စစ်သည်အမှုထမ်းလူနှစ်ထောင့်ငါးရာကျော်တို့ကို လက် ယာဝင်းမှူး ညောင်အုပ်မြို့စားမင်းကြီးမဟာမင်းလှမင်းခေါင် ချုပ်အုပ်၍ မိုးနဲကြောင်း ချီတက်ရသည်။

လက်ဝဲကြောင်းသေနတ်မိုလ် မင်းခေါင်ရာဇာနှင့် အမှုထမ်းလူသုံးရာ၊ အတ္တပတ်မြင်းတပ်မိုလ် နေမျိုးသူရိန်နှင့် အမှုထမ်းလူသုံးရာ၊ အမြောက် အမှုထမ်း လူတရာ၊ သီပေါမိုင်းခိုင်းနှစ်မြို့ဝန် သင်းမိုလ်နှင့် ယင်းတော်, ရ နောင်, မိတ္ထီလာ သုံးမြို့သင်းအမှုထမ်းလူ ငါးရာ့ငါးဆယ်၊ သူကောင်း ထမ်းလူတရာ့ငါးဆယ်၊ ဆင်စီးရေငါး, မြင်းစီးရေ တရာ့နှစ်ဆယ်, စစ် သည်တထောင့်လေးရာကျော်တို့ကို ဝန်ထောက်တော် ကိုးခရိုင်အုပ် မင်း ကြီးမင်းမဟာရာဇာသင်္ကြီချုပ်အုပ်၍ မိုင်းနောင်ကြောင်း ချီတက်ထမ်းရွက် ရသည်။

မိုးနဲကြောင်းချီ မိုလ်ချုပ် လက်ယာဝင်းမှူး ညောင်အုပ်မြို့စားလည်း ညောင်ရွှေမြို့သို့ ချီတက်ဆိုက်ရောက်၍ တပ်ဦး စေလွှတ်ထောက်လှမ်းရာ မိုးနဲစော်ဘွား ခွန်ချိုငယ်သည် ကျေးဇူးသစ္စာတော်ကို မထောက် လက် နက်လူသူအများ စုရုံးပြီးလျှင် မိုးနဲမြို့နှင့် အနီးအစပ် ကျိုင်းတောင်းမြို့, ဟိုပုံးမြို့, မိုင်းပွန်မြို့, မိုင်းပျဉ်းမြို့များကို တိုက်ခိုက်ဖျက်ဆီးရှိကြောင်း ကြား သိတင်လျှောက်ရှိသည်နှင့် ယင်းသည့်လ မိုးနဲစော်ဘွားအစ်မမိုးနဲမိဖုရား ဟောင်းသည် နောက်ပါလူတို့နှင့် တကွ ရွှေဘဝါးတော် အောက်သို့ ရောက်ရှိပြီးနောက် မောင် မိုးနဲစော်ဘွား ရွှေဘဝါးတော်အောက်လာ ရောက်အောင်လူစေလွှတ်ခေါ်ရမည် လွှတ်တော်က ပြောဆိုရာ မိုးနဲမိဖု ရားဟောင်းသည် လူစေလွှတ်ခေါ်၍ မောင်မိုးနဲစော်ဘွား မလာမရောက် ရှိနေခဲ့လျှင် ရာဇဝတ်တော်ကို ကြောက်ရွံ့သည်နှင့် တိတ်တဆိတ် ဘုရား ဖူးဟန် ရပ်ဖျောက်ကြီးဆောင် ထွက်ပြေး၍ ကြေးနန်းနှင့် ဆင့်ဆိုလိုက်ဖမ်း ရာ ကိုးခရိုင်နယ် ကျောက်ဆည်မြို့အလွန် သင်တီးကုန်းရွာတွင် ဖမ်းဆီး

ရမိသောကြောင့် အကျဉ်းယူဆောင် ထောင်တွင်ထားရသည်။ မိုးနဲမိဖုရားဟောင်းနောက်ပါ လူတို့အနက် လက်လွတ်ထွက်ပြေးသူတို့သည် မိုးနဲစော်ဘွားထံရောက်ရှိ၍ ဖြစ်ပျက်သောအကြောင်းတို့ကို ပြန်ကြားလေ၏။

ထိုနှစ် တပို့တွဲလဆန်း သုံးရက်နေ့ နတ်ရှင့်ရွှေးသေနတ်မိုယ် 'မင်းလှမင်းထင်စည်သူနှင့် သေနတ်စွဲသူရဲ ငါးရာတတပ်၊ ရဲဘက်မြင်းတပ်မိုယ်မင်းကျော်သူရမင်းထင်နှင့် မြင်းအမှုထမ်းလေးရာ တတပ်၊ ရွှေပြည်ရန်အောင် မြင်းတပ်မိုယ် မင်းထင်မင်းလှကျော်ခေါင်နှင့် မြင်းအမှုထမ်း သုံးရာတတပ်၊ ရွှေလှံမြင်းတပ်မိုယ် မင်းကျော်ရာဇာနှင့် မြင်းအမှုထမ်း တရာတဘပ်၊ လက်သုံးတော်ကိုင် တောင်တရာ့ငါးဆယ်မိုယ် မဟာမင်းထင်ကျော်ခေါင်နှင့် လူသုံးရာ တတပ်၊ နတ်စုလက်ဝဲမိုယ်နှင့် လူသုံးရာတတပ်၊ နန်းဦးမင်္ဂလာမြင်းတပ်မိုယ်, သပြေတန်းခံမြို့မိုယ်, သူကောင်းထမ်းမိုယ်ပျံချီမိုယ်မိတ်တို့နှင့် အစုအမှုထမ်း၊ သူကောင်းထမ်း, နန်းတော်သားတို့ပါ သေနတ်စွဲသူရဲတရာတတပ်၊ယင်းသည့်တပ်စုကိုမြို့ဝန်ရွှေလှံမိုယ် ကောလင်းမြို့စား မင်းကြီး မဟာမင်းခေါင်နော်ရထာ ချုပ်အုပ်၍ မိုယ်ချုပ်လက်ယာဝင်းတော်မှူး ဆင့်ဆိုရာ နာခံထမ်းရွက်စေရန် မိုးနဲကြောင်းထပ်မံချီတက်ရသည်။

လက်သုံးတော်ကိုင် ရွှေးလက်ဝဲသေနတ်မိုယ် မင်းကျော်သီဟမင်းထင်ကို ကသည်းမြင်း, မင်္ဂလာရဲညွှန့်မြင်း,ရွှေးလက်ဝဲအမှုထမ်းတို့ပါ လူခုနစ်ရာကျော်နှင့် တတပ်၊ မင်းကျော်ကပ်ကောင်ကို ကန္နီမြို့, မြေဒူးမြို့ သင်းအမှုထမ်းလူ ခြောက်ရာကျော်နှင့် တတပ်၊ မင်းကျော်ရဲလှ နတ်မီးသွေးကိုဒီပဲယင်းမြို့ သင်းအမှုထမ်းလူ ငါးရာ့ခြောက်ဆယ်ကျော်နှင့် တတပ်၊ သုံးစု တစ်ပေါင်းသုံးတပ်မှာ မိုယ်ချုပ်ဝန်ထောက် ကိုးခရိုင်အုပ် ဆင့်ဆိုရာ နာခံထမ်းရွက်စေရန် မိုင်းနောင်ကြောင်း ထပ်မံချီတက်ရသည်။

ယင်းသည့် တပို့တွဲလ သီပေါစော်ဘွား ကမ္ဘောဇရဋ္ဌမဟာဝံသသီရိပဝရ သုဓမ္မရာဇာသည် နောက်ပါလူငါးဆယ်နှင့် ရုပ်ဖျောက် ဘုရားဖူးဟန်ဆောင်ပြီးလျှင် သီပေါမြို့က ဟိုပုံးမြို့နယ် သထုံနယ်အရှေ့ ကရင်စောလဘော်နယ်သို့ ဆိုက်ရောက်၊ တောင်လမ်း ဖြတ်သန်း၍ အင်္ဂလိပ်အစိုးရတို့ပိုင်သည့် မော်လမြိုင်မြို့, ရန်ကုန်မြို့များသို့ ထွက်သွားလေသည်။

ယင်းသည့် တပို့တွဲလ နိုင်ငံတော်အတွင်း ကူးသန်း ရောင်းဝယ်ကြသည့် ကုန်သည်ဆင်းရဲသားတို့မှာ အခွန်အုပ် အခွန်ထိန်းတို့က ရှေးအရိုး

အစဉ် ကောက်ခံမြဲဖြင့် ပိုမို၍ချထွင်၍ အခွန်တော်ထမ်းဆောင် အကောက် အခံများပြားသောကြောင့် ကုန်သည်ဆင်းရဲသားတို့ နစ်နာပင်ပန်းမချမ်း မသာရှိကြောင်းများနှင့် ကြားသိတော်မူရသည်။ ရှေးအရိုးအစဉ်ကောက် ခံမြဲဖြင့် နောက်တိုးတက် ချုပ်အုပ်ဝယ်ယူ ကောက်ခံ ထမ်းဆောင်သည့် အကောက် အခွန်များကို ချုပ်အုပ်ဝယ်ယူ အခွန် အထမ်းအဆောင် အကောက်အခံမရှိ၊ ကုန်စင်အောင် နုတ်သိမ်းစေရမည်-အမိန့်တော်မြတ် အရ အောက်စုန်ထန်းလျက်ခွန်၊ ရှားခွန်၊ ရှားဖိုခွန်၊ လေးမြို့ ရေပွဲခွန်၊ အောက်မြစ်စဉ် ရေပွဲခွန်၊ ပဲမျိုးစုံ, ဂျုံ, ငရုတ်ခွန်၊ဆီ, နှမ်း, မန်းကျည်းခွန်၊ ပိုးမျိုးစုံ၊ ကွမ်းသီးခွန်၊ အောက်စုန်ပိုးထည်ခွန်၊ ပြောင်းဘူးဖက်ခွန်၊ သား ရေခွန်၊ လေးမြို့ဆေးထန်းလျက်ပျော်ပွဲခွန်၊ လေးမြို့ဆီပျော်ပွဲခွန်၊ ကိုးခရိုင် လှေကောက်၊ ပဲမျိုးစုံ, ဂျုံ, ဆေး, ထန်းလျက်ခွန်များကို သက္ကရာဇ် (၁၂၄၃) တဆောင့်နှစ်ရာ့လေးဆဲ့သုံးခု တပေါင်းလကစ၍ ချုပ်အုပ် ဝယ်ယူ အခွန် အထမ်းအဆောင်မရှိစေရ၊ ကုန်သည် ဆင်းရဲသားတို့မှာ အခွန်ကြေးငွေ အကောက်အစား အတောင်းအယူမရှိစေရ၊ ကုန်စင် အောင် နုတ်သိမ်းရမည်အကြောင်းနှင့် နိုင်ငံတော်အတွင်း ထီးရုံနန်းရုံ စော်ဘွားမြို့စား အဝေးမြို့ဝန်အရာရှိ အခွန်အုပ် အခွန်ထိန်းတို့ကို စေ့ငှ အောင် လွှတ်တော်က ဆင့်ဆိုမှာထား နုတ်သိမ်းရသည်။

ထိုနှစ် ရွှေမြို့တော်ကြီး ရွှေမျက်နှာ မဟာဂီရိစိတ္တရ ပန်းဥယျာဉ် တော်အတွင်း အသျှင် နန်းမတော် မိဖုရားခေါင်ကြီးဘုရားက ဆောက် လုပ်တော်မူသည့် ကျောင်းဦး ပြာသာဒ်နှင့်တကွ ဘုံလေးဆင့် ရှိသော အလွန်ဆန်းကြယ်သော စုလစ်မွန်းချွန် အပြောက်အမွန်းတို့ဖြင့် တန်ဆာ ဆင်အပ်သော နာရကာလှော်သစ်, ဇမ္ဗူရာဇ်ရွှေစင်တို့ဖြင့် တခဲနက် သွန်းလုပ်သော ရွှေစိုင်ရွှေတောင်ကြီးကဲ့သို့ ဖြစ်၍ သူခပ်သိမ်းတို့ ရှုမြင် မရဲ ချီးပဲ့မကုန်နိုင်ဘွယ်ဖြစ်သောကျောင်းတော်ကြီးနှင့်တကွ အရံကျောင်း တော်ရှစ်ရပ်, တံတိုင်းမီးတား, တံခါးမုတ်ပြာသာဒ်, အုတ်သမန္တလင်း ပေါ ငွေတော် နှစ်သန်းကျော် ကုန် လုပ်ဆောင် ပြီးပြေ ရှိကြောင်းနှင့် အကြီးအကြပ် မှူးတော်မတ်တော်တို့က အမိန့်တော်မြတ်ခံရာ နန်းမတော် မိဖုရားခေါင်ကြီးက ဆောက်လုပ်သည့် ကျောင်းတော် ကြီးသို့ ရေစက် သွန်း ထွက်တော်မူရန် ရှိသည်ကို ရွှေနန်းတော်က ရွှေမြို့တော်ကြီးရွှေ မျက်နှာဦးထိပ်တံခါးပြင် ကျုံးနဖူးရောက်မှာ ကြည်းကြောင်း, ယင်းက ကျုံးတော်အတွင်းကိုလျှောက်၍မင်္ဂလာမြောင်းတော်တွင်းရောက်မှာ ရေ

ကြောင်းထွက်တော်မူမည်ဖြစ်သည်။ ကြည်းဘက်ရေဘက် တစ်ဝဝင်း ခင်းကျင်းရန်မှစ၍ အခမ်းအနား ခန့်ထားဆင့်ဆို လုပ်ဆောင်ရန် ရှိသည်များကို ဆင့်ဆို လုပ်ဆောင်စေ-အမိန့်တော်မြတ်အရ ဦးထိပ်တံခါးတော်ပြင် ဝဲဘက်တွင် ကွန်းထောက် စံနန်းတော်၊ ကျောင်းတော်အနီး မင်္ဂလာမြောင်းတော်ဝဲဘက်တွင် ပွဲခံထီးရုံတော်နှင့်တကွ စံနန်းတော်၊ ကျောင်းတော်မဟာရုံအတွင်း ပဒေသာထားတန်ဆောင်း၊ ပရိတ်နာတန်ဆောင်း ကန္နားဖျင်းမှစ၍ ဆောက်လုပ်ရန်ရှိသည်များကို ဆောက်လုပ်စေပြီးလျှင် ရွှေနန်းတော်က ဦးထိပ်တံခါးပြင် ကွန်းထောက်စံနန်းတော် ရောက်မှာ ရွှေခြောက်တစ် နောက်ခြောက်တစ် ခင်းကျင်းရန်, ဦးထိပ်တံခါးတော်ပြင် ကျုံးထိပ်က မင်္ဂလာမြောင်းတော် ဝဲဘက်စံနန်းတော် ရောက်မှာ ချတစ်ခင်းကျင်းရန်, ကျုံးတော်အတွင်း ဖောင်တော်,လှေတော်,သင်္ဘော သမ္ဗန်တော်များကို ရေတစ် ခင်းကျင်းရန်မှစ၍ အရပ်ရပ် အခမ်းအနား ခန့်ထားစီရင်ပြီးပြေရှိသည်နှင့် သက္ကရာဇ် (၁၂၄၃) တထောင့် နှစ်ရာ့ လေးဆဲ့သုံးခု တပေါင်းလဆန်းဆယ်ရက်နေ့ ကောင်းမြတ်သောမင်္ဂလာ အခါတော်၌ ဆဒ္ဒန်ဆင်မင်းသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရားမှာ ရတနာမျိုးတို့ဖြင့်ခြယ်လှယ်သော အလုံးစုံဆင်စွယ်ဖြင့်ပြီးသော ကတော်တင် သီရိသုဘဏ္ဍာ ရတနာဆင်ဖြူတော်မကို ခြေတော်တင်၍, အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရားမှာ ရထားတော်ကို ခြေတော်တင်၍ ရွှေနန်းတော်က ကွန်းထောက်စံနန်းတော်ရောက် ထွက်တော်မူသည်။

ကွန်းထောက်စံနန်းတော်ကမှ ကျောင်းတော်အနီး စံနန်းတော်ရောက် ကရဝိက်ရွှေဖောင်တော်နှင့်ထွက်တော်မူ၍ သဘင်ပွဲလမ်းမင်းခမ်းမင်းနားကြီးကျယ်စွာဖြစ်စေလျက် တံဆိပ်တော် ရ-မရ ဆရာတော်သံဃာတော် တရာတို့အား ရဟန်းတို့နှင့်လျော်သော အဘိုးများစွာထိုက်သော အထူးအဆန်းအဘွယ်အရာ သီးမျိုးစုံပဒေသာပင်ရေတရာတို့ဖြင့် ရေစက်သွန်းချတော်မူပြီးလျှင် ဉာဏဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ဆရာတော်ကို ကျောင်းအပ် တင်လှူတော်မူသည်။ ယင်းသည့်တိုက်တော်ကို မဟာဝိဇယာပုညာ, ကျောင်းတော်ကို မဟာစံလွတ်ဝေယန်-ကမ္ဗည်းတပ်တော်မူသည်။

ကျောင်းတော်ကိုကြီးကြပ်ဆောက်လုပ်သည့် အရာရှိတို့နှင့် လက်တတ် ဆရာတို့ကိုလည်း ငွေတော်, ထည်မျိုးအုပ်မျိုးများကို အသီးအသီး ဆုသနားတော်မူပြီးလျှင် ထိုနေ့ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ထိုအခါ ရတနာဆင်ဖြူတော်မတွင် လက်သုံးတော်ကိုင်မြောက်ဒဝယ်သေနတ်မိုယ် ရနောင်မြို့စား မဟာမင်းလှမင်းထင်စည်သူမှာ ဦးစီးလျက် လက်သုံးတော်ကိုင် သူရဲဝန် ကျပင်းမြို့စား မဟာမင်းထင်ပညာ သီရိသင်္ခယာမှာ ထီးဖြူတော်ကို အုပ်မိုးလျက်လိုက်ရသည်။ ထိုအခါလှူဒါန်းရန် ပဒေပင်သာရေ တရာအနက် တပင်မှာပျားစွဲသည်။

### မြို့သိမ်းခြင်း၊ သစ်တပ်ပတ်လည်ကိုထွက်တော်မူခြင်း-စသည်နှင့် မီးစောင်းတန်း ထွန်းညှိပူဇော်တော်မူခြင်း

သက္ကရာဇ် (၁၂၄၃) တထောင့်နှစ်ရာ့လေးဆဲ့သုံးခု တပေါင်းလပြည့်ကျော် လေးရက်နေ့ ပညာရှိတို့က ရွေးဘေးလောင်းတော် ဘိုးလောင်းတော် မင်းကောင်းမင်းမြတ်တို့သည် တိုင်းပြည်ခရိုင် နိုင်ငံတော်အလုံးကို သိမ်းကျုံးစိုးအုပ်တော်မူ၍ မင်းအဖြစ်ကို ယူတော်မူပြီးနောက် ရွှေမြို့တော်ကြီးမှစ၍ ရွှေနန်းတော်, လွှတ်တော်, ဗြဲတိုက်တော်များကို သိမ်းတော်မူမြဲ အစဉ်ထုံးစံရှိသည်နှင့်အညီ မန္တလေးရတနာပုံ ရွှေမြို့တော်ကြီးကိုလည်း သိမ်းတော်မူရန် သင့်ကြောင်းနှင့် စာဆက်သွင်းချက်အတိုင်း ရွှေမြို့တော်ကြီး သိမ်းယူတော်မူရန်ရှိသည်မှာ မြို့တော်သိမ်းစာတမ်းထွက်ရှိသည့်အတိုင်း အခမ်းအနားခန့်ထားဆင့်ဆိုလုပ်ဆောင်ရန် ရှိသည်များကို လုပ်ဆောင်စေ-အမိန့်တော်မြတ်အရ ရွှေမြို့တော်ကြီး အရှေ့မျက်နှာဦးထိပ်တံခါးတော်ပြင် လက်ယာဘက်တွင် စံနန်းတော်, မင်းညီမင်းသားမှူးတော်မတ်တော်တို့ရပ်နေရန် တဲ, ပွဲခံကန္နားဖျင်း, ဖောင်ယှဉ်လှေယှဉ်မှစ၍ ဆောက်လုပ်ရန်။ ရထားဆင်မြင်းမှစ၍ စစ်အင်္ဂါလေးပါးများကို ရွှေမြို့တော်ကြီးပတ်လည် ကျုံးတွင်းကျုံးပြင် လမ်းမတော်များက နမန္တာဘက်ခါတ်ဘက်နှင့်တကွ တပ်ကြီးခင်းကျင်းရန်။ ရွှေစက်တော်တင် ကရဝိက်ရွှေဖောင်တော်မှစ၍ လှော်ကားတော်, ခတ်လှေတော်, လှော်လှေတော်, ရဲလှေတော်, သင်းဘောသမ္ဗန်တော်, မင်းညီမင်းသား, မှူးတော်မတ်တော်တို့စီးနင်းရန်လှော်ကားများကို ကျုံးတော်အတွင်း ရေတပ်ခင်းကျင်းရန်မှစ၍ ဆင့်ဆိုလုပ်ဆောင်ခင်းကျင်းပြီးပြေရှိသည့်အတိုင်း အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရားနှင့်တကွ မင်းမိဖုရား မင်းညီမင်းသား မောင်းမမိဿံအပေါင်းခြံရံလျက် ဗြဟ္မာမင်း၏ အသရေကဲ့သို့ မြင့်မြတ်တင့်တယ်သော အသရေကိုဆောင်

တော်မူပြီးလျှင် ရွှေနန်းတော်က ရွှေမြို့တော်ကြီး အရှေ့မျက်နှာ ဦးထိပ် တံခါးတော်ပြင် စံနန်းတော်ရောက် ရွှေခြောက်တစ် နောက်ခြောက် တစ် ခင်းကျင်း ကျင်းပလျက် အသျှင်ဘဝရှင်မင်းတရားကြီးဘုရားမှာ ပြည်သူ လူခစ်သိမ်း အပေါင်းတို့ ရွှေမျက်နှာတော်ကို ဖူးမြော် နိုင်လောက် အောင် ရည်သန်တော်မူပြီးလျှင် စိန်, မြ, ပတ္တမြား-စသော ရတနာ အပေါင်းတို့ဖြင့် ခြယ်လှယ်အပ်သော ကြိုးလုံးတင် အဆင်တန်ဆာဖြင့် ဆင်ယင်လျက် ကောင်းမြတ်သော လုံးရပ်သဏ္ဍာန် ကြန်အင်လက္ခဏာ အပေါင်းတို့နှင့်တကွ မင်းတို့စီးနင်းထိုက်သော အင်္ဂါငါးပါးနှင့် ပြည့်စုံ သော ဂမုန်းချောင်းဆင်တော်နှင့်, အသျှင်နန်းမတော် မိဖုရားခေါင်ကြီး ဘုရားမှာ ရထားတော်နှင့်ထွက်တော်မူသည်။ စံနန်းတော်သို့ဆိုက်ရောက် တော်မူလျှင် ပွဲသဘင်စုံတို့ဖြင့် စည်ပင်သာယာအောင် တီးမှုတ်ကခုန်ကြ ရ၏။

ထိုကမှ ကျုံးတော်အတွင်း ခင်းကျင်းရှိသည့် သင်းဘောတော်, သမ္ဗန် တော်, လှော်ကားတော်, ခတ်လှေတော်, လှော်လှေတော်, ရဲလှေတော် များက နရည်းစရာစသော တီးမှုတ်မျိုးတို့ဖြင့် တပြိုင်နက် တီးမှုတ်စေ၍ ကရဝိက်ရွှေဖောင်တော်ကို လှော်လှေတော်ရှစ်စင်းဆွဲစေ၍ ထိုကရဝိက် ရွှေဖောင်တော်ထက် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, အသျှင် နန်း မတော်မိဖုရားခေါင်ကြီးဘုရားနှင့်တကွ စံပယ်တော်မူလျက် ကြည်းတစ် ရေတစ် ငြိမ့်ငြိမ့်မွှမ်းမျှ ရွှေမြို့တော်ကြီးကိုလက်ယာရစ်လှည့်၍ သိမ်းတော် မူပြီးလျှင် ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ထိုအခါ မင်းညီမင်းသား မှူးတော်မတ်တော်တို့မှာ ဗောင်းနားချောင်း ဝတ်လုံ ဆင်ယင်၍ နောက်တော်လိုက်ကြရသည်၊ စီးတော်မူသည့် ဆင် တော်မှာ မြောက်ဒဝယ်မိုလ် ရနောင်မြို့စားဦးစီး, သူရဲဝန်ကျပင်းမြို့စား မှာ နောက်တော်ထိုင်အဖြစ်နှင့် ထီးဖြူတော်အုပ်မိုးလျက် လိုက်ရသည်။

ထိုသို့ ရွှေမြို့တော်သိမ်း ထွက်တော်မူသောအခါ ပြည်သူအပေါင်းတို့ တင်လျှောက်ရန်ရှိသည်များကို အလိုရှိရာတင်လျှောက်စေရန် အခွင့်ပေး တော်မူသော်လည်း ပြည်သူ ဆင်းရဲသား တို့သည် ကြီးကျယ်ခမ်းနား သော တစ်ဝင်း အခင်းအကျင်းတို့ဖြင့် ခြိမ့်ရုံကျင်းပလျက်ဖြစ်၍ ဝေးသော အရပ်ဌာနက ဟစ်အော်တင်လျှောက်ရန် အလွန်ခဲယဉ်းသော အရာဖြစ် သည်။ သို့ဖြစ်၍ ခဲယဉ်းစွာဟစ်အော်တင်လျှောက်ခြင်းကို မပြုစေရ လွယ်

လင့်တကူ အလိုရှိရာ လွတ်လွတ်တင်လျှောက်ကြစေရန် ပြည်သူတို့တင်လွှာများကို သင့်ရာအရာရှိတို့ ရွှေခွက်နှင့် ခံယူဆက်သစေရမည်–အမိန့်တော်မြတ်အရ ရွှေမြို့တော်ကြီး ကျုံးပြင်ပတ်လည် လမ်းမတော်များက ဖြတိုက်သံဆင့်တို့ အသီးအသီး ရွှေခွက်နှင့်ခံယူဆက်သကြရသည်။

ယင်းသည့် တပေါင်းလ လောကသမ္မုတိနတ်ဖြစ်သော မင်းဧကရာဇ်တို့အား ရန်ဘန်ရန်ခါ ရွှေမျက်နှာတော်ကို ဖူးမြော်စေသဖြင့် နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေအပ်သော စန္ဒသမဂုဏ်ကို ပြည့်စုံစေအပ်သည်နှင့်အညီ မျိုးတူမျိုးခြားပြည်သူပြည်သားအပေါင်းတို့ ရွှေမျက်နှာတော်ကို ဖူးမြော်စေရန် မိမိတို့အလိုရှိရာ တင်လျှောက်ရန်ရှိလျှင်လည်း ရွှေနားတော်မြတ်ကြား တင်လွှာရေးသား အလွယ်တကူဆက်သ တင်လျှောက်စေရန် ရည်သန်တော်မူပြီးလျှင် ဝင်းကိုယ်ရံတပ်တော် အနည်းငယ် ခင်းကျင်းစေ၍ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား,အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့် တကွ အမည်ရမြင်းယာဉ်တော် လေးစီးပြင့် ကအပ်သောရထားတော်နှင့် သစ်တပ်ပတ်လည်ကိုလှည့်လည်၍ ပြည်သူတို့အဖူးအမြော်ကိုခံတော်မူသည်။ မှူးတော်မတ်တော်တို့မှာ အင်္ကျီလက်ကျယ် ရွှေစလွယ်ဆင်ယင်၍ နောက်တော်လိုက်ကြရသည်။ပြည်သူတို့တင်ဆက်သည့် အလွှာများကိုလည်း သံတော်ဆင့်တို့ ရွှေခွက်နှင့် ကောင်းမွန်စွာ လက်ခံသိမ်းယူစေပြီးလျှင်ဝင်တော်မူ၍ ရွှေနန်းတော်သို့ရောက်တော်မူလျှင် ရွှေလက်ခတော်ရောက် ဆက်ရသည်။

ထိုနှစ် တပေါင်းလ ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်မြတ်ရှိသည်ကား····ပဒေသရာဇ်, ဧကရာဇ်, စကြာမန္တာတ်စသော မင်းတို့မည်သည် မိမိတို့၏ သား,မြေး, ခြွေရံပရိသတ်မှစ၍ ပြည်သူသတ္တဝါတည်းဟူသော သူတပါးတို့၏ ဇီဝိတိန္ဒြေကို အလိုရှိလျှင် လျှင်စွာ ဖျက်ဆီးနိုင်ခြင်းတည်းဟူသော ကမ္ဘဇိန္ဒိ ဣသာရိယဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ သူတပါးတို့ထက် ခန္တီတရားကို အထူးသဖြင့် အမြဲ ယှဉ်အပ်သည်နှင့်အညီ ခမည်းတော် ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီးဘုရားလည်း ခန္တီတရားကို အမြဲယှဉ်တော်မူသည်ဖြစ်၍ ပြည်သူတို့အား ရင်ဝယ်သားကဲ့သို့ သနားခြင်းကရုဏာ မေတ္တာပြဋ္ဌာန်းတော်မူလျက် အမင်းမင်းတို့ခံနိုင်ခဲ့သော ပြည်သူဆင်းရဲသားတို့ ဟစ်အော် တင်လျှောက်ခြင်းဖြင့် အတင်အလျှောက် ခံတော်မူသော ဥပဒေသတော်ကို မိုငြမ်းတော်မူပြီး

ရသည်။ ရွှေသေဋ္ဌာသော့မှာ လက်တော်တွင် အမြဲထားတော်မူ၍ ကိုယ်တော်တိုင် ဖွင့်လှစ်ကြည့်ရှုတော်မူပြီးမှ စစ်ဆေးမေးမြန်းရန် ရှိသည်များကို အတွင်းတော် လွှတ်တော်များသို့ ဆိုင်သင့်ရာရာ ခွဲဝေပေးအပ် စစ်ဆေးမေးမြန်းစေပြီးလျှင် အတွင်းဝန် သံတော်ဆင့်တို့က အမှုသည် စုံညီ ရွှေတော်သို့သွင်း၍ အမိန့်တော်မြွက်ခံရာ စစ်ဆေးမေးမြန်း သင့်ရာ ထပ်မံ စစ်ဆေး မေးမြန်းတော်မူပြီးလျှင် အမှုအလျောက် ဆုံးဖြတ်စီရင်တော်မူသည်။

အချို့သူတို့ကလည်း မှုခွင့်ရေးရာမဟုတ်၊ ဆင်းရဲနွမ်းပါး သားသမီးကျွန်ဖြစ်၍ ရွေးနုတ်ရန် ငွေတော်သနားတော်မြွက် ခံလိုကြောင်း, ရှင်ပြုနားထွင်းလှူဒါန်းရန် ငွေတော်သနားတော်မြွက် ခံလိုကြောင်းများနှင့် တင်လှာ ပါသူတို့ကိုလည်း အသီးအသီး ငွေတော်ထုတ်ပေးသနားတော်မူသည်။ ထိုအခါ အမှုသည်တို့ တစုံတရာ စဉ်းလဲကပ်ခိုု မတရားသဖြင့်မပြုမလုပ်နိုင်၊ နေ့ရက်မကြာ အမှုအားလျော်စွာ ပြီးပြတ်ရခြင်း၊ အလိုရှိရာ ငွေတော် ထုတ်ပေးသနားတော်မြွက်ခံရခြင်းများကြောင့် ပြည်သူတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပေးကြသည်။

ယင်းသည့်တပေါင်းလပြည့်ကျော် တဆဲ့လေးရက်နေ့ လက်သုံးတော်ကိုင် မြောက်ဒဝယ်ဗိုလ် ရနောင်မြို့စားသည် ဘုရင့်နောင်ကဲ့သို့ထင်မှတ်၍ အရပ်ရပ်လွှတ်ရုံးငါးရပ်အရာရှိတို့၏ ဩဇာအာဏာကိုသော်လည်း လွှမ်းမိုး၍ ပြုလုပ်ခြင်း, ပြည်သူတို့အပေါ်၌လည်း မတရားသောအမှုအရာများကိုပြုလေ့ရှိခြင်း, ပြည်သူတို့ ယှက်တင်ရှိကြသော မှုခင်းတရားစကားများအနက် တဖက်ကလျှောက်ထားလျှင် ဆိုင်ရာ လွှတ်တော်ရုံးတော်ရှိလျက် အမိန့်တော်နှင့် အိမ်တော်က ခေါ်တော်မူသည်ဆို၍ ခေါ်ငင်စီရင်ပြုလုပ်ခြင်း, ယစ်မျိုးငါးပါးသောက်စားကျူးလွန်ခြင်း,လူများကိုလည်းမိမိနေအိမ်ဝင်းအတွင်း အလိုရှိရာသတ်ဖြတ်ခြင်း, အသွေးအသားကိုသော်လည်း သောက်စားခြင်း စသဖြင့် ပြုလုပ်သည်ဟု တန်းခိုးသတင်း ပျံ့နှံ့ကျော်စောရှိသည်နှင့် ကြောက်ရွံ့ကြရခြင်း, ဗြဲတိုက်တော်လွှတ်တော်များသို့ ထုတ်ပြန်ရန်အမိန့်တော်ခွန်းများကို အလိုရှိရာ ထည့်သွင်းပြုပြင်ပြောင်းလွှဲခြင်း, အပေါင်းအသင်းများစွာနှင့် မသင့်သောအကြံကို ကြံစည်ခြင်းရှိကြောင်း၊ ညီ-ကျပင်းမြို့စားသူရဲဝန်လည်း မသင့်သောအကြံအစည်တွင် ပါဝင်သူဖြစ်ကြောင်းနှင့် ရွှေသေဋ္ဌာပါအလှာများစွာရရှိကြားသိတော်

မှုရသည်ဖြစ်၍ အမျက်တော်ရှိပြီးလျှင် မြောက်ဒဝယ်မိုလ် ရနောင်မြို့စား, ညီ-သူရဲဝန် ကျပင်းမြို့စားတို့ကို ငယ်မည်နှင့် အရာမှနုတ်၍ ထောင်တွင် အကျဉ်းထားရ၏။

ၛင်းတို့နှင့် အကြောင်းသင့်သူ စိုးတော်မြင်းဝန် တောင်သမန်လယ်စား ငဘေငယ်၊ ကောင်းဟန်ဝန် ငလတ်၊ ငွေခွန်ဝန်ထုံးမှူးငငယ်၊ ဘုန်းတော်တိုးမိုလ် ငပေါ်ညွန်း၊ နတ်ရှင့်ရဲနိုင်မိုလ်ငမှန်၊ နတ်ရှင့်လူတော်မိုလ်ငဘိုးမောင်၊ နတ်ရှင်တိုးမိုလ်ငညို၊သံတော်ဆင့် ငစော၊ မြို့စာရေးငမြို့၊ မြို့စာရေးငကံတော်၊ အသုံးစာရေးငဗာလီ၊ ဗိုင်းစာရေးငသက်ရှည်၊ မြဲတိုက်သံဆင့်ငတုတ်၊ခေဝ်၊ပန်းထဲစာရေးငဘိုးအိုတို့ကိုအရာမှနုတ်၍ မိုးကောင်းမြို့သို့ အကျဉ်းပို့ရ၏၊ ဗန်းမော်မြို့သို့ ရောက်လျှင် စိုးတော်မြင်းဝန် တောင်သမန်လယ်စားကို ကွပ်လေ၏။

ခန်းပတ်မြို့စားဝန်ကြီး၊ အတွင်းဝန်ပုဂံမြို့စား၊ ရွှေမြို့တော်ဝန် မြို့သာမြို့စားတို့ကိုအမျက်တော်ရှိ၍ အရာမှနုတ်သိမ်းပြီးလျှင် အကျဉ်းထားရ၏။ ယင်းသည့်နောက် ဝန်ထောက်မကွေးမြို့စား၊ ဝန်ထောက် ပထ္ထနဂိုရ်မြို့စားတို့ကို အမျက်တော်ရှိ၍ ရာထူးကို ရုပ်သိမ်းတော်မူသည်။

မြောက်ဒဝယ်မိုလ် ရနောင်မြို့စားလည်း ထောင်ကြီးအတွင်း ပျက်စီးလျက်ရှိသော ကတ်ကျေးသွားတဘက်ကို ထရံကြားမှရသည်နှင့် မိမိလည်မျိုသို့ ကိုယ်တိုင်ပယောဂစိုက်၍ ထိုးသည်တွင် လည်မျိုပေါက်သောဒဏ်ရာဖြင့် သေသောဟူ၏။

ထိုနှစ် နှောင်းတန်ခူးလ မိုးထားမြို့စားမင်းကြီးမဟာမင်းလှကျော်ထင်ကို မြင်းစုကြီးဝန်အရာနှင့်လဲ၍ ဝန်ထောက်၊ ရန်အောင်မြင်မြို့စား မင်းကြီးမဟာမင်းလှရာဇာကို ဝန်ထောက်အရာနှင့်လဲ၍ မြင်းစုကြီးဝန်၊ စာရေးကြီးမြေတိုင်းအမတ် မကွေးမြင်ကွန်းနှစ်မြို့ဝန် မဟာမင်းလှရာဇာ၊ စာရေးကြီး မဟာမင်းခေါင်ကျော်ထင်တို့ကို ဝန်ထောက်ခန့်တော်မူသည်။

သက္ကရာဇ် (၁၂၄၃) တထောင့်နှစ်ရာ့လေးဆဲ့သုံးခု နှောင်းတန်ခူးလ တိုင်းကြီး နိုင်ငံကြီး သီးခြားအုပ်စိုးသော မကိုင်ရှဆောင်းမင်းတို့မည်သည့် ပြည်ထောင်ဘက်ချင်း မင်းတို့နှင့် ရာဇမဟာမိတ်အဖြစ်ကို အလိုရှိအပ်သည်နှင့်အညီ နိုင်ငံတော်နှင့် အင်္ဂလိပ်မင်းနိုင်ငံ အစဉ် ရာဇမဟာမိတ်အဖြစ် မြဲမြံခိုင်ခံ့အောင် မဟာမိတ်စာချုပ်-ချုပ်ဆိုရန် အခွင့်မပြီးမပြေရှိသည်ကို ပြီးပြေအောင် ဆက်လက်ချုပ်ဆိုရန် လန်ဒန်မြို့ အင်္ဂလိပ်ဘုရင်မ

နှင့် အိန္ဒိယဘုရင်ခံတို့ထံ ရာဇသံလက်ဆောင်များနှင့် ထပ်မံသံစေလွှတ်သွားစေရမည်-အမိန့်တော်မြတ်အရ အတွင်းဝန် ကျောက်မြောင်းမြို့စား မင်းကြီး သီရိမဟာ ဇေယနန္ဒကျော်ထင်ကို သံကြီး၊ ဝန်ထောက်တော်ဝက်မစွတ်မြို့စား မင်းကြီးမင်းထင်မဟာစည်သူ, ဝန်ထောက်တော်သံချက်ဝန် မင်းကြီး မင်းလှမဟာစည်သူကျော်တို့ကို သံလတ်၊ စာရေးကြီးမဟာမင်းကျော်ရာဇာ, မဟာမင်းလှသင်္ခယာ တို့ကို သံငယ်ခန့်ထားပြီးလျှင် လက်သုံးတော်ကိုင် တောင်တရုတ်ငါးဆယ် သေနတ်ဗိုလ် မြင်စိုင်းမြို့စား မဟာ မင်းလှမင်းခေါင်သီဟသူကို ဘက်ထည့်၍ ရာဇသံလက်ဆောင်တော်ပေးအပ်၊ ရတနာယာဉ်ပျံ သင်းဘောတော်နှင့် စုန်ဆင်းသွားကြရာ သရက်မြို့ဆိပ်ကမ်းသို့ ဆိုက်ရောက်လျှင် သရက်မြို့အရေးပိုင် 'ကိုဠ်နီလ်ဝီချယ်'လည်း သံတော်အရာရှိတို့နှင့်အတူ သင်းဘောတွင် စီးနင်းလိုက်ပါ၊ ရန်ကုန်မြို့သို့ ရောက်ကာလ ရန်ကုန်မြို့ အရေးတော်ပိုင် မဟာဝန့်ရှင်တော်မင်းကြီးဘာနပ်က ကောင်းမွန်လက်ခံကြိုယူ၊ တဲအိမ်နေရာ ချထားပြီးလျှင် ပင်လယ်သွား မီးသင်းဘောနှင့် ကလကတ္တားမြို့ရောက် လိုက်ပို့စေ၏။

ထိုအခါ အိန္ဒိယဘုရင်ခံမင်းလည်း ကလကတ္တားမြို့တွင် မရှိ၊ စင်မလာမြို့သို့ သွားရောက်နေထိုင်ရှိသည်နှင့် ဘုရင်ခံမင်းရှိရာ စင်မလာမြို့သို့ သံတော်အရာရှိတို့ကို အင်္ဂလိပ်အစိုးရမင်းတို့က ကောင်းမွန်စွာ ပို့သ၍ ဘုရင်ခံ လောရစ်ပန်းနှင့် တွေ့ဆုံကြရာ ဘုရင်ခံသို့ပေးသည့် ရာဇသံစာနှင့် လက်ဆောင်တော် အတိုးအများထိုက်သော ပတ္တမြားတင် လက်စွပ်တစ်၊ ရွှေရေသောက်ဖလား တစ်၊ သောက်ရေတင်ရွှေကလပ်ဖုံးစုံ တစ်၊ သားမွေးစောင်ထည်ရေ တစ်၊ လွန်များပုဆိုးထည်ရေငါးများကို သံတော်အရာရှိတို့ကပေးအပ်၊ ကောင်းမွန်စွာ လက်ခံပြီးနောက် ကေရီဘုရင်မနှင့် တိုက်ရိုက်ချုပ်ဆိုရန်, အိန္ဒိယဘုရင်ခံနှင့် ချုပ်ဆိုရန် နှစ်ရပ်မဟာမိတ်စာချုပ်ယက်ခံများကို ဘုရင်ခံထံ ပြသပြောဆိုကြရာ အင်္ဂလိပ်အစိုးရမင်းတို့က အလိုရှိသည့် စာချုပ်ရန်စကားချက်များနှင့် မြန်မာအစိုးရမင်းတို့ ချုပ်ဆိုလိုသည့် စကားချက်ချင်း သဘော မညီမညွတ်ရှိသည်ဖြစ်၍ မဟာမိတ်စာချုပ် မပြီးမပြောက်ရှိရလေသည်။

ထိုအခါ ဘုရင်ခံကပြောဆိုသည်မှာ-ယခု ထပ်မံချုပ်ဆိုရန် စာချုပ် မပြီးမပြောက်ရှိသော်လည်း ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်တော် ချုပ်ဆိုရှိသည့် စာချုပ်များအတိုင်းပင် နှစ်ဦး

နှစ်ဖက် အတည်ပြုလုပ်နေနိုင်ကြောင်းနှင့် ပြောဆိုသောကြောင့် သံတော် အရာရှိတို့က အကြောင်းအရာများကို အမိန့်တော်မြတ်ခံပြီးလျှင် နိုင်ငံ တော်သို့ လာခဲ့ကြရလေသည်။

နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူ တော်ကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၄၃) တထောင့်နှစ်ရာ့လေးဆဲ့သုံးခု နှောင်းတန်း ခူးလပြည့်ကျော်ဆယ်ရက် ဗုဒ္ဓဟူးနေ့ နံနက် လေးချက်တီးကျော် နှစ်နာရီ နှစ်ပါဒ် ငါးဗီဇနာ တပြန် ခရာပြည့်အချိန် သင်္ကြန်ကျ သည်။ ရင်းလပြည့်ကျော် တဆဲ့နှစ်ရက် သောကြာနေ့ အတာနှစ် သစ် သက္ကရာဇ် (၁၂၄၄) တထောင့်နှစ်ရာ့လေးဆဲ့လေးခုနှစ်သို့ တက်သည်။

၁၂၄၄-ခု

သက္ကရာဇ် (၁၂၄၄) တထောင့် နှစ်ရာ့ လေးဆဲ့ လေးခု ကဆုန်လ အထက် ခမည်းတော်မင်းတရားကြီးဘုရားလက်ထက် ခန့်ထားသည့် နတ် စုလက်ယာဗိုလ် မိုးနဲ့တပ်စစ်ကဲ မင်းကြီး မဟာမင်းခေါင်သူရိန်ကို နှစ်လ ရှည်ကြာရှိသည်နှင့် လိုက်ပါရင်း နတ်စုလယ်ယာ အမှုထမ်းတို့နှင့်တကွ ခေါ်တော်မူ၍ ရွှေဘဝါးတော်အောက်သို့ ပြန်လာရသည်။

ယင်းသည့်နှစ် ဝါခေါင်လဆန်းဆယ်ရက်နေ့ အမရပူရ ပဌမမြို့တည် မင်းတရားကြီးဘုရားသားတော် ကောလင်းမင်းသား-သား နေရာတော် နေ မင်းသားကြီး သီရိသုမ္မေဓာ ကံကုန်သည်ကို ခမည်းတော် ပဋ္ဌမ သင်္ဂါယနာတင်မင်းတရားကြီးဘုရားလက်ထက် ထီးလင်းမင်းသားကံကုန် ရာ သဂြိုဟ်သည့် အခမ်းအနားနည်း လုပ်ဆောင်သဂြိုဟ်ရသည်။

အောင်သူတကာတို့၏ အထွတ်အမြတ် အဓိပတိစက္ကရတ် ပိသုဒ္ဓိနတ် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် မကုလ တောင်ဝှမ်း၌ ဝါ တော်ဆဌ မှုတမြိုက်ဆေး တိုက်ကျွေးတော်မူပြီးမှ ခုနစ်ဝါမြောက်၌ ဝဇီရဟတ် ဘူတပတ်စသဖြင့် နာမပညတ် အထူးမှတ်အပ်သော သိကြား နတ်မင်း၏စံရာ ဝတိံသာနတ်ပြည်သို့ နှစ်လှမ်းသုံးဘဝါးဖြင့် ဒေသစာရီ ကြွချီတော်မူပြီးလျှင် မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားကို

အမှူးပြု၍ တသောင်းသော လောကဓာတ်မှ စည်းဝေး ရောက်လာကုန်သော နတ်ပြဟ္မာပရိသတ်တို့ကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာရေအေး တိုက်ကျွေးတော်မူပြီးလျှင် ယုဂန်, ဣသိန်, ကရဝိန်စသောရစ်ရံခုနစ်ခွေ ရေနှင့်တောင်ထပ် ချပ်ကာပတ်အပ်သော ကနကမယ နဂ္ဂိန္ဒရာဇာ မြင်းမိုရ်ချာမှ သက်ဿနဂိုရ်ပြည်သို့ ရွှေ-ငွေ-ပတ္တမြားဟူသော စောင်းတန်း နတ်လမ်းသုံးသွယ်ဖြင့် နတ်ပြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူသောအခါ မင်းနှင့်တကွ ပြည်သားပြည်သူအပေါင်းတို့ ဆီမီးတန်ဆောင် ညှိထောင်ထွန်းလင်း ပူဇော်ခြင်းဟူသော ထုံးပဝေဏီအမှတ်တန္တု အနွန်းပြုပြီးလျှင် သီတင်းကျွတ်လအခါ ဆီမီးမြင်းမိုရ် ထွန်းညှိပူဇော်တော်မူခြင်း၊ မင်းပွဲသဘင် ယင်တော်မူမြဲ အစဉ်ထုံးစံရှိသည့်အတိုင်း ဆီမီးမြင်းမိုရ် ထွန်းညှိပူဇော်တော်မူရန် နန်းမြို့တော် အတွင်းလွှတ်တော်မြောက်တွင် အရှေ့မြင်းမိုရ်နှင့် ရုပ်စုံစင်၊ အနောက်စမုတ်ဆောင်တော်ရှေ့ ယာဘက်တွင် အနောက်မြင်းမိုရ်နှင့်ရုပ်စုံစင်၊ ဝင်းတော်လေးမျက်နှာတွင် ရွှေဆင်တော်ထားရန် တန်ဆောင်းလေးရပ်နှင့် ရုပ်စုံစင်၊ အထူးပူဇော်တော်မူရန် မြေနန်းတော် ယာဘက်တွင် ယာယီစံနန်းတော်နှင့်တကွ အရှေ့ဝက်ပါတော်၊ အနောက်စမုတ်တော် ဝဲယာတွင် လေးကျွန်းမြင်းမိုရ် ဝက်ပါတော်၊ ပွဲသဘင်ခင်းကျင်းရန် တောင်နန်းတော်ဦးပွဲကြည့်ဆောင်တော်ရှေ့တွင် စက်ယန္တရားများဖြင့် လုပ်ဆောင်ရသော ပါရသီဇာတ်ရုံတော်ကြီးနှင့် ဇာတ်ရုံတော်ရှေ့တွင် ဝဲယာခွဲဝေဖွင့်လှစ်ထားနိုင်သော အခြေစက်ဘီးတပ် လက်ယှက် ရုပ်စုံ စင်တော်၊ တဆွဲခြောက်ဌာနဘုရားရှင်များတွင်ပွဲသဘင်ခင်းကျင်းရန် ရုပ်စုံစင်တော် အလုပ်အဆောင်များနှင့် အထွတ်ထုပိကာတင် ရွှေထီးစိုက်တန်ဆောင်းဆင်ရှင်နှင့်တကွ လှူဒါန်းရန် ရွှေဆင်တော်လေး,ဆင်နီတော်တစ်အလုပ်အဆောင်များမှာ အလုပ်ရုံဌာနအရာရှိတို့က ဆင်ဖြူတော်, ဆင်နီတော်အောက်မားရုံဆင်တော်များမှာ ဆင်ဝန် အရာရှိတို့က၊ မြင်းယာဉ်တော်များမှာ စီးတော်မြင်းဝန်အရာရှိတို့က၊ ဖောင်တော်, လှေတော်, သင်းဘောသမ္ဗန်တော်များမှာ လှေဖောင် အရာရှိတို့က၊ တိုက်ကျီကြံတော်များမှာ ကျီဝန်အရာရှိတို့က၊ မီးပဒေသာ, ‾မီးဥပါစသော မီးမျိုးစုံများမှာ တရုပ်, ကုလား, ယိုးဒယား, လင်းဇင်း, မီးပန်းအရာရှိတို့က၊ တဆွဲခြောက်ဌာနဘုရားရှင်များသို့ မီးစောင်းတန်းသွယ်တန်း၍ အထူးပူဇော်တော်မူရန် မှန်မီးပေါင်း ကျောက်ဖယောင်းတိုင် သေတ္တာများနှင့် ရွှေ

နန်းတော်ကြီးက မဟာမုနိဘုရားရောက် သွယ်တန်းသည့် မီးစောင်းတန်းမှာ ဝဲယာ မီးတိုင်တစ်လျှောက် တစင်းကျ စိုက်ဆောက်ရန်၊ နိုင်ငံခြားဖြစ် အတူးအဆန်း ပန်းမျိုးစုံ၊ နိုင်ငံတော်ဖြစ် ဘော့ပန်းမျိုးစုံတို့ဖြင့် လုပ်ဆောင်အပ်သော ပန်းထီးအမျိုးမျိုး၊ သွယ်တန်းရန် ပန်းဆိုင်းပန်းတံခွန် အမျိုးမျိုးများမှာ ရွှေတိုက်အရာရှိတို့က အသီးအသီး ဆိုင်သင့်ရာရာ ပွဲတော်အခါမတိုင်မီ ပြီးပြေအောင် စရိတ်ငွေတော်နှင့် လုပ်ဆောင်အသင့်ရှိစေပြီးလျှင် သီတင်းကျွတ်လဆန်းကိုးရက်နေ့က ယင်းသည့် လဆန်းတဆဲ့လေးရက်နေ့က်မှာ ဝင်းတော်လေးမျက်နှာ ရုပ်စုံစင်များက ညစဉ် တပြိုင်တည်း ရုပ်စုံပွဲသဘင် ခင်းကျင်းပြသရသည်၊

ဝင်းတော်လေးမျက်နှာမှာ ဝင်းအမှုထမ်း၊ ယွန်းစုအမှုထမ်းလူတို့မှာလည်း ဆိုင်ရာရွှေဆင်တော်၊ ဆင်နီတော်များကို တန်ဆောင်းဆင်ရှင်နှင့်တကွ ထမ်းဆောင်ပြီးလျှင် အတီးအက လူတို့နှင့် မှူးတော်မတ်တော်အရာရှိတို့ နေအိမ်များသို့ သွားရောက် တီးမှုတ်ကခုန်ကြရာ အထိုက်အလျောက် ဆုလာဘ်ပေးကမ်း ချီးမြှင့်ကြရသည်။

လေးမျက်နှာ ဝင်းပွဲတော်သိမ်းပြီးနောက် ယင်းသည့် လပြည့်ကျော်တရက်နေ့နံနက် အတုလဓိပတိ မုနိပုင်္ဂဝ လောကနာထ ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ သရီရစစ် ဓာတ်မြတ်မွေ့နှစ် ကိန်းဝပ်တော်မူရာ စွယ်တော်စင်ဘုရား၊ လောကဆီမီးဘုရား၊ မဟာလောကမာရဇိန်ဘုရား စသော သုံးဆူ့ကိုးဆူသော ရုပ်ပွား စေတီတော်မြတ်တို့အား ပူဇော်လှူဒါန်းတော်မူရန်-ဆင်ယဉ်တော်၊ မြင်းယဉ်တော်၊ ရွှေဆင်တော်၊ ဖောင်တော်၊ လှော်ကားတော်၊ ခတ်လှေတော်၊ လှော်လှေတော်၊ သင်းဘောတော်၊ သမ္ဗန်တော်၊ ရွှေတိုက်-ငွေတိုက်၊ ကြေးတိုက်၊ စပါးကျီ၊ ဆန်ကျီတော်များနှင့် ရွှေနန်းတော်ဦး စွယ်တော်စင်ဘုရားမှာ ပူဇော်ရန်-ရောင်စုံမီး၊ ဥပါမီး၊ မီးလင်းမြွေစသောမီးပုံ့ အမျိုးမျိုး၊ မီးပဒေသာ၊ မီးတံခွန်၊ မီးပန်း၊ မီးရဟတ်၊ ဆင်သံမြင်းသံစသော ရှို့မီးအမျိုးမျိုး၊ တဆဲ့ခြောက်ဌာနဘုရားရှင်တို့အား မီးစောင်းတန်း သွယ်တန်းပူဇော်တော်မူရန် အရပ်ရပ် မီးစောင်းတန်းလမ်းအရှည် တာတသောင်းခြောက်ထောင်၊ တတာလျှင် သုံးလုံးကျ မှန်မီးအိမ်လုံးရေ လေးသောင်းရှစ်ထောင်၊ တညလျှင် လေးလံကျ ခြောက်ညသင့် ကျောက်ဖယောင်းတိုင်ပေါင်း တသန်းတသိန်း ငါးသောင်းနှစ်ထောင်၊ ပန်းထီးကိုးထောင်ကျော်၊ ပန်းတံခွန်ကိုးထောင်ကျော်မှစ၍ အလှူတော်အဘွယ်အရာများကို အစီအစဉ် အခမ်းအနား

မျိုးတူမျိုးခြား ပွဲသဘင်စုံများနှင့်တကွ တောင်စမုတ်တော်သို့ သွင်းပြရာ အသျှင်နှစ်ပါး ထွက်တော်မူ၍ ရေစက်သွန်းချတော်မူပြီးလျှင် ဆင်ယဉ် မြင်းယဉ် စသော အလှူတော်များမှာ သုံးဆဲ့ကိုးဆူသော ဘုရားရှင်တို့ အား အရာရှိအကြီးအကြပ် အသီးအသီး ခန့်ထား၍ ဘုရားရှင်ရောက် ပို့သ လှူဒါန်းရသည်။ ရှို့မီးမျိုးစုံများကိုလည်း ယင်းသည့်နေ့ညပင် အသျှင်နှစ် ပါး မြေနန်းတော်သို့ထွက်တော်မူ၍ စွယ်တော်စင်ဘုရားရှင်အား ပူဇော် တော်မူသည်။

အရှေ့မြင်းမိုရ်, အနောက်မြင်းမိုရ်, အရှေ့ဝက်ပါ, အနောက်ဝက်ပါ တော်များမှာ ယင်းသည့်လပြည့်ကျော်တရက်နေ့ညက သုံးရက်နေ့ညထိ တပြိုင်တည်း ဆီမီးထွန်းညှိပူဇော်တော်မူသည်။

မြင်းမိုရ်နှစ်ရပ်တွင်လည်း ညနေသုံးချက်တီးခန့်အချိန်က လေးချက်တီး ကျော်အချိန်ထိမှာ ယိုးဒယားဇာတ်ကြီး အတီးအက, မြန်မာဇာတ်ကြီး အတီးအက, ကျွမ်းထိုး, တိုင်တက်, ကြိုးတန်းလျှောက်, တရုပ်နဂါးအတီး အကစုံများကို ခင်းကျင်းပြသရသည်။ ညလေးချက်တီးကျော် အချိန်က ညနှစ်ချက်တီးအချိန်ထိမှာ ရုပ်စုံပွဲသဘင်ခင်းကျင်းပြသရသည်။

တဆဲ့ခြောက်ဌာန ဘုရားရှင်တို့အား မီးစောင်းတန်း သွယ်တန်းထွန်း ညှိ ပူဇော်တော်မူသည်မှာ····ရွှေနန်းတော်ကြီး မြေနန်းတော်က အရှေ့ မျက်နှာဦးထိပ်တံခါးတော်ကို ထွက်၍ မြောက်ကို စန္ဒာမုနိဘုရား၊ ယင်း က မဟာလောကမာရဇိန်ဘုရား၊ ယင်းက မဟာသက္ကျမာရဇိန်ကျောက် တော်ကြီးဘုရား၊ ယင်းက မန္တလေးတောင်ပေါ်ရှိ ဗျာဒိတ်ညွှန်းရွှေရုပ် တော်ကြီးဘုရား၊ ယင်းက တောင်ထိပ်စေတီတော် ဘုရားရောက် တာ တထောင်ကျော်မှာ မီးစောင်းတန်း ဝဲယာတလမ်း။

ယင်းသည့် ဦးထိပ်တံခါးတော်အရှေ့ကို အတည့်အတန်း ရတနာနဒီ မြစ်တော် အရှေ့ဘက် မင်္ဂလာဥယျာဉ်တော်က တောင်ကိုလျှောက်၍ ကု သိုလ်တော်မာရ်အောင် ရတနာစေတီတော်ဘုရားရောက် တာတထောင် ကျော်တလမ်း။

ရွှေနန်းတော်ကြီးက တောင်မျက်နှာကျော်မိုးတံခါးကိုထွက်၍ တောင် ကို မဟာဗောဓိပင်တော်ရောက် တာခုနစ်ရာကျော်တလမ်း။

ကျော်မိုးတံခါးပြင်လမ်းဆုံက အနောက်ကို မဟာလောကရံသီအိမ် တော်ရာဘုရား၊ ယင်းက ချမ်းသာကြီးဘုရား၊ ယင်းက ချမ်းသာရဘုရား ရောက် တာတထောင်ကျော် တလမ်း။

ရွှေမြို့တော် အနောက်တောင် တရုပ်တန်းလမ်းဆုံက တောင်ကိုမဟာမုနိဘုရား၊ ယင်းက အုံးအင်းဘုရားရောက် တာ၁နှစ်ထောင်ကျော်တလမ်း။

ရွှေနန်းတော်ကြီးအနောက်စမုတ်တော်ကအနောက်တံခါးကို ထွက်၍ တောင်ကို လောကဆီမီးဘုရားရောက် တာ၁တထောင်ကျော်တလမ်း။

ယင်းသည့် အနောက်တံခါးတော်က နောက်မျက်နှာစည်ရှည်တံခါးတော်ကို ထွက်၍ ဆုထောင်းပြည့်ဘုရား၊ ယင်းကကြီးမြင့်ဘုရား၊ ယင်းက ရတနာမဉ္ဇူဘုရားရောက် တာ တထောင်ကျော် တလမ်း။

စုစုမီးစောင်းတန်းလမ်း မြန်မာခုနစ်တိုင်ကျော်ရှစ်တိုင်ခန့်မှာ တတာလျှင် မီးပေါင်းမီးပွင့် သုံးကျ,ဝဲယာနှစ်ဖက် သွယ်တန်းလျက် ယင်းသည့်လပြည့်ကျော် တရက်နေ့ညက ခြောက်ရက်နေ့ညတိုင် မီးကြွပ်အရာရှိ, ထွန်းလူအမှုထမ်း, ခွဲဝေရန်ထား စောင့်နေထွန်းညှိစေ၍ လှူဒါန်းပူဇော်တော်မူသည်။ ယင်းသည့် မီးစောင်းတန်းလမ်းများအနက် ရွှေနန်းတော်ကြီးက မဟာမုနိဘုရားရောက် မီးစောင်းတန်းလမ်းမှာ ဆန်းကြယ်သော ပန်းထီး, ပန်းတံခွန်, ပန်းဆိုင်းများကို စိုက်ဆောက်သွယ်တန်း၍ အထူးလှူဒါန်းပူဇော်တော်မူသည်။

တဆွဲခြောက်ဌာနဘုရားရှင်များတွင်လည်း မူးတော်မတ်တော်အရာရှိတို့ကို ဌာနဝေပုံပေးအပ်ကြီးကြပ်စောင့်နေစေ၍ ရုပ်စုံပွဲသဘင်များကိုဌာနတိုင်း ညစဉ်ခင်းကျင်းပြသစေရသည်။ ရွှေနန်းတော်ကတဆွဲခြောက်ဌာန မီးစောင်းတန်း လမ်းတလျှောက်များသို့လည်း တညဉ့်လုံး အစဉ်မပြတ်တူရိယာသံတို့ဖြင့် မဆိတ်စေရ လမ်းလျှောက်တီးမှုတ်ကခုန်စေရန်အသင့်ရန်ထားရှိသည့် ပုံရှည်, ဗိုးပတ်, အိုးစည်စသော တီးမှုတ်မျိုးစုံ ရေ ငါးဆယ်ကျော်၊ အတီး, အက လူငါးရာကျော် တို့ကိုလည်း တကိုယ်လျှင် ပုဆိုး, ပဝါ, အင်္ကျီတစ်စီနှင့် တညလျှင် ငွေကျပ်သုံးဒင်္ဂါးနှစ်ပြားကျစီ ဆုတော် အသနားတော်မြတ်ခံစေ၍ နန်းတော်ကဘုရားရောက် တဦးသွားတဦးပြန် လမ်းလျှောက်တီးမှုတ်ကခုန်ပြီးလျှင် ရောက်ရာဌာနက အကြီးအကြပ်တို့ထံ စာရင်းချမှတ်ကြရသည်။ အတွင်းတော် လွှတ်တော်များကလည်း မီးစောင်းတန်း လမ်းတလျှောက်များတွင် မီးအိမ်မီးပွင့် အပျက်အယွင်းအစဲအငြိမ်းမရှိရအောင် ဝန်စု, ဗိုလ်စု, လက်သက်, ကွမ်းရေ, ထီးခားလက်စွဲ အဆောင်မြို့နှင့် ခြေလျင်တော်တို့ကို အလှည့်အလှည့် စေလွှတ်ကြည့်ရှုနိုးဆော်စေရသည်။

အရှေ့ဝက်ပါ, အနောက်ဝက်ပါတော် များကိုလည်း အသျှင်နှစ်ပါး ထွက်တော်မူ၍ လှည့်လည်ကြည့်ရှု ကြည်ညိုတော်မူသည်၊ အနောက်ဝက်ပါတော်နှစ်ရပ်တွင် အသျှင်နှစ်ပါး အထူး စီမံခင်းကျင်းတော်မူသည်မှာ ယာဘက်ရှိ လေးကျွန်း မြင်းမိုရ်ဝက်ပါတော်အတွင်း ရှေးဦးတွေ့ရာ ပဌမကျွန်းဌာနတွင် သစ်သီးနှင့်စပ်သော အဘွယ်အရာအမျိုးမျိုး၊ဒုတိယ, တတိယ, စတုတ္ထကျွန်းဌာနများတွင်လည်း မုံ့,ယို, အချိုအဆိမ့် စားဘွယ်သောက်ဘွယ် အမျိုးမျိုး၊ ပဋ္ဌမ မြင်းမိုရ်ဌာနတွင် ပကတိသောဆေးလိပ်သောက်ရူသောအခါ ဗျောက် ကွဲပေါက်စေတတ်သော ဆေးလိပ်များနှင့် ဆေး, ကွမ်း, လက်ဘက်ပွဲအမျိုးမျိုးများကို ခင်းကျင်းထားရသည်။

ဝဲဘက်လေးကျွန်းမြင်းမိုရ်ဝက်ပါတော် အတွင်းမှာမူကား ပဌမကျွန်းဌာနတွင် မုံ့သေတ္တာ, ရေမွှေးဘူးများကို ထင်ရှားစွာ စုပုံလျက်၊ ဒုတိယကျွန်းဌာနတွင် ဝိတ်အုပ်အမျိုးမျိုးများ, သက္ကလတ်ရောင်စုံ ခြုံထည်အမျိုးမျိုးများကို ထင်ရှားစွာ စုပုံလျက်၊ တတိယကျွန်းဌာနတွင်အသွင်သဏ္ဍာန်တူ စက္ကူသေတ္တာအတွင်း အချို့သေတ္တာမှာ ချည်ပုဝါအုပ်, အချို့သေတ္တာမှာ ပိုးပုဝါအုပ်, ဖဲပုဝါအုပ်များကိုထည့်သွင်း၍ သေတ္တာချင်း ရောနှောစုပုံလျက်၊ စတုတ္ထကျွန်းဌာနတွင် အချို့သေတ္တာမှာ ပိုးပုဆိုး,ဖဲပုဆိုး၊ အချို့သေတ္တာမှာ ချည်ကြမ်းပုဆိုး, စက်ပုဆိုး၊ အချို့သေတ္တာမှာလွန်းများထဘီ, ဘလာထဘီ, အချို့သေတ္တာမှာ ချည်ကြမ်းထဘီ, သင်းတောချည်ထဘီ ထည့်သွင်းရောနှောစုပုံလျက်၊ ပဋ္ဌမမြင်းမိုရ်ဌာနတွင် ငွေဒင်္ဂါးတထောင်အိတ်, ကြေးပိုက်ဆံတထောင်အိတ်, ဒင်္ဂါးပိုက်ဆံရောရာ တထောင်အိတ်အများကို ကျောက်ဖယောင်းတိုင် သေတ္တာအတွင်း ထည့်သွင်းပြီးလျှင် ရောနှောစုပုံလျက် အသီးအသီးအမှတ်မဲ့ထားစေပြီးမှ စားဘွယ်သောက်ဘွယ် ခင်းကျင်းထားသည့် ယာဘက်ဝက်ပါတော်သို့ ရှေးဦးစွာ အသျှင်နှစ်ပါးထွက်တော်မူ၍ ဌာနကုန် လှည့်လည်ကြည့်ရှုတော်မူသည်။

ထိုအခါ နောက်တော်ပါ မင်းသမီး, အပျိုတော်ကြီး, အတွင်းဝန်, သံတော်ဆင့်, လက်သုံးတော်ကြီး, ဝန်စုဗိုလ်စုတို့ကိုလည်း ရောက်ရာဌာနတိုင်း အတန်ငယ်ရပ်တန့်တော်မူ၍ စားဘွယ်သောက်ဘွယ်များကို အလိုရှိသမျှစားသောက်ယူငင်ကြစေပြီးလျှင် ဝဲဘက်ဝက်ပါတော်သို့ကူးပြောင်းထွက်တော်မူ၍ မုံ့သေတ္တာ, ရေမွှေးဘူး စုပုံထားရာ ပဌမဌာနသို့ရောက်ကာလ အလိုရှိရာယူငင်ရန် အခွင့်ပေးတော်မူသည်နှင့် အလိုရှိရာ အသီးအသီး ကိုင်ငင်ဖိုက်ဖွဲ့ယူဆောင်ခဲ့ကြရသည်။

ယင်းကဲ့သို့ ဌာနရောက်တိုင်း အခွင့်ပေးတော်မူသော်လည်း အချို့မှာ ပဌမဒုတိယဌာနများကပင် အများယူဆောင်ခဲ့သည်နှင့် ယူခဲ့ရင်းအဆုံး အဆောင်များကိုလည်း မစွန့်မပစ်မချမထားရဖြစ်သောကြောင့် နောက် ဌာနများသို့ ရောက်ကာလ ထပ်မံမယူနိုင်ရှိသည့်အရာ၊ အချို့မှာလည်း လောကအလျောက် တွေ့တိုင်းယူငင်ထမ်းဆောင်သည်နှင့်မနိုင်မနင်းလဲပြို အံ့သို့ရှိသည့်အရာ၊အလုံးစုံဌာနကုန်၍ ရပြီးယူပြီးသေဏ္ဍာများကို အသျှင်နှစ်ပါးရှေ့တော်တွင် ထုတ်ဖွင့်ပြသစေရာ အချို့မူးတော်မတ်တော်များမှာ မိန်းမဝတ် ထဘီ ပုဝါကို ရလျက်ရှိသည့် အရာ၊ အချို့ မင်းသမီး, အပျို တော်များမှာလည်းယောကျ်ားဝတ်ပုဆိုးများကိုရလျက်ရှိသည့်အရာ၊အချို့ မှာလည်း ကောင်းမွန်ညီညွတ်စွာရလျက်ရှိသည့်အရာများကို အသျှင် နှစ်ပါး ကြည်လင်ရွှန်လန်း ဝမ်းမြောက်ဝမ်းသာရှိသောဟူ၏။

ဤသီတင်းကျွတ်လ ပွဲတော်အခါတွင် အထူးသဖြင့် လှူဒါန်းပူဇော် တော်မူသော မီးရောင်မီးဝါတို့သည် ရွှေမြို့တော်ကြီးမြို့တွင်းမြို့ပြင် အရပ် လေးမျက်နှာ,ရှစ်မျက်နှာအလုံး နေ့ညဥ့်မစဲ ထွန်းလင်းတောက်ပနှစ်သက် ကြည်ညိုဘွယ် ရှိသည့်အဖြစ်၊ မီးစောင်းတန်း ဝဲယာတလျှောက် အလွန် ဆန်းကြယ်သော ပန်းထီး, ပန်းတံခွန်, ပန်းဆိုင်း တို့ဖြင့် တင့်တယ် လှပစွာ တန်ဆာဆင်ယင်သည့်အဖြစ်၊ ဌာနတိုင်း မီးလမ်းတိုင်းတို့၌ ပွဲ သဘင်အမျိုးမျိုးတို့ဖြင့် တမျိုးတဖုံ ကခုန်ခြင်း သီဆိုခြင်း ခင်းကျင်းကပြ ခြင်း အခမ်းအနား ကြီးကျယ်များပြားသည့် အဖြစ်များကို ပြည်သူ ပြည် သား အမျိုးလေးပါး ယောကျ်ားမိန်းမ ဦးနက်ဦးဖြူ လူခပ်သိမ်းတို့သည် အတိုင်းထက်အလွန် စိတ်စေတနာသဒ္ဓါတရား တိုးတက်ပွားများခြင်းနှင့် တကွနှစ်သက်ကြည်လင်ပျော်ပါးရွှင်လန်းကြခြင်းကြောင့် တဌာနမှတဌာ နသို့ တလမ်းမှ တလမ်းသို့ ဆင်, မြင်း, ရထား, ခြေကျင်အားဖြင့် သွား ရောက် လှည့်သည် ကြည့်ရှု ကြသော ပရိသတ်တို့သည် တဦးနှင့်တဦး မရှောင်မလွဲသာ ရှိကြသောဟူ၏။

တောင်နန်းတော် ရှေ့ ပါရသီ ဇာတ်ရုံတော်ကြီးကလည်း ပါရသီ ကုလားအမျိုးသားတို့ဘာသာတီးမှုတ်ကခုန် သီဆိုခြင်းတို့ဖြင့် အမျိုးသား ဇာတ်ပွဲသဘင်ကို ညဦး တပဟိုရ်ခန့် ကပြစေပြီးလျှင် ပါရသီဇာတ်ကြီး သိမ်းသည်နှင့် တပြိုင်နက် ရုပ်စုံ ဆက်လက်ကပြနိုင်အောင် အသင့်လုပ် ဆောင်ရှိသည်။ အခြေစက်ဘီးတပ်လက်ယှက်ရုပ်စုံစင်တော်ကို ဇာတ်ရုံ

တော်ရွှေသွင်းပြီးလျှင် ရုပ်စုံတစင်လျှင် နှစ်ညကျစီ လဲလှယ်၍ သီတင်းကျွတ်လကုန်တိုင် ညစဉ်ခင်းကျင်းကပြစေရသည်။

ပွဲတော်သိမ်းသည့်အခါလည်း ပါရသီဇာတ်သား ကုလားကျွန်တော်မျိုးတို့ကို ဘွဲ့အမည်အရည်, ရွှေဖလား, ငွေကွမ်းအစ်, လွန်းမျှားပုဆိုး, သားမွေးအင်္ကျီ အထည် အလိပ် များနှင့် ငွေဒင်္ဂါး တသောင်းကျော်ဆု သနားတော်မြတ် ခံစေသည်၊ ရုပ်စုံ ဆရာတို့မှာလည်း ပုဆိုး, ပုဝါ, အင်္ကျီတစ်စီနှင့် တစင်လျှင် ငွေဒင်္ဂါးတရာကျ ဆုသနားတော်မူသည်။ ထိုနောက်နှစ်မှာ ရွှေစက်တော်ဘုရားရောက် ဝဲယာမီးစောင်းတန်း ထွန်းညှိပူဇော်တော်မူသည်။

## သမိမ်းတော်ဖွားမြင်ခြင်း၊ ကြီးရိုးစိုးရိုး အမှုအစွဲအဆိုမရှိရန် ပညတ်ခြင်း စသည်မှ-စန္ဒီထီးဖြူနှစ်စင်း ချုပ်ခြင်းထိအကြောင်း

သက္ကရာဇ် (၁၂၄၄) တဆောင့်နှစ်ရာ့ လေးဆဲ့လေးခု တန်ဆောင်မုန်းလပြည့်ကျော်နှစ်ရက် သောကြာနေ့ ညလေးချက်တီးကျော် ခုနစ်နာရီအချိန် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား သမီးတော်မြတ်ရတနာကို ဖွားမြော်သန့်စင် မီးရှူးမြင်တော်မူသည်။ မီးရှူးသန့်စင် ယင်တော်မူသော အခမ်းအနား၊ယင်းနောက် နန္ဒိမုခ-မျက်နှာတော်ပြအခမ်းအနား၊ တမ္ဗုလကရဏဟူသော ကွမ်းဦးခွံ့မင်္ဂလာ အခမ်းအနား၊ ရဝိန္ဒုဒဿနဟူသော နေလ ရှုမျှော်တော်မူရန် မင်္ဂလာအခမ်းအနား၊ ပဌမဘတ္တဟူသော ထမင်းဦးခွံ့မင်္ဂလာအခမ်းအနား၊ ကေသစ္ဆေဒနဟူသော ဆံတော်ပြင်မင်္ဂလာအခမ်းအနားများကို မှန်နန်းဆောင်တော် ဘမရာသနပလ္လင်တော်ရွှေဝယ် အထက် သမီးတော် ထိပ်စုမြတ်ဘုရားကြီးကို ချီးမြှင့်တော်မူသကဲ့သို့ အခမ်းအနားကြီးကျယ်စွာ ခင်းကျင်း ကျင်းပ ချီးမြှင့်တော်မူသည်။

ထိုနှစ် တပို့တွဲလ နိုင်ငံတော်အတွင်း အရပ်ရပ် မြို့ရွာသူကြီး, မြင်းခေါင်းမြင်းစီး, ဒိုင်းခေါင်း, အဌန်း, ရွှေခွန်မှူး, ငွေခွန်မှူး, လှေတော်ထောင်ကဲ, ပွဲနင်းမှစ၍ ကြီးရိုးစိုးရိုးနှင့် စပ်သူတို့မှာ ဘေးတော်အမရပူရ ပဌမမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် (၁၁၄၅) တဆောင့်တရာ့လေးဆဲ့ငါးခုနှစ်ကစ၍ အမျိုးအရိုးမှန်သူတို့ကိုစစ်ဆေးတော်မူပြီးလျှင် စစ်တမ်းစာရင်း-ဆက်

သွင်း၍ သားမြေးစဉ်စစ် ဆက်ခံကြီးစိုးရှိသည်များမှာ နှစ်ပေါင်းတရာတိုင် ရောက်ရှိသည်နှင့် ထမြို့တရွာတွင်းမှာပင် အမျိုးအရိုးစပ်ဆိုင်သူ လေးဦး ငါးဦးစသည်ဖြင့် ပြန့်ပွား၍ တဦးကိုတဦး ကြီးရိုးမှုစကား လျှောက်ထား ပြောဆို၊ မှုခင်းတရားစကားများပြား ပြည်သူဆင်းရဲသားတို့ စရိတ်ကြေး ငွေကုန်ကျ ပင်ပန်းရန်ရှိသည်ဖြစ်၍ ခမည်းတော် ပဌမ သင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော်က ရွှေလက်ထက်တော် (၁၂၄၄) တထောင့်နှစ်ရာ့ လေးဆဲ့လေးခုနှစ်တိုင် လက်ရှိကြီးစိုးရသူတို့ကို လက်မှဲ့ လူတို့က ကြီးရိုးမှုစကား အပြောအဆိုမရှိစေနှင့် လက်ရှိအတိုင်း စစ်တမ်း စာရင်း ထပ်မံဆက်သွင်းစေရမည်။ ကျန်ရိုးရာမှုများမှာ အရိုးအမျိုး မှန် ကန်၍ ကြီးစိုးထိုက်သူတို့ကို လွှတ်က စစ်ဆေးပြီးလျှင် စာဆက်သွင်းခန့် ထား၍ စစ်တမ်းစာရင်း ထပ်မံဆက်သွင်းစေရမည်-အမိန့်တော်မြတ်အရ နိုင်ငံတော်အတွင်း မြို့ရွာသူကြီး, မြင်းခေါင်းမြင်းစီး, ဒိုင်းခေါင်း,အဌာန်း, ရွှေခွန်မှူး, ငွေခွန်မှူး, လှေတော်ထောင်ကဲပဲ့နင်းများအနက် မြို့သူကြီးနှစ် ဆဲ့တစ်, ရွာသူကြီး တရာ့ခြောက်ဆဲ့ရှစ်, ပဲ့နင်းနှစ်, ရွှေခွန်မှူးတစ်, ငွေ ခွန်မှူး ခြောက်, ထမုံပေါ်မိုင်းနှစ်, စုစုဦးရေ နှစ်ရာသာ လွှတ်တော်က စစ်ဆေးရွေးချယ်၊ စစ်တမ်းစာရင်း ထပ်မံဆက်သွင်း ရှိကြသည့်နောက် ကြီးရိုးမှုစကားများမှာ မြို့ကျေးရွာလက်ရှိမှန်သူတို့ကို အရိုးတဘက်လက် မှဲ့လူတို့က လျှောက်ထားလုဆို ရှင်းလင်းဆဲရှင်းလင်းရန်မှစ၍ အနှောင့် အရှက် အလျှောက်အထား အလဲအပြောင်းမရှိစေနှင့်၊ လက်ရှိအတိုင်း တည်ငြိမ်ရပ်ဆိုင်းစေ၍ ကြီးစိုးမြဲ ကြီးစိုးဆောင်ရွက်စေရသည်။

ထိုနှစ် တပေါင်းလဆန်းသုံးရက်နေ့ နံနက်တချက်တီးကျော် ခြောက် မောင်းအချိန် အမြောက်သံကြား၍ ရွှေမြို့တော်ကြီး အရှေ့တောင်ထောင့် ဇမ္ဗူမျက်ရှင်ရပ် သာယာစွာသော မြေအပြင်တွင် အသျှင် ဘဝရှင်မင်း တရားကြီးဘုရား နံတော်သင့်–လောက ရန်နှိမ်စေတီတော်၊ ရွှေမြို့တော် ကြီး အရှေ့မြောက်ထောင့် မန္တလေးတောင် အရှေ့ဘက် အာရုံခံဥယျာဉ် တော်အတွင်း အသျှင်မိဖုရားခေါင်ကြီးဘုရား နံတော်သင့်-ရတနာ တန် ဆောင်စေတီတော်နှစ်ဆူကို အရပ်တော်နှင့် ဘိနပ်တော် သံခုနစ်တောင် ထား၍ ခုနစ်ရက်နှင့်ပြီးပြေအောင် ပွဲသဘင်အခမ်းအနားတို့ဖြင့် တချိန် တည်း အုတ်မြစ်စီခင်း တည်လုပ်ရသည်။

လောကရန်နှိမ်ဘုရားတွင် သေနတ်ဝန် ကင်းဝန် လယ်ကိုင်းမြို့စားဝန် ကြီး, အတွင်းဝန် တိုင်တားမြို့စား, မြေတိုင်းဝန်ထောက်, ညောင်ဝန်းဝန်

ထောက်။ ရတနာတန်ဆောင်ဘုရားတွင် တောင်ခွင်မြို့စားပန်ကြီး, အတွင်းဝန် ပင်းမြို့စား, အတွင်းဝန် မြို့သစ်မြို့စား, ဝန်ထောက် ဝက်မစွတ်မြို့စား, ဝန်ထောက် ကျွပ်ရွာမြို့စား, ဝန်ထောက် သံချက်ဝန်, ဝန်ထောက်မလွန်မြို့ဝန်တို့ သွားရောက်ကြီးကြပ်ရသည်။

ယင်းသည့်နေ့ ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော်က နိုင်ငံတော်မှအပ ရှောင်ရှားနေသူ မြင်းခုံတိုင်စားကို ဘင်္ဂါလရပ်မြို့တွင် ချုပ်ထား ရှိကြောင်း၊ မြင်ကွန်းစားမှာ ပြင်သစ်ပိုင်ချန်တာနဂိုရ်မြို့က ဇေခုန်မြို့သို့ကူးသွားရာ အင်္ဂလိပ်က ပြင်သစ်မှာ မတောင်းနိုင်ကြောင်း၊ မြင်ကွန်းစားကလည်း မှုပြစ်မရှိဘဲ ထောင်တသက်ထားသူကဲ့သို့ မနေနိုင်၊ အင်္ဂလိပ်နိုင်ငံတွင်းနေ လူတို့ကို အထိအပါးမရှိ၊ မြန်မာနိုင်ငံသို့ သွားလိုသည်ကို အင်္ဂလိပ်မင်းက မတားသင့်ကြောင်းနှင့် ဘုရင်ခံမင်းကြီးထံ စာပို့သည်တွင် ဘုရင်ခံမင်းကြီးက စာကိုလန်ဒန်မြို့ ပါလီမန်လွှတ်တော်သို့ ပို့ကြောင်း၊ ညောင်ရမ်းစား, ညောင်အုပ်စား, မြင်းခုံတိုင် စားတို့မှာ ဘင်္ဂါလရပ်တွင်ရှိကြောင်း၊ ထောက်လှမ်းစေသူ မင်းလှမြို့နေ ၄ ရွာပြန်ရောက်ကြားသိရကြောင်းနှင့် လွှတ်တော်သို့ ကြေးနန်းရောက်သည်။

ထိုနှစ် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက် စကြာသခင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရားသည် ရှစ်သောင်း ရွှေဘောင်၊ အခေါင်တမွတ်၊ ကောင်းဘက်ကျိုးတူ၊ အစိုးယူဖြစ်သော မြတ်သော အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့် တကွ ရတနာသုံးပါးဂုဏ်ကို အထူးယုံကြည် လေးမြတ်တော်မူခြင်း၊ မင်းကျင့်တရားအပေါင်းတို့ကို ကောင်းစွာ စောင့်ထိန်းတော်မူခြင်း၊ လောကုတ္တရာတည်းဟူသောအနှစ်ပင်စည်ကို ယူအံ့သောငှာ လောကီဉစ္စာ ရတနာရွှေငွေ အပေါင်းတို့ကို နှစ်လရက်စဉ် အလျဉ်မပြတ် ထုတ်ပေးဖြန့်ချိ လှူဒါန်း ပေးကမ်းတော်မူခြင်း-စသည့်တို့ဖြင့်လည်း ရောင့်ရဲတော်မမူ၊ အရဟတ္တဖိုလ် တည်းဟူသော တရားထီးဖြူဆောင်းတော်မူလျက် သံသရာကုမင်္ဂ ခရီးခက်၌ ကျင်လည်ကြကုန်သော သတ္တဝါအပေါင်းတို့အား အဘယမည် နိဗ္ဗာန်ပြည်သို့ သာကြည့်ဆောင်ယူ ပို့တော်မူလိုသော သမ္မာဆန္ဒတော် နှိုးဆော်တိုက်တွန်းတော်မူသဖြင့် ရှေးရှေးသောမင်းတို့သည် ပူဇော်လှူဒါန်းမည် ကြံရည်တော်မမူဘူးသော အရိုး, အလက်, အချက်, အထွင့်, ရွှေစင်အတိ, အမိုး, လေခေါ်, သတောင်းလည်, ကောင့်ုမ္ဗရစ်တိုင်းဖြစ်ထည်မျိုးကို လှမ်းမိုး၍

အဘိုး အနန္တထိုက်သော စိန် မြ ပတ္တမြား ပုလဲ စသော ရတနာတို့ဖြင့် စီခြယ်သော ကနကာဒဏ်ထီးဖြူတော်တစ်, စန္ဒီထီးဖြူတော်တစ်များကို မဟာမုနိရုပ်ရှင်တော်မြတ်နှင့် မဟာလောကမာရဇိန်စေတီတော်ဘုရားမှာ လှူဒါန်းတော် မူမည်-ရည်သန်တော် မူရင်းအတိုင်း....အမိန့်တော်မြတ်နှင့် အတွင်းဝန် သမီးတော်ဝန် တိုင်တားမြို့စား သတိုးမင်းကြီး မဟာမင်းလှမင်းကျော်မင်းခေါင်, မြဲတိုက်သံဆင့် နေမျိုးမင်းထင်ရန်အောင်,ဝင်းဒိုင်းစာရေးကြီး မင်းထင်မင်းခေါင်သီဟသူ, ဆင်အမြောက် စာရေးကြီး ငထွန်းတို့ကြီးကြပ်၍ တောင်ဥယျာဉ်တော် ထီးရုံတော်အတွင်း ထီးတော်အဖြူထည် လုပ်ဆောင်ရသည်မှာ-အရှည်ခုနစ်တောင့်နှစ်မိုက်, လုံးပတ်တမိုက်ခြောက်သစ်ရှိသော ထီးရိုးနှစ်၊ အရှည် တတောင့်တမိုက်ရှိ ထီးထွင့်နှစ်များကို ပွတ်သမားငရောက် ပွတ်လုပ်စေသည်။

ထီးနှစ်ဆင့်, ထီးချက် တဆဲ့ရှစ်, ထီးလက်တဆဲ့ရှစ်, ထီးအုံနှစ်များကို စက်ဝန်ယွန်းစုဝန် ကြီးကြပ်သည့် သေနတ်စက်ရုံပန်းဘဲအမှုထမ်း ဖိုသူကြီးငတာရဲနှင့် လက်သားလူတကျိပ်တို့ လုပ်ဆောင်ရသည်။ အလျား အနံနှစ်တောင့်နှစ်မိုက်စီ, အရပ် နှစ်တောင့်နှစ်မိုက်ရှိ ရှစ်ထောင့် ကြာဘူးခံထီးခုံတစ်၊ အလျားအနံ နှစ်တောင့်နှစ်မိုက်စီ, အရပ် နှစ်တောင့်နှစ်မိုက်ရှိ လေးထောင့် ထီးခုံတစ်များကို ဝင်းအမှုထမ်း လက်သမားဘိုးကြွယ်နှင့် လက်သားလူတကျိပ်, ပန်းပုခေါင်း ငပန်းအောင်နှင့်လူငါးတို့ လုပ်ရသည်။ ထီးခုံချရန် ရွှေဆိုင်းသုံးရာနှင့် လက်ခငွေတရာကိုလည်း ထုတ်ပေးသနားတော်မူသည်။

ထီးရိုး, ထီးချက်, ထီးလက်, ထီးအုံ, ထီးထွင့်မွမ်းရန်၊ သတောင်းလည်ဆွဲကြွယ်ချုညောင်ရွက်လုပ်ရန် ရွှေချိန် ခြောက်ရာ့ရှစ်ဆဲ့တကျပ်ကိုးမူး, ဘော်ချိန် တရာ့လေးဆယ်များကို ထုတ်ပေးတော်မူ၍ အတွင်းဝန် သမီးတော်ဝန် တိုင်တားမြို့စား မင်းကြီးမဟာမင်းလှမင်းကျော်မင်းခေါင်၊ နန်းမတော်ဝန် စဉ့်ကူးမြို့ဆိုင်ရာ မင်းကြီး မဟာမင်းကျော်မင်းထင်၊ လက်သုံးတော်ကြီးကိုင် မင်းလှမင်းထင်ရာဇာ၊ မြဲတိုက်သံဆင့် နေမျိုးမင်းထင်ရန်အောင်၊ ဝင်းဒိုင်း စာရေးကြီး မင်းထင်မင်းခေါင်သီဟသူ၊ ဆင်အမြောက်စာရေးကြီး ငထွန်း၊ မိန်းမစိုး လက်ပံရွာစား ရွှေတောင်ကျော်ထင်တို့ ကြီးကြပ်၍ ရွှေတိုက်ကိုးခေါင်း ပန်းထိမ်တော်ခေါင်း ငဘော့, ငနွဲ့, ငရွှေတုံး, နန်းမကိုင် ပန်းထိမ်တော်ခေါင်း ငရွှေလူ, ကျောက်

ထည်လုပ်ငန်း ပန်းထိမ်တော်ခေါင်း ငချို, သောကြွယ်တို့နှင့် ပန်းထိမ်တော်အမှုထမ်း လူတရာ့နှစ်ဆယ်တို့ ခတ်လုပ်မှုမ်းကွပ်ရသည်။ စီခြယ်ရန် စိန်လုံးရေ တထောင့်ခုနစ်ရာ့ငါးဆဲ့သုံး, မြလုံးရေ ငါးရာ့ခြောက်ဆယ်, ပတ္တမြားလုံးရေ ကိုးထောင့်နှစ်ရာ့လေးဆဲ့ငါးများကို ထုတ်ပေးတော်မူသည့်အတိုင်း ရာပြတ်ဘိုး,မြေ, ဂုန္တန်ခေါင်းငရွှေသားတို့နှင့် အမှုထမ်းလူတကျိပ်တို့က အထူးသဖြင့် လှပကောင်းမွန်အောင် လုပ်ကြရသည်။

### ကွမ်းဘိုးထိန်းများ ရုပ်သိမ်းခြင်း–စသည်မှ ထီးဖြူတော်စ၍ချုပ်ခြင်း, မီးလောင်ခြင်းအထိ အကြောင်းများ

ယင်းသည့် လဆန်းဆယ်ရက်နေ့ နိုင်ငံတော်အတွင်း အထက်ထားရှိသည့် ကွမ်းဘိုးထိန်းများကို မထားမရှိစေဘဲ သူကြီးတို့ကစီရင်စားယူစေ၊ ကွမ်းဘိုးအတွက်ကို သဿမေဓအခွန်တော်မှာ သူကြီးစား ဆယ်ခိုင်ရငွေအနက် ငါးပုံတပုံကို ဆက်သ စေရမည်–အမိန့်တော်အရ သူကြီးတို့က ဆက်သရသည်။

ယင်းသည့် လဆန်းတဆဲ့တရက်နေ့ လောကရန်နှိမ် ဘုရား, လောကတန်ဆောင်ဘုရားများကို အမြောက်သံကြား၍ စည်ပင် သာယာအောင် ပွဲသဘင်ကျင်းပပြီးလျှင် ရွှေထီးအထွတ်တင်လှူတော်မူသည်။

ယင်းသည့်တပေါင်းလ တောင်တော်ဆရာတော် မာလာလင်္ကာရသီရိဓဇမဟာ့ရာဇဂုရုကို–မာလာလင်္ကာရ သာသနဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ရွှေကျင်ဆရာတော် ရှင်ဇာဂရကို–ဇာဂရာဘိဓဇသာသနပါလဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု–တံဆိပ်တော် များကို သုဓမ္မာတော်တွင် တံဆိပ်တော်ရဆရာတော်တို့အစုံအညီလှူဒါန်းပြီးလျှင် သာသနာပြုအပ်သည့် အမိန့်တော်ပြန်တမ်းကို ဖတ်ကြားစေ၍ သာသနာပြု အပ်နှင်းတော်မူသည်။

ယင်းသည့် တပေါင်းလဆန်း တဆဲ့တရက်နေ့ကစ၍ မင်းညီမင်းသားမှူးတော်မတ်တော် ထီးမားလက်စွဲ အဆောင်မြဲ စာရေးစာချီ မည်သူမဆို ပဋ္ဌာန်းပါဠိတော်, ၎င်းနိဿယ၊ ဓာရဏပရိတ်, မဟာသတိပဋ္ဌာနသုတ်ပါဠိတော်, ၎င်းနိဿယများအနက် စွမ်းနိုင်ရာနှုတ်တက်အာဂုံကျက်မှတ်ပြန်ဆိုစေ၍ ကောင်းမွန်စွာ နှုတ်တက်ရွရွ ပြန်ဆိုနိုင်သူတို့ကို ရွှေဖလား, ငွေဖလား, ထည်မျိုးအုပ်မျိုး အထိုက်အလျောက် ဆုသနားတော်မြတ်ခံ

ဖဲစပြီးလျှင် ရွှေနန်းတော်နန်းဦးဘုရားဆောင်တော်မှာ တကျိပ်တစ် မြေ နန်းတော်များတွင် နှစ်ကျိပ်ငါးပြန်ဆိုစေရသည်။နောက်ထပ်ပြန်ဆိုနိုင်သူ အများ စည်းဝေးစေသဖြင့် သုံးလတိုင်တိုင် ညစဉ်မပြတ် တညီတညွတ် ပြန်ဆိုစေ၍ ပြန်ဆိုသူတဦးလျှင်ငွေဒင်္ဂါးသုံးပြားကျစီစေ့ငှအောင် ညစဉ် သနားတော်မူသည်။

ယင်းသည့်လဆန်းတဆဲ့သုံးရက်နေ့ ညဉ့်သုံးချက်တီးကျော်ငါးမောင်း အချိန် နန်းမြို့တော်တောင် မြိတိုက်သံဆင့်ငမြစ်အိမ်ကစ၍ မီးလောင်ရာ အရာထမ်းအမှုထမ်းတို့ ဝိုင်းအုံသတ်ငြိမ်းရသည်။

ယင်းသည့် လပြည့်ကျော် နှစ်ရက်နေ့ သမီးတော် ထိပ်စုမြတ်ဘုရားကို ဒေါင်္ဂကရဏမင်္ဂလာသဘင် ချီးမြှောက်ကျင်းပတော်မူသည်မှာ....မှန်နန်း ဆောင်တော် ဘမရာသနရာဇပလ္လင်တော် ရှေ့တွင် အခမ်းအနား ပြည့်စုံ အောင် ခင်းကျင်းကျင်းပ၍ မင်းညီမင်းသား, မင်းသမီး, မှူးတော် မတ် တော်,အပျိုတော်,မြို့စားရွာစားတို့ ခြံရံလျက် အသျှင်နှစ်ပါးထွက်တော်မူ ပြီးလျှင် နံနက်တချက်တီးကျော်ငါးမောင်းအချိန် အမြောက်သံ ကြား၍ ရှေးဦးစွာပူဇော်တော်ပွဲဆက်ခန့်ထားသူ မြန်မာပုဏ္ဏားက ပူဇော်တော်ပွဲ ဆက်ရသည်၊

နောက်-နာခံတော် မင်းထင်ရာဇကျော်ခေါင်က ဘုရားခုနစ်ဆူ အလှူ တော်စာ ဖတ်လျှောက်ရသည်။

နောက်-နန္ဒီပူဇော်ဆုတောင်းစာကို သံတော်ဆင့်အဝေးကျိဝန် မဟာ မင်းခေါင်ရာဇာက ဖတ်လျှောက်ရသည်။

နောက်-သံတော်ဆင့်အဝေးကျိဝန်မဟာမင်းခေါင်ရာဇာနှင့် သံတော် ဆင့် ငွေခွန်ဝန်တို့က ထမင်းခွံ့မင်္ဂလာစကားလျှောက်ရသည်၊ မင်းခင်း မင်းသမီးနှင့် မိုးမြိတ်မင်းသမီးတို့က မင်္ဂလာထမင်း,မင်္ဂလာဟင်းခွံ့ရသည်၊ မိုးညှင်းမင်းသမီးက သောက်ရေတော် ဆက်ရသည်။

နောက်-ဘိသိက်တော်ဆက်ပုဏ္ဏားတို့က ဘိသိက်တော်ဆက်၍ဘိသိက် တော်ရေကို မိုးညှင်းမင်းသမီးက ဆက်ရသည်။

နောက်-သမီးတော်မြတ်ရတနာကို ကောဋ္ဌမ္ဗရစ်လျှပ်စစ်ရိုးရဲ ဘိုးကဲ ဝင်းမွတ် ပန်းဝတ်နှင်းလိုင် သင်းကြိုင်ခင်းညှံ့ လှုပ်တိုင်းဖျံ့သော ရနံ့ထုံစွာ မြို့တော်လွှာနှင့် ယုယ ငြိမ်သက်စွာ ရတနာယောင်တော်တွင် တင်၍ ရွှေ ခံ့တိုင်မင်းသမီးက ခုနစ်ကြိမ်လွှဲရသည်။

နောက်-အခါတော်ကို နာရီတော်မှူးက ကြားရသည်။

နောက်-မင်္ဂလာချောင်းသံတိုင် သုံးဆွဲခုနစ်အနက် တဆွဲ ခြောက်ကို အတွင်းဝန် ပေါက်မြိုင်မြို့စား မင်းကြီး မင်းလှ မဟာ ဇေယနန္ဒသင်္ကြိုက လျှောက်ရသည်။

နောက်-သံပေါက်တဆွဲငါးကို နာခံတော်ဝေါကြီးမှူးမဟာမင်းကျော် စည်သူက လျှောက်ရသည်။

နောက်-နာခံတော်ပြေ့ကြီးမှူး မဟာမင်းကျော်မင်းထင်က လူးတား လွှဲချင်းများကို လျှောက်ရသည်။ နောက်-ယောင်တော် လွှဲချင်းများကို လျှောက်ရသည်။

နောက်-လက်ဘွဲ့တော်ကြီးနှင့် အသျှင်နန်းမတော် မိဖုရားခေါင်ကြီး ဘုရား မယ်တော်ဆင်ဖြူမရှင်ဘုရားတို့လက်ဘွဲ့တော်ကိုသံတော်ဆင့်အဝေး ကျိုဝန်မဟာမင်းခေါင်ရာဇာက ဖတ်ရသည်။

နောက်-မင်းညီမင်းသား မှူးတော်မတ်တော်တို့ ဆက်သော လက်ဘွဲ့ တော်အလွှာစုကို သံတော်ဆင့်တို့က ဖတ်၍ မင်္ဂလာရတုကို နာခံတော် မဟာမင်းလှမင်းထင်ကျော်က လျှောက်ရသည်၊ ပြီးလျှင် အသျှင်နှစ်ပါး ဝင်တော်မူသည်။

ယင်းသည့် လပြည့်ကျော်သုံးရက်နေ့ တောင် တရာ့ငါးဆယ်မိုယ်ကို ပါရင်းတောင်တရာ့ငါးဆယ်အစုနှင့် အင်းတိမ်က ပြန်လာစေ၊ နတ်ရှင့် ရွေးမိုလ်နှင့် နတ်ရှင့်ရွေးအစု, နတ်စုလက်ဝဲ သေနတ်စာရေးနှင့် နတ်စု လက်ဝဲအစုအမှုထမ်းတို့ကို ပြန်လာစေ-အမိန့်တော်အရ ရွှေဘဝါးတော် အောက်သို့ ပြန်လာရသည်။

ယင်းသည့်နေ့ ရွှေ ဝင်းတော်မှူး တင်ချက်အတိုင်း ပညာရှိ မြေင့်ကို ရဲဘက်မြင်းစာရေးကြီးအရာမှနုတ်သိမ်း၍ ငသောင်ကိုရဲဘက်မြင်းစာရေး ကြီး ခန့်တော်မူသည်။

ယင်းသည့်လပြည့်ကျော်ခြောက်ရက်နေ့ ငရွှေစီကို မိုးကောင်းဝန်ခန့် တော်မူသည်။ သံတော်ဆင့် မဟာ မင်းကျော် သီဟ မင်းထင်ကို လက် နက်တိုက်ဝန်ခန့်၍ လက်နက်တိုက်ဝန်မောင်ဘိုးမောင်ကို လက်နက်တိုက် ဝန်အရာနှင့်လဲ၍ ရွှေပြည်မှန်ကင်းသေနတ်မိုလ် ခန့်တော်မူသည်။

အထက်မိုးနဲမြို့သို့ချီတက်သည့် မိုလ်ချုပ်လက်ယာဝင်းတော်မှူး ညောင် အုပ်မြို့စားလည်း မရပ်မနား စခန်းစဉ့်အတိုင်း ချီတက်၊ သူပုန်မိုးနဲစော် ဘွားက အထောက်ထောက် ဆီးဆို့ခုခံသည့် တပ်များကို တိုက်ခိုက်

အောင်မြင်၊ မိုးနဲမြို့သို့ ဆိုက်ရောက်၊ မိုးနဲစော်ဘွားငကျိုင်ယယ် လက်လွတ်ထွက်ပြေး၊ မရမမိ၊ ညီကျမိုင်းနှင့် မိုးနဲမိဖုရားတို့ကို ရမိ၊ ကြောက်ရွံ့ခြင်းမဖြစ်စေရ မိုးနဲစော်ဘွားကို ခေါ်ငင်သိမ်းသွင်းရန်အရေးများကို မြော်ထောက်၍ ကောင်းမွန်စွာစောင့်ရှောက် မချုပ်မနှောင် အတူတကွနေထိုင် ပြောင်းဖြပြောဆို ပြုလုပ်သည့်အမှုအရာများကို တစ်မိုယ်အရာရှိတို့က စိတ်သဘောအတွေးအထင်မှားယွင်းရှိကြသည်နှင့် ဆင့်ဆိုရာကောင်းမွန်စွာ မနာမယူကြောင်းများကို ကြားသိတော် မူသောကြောင့် ထိုနှစ်တပေါင်းလပြည့်ကျော်ခုနစ်ရက်နေ့ မိုးနဲမြို့မှာ မြို့ဝန်ရွှေလှံမိုယ်ကောလင်းမြို့စား မင်းကြီးမဟာမင်းခေါင်နော်ရထာ ချုပ်အုပ်ရစ်တန့်ပြီးလျှင် ရွှေးလက်ယာတစ်, လင်းဇင်းတစ်, လှေသင်းတစ်မိုယ်အရာရှိတို့မှာ ထမ်းရွက်မြဲ စောင့်နေထမ်းရွက်စေ၍ လက်ယာဝင်းမှူးညောင်အုပ်မြို့စား နတ်ရှင်ရွှေးအစုနှင့် နတ်ရှင့်ရွှေးမိုယ်တို့ကိုပြန်လာစေ-အမိန့်တော်ရှိ၍ ရွှေဘဝါးတော်အောက်သို့ ပြန်လာရသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့တရက်နေ့ အတွင်းဝန် လှေသင်းဝန်စလေမြို့စားကို သမီးတော်ဝန်ခန့်တော်မူ၍ ကျွမ်း ခရာ ပုံတောင် အစုကိုအတွင်းဝန်မြို့သစ်မြို့စား, ယိုးဒယားဇာတ်ကြီးအတီးအကကို အတွင်းဝန်ကျောက်မြောင်းမြို့စားတို့ကို ဆိုင်ရာအပ်တော်မူသည်။

ယင်းသည့်နေ့ မိုးနဲတစ်တော်သို့ ဝင်လာသူ မိုးနဲမိဖုရားဟောင်းနှင့်နောက်ပါလူတို့ကို ရွှေးလက်ဝဲမိုယ်ကြီးကြပ်၍ ရွှေဘဝါးတော်အောက်ဆောင်ယူခဲ့ရမည် အကြောင်း-ရွှေးလက်ဝဲမိုယ်ထံ ခြေလျင်လွှတ်ရသည်။

ထိုနှစ် နှောင်းတန်းခူးလဆန်းတရက်နေ့ မြင်းစုကြီးဝန်သား စားတော်ကွမ်းရေကိုင် ငစိုးရကို ရဲညွန့်မြင်းဝန် ခန့်တော်မူသည်။

ယင်းသည့် လဆန်းသုံးရက်နေ့ ညောင်ရမ်း, လှိုင်းတက်, သာဂရ သုံးမြို့မှာ စလေဝန်ဟောင်းသောကွန်းကို မြို့ဝန်၊ မိုင်းခိုင်း,မိုင်းညောင်း မြို့ရွာများမှာ ပဥ္စလဝန်ဟောင်း ငအိမ်ကိုမြို့ဝန်၊ စမ္ပာယ်နဂိုရ်သိမ်တောခရိုင်များမှာ စမ္ပာယ်နဂိုရ်တွင် ရုံးစိုက်၍ သိမ်တောသူကြီးငဘိုးကို မြို့ဝန်၊ အင်တောက်သာငါးမြို့မှာ တောင်သာ ညောင်အုပ်နှစ်မြို့ဝန်ဟောင်းငရိပ်ကိုမြို့ဝန်ခန့်တော်မူသည်။

ယင်းသည့်လဆန်း တဆဲ့သုံးရက်နေ့ နံနက်ညီလာခံတွင် ခွန်မှုံကို မိုင်းကိုင်းမြို့စားခန့်၍မြို့စားကြီးတို့နည်း အစီးအနင်းအဆောင်အရွက်ပေးတော်မူသည်။

ယင်းသည့် လပြည့်ကျော်တရက်နေ့ တောင်ငူ, ရမည်းသင်းသစ်တော၊ မူးချောင်း သစ်တောများကို ကိုးနှစ်စီ အညီဖြစ်အောင် တောင်ငူသစ်တောမှာ တနှစ်လျှင် ငွေသုံးသိန်းငါးသောင်းက တသိန်းတိုး၍ အခွန်တော်ငွေ လေးသိန်းငါးသောင်း၊ မူးချောင်းမှာ တနှစ်လျှင် အခွန်တော်ငွေနှစ်သိန်းငါးသောင်း နှစ်စုအခွန်တော်ငွေ ခုနစ်သိန်းဆက်သထမ်းရွက်၍ ခုတ်လုပ် ထုတ်ဆောင်ပါရမည့် အကြောင်းကို ဘုံဘေ ဘားမား ကုမ္ပဏီ ဖြိုက်စစ်,မက္ကစဝက်တို့က ဝန်ရှင်တော် သေနတ်ဝန် လယ်ကိုင်းမြို့စားမင်းကြီး, ဝန်ရှင်တော် တောင်ခွင်မြို့စား မင်းကြီးတို့ကို လျှောက်ထား အစီရင်ခံလျှင် ၎င်းလျှောက်ထား အစီရင်ခံချက်အတိုင်း ခံဝန်ချက် လက်မှတ်ရေးထိုးစေ၍ သစ်တောများကို ချထားသည်။

ယင်းသည့်နေ့ည ညီလာခံတွင် အတွင်းဝန် တိုင်တားမြို့စား မင်းကြီး မင်းခေါင်မဟာကျော်ထင်ကိုဝန်ကြီး၊အတွင်းဝန် ပေါက်မြိုင်မြို့စား မင်းကြီး မင်းလှမဟာဇေယနန္ဒသင်္ကြံကို ရွှေတိုက်ဝန် ခန့်တော်မူသည်။ ခန်းပတ်ဝန်ကြီးဟောင်း နေအိမ်ကိုလည်း တောင်ခွင်ဝန်ကြီးသို့ သနားတော်မူသည်။

ယင်းသည့်လပြည့်ကျော်နှစ်ရက် သောကြာနေ့ နံနက် လေးချက်တီးကျော် ခြောက်နာရီ သုံးပါဒ ငါးဗိဇနာ ပြန်ပြည့် ခရာပြည့်အချိန် မဟာလောကမာရဇိန်ဘုရား ရင်ပြင်တော်ရွှေ ထီးတော်ထားရပ် တန်ဆောင်းကို ပွဲသဘင် စည်ပင်သာယာအောင် တီးမှုတ်ကခုန်စေ၍ စာရေးကြီး မဟာမင်းထင်ကျော်ခေါင်, အသုံးစာရေး နေမျိုးမင်းထင်ရာဇာတို့ ကြီးကြပ်ဆောက်လုပ်ရသည်။

ထီးဖြူတော်နှစ်ကို ဘုရားရောက်မလှူမီ ပြည်သူတို့ ကြည်ညိုစေရန် မြေနန်းတော် သတ္တဒါန်လှေကားတော် ဝဲယာတွင် ထီးတော်တန်ဆောင်းနှစ်ကို အသုံးစာရေး နေမျိုးမင်းလှရာဇာ, ဆင်ကာခေါင်းဝဟိုင်း, ငစတို့ ကြီးကြပ်ဆောက်လုပ်ရသည်။

ယင်းသည့်နေ့ နေသုံးချက်တီးကျော် နာရီပြည့် တပါဒ တဗိဇနာ ငါးပြန် ရှစ်ခရာအချိန် မှန်နန်းတော် မာရဘင်ဆီးအနောက်ဖက် နန်းမတော်ဘုရားအဆောင်ဦးစမြင်တွင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား နံတော်သင့် မဟာမုနိ ရုပ်ရှင်တော်မြတ်မှာ လှူဒါန်းတော်မူရန် ကနကဒဏ်ထီးဖြူတော်ကို အတွင်းဝန်ရွှေတိုက်ပန် ပေါက်မြိုင်မြို့စား မင်းကြီး

မင်းလှမဟာဇေယနန္ဒသင်္ကြံ၊ သံတော်ဆင့် မင်းလှစည်သူကျော်၊ သံတော်ဆင့် လယ်ဝန် မင်းကျော်သီရိမင်းထင်၊ ရွှေတိုက်ကြပ် ဘေးတို့ကြီးကြပ်၍ အချုပ်တိုက်စိုး ငနီ၊ အချုပ်တိုက်စာရေး ငကျော်၊ မြန်မာအချုပ် အစုရေး ငရွှေရုံ၊ အချုပ်ခေါင်း ငဆိုင်၊ ငရွှေမောင်တို့နှင့် ရှမ်းအချုပ် အမှုထမ်းလူရှစ်၊ မြန်မာအချုပ်အမှုထမ်းလူ လေးတို့ ထီးတော်အမိုးကို ဖဲဖြူမွှမ်းကြက်ခြယ်လှယ် ချုပ်လုပ်ရသည်။

အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား နံတော်သင့်မဟာလောကမာရဇိန် စေတီတော်ဘုရားမှာ လှူဒါန်းတော်မူရန် စန္ဒီထီးဖြူတော်ကို အတွင်းဝန် မြို့သစ်မြို့စား မင်းကြီးမင်းလှမဟာဇေယသင်္ကြံ၊ သံတော်ဆင့် အဝေးကျိဝန် မဟာမင်းခေါင်ရာဇာ၊သံတော်ဆင့် နေမျိုးမင်းထင်ရာဇာ၊ ရွှေတိုက်စိုး မင်းကျော်မင်းထင်စည်သူ၊မင်းလှမင်းထင်သခ်ယာ၊ ရွှေတိုက်ကြပ်ငသိန်းတို့ကြီးကြပ်၍ အချုပ်တိုက်စိုး ငတောနောင်၊ အချုပ်တိုက် စာရေး ငကံသာ၊ ရှမ်းအချုပ်အစုရေး ငမောင်ကလေး၊ကုလား အချုပ်အစုရေး ငမှော်၊မြန်မာအချုပ်ခေါင်း ငအော၊ရှမ်းအချုပ်ခေါင်း ငနှင်းတို့နှင့် ရှမ်းအချုပ်အမှုထမ်းလူရှစ်၊ မြန်မာအချုပ်အမှုထမ်းလူ လေးတို့ ထီးတော်အမိုးကို ဖဲဖြူမွှမ်းကြက်ခြယ်လှယ်ချုပ်ရသည်။

ပြီးလျှင် ထီးဖြူတော်နှစ်စင်းတွင် ရွှေဘူးနွယ်၊ ရွှေကြက်လည်ဆံ၊ ငွေကြက်လည်ဆံ၊ ရွှေပစဥ်းတောင်၊ ငွေပစဥ်းတောင်၊ ရွှေဒန်ပူပြား၊ရွှေဇာသတ်၊ ပုလဲဆိုင်းစီရွှေညောင်ရွက်ငယ် တရာ့တစ်စီ ပတ္တမြားစီရွှေကြယ် တရာ့ရှစ်စီ။ ရွှေချူပတ္တမြားစီ ရွှေညောင်ရွက်ကြီး တရာ့ရှစ်စီ။ စိန်သီး, မြသီး, ပတ္တမြားသီး ဆွဲလုပ်ခြယ်လှယ်ရန်ရှိသည်များကို အသျှင်နှစ်ပါးကိုယ်တော်တိုင် ရိုးရင်းကြပ်မတော်မူ၍ ထီးဖြူတော်ချုပ်အခမ်းအနားပါမူးတော်မတ်တော်အရာရှိတို့ ကြီးကြပ်ပြီးလျှင် အချုပ်အစုရေး, အချုပ်ခေါင်းတို့ ဆွဲလုပ်ခြယ်လှယ်ရသည်၊

ယင်းသည့်သပြည့်ကျော် သုံးရက်နေ့ နေတချက်တီးကျော် သုံးမောင်းခန့်အချိန် အာဏာစိုးဟန်း အရွှေဘက်အိမ်ကစ၍ မီးစွဲပြီးဘောက်လောင်ရာလက်မထောက်တန်တရားရုံးမြောက်ဘက်ဝန်ကြီးဝင်းသုံးရပ်,အိမ်ဝင်း, ပတ်လည်အိမ်ပါ၊ ၎င်းကမြောက် ညောင်ဝန်းဝန်ထောက်အိမ်ဝင်း ၎င်းကမြောက် ဆင်ဝန်ဝင်းအိမ်၊ ၎င်းကမြောက် ဒဝယ်တန်းရှိအိမ်များ၊ ၎င်းကမြောက် မြို့ရိုးမန်းဦးတံခါးပြသာဒ်၊၎င်းကမြောက်ပြင် စံကျောင်းတိုက်ဘောင်မျက်နှာ, အနောက်မျက်နှာ ကျောင်းရံလေးဆုံခြောက်၊ မြောက်

မဏ္ဍလာရာမကျောင်းကြီး၊ ငါးကျွန်းတိုက်ကျောင်းကြီး၊ မြောက်သစ်ဆိမ့်တိုက်ကျောင်းရံများနှင့် မန္တလေးတောင်အနောက်စောင်းတန်း၊ တောင်ထိပ်တံခွန်တိုင်ကြီးများပါ မီးသင့်လောင်သည်။

၎င်းလပြည့်ကျော်လေးရက်နေ့ မိုးနဲမြို့တွင် ရပ်နေ ထမ်းရွက်စေသည့် ရွှေလုံမြို့ဝန် ကောလင်းမြို့စား မင်းကြီး မဟာမင်းခေါင်နော်ရထာလည်း မိုးနဲမြို့တွင် အရပ်ရပ် ဆင့်ဆိုနေရာချထားခဲ့ပြီးလျှင် မိုးနဲမြို့နှင့် ခရီးသုံးသောင်းခန့်ကွာ ဟိုပုံးမြို့သို့ လာရောက်နေရာ မကျန်းမမာရှိ၍ ပြန်လာပါရမည့်အကြောင်း တင်လျှောက်ရှိသည်နှင့် ရွှေဘဝါးတော်အောက် ပြန်လာစေ၊ မိုးနဲမြို့မှာလည်း မိုင်းနောင်ကြောင်းချီ ဝန်ထောက် ကိုးခရိုင်အုပ်က ခေတ္တဆင့်ဆိုနှင့်ရမည်။ မိုင်းနောင်မှာ လက်ဝဲကြောင်းဗိုလ်နှင့် သီပေါဝန်တို့ ညှိနှိုင်း၍ ဝန်ထောက် ကိုးခရိုင်အုပ် ဆင့်ဆိုရာ နာခံထမ်းရွက်စေ၊ ရွှေလက်ဝဲဗိုလ်မှာ ဖောင်းဆိုင်မြို့က ရပ်နေစေ၊ ညောင်ရွှေစော်ဘွား ကမ္ဗောဇရဋ္ဌ မဟာဝံသ သီရိပဝရ သုဓမ္မရာဇာမှာ မိုးနဲက ညောင်ရွှေသို့ပြန်လာစေ-အမိန့်တော်ရှိ၍ ရွှေလုံမြို့ဝန် ပြန်လာရသည်။

ယင်းသည့် လပြည့်ကျော်ရှစ်ရက်နေ့ ပင်း, နတ်မောက်, ကျောက်ပန်းတောင်း သုံးမြို့ဝန်နှင့် သား စားတော်ကွမ်းရေကိုင် သုံးမြို့စာရေးတို့ကို အရာမှနုတ်၍ မောင်မင်းမောင်ကို သုံးမြို့ဝန် ခန့်တော်မူသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ နတ်ရှင့်ရွှေးဗိုလ် ဝင်းအိမ်အနီး မိရွက်နေအိမ်က စတင်မီးစွဲငြိတောက်လောင်ရာ နတ်စုလက်ယာကွက်အစုရှိ အိမ်များ၊ ၎င်းက မြို့ရိုးအရှေ့တောင်ထောင့် ပြကြီးပြသာဒ်မီးသင့်ပြီးလျှင် မြို့ပြင်ကင်းထား, ဝန်းကျင်, လင်းဇင်း, ဒိုင်း အစုအမှုထမ်းတို့ရပ်ကွက်များပါ အိမ်ခြေ တထောင့်ခုနစ်မီးသင့်လောင်သည်။

ယင်းသည့်လပြည့်ကျော် တဆဲ့လေးရက်နေ့ နေ နှစ်ချက်တီးကျော်အချိန် သစ်ဆိမ့်တိုက်အတွင်း ကျောင်းက စတင်မီးစွဲငြိတောက်လောင်ရာ ကျောင်းရံကိုး, လုံးတော်တိုက် ကျောင်းတစ်နှင့် ဘုန်းတော်ဖြစ် အစုအမှုထမ်းတို့ နေအိမ် သုံးဆဲ့ငါးပါ မီးသင့်လောင်သည်။

ထိုနှစ်နှောင်းကဆုန်လဆန်း တရက်နေ့ စားတော်ကွမ်းရေကိုင် တောင်ဝိုင်ကျိုင်းက အဘတောင်ဝိုင်စော်ဘွားက ဆက်သရန် ပို့ရောက်သည့် ရွှေဖလားတစ်, မြင်းစီးရေ တဆယ်များကို ဆက်သ၍ စားတော်ကွမ်း

ရေကိုင်စားသည့် ရန်ပုံတော်ငွေကို အများကျမိုင်းတို့နည်း တောင်ဝိုင်သသမေမက ထုတ်ယူပါရမည့်အကြောင်းနှင့် တင်လျှောက်ရာ အများကျမိုင်းတို့နည်း ထုတ်ယူစေ-အမိန့်တော်ရှိသည်။

### ထီးဖြူတော်နှစ်စင်းကို တန်ဆောင်းတော်နှင့်ထားခြင်း-စသည်နှင့် ဘုရားလေးဆူအား ရွှေသားသပိတ်စုံလှူခြင်း

ထိုနှစ် မနှောင်းကဆုန်လဆန်းတရက် သောကြာနေ့ နေသုံးချက်တီးကျော် ငါးနာရီပါဒ်ပြည့် ဆယ်ဗိဇနာ ငါးပြန် တဆဲ့တခရာ အချိန်တွင် ပညာရှိပုဏ္ဏားတို့ အခါတော်ကြားလျှောက်လျှင် ကနကဒဏ်ထီးဖြူတော် စန္ဒီထီးဖြူတော်များကို အတွင်းဝန် ရွှေတိုက်ဝန်ပေါက်မြိုင်မြို့စားမင်းကြီး မင်းလှမဟာဇေယနန္ဒသင်္ကြံ၊ အတွင်းဝန်မြို့သစ်မြို့စား မင်းကြီးမင်းလှမဟာဇေယသင်္ကြံ၊ သံတော်ဆင့်အဝေးကျိုဝန် မဟာမင်းခေါင်ရာဇာ၊ သံတော်ဆင့် အသည်ဝန် မဟာမင်းထင်စည်သူ၊ သံတော်ဆင့် မင်းလှစည်သူကျော်၊ သံတော်ဆင့် နေမျိုးမင်းထင်ရာဇာတို့နှင့် ရွှေတိုက်အရာရှိ, အချုပ်အမှုထမ်းလူတို့ ထမ်းဆောင်စေပြီးလျှပ် ဆောင်ယူ၊ မြေနန်းတော် သတ္တဒါန် လှေကားတော်က ဆင်းသက်စေ၍ လက်ဝဲ တန်ဆောင်းတော်တွင် ကနကဒဏ် ထီးဖြူတော်, လက်ယာဘက် တန်ဆောင်းတော်တွင် စန္ဒီထီးဖြူတော်၊ မှတ်သားသွင်းထားရန် ရှိသည်ကို ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန် မင်းကြီး သတိုးသုမမ္မမဟာသက်တော်ရှည်၊ ဝန်ရှင်တော် တောင်ခွင်မြို့စား မင်းကြီး သတိုးမင်းကြီးမဟာမင်းထင်စည်သူ၊ ဝန်ရှင်တော် တိုင်တားမြို့စားမင်းကြီး သတိုး မင်းကြီး မဟာမင်းလှမင်းကျော်မင်းခေါင်၊ ဝန်ထောက် ဝက်မစွတ်မြို့စား မင်းကြီး မင်းထင်မဟာစည်သူ၊ဝန်ထောက် မလွန်မြို့မြစ်စဉ်ဆိုင်ရာ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်၊ ဝန်ထောက် မြေတိုင်းအမတ် မင်းကြီးမဟာမင်းခေါင်ကျော်ထင်၊ ဝန်ထောက် ခန်းပတ်မြို့ဆိုင်ရာ မင်းကြီး မဟာမင်းခေါင်သခ်ယာတို့ ဆီးကြို၊ ပွဲသဘင်စည်ပင်သာယာအောင် တီးမှုတ်ကခုန်စေ၍ ကြွပ်မသွင်းထားပြီးလျှင် ထီးဖြူတန်ဆောင်းတော်နှစ်ရပ်တွင် ရွှေတိုက်အရာရှိ အချုပ်တိုက်အရာရှိတို့နှင့် ပြတိုက်သံဆင့်တစ်စီ နေ့ညဥ့်အမြဲ စောင့်နေစေရသည်။

(၁၂၄၄) တထောင့်နှစ်ရာ့လေးဆဲ့လေးခုနှစ် နှောင်းကဆုန်လဆန်း သုံးရက်နေ့ နေနှစ်ချက်တီးကျော် နှစ်မောင်းအချိန် ရွှေဖျား စမြောင်

သိုင်းနှင့် နှစ်၊ နောက်-ရွှေတော်ပြေးစည်တော်စုံ၊ နောက်-မြန်မာဇာတ်ကြီး, ယိုးဒယားဇာတ်ကြီး အတီးအက, ကျွမ်းခရာပုံတောင်စုံ၊ နောက်-ရေချမ်းအိုးပန်းစိုက်ငါးဆယ်, ရေပြည့်အိုးကြီး ဖက်စည်းအုပ်လျက် ငါးဆယ်၊ နောက်-နှင်းရည်ဘူးကြီး ငါးဆယ်၊ နောက်-ကျောက်ဖယောင်းတိုင် သေတ္တာငါးဆယ်၊ နောက်-ရွှေဆိုင်းရေတရာကြာကလပ်နှင့် ငါးဆယ်၊ နောက်-ကျောက်ဖယောင်းတိုင် ပဒေသာပင်ရေငါးဆယ်၊ဖလ်ဘူးထည့်ရေမွှေးမျိုးစုံ ပဒေသာပင်ရေ နှစ်၊ နောက်-ကနကဒဏ်ထီးဖြူတော်၊ နောက်-စန္ဒီထီးဖြူတော်၊နောက်-အကမိန်းမလေး၊ နောက်-မြန်မာဆိုင်း၊ နောက်-လေးဆယ်တော် ငါးဆယ်တော် သွေးသောက်လတ် အင်္ကျီလက်ကျယ်ယပ်စွဲနှင့်လူသုံးဆယ်တို့စီစဉ်ခင်းကျင်းသွင်းပြရာ တောင်စမုတ်တော်က အသျှင်နှစ်ပါး ရေစက်သွန်းချလှူဒါန်းတော်မူပြီးလျှင် ဇရှုနန်းတော်ကို လက်ယာရစ်လှည့်၍ မြေနန်းတော်ရှေ့ တန်ဆောင်းနှစ်ရပ်များတွင် သွင်းထားမြဲ သွင်းထားရသည်။

နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှင့်ရာသီ မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်းလှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၄၄) တပေါင်နှစ်ရှော လေးဆဲ့ လေး ခု နှောင်းကဆုန်လဆန်းခုနစ်ရက် ကြာသပတေးနေ့ နှစ်ချက်တီးကျော် နှစ်နာရီ သုံးပါဒ်သုံးဗိဇနာ နှစ်ပြန် နှစ်ခရာအချိန် သင်္ကြန်ကျသည်။ ၎င်းလဆန်းကိုးရက် စနေနေ့ နေနှစ်ချက်တီးကျော်အချိန် အတာနှစ်သစ် သက္ကရာဇ် (၁၂၄၅) တပေါင်နှစ်ရှော လေးဆဲ့ ငါးခုသို့တက်သည်၊

## ၁၂၄၅-ခု

သက္ကရာဇ် (၁၂၄၅) တပေါင်နှစ်ရှောလေးဆဲ့ငါးခု ကဆုန်လဆန်းဆယ်ရက်ဒနေ့နံနက် ဘဝရှင်မင်းတရားကြီးဘုရား နံတော်သင့် မဟာမုနိဘုရားရောက်၊ အသျှင် နန်းမတော် မိဖုရားခေါင်ကြီးဘုရား နံတော်သင့် မဟာလောကမာရဇိန် စေတီတော်ဘုရားရောက် ဆောင်ယူပို့သလှူဒါန်းရသည်မှာ....ရွှေတော်သို့ သွင်းပြသည့် အစီအစဉ်အတိုင်း ပွဲသဘင် စည်ပင်သာယာအောင် တီးမှုတ် ကခုန်စေ၍ ကနကဒဏ်ထီးဖြူတော်ကို ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန် မင်းကြီးသတိုးသုဓမ္မမဟာသက်

တော်ရှည်၊ ဝန်ရှင်တော် တိုင်တားမြို့စား မင်းကြီး သတိုးမင်းကြီးမဟာမင်းလှမင်းကျော်မင်းခေါင်၊ မြို့ဝန် ယင်းတော်မြို့စား မင်းကြီးသီရိဇေယဂါမဏိ၊ ဝန်ထောက် မလွန်မြို့ဝန် မြစ်စဉ်ဆိုင်ရာမင်းကြီးမဟာမင်းလှမင်းခေါင်ကျော်၊ ဝန်ထောက် မိုးတားမြို့စား မင်းကြီးမင်းလှမဟာကျော်ထင်၊ ဝန်ထောက်မြေတိုင်းအမတ်မင်းကြီးမဟာမင်းခေါင်ကျော်ထင်၊ ဝန်ထော်ခန်းပတ်မြို့ဆိုင်ရာ မင်းကြီးမဟာမင်းခေါင်သခ်ယာ၊ နာခံမင်းထင်ရာဇာ၊ နာခံဝေါကြီးမှူးမဟာမင်းကျော်စည်သူ၊ နာခံမင်းလှမင်းခေါင်ကျော်ထင်၊ စာရေးကြီး မင်းလှမင်းထင်ရာဇာ၊ မဟာမင်းကျော်ရာဇာ၊ မင်းလှနရာစည်သူခကျော်၊ မင်းကျော်သူရမင်းထင်၊ စာရေးကြီး အလုံမြို့သူကြီး မင်းလှနရာဇေတမိုလ်၊ စာရေးကြီး မင်းလှမင်းထင်ကျော်၊ မင်းထင်ကျော်ခေါင်၊ အမိန့်တော်ရေးနေမျိုးမင်းထင်သခ်ယာ၊ နေမျိုးမင်းထင်ဇေယသူ၊ အသုံးစာရေး မင်းခေါင်သီရိစည်သူ၊ နေမျိုးမင်းထင်စည်သူ၊နေမျိုးသီရိကျော်သူ၊ အမှုတော်ရေး, အဝေးရောက်,လက်ဆောင်စာရေး,အသည်စာရေး, တောင်ပြင် တောင်မှူး, မြို့စာရေး, တရားနာခံ, တရားစာရေး, အမိန့်တော်ရ ,ဆင်ဝန်, ငွေခွန်ဝန်,မြောက်တပြင်အခွန်ဝန်, ဖောင်ဝန်, စိုလေးဆယ်ဗိုင်းဝန်,ကောင်ဟန်ဝန်,ယိုးဒယားဝန်, မဟာဒါန်ဝန်,ဝတ်မြေဝန်, ကျုံးဝန်,မှူးတော်မတ်တော် ဝန်စုရသူဌေးသူကြွယ်တို့ကြပ်မ၍ မဟာမုနိဘုရားရောက် ပို့သလျှုဒါန်းရသည်။

ထီးတော် တိမ်းယိမ်းလစ်လပ်မရှိစေရအောင် မြဲတိုက် သံဆင့် နေမျိုးမင်းထင်ရန်အောင်၊ ရွှေတိုက်စိုး မင်းထင်စည်သူ၊ ရွှေတိုက်ကြပ် ငဘိုးသိန်း၊ မြန်မာအချုပ်အစုရေး ငရွှေရုံ၊ အချုပ်ခေါင်း ငအောင်တို့နှင့် အချုပ်အမှုထမ်းတို့ အမြဲစောင့်ကြပ် လိုက်ပါစေရသည်။ လှထွေးဆရာတော်နှင့် အရံသံဃာတော် ဆယ်ပါးတို့လည်း ထီးတော်ကိုကြပ်မလိုက်ပို့သည်။

ကနကာဒက်ထီးမြို့တော်မှာ စီခြယ်လုပ်ဆောင်သော စိန်လုံးရေ ရှစ်ရာ ခုနစ်ဆဲ့ကိုး၊ ရတီချိန်လေးရာ့သုံးဆဲ့ကိုးရတီငါးမူး၊ မြခရားသီးငယ်လုံးရေ ငါးဆဲ့သုံး၊ အကြီးလုံးရေ နှစ်ရာ့ရှစ်ဆဲ့နှစ်၊ ရတီချိန် ငါးရာ့လေးဆဲ့ငါး၊ ပတ္တမြား လုံးရေလေးထောင့်ခုနစ်ရာ့ကိုးဆဲ့လေး၊ ပုလဲလုံးရေရှစ်ထောင့် ငါးရာ့ငါးဆဲ့လေး၊ ရွှေသားချိန် သုံးရာ့လေးဆဲ့သုံးကျပ်၊ ငွေသားချိန် ခုနစ်ဆယ်၊ ရွှေဆိုင်းရေ ခုနစ်ဆဲ့ငါး၊ ထည်မျိုးအုပ်မျိုး အသုံးတော်ငွေပေါ

ထီးတော်ကိုဝင်ငွေ ရှစ်သောင်း တထောင့် ကိုးရာ နှစ်ဆဲ့ နှစ်ကျပ်များကို ကမ္ဗည်းနှင့် ထားတော်မူသည်။

စန္ဒီထီးဖြူတော်ကို ဝန့်ရှင်တော် တောင်ခွင်မြို့စား မင်းကြီးမဟာမင်းထင်စည်သူ၊ မြို့ဝန်ပင်လယ်မြို့စား မင်းကြီး မင်းခေါင် မဟာကျော်ထင်၊ အသည်ဝန် မင်းကြီးမင်းလှမဟာမင်းကျော်ရာဇာ၊ ဝန်ထောက်ဝက်မစွတ်မြို့စား မင်းကြီးမင်းထင်မဟာစည်သူ၊ ဝန်ထောက်ပင်းတလဲမြို့ဝန် မင်းကြီးမင်းခေါင်မဟာကျော်ထင်၊ ဝန်ထောက်သံချက်ဝန် မင်းကြီးမင်းလှမဟာစည်သူကျော်၊ နာခံမင်းထင်ရာဇာ၊ နာခံပြေ့ကြီးမှူး မဟာ မင်းကျော်မင်းထင်၊ စာရေးကြီး နေမျိုးသီရိကျော်သူ၊ မင်းထင်သိဒ္ဓိရာဇာ၊ မင်းလှသီရိရာဇာ၊ နေမျိုးမင်းလှကျော်သူ၊ မဟာမင်းလှသခ်ယာ၊ အမိန့်တော်ရေး၊အသည်စာရေး၊ထောင်မှူး၊မြို့စာရေး၊တရားသူကြီး၊ တရားနာခံ၊တရားစာရေး၊ အမိန့်တော်ရတို့နှင့် နန်းမတော်ဝန် ငစဥ့်ကူးမြို့ဆိုင်ရာ မင်းကြီးမဟာမင်းကျော်မင်းထင်၊ နန်းမတော်ဘုရားစာရေးကြီး အောင်ပင်လယ်လမိုင်းဝန် မဟာမင်းထင်မင်းကျော်ရာဇာ၊ စက်ဝန်ယွန်းစုဝန် မင်းရဲညွန့်၊ စီးတော်မြင်းဝန်၊ဖလ်ချက်ဝန်၊ကုလားဝန်၊သူဌေးသူကြွယ်တို့ကြပ်မလိုက်ပါပြီးလျှင် ကနကဒဏ်ထီးဖြူတော်ကို မဟာမုနိဘုရားရောက် ဆောင်ယူသည့်အခမ်းအနား အစီအစဉ်အတိုင်း ဆောင်ယူ၍ မဟာလောကမာရဇိန်စေတီတော်ရောက် ပို့သလျှူဒါန်းရသည်။ ပုခန်းဆရာတော်နှင့် အရံသံဃာတော်ဆယ်ပါးတို့ ထီးတော်ကို ကြပ်မလိုက်ပို့သည်။

ထီးဖြူတော်ကို စီခြယ်လုပ်ဆောင်သောစိန်လုံးရေရှစ်ရာ့ခုနစ်ဆဲ့လေး, အချိန်လေးရာ့သုံးဆဲ့ခုနစ်ရတီ၊ မြလုံးရေသုံးရာ့တဆဲ့ခုနစ်, အချိန်လေးရာ့ခြောက်ဆဲ့ငါးရတီ၊ ပတ္တမြားလုံးရေ လေးထောင့်ခြောက်ရာ့နှစ်ဆဲ့ခုနစ်၊ ပုလဲလုံးရေ ရှစ်ထောင့် ငါးရာ့ ငါးဆဲ့ လေး၊ စုစုထီးတော် ကုံဝင်ငွေ ၈၁၂၃၆-ရှစ်သောင်းတထောင့်ရှစ်ရာ့သုံးဆဲ့ခြောက်ကျပ်များကို ကမ္ဗည်းနှင့် ထားတော်မူသည်။

ယင်းသည့်လဆန်းတဆဲ့တရက်နေ့ ညဥ့်သုံးချက်တီးကျော် သုံးမောင်းခန့်အချိန် မဟာမုနိဘုရားမြောက်ဖက်ကျွန်းလုံးဥသျှောင်ရပ် မိသဲနေအိမ်ကစ၍ မီးစွဲပြီးရာ အိမ်ခြေနှစ်ရာကျော် ကျွမ်းလောင်သည်။

ယင်းသည့်သပြည့်ကျော်တရက်နေ့တောင်စမုတ်တော်သို့အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, အသျှင်နန်းမတော်မိဖုရားခေါင်ကြီးနှင့် တကွထွက်

တော်မူ၍ ညောင်ရေတော်သွင်းပြသည့် အစီအစဉ်ကို ကြည့်ရှုတော်မူပြီး လျှင် (၁၂၄၄) တထောင့်နှစ်ရာ့လေးဆဲ့လေးခုနှစ်အတွင်း ငွေရှစ်သိန်း ကျော်သံဝဇ္ဇရအလှူတော်ကိုဖတ်လျှောက်စေ၍ရေစက်သွန်းတော်မူသည်။

ယင်းသည့်လပြည့်ကျော် နှစ်ရက်နေ့ အနောက် ညောင်ရေတော်ကို အစီအစဉ်အတိုင်း ခင်းကျင်းသွင်းပြရာ အသျှင်နှစ်ပါး တောင်စမုတ် တော်သို့ ထွက်တော်မူ၍ ရေစက် သွန်းတော်မူသည်။

ယင်းသည့်နေ့ မင်းခင်းစားဟောင်းမင်းသမီးကို ငတုဆိုသူနှင့် ရွှေနန်း တော်အတွင်း မသင့်မလျော်ကျူးလွန်မကြီးရာတန်ကြီးစည်ပြုကျင့်သည့်အမှု ကို ကိုယ်တော်တိုင် မှန်နန်းတော် မြောက်ဖက်တွင် စစ်မေးတော် မူ၍ ထင်လင်းသိသာရှိသောကြောင့် ဝန်ကြီးအတွင်းဝန်တို့ကို ထပ်မံစစ်ဆေး စေရာလည်း ဖြောင့်ဆိုသိသာရှိသည့်အတိုင်း မင်းခင်းစားဟောင်း မင်း သမီးကို ထောင်မှာထားရသည်။

ယင်းသည့်လပြည့်ကျော် သုံးရက်နေ့ မင်းခင်းစားဟောင်းမင်းသမီးနှင့် ငတုတို့ကို ထုံးစံအတိုင်း ရှမ်းကောင်ဟန်သူရဲ သုံးတန်းပေး၍ ကတ္တီပါနီ ကွပ်ကြိုး, ကတ္တီပါအိတ်, အိုးတုဝ်နှစ်, ကွန်ချာအိတ်တစ်များပါ ပင်းတလဲ ဝန်ထောက်ကြီးကြပ်၍ မြို့ဝန်ထောင်မှူးမြို့စာရေးတို့ ဝန်းအုံပြီးလျှင် အဆုံး စီရင်ရန် သုသာန်သို့ ထုတ်ယူရသည်။

သုသာန်သို့ရောက်ရှိသည့်နောက် မင်းခင်းမြို့စားဟောင်းသည် ခမည်း တော်ဘုရားလက်ထက်တော်က ရွှေလက်ထက်တော်တိုင် အထူးသဖြင့် သူကောင်းပြုတော်မူသည်ဖြစ်လျက် မြင့်မြတ်သောအနွယ်တော်ကိုမထော် ရွှေနန်းတော်အတွင်း မသင့်မလျော် မှားယွင်းကျူးလွန်သည့်အမှုကိုကျင့် ကြံသည်သာမက သင့်ဘွား, သင့်အမိတို့လည်း မသင့်မလျော် ယုတ်မာ ဆိုးသွမ်းကျင့်ကြံသူများ ဖြစ်သောကြောင့် သေပြစ် သေဒဏ် ထိုက်သည့် အတိုင်း ဆုံးရှုံးအောင်စီရင်မည်ရှိသော်လည်း အသက်သေကို မင်းကေ ရာဇ်နှင့် မိဖုရားခေါင်ကြီးတို့သာချမ်းသာပေးနိုင်သည့်အရာဖြစ်၍ အသက် မှ ချမ်းသာပေးပြီးလျှင် သင့်အမိ ဆွေမျိုးရင်းချာနှင့်တကွ မာရ်အောင် ရတနာဘုရားမှာ ကျွန်သီးတော်အဖြစ် လှူဒါန်းစေ၊ ငတုမှာ မိုးကောင်း မြို့သို့ပို့ထားစေ-အမိန့်တော်မြတ်အရ သုသာန်သို့ မြင်းသည် စေလွှတ်၍ ပင်းတလဲဝန်ထောက်ထံ မှာစာ ပေးအပ် ခေါ်ယူလာစေရသည်။

ယင်းသည့်လပြည့်ကျော် လေးရက်နေ့ည ဝန်ရှင်တော် တောင်ခွင်မြို့ စား မင်းကြီး, အတွင်းဝန်လေ့သင်းဝန်စလေမြို့စား, အတွင်းဝန် ရွှေတိုက်

ဝန် ပေါက်မြှိုင်မြို့စား, အတွင်းဝန် ကျောက်မြောင်းမြို့စား, ဝန်ထောက် ဝက်မစွတ်မြို့စားတို့ကို ခေါ်တော်မူ၍ မှန်နန်းတော် အနောက်ပိုင်းတွင် အသျှင်နှစ်ပါး ရွှေ မင်းခင်းစားဟောင်းနှင့် ငတုတ္တို ပေးသည့် စက္ကူစာ မျိုးစုံ ရှစ်ရာကျော်ခန့်ကို ပြသတော်မူသည်။

ယင်းသည့်လပြည့်ကျော်ငါးရက်နေ့ မင်းခင်းစားဟောင်း မင်းသမီး, ညီမ-ပြင်စည်စားဟောင်းမင်းသမီး, အမိ-မကွေးမိဖုရားဟောင်း, လင်-ငလျော်, သမီးငယ်တစ်တို့ကို မြို့ဝန်ပင်လယ်မြို့စားသို့ အပ်တော်မူသည်။ ညနေ သုံးချက်တီးကျော် အချိန် မင်းခင်းစားဟောင်း နှင့် မှားယွင်းသူ ငတုကို မိုးကောင်းမြို့သို့ ပို့ဆောင်ရာ မင်းကွန်းရွာ အနီး ဧရာဝတီမြစ် တွင် မြို့ဝန် ပင်လယ်မြို့စားက ကွပ်မျက်၍ ရေသို့ချသည်။ ယင်းသည့် လပြည့်ကျော် ခြောက်ရက်နေ့ အမှုက်တော်ရှိ၍ လက်ယာဝင်းမှူးကို ထောင်မှာထားရသည်။

ယင်းသည့်လပြည့်ကျော်ခုနစ်ရက်နေ့ ပုခန်းကြီးမြို့က ပင့်ဆောင်ဆိုက် ရောက်သည့်ပုခန်းစည်သူရှင်ဘုရား,ဒက္ခိဏသာခါဘုရား,မြတ်ပေါင်းမဥ္စူ ဘုရား, ရှင်မတောင်ဘုရား-လေးဆူကို ပင့်ဆောင်ဆိုက်ရောက် ရှိသည့် အတိုင်း မြစ်ဆိပ်က ရွှေနန်းတော်တောင်၊ နန်းတော်ရွှေ ဘုရားဆောင် ရောက် တပ်ဝင်းအခင်းအကျင်း အစီအစဉ်နှင့် ပင့်ဆောင်ရသည်။

ယင်းသည့်လပြည့်ကျော်ရှစ်ရက်နေ့ အချုပ်ဝန်ရွှေတိုက်ကြပ် ဥယျာဉ် ရွာစား မင်းလှရွှေတောင်ကျော်က လှူဘွယ်ဝတ္ထုများကို တောင်စမုတ် တော်သို့ သွင်းပြရာ အသျှင်နှစ်ပါးထွက်တော်မူ၍ ရေစက်သွန်းတော်မူ သည်။

ယင်းသည့် ကဆုန်လပြည့်ကျော် ဆယ်ရက်နေ့ နေတချက်တီးကျော် အချိန် ဥရောပတိုက် အနောက်တိုင်းပြည်များသို့ အရပ်ရပ် စက်ကိရိယာ များမှစ၍ အလုပ်အဆောင်ကြီးများကို ကြည့်ရှု နားလည်စေရန်, အနိုင် နိုင်ငံအစိုးရမင်းများနှင့် တွေ့ဆုံသောအခါလည်းမဟာမိတ်အဖြစ်ဆက်လို လျှင် ဆက်နိုင်စေရန်, အတွင်းဝန် မြို့သစ်မြို့စား မင်းကြီးမဟာဇေယသင်္ခြာ ကို အရေးလွှဲအပ်၍ အင်္ဂလိပ်ဘာသာ, ပြင်သစ်ဘာသာများကိုကောင်း မွန်စွာ နားလည်သူ ဝန်ထောက် သံချက်ဝန် မင်းကြီး မင်းလှမဟာစည်သူ ကျော်၊အင်္ဂလိပ်ဘာသာ နားလည်သူ စာရေးကြီး မဟာမင်းလှသင်္ခယာ၊ အီတာလျံဘာသာ နားလည်သူ စာရေးကြီး မဟာမင်းလှရာဇာ၊ မြဲတိုက် သံဆင့် နေမျိုးမင်းလှရာဇာ၊ လက်ဘက်ရည်တော် မောင်ဘိုးအုံစသော

အနောက်နိုင်ငံသွား သံတော်အရာရှိများနှင့် ရန်ကုန်မြို့တွင် ထားရန် ဘင်္ဂလားစာရေးကြီး၊ ကျောက်တိုင်နယ်စပ်ကင်းများတွင်ကင်းတဲဆောက် စေရန် အုတ်ဝန် သံတော်ဆင့်၊ မိမိဝန်စုပါနယ်မြေကို သွားရောက်ရန် ပင်း, နတ်မောက်, ကျောက်ပန်းတောင်း သုံးမြို့ဝန် မောင်မင်းမောင်တို့ သည် တုလွတ်ယာဉ်ကျော်သင်းဘောတော်ကို စီးနင်း၍ ရွှေမြို့တော်ဆိပ် ကမ်းမှ စုန်ဆင်းကြလေ၏။

ယင်းသည့်နေ့ တောင်နန်းတော် နန်းဦးဘုရားကျောင်းတော်အနေဉ် ဆောင်မတော်ဦး အသျှင်နှစ်ပါး ရှေ့တော်တွင် ခမည်းတော် ပဉ္စမသင်္ဂါ ယနာတင် မင်းတရားကြီးဘုရား သမီးတော်များကို သစ္စာပေးရသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့တရက်နေ့ ဝန်ထောက်ကွပ်ရွာမြို့စား ကို ရဲမက်အမှုထမ်းလူ တထောင်ပေးအပ်၊ မိုးနဲမြို့သို့ရပ်နေရန် ချီတက်စေ ရမည်-အမိန့်တော်ရှိ၍ ထီးနှစ်, အစီးအနင်း အဆောင်အရွက် တောင်ငူ မြို့မှာ ရပ်နေစဉ် ရသည့်အတိုင်း သနားတော်မူသည်။

ယင်းသည့်နေ့ညဉ့် ပုခန်းမြို့က ပင့်ဆောင်ရောက်ရှိသည့် ပုခန်းစည်သူ ဘုရား, ရှင်မတောင်ဘုရား, မြတ်ပေါင်းမဥ္ဇူဘုရား, ဒက္ခိဏသာခါဘုရား လေးဆူကို တောင်နန်းတော်နန်းမြင့်သို့ပင့်ဆောင်ပြီးလျှင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား, အသျှင်မိဖုရားခေါင်ကြီးဘုရားနှင့်တကွ ထွက်တော် မူ၍ ပွဲသဘင်ခင်းကျင်း တီးမှုတ်ကခုန်စေပြီးလျှင် ကိုယ်တော်တိုင် ညောင် ရေသွန်းယောင်း ပူဇော်တော်မူသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့သုံးရက်နေ့ သူရဲဝန်နှင့် သူရဲအမှုထမ်း လက်နက်ကိုင် လူငါးရာတို့ကို သုံးဆယ်မြို့က ရပ်နေစေရန် ရှမ်းပြည် မြောက်လမ်းသို့ ချီတက်စေရသည်။

ထိုနှစ် နယုန်လဆန်းနှစ်ရက်နေ့ ကွပ်ရွာဝန်ထောက် မင်းကြီးမင်း ခေါင်စည်သူကျော်မှာ စစ်သည်ရဲမက် လက်နက်ကိုင် လူတထောင်နှင့် မိုးနဲကြောင်းချီတက်ရသည်။

ထိုနှစ် နယုန်လဆန်းသုံးရက်နေ့ ခမည်းတော် မင်းတရားကြီးဘုရား လက်ထက်တော်ကစ၍ ရွှေလက်ထက်တော်တိုင် ကြီးစိုးရသူ, ရွှေလက် ထက်တော် စစ်ဆေးရှင်းလင်း စစ်တမ်းစာရင်း ဆက်သွင်း ကြီးစိုးရသူ သူကြီးတို့ကို အထက်ရိုးရာ သားမြေးတို့က အလိုအလျောက် အနှောင့် အရှက် အပြောအဆိုမရှိစေနှင့် ပြောဆိုရှိလျှင် ရွာနေ ကြေးထမ်းကြီးတို့

သာ ပြောဆိုစေ-အမိန့်တော်ရှိ၍ တဘက်ရိုးရာမှ တရားစကားများကို ရပ်စဲရသည်။

ယင်းသည့်လဆန်း ဆယ်ရက်နေ့ စလေမြို့က ပင့်ဆောင် ဆိုက်ရောက်သည့် ဆုတောင်းပြည့်ဘုရားကို ဝိုက်ကျုံးတံခါးက အခင်းအကျင်း အစီအစဉ်နှင့် ရွှေနန်းတော် နန်းမြင့်သို့ ပင့်ဆောင်ရသည်။

ယင်းသည့်လဆန်း တဆဲ့သုံးရက်နေ့ သာသနာပြုဆရာတော်ကျောင်းတွင် တံဆိပ်တော်ရ ဆရာတော်ခုနစ်ဆဲ့သုံးပါး ပင့်ဘိတ် သာသနာရေး သာသနာမှ ပြောဆိုရန်စကားများကို ပြောဆို ညှိနှိုင်းသေချာသည့် ရန်ထားပုံ, သာသနာပြုဆရာတော်အမိန့်တော်, ပညတ်ရန် ဥပဒေသုံးဆဲ့နှစ်ချက်-စုံညီမိန့်ဆိုမှတ်သားချက်များကို သာသနာပြု ဆရာတော်က တိုင်တားမင်းကြီးတွင် ပေးအပ်လိုက်၍ရွှေလက်တော်ရောက် ဆက်သွင်းသည်။

ယင်းသည့် လဆန်း တဆဲ့ ငါးရက်နေ့ အထက်ပုခန်းကြီးမြို့က ပင့်ဆောင်၍ ရေသွန်းပူဇော်တော်မူသည့်ပုခန်းစည်သူရှင်ဘုရား,မြတ်ပေါင်းမဉ္ဇူဘုရား, ရှင်မတောင်ဘုရား, ဒက္ခိဏသာခါဘုရား-လေးဆူမှာ လှူဒါန်းရန် ရွှေချိန် ငါးဆယ်ကျော်စီ ခုတ်သည့် ရွှေသားသပိတ်ဖုံးစုံ, ခြေစုံ လုံးရေလေး, ရွှေအချိန်နှစ်ရာ့နှစ်ဆဲ့ငါးကျပ်များကို တပ်ဝင်း အစီအစဉ်နှင့် ရွှေနန်းတော်က မြစ်ဆိပ်ရောက် အရာရှိများကြီးကြပ်ဆောင်ယူ၍ ပုခန်းကြီးမြို့သို့အရောက် ပို့သလှူဒါန်းရသည်။

ယင်းသည့်လပြည့်ကျော်လေးရက်နေ့ အထက်ပဗ္ဗတဒေဝကျော်ခေါင်ဘွဲ့ခံ ငွေတောင်နယ်လေးဆဲ့ကိုးရွာအုပ် သေဆုံး၍ သား-လိဘဲက ရှိမိုးလက်ဆောင်တော်-ရွှေပန်းခိုင်, ငွေပန်းခိုင်, ကရင်အိတ်များကို ဆက်သ၊ အဘအရာ ဆက်ခံအုပ်ထိန်းထမ်းရွက်ပါရမည့်အကြောင်းနှင့် လွှတ်တော်မှာလျှောက်ချက်ကို ဖတ်လျှောက်ရာ လိဘဲကို လေးဆဲ့ကိုးရွာအုပ် ခန့်၍ အဘနည်း လေးဆဲ့ကိုးရွာကို အုပ်ရန် ခေါ်အစီးအနင်းအဆောင်အရွက် သနားတော်မူသည်။

ယင်းသည့်လပြည့်ကျော်ကိုးရက်နေ့ မြေနန်းတော်တွင်ဝန်ကြီးအတွင်းဝန်စုံညီ (၁၂၄၂) တဆောင့် နှစ်ရာ့ လေးဆဲ့ နှစ်ခုနှစ် ပဥ္စမကျော်ဆရာတော် ဦးဂန္ဓမှရ (၁၂၄၃) တဆောင့်နှစ်ရာ့လေးဆဲ့သုံးခုနှစ် ပဥ္စမကျော်ဆရာတော် ဦးဂန္ဓမာတို့ကို စာမေးမြန်းရသည်။

ယင်းသည့် လပြည့်ကျော် တဆဲ့လေးရက်နေ့ မိုးနဲမြို့သို့ချီတက် ထမ်းရွက်သည့် ရွှေးလက်ယာသေနတ်မိုလ်မှာ မိုးနဲမြို့တွင် အဖျားရောဂါကပ်

ရောက်၍ ၎င်းလပြည့်ကျော်လေးရက်နေ့သေဆုံးကြောင်းကြားနန်းရောက်ရှိသောကြောင့် အမိန့်တော်နှင့် ရွှေလက်ယာ သေနတ်ဗိုလ်ကို ကောင်းမွန်လှပအောင် လုပ်ဆောင်သဂြိုဟ်ရသည်။ သား-ဘကိုလည်း အဘနေရာတွင် ရွှေလက်ယာသေနတ်ဗိုလ် ခန့်တော်မူသည်။

### ဗန်းမော်ဝန်ကိုအကျဉ်းယူရခြင်း-စသည်နှင့် ကျွန်များကိုရွေးပြီး ရှင်လောင်း တထောင့်တရာကျော် ချီးမြှင့်ခြင်း

ထိုနှစ် ပဌမဝါဆိုလဆန်း နှစ်ရက်နေ့ သံတော်အရာရှိ အတွင်းဝန်မြို့သစ်မြို့စား, ဝန်ထောက်သံချက်ဝန်တို့ စာအမှတ်အသားရှိသည်ကို ရွှေလက်တော်ရောက် ဆက်သ ကြည့်ရှုတော်မူရာ ပြည်မြို့တွင် ငွေခွန်ဝန်ဟောင်း, ကောင်ဟန်ဝန်ဟောင်းတို့ကို တွေ့ကြောင်း ပါရှိသည်နှင့် သင်းတို့ မိုးကောင်းသို့ရောက်မှ ပြေးသည်, မရောက်မီပြေးသည်-တင်လျှောက်စေ၊ ခန်းပတ်ဝန်ကြီးဟောင်းကိုလည်း ထောင်မှာထားစေ-အမိန့်တော်နှင့် ထောင်မှာထားရသည်။ ငွေခွန်ဝန်ဟောင်း, ကောင်ဟန်ဝန်ဟောင်းတို့ မယားများ သွားရောက်ရှာဖွေစေရာ မတွေ့ဖြစ်သည်။

ယင်းသည့် လဆန်းသုံးရက်နေ့ ကောင်ဟန်ဝန်ဟောင်း ငလတ်, ငွေခွန်ဝန်ဟောင်းငရွှေငယ်တို့ကို မိုးကောင်းသို့ပို့ရာ မရောက်မီ ဗန်းမော်မြို့ဝန်ထံတွင် ထိန်းသိမ်းရှိသည့်အတွင်း လက်လွှတ်ထွက်ပြေး၍ ပြည်မြို့တွင် မြို့သစ်အတွင်းဝန်, သံချက်ဝန်ထောက်တို့နှင့်တွေ့ကြုံကြောင်း၊ ၎င်းတို့ကပို့ရောက်သည့် တင်စာလျှောက်စာကို အရင်းပြု၍ ငရွှေငယ်, ငလတ်တို့ထွက်ပြေးသည့်အရာကို လွှတ်ကဖုံးဘိထားကြောင်း၊ ဗန်းမော်ဝန်လည်း ပေါ့လျော့လစ်လပ်သူ ဖြစ်ကြောင်းများနှင့် အပြစ်တော်တင် ခံရသည့်အတိုင်း ဗန်းမော်လေးမြို့ဝန်ကို ဝါးနွယ်ခုံမြို့စားဗန်းမော်လေးမြို့ဝန်အရာက နုတ်၍ ရွှေဘဝါးတော်အောက် အကျဉ်းယူရန် မှူးတော်မတ်တော်တို့ ညှိနှိုင်းဆက်သွင်းချက်အရ အမိန့်တော်မှတ်သည်။

သေနတ်ဝန်ကြီး ချွေးမဖြစ်သူလည်း ကောင်ဟန်ဝန်ဟောင်း သမီးဖြစ်သောကြောင့် ၎င်းချွေးမ, ၎င်းဘွားမ တို့နှင့် ကောင်ဟန်ဝန်ဟောင်း မယားငယ်တစ်တို့ကို ထောင်မှာထားရသည်။ဗန်းမော်လေးမြို့ဝန်ဟောင်းကိုလည်း ယင်းသည့်နေ့ ရွှေမြားစွဲဗိုလ်ငသိုင်းကြီးကြပ်၍ သုံးတန်းလူ ကိုး, လွှတ်စေလေးတန်းလူ လေးတို့နှင့် အကျဉ်းယူရန် ဗန်းမော်မြို့သို့ ထွက်သွားရသည်။

ယင်းသည့်နေ့ ပဥ္စမပြန် ပဌွင်းလောင်းတော်နှစ်ဆဲ့တစ်တို့ကို ရှေ့တော်သို့သွင်း၍ အဝတ်အစား အထိုက်အလိုက် သနားတော်မူရာ ကြီးကြပ်ပြုစုရန် အနောက် ခင်မကန်တိုက် ပဥ္စမ မောင်အောင်တွန်းမှာ ကြင်ခပ်နီ ခေါင်းပေါင်းငါး, ဖဲပုဝါနှစ်, ကြယ်ထိုးအင်္ကျီ တစ်, ငွေယက်ပြားသတ် အင်္ကျီ နှစ်, ဝိတ်အင်္ကျီ နှစ်, ရောင်ရှင်ပုဆိုး နှစ်, ဝိုးပုဆိုး နှစ်, ကွမ်းတုံ ပုဆိုးတစ်, ငွေဒင်္ဂါးပြားရေတရာ သနားတော်မူသည်။

ယင်းသည့်နေ့ သုံးဆယ်မြို့ဝန်ကို အရာကနုတ်၍ သစ္စာခံမြင်းဝန်, မိုင်းလုံမြို့ဝန်ကို သုံးဆယ်မြို့ဝန် ခန့်တော်မူသည်။

ယင်းသည့်လဆန်းခုနစ်ရက်နေ့ ညဥ့်ညီလာခံတွင် သူတပါးအိမ်အစေကျွန်ခံအဖြစ် နေရသူတို့ကို ကိုယ်နေကြေးသတ္တရာဇ်ထွက်ငွေများကို ပေးဆပ်ရွေးနုတ်တော်မူပြီးလျှင် သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်တော်မူမည်အကြောင်း အမိန့်တော်ရှိသည်။

ယင်းသည့်လဆန်း တဆဲ့နှစ်ရက်နေ့ ညဥ့် ညီလာခံတွင် မနက်ပလာဆင်ဝန် မင်းကျော်ပြာရှပ်ကို အတွင်းတော်သို့အဝင်အရောက်မရှိ နေထိုင်သူဖြစ်၍ ငယ်မည်နှင့်အရာကို ရုပ်သိမ်းတော်မူသည်။

ယင်းသည့်လပြည့်ကျော် ရှစ်ရက်နေ့ ပဋ္ဌာန်းအလှူတော် သုခမ္မာသို့ ရှေးအစဉ် ပို့သလှူဒါန်းမြဲ ဆွမ်းအုပ်အလှူတော်များပြင် အတွင်းဝန်စလေမြို့စား, အတွင်းဝန် ရွှေတိုက်ဝန်ပေါက်မြိုင်မြို့စား, အတွင်းဝန် ကျောက်မြောင်းမြို့စားတို့နှင့် လက်သုံးတော်ကိုင် မိုလ်စုဝန်စုတို့က ဆွမ်းတအုပ်လျှင် ငွေဒင်္ဂါးနှစ်ပြားတန် ဆွမ်းအုပ်တထောင် ပို့သ လှူဒါန်းကြရသည်။ စရိတ်ငွေတော်လည်း သနားတော်မူသည်။

ယင်းသည့်နေ့ တံဆိပ်တော်ရဆရာတော် ခုနစ်ဆဲ့လေးအနက် အဝေးသွားကိုနှိမ်၍ ခြောက်ဆဲ့ငါးပါး, ဆင်ခြေဖုံး ဂိုဏ်းအုပ် ဂိုဏ်းထောက်လေးဆဲ့ရှစ်, လေးပြင်တိုက်အုပ် တိုက်ကြပ် နှစ်ရာ့နှစ်ဆဲ့နှစ်, စုစု သံဃာသုံးရာ့သုံးဆဲ့ငါးတို့ကို အထူးထူးသော အလှူတော်များကို လှူတော်မူသည်။ ယင်းသည့်နေ့ စာရင်းပါသံဃာတော်တို့ကို ပင့်ဘိတ်၍ အစုံအညီတွင် သာသနာရေး သာသနာမှုဥပဒေ သုံးဆဲ့လေးချက်နှင့် သာသနာပြုဆရာတော်ဘုရား အမိန့်တော်ပါ နှစ်ရပ်အနက် အမိန့်တော်ကို သံတော်ဆင့် လယ်ဝန် မင်းကျော်သီရိမင်းထင် ဖတ်လျှောက်ပြီးနောက် သုံးဆဲ့လေးချက် ဥပဒေကို ကျောင်းတော်တွင် ရေးမှတ်နေသူ စာရေးက

ဖတ်လျှောက်ရသည်။ ဝန်ကြီး, အတွင်းဝန် မှူးတော်မတ်တော်တို့လည်း နားခံကြရသည်။

ပြီးလျှင် တံဆိပ်တော်ရဆရာတော်ကြီးတို့ကို ပဋ္ဌမသာသနာပိုင်ဆရာတော်, ဒုတိယ လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီးတို့က သာသနာတော်စည်ပင်ထွန်းလင်းအောင် တိုက်တွင်းရှိရဟန်းသာမဏေတို့ကို ဟောပြောဆုံးမကူညီရိုင်းပင်းကြပါမည်အကြောင်းနှင့်လျှောက်ထားရာ ကောင်းစွာကူညီရိုင်းပင်း ကြည့်ရှုမည် ဝန်ခံမိန့်ဆိုကြသည်။ ယင်းသည့်နေ့ သုဓမ္မာစရပ်တော်မှာ အထူးသဖြင့် ရဟန်းရှင်လူတို့ စည်ပင်များပြားသောဟူ၏။

ယင်းသည့်လပြည့်ကျော် ကိုးရက်နေ့ နံနက်ညီလာခံ ထွက်တော်မူရာ ညောင်ရွှေစော်ဘွား ကမ္ဘောဇ ရဋ္ဌသီရိ ပဝရ မဟာဝံသ သုဓမ္မရာဇာ, ယောက်ဖ-သီကျစ်မြို့စားတို့ ရှိခိုးလက်ဆောင်တော်ဆက် ရွှေတော်သို့ဝင်ရောက်ခစားကြသည်။ရှင်တော်တထောင်ပြုရန်ကိုလည်း သုဓမ္မာစရပ်တော်မှာ ချီးမြှင့်ပြုစေ-အမိန့်တော်ရှိသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ သုံးဆယ်မြို့နယ် ငွေတောင်တောက အောက်ငင်ခဲ့သည့် အတိုင်း ငါးတောင့်တမိုက် ဝင်းရည်ဆင်တော်ကို ဝန်ရှင်တော်တိုင်တားမြို့စား မင်းကြီး ကြီးကြပ်၍ ကျုံးသွင်းကျော့ဖမ်းရသည်။

ထိုနှစ် ဒုတိယဝါဆိုလဆန်းနှစ်ရက်နေ့ ငရိတ်ကို လက်ယာဝင်းမှူး ညောင်အုပ်မြို့စားအရာက ရုပ်သိမ်း၍ မြင်းခုံတိုင်မြို့စား မဟာမင်းလှမင်းထင်သမိန်စက်ကို လက်ယာဝင်းမှူးလက်ယာကြောင်းမိုယ်ကိုလဲ၍သူ့ရဲဝန်၊ ဘုန်းတော်ပြစ်မိုလ်ကိုလဲ၍ ခနက်ပလာဆင်ဝန်၊ ဘုန်းတော်ပြစ် သေနတ်စာရေး ငပေကို ဘုန်းတော်ပြစ်မိုလ်၊ သံတော်ဆင့် ရွှေနန်းရိုးလမိုင်းဝန်မဟာမင်းကျော်ရာဇာကို ဗန်းမော်လေးမြို့ဝန် ခန့်ပြီးလျှင် နောက်ဝင်းမှူးမင်းကြီးမင်းလှမဟာမင်းခေါင်ကို ရန်ပုံတော်ငွေ ခြောက်ထောင်တွင် နှစ်ထောင်တိုး၍ ရှစ်ထောင်သနားတော်မူသည်။ ယင်းသည့်နေ့ညဉ့်ညီလာခံတွင် နန်းမတော်ဝန် မိုင်းကိုင်းမြို့စား မင်းကြီးသီရိဇေယသူကို အတွင်းဝန် ခန့်တော်မူသည်။

ယင်းသည့်လဆန်းကိုးရက်ကစ၍ ဆယ်ရက်နေ့ထိ သူတပါးအိမ်တွင်ကြေးငွေနှင့် အစေကျွန်ခံစာချုပ် သက္ကရာဇ်ထားနှင့် အစေအခိုင်းခံရသူကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို စာရင်းစစ်သိမ်းတော်မူ၍ ပေါင်ဝယ်ရင်း ပေါင်စာဝယ်စာ သက္ကရာဇ်စာချုပ် နေ့စွဲရက်မှတ်, ပေးဝင်ဆပ်

တမ်း အမှတ်အသားများကို လွှတ်တော်သို့သွင်းစေပြီးလျှင် ပေါင်ရောင်းသူ၊ အပေါင်အရောင်းခံသူ၊ တိုင်ခံသူတို့နှင့် စာဝင်လိခိတပါသူတို့ကို လွှတ်တော်တွင် ဝန်ထောက်၊ တရားသူကြီး၊ သံတော်ဆင့်၊ စာရေးကြီး၊ အရာရှိတို့ အစုံအညီ စစ်ဆေးမေးမြန်း စာရင်းဆက်သွင်းစေ၍ အစေကျွန်ခံ သတ္တရာဇ်ထွက်ငွေ လေးသောင်းကျော် ထုတ်ဆပ် ပေးရွေးတော်မူသည်။

ယင်းသည့်လဆန်း တဆဲ့တရက်နေ့ ငွေတော်ထုတ်ပေး ရွေးနုတ်ရ ရဟန်းလောင်း နှစ်ရာ့လေးဆယ်ပြင် ရှင်လောင်း တထောင့်တရာ့ငါးဆဲ့လေးတို့ကို တကိုယ်လျှင် ဖဲပုဆိုးတစ်၊ ပုဝါတစ်၊ အင်္ကျီဘိုးငွေ တပြား၊ ရှင်ပြုသည့်နေ့ နံနက်စာ ညစာထမင်းဘိုးငွေ တပြား၊ နှစ်စု ငွေနှစ်ပြားကို ပုဝါစွန်ထောင့် နှစ်ထောင့်၌ တပြားစီထုပ်၍ လွှတ်တော်တောင် အုတ်တိုက်တွင် ဝန့်ရှင်တော်သေနတ်ဝန် လယ်ကိုင်းမြို့စား မင်းကြီးရွှေ ပေးရသည်။

ယင်းသည့် လဆန်း တဆဲ့နှစ်ရက်နေ့ ရဟန်းလောင်း ရှင်လောင်း တထောင့် သုံးရာ့ ကိုးဆဲ့ငါးတို့ကို ချီးမြှင့်ရာ တံဆိပ်ရဆရာတော်ခုနစ်ဆဲ့သုံး၊ တိုက်အုပ်တိုက်ကြပ် တရာ့နှစ်ဆဲ့ရှစ်၊ နှစ်စု နှစ်ရာ့တစ်တို့ကိုလှူရန် ပဒေသာ နှစ်ရာ့တစ်နှင့် ပဌမစာတော်ပြန် ရဟန်းလောင်း နှစ်ဆဲ့တစ်တို့ကို သွင်းပြရာ တောင်စမုတ်တွင် အသျှင်နှစ်ပါးထွက်၍ ရေစက်သွန်းတော်မူသည်။ ပြီးလျှင် မှူးတော်မတ်တော်တို့ သုဓမ္မာသို့သွားရောက် တံဆိပ်တော်ရ-မရ တိုက်အုပ်တိုက်ကြပ်ပါ ပုဂ္ဂိုလ် ခြောက်ဆဲ့ခုနစ်တို့ကို ပဒေသာ ခြောက်ဆဲ့ခုနစ် ပင့်ဘိတ်လှူဒါန်း၍ ရဟန်းလောင်းနှစ်ဆဲ့လေး၊ ရှင်လောင်း သုံးရာ့သုံးဆဲ့ငါးတို့ကို သာသနာတော်တွင်း ချီးမြှင့်သည်။

ယင်းသည့်လဆန်း တဆဲ့သုံးရက်နေ့ မှူးတော်မတ်တော်တို့ ကြီးကြပ်ပြီးလျှင် သုဓမ္မာတွင် အလှူခံပုဂ္ဂိုလ် ခြောက်ဆဲ့ခုနစ်တို့ကိုလှူရန် ပဒေသာ ခြောက်ဆဲ့ခုနစ်ကို လှူဒါန်း၍ ရဟန်းလောင်း နှစ်ဆယ်ကျော်၊ ရှင်လောင်း သုံးရာကျော်တို့ကို သာသနာတွင်း ချီးမြှင့်သည်။

ယင်းသည့်လဆန်း ထဆဲ့လေးရက်နေ့ ရဟန်းလောင်း နှစ်ရာ့လေးဆဲ့တစ်အနက် အထက်နှစ်ရပ်ချီးမြှင့်ပြီးပြင် ကျန်ရဟန်းလောင်း ရှင်လောင်း တထောင့်တရာ့ငါးဆဲ့လေးအနက် အထက်နှစ်ရပ် ချီးမြှင့်ပြီးပြင် ကျန် ရှင်လောင်းများကို သာသနာတော်တွင်း ချီးမြှင့်တော်မူသည်။

ယင်းသည့် လပြည့်ကျော် ငါးရက်နေ့ သေနတ်ဝန်ကြီးတိုက် ဆရာတော် ဘဝပြောင်းသည်ကို မဟာခေမိကာရာမဆရာတော် ဘဝပြောင်းရာ သင်္ဂြိုဟ်သည့်နည်း ယောင်တိုက်, ထီးဖြူ, သံလျှင်း အခမ်းအနားကျင်းပ၍ သင်္ဂြိုဟ်ရသည်။

## ဗုဒ္ဓသီဝလိဆိုသူထခြင်း၊ နန်းမတော်ဘုရား မီးရှူးမြင်တော်မူရန်စီစဉ်ခြင်း–စသည်များနှင့် ရာဇသံပေးပို့ခြင်း

ယင်းသည့်လပြည့်ကျော် ခုနစ်ရက်နေ့ စဉ့်ကူးမြို့ဝန်က စဉ့်ကူးမြို့နယ်အတွင်း ဗုဒ္ဓသီဝလိဆိုသူ ရှမ်းဟိုဟန်တဦးသည် ရှမ်းဟိုဟန်လူနှစ်ရာကျော် စည်းကြပ်၍ ထီးဖြူနှစ်, အလံဖြူ, အလံနီ, အလံစိမ်း, အလံဝါကို စိုက်ထူပြသ တိုက်ခိုက် ယာကြောင်း–လျှောက်ချက်အရ ယင်းသည့်နေ့ ရွှေပြည့်ရန်အောင် ရဲဘက် မြင်းတပ်မိုယ်နှင့် အမှုထမ်းလူ သုံးရာတို့ကို အလယ်လမ်း, မတ္တရာဝန်နှင့် မတ္တရာမြို့ရှိလူတို့ကို အရှေ့လမ်း, လှေသင်းမိုလ်မှာ သင်းဘောသားလူ–လှေအမှုထမ်းလူတို့နှင့် ရောဝတီမြစ်က ဆန်တက်၍ ရေကြောင်းလမ်းဖြင့် ချီတက်ဖမ်းဆီးကြရသည်။

ထိုနှစ် ဝါခေါင်လဆန်းရှစ်ရက်နေ့ အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား မီးရှူးသဘင် ယင်တော်မူလျှင် အသင့်ရှိစေရန် မနောဟရထီးဖြူတော်, ရွှေသားညောင်စောင်းတော်, နဝရတ်စီ မီးဖိုတော်မှစ၍ မီးရှူးမြင်တော်မူရန် အခမ်းအနားအဘွယ်အရာများကို ဝန်ကြီး, အတွင်းဝန်, ဝန်ထောက်, နန်းမတော်ဘုရားဝန်, စာရေးကြီးတို့ ကြီးကြပ်၍ ဆောင်မတော်အတွင်း သွင်းပြီးလျှင် မနောဟရထီးဖြူတော်ကို အမတော် ပုခန်းကြီးစုဘုရား, နှမတော် မိတ္ထိလာစုဘုရားတို့ ဝဲယာဆွဲကြိုးကိုကိုင်မပြီးလျှင် အသျှင်နှစ်ပါး ကြည့်ရှုတော်မူ၍ စိုက်ထူရသည်။

ယင်းသည့်လဆန်း တဆဲ့လေးရက်နေ့ အမိန့်တော်နှင့် မာန်အောင်ရတနာဘုရား, မဟာမုနိဘုရားများတွင် သံလက်ရန်း, သံတံခါးလုပ်ရန် ပြင်သစ်စက်ဆရာဂုံဘီလမ်းသို့ ငွေတော်ထုတ်ပေး ဝယ်ယူတင်ဆောင်ရာ ဘုရားနှစ်ဆူသို့ ဆိုက်ရောက်သောကြောင့် သံလက်ရန်း, သံတံခါး, ကြွေအုတ်များကို ဝန်ကြီး အတွင်းဝန်တို့ သွားရောက်ကြည့်ရှုကြရသည်။

ယင်းသည့်လပြည့်ကျော် ကိုးရက်နေ့ သက္ကရာဇ် (၁၁၉၁) တထောင့်တရာ့ကိုးဆဲ့တခုနှောင်းတန်းခူးလဆန်းဆယ်ရက်နေ့ဖွား ဝက်မစွတ်မြို့စား

ရွှေပြည် ဝန်ကြီးဟောင်း သတိုး မင်းကြီး မင်းလှ မဟာ မင်းခေါင် သီဟသူ သေလွန်သည်ကို အဖုံးကမွတ်နှင့် သဂြိုဟ်စေ-လွှတ်တော်က အမိန့်ပေးသည့်အတိုင်း သဂြိုဟ်ရသည်။

ယင်းသည့်နေ့ မြောက်ဒဝယ်မိုလ်ဟောင်း တော့တ်မယား မိဆင့်ကို သင့်နေ ကျူးလွန်သူ အရှင် နန်းမတော်ဘုရား စာရေးကြီး အောင်ပင်လယ်လမိုင်းဝန်ကို ရွှေသေတ္တာတွင် ထင်လှာပါသည့်အတိုင်း စစ်ဆေးတော်မူရာ မှန်ကြောင်းနှင့်ထွက်ဆိုသောကြောင့် မြို့ဝန်ကိုအစ်၍ လမိုင်းဝန်ကို မယားနှင့်တကွ ထောင်မှာထားရသည်။

ထိုနှစ် တော်သလင်းလဆန်းကိုးရက်နေ့ ရန်ကုန်မြို့နေ ကျောင်းတကာ ဘိုးညွှန်း,သား-ဘိုးမြင့်တို့က မွန်ထော်ထမ်းဆောင်သည့်သစ်တောကို စာချုပ် နှစ်-လ စေ့ရောက်၍ မွန်ထော်အခွန်ထမ်းရက်ကုန်ဆုံးသည့်အခါ ဆက်လက်ထမ်းရွက်ပါရမည်အကြောင်း လျှောက်ချက်ကို လွှတ်တော်က သဘောတူခွင့်ပြု၍ကျောင်းတကာဘိုးညွှန်း,သား-ဘိုးမြင့်တို့နှင့်စာချုပ်ပြုလုပ်သည်။

ယင်းသည့်လဆန်းတဆဲ့တရက်နေ့ နှစ်စဉ်ကျင်းပမြဲ ရေသဘင်ပွဲတော်ပြုလုပ်ရန် မှူးတော်မတ်တော်အရာရှိတို့ ရွှေမြို့တော်နောက်မျက်နှာ ရေဝတီမြစ်ဆိပ်သို့ထွက်လာကြပြီးလျှင် လှေချလွှတ်ရန် သမ္ဘန်ကို ဝန်ထော် ဝက်မဇ္ဇတ်မြို့စားမင်းကြီးမင်းထင်မဟာစည်သူ သွားရောက်ဖက်စပ် ချထားရသည်၊ ပဌမလှေရွှေဖျားတွဲဘက်မရှိ၍ စုန်သွားစေရသည်။

ပြီးလျှင် လက်ရွေးကြီး, လက်သစ်, လှော်ကားတော်ကြီးနှစ်စင်း၊ ၎င်းနောက်-ပြည်လုံးအွံ့နှင့် ရွှေးကြီး တွဲဖက် ပြိုင်ဆိုင်စေရသည်။ ပြီးလျှင်-ယှော်ကားတော်စင်းရေ တဆဲ့နှစ်၊ ပြီးလျှင်-ပုလိပ်ရွှေခဲ, အစေခံတောင်လုံး, ပွဲတိုင်းကျော်, ထွက်ဟိုင်းရ-စသော လှော်လှေတော်စင်းရေ နှစ်ဆဲ့နှစ်။ ပြီးလျှင် ရွှေတုံး,မင်းစံ, တောင်လုံးမှိုင်း, ရွှေလောင်းကြီး, ယင်ပုံ, မင်္ဂလာရန်နင်း, ခိုတောင်ရွှေခဲ-စသော ခတ်လှေတော် နှစ်ဆဲ့ရှစ်စင်း။ ပြီးလျှင်-သုံးလူ့တောက်ပ, သုံးလူ့ပူဇော်စသော လောင်းတော်စင်းရေ နှစ်ဆဲ့ကိုး။ ပြီးလျှင် သေနတ်အစုအမှုထမ်းတို့ ရဲလှေစင်းရေ လေးဆဲ့ငါး။ ပြီးလျှင်-မှူးတော်မတ်တော်တို့လှော်ကားချင်းပြိုင်ဆိုင်ရသည်၊ ၎င်းလဆန်းတဆဲ့နှစ်ရက်နေ့ ၎င်းနည်းတူ ပြိုင်ဆိုင်ရသည်။

၎င်းလဆန်းတဆဲ့သုံးရက်နေ့ ပင်လယ်သွား စကြာယာဉ်ပျံသင်းတောတော်, ရောဝတီမြစ်သွား ရတနာယာဉ်သာ, ရတနာယာဉ်ပျံ, စကြာရန်

လွှင့်-စသောသင်းဘောတော်စင်းရေနှစ်ဆဲ့နှစ်ကို တွဲဖက်ပြိုင်ဆိုင် ရသည်။ ပြီးလျှင်-အထက်နေ့က ဒိုတောင်ရွှေခဲ ခတ်လှေတော်နှင့် မင်္ဂလာရန်နင်း ခတ်လှေတော်ပြိုင်ဆိုင်ရာ မင်္ဂလာရန်နင်းရှုံးနိမ့်သည်ကို စိတ်မကြေထစ်မံ ပြိုင်ဆိုင်ရန် အမိန့်တော်မြွက်ခံပြီးဖြစ်သည့်အတိုင်း ၎င်းလှော်တော်နှစ်စင်း ပြိုင်ဆိုင်ကြရာ မင်္ဂလာရန်နင်းနိုင်၍ပန်းရသည်၊ ပြီးလျှင်-ရေသဘင်ပွဲတော် သိမ်းသည်။

ယင်းသည့်လပြည့်ကျော်တရက်နေ့ ကုလား-ဝါကား, ဘိုးမြင့်တို့က ရောဝတီသစ်တောကို ယခု မွန်ထော်ထမ်းသည်မှာ (၁၂၄၉)တထောင့် နှစ်ရာ့လေးဆဲ့ကိုးခုနှစ်တိုင်ရောက်ကာလ နှစ်-လ စေ့တော့မည်ဖြစ်၍ မွန် ထော်ထမ်းရင်းငွေနှစ်သိန်းတွင် ငါးသောင်းတိုး၍ ထမ်းရွက်ရန် ယခုငွေ တသိန်းနှင့် လက်ဆောင်တော် ငွေတသောင်း ဆက်သွင်းနှင့် ပါရမည် အကြောင်း လျှောက်ထားသည်။ ယင်းသည့်နောက် အထက်ပြောဆိုချက် အရ မွန်ထော်ဆိုက်ရောက်ရှိ၍ စုံညီမေးမြန်းရာ တဦးထက်တဦးသာလွန် တိုးတက်ထမ်းရွက်ပါရမည်-နှစ်ဦးပြိုင်ဆိုင် ပြောဆိုကြပြီးနောက် တနှစ် လျှင် ငွေငါးသိန်းနှင့် မွန်တော်ကပင် ဆက်လက် ထမ်းရွက်လိုကြောင်း၊ တသိန်းရှစ်သောင်းငွေကို စာချုပ်သည့်နေ့, ကျန် သုံးသိန်းနှစ်သောင်းကို စာချုပ်သည့်နောက် ရက်နှစ်ဆယ်စေ့ရောက်ကာလ အပြေသွင်းပါမည်။ မသွင်းနိုင်လျှင် လက်ရှိဆင်သုံးရာ, သင်းဘောနှစ်စင်း, တောရှိခုတ်ပြီး သစ်များအလုံး သိမ်းယူ၍ ချလိုသူကို ချပါမည့် အကြောင်း-မွန်ထော် လျှောက်ထားချက်အရ မွန်ထော်ကိုပင်ချထားရန်လွှတ်တော်ကစီမံသည်။

ယင်းသည့် လပြည့်ကျော် ကိုးရက်နေ့ အမိန့်တော်မြွက်အရ မြောက် မာရဘင်ဗိုလ် မဟာမင်းလှမင်းထင်သီရိနှင့် မြောက်မာရဘင် ရဲမက်အမှု ထမ်း လူငါးရာတို့ မင်းလှမြို့စောင့်ထမ်း လဲလှယ်ရန် သင်းဘောတော်စီး နင်း၍ ရွှေမြို့တော်နောက်ပြင် ရောဝတီဆိပ်ကမ်းက ထွက်ခွာစုန်သွားရ သည်။

ယင်းသည့်လပြည့်ကျော် တဆဲ့တရက်နေ့ ပန်းဆက်တံခါးတော်ပြင် တွင် တည်လုပ်ပြီးပြေရှိသည့် သင်းဘောတော်ကို ပညာရှိတို့ ဆက်သွင်း သည့်အခါတော်အရ စာတမ်းစာရင်းထွက်ရှိသည့်အတိုင်း အခမ်းအနား နှင့် ရေသို့ချဆောင်ရသည်။

ထိုနှစ် သီဘင်းကျွတ်လဆန်းတရက်နေ့ သာသနာရေး သာသနာမှု ဥာဒေ သုံးဆဲ့လေးအချက်ပါ ရွှေမြို့တော်လေးပြင် တိုက်အုပ်တိုက်ကြပ်တို့

ပြန်ဆိုရန် ဒွေမာတိကာပါဠိတော်များကို သုဓမ္မာစရပ်-ပဋ္ဌာန်းစရပ်တော် ဝဲယာခွဲဝေ၍ ရင်းလေးပြင် တိုက်အုပ်တိုက်ကြပ် နှစ်ရာ့တဆဲ့လေးအနက် အရှေ့ပြင်-နောက်ပြင် တိုက်အုပ်တိုက်ကြပ် တရာ့ငါးကို ဒွေမာတိကာ ပါဠိတော်ကုန် သာသနာပြုဆရာတော်နှင့် တံဆိပ်တော်ရ ဆရာတော် နှစ်ဆယ်တို့ကြပ်မပြီးလျှင် ပြန်ဆိုစေရာ အတွင်းဝန်, သံတော်ဆင့်, စာရေးကြီးမှစ၍ လွှတ်တော် အတွင်းတော်အရာရှိ၊ တရားသူကြီးနှင့်တရားရုံးအရာရှိ, ထောင်မှူး, မြို့စာရေး, ထောင်စချီ, ရွှေရုံးအရာရှိတို့ နာခံကြရသည်။ စာပြန်သံဃာတော်တပါးလျှင် ပိတ်အုပ်တစ်, ဖယောင်းတိုင် သေတ္တာတစ်ကျ ရေစက်သွန်းချ လှူဒါန်းတော်မူသည်။

သက္ကရာဇ် (၁၂၄၅) တထောင့်နှစ်ရာ့လေးဆဲ့ငါးခု သီတင်းကျွတ်လဆန်းသုံးရက် ကြာသပတေးနေ့ နေသုံးချက်တီးကျော် လေးမောင်းသုံးပါဒ်အချိန် အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရား သမီးတော်မြတ်ရတနာကို ဖွားမြော်သန့်စင် မီးရှူးမြင်တော်မူသည်။ မီးရှူးမြင်တော်မူသော အခမ်းအနား၊ ယင်းနောက် နန္ဒိမုခ-မျက်နှာတော်ပြ အခမ်းအနား၊ တမ္ဗုလကရဏဟူသော ကွမ်းဦးခွံ့မင်္ဂလာအခမ်းအနား၊ ရဝိန္ဒုဒဿနဟူသော နေလရှုမြော်တော်မူရန် မင်္ဂလာ အခမ်းအနား၊ ပဌမဘတ္တဟူသော ထမင်းဦးခွံ့မင်္ဂလာအခမ်းအနား၊ ကေသစ္ဆေဒနဟူသော ဆံတော်ပြင်မင်္ဂလာ အခမ်းအနားများကို မှန်နန်းတော် ဆောင်တော်ဘမရာသနုရာဇပလ္လင်တော်ရွှေဝယ် အထက် သမီးတော်ထိပ်စုမြတ်ဘုရားကြီးကို ချီးမြှင့်တော်မူသကဲ့သို့ ခမ်းနားကြီးကျယ်စွာ ခင်းကျင်း ကျင်းပချီးမြှင့်တော်မူသည်။

ယင်းသည့်လဆန်းဆယ်ရက်နေ့ အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား ဆောင်မတော်က ပြောင်း၍ တောင်နန်းတော်မှာ စံတော်မူသည်။

လဆန်း တဆဲ့နှစ်ရက်နေ့ အနောက်အတွင်းတော် နောက်ဝန်းကျင်တန်းတွင် ခြေကျဉ်းစွဲခတ်အကျဉ်းချုပ်ထားသူ ခမည်းတော်ဘုရား မိဖုရားဟောင်း သားသမီးတို့နှင့် မပြတ်ဝင်ထွက်ခစားရသည့် မိဖုရားဟောင်းတို့ကို အသျှင်နှစ်ပါးရွှေတော်သို့ ဝင်စေပြီးလျှင် ခြေကျဉ်း စွဲခတ်သူမိဖုရားများကို ခြေကျဉ်းချွတ်၍ ဝင်ထွက်ခစားမြဲ မိဖုရားဟောင်းတို့နှင့် အတူငွေဒင်္ဂါး, ထဘီ, ပုဝါအုပ်, ပိတ်အုပ် သနားတော်မူသည်။

ယင်းသည့် လပြည့်ကျော်တရက်နေ့ နှစ်စဉ်ခံမြဲ ဝါကျွတ်ကန်တော့ခံ အခမ်းအနားကို မပြုမလုပ်၊ ရှိ့လွှတ်မြဲ မီးမျိုးစုံများကို မဟာလောကမာရဇိန်ဘုရား, မာန်အောင်ရတနာဘုရားမှာ ခွဲဝေရှိ့လွှတ် ပူဇော်ရန် အစဉ်သွင်းပြမြဲအတိုင်း တောင်စမုတ်တော်သို့ သွင်းပြ အသျှင်နှစ်ပါး ထွက်စံတော်မူ၍ ရေစက်သွန်းတော် မူပြီးလျှင် ယင်းသည့်နေ့ည ၎င်းဘုရားနှစ်ဆူမှာ ခွဲဝေရှိ့လွှတ်ပူဇော်ရသည်။

မဟာမုနိဘုရား, လောကဆီမီးဘုရား, မဟာဗောဓိ ပင်တော်များပါ နှစ်စဉ်မီးထွန်းလင်း ပူဇော်မြဲ တဆဲ့ခြောက်ဌာနပြင် အသျှင်နှစ်ပါးနံတော်သင့် မဟာလောကရန်နိုင်ဘုရား, ရတနာတန်ဆောင်ဘုရားများပါ စုစု တဆဲ့ရှစ်ဌာနဘုရားများမှာ ထွန်းလင်းရန် သုံးရက်သင့် ဖယောင်းတိုင် ရှစ်သောင်းကျော်အကျ ဖယောင်းတိုင်သေတ္တာများကိုလည်း မှန်စီထမ်းစင်နှင့်တင်၍မီးမျိုးစုံအလှူတော်များပါ ရွှေနောက်စီစဉ် ရွှေတော်သို့သွင်း ပြပြီးလျှင် ယင်းသည့်နေ့ကသုံးရက် မီးစောင်းတန်း ထွန်းလင်းပူဇော်ရာ မှူးကြီးမတ်ကြီးတို့နှင့် မှူးတော်မတ်တော်အရာရှိတို့ ခွဲဝေသွားရောက် ကြီးကြပ် ပွဲသဘင်ခင်းကျင်း ထွန်းလင်းပူဇော်ရသည်။ တဆဲ့ရှစ်ဌာနများသို့ မီးထွန်းလင်းလမ်းလျှောက် တီးမှုတ်ထမ်းရွက်စေရန် သေနတ်,အမြောက် ဝင်း, ဒိုင်း,လှေ,ဖောင်ရပ်ကွက်များက အသီးအသီးထွက်သည့် အိုးစည်, ဒိုးပတ်, ပုံထောင်, မောင်း, တီးမှုတ်လူတို့ကို တကိုယ်လျှင် ငွေဒင်္ဂါးငါး ပြားကျ သနားတော်မူသည်။

ယင်းသည့်နေ့ ရွှေနန်းတော် မြေနန်းတောင်ဘက်တွင် တဆဲ့ခြောက် ဌာန ဝက်ပါ, ရွှေနန်းတော် အနောက်တောင်ထောင့်တွင် ခရုပတ် ဝက်ပါ, စိတြနန္ဒာဝက်ပါများကို လုပ်ဆောင်ရသည်။ လပြည့်ကျော်ငါး ရက်နေ့ ခရုပတ်ဝက်ပါ ပြီးပြေ၍ မီးထွန်းလင်းရသည်။ လပြည့်ကျော် ခြောက်ရက်နေ့ ခရုပတ်ဝက်ပါကို ဖျက်သိမ်း၍ မြောက်ပိုင်းမှာ ခိုနန်း ဝက်ပါ, တောင်ပိုင်းမှာ ကပ္ပဋ္ဌိဘိဝက်ပါလုပ်ဆောင်ပြီးပြေ မီးထွန်းလင်း ပြီးနောက် အသျှင်နှစ်ပါး ထွက်စံ လျှောက်သွားတော်မူသည်။ လပြည့် ကျော်ခုနစ်ရက်နေ့ မြေနန်းတော်တောင်ဘက် သောဠသဝက်ပါကိုပြီးပြေ အောင် လုပ်ဆောင်၍ မီးထွန်းလင်းစေပြီးလျှင် အသျှင်နှစ်ပါး ထွက်စံ တော်မူသည်။

ယင်းသည့်သပြည့်ကျော် ရှစ်ရက်နေ့ နေသုံးချက်တီးကျော် အချိန် ဘိုးတော် ယမ်းမြီမင်းသား နှမတော်နှင့် ဘိုးတော် ဗိုလ်မှူးမင်းသား

မင်းမြဘူးကို စုံဘက်ရာတွင် မြင်သည့် မိထွေးတော် ဗိုလ်မှူးမင်းသမီးသည် လက်ပံစဉ့် မိဖုရားဟောင်း အဆောင်တွင် ကံကုန်ရာ (၁၂၀၇) တထောင့်နှစ်ရာ့ခုနစ်ခုနှစ်အမရပူရဒုတိယမြို့တည်နန်းတည်မင်းတရားကြီး လက်ထက် မင်းခင်းမင်းသမီးကို သင်္ဂြိုဟ်သည့် အခမ်းအနားတွင် သည်းညွန့်ညောင်ရွက်,မျက်နှာဖုံး, ခြေဖုံး, ဖလားသန္ဓေးများမှာ ရွှေသားပတ္တမြားတရစ်စီ လုပ်ဆောင် သင်္ဂြိုဟ်စေ-အမိန့်တော် ရှိသည့်အတိုင်း လုပ်ဆောင်ရသည်။ လပြည့်ကျော်ဆယ်ရက်နေ့ ဗိုလ်မှူးမင်းသမီး အလောင်းကို အဆောင်ကချရာ မယ်တော်ဆင်ဖြူမရှင်ဘုရား, အစ်မတော် စုဘုရားကြီး, အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား, ညီမတော် စုဘုရား-လေးပါး နောက်စမုတ်သို့ ထွက်တော်မူ၍ ကြည့်ရှုတော်မူသည်။ ယင်းသည့်နေ့ နန်းမြို့တော် အနောက် မြောက်ထောင့် အနောက် နန်းတော်ဟောင်းကို ထားသည့် ခုနစ်ရွာမိဖုရားဟောင်း ဝင်းအတွင်း မီးသင်္ဂြိုဟ်၍ အရိုးကို ထီးဖြူအုပ်မိုးပြီးလျှင် ဧရာဝတီမြစ်မှာ သလွန်ဖြူလှော်ကားနှင့် ရေချရသည်။

ထိုနှစ် တန်ဆောင်မုန်းလဆန်း ခြောက်ရက်နေ့ သံတော်အရာရှိများသည် အီတာလျံနိုင်ငံသို့ဦးစွာဆိုက်ရောက်သော်လည်း အီတာလျံမင်းနှင့် နိုင်ငံခြားဝန်ကြီးမင်းတို့ အခြားမြို့ရွာများသို့ သွားလာခိုက်ဖြစ်၍ မတွေ့ရကြောင်း၊ ထိုကလှည့်လည်ရာ ပြင်သစ်နိုင်ငံပါရစ်မြို့သို့ဆိုက်ရောက် နိုင်ငံခြားဝန်ကြီးနှင့်တွေ့ရှိ၍ မြန်မာနိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံ ကုန်အကူးအသန်း အရောင်းအဝယ်မှုစာချုပ်စကား အထက်ခမည်းတော်ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော် ကင်းဝန်မင်းကြီးနှင့် ပြောဆိုကြရာ မပြီးမမြောက်ရှိသည်ကို ပြီးမြောက်အောင် နိုင်ငံခြား ဝန်ကြီးနှင့်ထပ်မံဆက်လက်ပြောဆိုရကြောင်းနှင့် အတွင်းဝန်မြို့သစ်မြို့စားကလျှောက်ထားလိုက်သောစာရောက်ရှိ၍ တိုင်းနိုင်ငံရှင်တို့နှင့် တွေ့ရှိသောအခါ ဆက်လက်လိုလျှင် ဆက်လက်နိုင်ရန် အထက်အရေး လွှဲအပ်ပြီးရှိသော်လည်း ဂုဏ်ထူးထင်ရှားရှိစေခြင်းငှာအတွင်းဝန်မြို့သစ်မြို့စားမင်းကြီးမဟာဇေယသင်္ကြံကို သံကြီး၊ ဝန်ထောက်သံချက်ဝန်မင်းကြီး မင်းလှမဟာစည်သူကျော်ကို သံလက်၊ စာရေးကြီးမဟာမင်းလှသင်္ခယာ, စာရေးကြီးမဟာမင်းလှရာဇာ, မြဲတိုက်သံဆင့် နေမျိုးမင်းလှရာဇာ, လက်ဘက်ရည်တော် မောင်ဘိုးအုံတို့ကို သံငယ်ခန့်ထားသည့်အမိန့်တော်နှင့် အင်္ဂလိပ်ဘုရင်မသို့ပေးရန် ရာဇသံ, နိုင်ငံခြားဝန်ကြီးသို့ပေးရန်စာများကို ပြင်သစ်

နိုင်ငံ ပါရစ်မြို့ရှိ အတွင်းဝန် မြို့သစ်မြို့စားထံ စာရေးကြီး မောင်သာထားသို့ စေလွှတ်သွားရောက် ပို့အပ်စေရသည်။ စာရေးကြီး မောင်သာထားကိုလည်း စာရေးကြီး မဟာမင်းလှသင်္ခယာနည်း ဘွဲ့အစီးအနင်း အဆောင်အရွက် ရန်ပုံငွေ သနားတော်မူသည်။

### နောက်ဝင်းတော်မှူး ကျိုင်းတုံကြောင်း ချီခြင်း-စသည်များနှင့် တောင်တရာ့ငါးဆယ်ဗိုလ် မိုးဖြဲကြောင်းချီရခြင်း

ယင်းသည့်လဆန်းခုနစ်ရက်နေ့ နောက်ဝင်းတော်မှူး ပျဉ်းမနားမြို့စားနှင့် ဝန်စုဗိုလ်စုတပ်အရာရှိတို့ အောင်တပ်သို့ထွက်ရန် ကန်တော့ကြသည်ကို အသီးအသီး လွန်းများပုဆိုး, ပိုးပုဆိုး,ဖဲပုဆိုး,ပုဝါအုပ်,ခေါင်းပေါင်းအုပ်များနှင့် ဝင်းမှူးထံအလိုရှိရာပေးရန် လွန်းများပုဆိုး,ဖဲပုဆိုး,ပိုးပုဆိုး, ပုဝါအုပ်, ပိတ်အုပ်, ခေါင်းပေါင်းအုပ်, ရှုံအုပ်နှင့် ရွှေခွက်များကို သနားတော်မူသည်။

ယင်းသည့်နေ့ မိုးမြိတ်စော်ဘွား ဂန္ဓာလရဋ္ဌမဟာဝံသရာဇာ သေလွန်သည်ကို စော်ဘွားကြီးတို့သေလွန်ရာ လုပ်ဆောင်သင့်ဟ်သည့်နည်း လုပ်ဆောင်သင့်ဟ်စေ-အမိန့်တော်ရှိသည်။

ယင်းသည့်လဆန်းဆယ်ရက်နေ့ နေတချက်တီးကျော်အချိန် နောက်ဝင်းတော်မှူး ပျဉ်းမနားမြို့စား လက်ယာကြောင်းဗိုလ်, နတ်စုလက်ဝဲဗိုလ်, ဘုန်းတော်ဖြစ်ဗိုလ်ဘို့နှင့်နတ်စုလက်ဝဲအစု,လက်ယာကြောင်းအစု, ဘုန်းတော်ဖြစ်အစု, ရဲဘက်မြင်း, ရွှေပြည်ရန်အောင်မြင်း, လှေအစု,အမြောက်အစု ရဲမက်လက်နက်ကိုင်လူ သုံးထောင့် သုံးရာ့ တဆဲ့ တစ် တို့ ကျိုင်းတုံကြောင်းချီတက်ရသည်။

ယင်းသည့် လဆန်း တဆဲ့ဘရက်နေ့ နှစ်စဉ်သွင်းမြဲကထိန်အလှူတော်ကို သွင်းပြရာ တောင်စမှတ် ပွဲကြည့်ဆောင်တော်သို့ အသျှင်နှစ်ပါးထွက်တော်မူ၍ ရေစက်သွန်းချတော်မူပြီးလျှင် သွင်းလှူ ကိုးထောင့်နှစ်ရာ့ခုနစ်ဆဲ့နှစ်တို့ကို ခရီးဝေး-တကျပ်၊ခရီးလတ်-ငါးမူး၊အနီးနှစ်မူးပဲကျ ငွေတော်လေးထောင်သနားတော်မူပြီးလျှင် ရွှေမြို့တော်နှင့် အမရပူရပါ ကျောင်းတိုက်နှစ်ရာ့တဆဲ့ခုနစ်, ကျောင်းဦးရေ တထောင်ငါးရာကျော် များမှာ တကျောင်းလျှင် သင်္ကန်းလျာအိုးအင်ထိရိယာဝံ တစ်စီ အသီးအသီး မှူးဟော်မတ်ဘော်တို့ ကြီးကြပ်သွားရောက်ကထိန်ခင်းကျင်းလှူဒါန်းရသည်။

အထက်တိုက်ရှင်တာရှင်တို့က ခင်းပြီးကထိန်များကို မနုတ်စေရ သာမည လှူမြဲကျောင်းတိုင်း စေ့ငအောင် လှူဒါန်းရသည်။

ယင်းသည့်လဆန်း တဆွဲလေးရက်နေ့ ဓမ္မိဿရဓမ္မသာမိ ဖြစ်တော်မူသော သုံးလူ့သနင်း ရှင်စောမင်း၏ မွေးတော်ခေတ်မြတ် ကိန်းဝင်တော်မူရာ မာန်အောင်ရတနာဘုရား၊ မဟာမုနိဘုရား၊ ရွှေကွန်အုပ်ဘုရား၊ ရွှေစံကားဘုရား၊ မဟာလောကမာရဇိန်ဘုရား၊ မန္တလေးဘုရား၊ ဆုတောင်းပြည့်ဘုရား၊မဟာဝိဇယရံသီဘုရား၊ စွယ်တော်စင်ဘုရား၊ မဟာသယျမာရဇိန်ဘုရား၊ စန္ဒာမုနိဘုရား၊ ဗျာဒိတ်ညွန်း ရွှေရပ်တော်ကြီးဘုရား၊အရိုပ်မထွက်ဘုရား၊ရှင်ပင်ကြီးမြင့်ဘုရား၊မဟာလောကရံသီဘုရား၊ ချမ်းသာကြီးဘုရား၊ ချမ်းသာရဘုရား၊ ရတနာမဥ္ဇူဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေလင်းပင်ဘုရား၊ ဆင်ကြီးရွှေဂူဘုရား၊လောကမဏိစူဠာဘုရား၊ ရှင်ပင်အုန်းအင်းဘုရား၊ ရွှေယင်းရဲဘုရား၊ ရွှေဂူဘုရား၊ သာရရွှေဂူဘုရား၊ ရွှေကြက်ယက်ဘုရား၊ ရွှေကြက်ကျဘုရား၊ အဂ်ရဘုရား၊ ပုထိုးတော်ကြီးဘုရား၊ စက်တော်ရာဘုရား၊ ရှင်ဖြူရှင်လှဘုရား၊ မဟာဗောဓိပင် နှစ်ဆူဘုရား၊ ဆင်မျှားရှင်ဘုရား၊ ထူပါရုံဘုရား၊ အောင်မြေလောက ဘုရား၊ ထီးလှိုင်ရှင်ဘုရား၊ မဟာမုနိဘုရား၊ လောကသရဘူဘုရား၊ စုစု ဘုရားဆူရေ သုံးဆဲ့ကိုးဆူ၊ ရွှေဂူစေတီတော်မြတ်တို့အား နှစ်စဉ်လှူဒါန်းမြဲ မသိုးသက်န်း ရက်လုပ် လှူဒါန်းတော်မူရန် ရှိသည်ကို အနောက်စမုတ်ဆောင်တော်ရွှေ ဝဲယာတလျှောက် ဆောက်လုပ်ရှိစေသည့် ရက်ကန်းတဲများတွင် ပွဲတက်နေရာတော်နေ ကဖော်မယားတို့ကို သက်န်း ရက်လုပ်ရန် ဝါကြိတ်ရစ်မှစ၍ ရက်ကန်းစင် ကိရိယာစုံ, ရက်လုပ်မည့်သူ မိန်းမလက်ကောင်း လက်တတ်တို့နှင့်တကွ အသျှင်နန်းမတော်ဘုရားဝန် စာရေးကြီးတို့နှင့် အနောက်ဝန်, အနောက်ဝန်စာရေး, ကတော် စာရေးတို့က အသီးအသီး နေရာချထား အသင့်ရှိစေပြီးလျှင် အနောက်စမုတ်တော်ဦးပွဲကြည့်စံနန်းတော်သို့ အသျှင်နှစ်ပါး ထွက်စံတော်မူ၍ ဝါတောက်ရန်ညဉ့်နှစ်ချက်တီး အချိန်မတိုင်မီအတွင်း ပွဲသဘင်စုံများကို ကျင်းပစေပြီးလျှင် ညဉ့်နှစ်ချက်တီး ပဟိုရ်တော်သံ ကြားသည်နှင့်တပြိုင်နက် မျိုးစေ့ကြဲမြောက် ပင်ရောက်ပွင့်သီး လုံးကြီးဝါပေါက် ကောက်ယူ မဆိတ်အကြိတ်အဖန် ပြန်လှန်တုံပယ် ရှယ်ခြင်း, ရက်ခြင်း, ဆိုးခြင်းစုံလင် အစီရင်တို့ကို အသံကျူးပြောင်း၊ ပေါင်းခြင်း ဆိုးခြင်းမရှိစေရ ကတော်မယားတို့ တဦးထက်တဦးသာအောင် ကြိုးပမ်းအားထုတ် ပြိုင်ဆိုင်ရက်

လုပ်ကြရသည်။ မသိုးသက်န်းတော်ကြီးကြိပ်ရက်လုပ်သည့် ကတော်မယားတို့ကိုလည်း ပုဝါအုပ်,ဝိတ်အုပ်, သတ္တလတ်ခြူထည်များ သနားတော်မူ၍ ဦးစွာပြီးသူကို ရွှေဖလား သနားတော်မူသည်။ မြင်းစုကြီးဝန် မယားမှာ ချည်ခင်ကို နေအိမ်ကဆောင်ယူလာ၍ ထည့်သွင်းရက်လုပ်ရန် ဖွက်ထားသည်ကိုတွေ့မိသောကြောင့် ရွှေနန်းတော်ကိုလှည့်၍ဒိုးပတ်နှင့်ကရသည်။

ယင်းသည့်လဆန်း တဆဲ့ငါးရက်နေ့ နှစ်စဉ်ပူဇော်မြဲ နတ်ကြီးတဆဲ့ငါးပါးကို မင်းညီမင်းသား မှူးတော်မတ်တော်တို့ ကြီးကြပ်ပူဇော်ရသည်၊ ညနေဆည်းဆာအချိန်, နံနက်လေးချက်တီးအချိန်က ရက်လုပ်ပြီးပြေရှိသည့် မသိုးသက်န်းတော် စုံရေသုံးဆဲ့ကိုးနှင့်တကွ ပူဇော်တော်ပွဲ စသော အလှူတော်အတွယ်အရာများကို အခမ်းအနား စီစဉ် ခင်းကျင်းပြီးလျှင် တောင်စမုတ်တော်သို့ သွင်းပြရာ အသျှင်နှစ်ပါးထွက်တော်မူ၍ ရေစက်သွန်းတော်မူသည်။ ပြီးလျှင် စာပါဘုရားရှင်တို့အား အသီးအသီးအရာရှိတို့ ကြီးကြပ် သွားရောက်လှူဒါန်းရသည်။

၎င်းည၌ မဟာဝိန္ဒပူဇော်ရန် တောင်စမုတ်သို့ အသျှင်နှစ်ပါး ထွက်စံတော်မူ၍ ဥဒေါင်းရုထားနှင့် ဆွဲမြဲဆွဲင်ပူဇော်ရာ ရွှေငွေကြဲတော်မူသည်။

ယင်းသည့်လပြည့်ကျော် တရက်နေ့ လက်ပံစဉ်မိဖုရားဟောင်း သေလွန်သည်ကို မိဖုရားသတ်တို့သေလွန်ရာ သင်္ဂြိုဟ်သည့်နည်း လွှတ်တော်က လုပ်ဆောင်သင်္ဂြိုဟ်စေ—အမိန့်တော်အရ ပျဉ်ကတ္တီပါမှော်ကြဲ, ထီးဖြူနှစ်စင်းနှင့် သင်းချိုင်းတော်တွင် ချဆောင်မြေနှံ့ သင်္ဂြိုဟ်ရသည်။ ယင်းသည့်လပြည့်ကျော်နှစ်ရက်နေ့ ကင်းဝန်မြေဒူးမြို့စားကို အပြစ်အလျောက်တန်းတွင်ချုပ်ထားရသည်။

ယင်းသည့်လပြည့်ကျော်လေးရက်နေ့ ရွှေမြို့တော် အရှေ့ပြင် မဟာအတုလဝိဇယာရာမ တိုက်အတွင်း ခမည်းတော် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး စံတော်မူရင်း ရွှေနန်း ဆောင်တော်ကို ပြောင်းရွှေ့ဆောက်လုပ်တော်မူရာ ပြီးပြေ သောကြောင့် ကျောင်းတော် ရေစက်သွန်း အခမ်းအနားတွင် လှူဒါန်းရန် ဘဝရှင် မင်းတရားကြီးဘုရားက တပင်လျှင် ငွေ ခုနစ်ဆယ်တန် ပဒေသာပင်ရေ ခုနစ်ဆယ်နှင့် မယ်တော် ဆင်ဖြူမရှင်ဘုရားက လှူဒါန်းသည့် လက်ပံ အလှူတော်များကို တောင်စမုတ်တော်သို့ ပဌမသွင်းပြရာ အသျှင်နှစ်ပါး ရေစက်သွန်းချပြီးလျှင် မြောက်စမုတ်တော်က မယ်တော်ဆင်ဖြူမရှင်ဘုရား ထပ်မံရေစက်

သွန်းချတော်မူသည်။ ၎င်းနေ့ ပြည်လေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့်ဆင်တော်ကို ကျုံးသွင်း၍ ကျော့ဖမ်းရသည်။

ယင်းသည့် လပြည့်ကျော် ငါးရက်နေ့ မဟာအတုလဝိဇယာရာမတိုက်အတွင်း ရွှေနန်းတော်ကျောင်းကို မင်းညီမင်းသား မှူးတော်မတ်တော် ဆွေတော်မျိုးတော် ကတော်မယားတို့ ကြီးကြပ် ရေစက်သွန်းချရသည်၊ တံဆိပ်တော်ရဆရာတော်ခုနစ်ဆယ်ကို တပါးလျှင် အတိုးငွေ သုံးရာတန် လှူဒါန်းရသည်။

၎င်းလပြည့်ကျော် ခြောက်ရက်နေ့ ပင်းတလဲသင်းမှိုလ် မောင်သိုက်ကြီးနှင့် ပင်းတလဲသင်းတပ်, ပင်းသုံးမြို့သင်းမှိုလ်ရွှေမြားစွဲမှိုလ်ထွန်းမင်းနှင့် ပင်းသုံးမြို့သင်းတပ် ၎င်းနှစ်တပ်ရှမ်းပြည်သို့ ချီတက်ရသည်။

ယင်းသည့် လပြည့်ကျော်ခုနစ်ရက်နေ့ နံနက်ညီလာခံတွင် မန်းကျည်းကျပ်ရွာစားကို ရေကြည်ဝန်အရာက ရုပ်သိမ်းတော်မူသည်။ ယင်းသည့် လပြည့်ကျော် ဆယ်ရက်နေ့ တလုပ်မြို့ဝန်သင်းသေနတ်မှိုလ်ကို အောင်ပင်လယ်လမိုင်းဝန်အရာထပ်၍ ခန့်တော်မူသည်။

ယင်းသည့် တန်ဆောင်မုန်းလပြည့်ကျော် တဆဲ့တရက်နေ့ မိုးနဲ စော်ဘွားကို ရွှေဘဝါးတော်အောက်ရောက် စေလွှတ်ရမည်၊ မိုးနဲတပ်စစ်ကဲထံ လွှတ်တော်က စာပေးအပ်ဆင့်ဆိုရာ မိုးနဲစော်ဘွားက ရက်ပေါင်းလေးဆယ်အတွင်း ဆင်းသွားပါမည်၊ စစ်ကဲကြီးထံ ခံဝန်ရပ်နားပြီးလျှင် မလာမရောက် နေ့ရက်ကြန့်ကြာရှိသည်နှင့် မိုးနဲစော်ဘွားကိုသေရှင်မဆိုရမိအောင် ဖမ်းဆီး၍ ပို့အပ်လာရမည်-လွှတ်တော်က ထပ်မံ ဆင့်ဆိုသည်ကို မိုးနဲစော်ဘွားကြားသိသဖြင့် အစ်မ-မိုးနဲမိဖုရားကိုလည်း ထွက်ပြေးသည့်အပြစ်နှင့် ထောင်ထွင်ထားရှိသည်၊ ငါ့ကိုလည်း ခေါ်တော်မူသည်ကို နေ့လကြန့်ကြာ မသွားမရောက်သည့်အပြစ် ဖမ်းဆီးသတ်ဖြတ်တော့မည်၊ ရွှေဘဝါးတော်အောက်ရှိ အစ်မမိဖုရားကိုလည်းလေတ်ဖြတ်တော့မည့်ထင်ယောင်ထင်မှားကြံစည်ပြီးလျှင် မိုးနဲမြို့စော်ဘွားသည်မိုးနဲမြို့က လက်နက်ကိုင်လူ, မိုင်းနောင်မြို့က လက်နက်ကိုင်လူ နှစ်ထောင်ကျော်သုံးထောင်တို့နှင့် ရုတ်တရက် စုရုံးတိုက်ခိုက်ဝန်းဝိုင်းဖမ်းဆီးပြီးလျှင် မိုးနဲမြို့ရှိ တပ်မှိုလ် အရာထမ်းအမှုထမ်း လူတထောင်ကျော် တို့ အနက် မိုးနဲတပ် စစ်ကဲ အလုံမြို့ဝန်, နန်းဦးမင်္ဂလာမြင်းဝန်, ကင်းတားသေနတ်မှိုလ်, မြင်းစာရေး, သူရဲစာရေး, တပ်မှူးသွေးသောက်ကြီးတို့နှင့် အမှုထမ်းလူလေးရာကျော်တို့ကိုသတ်ဖြတ်လေသည်တွင် မှိုလ်ချုပ်ကွပ်ရွာဝန်ထောက်

လည်း မရပ်မခံနိုင်ဖြစ်၍ ရုံးမိသမျှဟစ်ပါရဲမက်အမှုထမ်းတို့နှင့် မောက်မယ်မြို့၊ ထိုကတဖန် နေခင်မွန်မြို့၊ ထိုကတဖန် ညောင်ရွှေမြို့ရောက် ဆုတ်ခွာရလေ၏။

ယင်းသည့်နေ့ နေနှစ်ချက်တီးအချိန် အာရုံခံဥယျာဉ်တော် အတွင်း ရတနာတန်ဆောင်ဘုရားအနီးကျောက်စေတီတော်ကို မှူးတော်မတ်တော်တို့ ကြီးကြပ်၍ အမြောက်သံသုံးချက်ကြားပြီးလျှင် ကျောက်မြစ်ချရသည်။

ထိုနှစ် နတ်တော်လဆန်းနှစ်ရက်နေ့ တောင်တရုတ်ငါးဆယ်ဗိုလ် မင်းကြီး မင်းလှ မဟာ မင်းခေါင် သီဟသူကို လက်သုံးတော်ကိုင်မိုးမြစ်ကဲ မြေလတ်ဝန် မြင်စိုင်းမြို့စားခန့်တော်မူသည်။

ယင်းသည့်လဆန်းငါးရက်နေ့ လွှတ်တော်မြောက် ကျောင်းတော်ရှိ အိမ်ရှေ့ကိုယ်လုပ်ဟောင်း အင်ပူရှင်လေးတွင်မြင်သည့် အိမ်ရှေ့မင်း-သားရဟန်းတော်ဦးသောဘိတဘာဝပြောင်းသည်ကို တလားငယ်တလုံး,ခေါင်းတစ်, အလှူတော် အဘွယ်အရာများကို လုပ်ဆောင်၍ သင်းချိုင်းတော်မှာ ကောင်းမွန်စွာ သင်္ဂြိုဟ်ရသည်။

ဌင်းနေ့ ဝန်ထောက် ကျွပ်ရွာမြို့စားကို မိုးနဲမြို့နေခွန်ချိုငယ်လူတို့ တိုက်ခိုက်ရာ မရပ်မနေနိုင် တန်ဆောင်မုန်းလပြည့်ကျော်တဆဲ့တရက်နေ့ မိုးနဲမြို့ကဆုတ်ခွာ၍ ဌင်းလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ မောက်မယ်မြို့တွင် နေထိုင်ရကြောင်း, ကင်းထား သေနတ်ဗိုလ် သေနတ်ထိန်ိုက် သေဆုံးကြောင်း ကြေးနန်းရောက်သည်။

ယင်းသည့်လဆန်းခုနစ်ရက်နေ့ နံနက်လေးချက်တီးကျော်လေးမောင်းအချိန် လက်သုံးတော်ကြီးကိုင် တောင်တရုတ်ငါးဆယ်ဗိုလ် မြေလတ်ဝန်မိုးမြစ်ကဲကြီး မြင်စိုင်းမြို့စား မင်းကြီး မင်းလှ မဟာမင်းခေါင်သီဟသူကို နန်းဦးမဏ်လာမြင်းအမှုထမ်းလူသုံးရာ, ကိုယ်ရံလူ တရုတ်တဆဲ့သုံး, တောင်တရုတ်ငါးဆယ် အမှုထမ်း တရုတ် တဆဲ့သုံး, စုစု လူငါးရာ့ခြောက်ဆဲ့ငါးပေးအပ်၍ မိုးမြစ်ကြောင်းချီတက်ရသည်။

ဌင်းနေ့ နံနက်တချက်တီးကျော်အချိန် မောက်မယ်စော်ဘွားက ဆက်သည့် သမီးကညာကို ရွှေမြို့တော်တောင်ပြင် စိဏ္ဍရမဟီရပ် မောက်မယ်စော်ဘွားဝင်းအတွင်း သမီးကညာရပ်နေရန် ဆောက်လုပ်သည့်ထဲက ရွှေနန်းတော်ရောက် ထုံးစံအတိုင်း နှစ်ထပ်လည်ပေါ် ရွှေချယာဉ်နှင့် အစီအစဉ်ခင်းကျင်း ကြိုယူရသည်။

၎င်းနေ့ နေနှစ်ချက်တီးကျော် ငါးမောင်းအချိန် အာရုံခံဥယျာဉ်တော်အတွင်း ရတနာတန်ဆောင်ဘုရားအနောက်ဘက် တည်လုပ်သည့် သေလာမုနိမဟာရာဇိန် ကျောက်စေတီတော်မှာ အခမ်းအနားနှင့် ဆရာတော် သံဃာတော် မှူးတော် မတ်တော်တို့ ညီညာကြွပ်မ၍ ဌပနာသွင်းနှံရသည်။

### မိုင်းနောင်ကြောင်း၍ ဝန်ထောက်ကို ဆုပေးခြင်း-စသည်များနှင့် လင်းပင်စားဟောင်း ရန်ကုန်က ထွက်သွားခြင်း

ယင်းသည့်လဆန်းဆယ်ရက်နေ့ မိုင်းနောင်ကြောင်း၍ ဝန်ထောက်ကိုးခရိုင်အုပ် မင်းကြီး မဟာရာဇသင်္ကြံနှင့် တပ်ထမ်းလူတို့ကို ထမ်းရွက်ရည်အလျောက် ဝန်ထောက် ကိုးခရိုင်အုပ် မင်းကြီး မဟာရာဇသင်္ကြံမှာ ကျောက်စီဓား, ရွှေဖလား,လွန်းများပုဆိုး, သားမွေးအင်္ကျီ, သက္ကလတ်, ပုဝါအုပ်။ နတ်မိးသွေးမှာ သားမွေးအင်္ကျီ, လွန်းများပုဆိုး, ပုဝါအုပ်, သက္ကလတ်။ ကျန်တပ်ပါအရာရှိတို့မှာ ထမ်းရည် ရွက်ရည်အလျောက် ဝန်ထောက်က ကြည့်ရှုပေးကမ်းစေရန် ပုဝါအုပ်, ဖဲပုဆိုး, ဖဲအင်္ကျီများကို သုံးဆယ်မိုင်းလုံ နှစ်မြို့ဝန်ထံက တဆင့် ဝန်ထောက် ကိုးခရိုင်အုပ်ထံ အရောက်ပို့ရသည်။

မိုးနဲကြောင်း၍ ကွပ်ရွှာဝန်ထောက်မှာ သူပုန် မိုးနဲမြို့နေလူတို့ ဝန်းဝိုင်းတိုက်ခိုက်သည်ကို မခုမခံ၊ မောက်မယ်မြို့သို့ပဌမ၊ နောင်မွန်မြို့သို့ ဒုတိယ၊ ညောင်ရွှေမြို့သို့ တတိယ ဆိုက်ရောက်အောင် ဆုတ်ခွာ ထွက်လာသည့်အပြစ်၊ ငယ်မည်နှင့်အရာမှနုတ်၍ အကျဉ်းယူစေ--အမိန့်တော်ရှိ၍ အကျဉ်းယူရသည်။

ယင်းသည့်လဆန်း တဆဲ့နှစ်ရက်နေ့ သုံးဆယ်မြို့ကျေးက အောက်ငင်ခဲ့သည့်ဆင်တော်ကို ကျုံးသွင်း၍ ကျော့ဖမ်းမြဲ ဖမ်းရသည်၊ ၎င်းနေ့ စံကျောင်းဆရာတော် နာမကျန်းရှိ၍ သက်သာပျောက်ကင်းအောင် ရွှေမြို့တော်တောင်ပြင် မွှာရုံဝင်းအတွင်း ဆောက်လုပ်ပြီးပြေသည့် ကျောင်းတော်သို့ ဆရာတော် ပြောင်းရွှေပင့်ဆောင် ကျောင်းတင်လှူရသည်။

ယင်းသည့် လပြည့်ကျော် နှစ်ရက်နေ့ ခန်းပတ် ဝန်ကြီးဟောင်းကိုထောင်အကျဉ်းထားရာ ရာဇဝတ်က ချမ်းသာပေးတော်မူ၍ အကျဉ်းက လွတ်ပြီးလျှင် အစောင့်အနေနှင့် ထားရသည်။

ယင်းသည့်လပြည့်ကျော် ၆ ရက်နေ့ ရွှေမြို့တော်လေးပြင် သံဃာတော်တို့အနက် သာသနာပြုဆရာတော် သီတင်းသုံးနေသည့် တိုင်တားမင်းကြီးတိုက် သံဃာတထောင်ကျော်တို့ကို မြေနန်းတော်သို့ ပင့်ဘိတ်၍ နှစ်စဉ်လောင်းမြဲ သပိတ်ပန်းကန်စုံပါ ဆွမ်းကြီးလောင်းလှူရသည်။

၄င်းနေ့ အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား ဖွားတော်ရက်ဖြစ်သည့်အတိုင်း မဟာမုနိဘုရားမှာလှူရန် ဆွမ်းတော်ကြီး, ဆီမီး, ရေချမ်း, ပန်း, အဘွယ်အရာများကို အတွင်းဝန် နန်းမတော်ဝန် မိုင်းကိုင်းမြို့စား နှင့် မြို့ဝန် ယင်းတော်မြို့စား။ မဟာလောကမာရဇိန်ဘုရားမှာ လှူဒါန်းရန် ဆွမ်းတော်ကြီး, ဆီမီး, ရေချမ်း, ပန်း,အဘွယ်အရာများကို ဝန်ထော်ဝက်မစွတ်မြို့စား။ စစ်ကိုင်းဘက်ရှိ ဘုရား စေတီတော်များနှင့် ရဟန်းသံဃာတော်တို့ကို လှူဒါန်းရန် အမွေးတိုင်, ဖယောင်းတိုင်,ရွှေဆိုင်းပဒေသာ, ကျောက်ဖယောင်းတိုင် သေတ္တာ, သင်္ကန်း, ဆန်, ဆီ, ဆား,ငါး, ငါးပိ အလှူတော်များကို လယ်ဝန်သံတော်ဆင့် ယောမြို့စားတို့ ကြီးကြပ်၍ အရာရှိတို့နှင့် စမြောင်သိုင်း, ရွှေတော်ပြေးစည်တို့ဖြင့် စီစဉ်ခင်းကျင်းပြီးလျှင် အသီးအသီး သွားရောက်တင်လှူပူဇော်ရသည်။အပြစ်အလျှောက်ထောင်အကျဉ်းခံနေရသူ ဦးဘိုးတေ, မောင်ဘိုးချစ်, ငကွဲ, ငနွား,ငဆိတ်တို့နှင့် စာရင်းပါ လူသုံးဆဲ့နှစ်တို့ကို ထောင်အကျဉ်းက လွှတ်သည်။

၄င်းနေ့ နန်းမတော်ဘုရား စာရေးကြီး ငဘိုးကြီး, ငဘေတို့ကို အရာကနုတ်၍ သံတော်ဆင့် နေမျိုးမင်းထင်ကျော်စွာကို နန်းမတော်ဘုရား စာရေးကြီး ခန့်တော်မူသည်။

ထိုနှစ် သုံးလူ့ထွတ်ထား ရှင်စောဘုရား၏ ခါတ်တော် မွေးတော်မြတ်ကိန်းဝပ်ရာ စစ်ကိုင်းမြို့ မင်းဝံ တောင်တန်းတွင် ရှေးမင်းတို့ တည်ထားခဲ့သည့် ရုပ်ပွားဆင်းတု စေတီပုထိုးများကို ကြည်ညို ပူဇော်တော်မူရန် သင်းဘောတော်နှင့် ထွက်တော်မူမည်။ ဝင်းခင်း နေ့ာက်တော်လိုက်မှစ၍ ကြည်းဘက် ရေဘက် တစ်ဝင်းခင်းကျင်းရန်, ရောဝတီမြစ်အရှေ့ဘက် အနောက်ဖက် ကွန်းထောက် စံနန်းတော် ဆောက်လုပ်ရန်ရှိသည်များကို အလျှင်ပြီးပြေအောင် လုပ်ဆောင်စေ၊ စစ်ကိုင်းမြို့ရှိ ဘုရား ပုထိုးများမှာ လှူဒါန်းရန် ဆွမ်းတော်ကြီး, ဆီမီးတန်ဆောင်, ရွှေသင်္ကန်း အလှူတော်များနှင့် ရဟန်း, သာမဏေ, သူတော်, သီလသည်များကို လှူဒါန်းပေးကမ်းရန် ရှိသည်များကိုလည်း ထွက်တော်မမူမီကရက်ကတင်လျှင်၍ အရာရှိမှူးတော်မတ်တော်တို့ သွားရောက်ကြီးကြပ်

လှူဒါန်းနှင့်စေ-အမိန့်တော်မြတ်အရ နတ်တော်လပြည့်ကျော် လေးရက်နေ့ စစ်ကိုင်းမြို့ မင်းဝံတောင်တန်းရှိ ဘုရားပုထိုးများမှာ လှူဒါန်းပူဇော်တော်မူရန်-ဆွမ်းတော်ကြီး, ဆီမီးတန်ဆောင်, အမွှေးအထုံ, နံ့သာပန်းမန်, ရွှေသင်္ကန်း, အထူးထူးသော အလှူတော်အတွယ်အရာ၊ ရဟန်း,သာမဏေ, သူတော်,သီလသည့်, မစားရတတ်မဝတ်ရတတ် သူတို့ကို လှူဒါန်းပေးကမ်းစွန့်ကြဲရန်—ရွှေ,ငွေ,ဆန်,စပါး,ထည်မျိုးအုပ်မျိုးအသုံးအဆောင်များကို မှူးတော်မတ်တော်တို့ သွားရောက်ကြီးကြပ်လှူဒါန်း ပေးကမ်းစွန့်ကြဲရသည်။

ရွှေမြို့တော်ကြီးအနောက်မျက်နှာ ပိုက်ကျုံးတံခါးတော်ပြင် သကြားစက်ရုံအနီး ဧရာဝတီမြစ်ဆိပ်တွင် ကွန်းထောက် စံနန်းတော်နှင့် တကွ သင်းဘောယှဉ်, လှေယှဉ် လုပ်ဆောင်ရန်၊ စစ်ကိုင်းမြို့ ဝတ်ချက်ရွာဆိပ်ကမ်းတွင် စံနန်းတော်နှင့်တကွ သင်းဘောယှဉ်,လှေယှဉ်, ပွဲခံကန္နားဖျင်း, မင်းညီမင်းသားမှူးတော်မတ်တော်တို့ရပ်နေရန် တဲကန္နားဖျင်းလုပ်ဆောင်ရန်၊ မင်းဝံတောင်ပေါ်သို့ ထွက်တော်မူရန် လမ်းစဉ်တလျှောက်များတွင်လည်း သင့်ရာသင့်ရာ ကွန်းထောက်စံနန်းတော် ဆယ်ဌာနလုပ်ဆောင်ရန်၊ စက်တော်တင်ရတနာယာဉ်ကျော် သင်းဘောတော်တွင် မွှမ်းကြက်ခင်းကျင်းလုပ်ဆောင်ရန်၊ ရွှေခြောက်တပ် နောက်ခြောက်တပ်, ရထား, ဆင်, မြင်းနှင့်တကွ စစ်အင်္ဂါလေးပါးစုံ ခင်းကျင်းလိုက်ပါရန်ရှိသည်များကို အလုံးစုံ ဆင့်ဆိုခန့်ထား လုပ်ဆောင်ပြီးပြေရှိသည့်အတိုင်း ဝန့်ရှင်တော်သေနတ်ဝန်လယ်ကိုင်းမြို့စားမင်းကြီး သတိုးသုဓမ္မမဟာသက်တော်ရှည်, အတွင်းဝန် ပင်းမြို့စား မင်းကြီး မင်းခေါင်မဟာမင်းကျော်သူရိန်, အတွင်းဝန် မိုင်းကိုင်းမြို့စား မင်းကြီးမဟာသီရိဇေယသူ, မြို့ဝန်ပင်လယ်မြို့စား ဝန်ထောက် ဝက်မစွတ်မြို့စား မင်းကြီးမင်းထင်မဟာစည်သူတို့ကို ရဲမက်လက်နက်ကိုင် လူ နှစ်ထောင်ကျော်နှင့် မြို့စောင့်ခန့်ထားတော်မူ၍ သက္ကရာဇ် (၁၂၄၅) တထောင့် နှစ်ရာ့ လေးဆဲ့ ငါးခု နတ်တော်လပြည့်ကျော် ငါးရက်နေ့ နံနက် လေးချက်တီးကျော် နှစ်မောင်းတပါဒ်အချိန်ဆဒ္ဒန်ဆင်မင်းသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရား, မိဖုရားခေါင်ကြီးဘုရားနှင့်တကွ ရွှေနန်းတော်ကမြစ်ဆိပ်ရောက် ရထားတော်နှင့်, မြစ်ဆိပ်က ဝတ်ချက်စံနန်းတော်ရောက် ရတနာယာဉ်ကျော်သင်းဘောတော်နှင့် ထွက်ခတော်မူပြီးလျှင် ဝတ်ချက်စံနန်းတော်တွင် ခေတ္တရပ်နားတော်မူပြီးမှ အရည်ဝါသီပုဂ္ဂိုလ်တို့ မှီတင်းရာ ဝိတောက်ချောင်,ရွှေဝါချောင်,

ပဘာချောင်, ယုန်ဖြူချောင် စသော ကိုးချောင်တို့ဖြင့် တင့်တယ်ခြင်းရှိသော မင်းဝံတောင်ပေါ်သို့ ရထား, ဆင်, မြင်း, ယာဉ်တော်ကင်းစေလျက် ဝင်းကိုယ်ရံတော်တစ်နှင့် အသျှင်နှစ်ပါး လှည့်လည်တော် မူ၍ ဘုရားပုထိုးများကို ကြည်ညိုပူဇော်တော်မူသည်။

ထိုအခါ နောက်တော်လိုက်ပါရသော မင်းညီ မင်းသား မှူးတော်မတ်တော် မြို့စား ရွာစား ထီးမားလက်စွဲ ကိုယ်ရံတော်အမှုထမ်း သေနတ်စွဲ လူခြောက်ထောင့်ခြောက်ရာကျော်တို့မှာ ဘုရားပုထိုးများကို ကြည်ညို ပူဇော်ရခြင်း၊ ဆယ်ဌာန ကွန်းထောက်စံနန်းတော်များတွင် ဧးပြိမ့်သာယာစွာသော တူရိယာသံများကို အာရုံမူလျက် စုပုံခင်းကျင်းအသင့်ရှိသည့် စားဘွယ်သောက်ဘွယ် သစ်သီးဝလံအမျိုးမျိုးများကို အလိုရှိရာ သုံးဆောင်ရခြင်း၊ ကောင်းကင်အလုံး အုံ့မှိုင်းလျက် နေရှိန်မတွေ့ ချမ်းမြေ့စွာ လှည့်လည်သွားလာရခြင်းများကြောင့် အထူးသဖြင့် ကြည်လင်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။ ဘဝရှင်မင်းတရားကြီး ဘုရားလည်း ယင်းသည့်နေ့ပင် နေပြည်တော်သို့ဝင်တော်မူရာ ညဥ့်လေးချက်တီးကျော် နှစ်မောင်းအချိန် ရွှေနန်းတော်သို့ ရောက်တော်မူသည်။

စစ်ကိုင်းဘက်သို့ ဝန့်ရှင်တော် တောင်ခွင်မြို့စား သတိုးမင်းကြီးမဟာမင်းထင်စည်သူ, ဝန့်ရှင်တော် တိုင်တားမြို့စား သတိုးမင်းကြီး မဟာစည်သူ အဘယ, ပင်းတလဲဝန်ထောက် မင်းကြီး မင်းခေါင်မဟာကျော်ထင်, မိုးတားဝန်ထောက် မင်းကြီးမင်းလှမဟာကျော်ထင်, မလွန်ဝန်ထောက်တို့ချုပ်အုပ်၍ ရဲလှေနှစ်ဆယ်၊ သေနတ်စွဲသူရဲတထောင်၊ သင်းဘောတော်တွင် လိုက်ရ သေနတ်စွဲသူရဲတထောင်၊ အလျင်တရက်ကသွားနှင့်ရသည့် သေနတ်စွဲသူရဲ ငါးရာ၊ ခတ်လှေတော် လှေအမှုထမ်း နှစ်ထောင့်ကိုးရာကျော်၊ အမြောက်, မြင်း, ဆင်, ဝင်း, ဒိုင်းပါ စုစုလက်နက်ကိုင် သူရဲခြောက်ထောင့်ခြောက်ရာ၊ ရောဝတီမြစ်အရှေ့ဘက်ကမ်းတွင် ချတပ်ချုပ်၊ လက်ယာဝင်းမှူး မင်းကြီးမဟာမင်းလှသမိန်စက်, မြို့ဝန်ကောလင်းမြို့စား မင်းကြီးမဟာမင်းခေါင်နော်ရထာ, ဝန်ထောက်မြေတိုင်းအမတ် မင်းကြီးမဟာမင်းခေါင်ကျော်ထင်တို့ ကြီးကြပ်၍ ချတပ်၊ သေနတ်, အမြောက်, ဆင်, မြင်း, ဝင်း, ဒိုင်း, လှေ, ဖောင်ပါသူရဲလူ ငါးထောင့် တရာ့ ငါးဆယ် စောင့်နေရသည်။

နောက်တော်လိုက် အစောင့်အနေ မင်းညီမင်းသား မှူးတော်မတ်တော်တို့မှာ-လွန်းများပုဆိုး, စစ်ပုဆိုး, ဘလာပုဆိုး, ဖိတ်အုပ်, ခေါင်း

ပေါင်းအုပ်။ မင်းသမီး၊ အပျိုတော်၊ ကတော် မယားတို့မှာ–လွန်းများ ထဘီ၊ ဖဲ–ဝိုးပုဝါအုပ်၊ ပိတ်အုပ်။ ဝင်းခင်း နောက်တော်လိုက် စုကြီး စုသေးအမှုထမ်းများမှာ–စက်ပုဆိုး၊ ပိတ်အင်္ကျီ၊ ပုဝါ၊ ခေါင်းပေါင်းတစ်စီနှင့် ငွေနှစ်ပြားစီကို ထွက်တော်မမူမီတရက်က တင်လျှောက်၍ အသီးအသီး သနားတော်မူသည်။

ငှင်းနှေ့ အထက်လပြည့်ကျော်ခြောက်ရက်နေ့ ညောင်ရွှေမြို့ကအလွန် စဝေါ်တောင်စခန်းရွာတွင် ကျွပ်ရွာ ဝန်ထောက်ဟောင်းကို အကျဉ်းဆောင်ယူ ဆိုက်ရောက်ရပ်နားသည့်အတွင်း စွဲကပ်ရင်း အဖျားရောဂါ အပြင်းအထန် ကပ်ရောက်သေဆုံးကြောင်းနှင့် လွှတ်တော်လျှောက်ကြေးနန်းစကားကို အတွင်းတော်သို့သွင်း၍ အမိန့်တော်ခံသည်။

ယင်းသည့်လပြည့်ကျော် ရှစ်ရက်နေ့ အိမ်ရှေ့မင်းသား လင်းပင်စားဟောင်းသည် ရန်ကုန်မြို့က ထွက်သွားရှိသည်ဖြစ်၍ နိုင်ငံတော်အတွင်း ရောက်လျှင် ဖမ်းဆီးပါမည် အကြောင်းနှင့် ရန်ကုန်မြို့ အင်္ဂလိပ်အရေးတော်ပိုင် မဟာမင်းကြီးက စာရောက်သည်။ ယင်းသည့် လပြည့်ကျော် ဆယ်ရက်နေ့ မြတိုက်သံဆင့် နေမျိုးမင်းလှကျော်သူကို သံတော်ဆင့် ခန့်တော်မူသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့သုံးရက်နေ့ ရတနာမဥ္ဇူ ဘုရားအနီးတွင် ဆင်တော်များကို ဒိုင်းပလုပ်စည်ဗျော ဗျောက်တို့ဖြင့် စမ်းသပ်ပြီးလျှင် စွယ်ချင်းယှက်၍ တိုက်ခွေစမ်းသပ်ရသည်။

ထိုနှစ် ပြာသိုလဆန်းလေးရက်နေ့ လှိုင်းတက်မင်းသားကြီးသမီး မြင်ကွန်းမြို့စား အဖျားရောဂါနှင့် အနောက်တံခါးအတွင်း ရေမြောင်းထိပ်အုတ်တိုက်တွင် သေလွန်သည်ကို အသျှင်နန်းမတော် မိဖုရားခေါင်ကြီး ဘုရား ထွက်တော်မူ၍ တမ်းတကြည့်ကွဲတော်မူပြီးလျှင် ဝန်ကြီး၊ အတွင်းဝန်၊ မှူးတော်မတ်တော်တို့ ကြီးကြပ်၍ အထက် အရီးတော် မိုလ်မှူးမင်းသားသမီးကို သင်္ဂြိုဟ်သည့် အခမ်းအနားနည်း လုပ်ဆောင်စေ–အမိန့်တော်ရှိသည့်အတိုင်း လုပ်ဆောင်ရသည်။

### စစ်အတတ်လေ့ကျင့်ခြင်း၊ မြင်းခင်းသဘင် ကျင်းပခြင်း–စသည်မှ မိုးကောင်းကချင် ထကြွသည်ထိ အကြောင်းများ

ယင်းသည့်လဆန်းငါးရက်နေ့ကစ၍ သေနတ်၊ အမြောက်၊ ဝင်း၊ ဒိုင်း၊ လှေ အစုအမှုထမ်းတို့ကို အမြောက်ပစ်၊ သေနတ်ပစ်၊ မြင်းဒုံးစိုင်း၍

ရှောက်သီးခုတ်, ရှောက်သီးထိုးမှစ၍ နှစ်စဉ်သင်ကြားမြဲ စက်ပစ်ခတ်ခြင်းကို သင်ကြားရသည်။ ယင်းသည့်လဆန်း ခြောက်ရက်နေ့ မြင်းကွန်းမင်းသမီးအသောင်းကို မင်းညီမင်းသား မှူးတော်မတ်တော်တို့ ကြပ်မလိုက်ဖို့၍ သင်းချိုင်းတော်မှာ သင်္ဂြိုဟ်ရသည်။

ထိုနှစ် ပြာသိုလ ရွှေနန်းတော်အတွင်း မြင်းခင်းသဘင် ကျင်းပစေရန် မင်းညီမင်းသား မှူးတော်မတ်တော် အရာရှိတို့ကိုလည်း ပယ်ဝန်း, ပယ်စိတ်, ပယ်ခွဲ, စန္ဒရယှက်, လေးကျွန်းမှန်ကူ, ဘုံနန်းတန်ဆောင်, စွန့်ဝဲ, ဆင့်ထူးစသော မြင်းစီးနည်း မြင်းရေးသုံးဆွဲခုနစ်။ သက်တင်ရောက်, ခြသေ့်တန်းဆွဲ, ရွှေစလွယ်တင်, တန်ဆောင်ကိုင်ဟန်, ဗြဟ္မာ လက်လှမ်း, လက်ယာကဦး, ဟသ်ာတောင်ယှက်စသော မြင်းပေါ်၌ ကိုင်ဆောင်သော အဲမောင်းလှံရေးသုံးဆွဲခုနစ်။ မြေမှ အမြင့်သံတောင်ခြောက်ဆယ်ရှိသော စက်တိုင်၌ အချင်းတမိုက်လေးသစ်ရှိသော စက်ယင်က အောက်ကို ငါးတောင်စီခွာ၍ တဆဲ့ငါးတောင် အထိ စက်အမျိုးမျိုး မှုးမှာ မြင်းကို စိုင်းနှင် စီးနင်းလျက် လှံလျှင်ဖြင့် စက်ကိုစွဲအောင်သွင်းလွှတ်ခြင်းစသည်တို့ကို ကောင်းမွန်စွာ တတ်မြောက်အောင် လေ့လာ သင်ကြားစေခြင်း၊ မြေနန်းတော်ရှေ့တွင် မြင်းခင်းသဘင် စံနန်းတော် ဆောက်လုပ်စေခြင်း စသော ပုဗ္ဗကိစ္စတို့ကို ပြီးပြည့်စုံစေပြီးမှ ယင်းသည့် ပြာသိုလပြည့်ကျော် တဆဲ့သုံးရက်နေ့ နေတချက်တီးကျော် ခြောက်မောင်းအချိန် မြင်းခင်း စက်သွင်းသဘင် ယင်ခတော်မူမည်ဖြစ်၍ ထွက်တော်မမူမီ မင်းညီမင်းသား မှူးတော်မတ်တော် စုရေးစုကိုင် အရာရှိတို့မှာ သနားတော်မြတ် ခံရသည့် မျဉ်းမှောက်တို ဆင်ယင်လျက် စီးနင်းရန်ကြိုးကစုံဆင်ပြီး မြင်း, အဲမောင်းရေးပြရန် အဲမောင်းလှံရှည်, စက်သွင်းရန် လှံလျှင်များနှင့် စက်သွင်းပြီးသည်တိုင် မြင်းရေး တီးချက်များကို သာယာစွာ တီးမှုတ်စေရန် အတွင်းဆိုင်း ဝဲယာ အမှုထမ်း လူတို့မှာ ဝတ်သန့်ဝတ်ကောင်းနှင့်၊ စက်သွင်းပြီး လှံလျှင်များကို သိမ်းယူစေရန် လက်နက်တိုက် အရာရှိ အမှုထမ်းလူတို့မှာ ဝတ်သန့် ဝတ်ကောင်းနှင့်၊ စက်သွင်းသည့်အခါတွင် စက်သွင်းအရာရှိ၏ အစီးအနင်း အဝတ်အဆင်ကိရိယာ, မြင်းကြိုးကအဆင်တန်ဆာကိရိယာ တစုံတခု ပျက်ယွင်းသည်ဖြစ်စေ မြင်းနှင့် လူလွတ်ကွာသည်ဖြစ်စေ စက်တိုင်သို့ရောက်အောင် လှံလျှင်ကို မလွှတ်နိုင်သည်ဖြစ်စေ စက်တိုင်အနီးရောက်မှ လှံကိုမလွှတ်ခဲ့ဘဲ ဆောင်ယူပြန်သွားသည်ဖြစ်စေ တစုံတရာချွတ်ယွင်းသူအရာရှိမှာရွှေတော်

တွင် တုပ်ပျပ်ခစားနေလှန်း ရာဇဝတ်ပေးစေရန် နေရာချ သွေးသောက်ကြီးမှာ ပုဆိုးအောက်ပိုးကျိုက်ခါ အင်္ကျီနီပေါင်းထုပ်နီ ဆင်ယင်လျက် မြင်းပေါ်မှာဆွဲငင်ချရန် လက်ကိုင်ကောက်နှင့် စီးမြင်းလက်လွတ်ထွက်သွားရှိလျှင် ဖမ်းဆီးသိမ်းထားစေရန် စီးတော်မြင်းဝန်, မြင်းစာရေး, မြင်းတော်မှူး, မြင်းတော်ခံတို့မှာ ဝတ်သန့်ဝတ်ကောင်းနှင့် အသီးအသီး ဆင့်ဆိုဝင်ရောက်အသင့်ရှိစေ၍ အခါတော်နီးလျှင်မြင်းခင်းစံနန်းတော်သို့ အသျှင်ဟဝရှင်မင်းတရားကြီးဘုရားမှာ ရတနာအတိပြီးသောမျဉ်းမှောက်တို ဆင်တော်မူ၍ အသျှင်နန်းမတော်မိဖုရားခေါင်ကြီးနှင့် တကွ ထွက်စံတော် မူသည်။

ဝန်ရှင်တော် သေနတ် ဝန် လယ်ကိုင်းမြို့စားမင်းကြီး, ဝန်ရှင်တော်တောင်ခွင်မြို့စားမင်းကြီး, ဝန်ရှင်တော်တိုင်တားမြို့စားမင်းကြီးတို့မှာ သက်ရွယ်ကြီးရင့်ချမ်းသေည့်အခါရာသီဖြစ်၍ စက်သွင်းကိုလွတ်ငြိမ်းစေ-အမိန့်တော်အတိုင်း မျဉ်းမှောက်တိုဆင်၍ မင်းညီမင်းသား မှူးတော်မတ်တော်တို့တဲက ရပ်နေရသည်။

ဦးစွာ ဆွေတော်အုပ်မင်းသားကြီး သုသီရိမဟာဓမ္မရာဇာ၊ ဟင်္ဂမော်မြို့စားမင်းသားကြီး သီရိသုမဟာဓမ္မရာဇာ၊ မင်းသားလတ် လှိုင်းတက်မင်းသား-သား မင်းရဲမင်းလှစည်သူ၊ မက္ခရာမင်းသား-သား နေရာတော်နေ မြင်းမှူးမင်းသား မောင်ယုံဖြူ၊ လှိုင်းတက်မင်းသား-သား နေရာတော်နေ မြင်းမှူးမင်းသား မင်းရဲမင်းထင်သီဟသူတို့ လှံထိုး၍ ပြကြသည်။

ပြီးလျှင် အတွင်းဝန် လှေသင်းဝန်စလေမြို့စား, အတွင်းဝန်ပေါက်မြိုင်မြို့စား လက်ယာဝင်းမှူး မြို့ဝန်ပင်လယ်မြို့စား, မြို့ဝန် ကောလင်းမြို့စား, ဝန်ထောက် ဝက်မစွတ်မြို့စား, ဝန်ထောက် မိုးထားမြို့စား, ဝန်ထောက်ပင်းတလဲဝန်, ဝန်ထောက်မြေတိုင်းအမတ်, ဝန်ထောက်မလွန်မြို့ ဆိုင်ရာအသည်ဝန်တို့ စက်သွင်းကြသည်။

ပြီးလျှင် ခြေချင်အမြင့်သံတောင်ခြောက်ဆယ်, ငါးဆယ်, လေးဆယ်စက်ဘိုး လှံလျှင်ထိုးလူဘိုက ထိုးပြရသည်၊ ပြီးလျှင် ကသည်းမြင်းစီး, အတ္တပတ်မြင်းစီးတို့ ရှောက်သီး ငှက်ပျော အထိုးအခုတ် ပြကြသည်။ ၎င်းနေ့ စက်စွဲသူတို့မှာ အတွင်းဝန် လှေသင်းဝန် စလေမြို့စား တချက်၊ မလွန်ဝန်ထောက် တချက်၊ တောင်ဒဝယ်ဗိုလ် ကျောက်ဆောက်မြို့စားတချက်၊ အမြောက်ဝန်မဘဲမြို့စားတချက်၊ မောင်လတ်တချက်၊ လက်သုံးတော်ကြီးကိုင်အိမ်ကြီးမောင် လေးချက်၊ မင်းပြင်မြို့စား နှစ်ချက်၊ လက်ဝဲကြောင်း

မိုလ်ဟောင်း တချက်၊ လက်သုံးတော်ကလေး မောင်ဘိုးစိန် တချက်-စသည်ဖြင့် အသီးအသီး စက်စွဲကြသည်၊ ပြီးလျှင် အသျှင်နှစ်ပါးဝင်တော်မူသည်။

ယင်းသည့်လပြည့်ကျော် လေးရက်နေ့ နံနက် တချက်တီးကျော် လေးမောင်းအချိန် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ရတနာ့အတိပြီးသောဆင်စွယ်ဝန်းယှက်စလွယ်နှင့်မောင်းတော်ဆင်၍အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့် မြင်းခင်းစံနန်းတော်သို့ ထွက်တော်မူသည်။ စက်ထိုးပြီး မှူးမတ်တို့မှာ မျဉ်းမှောက်တိုမဆင်စေဘဲ အင်္ကျီလက်ကျယ်ရွှေစလွယ်နှင့် ခစားရသည်၊စက်မသွင်းမီမြင်းတော်များကိုအမျိုးမျိုးစီးနင်းပြီးနောက်နာခံတော် ဝေါကြီးမှူး မဟာမင်းကျော်စည်သူကို အစိမ်း အနက် မျဉ်းမှောက်တိုဆင်စေလျက် စက်တိုင်ရှေ့က အဲမောင်းရေး မောင်းချက်ပေးမည့်သူအမှုဝန်မဟာမင်းထင်မင်းခေါင်စည်သူနှင့်စုံညီလက်ယှက်တုပ်ပျပ်၍ ယွန်းပြောက်ပုရပိုက်နှင့် ၎င်းနေ့ပြမည့် အဲမောင်းရေးသုံးချက်နှင့် တိုက်ဆိုင်ရေးသားသည့် လူးတားပိုဒ်စုံ သုံးကို တကြိမ်တည်းလျှောက်ထားပြီးမှ ဝန်စု, မိုလ်စု, ဝန်စုရှိသံတော်ဆင့်တို့အဲမောင်းပြသကြရသည်၊ ပြသရာစက်ဝန် ယွန်းစုဝန် မင်းရဲညွန့်ရှေ့ကသွားရသည်၊ ပြီးလျှင်ဝန်စုရှိသံတော်ဆင့်စု, စာရေးကြီးစုတို့ စက်သွင်းရသည်။

၎င်းနေ့ စက်သွင်းရာ ဒိုင်းဝန်မှာနှစ်ချက်၊ လမိုင်းဝန်, ဆင်မင်းဝန်, သံတော်ဆင့်မောင်အောင်မင်း,မောင်သန့်, မောင်မြတ်ကျော်,မောင်လွှာ, စာရေးတော်ကြီး မောင်မြ, မောင်ဘိုးတင်, မောင်ဘိုးတို့ တချက်စီ စက်စွဲကြသည်။

ပြီးလျှင် ကသည်းမြင်း,အတ္တပတ်မြင်းစီးတို့ ရှောက်သီးထိုး,ရှောက်သီးခုတ်ပြကြရသည်။ ပြီးလျှင် နတ်ရှင့်ရွှေး သေနတ်မိုလ်, လက်ဝဲကြောင်းသေနတ်မိုလ်, သူရဲဝန်တို့ ကြီးကြပ်၍ တထောင်တပ် သုံးတပ်ဖွဲ့စည်းပြီးလျှင် သေနတ်အစု, ဝင်းအစု, လှေအစုအမှုထမ်းတို့ စည်ခရာတီးမှုတ်၍အထက်သုံးရက်နေ့ ပြသည့်အတိုင်း သေနတ်ရေးပြရသည်။ ပြီးလျှင် ဝင်တော်မူသည်။

ယင်းသည့် လပြည့်ကျော်ငါးရက်နေ့ နံနက် တချက်တီးကျော် လေးမောင်းအချိန်မြင်းခင်းစံနန်းတော်သို့ အသျှင်နှစ်ပါး လေးရက်နေ့က ဝတ်

လဲတော်အတိုင်းနှင့် ထွက်တော်မူ၍ ရောက်တော်မူလျှင် ပဌမမြင်းတော်များကို နည်းအမျိုးမျိုး စီးရသည်။ ပြီးလျှင် နာခံတော်ဝေါကြီးမှူး မဟာမင်းကျော်စည်သူ မျဉ်းမှောက်တိုဆင်ယင်လျက် စက်တိုင်ရှေ့က လက်ယှက်တုပ်ပျပ် ဦးသုံးကြိမ်ခိုက်၍ ဂုဏ်ရွှေနှံ့ပြမည့် အဲမောင်းရေး သုံးချက်အကြောင်း လူးတားကို တကြိမ်ပြီးလျှင် တကြိမ် သပြေခံတီးမှုတ်၍ သုံးကြိမ်ဖတ်လျှောက်ပြီးနောက် အမွေဝန် မဟာမင်းထင်မင်းခေါင်စည်သူက နာခံတော်အနီး လက်ယှက်တုပ်ပျပ်၊မောင်းငယ်နှင့် အချက်ပေးလျှင် အသီးအသီး ဝန်စု, ဗိုလ်စု, လက်သုံးတော်ကြီး, လက်သုံးတော်ကလေးတို့ ဦးခိုက်၍ မြင်းကို စံနန်းတော်မြောက်ဖက်တွင် တက်စီး၊ ရှေ့တော်သို့ဝင်ရောက် အဲမောင်းရေး ပြသကြရသည်။

ပြီးလျှင် ထောင်မှူး, မြို့စာရေး, ရွှေပြည်စိုး, မြင်း, ဝင်း, ဒိုင်း, ဆင်အမြောက်စာရေးကြီး, သေနတ်စာရေး, အမြောက်စာရေး, ဝင်း, ဒိုင်းစာရေး, ကောင်ဟန်စာရေး, လှေသင်းစာရေးတို့ ပကတိဝတ်မြဲ ကတ္တီပါ ဇာသတ်အင်္ကျီနှင့် ပုဝါပေါင်း၍ စက်သွင်းကြရသည်။

ပြီးလျှင် သေနတ်စွဲလူ ငါးထောင်ကျော် သေနတ်ရေးပြပြီးလျှင် ဂုဏ်းလူတို့ကို ဆုတော်ငွေဒင်္ဂါး, ခေါင်းပေါင်း,ပုဝါအုပ် အသီးအသီးသနားတော်မူ၍ ဝင်တော်မူသည်။

ဂုဏ်းနွေ စက်စွဲသူတို့မှာ–မြို့စာရေးငပု, ငဘောင်, ဝင်းဒိုင်းစာရေးကြီး, ရွှေးလက်ဝဲ သေနတ်စာရေး,ရွှေးလက်ယာ သေနတ်စာရေး,ငပါရောက်, ဘုန်းတော်တိုးသေနတ်စာရေး ငချိန်, ငချော, အမြောက်စာရေးငသာမြိုင်တို့ စက်စွဲသည်ကို သနားတော်မူမြဲ သဇင်ပန်းခိုင်, ရွှေပွင့်ထိုးပုဝါများ သနားတော်မူလည်း။

ယင်းသည့် လပြည့်ကျော် ခုနစ်ရက်နေ့ အလှူကပ္ပမြို့စားသမီး မှန်နန်းအပျိုတော်နှစ်, မိုင်းမောစော်ဘွားသမီး မှန်နန်းအပျိုတော်တစ်, ဝေသာလီမင်း သားသမီး မှန်နန်းအပျိုတော်တစ်, ပေါင်း လေးယောက်တို့ကိုအသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရား အမျက်တော်ရှိ၍ အရှေ့ရာဇဝတ်ထောင်ကြီးမှာ ခြေကျဉ်းစွဲ၍ အကျဉ်းထားရသည်။

ထိုနှစ် တပို့တွဲလဆန်း တဆဲ့နှစ်ရက်နေ့ မြို့သာ ဝန်ထောက်ဟောင်း မယားကို အသက်စည်းစိမ်နှင့်တကွ အပျိုတော် ပြင်စည်မြို့စားကို သနားတော်မူသည်။ ယင်းသည့်လဆန်း ခုနစ်ရက်နေ့ သိမ်းဆင်တော်, ပုပ္ပဒန္တ

ဆင်တော်နှစ်စီးကို ဝန်ရှင်တော် တိုင်တားမြို့စားမင်းကြီးက ဆက်သွင်းသည်ကို ထားရင်းဥယျာဉ်က ရွှေနန်းတော်ရောက် ထုံးစံအတိုင်း ကြိုယူရသည်။

ယင်းသည့် တဗို့တွဲလပြည့်ကျော်နှစ်ရက် ကြာသပတေးနေ့ နံနက်တချက်တီးကျော် တနာရီပါဒ်ပြည့် လေးဗိဇနာအချိန် အထူးထူးသောရတနာမျိုး အပေါင်းတို့ဖြင့် ဆန်းကြယ် မြင့်မြတ်လှစွာသော မှန်နန်းဆောင်တော်ထက် ဘမရာသနရာဇပလ္လင်တော်ရွှေ အစ်မတော် ထိပ်စုမြတ်ဘုရားဟို့နည်း အခမ်းအနားကြီးကျယ်စွာ ခင်းကျင်းကျင်းပ၍ မင်းညီမင်းသား မှူးတော်မတ်တော် အပျိုတော် မြို့စားရွာစား ကတော်မယားတို့ ဝင်ရောက်ခစားမိလျှင် ဆဒ္ဒန်ဆင်မင်းသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, မယ်တော် ဆင်ဖြူမရှင်ဘုရား ထွက်တော်မူ၍ သမီးတော်မြတ်ရတနာကို ဒေါဠကရဏမင်္ဂလာသဘင် မြှပ္ခက်တင်တော်မူရာ ဝန်ထောက်မစွတ်မြို့စား မင်းကြီးမင်းထင် မဟာစည်သူ ရေးသားဆက်သွင်းသည့် မင်္ဂလာချေင်းသံတိုင် သုံးဆွဲကိုးပုဒ်ကို အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စား မင်းကြီး မင်းလှမဟာဇေယနန္ဒသင်္ကြံ ဖတ်လျှောက်ရသည်။ သံဖောက်ပိုဒ်ရေ တဆဲ့ငါးကို နာခံတော်ဝေါကြီးမှူး မဟာမင်းကျော်စည်သူ ဖတ်လျှောက်ရသည်။ မင်္ဂလာလူးတားလွှဲခြင်းများကို နာခံတော်ပြေ့ကြီးမှူး မဟာမင်းကျော်မင်းထင် စည်း စောင်း ငြိမ့်လေး သာယာစွာနှင့် မြှပ္ခက်ယောင်တော်လွှဲ၍ လျှောက်ရသည်။

ယင်းသည့်လပြည့်ကျော် လေးရက်နေ့ ကောင်ဟန်ဝန်ကို မြေဒူးဝန်၊ အောက်မြစ်စဉ်နာခံ ငအံ့ကို မကွေးမြို့ဝန်၊ ပင်းတလဲမြို့စာရေး ငထွန်းလှကို ပင်းတလဲမြို့ဝန် ခန့်တော်မူသည်။

ယင်းသည့်လပြည့်ကျော်ငါးရက်နေ့ ရဲပတိုင်းလေးသင်း အောက်မားတော်များနှင့် အောက်ငင်ခဲ့သည့် အရပ် ငါးတောင့်နှစ်မိုက်, အစွယ်ပြင်ပေါ်တတောင်ရှိ ရွှေးရည်ဆင်ကို ကျုံးသွင်း ကျော့ဖမ်းရသည်။

ယင်းသည့်လပြည့်ကျော် ခုနစ်ရက်နေ့ မလွန်ဝန်ထောက်,ညောင်ဝန်းဝန်ထောက်တို့ကို သူရဲအစုက သေနတ်စွဲ လူတရာစီပေးအပ်၍ မလွန်ဝန်ထောက်မှာ မိုးကောင်းရောက်, ညောင်ဝန်း ပန်ထောက်မှာ တမူးခန်းပတ်ရောက်သွားစေ၊ မြို့ဝန်တို့ကို ရွှေမြို့တော်နှင့် ရာဇဝတ်တော်ရေးထိန်းသိမ်းရန် တံခါးတဆဲ့နှစ်ရပ်, မြို့တွင်းတဆဲ့နှစ်ရပ် ကင်းစောင့်လူများ

ပြင် မြို့ကြီးငါးဆွဲခုနစ်ရပ်,မြို့ပြင်တရာ့နှစ်ဆွဲလေး ကင်းလူတို့ကို ရပ်သိမ်း၍ ယင်းတော်မြို့ဝန်မှာ နန်းဦးမင်္ဂလာ မြင်းမှူထမ်း လူတရာ့ငါးဆယ်၊ ရွှေလှံမြို့ဝန်မှာ ရွှေလှံအမှုထမ်း လူတရာ့ငါးဆယ်၊ အတ္တပတ်မြို့ဝန်မှာ အတ္တပတ်မြင်းအမှုထမ်း လူနှစ်ရာ့ငါးဆယ် အသီးအသီး ပေးအပ်စောင့်ထိန်းစေ-အမိန့်တော်အရ ရာဇဝတ်တော်ရေးခိုးသေးမီးပွားမရှိရအောင် စောင့်ကင်း, ဝပ်ကင်း, ပတ်ကင်းထား၍ ထိန်းသိမ်းကြရသည်။

ဇင်းနေ့ နိုင်ငံတော်အနောက်မျက်နှာ မြို့ကျေးရွာများကို လှည့်လည်၍ တိုက်ခိုက်ဆိုးသွမ်းနေသူမောင်းပြဲမိုလ်ငရန်မင်းကိုအဆုံးစီရင်စေ-လွှတ်တော်က မှတ်ချက်ပေးသည်။

ယင်းသည့် လပြည့်ကျော်ကိုးရက်နေ့ မလွန်ဝန်ထောက် မိုးကောင်းမြို့တွင် အရပ်အနေပြု၍ အညာမြစ်စဉ် မြို့ကျေးရွာများကို ဆိုင်ရာပြုလုပ်ဆင့်ဆိုစီရင်စေ၊ ငစိကို မိုးကောင်းဝန်အရာက နုတ်၍ အကျဉ်းယူစေ-အမိန့်တော်ရှိသည်။

ဇင်းနေ့ မောင်းပြဲမိုလ်ငရန်မင်းကို အဆုံးစီရင်ရန် မြို့ဝန်က ထုံးစံအတိုင်း သုံးတန်းတောင်း၍ လွှတ်တော်က မေးပြီးနောက် နာခံကြားလျှောသွင်းရာ ငရန်မင်းကို အဆုံးစီရင်မည် ရှိသည်မှာ ချမ်းသာပေးတော်မူသည်။ ချမ်းသာစေ—အမိန့်တော် မှတ်၍ ငရန်မင်းကို မစီရင်ရဘဲ ထောင်တွင်ထားမြဲထားရသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့တရက်နေ့ မိုးကောင်းမြို့နယ်ရှိ ကချင်တို့နှင့် မိုးကောင်းမင်းတရားအမည်ခံသူငဝသည် အညာမြစ်စဉ် မြဲတောင်မြို့သို့ ဆိုက်ရောက်၊ ကျေးရွာများကို ဖျက်ဆီးမီးရှို့တိုက်ခိုက်သည်နှင့် မန်လည် မြို့ဝန် မြဲတောင်မြို့ရောက်ဆုတ်ခွာ၍ မြဲတောင်မြို့ဝန်နှင့်အတူပေါင်းစပ် နေဆိုင်ရကြောင်း ကြားသိတော်မူ၍ အညာမြစ်စဉ် ဝန်ထောက်သို့အထက်ပေးအပ်ရင်း သူရဲတရာ့တဆဲ့သုံးပြင် ထပ်၍သူရဲဝန်နှင့် သူရဲအမှုထမ်း လေးရာ့ငါးဆွဲနှစ်၊ လမိုင်းဝန်နှင့်လမိုင်းမြင်းကိုယ်ရံသုံးဆယ်၊ ရွှေဝင်းမှူးထံ စေလွှတ်သည့် မရွေးလက်ဝဲမိုလ်သို့ ပေးအပ်ရင်း ရွေးလက်ယာအမှုထမ်း တရာ့တဆဲ့သုံးပြင် ဇင်းအစုသေနတ်စာရေး ငတန်နှင့် ရွေးလက်ဝဲအမှုထမ်း လူတရာ့တဆဲ့သုံးများကို အမိန့်တော်နှင့် ဆင့်ဆိုစေ့စပ်ရသည်။ ယင်းသည့်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ တဆဲ့တရက်နေ့က စေ့စပ်သည့် သူရဲရွေးလက်ဝဲတပ်များကို အညာမြစ်စဉ် ဝန်ထောက်နှင့်ထည့်အပ်လိုက်သွားစေသည်။

### အိတာလျံကိုစားလှယ်များ ရောက်ခြင်း စသည်များနှင့် အိမ်ရှေ့မင်းသားတော် မောင်ဘုန်းနှင့် အပေါင်းပါတို့ကို စီရင်ခြင်း

ထိုနှစ် တပေါင်းလဆန်း တဆဲ့ သုံးရက်နေ့ အိတာလျံကောင်စစ်ချုပ် အန္တြိနော,ဒုတိယကောင်စစ်ဆောဘရာဗာဗေရီတို့ရွှေဘဝါးတော်အောက်သို့ ဆိုက်ရောက်လာသည်ကို ကောင်းမွန်စွာ ဆင်နှင့်ကြိုယူ လွှတ်တော်သို့ ဆိုက်ရောက် ဝန်ကြီးများနှင့် ဝန်ထောက်မင်းတို့ အင်္ဂျီလက်ကျယ် ရွှေစလွယ်ဆင်ယင်၊ လွှတ်တော်မြောက်နှယောင်တွင် ကော်ဇောခင်းကျင်း အန္တြိနော, ဆောဘရာဗာဗေရီတို့နှင့် အိတာလျံအလုပ်သည်တို့ကို ညှော်ခံ စကားပြောဆိုပြီးလျှင် အန္တြိနောနှင့်ပါသည့်ကောင်စစ်ခန့် အိတာလျံမင်း အမိန့်တော် ဘာသာရေးနှင့် မြန်မာပြန်ချက် စက္ကူစာရွက်နှစ်ကို ရွှေချဒေါင်းပေါင်တွင် တင်ယူ ရွှေတော်သို့ နာခံတော် ပိုက်မွေ့ အန္တြိနော, နောက်ပါ ဆောဘရာဗာဗေရီ,အလုပ်သည် အိတာလျံလူမျိုးတို့လွှတ်တော်က ဆင်းသွား၍ ရွှေနန်းတော်ကြီး ဝင်ရောက်ကြသည်။ ဆဒ္ဒန်ဆင်မင်းသခင် အသျှင် ဘဝရှင် မင်းတရားကြီး ဘုရား ဇေတဝန် ဆောင်တော်သို့ ထွက်တော်မူ၍ အိတာလျံမင်း အမိန့်ကို ဖတ်ကြား နာခံတော်မူပြီးလျှင် မြန်မာ ကေရာဇ်မင်းမြတ်ကလည်း ကောင်စစ်ထပ်၍ ခန့်ထားရန် အစဉ်ထုံးစံအတိုင်း ခန့်တော်မူသည်။

ယင်းသည့်နေ့ နိုင်ငံတော်အတွင်း မြို့ရွာများမှာ မြို့ဝန်စစ်ကဲအရာရှိ, မြို့ရွာသူကြီးတို့က မြို့ရွာနေဆင်းရဲသားကျွန်တော်မျိုးတို့ထံ အလိုအလျှော် ကြေးငွေ ခွဲတောင်းစားယူ လူအစေအခိုင်းမှစ၍ မတရားသဖြင့်တစုံတရာ ညှဉ်းပန်းနှိပ်စက် ပြုလုပ်ခြင်းမရှိစေရန် ဥပဒေပေးအပ်ဆင့်ဆိုသော်လည်း မြို့ ရွာ နေ လူဘို့အပေါ်၌သော်၎င်း,တစုံတယောက်သောသူ၏ အပေါ်၌သော်၎င်း မြို့ရုံးအရာရှိ, မြို့ရွာသူကြီးတို့က တစုံတရာ ဥပဒေကို ကျူးလွန်ပြုလုပ်ရှိခဲ့လျှင် အတွင်းတော်လွှတ်တော်များသို့ လာရောက်လျှောက်ထားနိုင်သည်လည်း ရှိရာသည်၊ ခရီးဝေးကွာသည့် မြို့ရွာဖြစ်၍ မလာမရောက် ပေါက်မြောက်အောင် မလျှောက်မထားနိုင်သည်လည်း ရှိရာသည်။ တကြောင်းလည်း ဖမ်းဆီးရမိသူ-သူခိုးဓားပြတို့ အစစ်ခံထွက်ချက်အရ အပေါင်းပါသူ ခိုးသူ ဓားပြတို့ကို တရုံးကတရုံး တမြို့ကတမြို့ တောင်းဆိုရှိလျှင် အကာပ်အခိုမရှိစေရ၊ ပေးအပ်ရှင်းလင်းစေရမည်၊ ဥပ

ဒေပေးအပ် ဆင့်ဆိုသော်လည်း အချို့နယ်ရှင် အရာရှိအကြီးအကဲတို့သည် သူခိုးလူဆိုးတို့နှင့် အလိုတူပေါင်းသင်း၍ မပေးမအပ် ခုခံပြောဆို ကပ်နို တိမ်းရှောင်ပြုလုပ်ကြသည်နှင့် ဆိုးသွမ်းပြုကျင့်လိုသူတို့ အားအင်တိုးတက် အပေါင်းအသင်း ပွားများရှိက ပြည်သူဆင်းရဲသားတို့ အကူးအသန်း အသွားအလာ ခဲခက်ငြိုငြင်ခြင်း၊ အခိုးအတိုက်ခံရသူတို့မှာလည်း ပစ္စည်း ဥစ္စာ ဆုံးပါးပျက်စီး နင့်နာပင်ပန်းခြင်းရှိရာသည်။ သို့ဖြစ်၍ နိုင်ငံတော် မြို့ရွာများအနက် ရှမ်းပြည်မြို့ရွာများပြင် ကျန်မြို့ရွာများကို ဆယ်ဌာနခရိုင် ခွဲဝေပိုင်းခြားပြီးကာလ တဌာနလျှင် အရာရှိမှူးကြီးမတ်ကြီး တဦးစီ၊ဌာန ခရိုင်ဝန်ခန့်ထား၍ ခရိုင်ဝန်စုပေါ် မြို့ရွာများသို့ သွားရောက်နေထိုင် လှည့် လည်ထောက်လှမ်း မေးမြန်းကြည့်ရှု စစ်ဆေးစီရင် ပြုလုပ်စေရလျှင် မြို့ရွာ နေဆင်းရဲသား ကျွန်တော်မျိုးတို့ အထူးသဖြင့် ချမ်းသာ၍ သာသနာတော် ကျိုး တိုင်းကျိုးပြည်ကျိုး တိုးပွားဖြစ်ထွန်းရန် အကြောင်းများကို မြော် ထောက်ထော်မူပြီးလျှင် နိုင်ငံတော်အတွင်း ဆယ်ဌာနပြုလုပ် ခွဲဝေပိုင်း ခြားတော်မူ၍ ခရိုင်ဝန် ခန့်တော်မူသည်မှာ–

(၁) ရတနာပုံနေပြည်တော်ကြီးနှင့်တကွ ရွှေကြိုးသတ်နယ်ပေါ် မြို့ရွာ များကို ပဌမဌာနခရိုင်။

(၂) အဝမြို့ တောင်တက်ကိုးခရိုင်၊ ရွှေပြည့်ရန်အောင်မြင်းမြေကျေး ရွာ၊ ပင်းတလဲမြို့၊ တလုပ်မြို့၊ တောင်သာမြို့၊ ညောင်အုပ်မြို့များကို ဒုတိယ ဌာနခရိုင်။

(၃) မိတ္ထိလာမြို့၊ ရင်းတော်မြို့၊ ရနောင်မြို့၊ ထရံကာမြို့၊ လှိုင်းတက် မြို့၊ သာဂရမြို့၊ ညောင်ရမ်းမြို့၊ ရမည်းသင်းမြို့၊ တောင်ငူမြို့များကို တတိယ ဌာန တောင်ငူခရိုင်။

(၄) ပင်းမြို့၊ နတ်မောက်မြို့၊ ကျောက်ပန်းတောင်းမြို့၊ တောင်တွင်း ကြီးမြို့များကို စတုတ္ထဌာန တောင်တွင်းကြီးခရိုင်။

(၅) အောက်မြစ်စဉ်ဝဲယာမြို့ရွာများကို ပဉ္စမဌာန အောက်မြစ်စဉ်ခရိုင်။

(၆) ပုခန်းကြီးမြို့၊ ယောမြို့၊ ဆောမြို့၊ လောင်းရှည်မြို့၊ ထီးလင်းမြို့၊ ယောတိုက်ကျန်မြို့ရွာများကို ဆဋ္ဌဌာန ပုခန်းကြီးခရိုင်။

(၇) ချင်းတွင်းကြောင်း မြစ်စဉ်ဝဲယာများတို သတ္တမဌာန ချင်းတွင်း ကြောင်းခရိုင်။

(၈) စစ်ကိုင်းမြို့၊ အမြင့်ငါးမြို့ဝန်စုပေါ် မြို့ရွာ၊ အလုံမြို့ ဒီပဲယင်းမြို့များ ကို အဋ္ဌမဌာန စစ်ကိုင်းခရိုင်။

(၉) ရတနာသိဉ်မြို့ဝန်စုပေါ် မြို့ရွာ၊ မြေဒူးမြို့၊ ကောလင်းမြို့၊ ဝန်းသိုမြို့၊ ငရနဲမြို့၊ ခေါ်သန့်မြို့၊ ပဥ္စလင်္ဂါးမြို့၊ ရွှေအရှေ့ကြောင်း၊ အလယ်ကြောင်းမြို့ရွာများကို နဝမဌာန ရတနာသိဉ်ခရိုင်။

(၁၀) အညာမြစ်စဉ် ဝဲယာမြို့ရွာများကို ဒသမဌာန အညာမြစ်စဉ်ခရိုင်။

ဤကဲ့သို့ ဆယ်ဌာနအသီးအသီးနှီးစပ်ရာတွဲဘက်၍ ခရိုင်ခွဲဝေပိုင်းခြားပြီးလျှင် ပဌမဌာန ရွှေမြို့တော်ကြီးခရိုင်မှာ-ခရိုင်ဝန် သီးခြားခန့်ထားမရှိ၊ ခန့်ထားပြီး ရွှေမြို့တော်ဝန်, ထောင်မှူး, မြို့စာရေးတို့ကိုပင် စောင့်ထိန်းထမ်းရွက်စေသည်။ ဒုတိယဌာန အဝခရိုင်မှာ-ဝန်ထောက် ပင်းတလဲမြို့ဝန် မင်းကြီး မဟာမင်းလှရာဇာ။ တတိယဌာန တောင်ငူခရိုင်မှာ-ဝန်ထောက် မိုးတားမြို့စား မင်းကြီး မဟာမင်းလှကျော်ထင်။ စတုတ္ထဌာန တောင်တွင်းကြီးခရိုင်မှာ-မြို့ဝန် ယင်းတော်မြို့စား မင်းကြီး မဟာဇေယဂါမဏိ။ ပဥ္စမဌာန အောက်မြစ်စဉ်ခရိုင်မှာ-လက်ဝဲဝင်းတော်မှူး မကွရာမြို့စား မင်းကြီးသူရမဟာမင်းခေါင်သမိန်ပရမ်း။ ဆဋ္ဌဌာနပုခန်းကြီးခရိုင်မှာ-သူရဲဝန် လက်ဝဲဝင်းတော်မှူးဟောင်း မင်းကြီးမဟာမင်းခေါင်သူရိန်။ သတ္တမဌာန ချင်းတွင်းကြောင်းခရိုင်မှာ-ဝန်ထောက် မင်းကြီး မဟာမင်းခေါင်သမ်ယာ။ အဋ္ဌမဌာန စစ်ကိုင်းခရိုင်မှာ-နန်းမတော်ဝန် မိုင်းနိုင်းမြို့စား မင်းကြီး မဟာသီရိဇေယသူ။ နဝမဌာန ရတနာသိဉ်ခရိုင်မှာ-ရွှေဝင်းတော်မှူး၊ ရတနာသိဉ်မြို့ဝန်, ရဲဘက်မြင်းဝန် သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာ။ ဒသမဌာန အညာမြစ်စဉ်ခရိုင်မှာ-ဝန်ထောက် မလွန်မြို့ဆိုင်ရာ မင်းကြီး မင်းလှမဟာမင်းခေါင်ကျော်တို့ကို အသီးအသီး ခရိုင်ဝန်ခန့်ထား ဆောင်ကြီးရွက်ကြီး အစီးအနင်း ချီးမြှင့်ပြီးလျှင် ကိုယ်ရံသေနတ်စွဲသူရဲ သုံးဆယ်စီပေးအပ်၍ ခရိုင်ဝန်စုပေါ် မြို့ရွာများသို့ သွားရောက်နေထိုင် ထမ်းရွက်ကြရသည်။ ၎င်းနေ့ နေနှစ်ချက်တီးကျော် ငါးမောင်းအချိန် ရွှေမြို့တော်တောင်ပြင် လင်းဇင်တန်းကို မီးသင့်လောင်သည်။

ယင်းသည့် လဆန်း ကိုးရက်နေ့ ဗိုလ်တရာ အမှုထမ်း ထွားကအစောင့်အရှောက်ထားသူ ဗိုလ်တရာအမှုထမ်းတို့ မငြိမ်မဝပ် ဘထွေးဘော်အိမ်ရှေ့မင်းသား ရဟန်းတော် ဦးပညာစက္က-ငယ်မည် မောင်ဘုန်းနှင့် မသင့်သောအကြံကို ကြံစည်ကြောင်းနှင့် လွှတ်တော်သို့ စာရေးသား

လျှောက်ထားသည်၊ ဇင်းနှေ့ညနေ ရွှေမားဗိုလ်ကျော်ကို မေးမြန်းစုံစမ်းစေရာ အိမ်ရှေ့မင်းသား ရဟန်းတော်ဦးပညာစက္က အကြံအစည်ကိုသိ၍ လွှတ်တော်မြောက်ကျောင်းတော်တွင် ချီးမြှင့်ထားတော်မူသည့် ဘထွေးတော် အိမ်ရှေ့မင်းသား ရဟန်းတော် ဦးပညာစက္ကနေသည့်ကျောင်းတွင် နတ်ရှင်ရွှေးဗိုလ်နှင့် သေနတ်စွဲသူရဲ လူလေးဆယ် လဲလှယ်ထားပြီးလျှင် မူလအစောင့်အရှောက်ထားသော ဗိုလ်တရာအမှုထမ်းတို့ကိုသိမ်းရသည်။

ယင်းသည့် လဆန်းဆယ်ရက်နေ့ အမိန့်တော်ခံပြီးလျှင် ရဟန်းတော် ဦးပညာစက္က, ငယ်မည် မောင်ဘုန်းကို လူဝတ်လဲစေ၍ ကြံစည်ရာပါလူ ငမှုံ, ငအပ်ကြီး, ငကေး, ခေင်တို့ပါ ထောင်မှာအကျဉ်းထားရသည်။

ယင်းသည့်လဆန်းတဆဲ့နှစ်ရက်နေ့ မြို့ဝန် ရွှေလှံဗိုလ်ကောလင်းမြို့စား မင်းကြီးမဟာမင်းခေါင်နော်ရထာနှင့် ရွှေလှံသေနတ်စွဲသူရဲ လူငါးရာ တတပ်၊ ဖောင်ဝန်မဟာမင်းထင်မင်းလှသီဟသူနှင့် လှေအမှုထမ်းသေနတ်စွဲသူရဲ ငါးရာ့ခြောက်ဆယ် တတပ်၊ ယင်းသည့် နှစ်တပ်ကို အညာမြစ်စဉ်ကို သင်းဘောတော်တစင်းစီနှင့် အထက်စေလွှတ်ရင်း လှေအမှုထမ်း သေနတ်စွဲသူရဲ နောက်ဆန်တက်သည့်လှေအမှုထမ်း သေနတ်စွဲသူရဲတို့ပါ ချုပ်အုပ်စေ၍ ချီတက်ရသည်။

ယင်းသည့် လဆန်းတဆဲ့လေးရက်နေ့ အညာမြစ်စဉ်တွင် ကချင်ရိုင်းများနှင့် အကြီးအကဲပြုလုပ်တိုက်ခိုက်သူတို့အနက် ဖမ်းဆီးရမိ၍ ရွှေဘဝါးတော်အောက်ပို့ရောက်သူ ရွှေထီးဆောင်းဗိုလ်ခေါ် သိရိရန်အောင်ဖွဲ့ခံ ငခါကို စစ်ဆေး၍ ထောင်မှာအကျဉ်းထားသည်။

ယင်းသည့်လပြည့်ကျော်နှစ်ရက်နေ့အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား မကျန်းမမာတော်မူသည်ကို အသျှင်ဘဝရှင်မင်းတရားကြီးဘုရားက အန္တရာယ်ပျောက်ကင်း၍ဘုန်းတော်ကြီးကြောင်းသက်တော်ရှည်ကြောင်းဖြင့် စိန်ရတီချိန် လေးရာ့ငါးဆယ်, အဘိုးအနဂ္ဃထိုက်သည့် ပတ္တမြားလက်စွပ်, ဥယျာဉ်တော်ခြောက်ရပ်များကို ခမည်း ပေးတော်မူသည်။ ဝန်ကြီး, အတွင်းဝန်,မှူးတော်မတ်တော်တို့ကလည်း အဘိုးများစွာထိုက်တန်သော အသျှင်နှစ်ပါးနံတော်သင့် စိန်လက်စွပ်, ပတ္တမြားလက်စွပ်များကို ခမည်းဆက်သကြောင်း တင်လျှာနှင့် အသီးအသီးဆက်သကြသည်။

ယင်းသည့်လပြည့်ကျော်လေးရက်နေ့ အညာမြစ်စဉ်မြို့ရွာများသို့ချီတက်သည့် မြို့ဝန်ရွှေလှံဗိုလ်ကောလင်းမြို့စား,ဖောင်ဝန်တို့စီးနင်းသည့် တုလွှတ်

ယာဉ်ပျံ ရေနန်းစကြာ သင်းဘောတော် နှစ်စင်း ဗန်းမော်မြို့အောက် နတ်မျက်နှာတောင်အနီး ကျောက်ဆောင်တိုက်ခိုက်ထိပါး ရေစီးဝင်သည်တွင် ဖိတ်ဆို့ပက်ထုတ်မနိုင် ရှိသည်နှင့် သင်းဘောတော်နှစ်စင်း ရေတွင်နစ်မြုပ်ဆုံးပါးရာ စီးနင်းလိုက်ပါရင်းရဲမက်အမှုထမ်းတို့ကုန်းသို့တက်ခင်၍ မြို့ဝန်ဖောင်ဝန်တို့ပါ အသေအပျောက်မရှိ လွတ်ငြိမ်းချမ်းသာကြောင်းနှင့် တင်စာရောက်သည်။

ယင်းသည့် လပြည့်ကျော် တဆဲ့နှစ်ရက် နေ့ နေ နှစ်ချက်တီးကျော် ခြောက်မောင်းခန့်အချိန် ရွှေမြို့တော် အရှေ့မျက်နှာ စည်ပုတ္တရာတိုက် ရဟန်းတော်ဦးစိတ္တရကျောင်းကစ၍ မီးစွဲငြိရာ စည်ပုတ္တရာတိုက် အတွင်း ကျောင်းသုံး, ငါးစိုဖ့်တိုက်အတွင်း ကျောင်းသုံး မီးသင့်လောင်သည်။

ယင်းသည့်လပြည့်ကျော်တဆဲ့သုံးရက်နေ့ သမီးတော်ထိပ်စုမြတ်ဘုရားလေးပါးအနက် သမီးတော် ဒုတိယထိပ်စုမြတ်ဘုရားပြင် သမီးတော်ထိပ်စုမြတ်ဘုရားကြီး, ညီမတော် တတိယထိပ်စုမြတ်ဘုရား, ညီမတော်စတုတ္ထထိပ်စုမြတ်ဘုရား သုံးပါးမှာ အထက် ကျောက်ထိုးနှံ့ရှိသည့်ကျောက်ကပေါက်ရောက်သည့် ကျောက်ရောဂါဘိစီး မသက်မသာ ရှိတော်မူသည်ကို ပြုစုကုမရင်း သမားတော်တို့နှင့် အီတာလျံဆေးဆရာ, ရွှေမြို့တော်မြို့တွင်းမြို့ပြင် ရပ်စုကွက်စုများတွင် တတ်မြောက် ကျော်စောသည့် မိန္ဒောကုဓာတ်ကု ဆရာတို့ကိုအတွင်းတော်သို့ခေါ်ငင်နှီးနှောတိုင်ပင်ဆင်ခြင်ပြောဆိုဆေးဝါးဆက်သတင်လျှောက်ကြရသည်။ ၎င်းနေ့ နေသုံးချက်တီးကျော်နှစ်မောင်းအချိန် မြေငလျင်လှုပ်သည်။

၎င်းနေ့ညနေ လေးချက်တီးကျော်အချိန် သမီးတော် တတိယ ထိပ်စုမြတ်ဘုရားမှာ ကပ်ရောက်တော် မူသည့် ကျောက်ရောဂါကို တဆေးမကောင်း တဆေးကောင်း လဲပြောင်းကုသပါသော်လည်း ချမ်းသာမရ ကံကုန်တော် မူသည်ကို သဂြိုဟ်ရန် ၎င်းနေ့ ခြောက်ဥယျာဉ်တော်အတွင်း အထက်မောင်တော် ရွှေကိုယ်တော်မြတ်ဘုရားကြီး အလောင်းတော်ကို သဂြိုဟ်တော်မူသည့် အုတ်ပြာသာဒ်တော် တောင်ဘက်တွင် ယှဉ်၍ စောက် သုံးတောင်တမိုက်တူးရသည်။

ယင်းသည့်လပြည့်ကျော်တဆဲ့လေးရက်နေ့ နေနှစ်ချက်တီးကျော် သုံးမောင်းအချိန် ထိပ်စုမြတ်ဘုရား အလောင်းတော်ထားရင်း တောင်နန်းတော်ဆောင်တော်ကြီးမာရဆင်အနောက်ဖက် မြောက်ခန်းသို့ ရွှေသား

ယောင်တော်ကို မွေ့ရာဇာဘွဲ့ခံ မင်းသားကြီးလေး, အုပ်မိုးရန်ထီးဖြူတော် ရှစ်စင်းကိုမင်းသားလတ်ရှစ်တို့ ချီမကိုင်တွယ်ပြီးလျှင် အခန်းတော်အတွင်း ယောင်တော်သွင်း၍ အလောင်းတော်ကို ထည့်ပြီးလျှင် ရွှေဗုဇွန်ဆီ အုပ်မိုးပြီးမှ မင်းသားကြီး, မင်းသားလတ်တို့ ယောင်တော် ထီးဖြူတော်များကို ဆောင်ယူ၊ ယင်းသည့်အခန်းတော်အနောက် တောင်မြောက်ဒူးလမ်းသို့ ထွက်သည့်တံခါးက ထွက်သွား၊ နန်းမတော်ဘုရား အဆောင်တော်ကြီး အနောက် အလယ်ဆီတည့် နောက်စမုတ်သို့ထွက်သွားသည့် လမ်းမတော်ကသည် အနောက်ပွဲတက်ဆောင်အရှေ့ဘက် မင်းလမ်းတံခါးက ထွက်သွား၊ နောက်စမုတ်လှေကားတော်က ဆင်းသက်၊ ရေမြောင်းအရှေ့ဘက် လက်ဝဲဘက်ဥယျာဉ်တော်တွင်းသို့ဝင်သည့်လမ်းက လျှောက်သွားဆောင်ယူပြီးလျှင် အလောင်းတော်ထည့် ယောင်တော်ကို သလွန်တွင် တင်ထား၊ ထီးဖြူတော် ရှစ်ချက် အုပ်မိုးရပ်ဆိုင်း သံဃာတော်ရှစ်ပါးနှင့် သရဏဂုံ တင်ပြီးလျှင် အလောင်းတော်ကို အထက်တူးပြီးကျင်းတွင် အုတ်စီလုပ် အခင်းအခံနံ့ရံအင်္ဂတေကိုင်ပြီးလျှင် အတွင်းအောက်ခံအနီသုတ် သစ်တုံးနှစ်ခုထက်ကျအောင် မင်းသားကြီးတို့ ဗုဇွန်တုပ်ခေါင်းပေါင်းအုပ်နှစ်ကို ကြိုးပြုလုပ်ကိုင်တွယ် ယောင်တော်ကို ၎င်းအထက်ကတင်ပြီးမှ ကြိုးနှစ်ဖက်ကိုင်ချပြီးလျှင် ၎င်းကျင်းအထက် ကောင်းမွန်အောင်ဝိတ်ဖုံး၍ အုတ်ပြာသာဒ် တည်လုပ်ရသည်။

ယိုနှစ် နှောင်းတန်းခူးလဆန်း တရက်နေ့ နေသုံးချက်တီးကျော်လေးမောင်းနှစ်ပါဒ်အချိန် နန်းမြို့တော်မြောက်မျက်နှာ ရွှေတိုက်အတွင်းဝန် ပေါက်မြိုင်မြို့စား ဝင်းပေါက်တောင်ဘက်အထွက် စလင်းစစ်ကဲဟောင်း ငနေထွန်းအိမ် ထမင်းချက်မီးကစ၍ စွဲငြိတောက်လောင်ရာ ရွှေတိုက်အတွင်းဝန် ပေါက်မြိုင်မြို့စားဝင်းအိမ်နှင့် တကွ ပတ်လည် လေးမျက်နှာအိမ်တန်းကုန်၊ ၎င်းအနောက်ခလျှောက်၍ လေးသိန်းတံခါး လမ်းမတော်ရောက် အရှေ့အနောက်ဝင်းစဉ်ကုန်၊ မြောက်ဖက်ကိုလည်း ယောမြို့စားဝန်ကြီးဟောင်း, ပုဂံဝန်ထောက်ဟောင်း ဝင်းနှစ်ရပ်နှင့်တကွ ဝင်းပတ်လည် အိမ်တန်း သံချက်ဝန်ထောက် အိမ်များပါ အိမ်ခြေ နှစ်ရာကျော် ကျွမ်းလောင်ပြီးမှ စဲငြိမ်းသည်။

ယင်းသည့်လဆန်း သုံးရက်နေ့ ညဉ့်လေးချက်တီးကျော် သုံးမောင်းအချိန် သမီးတော်စတုတ္ထထိပ်စုမြတ်ဘုရားမှာ ကပ်ရောက်သည့် ကျောက်ရောဂါတော်မှ အထမမြောက် ကံကုန်တော်မူပြန်သည်ကို အောက်မရှိ

သည်နှင့် ဖွေ့ပိုက်ချဆောင်ရန် မင်းညီမင်းသားတို့ကို ခေါ်ငင် မဆိုက် မရောက်မီ အလောင်းတော်ကို ကြယ်ထိုးပုခက်တော်အတွင်း ထည့်သွင်း ရွှေပုဏ္ဏန်ဆီ ဖုံးအုပ်ပြီးလျှင် ဝန်ရှင်တော် တောင်ခွင်မြို့စားမင်းကြီး, ရွှေ တိုက်အတွင်းဝန်ပေါက်မြိုင်မြို့စား, ဝန်ထောက် ဇက်မစွတ်မြို့စား,စက်ဝန် ယွန်းစုဝန်တို့ အလောင်းတော်ပုခက်ကို ပိုက်ဖွေ့ သံတော်ဆင့်ဝန်စုရတို့ ကိုင်တွယ် ထုတ်၍၊ မြောက်ဥယျာဉ်တော်အတွင်း မောင်တော် ရွှေကိုယ် တော်ကြီး သင်းချိုင်းအုတ်ပြာသာဒ်အနောက်ဖက်တွင် ကပ်၍ အထက် အမတော်နည်း လုပ်ဆောင်သဂြိုဟ်ရသည်။

ယင်းသည့် လဆန်းလေးရက်နေ့ နံနက်တချက်တီးအချိန် အလောင်း တော်သဂြိုဟ်ရာ အထက်က အုတ်နန်းပြာသာဒ် ပြီးပြေ၍ သံဃာတော် ရှစ်ပါးပင့်ဘိတ်၊ ပရိတ်တရားတော်များ နာခံပြီးလျှင် နွားနို့ဆွမ်းကပ်လှူ ကျွေးမွေးရသည်။

ယင်းသည့် လဆန်းငါးရက်နေ့ လွှတ်တော်မြောက်ကျောင်းရှိ အိမ် ရှေ့မင်းသား ရဟန်းတော်ရှင်ဝါယာမ,ရှင်သုဇာတ,သာမဏေရှင်ဇာဂရ တို့အမိ အိမ်ရှေ့တော်ဝင်းအနီးအိမ်တွင်နာမကျန်းရှိသည်ကို စာရေးကြီး တစ်, သေနတ်စာရေးတစ်, သေနတ်အမှုထမ်း လူတကျိပ်တို့ကို ကြီးကြပ် သွားရောက်ကြည့်ရှုစေသည်။

ယင်းသည့်လဆန်းခြောက်ရက်နေ့ နံနက်တချက်တီးကျော်ငါးမောင်း အချိန် မလွန်ဈေးရပ်တွင်အိမ်ခြေတရာကျော် မီးသင့်လောင်သည်။ ယင်း သည့် လဆန်းခုနစ်ရက်နေ့ ဘထွေးတော်အိမ်ရှေ့မင်းသား မောင်ဘုန်းနှင့် သူပုန်မှုပါဝင်သူတို့ပါ ထောင်တွင် စီရင်သည်။

### တနေ့တည်း မီးခုနစ်ကြိမ်လောင်ခြင်း၊ မဟာမုနိရုပ်ပွားတော် မီးသင့်ခြင်း-စသော အကြောင်းများ

ယင်းသည့် လဆန်းဆယ်ရက်နေ့ နေတချက်တီးကျော် လေးမောင်း အချိန် ရွှေမြို့တော် နောက်ပြင် ပြည်ကြီးကြက်သရေရပ် ကြီးမြင့်ဘုရား အရှေ့ မိုးနဲစားဟောင်း ဝင်း မြောက်ဖက် မိတောအိမ်ကစ၍ မီးစွဲပြီ ဘောက်လောင်ရာ မြောက်ကို သူရဲဈေးထိ သင့်လောင်၍ မစဲမငြိမ်းမီ နန်းမြို့တော်အနောက် ဝင်းမှူးဝင်း အတွင်းအိမ်ကစ၍ မီးစွဲပြီ တောက် လောင်ပြန်ရာ မြောက်ကို ရွှေပြည်မှန်ကင်း,မာခသင်အစု, မြောက်ဒဝယ်

အနောက်ကွက်, အရှေ့ကွက်, ဝင်းအိမ်နှင့် မြို့ရိုးပေါ်ပြအိုးပြာသာဒ်နှစ်, လေးသိန်းတံခါးပြာသာဒ်, နန်းစဉ်ကျီတော်ကြီးများပါ မီးသင့်လောင်သည့်ပြင် မြောက်ပြင်ကိုဖြတ်ကျော်၍ ဒိဝယင်းတိုက်, ဆူးခါးတိုက်, လက်ာရာမတိုက်, မကုဋာရာမတိုတ်, နိဿရည်းတိုက်, ကုသိုလ်တော်တိုက်, သောဘိတာရာမတိုက်, ပန်းဘဲတန်းတိုက်များက ကျောင်းပေါင်းခုနစ်ဆဲ့ ရှစ်ကျောင်းအနက် ငါးဆဲ့လေးကျောင်းကို မီးသင့်လောင်သည်။

၎င်းနေ့ ထီးတန်းကတကြိမ်၊ မြို့တွင်းလက်ယာကြောင်းကတကြိမ်၊ မြို့တောင် ရွှေလှံတန်းကတကြိမ်၊ယိုးဒယားဈေး အနောက်ကတကြိမ်၊အရှေ့ကတကြိမ် ၈၈ မီးခုနစ်ကြိမ်လောင်သည်။ မစိုးရိမ်ကျီတော်တွင် စပါး နှစ်ထောင်၊ မြောက်ဒဝယ်, မြောက်တရုတ်ငါးဆယ်, မြောက်မာရဘင်, ရွှေပြည့်မှန်ကင်း, လေးစုကျီဘွင် စပါး ကိုးသောင်းကျော်နှင့်တကွ ကျီတော်များပါ မီးသင့်လောင်သည်။

ယင်းသည့်လဆန်း တဆဲ့သုံးရက်နေ့ နေနှစ်ချက်တီးကျော် သုံးမောင်းအချိန် ရတနာဘူမိရပ် ငသိုးအိမ် ထောပတ်ထမင်းချက်ပြုတ်သည့် မီးက အကာနံရံ စွဲငြိတောက်လောင်ရာ မဟာအောင်မြေရပ်, ရွာဟိုင်း ဈေးတလျှောက် ၎င်းက တောင်တူးမြောင်းကို ဖြတ်ကျော်၍ မြင်းဝန်တိုက်နှင့် ပတ်လည်အိမ်များ, စရပ်တန်း, ကျောင်းများနှင့် မဟာမုနိ ဘုရားကြီး ပြာသာဒ်တော်ကြီး စောင်းတန်းလေးမျက်နှာ၊ ၎င်းကတောင်ကို အသောကာရာမတိုက် ကျောင်းမ, အရံကျောင်းပါ စွဲငြိတောက်လောင်၊ ၎င်းက အရှေ့ဒက္ခိဏာရာမတိုက်ကုန်၊ ၎င်းကတောင်ကို ရွာသစ် မြောက်ပိုင်း၊ အောင်မြေရွှေဘုံတိုက်၊ ဘုံကျော်တိုက်၊ ညောင်ကန်တိုက်၊ အင်းနားထီးလင်းတိုက်၊ ဦးလူကြီးတိုက်၊ ရှမ်းပွဲပတ်လည်၊ မြင်းဝန်တိုက်၊ ကျောင်းပတ်လည် အိမ်များပါ စွဲငြိတောက်လောင်ရာ နေ သုံးချက်တီးကျော် ငါးမောင်းအချိန်မှ စဲငြိမ်းသည်။

မဟာမုနိရုပ်ပွားတော်မြတ်မှာ ရွှေသားမကိုဋ်တော်, နားပန်တော်, စလွယ်တော်များနှင့် သူခပ်သိမ်းတို့ ကပ်လှူချမှုမ်းသောရွှေသက်န်းတော်များတွင်သာ ပျက်ယွင်းလေသည်။ ရုပ်ပွားတော်ရင်းမှာကား တစုံတရာ ချွတ်ယွင်းပျက်စီးခြင်းမရှိ ပကတိအတိုင်း တည်တော်မူသည်။

ယင်းသည့်လဆန်း တဆဲ့ငါးရက်နေ့ မြို့တွင်း တဆဲ့နှစ်ကွက် မီးသင့် လောင်ရာပါလူတို့အနက် ထီးမားလက်စွဲ စုကြီး အမှုထမ်းတို့ပြင် ကျန်

စုသေး အသည်အိမ်ခြေခြောက်ရာ့နှစ်ဆယ်ကျော်တို့ကို ၎င်းတို့ ကွက်ရစ်များသို့ အမိန့်တော်မြွက်နှင့် ဝန်ထောက်, သံတော်ဆင့်, စာရေးကြီး, မြို့စာရေးတို့ လှည့်လည်သွားရောက် စစ်ဆေးမေးမြန်းပြီးလျှင် တအိမ်လျှင် ငွေဒင်္ဂါးနှစ်ပြား, ဆန်တစိတ်ထည့်အိတ်တစ်များကို ပေးဝေစေသည်။

မဟာမုနိရုပ်ရှင်တော်က စီးဆင်းကျလျှောသည့်ရွှေများကို အရာရှိမှူးတော်မတ်တော်တို့ ကြီးကြပ်သိမ်းဆည်း ၎ပုံချိန်တွယ်မှတ်သားရာ ရွှေချိန် ငါးထောင့်လေးရာ့ငါးဆယ်ကျော် ရသည်။ ရက္ခပူရတိုင်း ရခိုင်ပြည်ကြီးက ပင့်ဆောင်လာသည့်နေ့မှ ရေတွက်ရာ အနှစ်တရာ စေ့သည့်နေ့တွင် မီးသင့်လောင်သည်။

ထိုနှစ် တပေါင်းလကစ၍ (၁၂၄၇) တထောင့်နှစ်ရာ့လေးဆဲ့ခုနစ်ခု ဒုတိယဝါဆိုလထိ ခြောက်လတိုင်တိုင် ပြဿဒါးရက်ချည်း ဆန်းလေသည်။

နှစ်စဉ်လှူဒါန်းမြဲအတာသဘင်မှစ၍ တဆဲ့နှစ်ရာသီ မင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၄၅) တထောင့်နှစ်ရာ့လေးဆဲ့ငါးခု နှောင်းတန်းခူးလဆန်း တဆဲ့ငါးရက်နေ့ ညဉ့်သုံးချက်တီးကျော် သောကြာနေ့သို့အဝင် နှစ်နာရီ သုံးပါဒ် နှစ်ဗိဇနာ လေးပြန် ခုနစ်ခရာအချိန်သင်္ကြန်ကျသည်။ ၎င်းလပြည့်ကျော်သုံးရက် တနင်္ဂနွေနေ့ အတာနှစ်သစ် သက္ကရာဇ် (၁၂၄၆) တထောင့်နှစ်ရာ့ လေးဆဲ့ခြောက်ခုသို့ တက်သည်။

## ၁၂၄၆-ခု

သက္ကရာဇ် (၁၂၄၆) တထောင့် နှစ်ရာ့ လေးဆဲ့ခြောက်ခု တန်းခူးလပြည့်ကျော်သုံးရက် အတာတက်သည့်နေ့ နံနက်တချက်တီးကျော် လေးမောင်းအချိန် အခါဘော်အတိုင်း တောင်နန်းတော် ဝဲဘက်ဆောင်တော်တွင် မှူးတော်မတ်တော်တို့ အင်္ကျီလက်ကျယ် ရွှေစလွယ် ဆင်ယင်ဝင်ရောက်ကြပြီးလျှင် ဝဲယာအခြံအရံ အတွဲအမ အခမ်းအနားပါ မင်းသမီးနှစ်တို့ မစခြံရံစေ၍ ပဋ္ဌမပူဇော်တော်ပွဲ ဆက်သပြီးနောက် ဒုတိယဘုရားခုနစ်ဆူအလှူတော်စာ လျှောက်ကြား၊ စည်တော်တီးရွှမ်းရသည်။ နောက်လက်ဖွဲ့တော် ရွှေသပြာသုံးရာ, ငွေသပြာသုံးထောင်များကို လက်ဖွဲ့တော်

မူ၍ နာခံတော်က မင်္ဂလာရတုလျှောက်ကြားပြီးမှ အခါတော် ကြား လျှောက် ဘိသိက်တော်ဆက်သပြီးလျှင် သမီးတော်ထိပ်စုမြတ်ဘုရားကြီး အတာပွဲတော်တည်တော်မူသည်၊ ယိုးဒယားဇာတ်ကြီး အတီးအကမှာ အဆောင်တော်ဦးတွင်ကပ်၍၊ အတွင်းတော်အငြိမ့်မှာ ၎င်းအရှေ့ မှန်စီ နန်းတော်အနီး၌ကပ်၍၊ မွန်အငြိမ့်မှာ ဖလ်မြေစံနန်းတော် အရှေ့ဘက် များတွင် ခင်းကျင်းတီးမှုတ်ရသည်။

သက္ကရာဇ် (၁၂၄၆) တထောင့်နှစ်ရာ့လေးဆဲ့ခြောက်ခု တန်းခူး လ ပြည့်ကျော် လေးရက်နေ့နံနက် အုတ်နန်းပြာသာဒ်တော်သို့ မယ်တော် ဆင်ဖြူမရှင်ဘုရား, သမီးတော်မိုင်းနောင်စုဘုရား, ညီမတော်ရမည်းသင်း စုဘုရားနှစ်ပါး မိဖုရားဟောင်းတို့နှင့်တကွ ထွက်တော်မူ၍ အမွှေးအထုံ နံ့သာရည်မျိုးစုံတို့ဖြင့် သွန်းလောင်းဖျန်းပက် ပူဇော်တော်မူ၍ ရွှေနန်း တော်သို့ ဝင်တော်မူသည်။

၎င်းနေ့နံနက် အစီအစဉ် အခင်းအကျင်းနှင့် သွန်းလောင်းရန် ညောင် ရေတော်ကို ဝန်ထောက် ဝက်မစွတ်မြို့စားနှင့် လွှတ်တော် ရွှေရုံးတော် အရာရှိကြီးတို့ ကြီးကြပ်ပြီးလျှင် အသျှင်နှစ်ပါးသက်တော်စေ့ ဘုရားတဆူ လျှင် ရေအိုးငါးဆဲ့လေးလုံးအကျ ဘုရားလေးဆူတွက် ရေအိုးလုံးရေ နှစ်ရာ့တဆဲ့ခြောက်မှာ ဗုဇွန်တုပ်ခေါင်းပေါင်း ဖုံးအုပ်စည်းရစ်ပြီးလျှင် ကြိုးထမ်းပိုးများမှာဝိတ်ဖြူမွှမ်း၍ ဧရာဝတီမြစ်သို့သွားရောက်ခပ်ယူရသည်။

၎င်းနေ့ နေနှစ်ချက်တီးကျော် လေးမောင်းအချိန် နန်းမြို့တော်အနော် တောင်ထောင့် အသျှင်နန်းမတော်ဘုရားဝန်တော် အိမ်ဝင်းတောင်ဘက် တန်းက စ၍ မီးစွဲ ငြိတောက်လောင်ရာ တောင်ကို ကြေးမုံတံခါးလမ်း တောင်ဘက်တန်းရောက်၊ အနောက်ကို မြို့ဝန်ပင်လယ်မြို့စားဝင်းနှင့်တကွ အနောက်ဘက်တန်းအိမ်ရောက် မီးသင့်လောင်သည်။

၎င်းနေ့ညဉ့် တောင်နန်းတော်တောင်ဘက် နန်းမြင့်တွင် ပုခန်းစည် သူရှင်ဘုရား, ရှင်မတောင်ဘုရား, မြတ်ပေါင်းမဥ္ဇူဘုရား, ဒက္ခိဏသာခါ ဘုရားလေးဆူကို ရေသွန်းရန် အခမ်းအနား လုပ်ဆောင်ပြီး မြင်းမိုရ် အာလိန်နတ်လမ်း သိကြားဆင်းတက်ပုံ, နတ်သား လှည့်လည်ပုံ များကို အသျှင်နှစ်ပါး ထွက်စံတော်မူ၍ ကြည့်ရှုတော်မူပြီးလျှင် သွန်းလောင်းမြဲ ညောင်ရေသွန်းလောင်း ပူဇော်တော်မူသည်။

ယင်းသည့်လပြည့်ကျော် ခုနစ်ရက်နေ့ မဟာမုနိဘုရားတွင် ထာဝရ အုတ်ပြာသာဒ်စောင်းတန်းတော်များ မပြီးမီအတွင်း ပြည်သူတို့ ဝင်ထွက် ဖူးမြော်ရန် ရှိရင်း ဂန္ဓကုဋိအထက်တွင် ဘုံသုံးဆင့် အထွတ်ထုပိကာတင် ရွှေထီးစိုက် သွတ်ပြားမိုးတန်ဆောင်းလုပ်ဆောင်ရန်, ၎င်းအောက်အာရုံခံ စမြင်အုတ်ကြွပ် မိုးလုပ်ဆောင်ရန်, ဈေးမျက်နှာစောင်းတန်း ခေါင်စင်း အုတ်ကြွပ်မိုးလုပ်ဆောင်ရန် ငွေတခဲသောင်းရှစ်ထောင့်သုံးရာ့ခြောက်ဆယ်ကို ထုတ်ပေးတော်မူသည်။

ယင်းသည့်လပြည့်ကျော် ကိုးရက်နေ့ ဝန်ရှင်တော်ကင်းဝန် လယ်ကိုင်း မြို့စားသေနတ်ဝန်ကြီးကတော် ကသာမြို့စားသေလွန်သည်ကို အမိန့်တော် ခံရာ ခမည်းတော်ဘုရား လက်ထက် မြတောင် မြို့စား သေနတ်ဝန်ကြီး ကတော်သေလွန်ရာ သင်္ဂြိုဟ်သည့်နည်း လုပ်ဆောင် သင်္ဂြိုဟ်စေ-အမိန့် တော်မှတ်သည်။

ယင်းသည့် လပြည့်ကျော်ဆယ်ရက်နေ့နံနက် သေနတ်ဝန်ကြီးကတော် သေဆုံးရာ မသာအိမ်သို့ အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား, ညီမ တော် ရမည်းသင်းစုဘုရား ရွှေသားယာဉ်နှင့် ရွှေသုံးတပ်နောက်သုံးတပ် တပ်ဝင်း အခင်းအကျင်းများနှင့် ထွက်တော်မူသည်။ ထွက်တော်မူသည့် ကာလ စည်ကိုပိတ်၍ အလံကိုလိပ်၍ ထွက်တော်မူသည်၊ အမြောက်သံ လည်း မကြားရ၊ ဝင်တော်မူကာလမှ ရွှမ်းစည်တော်, ရွှေတော်ပြေးစည် တော်, စည်ပုတ်, ပတ်သာ, မင်္ဂလာရွှေမောင်းများကိုခတ်တီး အလံများ ကို ဖြန့်၍ ဝင်တော်မူသည်၊ အသျှင် ဘဝရှင်မင်းတရားကြီးဘုရားက ငွေ ငါးထောင်, အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုးရာက ငွေသုံးထောင် မသာကူတော်မူ၍ သေနတ်ဝန်ကြီးချွေးမ ကောင်ဟန်ဝန်သမီးကိုလည်း ထောင်ကလွတ်တော်မူသည်။

### အိမ်ရှေ့မင်းသား ရဟန်းတော် ဘဝပြောင်းခြင်း-စသည်များ

ထိုနှစ်ကဆုန်လဆန်းတရက်နေ့ လွှတ်တော်မြောက်ကျောင်းရှိ ဘထွေး တော် အိမ်ရှေ့မင်းသား ရဟန်းတော် ဦးသုဇာတ ဘဝပြောင်းသည်ကို ခေါင်းတလားတို့ဖြင့် ကောင်းမွန်စွာ လုပ်ဆောင်ပြင်ဆင်ပြီးလျှင် သင်း ချိုင်းတော်တွင် သင်္ဂြိုဟ်တော်မူသည်။

ယင်းသည့် လဆန်းနှစ်ရက်နေ့ နေရာတော်နေ ရက်ကန်းတော်အုပ် မင်းသားကြီး သီရိသုမဟာဓမ္မရာဇာ ကံကုန်သည်ကို ခမည်းတော်ဘုရား

လက်ထက် ထီးလင်းမင်းသားကံကုန်ရာ သင်္ဂြိုဟ်သည့်နည်း ထီးဖြူလေး, အရိုးအုပ်တစ်,သံလျှင်း,ရမျှားတို့နှင့် သင်းချိုင်းတော်တွင် သင်္ဂြိုဟ်ရသည်။

ငင်းနေ့ညနေလေးချက်တီးအချိန် အထက် ငတုနှင့် ရွှေနန်းတော်ထက်မှာ-မှားယွင်းကျူးလွန်သော မင်းခင်းစားဟောင်း မင်းသမီးကို ထောင်ဝင်းအတွင်း သုတ်သင်စီရင်သည်။

ယင်းသည့် လဆန်းကိုးရက်နေ့ ဘိနပ်တော် ကျိုင်းတောင်း မြို့စားကမ္ဘောဇဝံသဇေယရာဇာကို မိုးနဲစော်ဘွား ခန့်တော်မူပြီးလျှင် အထက်စော်ဘွားတို့နည်း ကမ္ဘောဇရဋ္ဌမဟာဝံသသီရိသုဓမ္မရာဇာ-ဘွဲ့နှင့် အစီးအနင်း အဆောင်အရွက်များကို ပေးတော်မူသည်။

ယင်းသည့်လဆန်း ဆယ်ရက်နေ့ နေတချက်တီးကျော် တမောင်းအချိန် အခါတော်အတိုင်း မှန်နန်းတော်တွင် အခါတော် မရောက်မီ သံဃာတော်ရှစ်ပါး ပင့်ဘိတ်၊ ပရိတ်တော် ဂဏ်တော် ရွတ်မွန်းဟောကြားရာ အတွင်းဝန်, ဝန်ကြီး, ဝန်ထောက်, တရားသူကြီး, သံတော်ဆင့်တို့ အင်္ကျီလက်ကျယ် ရွှေစလွယ် ဆင်ယင်နာခံကြသည်။ ပြီးလျှင် အခါတော်ကြားလျှောက်၍ အငြိမ့်တီးမှုတ်သည်နှင့်တပြိုင်နက် အသျှင်နှစ်ပါးဇာတာတော်ကို ပုဏ္ဏားဝန် ဗြဟ္မာစန္ဒနှင့် ပညာရှိ ဗိဒျတို့ ပြိုင်ဆိုင် တွက်ချက်ကြရသည်။

ငင်းအခါတော်နှင့် တပြိုင်နက် မဟာမုနိဘုရားမှာ လျှရန် ဗိသုကြိုမကိုဋ်တော်နှင့် စံနစ်တူ မဟာမုနိရုပ်ပွားတော်မြတ် ဦးခေါင်းတော်နှင့်တိုင်း၍ လုပ်ဆောင်ပြီး သံဖြူမကိုဋ်တော်ကြီးထားသည့် မှန်နန်းတော်မာရဘင်အနောက်ဖက်အထွက် ထုပိကာတင် ရွှေထီးစိုက် သုံးထပ်တန်ဆောင်းတော်အတွင်း မကိုဋ်တော်ပုံနှင့် အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စားကြီးကြပ်၍ ငြိတိုက်အရာရှိ, ရွှေတိုက်အရာရှိ, အလုပ်သည်ပညာသည် ပန်းထိမ်အမှုထမ်းတို့ ကြပ်မ၍ မကိုဋ်တော်ကို ရွှေကွပ်မွမ်းစ၍ လုပ်ဆောင်ရသည်။

ယင်းသည့် လပြည့်ကျော်တရက်နေ့ ညနေ သုံးချက်တီးကျော် ငါးမောင်းအချိန် လွှတ်တော်ရှေ့ မှန်စီကျောင်းတွင် ပင့်ဆောင် တင်ထားသည့် ပုခန်းစည်သူရှင်ဘုရား,ရှင်မတောင်ဘုရား, မြတ်ပေါင်းမဋ္ဌုဘုရား, ဒက္ခိဏသာခါ ဘုရားလေးဆူကို ရွှေနန်းတော်ဦး ဘုရားဆောင်တော်တို့ ပင့်တော်မူသည်။

ယင်းသည့်ကဆုန်လပြည့်ကျော် ခြောက်ရက်နေ့နံနက် တစ်ဝင်းအခမ်းအနား ကြီးကျယ်စွာခင်းကျင်း ကျင်းပတော်မူလျက် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, အသျှင် နန်းမတော် မိဖုရားခေါင်ကြီးဘုရားနှင့်တကွ ရတနာထမ်းစင်တွင် ရွှေစက်တင်တော်မူ၍ လွှတ်တော်သို့ ထွက်တော်မူပြီးလျှင် သီဟာသနရာဇပလ္လင်တော်ထက် အသျှင်နှစ်ပါး စံတော်မူလျက် လွှတ်တော်ကို သိမ်းတော်မူသည်။

ထိုအခါ လွှတ်တော်တွင် ယာဉ်ထီးဖြူတော်ရှစ်စင်းနှင့် ဝဲယာမင်းခမ်းတော် ခင်းကျင်းရသည်။ မင်းညီ မင်းသား မှူးတော် မတ်တော်တို့မှာ ဖောင်းဝတ်လုံစလွယ် ဆင်ယင်လျက် ပွဲတက်သည့်နည်း နေရာခင်းကျင်း၍ ကွမ်းခွက်, လက်ဘက်အိုး တကောင်းပိတ် အဆောင်အရွက် များနှင့် ခစားကြရသည်။ ဘုရားခုနစ်ဆူအလှူတော်ကို နာခံတော် ဖတ်လျှောက် လှူဒါန်းတော်မူပြီးလျှင် အခါတော်ပေး စိန်ထောက်၍ အမြောက်သံကြားရသည်။ လေးကျွန်းမင်း လက်ဆောင်တော် ဆက်မြဲဆက်ရသည်။

ထိုနောက် ပြည်သူတို့ ယှက်တင်ဖြစ်ပွားကြသည့် မှုခင်းတရားစကားရှိသည်များကို နေ့လရှည်ကြာ မပြီးမပြတ်မရှိစေရ၊ ကိုယ်တော်တိုင် မှန်ကန်သဖြင့် စစ်ဆေးဆုံးဖြတ် စီရင်တော်မူသည်။ ထိုနောက် နာခံတော်က မင်္ဂလာရတု လျှောက်သည်။ ထိုနောက် ရွှေတောင်ဇေယကျော် ပုဆစ်တုပ်ကြဗျာ:- ဆိုမြဲဆိုရသည်။ ဝဲယာလက်ဆောင်တော် သိမ်းဆိုမြဲဆိုသည်။ ထိုနောက် ငွေမောင်းငါးချက်တီး၍ အသျှင်နှစ်ပါး ရွှေနန်းတော်ကြီးသို့ ဝင်တော်မူသည်။

ထိုနောက် အစဉ်မပြတ် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, အသျှင် နန်းမတော် မိဖုရားခေါင်ကြီးဘုရားနှင့်တကွ ရထားတော်ကြီးတွင် ရွှေစက်တော်တင်၍ လွှတ်တော်သို့ ထွက်တော်မူပြီးလျှင် တရားဆုံးဖြတ် စီရင်တော်မူသည်။ အရာရှိ မှူးတော်မတ်တော်တို့မှာ အင်္ကျီလက်ကျယ် ရွှေစလွယ်ဆင်ရသည်။ အမှုသွင်းသောအခါ သံတော်ဆင့်တို့က ဖတ်လျှောက်ရသည်။ ကောက်တော်မူချက် အမိန့်တော်ကိုလည်း သံတော်ဆင့်တို့က မှတ်မြဲမှတ်ရသည်။

ထိုနောက် နေ့ရက်ရှည်ကြာသောအခါ ဝင်းကိုယ်ရံ အမှုထမ်းမှစ၍ အရာရှိတို့ ပင်ပန်းမည်ဖြစ်သည်နှင့် လွှတ်တော်သို့ ထွက်တော်မမူ အတွင်းဘော်မှာ ကောက်ယူ စီရင်တော်မူမည် အမိန့်တော်မြွက်အရ ဝန်ရှင်

တော်သို့ ကောက်ယူစီရင် မပြီးမပြတ်သည့်အမှု, ရွှေသေတ္တာတွင် ထည့်သွင်း တင်လျှောက်သည့်အမှု, ထိုပြင် အမှုကြီးများကို လွှတ်တော်က အတွင်းတော်သို့ သွင်းစေပြီးလျှင် အတွင်းဝန် သံတော်ဆင့်တို့က အမှုသည့်ရွှေအစုံအညီ သွင်းလျှောက်ရာ တောင်နန်းတော်, ပွဲကြည့်ဆောင်တော်, ရွှေနန်းတော်များသို့ ထွက်စံတော်မူ၍ စီရင်ဆုံးဖြတ်တော်မူသည်။

ယင်းသည့်လပြည့်ကျော် ၅ရက်နေ့ မဟာမုနိဘုရား ရုပ်ပွားတော်အထက် သွတ်ပြားမိုး သုံးထပ်တန်ဆောင်း, အာရုံခံ, စောင်းတန်း လေးသွယ်များပါ ဆောက်လုပ်ပြီးပြေသည်ဖြစ်၍ ရွှေထီးအထွဋ်တင်ရန် ဝန်ရှင်တော်တိုင်တားမြို့စားမင်းကြီးနှင့် ပညာဝန်ထောက်, ဆရာဝန်ထော်တို့ သွားရောက်ကြီးကြပ်တင်လှူရသည်။ ယင်းသည့်လပြည့်ကျော်ဆယ်ရက်နေ့ ဘုန်းတော်တိုးအစ တောင် သောဘိတာရာမ ကျောင်းတိုက် အတွင်းကျောင်းရုံသုံးကို မီးသင့်လောင်သည်။

ယင်းသည့်ကဆုန်လပြည့်ကျော် တဆဲ့တရက်နေ့ တိုင်းကြီးပြည်ကြီး ဆိုသည့်အရာသည် ကုန်သည်ကြီးငယ် ကျွန်တော်မျိုးအပေါင်းတို့ အကူးအသန်း အရောင်းအဝယ် အင်အားတိုးတက် စီးပွားဖြစ်ထွန်းချမ်းသာသဖြင့် မလာမရောက်သေးသူတို့ ခိုမှီလာရောက်ခြင်း, လာရောက်ရှိသူတို့အခြေအနေကျ၍ အရှည်ထာဝရ တည်တံ့ခိုင်ခံ့ခြင်းစသောတိုင်းပြည်ဘွယ်ရာ အင်္ဂါလက္ခဏာဂုဏ်ပစ္စည်းတို့ဖြင့် ပြည့်စုံ ညီညွတ်ကုန်ရာသည်။ ကုန်သည်ကြီးငယ် ကျွန်တော်မျိုးအပေါင်းတို့ ရောင်းအားဝယ်အား ကြီးပွားတိုးတက်ချမ်းသာကြရန် အကြောင်းမှာလည်း တိုင်းပြည်နိုင်ငံရှင်ဖြစ်တော်မူသော ငါ အသျှင်ကေရာဇ်မင်းမြတ်၏ ကောင်းစွာ စောင့်ရှောက် သိမ်းပကားတော်မူခြင်းတည်းဟူသော ရွှေဘုန်းတော်ရိပ်ကို အထူး ခိုလှုံကြရမှ ဆောဆောလျှင်လျှင်အားအင်တိုးတက်အကျိုးဖြစ်ထွန်းခံစားရရန်ရှိသည်နှင့်အညီ ကုန်သည်ကြီးငယ်ကျွန်တော်မျိုးအပေါင်းတို့ လုပ်ဆောင် ကူးသန်းရောင်းဝယ်ရေးများတွင် ငြိုငြင်နှောင့်ရှက် ခဲခက်ကျပ်တည်းခြင်းများမှကင်းလျက် စိတ်သဘော ဆန္ဒ ဉာဏ် ဝီရိယ အစွမ်းရှိသည့် အလျောက်လွတ်လွတ်ကူးသန်းရောင်းဝယ် လုပ်ဆောင်ကြရအောင် လုပ်ခင်းဆောင်မှု ရောင်းရေးဝယ်တာ လွယ်ကာပြီးစီးပြည့်စုံသဖြင့် ဥစ္စာစီးပွား တနေ့တခြားတိုးတက်ဖြစ်ထွန်းချမ်းသာကြရအောင် တိုင်းပြည်နိုင်ငံ အစိုးရမင်းတို့မှ ရအပ်သော အခွင့်တော်ဖြစ်သော ရွှေဘုန်းတော်ရိပ်ကို အထူးခိုလှုံကြစေရမည်ဖြစ်သည်။

ပြည်သူတို့အလုပ်အဆောင် အရောင်းအဝယ်မှုများတွင် ငြိုငြင်နှောင့်ရှက် ကျပ်တည်းဘွယ် ဖြစ်သော အခွန်အတုတ် အကောက်အစားများကို ကောက်ခံရိုးအစဉ်ထုံးစံရှိသည်မှ လျှော့၍ လွတ်ငြိမ်းသက်သာစေရလျှင် ရွှေဘုန်းတော်မြတ်ကို အထူးခိုလှုံရသည့် အကျိုး ထင်ရှားသိသာ လွယ်ကာပြည့်စုံခံစားရရန်ရှိသည့်အတိုင်း လေးမြှိပွဲခွန်၊ မြင်းပွဲခွန်၊ ရေပွဲခွန်၊ ရေနံပွဲခွန်၊ တောင်အင်း ငါးပိကိုင်းခွန်၊ ကိုးခရိုင်ဈေး ကူးတို့ခွန်၊ အုန်းငှက်ပျောပွဲခွန်၊ တောင်ပြိုးငယ်ကင်းအကောက်၊ ချင်းတွင်းကြောင်းဆားခွန်၊ အမြင့်လေးမြှိပွဲခွန်၊ နှစ်ဆဲ့လေးဌာန ဘုရားပွဲအကောက်ပြင် ဘုရားပွဲခွန်၊ ကွမ်းခွန်၊ ဆွဲလွှတ်ခွန်၊ မူးရိုးဝဲယာရေဦးပွဲခွန်၊ တောင်ငူလက်မှတ်သိမ်းခွန်၊ မိုးမြိတ်မိုးလှိုင်း ဈေးပွဲခွန်၊ ဗန်းမော် ကောင်းတုံ ဆားခွန်များနှင့် ချင်းတွင်းသစ်တောအကောက်တွင်ပါဝင်သည့် ပျော်ပွဲခွန်၊ ဗန်းမော်တဆဲ့နှစ်ရပ်အကောက်တွင် ပါဝင်သည့် ပျော်ပွဲခွန်၊ ဆေး, ထန်းလျက်, ဆီ အကောက်တွင်ပါဝင်သည့် ပျော်ပွဲခွန်၊ တောင်လမ်းရှမ်းပွဲအကောက်တွင် ပါဝင်သည့် ယောကျာအကောက်၊ လေးမြှိသစ်တောအသေးဥပဒေပိုင်းခြားသည့်ပြင် ပိုမိုသည့်အကောက် စုစုအကောက်အခွန်ဦးရေ နှစ်ဆဲ့သုံးများကို (၁၂၄၆) တထောင့် နှစ်ရာ့ လေးဆဲ့ ခြောက် ခု နယုန် လဆန်းတရက်နေ့ကစ၍ နုတ်သိမ်းတော်မူသည်။ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ကျေးရွာများမှာ နုတ်သိမ်းတော် မူသည့် အကောက်အခွန် များကို အကြီးအအုပ်ပြုလုပ်သူတို့က ခွန်သေခွန်ရှင် ချထားကောက်ခံခြင်း, အစိုးရတို့အခွင့်နှင့်ဖြစ်စေ-အခွင့်မရှိဘဲဖြစ်စေ-မည်သူမဆို ဂိုင်းဆွဲပွဲတွက်မှစ၍ တောင်းခံစားယူခြင်းမရှိစေနှင့် လွတ်ငြိမ်းချမ်းသာစေ။

မျှက်ပါးရွှေခွန်,ရွှေမြို့တော်အမရပူရလှည်းခွန်နှစ်ရပ်မှာ လုပ်ခွန်တွက်ဆယ်ခိုင်တခိုင်ထက်မပိုစေရ မျက်ပါးရွှေပစာလျှင် အခွန်ငွေဒင်္ဂါးခုနစ်မူးဝဲကျ လှည်းနွား တစုံလျှင် တလ ငွေဒင်္ဂါး သုံးပြားကျကိုသာ ဥပဒေစည်းကမ်းထား၍ ကောက်ခံစေ။

နုတ်သိမ်းလွတ်စေသည့် အကောက်အခွန်များပြင် နိုင်ငံတော်အတွင်း အပ ထွက်ကုန် ဝင်ကုန်မှစ၍ တိုင်းကြီးပြည်ကြီး ဓလေ့ထုံးစံနှင့် အညီလားမြဲ, ရှိမြဲ, ကောက်ခံမြဲ အကောက်တော် အခွန်တော် များကိုလည်း ရှေးအရိုးအစဉ် ရှိသည့်အလျောက် ဥပဒေစည်းကမ်း ပြဋ္ဌာန်းပိုင်းခြားထားသည့်ထက် ပိုမိုသာလွန်မရှိစေရအောင် အခွန်တော်ဆိုင်ရာ အကြီးအအုပ်တို့က ကျပ်ကျပ်တည်းတည်း ဆင့်ဆို စောင့်ထိန်းထမ်းရွက်စေ။

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း ထီးရုံနန်းရုံ စော်ဘွားမြို့စား အဝေးမြို့ဝန်စစ်ကဲတို့ကို စေ့နှံ့အောင် ပြန်ဆိုမှာထား၍ အကောက်အခွန် နုတ်သိမ်းသည့်အမှု, နုတ်သိမ်းသည့်အရ ပြည်သူတို့ လွတ်ငြိမ်းသာစေရန် အမှုများကို အမိန့်တော် ဥပဒေအတိုင်းကျအောင် ဝန်တို့က စောင့် ရှောက်စီရင်စေ-အမိန့်တော်ရှိ၍ အကောက်အခွန်တော်များကို နုတ်သိမ်း လွတ်ငြိမ်းစေသည်။

ထိုနှစ် နယုန်လဆန်းတဆဲ့တရက်နေ့ နေနှစ်ချက်တီးကျော် အချိန် ချမ်းအေးသာစံရပ် တရပ်တန်းမြောက်စွန်း တရပ်လောစီ နေအိမ်ကစ၍ မီးစွဲငြိတောက်လောင်ရာ မြောက်သို့လျှောက်၍ အိမ်ခြေတရာ့ငါးဆဲ့ခုနစ် အိမ် မီးသင့်လောင်သည်။

အထက် ခမည်းတော် ပဋ္ဌမသင်္ဂါယနာတင် အသျှင်ဘဝရှင်မင်းတရား ကြီးဘုရားလက်ထက်တော် သက္ကရာဇ် (၁၂၃၄) တထောင့်နှစ်ရာ့သုံးဆဲ့ လေးခု ပြာသိုလပြည့်ကျော်တဆဲ့တရက် ခရစ်သက္ကရာဇ် တထောင့်ရှစ် ရာ့ခုနစ်ဆဲ့သုံးခု ဇန္နဝါရီလ နှစ်ဆဲ့လေးရက်နေ့ ပြင်သစ်မင်းနေ ပါရစ် မြို့တွင် မြန်မာမင်းမြတ်က အရေးလွှဲအပ်သူ သံကြီးကိုယ်စားလှယ်တော် အရေးပိုင် အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် ကင်းဝန်မင်းကြီး မင်း ကြီးမဟာစည်သူနှင့် ပြင်သစ်သမ္မတမင်းက အရေးလွှဲအပ်သူ နိုင်ငံခြား ဝန်ကြီး 'ကောင်းခြားဒိရမြူဇ'တို့ အောက်ပါအချက်များကို သဘောတူ ချုပ်ဆိုကြသည့် မြန်မာနိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံမဟာမိတ်ပြုလုပ် ကုန် ကူးသန်းရောင်းဝယ်ရန် ပဌမစာချုပ်လက်ခံသည်ကား····

ပဌမ ···ပြင်သစ်နိုင်ငံတွင် နေထိုင်သည့် မြန်မာကျွန်တော်မျိုး, မြန်မာ နိုင်ငံတွင်နေထိုင်သည့် ပြင်သစ်ကျွန်တော်မျိုးတို့ကို အလိုရှိရာ သွားလာ နေထိုင်ရောင်းဝယ် ကူးသန်းစေပြီးလျှင် မြေဝယ်ယူရန်အမှု, ဝယ်ယူပိုင် ဆိုင်သည့်မြေကို ရောင်းချရန်အမှု, ၎င်းမြေတွင်ရှိသည့် ပစ္စည်းများကို တူးဖော်ချက်လုပ်ရန် ဥယျာဉ်ပန်းမာလ် လုပ်ခင်းလယ်ယာမှစ၍ အလိုရှိ ရာ စိုက်ပျိုးလုပ်ဆောင်ရန် ၎င်းမြေတွင် နေအိမ်, ကုန်အိမ်, ကုန်တိုက်မှ စ၍ အလိုရှိရာ ဆောက်လုပ်စေရန်အမှုများမှာ ထားသည့် နိုင်ငံဥပဒေကို မလွန်မကျူး ပြုလုပ်စေရမည်အကြောင်း။

၎င်းကျွန်တော်မျိုးတို့ မိဘသားမယားနှင့်ဆိုင်သည့်အမှု, အရပ်ရပ်ပိုင် ထိုက်သည့်ဥစ္စာပစ္စည်းများကို စောင့်ရှောက်စေရန်အမှုမှစ၍ အရပ်ရပ်

အကျိုးစီးပွားဖြစ်ထွန်းရန် အခွင့်ပြုရန် စောင့်မကြည့်ရှုရန် အမှုများကို အထူးသဖြင့် အခွင့်ပေးပြီးပေးလတ္တံ့သည့် အခြားနိုင်ငံအမျိုးသားတို့နည်း မြန်မာအစိုးရမင်း, ပြင်သစ်အစိုးရမင်းတို့က စောင်မ ကြည့်ရှုစေရမည် အကြောင်း။

မြန်မာနိုင်ငံသို့ လာရောက်နေထိုင်သည့် ပြင်သစ်ဘာသာတရားဟော ဆရာတို့ကို အခြားနိုင်ငံများက မြန်မာနိုင်ငံတွင် လာရောက်နေထိုင်သည့် တရားဟောဆရာတို့ကို စောင်မ ကြည့်ရှုရသည့်နည်း စောင်မ ကြည့်ရှု မည့်အကြောင်း။

ရေ, မြေ, မြို့, ရွာ, တော, တောင် အဋ္ဌုပ္ပတ္တိတို့ကို နားလည်စေတတ်သော ဂေါ်ဂရေ့ာ်ဘီအတတ်၊ မြေမျိုး, ကျောက်မျိုး, ပင်မျိုးတို့နှင့် လူ သတ္တဝါ တိရစ္ဆာန်အမျိုးမျိုးတို့ အကြောင်းအရာများကို နားလည်စေ တတ်သော နချုရတ်အတတ်မှစ၍ အရပ်ရပ် ယောကီအတတ်ပညာ အကျိုးစီးပွားအလို့ငှာ မြန်မာနိုင်ငံတွင် လှည့်ပတ်သွားလာ ကြည့်ရှုရန် လာရောက်သည့် ပြင်သစ်ကျွန်တော်မျိုးတို့ ရည်သန်ကြံရွယ်ရင်း အမှု ကိစ္စ အလွယ်တကူ ပြီးပြေနိုင်ရန်အကြောင်းများကို မြန်မာအစိုးရမင်းတို့ က ကောင်းမွန်စွာ စောင်မကြည့်ရှုမည့်အကြောင်း။ ၎င်းနည်းတူ ပြင်သစ် နိုင်ငံအတွင်း လှည့်ပတ်သွားလာ ကြည့်ရှုရန်လာရောက်သည့် မြန်မာကျွန် တော်မျိုးတို့ကိုလည်း ပြင်သစ်အစိုးရ မင်းတို့က အထက်နည်း စောင်မ ကြည့်ရှုမည့်အကြောင်း။

ဒုတိယ····မြန်မာကျွန်တော်မျိုးတို့ ပြင်သစ်နိုင်ငံအတွင်း ရောင်းဝယ်ရန် တင်ဆောင်ယူသွားသည့် ဝင်ကုန်, အခြားနိုင်ငံများသို့ ရောင်းဝယ်ရန် ပြင်သစ်နိုင်ငံက တင်ဆောင်ယူသွားသည့် ထွက်ကုန်, ပြင်သစ်ကျွန်တော် မျိုးတို့ မြန်မာနိုင်ငံအတွင်း ရောင်းဝယ်ရန် တင်ဆောင်ယူသွားသည့် ဝင် ကုန်, အခြားနိုင်ငံများသို့ ရောင်းဝယ်ရန် မြန်မာနိုင်ငံက တင်ဆောင်ယူ သွားသည့် ထွက်ကုန်များမှာ မြန်မာနိုင်ငံတွင် မြန်မာ ကျွန်တော်မျိုး, ပြင်သစ်နိုင်ငံတွင် ပြင်သစ်ကျွန်တော်မျိုးတို့ ထွက်ကုန်များကို ကောက်ခံ သကဲ့သို့၎င်း၊ အထူးသဖြင့် အခွင့်ပေးလျက်ရှိသည့် အခြားနိုင်ငံအမျိုးသား တို့ ထွက်ကုန်ဝင်ကုန်ပြုလုပ်ရာ ကောက်ခံသကဲ့သို့၎င်း မပိုမမို ကောက်ခံ စေမည့်အကြောင်း။

ပြင်သစ်နိုင်ငံအတွင်း ရောင်းဝယ်ရန် လာရောက်သည့် မြန်မာနိုင်ငံဖြစ် အရပ်ရပ် အသုံးအဆောင်အထည်အလိပ်, မြန်မာနိုင်ငံအတွင်း ရောင်း

ဝယ်ရန် လာရောက်သည့် ပြင်သစ်နိုင်ငံဖြစ် အရပ်ရပ် အသုံးအဆောင် အထည်အလိပ်များနှင့် စပ်လျဉ်း၍ အကောက်အခွန်ခံရန်, ကြည့်ရှုထိန်းသိမ်းရန်မှစ၍ အရပ်ရပ်ပြုလုပ်ရန် အမှုများမှာ အထူးသဖြင့် ခွင့်ပေးလျက်ရှိသည့် အခြားနိုင်ငံ အမျိုးသားတို့နိုင်ငံဖြစ် အမျိုးတူ အရပ်ရပ် အသုံးအဆောင် အထည်အလိပ်များကို ပြုလုပ်သကဲ့သို့ ပြုလုပ်စေရမည် အကြောင်း။

မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံနှစ်ရပ်ကိုအမှီပြု၍ ရောင်းဝယ်ကူးသန်းကြသည့် ဆင်းရဲသား ကျွန်တော်မျိုးတို့ အလွယ်တကူ လှယ်ဖယ် ကူးသန်းရောင်းဝယ်နိုင်အောင် စောင်မ ကြည့်ရှုခြင်းကို မြန်မာ အစိုးရမင်းတို့က အလိုရှိသည့်အတိုင်း အခွင့်ပြုသည်မှာ-ရောင်းဝယ်ကူးသန်းကြသည့်အရပ်ရပ်ကုန်များကို အကောက်နှုန်း ရာခိုင်ငါးခိုင်ထက် အပိုအမိုမရှိ ကောက်ခံပြီးလျှင် ၎င်းကောက်ခံပြီးကုန်များကို မည်သူ့ထံ့မည်သည့် နေရာဌာန အတန်တန်ပြောင်းရွှေ့သော်လည်း မြန်မာနိုင်ငံအတွင်းရှိ တကြိမ်ကောက်ခံပြီး ပြင်သစ်ကုန် အထည်အလိပ် အသုံးအဆောင်များကို မည်သည့် အကောက်မျိုး အခွန်မျိုးမဆို အတောင်းအခံမရှိ လွတ်ငြိမ်း စေရမည် အကြောင်း။

တတိယ····ပြင်သစ်အစိုးရမင်းတို့နှင့် အရပ်ရပ် တိုင်းရေးပြည်မှုရှိသည်များကို ပြောဆိုစေရန် ဒိပလောမတ်ဖြစ်သော မြန်မာအရေးပိုင် အရာရှိ မြန်မာအစိုးရမင်းတို့နှင့် အရပ်ရပ် တိုင်းရေးပြည်မှုရှိသည်များကို ပြောဆိုစေရန် ဒိပလောမတ်ဖြစ်သော ပြင်သစ်အရေးပိုင်အရာရှိတစ်၊ မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံအတွင်း မိမိအမျိုးသားတို့ အကျိုးစီးပွားနှင့် စပ်လျဉ်း၍ မည်သည့်အရပ်မဆို သင့်တင့် တော်လျော်မည့် အရပ်တွင် ကောင်စုလကိုယ်စားလှယ်, အာဂျံကောင်စုလ ကိုယ်စားလှယ်ခန့်ထားရန် အမှုကို နှစ်ဦးနှစ်ဖက်က သဘောတူ အပြန်အလှန် ခန့်ထားနိုင်သည့် အကြောင်း။

၎င်းအရာရှိတို့နေအိမ်တွင် ဆိုင်ရာအမျိုးဘာဝ တံဆိပ်အလံများကို တင်ထားစိုက်ထူစေပြီးလျှင် ၎င်းအရာရှိတို့ကို စောင်မ ကြည့်ရှုရန်အမှု, ၎င်းအရာရှိတို့ ရွက်ဆောင်ရန် လွှဲအပ်ရင်းအမှုဝန်ကို ပြီးပြေအောင် လုပ်ဆောင်ရန်အမှုများမှာ အထူးသဖြင့် အခွင့်ပေးပြီး ပေးလတ္တံ့သောတိုင်း နိုင်ငံအမျိုးသားတို့က ထားသည့် ဂုဏ်ထူး-ရာထူး-အရာရှိတို့ကို အခွင့်ပြုသည့်အတိုင်း နှစ်ဦးနှစ်ဖက်က အပြန်အလှန် အခွင့်ပြုမည်အကြောင်း။

စတုတ္ထ…မြန်မာနိုင်ငံတွင် ပြင်သစ်လူမျိုးတို့ များစွာ လာရောက်နေထိုင် ရောင်းဝယ်ကူးသန်းခြင်းကို မြန်မာအစိုးရမင်းတို့က အလိုရှိသည့်အတိုင်း သဘောတူ အခွင့်ပြုသည်မှာ ပြင်သစ်ကျွန်တော်မျိုးချင်းချင်းဖြစ်ပွားသည့် အမှုစကားရပ်များကို ပြင်သစ်ကောင်စုလ ကိုယ်စားလှယ်သို့လွှဲအပ်စီရင်စေပြီးလျှင် မြန်မာကျွန်တော်မျိုးနှင့် ပြင်သစ် ကျွန်တော်မျိုးတို့ ဖြစ်ပွားသည့် အမှုစကားများကို သင့်ရာ မြန်မာအရာရှိတစ်နှင့် ပြင်သစ် ကောင်စုလကိုယ်စားလှယ်တို့ ညှိနှိုင်း၍ ရုံးမှာ စုံညီ စီရင်စေမည်အကြောင်း။

ပဥ္စမ…ပြင်သစ်နိုင်ငံအတွင်း နေထိုင် ရောင်းဝယ် ကူးသန်းကြသည့်မြန်မာကျွန်တော်မျိုး, မြန်မာနိုင်ငံအတွင်း နေထိုင်ရောင်းဝယ် ကူးသန်းကြသည့် ပြင်သစ်ကျွန်တော်မျိုးတို့ သေဆုံးရှိခဲ့လျှင် သေသူ၏ ဥစ္စာပစ္စည်းရပ်များကို အမွေခံတို့သို့ပေးစေမည်။မရှိလျှင်သေသူ့အမျိုးသားကောင်စုလကိုယ်စားလှယ်သို့ပေး၍ ၎င်းကိုယ်စားလှယ်ကမှ တရားထိုက်သက်ရာအမွေခံတို့လက်ရောက် ပေးပို့စေရမည်အကြောင်း။

ဆဋ္ဌ…ယခု ချုပ်ဆိုသည့် မဟာမိတ်စာချုပ်တွင် ပါသည့် သဘောအဓိပ္ပါယ်များကို အစိုးရမင်းတဦးဦးက မပြုမပြင်သမျှ ကာလပတ်လုံးအစဉ်ထာဝရ အမြဲတည်စေ၍ ၎င်းစာချုပ်ပါ သဘောအဓိပ္ပါယ်များကိုတဦးက လဲပြောင်းထည့်သွင်း ပြုပြင်လိုလျှင် မပြုမပြင်မီတနှစ်က တဦးသို့တင်ကူးပြောဆိုပြီးကာလမှ စာချုပ်ပါသဘောရင်းကိုဖျက်၍ ထည့်သွင်းပြင်ဆင်နိုင်မည့်အကြောင်း၊ချုပ်သည့်နေ့ကတနှစ်သော်၎င်း,တနှစ်အတွင်းသော်၎င်း,မင်းနှစ်ဦးတို့လက်မှတ်ထိုးရန်,စာချုပ်ချင်းလဲလှယ်ရန်အမှုများကို ထုံးစံရှိရာပြုပြီးနောက်မှ ၎င်းစာချုပ်တွင်ပါသည့် သဘောအဓိပ္ပါယ်များကို အခိုင်အခံ့တည်စေမည်အကြောင်းနှင့် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင်မြန်မာမင်းမြတ်ကအရေးလွှဲအပ်သူ သံကြီးကိုယ်စားလှယ်တော် အရေးပိုင် အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော်ကင်းဝန်မင်းကြီး-မင်းကြီးမဟာစည်သူ, ပြင်သစ်သမ္မတမင်းက အရေးလွှဲအပ်သူ အရေးပိုင် နိုင်ငံခြားဝန်ကြီး 'ကောင်းခြားဒီရမြူဇ' တို့ သဘောတူတံဆိပ်လက်မှတ်ထိုးကြ၍ ထိုပဋိမစာချုပ်ကိုမင်းနှစ်ပါးတို့လက်မှတ်တော်တင်ပြီးလျှင် စာချုပ်ချင်း လဲလှယ်ကြပြီးဖြစ်လေသည်။

သို့သော်လည်း အကြောင်းမညီမညွတ် မပြည့်မစုံဖြစ်၍ စာချုပ်ပါသဘောအဓိပ္ပါယ်များကို နှစ်နိုင်ငံအတွင်း အခိုင်အခံ့အတည်အငြိမ် မပြု

မလုပ်ကြရှိသည်ကို သက္ကရာဇ် (၁၂၄၆)တဆောင့်နှစ်ရာ့လေးဆဲ့ခြောက်ခု နယုန်လဆန်းရှစ်ရက်နေ့ ခရစ်သက္ကရာဇ် (၁၈၈၄)တထောင့်ရှစ်ရာ့ရှစ်ဆဲ့လေးခု ဇွန်လတရက်နေ့ ပါရစ်မြို့တွင် အထက် ခမည်းတော်ပဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက် စာချုပ်ပြီး အချက်များကို နှစ်နိုင်ငံအတွင်း အရှည်ထာဝရ မြဲမြဲနိုင်ခံ့အတည်အငြိမ်ဖြစ်စေရန် မြန်မာ နေထွက်ဘုရင်မင်းမြတ်က အရေးလွှဲအပ်သူ သံကြီးကိုယ်စားလှယ်တော် အရေးပိုင် မြို့သစ်မြို့စားမင်းကြီးမဟာရာဇသင်္ကြံနှင့် ပြင်သစ်သမ္မတမင်းက အရေးလွှဲအပ်သူ အရေးပိုင်ဝန်ကြီးချုပ်-နိုင်ငံခြားဝန်ကြီး 'မစ်ရှိဂျူလဖေရီ'တို့ စုံညီ အတည်ပြုလုပ်လက်မှတ်ရေးထိုးကြသည်။

ယင်းသည့်လဆန်း တဆဲ့နှစ်ရက်နေ့ ဆင်တော် ခေါင်းဆေးသကြန်ခေါ်ရန် အနဝတတ်ရေ, ဂင်္ဂါရေ အခပ်အယူ အစီအစဉ် ခင်းကျင်း၍ ဘထွေးတော် အိမ်ရှေ့မင်း သမီး မယ်ဆွေဂုန်, မယ်ဆွေထွတ်, မယ်ဆွေလှ, မယ်ဆွေသန့်တို့မှာ ရွှေထမ်းစင်, ရွှေကျိုင်းနှစ်, ရွှေထီးနှစ်စီနှင့် မြို့ဝန် ယင်းတော်မြို့စား, လှေသင်းအတွင်းဝန်, မြို့ဝန်ပင်လယ်မြို့စား, လက်ယာ ဝင်းမှူးတို့သမီး မှန်နန်းအပျိုတော်များမှာ နွားက လှည်းရထားနှင့်၊ သူဌေးသမီးလေးမှာ ထမ်းစင်နီနှင့်၊ ရှစ်ပါးပုဏ္ဏားမှာ ရှစ်ပါးလက်ခတ်ထမ်းစင်နှင့်၊ မင်းညီမင်းသားမှစ၍ ဝန်ရှင်တော်တောင်ခွင်မြို့စား,အတွင်းဝန်ပင်းမြို့စား, မြို့ဝန်ပင်လယ်မြို့စား, ဝန်ထောက်ဝက်မစွတ်မြို့စား, တရားသူကြီးများပါ ကြီးကြပ်၍ ရေတော်ခပ်ယူရသည်။

ယင်းသည့်လဆန်းတဆဲ့လေးရက်နေ့ နေတချက်တီးကျော် သုံးမောင်းသုံးပါဒ်အချိန် မောရိယပစ္စယနာဂရာဇာ- သီရိမဟာသုဘဒ္ဒာ ဆင်ဖြူတော်ပေါက်မကိုဦးဆေးသကြန်ခေါ် အခမ်းအနားကျင်းပရန်ရှိသည်များကို မင်းညီမင်းသား မှူးတော်မတ်တော်တို့ ကြီးကြပ်၍ စီရင်ချီးမြှောက်ရသည်။

ယင်းသည့်နယုန်လပြည့်ကျော် တရက်နေ့ မင်းညီမင်းသား မှူးတော်မတ်တော် စုရေးစုကိုင် သူဌေးသူကြွယ်တို့နှင့် စော်ဘွားမြို့စား အဝေးမြို့ဝန်စစ်ကဲအရာရှိတို့က နှစ်စဉ်ဆက်သမြဲနှစ်သစ်ရှိခိုးကန်တော့လက်ဆောင်တော်များကို ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီးဘုရားမှာ ရတနာမကိုဋ်တော်, ရတနာဒုယင်တော်ကို ဆင်တော်မူ၍ အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားမှာ ရတနာမြတ်ရစ်ဆံထုံးပုံ, မဟာလွှတာတန်ဆာ

တော်များကို ဆင်ယင်တော်မူပြီးလျှင် မြေနန်းပြာသာဒ်တော် သီဟာသန ရာဇပလ္လင်တော်ထက် ထွက်စံ စံပယ်တော်မူ၍ ကန်တော့ခံတော်မူသည်။

ယင်းသည့်လပြည့်ကျော်သုံးရက်နေ့ နေတချက်တီးကျော် လေးမောင်းသုံးပါဒ်အချိန် အခါတော်အတိုင်း မောရိယပစ္စယနာဂရာဇာ ဆဒ္ဒန်ဆင်မင်းကို ထမင်းဦးခွံ့မင်္ဂလာ အခမ်းအနား, ဆင်တော်သိမ်းမင်္ဂလာ အခမ်းအနားများဖြင့် မြောက်စမုတ်တော် မယူရာသနရာဇပလ္လင်တော်သို့ အသျှင် ဘဝရှင်မင်းတရားကြီးဘုရား မကိုဋ်ဒုယင်တော်ကို ဆင်တော်မူလျက် ထွက်စံတော်မူပြီးမှ ၎င်းပလ္လင်တော်က ရေသွန်းပြာသာဒ်တော်သို့ ထွက်စံတော်မူ၍ အလုံးစုံစီရင်ခင်းကျင်းပြီးလျှင် ဆင်သိမ်းမင်္ဂလာသဘင်ယင်တော်မူသည်။ ဆင်မင်းကိုသိမ်းရာ ဘိသိက်တော်ဆက် မကန်းကရားတော်ကို အတွင်းဝန် ပေါက်မြိုင်မြို့စားက ဆက်ရသည်။

ပုဏ္ဏားကြီး မင်္ဂလာစကားလျှောက်ထားပြီးနောက် ဆင်မင်းကို ဝန်ရှင်တော် သေနတ်ဝန် လယ်ကိုင်းမြို့စားမင်းကြီးက သက်တော်ရှည်အမတ်ဆိုမြဲမင်္ဂလာစကားဆိုရသည်။ နောက်-မင်္ဂလာစကားမှာ အတွင်းဝန်ပင်းမြို့စား, အသည်ဝန်, ဖောင်ဝန်တို့လျှောက်ကြရသည်။ မောင်းဝတ်လုံဆင်ယင်လျက် ဆင်ဝန်က ဆင်မင်းကိုထမင်းခွံ့ရာ အောက်မားဝန်က ထမင်းခံရသည်။

ယင်းသည့် လပြည့်ကျော် လေးရက်နေ့ နံနက် တချက်တီးကျော် ငါးမောင်း တပါဒ် တချိန် အသျှင် ဘဝရှင် မင်းတရားကြီးဘုရားမှာ မကိုဋ်ဒုယင်တော်, အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရားမှာ မဟာလ္လတာ အဆင် တန်ဆာတော် များကို ဆင်ယင်ပြီးလျှင် အသျှင်မိဖုရားခေါင်ကြီးဘုရား ဝဲ ယာ တော်က ညီမတော် ရမည်းသင်း စုဘုရား, မိတ္ထီလာစုဘုရား-မင်းသမီးနှစ်ပါးတို့ ဆနမတ္တကအဆင်တန်ဆာဆင်ယင်တွဲမပြီးလျှင် ဆက်သွင်းသောအခါတော်အတိုင်း မြောက်စမုတ် ဆောင်တော် မယူရာသနရာဇပလ္လင်သို့ ထွက်စံတော်မူ၍ ၎င်းပလ္လင်တော်က ရေသွန်းပြာသာဒ်တော်သို့ ထွက်စံတော်မူပြီးလျှင် သီရိမဟာသုဘဒ္ဒာဆင်ဖြူတော်မကို မောရိယပစ္စယနာဂရာဇာ ဆဒ္ဒန်ဆင်မင်းကို သိမ်းတော်မူသည့်အခမ်းအနားနည်း အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရားက သိမ်းတော်မူသည်။

ဆင်မတော်ကို သိမ်းရာ ဘိသိက်တော်ဆက် မကန်း ကရားတော်မှာ နှမတော် မိုးညှင်းမင်းသမီးက ဆက်ရသည်၊ ပုဏ္ဏားကြီး မင်္ဂလာစကား လျှောက်ထားပြီးနောက် ဆင်မတော်ကို ရွှေဝင်းမှူးကတော်က သက်တော်ရှည်အမတ်ဆိုမြဲ မင်္ဂလာစကားဆိုရသည်။ နောက်လှေသင်းအတွင်းဝန်ကတော်, အသည်ဝန်ကတော်, ကျိဝန်မယားတို့ မင်္ဂလာစကားလျှောက်ကြရသည်။မြိတ်ရစ်မြိတ်ခံအဆင်တန်ဆာဆင်ယင်လျက် ဆင်ဝန်မယားက ဆင်မတော်ကို ထမင်းခွံ့ရာ စက်ဝန်မယားက ထမင်းခံရသည်။

ယင်းသည့် လပြည့်ကျော် ကိုးရက်နေ့ ပုခန်းစည်သူရှင်ဘုရား, မြိတ်ပေါင်းမဥ္ဇူ ဘုရား, ရှင်မတောင် ဘုရား, ဒက္ခိဏာသာခါ ဘုရား လေးဆူ ပုခန်းကြီးမြို့က ပင့်ဆောင်ပြန်ရောက်သည်ကို အစီအစဉ်နှင့် မြစ်ဆိပ်က ရွှေနန်းတော်ရောက် ကြိုယူရသည်။

## ဆရာတော်များကို သာသနာရေး လျှောက်ခြင်း–စသည်နှင့် ကျောင်းတော်အမျှား ရေစက်သွန်းချခြင်း

ယင်းသည့် လပြည့်ကျော် ဆယ်ရက်နေ့ ရွှေနန်းတော်ကြီး အသျှင်နန်းမတော်ဘုရားအဆောင်တော် ယာဘက်ဝဲဆောင်တော်သို့ သာသနာပြုဆရာတော်, အောင်မြေရွှေဘုံ ဆရာတော်, မဏ္ဍရာဆရာတော်, မှန်ကျောင်းဆရာတော်, နန်းဦးဆရာတော်, တိုက်အုပ်ဆရာတော်ဦးညဏတို့ကိုပင့်၍ ဝန်ကြီး အတွင်းဝန် ဝန်ထောက်တို့စုံညီ သာသနာတော်စည်ပင်ပွားတိုးခြင်းအကြောင်း၊ သာသနာတော်ထမ်းရဟန်းမှန်သမျှကို ဝိနည်းပညတ်တော် များကို မကျူး မလွန် ထိန်းသိမ်း ကျင့်ဆောင် စေရန်အကြောင်းနှင့် ပတ်သက်၍ သာသနာရေး သာသနာမှုများကို အသျှင်ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင် လျှောက်ထားတော်မူသည်။

ယင်းသည့်လပြည့်ကျော်တဆဲ့သုံးရက်နေ့ မဟာမုနိဘုရားရုပ်ရှင်တော်မှာ ကပ်မွမ်းလှူဒါန်းရန် ရွှေနန်းတော်ကြီးအတွင်း ခတ်လုပ်ပြီးပြေသည့် ရွှေဗုဇ္ဇန်ခွံသက်န်းတော်များကို မှန်စီထမ်းစင်တွင်တင်၍ အတွင်းဝန် လှေသင်းဝန် စလေမြို့စား ကြီးကြပ်၊ တပ်ဝင်း အစီအစဉ် အခင်းအကျင်းနှင့် မဟာမုနိဘုရားရောက် ပို့ရသည်။

ထိုနှစ် ဝါဆိုလဆန်းလေးရက်နေ့ နေတချက်တီးကျော်အချိန် စိန်ပန်းလှေတော်ကို အခါတော်အတိုင်း အမြောက်သံသုံးချက်ပေး၍ ရေသို့ ချ

ဆောင်သည်။ ယင်းသည့်လဆန်းခုနစ်ရက်နေ့ ဗန်းမော်ဝန်ငမုန်းကိုအရာက နုတ်၍ စာရေးကြီး မင်းလှမင်းထင်ကျော်ကို—ဗန်းမော် လေးမြို့ဝန်, ငကျော်သူကို-နုတ်စလက်ဝဲဗိုလ် ခန့်တော်မူသည်။

ယင်းသည့်လဆန်းကိုးရက်နေ့ မဟာမုနိရုပ်ရှင်တော်မြတ်မှာ ဆင်ယင်လှူဒါန်းတော်မူရန် ရွှေနန်းတော်ကြီးအတွင်း လုပ်ဆောင် ပြီးပြေသည့် နန်းစဉ်စိန္တာမဏိမကိုဋ်တော်ကြီးပုံသဏ္ဌာန်ကဲ့သို့ စိန် မြ ပတ္တမြား နဝရတ်ကိုးပါးအတိပြီးစေလျက် ခြယ်လှယ်လုပ်ဆောင်အပ်သော အဘိုးငွေ သုံးသိန်းကျော် ထိုက်တန်သော ရွှေသား မကိုဋ်တော်ကြီး၊ အဘိုးငွေ နှစ်သောင်း သုံးထောင်ကျော် ထိုက်တန်သော အလျား ငါးထောင်၊ အနံ နှစ်တောင့်တမိုက်လေးသစ်ရှိ ဖလ်သလွန်တော်ကြီး၊ ရွှေသားသပိတ်ဖုံးစုံ, ရွှေသားသန့်သက်ရေစစ်စုံ,ပတ္တမြားကျောက်စီရွှေသားယပ်တော်ကြီးနှစ်၊ ရွှေသားနားပန်ဘော်နှစ်၊ရွှေသားဒုယင်စွန်းတော်၊ ရွှေသားစလွယ်တော်များကို အသီးအသီးမှန်စီယမ်းစင်တွင်တင်၍ ရွှေဖျားခံတင်ခြင်ရုံပါ သီးမျိုးစုံပဒေသာငါးဆဲ့ခုနစ်နှင့် သာသနာပြုဆရာတော်အမှူးရှိသော တံဆိပ်တော်ရ-မရဆရာတော် သံဃာတော် သုံးရာ့သုံးဆဲ့ကိုးတို့ ဝန်းရံကြွစ်မကြွသွားတော်မူပြီးလျှင် မင်းညီမင်းသား မှူးတော်မတ်တော်တို့ ခြံးကြွစ်၍ တပ်ဝင်းခင်းကျင်းလျက် မဟာမုနိဘုရားရောက် ဆောင်ယူပို့သပြီးလျှင် မကိုဋ်တော်ပြင် ကျန်အဆင်တန်ဆာတော် များကို နေ့ခြင်းပြီးအောင် မဟာမုနိရုပ်ရှင်တော်မြတ်မှာ ဆင်ယင်လှူဒါန်းရသည်။

ယင်းသည့် လဆန်းတဆဲ့သုံးရက်နေ့ နံနက် လေးချက်တီးကျော် နှစ်မောင်း သုံးပါဒ်အချိန် ရွှေခြောက်တပ်နောက်ခြောက်တပ် နမန္တာဘက်ခေတ်ဘက် တပ်ကြီး ခင်းကျင်းပြီးလျှင် အသျှင်နှစ်ပါးမှာ ရထားတော်ကြီးတွင် ရွှေစက်တော် တင်တော်မူ၍ ညီမတော် ရမည်သင်းစုဘုရားမှာ သရက်ကိုင်းခေါ် ပြာသာဒ်ရထားတော်နှင့် မဟာမုနိဘုရား အရှေ့မုတ်အနီး ကွန်းထောက်စံနန်းတော်ရောက် ထွက်တော်မူသည်။

၎င်းနေ့ စံနန်းတော်က ဘုရားကြီးသို့ဝင်တော်မူရာ အသျှင် ဘဝရှင်မင်းတရားကြီးဘုရား, အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား နှစ်ပါးမှာ အဆင်တန်ဆာတော်ဆင်ယင်လျက် ညီမတော် ရမည်းသင်းစုဘုရားနှင့် နောက်တော်လိုက် မင်းသမီးတို့လည်း အဆင်တန်ဆာဆင်ယင်လျက် မင်းညီမင်းသား မှူးတော်မတ်တော်တို့မှာ ဗောင်းနားခွောင်း, ဝတ်လုံ,

စလွယ်, ဘွဲ့မြူဆင်ယင်လျက် မဟာမုနိဘုရားသို့ ဝင်တော်မူသည်။ ရောက်လျှင် အမြောက်သံသုံးဆဲ့နှစ်ချက်ကြား၍ အသျှင် ဘဝရှင်မင်းတရားကြီး ဘုရားကိုယ်တော်တိုင် မဟာမုနိ ရုပ်ရှင်တော်မြတ်ကို မျက်နှာတော်ဖွင့်ပြီးလျှင် မကိုဋ်ဒုယင် တင်လှူပူဇော်တော်မူသည်။

ဧင်းနောက် အမြောက်သံသုံးချက်ကြား၍ အလှူတော်များကို ရေစက်သွန်းတော်မူပြီးလျှင် မဟာမုနိဘုရား အလုပ်အဆောင် အခမ်းအနား အကြီးအကြပ် အဆင့်အဆို မှူးတော်မတ်တော် အလုပ်သည်တို့ကို ဘွဲ့, ငွေ, ပုဆိုး, ပိတ်အုပ်, ခေါင်းပေါင်းအုပ် အသီးအသီး မသယ်မယူနိုင်လောက်အောင် သနားတော်မူ၍ ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ယင်းသည့်လပြည့်ကျော်နှစ်ရက်နေ့ ရွှေနန်းတော်ဦး မြေနန်းတော်တွင် သာသနာပြုဆရာတော်အမှူးရှိသော တံဆိပ်တော်ရ ဆရာတော်တို့နှင့် ရွှေမြို့တော် လေးပြင် ကျောင်းတိုက်များတွင် သီတင်းသုံးနေသည့် ပဋ္ဌာန်းပါဠိတော်, ဥဘတောဝိဘင်းပါဠိတော်ပြန် ရဟန်းသံဃာတော်တို့ကို နှုတ်ရအာဂုံဆောင်ပြီး ပြန်စာနည်းများအလိုက် သီတင်းသုံးနေစေ၍ အာဂုံနှုတ်ရစာများကို ပြန်ဆိုရန် ထီးဖြူဖွင့်မှန်စီခုံ, ထီးဖြူစိုက်မှန်စီခုံ, ထီးလွတ်မှန်စီခုံ, ရွှေပိန်းချခုံ, ရွှေတစုအနီနှစ်စုခုံ, ငါးမျိုးငါးရပ် နိမ့်မြင့်ခွဲဝေ နေရာချထားစေ၍ ပြန်ဆိုသည့် ပါဠိတော်များကို အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား, ညီမတော် ရမည်းသင်းစုဘုရားသုံးပါး ထွက်စံတော်မူ၍ ကောင်းမွန်ရှိသေစွာ နာခံတော်မူပြီးလျှင် ပြန်စာအင်္ဂါ အနည်းအများအလျောက် အဘိုး နိမ့်-မြင့် ရန်ထားသည့် သီးမျိုးစုံ ပဒေသာပရိက္ခရာများကို နေ့စဉ်ရက်ဆက် လှူဒါန်းတော်မူသည်။

ယင်းသည့်လပြည့်ကျော်လေးရက်နေ့ မဟာလောက မာရဇိန်ဘုရားပွဲတော်အဦးအစနေ့ဖြစ်၍ မြေနန်းတော်သို့ အသျှင်နှစ်ပါး စာနာမြဲစာနာထွက်တော်မူရာ ဘုရားပွဲတော်ပဌမရက် လှူဒါန်းရန် တပင်လျှင်အဘိုးငွေငါးဆယ်တန် ပဒေသာပင်ရေတရာ, အလှူတော်ထမ်းစင်များကို မြေနန်းတော်ရှေ့ သတ္တဒါန်လှေကားတော်ဦးတွင် ခင်းကျင်းထားစေ၍ ရေစက်သွန်းချတော်မူပြီးလျှင် နန်းတော်သို့ လှည့်လည်ထွက်သွား အစီအစဉ်နှင့် ဘုရားပွဲတော်သို့ ပို့ရောက်လှူဒါန်းရသည်။

ထိုနှစ် တရုပ်ဇေက်ကျင် အကြီးအမှူးပြုလုပ် တရုပ်လူမျိုး နှစ်ထောင်ကျော်တို့နှင့် ဗန်းမော်မြို့သို့ ဝင်ရောက်တိုက်ခိုက်ပြီးလျှင် အလိုရှိရာဘဏ္ဍာ

ပစ္စည်းများကို သိမ်းရုံးယူငင်၍ ဗန်းမော်မြို့ရှိ ကျေးစန္ဒီတိုက်အတွင်း ဝင်ရောက်ခိုအောင်း ခုခံရှိနေကြောင်းကို ကြေးနန်းနှင့် ဗန်းမော်ဝန်စစ်ကဲတို့ လျှောက်ချက်အရ မြို့ဝန် ရွှေလှံ့ဗိုလ်ကောလင်းမြို့စား မင်းကြီးမဟာမင်းခေါင်နော်ရထာနှင့် လူငါးရာ-တတပ်၊ ကင်းထားဗိုလ် မင်းကျော်ရဲခေါင်နှင့် ကင်းထားအမှုထမ်း လူလေးရာ-တတပ်၊ ကောင်ဟန်ဝန်နှင့် ကောင်ဟန် အမှုထမ်းလူတရာ-တတပ်၊ ကသာမြို့သူကြီးနှင့် လူတရာ-တတပ်၊ မိုးထားမြို့သူကြီးနှင့် လူဘရာ-တတပ်၊ မန်လည်ဝန်မောင်ဖောလာနှင့်လူတရာ-တတပ်၊ ဗန်းမော်ဝန် မင်းလှမင်းထင်ကျော်နှင့် လူတရာ-တဘပ်၊ ရွှေးကြီးလှေသင်းဗိုလ် မင်းကျော်သိဒ္ဓိရန်အောင်နှင့် လူ နှစ်ရာ့ခုနစ်ဆယ်-တဘပ်၊ သည့်တပ်ပေါင်းရှစ်တပ်တွင်ပါသည့် စစ်သည်ရဲမက်တထောင့်ခြောက်ရာ့ခုနစ်ဆယ်ကို မြို့ဝန် ရွှေလှံ့ဗိုလ် ကောလင်းမြို့စား မင်းကြီးမဟာမင်းခေါင်နော်ရထာကို အချုပ်ခန့်တော်မူ၍ ချီတက်တိုက်ခိုက်စေရာ အရေးမပြီးရှိသောကြောင့် ယင်းသည့် ဝါဆိုလပြည့်ကျော်ဆယ်ရက်နေ့ ဖောင်ဝန် မဟာမင်းထင်မင်းလှသီဟသူနှင့် လှေအမှုထမ်းသုံးရာ-တတပ်၊ တောင်မာရဘင်ဗိုလ်နှင့် တောင်မာရဘင် အမှုထမ်းလူသုံးရာ-တဘပ်၊ လင်းဇင်းစာရေးနှင့် လင်းဇင်းအမှုထမ်းလူသုံးရာ-တတပ်၊ စက်ဝန်ယွန်းစုဝန် မင်းရဲညွန့်နှင့် ကိုယ်ရံအမှုထမ်း လူတရာ, ယွန်းစုအမှုထမ်း လူငါးဆယ်, စက်ရုံအမှုထမ်းလူငါးဆယ်-တတပ်၊ အမြောက်အမှုထမ်း လူငါးဆယ်နှင့် ကျည်ဝလေးလက်မရှိ စကြာတင်အမြောက်ငါးလုံး တဘပ်၊ ဘုန်းတော်ပြည့်ဗိုလ် မင်းထင်ရဲလှကျော်ခေါင်နှင့် ဘုန်းတော်ပြည့်အမှုထမ်း လူငါးရာ-တတပ်၊ စုစု ရဲမက်လက်နက်ကိုင် လူတထောင့်ခြောက်ရာ့ငါးဆယ်ကို ဗန်းမော်မြို့သို့ နောက်ထပ်ချီတက်စေရသည်။

ရောက်လျှင် အထက်ချီနှင့်ရင်း မြို့ဝန် ရွှေလှံ့ဗိုလ်ကောလင်းမြို့စားတပ်စုနှင့် ပေါင်းစပ်၍ ကျေးစန္ဒီတိုက်အတွင်းသို့ သေနတ်အမြောက်မစဲအောင် ပစ်ခတ်တိုက်ခိုက်ကြရာ ကျောက်အုတ်စသည်ဖြင့် တည်လုပ်ထားသော ကျေးစန္ဒီတိုက်သည် ခိုင်ခံ့လုံခြုံလှသောကြောင့် မပေါက်မမြောက်ရှိသော်လည်း ၎င်းဘိုက်အတွင်း ခိုဝင်ခုခံနေသော လူဆိုးများမှာ ဟင်းခူးထင်းခွေမျှမထွက်ဝံ့အောင် အနေ ကျဉ်းမြောင်းလှသောကြောင့် ရက်ပေါင်းသုံးဆယ်ကြာလျှင် ဗိုလ်အကြီးအကဲပြုသူ စက်ကျင်ကိုသတ်ဖြတ်၍ စွဲကိုင်သောလက်နက်ကိုချအပ်၊ တပ်တော်ရှိရာသို့ လာရောက် ခိုဝင်ကြသဖြင့် အရေးတော်ပြီးငြိမ်းလေ၏။

ထိုနှစ်ဝါခေါင်လ ရွှေနန်းတော်ကြီးတောင်စမုတ်ဆောင်တော်အရှေ့ဘက် ပန်းခုံအုတ်တိုက်တော်သို့ သာသနာပြုဆရာတော် အမှူးရှိသော တံဆိပ်တော်ရဆရာတော် သံဃာတော်တို့ကိုပင့်လျှောက်ပြီးလျှင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့်တကွ ထွက်စံတော်မူ၍ အသျှင်မိဖုရားခေါင်ကြီးဘုရား သက်တော်စေ့ရဟန်းလောင်းတော်များကို သာသနာတော်တွင်းသို့ ရှင်ရဟန်းအဖြစ်ချီးမြှင့်တော်မူ၍ သံဃာတော်တို့အား အထူးထူးသော လှူဘွယ်ဝတ္ထုအလှူတော်များကို လှူဒါန်းတော်မူသည်။

ထိုနှစ် ဝါခေါင်လဆန်း တဆဲ့လေးရက်နေ့ လယ်ကိုင်းမြို့စားသေနတ်ဝန်ကြီးကို သာသနာပြု ဆရာတော်ကအစ်၍ စလင်းမြို့သို့ စေလွှတ်ပင့်ဆောင် ဆိုက်ရောက်သည့် စလင်းမြို့ဇာတိ အသက်သုံးဆဲ့ခုနစ်နှစ်,သိက္ခာတဆဲ့ခုနစ်ဝါရှိ ရဟန်းတော် ဦးပညာသီဟကို လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီးက ဆောက်လုပ်သည့်တိုက်အတွင်း ကျောင်းအပ်တင်လှူသည်။

ယင်းသည့်လပြည့်ကျော် တရက်နေ့ ရွှေမြို့တော်တောင်မျက်နှာ သီရိမဟာမနော်ရမ္မဥယျာဉ်တော် မြောက်ဖက် သီလစန္ဒနာရာမတိုက်, မဏိဇောတရတနာရာမ တိုက်များတွင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားဘက်ပါ မှူးတော်မတ်တော်တို့ ဆောက်လုပ်ပြီးပြေသည့် ကျောင်းတော်များကို အတွင်းဝန် ပေါက်မြိုင်မြို့စား မင်းကြီးမင်းလှမဟာဇေယနန္ဒသကြိုနှင့် ဝန်ထောက် ပင်းတလဲဝန် မင်းကြီးမင်းခေါင်မဟာကျော်ထင်၊ရွှေမြို့တော်မြောက်မျက်နှာ ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရား မြေခံတွင်ရှိရင်း အနောက်ဖက် သောဘိတာရာမ ဒီပဲယင်းတိုက်, အရှေ့ဘက်စိတ္တရာရာမ ခုံညင်းဆိပ်တိုက်အတွင်း လှေသင်း အတွင်းဝန်ကျောင်းနှင့်တကွ ကြည့်စုပေါင်းလေးမျက်နှာ မှူးတော်မတ်တော်တို့ ဆောက်လုပ်သည့်ကျောင်းတော်စု၊ ဂုင်းခုံညင်းဆိပ်အရှေ့ဘက် တိုက်သစ်အတွင်း မြို့ဝန်အတ္တပတ်မြင်းဝန် ပင်လယ်မြို့စား ဆောက်လုပ်သည့် ကျောင်းနှင့်တကွ ကြည့်စုပေါ မှူးတော်မတ်တော်တို့ ဆောက်လုပ်ပြီးကျောင်းတော်စု၊ နှစ်ရပ်အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရားဘက်ပါ မှူးတော်မတ်တော်တို့ဆောက်လုပ်ပြီးပြေသည့်ကျောင်းတော်စုများကို အတွင်းဝန်လှေသင်းဝန်စလေမြို့စား မင်းကြီး သီရိမဟာဇေယကျော်ထင်, အတွင်းဝန် ပင်းမြို့စားမင်းကြီး မင်းခေါင်မဟာမင်းကျော်သူရိန်, မြို့ဝန် အတ္တပတ်မြင်းဝန် ပင်

လယ်မြို့စား မင်းကြီးမဟာမင်းထင်ရာဇာ၊ ဝန်ထောက် ဝက်မစွတ်မြို့စား မင်းကြီးမင်းထင်မဟာစည်သူတို့ ကြပ်မပြီးလျှင် ရေစက်ချ၍ ကျောင်းအပ်တင်လှူကြရသည်။

ယင်းသည့်လ ရွှေမြို့တော်အရှေ့မြောက် မန္တလေးတောင်တော်အရှေ့ဘက်တွင် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားက တိုက်တာချထား တည်လုပ်တော်မူသည့် မဟာအတုလဝိဇယပုညတိုက်၊ ဇေယမင်္ဂလာရာမတိုက်၊ ရွှေမြို့တော်တောင်ပြင် သီရိမဟာမနော်ရမ္မ ဥယျာဉ်တော်မြောက်ဖက် သီလစန္ဒနာရာမတိုက်၊ မဏိဇောတရတနာရာမတိုက်မှစ၍ ကျောင်းတိုက်တော်များတွင် ဆောက်လုပ် ပြီးပြေသည့် ကျောင်းတော်များမှာ ကျောင်းထိုင်ပုဂ္ဂိုလ်တို့ ရဟန်းနှင့်ကျောင်း သုံးကောင်းသမျှ ပရိဘောဂ အသုံးအဆောင် လုံလောက်ပြည့်စုံစေခြင်းငှာ ဖလ်ထည်,မှန်ထည်,ကြွေထည်, ကြေးထည်, ယွန်းထည်,လှပထူးဆန်းသော အသုံးအဆောင်တို့နှင့် အခင်း,အကာ,မွေ့ရာ,ခြင်ရံ,စားမျိုး,သောက်မျိုး,သုံးမျိုး,ဆောင်မျိုးအလုံးစုံများကိုအလိုတော်ကျ မင်းမိဖုရား,မင်းညီမင်းသား,မင်းသမီး,အပျိုတော်, အထိန်းတော်,အယတော်,မှူးတော်မတ်တော်တို့ တဦးထက်တဦး အကျူးအလွန်ဆိုင်ပြိုင်အားထုတ်လုပ်ဆောင် ပြင်ဆင်ကြီးကြပ်စေ၍အသျှင်နှစ်ပါး ရွှေတော်သို့ သွင်းပြသည်ကို အသျှင်နှစ်ပါး ရေစက်သွန်းတော်မူပြီးလျှင် ဆောက်လုပ်တင်လှူတော်မူသည့် ကျောင်းထိုင်ပုဂ္ဂိုလ်တို့ထံ အသီးအသီး ဆောင်ယူပို့သလှူဒါန်းကြရသည်။

## ဆရာတော်များကို တံဆိပ်ငါးရပ်ပိုင်းခြား၍လှူခြင်း၊ နန်းမြင့်ဆောက်ခြင်း-စသည်များ

ယိုနှစ် တော်သလင်းလ သာသနာပြုဆရာတော် အမှူးရှိသော တံဆိပ်တော်ရ ဆရာတော်များတွင် အထက်လှူဒါန်းရင်း တံဆိပ်တော်များမှာ တံဆိပ်တော်ခံပုဂ္ဂိုလ်တို့ သဒ္ဓါ,ဗျတ္တိ,ပရိယတ်,ပဋိပတ်,ဂုဏ်ဝါသိက္ခာသီလ အလျောက် ဆုတ်တက်နိမ့်မြင့်မရှိ တညီတညွတ်တသန်တည်း လှူဒါန်းရရှိသောကြောင့် ဂုဏ်ထူးရှိသည့်ပုဂ္ဂိုလ်တို့ ထင်ရှားကြေညာကျော်စေခြင်းမှ ဆုတ်ယုတ်ရန်ရှိသည်ဖြစ်၍ အထက်လှူဒါန်းရင်း တံဆိပ်တော်များကို အနိမ့်အမြင့် ငါးမျိုးငါးရပ် ပြင်ဆင်လှူဒါန်းရလျှင် သင့်ရန်ရှိကြောင်း မှူးတော်မတ်တော်တို့ စုံညီညှိနှိုင်းရန်ထား တင်လျှောက်ချက်အရ သာသနာပြုဆရာတော်နှင့်တကွ ငါးရပ်ငါးမျိုးခွဲဝေပိုင်းခြားပြီးလျှင်—

သာသနာပြုဆရာတော်မှာ ၁-မှတ်ထား၍ မာလာလင်္ကာရအတုလ မိပတိ သီရိပဝရဓဇမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂-မှတ်ဆရာတော်တို့တံဆိပ်မှာ ဘွဲ့ရင်းတွင် အတုလ, မိပတိ, ပဝရ, ဓဇ လေးချက်ကိုထည့်သွင်းရန်။

၃-မှတ်ဆရာတော်တို့တံဆိပ်တော်မှာ အတုလကိုနုတ်၍ ကျန်သုံးချက်ကို ထည့်သွင်းရန်။

၄-မှတ်ဆရာတော်တို့တံဆိပ်မှာ အတုလ, မိပတိကို နုတ်၍ ကျန်နှစ်ချက်ကိုထည့်သွင်းရန်။

၅-မှတ်ဆရာတော်တို့ တံဆိပ်မှာ အတုလ, မိပတိ, ပဝရကိုနုတ်၍ ကျန်တချက်ကိုထည့်သွင်းရန်ဆရာတော်တို့ကို လျှောက်ထားရာ သဘောတူညီရှိသည့်အရ တံဆိပ်တော်ရဆရာတော်တို့ကို ရွှေနန်းတော်ဦး မြေနန်းတော်သို့ပင့်ဘိတ်၍ ဇေ့ငုအောင် ထပ်မံထုလုပ်လှူဒါန်းတော်မူသည်ကား-

သာသနာပြုဆရာတော် မာလာလင်္ကာရ သီရိဓဇမဟာရာဇဂုရုကို-မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ အတုလမိပတိသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု။

ပဥ္စမ တံဆိပ်တော်....

၁၊ စံကျောင်းဆရာတော်သက်တော်ခြောက်ဆဲ့ကိုးနှစ်ရှိ ဦးသုဒဿနကို-သုဒဿနဓဇ အတုလမိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂၊ မြတောင်ဆရာတော် သက်တော်ခြောက်ဆဲ့နှစ်နှစ်ရှိ ဦးအာလောကကို-အာလောကာဘိ ဓဇအတုလမိပတိ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု။

၃၊အောင်မြေရွှေဘုံ ဆရာတော် သက်တော်ခုနစ်ဆဲ့ရှစ်နှစ်ရှိ ဦးကေတုကို-ကေတုဓမ္မာဘိဓဇ အတုလမိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၄၊ ဆီးဗန်းနီ ဆရာတော် သက်တော် ခုနစ်ဆဲ့နှစ်နှစ်ရှိ ဦးနရိန္ဒကို-နရိန္ဒာဘိဓဇအတုလမိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၅၊ ဆင်တဲဆရာတော် သက်တော်ခုနစ်ဆဲ့လေးနှစ်ရှိ ဦးသာဂရကို-သာဂရဝံသဓဇ အတုလမိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၆၊ မဟာဝိဇိတာရာမဆရာတော် သက်တော်ငါးဆဲ့ရှစ်နှစ်ရှိ ဦးကေတုကို-ကေတုမာလာဘိဓဇအတုလမိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

လယ်တီမဏ္ဍိုင်-၈၃

၇၊ မှန်ကျောင်းဆရာတော် သက်တော်လေးဆဲ့ခုနစ်နှစ်ရှိ ဦးဉာဏဝံသကို-ဉာဏဝံသာဘိဓဇအတုလမိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။ ပေါင်း-ခုနစ်။

ဒုတိယ တံဆိပ်တော်….

၁၊ ဒက္ခိဏာရာမဆရာတော် သက်တော် ငါးဆဲ့ခြောက်နှစ်ရှိ ဦးပဏ္ဍိကို-ပဏ္ဍိတဓဇမိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂၊ မင်္ဂလာရာမ ဆရာတော် သက်တော် ခုနစ်ဆဲ့ကိုးနှစ်ရှိ ဦးဝိစိတ္တကို-ဝိစိတ္တာဘိဓဇမိပတိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၃၊ စိတ္တရာရာမဆရာတော် သက်တော်ခြောက်ဆဲ့ကိုးနှစ်ရှိဦးသုဇာတကို-သုဇာတာဘိဓဇမိပတိ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု။

၄၊ ဘုံကျော် ဆရာတော် သက်တော် ရှစ်ဆဲ့ခုနစ်နှစ်ရှိ ဦးဝိမလကို-ဝိမလာစာရဓဇမိပတိ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု။

၅၊ မိုးထားဆရာတော် သက်တော် ငါးဆဲ့လေးနှစ်ရှိ ဦးသုဇာတကို-သုဇာတာဘိသီရိဓဇမိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၆၊ မဟာဝိသုဒ္ဓါရာမဆရာတော် သက်တော် လေးဆဲ့ ခုနစ်နှစ်ရှိ ဦးဝိသုဒ္ဓကို-ဝိသုဒ္ဓါဘိဓဇ မိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၇၊ မေဃဝတီဆရာတော် သက်တော် ခြောက်ဆဲ့ရှစ်နှစ်ရှိ ဦးဇနိန္ဒကို-ဇနိန္ဒာဘိဓဇမိပတိသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၈၊ လှထွေဆရာတော် သက်တော် ခြောက်ဆဲ့လေးနှစ်ရှိ ဦးဝိရိယကို-ဝိရိယာရမ္ဘဓဇ မိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု။

၉၊ ပုခန်းဆရာတော် သက်တော်ခြောက်ဆဲ့လေးနှစ်ရှိ ဦးနန္ဒကို နန္ဒာဘိဓဇမိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၀၊ နန်းဦးဆရာတော် သက်တော်သုံးဆဲ့ကိုးနှစ်ရှိ ဦးဉာဏိန္ဒကို ဉာဏိန္ဒာဘိဓဇ ပဝရမဟာဓမ္မရာဇာဓိရာဇဂုရု။

၁၁၊ ဒိဗ္ဗယင်းဆရာတော် သက်တော် ငါးဆဲ့လေးနှစ်ရှိ ဦးဓမ္မသာမိကို ဓမ္မသာမိဓဇ ပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု။

၁၂၊ မကွေးဆရာတော် သက်တော်ခြောက်ဆဲ့ခြောက်နှစ်ရှိ ဦးအာစာရကို အာစာရာရမ္ဘဓဇ ပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု။ ပေါင်းတဆဲ့နှစ်။

**တတိယတံဆိပ်တော်….**

၁၊ ငါးကျွန်းဆရာတော် သက်တော် ခုနစ်ဆဲ့လေးနှစ်ရှိ ဦးသဒ္ဓမ္မကို သဒ္ဓမ္မဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂၊ တိုက်အုပ်ဆရာတော် သက်တော် လေးဆဲ့နှစ်နှစ်ရှိ ဦးဉာဏကို ဉာဏာဘိဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၃၊ ရွှေရေးဆောင် ဆရာတော် သက်တော် ခြောက်ဆဲ့ ရှစ်နှစ် ရှိ ဦးအာစာရကို အာစာရဝံသဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၄၊ ထရံကာဆရာတော် သက်တော်သုံးဆဲ့ကိုးနှစ်ရှိ ဦးဇနိန္ဒကကို ဇနိန္ဒ ကာဘိဓဇ သိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု။

၅၊ သောဘိတာရာမဆရာတော် သက်တော် လေးဆဲ့ခြောက်နှစ်ရှိ ဦးသဒ္ဓမ္မကို သဒ္ဓမ္မပါလဓဇ သိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု။

၆၊ အရွှေပြင် ငါးစို့ဆရာတော် သက်တော်လေးဆဲ့သုံးနှစ်ရှိ ဦးအာစာရရက္ခကို အာစာရရက္ခဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၇၊ လယ်ကိုင်းဆရာတော် သက်တော် ငါးဆဲ့နှစ်နှစ်ရှိ ဦးသုမနကို သုမနာဘိဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၈၊ မင်္ဂလာရာမဆရာတော် သက်တော် ငါးဆဲ့ငါးနှစ်ရှိ ဦးဉာဏကို ဉာဏဝံသဓဇ သိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု။

၉၊ ဆူးခါးဆရာတော် သက်တော် ငါးဆဲ့ ခုနစ်နှစ် ရှိ ဦးသုမနကို သုမနဝံသဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၀၊ ရမည်းသင်းဆရာတော် သက်တော် ငါးဆဲ့ကိုးနှစ်ရှိ ဦးဝါယာမကို ဝါယာမဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၁၊ လက်ာရာမ ဆရာတော် သက်တော်သုံးဆဲ့ခုနစ်နှစ်ရှိ ဦးနန္ဒမဥ္ဇူကို နန္ဒမဥ္ဇူသာဘိဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၂၊ သက်ပန်းဆရာတော် သက်တော် ခြောက်ဆဲ့ကိုးနှစ်ရှိ ဦးဥယျာ ကို ဥယျာဓမ္မာဘိဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၃။ ဝိဇယာရာမဆရာတော် သက်တော်ခြောက်ဆဲ့ငါးနှစ်ရှိ ဦးမုနိန္ဒ ကို မုနိန္ဒာဘိဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၄၊ တောင်ခွင်ဆရာတော် သက်တော်လေးဆဲ့တနှစ်ရှိ ဦးဝိသုဒ္ဓကို ဝိသုဒ္ဓသီလာစာရဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု။ ။ပေါင်း တဆဲ့လေး။

စတုတ္ထတံဆိပ်တော်····

၁၊ သက်တော် သုံးဆဲ့ငါးနှစ်ရှိ ဦးကုမာရကို ကုမာရာဘိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု။

၂၊ သက်တော် ငါးဆဲ့တနှစ်ရှိ ဦးနာဂိန္ဒကို နာဂိန္ဒာဘိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု။

၃၊ သက်တော်လေးဆဲ့ငါးနှစ်ရှိ ဦးပညာကို ပညာသာမိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၄၊ မြို့သာဆရာတော် သက်တော် ငါးဆဲ့သုံးနှစ်ရှိဦးသုမနကို သုမနာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု။

၅၊ မိုးကောင်းဆရာတော် သက်တော် ငါးဆဲ့သုံးနှစ်ရှိ ဦးအာစယကို အာစယဝံသဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၆၊ သင်္ဂဇာဆရာတော် သက်တော် ခြောက်ဆဲ့ခြောက်နှစ်ရှိ ဦးဓမ္မစာရီကို ဓမ္မစာရိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၇၊ ညောင်ကန်ဆရာတော် သက်တော် ခြောက်ဆဲ့နှစ်နှစ်ရှိ ဦးဝဇီရကို ဝဇီရာဝုဓဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၈၊ မိုးထိဆရာတော် သက်တော် ငါးဆယ်ရှိဦးသုမနကို သုမနဝံသဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၉၊ မဟာဗောဓိကာရာမဆရာတော် သက်တော် လေးဆဲ့ခြောက်နှစ်ရှိ ဦးသုဇာတကို သုဇာတာဘိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု။

၁၀၊ သက်တော်လေးဆယ်ရှိ ဦးသုန္ဒရကို သုန္ဒရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု။

၁၁၊ သက်တော်လေးဆယ်ရှိ ဦးဂန္ဓမဥ္ဇူကို ဂန္ဓမဥ္ဇူသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၂၊ သက်တော် ခုနစ်ဆဲ့သုံးနှစ်ရှိ ဦးစန္ဒလင်္ကာကို စန္ဒလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၃၊ ရွှေမတ္တရာဆရာတော် သက်တော် ငါးဆဲ့လေးနှစ်ရှိ ဦးသီလကို သီလာစာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၄၊ မင်းခင်းဆရာတော် သက်တော် ငါးဆဲ့ခြောက်နှစ်ရှိ ဦးဝိမလကို ဝိမလာစာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၅၊ ဝဥ္စဝန်ဆရာတော် သက်တော် ခြောက်ဆယ်ရှိ ဦးနန္ဒမာလာကို နန္ဒမာလာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၆၊ ခေါ်တော ဆရာတော် သက်တော်ငါးဆဲ့ငါးနှစ်ရှိ ဦးဇယန္တကို-ဇယန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၇၊ ရွှေပြည့်ဆရာတော် သက်တော်ငါးဆဲ့တနှစ်ရှိ ဦးဉာဏကို-ဉာဏ ဝံသဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။ ။ပေါင်း-တဆဲ့ခုနစ်။

ပဥ္စမ တံဆိပ်တော်....

၁၊ ထီးလင်း ဆရာတော် သက်တော် ခြောက်ဆဲ့ရှစ်နှစ်ရှိ ဦးဒီပကို-ဒီပါလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂၊ သက်တော် သုံးဆဲ့ကိုးနှစ်ရှိ ဦးကုမာရကို-ကုမာရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု၊

၃၊ ဘေးမဲ့ဆရာတော် သက်တော်လေးဆဲ့နှစ်နှစ်ရှိ ဦးရေဝတကို-ရေဝတာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၄၊ ဂူကြီးဆရာတော် သက်တော်ရှစ်ဆဲ့ခြောက်နှစ်ရှိ ဦးကလျာဏကို-ကလျာဏာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၅၊ မိတ္ထီလာဆရာတော် သက်တော် ရှစ်ဆဲ့နှစ်နှစ်ရှိ ဦးသြဘာသကို-သြဘာသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၆၊ သက်တော် ရှစ်ဆဲ့နှစ်နှစ်ရှိ ဦးပုညကို-ပုညာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၇၊ သက်တော် လေးဆဲ့ခုနစ်နှစ်ရှိ ဦးအာဒိစ္စကို-အာဒိစ္စာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၈၊ သက်တော် လေးဆဲ့သုံးနှစ်ရှိ ဦးသုဇာတကို-သုဇာတာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၉၊ သက်တော် လေးဆယ်ရှိ ဦးရာဇိန္ဒကို-ရာဇိန္ဒာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၀၊ သဒ္ဒမ္မဇောတိကာရာမ ဆရာတော် သက်တော်လေးဆဲ့ခုနစ်နှစ်ရှိ ဦးဒေဝိန္ဒကို-ဒေဝိန္ဒာလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု။

၁၁၊ သက်တော် လေးဆဲ့လေးနှစ်ရှိ ဦးဝိမလကို-ဝိမလာ လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၂၊ သက်တော်လေးဆဲ့ရှစ်နှစ်ရှိ ဦးအာသဘကို-အာသဘာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၃၊ သက်တော် သုံးဆဲ့ရှစ်နှစ်ရှိ ဦးဝိစာရကို-ဝိစာရာလင်္ကာရမဟာဓမ္မ ရာဇာဓိ ရာဇဂုရု။

၁၄၊ သက်တော် ငါးဆဲ့တနှစ်ရှိ ဦးအာလောကကို-အာလောကာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု။

၁၅၊ သက်တော် ငါးဆဲ့ခြောက်နှစ်ရှိ ဦးကေလာသကို-ကေလာသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၆၊ သက်တော် ငါးဆယ်ရှိ ဦးသကျဝံသကို-သကျဝံသာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၁၇၊ သက်တော် လေးဆဲ့တနှစ်ရှိ ဦးစန္ဒကို-စန္ဒာလင်္ကာရမဟာဓမ္မ ရာဇာဓိရာဇဂုရု။

၁၈၊ သက်တော် နှစ်ဆဲ့လေးနှစ်ရှိ ဦးဂန္ဓမာကို-ဂန္ဓမာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု။

၁၉၊ သက်တော် လေးဆယ်ရှိ ဦးနန္ဒဝါကို-နန္ဒဝါလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု။

၂၀၊ သက်တော်သုံးဆဲ့ကိုးနှစ်ရှိ ဦးတေဇဝန္တကို-တေဇဝန္တာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂၁၊ သက်တော် သုံးဆဲ့ကိုးနှစ်ရှိ ဦးစန္ဒိမာကို-စန္ဒိမာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂၂၊ သက်တော်လေးဆဲ့ငါးနှစ်ရှိ ဦးဝိစိတ္တကို-ဝိစိတ္တာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု။

၂၃၊ သက်တော် လေးဆယ်ရှိ ဦးဂုဏကို-ဂုဏာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု။

၂၄၊ သက်တော် နှစ်ဆဲ့ခြောက်နှစ်ရှိ ဦးဂန္ဓဝူရကို-ဂန္ဓဝူရာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂၅၊ သက်တော်နှစ်ဆဲ့တနှစ်ရှိ ဦးသိရိန္ဒရကို-သိရိန္ဒရာလင်္ကာရမဟာဓမ္မ ရာဇာဓိရာဇဂုရု။

၂၆၊ တောင်ဝိုင်ဆရာတော် သက်တော် ငါးဆဲ့ခုနစ်နှစ်ရှိ ဦးသေီကို-သေီလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂၇၊ ရှမ်းမကား ဆရာတော် သက်တော်လေးဆဲ့သုံးနှစ်ရှိ ဦးကလျာဏကို-ကလျာဏာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂၈၊ သက်တော်လေးဆဲ့ခုနစ်နှစ်ရှိ ဦးပဒုမကို-ပဒုမာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၂၉၊ သက်တော် ခြောက်ဆဲ့ငါးနှစ်ရှိ ဦးမဥ္ဇူကို-မဥ္ဇူသာ လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၃၀၊ သကျောင်ဆရာတော် သက်တော် ခြောက်ဆဲ့ငါးနှစ်ရှိ ဦးသီလကို-သီလာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။ ။ပေါင်း-သုံးဆယ်။

သာသနာပြုဆရာတော်-တစ်၊ ပဌမတံဆိပ်ရ-ခုနစ်၊ ဒုတိယတံဆိပ်ရ-တဆဲ့နှစ်၊ တတိယ တံဆိပ်ရ-တဆဲ့လေး၊ စတုတ္ထ တံဆိပ်ရ-တဆဲ့ခုနစ်၊ ပဥ္စမ တံဆိပ်ရ-သုံးဆယ်။ ။တံဆိပ်ရဆရာတော်စုစုပေါင်း ရှစ်ဆဲ့တစ်ဖြစ်သည်။

ထိုနှစ် သီတင်းကျွတ်လ ရွှေနန်းတော်ကြီးတောင်စမုတ်တော်ရှေ့တွင် အမြင့် သံတောင် ခုနစ်ဆယ်ကျော်နှင်နှင်ရှိသော ခရုပတ်လှေကားလိမ်နန်းမြင့်ပြာသာဒ်တော်ကိုရွှေနန်းတော်မှတာနှစ်ထောင့်လေးရာကွာသော မဟာမုနိဘုရားရောက် ဝဲယာနှစ်သွယ် တင့်တယ်လှပစွာ မီးစောင်းတန်း-ပန်းထိး-ပန်းတံခွန်အလှူတော်များကို ခင်းကျင်းစီစဉ်၍ ထွန်းညှိပူဇော်တော်မူသည်ကို မှီအောင် လျင်စွာဆောက်လုပ်ရာ နေ့ရက်မကြာ ပြီးပြေသည်။

ယင်းသည့်လဆန်း ခုနစ်ရက်နေ့ ညနေသုံးချက်တီးအချိန် ရတနာပုံ ရွှေမြို့တော်ဝန်းကျင် စေတီပုထိုးဘုရားရှင်များကို ဆွမ်းတော်ကြီး ကပ်လှူရန် ထွန်းညှိပူဇော်တော်မူသည့် ဝဲယာမီးစောင်းတန်းလမ်းများတွင် တီးမှုတ်ကခုန်စေရန် အတီးအကများကို ရွှေတော်သို့ သွင်းပြဆဲအခါ ရွှေနန်းတော် သစ်တပ်အရှေ့ ရာဇဝတ်ထောင်အတွင်းမှ အကျဉ်းသားတို့သည် ရုတ်ရုတ်သဲသဲ ထကြွလှုပ်ရှားကြလေသည်။ ထိုအခါ ထောင်တွင် အကျဉ်းခံနေရသော အလွန်ဆိုးသွမ်းသော ဓားပြမိုယ် ပြုလုပ်တိုက်ခိုက်ဖမ်းဆီးရမိသူ ငရန်မင်းဆိုသူသည် ထောင်တွင်း၌ရှိသော ဓားပြလူဆိုးလူသွမ်းတို့ကို တိုင်ပင်ပြီးလျှင် ထောင်ကအတင်း ထွက်ကြမည် ကြံစည်သော်လည်း အစောင့်အကြပ်နှင့်ဖြစ်၍ ထောင်ကို မီးရှို့ပြီးလျှင် အစောင့်အကြပ်တို့ မီးကို အာရုံစိုက်၍ သတ်ငြိမ်းဆဲအခါ အစောင့်အကြပ်တို့ စွဲကိုင်သော သေနတ်ဓားလှံများကို လုယူပစ်ခတ် အတင်းထိုးခုတ်၍ထောင်ကထွက်သွားကြောင်း ကြားသိတော်မူရသဖြင့် မြို့ဝန်, ထောင်မှူး, မြို့စာ

ရေး, အစုဗိုလ်သေနတ်စာရေးတို့ကို ရုတ်တရက် ဝန်းဝိုင်း ဖမ်းဆီးစေရာ ငရန်မင်းကို မြို့တွင်းတွင်ရမိ သေနတ်ထိမှန် သေဆုံးလေသည်။ ထိုသို့ထွက်ပြေးဖမ်းဆီးရာ ခုခံသူတို့ကို လက်နက်ထိမှန် သေဆုံးကြလေသည်။ အချို့လည်းမီးလောင်၍, အချို့လည်း ခေါင်းလှုံခေါင်းမိ၍ သေဆုံးကြ လေသည်။ ထောင်တွင်ချုပ်ထားရှိသော မိုင်းပျဉ်းမင်းသားကိုလည်း မြို့ဝန်တို့ ကွပ်လေ၏။ ဤအခါ ထောင်တွင် လူဦးရေသုံးရာခန့်ရှိသည့်အနက် နှစ်ရာခန့် သေဆုံးလေ၏။ အကြီးအကြပ် အဝှန်းအမှူး သုံးဦးအနက် အဝှန်းမှာ ထောင်ဝင်းကိုကျော်၍ထွက်စဉ် ခေါ်ထိပါးလေသည်။

အကျဉ်းသားတို့အနက် အချို့လည်း ခြေကျဉ်းနှင့် ဦးစွာ ထွက်လွတ်သွား၍ တရက်နှစ်ရက်ကြာမှ ရမိလေသည်။ ထိုသေဆုံးသော လူတို့ရုပ်အလောင်းများကိုလည်း ထောင်မှူး, မြို့စာရေးတို့ကြီးကြပ်၍ ထိုနေ့ညဉ့်ရွှေမြို့တော်အနောက်ပြင် သုသာန်သို့ လှည်းနှင့်တင်ဆောင် ထုတ်ယူသင်္ဂြိုဟ်ရသည်။ ခေါ်ပြုဗိုလ် ငရန်မင်းမှာ မရမမိ ထွက်လွတ်သွားသည်ဟု အချို့လူတို့က ပြောဆိုတွေးထင်မကင်းရှိကြသည်နှင့် ရမိသေဆုံးကြောင်းကို ထင်ရှားစေခြင်းငှာ သုသာန်တွင် ထုံးစံအတိုင်း သုံးရက်ထားပြီးမှ သင်္ဂြိုဟ်ရသည်။

ထိုနှစ် သီတင်းကျွတ်လ သမီးတော်မြတ် ရတနာအား နားထွင်းမင်္ဂလာ ချီးမြှင့်တော်မူမည်မှာ-ရဇ္ဇာဘိသေကမုဒ္ဒါဘိသိက်ကို သွန်းခံတော်မူသောအခါ မယ်တော်မိဖုရားခေါင်ကြီးနှင့်တကွ ကောင်းညွန့် ကောင်းဟိတ် ဘိသိက်မင်္ဂလာ သွန်းခံရာဖြစ်သော ဘုန်းပါရမီ ထူးမြတ်သော သမီးတော်မြတ် ဖြစ်သည့်အတိုင်း အထူးသဖြင့် လွန်ကဲ မြင့်မြတ်သော အခမ်းအနား ကြီးကျယ်စွာ ခင်းကျင်း ကျင်းပတော်မူပြီးလျှင် မင်းဆွေစိုးမျိုး, မှူးမတ်အရာရှိ, မင်းချင်းမင်းခစား, ကုန်သည်ဆင်းရဲသား, မျိုးတူမျိုးခြား မည်သူမဆို ယနေ့ဖွားသောသူငယ်ကိုအစပြု၍ ပြည်တွင်းပြည်ပ၌ရှိကုန်သော ကျားကြီး-မကြီး, ကျားလတ်-မလတ်, ကျားငယ်-မငယ်တို့ကို တဦးတယောက်မျှမကြွင်းမကျန်စေရ အသဒိသဒါန ကုသိုလ်တော်ကြီးကို နားထွင်းမင်္ဂလာအခါတော်မရောက်မီ ခြောက်လကစ၍ ကျွေးမွေးပေးကမ်း စွန့်ကြဲဖြန့်ချီတော်မူမည်၊ ပွဲသဘင်စုံများကိုလည်း အခါတော်မရောက်မီ သုံးလကစ၍ ခင်းကျင်းပြသစေမည်ဖြစ်သည်။

မင်းညီမင်းသားစသော မှူးမတ်အရာရှိတို့ကို ကောင်းမွန်စွာ ထမင်းကျွေး၍ ဆုတော်ပေးရန် တောင်ပန်းခုံတော် အုတ်ဘိုက်စံနန်းတော်တွင်

တဌာန။ မင်းသမီး,မိဖုရားဟောင်း, မြို့စားရွာစား အပျိုတော်ကြီးတို့ကို ကျွေးမွေးပေးကမ်းရန် နန်းမဆောင်တော်အနောက် ညွှန့်ခံဆောင်တွင် တဌာန။ ကတော်မယားတို့နှင့် လက်သုံးတော်, လက်ဘက်ရည်, ကွမ်းရေ စသော နန်းတော်သားတို့ သားမယားများကို ကျွေးမွေး ပေးကမ်းရန် အနောက်ပွဲတက်ဆောင်တော်တွင် တဌာန။ အစုအမှုထမ်းတို့နှင့် ပြည်သူ ယောကျ်ားတို့ကို ကျွေးမွေးပေးကမ်းရန် မြေနန်းတော်ရှေ့တွင် စံနန်းတော် နှင့် ထီးရုံဇာတ်ရုံတဌာန။ အစုအမှုထမ်းတို့ သားမယားများနှင့် ပြည်သူ တို့သားမယားများကို ကျွေးမွေးပေးကမ်းရန် အနောက်စမုတ်တော်ရှေ့ တွင် စံနန်းတော်နှင့် ထီးရုံဇာတ်ရုံတဌာန-ခွဲဝေလုပ်ဆောင်ရန် အမှုမှစ၍ အရပ်ရပ် ဆင့်ဆိုလုပ်ဆောင်ရန် ရှိသည်များကို အထူးသဖြင့် ခမ်းနား ကြီးကျယ် တင့်တယ်လှပ ကောင်းမွန်စွာ လုပ်ဆောင် ခင်းကျင်းရမည်- အမိန့်တော်မြတ်အရ ဆုတော်သနားတော်မူရန် ရွှေမြို့တော်ကြီး မြို့တွင်း မြို့ပြင် တည်နေသမျှ ကျား,မ ကြီးငယ် လူဦးရေတသိန်းကျော် စာရင်းကို ရွှေမြို့တော်ဝန်, ထောင်မှူး, မြို့စာရေးတို့က ရာထူးနိမ့်မြင့် အစုအသည် မျိုးတူမျိုးခြားကွဲပြားခြင်းနှင့်တကွ ကုန်စင်အောင် စာရင်းစစ်ဆေး ရေး သားဆက်သွင်းစေရသည်။

အရှေ့စံနန်းတော်နှင့် ထီးရုံဇာတ်ရုံတော်ကြီး, အနောက်စံနန်းတော် နှင့် ထီးရုံဇာတ်ရုံတော်ကြီးများကို လွှတ်တော်က ခမ်းနား ကြီးကျယ်စွာ လုပ်ဆောင်စေရသည်၊ တောင်ပန်းခုံတော်ဌာနမှာ ရှိရင်းအုတ်တိုက်စံနန်း တော်နှင့် တစပ်တည်း ပတ်လည်လေးမျက်နှာတွင် ပကတိသော အုတ် အင်္ဂတေတို့ဖြင့် လှပတင့်တယ် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်အပ် သော အုတ်တိုက်ကြီး ကဲ့သို့ပင် ထင်မှတ် အံ့ဩဘွယ်ဖြစ်သော ယာယီ အုတ်တိုက်တော်ကြီးအတွင်း အသျှင်နှစ်ပါးစံတော်မူရန် ဌာန, ထမင်း ဟင်းတည်ကျွေးရန်ဌာန,ဆုတော်သနားတော်မြတ်ခံစေရန်ဌာန ဝိုင်းခြား ပြီးလျှင် မတ်ရပ်တံခါး, ပြူတင်းလေသာတံခါး စသော နံရံများတွင် ရွှေကျင်ခတ်ထည် ပန်းအပြောက်တို့ဖြင့်ပြီးသော ဖဲကတ္တီပါအထည်များ ကို ရွတ်ကာ မုတ်,လှဇရွဲ,ကြာပျံ, နံရံအကာမှစ၍ ကြက်မွှမ်းလုပ်ဆောင် စေခြင်း၊ ရွှေသားဘော်စင်များကိုသင်းချောကြိမ်ကဲ့သို့ခတ်၍ ဆန်းကြယ် စွာ ရက်လုပ်စေအပ်သော ရွှေသင်ဖြူး ငွေသင်ဖြူး စသော ထူးဆန်း သောအခင်းများကို ခင်းကျင်းစေခြင်း၊ အလိုမဲ့ ထွန်းလင်း စေနိုင်သော လျှပ်စစ်ဓာတ်မီးတို့ဖြင့် ထွန်းလင်းတောက်ပစေခြင်း၊ ပွင့်မျိုးသီးမျိုး ပန်း

အိုး ပန်းခွံတို့ဖြင့် တင့်တယ်ခင်းကျင်းစေခြင်း စသော အဘွယ်အရာ များကို အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စား မင်းကြီးမင်လှမဟာဇေယနန္ဒသင်္ကြိုက ကြီးကြပ်လုပ်ဆောင်စေရသည်။

နန်းမဆောင်တော်ဌာနမှာ အစဉ်ထာဝရလှပတင့်တယ်စွာ ခင်းကျင်းရှိသည်ဖြစ်၍ အထူးမလုပ်မဆောင်ရ၊ အနောက် ပွဲတက်ဆောင်ဌာနမှာ အတွင်းဝန် လှေသင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာဇေယကျော်ထင်က လှပကောင်းမွန်စွာ ခင်းကျင်းလုပ်ဆောင်ရသည်။ ထမင်းကျွေးတော်မူရန် ပကတိထမင်းပွဲများမှာ အတွင်းဝန်လှေသင်းဝန် စလေမြို့စားက, ထောပတ်ထမင်းဟင်း ပွဲများမှာ ထောပတ်ပွဲတော်ချက် ကုလားဝန်က, တရုပ်ချက်ဟင်းပွဲများမှာ တရုပ်ပွဲတော်က, မုံ့ယို အချိုအဆိမ့် ယက်ဘက်ပွဲများမှာ အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားဝန်, စာရေးကြီးတို့က အသီးအသီး အထူးသဖြင့် မြိန်မြတ်ကောင်းမွန် လှပတင့်တယ်အောင် လုပ်ဆောင်ပြင်ဆင်ကြရသည်။

ဆုတော်သနားတော်မူရန် စိန်, မြ, ပတ္တမြား စသော နားဒေါင်း, ပတီး, ယက်စွပ်, လက်ကောက်, အကွင်းအချည် ပြည်သူပြည်သားငယ်တို့ကို သနားတော်မူရန် ရွှေဘယက်, ငွေခြေကျင်း စသော ရွှေထည် ငွေထည်များနှင့် လွန်းများပုဆိုး, ထဘီ, ပိုးစပ်ပုဆိုး, ထဘီ, ဘလာပုဆိုး, ထဘီ အထည်အလိပ်များကို တိုင်တားမြို့စားမင်းကြီးနှင့် ရွှေမြို့တော်ဝန် အတ္တပတ်မြင်းဝန် ပင်လယ်မြို့စားတို့က လုပ်ဆောင်ဝယ်ယူ ဆက်သွင်းရသည်။ ဖဲစပ်ပုဆိုး-ထဘီ, ဖဲဘလာပုဆိုး-ထဘီစသော အနောက်နိုင်ငံဖြစ် အထည်အလိပ်မျိုးစုံများကို အကောက်ဝန် ကျောက်ရဲမြို့စားက ဝယ်ယူ ဆက်သွင်းရသည်။ အရပ်ရပ်ဆုသနားတော်မြတ်ခံစေရန် စာရင်းများကို သံတော်ဆင့် လက်နက်တိုက်ဝန် မဟာမင်းကျော်သီဟမင်းထင်က ရေးသားဆက်သွင်းတင်လျှောက်ရသည်။

ဤကဲ့သို့ အသီးအသီး တာဝေပုံပေးအပ်ကြီးကြပ် လုပ်ဆောင် ဆက်သွင်းစေပြီးလျှင် မင်းညီမင်းသားစော်ဘွားမြို့စားများမှာ လွန်းများပုဆိုး တစ်, ဆပ်သွားဘူးကပ် တစ်, တုမရှိ ပိတ်အုပ်တစ်, ငွမ်းကတ္တီပါစောင် တစ်, မိကျောင်းရေစောင် တစ်, သက္ကလတ်ခြုံထည်တစ်စီ၊ မှူးကြီးမတ်ကြီး မှူးလတ်မတ်လတ်တို့မှာ မင်းညီမင်းသားတို့နည်းတူ လွန်းများပုဆိုးနှင့် ပိုးစပ်ပုဆိုး, ဆပ်သွားဘူးကပ်နှင့် ဗုဇွန်တုပ်ခေါင်းခေါင်းအုပ်လဲ၍၊ လက်သုံးတော်ကြီးနှင့် ဗိုလ်စုတို့မှာ မင်းညီမင်းသားတို့နည်းတူ ဆပ်သွားဘူး

ကပ်နှင့်ရွှေကျင်ခတ်လဲ၍၊ မှူးငယ်မတ်ငယ်တို့နှင့် လက်ဘက်ရည်, ကွမ်းရေ, ထီးဓားလက်စွဲ, အဆောင်တော်မြွေ, မဟာလေးဆယ်တော်တို့မှာ ပိုးပုဆိုးတစ်, ခေါင်းပေါင်းအုပ် တစ်, ပိတ်အုပ် တစ်, သက္ကလတ်တစ်စီ။ စုရေးစုကိုင်များမှာ ပိုးပုဆိုးတစ်, ပိတ်အုပ် တစ်, ရွှေကျင်ခတ်ပုဝါတစ်, သက္ကလတ်တစ်စီ။ တပ်မှူးသွေးသောက်ကြီးများမှာ ပိုးပုဆိုးတစ်, ရွှေကျင်ခတ်ပုဝါတစ်, သက္ကလတ်တစ်စီ။ အရပ်ရပ်အစုအမှုထမ်းများနှင့် စုသေးအမှုထမ်းများမှာ စက်ပုဆိုးတစ်, ပိတ်အင်္ကျီတစ်, ခေါင်းပေါင်းတစ်စီ ရန်ထားရသည်။

မင်းသမီးများမှာ လွှန်းများထဘီငါး, ဘလာထဘီငါး, ဖဲစောင်ငါး, ဖဲကပ်ငါး,ပိုးပုဝါအုပ်ငါး, တုမရှိပိတ်အုပ်ငါး, မိကျောင်းရေစောင်ငါး, သက္ကလတ်ထည်ခရေငါး, ရေမွှေးဘူးငါးစီ။ မိဖုရားဟောင်းများမှာ မင်းသမီးများနည်းတွင် ဖဲကပ်နှင့် ဖဲပုဝါလဲ၍ ငါးထည်ငါးခုစီ။ မြို့စား ရွာစား အပျိုတော်ကြီးများနှင့် အထိန်းတော် အယတော်တို့မှာ မိဖုရားဟောင်းများနည်း သုံးထည် သုံးခုစီ။ ကတော် မယားတို့မှာ မိဖုရားဟောင်းများနည်းတွင် ဖဲစောင်ကိုနုတ်၍ နှစ်ထည်နှစ်ခုစီ။ မယ်တော်ဆင်ဖြူမရှင်ဘုရား အပျိုတော်တို့မှာ ကတော် မယားတို့နည်းတွင် တထည်တခုစီ။ မင်းသမီးတို့အပျိုတော်, ဝဲအပျိုတော်, မြို့စားရွာစားတို့ အစေခံ, အထိန်းတော် အယတော်တို့အစေခံ, မြောက်ဒဝယ်-တောင်ဒဝယ်အစုကင်းအစောင့်မိန်းမတို့မှာလွှန်းများထဘီနှစ်,ပိုးပုဝါပိုင်ရေနှစ်,မိကျောင်းရေစောင်တစ်, သက္ကလတ်တစ်, ပိတ်အင်္ကျီတစ်။ အစုအမှုထမ်း စုသေးအသည်တို့မယားများမှာ သင်းဘောချည်ထဘီတစ်, ပိုးပုဝါတစ်, အင်္ကျီတစ်စီမှစ၍ အသီးအသီး ရန်ထားပြီးလျှင် တယောက်လျှင်တထုပ်ကျ ဆုတော် သနားတော်မြွတ် ခံစေရန်လူတို့ ရာထူးအမည် လိပ်မှတ် ကမ္ပည်းကပ်၍ ပြင်ဆင်အသင့်ထားရသည်။

ဤကဲ့သို့ ပရိစာဂ ဒါနဝတ္ထုများကို အတိုးထိုက်တန် ကောင်းမွန်စွာ အစဥ်မပြတ် လုပ်ဆောင်ဝယ်ယူ ဆက်သွင်းပြင်ဆင်စေပြီးလျှင် ရှေးဦးစွာ မင်းညီမင်းသားများကို တောင်ပန်းခုံအုတ်တိုက်တွင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, အသျှင်မိဖုရားခေါင်ကြီးဘုရား အသျှင်နှစ်ပါးထွက်တော်မူ၍ တကိုယ်လျှင် ပကတိထမင်းပွဲ, ဟင်းလျာပွဲ, ထောပတ်ထမင်းပွဲ, ဟင်းလျာပွဲ, တရုပ်ပွဲတော်ချက် ဟင်းလျာပွဲ, အချိုပွဲပေါ် မြောက်ပွဲကျစီ

ခင်းကျင်း၍ ကောင်းမွန်စွာ ကိုယ်တော်တိုင် ကြည့်ရှု ကျွေးမွေးတော်မူသည်။

ထိုအခါ ဝဲယာ မှူးသား မတ်သား ဘိနပ်တော် ရှစ်ဆယ်ကျော်တို့အနက် အသက်အရွယ် မငယ်မကြီး ရုပ်ရည်ဟန်ပန် သင့်တင့်သူတို့ကို ရွေးကောက်တော်မူပြီးလျှင် လွန်းများပုဆိုး, ဝွမ်းထိုးပန်းပြည့်အင်္ကျီ,ဆပ်သွားဘူးခေါင်းပေါင်းများကို အထူးသနားတော်မူ၍ လှပတင့်တယ်စွာ ဝတ်ဆင်စေလျက် သောက်ရေအတည်အပေး ပြုလုပ်စေရသည်။ ထမင်းကျွေးမွေးပြီးနောက် ပြင်ဆင် အသင့်ရှိသည့် ဆုတော် အထုပ်များကို စာရင်းကိုင် ဿံတော်ဆင့်လက်နက်တိုက်ဝန်က ဖတ်လျှောက်၍ တယောက်စီ စာရင်းစဉ်အတိုင်း လက်တော်နှင့်ကိုင်၍ သနားတော်မူသည်။ ထိုနေ့ မှူးကြီးမတ်ကြီး စော်ဘွားမြို့စားတို့မှာ မင်းညီမင်းသားတို့ကို ကျွေးမွေးတော်မူသည့်နည်း ကျွေးမွေးတော်မူပြီးလျှင် ရန်ထားရင်းဆုတော်အထုပ်များကို အသီးအသီး လက်တော်နှင့်ကိုင်၍ သနားတော်မူသည်။

လက်သုံးတော်ကြီးနှင့် ဝန်စုဗိုလ်စုတို့မှာ တရုပ်ဟင်းပွဲ အချိုပွဲများကို နှတ်၍ လေးပွဲကျ၊ မှူးငယ်မတ်ငယ်, နန်းတော်သား စုရေး စုကိုင်တို့မှာ ပကတိထမင်းပွဲ ဟင်းလျာပွဲတစ်စီ၊ တရက်လျှင် လူဦးရေတရာကျစီ ခွဲဝေ၍ နေ့စဉ်ကျွေးမွေးပြီးလျှင် ဆုတော်သနားတော်မူသည်။

မင်းသမီး, မိဖုရားဟောင်း, မြို့စားရွာစား အပျိုတော်ကြီး, အထိန်းတော် အယတော်တို့မှာ တောင်နန်းမ ဩွေခံဆောင်တော်တွင်၊ ကျန်-ကတော်မယား, နန်းတော်သားတို့ မယားများမှာ အနောက်စမုတ် ပွဲတက်ဆောင်တော်တွင်၊ မင်းညီမင်းသား မှူးတော်မတ်တော်တို့ကို ကျွေးမွေးတော်မူသည့်နည်း နေ့ရက်ခွဲဝေ၍ အသျှင်နှစ်ပါး ထွက်စံတော်မူပြီးလျှင် ကောင်းမွန်စွာ ကျွေးမွေး ရန်ထားရင်းအထုပ်များကို သနားတော်မူသည်။

ဤကဲ့သို့ ရွှေနန်းတော်ထက်တွင် သုံးလတိုင်တိုင် ကျွေးမွေးပေးကမ်းတော်မူပြီးလျှင် အစုအမှုထမ်းများမှာ တစုလျှင် ယောကျ်ားတရက်, မိန်းမတရက်။ ယောကျ်ားများမှာ မြေနန်းတော်ရွှေ စံနန်းတော်သို့ အသျှင်နှစ်ပါး ထွက်တော်မူ၍, မိန်းမများမှာ အနောက်စမုတ်တော်ရွှေ စံနန်းတော်သို့ အသျှင်နှစ်ပါး ထွက်တော်မူ၍ အစုစဉ်အတိုင်း ရန်ထားရင်း ဆုတော်များကို သနားတော်မူသည်။

မြဲာဟွကာ, ခတ္တိယ, သုဒ္ဒိယ, ဗိဿ, ဇေးရပ် ပုဏ္ဏားဦးရေ နှစ်ထောင်ကျော်တို့မှာ တရက်လျှင် နှစ်ရာကျ၊ လူတကိုယ်လျှင် ငွေတမူးသုံး ဒင်္ဂါးတရာ, ကြေးအိုးတစ်, ကြေးလင်ပန်း တစ်, ဝတ်ပိတ်ဆယ်တောင်စီသနားတော်မူပြီးလျှင် ဆန်တတင်းအိတ်, နှစ်စိတ်အိတ်, တစိတ်အိတ်များနှင့် အုန်းကြိုးများကို အများစုပုံထားပြီးလျှင် အလိုရှိသမျှ ထမ်းဆောင်ယူငင်စေသည်။ ထိုအခါ အချို့ပုဏ္ဏားများမှာ ဆန်တတင်းအိတ်နှစ်လုံး ထမ်းဆောင်သည့်ပြင် လက်တဖက်မှ ဆန်နှစ်စိတ်အိတ်ကို ဆွဲငင် ယူဆောင်သည်နှင့် မနိုင်မနင်း လဲပြိုရှိလေသည်။ အချို့ပုဏ္ဏားမှာလည်း ဆန်တတင်းအိတ် နှစ်လုံးပေါ်တွင် နှစ်စိတ်အိတ် ထပ်ဆင့်ထမ်းဆောင်ရာ မထနိုင်လဲပြိုရှိလေသည်။

ယိုးဒယားဇာတ်ကြီး အတီးအက လူတို့အနက် အမည်ရဇာတ်သားတို့မှာ ပိုးလွှန်းများပုဆိုးတစ်, ဖဲကြိုးပုဆိုးတစ်, ဖဲပုဝါကပ်တစ်, သားမွေးအင်္ကျီတစ်စီ။ ကျန်လူတို့မှာ ဖဲကြိုးပုဆိုးတစ်, ဖဲဘလာပုဆိုးတစ်, ဖဲပုဝါကပ် တစ်, ဖဲအင်္ကျီအနက် တစ်စီ။ အမည်ရ အကတော်တို့မှာ စိန်နားခေါင်း, ကျောက်နီထိပ်တပ်နားခေါင်း, မြထိပ်တပ်နားခေါင်း, သင့်ရာတစ်စီ၊ ရွှေဆပ်ခိုင်လက်ကောက်, ရွှေနော်ဇာလက်ကောက် သင့်ရာတစ်စီ၊ ပိုးလွှန်းများထဘီ နှစ်, ဖဲကြိုးထဘီတစ်, ရွှေကျင်ခတ်တဘက် နှစ်, ပိုးပုဝါအုပ်နှစ်, ဖဲပုဝါကပ်တစ်, ရေမွှေးဘူးနှစ်စီ။ ကျန်အကတော်တို့မှာ ပိုးလွှန်းများထဘီတစ်, ဖဲကြိုးထဘီတစ်, ရွှေကျင်ခတ်တဘက်တစ်, ဖဲပုဝါကပ်တစ်,ရေမွှေးဘူးနှစ်စီ သနားတော်မူသည်။

ဤကဲ့သို့ အစဉ်မပြတ် ဆုတော်ပေးကမ်းရန် ပုဆိုးထဘီ ထည်မျိုးအုပ်မျိုး အသုံးအဆောင်များကိုရတနာပုံရွှေမြို့တော်တွင်ဝယ်ယူမရနိုင်ရှိသည်နှင့် ရန်ကုန်မြို့, ဘင်္ဂလားမြို့များသို့ အသျှင်နန်းမတော် မိဖုရားစာရေးကြီးဖန်ချက်ဝန်ကို စေလွှတ်၍ ငွေငါးသိန်းကျော်ဘိုး အထည်အလိပ်များကို အစဉ်မပြတ် ဝယ်ယူဆက်သွင်းစေရသည်။

ယင်းသည့်လ အထက်မိုင်းနောင်ကြောင်းချိတက်ရပ်နေထမ်းရွက်စေသူ ပုဂံမြို့ဆိုင်ရာ ကိုးခရိုင်အုပ် ဝန်ထောက် မင်းကြီး မင်းလှမဟာရာဇသင်္ကြံလည်း ဆင့်စုပါစေ်ဘွားမြို့စားတို့နှင့် ညှိနှိုင်းတိုင်ပင် အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်သည့်အတွင်း မကျန်းမမာ အဖျားရောဂါကပ်ရောက်

သော်လည်း မတင်မကျောက်ဘဲ စွန့်စွန့်စားစား ထမ်းရွက်ရှိနေရာ ၎င်းအဖျားရောဂါနှင့် သေဆုံးသောကြောင့် စစ်သူကြီးတို့သေလွန်ရာသင်္ဂြိုဟ်သည့်နည်း ကောင်းမွန်စွာ သင်္ဂြိုဟ်ရသည်။

ထိုနှစ် တန်ဆောင်မုန်းလ ပုခန်းကြီးမြို့ဝန် မဟာမင်းထင်မင်းခေါင်ကို မိုင်းနောင်ကြောင်းချီတက်စေရန် မိုလ်ချုပ်ခန့်ထားရာ ရုတ်တရက်အဖျားရောဂါကပ်ရောက်သေဆုံးပြန်သည်ဖြစ်၍ ကောင်းမွန်စွာ သင်္ဂြိုဟ်ရသည်။

ယင်းသည့်လဆန်းကိုးရက်နေ့ ခမည်းတော်ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား သမီးတော် တကောင်းမင်းသမီး သီရိသုမင်္ဂလာဒေဝီ အဖျားရောဂါကပ်ရောက် ရွှေနန်းတော်ပေါ်တွင် ကံကုန်သည်ကို မိုလ်မှူးမင်းသမီး ကံကုန်ရာ သင်္ဂြိုဟ်သည့်နည်း လုပ်ဆောင်၍ ကောင်းမွန်စွာ ရွှေမြို့တော် အနောက်မြောက်ထောင့် အနောက် နန်းတော်ဟောင်းဝင်းမြေတွင် မင်းညီမင်းသား မှူးတော်မတ်တော် အပျိုတော် ကတော်မယားတို့ ကြွပ်မစေ၍ သင်္ဂြိုဟ်တော်မူသည်။

ထိုနှစ် နတ်တော်လ ဝန်ထောက်မြင်းစုကြီးဝန်မင်းကြီးမဟာမင်းခေါင်ကျော်ထင်ကို မိုလ်ချုပ်ခန့်၍ ဘုန်းတော်တိုး သေနတ်စာရေးနှင့် ဘုန်းတော်တိုးအမှုထမ်း သုံးရာ့လေးဆယ်-တတပ်၊ တွင်းငယ်, လက်ယာခြော်ရွာ, အုန်းကွန်း, သုံးထောင်, ရဲရမန်း, ရေကြည်, ဘော်နင်း, ဆည်တော်ငါးရွာများက ရွှေဓားစွဲမိုလ်, သူကြီး, ရွာအုပ်, ငွေခွန်မှူးတို့နှင့် အမှုထမ်းလူနှစ်ရာ-တတပ်၊ ကိုယ်ရံ သူကောင်းထမ်းလူနှစ်ရာ-တတပ်၊ မိုလ်ချုပ်သား လက်ဘက်ရည်တော် မင်းလှရာဇာနှင့် အမှုထမ်းလူနှစ်ရာ-တတပ်၊ စုစုရဲမက်လက်နက်ကိုင် လူ တထောင့်လေးဆယ်, ဆင်စီးရေ ငါး, မြင်းစီးရေတရာကျော် ပေးအပ်ပြီးလျှင် မိုင်းနောင်ကြောင်း ချီတက်ရပ်နေထမ်းရွက်ရသည်။

မိုလ်ချုပ်ဝန်ထောက် မြင်းစုကြီးဝန်လည်း တပ်မိုလ်အရာရှိ စော်ဘွားမြို့စားတို့ကို အသီးအသီး တာဝေပုံပေးအပ်၍ သံလွင်မြစ်ရောက် ကင်းအထောက်ထောက် စေ့စပ်ချထားပြီးလျှင် သံလွင်မြစ်အရှေ့ဘက် လဝတဆဲ့နှစ်စော်ဘွား ပချုပ်ကြီးနှင့် ခွန်ဆံတုံဟုံးတို့ကို လူစေလွှတ်ခေါ်ငင်လာရောက်၍ သစ္စာပေးအပ် ထမ်းရွက်စေပြီးလျှင် ပျက်ပြားရှိသည့် မြို့ရွာများကို အိမ်ခြေလူနေသိမ်းသွင်းပြုစုထမ်းရွက်လေသည်။

## ခရိုင်ဝန်အသစ်ခန့်ခြင်း၊ မဟာသကျသိဟရုပ်ပွားတော်ပင့်ရန်စီမံခြင်း၊ ပြင်သစ်နှင့်စာချုပ်လက်မှတ်ထိုးခြင်းစသည်များ

ယင်းသည့် နတ်တော်လ အထက်ဆယ်ဌာနခန့်ထားသည့် ခရိုင်ဝန်တို့ အနက် တောင်ငူခရိုင်ဝန်, တောင်တွင်းကြီးခရိုင်ဝန်, ပုခန်းကြီးခရိုင်ဝန်, စစ်ကိုင်းခရိုင်ဝန်တို့ကိုနုတ်သိမ်း၍ တောင်ငူခရိုင်မှာ သံတော်ဆင့် လက်နက်တိုက်ဝန် မြိုးပြန်ဟသ်ာလွှေတော်အုပ် မင်းကြီးမဟာမင်းထင်ရာဇာ, တောင်တွင်းကြီးခရိုင်မှာ သံတော်ဆင့် ရန်လင်းလွှေတော်အုပ် မင်းကြီး မင်းလှမဟာမင်းထင်, ပုခန်းကြီးခရိုင်မှာ သူရဲဝန် လက်ဝဲ ဝင်းတော်မှူး ယောင်း မင်းကြီးမဟာမင်းခေါင်သူရိန်, စစ်ကိုင်းခရိုင်မှာ ပုဂံမြို့ဝန် မင်းကြီးမဟာမင်းလှရာဇာတို့ကို ခရိုင်ဝန် ခန့်တော်မူ၍ အထက်ခရိုင်ဝန်တို့ ကဲ့သို့ ဆောင်ကြီးရွက်ကြီး အစီးအနင်း ချီးမြှင့်ပြီးလျှင် ကိုယ်ရံတော် အမှုထမ်းလူ ငါးဆယ်စီ ပေးအပ်၍ ခရိုင်ဝန်စုပါ မြို့ရွာများသို့ သွားရောက် နေထိုင်ထမ်းရွက်ကြရသည်။

ထိုနှစ် ပြာသိုလဆန်းတရက်နေ့ ရတနာပူရ စတုတ္ထ မြို့တည်နန်းတည် ဘိုးတော်မင်းတရား လက်ထက် သက္ကရာဇ် (၁၁၀၀) တထောင့်တရာ့ ရှစ်ဆဲ့ရှစ်ခု တပေါင်းလပြည့်ကျော်သုံးရက်နေ့ ရတနာပူရအဝမြို့ရွှေနန်း တော်အတွင်း ဘိုးတော်မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးဘုရားနှစ်ပါး ကြပ်မပြီးလျှင် မဟာသကျသိဟဘုရား ရုပ်ပွားတော်မြတ်ကို သွန်းလုပ် တော်မူ၍ ရတနာပူရ အဝမြို့တွင် ဂန္ဓကုဋိ အုတ်ကျောင်းပြာသာဒ်တော် တည်လုပ်သွင်းထား ကိုးကွယ်တော်မူသည့်နောက် ဘကြီးတော် ပုဂံမင်း တရားကြီးလက်ထက် အမရပူရမြို့သို့ ပင့်ဆောင်တော်မူ၍ မြို့အနောက် တောင်ယွန်း တောင်သမန်အရပ်တွင် ဂန္ဓကုဋိတန်ဆောင်း ရွှေပြာသာဒ် တော်အတွင်း သွင်းထားကိုးကွယ်တော်မူသည့် ကြေးနီ, သံ, သလွဲ့,ကြေး စင်ဝိသာ တသောင့်ခြောက်ထောင်၊ ငွေသပြာ တသောင်း၊ ရွှေသပြာ တခထောင်၊ စုစု ပဥ္စလောဟာချိန်ဝန် ဝိသာ တသောင့်ခြောက်ထောင့် တရာ့တဆယ်၊ အမြင့်ပမာဏ ကိုးတောင့်နှစ်မိုက်၊ ထက်ဝယ် အချင်းပမာ ဏတော် ခုနစ်တောင့်တမိုက်လေးသစ်၊ စမ္ဗခက်နေရာတော် အချင်း ရှစ် တောင့်တမိုက်လေးသစ်၊ အမြင့်နှစ်မိုက်လေးသစ်၊ မောင်းတော် လုံးပတ် သုံးတောင့်နှစ်မိုက်လေးသစ်ရှိသော ရုပ်ပွားတော်မြတ်ကို ရတနာပုံပဥ္စမ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား မင်းအဖြစ်

သို့ရောက်တော်မမူမီစံနေတော်မူဘူးသည့် ရတနာပုံရွှေမြို့တော်အနောက်ပြင် အောင်နန်းရိပ်သာရပ် မလွန်ဈေးမြောက် တင့်တယ် သာယာသည့် မင်္ဂလာအိမ်တော်ရာမြေတွင် မယ်တော်ဆင်ဖြူမရှင်ဘုရားက တည်လုပ်သည့် ဂန္ဓကုဋိ အုတ်ပြာသာဒ်တော်သို့ ပင့်ဆောင်စေ၊ ပင့်ဆောင်ရန် အလုပ်အဆောင် အခမ်းအနား အစီအစဉ်မှစ၍ ဆင့်ဆိုစီရင်ရန် ရှိသည်များကို ဝန်ရှင်တော် သေနတ်ဝန် လယ်ကိုင်းမြို့စား မင်းကြီးသတိုးသုဓမ္မမဟာသက်တော်ရှည်, ဝန်ထောက် ဝက်မစွတ်မြို့စား မင်းကြီး မင်းထင်မဟာစည်သူတို့ကြီးကြပ်၍ ဆင့်ဆိုစီရင် ပင့်ဆောင်စေ၊နံနက်ညီလာခံတွင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက်ရွက်ဆင်ရသည့်အတိုင်း ယင်းသည့်ပြာသိုလဆန်း နှစ်ရက်နေ့ ဝန်ရှင်တော် သေနတ်ဝန် လယ်ကိုင်းမြို့စားမင်းကြီး, ဝန်ထောက် ဝက်မစွတ် မြို့စားတို့ အမရပူရမြို့ မဟာသကျသီဟဘုရားသို့သွားရောက်ပြီးလျှင် ရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူရင်း ဂန္ဓကုဋိ တန်ဆောင်းတော်ကို ဖျက်သိမ်းရန် အလုပ်, ယင်းသည့်တန်ဆောင်းတော်က အမရပူရမြို့ တရုပ်တန်းလမ်းရောက် မြေနတ်လမ်း ဖို့ညှိရန်အလုပ်, ရုပ်ပွားတော်တင်စွတ်ဖား ပြာသာဒ်လုပ်ဆောင်ရန် အလုပ်များကို ဝန်ထောက် ဝက်မစွတ်မြို့စားနှင့် စာရေးကြီး မောင်ဘိုးလှိုင်, အသုံးစာရေး မောင်ကြီးညိုတို့က ကြီးကြပ်လုပ်ဆောင်ရန်။

အမရပူရမြို့ တရုပ်တန်းလမ်းမက ရတနာပုံရွှေမြို့တော် မဟာအောင်မြေရပ် ဂန္ဓကုဋိအုတ်ခုံ ပလ္လင်တော်နတ်လမ်းရောက် လမ်းစဉ်တလျှောက် ကောင်းမွန်သာယာညီညွတ်အောင် ဖို့ညှိပြင်ဆင်သုတ်သင်ရှင်းလင်းခြင်း အလုပ်နှင့် ရွာဟိုင်းဈေးတောင် သေနတ်ဝန်ကြီး တူးမြောင်းကူးတံတားကြီးလုပ်ဆောင်ရန်အလုပ်များကို အသုံးစာရေးမောင်ညွန့်, မြေတိုင်းစာရေး မောင်ပန်းခိုင်တို့က ကြီးကြပ်လုပ်ဆောင်ရန်။

ရတနာပုံရွှေမြို့တော်တွင် တည်လုပ်ဆဲ ဂန္ဓကုဋိ အုတ်ခုံပလ္လင်တော်အောက်ခြေက ပလ္လင်ထိပ်ရောက် ပင့်ဆောင်နိုင်အောင် နတ်လမ်းစောင်းတန်းကြီးအလုပ်ကို မယ်တော်ဆင်ဖြူမရှင်ဘုရား ကွမ်းရေတော်မောင်ဘိုးကြီး, သစ်တောဝန်စာရေးကြီး မောင်သစ်တို့က ကြီးကြပ်၍ မြန်မာ ဗိသုကာဆရာကြီး မောင်းထောင်ရွာစား နေမျိုးသိဒ္ဓိကလုပ်ဆောင်ရန်။

ရုပ်ပွားတော်မြတ်ကို စွတ်ဖားတင် ဘုံနှစ်ဆင့်ရှိပြာသာဒ်တော်အတွင်းသို့ အတင်အချ နတ်လမ်းစောင်းတန်းတံတားဦးက အာလိန် သုံးဆင့်ခံ၊

ထားရစ်ပလ္လင်တော်ထိပ်ရောက် ပင့်ဆောင်ရန် အလုပ်များကို ပြင်သစ်စက်ဆရာ ဘုံဘီလမ်း, လက်ထောက်ဆရာ ဘလမ်းတို့က ကြပ်မလုပ်ဆောင်ရန် လုပ်ငန်းအလျောက် အသီးအသီး ဆင့်ဆိုစီမံခန့်ထား စေ့စပ်တိုင်းတာ တွက်ချက်စေရသည်။

ယင်းသည့်လဆန်းသုံးရက်နေ့ ရစ်ပွားတော်မြတ်ပင့်ဆောင်ရန်အမှုနှင့်စပ်၍ အရပ်ရပ်လုပ်ဆောင်ရန်ပုံစံ ကုန်ဝင်ရန် စရိတ်ငွေစာရင်းများကို ဆက်သွင်းလျှောက်ထားရာ ကုန်ဝင်ရန် စရိတ် ငွေဒင်္ဂါးသုံးသောင်းကိုးထောင်ကျော်ကို ထုတ်ပေးသနားတော်မူ၍ လုပ်ဆောင်ရန်ရှိသည်များကို ဆိုင်သင့်ရာရာအကြီးအကြပ်မှူးမတ်အရာရှိ, ဗိသုကာ, စက်ဆရာ, အလုပ်သည်, ပညာသည်, ကုန်သည်တို့သို့ အသီးအသီး ငွေတော်ထုတ်ပေးဝယ်ခြမ်း ဌာနရမ်းကြီးကြပ် ဆော်ဘန်လုပ်ဆောင်စေသည်။

အထဲ ပြင်သစ်မင်းနေ ပါရစ်မြို့တော်မှာ လက်မှတ်ရေးထိုးကြပြီးဖြစ်သော ပဌမစာချုပ်တွင် ကြွင်းကျန်သည့်အချက်များကို ပြည့်စုံအောင် ထပ်ဖြည့်ချုပ်ဆိုရန် စာချုပ်ကိုသဘောတူညီကြသည့်အတိုင်း ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြန်မာမင်းမြတ်က အရေးလွှဲအပ်သူ မင်းတိုင်ပင်အသင်းဝင်, သံကြီး, အတွင်းဝန်မြို့သစ်မြို့စား မင်းကြီးမင်းလှမဟာဇေယသင်္ကြံနှင့် ပြင်သစ်သမ္မတခင်းက အရေးလွှဲအပ်သူ ပြည်သူ ကိုယ်စားလှယ် အသင်းဝင် ဝန်ကြီးချုပ် နိုင်ငံခြားဝန်ကြီး 'မစ်ရှိဂျူလဖေရီ' တို့အောက်ပါအချက်များကို သဘောတူ ချုပ်ဆိုကြသည်။

ဒုတိယစာချုပ်လက်ခံ....

(၁) မြန်မာနိုင်ငံနှင့် သမ္မတမင်းအုပ်စိုးသည့် ပြင်သစ်နိုင်ငံ, ပြင်သစ်ပိုင်ဆိုင်အုပ်စိုးသည့် ခရိုင်မြို့ရွာ ခိုက်ရန်မဖြစ် စစ်မက်မပြု အစွန့်ရှည်စွာမဟာမိတ် ဖြစ်စေရမည်။ ။နှစ်နိုင်ငံအတွင်း အရပ်ရပ် ကုန်အရောင်းအဝယ်ပြုလုပ်ခြင်း, ကုန်တင်သင်းဘော ဝင်ထွက်သွားလာခြင်း များကို မငြိုမငြင်ဝင်ထွက်သွားလာကူးသန်းရောင်းဝယ်နိုင်အောင် နှစ်ဦးနှစ်ဖက်က အပြန်အလှန်အခွင့်ပေးရမည်။ ။မြန်မာနိုင်ငံနှင့်ပြင်သစ်နိုင်ငံအတွင်း တနိုင်ငံမှ တနိုင်ငံသို့လာရောက် ကုန်အရောင်းအဝယ် ပြုလုပ် အရပ်ရပ်မြို့ရွာဌာန သင်းဘောဆိပ်များတွင် ခေတ္တဖြစ်စေ အမြဲဖြစ်စေ နေထိုင်သူတို့မှာ နေထိုင်သည့်နိုင်ငံအတွင်း ကုန်အရောင်းအဝယ် အလုပ်အဆောင်

များနှင့် စပ်၍ အရပ်ရပ်ထမ်းဆောင်ရန် အကောက်တော် အခွန်များကို နိုင်ငံရင်းသားတို့ ထမ်းဆောင်မြဲ ထမ်းဆောင် လတ္တံ့သော အကောက်တော်ခွန်များ အတိုင်းသာ ထမ်းဆောင်စေရမည်။ ။ဥင်းကျွန်တော်မျိုးတို့ ကုန်အရောင်းအဝယ် ပြုလုပ်ခြင်း၊ အလုပ်ရုံ, စက်ရုံ, တိုက်အိမ်, ကုန်တိုက်, ကုန်ဆိုင်ဆောက်လုပ်, အရပ်ရပ် စက်ကိရိယာ အသုံးအဆောင်လုပ်ဆောင်ခြင်း၊ ထူးဆန်းကောင်းမွန်သောစက်ကိရိယာအသုံးအဆောင်များကို အဦးအစကြံစည်သူတို့ကို တံဆိပ်ပေးခြင်း၊ အလုပ်ရုံ, စက်ရုံများမှစ၍ အရပ်ရပ်ကုန်အသုံးအဆောင်များတွင်တံဆိပ်မှတ်သားခြင်း၊ ကုန်တင်သင်းဘော ဝင်ထွက်သွားလာခြင်းများမှာ ဥင်းစာချုပ်တွင် မြစ်သည့်အချက်များမှတပါး နိုင်ငံရင်းသားတို့ကို ပေးပြီး ပေးလတ္တံ့သော အခွင့်များအတိုင်း အညီအညွတ် ခံစားကြစေရမည်။

(၂) မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံအတွင်း အသီးအသီးပိုင်ဆိုင်သည့် ပင်လယ်တွင်း မြစ်တွင်းဆိပ်ကမ်းများကို မြန်မာကျွန်တော်မျိုး, ပြင်သစ်ကျွန်တော်မျိုးတို့ သင်းဘောဝင်ထွက်ဆိုက်ရပ် ကုန်တင်ဆောင်ရန်အမှု၊ မည်သည့်မြို့ရွာ မည်သည့်ခရိုင်များသို့မဆို အလိုရှိရာသွားရောက် အလုပ်ရုံ, စက်ရုံ, တိုက်အိမ်, ကုန်တိုက်, ကုန်ဆိုင် ဆောက်လုပ်နေထိုင်ရန် အမှု၊ တိုက်အိမ်, ကုန်တိုက်, ကုန်ဆိုင် အကြီးအငယ်ဝယ်ယူပြိုင်ဆိုင်ရောင်းချရန်အမှု၊ ရွှေပြောင်းနိုင်သည့် ခပ်သိမ်းသော အသုံးအဆောင် ထည်မျိုးအုပ်မျိုး ဝယ်ယူရန်အမှု၊ ကုန်အရောင်းအဝယ်နှင့် စပ်လျဉ်းသည့် အရပ်ရပ်အတတ်ပညာ အလုပ်အဆောင်များကို လုပ်ဆောင်၍ အနည်းအများရောင်းဝယ်ရန် အမှု၊ အရပ်ရပ် ထည်မျိုးအုပ်မျိုး ကုန်များနှင့် ရွှေ ငွေ အကွင်းအချည်များကို ကြည်းကြောင်း ရေကြောင်းများက အတွင်းအပသို့ သွင်းပို့ထုတ်ယူနိုင်ရန်အမှု၊ အတွင်းအပက လာရောက်သည့်ကုန်အမျိုးမျိုးများကို လက်ခံသိမ်းထားရန်အမှုများမှာ နိုင်ငံရင်းသားတို့နှင့် အထူးသဖြင့် အခွင့်ပေးပြီးသောနိုင်ငံခြားအမျိုးသားတို့ကို ခွင့်ပေးပြုသည့်နည်းနှစ်ဦးနှစ်ဖက်ကအပြန်အလှန် ခွင့်ပေးပြုလုပ်စေရမည်။ ။အထက်ဆိုခဲ့သမျှဝယ်ခြမ်း လုပ်ဆောင် သွင်းပို့ထုတ်ယူရာ ထမ်းဆောင်ရန် အခွန်တော်အကောက်တော်များမှာ နိုင်ငံရင်းသားတို့ ထမ်းဆောင်မြဲ ထမ်းဆောင်လတ္တံ့သော အကောက်တော်အခွန်တော်များကဲ့သို့ဖြစ်စေ အထူးသဖြင့်အခွင့်ပေးပြီးသော နိုင်ငံခြား အမျိုးသားတို့ ထမ်းဆောင်ဆဲထမ်းဆောင်

လတ္တံ့သော အကောက်တော် အခွန်တော်များကဲ့သို့ ဖြစ်စေ အပိုအမို မရှိ ထမ်းဆောင်စေရမည်။ ။မြန်မာနိုင်ငံတော်အတွင်း နောင်အနာဂတ် ကာလ၌ မြေဝယ်ယူရန်, ဝယ်ယူပြီးမြေကို ပိုင်ဆိုင်ရောင်းချရန် ဥပဒေကို အထူး ပြဌာန်းပိုင်းခြားထားပြီးနောက် အထူးသဖြင့် အခွင့်ပေးပြီးသော နိုင်ငံခြားအမျိုးသားတို့ကို မြေဝယ်ယူရန်အမှု၊ ဝယ်ယူပိုင်ဆိုင်သည့်မြေကို ရောင်းချရန်အမှု၊ ၎င်းမြေတွင်းရှိ ဥစ္စာပစ္စည်းများကို တူးဖော်ချက်လုပ် ရန် ဥယျာဉ်ပန်းမန် လုပ်ခင်းလယ်ယာ စိုက်ပျိုးလုပ်ဆောင်ရန် အမှုများ ကို ခွင့်ပေးတော်မူသည် ကာလ မြန်မာနိုင်ငံတွင် နေထိုင်သည့် ပြင်သစ် ကျွန်တော်မျိုးတို့မှာ ထားသည့်နိုင်ငံဥပဒေကို မကျူးမလွန်စေရ၊ အထူး သဖြင့်အခွင့်ပေးပြီးသောနိုင်ငံခြားအမျိုးသားတို့ကိုပေးသည့်အခွင့်အတိုင်း ခွင့်ပေးပြုလုပ်စေရမည်။ ။ပြင်သစ်နိုင်ငံတွင် နေထိုင်သည့် မြန်မာကျွန် တော်မျိုး, မြန်မာနိုင်ငံတွင် နေထိုင်သည့် ပြင်သစ်ကျွန်တော်မျိုးတို့ ပိုင် ဆိုင်သည့် နှစ်နိုင်ငံထွက်အရပ်ရပ်ကုန်များကို အရောင်းအဝယ်ပြုလုပ်သည့် ကာလ သဘောတူ အဘိုးပြဌာန်းပိုင်းခြားပြီးလျှင် အလိုရှိရာ အတွင်း အပသို့ သွင်းဆောင်ထုတ်ပို့ ရောင်းဝယ်နိုင်သည့် အခွင့်ရှိစေရမည်။ ။ ၎င်းကျွန်တော်မျိုးတို့ပိုင် အရပ်ရပ်ကုန်အသုံးအဆောင် အရောင်းအဝယ် အမှု၊ ၎င်းကုန်များကို သင်းဘောသို့တင်ရန်ချရန်အမှု၊ အကောက်တော် အခွန်တော် ပေးဆောင်ရန် အမှုများမှာ ကိုယ်တိုင်ဖြစ်စေ ကိုယ်စား လှယ်တို့ကဖြစ်စေ ရွက်ဆောင်နိုင်သည့် အခွင့်ရှိစေရမည်။ ။မြန်မာနိုင်ငံ တွင် နေထိုင်သည့် ပြင်သစ် ကျွန်တော်မျိုးတို့ ကုန်အရောင်းအဝယ်ပြုလုပ် ရာ ဧရာဝတီမြစ် ဝဲယာမှစ၍ အရောင်းအဝယ်ပြုလုပ်သည့် မြို့ရွာဌာနများ တွင် ယခုရှိပြီး-နောက်ရှိလတ္တံ့သော ပွဲစားတော်တို့က ဖြစ်စေ သဘော မတူသူစပ်ကြားသူတို့ကဖြစ်စေ အဖြတ်အဆိုမရှိ အလိုရှိရာရောင်းဝယ်နိုင် သည့် အခွင့်ရှိစေရမည်။

(၃) မြန်မာနိုင်ငံတော်တွင် နေထိုင်သည့် ပြင်သစ် ကျွန်တော်မျိုး, လှည့်ပတ်သွားလာကြရှုလိုသည့် ပြင်သစ်ကျွန်တော်မျိုးတို့ မငြိုမငြင် နေ ထိုင်လှည့်ပတ်သွားလာနိုင်အောင်မြန်မာအစိုးရမင်းတို့ကအခွင့်ပြုသည်မှာ ပြင်သစ်အရာရှိတို့ကပေးလိုက်သည့် ဆောင်ပါမြဲ သက်သေခံလက်မှတ်ကို ဆိုင်သင့်ရာ မြန်မာအစိုးရမင်းတို့ထံတင်ပြစေ၍ နေထိုင်သည့်မြို့ရွာ,သွား လာလှည့်ပတ်လိုသည့် အရပ်ဌာနများကိုမေးမြန်း အမှတ်အသားထားပြီး

နောက် ပြင်သစ်ကျွန်တော်မျိုး ဟုတ်မှန်သည့် အဖြစ်ကို ထင်ရှားစေရန် မြန်မာအစိုးရမင်းတို့က လက်မှတ်ထိုးပြီးကာလ တင်ပြရင်းသူသို့ ပြန်အပ်ပြီးလျှင် အလိုရှိသည့် မြို့ရွာခရိုင်များသို့ သွားရောက်နေထိုင် လှည့်ပတ်ကြည့်ရှုနိုင်သည့် အခွင့်ရှိစေရမည်။ ။အထက်ဆိုခဲ့သည့်သက်သေခံလက်မှတ်တင်ပြနေထိုင်သွားလာရန်များမှာ နိုင်ငံခြားအမျိုးသားတို့နည်း ဖြစ်စေရမည်။

(၄) ပြင်သစ်နိုင်ငံတွင် နေထိုင်သည့် မြန်မာကျွန်တော်မျိုး, မြန်မာနိုင်ငံတွင် နေထိုင်သည့် ပြင်သစ်ကျွန်တော်မျိုးတို့မှာ အစဉ်ထုံးစံရှိရာ ခွဲတောင်းမြနည်းအတိုင်းဖြစ်စေ နောက်ခွဲတောင်းလတ္တံ့သောနည်းအတိုင်းဖြစ်စေ အရပ်ရပ် အခွန်တော်ထမ်းဆောင်ရန်အမှု၊ စစ်လက်နက် ကိုင်မှုမှစ၍ အရပ်ရပ် စရိတ်ကြေးငွေထမ်းဆောင်ရန်အမှုများမှာ အထူးသဖြင့် အခွင့်ပေးပြီးသော နိုင်ငံခြားအမျိုးသားတို့ကို ခွဲတောင်းခံသည့်နည်း ခွဲတောင်းခံစေရမည်။ ။ပြင်သစ်နိုင်ငံတွင်နေထိုင်သည့် မြန်မာကျွန်တော်မျိုး,မြန်မာနိုင်ငံတွင်နေထိုင်သည့်ပြင်သစ်ကျွန်တော်မျိုးတို့မှာ ရေကြောင်းကြည်းကြောင်း လက်နက်ကိုင် ဖွဲ့စည်းထမ်းရွက်စေရန်အမှု၊ မြို့ရွာ နယ်စောင့်နယ်ထိန်းအမှုထမ်းဖွဲ့စည်းထမ်းရွက်စေရန်အမှုများကို အဖွဲ့အစည်းအခန့်အထား အစေအခိုင်းမရှိ လွတ်ငြိမ်းစေရမည်။

(၅) ပြည်သူတို့ အရောင်းအဝယ်နှင့် စပ်ဆိုင်သည့် အရပ်ရပ်ကုန်မျိုးများအနက် လက်ဘက်စိုကုန်ပြင်ကျန်ကုန်များကိုတိုက်ရိုက်အံထင်အလျှားဖြစ်စေ မထင်မလျှားဖြစ်စေ ကုန်တော် မပြုမလုပ် အလိုရှိရာရောင်းဝယ်စေပြီးလျှင် လက်ဘက်စိုကုန်ကိုသာ မြန်မာအစိုးရမင်းတို့ ပြုလုပ်သည့်ကုန်တော်ဖြစ်စေရမည်၊ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင် မြန်မာမင်းမြတ်ပိုင်ဆိုင်သည့် အရာဌာနများက ထွက်ရှိသည့် ရတနာကျောက်မျိုး, သစ်, ရေနံ, ကျောက်စိမ်းစသော အရပ်ရပ်ထွက်ရှိသည့်အရာများကို ဘဏ္ဍာတော်အရာတော်ကုန်အဖြစ် ပြင်သစ် အစိုးရမင်းတို့က အထင်အလျှားအသိအမှတ်ပြုလုပ်သည်။

(၆) ရွှေ ငွေ အတုံးအခဲ ရွှေဒင်္ဂါး ငွေဒင်္ဂါး များနှင့် ကုန်ကူးသန်းရောင်းဝယ်ရန်မဟုတ်၊ အနည်းငယ် ဆောင်ပါမြဲ ဝတ်ဆင် သုံးဆောင်သည့် အဝတ်အထည် အစားအသောက် များကို မြန်မာနိုင်ငံသို့ ဝင်ရာ,

မြန်မာနိုင်ငံက ထွက်ရာ မည်သည့် အကောက်တော် အခွန်တော်မဆို အကောက်အခံမရှိ လွတ်ငြိမ်းစေရမည်။ ။ကျန်အရပ်ရပ် ဝင်ကုန် ထွက်ကုန်များမှာ အထူးသဖြင့် အခွင့်ပေးပြီးသော နိုင်ငံခြား အမျိုးသားတို့ ဝင်ကုန်ထွက်ကုန်များကို ကောက်ခံဆဲ ကောက်ခံ လတ္တံ့သော နည်းအတိုင်း ခရစ်သက္ကရာဇ် (၁၈၆၅) တထောင့်ရှစ်ရာ့ခြောက်ဆဲ့ငါးခုနှစ် ဧပြီလမတိုင်မီ နေ့ရက်နှင့် တိုက်ဆိုင်ညီညွတ်သော ကောဇာ သက္ကရာဇ် (၁၂၅၇) တထောင့်နှစ်ရာ့ငါးဆဲ့ခုနစ်ခုနှစ် ပဌမရက် မတိုင်မီအတွင်း ဘိန်းဘင်းကုန်မှာ အဘိုးထားငွေတရာလျှင် သုံးဆယ်, ကျန်အရပ်ရပ်ကုန်များမှာ အဘိုးထားငွေတရာလျှင် ငါးပြားထက်အပိုအမိုမရှိ ကောက်ခံစေရမည်။ ဆိုခဲ့သည့် နှစ်ကာလက လွန်သည့်နောက် ကုန်အရောင်းအဝယ် အမြတ်အစွန်း အကြောင်းအရာများကိုထောက်၍ ဘိန်းဘင်းကုန်ကို ကောက်ခံမြဲကောက်ခံပြီးလျှင် ကျန်အရပ်ရပ် မည်သည့် ကုန်မျိုးမဆို အဘိုးထားငွေတရာတန်လျှင် တဆယ်ထက်မလွန်စေရ၊ အစိုးရမင်းတို့က အကောက်နှုန်း ပြုပြင်ပြဋ္ဌာန်း ပိုင်းခြားဟိုးတက်ကောက်ခံနိုင်သည့် အခွင့်ရှိစေရမည်။ ။အကောက်နှုန်း ပြုပြင်ကောက်ခံမည့်အကြောင်းကိုလည်း ခြောက်လက တင်ကူး၍ ပြင်သစ်အစိုးရမင်းတို့သို့ ကြားသိစေရမည်။

(၇) စာချုပ်တွင် ပါသည့်အတိုင်း အစိုးရမင်း နှစ်ဦးနှစ်ဖက်တို့ကောက်ခံသင့်သည့် ကုန်များကို အဘိုးငွေဈေးနှုန်းထား၍ အကောက်နှုန်းပြုလုပ် ကောက်ခံရမည်မှာ ဝယ်ယူရင်းအဘိုး, ဆောင်ယူသည့်စရိတ်, ကိုယ်စားလှယ်တွက်စရိတ်, ဘိမာခံဝန်သည့်စရိတ်များကို ထည့်သွင်း၍ ပေါင်းစုရသည့်အတိုင်း ကောက်ခံရန် အဘိုးတန် ဖြစ်စေရမည်။ တင်ဆောင်ယူရင်းကုန်ရှင်တို့ကလည်း ဝယ်ယူခဲ့ရင်းလက်မှတ်ပါသည့်အတိုင်း ဈေးနှုန်းစာရင်းများနှင့် အရပ်ရပ်စရိတ်အမှတ်အသား စာရင်းများကို သဘောကျအောင် အကောက်ရုံးအရာရှိတို့ထံ တင်ပေးရမည်။ကုန်သည်တို့ ဟင်ပေးသည့်ကုန်ဈေးနှုန်းစရိတ်စာရင်းများကို မြန်မာအကောက်ရုံးအရာရှိတို့က သဘောမကျရှိ၍ စကားငြင်းပွားရှိခဲ့လျှင် မြန်မာအရာရှိဘက်က ကုန်သည်တဦးတန်သည် နှစ်ဦးတန်သည်တို့နှင့် ပြင်သစ်ကောင်စစ်ဘက်က ကုန်သည် တဦးတန်သည် နှစ်ဦးတန်သည်တို့ စုံညီညှိနှိုင်းသဘောတူညီဆုံးဖြတ်ရာ အကောက်နှုန်းပြုလုပ်ရန် အဘိုးတန် ဖြစ်စေရမည်။ စုံညီဆုံးဖြတ်သည့်အကောက်နှုန်းကိုမှ မြန်မာအကောက်ရုံးအရာရှိ

တို့က သဘောမကျရှိ၍ ဝယ်ယူလိုလျှင် ကုန်သည်တို့ဘင်ပေးသည့် ဝယ်ယူရင်းဈေးနှုန်းအဘိုးထားတွင် ငါးပုံတပုံကျတိုး၍ အကောက်ရုံးအရာရှိတို့က ပေးကမ်းဝယ်ယူနိုင်သည့် အခွင့်ရှိစေရမည်၊ ဝယ်ယူသည့်အဘိုးကိုလည်း မြန်မာအစိုးရမင်းတို့တာဝန်ထား၍ ဝယ်ယူသည့်နေ့က တဆဲ့ငါးရက်အတွင်း ပြေကုံအောင်ပေးစေရမည်။

(ဂ) မြန်မာနိုင်ငံတွင်နေထိုင်သည့် ပြင်သစ်ကုန်သည်တို့က ဖြစ်စေ ထည်မျိုးအုပ်မျိုး လုပ်ဆောင်သူတို့ကဖြစ်စေ ကုန်အရောင်းအဝယ်မှုနှင့် လှည့်ပတ်သွားလာသူတို့ကဖြစ်စေ တနိုင်ငံမှတနိုင်ငံသို့ စံပြုလုပ် ပြသရန် ပေးပို့သည့်အရပ်ရပ်ကုန်များမှာနှစ်နိုင်ငံအကောက်ဌာနသို့ ရောက်ကာလ အကောက်တော် အခွန်တော် အကောင်းအခံမရှိ၊ လွတ်ငြိမ်းစေရမည်၊ ပေးပို့လိုက်သည့် ကုန်မျိုးများသည် စံကုန်ဖြစ်သည်နှင့်အညီ ပေးပို့ရင်းနိုင်ငံသို့ တဖန် ပြန်ယူနိုင်ရန်အကြောင်းကို အကောက်ရုံးတွင် ထားမည့် ဥပဒေနှင့်အညီ အမှတ်အသား အသေအချာ ရေးသား ပေးပို့စေရမည်၊ စံပြုလုပ်ရန် ကုန်အမျိုးမျိုးပေးပို့သည့်အကြောင်းနှင့် အမှတ်အသားထားရန် ဥပဒေကိုလည်း နောင် အစိုးရမင်း နှစ်ဦးတို့စုံညီ ညှိနှိုင်းသဘောတူထားရမည်။

(ဃ) မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံအတွင်း အရပ်ရပ် အခွန်တော် အကောက်တော်များကို လျော့ပေါ့ ကောက်ခံမည့်အမှု၊ ကုန်အရောင်းအဝယ်မှုနှင့်စပ်၍ ပေးပြီးသော အခွင့်များထက် တိုးတက်ချီးမြှင့်အခွင့်ပေးမည့်အမှုများကို အသီးအသီး မိတ်ဖြစ်သူတဦးမင်းသို့တဦးမင်းက ခွင့်ပေးချီးမြှင့်ပြီးလျှင် တဦးကိုတဦး ကျေးဇူးဂုဏ်တွက် မပြု၊ မြန်မာအစိုးရမင်း ပြင်သစ်အစိုးရမင်းတို့ကအသီးအသီးအကျိုးခံစားစေရမည့်အကြောင်းကို နှစ်ဦးနှစ်ဖက် အပြန်အလှန် ကတိထားတော်မူကြသည်။ နှစ်နိုင်ငံအတွင်း သုံးဆောင်ရန် အရပ်ရပ်ကုန်မျိုးရောင်းဝယ်ရန်အမှု၊ အရပ်ရပ်ကုန်မျိုးများကို စုပုံထားရန်ရွှေ့ပြောင်းရန်အမှု၊ နိုင်ငံတွင်းသို့ ရောက်ပြီးသောကုန်များကို ပြန်ယူလုတ်ဆောင်ရန်အမှု၊ သင်းဘောတစင်းမှ တစင်းသို့ ကုန်ပြောင်းရွှေ့တင်ထားချဆောင်ရန်အမှု၊ နိုင်ငံတွင်းသို့ ကုန်ဖြတ်ရန်အမှုမှစ၍ ကုန်အရောင်းအဝယ်နှင့် စပ်ဆိုင်သည့်အမှု၊ ကုန်တင်သင်းဘော ဝင်ထွက်ရန်အကြောင်းမှာ အထူးသဖြင့် ခွင့်ပေးပြီးသော နိုင်ငံခြား အမျိုးသားတို့သို့ ခွင့်ပေးပြုလုပ်ကောက်ခံသည့်နည်း ခွင့်ပေးပြုလုပ် ကောက်ခံရမည်ကို

အစိုးရမင်းနှစ်ဦးတို့ကတိထားတော်မူကြသည်။မြန်မာနိုင်ငံနှင့်ပြင်သစ်နိုင်ငံ အတွင်းဝင်ကုန်ထွက်ကုန်ဖြစ်စေ နိုင်ငံဖြတ်သန်းကုန်ဖြစ်စေ ကောက်ခံရန် ဥပဒေ,တားမြစ်ရန်ဥပဒေများမှာ နိုင်ငံခြားအမျိုးသားတို့ ဝင်ကုန်ထွက်ကုန် နိုင်ငံဖြတ်ကုန်များကို ကောက်ခံရန်,တားမြစ်ရန် ထားသည့် ဥပဒေ အတိုင်းသာ နှစ်ဦးနှစ်ဖက်က အပြန်အလှန်ထားရမည်။

(၁၀) မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံအတွင်း အသီးအသီး ပိုင်ဆိုင်သည့် ပင်လယ်တွင်း မြစ်တွင်း ဆိပ်ကမ်းများသို့ မြန်မာကျွန်တော်မျိုး,ပြင်သစ်ကျွန်တော်မျိုးတို့ ကုန်တင်သင်းဘောဝင်ထွက်ဆိုက်ရပ်ရန်မှာ နိုင်ငံရင်းသားတို့နှင့် အထူးသဖြင့် အခွင့်ပေးပြီးသော နိုင်ငံခြား အမျိုးသားတို့ သင်းဘောများကို အခွင့်ပေးသည့်နည်း ခွင့်ပေးပြုလုပ်၍ သင်းဘော ဝင်ထွက်ဆိုက်ရပ်ရန် နိုင်ငံရှင်အစိုးရမင်းတို့ထားသည့် ဥပဒေနှင့်အညီ ဝင်ထွက်ဆိုက်ရပ်ပြုလုပ်စေရမည်။

(၁၁) ပြင်သစ်ကုန်သည်တို့နှင့် ဆိုင်သည့် လှေ, သမ္ဗန်, သင်းဘော, မြန်မာနိုင်ငံနယ်စွန်, လက်မှတ်သိမ်းကင်းသို့ ဝင်လာဆိုက်ရောက်သည့်ကာလ ကပ္ပိတန်, မာလိန်, စက်ဆရာတို့မှာ အမြဲစွဲကိုင်ရန် ကိုယ်စောင့်အနည်းငယ်ဆောင်ယူမြဲ ဓားသေနတ်လက်နက်များပြင် လက်နက်ကိရိယာမျိုးနှင့်စပ်၍ပိုမိုဆောင်ယူပါလျှင် ကပ္ပိတန်တို့ကမြန်မာအကောက်ရုံးအရာရှိတို့ထံ ပါရှိသည့် လက်နက်ကိရိယာ များကို ပေးအပ်ရမည်။ အကောက်ရုံး လက်မှတ်အရာရှိတို့ကလည်း ကပ္ပိတန်တို့ ပေးအပ်သည့် လက်နက်ကိရိယာများကို မပျောက်မပျက် မမှားမယွင်းရအောင် တင်ဆောင်ရင်းသင်းဘောမှ ချဆောင်သိမ်းထား၍ ၎င်းလက်မှတ်သိမ်းကင်းသို့ တဖန်ပြန်ရောက်သည့်ကာလ ကပ္ပိတန်တို့သို့ ပြန်အပ်တင်ဆောင်ထုတ်ယူစေရမည်။

(၁၂) ကုန်တင် ပြင်သစ် လှေ, သင်းဘော, သမ္ဗန် မြန်မာနိုင်ငံအတွင်း အကောက်ခံရာ မြို့ရွာဆိပ်ကမ်းများသို့ ဆိုက်ရောက်လျှင် ပြင်သစ်လူမျိုးပိုင် သင်းဘောဖြစ်ကြောင်း အမှတ်အသားနှင့် သင်းဘောတွင်ပါမြဲဖြစ်သည့် အရပ်ရပ် အမှတ်အသား စာရင်းများကို မြန်မာအကောက်ရုံးအရာရှိတို့က မေးမြန်းတောင်းယူနိုင်သည့်အခွင့်ရှိစေရမည်။ ဆိုက်ရောက်သည့်အချိန်က မြန်မာနာရီခြောက်ဆယ်, ပြင်သစ်နှစ်ဆဲ့လေးနာရီအတွင်း

သင်းဘောအမည်, ဝင်နိုင်တန်ချိန်, ကပ္ပိတန်, မာလိန်, စက်ဆရာမှစ၍ သင်းဘောကျင်းလူစာရင်း, စီးနင်းလိုက်ပါသူတို့ စာရင်းများနှင့် အရစ်ရစ် တင်ဆောင်ပါရှိသည့်ကုန်အမျိုးအမည် အရေအတွက်ဂဏန်းအမှတ်အသား အချင့်အချိန်စာရင်းကျယ်များကို မကြွင်းမကျန်စေရ အကောက်ရုံးအရာရှိတို့ထံ ကပ္ပိတန်တို့က ကုန်စင်အောင်တင်ပေးစေရမည်၊ စာရင်းတင်ပေးသည့်နောက် ပြင်သစ်သုံးနာရီထက် မလွန်စေရ ကုန်ချဆောင်ရန်အခွင့်ကို ပေးရမည်၊ သုံးနာရီကလွန်လျှင် မြန်မာအကောက်ရုံးအရာရှိတို့က အခွင့်မပေးသော်လည်း ချဆောင်နိုင်သည့် အခွင့် ရှိစေရမည်။ ၎င်းအချက်တွင်ပါသည့်အတိုင်းမတည် စာရင်းတင်ပေးရန်ရှိသည်ကိုမတင်မပေး ပျက်လပ်ကြန့်ကြာသည်ဖြစ်စေ ပြင်သစ်သုံးနာရီမလွန်မီကျူးလွန်ချဆောင်သည်ဖြစ်စေပျက်လပ်ကျူးလွန်လျှင် ပျက်လပ်ကျူးလွန်သည့်အကြိမ်တိုင်း တကြိမ်လျှင် တကျပ်သုံး ဒင်္ဂါးနှစ်ရာကို ပျက်လပ်သူ ကပ္ပိတန်က မြန်မာအစိုးရမင်းတို့ထံ ပေးဆောင်စေရမည်။

(၁၃) ကုန်တင်ရန်ချရန် အမှုမှာ ကုန်ကိုယက်ခံမည့်သူတို့ ဖြစ်စေ ကုန်ကိုတင်ဆောင်သူတို့ ဖြစ်စေ အသီးအသီး ကိုယ်စားလှယ်တို့ ဖြစ်စေ ကုန်တင်ရာချရာဌာနသို့ လာရောက်ကြည့်ရှုစစ်ဆေးရမည်၊မြန်မာအကော် ရုံးအရာရှိတို့ကလည်း ၎င်းကုန်တင်ရာ ချရာ အဆိုင်းအငံ့ အကြန့်အကြာ မရှိရအောင် အားထုတ်၍ကြည့်ရှုစစ်ဆေးရမည်။

(၁၄) မြန်မာနိုင်ငံတွင် နေထိုင်သည့် ပြင်သစ်ကျွန်တော်မျိုးတို့ ကြေးငွေ ချေးငှားသုံးစားပျက်စီး ဆုံးပါးရှိသောကြောင့် မြီရှင်တို့ကို မပေးမဆပ်နိုင်ရှိခဲ့လျှင် ပြင်သစ်အစိုးရမင်းတို့ခန့်ထားသည့် ကိုယ်စားလှယ်က မြီစားပိုင် အရပ်ရပ်ပစ္စည်းများကို သိမ်းယူရောင်းချ၍ ရရှိသည့်ငွေမှာ မြီနည်းများကို ထောက်ချင့်ရပုံခွဲဝေပြီးကာလ မြီရှင်တို့သို့ အသီးအသီး ပေးစေရမည်။

(၁၅) မြန်မာနိုင်ငံတွင် နေထိုင်သည့် ပြင်သစ် ကျွန်တော်မျိုးတို့ထံ မြန်မာကျွန်တော်မျိုးတို့ ကြေးငွေချေးငှား သုံးစားပြီးမှ ပေးဆပ်ရန်ကို ငြင်းပယ်သည်ဖြစ်စေ မပေးမဆပ်ရအောင် ထိမ်လည်လှည့်ဖြား ပြောဆိုသည်ဖြစ်စေ ထိုက်သက်ရာမြီကို မြီရှင်ရအောင် မြန်မာအရာရှိမင်းတို့က အားထုတ်စောင်မကြည့်ရှုရမည်၊ မြန်မာနိုင်ငံတွင် နေထိုင်သည့် ပြင်သစ်ကျွန်တော်မျိုး တို့က မြန်မာ ကျွန်တော်မျိုးတို့ ထံ ကြေးငွေ ချေးငှား

သုံးစားပြီးမှ ပေးဆပ်ရန်ကို ငြင်းပယ်သည်ဖြစ်စေ မပေးမဆပ်ရအောင် လိမ်လည်လှည့်ဖြား ပြောဆိုသည်ဖြစ်စေ ထိုက်ရာမြို့ကို မြို့ရှင်ရအောင် ပြင်သစ်အစိုးရမင်းတို့ ခန့်ထားသည့်ကိုယ်စားလှယ်က အားထုတ်စောင်မ ကြည့်ရှုရမည်။

(၁၆) ပြင်သစ်နိုင်ငံပိုင် ခရိုင်မြို့ရွာများသို့ လာရောက်နေထိုင်သည့် မြန်မာ ကျွန်တော်မျိုးတို့မှာ အထူးသဖြင့် အခွင့်ပေးပြီးသော နိုင်ငံခြား အမျိုးသားတို့ လာရောက်နေထိုင်ရာ ခွင့်ပေးပြုလုပ်သည့်နည်း ခွင့်ပေး ပြုလုပ်စေရမည်။

(၁၇) မြန်မာသက္ကရာဇ် (၁၂၃၄) တထောင့် နှစ်ရာ့ သုံးဆဲ့လေးခု ပြာသိုလပြည့်ကျော်တဆဲ့တရက်နေ့ ခရစ်သက္ကရာဇ် (၁၈၇၃) တထောင့် ရှစ်ရာ့ခုနစ်ဆဲ့သုံးခု ဇန္နဝါရီလ နှစ်ဆဲ့လေးရက်နေ့ မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုးသည့် စကားအချက်ပါ ရာဇဝတ်မှု စကားပြောဆိုရန်ကို အစိုးရမင်းနှစ်ဦးတို့ ပြောဆို မညီမညွတ်မပြီးမပြေ ရှိသည့်အတွင်း မြန်မာနိုင်ငံတော်တွင် နေထိုင်သည့် နိုင်ငံခြားအမျိုး သားတို့ ရာဇဝတ်မှုကို ကျူးလွန်ပြုလုပ်လျှင် စီရင်ရန်ဥပဒေကို နောင် အနာဂတ်ကာလ၌ အထူးပညတ်ပိုင်းခြား၍ အထူးသဖြင့် ခွင့်ပေးချီးမြှင့် စီရင်ဆုံးဖြတ်သောအခါ ရာဇဝတ်မှုကို ကျူးလွန်ပြုလုပ်သူ ပြင်သစ်ကျွန် တော်မျိုးတို့မှာ အထူးသဖြင့် ခွင့်ပေးချီးမြှင့်သော မြန်မာနိုင်ငံခြား အမျိုး သားတို့ကို စီရင်ဆုံးဖြတ်သည့်နည်းအတိုင်း အစိုးရမင်းတို့က ဆုံးဖြတ် စီရင်စေရမည်။

(၁၈) မြန်မာကျွန်တော်မျိုးတို့ ပြင်သစ်နိုင်ငံပြင်သစ်ပိုင် ခရိုင်မြို့ရွာ နယ်မြေအတွင်း လူကိုသတ်သည်ဖြစ်စေ ဓားပြတိုက်ခိုက်သည် ဖြစ်စေ မီးသင့်လောင်အောင် ပြုလုပ်သည် ဖြစ်စေ ခိုးသည်ဖြစ်စေ ၎င်းလူတို့ မြန်မာနိုင်ငံအတွင်း ခိုဝင်ရှိနေသည်ကို ဖမ်းဆီးရမိလျှင် မြန်မာအစိုးရ မင်းတို့က မြန်မာတရားဥပဒေနှင့်အညီ ၎င်းလူတို့ကို စီရင်စေရမည်။ ။ ပြင်သစ်ကျွန်တော်မျိုးတို့ မြန်မာနိုင်ငံအတွင်း လူကိုသတ်သည် ဖြစ်စေ ဓားပြတိုက်ခိုက်သည် ဖြစ်စေ မီးသင့်လောင်အောင် ပြုလုပ်သည်ဖြစ်စေ လုယူသည်ဖြစ်စေ ခိုးသည်ဖြစ်စေ ပြင်သစ်နိုင်ငံ ပြင်သစ်ပိုင် ခရိုင်မြို့ရွာ နယ်မြေများအတွင်း ခိုဝင်ရှိနေသည်ကို ဖမ်းဆီးရမိလျှင် ပြင်သစ်အစိုးရ မင်းတို့က ပြင်သစ်တရားဥပဒေနှင့်အညီ ၎င်းလူတို့ကို စီရင်စေရမည်။

လယ်တီမဏ္ဍိုင်-၈၆

(၁၉) မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံ ပြင်သစ်ပိုင်ခရိုင်မြို့ရွာတွင် နေထိုင်သည့် နှစ်နိုင်ငံသား ကျွန်တော်မျိုးတို့ နေထိုင်ရင်း နိုင်ငံအတွင်း တရားဥပဒေနှင့် ဆန့်ကျင်ဘက်ဖြစ်သော တိုင်းရေးပြည်မှုနှင့် စပ်လျဉ်းသည့် ရာဇဝတ်မှုများမှတပါး တဆဲ့ရှစ်မှတ်ပါအချက် ရာဇဝတ်မှုများကို ပြုလုပ်ကျူးလွန်ပြီးလျှင် တနိုင်ငံမှတနိုင်ငံသို့ ခိုဝင်ထင်ရှားရှိ၍ အစိုးရမင်းတဦးက အစိုးရမင်းတဦးသို့ တောင်းလျှင် ဆိုင်သင့်ရာ အသီးအသီး မြန်မာအရာရှိ ပြင်သစ်အရာရှိတို့က ဒီပလောမတ်ဖြစ်သော ကိုယ်စားလှယ် ကော်ထံဖြစ်စေ ကောင်စစ်ထံဖြစ်စေ ပေးအပ်၍ ၎င်းလူတို့ကို အသီးအသီး တောင်းခံရင်း အစိုးရမင်းတို့ထံ ပေးအပ်စေရမည်။

(၂၀) ယခု ချုပ်ဆိုသည့်စာချုပ်တွင် မရှင်းမလင်းသည့်အချက်များနှင့် အမှန်အကျိုးဖြစ်ထွန်းရန်အချက်များကို နှစ်ဦးနှစ်ဖက် တွေ့မြင်ထင်ရှား သိသာလျှင် တွေ့ရှိသိမြင်သည့် အချက်များကို အစိုးရမင်းနှစ်ဦးတို့ စုံညီညှိနှိုင်း ပြောဆိုသဘောတူညီကြကာလ ၎င်းစာချုပ်တွင် ထပ်ဖြည့်ထည့်သွင်းနိုင်သည့်အခွင့် ရှိစေရမည်။

(၂၁) ယခုချုပ်ဆိုသည့် မဟာမိတ်စာချုပ်မှာ ချုပ်ဆိုသည့်နေ့က တနှစ်ဖြစ်စေ တနှစ်အတွင်းဖြစ်စေ မင်းနှစ်ဦးတို့ လက်မှတ်ထိုးရန်, စာချုပ်လဲလှယ်ရန် အမှုများကို ထုံးစံရှိရာ ပြုလုပ်ရမည်။ စာချုပ်ပါသဘောအဓိပ္ပါယ်များကို အခိုင်အခံ့တည်စေရန်မှာ မင်းလက်မှတ် တင်ပြီး စာချုပ်ချင်းလဲလှယ်ကြသည့်နေ့ကစ၍ အစိုးရမင်းတဦးဦးက မပြုမပြင်သမျှ ကာလပတ်လုံး အစဉ်ထာဝရ အမြဲ တည်စေရမည်။ ၎င်းစာချုပ်ပါသဘောအဓိပ္ပါယ်များကို အစိုးရမင်းတဦးဦးက လဲပြောင်း ထည့်သွင်းပြုပြင်လိုသည်ဖြစ်စေ စာချုပ်ရင်းကို ဖျက်သိမ်းလိုသည်ဖြစ်စေ တရပ်ရပ်ကို ပြုလုပ်လိုလျှင် မပြုမလုပ်မီတနှစ်အတွင်းက တင်ကူး တဦးသို့ပြောဆို စုံညီညှိနှိုင်း သဘောတူကြသည့်ကာလမှ လဲပြောင်း ပြင်ဆင် ဖျက်သိမ်းနိုင်သည့်အခွင့်ရှိစေရမည့်အကြောင်းနှင့် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင် မြန်မာမင်းမြတ်က အရေးလွှဲအပ်သူ မင်းတိုင်ပင်အသင်းဝင် သံကြီး, အတွင်းဝန်မြို့သစ်မြို့စားမင်းကြီးမင်းလှမဟာဇေယသကြိ, ပြင်သစ် သမ္မတမင်းက အရေးလွှဲအပ်သူ ပြည်သူကိုယ်စားလှယ်အသင်းပင် ဝန်ကြီး နိုင်ငံခြားဝန်ကြီး မစ်ရှိဂျူလဖေရီတို့သဘောတူ လက်မှတ်ရေးထိုးကြသည်။

ထိုဒုတိယစာချုပ်ကို မြန်မာသက္ကရာဇ် (၁၂၄၆) တထောင့်နှစ်ရာ့လေးဆဲ့ခြောက်ခု ပြာသိုလပြည့်ကျော် တဆဲ့ငါးရက် ခရစ်သက္ကရာဇ် (၁၈၈၅) တထောင့်ရှစ်ရာ့ရှစ်ဆဲ့ငါးခု ဇန္နဝါရီလတဆဲ့ငါးရက်နေ့ ပြင်သစ်မင်းနေ ပါရစ်မြို့တွင် စာချုပ်နှစ်စောင်ရေးသား၍ လက်မှတ်ရေးထိုးသည်။

သံတော်အရာရှိတို့သည် ပြင်သစ်နိုင်ငံ, ဂျာရမံနိုင်ငံများနှင့် မြန်မာနိုင်ငံတော် ကုန်အကူးအသန်းအရောင်းအဝယ်မှုနှင့် စပ်လျဉ်းသည့် မဟာမိတ် စာချုပ်ကို နိုင်ငံရှင်မင်းတို့ အသီးအသီး သဘောတူ လက်မှတ်ရေးထိုး စာချုပ်ချင်းလဲလှယ်ပြီးပြေ၍ ကျန်နိုင်ငံများသို့ သွားရောက်လှည့်လည် ပါရမည့်အကြောင်းနှင့် တင်လျှောက်ရာ အခြားနိုင်ငံများသို့ သွားရောက်မရှိစေရ ရွှေဘဝါးတော်အောက် ပြန်လာစေ-အမိန့်တော်မြတ်အရ ပြန်လာရ၏။

ထိုနှစ်တပို့တွဲလ သမီးတော်မြတ်ရတနာ နားထွင်းမင်္ဂလာချီးမြှင့်တော်မူမည်ကိုအစပြု၍ ပွဲသဘင် ခံတော်မူသည်မှာ····အရှေ့ဇာတ်ရုံတော်ကြီးတွင် ကောင်းကင်ခရီးပျံသွားခြင်း စက်ယန္တရားအလုပ်အဆောင်အဘွယ်အရာ၊ မြေမှပေါ်ခြင်း, ထွက်ခြင်း,ငုပ်ခြင်း, လျှိုးခြင်း, ဥမင်လမ်းအလုပ်အဆောင်အဘွယ်အရာ၊ ဇာတ်ရုံတော်ကြီး အလယ် ဆန်းကြယ်သောရေကန်ဝယ် ရိုးရွက်စိမ်းရှင်စွာ အဖူးချပ်ရုံပွင့်ငုံနှင့်တကွသောရွှေပဒုမာကြာပင်သည် ရေအောက်မှတရွေ့ရွေ့ပေါ်ထွက်၍ ရေပြင်ထက်သို့ရောက်ကာလ အထပ်တရာ ပွင့်ချပ်လွှာတို့သည် နေအရုဏ်သင့်၍ ပွင့်လတ်သောအခါ ယင်းသည့်ကြာငုံအတွင်းမှပေါ်သော လျှပ်စစ်နွယ်ကဲ့သို့ အဆင်တန်ဆာရောင် ကိုယ်ရောင်တို့ဖြင့်ယှက်သန်းသော ဒေဝစ္ဆရာ ကညာဥပပတ်သန္ဓေနတ်သည် လှည့်ပတ်ဟန်လှ ဦးညွတ်ခပြီးလျှင် ကျူးကခြင်းပြုစေသော စက်ယန္တရား အလုပ်အဆောင်အဘွယ်အရာ၊ မကိုင်္ဃသရဘူ ဇာတ်ရပ် ဇာတ်ခေါင်း အမျိုးမျိုးများကိုလည်း စိန်ရောင်, မြရောင်, ဖန်မှန်ထွတ်မျိုးတို့နှင့် စီခြယ်လျက် စနစ်ကျကျ လှပကောင်းမွန်အောင် အသစ်လုပ်ဆောင်၍ဆင်စေခြင်း၊ ဇာတ်ဝတ်အဆန်တန်ဆာများမှာလည်း နတ်သား နတ်သမီးတို့၏ အဝတ်အဆင်ကို ပြက်ရယ်ပြုဘိ၏သို့ ကြယ်ပြား, ကြယ်ခုံ, ရွဲလုံး, ပိန္နဲဆူး, ဘူးနွယ်, သရက်ကင်း, ပစဉ်းကြီး-ပစဉ်းငယ်စသော ရွှေသားငွေလျက် ပြိုးပြိုးပြက်တောက်ပသော ကိရိယာတို့ဖြင့် အာကာသောင် မကန်းကွက်, ဆင်စွယ်ဝန်းယှက်, ငါးကြင်းကြေး, ခြူးသေး,

သဇင်ခွေစသော အသွင်သဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်စွာ အသစ်ချုပ်လုပ်ပေးအပ်ဝတ်ဆင်စေခြင်း၊ လူစီးရထားနှင့် တကွ သွန်သင်ယဉ်ကျေးပြီးသော ဆင်ငယ်မြင်းငယ်များကို ကြိုးကစုံဆင်ယင်စီးနင်း သွားလာစေခြင်း အဘွယ်အရာမှ စ၍ ခမ်းနားကြီးကျယ် တင့်တယ်လှပစွာ အဘွယ်အရာစုံတို့ဖြင့် ခင်းကျင်းစေအပ်သော ရာမဇာတ်တော်ကြီး။

အနောက်ဇာတ်ရုံမှာလည်း အရှေ့ဇာတ်ရုံတော်ကြီးကဲ့သို့ ခမ်းနားကြီးကျယ် တင့်တယ်လှပစွာ အဘွယ်အရာစုံတို့ဖြင့် ခင်းကျင်းလျက် အနအယဉ် တုယှဉ်ဘွယ်မရ ခမ်းနားလှသော ဧနွာဝုဘ္ဘွဲခံသော အိနောင်ဇာတ်တော်ကြီးများကို အသီးအသီး ယှဉ်ပြိုင်လျက် ခင်းကျင်းပြသကြစေရသည်။ ပွဲတော်ကြည့် ဝင်ထွက်ကြသည့် မှူးတော်မတ်တော် ကတော်မယားတို့ကိုလည်း ဝဲဘက်မှာ မင်းယောက်ျား, ယာဘက်မှာ မင်းမိန်းမ ဤကဲ့သို့ နေရာချထားပြီးလျှင် ရွှေတော်တူရူ မျက်နှာမူစေလျက် ဝင်ထွက်ခစားကြည့်ရှုကြရသည်။ မုံ့ယို အချိုအဆိမ့်ပွဲ, ကွမ်းလက်ဘက်ပွဲများကိုလည်း အသီးအသီး အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားဝန်, စာရေးကြီးတို့ ကြီးကြပ်၍ ကောင်းမွန်လှပစွာ တည်ကျွေးရသည်။

ဤကဲ့သို့ အသဒိသပရိစာဂကုသိုလ်တော်ကြီးကို လရက်ရှည်စွာ ဖြန့်ချီဝေခြမ်းပေးကမ်းစွန့်ကြဲတော်မူခြင်း, မင်းတို့ဘွယ်ရာ ဓမ္မတာအလျောက်ပွဲသဘင်ကြီးကျယ်စွာ ခင်းကျင်းပြသ စေခြင်းများကို ပြုလုပ်တော်မူစဉ် အသျှင် နန်းမတော် မိဖုရားခေါင်ကြီးဘုရား ခန္ဓာတော် မမူ ရှိသည် တကြောင်း,အတာပွဲတော်တည်အခမ်းအနားနှေ့ရက်နီးသည် တကြောင်းများကြောင့် ဆုတော်ပေးပွဲသဘင်များကို ရပ်ဆိုင်းထားရလေသည်။

ထိုအခါ ဆုတော်သနားတော်မူသည့် ယောက်ျားမိန်းမ အကြီးအငယ် တသိန်းကျော်အနက် အသည်စုသေး ကျား-မ ကြီးငယ် တသောင်းကျော်မျှသာ ဆုတော်သနားတော်မြတ်မခံရ ကျန်ရှိလေသည်။

သမီးတော်မြတ်ရတနာမှာလည်း ဤကဲ့သို့သော အခမ်းအနား ကြီးကျယ်စွာဖြင့် နားထွင်းမင်္ဂလာ ချီးမြှောက်တော်မမူရမီ အိန္ဒိယနိုင်ငံသို့ ပါတော်မူရလေသည်။

ယင်းသည့်လ မဟာမုနိရုပ်ရှင်တော်မြတ်မှာ အထက်မွမ်းမံ ကပ်လုပ်လှူဒါန်းတော်မူပြီး ရွှေဗုဒ္ဓနံ့ခွဲ သင်္ကန်းတော်များပြင် မဟာမုနိ ရုပ်ရှင်တော်မြတ်ကို မိုးသင့်ရာ စီးဆင်းလျှောကျ သိမ်းဆည်းရရှိသည့် ရွှေများ

ကို ပန်းထိမ်တော်တို့ ခတ်လုပ်ပြီးပြေသည့် အချိန်ခွက်ခြောက်ဆယ်ရှိ ရွှေဗုဒ္ဓနိဗ္ဗာန်ခုံ သက်နန်းတော်များကို ဝန်ကြီး, အတွင်းဝန်, ဝန်ထောက်,မှူးတော်မတ်တော်အရာရှိတို့ မဟာမုနိဘုရားရောက် အစီအစဉ် တပ်ဝင်းအခင်းအကျင်းများနှင့် ကြီးကြပ်ဆောင်ယူပြီးလျှင် ရုပ်ရှင်တော်မြတ်မှာ ကပ်မွမ်းလှူဒါန်းရသည်။

ထိုနှစ် နှောင်းတန်ခူးလ ရွှေမြို့တော်ကြီးအနောက်ပြင် ဂေါဝိန်တံခါးလမ်းတောင်ဘက် ရတနာဘူမိအရပ်တွင် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးက ဆောက်လုပ်ပြီးပြေသည့် ရွှေရေးကျောင်းရံ ရှစ်ရပ်နှင့်တကွ ဘုံလေးဆင့်ရှိ မှန်ကျောင်းတော်၊ တိုက်ကို-မဏိရတနာရာမတိုက်၊ ကျောင်းတော်ကို-မဟာရတနာဘုံစံ-ကမွည်းတပ်တော်မူပြီးလျှင် အာလောကာဘိပဝရ သာသနရက္ခမဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ မြဲတောင်ဆရာတော်အား ကျောင်းအပ်တင်လှူတော်မူသည်။

### မဟာသကျသီဟဘုရားရှင်အား ပင့်ခြင်း-စသည်များနှင့် ပြင်သစ်ကိုယ်စားလှယ်များ ရောက်ခြင်း

ယင်းသည့် နှောင်းတန်ခူးလပြည့်ကျော် တဆဲ့တရက်နေ့ မဟာသကျသီဟဘုရား ရုပ်ပွားတော်မြတ်ကို ပင့်ဆောင်ရန် အလုပ်အဆောင်အခမ်းအနား အလုံးစုံ လုပ်ဆောင်ပြီးပြေရှိ၍ အမရပူရမြို့ ကိန်းဝပ်ရင်း ဂန္ဓကုဋိတန်ဆောင်းတော်အတွင်း ပလ္လင်တော်က ပြောင်းရွှေ့ ပင့်ဆောင်ရန် စွတ်ဖားတင် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အတွင်းသို့ ရုပ်ပွားတော်မြတ်ကို ပင့်ဆောင်တင်ထား၍ လမ်းစဉ်တလျှောက် တင့်တယ်သာယာအောင် ခင်းကျင်းပြင်ဆင်ရန်ရှိသည်များကို သဲမွှေကြဲခြင်း, ရာဇမတ်ကာခြင်း, ရေအိုးရေပြည့်တည်ထားခြင်း, ငှက်ပျောပင်ရှင် ကြံပင်ရှင်စိုက်ခြင်း,တံခွန်ကုက္ကား မုလေးပွား ပုဆိုးပဝါစိုက်ထူထောင်လွှားခြင်းစသော အစီအရင်တို့ဖြင့် ကောင်းမွန်တင့်တယ်စွာ ဆင့်ဆိုစီမံခင်းကျင်း လုပ်ဆောင်စေရသည်။

ယင်းသည့် နှောင်းတန်ခူးလပြည့်ကျော် ကဆဲ့နှစ်ရက်နေ့ ရတနာပုံရွှေမြို့တော်ရှိ ရဲမက်တော်အမှုထမ်း, သေနတ်အစု, အမြောက်အစု, မြင်းအစု, ဝင်းဗိုင်းကောင်ဟန်, ယွန်းအစု, လှေသင်းအစု အမှုထမ်းလူနှစ်သောင်းကျော်တို့အနက် သေနတ်အမှုထမ်း လူနှစ်ထောင်, အမြောက်

အမှုထမ်းလူတရာ, မြင်းအမှုထမ်းလူခြောက်ရာ, ဝင်းဒိုင်းအမှုထမ်းလူသုံးရာ, လှေသင်းအမှုထမ်း လူငါးရာ၊ စုစုအမှုထမ်းလူ သုံးထောင့်ငါးရာတို့ကို ရုပ်ပွားတော်တင် စွတ်ဖားပြာသာဒ်တော်တွင် လေးတန်းလေးသွယ် ဆွဲကြိုးဘွဲ့ချည်ပြီးလျှင် အစုဆိုင်ရာ, ဝန်စု, မိုလ်စု, စုရေးစုကိုင် အကြီးအကြပ်တို့က ဆိုင်ရာအစုအမှုထမ်းတို့ကို ကြီးကြပ်ဆင့်ဆို ကွပ်ကဲဆော်ဖန်စေ၍ ဆွဲကြိုးငင်စေရန် အခမ်းအနား အစီအစဉ် ပွဲသဘင်အခင်းအကျင်း ပြည့်စုံလျှင် အခါတော်စောင့် အခါကြား ပညာရှိ ပုဏ္ဏားတော်တို့က ရုပ်ပွားတော်မြတ် ပင့်ဆောင်ရန် အခါတော်စာကို ဖတ်ရွတ် ကျော်ကြားစေ၍ရွှေတော်ပြေးစည်တော်စုံတီးရှမ်း၊ အမြောက်သံသုံးချက်ကြားစေပြီးမှ အခါကြားအမြောက်သံ ပေးသည်နှင့်တပြိုင်နက် စည်ကြီးခွက်ခွင်း ဒုံမင်းပတ်သာ ခရာတံပိုး တီးမှုတ်မျိုး ပဉ္စင်တူရိယာတို့ကို မြေကြီးလျှင် ပွဲတင်ထပ်မျှ အုတ်အုတ်ကျက်ကျက် တခဲနက်သော အသံတို့ဖြင့် တပြိုင်နက်တည်း တီးမှုတ်ကခုန်စေပြီးလျှင် ကြီးကြပ်စီရင် ဆင့်ဆို လုပ်ဆောင်ရင်း ဝန်ကြီး, ဝန်ထောက်, စာရေးကြီး, အသုံးစာရေး, စက်ဆရာ, ဗိသုကာဆရာ, အလုပ်သည် ပညာသည်တို့ စောင့်ရှောက်လိုက်ပါ ခြံရံစေ၍ အစုအမှုထမ်းလူ သုံးထောင့်ငါးရာတို့ စွတ်ဖားပြာသာဒ် ဆွဲကြိုးလေးသွယ်ကို ဆွဲငင်စေပြီးလျှင် အမရပူရမြို့ ဂန္ဓကုဋိတန်ဆောင်းတော်က ပင့်ဆောင်ရသည်။

ရုပ်ပွားတော်မြတ်ကို ပင့်ဆောင်ရာ အမရပူရမြို့က ရတနာပုံရွှေမြို့တော်ရောက် လမ်းစဉ်တလျှောက်များမှာလည်း ရဟန်းရှင်လူ ပြည်သူဆင်းရဲသားတို့ ဆွမ်းသင်ပုတ် ရေချမ်း ပန်းပေါက်ပေါက် ဆီမီးတန်ဆောင် အမွှေးအထုံမှစ၍ လှူဒါန်းပူဇော်ရန် အဘွယ်အရာတို့ဖြင့် လမ်းခွင်ပြည့်မျှ ခရီးဦးကြိုဆို၍ ဝင်ရောက်ဖူးမြော် ပူဇော်လှူဒါန်းကြသည်။

ရတနာပုံရွှေမြို့တော်ဝန်, ယင်းတော်မြို့စား, မင်းကြီး သီရိမဟာဇေယဂါမဏိနှင့် ထောင်မှူး, မြို့စာရေး, ထောင်စချီ, အရပ်အုပ်, သွေးကြီးသွေးဆော်, ဆယ်အိမ်ခေါင်းတို့လည်း ရုပ်ပွားတော်မြတ် ပင့်ဆောင်ရာ လမ်းစဉ် တလျှောက်များမှာ ရာဇဝတ်တော်ကြောင်းနှင့် မကင်းသည့် အပြုအမူ အကျင့်အကြံများကို ပြုလုပ်ကျင့်ကြံ ခိုက်ပွားရန်စစ် မဖြစ်စေရ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် အမိန့်တော်မြတ်နှင့် ကြပ်မ လိုက်ပါ ထိန်းသိမ်းစောင့်ရှောက်ရသည်၊

ယင်းသည့်နှစ် နှောင်းကဆုန်လဆန်း တရက်အင်္ဂါနေ့ သက္ကရာဇ် (၁၂၄၇) တထောင့်နှစ်ရာ့လေးဆဲ့ခုနစ်ခုနှစ်သို့ အကူးအပြောင်း အတာနေ့ရက်သည် အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား၏ နံတော်သင့်ကြုံကြိုက်ရှိသည်ကို နှစ်စဉ် အတာသကြန် ခေါ်မြဲ ခေါ်တော်မူပြီးလျှင် ယင်းသည့်အတာနေ့၌ မြတ်စွာဘုရားအမျိုးရှိသော သံဃာတော်တို့အား မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ် မုံ့ယိုအချိုအဆိမ့်တို့ဖြင့် ပူဇော်လှူဒါန်းခြင်း၊ စတုလောကပါလာ သာသနာတော်စောင့် နတ်တို့အား ပူဇော်တင်ကြွေးခြင်း၊ ဘိုးတော်၊ ဘွားတော်၊ ခမည်းတော်၊ မယ်တော်မြတ်တို့အား ပူဇော်တော်မူခြင်းများကိုပြု၍ အတာပွဲတော်တည် မင်းပွဲသဘင် ကျင်းပတော်မူသင့်ကြောင်း။ ဤကဲ့သို့ အတာပွဲတော်တည် မင်းပွဲသဘင်အခမ်းအနား ပြုလုပ်ရခြင်း အကျိုးမှာလည်း ဘေးဒဏ်ရန်မာန် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်း ပျောက်ပတော်မူ၍ ဘုန်းတော်ကြီးခြင်း၊ သက်တော်ရာကျော် ရှည်ခြင်းစသော အကျိုးထူးတရားအပေါင်းတို့သည် ပြီးမြောက် ပြည့်စုံတော်မူမည့် အကြောင်းများနှင့် စာ ဆက်သွင်းချက် အတိုင်း မှန်နန်းတော်မှာ မိဖုရားခေါင်ကြီး အတာပွဲတော်တည်အခမ်းအနား လုပ်ဆောင်ရန်ရှိသည်များကို ခမည်းတော်ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား၊ မိဖုရားခေါင်ကြီးဘုရား အတာပွဲတော်တည် အခမ်းအနားနည်း လုပ်ဆောင်စေ-အမိန့်တော်မြတ်အရ အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားနံတော်သင့်ဖြစ်သောမဟာလောကမာရဇိန်စေတီတော်မြတ်အား ဆွမ်းတောဇဉ် ချိုချဉ်သစ်သီးစသော ဆွမ်းတော်ကြီး အဘွယ်အရာစုံများကို အစီအစဉ် အခမ်းအနားနှင့်တကွ အရာရှိမှူးတော်မတ်တော်တို့ ကြီးကြပ် သွားရောက် ပူဇော် လှူဒါန်းရသည်။ အတာပွဲတော်တည် အခမ်းအနား အဘွယ်အရာများကိုလည်း မှန်နန်းတော်ဦးတွင် ခင်းကျင်းရသည်။

မင်းညီမင်းသား မှူးတော်မတ်တော်တို့ ဖောင်း နားဒောင်း ဝတ်လုံ စလွယ် ဆင်ယင်၍ ကတော်မယားတို့မှာ အဆင်တန်ဆာဆင်ယင်၍ ဝင်ထွက်ကြရသည်။ အခါတော်နီးလျှင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားနှင့် မှန်နန်းတော် ဘမရာသနရာဇပလ္လင်ပေါ်သို့ ထွက်စံတော်မူသည်။ ပွဲသဘင်လည်း စည်ပင်သာယာအောင် တီးမှုတ်ကခုန်ကြရသည်။

ပြီးလျှင် အခါတော်ကြားခြင်း, အခါတော်ကြား အမြောက်သံပေးခြင်း, ဘိသိက်မင်္ဂလာ ဆက်ခြင်း, ဘုရားခုနစ်ဆူ အလှူတော် တင်ခြင်း, ပူဇော်တော်ပွဲ ဆက်ခြင်းများကို အစဉ်အတိုင်း ပြုလုပ်ရသည်။

ပြီးလျှင် ခင်းကျင်းပြင်ဆင် အသင့်ရှိသည့် အတာ ပွဲတော်များကို အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား ပွဲတော် တည်တော်မူသည်။ ပြီးလျှင် အဘိုးအနဂ္ဃထိုက်တန်သော စိန်, မြ, ပတ္တမြားစသော ရတနာမျိုးတို့ဖြင့်ပြီးသော လက်ဝတ်တော်,နားပန်တော်,လည်ကပ်တော်စသော အဆင်တန်ဆာတော်များနှင့် ငွေသပြာတသိန်းတန်ထည်မျိုးအုပ်မျိုးများမှာ တောင်ပုံ၏သို့ အသျှင်ဘဝရှင်မင်းတရားကြီးဘုရားက လက်ဖွဲ့တော်မူသည်။ မင်းညီမင်းသား မှူးတော်မတ်တော်တို့နှင့် မင်းသမီး, အပျိုတော်, ကတော်မယားတို့ကလည်း စိန်တင်,မြတင်, ပတ္တမြားတင်စသော အကွင်းအချည်၊ လင်ပန်း,ဖလားစသော အသုံးအဆောင်များကို အသီးအသီး လက်ဖွဲ့တော် ဆက်ကြသည်။ လက်ဖွဲ့တော်ဆက် တင်လျှာများနှင့် လက်ဖွဲ့တော်ဆက်စာရင်းများကိုလည်း သံတော်ဆင့်တို့က ဖတ်လျှောက်မြဲ ဖတ်လျှောက်ရသည်။

နှစ်စဉ် လှူဒါန်းမြဲ အတာသဘင်မှစ၍ တဆဲ့နှစ်ရာသီမင်းပွဲအလှူတော်များကိုလည်း လစဉ်မပြတ် စီရင်ခင်းကျင်း လှူဒါန်းတော်မူသည်။

* သက္ကရာဇ် (၁၂၄၆) တထောင့်နှစ်ရာ့လေးဆဲ့ခြောက်ခု နှောင်းတန်းခူးလပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ညဥ့် နှစ်ချက်တီးကျော် တနင်္ဂနွေနေ့သို့အဝင် သုံးနာရီပါဒ်ပြည့် ခြောက်ဗိဇနာ တပြန်နှစ်ခရာအချိန် သင်္ကြန်ကျသည်။ နှောင်းကဆုန်လဆန်း တရက်အင်္ဂါနေ့ နံနက်သုံးချက်တီးကျော်အချိန် အတာနှစ်သစ်သက္ကရာဇ် (၁၂၄၇) တထောင့်နှစ်ရာ့လေးဆဲ့ခုနစ်ခုနှစ်သို့ တက်သည်။

## ၁၂၄၇-ခု

သက္ကရာဇ် (၁၂၄၇) တထောင့်နှစ်ရာ့လေးဆဲ့ခုနစ်ခု ကဆုန်လပြည့်ကျော်နှစ်ရက်နေ့ သုံးလူ့ထွတ်ထားရှင်တော်ဘုရား၏ သရီရဓာတ်တော် မွေးတော်ကိန်းဝပ်ရာ ရုပ်ပွားတော် စေတီတော်မြတ်တို့အား နှစ်စဉ် လှူဒါန်းသွန်းလောင်းမြဲ သွန်းလောင်း လှူဒါန်းတော်မူရန် လွှတ်တော်က လုပ်ဆောင်ရသည့် အခွေ့ညှောင်ရေတော်။ အသျှင်နန်းမတော်ဘုရား

ဝန်, စာရေးကြီးတို့ ကြီးကြပ်လုပ်ဆောင်ရသည့် အနောက်ဘြောင်ရေ တော်။ ရေချမ်းအိုးပန်းခံ့စိုက်, ရွှေတန်ဆောင်, ငွေတန်ဆောင်, ရွှေပန်း ခိုင်, ငွေပန်းခိုင်, ထီးဖြူ, ထီးနီ, တံခွန်, ကုက္ကား, မုလေးပွား စသော အထူးထူးသော အလှူတော် အဘွယ်အရာများကို အစီအစဉ် အခမ်း အနား ပွဲလမ်းသဘင်စုံများနှင့် တောင်စမုတ်တော်သို့သွင်းပြရာ အသျှင် ဘဝရှင်မင်းတရားကြီး ဘုရား, အသျှင် မိဖုရားခေါင်ကြီးဘုရားနှင့် တကွ ထွက်တော်မူ၍ ရေစက်သွန်းချလှူဒါန်းတော်မူသည်။

ဤကဲ့သို့သုံးရက်လှူဒါန်းတော်မူပြီးလျှင်တတိယမြောက်နေ့၌ သံဝဋ္ဋရ အလှူတော် ဟူသော တနှစ်အတွင်းတွင် မြတ်စွာဘုရားရှင်တို့အား လှူ ဒါန်းတော်မူသည့် အရပ်ရပ် အလှူတော် အဘိုးတန် ငွေငါးသိန်းကျော်၊ သံဃာတော်မြတ်တို့အား လှူဒါန်းတော်မူသည့် အလှူတော်အဘိုးတန်ငွေ နှစ်သန်းကျော်၊ စွန့်ကြဲပေးကမ်းတော်မူသည့် ငွေသား တသန်းကျော်၊ ငွေထည်, ရွှေထည်, စိန်,မြ, ပတ္တမြားစသော ရတနာမျိုးအကွင်းအချည် အဘိုးတန်ငွေ နှစ်သိန်းကျော်၊ ပိုးချည်,ဝါချည်,ထည်မျိုးအုပ်မျိုး အဘိုး တန်ငွေ နှစ်သိန်းငါးသောင်းကျော်၊ သားငှက်တိရစ္ဆာန်တို့ကို ဝယ်ယူ၍ ဘေးမဲ့လွှတ်တော်မူသည့် အဘိုးတန်ငွေ တသောင်းကျော်၊ ကြွေးမြီမှုနှင့် အချုပ်အနှောင်ခံနေရသူတို့ကို ဘေးမဲ့ပေးတော်မူရာ မြီရှင်တို့ကိုဆပ်ပေး တော်မူသည့် ငွေလေးသောင်းကျော်၊ စုစုငွေတော် လေးသန်းကျော်အလှူ တော်စာရင်းများကိုဖတ်လျှောက်စေ၍ထပ်မံရေစက်သွန်းချတော်မူသည်။

ယင်းသည့်လ နေရာတော်နေ တကောင်းမြို့စား မင်းသားကြီး သီရိသု ဓမ္မရာဇာကံကုန်သည်ကို ခမည်းတော်ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး ဘုရားသက်ထက် ထီးလင်းမင်းသား ကံကုန်ရာသဂြိုဟ်သည့်အခမ်းအနား နည်း စရိတ်ငွေတော် ထုတ်ပေး၍ လွှတ်တော်က လုပ်ဆောင်သင်္ဂြိုဟ်ရ သည်။

သက္ကရာဇ် (၁၂၄၇ )တထောင့်နှစ်ရာ့လေးဆဲ့ခုနစ်ခု ကဆုန်လဆန်း တဆဲ့ငါးရက်နေ့ ကာလာဝက,ဂဏ္ဍေယျ,မင်္ဂလ,တမ္ဗစသည်ဖြင့် အဆင်း အရောင်ကိုအစွဲပြု၍ နာမပညတ် သမုတ်အပ်သော ဝိဋ္ဋကတ်ကျမ်းလာ . ဆင်ဆယ်မျိုး၊ ရောဝဏ, ပုဏ္ဍရိက, သဗ္ဗဘုမ္မစသည်ဖြင့် အရပ်ဒေသကို အစွဲပြု၍ နာမပညတ် သမုတ်အပ်သော သဒ္ဒကရိုင်ကျမ်းလာ ဒိသာဂဇ ဆင်ရှစ်မျိုး၊ ဝေါရကုမ္ဘစသည်ဖြင့် နာမပညတ်သမုတ်အပ်သော ယိုးဒ ယား ဆင်ကျမ်းလာ ဆင်ဖြူတဆဲ့ကိုးမျိုး စသည်တို့တွင် ဥပေါသထဆဒ္ဒန်

မျိုးသည် တန်းခိုးလွန်ကဲကြောင်း၊ ယင်းသည့် ဆင်ဖြူရတနာကိုစီးနင်းသုံးဆောင်ရသော မင်းတို့မှာလည်း ဘုန်းတန်းခိုး တိုးတက်ခြင်း, မိုးသုံးပါးဖြောင့်မှန်ညီညွတ်စွာရွာသွန်းခြင်း, ပြည်ထဲလေးမျက်နှာ သာယာဝပြောစည်ပင်ခြင်း စသော အကျိုးထူးတရားတို့နှင့် ပြည့်စုံကြောင်း၊ မင်းတို့စီးနင်းအပ်သော ဆင်,မြင်း,ရထားစသောယာဉ်မျိုးတို့တွင် ဆင်ယာဉ်သည် သာလွန်ထူးမြတ်ကြောင်း၊ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် ဂင်္ဂါမြစ်ညာ၌နေသော လက်သမားတို့ကို ဆုလာဘ်ပေးကမ်း၍ ဆင်ဖြူရသည်ကိုထိုမင်းမှ ဘုရားလောင်းအလီနစိတ္တမင်းတိုင် ဆက်လက်၍ ဆင်ဖြူ့ရှင်ခံကြောင်း၊ ဟိမဝန္တာ၌ ကျက်စားသော တောမုဆိုး လျှောက်ထားလာသဖြင့် ဆင်အရာရှိဆင်ထိန်းတို့ ကျော့ဖမ်းစေ၍ ဗာရာဏသီမင်းမှာရသော ဆင်ဖြူသည် အမိဆင်မကို လုပ်ကျွေးပြုစုနေသော ဆင်ဖြူအဖြစ်ကိုသိ၍ တောသို့တဖန်ပြန်လွှတ်ကြောင်း၊ ဝေဿန္တရာမင်းဖွားသောနေ့၌ ဆင်ပျံမသည် ကောင်းကင်ခရီးဖြင့်လာ၍ ဆင်ဖြူငယ်ကို နန်းတော်အတွင်း ထားလှာသည်နှင့် ခမည်းတော် သိဥ္စည်းမင်းကြီးရသည့် ဆင်ဖြူကို သားတော်ဝေဿန္တရာမင်း ဆက်လက်၍ ဆင်ဖြူ့ရှင်ခံကြောင်း၊ သာဝတ္ထိပြည်ရှင်ပသေနဒီကောသလမင်းမှာ ပုဏ္ဍရိကမည်သော ဆင်ဖြူကို ရကြောင်း၊ ဒုဋ္ဌဂါမဏိမင်းကိုဖွားသောနေ့၌ ဆင်ပျံမသည် မြို့နှင့် ခရီးဝေးကွာသောမြစ်နားတွင် ဆင်ဖြူငယ်ကိုထားလာသဖြင့် ခမည်းတော် ကာကဝဏ္ဏမင်းရသည့် ဆင်ဖြူကို ဒုဋ္ဌဂါမဏိမင်းဆက်၍ ဆင်ဖြူ့ရှင်ခံကြောင်း၊ ပင်းယပြည်၌ သက္ကရာဇ် (၆၇၄) ခြောက်ရာ့ခုနစ်ဆဲ့လေးခုနှစ် နန်းတက်သော သီဟသူမင်းသည် ဒုဋ္ဌာဝတီမြစ်အတွင်းမျောလာသည့် ဆင်ဖြူသေကိုပင်ဆယ်ယူပြီးလျှင် မတ်ရပ်ပြုလုပ်စီးနင်းခြင်းကိုပြု၍တစီးရှင်အမည်ခံကြောင်း စသည်ဖြင့် ဇာတ်နိပါတ်, မဟာဝင်,ရာဇဝင်အထွက်အရှိ အလုံးစုံဖြူသောအဆင်းရှိသည်ဖြစ်က သုဘပါပလက္ခဏာကို အထူးရွေးချယ်ရန် မရှိကြောင်း၊ ဥပေါသဒ္ဒန်မျိုး မဟုတ်သော်လည်း အကျဉ်းခြောက်ဆဲ့လေး, အကျယ်သုံးရာ့တဆဲ့ငါးပါးသောပတ်ယတ်လက္ခဏာ၊ ရှစ်ဆဲ့တပါးသော သုဘလက္ခဏာအဝင် ယူပခမာ, သဒ္ဒခမာစသော အင်္ဂါငါးပါး၊ တနည်းသောတာဟန္တာစသော အင်္ဂါငါးပါးပြည့်စုံသော ဆင်ဖြစ်က အာဇာနည်မည်ကြောင်း အာဇာနည် ခြောက်ကလည်း ဆင်ရတနာမည်ထိုက်ကြောင်း၊ စစ်အင်္ဂါလေးပါးတွင်လည်း ဆင်သာလျှင် မြတ်သောစစ်၏တန်ဆာဖြစ်ကြောင်းစသော ဝိဋကတ်ကျမ်း, သရောဒယ, ဂဇသျှတ္တရ

စသော လောကီကျမ်းအထွက်အရှိများကိုထောက်၍ ဆင်ဖြူရတနာစစ်ကို
ဖြစ်စေ အာဇာနေယျ, ယတြာယ, မာတင်္ဂကိုဖြစ်စေ လောကဥက္ကဋ္ဌ
မြတ်သောမင်းတို့သည် အလွန်အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်သည်နှင့်
အညီ မဟာရဂုံ စုံမြိုင်တောတောင်တို့၌ ပေါက်ရောက်ဖြစ်ပွားကျက်စား
နေထိုင်လေ့ရှိသော ဆင်အုပ်ဆင်သင်းတို့မှ ဆင်ဖြူစစ်ကိုဖြစ်စေ သုဘ
လက္ခဏာနှင့် ပြည့်စုံသောဆင်ကိုဖြစ်စေ မင်္ဂလာလေးသင်း အဝကိုးသင်း
ရဲပတိုင်းလေးသင်း စလင်းခုနစ်သင်း ပြည်လေးသင်းစသော အောက်
မားတော်များနှင့် ယရည်းဆင်ရုံသားတို့ကို တောတောင်ကြီးရာစေလွှတ်
ရှာဖွေ အောက်ငင်ကျော့ဖမ်းစေမြဲ အစဉ်ထုံးစံရှိသည်အတိုင်း အဝကိုး
သင်း အောက်မားတော်များနှင့် ဇေယျဝဍ္ဎနတိုင်း တောင်ငူမြို့နယ် ရန်
အောင်မြင်တောမှ သမ္ဗာဒေဝ, ဂဇနာထ, ဥဒိန္နစသော နတ်ကောင်း
နတ်မြတ်တို့ ချီးပင့်ဆောက်နှင်းအပ်သည်ဖြစ်၍ လွယ်လင့်စွာ အောက်ငင်
ဆောင်ယူခဲ့သော အရပ် သုံးတောင့်နှစ်မိုက်, အစွယ်ပြင်ပေါ်တမိုက်ခန့်
ရတနာဆင်ဖြူတော်ကိုလက္ခဏာဖတ်ကြည့်မြဲဖတ်ကြည့်ရန် ဒုဋ္ဌာဝတီမြစ်ကို
ကူးဖြတ်၍ ရေဝတီမြစ်အရှေ့ဘက် ရွှေကြက်ယက်ဆိပ်ကမ်း အောင်မြေ
အရပ်သို့ဆောင်ယူရောက်ကာလ ဆင်ဝန်,ဆင်ဝန်ထောက်,လက္ခဏာဖတ်
တို့ကို စေလွှတ်ကြည့်ရှုစေရာ ထူးမြတ်သော ရတနာဆင်ဖြူတော်စစ် ဖြစ်
ကြောင်းနှင့် တင်လျှောက်ချက်အတိုင်း တောင်ငူမြို့နယ် ရန်အောင်မြင်
တောမှ အောက်မားတော်တို့ အောက်ငင်ခဲ့သည့် ရတနာဆင်ဖြူတော်
ကို ဘေးတော် အမရပူရပဌမမြို့တည်နန်းတည်မင်းတရားကြီးဘုရား လက်
ထက်တော် နိမ္မာနပစ္စယနာဂရာဇာ-ဆဒ္ဒန်ဆင်မင်းကို ကြိုယူဆက်သွင်း
သည့် အခမ်းအနား, ခမည်းတော် မန္တလေးရတနာပုံ ပဌမမြို့တည်နန်း
တည် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရားလက်ထက်တော် မော
ရိယ ပစ္စယနာဂရာဇာ ဆဒ္ဒန်ဆင်မင်းကို ကြိုယူဆက်သွင်းသည့် အခမ်း
အနားနည်း ရွှေနန်းတော်ရောက် ကြိုယူဆက်သွင်းစေ-အမိန့်တော်မြတ်
အရ ဆင်မင်းကို ကြိုယူဆက်သွင်းရသည့် အခမ်းအနားများမှာ—

ကြိုယူဆက်သွင်းရန် အခါတော်မရောက်မီအတွင်း ရွှေမြို့တော်ကြီး
နောက်မျက်နှာ ပိုက်ကျုံးတံခါးတော်ပြင် ရေဝတီမြစ်ဆိပ်အနီး အသစ်
ဆောက်လုပ်အပ်သော ဆင်မင်းနန်းတွင် ဝန်ရှင်တော် သမီးတော်ဘုရား
ဝန်—တိုင်တားမြို့စားမင်းကြီး ကြပ်မလျက် ဆင်ဝန်, ဆင်ဝန်ထောက်, ဆင်
အရာရှိ, ဆင်ဆေးသမားတို့ နေ့ညဉ့်မပြတ် ကြီးကြပ်ကြည့်ရှုစေပြီးလျှင်

မိုးနဲဆင်ခြေဖုံး ရွှေလုံအမှုထမ်းတို့စောင့်ရှောက်နေထိုင်စေရသည်။ အုန်း, ကြံ, ငှက်ပျော စသော အစာရေစာ တည်ကျွေးရန်, အညစ်အကြေး သန့်ရှင်းရန်ရှိသည်များကိုလည်း ဆင်မင်းအသုံးအဆောင် ငွေသန္ဓေးကြီး တို့ဖြင့် ဆင်မင်းပျော်ဘွယ်အမှုထမ်းတို့က တည်ကျွေးသန့်ရှင်းစေရသည်။ ပြည်သူပြည်သားတို့ကိုလည်းအလိုရှိရာဝင်ထွက်ကြည့်ရှုဖူးမြော်စေရသည်။

ဆင်မင်းသိမ်းထွက်တော်မူရန် မြေနန်းတော်ရွှေ စံနန်းတော်နှင့် ပွဲခံကန္နားဖျင်း, မင်းညီမင်းသား မှူးတော်မတ်တော်တို့ ရပ်နေရန်ကန္နားဖျင်း အလုပ်အဆောင်၊ ရွှေနန်းတော်အတွင်း ဆင်မင်းနန်းအလုပ်အဆောင်၊ ဆင်မင်းခေါင်းဆေးရန် ရောဝတီမြစ်ဆိပ်တွင် သကြြန်နန်း,ပရိတ်နာနန်း, တန်ဆာဆင်နန်း, ပွဲခံကန္နားဖျင်း အလုပ်အဆောင်၊ မြစ်ဆိပ်ကရွှေနန်း တော်ရောက် ဆင်မင်းကြိုယူရန်လမ်းတလျှောက်များတွင် လမ်းဆုံလမ်းမ တိုင်း ဝဲယာ ဟန်ကပွဲခင်းကျင်းပြစေရန် တဲကန္နားဖျင်းများကို လွှတ်တော် က လုပ်ဆောင်အသင့်ရှိနှင့်စေရသည်။

ဆင်မင်းကို ခေါင်းဆေးမင်္ဂလာပြုလုပ်ရန် အခါတော်ရောက်ကာလ ဆောက်ထားရှိသည့်နန်းများတွင် ပွဲသဘင်စုံခင်းကျင်း ကျင်းပစေပြီးလျှင် မင်းညီမင်းသား မှူးတော်မတ်တော်တို့မှာ ဗောင်း, နားဒေါင်း, ဝတ်လုံ, စလွယ်, ဆင်ယင်၍ ခေါင်းဆေးမင်္ဂလာအခမ်းအနား ပြုလုပ်ရသည်။

ဆင်မင်းကို ကြိုယူဆက်သွင်းသည့်နေ့မှာ လမ်းတလျှောက်များတွင် သဲမွှေကြဲခြင်း, ရာဇမတ်ကာခြင်း, ငှက်ပျောပင်ရှင်, ကြံပင်ရှင် စိုက်ခြင်း, ရေအိုးရေပြည့်ဘည့်ခြင်း, ပုဆိုးပစ္စုစိုက်ထူခြင်းများကို ရွှေမြို့တော်ဝန်, ထောင်မှူး, မြို့စားရေးတို့က နှိုးဆော်လုပ်ဆောင်စေရသည်။ ဆင်မင်းကို ကြိုယူလာသောအခါ ဟန်ပွဲသသင် ခင်းကျင်းကခုန်စေရန် သေနတ် အမြောက်, မြင်း, ဝင်း, ဒိုင်း, လှေဖောင်အစ အမှုထမ်းတို့ ဟန်ကပွဲ လေးဆယ်ကျော်, အသည်စုသေး အမှုထမ်းတို့ ယောက်ျားပွဲ မိန်းမပွဲပါ ဟန်ကပွဲနှစ်ဆယ်ကျော်များကို လမ်းစဉ်တလျှောက် လွှတ်တော်ရှေ့ထိ လမ်းဆုံတိုင်းဝဲယာချထား ခင်းကျင်းကခုန်တီးမှုတ်၍ အသင့်ရှိစေရသည်။

မှန်နန်းတော် အပျိုတော်တို့မှာ သနားတော်မြတ် ခံရသည့် စိန်နားဒေါင်း, ရွှေကြိုးလိုက် လွန်းများထဘီ, ရွှေဇာခုနစ်ဆင့်သတ် ဖဲပြုအင်္ကျီ များကို ဝတ်ဆင်စေလျက် စံနန်းတော်ရှေ့က၊ လက်ဘက်ရည်တော်တို့မှာ သနားတော်မြတ်ခံရသည့် စိန်နားဒေါင်း, ရွှေကြိုးလိုက်ပုဆိုး, ရွှေဇာသုံး ဆင့်သတ် ဖဲပြုအင်္ကျီ, ဆပ်သွားဘူး ခေါင်းပေါင်းများကို ဝတ်ဆင်စေ

လျက် စံနန်းတော်ဝဲဘက်က၊ စားတော်ကွမ်းရေကိုင်တို့မှာ သနားတော်မြတ်ခံရသည့် ဓိန်နားဒောင်း, ရွှေကြိုးလိုက်ပုဆိုး,အင်္ကျီရှည်, ရွှေစလွယ် ဝတ်ဆင်စေလျက် စံနန်းတော် ယာဘက်က အသီးအသီး နေရာချထား အသင့်ရှိစေရသည်။

ဆင်မင်းကို ကြိုယူဆက်သွင်းရန် အခါတော်ကြားသည်နှင့် တပြိုင်နက် ခြေသည်းတင်တော် ဝဲယာ, မြင်းတပ်တော်ဝဲယာ, ပကတိကြိုးလုံးတင်ဆင်တော်, နားဆွဲဝဲယာ,ဦးကင်းဖုံးသင်းကျစ်နှင့်တကွ ရွှေကြယ်တပ် ကြိုးလုံးတင်ဆင်တော်, ရွှေကွန်ချာအုပ် ဆင်တော်စသော ဆင်တပ်တော်ဝဲယာ ခင်းကျင်းစေပြီးလျှင် မိုးနဲဆင်ခြေဖုံး ရွှေလှံစွဲသူရဲတို့ မြီရံစေလျက် ပွဲသဘင်စုံတို့ဖြင့် တီးမှုတ်ကခုန်စေ၍ မင်းညီမင်းသား မှူးတော်မတ်တော်တို့ ကြပ်မစေပြီးလျှင် နေခြည်နေလျှံမထိစေရ၊ အလုံးစုံဝိတ်မြူ မှမ်းကြက်အပ်သော တန်ဆောင်းသုံးထပ်ဖြင့် ဖြည်းညင်းငြိမ့်လေးစွာ ဆောင်ယူ၊ လွှတ်တော်ရှေ့သို့ ရောက်ကာလ အသျှင် ဘဝရှင်မင်းတရားကြီး ဘုရား, အသျှင်မိဖုရားခေါင်ကြီးနှင့်တကွ မကိုဋ်ဒုယင် အဆင်တန်ဆာတော်များကို ဆင်ယင်တော်မူပြီးလျှင် မြေနန်းတော်ဦး စံနန်းတော်သို့ ထွက်တော်မူသည်။

မင်းသမီး, အိမ်ရှေ့မင်းသမီး, မှန်နန်းအပျိုတော်တို့မှာလည်း သနားတော်မြတ်ခံရသည့် မြတ်ရစ်မြိတ်ခံ အဆင်တန်ဆာများကို ဆင်ယင်၍ နောက်တော်လိုက်ကြရသည်၊ ငြိမ်သက်လျှင် ရတနာဆင်ဖြူတော်ကို ရှေ့တော်သို့ ဆောင်ယူဆက်သွင်းရသည်။

အသျှင်ဘဝရှင်မင်းတရားကြီးဘုရားလည်း မျက်ပုလဲစစ် တော်စင်ကြူနှစ် ခရသင်းပွတ်သစ်ကဲ့သို့သော တကိုယ်လုံးဖြူသောအသားအရေ၏ ထူးမြတ်တင့်တယ်ခြင်းကို မြင်တော်မူသဖြင့် နှစ်သက်ကြည်လင်ခြင်းရှိတော်မူသည်။ ထိုအခါ အဂ္ဂမဟာသေနာပတိ အမတ်စစ်သူကြီးတို့လည်း မတ်ရပ်သော ဇာရိယာပုထိဖြင့် ယပ်စွဲကိုင်လျက် လက်ကို ချီတုံချတုံပြု၍ ကောင်းချီးပေးကြလေသည်၊ စံနန်းတော်ရှေ့တွင် အသင့် စီစဉ်ခင်းကျင်းရှိသည့် မှန်နန်းတော်အပျိုတော်တို့လည်း ဘုန်းပေါင်းမင်္ဂလာ ဩဘာကောင်းတင်း ကျူးလျှောက်ခြင်းတို့ဖြင့် အတိုင်အဖောက် သံပြိုင်ကောက်၍ လက်ယှက်ညွတ်ပျောင်းကာ ဝဲယာယိမ်းနွဲ့ကြရလေသည်။

ပြီးလျှင် စည်ကြီးခွက်ခွင်း ဒုံမင်းပတ်သာစသော တူရိယာမျိုး တီးမျိုးမှုတ်မျိုးအပေါင်းတို့လည်း သောင်းသောင်းအုတ်အာ ညီညာဖြဖြ အားရ

အင်တက် နှစ်သက်ဝမ်းမြောက်စွာ တပြိုင်နက် တီးမှုတ် ကခုန်ကြရလေသည်။ ပြီးလျှင် ရတနာဆင်ဖြူတော်ကို ရွှေနန်းတော်ကြီးသို့ လက်ယာရစ်လှည့်စေပြီးမှ အသျှင် ဘဝရှင် မင်းတရားကြီးဘုရား ရွှေကရားဖြင့် ဘိသိက်ရေသွန်းတော်မူ၍ ဆင်မင်းကို သိမ်းတော်မူသည်။ ထိုအခါ စည်တော်စုံတီးရွမ်းပြီးလျှင် အမြောက်သံ ပေးရသည်။ ပြီးလျှင် စစ်သူကြီးလေးဦးတို့က မင်္ဂလာစကားလျှောက်ရသည်။ ပြီးလျှင် ဆင်မင်းကို ဇေယဝနနုပစ္စယနာဂရာဇာ ဘွဲ့တပ်ရသည်။ ဖွားဘက် အရံဆင်များကိုလည်း အသီးအသီး ဘွဲ့တပ်ရသည်။ ပြီးလျှင် ထူးမြတ်သောဆင်မင်းကို ဘွဲ့အမည်အရည် အစီးအနင်းအဆောင်အရွက် စားကျေးမြို့ရွာမှစ၍ ချီးမြှင့်ရန်ရှိသည်များကို အထူးချီးမြှင့်တော်မူသည်။

ဆင်မင်းကလည်း သာသနာတော်မြတ် အကျိုးစီးပွား, ငါအသျှင်ကေရာဇ်မင်းမြတ် အကျိုးစီးပွား, တိုင်းနေပြည်သူ ရှင်လူ အပေါင်းတို့အကျိုးစီးပွားများကို အစွမ်းရှိသမျှ ဆောင်ရွက်ရမည်အကြောင်းများနှင့် ဆင်မင်းကို အမိန့်တော်ပြန်မြိုပြန်ရသည်။ ပြီးလျှင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားက ဆင်မင်းအဆင်တန်ဆာ အသုံးအဆောင် စသောအဘွယ်အရာများကို လက်ဖွဲ့တော်မူသည်။ ပြီးလျှင် ဈေးပွဲကူးတို့ အခွန်အုပ် အခွန်ထမ်းတို့က အုန်း, ကြံ,ငှက်ပျောများကို ဆက်သကြရသည်။ ပြီးလျှင် မင်းညီမင်းသား မှူးတော်မတ်တော် တို့ကလည်း ထည်မျိုးအုပ်မျိုးများကို အသီးအသီး လက်ဖွဲ့ကြရသည်။ ပြီးလျှင် ဝင်တော်မူသည်။

ဆင်မင်းကိုလည်း ရွှေနန်းတော်အတွင်း ဆောက်လုပ် အသင့်ရှိသည့်ဆင်းမင်းနန်းသို့ ဆောင်ယူ၍ ဆင်မင်းဝန်အရာရှိတို့ကို နေ့ညဥ့် ကြီးကြပ်ကြည့်ရှုစေပြီးလျှင် ဆင်မင်းပျော်ဘွယ်အမှုထမ်းတို့ ကောင်းမွန်စွာ ကျွေးမွေးပြုစု စောင့်နေထမ်းရွက်ကြရသည်။

မဟာသကျသီဟ ရပ်ပွားတော် မြတ်ကို ပင့်ဆောင်ခဲ့ရာ ပဌမပင့်ဆောင်သည့်နေ့ကစ၍ ပင့်ဆောင်သူ အစုအမှုထမ်းလူသုံးထောင့် ငါးရာတို့ မပင်မပန်းစေရ၊ ဖြည်းညင်းသာယာစွာ ရပ်နားသင့်ရာရပ်နားသဖြင့် လမ်းခရီး တဆဲ့ကိုးရက်နှင့် သက္ကရာဇ် (၁၂၄၇) တထောင့်နှစ်ရာ့လေးဆဲ့ခုနစ်ခု ကဆုန်လပြည့်ကျော် နှစ်ရက်နေ့ မန္တလေး ရတနာပုံရွှေမြို့တော် ဂန္ဓကုဋိ အာလိန်သုံးဆင့်ခံ အုတ်ခုံအောက် နတ်လမ်းစောင်းတန်းတံတားဦးသို့ ဆိုက်ရောက်လျှင် အမြောက်သံသုံးချက် ကြားစေရသည်။

ထိုနှစ် နယုန်လဆန်း၍ရစ်ရက်နေ့ ရုပ်ပွားတော်မြတ်ကို ရပ်နေတော်မူ ရင်း နတ်လမ်းစောင်းတန်း တံတားဦးက အုတ်ခုံပလ္လင်တော်ထက်သို့ ပင့် ဆောင်တင်ယူမည်ရှိရာ ရတနာပုံရွှေမြို့တော် မြို့တွင်းမြို့ပြင် ရပ်ကွက်နေ ရဟန်းရှင်လူ ပြည်သူဆင်းရဲသားတို့နှင့် အနီးအဝေး မြို့ကျေးရွာက လာ ရောက်သူ ရဟန်းရှင်လူ ပြည်သူပရိသတ်တို့ပါ အုတ်ခုံပလ္လင်တော်မြေပြင် ပြည့်မျှ ဝင်ရောက်ဖူးမြော် ပူဇော်လှူဒါန်းကြသည့် ပရိသတ်တို့ အတွင်း ရုပ်ပွားတော်မြတ်ကို ဖြည်းညင်းသာယာစွာ ဘာလီကြိုးစက်နှင့် ဆွဲယူ ပင့်ဆောင်ရာ ထားရပ်ပလ္လင်တော်ပေါ်သို့ မွန်းယိမ်းအချိန် ရောက်တော် မူသည်။

ရုပ်ပွားတော်မြတ် ပလ္လင်တော်ထက်သို့ ဆိုက်ရောက်ရှိလျှင် ကြီးကြပ် ဆင့်ဆို စီရင်ပင့်ဆောင်ရင်း ဝန်ကြီး,ဝန်ထောက်, စာရေးကြီး, အသုံးစာ ရေး, စက်ဆရာ, ဗိသုကာဆရာ, အလုပ်သည်,ပညာသည်, ပန်းဘဲ,လက် သမားတို့မှစ၍ လုပ်ဆောင်သူတို့ကို ပတ္တမြားလက်စွပ်, ရွှေဖလား,ထည် မျိုးအုပ်မျိုး အထိုက်အလိုက် ဆုသနားတော်မူသည်။

ယင်းသည့်နယုန်လ နိုင်ငံတော် အနောက်တပြင် မြို့ကျေးရွာများ အနက် အဋ္ဌမဌာန စစ်ကိုင်းခရိုင် ခရိုင်ဝန်စုပါ အလုံမြို့မြောက်စုဝေပုံပါ မြို့ရွာများအတွင်း ခရိုင်ဝန် မခန့်မထားမီ သက္ကရာဇ်(၁၂၄၅)တထောင့် နှစ်ရာ့လေးဆဲ့ငါးခုနှစ်ကပင် ဓားပြလှေဦး အကြီးအမှူးပြု၍ ညိုငရွှေကုံ, ငရွှေပွင့်, ကြောလှိုင်တို့နှင့် အပေါင်းပါလူ နှစ်ဆယ်ကျော်တို့ သင့်ရာ တောတောင်ဌာန ကွက်ရပ်များတွင် ပေါင်းစည်းတိုင်ပင်ကြပြီးလျှင် ည အခါ မြို့ရုံးအရာရှိတို့နှင့် ဝေးကွာလှမ်းသည့် ကျေးရွာများသို့ ရံဖန်ရံခါ ဝင်ရောက်တိုက်ခိုက်ရှိသည်နှင့် နိုင်ငံတော်မြို့ရွာများကို ဆယ်ဌာနခွဲဝေ ၍ ခရိုင်ဝန်ခန့်ထားရှိသည့်အတိုင်း အဋ္ဌမဌာန စစ်ကိုင်း ခရိုင်ဝန်လည်း ပေးအပ်တော်မူသည့် ရဲမက်အမှုထမ်း လူတရာနှင့် ဓားပြတို့ကို ထောက် လှမ်းရှာဖွေ ဖမ်းဆီးစေသော်လည်း အလုံမြို့နယ်မြေသည် အရှေ့,အနောက် တောင်,မြောက် ခရီးနှစ်သောင်းခန့်စီနှင့်နှင့် ကျယ်ဝန်းသည်တကြောင်း၊ နွယ်ခွေ တောတန်းကြီးလည်း တောင်မြောက်နယ်ကုန် ဖြတ်သန်းလျက် နွေမိုးမပြတ် စိမ့်စမ်းရေထွက် ကိုးဆဲ့ကိုးရပ်ဌာန တောတောင်များတွင် ဓားပြလူဆိုးတို့ တနေရာက တနေရာသို့ ရွှေ့ပြောင်း နေထိုင်ကြသည် တကြောင်းများကြောင့် ဖမ်းဆီးမရရှိသည့်ပြင် ဓားပြတို့က တနေ့တခြား

အစည်းအရုံးများပြား အင်အားတိုးတက်ရှိသဖြင့် အလုံမြို့နယ်တွင်မှုမက နီးစပ်ရာ အမြင့်ငါးမြို့ဝန်စုပါ မြို့ကျေးရွာ, ဒိပဲယင်းမြို့ဝန်စုပါ မြို့ကျေးရွာများသို့ တောလမ်းခရီးဖြင့် လှည့်လည်သွားရောက် တိုက်ခိုက်တိုးပွားရှိသောကြောင့် လူဆိုးဓားပြတို့ကို တောတောင်အနှံ့အပြား သွားရောက်ရှာဖွေဖမ်းဆီးစေရန် နတ်ရှင့်ရွှေးသေနတ်ဗိုလ်နှင့် အမှုထမ်း လူသုံးရာ၊ မြောက်မာရဘင်သေနတ်ဗိုလ်နှင့် အမှုထမ်းလူသုံးရာတို့မှာ အလုံမြို့,အမြင့်မြို့နယ်မြေများကရင်း, လင်းဇင်းသေနတ်ဗိုလ်နှင့် အမှုထမ်း လူသုံးရာတို့မှာ ဒိပဲယင်းမြို့ နယ်မြေများကရင်း အသီးအသီး ရပ်နေပြီးလျှင် တဦးနှင့်တဦး ဆက်လက်ကမ်းလှမ်း၍ ထောက်လှမ်းဖမ်းဆီးစေရန် စေလွှတ်ချီတက်ထမ်းရွက်စေရာ မြောက်မာရဘင် သေနတ်ဗိုလ်နှင့် အမှုထမ်းလူ သုံးရာတို့သည် အလုံမြို့မြောက် မာရဘင်ဝေပုံပါ မောင်းထောင်ကျေးရွာတွင် ချရပ်နေထိုင်ရှိသည့်အတွင်း ဓားပြဗိုလ်ခေါ်ခံ ငလှဦးနှင့် အခေါင်းပါ ဓားပြလူတရာကျော်တို့ ညဉ့်အခါ မောင်းထောင်ကျေးရွာသို့ ဝင်ရောက်တိုက်ခိုက်ရှိသည်နှင့် မြောက်မာရဘင် အမှုထမ်းတို့က ခုံခံဝန်းပိုင်းတိုက်ခိုက်ရာ သေနတ်စာရေးတစ်, တပ်မှူးတစ်, အမှုထမ်းသုံးတို့ လက်နက်ထိမှန်သေဆုံးသည့်ပြင် စိန်သေနတ်လက်နက်များကိုပင် ဓားပြတို့ ယူဆောင်ထွက်သွားရှိလေသည်။

ဒိပဲယင်းမြို့နယ် ကျေးရွာများတွင်လည်း အိမ်ရှေ့ထမ်းဟောင်း ငမြကြီးဆိုသူ ဓားပြဗိုလ်ပြုလုပ်ပြီးလျှင် အခေါင်းပါလူ လေးဆယ်ကျော်ငါးဆယ်ခန့်တို့နှင့် လှည့်လည်တိုက်ခိုက်ရှိသည့်ပြင် အမြင့်ငါးမြို့ဝန်စုပါ တိုက်ကျန်ဆယ်ရွာ, အလွကပွမြို့ရွာ, ရပုကြီးရွာ,ရွှေရင်းမာနယ်မြေကျေးရွာများမှာလည်း ငလူဘော, ငလှငွေတို့ ဓားပြဗိုလ်ပြုလုပ် အခေါင်းပါ ဓားပြလူအများတို့ ဆိုးသွမ်းတိုက်ခိုက်ရှိကြလေသည်များကို ခရိုင်ဝန်, မြို့ဝန် အရာရှိ, အစုသေနတ်ဗိုလ်တို့ ဖမ်းဆီးပါသော်လည်း ကိန်းခန်းအလျောက် ဓားပြတယောက်ကို ဖမ်းမိလျှင် နှစ်ယောက်ပွားများလာသည်၊ နှစ်ယောက်မိလျှင် လေးယောက်ဆိုဘိသကဲ့သို့ ဖမ်းဆီးရမိခြင်းနှင့် တိုးတက်ပွားများခြင်းမမျှ ဓားပြတို့ တနေ့တခြား အင်အား တိုးတက်အဘိုက်အနိုက်များပြား မြို့ရွာမငြိမ်မဝပ်ဆင်းရဲသားတို့ ကိုယ်စိတ်နှစ်ဖြာ မချမ်းမသာ လုပ်ငန်းစီးပွားပျက်ပြား ရှိကြသည်များကို အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ကြားသိတော်မူသည်နှင့် မှူးတော်မတ်တော်တို့ အစုံအညီတွင် အမိန့်တော်ရှိသည်ကား-

ခိုးသေးခေးပြ ပြည်လှေးပြည်မှား ဆိုသည့်အရာသည် အနည်းငယ်မျှသာဖြစ်သည်ဟူ၍ငင်း, တမြို့တနယ်တွင်သာဖြစ်သည်ဟူ၍ငင်း လေးစားမဲ့ပြု၍ လျစ်လျူနေထိုက်နေသင့်သည်မဟုတ်၊ တစတစ အင်အားကြီးသည်ဖြစ်က ပြည်သူဆင်းရဲသားတို့အကျိုးစီးပွားပျက်ပြားခြင်း၊သာသနာတော်ကျိုး, တိုင်းကျိုး, ပြည်ကျိုးကိုသော်လည်း ထိပါးတတ်ခြင်း အကြောင်းဖြစ်၍ ယင်းသည့် ခေးပြတို့ကို လက်ရုံး နှလုံး သင့်ရာနှင့် နေ့ရက်မကြာပြေပျောက်ငြိမ်းချမ်းအောင် အရာရှိကြီးတဦးကို လူလက်နက်ပေးအပ်ထပ်မံစေလွှတ်သိမ်းပိုက်စေမှ သင့်မည်ဖြစ်သည်။ မည်သူ့ကို စေလွှတ်သိမ်းပိုက်စေရန် သင့်ကြောင်းနှင့် ညှိနှိုင်းတင်လျှောက်ကြရမည်–အမိန့်တော်မြတ်အရ–

အစည်းအဝေးဝင် မှူးတော်မတ်တော်တို့ ညှိနှိုင်းတိုင်ပင် သဘောညီညွတ်သည့်အတိုင်း မည်သူက ရေးသားကြောင်း ထုတ်ဘော်ခြင်းမရှိစေဘဲ စေလွှတ်ရန် သင့်သူအမည်ကိုသာလျှင် မဲလက်မှတ်ရေးသားထားကြပြီးလျှင် မဲလက်မှတ်များဖတ်ကြည့်ရာ အာဒါသမုခဇာတ်၌ဂါမဏိစန္ဒအမတ်ကဲ့သို့ တည်ကြည်သော နှလုံးရည်၊ မဟာယောဓ, ဒါဌာသေနစစ်သူကြီးတို့ကဲ့သို့ ခိုင်ကြံ့သောလက်ရုံးရည်၊ အရည်နှစ်ပါးတို့၌ အလုံးစုံမချွတ်မယွင်းရှိသူ အရှင့်အမှုတော်ကို လက်ဘဝါးကဲ့သို့ မှောက်ခြင်းလှန်ခြင်းမရှိ ပကတိဖြောင့်မတ်စွာ ကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့သောနှလုံးသွင်းဖြင့် ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား လက်ထက်တော်က ရွှေလက်ထက်တော်တိုင် အမှုတော်ထမ်းရွက်ခဲ့သူ အတွင်းဝန်လှေသင်းဝန် စလေမြို့စားကို စေလွှတ်ရန်သင့်ကြောင်း မဲလိပ်အများရရှိသည်ဖြစ်၍ အမိန့်တော်မြတ်ခံပြီးလျှင် အတွင်းဝန် လှေသင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာဇေယကျော်ထင်သို့ လက်နက်ကိုင် လှေအစုအမှုထမ်း လူ ငါးရာ ပေးအပ်သွားရောက်ဖမ်းဆီးစေရာ အတွင်းဝန် လှေသင်းဝန် စလေမြို့စားလည်း သူခိုးခေးပြထကြွရင်း အမြင့်ငါးမြို့, အလုံမြို့, ဒီပဲယင်းမြို့များသို့ဆိုက်ရောက်၍ ခေးပြတို့အကြောင်းအရာများကို အလုံးစုံထောက်လှမ်းမေးမြန်းသိသာသည်နှင့် အကြံဖြစ်သည်ကား–

ဤခေးပြတို့ကို လူလက်နက်အင်အားနှင့် သွားရောက်တိုက်ခိုက် ဖမ်းဆီးရမည်လည်း မည်သည့်နေရာဌာနတွင်မှ အစုအရုံးနှင့် အထင်အရှားနေထိုင်ကြသည်မဟုတ် တောတောင်ကြီးရာမှာအသီးအသီးနေထိုင်ကြပြီးလျှင် တိုက်ခိုက်လိုသည့်အခါမှ အစုံးရအရာရှိအမှုထမ်းတို့ နေထိုင်ချမှ

ရှိသည့်နေရာနှင့် လှမ်းကမ်းဝေးကွာသည့်ကျေးရွာများကိုသာ အမှတ်မဲ့ ဝင်ရောက် ချက်တဖြုတ်တိုက်ခိုက်ခြင်းမျှသာ ဖြစ်သည်တကြောင်း၊ အင်္ဂလိပ်ခေါ်လူဖြစ်စေ အပေါင်းအသင်း ပြုလုပ်ပါဝင်သူ ဖြစ်စေ မည်သူမဆို ဆိုးသွမ်းပြုကျင့်ခဲ့သည့် အလျောက် အသက် ဆုံးရှုံးရခြင်း, ထောင်တန်း အကျဉ်းခံနေရခြင်းစသော ရာဇဝတ်ပြစ်ဒဏ်မှ ကင်းလွတ်လျက် ကောင်းမွန်ချမ်းသာစွာ နေထိုင်မြဲ နေထိုင်လိုသူတို့မှာ မည်သို့ဆိုးသွမ်းပြုလုပ်ဘူးကြောင်း၊ ရှေ့ကို ရာဇဝတ်တော်ကြောင်းနှင့်စပ်၍ တစုံတရာ ကျူးလွန်မပြုမလုပ်ပါမည်အကြောင်းများနှင့် မြို့ရွာအတွင်းနေထိုင်ရှိသူဖြစ်စေ တောတောင်ခိုမှီနေထိုင်သူဖြစ်စေ မြို့ရွာသူကြီးတို့ထံမှာသော်ငင်း, မြို့ရုံးအရာရှိတို့ထံမှာသော်ငင်း အတည့်အလင်း ဝင်ရောက်ပြောဆိုစာရင်းချမှတ်ပြုလုပ်လျှင် နောက်နောက်သောကာလတို့ကမည်မျှလောက်ကြီးသောအပြစ်ကို ပြုကျင့်ဘူးသော်လည်း တစုံတရာ ပြစ်ဒဏ်မထား၊ ကင်းလွတ်ချမ်းသာခွင့်ပေးပြီးလျှင် အလိုရှိရာ မြို့ရွာများတွင် ချမ်းသာစွာ နေထိုင်စေမည်၊ သည့်ကဲ့သို့ ဝင်ရောက် စာရင်းမချမမှတ်ရှိနေသူ လူဆိုးခေါ်မည်ပြတို့မှာ မည်သည့်အရပ်ဒေသတွင်မှ ခိုမှီနေထိုင်ခွင့်မရအောင် အရပ်ရပ်နယ်ရှင်အကြီးအအုပ်တို့ကို ဆင့်ဆို၍ အမှုထမ်းရဲမက်တော်တို့နှင့် မြို့ရွာတောတောင်အနှံ့အစပ် လိုက်လံရှာဖွေ ထောက်လှမ်းဖမ်းဆီးပြီးလျှင် ကြီးစွာသော ရာဇဝတ်ပြစ်ဒဏ်ကို စီရင်မည် အကြောင်းများနှင့် အမိန့်ကြော်ငြာစာ ရေးသား၍ မြို့ရွာအနှံ့အပြား ဆင့်ဆိုထုတ်ဝေခြင်းကိုပြုလုပ်လေသည်။

ထိုသို့ ထုတ်ဝေသောကြော်ငြာစာများကို ဓားပြလူဆိုးတို့ ကြားသိကြသည့်ကာလ ဆိုးသွမ်းကျင့်ကြံပြုလုပ်ခဲ့သမျှ အပြစ်ဒဏ်များကို ချမ်းသာခွင့်ပေးသည်တကြောင်း၊ ရှေ့သို့လည်း အထူးအားထုတ် လိုက်လံဖမ်းဆီးခြင်းကို ပြုလုပ်သည်ဖြစ်က ခိုမှီနေထိုင်ရန် တိမ်းရှောင်ထွက်ပြေးရန် ကျဉ်းကျပ်ခဲယဉ်း ရှိမည်တကြောင်းများကြောင့် လူဆိုးဓားပြတို့ အသီးအသီး

ဝင်ရောက်စာရင်းချမှတ်ကြလေသည်။ ဝင်ရောက် စာရင်းချမှတ်သူ ခေါ်ပြ တို့ မေးချက်ထွက်ချက်ပါ ပေါင်းသင်းပါဝင် ဆိုးသွမ်းဘူးသူ ခေါ်ပြလူဆိုး တို့ကိုလည်း နယ်ရှင်အကြီးအအုပ်တို့ထံ အသီးအသီး တောင်းခံပေးအပ် ကြရလေသည်။

ဤကဲ့သို့ ဝင်ရောက် စာရင်းချမှတ်တောင်းခံပေးအပ်သူ ခေါ်ပြလူဆိုး နှစ်ထောင်ခန့်တို့မှာ ဒုတိယ ဌာန-အဝခရိုင်, သတ္တမ ဌာန-ချင်းတွင်း ကြောင်းခရိုင်, အဋ္ဌမဌာန-စစ်ကိုင်းခရိုင်, နဝမဌာန-ရတနာသိင်္ဃ ခရိုင် နယ်နေလူတို့ပင်တည်း။

ယင်းသည့် လူဆိုးခေါ်ပြတို့ကိုလည်း ရာဇဝတ်တော် ပြစ်ဒဏ်မှစ၍ ကြေးငွေကုန်ကျမရှိစေရ ရွှေကိုသာ မဆိုးဝံ့အောင် အကယ်၍ ဆိုးသွမ်း ပြုကျင့်ခဲ့လျှင်လည်း ပြစ်ဒဏ်ကြီးစွာစီရင်ရန် ထင်ရှား ထောက်အောင် ငမည့်သူမဆိုးနှင့်-ဟူသောအက္ခရာကို ဝဲဘက်လက်မောင်းတွင်းက, သတိ ထား-ဟူသောအက္ခရာကို ယာဘက်လက်မောင်းတွင်းက မင်နှင့် စာလုံး အက္ခရာပီပြင်စွာ အသီးအသီး ထိုးမှတ်စေ၍ ကောင်းမွန်ချမ်းသာစွာ နေ ထိုင်စေသည်။

ဤကဲ့သို့ နှသုံးရည်ဖြင့် သိမ်းပိုက်ပြုလုပ်ရာ လရက်မကြာမီ လူဆိုး ခေါ်ပြတို့ အလုံးစုံလက်တွင်းသို့ကျရောက်၊ တဖန် နှောင့်ရှက် တိုက်ခိုက် ခြင်းမရှိ၊ နိုင်ငံတော်အတွင်း ဆင်းရဲသားကျွန်တော်မျိုးတို့ ကူးသန်းရောင်း ဝယ် လုပ်ကိုင်စားသောက် မြို့ကျေးရွာသာယာပြိမ်ဝပ်ရှိလေ၏။

ယင်းသည့်လ ဥရောပတိုက် အနောက်နိုင်ငံများသို့ သံတော်အဖြစ် ခန့်ထား စေလွှတ်တော်မူသော အတွင်းဝန် မြို့သစ်မြို့စား, ဝန်ထောက် သံချက်ဝန်, စာရေးကြီး, မြေတိုက်သံဆင့်, လက်ဘက်ရည်တော်တို့သည် အတိုင်းတိုင်း အပြည်ပြည်သို့ လှည့်လည်၍ ဆောင်ရွက်ရန်ရှိသည့် ကိစ္စ များကို ဆောင်ရွက်ပြီးပြေသောကြောင့် ပြန်လည်လာရာ ရွှေဘဝါး တော်အောက်သို့ ဆိုက်ရောက်ကြလေသည်။

ထိုနှစ် ပဌမဝါဆိုလ ဒဝယ်မြို့ကဆက်သည့် သီရိမဟာ သုဘဒ္ဒာ ရတနာဆင်ဖြူတော်မ ကံငြိမ်းသည်ကို အမရပူရ ပဌမ မြို့တည်နန်းတည် ဘေးတော် မင်းတရားကြီးဘုရား လက်ထက်တော် သီရိမလ္လာ မဟာ သုဘဒ္ဒာရတနာဆင်ဖြူတော်မကံငြိမ်းရာ သင်္ဂြိုဟ်သည့်နည်း လုပ်ဆောင် သင်္ဂြိုဟ်စေ-အမိန့်တော်မြွက် အရ ရတနာဆင်ဖြူတော်မ အလောင်းကို တန်ဆောင်းပြာသာဒ် စွတ်ဖားထက်တင်ဆောင်ပြီးလျှင် စည်ဆိုင်းစသော

အစီအစဉ် အခမ်းအနားများနှင့် မူးတော်မတ်တော်အရာရှိတို့ ကြပ်မစေ လျက် ရွှေနန်းတော်အတွင်း တောင်ဥယျာဉ်တော်က အနောက်တံခါး သို့ထွက်၍ သင်းချိုင်းတော်တွင် မြေနှံသဂြိုဟ်ရသည်။

ယင်းသည့်လ မြန်မာနိုင်ငံတော်နှင့် ပြင်သစ်နိုင်ငံ ရာဇမဟာမိတ် ဖြစ်သည့်အတိုင်း ပြင်သစ် သမ္ဘတမင်းက ကိုယ်စားလှယ်တော် အဖြစ် ဖြင့် ရတနာပုံရွှေမြို့တော်တွင် နေထိုင်စေရန် ရာဇသံလက်ဆောင်တော် များနှင့်စေလွှတ်သည့် မဒရပ်မြို့အနီး ပြင်သစ်မင်းပိုင် ပွန်ဒီချေရီမြို့တွင် စာရေးကြီးအဖြစ်နှင့် ထမ်းရွက်နေထိုင်ဘူးသူ ပြင်သစ်ကောင်စစ် 'မစ်ရှီ ပရိတ်ဒါရစ်အက်စ' ဆိုသူ ဆိုက်ရောက်ရှိသည်ကို သင်းဘောဆိပ်က ရွှေ နန်းတော်ရောက် ကြိုယူမြဲ အစီအစဉ်အခမ်းအနားများနှင့် ကြိုယူစေပြီး လျှင် ရွှေမျက်နှာတော် အဖူးအမြော် ရွှေတော်သို့ ဝင်ရောက်စေရာ မှန် တင်ခုံနှင့်တကွ မှန်ကြီးတစ်၊ လက်ကိုင်မှန်ငယ်တစ်၊ ဆင်စွယ်မျက်နှာချေ ကြုတ်တစ်၊ ရေမွှေးဘူးတစ်၊ အန်းဘတ်ဆီဘူးကြီးတစ်၊ စိုင်ချိုဖြီးနှစ်၊ ရေ မွှေးထည့် ဆင်စွယ်ကြုတ်နှစ်၊ သားရေနလက်စွပ်တစ်၊ ကြေးကုလားရုပ် ကြေးခုံပါတစ်၊ ဆင်စွယ်ညှပ်တစ်၊ ပန်းစိုက်ကြွေအိုးကြီးတစ်များကို ဆက် သပြီးလျှင် တိုင်းကျိုးပြည်ကျိုးဖြစ်ထွန်းရန်အကြောင်းနှင့်စပ်၍ တင်လျှော် ရန်ရှိသည့်အခါ တင်လျှောက်ခွင့် သနားတော်မြတ်ခံရန် တင်လွှာရေး သား တင်လျှောက်သည်။

အသျှင် ဘဝရှင်မင်းတရားကြီးဘုရားလည်း တင်လျှောက်ရန်ရှိလျှင် မူးကြီးမတ်ကြီးတို့ကို တိုင်တန်း၍ တင်လျှောက်သင့်လျှင်တင်လျှောက်စေ ရန် အခွင့်ပေးတော်မူ၍ မေးမြန်းသင့်ရာမေးမြန်းတော်မူပြီးလျှင် ကောင်း မွန်စွာ နေရာချထား နေထိုင်စေရမည်-အမိန့်တော်မြတ်အရ ယင်းသည့် ပြင်သစ်ကိုယ်စားလှယ်ကို ရွှေမြို့တော်အနောက်မျက်နှာရှိ ပြင်သစ်သံတဲ အနီး ခန်းပတ်ဝန်ကြီးဟောင်း ဝင်းတွင် နေရာချထားနေထိုင်စေသည်။

### သံချက်ဝန်ထောက် ပါရစ်မြို့သို့ သွားရောက်ခြင်း-စသည်နှင့် ချင်းတွင်းကြောင်း၊ မူးကြောင်း သစ်များစစ်ဆေးခြင်း

ထိုနှစ် ဒုတိယဝါဆိုလ ပြင်သစ်၊ အီတာလျံ၊ ဂျာရမံနိုင်ငံများနှင့် မဟာ မိတ်ဖြစ်သည့်အတိုင်း ကိုယ်စားလှယ်တော်အဖြစ်နှင့် ပြင်သစ်နိုင်ငံ ပါရစ် မြို့ဘွင် အမြဲနေထိုင်၍ တိုင်းရေးပြည်မှု ပြောဆိုရန်ရှိသည်များကို ပြောဆို ရန် အင်္ဂလိပ်၊ ပြင်သစ်၊ နှစ်ဘာသာကို ကောင်းစွာတတ်ကျွမ်းသူ ဝန်

ထောက်သံချက်ဝန် မင်းကြီးမင်းလှမဟာစည်သူကို အမွှာစေဒါ-ခေါ် သံကြီးအဖြစ်ခန့်ထားပြီးလျှင် အမှာရေးမင်းလှရာဇာကို စာရေးကြီးအရာနှင့် လက်ထောက်စာရေးနှစ်တို့ပါ ထည့်အပ်၍ ပြင်သစ်နိုင်ငံနှင့် ချုပ်ဆိုသည့်မဟာမိတ်စာချုပ်ကိုလက်မှတ်တော်တင်ပြီးလျှင်စာချုပ်ချင်းလဲလှယ်စေရန် သုံးနိုင်ငံမင်းကြီးထံပေးအပ်ရန် ရာဇသံလက်ဆောင်တော်များကို ပေးအပ်စေလွှတ်တော်မူသည်။

ယင်းသည့် လတောင်ငူမြို့နေသစ်ခေါင်းကြီးကိုးဦးတို့နှင့် အပေါင်းပါ သစ်ခေါင်းတို့က တောင်ငူမြို့တွင် သစ်တောအလုပ်အဆောင် များကို အခွန်တော်နှင့် ချထားလုပ်ဆောင်စေသူ အခွန်ထမ်း အင်္ဂလိပ်ကုန်သည်ကြီး ဘုံဘေဘားမားကုမ္ပဏီ မြိုက်စစ်, မက္ကစဝက်တို့ သစ်တော်များကို သင်းသတ်ခုတ်လုပ်ချဆောင်ရာ (၁၂၄၅) တထောင့်နှစ်ရာ့လေးဆဲ့ငါးခုနှစ်က (၁၂၄၇) တထောင့်နှစ်ရာ့လေးဆဲ့ခုနစ်ခုနှစ်တိုင် နှစ်နှစ်အတွက် သစ်လုံးရေ ရှစ်သောင်းကျော် ကျောက်တိုင်တောင်ဘက်သို့ ထုတ်ယူစုန်မျှောရှိသည်ကို အခွန်ရုံးတော်တွင် သစ်လုံးရေ သုံးသောင်းကျော်သာ ယုတ်ယူ ထွက်ရှိကြောင်းစာရင်းတင်ပေး၍ သစ်လုံးရေ ငါးသောင်းကျော် ထိမ်ချန်ကဲ့ဇွက်ပြုလုပ်သောကြောင့် အကျိုးတော်အများယုတ်လျော့သည့်ပြင် သစ်သင်းခုတ်လုပ်ချဆောင်ခဲ့သည့်ငွေများကိုလည်း ပြေကုံအောင်မပေးမရ၊ ဆင်းရဲသားသစ်ခေါင်းတို့ နင့်နာရှိကြောင်းနှင့် ရွှေနားတော်ကြား တင်လျှောက်ရှိ၍ သစ်ခေါင်းတို့တင်လျှောက်ချက်အတိုင်း မှန်မမှန် လွှတ်တော်ကစစ်ဆေးစီရင်စေ-အမိန့်တော်မြွက်အရအခွန်ထမ်းကုမ္ပဏီတို့ကို လွှတ်တော်ကမေးရာ မဖြောင့်ကွယ်ကန်ရှိ၍ ဤသစ်မှုနှင့် စပ်လျဉ်းသမျှ မေးမြန်းသင့်ရာ မေးမြန်းစစ်ဆေးကာလ အင်္ဂလိပ်အစိုးရမင်းတို့က ထားသည့် ကျောက်တိုင်တောင်ဘက် တောင်ငူမြို့သစ်တောရုံးက မှတ်သားသည့် စာရင်းအထွက်အရကို လိုက်နာထိုက်သည့်အတိုင်း တောင်ငူမြို့ သစ်တောရုံးရှိသစ်ထုတ်စာရင်းကို ကူးယူကြစေ၍ ကူးယူရစာရင်းကို ကြည့်ရှုပြီးမှ ထိုက်သက်ရာ ရွေးချယ်စီရင်ရမည်ဟု ပဥ္စမ ကောက်ယူစီရင်ချက်အရ အမှုသည်တို့နှင့် မြန်မာအစိုးရတို့က သူရဲစာရေးမောင်ကူးကို ဖက်ထည့်ပြီးလျှင် ရန်ကုန်မြို့ရှိမဟာမင်းကြီးထံ အကြောင်းအရာစာပေးပို့စေလွှတ်ရာ မဟာမင်းကြီးက တောင်ငူမြို့သစ်တောရုံးသို့ ဆင့်ဆိုသည့်စာနှင့် တောင်ငူမြို့သစ်တောရုံးက သစ်ထုတ်စာရင်းကို စုံညီကူးယူကြရလေသည်။

ယို့နှစ် ဝါခေါင်လဆန်း၊ တရက်နေ့ အသျှင်နှစ်ပါး ကုသိုလ်တော် ပွား ရန်ကုန်မြို့ရှိ ဒဂုံဆံတော်ရှင်ဘုရားအား လှူဒါန်းရန် အလှူတော် အသွယ်အရာများနှင့် ရန်ကုန်မြို့တွင် အထူးအဆန်း အသုံးအဆောင် များ ဝယ်ယူခဲ့ရန်, ပဲခူးမြို့ရှိ ဆင်ဖြူတော်ကိုလည်း ဝင်ရောက်ကြည့်ရှု မှတ် သားခဲ့ရန်-အမိန့်တော်ရှိ၍ အချုပ်ဝန် ရွှေတောင်ကျော်, မံသကြီးရွာ စား သီရိသုကလျာ, စမွန်းကြီးရွာစား, ရွှေကူမြို့စား, အပျိုတော် မဘီတို့ ကို ငွေတော်ခုနှစ်သောင်း သနားတော်မူပြီးလျှင် ရတနာယာဉ်မွန် သင်း ဘောတော်နှင့် စေလွှတ်တော်မူသည်။

ယင်းသည့်နေ့ မောက်မယ်စော်ဘွား ကမ္ဘောဇ သီရိပဝရ မဟာဝံ သဇေယရာဇာက အတိုင်းသုံးတောင်ကျော်ရှိ ကွင်းသာခေါ်ဆင်တော်, တိုးကလေးခေါ်ဆင်တော်, နတ်ထုံးခေါ်ဆင်တော်, တောင်လှခေါ်ဆင် တော်, ပေါက်လေးစီးကိုဆက်သရာ ဆင်ဝန်, ဆင်ဝန်ထောက်, ဆင် လက္ခဏာဖတ်စသဖြင့် ဆင်အရာရှိ မှူးတော်မတ်တော်တို့ ကြီးကြပ်ကြည့် ရှု ပြီးလျှင် ဆက်သွင်းရသည်။

သက္ကရာဇ် (၁၂၄၇) တထောင့်နှစ်ရာ့လေးဆဲ့ခုနစ်ခု ဝါခေါင်လ ဆန်း နှစ်ရက်နေ့ တောင်ငူမြို့သစ်တောရုံးက ကူးယူသည့် သစ်ထုတ်စာ ရင်းကို စေလွှတ်ရင်းသူတို့ စုံညီတင်ပြရှိသည့်အတိုင်း တိုက်ဆိုင်ကြည့်ရှုစစ် ဆေးသည့်ကာလ သစ်ခေါင်းတို့ တင်လျှောက်ချက်အတိုင်း သစ်လုံးရေ ငါးသောင်းခြောက်ထောင်ကျော် ထိမ်ချန်ထုတ်ယူကြောင်းထင်ရှားသည်- လွှတ်တော်က အယူရှိသောကြောင့် ဝန့်ရှင်တော်သေနတ်ဝန် လယ်ကိုင်း မြို့စားမင်းကြီး, ဝန့်ရှင်တော် တောင်ခွင်မြို့စား မင်းကြီး, ဝန့်ရှင်တော် တိုင်တားမြို့စားမင်းကြီး, အတွင်းဝန်ပေါက်မြိုင်မြို့စား, အတွင်းဝန်မြို့သစ် မြို့စား,ဝန်ထောက်, သံတော်ဆင့် စသော မှူးတော်မတ်တော်တို့နှင့် သစ် တောအခွန်ထမ်းဗြိုက်စစ်, မက္ကစဝက်တို့ကိုယ်စားလှယ် အီတာလျံကောင် စစ်ဝန် အမ္ဗြိနေ၁, ပွဲစားမောင်အောင်ဘတို့စုံညီ ဗြိတိုက်တော် ဂဇာ သနရာဇပလ္လင်တော်ရှေ့တွင် သံတော်ဆင့် မဟာမင်းထင်မင်းကျော်ရာဇာ ဖတ်ကြားစေ၍ သစ်တောကုမ္ပဏီတို့ ထိမ်ချန်ထုတ်ယူသည့် သစ်လုံးရေ ငါးသောင်းခြောက်ထောင်ကျော်အဘိုးများကို တော်သစ်အကောက်နှုန်း အကျ နှစ်ဆတန်ငွေ နှစ်သန်းသုံးသိန်းကျော် ကို သစ်တော အခွန်ထမ်း ကုမ္ပဏီ အင်္ဂလိပ်ကုန်သည်ကြီး ဗြိုက်စစ်,မက္ကစဝက်တို့ကဥပဒေထုံးစံအတိုင်း ပေးလျော်ဆက်သွင်းစေ-ကောက်ယူစီရင်သည်။

ယင်းသည့်လဆန်းလေးရက်နေ့ မူးကြောင်း ချင်းတွင်းကြောင်းက ချဆောင်စုန်မျောသည့်သစ်များကို သစ်တောအခွန်ထမ်းကုမ္ပဏီတို့ ထိမ်ချန်ကွဲဝှက်မရှိစေရန် အမိန့်တော်နှင့် အခွန်စာရေးငလှိုင်, ပေါက်မြိုင်မြို့အုပ်ပောင်း ငဘိုးမင်းတို့ကို စေလွှတ်သွားရောက် စစ်ဆေးမှတ်သားရသည်။

### မောက်မယ်က လက်ဆောင်တော် ဆက်ခြင်း
### အုတ်ဝန်နှင့် တောင်ငူရမည်းသင်းဝန်ကို အရာကနုတ်ခြင်း
### ရန်ကုန်မဟာမင်းကြီးထံက စာရောက်ခြင်း

ယင်းသည့်လဆန်းခုနစ်ရက်နေ့ မောက်မယ်စော်ဘွား ကမ္ဘောဇရဋ္ဌမဟာဝံသသီရိသုဓမ္မရာဇာက သား-ခွန်မှုံကို ရွှေဘဝါးတော်အောက်သို့စေလွှတ်၍ ဆင်စီးရေလေး၊ ပန်းနှစ်ထပ်ဆင်စွယ်ရိုးတပ်ရွှေကွပ် ဓားလွယ်စင်းရေနှစ်၊ အချိန်တဆယ်ခုတ် ရွှေဖလားလုံးရေနှစ်၊ အချိန်ကိုးကျပ်ခုတ်ရွှေဖလားလုံးရေတစ်၊ အချိန်သုံးဆဲ့နှစ်ကျပ်ငါးမူးလုပ် ဆေးလိပ်တော်ထည့် ရွှေသားသေတ္တာလုံးရေတစ်၊ ဒေါင်းမြီးဘုတ် စင်းရေငါးများကို ရှိခိုး လက်ဆောင်တော်အဖြစ်ဆက်သည်။

ယင်းသည့်လဆန်း တဆဲ့ငါးရက်နေ့ နိုင်ငံတော် အနောက်တပြင်မြောက်တပြင် မြို့ရွာများတွင် ဆိုးသွမ်းတိုက်ခိုက်ရှိသည့် ဓားပြလူဆိုးတို့ကို နှလုံးရည်ဖြင့် အသာအယာခေါင်ငင်သိမ်းပိုက် မြို့ရွာအကြီးအအုပ်တို့ထံ အသီးအသီးအပ်နှံထားရှိရာ လုယက်တိုက်ခိုက်ခြင်း မရှိ နိုင်ငံတော် သာယာအေးချမ်းသောကြောင့် ပြန်လာစေ-အမိန့်တော်အရ အတွင်းဝန်လှေသင်းဝန်စလေမြို့စားသည် ရောဝတီမြစ်ကြောင်းက သင်းတောတော်နှင့်ပြန်လာရာ ရွှေဘဝါးတော်အောက်သို့ ဆိုက်ရောက်ရှိသည်။

ယင်းသည့် လပြည့်ကျော် နှစ်ရက်နေ့ မိုင်းနောင်ကြောင်းတွင် အမှုတော်ထမ်းရွက်နေ့ထိုင်ရှိသည့် ဗိုလ်ချုပ်ဝန်ထောက်မြင်းစုကြီးဝန်မင်းကြီးမဟာမင်းခေါင်ကျော်ထင်ကို သူကောင်းထမ်းလူတို့နှင့် ရွှေမျက်နှာတော်အဖူးအမြော် ပြန်လာစေ-အမိန့်တော်အရ ရွှေဘဝါးတော် အောက်သို့ပြန်လာရသည်။

ယင်းသည့်လပြည့်ကျော်ကိုးရက်နေ့ သံတော်ဆင့်အုတ်ဝန်သည် ရွှေမြို့တော်ရွှေပြင် မဟာဝိဇယပုည မှန်စီကျောင်းတော်တွင် မဟာရံ တံတိုင်းမီးတားနှစ်ထပ်နှင့်တံခါးများ,ငုင်းတိုက်အတွင်း စကြံကျောင်းလုပ်ဆောင်

သည်များကို ထုတ်ပေးတော်မူရင်း ငွေတော်နှင့် တွက်စစ် ဆေးကြော စေ-အမိန့်တော်အရ အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြှိုင် မြို့စားက ကုန်ဝင်စာရင်းများ တွက်ချက် စစ်ဆေးရာ ငွေ ခြောက်ထောင့် ငါး ဆယ်ကျော် စားယူသည်ကို တွေ့ရှိပေါ်ပေါက်သောကြောင့် ဥပဒေ တော်အတိုင်း ဘိုးကြီးကို သံတော်ဆင့်အုတ်ဝန်အရာက ရပ်သိမ်းတော် မူသည်။

ယင်းသည့်လပြည့်ကျော် ဆယ်ရက်နေ့ အထူးအဆန်း အဘွယ်အရာ များကို ရန်ကုန်မြို့သို့ သင်းဘောတော်နှင့် အဝယ် စေခိုင်းတော်မူလိုက် သော ဖောင်ဝန်,အချုပ်ဝန်, မံသကြီးရွာစား, စမွန်းကြီးရွာစား, အမျို တော်မဘီတို့ ပြန်လာရာ ရောဝတီမြစ် ဝေါဝိန်ဆိပ်ကမ်းသို့ ဆိုက်ရောက် ရှိ၍ ၎င်းတို့ဝယ်ခြမ်းပါရှိသည့် အထူးအဆန်း အဘွယ်အရာများကို လက် သုံးတော်တို့ သွားရောက်ကြိုယူဆက်သွင်းရသည်။

ယင်းသည့်လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ စလင်းဝန်ကို စလင်းဝန် အရာနှင့်လဲ၍ တောင်တွင်းကြီးမြို့ဝန် သင်းသေနတ်မိုလ်၊ ရှိရင်း တောင် တွင်းကြီးဝန် သင်းသေနတ်မိုလ်ကို စလင်း-ကျပင်းနှစ်မြို့ဝန်၊ အောင်ပင် လယ်လမိုင်းဝန်ကို လမိုင်းဝန်အရာနှင့်လဲ၍ သံတော်ဆင့်၊ မြို့စာရေး ရွှေ လောင်းကျောက်ဆည်ဝန်, စေဥ့်ကူးမြို့ဝန် လမိုင်းဝန်ကို အရာကနုတ်၍ သင်းသေနတ်မိုလ်ပေါ်ချိုကို စေဥ့်ကူးမြို့ဝန် လမိုင်းဝန်၊သူရဲစာရေးဟောင်း ငကူးကို အလွှကပ္ပဝန် သင်းသေနတ်မိုလ်၊ ပလိုင်းလက်စွဲဟောင်းငဆယ် နှင့် ရွှေပြည်မှန်ကင်း သေနတ်စာရေး ငပေါ်ချိုတို့ကို အလုံမြို့စစ်ကဲ အသီး အသီး ခန့်တော်မူသည်။

စာရေးကြီး ဗန်းမော်လေးမြို့ဝန် အညာမြစ်စဉ်ဝန်ကို အရာကနုတ်၍ ရွှေဘဝါးတော်အောက် ပြန်လာစေ၊ လင်းဇင်းသေနတ်မိုလ် ဒီပဲယင်း မြို့ဝန် သင်းသေနတ်မိုလ်ကို ရွှေဘဝါးတော်အောက် ပြန်လာစေ၍ ဒီပဲ ယင်းမြို့ဝန်သို့ ပြန်လာသည့်အတွင်း အဋ္ဌမဌာနစစ်ကိုင်းခရိုင်ဝန် မင်းကြီး မဟာမင်းလှရာဇာက ဒီပဲယင်းမြို့တွင် ရပ်နေစီရင်စေ-အမိန့်တော် ရှိ၍ ဗန်းမော်ဝန်နှင့် ဒီပဲယင်းဝန်တို့ ရွှေဘဝါးတော်အောက်သို့ ပြန်လာရ သည်။

တောင်ငူ ရမည်းသင်းနှစ်မြို့ဝန် သင်းသေနတ်မိုလ်သည် သုံဘောဘား မားကုမ္ပဏီဂြိုလ်စစ်,မဏ္ဍစဝက်တို့ကိုယ်စားလှယ်ထံမှငွေဒင်္ဂါးနှစ်သောင်း,

ရွှေချိန် ငါးပိဿာများကို စားယူသည့် ထင်လင်းသိသာရသောကြောင့် ငကြီးကို တောင်ငူရမည်းသင်းနှစ်မြို့ဝန် သင်းသေနတ်ဗိုလ်အရာက နုတ်တော်မူသည်။

ထိုနှစ် တော်သလင်းလဆန်း နှစ်ရက်နေ့ ဗုံး,အမြောက်, သေနတ်စက်ရုံတော်က လုပ်ဆောင်ပြီးပြေသည့် ဗထက်မြိုက်ခေါ် နောက်ထိုးသေနတ်များနှင့် တဆွဲနှစ်ချက်ထွက် နောက်ထိုးအမြောက်တစ်ကို ဝန်ရှင်တော်သေနတ်ဝန် လယ်ကိုင်းမြို့စားမင်းကြီး, ဝန်ရှင်တော် တောင်ခွင်မြို့စားမင်းကြီး ဝန်ရှင်တော် တိုင်တားမြို့စားမင်းကြီးတို့ တောင်စမုတ်တော်သို့ ဝင်ရောက် သွင်းဆက် ပြသရာ အသျှင်ဘဝရှင်မင်းတရားကြီးဘုရားထွက်တော်မူ၍ သေနတ်, အမြောက်လက်နက်များကို ကြည့်ရှုတော်မူသည်။

ထိုနှစ် တန်ဆောင်းမုန်းလ ဘဝရှင်မင်းတရားကြီးဘုရားနှင့် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားတို့ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူ၍ ခုနစ်နှစ်စေ့ရောက်သောအခါ ဘဝရှင်မင်းတရားကြီးဘုရား ဇာတာတော်ကို ပုဏ္ဏားပညာရှိတို့ လောကီဗေဒင် သင်္ကရိုင်ကျမ်းများနှင့် သန့်စင်ဆေးကြောစေရာ အလုံးစုံသောဒသာ,ကြမ္မာ, အာယုစန်းတော်,သက်ဆစ်နက္ခတ်တို့ အသွားအလာမညီမညွတ် ယိုယွင်းတော်မူခြင်း၊ ၎င်းအာယုစန်းတော်သည် စုတ်အိပ်တွင် စုတ်ကြိုက်လျက် အဓိပတိနက္ခတ် အပုတ်လေးပါး၌ တိုင်ဆင်းကြုံတော်မူခြင်း၊ ဖွားတော်မူစဉ်အခါ ပြမရဏခံသောနံတော် ကောဇာစနေဂြိုဟ်သည် လက်တော်နှင့် သမသတ်,အာယုစန်းတော်နှင့်ထပ်လျက် မေဝုန်ရာသီတွင်ရပ်နေခြင်းများကြောင့် ကောလီခေတ်၌ဖြစ်သော မင်းဇာကရာဇ်တို့သည် ဂါပခေတ်သို့လွန်မြောက်အောင် မကူးနိုင်၊ ဂါပခေတ်၏အနောက်အရပ်မှ ဘေးရန်ဖြစ်ပွားလာတတ်သည်ဟူ၍ ရှေးပညာရှိတို့ဆိုကြသော အသိတိကိန်းခန်းများနှင့်အညီ လောကီယတြာ, ဒီဃာယုက, သုခသံဝတ္တနိက ဖြစ်ရာဖြစ်ကြောင်းတို့ဖြင့် ပွားများအားထုတ်လျက် အလွန်အကျူးအထူးသဖြင့် ပြုလုပ်ဆည်းကပ် ကိုးကွယ်လှူဒါန်းတော် မူသော်လည်း ကံတော်ယိုယွင်းလျက် ပျက်စီးလိုရကား အထက် မင်းဘဏ္ဍာသစ်တော်များကို သစ်သူဌေးကုမ္ပဏီက ကဲ့ဥက်ထိန်ချန်၍ အခွန်တော် ယုတ်လျော့ပျက်စီးသည့်အတွက် ငွေနှစ်သန်းသုံးသိန်းကျော်ကို ဆက်သွင်းစေ-လွှတ်တော်က ကောက်ယူ စီရင်ပြီးနောက် ၎င်းစီရင်ချက်ပါငွေများကို ဆက်သွင်းရမည်ဟု အင်္ဂလိပ်သစ်တောအခွန်ထမ်း

ကုမ္ပဏီကုန်သည်ကြီးတို့ကိုယ်စားလှယ်ပြုလုပ်ပြောဆိုသူ အီတာလျံကောင်စစ် အန္ဒြီနေဂကို လွှတ်တော်က အမိန့်ဆင့်စာပေးအပ်လေသည်။ သို့ပေးအပ်သော်လည်း မဆက်မသွင်းရှိနေသည့်ပြင် ကုမ္ပဏီသူဌေးက ဗုန္ဒြီယဘုရင်ခံမင်းထံသွားရောက်၊ မြန်မာမင်းကောက်ဆသည် မတရားသဖြင့် နှိပ်စက်ညှဉ်းပန်း ပြုလုပ်ကြောင်းနှင့်လျှောက်လွှာတင်သွင်းရာ၊ ဤသစ်မှုသည်ကြေးများသောအမှုဖြစ်၍ ခုံပြုလုပ် စီရင်ဆုံးဖြတ်စေရန် ဗုန္ဒြီယဘုရင်ခံမင်းက အရာရှိတဦးစေလွှတ်ပါလိမ့်မည်အကြောင်းနှင့် ရန်ကုန်မြို့ရှိ မဟာမင်းကြီးထံက စာသာရောက်လေသည်။ ထိုစာအရ ခုံတင်၍ စီရင်ရန်ဆိုသည့်အရာသည် မြန်မာ အစိုးရမင်းတို့နှင့် အင်္ဂလိပ် ကုန်သည်ကြီးတို့မြန်မာနိုင်ငံအတွင်း သစ်တောနှင့်စပ်၍ ဖြစ်ပွားသည့် အမှုဖြစ်သောကြောင့် အင်္ဂလိပ်အစိုးရမင်းက ခုံစေလွှတ်ရန်မသင့်၊ နှစ်နိုင်ငံ၏ မဟာမိတ်ဖြစ်သော နိုင်ငံခြားတဦးဦးကသာ ခုံပြု၍ စီရင်ရန်သင့်ကြောင်းနှင့် လွှတ်က စာပြန်ပေးပို့လိုက်လေလည်း။ ယင်းသည့်အခါ ကုမ္ပဏီ အင်္ဂလိပ်ကုန်သည်ကြီး မြိုက်စစ်, မက္ကစဝက်တို့ပိုင် ဆင်နှင့် သစ်တောဘဏ္ဍာပစ္စည်းတို့ကို ဆိုင်ရာဝန်စစ်ကဲတို့ သိမ်းယူလေသည်။

ယင်းသည့်လ အနောက်နိုင်ငံ ပြင်သစ်ပြည်နှင့်တကွ တိုင်းကြီးပြည်ကြီးတို့သို့ သွားရောက်ရန်စေလွှတ်တော်မူလိုက်သော သံတော်ကြီး ဝန်ထော်သံချက်ဝန် မင်းကြီး မင်းလှမဟာစည်သူလည်း ခရီးစဉ်အတိုင်း သွားရောက်ရာ တောင်ငူမြို့ သစ်တောအခွန်ထမ်း အင်္ဂလိပ်ကုန်သည်ကြီး ဘုံဘေဘားမားကုမ္ပဏီ မြိုက်စစ်, မက္ကစဝက်တို့ ကိုယ်စားလှယ် များနှင့် ရန်ကုန်မြို့, ကာလကတ္တားမြို့, ဘုံဗိုင်မြို့များတွင် သုံးကြိမ်မြောက် တွေ့ရှိရာ ထိုသစ်မှုကို တစုံတရာချမ်းသာအောင် စောင်မလျှောက်ထားပါ၊အကယ်၍ မချမ်းမသာရှိခဲ့လျှင် အင်္ဂလိပ်မင်းတို့နှင့် ရန်စစ်ဖြစ်ပွားပါတော့မည်။ ရန်စစ်ဖြစ်လျှင် ကျွန်ုပ်တို့လည်း စီးပွားအများ ယုတ်လျော့မည်-စသည်ဖြင့် ကိုယ်စားလှယ်တို့က ပြောဆိုရှိသည်နှင့် သံတော်ကြီး ဝန်ထောက်သံချက်ဝန်လည်း ကိုယ်စားလှယ်တို့တောင်းပန်ပြောဆိုသည့်စကား, သစ်ဘိုးငွေတော်ကို ချမ်းသာပေးတော်မူရန်အကြောင်း အရေးအရာ စကားများကို သဘောထင်မြင်သမျှ သုံးကြိမ်မြောက်စာရေးသား၍ လွှတ်တော်သို့လျှောက်ထားသည်။

ထိုသံတော်ကြီးသည် ဘုံဗိုင်မြို့က ထွက်လာရာ ပြင်သစ်နိုင်ငံ ပါရစ်မြို့သို့ ဆိုက်ရောက်ရှိ၍ ပြင်သစ်မင်းထံ ရာဇသံ လက်ဆောင်တော်များနှင့်

ဝင်ရောက်ပြီးလျှင် အစဉ်ထုံးစံရှိရာ အတုံ့အပြန်စကားပြောဆိုထွက်လာပြီးနောက် ပါရစ်နန်းတော်နှင့်အနီး တိုက်အိမ်တွင်နေထိုင်လျက် ပါရစ်မြို့ရှိ ပြင်သစ်နိုင်ငံခြားဝန်ကြီးချုပ်, အီတာလျံသံကြီး, ဂျာရမံသံကြီးတို့နှင့် တွေ့ကြ၍ သစ်မှုအကြောင်းအရာများကို ပြောဆိုညှိနှိုင်း တိုင်ပင်ကြရာ သဘောထင်မြင်ချက် ညီညွတ်ကြသည့်အတိုင်း ဘုံသဘောဘားမားကုမ္ပဏီတို့ သစ်မှုကိုအစွဲပြု၍ အင်္ဂလိပ်မင်းနှင့် နှစ်တိုင်းနှစ်ပြည် ရန်စစ်ဖြစ်ပွားရန်ရှိပါသည်၊ အထူးသည်းခံတော်မူပြီးလျှင် သစ်ဘိုးငွေတော်ကို ချမ်းသာပေးတော်မူရန် သင့်သည် သဘောရကြကြောင်း၊ အခွင့်ပေးတော်မမူလျှင် အင်္ဂလိပ်မင်းက အာရတီမေတန်ခေါ် နောက်ဆုံးစာကို အချက်ဦးရေငါးနှင့်တကွ ပေးပို့ပါလိမ့်မည်။ ဤစာပေးပို့ပြီးနောက် အကြံအစည်ခဲယဉ်းရန်ရှိကြောင်းများကို ထိုအရာရှိလေးဦးတို့က ကြေးနန်းစာ လွှတ်တော်သို့ ပေးပို့လေသည်။

သို့သော်လည်း ၎င်းကြေးနန်းစာသည် လွှတ်တော်သို့မရောက်၊ ဘုရင်မင်းမြတ် ရွှေနားတော်ကြားသိတော်မမူရ၊ လွှတ်တော်အရာရှိ, အတွင်းတော်အရာရှိ, မှူးတော်မတ်တော်တို့သည် အင်္ဂလိပ်မင်းနှင့် ရန်စစ်မဖြစ်မပွားရန်, သစ်မှုအကြောင်းကို အေးငြိမ်းရန် ကြံစည် အားထုတ်ကြပါသော်လည်း မြန်မာနိုင်ငံတော်သည် လောကဓံတရား ရှစ်ပါးနှင့်မကင်း မင်းကေရာဇ်ကိုယ်တော်၏ စန်းလက်ဇာတာ ကြမ္မာဝိပရိတ် ပြနိစ်ဆိုက်ရောက်ခြင်းများကြောင့် အေးငြိမ်းရန် စီမံအားထုတ်ခွင့် မရရှိလေ၏။

အင်္ဂလိပ်က ရာဇသံရောက်ခြင်း၊ ၎င်းနှင့်စစ်တိုက်ရန် မိန့်ကြားခြင်း
အင်္ဂလိပ်ကစစ်ရေးသာ၍ မြန်မာတပ်များ ဆုတ်ရခြင်း

အင်္ဂလိပ်ကုန်သည်ကြီးတို့ပိုင် သစ်တောဘဏ္ဍာပစ္စည်းများကို မြန်မာမင်းက သိမ်းယူကြောင်း ဣန္ဒိယဘုရင်ခံ ဒဖ်ဖရင်မင်းမြတ် ကြားသိတော်မူ၍ အာရတီမေတန်-ခေါ် နောက်ဆုံး ရာဇသံစာကို စေလွှတ်သည့် အမိပ္ပါယ်မှာ-

၁-ပဌမအချက်....ဣန္ဒိယဘုရင်ခံမင်းထံက အရေးပိုင် ကိုယ်စားလှယ် တဦးစေလွှတ်၍ ထိုအရေးပိုင်နှင့် မြန်မာအရာရှိတို့ ဤသစ်မှုကို ဆုံးဖြတ်စီရင်စေလိုကြောင်း။

၂-ဒုတိယအချက်····ထိုအရေးပိုင်ကိုလည်း မြစ်ဆိပ်တွင် အုတ်ဝင်းကာရံနေထိုင်စေ၍ အစောင့်အရှောက် စစ်သားတထောင်ထားလိုကြောင်း၊

၃-တတိယအချက်····ရောဝတီမြစ် ဂေါဒ်နိဆိပ်ကမ်းတွင်လည်း တိုက်သင်းဘောတစင်း အစောင့်အရှောက်ထားလိုကြောင်း။

၄—စတုတ္ထအချက်····ထိုသစ်မှုနှင့်ပြောဆိုရန် မြန်မာမင်းမြတ်ရွှေတော်သို့ အရေးပိုင်ဝင်ရောက်ရာ ခြေနင်းစီး၍ ဆောင်ခေါ်းစွဲကိုင်ရန် အခွင့်ရလိုကြောင်း။

၅—ပဉ္စမအချက်····မြန်မာနိုင်ငံတော်ကိုလည်း အင်္ဂလိပ်မင်းကသဘောမတူဘဲလျက် မည်သည့်နိုင်ငံနှင့်မှ မဆက်ဆံရန် အကြောင်းများကို ရေးသားပြီးလျှင် ထိုစာကို ခုနစ်ရက်အတွင်းပြန်ကြားရမည်၊ ချိန်းချက်သည့်ရက်က ကျူးလွန်ပိုမိုသော်၎င်း, စာပါအချက်များအနက် တချက်ချက် မပြည့်စုံသော်၎င်း ရှိခဲ့လျှင် အလိုရှိရာပြုလုပ်မည့်အကြောင်းနှင့် ဒုတိယတဖန်ပေးပို့လိုက်သော စာကို ရရှိ၍ အမိန့်တော်မြတ်ခံရာ ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်ကား–

အရေးပိုင်ကိုယ်စားလှယ်လွှတ်မည်ဆိုသောအချက်သည် ဤသစ်မှုကို အစွဲပြု၍ဖြစ်သည်၊ သစ်ဘိုးငွေတော်ကို မတောင်းမခံ ချမ်းသာပေးတော်မူလျှင် အရေးပိုင်လွှတ်ရန်မရှိ၊ ခြေနင်းစီးခြင်း, ဆောင်ခေါ်းကိုင်ခြင်း, စစ်သားထားခြင်းစသောအချက်များလည်းပြောဆိုပြန်ကြားရန်မရှိဖြစ်သည်။ ထိုမှ ကြွင်းကျန်သောအချက်များကို မှူးတော်မတ်တော်တို့ ညှိနှိုင်း၍ ပြန်ကြားရမည်-အမိန့်တော်အရ သာသနာတော်ကျိုး, တိုင်းကျိုး ပြည်ကျိုးများကို ထောက်မြော်တော်မူသဖြင့် သစ်မှုနှင့်စပ်သောအရာများကြောင့် နှစ်တိုင်းနှစ်ပြည်ရန်စစ်ဖြစ်ပွားမရှိစေရ သင့်တင့်ညီညွတ်အောင် သဘောထား၍ သည်းခံတော်မူပြီးလျှင် သစ်တောကုမ္ပဏီတို့က ဆက်သွင်းရန်ငွေတော်နှစ်သန်းသုံးသိန်းကျော်များကို မတောင်းမခံ ချမ်းသာပေးတော်မူမည့်အကြောင်း၊ ကိုယ်စားလှယ်လွှတ်ရန် ဆိုသည့်အချက်မှာ အထက်ခမည်းတော် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရားလက်ထက်တော်ကိုယ်စားလှယ်ထားသကဲ့သို့ အထက်ထားမြဲအတိုင်း ထားနိုင်ကြောင်း၊ မြန်မာနိုင်ငံတော်ကို အင်္ဂလိပ်မင်း သဘောမတူဘဲလျက် အခြားနိုင်ငံများနှင့် မဆက်ဆံရ ဆိုသည့်အချက်မှာ အင်္ဂလိပ်နိုင်ငံ မြန်မာနိုင်ငံမှ အပ အခြားနိုင်ငံကြီး တဦးဦး ဆုံးဖြတ်ရာ ပြီးနိုင်ကြောင်း-ဟူသော စကားရပ်

များကို ရေးသားပြီးလျှင် ချိန်းချက်ရင်း ခုနစ်ရက်အတွင်း ယင်းသည့်နှစ် သီတင်းကျွတ်လပြည့်ကျော် တဆွဲလေးရက်နေ့ပင် ပြန်စာပေးပို့လိုက်လေသည်။

ထိုနှစ် တန်ဆောင်မုန်းလဆန်းတရက်နေ့နံနက် ဝန်ရှင်တော် သေနတ်ဝန် လယ်ကိုင်းမြို့စားမင်းကြီး၊ ဝန်ရှင်တော် တောင်ခွင်မြို့စား မင်းကြီး၊ ဝန်ရှင်တော် တိုင်တားမြို့စားမင်းကြီး၊ အတွင်းဝန် လှေသင်းဝန် စလေမြို့စား၊ အတွင်းဝန် သမီးတော်ဝန် ပင်းမြို့စား၊ အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စား၊ အတွင်းဝန် မြို့သစ်မြို့စား၊ အတွင်းဝန်ကျောက်မြောင်းမြို့စား၊ အတွင်းဝန် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားဝန် မိုင်းနိုင်မြို့စားစသောမှူးတော်မတ်တော်အပေါင်းတို့ ညီလာသဘင်တွင် အင်္ဂလိပ်အစိုးရတို့သည် သာသနာတော်မြတ် အစီးအပွားပျက်ပြား ဆုတ်ယုတ်ရန်အကြောင်း၊ နိုင်ငံတော်အစဉ်အလာ မလေ့ထုံးစံများကို ကျူးလွန်ရန်အကြောင်းများကို တင်းမာစွာပြောဆို၍ နိုင်ငံတော်ကို ရန်စစ်ပြုမည်ကဲ့သို့ ဟိတ်ဟန်ပြသ အကြံပြုလုပ် ရှိသောကြောင့် လမ်းဖြောင့်လမ်းမှန်ကျသည့် စကားရပ်များနှင့် ပြန်ကြားပြောဆိုလိုက်ပြီး ဖြစ်သည်။ ပြန်ကြားပြောဆိုပြီးဖြစ်လျက် နိုင်ငံတော်ကို တစုံတရာ စတင်ထိပါး လှုပ်ခြောက်လာလျှင် သာသနာတော်ကျိုး, တိုင်းကျိုးပြည်ကျိုး မဆုတ်မယုတ်စေရန် စောင့်ရှောက်တော်အပ်မှုသည့်အတိုင်း မိုလ်မှူးမိုလ်ချုပ်,စစ်ကဲစစ်ကြပ်တို့နှင့်တကွ များစွာသောခြေသည်တပ်,အမြောက်တပ်, ဆင်တပ်, မြင်းတပ်, ကြည်းဘက်ရေဘက် ရဲမက်စစ်သည်တော်အပေါင်းဖြင့် စစ်အင်ကျင်းပတော်မူလျှက် ကိုယ်တော်တိုင် ရွှေစက်တော်မြတ် ဖြန့်ချီတော်မူ၍ တိုက်ခိုက်တော်မူမည်။ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာသူကြီး,မြင်းခေါင်း, မြင်းစီး, ဒိုင်းခေါင်း, အဌန်း, ရွှေခွန်မှူး, ငွေခွန်မှူး, မြေတိုင်း, တောကဲတို့နှင့် မြို့ရွာနေ ပြည်သူကျွန်တော်မျိုးအပေါင်းတို့ စိုးရိမ် ကြောက်ရွံ့ ထိတ်လန့်တုန်လှုပ်မရှိ နိုင်ငံတော်မှ အပ ထွက်သွားရှောင်ရှားခြင်း မပြုမလုပ်ငြိမ်ဝပ်စွာ လုပ်ကိုင်ရောင်းဝယ်စားသောက် နေထိုင်မြဲ နေထိုင်ကြရမည်။ မြို့ရှင်ရွာရှင် အကြီးအအုပ်တို့ကလည်း ကိုယ့်မြို့ကိုယ့်ရွာတွင် သူခိုးဓားပြ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် အသီးအသီး အုပ်ထိန်းစည်းကြပ် စောင့်ရှောက်ကြရမည်။ တပ်တော်များ ချီတက်မည်မှာလည်း ရှေးအခါကာလ စည်းကြပ်ချီတက်သကဲ့သို့ ရရာရမိလူတို့ကို လက်နိုင် သိမ်းခေါ် စုရုံးစည်းကြပ် ချီတက်မည်မဟုတ်၊ နေပြည်တော်တွင် အသင့်ဖွဲ့စည်း

ရှိသည့် စစ်သည်ရဲမက်တော်တို့နှင့် ချီတက်တော်မူမည်ဖြစ်၍ မြို့ရွာနယ်ရှင် အကြီးအအုပ် ပြုလုပ်သူတို့က မလိုက်မထမ်းလိုသူတို့ကို အကြပ် အတည်း ဆင့်ဆိုသိမ်းခေါ် မရှိစေနှင့် မည်သူမဆို အမှုတော်ကို ညီညာ ကြိုးပမ်း ထမ်းရွက်လိုလျှင် ဆုတော်ငွေအထိုက်အလျောက် သနားချီးမြှင့်တော်မူ၍ ထမ်းသင့်ရာရာ လိုက်ပါထမ်းရွက်လိုသူတို့ကို မေးမြန်းစိစစ်၍ ဆိုင်ရာမြို့ရုံး ခရိုင်ရုံးများမှာ အသီးအသီး စာရင်း တင်ပေးကြရမည့် အကြောင်းနှင့် ထုတ်ပြန် ဆင့်ဆိုစေ-ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ယင်းသည့်နေ့တွင် လွှတ်တော်က နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာများကို ပျံ့နှံ့အောင် စာရေးကြီး မဟာမင်းလှမင်းထင်စည်သူ ဆင့်ဆိုရသည်။

ယင်းသည့်အခါ အစောင့်အရှောက် စေလွှတ်ရန် ရန်ထားကြသည်ကား····အောက်မြစ်စဉ်ရေကြောင်း တဌာန၊ တောင်တွင်းကြီးကြောင်း တဌာန၊ တောင်ငူကြောင်းတဌာန၊ ဤသုံးဌာနအနက် အောက်မြစ်စဉ် ရေကြောင်းဌာနမှာ··လက်ဝဲဝင်းတော်မှူး မင်းကြီး သီရိမဟာဇေယကျော်ထင်ကို ဗိုလ်ချုပ်၊ တောင်တွင်းကြီးကြောင်း ဌာနမှာ-မြို့ဝန် အတ္တုပတ်မြင်းခန် ပင်လယ်မြို့စား မင်းကြီး မဟာမင်းထင်ရာဇာ, မိုးနဲတပ်စစ်ကဲ မြေဒူးမြို့စား သတိုးမင်းကြီး မင်းကျော်မင်းခေါင်တို့ကို ဗိုလ်ချုပ်။ လက်ဝဲ စစ်ကဲ လက်ယာစစ်ကဲ အတွင်းဝန်သမီးတော်ဝန် ပင်းမြို့စား မင်းကြီး မင်းခေါင်မဟာမင်းကျော်သူရိန်ကိုဗိုလ်မှူး။ တောင်ငူကြောင်း ဌာနမှာ-မြို့ဝန် ရွှေလှံဗိုလ် ကောလင်းမြို့စား မင်းကြီး မဟာမင်းခေါင်နော်ရထာ, ရွှေဝင်းမှူး ရတနာသိဃ်မြို့ဝန် သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာတို့ကို ဗိုလ်ချုပ်၊ လက်ဝဲစစ်ကဲ လက်ယာစစ်ကဲ အတွင်းဝန် မြို့သစ်မြို့စားမင်းကြီး မင်းလှမဟာဇေယသင်္ကြံကို ဗိုလ်မှူးအရာနှင့် တဌာနလျှင် စစ်ဗိုလ်အရာရှိ ရဲမက်လက်နက်ကိုင် အမှုထမ်း လူငါးထောင်စီ ချီတက်ရန်-ရန်ထားဧ စပ်ကြလေသည်။

သက္ကရာဇ် (၁၂၄၇) တဆောင့်နှစ်ရာလေးဆဲ့ခုနစ်ခု တန်ဆောင်မုန်းလဆန်း ငါးရက်နေ့ကစ၍ ရွှေရုံးတော်တွင် ပြန်တမ်း ခံစေပြီးလျှင် ချီတက်ရသည့်တပ်စဉ်ကား ···ဖောင်ဝန် မဟာမင်းထင်မင်းလှသီဟသူနှင့် ဖောင်, သင်းဘော, သမ္ဗန်, ပရပတ်, လှေအစု အမှုထမ်း လူငါးရာ၊ အမြောက်လုံးရေ နှစ်၊ စိန့်လက်ရေ ငါး-တတပ်။ လက်သစ် လှေသင်း ဗိုလ် မဟာမင်းလှသိဒ္ဓိကျော်စွာနှင့် လှေအမှုထမ်းလူ ငါးရာငါးဆယ်၊

အမြောက်လုံးရေ နှစ်၊ စိန်လက်ရေ ငါး-တတပ်။ ပြည်လုံးအုံ့ လှေသင်းမိုလ် မင်းကျော်သိဒ္ဓိရန်အောင်နှင့် လှေအမှုထမ်း လူငါးရာ၊ အမြောက်လုံးရေ နှစ်၊ စိန်လက်ရေ ငါး-တတပ်။ လက်ရွေးကြီးလှေသင်းမိုလ် မင်းထင်မင်းလှရဲခေါင်သူရိန်နှင့် လှေအမှုထမ်း လူငါးရာ၊ အမြောက်လုံးရေ နှစ်၊ စိန်လက်ရေ ငါး-တတပ်။ စက်ဝန်ယွန်းစုဝန် မင်းရဲညွန့်နှင့် တောင်ဒဝယ် အမှုထမ်း လူတရာ၊ မြောက်ဒဝယ်အမှုထမ်း လူတရာ၊ ယွန်းအမှုထမ်း လူတရာ၊ အမြောက်အမှုထမ်း လူငါးဆယ်၊ အမြောက်လုံးရေငါး၊ စိန်လက်ရေငါး-တတပ်၊ မြောက်ဒဝယ်သေနတ်စာရေး လက်သုံးတော်ကလေးကိုင် မင်းထင်ရာဇာနှင့် မြောက်ဒဝယ်အမှုထမ်း လူလေးရာ့ငါးဆယ်၊ အမြောက်လုံးရေ လေး၊ စိန်လက်ရေ ငါး-တတပ်။ မြေထဲဝန်မဟာမင်းလှမင်းခေါင်နှင့် လူနှစ်ရာ့ငါးဆယ်၊ အမြောက်လုံးရေ နှစ်၊ စိန်လက်ရေငါး-တတပ်။

သည်ခုနစ်တပ်တွင်ပါသည့် ရဲမက်လက်နက်ကိုင် လူသုံးထောင့်တရာကို အမြောက်လုံးရေ တဆဲ့ကိုး, စိန်လက်ရေ သုံးဆဲ့ငါး, သေနတ်လက်နက်ခဲယမ်းကိရိယာ, အောင်စည် အောင်မောင်း အောင်လံ အပြည့်အစုံများနှင့် အောက်မြစ်စဉ်ကြောင်း ချီတက်စေ၍ မြောက်ဒဝယ် သေနတ်စာရေး လက်သုံးတော်ကလေးကိုင် မင်းထင်ရာဇာနှင့် မြေထဲဝန် မဟာမင်းထင်မင်းလှမင်းခေါင်တို့မှာ ဆင်ပေါင်ဝဲနယ် စစ်အောင်ခန်း ခံတပ်က, စက်ဝန်ယွန်းစုဝန် မင်းရဲညွန့်မှာ ပန်းတော်ပြင်ကတုတ်က, ဖောင်ဝန်မဟာမင်းထင်မင်းလှသီဟသူနှင့် လက်သစ်လှေသင်းမိုလ်မဟာမင်းလှသိဒ္ဓိကျော်စွာတို့မှာ ထူးပေါက်ကတုတ်က, လက်ရွေးကြီးလှေသင်းမိုလ် မင်းထင်မင်းလှရဲခေါင်သူရိန်မှာ မင်းလှခံမြို့က, ပြည်လုံးအုံ့လှေသင်းမိုလ် မင်းကျော်သိဒ္ဓိရန်အောင်မှာ ငွေးကြောင်းခံမြို့က, မိုလ်ချုပ်မင်းကြီးမဟာသမိန်ဘရမ်းမှာ မင်းလှခံမြို့အနီးက အသီးအသီး စည်းကြပ် ရပ်နေကြရသည်။

ရွှေပြည့်ရန်အောင် အရှေ့လက် မြင်းတပ်မိုလ် မင်းထင်သီရိကျော်ခေါင်နှင့် ရွှေပြည့်ရန်အောင်အရှေ့လက်မြင်းအမှုထမ်း လူငါးရာ၊အမြောက်လုံးရေ နှစ်၊စိန်လက်ရေ ငါး-တတပ်။ခရိုင်အမှုထမ်း လူငါးရာ၊ အမြောက်လုံးရေနှစ်၊ စိန်လက်ရေငါး-တတပ်။ ရွှေလှံအမှုထမ်းလူငါးရာ၊အမြောက်လုံးရေ နှစ်၊ စိန်လက်ရေငါး-တတပ်။ ရွှေပြည့်မှန်ကင်းမိုလ် မင်းလှဇေယသူရိန်နှင့် ရွှေပြည့်မှန်ကင်း အမှုထမ်း လူခြောက်ရာ၊ အမြောက် လုံးရေနှစ်၊ စိန်လက်ရေငါး-တတပ်။ နတ်စုလက်ယာမိုလ် မဟာမင်းလှရာဇ

ကျော်ထင်နှင့် နတ်စု လက်ယာအမှုထမ်း လူနှစ်ရာ့ရှစ်ဆယ်၊ အမြောက်လုံးရေ နှစ်၊ စိန်လက်ရေ သုံး-တတပ်။ မင်္ဂလာရဲညွန့်မြင်းဝန် ဗိုလ်စိုးရနှင့် မင်္ဂလာရဲညွန့်အမှုထမ်းလူလေးရာ၊ အမြောက်လုံးရေတစ်၊ စိန်လက်ရေ သုံး-တတပ်။ နန်းဦးမင်္ဂလာမြင်းဝန် မဟာမင်းကျော်သူရရဲခေါင်နှင့် နန်းဦးမင်္ဂလာမြင်းအမှုထမ်း ငါးရာ့ငါးဆယ်၊ အမြောက်လုံးရေနှစ်၊စိန်လက်ရေ ငါး-တတပ်။

သည့်ခုနစ်တပ်တွင်ပါသည့် ရဲမက်လက်နက်ကိုင် လူသုံးထောင့်သုံးရာ့ခုနစ်ဆယ်ကို မြို့ဝန်ရွှေလှံဗိုလ်ကောလင်းမြို့စား မင်းကြီးမဟာမင်းခေါင်နော်ရထာချုပ်အုပ်၍ သေနတ်လက်နက်ကိရိယာ, အောင်စည် အောင်မောင်း အောင်လံအပြည့်အစုံများနှင့် တောင်ငူကြောင်းချီတက်စေသည်။

ရွှေပြည့်ရန်အောင် အနောက်လက်မြင်းတပ်ဗိုလ်မင်းထင်မင်းလှကျော်ခေါင်နှင့် ရွှေပြည့်ရန်အောင် မြင်းအမှုထမ်း လူငါးရာ၊ အမြောက်လုံးရေ နှစ်၊ စိန်လက်ရေ ငါး-တတပ်။ ဆင်ဝန်မဟာမင်းထင်မင်းခေါင်နှင့် ဆင်အမှုထမ်း လူငါးရာ၊ အမြောက်လုံးရေနှစ်၊ စိန်လက်ရေငါး-တတပ်။ သူကောင်းထမ်းလူနှစ်ရာ့ငါးဆယ်-တတပ်။

သည့်သုံးတပ်ဘွင်ပါသည့် ရဲမက်လက်နက်ကိုင် လူတထောင့်နှစ်ရာ့ငါးဆယ်ကို မိုးနဲတပ်စစ်ကဲ မြေဒူးမြို့စား သတိုးမင်းကြီး မင်းကျော်မင်းခေါင်ချုပ်အုပ်၍ သေနတ်လက်နက်ခဲယမ်းကိရိယာ, အောင်စည် အောင်မောင်း အောင်လံ အပြည့်အစုံများနှင့် တောင်တွင်းကြီးကြောင်း ချီတက်စေသည်။

ကင်းတားဗိုလ် မင်းလှမင်းထင်ကျော်သူနှင့် ကင်းတားအမှုထမ်း လူသုံးရာ့သုံးဆဲ့ငါး၊ အမြောက်လုံးရေနှစ်၊စိန်လက်ရေသုံး-တတပ်။ ရွှေပြည်ဗိုလ်မင်းလှမင်းထင်သမိန်သံလိုက်နှင့် ရွှေပြည်အမှုထမ်းလူတရာ၊ အမြော် လုံးရေ တစ်၊ စိန်လက်ရေ နှစ်-တတပ်။ အဏ္ဏပတ်မြင်းအမှုထမ်းလူကိုးရာ့ကိုးဆယ်၊အမြောက်လုံးရေငါး၊စိန်လက်ရေနှစ်ဆယ်-တတပ်။ သူကောင်းထမ်းလူနှစ်ရာ-တတပ်။

သည့်လေးတပ်တွင်ပါသည့် ရဲမက်လက်နက်ကိုင် လူတထောင့်ခြောက်ရာ့နှစ်ဆဲ့ငါးကို မြို့ဝန် အဏ္ဏပတ်မြင်းဝန် ပင်လယ်မြို့စား မင်းကြီး မဟာမင်းထင်ရာဇာချုပ်အုပ်၍ သေနတ်လက်နက်ခဲယမ်းကိရိယာ, အောင်စည် အောင်မောင်း အောင်လံ အပြည့်အစုံများနှင့် တောင်တွင်းကြီးကြောင်း ချီတက်စေသည်။

သူရဲဝန် မဟာမင်းလှသမိန်သံလိုက်နှင့် သူရဲအမှုထမ်း လူခုနစ်ရာ့ငါးဆယ်၊ အမြောက်လုံးရေလေး၊ စိန်လက်ရေရှစ်-တတပ်။ စို့လေးဆယ်ဗိုင်းဝန် နေမျိုးသီရိစည်သူကျော်နှင့် စို့လေးဆယ်ဗိုင်းအမှုထမ်း လူလေးရာ၊ အမြောက်လုံးရေ နှစ်၊ စိန်လက်ရေ ငါး-တတပ်။ မြောက်တရာ့ငါးဆယ်ဗိုလ် နေမျိုးသူရိန်နှင့် မြောက်တရာ့ငါးဆယ် အမှုထမ်း လူမြောက်ရာ၊ အမြောက်လုံးရေနှစ်၊ စိန်လက်ရေငါး-တတပ်။ ရွှေးကြီးလှေသင်းဗိုလ် မင်းကျော်သိင်္ခရန်အောင်နှင့် လှေအမှုထမ်းလူငါးရာ၊ အမြောက်လုံးရေနှစ်၊စိန်လက်ရေငါး-တတပ်။ဝင်းအမှုထမ်းလူငါးရာ၊အမြောက်လုံးရေနှစ်၊ စိန်လက်ရေ ငါး-တတပ်။

သည်ငါးတပ်တွင်ပါသည့် ရဲမက်လက်နက်ကိုင် လူနှစ်ထောင့်ခုနစ်ရာကို လက်ယာဝင်းတော်မှူး မင်းကြီးမဟာသမိန်ဘဖြတ်စ ချုပ်အုပ်၍ သေနတ်လက်နက် ခဲယမ်းကိရိယာ အောင်စည် အောင်မောင်း အောင်လံ အပြည့်အစုံများနှင့် အောက်မြစ်စဉ်ကြောင်း ချီတက်ခဲ့ရာ ပုဂံနယ်သို့ ရောက်လျှင် သူရဲဝန်မှာ ရွှေစည်းခုံဘုရားက, စို့လေးဆယ်ဗိုင်းဝန်မှာ ညောင်ဦးအရပ် နတ်သမီးကမ်းပါးက, ဗိုလ်ချုပ်လက်ယာဝင်းတော်မှူးမှာ ညောင်ဦးကျောင်း အရာမ်တွင်းက အသီးအသီးစည်းကြပ်ရပ်နေကြသည်။

တန်ဆောင်မုန်းလဆန်းရှစ်ရက်နေ့ နတ်စုလက်ဝဲဗိုလ် မဟာမင်းလှမင်းထင်သမိန်စက်နှင့် နတ်စုလက်ဝဲအမှုထမ်းလူကိုးရာ့ငါးဆယ်၊စိန်လက်ရေတဆယ်-တတပ်။ လက်ဝဲကြောင်းဗိုလ် လက်သုံးတော်ကြီးကိုင် နေမျိုးမင်းလှမင်းထင်နှင့် လက်ဝဲကြောင်း အမှုထမ်း လူငါးရာ၊ စိန်လက်ရေ ငါး-တတပ်။လက်သုံးတော်ကြီးကိုင်ရေနံ့သာမြို့စားဟောင်း မင်းလှရာဇာနှင့် လူနှစ်ရာ-တတပ်။တရုပ်ဗိုလ်နှင့် တရုပ်လူမျိုးစစ်သားလူတရာ-တတပ်။ တရုပ်မြို့ဝန် မဟာမင်းထင်မင်းခေါင်သူရိန်နှင့် အမှုထမ်းလူငါးရာ၊ စိန်လက်ရေ ငါး-တတပ်။ ခေးပြဲဗိုလ်ငလှဦးနှင့် ခေးပြဲအမှုထမ်း လူနှစ်ရာ့ငါးဆယ်-တတပ်။ ဒိပဗိုလ်နှင့် လှေအမှုထမ်း လူတရာ-တတပ်၊ ပုခန်းကြီးမြို့ဝန် ဗိုလ်ငသာမှုန်နှင့် သင်းသေနတ် အမှုထမ်းလူငါးရာ-တတပ်။ အမြောက်ဗိုလ်နှင့် အမြောက်အမှုထမ်းလူနှစ်ရာ၊ အမြောက်လုံးရေ နှစ်ဆယ်-တတပ်။

သည်ကိုးတပ်တွင်ပါသည့် ရဲမက်လက်နက်ကိုင် လူသုံးထောင့်သုံးရာကို ဗိုလ်မှူးအတွင်းဝန် လှေသင်းဝန် စလေမြို့စား မင်းကြီး သီရိမဟာဇေယကျော်ထင် ချုပ်အုပ်၍ သေနတ်လက်နက် ခဲယမ်းကိရိယာ အောင်

စည့် အောင်မောင်း အောင်လံ အပြည့်အစုံများနှင့် အောက်မြစ်စဉ် ကြောင်း တရုပ်မြို့နယ် မြင်းခြံအရပ်သို့ ချီတက်ခဲ့၍ရောက်လျှင် ဧရာဝတီ မြစ်အရှေ့ဘက်ကမ်းထိပ်တလျှောက်က တပ်တည်လုပ်ပြီးလျှင် ရပ်ခံရ၏။

သက္ကရာဇ် (၁၂၄၇) တဆောင်နှစ်ရာ့လေးဆဲ့ခုနစ်ခု တန်ဆောင်မုန်း လဆန်းရှစ်ရက်နေ့ အင်္ဂလိပ်စစ်ဗိုလ်တို့သည် တပ်သင်္ဘောများနှင့် ဧရာ ဝတီမြစ်ကြောင်း နယ်ခြားကျောက်တိုင်အထက် ကျူးလွန် ဝင်ရောက်၍ ဆင်ပေါင်ဝဲနယ် စစ်အောင်ခန်းခံတပ်ကို ဗုန်းအမြောက်လက်နက်တို့နှင့် ပစ်ခတ်တိုက်ခိုက်သည်တွင် မြောက်ဒဝယ်သေနတ်စာရေး လက်သုံးတော် ကလေးကိုင် မင်းထင်ရာဇာ, မြေထဲဝန် မဟာမင်းလှမင်းခေါင်တို့က ရဲမက်လက်နက်ကိုင်များကို ကွပ်ကဲ၍ မနည်းကြာအောင် ခုခံပစ်ခတ် တိုက်ခိုက်ပါသော်လည်း အင်္ဂလိပ်တပ်သင်္ဘောက အပစ်အခတ်ထူထပ် လှသည်နှင့် တပ်တော် ဗိုလ်ရဲမက်အပေါင်းတို့ ဆုတ်ခွာရချေ၏။ ယင်း သည့်အခါ ဆိပ်ကမ်း၌ ဆိုက်ကပ်ရပ်နားရှိသည့် တုလွတ်ယာဉ်ကျော် သင်္ဘောတော်ကို မြန်မာအလံပေါ်က အင်္ဂလိပ်အလံ တင်စိုက်လျက် တပ်သင်္ဘောနှင့်တွဲပြီးလျှင် သရက်မြို့သို့ယူဆောင်လေ၏။

ယင်းသည့်လဆန်း ဆယ်ရက်နေ့ အင်္ဂလိပ်စစ်သည် ဗိုလ်ခြေအလုံး အရင်းနှင့် တပ်သင်္ဘောအများ ဆန်တက်ချဉ်းကပ်ပြီးလျှင် ဆင်ပေါင် ဝဲခံတပ်ကို ဗုန်းအမြောက်လက်နက်တို့ဖြင့် ပစ်ခတ်တိုက်ခိုက်ပြန်ရာ တပ် တွင်းရှိ ရဲမက်စစ်သည်တော်တို့ကလည်း ကြိုးပမ်းပစ်ခတ်ခုခံတိုက်ခိုက်ကြ သည်။ တနာရီခန့်ကြာလျှင် တပ်သင်္ဘောက အပစ်အခတ် ထူထပ်လှ သည်နှင့် တပ်တော်များ ဆုတ်ခွာရချေ၏။

ယင်းသည့်နောက် ထူးပေါက်ကတုတ်, ပန်းတော်ပြင် ကတုတ်များကို တပ်သင်္ဘောက ဗုန်းအမြောက်လက်နက် ထပ်မနားပစ်လွှတ်တိုက်ခိုက် သည်တွင် စက်ဝန်, ဖောင်ဝန်, လက်သစ်လှေသင်းဗိုလ်တို့က အမြောက် သေနတ် လက်နက်များနှင့် ပစ်ခတ်၍ နှစ်နာရီခန့်ကြာအောင် ခုခံတိုက် ခိုက်ပါသော်လည်း လက်နက်အင်အားချင်း မမျှသောကြောင့် တပ်ပါ ဗိုလ်ရဲမက်တို့နှင့် အုပ်စည်းမပျက် စက်ဝန်, ဖောင်ဝန်, လက်သစ်လှေသင်း ဗိုလ်တို့ ဆုတ်ခွာရချေ၏။

ယင်းသည့်နောက် မင်းလှခံမြို့, ငွေးကြောင်းခံမြို့များကို အင်္ဂလိပ်စစ် သည်တို့က ကြည်းအားရေအားချီတက် စစ်နှင်ဖက်ညှပ်၍ ဗုန်းအမြောက် သေနတ်လက်နက်တို့နှင့်ပစ်ခတ်တိုက်ခိုက်ကြရာ မြည်လုံးအုံလှေသင်းဗိုလ်,

ရွှေးကြီးလှေသင်းမိုလ်တို့ကလည်း အမြောက်သေနတ် လက်နက်များနှင့် မီးပေါက်မိုးရွာ၏သို့ ခုခံပစ်ခတ်တိုက်ခိုက်သဖြင့် အင်္ဂလိပ်ကြည်းကြောင်း တပ်များမတက်နိုင်ဘဲ တန့်၍နေပြီးနောက် အထိအခိုက်အရှုအနခံ၍ မြို့ခြေရောက် ချဉ်းကပ် လာသည်တွင် စစ်သည်ဗိုလ်ခြေ အင်အားချင်းမမျှ သောကြောင့် မြန်မာရဲမက်တော် လူခုနစ်ရာ, အမြောက်လုံးရေ သုံးဆယ့်ငါးနှင့်တကွ မင်းလှခံမြို့ကို အင်္ဂလိပ်စစ်ဗိုလ်ကြီးက ရလေသည့်ပြင် ငွေးကြောင်းခံမြို့ကိုလည်း အင်္ဂလိပ်စစ်သည်တို့က ရလေ၏။ ယင်းသည့်နောက် အင်္ဂလိပ်တပ် သင်းဘောများ ဆန်တက်လာ၍ မကွေးမြို့ ဆိပ်ကမ်းတွင် ဆိုက်ကပ်ချရပ်နေသည်။

ယင်းကဲ့သို့ နယ်ခြားကျောက်တိုင်အတွင်းက အစောင့်အရှောက် ထားသော တပ်တော်အလုံး ပျက်ပြားဆုတ်ခွာရသည်ကို မင်းလှမြို့ ကြေးနန်း ရုံတော်က ကြေးနန်းရိုက်ကြား လျှောက်ထား လိုက်သည်တွင် တောင်တွင်းကြီးကြောင်း တောင်ငူကြောင်းချီတက်ရန် ရန်ထားသော တပ်များကို မချီမတက်စေဘဲ အဝခံမြို့, စစ်ကိုင်းခံမြို့, သပြေတန်းခံမြို့ သုံးဌာနက အရပ်အနေပြုရမည်။ ရွှေလွန်ချီတက်နှင့်သော ရွှေလှံဗိုလ် ကောလင်းမြို့စားတပ်ကိုလည်း ရောက်ရာစခန်းကစွဲရပ်၍ အခိုင်နေရမည်။ အတ္တပတ်မြို့ဝန်ပင်လယ်မြို့စားနှင့် မိုးနဲစစ်ကဲ မြေဒူးမြို့စားတို့တပ်မှာ ရောက်ရာစခန်းက ဟေဝတီမြစ်ကြောင်း ချီတက်တိုက်ခိုက်ရမည်-အမိန့်တော်ရှိသည်တွင် လွှတ်တော်က တောင်ငူကြောင်း, တောင်တွင်းကြီးကြောင်းချီ ဗိုလ်မှူး ဗိုလ်ချုပ်တို့ရှိရာသို့ အလျင်အမြန် မှာကြားဆင့်ဆိုရသည်။

### မြို့သစ်အတွင်းဝန် စသည်တို့ကို ခံမြို့များက နေစေခြင်းမှစ၍ မင်းတရားကြီးဘုရား အိန္ဒိယသို့လိုက်ရခြင်းများ

ယင်းသည့်လဆန်းတဆဲ့နှစ်ရက်နေ့ လွှတ်တော်က အမှာစာရောက်ရှိသည်ဖြစ်၍ ဗိုလ်မှူးအတွင်းဝန် မြို့သစ်မြို့စား မင်းကြီးမင်းလှ မဟာဇေယသင်္ကြံလည်း လက်ယာကြောင်းအမှုထမ်းလူလေးရာ့ကိုးဆယ်၊နတ်ရှင့်ရွှေး အမှုထမ်းလူငါးရာ့ငါးဆယ်၊ ရွှေးလက်ယာအမှုထမ်းလူသုံးရာ့ကိုးဆဲ့ငါး၊ မြင်းအမှုထမ်းလူနှစ်ရာ၊ နောက်ဝင်းကျင်အမှုထမ်း လူ တရာ့ခုနစ်ဆဲ့ငါး၊ သံတော်ဆင့် နေမျိုးမင်းထင်ရာဇာ၊ စာရေးကြီး မင်းကျော်သီဟမင်းထင်၊ အဝေးရောက်ဗိုလ်ဇော၊ အမှာရေးဗိုလ်မှဲ့၊ မင်းလှကန်အုပ် ဗိုလ်က

လေး၊ ကိုးခရိုင်ဝန်ဗိုလ်ထယ်၊ ဝါးရင်းတုတ်သူကြီး ဗိုလ်သာကြူး၊ မြင်းခုံတိုင်မြို့သူကြီးဗိုလ်စံရာ၊ စာရေးတော်ဗိုလ်ဘိုးရွှေ၊ဗိုလ်ရန်၊ မြို့ကရုဗိုလ်ဒေဝတို့နှင့် သူကောင်းထမ်း လူတထောင်ကျော်။ သည်တပ်များတွင်ပါသည့် ရဲမက်လက်နက်ကိုင် လူသုံးထောင်ကျော်နှင့် တံတားဦးရွာသို့ဆိုက်ရောက်ပြီးမှ အဝခံမြို့, ယင်းရဲကျောက်ဆောင်, ဆင်ကျုံး, မီးသွေးတိုက် စသောဌာနများကို ပြန်၍စည်းကြပ်ရပ်နေရသည်။

ရွှေလက်ဝဲအမှုထမ်း လူလေးရာ့ငါးဆယ်နှင့် ရွှေလက်ဝဲဗိုလ်ထရံကာမြို့စား မဟာမင်းလှသိဒ္ဓိရာဇာမှာ ရွှေကြက်ယက်တောင်ထိပ်က ရဲဘက်မြင်းအမှုထမ်း လူငါးရာ့ခြောက်ဆဲ့ကိုး၊ သူကောင်းထမ်းလူငါးရာ၊ စုစုရဲမက်လက်နက်ကိုင် လူတထောင်ကျော်နှင့် ရတနာသိင်္ဃရဲဘက် မြောက်လက်မြင်းစာရေးကြီး မဟာမင်းခေါင်သူရိန်၊ တောင်လက်မြင်းစာရေးကြီးဆားတော်အုပ်နေမျိုးစည်သူကျော်ခေါင်၊ ဗိုလ်ချုပ်ရွှေဝင်းတော်မှူး ရတနာသိင်္ဃမြို့ဝန် ရဲဘက်မြင်းဝန် သတိုးမင်းကြီးမဟာမင်းခေါင်ရာဇာတို့မှာ သပြေတန်းခံမြို့က စည်းကြပ်ရပ်နေရသည်။

ဗိုလ်မှူးအတွင်းဝန် ပင်းမြို့စားမင်းကြီးမင်းခေါင်မဟာမင်းကျော်သူရိန်လည်း လွှတ်တော်က အမှာစာရောက်ရှိ၍ တောင်မာရဘင်အမှုထမ်း လူသုံးရာ့လေးဆဲ့ငါး၊ လင်းဇင်းအမှုထမ်းလူ သုံးရာ့နှစ်ဆဲ့ရှစ်၊ ဘုန်းတော်ဖြစ်အမှုထမ်း လူခုနစ်ဆယ်၊ ဘုန်းတော်တိုးအမှုထမ်း လူတရာ့တဆယ်၊ တရာ့ငါးဆဲ့ရှစ် အမှုထမ်းလူ ငါးဆယ်၊ ကသည်းမြင်းအမှုထမ်းလူနှစ်ရာ့ငါးဆဲ့နှစ်၊ ရှမ်းမြင်းအမှုထမ်းလူ သုံးရာ့တဆဲ့နှစ်၊ ဇင်းမယ်ပါမြင်းအမှုထမ်းလူ နှစ်ရာ့လေးဆဲ့လေး၊ မြန်မာမြင်းအမှုထမ်း လူနှစ်ရာ့တဆဲ့ငါး၊ သူကောင်းထမ်းလူ နှစ်ရာ၊ သည်ဆယ်တပ်တွင်ပါသည့် ရဲမက်လက်နက်ကိုင် လူနှစ်ထောင့်ခုနစ်ရာ့နှစ်ဆဲ့ခြောက်တို့နှင့် ရွှေကြက်ယက်ဘက်က စစ်ကိုင်းသို့ကူးပြီးလျှင် စစ်ကိုင်းခံမြို့, နွားဈေးကျွန်း, ကမ်းပါးနီကျောက်တန်းစသော ဌာနများက စည်းကြပ်ရပ်နေရသည်။

ယင်းသည့်လဆန်းတဆဲ့သုံးရက်နေ့ အင်္ဂလိပ်တပ်သင်းဘောများ ဆန်တက်မြဲဆန်တက်လာကြောင်း ကြားသိရ၍ ဝန်ရှင်တော်တောင်ခွင်မြို့စား သတိုးမင်းကြီး မဟာမင်းထင်စည်သူ ကြီးကြပ်စီမံပြီးလျှင် အဝမြို့နှင့် စစ်ကိုင်းမြို့စပ်ကြား ယင်းရဲကျောက်ဆောင်အနီး ရေကြောင်း သင်းဘောလမ်းကို အုတ်ဖိုသင်းဘောနှင့်တကွ သမ္ဗန်ကြီးများ, ကုန်တင်လှေကြီးများတွင် ကျောက်တုံးကျောက်ခဲ အလေးအပြည့်တင်၍ ချမြုပ်ပိတ်ဆို

ပါသော်လည်း နောက်အင်္ဂလိပ်စစ်သင်္ဘောများ ထိုစခန်းသို့ရောက်ကာလ ရေကြောင်းပြောင်းလွဲသွားခြင်းကြောင့် အကျိုးမရှိဖြစ်လေသည်။

အင်္ဂလိပ်တပ်သင်္ဘော များလည်း ဆန်တက်မြဲ ဆန်တက်ရာ ယင်းသည့်လဆန်းတဆဲ့လေးရက်နေ့ ရေနံချောင်းမြို့၊ ယင်းသည့်လပြည့်ကျော်တရက်နေ့ ပုဂံမြို့၊ ယင်းသည့်လပြည့်ကျော်နှစ်ရက်နေ့ ကွမ်းရွာ၊ ယင်းသည့်လပြည့်ကျော်လေးရက်နေ့မြင်းခြံအရပ်သို့ရောက်ရှိလာ၍ရေကြောင်းဗိုလ်မှူး အတွင်းဝန် လှေသင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာဇေယကျော်ထင်ဆီးဆို့ခုခံပြီးလျှင် နေဝင်ဆည်းဆာအချိန်တိုင်အောင် အမြောက်နက်တို့နှင့် ပစ်ခတ်တိုက်ခိုက် ပါသော်လည်း အင်္ဂလိပ်ရေကြောင်းတပ်, ကြည်းကြောင်းတပ်တို့က နှစ်ဖက်ညှပ်၍ အပစ်အခတ် ထူထပ်လှသောကြောင့် တပ်တော်များ အုပ်စည်းမပျက် ကျောက်ရုံအရပ်သို့ ဆုတ်ခွာရချေသည်။

ယင်းသည့်လပြည့်ကျော်လေးရက်နေ့ တောင်ငူကြောင်းချီတက်စေရန် ရန်ထားရင်း အဝခံမြို့ရှိ ဗိုလ်မှူးအတွင်းဝန် မြို့သစ်မြို့စား မင်းကြီး မင်းလှမဟာဇေယသင်္ကြံက ယခု အင်္ဂလိပ်တပ်သင်္ဘောအများ ဧရာဝတီမြစ်ကြောင်းအတိုင်း ချီတက်လာသောအရေးကို ချင့်ချိန်သော် ဧရာဝတီကြောင်းချီ ဗိုလ်မှူးအတွင်းဝန် လှေသင်းဝန် စလေမြို့စားလည်း မခံမရပ်နိုင်ဘဲ ဆုတ်ခွာရလေသည်။ ကျွန်တော်မျိုးများလည်း အဝ, စစ်ကိုင်း, သပြေတန်းခံမြို့ သုံးဌာနက အမှုတော်ကိုအားထုတ်ကြိုးပမ်းထမ်းရွက်မည်အရာ ဖြစ်ပါသည်။ သို့ရာတွင် ဘဝရှင် မင်းတရားကြီးဘုရားမှာ စံနေတော်မူရင်း ရွှေမြို့တော်မှထွက်တော်မူ၍ သင့်ရာဌာနက အရပ်အနေ ပြုလုပ်စံနေတော်မူပြီးလျှင် ကြံကြိုက်တော်မူရာ ကြံစည်တော်မူသင့်ကြောင်းနှင့် လျှောက်ထားလိုက်သည်တွင် အချို့သောမှူးမတ်အရာရှိတို့က အသျှင်ဘဝရှင်မင်းတရားကြီးဘုရား နေပြည်တော်ကထွက်၍ သင့်ရာ ဌာနတွင် အရပ်အနေ ပြုလုပ် စံနေတော်မူပြီးမှ ကြံစည်တော်မူသော်လည်း ချက်ဖြတ်လျှင်စွာ အရေးတော်ပြီးမည်မဟုတ်၊ အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားလည်း ခန့်ကျန်းတော်မူခြင်းမရှိ၊ သမီးတော်မြတ်တို့လည်း ငယ်ရွယ်လှ၍ ပင်ပန်းတော်မူကြမည့်အရေးအရာရှိသည်များကို ထောက်ထားတော်မူပြီးလျှင် နေပြည်တော်မှထွက်တော်မူရန် မသင့်ကြောင်းနှင့်လျှောက်ထားကြသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း သာသနာရေး, တိုင်းရေးပြည်မှုနှင့်စပ်လျဉ်းသော အရေးကိစ္စကြီးဖြစ်၍ ဝန်ရှင်တော် သေနတ်ဝန် ကင်းဝန် လယ်ကိုင်းမြို့စား, အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စား, ဝန်ထောက် ဝက်မစွတ်မြို့စားတို့ အစုံအညီတွင် ယခုနိုင်ငံတော်အတွင်း အင်္ဂလိပ်တပ်သင်းဘောများ ကျူးလွန်ချီတက်လာသောအရေးကို မည်ကဲ့သို့သင့်မည်အမိန့်တော်ရှိလျှင်····အသျှင်ဘဝရှင်မင်းတရားကြီးဘုရားစံတော်မူရင်း ရွှေမြို့တော်က သင့်ရာဌာနသို့ထွက်တော်မူ၍ ကျယ်ကျယ်လွန့်လွန့်ကြီးကြိုက်တော်မူရာ ကြီးစည်တော်မူရလျှင် သာလွန် သင့်မြတ်ဘွယ်ရာရှိကြောင်းနှင့် ဝန်ရှင်တော် ကင်းဝန် သေနတ်ဝန် လယ်ကိုင်းမြို့စား မင်းကြီးက တင်လျှောက်သည်။

ယင်းသည့်အခါ အသက်အရွယ်တော် ကြီးရင့်လှသော မယ်တော်ဆင်ဖြူမရှင်ဘုရားနှင့် ကျန်းမာတော်မူခြင်းမရှိသော စဘုရားကြီး, နန်းမတော်မိဖုရားခေါင်ကြီးတို့ကို ထားခဲ့ပြီးလျှင် ထွက်တော်မူရမည့် အရေးလည်းသင့်တော်နိုင်ရန်အကြောင်းမမြင်ဖြစ်သည် အမိန့်တော်ရှိသဖြင့်ယခုရွှေမြို့တော်တွင်ရှိသည့် ပြင်သစ်ကိုယ်စားလှယ်တော် ကောင်စစ်-'မစ်ရှိပရိတ်ဒါရစ်အက်စ'က စစ်သည်ရဲမက် လက်နက်အပြည့်အစုံနှင့် အင်္ဂလိပ်တပ်သင်းဘောများသည် ရတနာပုံရွှေမြို့တော်သို့ မချွတ်မလွဲ ရောက်အောင် ချီတက်လာတော့မည်ဖြစ်ပါသည်။ သူတို့တောင်းဆိုသောအရေးအခွင့်ကိုပေးမှ သင့်ပါလိမ့်မည်ဟု မိမိထင်မြင်သည့်အရေးကို လာရောက်ပြောဆိုကြောင်းနှင့် ဝန်ရှင်တော် ကင်းဝန် သေနတ်ဝန် လယ်ကိုင်းမြို့စား မင်းကြီးက ထပ်မံလျှောက်ထားသည်တွင်–

အင်္ဂလိပ်တပ်သင်းဘောများ ရွှေမြို့တော်သို့ ဆိုက်ရောက်လာ၍ ရဲမက်တော်တို့နှင့် ဆိုင်ပြိုင်ပစ်ခတ် တိုက်ခိုက်ကြလျှင် ပြည်သူတကာ သတ္တဝါအပေါင်းတို့မှာ အသက်စည်းစိမ် ဉစ္စာနှင့်တကွ ကြီးစွာသောဘေးအန္တရာယ်ကို မချွတ်တွေ့ကြုံရန်ရှိတော့သည်။ ယင်းကဲ့သို့ တိုင်းနေပြည်သူ ရှင်လူရဟန်းတို့ မချမ်းမသာဖြစ်မည့်အရာကို အလိုတော်မရှိ၊ချမ်းသာငြိမ်ဝပ်၍ အရေးတော် သာယာစွာ ပြီးလွယ်မည့် အကြောင်းကို စီရင်ရန်သာ အလိုတော်ရှိသည်။ သို့ဖြစ်၍ အဝိဟေဓနတရားနှင့်အညီ အင်္ဂလိပ်အစိုးရတို့တောင်းဆိုသော အရေးအခွင့်များကိုသာလျှင် ပေးလိုက်ကြရမည်-အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသောကြောင့်–

အင်္ဂလိပ်အစိုးရမင်းတို့ အထက် တောင်းခံရင်း အခွင့်အရေးများကို အလုံးစုံ ခွင့်ပြုတော်မူမည့်အကြောင်း၊ ယခု ချိတက်တိုက်ခိုက်ကြသည့် စစ်ကိုလည်း နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်ခြင်းမရှိ၊ ရပ်သိမ်းပြီးလျှင် မဟာမိတ်စာချုပ်လုပ်ရန်အကြောင်း မှူးတော်မတ်တော်တို့က ရေးသားပေးအပ်၍ အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းသူ အတွင်းဝန် ကျောက်မြောင်းမြို့စား မင်းကြီးမဟာသိရိဇေယနန္ဒကျော်ထင်, ဝန်ထောက် ဝက်မစွတ်မြို့စား မင်းကြီး မင်းထင်မဟာစည်သူတို့ကို စကားပြေပြောသွားစေသည်။

မင်းတရားကြီးဘုရားလည်း ယခု သွားရောက်ရမည့်အရေးသည် ဆေးလေးစွာ ပြုသင့်သောအရာမဟုတ်၊ အဝခံမြို့,စစ်ကိုင်းခံမြို့အနီးသို့ အင်္ဂလိပ်တပ်သင်းသောများရောက်လာ၍ ရဲမက်စစ်သည်တော်တို့နှင့် ဆိုင်ပြိုင်ပစ်ခတ်ရှိကြလျှင်ရည်ရွယ်တော်မူသမျှအတိုင်းမဖြစ်ရရှိရာသည်၊ယင်းသို့သောအကြောင်းကိုထောက်၍ အဝ,စစ်ကိုင်း,သပြေတန်း ခံမြို့များအနီးသို့ အင်္ဂလိပ်တပ်သင်းဘောစုမရောက်မီ တင်ကူးပြီးလျှင်သွားရမည်-အမိန့်တော်ရှိသည်နှင့် ယင်းသည့်လပြည့်ကျော်ငါးရက်နေ့နံနက် လေးချက်တီး အချိန်အတွင်းဝန် ကျောက်မြောင်းမြို့စားနှင့် ဝန်ထောက်ဝက်မစွတ်မြို့စားတို့ စစ်ဆိုင်းအလံတင်၍ မှန်စီရွှေထည့် ခိုတောင်ရွှေခဲခတ်လှေတော်နှင့်ဧရာဝတီမြစ်ကြောင်းအတိုင်းစုန်ဆင်းခဲ့ရာ အမြောက်တလုံး တင်ထားပါရှိသောရတနာယာဉ်မွန်သင်းဘောတော် ဆန်တက်လာသည်ကို စစ်ကိုင်းမြို့အနီးတွေ့ရှိသောကြောင့် ယင်းသည့်သင်းဘောတော်နှင့်စုန်ခဲ့၍ရွာသစ်ကြီးရွာအထက်သို့ရောက်လျှင်ခိုတောင်ရွှေခဲခတ်လှေတော်သို့ တတန်ရွှေပြောင်းစီးနင်း၍ စုန်ခဲ့ကြပြန်သည်တွင် ညနေသုံးချက်တီးကျော် နှစ်မောင်းခန့်အချိန် ရွာသစ်ကြီးရွာအောက် လက်ပံပင်ထမင်းဆိုင်စခန်းအနီးရေလယ်မှာ အင်္ဂလိပ်တပ်သင်းဘောများနှင့်တွေ့သဖြင့် ပါလာသည့်စာကိုပေးအပ်ရာအင်္ဂလိပ်စစ်မိုလ်ချုပ်ကြီး 'ဂျေနရယ်ပြန္ဒရဂတ်' က စာဦးယူကြည့်လောက်သော တံဆိပ်လက်မှတ်မပါဆိုခြင်းကြောင့် မြန်မာနေထွက်ဘုရင်မင်းမြတ်အမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း မချွတ်မလွဲရေးသားရသည့်စာဖြစ်ကြောင်း၊ ကျနုပ်တို့လည်း မှူးတော် မတ်တော်ကြီးများ ဖြစ်ကြကြောင်းပြောဆိုပြန်ကြားသောအခါ ရတနာပုံရွှေမြို့တော်မှာအင်္ဂလိပ်ကိုယ်စားလှယ်တော်အဖြစ်နှင့် လာရောက်၍ နှစ်ပေါင်းများစွာနေထိုင်ဘူးသူ သိရင်းဟောင်း 'ကိုဠ္ဌနိယ်စလေဒင်' က ဤသူများသည် ကျောက်

မြောင်းအတွင်းဝန်မင်းနှင့် ဝက်မစွတ်ဝန်ထောက်မင်းတို့ မှန်ကြောင်း ထောက်ခံပြောဆိုလေ၏။

ထိုအခါ အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီးက ကောင်းစွာဧည့်ခံ၍ စားဘွယ် သောက်ဘွယ်များကို စားပွဲတည်ခင်းကျွေးမွေးပြီးနောက် တမိနစ်လျှင် ချက်ရေများစွာ ထွက်နိုင်သော သင်းဘောဦးက စက်အမြောက်တလုံးကို ပစ်ခတ်ပြသပြီးကာလ မိမိတပ်၌ ဤကဲ့သို့အမြောက်လက်နက်များစွာ ပါ ကြောင်းပြောဆိုပြီးလျှင် မြန်မာဝန်ကြီးချုပ် ဝန်ရှင်တော် သေနတ်ဝန် လယ်ကိုင်းမြို့စားမင်းကြီးထံ အင်္ဂလိပ်ဘာသာနှင့် ပြန်ကြားစာရေး၍ ထို စာအရပြန်စာကိုလည်း နက်ဖြန်ပေးပို့ရမည်ပြောဆိုပေးအပ်ရာ အင်္ဂလိပ် ဘာသာစာအရ မြန်မာပြန်ဆိုသောစာကိုလည်းပေးရန် ကျောက်မြောင်း အတွင်းဝန်က စစ်ဗိုလ်ချုပ်ကြီးသို့ ပြောကာလ စာရေးကြီး နီကလက်ကို မြန်မာပြန်ဆို ရေးသားစေ၍ ယင်းသည့်စာနှစ်စောင် ပေးအပ်ပြီးလျှင် အတွင်းဝန်,ဝန်ထောက်များစီးနင်းသော ခိုတောင်ရွှေခဲခတ်လှေတော်ကို အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီးက တပ်သင်းဘောကလေးနှင့် တွဲဆောင်စေ၍ ကျောက်တလုံးရွာအရောက် ပို့လေ၏။

အတွင်းဝန်နှင့် ဝန်ထောက်မင်းတို့လည်း တညဥ့်လုံး ဆန်တက်ခဲ့ရာ ယင်းသည့် လပြည့်ကျော် ခြောက်ရက်နေ့ နံနက် အဝမြို့သို့ ရောက်ကြ သည်။ ယင်းသည့် အင်္ဂလိပ် စစ်ဗိုလ်ကြီးထံက စာနှစ်စောင်ကို နန်းကံ ကျွေးဝန် မင်းလှသီရိကျော်ထင်သွားရောက်၍ လွှတ်တော်သို့ ပို့စေသည်။

ထိုစာအရ ကျောက်မြောင်းအတွင်းဝန်, ဝက်မစွတ်ဝန်ထောက်တို့က လွှတ်တော်သို့ လျှောက်ထားသည့် ကြေးနန်းစာကား....ကျောက်မြောင်း အတွင်းဝန်, ဝက်မစွတ်ဝန်ထောက်တို့ လျှောက်ပါသည်ဘုရား....ယခု အရေးမှာ အင်္ဂလိပ်အစိုးရမင်းတို့ပြောဆိုချက် အထွက်အသံပေးသည့်စာ များကို ထောက်လျှင် နိုင်ငံတော်အမြေမပျက် စာချုပ်အသစ်ချုပ်ဆိုမှ ကောင်းမည် သဘောရရှိပါ၍ အင်္ဂလိပ်အစိုးရမင်းတို့သင်းဘောများကို ရွှေမြို့တော်သို့ ရောက်သည်တိုင် တစုံတရာခုခံပစ်ခတ်မရှိ ကောင်းမွန်စွာ ဝင်ရောက်စေ၍ ရွှေမြို့တော်သို့ ရောက်ကာလမှ ပြောခွင့်ရှိသမျှပြောဆိုရ လျှင် သင့်မည်ထင်ပါကြောင်းနှင့် ပါရှိသည်။

အင်္ဂလိပ်စစ်ဗိုလ်ကြီးက ပေးသောစာ အဓိပ္ပါယ်ကား.... အင်္ဂလိပ်စစ် သည်တို့ကိုချုပ်အုပ်ရသော စစ်ဗိုလ်ကြီး 'ဂျေနရယ်ပြိန္ဒရဂတ်'က ကင်းဝန် မင်းကြီးကို အကြောင်းကြားသိက်သည်မှာ အင်္ဂလိပ်အိန္ဒိယဘုရင်ခံမင်းထံ

က အမိန့်အရ ယခုပေးပို့သည့်စာပါစကားများကိုလက်မခံနိုင်ပါကြောင်း လက်နက်ကိုင်လူများနှင့် မန္တလေးရောက်ချီတက်သွားရမည်-အမိန့်ရှိသည် ဖြစ်သောကြောင့် စစ်ကို မရပ်မဆိုင်းနိုင် မန္တလေးရောက်ချီတက်ရလိမ့် မည် အကြောင်း၊ ယခုစစ်ရပ်ဆိုင်းရန် အခွင့်အရေးကို ဆိုခဲ့သည့်အချက် များကြောင့် အခွင့်မပြုနိုင်ပါကြောင်း၊ သို့သော်လည်း မြန်မာမင်းမြတ်က ကိုယ်တော်နှင့်တကွ လက်နက်ကိုင်လူ၊ ယင်းသည့်ပြင် နေပြည်တော်ပါ အဝ်၍ အင်္ဂလိပ်ကျွန်တော်မျိုး ဥရောပတိုက်သား မန္တလေးမြို့တွင်ရှိသည် များကို ဥစ္စာပစ္စည်းမှစ၍ တစုံတရာ အထိအပါးမရှိခဲ့လျှင် အင်္ဂလိပ်စစ် ဗိုလ်ကြီးက ကောင်းစွာ စောင့်ရှောက်ကြည့်ရှုမည်အကြောင်း၊ ဆိုခဲ့သည့် စာပါအချက်များကို ဝန်ခံပါလျှင် အင်္ဂလိပ်စစ်ဗိုလ်ကြီးက မန္တလေးမြို့ကို သိမ်းယူသည်မှတပါး အတိုက်အခိုက်မရှိမည်ကို ဝန်ခံမည့်အကြောင်း၊ ၎င်းစာအရ ပြန်စာကို ယခုတန်ဆောင်မုန်းလပြည့်ကျော် ခြောက်ရက်နေ့ နံနက်လေးနာရီ နေမထွက်မီအချိန် ပေးပို့ရမည်-အကြောင်းပါရှိသည်။

ယင်းသည့်လပြည့်ကျော် ခြောက်ရက်နေ့ လက်နက်ကိုချ၍ စစ်ကို လည်း ရပ်သိမ်းလိုက်ရမည်၊ လွှတ်တော်က ကြေးနန်းနှင့် ဆင့်ဆိုသော ကြောင့် အဝခံမြို့, စစ်ကိုင်းခံမြို့, သပြေတန်းခံမြို့အတွင်းရှိ ရဲမက်စစ်သည် တော်အပေါင်းတို့မှာ လက်နက်ကိုချ၍ မြို့တွင်းမှ ထွက်သွားကြရလေ၏။

ယင်းသည့်နေ့ အင်္ဂလိပ်တပ်သင်းဘောများ ဆန်တက်၍ ကျောက် မြောင်းအတွင်းဝန်, ဝက်မစွတ်ဝန်ထောက်တို့ စီးနင်းခဲ့ရင်း ရွှာသစ်ကြီး ရွှာအထက်တွင် ဆိုက်ကပ်ထားရှိသည့် ရတနာယာဉ်မှန်သင်းဘောတော် ကို တွဲယူလာရာ ညနေလေးနာရီခန့်အချိန် မြေငူပေါက်တောရွာ အနီး ရောက်သဖြင့် ကျောက်မြောင်း အတွင်းဝန်, ဝက်မစွတ် ဝန်ထောက်တို့ သွားရောက်တွေ့ဆုံပြီးလျှင် စစ်သူကြီးမင်းတို့ တောင်းဆိုသည့် အတိုင်း လွှတ်တော်က ခွင့်ပြုသောကြောင့် ရဲမက်တော်များကို ရုပ်သိမ်းစေပြီဖြစ် ကြောင်းပြန်ကြားပြောဆိုကာလတပ်သင်းဘောများ အဝစစ်ကိုင်းရောက် ဆန်တက်ဆိုက်ကပ်၍ အင်္ဂလိပ်စစ်ဗိုလ်အရာရှိတို့ ကုန်းသို့ တက်ပြီးလျှင် သုံးဌာနရှိ ခံမြို့များအတွင်းက ခဲး,လှံ, သေနတ်, အမြောက်,စိန်ပြောင်း ဟူသမျှကို သိမ်းယူကြလေ၏။

ယင်းသည့်လပြည့်ကျော် ခုနစ်ရက်နေ့ အင်္ဂလိပ်တပ်သင်းဘော နှစ်ဆဲ့ ရှစ်စင်းသည် တွဲသမ္ဗန်ကြီးများနှင့် ဆန်တက်လာ၍ ရတနာပုံရွှေမြို့တော် အနောက်မျက်နှာ ဂေါဝိန်တံခါးဆိပ်ကမ်းသို့ ဆိုက်ကပ်မိလျှင် အင်္ဂလိပ်

စစ်ဗိုလ်ချုပ်ကြီး ဂျေနရယ်ပြိန္ဒရဂတ်က ဝန်ရှင်တော် ကင်းဝန် သေနတ်ဝန် လယ်ကိုင်းမြို့စား မင်းကြီးထံ လူစေလွှတ်၍ စာပေးလိုက်သည်မှာ····ကင်းဝန်မင်းကြီး-ဂေါဝိန်သင်းဘောဆိပ်သို့ နံနက် တဆဲ့တနာရီအချိန်ဆင်းလာပါ။ ဤအခါ မြန်မာမင်းမြတ်ပါလျှင် သာ၍ ကောင်းပါသည်။ မလာမရောက်ရှိခဲ့လျှင် အလိုရှိရာ ပြုလုပ်ပါလိမ့်မည်ဟု ပါရှိလေသည်။

ယင်းသည့်အခါ ရှေးရှေးသော နန္ဒီသေန, ဝိဇူရစသော ပှူးကောင်းမတ်ကောင်း အလောင်းတော် ပညာရှိတို့ကဲ့သို့ ရဋ္ဌဝဓနန ဟိတကာရီတန္တိမယှွင်း နှလုံးသွင်းဖြင့် စင်းလျှင်းတစိုက် သိမ်းယူပိုက်၍ ဝန်ရှင်တော်ကင်းဝန်သေနတ်ဝန် လယ်ကိုင်းမြို့စားမင်း သတိုးသုမ္မေမဟာသက်တော်ရှည်သည်း ကွမ်းကိုင်ရေကိုင် နောက်ပါလူအနည်းငယ်နှင့် ဂေါဝိန်ဆိပ်ကမ်းသို့သွားရာ အင်္ဂလိပ်စစ်သည်တို့ ဂေါဝိန်ဆိပ်ကမ်းမှ ရွှေမြို့တော်သို့ချီတက်လာသည်ကို လမ်းခရီးတွင်တွေ့ရှိသည်နှင့် မရပ်မနား ပြန်လာရလေ၏။

အင်္ဂလိပ်စစ်သည်တို့လည်း နေ့နာရီပြန်တချက်အချိန် လွှတ်တော်သို့ဆိုက်ရောက်ကြလေ၏။ အင်္ဂလိပ်စစ်သည် တသောင်းကျော်တို့လည်း နန်းတော်သစ်တပ်ပတ်လည်များကို ဝန်းဝိုင်းထား၍ မြို့တော်တံခါးတဆဲ့နှစ်ရပ်တွင်လည်း တပ်နှင့်ချည်း ထားလေသည်။ သို့သော် အင်္ဂလိပ်စစ်သည်များ နန်းတွင်းသို့ ဝင်ရောက်ခြင်းမရှိကြ၊ ထိုအခါ လွှတ်တော်တောင်အုတ်ဘိုက်မှာ ကင်းဝန်မင်းကြီး, တောင်ခွင်မင်းကြီး, ရွှေတိုက်အတွင်းဝန်, ညောင်ရွှေ စော်ဘွားကြီးတို့ အစုံအညီတွင် ကိုဠိနိုလ်စလေဒင်ကမြန်မာမင်းမြတ် အထွက်အသွားမရှိရအောင် ကင်းဝန်မင်းကြီးက ဝန်ခံပါပြောဆိုသည်။ ကင်းဝန်မင်းကြီးကလည်း အရှင်နှစ်ပါးကို အင်္ဂလိပ်နိုင်ငံသို့ မယူပါနှင့်ပြောဆိုသည်။ ယင်းသည့်နောက် ကိုဠိနိုလ်စလေဒင်က ရွှေတော်သို့ ဝင်ရောက်လိုကြောင်း ပြောဆို၍ ကင်းဝန်မင်းကြီး, တောင်ခွင်မင်းကြီး, ရွှေတိုက်အတွင်းဝန်, ညောင်ရွှေစော်ဘွားကြီး, ကိုဠိနိုလ်စလေဒင်, စကားပြန်စာရေးကြီး နီကလက်, စစ်ဗိုလ်ကြီးတစ်တို့ ရွှေတော်သို့ ဝင်လာကြသည်။

ထိုအခါ ဘဝရှင်မင်းတရားကြီးဘုရားမှာ ယိမ်းနွဲ့ပါးနန်းစဉ်လက်သုံးတော်ခေးကို အဒိမ်မှဍွတ်လျက် စွဲကိုင်တော်မူ၍ အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရား, မယ်တော် ဆင်ဖြူမရှင်ဘုရား, သမီးတော်မြတ်နှစ်ပါးပါ နောက်တော်လိုက် အထိန်းတော်, အပျိုတော်, မြို့စားရွာစား

အပေါင်းတို့နှင့်တကွရွှေနန်းတော်ရောက်ထွက်တော်မူသည်တွင် အတွင်းဝန်ရွှေတိုက်ဝန်ပေါက်မြိုင်မြို့စားနှင့်သံတော်ဆင့်လက်နက်တိုက်ဝန်မြပန်းလှတော်အုပ်တို့က အင်္ဂလိပ်စစ်သည်တော်များ နန်းတွင်းသို့ဆိုက်ရောက်ကြောင်း တင်လျှောက်ကြ၍ ယင်းသည့်ရွှေနန်းတော်မှာ အတွေ့ခံတော်မူသည်။

ကိုင်ဥ်နီလ်စလေဒင်မှာ အထက်ခမည်းတော် ပဋ္ဌမ သင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော် ကိုယ်စားလှယ်အဖြစ်နှင့် ရတနာပုံရွှေမြို့တော်တွင် ထမ်းရွက်နေထိုင်ဘူးသူဖြစ်သည်နှင့် သိတော်မူရင်းပင်ဖြစ်လေသည်။

ထိုအခါ မင်းတရားကြီးဘုရားက ခမည်းတော် မင်းတရားကြီးဘုရားလက်ထက်တော်ကစ၍ မဟာမိတ် ဖြစ်ကြသည့်အတိုင်း နှစ်တိုင်းနှစ်ပြည်ရန်စစ်ပြေငြိမ်းရန် မဟာမိတ်လက္ခဏာ မပျက်မယွင်း သင့်တင့် ညီညွတ်ကြရန် အလိုတော်မြတ်ရှိသည်နှင့် အင်္ဂလိပ်မင်း အခွင့်တောင်းဆိုသည့်အတိုင်း အလုံးစုံအခွင့်အရေး ပေးတော်မူသည်ဖြစ်၍ ရဲမက်လက်နက်ကိုင်အမှုထမ်းတို့ကို တစုံတရာခုခံပစ်ခတ်မရှိစေဘဲ စစ်ကို ရုပ်သိမ်းလိုက်သည်အရ အဝစစ်ကိုင်းကရုပ်နေ၍ မှူးကြီးမတ်ကြီးများနှင့် စကားပြောဆိုပြီးလျှင် စာချုပ်ရန်အကြောင်းမျှရှိတော့သည် ဖြစ်လျက် ယခုရတနာပုံရွှေမြို့တော်ရောက် ဆန်၍ ရွှေနန်းတော်ရောက်ချီတက်လာသည်မှာ မည်သို့ အကြောင်းရှိသေးသည် မေးတော်မူရာ–

အမိန့်တော်မြတ်ရှိသည့်အတိုင်းမှန်ပါသည်၊ သို့သော်လည်း မန္တလေးရတနာပုံရွှေမြို့တော်ရောက် ဆန်တက်၍ မြန်မာနိုင်ငံတော်ကို သိမ်းယူရမည်၊ အသျှင်နှစ်ပါးကိုလည်း အသက်တော်ကို စောင့်ရှောက်၍ ဆောင်ယူခဲ့ရမည်····အိန္ဒိယဘုရင်ခံမင်း အမိန့်ပါ၍ ဆန်တက် လာရောက်ရပါကြောင်းနှင့် ကိုင်ဥ်နီလ်စလေဒင်က လျှောက်လေသည်။

အသျှင်နှစ်ပါးကို မယူရ ချမ်းသာအောင် အင်္ဂလိပ်မင်း နောက်ဆုံးတောင်းဆိုသောအလုံးစုံ အခွင့်အရေးများကို ပေးတော်မူပြီးလျှင် လက်နက်ကိုလည်းအပ်၍ စစ်ကိုရုပ်သိမ်းခြင်းဖြစ်ကြောင်း ကင်းဝန်မင်းကြီးကပြောဆိုရာ–

အသျှင်နှစ်ပါးဆောင်ယူရန်အခွင့်မှာ ကျနုပ်အရေးပိုင်သည်မဟုတ်ပါ စစ်ဗိုလ်ချုပ်ကြီး ဂျေနရယ်ပြိန္ဒရဂတ္တ်သာလျှင် အရေးပိုင်သည့်အခွင့်ဖြစ်ပါကြောင်းနှင့် ကိုင်ဥ်နီလ်စလေဒင်က ကင်းဝန်မင်းကြီးသို့ ပြန်ပြောလေသည်။

ထိုနောက် ဘဝရှင်မင်းတရားကြီးဘုရား စံတော်မူရင်းအဆောင်တော်သို့ ဝင်တော်မူလျှင် ကိုင်ဥနိုလ်စလေဒင်, စာရေးကြီးနီကလက်, စစ်ဗိုလ်တစ်နှင့် တကွ ပူးတော်မတ်တော်တို့ပါ ရွှေတော်ကထွက်လာကြ၏။

သက္ကရာဇ် (၁၂၄၇) တထောင့်နှစ်ရာ့လေးဆဲ့ခုနစ်ခု တန်ဆောင်မုန်းလပြည့်ကျော် ရှစ်ရက်နေ့ နံနက်ခြောက်နာရီအချိန်ကစ၍ တံခါးနီတော်, အတွင်းတံခါး, ရွှေနန်း အဆောင်တော် များမှာ အင်္ဂလိပ်စစ်သည်တို့ဝင်ရောက်စောင့်ရှောက်ကြလေသည်။ မြန်မာအရာရှိ နန်းတော်သား, အစုအမှုထမ်း, မင်းသမီး, အပျိုတော်, ပွဲတော်, ရေကြည်တော်မှစ၍ တစုံတယောက်သောသူမျှ ရွှေနန်းတော်တွင်းသို့ တဖန်ပြန်၍ ဝင်ခွင့်မရ ထွက်စေရန် အခွင့်ကိုသာ ပေးလေတော့သည်။ ထိုအခါ နေ့စဉ်ဝင်ထွက် ခစားဆက်သထမ်းရွက်ကြရသော အရာရှိ အစုအမှုထမ်းအလုံးစုံတို့သည် အသျှင်နှစ်ပါးကိုဖူးမြော်ဝင်ထွက်ဆက်သထမ်းရွက်မြဲဓလ့ထ်ယွင်းပျက်ကွက် မဝင်မထွက်ကြရသည်နှင့် မည်ကဲ့သို့ဖြစ်မည်များကို မသိနိုင်၍ စိုးရိမ်ပူပန်ငိုကြွေးတသ ရှိကြလေသည်။

အသျှင် ဘဝရှင်မင်းတရားကြီးဘုရား, အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား, မယ်တော်ဆင်ဖြူမရှင်ဘုရား, သမီးတော်မြတ်များပါ တောင်ဥယျာဉ်တော်အတွင်း စံနန်းတော်သို့ ထွက်တော်မူ၍ စံတော်မူရသည်။

ထိုနေ့နံနက် ကိုင်ဥနိုလ်စလေဒင် ရွှေတော်သို့ ဝင်ရောက်ပြီးလျှင် နန်းစဉ်ရတနာကျောက်တော်များမှစ၍ မင်း၏ အသုံးအဆောင်ရတနာများကို မပျောက်မပျက်ရအောင် ထိန်းသိမ်းထားလိုကြောင်းနှင့် တင်လျှော်သောကြောင့် အဘိုးဖြတ်ဆိုခြင်းငှာမထိုက်သော နန်းစဉ်အသုံးအဆောင်ရဘနာကျောက်တော်များကို အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စားမင်းကြီးမင်းလှ မဟာဇေယနန္ဒသင်္ကြံက ကိုင်ဥနိုလ်စလေဒင်သို့ စာရင်းနှင့်တကွ ရေတွက်ပေးအပ်ရလေသည်။

ထိုသို့ပေးအပ်ရသော ရတနာကျောက်တော်များတွင် ငမောက်ဟု အမည်တွင်သော ပတ္တမြားကျောက်တော်သည်ကား- အဝမြို့-ညောင်ရမ်းဆယ်ဆက်တွင် ငါးထပ်ဒါယကာမင်းတရားညီတော် ငါးဆက်မြောက်မင်းပြုသော ပြည်မင်းတရားလက်ထက် သက္ကရာဇ် (၁၀၂၃) တထောင့်နှစ်ဆဲ့သုံးခုနှစ်တွင် ချင်းတွင်းရွာနေ ငမောက်က ဆက်၍ ငမောက်ဟု အမည်ထင်ရှားလေသည်၊ ထိုကျောက်တော် ရတီချိန် ကိုးဆယ်ကျော်ရှိသည်။

လှော်ကားတင်ကလေးအမည်တွင်သော ပတ္တမြားကျောက်တော်သည် ကား-အမရပူရ ပဉ္စမ မြို့တည် နန်းတည် မင်းတရားကြီးလက်ထက်တော် လှော်ကားနှင့်တင်ယူဆက်သ၍ လှော်ကားတင်ကလေး အမည်ထင်ရှားလေသည်၊ရတီချိန်နှစ်ဆယ်ခန့်ရှိသည်။

လှော်ကားတင်ကြီးကျောက်တော်မှာ အမရပူရ ဒုတိယ မြို့တည် နန်းတည် မင်းတရားကြီးလက်ထက်တော် သက္ကရာဇ် (၁၁၉၉) တဆောင်တရာ့ကိုးဆဲ့ကိုးခု ဒုတိယဝါဆိုလဆန်း လေးရက်နေ့ မိုးကုတ်ကျတ်ပြင် ကသည်းစို့သူကြီး သီရိဇေယရာဇာ ထိန်းအုပ်စု သဖန်းပင် ကျောက်တွင်းတော်ကရ၍ ရွှေလှော်ကားနှင့် တင်ယူဆက်သခြင်းကြောင့် လှော်ကားတင်ကြီးအမည် ထင်းရှားလေသည်။ ရတီချိန်လေးဆယ်ကျော်ရှိသည်။

အချိန်ဆယ်ရတီရှိသော ဆင်မတော်အမည်တွင်သည့် ပတ္တမြားကျော်တော်မှာ ဆင်မတော်နှင့်တင်၍ ဆက်သလာသည့် ကျောက်တော်ဖြစ်သည်။ အချိန် ခြောက်ရတီရှိသော စံကျောက်တော်မှာ စံထား၍အသုံးပြုရသော ပတ္တမြားကျောက်တော်ဖြစ်သည်။ ဆိုခဲ့သည့် ကျောက်တော်များပြင် နဂါးမိုလ်စသောကျောက်တော်များနှင့် အဘိုးများစွာ ထိုက်တန်သော ရတနာကျောက်တော်အများ ဖြစ်လေသည်။

ယင်းသည့်နေ့ နာရီပြန်နှစ်ချက်အချိန် စစ်ဗိုလ်ချုပ်ကြီး ဂျေနရယ်ပြိန္ဒရဂတ်နှင့်ကိုင်ဇ္ဇိနိုလ်စလေဒင်တို့က ရွှေတော်သို့အတူဝင်ရောက်ရန်ဆို၍ မြန်မာ မှူးကြီးမတ်ကြီးတို့ကို အသီးအသီး လူစေလွှတ်ခေါ်သောကြောင့် ကင်းဝန်မင်းကြီး၊ တောင်ခွင်မင်းကြီး၊ တိုင်တားမင်းကြီး၊ ပင်းအတွင်းဝန်၊ ရွှေတိုက်အတွင်းဝန်၊ မြို့သစ်အတွင်းဝန်၊ ကျောက်မြောင်း အတွင်းဝန်၊ မိုးထားဝန်ထောက်၊ ဝက်မစွတ်ဝန်ထောက်၊ပင်းတလဲဝန်ထောက်၊ညောင်ဝန်းဝန်ထောက်၊ မြင်းစုကြီးဝန်ထောက်၊ ပညာဝန်ထောက်တို့ ရွှေတော်သို့ဝင်ရောက်ကြလေသည်။

မှူးတော်မတ်တော်တို့စုံလျှင် ကိုင်ဇ္ဇိနိုလ်စလေဒင်က အသျှင်နှစ်ပါးကို အင်္ဂလိပ်မင်းနိုင်ငံသို့ ယူဆောင်ရမည်ဖြစ်၍ ဂေါ်ဝိန် သင်းဘောဆိပ်ကို ထွက်တော်မူပါမည့်အကြောင်းနှင့် လျှောက်ထား၍ ညနေသုံးနာရီအချိန် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား, အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား, သမီးတော်ထိပ်စုဘုရားကြီး, ထိပ်စုဘုရားလတ်, အစ်မတော် မိုင်းနောင်စုဘုရားကြီး, ညီမတော်-ရမည်သင်း စုဘုရားကလေး, မယ်တော်ဆင်ဖြူမရှင်ဘုရားနှင့်တကွ နောက်တော်လိုက်, အလိန်းတော်,အပျိုတော်,

မြို့စားရွာစားတို့ပါ စံနန်းတော်က ရွှေနန်းတော်ကြီး တောင်စမုတ်လှေကားတော်သို့ တက်တော်မူပြီးလျှင် မြေနန်းတော်ဦး မင်းတက်လှေကားကဆင်းသက်တော်မူကြ၍ အမြောက်ဝန် မပဲမြို့စား, အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စားတို့ ဘီရိုလှည်းနှစ်စီးတွင် သား မယ်တော်ခုနစ်ပါး ရွှေစက်တင်တော်မူရသည်။ ဝက်မစွတ်ဝန်ထောက်, ပင်းတလဲဝန်ထောက်တို့က ထီးဖြူတော်နှစ်ချက်အုပ်မိုးလျက် အင်္ဂလိပ်စစ်သည်တထောင်ကျော်ခန့် ဝဲယာသွယ်တန်းပြီးလျှင် ရွှေနန်းတော်ဦး ရွှေးတော်ယူတံခါးကထွက်၍ မြို့ခတော်တောင်မျက်နှာ ကျော်မိုးတံခါးမှ ဂေါဝိန် သင်းဘောဆိပ်ရောက် ထွက်တော်မူရလေသည်။

မြန်မာလူမျိုး မိန်းမယောကျ်ားတို့လည်း လမ်းစဉ်တလျှောက်ကကြည့်ရှုကာဖြင့် ငါတို့ ရှင်ဘုရင်ကို အပါဆောင်လေပြီဆို၍ နှမြောလွမ်းဆွတ်ခြင်းနှင့်တကွ မျက်ရည်သုတ်ကာသုတ်ကာ ပြောဆိုမြည်တမ်းကြလေ၏။

ဂေါဝိန်ဆိပ်ကမ်းရောက်၍ သူရိယ သင်းဘောထက်သို့ အသျှင်ဘဝရှင်မင်းတရားကြီးဘုရားနှင့်တကွ အလုံးစုံတက်မိလျှင် ချက်တဖြုတ်လျှင်စွာရေလယ်သို့ခွာ၍ ကျောက်ချစွဲလျက် တည့်ရပ်ဆိုင်းသည်။

ယင်းသည့်အခါ အပါးတော်တွင် ဝန်ရှင်တော် ကင်းဝန် သေနတ်ဝန် လယ်ကိုင်းမြို့စားမင်း သတိုးသုဓမ္မ မဟာသက်တော်ရှည်၊ အတွင်းဝန် မြို့သစ်မြို့စား မင်းကြီး မင်းလှမဟာဇေယသင်္ကြံ၊ အတွင်းဝန်ကျောက်မြောင်းမြို့စား မင်းကြီးမဟာသီရိဇေယနန္ဒကျော်ထင်၊ သမီးတော် ထိပ်စုဘုရားကြီး၏ အထိန်းတော် သုံးဆယ်မြို့စား သုကေသာဝတီ၊ အထိန်းတော် တောင်ဆင်းမြို့စား သုနန္ဒာဝတီ၊ ထိပ်စုဘုရားလတ်၏ အထိန်းတော် မိုးညှင်းမြို့စား သုပဘာဝတီ၊ အပျိုတော် ချွန်းတောင်မြို့စား သုသီရိစန္ဒာဝတီ၊ ပင်းယမြို့စား သုသီရိကုမ္ဘာဝတီ၊ နဂါးဆင်းမြို့စား သုစန္ဒာဝတီ၊ အပျိုတော်၊ ဝသန်၊ ခါနွေ၊ တိမ်ပြာ၊ မိလ္လာ၊ ဇေမ္ဘာ၊ သောရီ၊ နန်းပေါ်၊ နန်းထူး၊ အသျှင်နန်းမတော်ဘုရား ဘဏ္ဍာစိုးစာရေးကြီး မဟာမင်းထင်မင်းကျော်ရာဇာ၊ သံတော်ဆင့် ပန်းတဉ်းဝန် မဟာမင်းလှမင်းခေါင်ကျော်တို့ လိုက်ပါကြသည်။

ယင်းသည့်လပြည့်ကျော် ကိုးရက်နေ့နံနက် ရတနာပုံ နေပြည်တော်ရောဝတီဆိပ်ကမ်းမှ စုန်ဆင်းခဲ့ရာ လပြည့်ကျော် တဆဲ့နှစ်ရက်နေ့ ရန်ကုန်မြို့သို့ဆိုက်ရောက်သဖြင့် ကလိုက်ခေါ် အစိုးရသင်းဘောထက်သို့ ပြောင်းရွှေ့စံတော်မူရသည်။

ထိုနှစ် နတ်တော်လဆန်းလေးရက်နေ့ ညနေငါးနာရီအချိန် အသျှင်နှစ်ပါး၊ ညီမတော်ရမည်းသင်းစုဘုရား၊ သမီးတော်မြတ်နှစ်ပါး၊ အထိန်းတော် တောင်ဆင်းမြို့စားမင်းသမီး၊ အထိန်းတော်မိုးညှင်းမြို့စားမင်းသမီး၊ အပျိုတော်၊ ဝသန်၊ ခါနွေ၊ တိမ်ပြာ၊ မိလ္လာ၊ ဇေဋ္ဌာ၊ သောရီ၊နန်းပေါ်၊ နန်းထူး၊ သံတော်ဆင့်ပန်းတဉ်းဝန်၊ ဘဏ္ဍာစိုးစာရေးကြီး၊ အင်္ဂလိပ်အစိုးရမင်းတို့ကထည့်သည့် ဟင်းသာတမြို့ဇာတိ စကားပြန်တော် မောင်ရှိန်း၊ ညီ-မောင်သိန်းတို့နှင့် တကွ ကလိုက်ခေါ် သင်းဘောမှ ကန်နာခေါ် အစိုးရပင်လယ်ကူးသင်းဘောသို့ ရွှေပြောင်း၍ အရပ်အနား မရှိစေဘဲ ယူဆောင်ရာ နတ်တော်လဆန်းရှစ်ရက်နေ့ မဒရပ်မြို့သို့ဆိုက်ရောက်သည်။

ထိုနောက် မယ်တော်ဆင်ဖြူမရှင်ဘုရားနှင့် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရား အစ်မတော် မိုင်းနောင်စုဘုရားကြီးကို ဒဝယ်မြို့၊ ဝန်ရှင်တော် တိုင်တားမြို့စား မင်းသတိုး မင်းကြီးမဟာစည်သူအဘယကို ဘင်္ဂလားနယ်ကတ်တက်မြို့၊ မြို့ဝန် ရွှေလှံမိုလ် ကောလင်းမြို့စား မင်းကြီးမဟာမင်းခေါင်နော်ရထာကို စစ်တွေမြို့များသို့ အသီးအသီး ပို့ထားလေသည်။

### ဘဝရှင်မင်းတရားကြီးဘုရား အကြောင်းတော်များနှင့် အခွန်တော်,အသုံးတော်၊ မှူးတော်မတ်တော်တို့ ဘွဲ့အမည်-ရာထူးများ

သီရိပဝရ ဝိဇယာနန္တယသ တိလောကာဓိပတိ ပဏ္ဍိတမဟာဓမ္မရာဇာဓိ ရာဇာ-တံဆိပ်နာမံတော်ရှိသော မာရ်အောင်ရတနာစေတီတော် ဒါယကာ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အကြောင်းတော်ကား…. သက္ကရာဇ် (၁၂၂၀) တထောင့်နှစ်ရာ့နှစ်ဆယ် နတ်တော်လပြည့်ကျော်တဆဲ့နှစ်ရက် စနေနေ့နံနက်လေးချက်တီးကျော် ပြိသာတွင်ကြာသပတေး၊ ကြကဋ်တွင် စနေ၊ မြိဿာတွင် စန်းနှင့် သောကြာ၊ ဓနုတွင် လက်နှင့် တနင်္ဂနွေ, ဗုဒ္ဓဟူး၊ ကုံတွင် အင်္ဂါ,ရာဟု၊ စဥ်နက္ခတ်တဆဲ့ခြောက်လုံး၊ သုံးပါဒ်၊ ဆယ်ဇိဇနာ၊ စိတြနက္ခတ်မွန်းမတ်အချိန် ဖွားမြင်တော်မူသည်။

အိမ်နိမ့် တဆဲ့ကိုးနှစ်နှင့်ကိုးလကိုးရက်, စည်းစိမ်ခုနစ်နှစ်နှင့်တလတဆဲ့ခုနစ်ရက်, သက်တော် နှစ်ဆဲ့ခြောက်နှစ်နှင့် ဆယ်လ နှစ်ဆဲ့ခြောက်ရက်၊ သာသနာသက္ကရာဇ် (၂၄၂၉) နှစ်ထောင့်လေးရာ့နှစ်ဆဲ့ကိုး, ဂေါဇာ သက္ကရာဇ် (၁၂၄၇) တထောင့်နှစ်ရာ့လေးဆဲ့ခုနစ်ခု တန်ဆောင်မုန်း

လပြည့်ကျော်ရှစ်ရက် တနင်္ဂနွေနေ့ နေသုံးချက်တီး မေထုန်တွင်စနေ၊ သိဟ်တွင် စန်းနှင့် အင်္ဂါ, ရာဟု၊ ကန်တွင် ကြာသပတေး၊ ဗြိစ္ဆာတွင် တနင်္ဂနွေ၊ မကာရတွင် သောကြာ၊ မိဿတွင် လဂ်၊ စဉ်နက္ခတ်ဆယ် လုံး တပါဒ်လေးဗိဇနာအချိန်တွင် ရွှေဘုံရွှေနန်းထက်မှ လွှဲပြောင်းတော် မူ၍ လောကခံဓမ္မတာသံဝေဂရတရားအလျောက် အိန္ဒိယနိုင်ငံသို့ လိုက်ပါ တော်မူရလေ၏။

အိန္ဒိယနိုင်ငံသို့လိုက်ပါထွက်စံတော်မူရလိုသော် …ရွှေမြို့တော်တွင် မီး အကြိမ်များစွာလောင်၏၊ မဟာမုနိရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူ သည့် ပြာသာဒ်တော်, အာရုံခံတန်ဆောင်းတော်, စောင်းတန်းတော်များ ကို မီးသင့်၏၊ နိုင်ငံတော်အနောက်တပြင် မြို့ရွာများတွင် သူခိုးဓားပြ ထ ကြွ လှုပ်ရှား၏၊ ရွှေမြို့တော် အနောက်မြောက်အရပ်မှ အရှိန်အဟဲပြင်း စွာကြားရ၏၊ ကုသိုလ်တော် လောကရန်နှိမ်ဘုရားအရံခြင်္သေ့မှမျက်ရည် ထွက်၏၊ ပုဂံ ရွှေစည်းခုံဘုရား အရိပ်ပြန်၏၊ မဟာမုနိဘုရား ရောင်တော် ပြ၏၊ ရတနာသိင်္ဃမြို့ ဆင်းကွပ်ရွာရှိ ရွှေဂူကြီးဘုရား ရုပ်ပွားတော်မြတ် မျက်လုံးတော်က သွေးယို၏၊ မှန်နန်းတော်, စနဆောင်တော်, မြေနန်း ပြာသာဒ်တော်များတွင် ပျားစွဲ၏၊ မြေနန်းပြာသာဒ်တော်ကြီး သတ္တမဘုံ တွင် နေ့အခါမီးစွဲငြိသည်ကို သတ်ငြိမ်းရ၏၊ နန်းမြို့တော်မြို့ရိုးနှင့် တံခါး ပြအိုးများကို လောင်မီးကျ၏၊ လွှတ်တော်သို့ ခွေးတက်၏၊ လွှတ်တော် အောက်တွင်ညအခါခွေးအူ၏၊ မြို့တွင်းသို့ ကျားဝင်၏၊ ရောဝတီမြစ်အနီး စားကျက်ရွာတွင် တံငါတို့ဖန်းမိသည့် အလျှားကိုးတောင်ရှိမိကျောင်းကို ရွှေမြို့တော်တွင်းသို့ ဆောင်ယူမွေးထား၏၊ ကုသိုလ်တော် မာရ်အောင် ရတနာစေတီတော်တွင် ပျားစွဲ၏၊ မြို့ရှေ့မှန်ကျောင်းတိုက်တော်သို့ ရေ စက်သွန်း ထွက်တော်မူရာ အလှူတော် ပဒေသာပင်ရေ တရာအနက် တပင်မှာပျားစွဲ၏၊ မဟာသကျသီဟဘုရားကို ပင့်၍လာစဉ် တန်ဆောင်း ပြာသာဒ်မှာ ပျားစွဲ၏၊ လကို ရောဟနီနက္ခတ် ,သောကြာဂြိုဟ်တို့ ထွင်း ဖောက်ကြ၏၊ လကို ကြာသပတေးကြယ် ချင်း၏၊ မာဃနက္ခတ်ကို ကြာ သပတေးကြယ် ထွင်းဖောက်၏၊ ကောင်းကင်အလုံး သွေးအတိကဲ့သို့ နီ မြန်း၏၊ အနောက်တောင်ထောင့် အရပ်မှ မပြတ်ကိတ်ရောင် ထွက်၏၊ အရှေ့တောင်အရပ်မှ သည်ကဲ့သို့မထင်ဘူးသော ကြီးစွာသောကြယ်တံခွန် သည် နေ့ရက်ရှည်စွာထွက်ပြ၏၊ တောင်နန်းတော် ညောင်ရေအိုးများ တွင် တင်လှူ စိုက်ထိုးသော သပြေပန်း များသည် အလိုမှဲ လျှောကျ၏၊

အင်္ဂလိပ်စစ်သည်တို့ အဝစစ်ကိုင်းမှဆန်တက်၍ သက္ကရာဇ် (၁၂၄၇) တဆောင်မုန်းလပြည့်ကျော် ခြောက်ရက်နေ့ညခုနစ်နာရီ အချိန်မှ နံနက်အရုဏ်တက်သည်တိုင် ကောင်းကင်ပြည့်မျှသော ကြယ်ဥက္ကာအပေါင်းတို့သည် အလုံးစုံ ကြွေကျသကဲ့သို့ ပြည်သူတို့မကြိုးစတောင်း အံ့သြ၍မကုန်နိုင်အောင် အစဉ်မပြတ် လူးလာပျံ့သန်းကြ၏၊ ထိုနေ့ညပင် မှန်နန်းတော်အလယ် ဘမရာသနရာဇပလ္လင်တော်တွင် အမြဲ စိုက်ဆောက်ထားအပ်သော မနောဟရ ထီးဖြူတော်ကြီးသည် အလိုမဲ့လျှပ်ရှား၏။ အမြဲစံတော်မူသည့် တောင်နန်းတော်ကြီးသို့ အရှုးမိန်းမဝင်၏။

ပြုတော်မူသော ကောင်းမှုတော်တို့ကား—မဟာသီရိဟေမဝန်ဥယျာဉ်တော်အတွင်း မာရ်အောင်ရတနာစေတီတော်။

ရွှေမြို့တော်အရှေ့ပြင်ဇမ္ဗူမျက်ရှင်ရပ်တွင် လောကရန်နှိမ်စေတီတော်။ နိုင်ငံတော်အတွင်း တမြို့လျှင် တဆူကျ တချိန်တည်း တည်တော်မူသော ရာဇမုနိစေတီတော်။ အာရုံခံ ဥယျာဉ်တော်အတွင်း ရတနာတန်ဆောင်စေတီတော်။ ၎င်းအနီးသေလာမုနိမဟာရာဇိန်ကျော်စေတီတော်။

ရွှေမြို့တော်ရှေ့မျက်နှာ မဟာဝိဇယပုညတိုက်အတွင်း ကျောင်းရံရှစ်ရပ်နှင့်တကွ ဘုံလေးဆင့်ရှိ မဟာစံလွှတ်ဝေယန် မှန်ကျောင်းတော်။

မဟာအတုလဝိဇယာရာမတိုက်အတွင်း ရွှေနန်းကျောင်းတော်။

ရွှေမြို့တော်အနောက်တောင် ဝေါဝိန်တံခါးလမ်း လက်ယာဘက်ရှိ မဏိသေလာရာမတိုက်အတွင်း ရွှေရေးကျောင်းရံရှစ်ရပ်နှင့်တကွဘုံလေးဆင့်ရှိသော မဟာရတနာဘုံစံ မှန်ကျောင်းတော်။

ထိုမှတပါး ရေတွက်ခြင်းငှာ မစွမ်းနိုင်အောင် လွှေ့လွှေ့ရမ်းရမ်း လှူဒါန်းပေးကမ်း စွန့်ကြဲတော်မူသည်လည်း များလှလေ၏။

ဘဝရှင်မင်းတရားကြီးဘုရား အိန္ဒိယနိုင်ငံသို့ လိုက်ပါတော်မူရ၍ မဒရပ်မြို့၌စံတော်မူစဉ် သက္ကရာဇ် (၁၂၄၇) တဆောင်နှစ်ရှာလေးဆဲ့ခုနစ်ခု တပေါင်းလဆန်းသုံးရက် တနင်္ဂနွေနေ့ညလေးချက်တီးကျော်, ငါးနာရီ တပါဒ် ကိုးဗီဇနာ သုံးပြန် တခရာအချိန် အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရားက သမီးတော်မြတ်ရတနာကို ဖွားမြင်သန့်စင် မီးရှူးမြင်တော်မူသည်။

ယင်းသည့်နောက် အိန္ဒိယနိုင်ငံ အနောက်မျက်နှာ ရတနာဂီရိမြို့သို့ တဖန် ပြောင်းရွှေ့စံနေတော်မူစဉ် သက္ကရာဇ်(၁၂၄၈) တဆောင်နှစ်ရှာ

လေးဆဲ့ရှစ်ခု နှောင်းတန်းခူးလဆန်းနှစ်ရက် သောကြာနေ့ နေသုံးချက်တီးကျော် သုံးနာရီ သုံးပါဒ် တဆဲ့လေးဗိဇနာ သုံးပြန် နှစ်ခရာအချိန်တွင် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားက သမီးတော်မြတ်ရတနာကို ဖွားမြော်သန့်စင် မီးရှူးမြင်တော်မူသည်။

အထူးထူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းများ သခင်၊ ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်းစသော ရတနာအပေါင်းတို့၏အရှင်၊ ရတနာပုံရွှေမြို့တော်ကြီး ဒုတိယနန်းစံ မာရ်အောင်ရတနာစေတီတော်ဒါယကာ မင်းတရားကြီးဘုရားသည် အနိစ္စဓမ္မသဘောရတရားတို့ စီရင်ရာကိုသာ ဖြစ်ရမြဲအတိုင်း စည်းစိမ်တော်မှ ရွှေလျော၍ အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့၌ အင်္ဂလိပ်အစိုးရမင်းတို့ ဆောက်လုပ် ပေးထားအပ်သော အလျားတဆဲ့ငါးခန်း၊ အမြင့်ဘုံသုံးဆင့်ရှိ တိုက်တော်ကြီးတွင် စံတော်မူကြိုက် မကျန်းမမာတော်မူ၍ ဥရောပတိုက်သား ဆေးဆရာဝန်ကြီးများနှင့် ကြိုးစားကုသပါသော်လည်း ဝေဒနာတော်မှ ထွက်မြောက်တော်မမူ၊ သက္ကရာဇ် (၁၂၇၈) တထောင့်နှစ်ရာ့ခုနစ်ဆဲ့ရှစ်ခု နတ်တော်လပြည့်ကျော်ခြောက်ရက် ညဉ့်နှစ်ချက်တီးကျော် ခုနစ်ရက် စနေနေ့သို့ အဝင်တွင် နတ်ပြည်စံတော်မူသည်။ သက်တော် ငါးဆဲ့ရှစ်နှစ်နှင့် တဆဲ့တလ နှစ်ဆဲ့လေးရက်ဖြစ်သတည်း။

သားတော် သမီးတော်တို့ကား....ရတနာပုံ နေပြည်တော်ကြီး၌ စံတော်မူစဉ် သီရိပဝရ တိလောကမဟာရာဇိန္ဒာဓိပတိ ပဒုမရတနာဒေဝီ-အသျှင်မိဖုရားခေါင်ကြီးဘုရားတွင်မြင်တော်မူသည့် သားတော် ရွှေကိုယ်တော်မြတ်ဘုရားကြီး-ငယ်ကလွန်တပါး။ နှမတော်-ထိပ်စုမြတ်ဘုရားကြီး တပါး။ ညီမတော်-ထိပ်စုမြတ် ဘုရားလတ် တပါး။ ညီမတော်-ငယ်ကလွန်တပါး။ ညီမတော်-ငယ်ကလွန်တပါး။ အိန္ဒိယနိုင်ငံ၌ စံတော်မူစဉ် မြင်တော်မူသည့် သမီးတော် ထိပ်စုမြတ်ဘုရားကလေး တပါး။ ညီမတော် ထိပ်စုမြတ်ဘုရားထွေးတပါး။ ပေါင်း ခုနစ်ပါးတည်း။

အသျှင် နန်းမတော်မိဖုရားခေါင်ကြီးဘုရား ညီမတော် ရမည်းသင်းစုဘုရားသုသိင်္ဂါရတနာဒေဝီကို နန်းတင်တော်မူရာတွင် သားတော်သမီးတော်ထွန်းကားခြင်းမရှိ။ သားတော်တပါး၊ သမီးတော် ခြောက်ပါး၊ ပေါင်းခုနစ်ပါးတည်း။

## ရတနာပုံရွှေမြို့တော်-ဒုတိယနန်းစံ
## မာရ်အောင်ရတနာစေတီတော်ဒါယကာမင်းတရားကြီးလက်ထက်
## ကောက်ခံရရှိသည့်အခွန်တော်ငွေနှင့်အသုံးတော်ငွေ
## များ၏-အချုပ်စာရင်း

(၁) အရပ်ရပ် ဈေး, ပွဲ, ကင်း, ကူးတို့ အကောက်အခွန်တော်ငွေ လစဉ်သွင်း၊ သုံးလတကြိမ်သွင်း၊ လေးလတကြိမ်သွင်း၊ ခြောက်လတကြိမ်သွင်း၊ တနှစ်တကြိမ်သွင်း၊ အခွန်တော် ဦးရေပေါင်း ခုနစ်ဆဲ့ ခြောက်, တနှစ်သင့် အခွန်တော်ငွေ လေးသန်း ခြောက်သိန်း ခုနစ်သောင်း ကိုးထောင့်ရှစ်ရာ့နှစ်ကျပ်-တရပ်။

(၂) နိုင်ငံတော်အတွင်း ရွှေမြို့တော်ဆင်ခြေဖုံး ရှမ်းပြည်မြေလပ် မြို့ ကျေးရွာများပြင် ကျန်မြို့ကျေးရွာများက စစ်ဆေးရအိမ် လေးသိန်းခုနစ်သောင်းလေးထောင့်နှစ်ရာ့သုံးဆယ်အနက် အိုနာကျိုးကန်းအတိဒုက္ခိတ, ပဉ္စမစာတော်ပြန်မှစ၍ လွှတ်တော်စာချွန်ရပါ စုစုကြေးလွှတ်အိမ် ခြောက်သောင်းရှစ်ထောင့်သုံးရာ့ငါးပြင် ကျန်ကြေးခံအိမ် လေးသိန်းငါးထောင့်ကိုးရာ့နှစ်ဆဲ့ငါးမှာ သဘောတူ သမာဓိရန်ထားစေ၍ ဆူကြိုနိမ့်မြင့် တအိမ်လျှင် ငွေတဆယ်ကျ တနှစ်တကြိမ် သဿမေဓအခွန်တော်ကောက်ခံရငွေ လေးသန်းငါးသောင်းကိုးထောင့်နှစ်ရာ့ငါးဆယ်အနက်သူကြီးရွာအုပ်တို့သို့ဆယ်ခိုင်နုတ်ပေးငွေ လေးသိန်းငါးထောင့်ကိုးရာ့နှစ်ဆဲ့ငါးပြင် ကျန်ဆက်သွင်းရန်ငွေအနက် ကျောင်းဘုရားကျွန်သီးတော်တွက်ကောက်ခံရငွေ နှစ်သောင်းကိုးထောင့်ခုနစ်ရာ့ခြောက်ဆဲ့လေးကို အတွင်းတော်သို့မဆက်မသွင်းစေရ လွှတ်တော်က ကျောင်းဘုရားအရံစောင့် ထောင်လက်မထောက် အမှုထမ်းလူတို့ကို လစာပေးကမ်းစေ၍ ကျန်ဆက်သွင်းရအခွန်တော်ငွေ သုံးသန်း ခြောက်သိန်း နှစ်သောင်း သုံးထောင့် ငါးရာ့ခြောက်ဆဲ့တစ်ပါ စုစုရငွေ သုံးသန်းခြောက်သိန်းငါးသောင်းသုံးထောင့်သုံးရာ့နှစ်ဆဲ့ငါးကျပ်-တရပ်။

(၃) ရှမ်းပြည်မြို့ရွာနယ်မြေများက စော်ဘွားမြို့စားတို့ အချင်းချင်းညှိနှိုင်းကောက်ခံဆက်သွင်းရသောရှမ်းပြည်ထောင်စုအတွက် သဿမေဓအခွန်တော် ငွေ ခြောက်သိန်း-တရပ်။

(၄) ကျောက်ဆည်ကိုးခရိုင်မှစ၍ အရပ်ရပ် အရာတော်လယ်မြေစု ကောက်ကြီးမုရင်း စပါးတော် ရှစ်သိန်း သုံးသောင်း တထောင့် သုံးရာ တဆဲ့ကိုးတင်း၊ စပါးတရာလျှင် ရှစ်ဆယ်နှုန်းသင့်ငွေခြောက်သိန်းခြောက် သောင်း ငါးထောင့် ငါးဆဲ့ ငါးကျပ် နှစ်မူး-တရပ်။ ။လေးရပ်ပေါင်း တနှစ်သင့် အခွန်တော်ငွေ ကိုးသန်းကိုးသောင်း ရှစ်ထောင့်တရာ့ရှစ်ဆဲ့ နှစ်ကျပ်နှစ်မူး (၉၅၉၀၁၈၂ ၂ျူး) ဖြစ်သည်။

ယင်းကဲ့သို့ရရှိသော အရပ်ရပ်အခွန်တော်ငွေများအနက် ပုရိသမေဓ သင်္ဂဟတရားနှင့်အညီ လစာနှစ်စာ ချီးမြှောက်သနားပေးကမ်းတော်မူရာ ကုန်ကျသော စာရင်းချုပ်ကား-ဆွေတော်မျိုးတော်, မင်းသားကြီး, မင်း သားလတ်, မြင်းမှူးမင်းသား, နေရာတော် ရ-မရ, ရန်ပုံတော်ပါလေးဆဲ့ ငါး၊တနှစ်သင့်လစာငွေ နှစ်သောင်းကိုးထောင့်သုံးရာ့လေးဆယ်။

လွှတ်တော်အရာရှိကိုးဆဲ့ကိုး တနှစ်သင့်လစာငွေ တသိန်းငါးသောင်း၊

ဗြဲတိုက်အရာရှိခြောက်ဆယ် တနှစ်သင့်လစာငွေ တသိန်းခြောက်ရာ့ ရှစ်ဆယ်။

ရှေ့ရုံးအရာရှိ တရာ့တဆဲ့သုံး တနှစ်သင့်လစာငွေ သုံးသောင်း သုံး ထောင့်တရာ့ရှစ်ဆယ်။

နောက်ရုံးအရာရှိနှစ်ဆဲ့လေး တနှစ်သင့်လစာငွေ တသောင်းခြောက် ထောင့်လေးရာ့လေးဆယ်။

တရားရုံးအရာရှိသုံးဆဲ့ကိုး တနှစ်သင့်လစာငွေ တသောင်းငါးထောင့် ရှစ်ရာ့လေးဆယ်။

ဝန်စု, မှူးစု, ဗိုလ်စု, လက်သုံးတော်ကြီးနှင့် ပညာရှိတို့ပါ ရှစ်ဆဲ့ကိုး တနှစ်သင့်လစာငွေ နှစ်သိန်းနှစ်ထောင့်လေးရာ့ခြောက်ဆဲ့လေး။

ရှေ့တိုက်, အချုပ်တိုက်, မင်းခမ်းတိုက်အရာရှိ, စုရေးစုကိုင်, စာမေး ဆရာ, စာဆိုတော်ပါ ရှစ်ဆဲ့ငါး တနှစ်သင့်လစာငွေ လေးသောင်း လေးထောင့်တရာ။

လက်သုံးတော်ကလေး, လက်ဆက်ရည်, စားတော်ကွမ်းရေ့ထီး-မား လက်စွဲ, အဆောင်တော်မြဲ, ရဲညွန့်, နတ်ရှင့်ရန်နိုင်, သမားတော်, အနိုပ် တော်,မြွေသမားတော်,မင်္ဂလာအိမ်တော်ပါ ကျွန်တော်မျိုးပါ တထောင့် တရာ့တဆဲ့သုံး၊ တနှစ်သင့်လစာငွေ သုံးသိန်းရှစ်ထောင့်တရာ့ခြောက် ဆယ်။

မဟာလေးဆယ်တော်အရာရှိဟောင်း ကွမ်းခမ်းကျွန်တော်မျိုး,ကပ္ပလိကျွန်တော်မျိုးပါ တရာ့ကိုးဆွဲခြောက်၊ တနှစ်သင့်လစာငွေ သုံးသောင်းခုနစ်ထောင်ခြောက်ရာ့ရှစ်ဆယ်။

စော်ဘွားသုံး, အခ္ဓဝန်းမြို့ဝန် သုံးဆွဲရှစ်, စစ်ကဲတဆွဲခြောက်, နာခံတဆွဲနှစ်,မြို့စာရေးခြောက်ဆွဲခုနစ်, ရာဇဝတ်အုပ်ခြောက်ပါ တရာ့လေးဆွဲနှစ်၊ တနှစ်သင့်လစာငွေ တသိန်းကိုးသောင်း ခြောက်ထောင်ခုနစ်ရာ့ခြောက်ဆွဲလေးကျပ်။

မြောက်ဒဝယ်, တောင်ဒဝယ်, မြောက်တရာ့ငါးဆယ်, တောင်တရာ့ငါးဆယ်, မြောက်မာရဘင်, ရွှေပြည့်မှန်ကင်း,အတွင်းခြောက်စုသေနတ်အမှုထမ်းလူ လေးထောင့်လေးဆွဲတစ်၊ တနှစ်သင့် လစာငွေ ငါးသိန်းခြောက်သောင်း ငါးထောင့်ရှစ်ရာ့ခုနစ်ဆွဲနှစ်ကျပ်။

နတ်စုလက်ဝဲ, နတ်စုလက်ယာ, ရွှေးလက်ဝဲ,ရွှေးလက်ယာ, လက်ဝဲကြောင်း, လက်ယာကြောင်း, ပြင်ခြောက်စု သေနတ်အမှုထမ်းလူ သုံးထောင့်သုံးရာ့နှစ်ဆွဲခုနစ်၊ တနှစ်သင့်လစာငွေ လေးသိန်းခြောက်သောင်းငါးထောင့်ရှစ်ရာ့ခုနစ်ဆွဲခြောက်ကျပ်။

တောင်မာရဘင်, ရွှေလှံ, နတ်ရှင့်ရွှေး, နောက်ဝန်းကျင်, လင်းဇင်း, လင်းတား, သူရဲ, တံခါးနီ, ဘုန်းတော်ဖြစ်, ဘုန်းတော်တိုး တရာ့ငါးဆွဲရှစ်, စုသေး သေနတ်အမှုထမ်းလူ လေးထောင့်ငါးရာ့သုံးဆွဲရှစ်၊ တနှစ်သင့်လစာငွေ ခြောက်သိန်းသုံးသောင်း ငါးထောင့်လေးရာ့ ခုနစ်ဆွဲနှစ်ကျပ်။

အမြောက်အစုအမှုထမ်းလူ ခုနစ်ရာ့ကိုးဆွဲငါး၊ တနှစ်သင့် လစာငွေ တသိန်းတသောင်းနှစ်ရာ့နှစ်ဆယ်။

ကသည်းမြင်း, အဏ္ဍပတ်မြင်း, ရဲဘက်မြင်း, ရွှေပြည့်ရန်အောင်မြင်း, မြင်းစုကြီးမြင်း, မြန်မာမြင်း, ရှမ်းမြင်း, ဇင်းမယ်ပါမြင်း, သွေးသောက်အစုနောက်တော်ပါမြင်း, လမိုင်းမြင်း, နန်းဦးမင်္ဂလာမြင်း, မင်္ဂလာရဲညွန့်မြင်း, စီးတော်မြင်း, မြင်းအမှုထမ်း တဆွဲသုံးရပ်လူ ငါးထောင့်တရာ့တဆွဲရှစ်၊ တနှစ်သင့်လစာငွေ ရှစ်သိန်းခြောက်သောင်း နှစ်ထောင့် လေးရာ့လေးဆယ်။

ရွှေဝင်း, လက်ဝဲဝင်း, လက်ယာဝင်း,နောက်ဝင်း, ဗိုလ်လေးဆယ်ဗိုင်း, ကောင်ဟန်, ယွန်းစု, ခုနစ်စုအမှုထမ်းလူ တထောင့် ငါးရာ့ ရှစ်ဆဲ့နှစ်၊ တနှစ်သင့်လစာငွေ နှစ်သိန်းငါးသောင်း တထောင့်သုံးရာ့ရှစ်ဆဲ့နှစ်ကျပ်။

လှေ, ဖောင်, သင်းဘော, သမ္ဗန်, ပရပတ်, လှေခုတ် လက်သမား, အစုအမှုထမ်းလူ ခြောက်ထောင့်နှစ်ရာ့သုံးဆဲ့ရှစ်၊ တနှစ်သင့် လစာငွေ ခြောက်သိန်းခြောက်သောင်း ခုနစ်ထောင့်ခြောက်ရာ့နှစ်ကျပ်။

မျိုးခြား ကျွန်တော်မျိုးဦးရေ နှစ်ဆဲ့ခြောက်၊ တနှစ်သင့် လစာငွေ တသိန်းကိုးရာ့နှစ်ဆယ်။

မင်္ဂလာအိမ်တော်ပါ ဆင်တော်ဦးစီးနောက်ပဲ့, ပဟိုရ်တီး, မိုလ်တရာ, စာပုံနှိပ်, ဆင်မင်းမြက်ထိုး, အောက်ရောက်လက်သမား, ဘဏ္ဍာတော် လက်သမား, ဖွားဘက်ကျော်, ဗိုင်းတော်, ဆေးရေးပန်းချီ, ရွှေပန်းချီ, ဆင်ကာ, ရွှေတိုက်လက်သမား,စုသေးအမှုထမ်းလူ ခြောက်ရာ့သုံး၊တနှစ် သင့် လစာငွေ ကိုးသောင်းနှစ်ထောင့်တရာ။

ပွဲတော်ကြီး, ဆွမ်းတော်, ရေကြည်, ရုပ်စုံမဟာစင်တော်ကြီး, မြန်မာ အချုပ်, ရှမ်းအချုပ်, ကုလားအချုပ်. စုသေးအမှုထမ်းလူ နှစ်ရာ့နှစ်ဆဲ့ ကိုး၊ တနှစ်သင့်လစာငွေ သုံးသောင်းလေးထောင့်ကိုးရာ့ရှစ်ဆယ်။

ခြေကျင်တော်နတ်ကြီး တဆဲ့ငါးတန်ဆောင်းစောင့်ပုဏ္ဏား, ကုလား ပန်းရန်, ရွှေပန်းထိမ်, ရွှေတိုက်ဝန် ဝန်စုအတွင်းခိုင်းပန်းထိမ်, ပိဋကတ် ပေလုပ်, မျဉ်းကိုင်, မရမ်ဆင်စွယ်ပွတ်, ပန်းပု, ဒူးရင်း ဥယျာဉ်တော် စောင့်ပါ စုသေးအမှုထမ်းလူ သုံးရာ့ခြောက်ဆဲ့ကိုး၊ တနှစ်သင့်လစာငွေ ငါးသောင်းခြောက်ထောင့်သုံးရာ့ခြောက်ဆဲ့လေးကျပ်။

နွားနို့တော်ဆက်, ရွှေတော်ပြေး, စမြောင်,တုရင်, ကောင်ဟန်တန်း, လက်နက်တိုက်, တင်းထိမ်ရုံ, ဆင်မင်းပျော်ဘွယ်, ဝင်စည်, မြန်မာဇာတ် ကြီး,ယိုးဒယားဇာတ်ကြီး, အဘွင်းဆိုင်း, ကျွမ်းခရာ,ပုံထောင်, ဆင်တော် လက်ရှိဦးစီး နောက်ပဲ့ပါ စုသေးအမှုထမ်းလူ တထောင့်သုံးရာ့နှစ်ဆဲ့ ခုနစ်၊ တနှစ်သင့်လစာငွေ နှစ်သိန်းနှစ်ထောင့်ခြောက်ရာ့ကိုးဆဲ့နှစ်ကျပ်။

နာရီတော်စောင့်ပုဏ္ဏား, ကြေးပန်းတဉ်း, ဇဝါပန်းတဉ်း, ဆတ္တာ, ရွှေတာ, ကန်သာယာ, ဟန်လင်းစည်သုံးရပ်, မင်္ဂလာရွှေမောင်း, ခင်ဦးတည်း, တောစည်ပုတ္တရာမြို့သစ် လွှတ်စေလေးရပ်, လွှတ်စောင့်, ဆီမီးထွန်း, လက်ဆောင်ယူ,နေရာတော်, လှေကားတော်,ငှက်တော်, သူငယ်တော်, နောက်ရုံးစေ, အနောက်ထောင်, ရွှေချည်ထိုး, ဂုန္နန်ထိုး,ကြယ်ခတ်, ယပ်မား, ထီးဖြူတော်စောင့်, အဆောင်နီ, ရွှေတိုက်, အချုပ်တိုက်, စာရင်းတိုက်, မင်းခမ်းတိုက်, မီးသွေးတိုက်, ငါးရပ်တိုက်စောင့်, အင်တိုင်းမြော့နေရာချ, နန်းကံကျွေးပြတ်လွှ, ယမ်းပြုန် ယမ်းထောင်း, ဒေါနပန်းတော်စိုက်, မောင်းခတ်, သစ်ပွတ်, သင်မှူး, သွေးသောက်ကြီး, ဆင်ဆေး သမား, ဆင်တော်ပေါ, ကျုံးမှူး, ဥယျာဉ်မှူး, ကျုံးစောင့်, ရွှေလွှန်, မြင်းတိုင်, မြင်းမွေး, ကျီတော်, ဝင့်သီး,ရွှေဇာယက်, သန့်စင်ဟော်ဆက်, မင်္ဂလာရထား, ရွှေတိုက်ပန်းရန်, ချပ်ယက်, ဆေးသုတ်ကုလား, ကွမ်းသီးတိုက် စောင့်, ဖြီးတော်လုပ်, ပုရပိုက်ဖြူလုပ်, အမြောက်စက်ရုံ, သင်းဘောစက်ရုံ, စက်အမျိုးမျိုးရုံ, ရက်ကန်းစက်ရုံ, တံဆိပ်စက်ရုံ, ရေစက်ရုံ, သကြားစက်ရုံ, ဂွမ်းကြိတ်စက်ရုံ, ဆန်ကြိတ်စက်ရုံ, မီးစက်ကိုင်, စစ်ကိုင်းသံဗိုတော်, ပန်းပဲအမှုထမ်း, လျှပ်စစ်ခဲမီးစက်ရုံ အရပ်ရပ်ဌာနဦးရေ ခုနစ်ဆဲ့နှစ် အစောင့်အရှောက်ပေါ စုသေးအမှုထမ်းလူ တထောင့်ငါးရာ့တဆဲ့လေးတို့မှာ-တနှစ်သင့် လစာငွေ နှစ်သိန်းငါးသောင်းကိုးထောင့် ရှစ်ကျပ်ကို သနားတော်မူမည့်အစား ရှေးအစဉ်အလာအတိုင်း စပါးတရာလျှင်ငွေရှစ်ဆယ်နှုန်းနှင့် စပါးတော် သုံးသိန်းနှစ်သောင်းသုံးထောင့်ခုနစ်ရာ့ခြောက်ဆယ်ကို သနားတော်မြတ်ခံရသည်။

ထောင်လက်မထောက်အမှုထမ်းလူ ငါးဆဲ့နှစ်, ဘုရားအရံစောင့်အမှုထမ်းလူငါးဆယ်, ကျောင်းအရံစောင့် အမှုထမ်းလူတရာ့ခုနစ်ဆယ်, သုံးစုအမှုထမ်း လူနှစ်ရာ့ခုနစ်ဆဲ့နှစ်၊ တနှစ်သင့်လစာငွေ သုံးသောင်းလေးထောင့်ကိုးရာ့ရှစ်ဆယ်။ ယင်းကဲ့သို့ မင်းညီ မင်းသား, မှူးတော်မတ်တော် အရာရှိ, အစုအမှုထမ်း အရပ်ရပ်ကို စာရင်းရန်ပုံပေါ်ရှိသည့်အတိုင်း လစဉ် လစာငွေတော် စပါးတော်များကို သနားတော်မူသည်။

စုစု ပွဲ, ကင်း, ကူးတို့ အကောက်အခွန်တော်ငွေ၊ သသမေအခွန်တော်ငွေ၊ လယ်တော် မြေတော်က ထွက်သောစပါးတော်ဘိုးငွေ၊ ထီးရုံ

နန်းရံ စော်ဘွားမြို့စားအပေါင်းတို့က ရှမ်းပြည် မြို့ ရွာ နယ်မြေမှ ကော်ခံဆက်သွင်းသော အခွန်တော်ငွေပေါ် ကိုးသန်း ငါးသိန်း ကိုးသောင်း ရှစ်ထောင့် တရာ့ ရှစ်ဆဲ့ နှစ်ကျပ် နှစ်မူး အနက် ပုရိသမေဓ လစဉ်နှစ်စဉ် သနားတော်မူသော ငွေငါးသန်း လေးသိန်း ခုနစ်သောင်း လေးထောင့် ငါးရာ့ ငါးဆဲ့ ခြောက်ကျပ် ပြင် ကျန်ငွေတော် လေးသန်း တသိန်းနှစ်သောင်း သုံးထောင့် ခြောက်ရာ့ နှစ်ဆဲ့ ခြောက်ကျပ် နှစ်မူးများကို မင်းမိဖုရား, သားတော်သမီးတော်, အထိန်းတော်, အယတော်, အချီတော်, အပျိုတော်, မြို့စားရွာစားတို့သို့ အသီးအသီး ချီးမြှင့်သနားတော်မူသည့် ငွေတို့မှတပါး အသုံးတော်ရှိရာ သုံးကုန်ငွေများပြင် ကျောင်း, ဘုရား, စာပေ ပိဋကတ်မှစ၍ ရဟန်း, သာမဏေ, သူတော်, သီလသည် တို့ကို လစဉ်နှစ်စဉ်မပြတ်အောင် လှူဒါန်းပြုစုချီးမြှင့် သနားတော်မူသည်။

* ✶ *

# ရတနာပုံရွှေမြို့တော် ဒုတိယနန်းစံ
# မာရ်အောင်ရတနာစေတီတော်ဒါယကာမင်းတရားလက်ထက်
# မှူးတော်မတ်တော်မဟာရာဇာစော်ဘွားကြီးမှစ၍
# ဘွဲ့အမည်စာရင်း

## လွှတ်တော်အရာရှိများ

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| သတိုးမင်းကြီးမဟာသိရိစည်သူ | ဦးမောင်ကလေး···· | လောင်းရှည်ဝန်ကြီး |
| သတိုး မင်းကြီး သိရိ မဟာမင်းခေါင်ဥဇနာ ···· | ဦးရွှေမောင် | ···· ခန်းပတ်ဝန်ကြီး |
| သတိုး သုဓမ္မ မဟာ သက်ထော်ရှည် ···· | ဦးကောင်း | ···· လယ်ကိုင်းဝန်ကြီး |
| သတိုး မင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူ ···· | ဦးလှိုင် | ···· ဝက်မစွတ်မြို့စား ရွှေပြည်ဝန်ကြီး |
| သတိုး မင်းကြီး မဟာ မင်းထင်မင်းခေါင်ကျော် ···· | ဦးပုကြီး | ···· ယောမြို့စား မိုလ်မှူး ဝန်ကြီး |
| သတိုးမင်းကြီး မဟာ မင်းထင်စည်သူ ···· | ဦးသိုင်း | ···· တောင်ခွင် ဝန်ကြီး |
| မင်းသတိုးမင်းကြီးမဟာစည်သူအဘယ ···· | ဦးဘိုး | ···· တိုင်တားဝန်ကြီး |
| မင်းကြီးမင်းလှမဟာကျော်ထင် | ဦးပုလေး | ··· မိုးထားဝန်ထောက် |
| မင်းကြီး မင်းခေါင် မဟာ သိရိသင်္ယာ ···· | ဦးသန့် | ···· အသည်ဝန် |
| မင်းကြီး မဟာ မင်းထင် စည်သူကျော် ···· | ဦးဘိုးမင်း | ···· မြို့သာဝန်ထောက် |
| မင်းကြီး မဟာမင်းလှမင်းခေါင်ရာဇာ ···· | ဦးအို | ···· ရန်အောင်မြင်ဝန်ထော် |
| မင်းကြီးမဟာမင်းလှမင်းခေါင် | ဦးအောင် | ···· မကွေးဝန်ထောက် |
| မင်းကြီး မင်းထင် မဟာ စည်သူ | ဦးလတ် | ···· ဝက်မစွတ်ဝန်ထောက် |
| မင်းကြီး မဟာ မင်းခေါင် သင်္ယာ ···· | ဦးဘိုး | ···· ညောင်ဝန်း ဝန်ထောက် |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မင်းကြီးမင်းခေါင်စည်သူကျော် | ဦးထတ် | ကွပ်ရွာဝန်ထောက် |
| မင်းကြီးမင်းခေါင် မဟာကျော်ထင် | ဦးသဲ | ပင်းတလဲဝန်ထောက် |
| မင်းကြီး မဟာမင်းခေါင်ကျော်ထင် | ဦးသောကြာ | မြင်းစုကြီးဝန်ထောက် |
| မင်းကြီးမင်းလှမဟာစည်သူ | ဦးမြူး | သံချက်ဝန်ထောက် |
| …. …. …. …. …. | ဦးသိုင်း | ပညာဝန်ထောက် |
| မင်းကြီးမင်းလှမဟာမင်းခေါင်ကျော် | ဦးဘိုးလတ် | မလွန်မြို့ဆိုင်ရာဝန်ထော် |
| မင်းကြီး မင်းလှမဟာရာဇသင်္ကြံ | ဦးဘိုး | ပုဂံဝန်ထောက် |
| မင်းထင်ရာဇာ | ဦးကြီး | နာခံတော် |
| မဟာ မင်းထင်ရာဇကျော်ခေါင် | ဦးဘိုး | နာခံတော် |
| မဟာမင်းလှမင်းထင်ကျော် | ဦးသာကျော် | နာခံတော် |
| မဟာမင်းကျော်မင်းထင် | ဦးထွန်း | နာခံတော်မြေဇုကြီးမှူး |
| မဟာမင်းကျော်စည်သူ | ဦးချို | နာခံတော် ဝေါကြီးမှူး |
| မင်းလှမင်းခေါင်ကျော်ထင် | ဦးလှရင် | နာခံတော် |
| နေမျိုးသိရိကျော်သူ | မောင်စို | စာရေးကြီး |
| မဟာမင်းထင်ကျော်သူ | မောင်ကြီး | 〃 |
| မင်းထင်ရာဇာ | မောင်မြ | 〃 |
| မင်းလှမင်းထင်ရာဇာ | မောင်သံတိုင် | 〃 |
| မင်းလှသိရိရာဇာ | မောင်လှပေါ် | 〃 |
| မဟာမင်းလှသင်္ခယာ | မောင်ဘိုး | 〃 |
| မဟာမင်းကျော်ရာဇာ | မောင်မြ | 〃 |
| မင်းလှမင်းထင်ကျော် | မောင်လူကြီး | စာ ရေးထော်ကြီး-ဝန်းမော်ဝန် |
| နေမျိုးမင်းထင်ကျော်ခေါင် | မောင်ဘိုး | ငှင်းစာရေးကြီး |
| မဟာမင်းကျော်သင်္ခယာ | မောင်သာထား | 〃 |
| နေမျိုးသိရိရာဇာ | မောင်ဘော | 〃 |
| မင်းထင်ရာဇကျော်ခေါင် | မောင်ဘိုးမောင် | 〃 |
| မင်းကျော်သီဟမင်းထင် | မောင်ဘိုးထင် | 〃 |
| မင်းလှနရာဇေတဗိုလ် | မောင်ကြာဥ | ငှင်းအလုံမြို့ဝန် |
| မင်းလှနရာစည်သူကျော် | မောင်ဘ | စာရေးကြီး |
| မင်းလှမင်းထင်ရာဇာ | မောင်ဘိုးရေ | 〃 |

| ဘွဲ့ | ဘယ်မည် | ရာထူး |
|---|---|---|
| မင်းလှ မင်းထင် ကျော်ခေါင် | မောင်နောင် .... | စာရေးကြီး |
| နေမျိုးမင်းလှကျော်သူ .... | မောင်မြတ်စံ .... | ။ |
| နေမျိုးမင်းလှသင်္ခယာ .... | မောင်ဘိုးလှိုင် .... | ။ |
| မဟာမင်းလှသင်္ခယာ .... | မောင်ပေါက်ထွန်း - | ။ |
| နေမျိုးမင်းထင်သင်္ခယာ .... | မောင်လုတ် .... | အမိန့်တော်ရေး |
| နေမျိုးမင်းထင်ဇေယသူ .... | မောင်တိုး .... | အမိန့်တော်ရေး |
| .... .... .... .... ........ | မောင်လတ် .... | ။ |
| နေမျိုးမင်းထင်ရာဇာ .... | မောင်လေး .... | အသုံးစာရေး |
| မင်းခေါင်သီရိစည်သူ .... | မောင်ကြော်ညာ .... | ။ |
| နေမျိုးမင်းလှစည်သူကျော် .... | မောင်ဘိုးမောင် .... | ။ |
| နေမျိုးမင်းလှကျော်ဇေယသူ – | မောင်ရွှေညို .... | ။ |
| နေမျိုးမင်းထင်ကျော်စွာ .... | မောင်ရွှေအုံ .... | ။ |
| နေမျိုးမင်းထင်ကျော်ခေါင် .... | မောင်ရွှေပေါ် .... | ။ |
| နေမျိုးမင်းထင်ရာဇာ | မောင်ကင်း | ။ |
| နေမျိုးမင်းလှကျော်ထင် .... | မောင်နှံ .... | ။ |
| နေမျိုးသီရိကျော်သူ .... | မောင်ရွှေဆွဲ .... | ။ |
| .... .... .... .... ........ | မောင်ဘိုးကျော် .... | ။ |
| မင်းလှမင်းထင်ရာဇာ .... | မောင်ရန်လင်း .... | ။ |
| .... .... .... .... ........ | မောင်ကင်းဖြူ .... | ။ |
| .... .... .... .... ........ | မောင်ညွှန့် .... | ။ |
| .... .... .... .... ........ | မောင်သိန်း .... | ။ |
| .... .... .... .... ........ | မောင်မြှုံး .... | ။ |
| နေမျိုးရာဇစည်သူ .... | မောင်ဗာလိ .... | ။ |
| နေမျိုးမင်းထင်သိင်္ခသူ .... | မောင်သာအောင် - | အမှာတော်ရေး |
| နေမျိုးမင်းထင်ကျော်ခေါင် – | မောင်ရှင်ကလေး.... | ။ |
| .... .... .... .... ........ | မောင်ခို .... | ။ |
| .... .... .... .... ........ | မောင်ညို .... | ။ |
| .... .... .... .... ........ | မောင်ခိုင် .... | ။ |
| .... .... .... .... ........ | မောင်စိုးရ .... | ။ |
| .... .... .... .... ........ | မောင်တုန် .... | ။ |
| .... .... .... .... ........ | မောင်နိုင် .... | ။ |
| မင်းလှသီရိရာဇာ .... | မောင်ပေါ်ဦး .... | ။ |
| .... .... .... .... ........ | မောင်မြင့် .... | ။ |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| .... .... .... .... .... | မောင်မွဲ .... | အမှုတော်ရေး |
| နေမျိုးဇေယရာဇာ .... | မောင်သိုက် .... | အဝေးရောက်စာရေး |
| နေမျိုးရာဇကျော်ခေါင် .... | မောင်လှိုင်း .... | ။ |
| နေမျိုးသီရိကျော်ထင် .... | မောင်ကလေး .... | ။ |
| .... .... .... .... .... | မောင်စော .... | ။ |
| နေမျိုးစည်သူကျော်စွာ .... | မောင်အောင်ကြီး.... | ။ |
| .... .... .... .... .... | မောင်ဘ .... | ။ |
| နေမျိုးစည်သူ .... | မောင်ဘော် .... | မြန်မာသံတော်ခံ |
| နေမျိုးမင်းလှရာဇာ .... | မောင်မြတ်စံ .... | ။ |
| နေမျိုးသီရိကျော်သူ .... | မောင်ရွှေငယ် .... | ရှမ်းသံတော်ခံ |
| နေမျိုးသီရိစည်သူ .. . | မောင်မွေး .... | လက်ဆောင်စာရေး |
| နေမျိုးသီရိရာဇာ .... | မောင်ဘိုးရှင် .... | ။ |
| မင်းထင်ရာဇာ .... | မောင်တာ .... | အသည်စာရေး |
| .... .... .... .... .... | မောင်စံတွဲ .... | ။ |
| မင်းထင်ကျော်သူ .... | မောင်ကြွက် .... | မြန်မာ မြင်းစာရေးကြီး |
| မင်းလှသီရိရာဇကျော် .... | မောင်ပု .... | ရှမ်းမြင်းစာရေး |
| မင်းလှသီရိစည်သူ .... | မောင်သန်း .... | ။ |
| နော်ရထာသီရိရာဇာ .... | မောင်ရန်အောင်.... | အဓိန္နတော်ရေး |
| နော်ရထာကျော်ခေါင် .... | မောင်ဘိုး .... | ။ |
| နေမျိုးသင်္ခယာစည်သူ .... | မောင်ပြား .... | ။ |
| နေမျိုးသီဟကျော်ထင် .... | မောင်ပန်းညို .... | ။ |
| နေမျိုးရာဇစည်သူ .... | မောင်ပျော်ဘွယ် – | ။ |
| နေမျိုးဇေယနန္ဒမိတ် .... | မောင်အစ် .... | စာရေးကြီးအဆိုတော် |
| နေမျိုးစိန္တကျော်သူ .... | မောင်ကြွယ် .... | ။ |
| .... .... .... .... .... | မောင်ဘော .... | ရုံးဆော် |
| .... .... .... .... .... | မောင်ကျော်စံ .... | နေရာချ |
| နေမျိုးသီရိကျော်ခေါင် .... | မောင်သာဘူး ... | မြေတိုင်းစာရေး |
| .... .... .... .... .... | မောင်ဆောင်း .... | ။ |
| နေမျိုးဇေယကျော်ခေါင် .... | မောင်ကျော်ထွန်း – | ။ |
| .... ... .... .... ........ | မောင်ဆုလေ ... | ။ |
| နေမျိုးသိဒ္ဓသူထင် .... | မောင်ပန်းခိုင် .... | ။ |
| .... .... .... .... ....... | မောင်ဆေး .... | ။ |
| .... .... .... .... ....... | မောင်အော .... | ။ |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| .... .... .... ............ | မောင်ဘိုးအို | .... မြေတိုင်းစာရေး |
| .... .... .... ............ | မောင်ငြိမ်း | .... ။ |
| .... .... .... ............ | မောင်ပန်းဘူး | .... ။ |
| .... .... .... ............ | မောင်သိန်း | .... ။ |
| .... .... .... ............ | မောင်သိ5် | .... ။ |
| နေမျိုးမင်းထင်စည်သူ .... | မောင်နှစ် | .... အခွန်စာရေး |
| နေမျိုးမင်းထင်ကျော်ခေါင် – | မောင်ဘောကလေး – | ။ |
| နေမျိုးမင်းလှစည်သူ .... | မောင်ဘောကြီး | .... ။ |
| နေမျိုးမင်းလှကျော်ထင် .... | မောင်ဆင့် | .... ။ |
| နေမျိုးမင်းခေါင်ကျော်ထင် – | မောင်ကာ | .... ။ |
| နေမျိုးမင်းထင်စည်သူ .... | မောင်ရဲ | .... ။ |
| နေမျိုးမင်းကျော်သူရိန် .... | မောင်ဘိုးကြီး | .... ။ |
| နေမျိုးမင်းထင်ကျော်ခေါင်.... | မောင်ခေါင် | .... ။ |
| နေမျိုးမင်းထင်ကျော် .... | မောင်ဘိုးမောင် | .... ။ |
| နေမျိုးမင်းထင်ရာဇာ .... | မောင်ဘိုးဦး | .... ။ |
| .... .... .... .... ........ | မောင်ပို | .... ကသောင်းမြောင် တိုက်စိုး |
| .... .... .... .... ........ | မောင်ရှင်ကလေး – | ဂုဏ်း–စာရေး |
| .... .... .... .... .... .... | မောင်ပု | .... လက်ဆောင်ယူ တိုက်စိုး |
| .... .... .... .... .... .... | မောင်မှုံ | .... ဂုဏ်း–စာရေး |

---

ဖြတိုက်အရာရှိများ

| | | |
|---|---|---|
| မင်းကြီး မဟာသိရိဇေယ နန္ဒကျော်ထင် .... | ဦးရွှေအိုး | .... ကျောက်မြောင်းအတွင်းဝန် |
| မင်းကြီး မင်းခေါင်မဟာမင်းကျော်သူရိန် .... | ဦးစံငြိမ်း | .... ပင်းအတွင်းဝန် |
| မင်းကြီးသိရိမဟာဇေယကျော်ထင် .... | ဦးရွှေမောင် | .... စလေမြို့စားအတွင်းဝန် |
| မင်းကြီး မဟာမင်းခေါင် နန္ဒကျော်ထင် .... | ဦးဘိုးကြီး | .... ပုဂံအတွင်းဝန် |

| ဘွဲ့ | ယပ်မည် | ရာထူး |
|---|---|---|
| မင်းကြီး မင်းလှမဟာဇေယနန္ဒသင်္ကြံ | ဦးလှဘူး | ပေါက်မြို့အတွင်းဝန် |
| မင်းကြီး မင်းလှမဟာဇေယသင်္ကြံ | ဦးဘိ | မြို့သစ်အတွင်းဝန် |
| မင်းကြီး သီရိမဟာဇေယသူ | ဦးရန် | အတွင်းဝန် နန်းမတော်ဝန် မိုင်းကိုင်းမြို့စား |
| မင်းကျော်နန္ဒသင်္ကြံ | မောင်ဘိုးမင်း | သံတော်ဆင့် |
| မဟာမင်းကျော်ရာဇာ | ဦးမှုံ | ရွှေနန်းရိုးသမိုင်းဝန် |
| မင်းထင်မင်းလှစည်သူကျော် | မောင်ဘိုးမောင် | သံတော်ဆင့် |
| မဟာမင်းခေါင်ရာဇာ | မောင်ဘိုးအို | အဝေးကျိုဝန် သံတော်ဆင့် |
| မင်းလှမင်းထင်ရာဇာ | မောင်ညွန့် | သံတော်ဆင့် |
| မဟာမင်းကျော်ရာဇာ | မောင်ဘိုးတူ | သံတော်ဆင့်မြေနန်းဝန် |
| မင်းထင်သီရိစည်သူကျော် | မောင်ဘူး | သံတော်ဆင့်ဆောမြို့စား |
| မဟာမင်းလှမင်းခေါင်ကျော် | မောင်မြတ်အောင် | သံတော်ဆင့် ပန်းထည်ဝန် |
| မင်းကျော်သီရိစည်သူ | မောင်မြတ်ကျော် | သံတော်ဆင့် |
| မင်းကျော်သီရိမင်းထင် | မောင်ထွန်းအောင် | ဂိုဏ်းလယ်ဝန် |
| မင်းလှနရာစည်သူကျော် | မောင်ပွား | ဖန်ချက်ဝန် |
| မင်းလှမင်းထင်ကျော်စွာ | မောင်ပြား | သံတော်ဆင့် |
| နေမျိုးမင်းထင်ရာဇာ | မောင်ဘိုး | ဂိုဏ်းဒေဝဒူတ |
| မဟာမင်းခေါင်စည်သူ | မောင်ဘ | သံတော်ဆင့် |
| နေမျိုးမင်းထင်ရာဇာ | မောင်ဘား | ဂိုဏ်းခရိုင်ဝန် |
| မင်းခေါင်ကျော်ထင် | မောင်သိန်း | ဂိုဏ်းခရိုင်ဝန် |
| မဟာမင်းကျော် သီဟမင်းထင် | မောင်အောင်မင်း | ဂိုဏ်းလက်နက်တိုက်ဝန် |
| .... .... .... .... .... .... | မောင်ဘေတုတ် | သံတော်ဆင့် |
| မဟာမင်းထင်မင်းကျော်ရာဇာ | မောင်ရော | ။ |
| .... .... .... .... .... .... | မောင်ဘေကြီး | ။ |
| မင်းထင်မင်းခေါင် | မောင်ဘိုးပိုင်း | သံတော်ဆင့် ကြေးနန်းဝန် |
| မင်းလှမင်းထင်သီခပို | ဦးဘကြီး | သံတော်ဆင့် |
| မင်းထင်မင်းလှရာဇာ | မောင်ဆုပန် | ။ |
| နေမျိုးမင်းလှကျော်သူ | မောင်ဘူးကလေး | ။ |

| ဘွဲ့ | ငယ်မည် | | ရာထူး |
|---|---|---|---|
| မင်းကျော်သီရိ မင်းထင်စည်သူ | မောင်စော | .... | သံတော်ဆင့် |
| မင်းကျော်သူရမင်းထင် .... | မောင်လွှား | .... | ॥ |
| နေမျိုးမင်းထင်ကျော်စွာ .... | မောင်စံပုံ | .... | ॥ |
| နေမျိုးမင်းထင်သခ်ယာ .... | မောင်ထပ် | .... | ॥ |
| .... .... .... .... .... .... | မောင်ရှိန် | .... | ॥ |
| .... .... .... .... .... .... | မောင်သင် | .... | ॥ |
| နေမျိုးသခ်ယာ .... | မောင်ဘိုးကြီး | .... | မြို့တိုက်သံဆင့် |
| .... .... .... .... .... .... | မောင်ဘိုးတုပ် | .... | ॥ |
| နေမျိုးမင်းလှစည်သူ .... | မောင်အောင် | .... | ॥ |
| .... .... .... .... .... .... | မောင်ဘိုး | .... | ॥ |
| .... .... .... .... .... .... | မောင်သန့် | .... | ॥ |
| နေမျိုးမင်းထင်ကျော်ခေါင် — | မောင်လူကြီး | .... | ॥ |
| နေမျိုးမင်းလှစည်သူကျော်.... | မောင်ဘိုးသွယ် | .... | ॥ |
| .... .... .... .... .... .... | မောင်ထွန်းကြီး | .... | ॥ |
| နေမျိုးမင်းထင်ရာဇာ .... | မောင်ဘိုးမင်း | .... | ॥ |
| .... .... .... .... .... | မောင်ထွန်းကလေး - | | ॥ |
| .... .... .... .... .... .... | မောင်ထွန်းဦး | .... | ॥ |
| .... .... .... .... .... .... | မောင်ငွေဆိုင် | .... | ॥ |
| .... .... .... .... .... .... | မောင်စိုး | .... | ॥ |
| .... .... .... .... .... .... | မောင်ဘိုးလှ | .... | ॥ |
| .... .... .... .... .... .... | မောင်ထုံး | .... | ॥ |
| .... .... .... .... .... .... | မောင်လှိုင် | .... | ॥ |
| .... .... .... .... .... .... | မောင်ကျော်ဇေ | .... | ॥ |
| .... .... .... .... .... .... | မောင်မြစ် | .... | ॥ |
| .... .... .... .... .... .... | မောင်မြင့် | .... | ॥ |
| .... .... .... .... .... .... | မောင်ကြူး | .... | ॥ |
| .... .... .... .... .... .... | မောင်ဘိုးကြွယ် | .... | ॥ |
| .... .... .... .... .... .... | မောင်တုတ်ကြီး | .... | ॥ |
| .... .... .... .... .... .... | မောင်တုတ်ကလေး- | | ॥ |

## ရွှေရုံးအရာရှိများ

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မင်းကြီး သီရိ မဟာမင်းလှမင်းခေါင်သူရိန် | .... ဦးရွှေအိုး | .... မြို့ဝန်မြို့သာမြို့စား |
| မင်းကြီး မဟာ မင်းခေါင်နော်ရထာ | .... ဦးချက် | .... ရှင်း ရွှေလှံမိုလ် ကောလင်းမြို့စား |
| မင်းကြီး သီရိမဟာဇေယဂါမဏိ | .... ဦးပေဖော့ | .... ရှင်း ယင်းတော်မြို့စား |
| မင်းကြီးမဟာမင်းထင်ရာဇာ | ဦးချို | .... ရှင်း အ တ္တ ပတ် မြင်း ဝန်ပင်ထယ်မြို့စား |
| နေမျိုး မင်းကျော်စည်သူရာဇာ | ဦးပု | .... ရွှေပြင်ထောင်မှူး |
| မင်းလှမင်းထင်ကျော်သူ | .... ဦးစိုး | .... တောင်ပြင်ထောင်မှူး |
| မင်းလှမင်းထင်သူရိန် | .... ဦးအုံး | .... အနောက်ပြင်ထောင်မှူး |
| နေမျိုးမင်းလှကျော်စွာ | .... ဦးဇဝန | .... မြောက်ပြင်ထောင်မှူး |
| နေမျိုးသိဒ္ဓိရာဇာ | .... မောင်သာထွန်း | .... မြို့စာရေး |
| မင်းလှရာဇာ | .... မောင်ကြီး | .... 〃 |
| မင်းထင်ကျော်ခေါင် | .... မောင်ဘောကြီး | .... 〃 |
| မင်းထင်ရာဇကျော်ခေါင် | .... မောင်ဘောကလေး – | 〃 |
| .... .... .... .... .... | မောင်ကျိုးဖြူ | .... 〃 |
| မင်းလှနရရာဇကျော်ထင် | .... မောင်သစ် | .... 〃 |
| မင်းလှရဲထင်ရန်အောင် | .... မောင်ပု | .... 〃 |
| မင်းလှသီရိကျော်စွာ | .... မောင်မြို့ | .... 〃 |
| မင်းထင်သင်္ခယာ | .... မောင်ချစ် | .... 〃 |
| .... .... .... .... .... | မောင်ကြီး | .... 〃 |
| .... .... .... .... .... | မောင်စံလှ | .... 〃 |
| .... .... .... .... .... | မောင်ကံထော် | .... 〃 |
| မင်းထင်သိဒ္ဓိကျော်ခေါင် | .... မောင်ဘိုးကြူး | .... 〃 |
| .... .... .... .... .... | မောင်အောင် | .... 〃 |
| နေမျိုးဇေယရောင် | .... မောင်စံငြိမ်း | .... ရွှေပြည်စိုး |

*　　　*　　　*

## နောက်ရုံးအရာရှိများ

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မင်းလှသီရိရာဇာ .... | မောင်ဘိုး .... | အနောက်ဝန် |
| နေမျိုးသီရိကျော်သူ .... | မောင်ငြိမ်း .... | ။ |
| မင်းထင်မင်းလှသန်ယာ .... | မောင်ဆိုး .... | ။ |
| မင်းထင်မင်းကျော်တန်ဆောင် | မောင်စံ .... | ။ |
| .... .... .... .... .... | မောင်ပုလေး .... | ။ |
| .... .... .... .... .... | မောင်မြတ်ညို .... | အနောက်ဝန်စာရေး |
| .... .... .... .... .... | မောင်ရွှန်း .... | ။ |
| .... .... .... .... .... | မောင်ဘိုးကြီး .... | ။ |
| .... .... .... .... .... | မောင်ကော် .... | ။ |
| .... .... .... .... .... | မောင်အိမ် .... | ။ |
| .... .... .... .... .... | မောင်ဘိုးကလေး.... | ။ |
| .... .... .... .... .... | မောင်ရွှေဝ .... | ။ |
| .... .... .... .... .... | မောင်မောင် .... | ။ |
| .... .... .... .... .... | မောင်သင် .... | ။ |
| .... .... .... .... .... | မောင်ဘဲ .... | ကတော်စာရေး |
| .... .... .... .... .... | မောင်ဘုန်း .... | ။ |
| .... .... .... .... .... | မောင်ဘိုးသာ .... | ။ |
| .... .... .... .... .... | မောင်ပြောင် .... | ။ |

---

## တရားရုံးအရာရှိများ

| | | |
|---|---|---|
| မဟာမင်းထင်စည်သူ .... | ဦးနိုင် .... | တရားသူကြီး |
| မဟာမင်းထင်သီဟသူ .... | ဦးမိတ် .... | ။ |
| မဟာမင်းကျော်ရာဇာ .... | ဦးအုံ့ .... | ။ |
| နေမျိုးမင်းထင်ကျော်ခေါင် – | မောင်မောင် .... | တရားနာခံ |
| နေမျိုးမင်းထင်ကျော် .... | မောင်ဘိုး .... | ။ |
| နေမျိုးမင်းထင်ကျော်စွာ .... | မောင်စံအိ .... | ။ |
| နေမျိုးသီရိသန်ယာ .... | မောင်ကူး .... | ။ |
| နေမျိုးစည်သူနော်ရထာ .... | မောင်မင်းကျော် .... | ။ |
| နေမျိုးစည်သူရာဇာ .... | မောင်ရောက် .... | တရားစာရေး |
| နေမျိုးသီရိရာဇကျော် .... | မောင်ကွန် .... | ။ |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| နေမျိုးသဉ်ယာ | မောင်မြ | တရားစာရေး |
| နေမျိုးသီရိကျော်ထင် | မောင်စိုးနှင်း | ။ |
| နေမျိုးမင်းထင်ရာဇာ | မောင်လူကြီး | ။ |
| နေမျိုးသီရိသဉ်ယာ | မောင်နွဲ့ | အမိန့်တော်ရ |
| နေမျိုးနရာရွှေတောင် | မောင်ကွန်း | ။ |
| နေမျိုးရာဇသဉ်ယာ | မောင်ရှမ်းအို | ။ |
| နေမျိုးသီရိစည်သူ | မောင်ဘော | ။ |
| နေမျိုးနန္ဒကျော်ထင် | မောင်စံလှပေါ် | ။ |
| | မောင်ဘိုးသာ | ။ |
| | မောင်မင်းအို | ။ |
| | မောင်ဘိုးကြီး | ။ |
| | မောင်ထား | ။ |
| | ဦးလှိုင် | ။ |

ရွှေတိုက်အရာရှိများ

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| | မောင်ဘော | ရွှေတိုက်စိုး |
| | မောင်ညွန့် | ။ |
| | မောင်လန်း | ။ |
| | မောင်သိန်း | ။ |
| | မောင်အင် | ။ |
| | မောင်ရော | ငှင်းသံတော်ဆင့် |
| | မောင်ကြွက် | ရွှေတိုက်စိုး |
| | မောင်ဆွဲ | ရွှေတိုက်ကြပ် |
| | မောင်ဘိုးမောင် | ။ |
| | မောင်ကောက် | ။ |
| မင်းလှမင်းထင် | မောင်ဘော | ။ |
| | မောင်တုတ် | ။ |
| | မောင်အောင်ထင် | ။ |
| | မောင်ဘိုးစိ | ။ |
| | မောင်မြင့် | ။ |
| | မောင်ဆင့် | ။ |
| | မောင်သိန်း | ။ |

မင်းတရားကြီးလက်ထက် ဝန်ထောက်မြို့သာ့မြို့ဝန် ပတ္တနဂိုရ်မြို့စား ဆက်သွင်းရှိခိုး သံတော်ဦးထင်ချက် အတိုင်း လွှတ်စာရေးကြီး, တရားရုံး အမိန့်တော်ရ တို့နည်း အမိန့်တော်မြတ်နှင့် တွဲဘက်ရုံးတွင် ထမ်းရွက်ရသူ။

## တွဲဘက်ရုံးအရာရှိများ

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မင်းကြီး မဟာမင်းထင်စည်သူ ကျော် .... | မြို့သာ့ဝန်ထောက် – | တရားသူကြီး |
| နေမျိုးသိရိရာဇာ .... | မောင်ဥက္ကာ .... | စာရေးကြီး |
| နေမျိုးသိရိသင်္ခယာ .... | မောင်ရာကျော် .... | ။ |
| နေမျိုးနရာရွှေတောင် .... | မောင်ဝိုက် .... | အမိန့်တော်ရ |
| နေမျိုးသိရိရာဇာ .... | မောင်ဥက္ကာ .... | ။ |
| နေမျိုးရာဇသင်္ခယာ .... | မောင်မောင်သင် .... | ။ |
| .... .... .... .... .... .... | မာမတ်အိဘရာဟင်– | ။ |
| .... .... .... .... .... .... | အပဒူရာမံ .... | ။ |

---

## ဝန်စုမှူးစုများ

| | | |
|---|---|---|
| သတိုးမင်းကြီး မဟာမင်းခေါင် ရာဇာ .... | ဗိုလ်ပြင် .... | ရွှေဝင်းမှူး |
| မင်းကြီး သူရ မဟာမင်းခေါင် သမိန်ဘရမ်း .... | မင်းလက်ဝါး .... | လက်ဝဲဝင်းမှူး |
| မင်းကြီး မဟာသမိန့်ဘဖြတ်စ | ဦးချို .... | လက်ယာဝင်းမှူး |
| မင်းကြီးမင်းလှမဟာမင်းခေါင် | ဦးတောင်း .... | နောက်ဝင်းမှူး |
| မဟာမင်းထင်စည်သူ .... | ဦးခဲ .... | စားတော်ဝန် |
| .... .... .... .... .... .... | ဦးပေါ်စော .... | ။ |
| သတိုး မင်းကြီး မင်းကျော်မင်း ခေါင် .... | ဦးမင .... | မြေဒူးမြို့စား မိုးနဲစင်ကဲ |
| မဟာမင်းကျော်မင်းထင်စည်သူ | မောင်ကြွက် .... | စီးတော်မြင်းဝန် |
| .... .... .... .... .... .... | မောင်ဘငယ် .... | ငုဝ်းတောင်သမန်လယ် စား |
| မင်းထင်မင်းလှသီဟသူ .... | မောင်ဇယ် .... | ငွေခွန်ဝန် |
| မဟာမင်းကျော်မင်းထင် .... | ဦးဇံ .... | အခွန်ဝန် |

| ဘွဲ့ | ယေမည် | ရာထူး |
|---|---|---|
| မဟာမင်းထင်မင်းခေါင် .... | ဦးဘိုးချစ် .... | လမိုင်းဝန် |
| မင်းလှမင်းကျော်သိရိ .... | ဦးတုတ် .... | ဆင်မင်းဝန် |
| .... .... .... .... .... .... | မောင်ဘိုး .... | ။ |
| မဟာမင်းထင်မင်းခေါင် .... | ဦးလတ် .... | ဆင်ဝန် |
| မင်းလှမင်းထင်ပျံကျော် .... | မောင်ဘိုးမင်း .... | အောက်မားဝန် |
| .... .... .... .... .... .... | မောင်သာအောင် – | ။ |
| မဟာမင်းကျော်သီဟမင်းထင်– | မောင်အောင်မင်း – | လက်နက်တိုက်ဝန် |
| .... .... .... .... .... .... | မောင်ဘိုးရစ် .... | ငှင်းတပယ်မြို့စား |
| မင်းလှမင်းခေါင်သီဟသူ .... | မောင်လတ် .... | ကောင်ဟန်ဝန် |
| မဟာမင်းထင်ပညာသိရိ သံ်ယာ .... | မောင်ပြောင်း .... | သူရဲဝန်ကျပင်းမြို့စား |
| မင်းထင်မင်းလှကျော်ခေါင် – | မောင်ခင်မောင် .... | အမြောက်ဝန် |
| မဟာမင်းခေါင်ပညာသိဒ္ဓိ ရာဇာ .... | ဦးထွန်းအောင် .... | ပန်းဘဲဝန် |
| .... .... .... .... .... .... | မောင်သံလိုက် .... | သူရဲဝန် |
| မင်းရဲညွန့် .... | မောင်ရဲတင် .... | စက်ဝန်၊ယွန်းစုဝန် |
| မဟာမင်းလှ မင်းကျော်ပြာရှပ် | ဦးကြီးကလေး .... | မနက်ပလာဆင်ဝန် |
| .... .... .... .... .... .... | မောင်ထွန်းပေါ် .... | ။ |
| နေမျိုးမင်းထင်သိဝ .... | မောင်လောအောင်– | ယွန်းစုဝန်လက်သုံးတော်ကိုင် |
| မင်းလှမင်းထင်ကျော်ခေါင် – | မောင်ရွှေထောင် – | အချုပ်ဝန်၊ လက်သုံးတော်ကိုင် |
| မင်းလှမင်းထင်စည်သူကျော် – | ဦးမြို .... | သံချက်ဝန် |
| နေမျိုးရာဇစည်သူ .... | ဦးရွှေဝ .... | မဟာဒါန်ဝန် |
| နေမျိုးရာဇကျော်ခေါင် .... | ဦးတော .... | ဝတ်မြေဝန် |
| နေမျိုးသိဒ္ဓိပညာကျော်ခေါင်– | ဦးရွှေလှ .... | တံဆိပ်ဝန် |
| မဟာ မင်းထင်မင်းခေါင် စည်သူ .... | ဦးရွှေမောင် .... | အမှုဝန် |
| မင်းလှသိရိကျော်ထင် .... | မောင်ထွန်းဦး .... | နန်းကံကျွေးဝန် သံတော်ဆင့် |
| မဟာ သိရိသုပဏ္ဏိတမြဟ္မာစန္ဒ မဓ္မရာဇဂုရု .... | မြဟ္မာစန္ဒ .... | ပုဏ္ဏားဝန် |
| နေမျိုးမင်းထင်သူရိန် .... | မောင်ချို .... | ကျုံးဝန် |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မင်းကျော်မင်းထင်သင်္ယာ | မောင်နေထွန်း | ···· သစ်တောဝန် |
| မဟာမင်းထင်မင်းလှသီဟသူ | မောင်သောင် | ···· ဖောင်ဝန် |
| မင်းထင်ပညာသိဒ္ဓိကျော်ခေါင် | မောင်ဘိုးကြီး | ···· အုတ်ဝန်သံတော်ဆင့် |
| ရွှေတောင်မင်းငယ်ကျော် ···· | မောင်ထူး | ···· ရေကြည်ဝန် |
| မင်းလှမင်းထင်ရာဇာ ···· | မောင်နေထွန်း | ···· ကုလားဝန် |
| မဟာ မင်းကျော်သူရရဲခေါင်– | မောင်အိပ် | ···· နန်းဦးမင်္ဂလာမြင်းဝန် ခေါင်တုံးမြို့စား |
| မင်းကြီး မဟာ မင်းထင်သိဒ္ဓိ ပုဏ္ဏက ···· | မောင်ပုဏ္ဏက | ···· ရွှေပြည်ရန်အောင် မြင်းဝန် |
| မင်းလှမင်းထင်သူရိန် ···· | မောင်ဘကြမ်း | ···· အတွင်းပတ်မြင်းဝန် |
| မင်းထင်ရာဇသင်္ယာ ···· | မောင်ဘားကြီ | ···· နောက်တော်ပါ မြင်းဝန် |
| မင်းလှမင်းထင်ရာဇရှိန် ···· | ကသည်းမင်းသား | လက်သုံးတော်ကိုင် ကသည်းမြင်းဝန် |
| မင်းထင်မင်းလှစည်သူ ···· | မောင်ပိုးတူ | ···· နောက်ဝင်းကျင်ဝန် |
| ···· ···· ···· ···· ···· | မောင်သာအောင် | အသည်ဝန် |
| ···· ···· ···· ···· ···· | မောင်စိုးရ | ···· မင်္ဂလာရဲညွန့်မြင်းဝန် |
| ···· ···· ···· ···· ···· | မောင်သာကြွယ် | ···· လက်သုံးတော်ကိုင် မင်းပြင်မြို့စား |
| သီရိဉာဏသုခ ···· | ···· ···· | ···· ဆတ္တာဝန် |
| နေမျိုးသီရိစည်သူကျော် ···· | မောင်ဘိုးဦး | ···· စို့လေးဆယ်ဒိုင်းဝန် |
| နေမျိုးမင်းလှသင်္ယာ ···· | မောင်သိုက် | ···· ရွှေတော်ပြေးမှူး |
| နေမျိုးပုံချီကျော် ···· | မောင်ရွှေသား | ···· သီဓိးထွန်းမှူး |
| နေမျိုးသီရိကျော်ထင် ···· | မောင်ဘေပု | ···· တင်းတိမ်ရံမှူး |
| မင်းလှသီရိရဲဖျားမင်းခေါင် | မောင်ရဲဖျား | ···· သူရဲကြီးမှူး |
| ···· ···· ···· ···· ···· | မောင်ကွက် | ···· အဆောင်နီမှူး လက်သုံးတော်ကိုင် |
| ···· ···· ···· ···· ···· | မောင်ဘိုးစံ | ···· ရတနာလှေကားတော် မှူး |
| ··· ···· ···· ···· ···· | မောင်ဘိုးသက် | ···· ရတနာထမ်းစင်မှူး တောင်ညိုမြို့စား |
| နေမျိုးစည်သူရာဇာ ···· | မောင်ထွန်း | ···· ထုံးမှူး |

* * *

## ဗိုလ်စုများ

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မဟာမင်းလှမင်းထင်စည်သူ | မောင်တုတ် | မြောက်ဒဝယ်ဗိုလ် ယနောင်မြို့စား |
| မင်းထင်သံယာ | မောင်ချို | တောင်ဒဝယ်ဗိုလ် ကျောက်ဆောက်မြို့စား |
| နေမျိုးသူရိန် | မောင်ကျား | မြောက် ၁၅၀ ဗိုလ် |
| မင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူ | မောင်ကျော်ခေါင် | တောင် ၁၅၀ ဗိုလ် မိုးမြဲစစ်ကဲ |
| မဟာမင်းလှမင်းထင်သီရိ | မောင်ထွန်းဖြူ | မြောက်မာရဘင်ဗိုလ် |
| မင်းလှဇေယသူရိန် | မောင်ဆက် | ရွှေပြည်မှန်ကင်းဗိုလ် |
| .... .... ... .... .... | မောင်ဘိုးမောင် | ။ |
| မဟာမင်းလှမင်းထင်သမိန်စက် | မောင်ချို | နတ်စုလက်ဝဲဗိုလ် |
| .... .... .... .... ... | မောင်ကျော်သူ | ။ |
| မဟာမင်းလှရာဇကျော်ထင် – | မောင်ဆက် | နတ်စုလက်ယာဗိုလ် |
| မင်းကျော်သီဟမင်းထင် | မောင်ညို | ရွှေးလက်ဝဲဗိုလ် |
| မင်းထင်သိဒ္ဓိရာဇာ | မောင်ခေါင် | ရွှေးလက်ယာဗိုလ် |
| .... .... .... .... .... | မောင်အောင်ကြီး | ။ |
| နေမျိုးမင်းလှမင်းထင် | မောင်ဆင် | လက်ဝဲကြောင်းဗိုလ် |
| မဟာမင်းလှမင်းခေါင် | အိမ်ကြီးမောင် | လက်ယာကြောင်းဗိုလ် |
| နေမျိုးရန်ထုတ်သံယာ | မောင်ကျော် | ထောင်မာရဘင်ဗိုလ် |
| မဟာမင်းခေါင်နော်ရထာ | မောင်ချက် | ရွှေလှံဗိုလ် |
| မင်းလှမင်းထင်စည်သူ | မောင်ညွန့် | နတ်ရှင့်ရွှေးဗိုလ် |
| .... .... .... .... .... | မောင်မျှား | ။ |
| မင်းလှမင်းထင်ကျော်သူ | မောင်စံလှ | ကင်းထားဗိုလ် |
| မင်းလှ မင်းထင် သမိန် သံလိုက် | မောင်ဘိုးအုံ | ရွှေပြည်ဗိုလ် |
| မင်းလှကျော်သူ | မောင်ထွန်းပေါ် | ဘုန်းထော်ပြည့်ဗိုလ် |
| နေမျိုးမင်းထင်သိဒ္ဓိ | မောင်ဘိုးထင် | လင်းဇင်းဗိုလ် |
| မင်းကျော်သူရိန် | .... .... | ဘုန်းထော်တိုးဗိုလ် |
| မင်းကျော်တန်ဆောင် | မောင်ပေါ်ညွန်း | ။ |
| မင်းထင်ကျော်ခေါင် | မောင်လူကလေး | တံခါးနီဗိုလ် |
| နေမျိုးသီဟဗလကျော်ထင် | .... .... | ၁၅၈ ဗိုလ် |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မင်းထင်မင်းလှရဲခေါင်သူရိန် | မောင်ကျား | ···· လက်ရွေးကြီး လှေသင်းမိုလ် |
| မင်းကျော်သိဒ္ဓိရန်အောင် ···· | မောင်ချစ်ပုံ | ···· ရွေးကြီးလှေသင်းမိုလ် |
| နေမျိုးသိဒ္ဓိကျော်ခေါင် ···· | မောင်စံလှ | ···· ပြည်လုံးအုံ့ လှေသင်းမိုလ် |
| မဟာမင်းလှသိဒ္ဓိကျော်စွာ ···· | မောင်မိတ် | ···· လက်သစ်လှေသင်းမိုလ် |
| မင်းကျော်သူရမင်းထင် ···· | မောင်ထက်ခါး | ···· ရဲဘက်မြင်းတပ်မိုလ် |
| မင်းထင်မင်းလှကျော်ခေါင် | မောင်ကျေး | ···· ရွှေပြည် ရန်အောင် အနော်လက် မြင်းတပ်မိုလ် |
| မင်းထင်သိရိကျော်ခေါင် ···· | မောင်ခို | ···· ဂုဏ်-အရှေ့လက်မြင်း တပ်မိုလ် |

အဝေးဝန်များ

| | | |
|---|---|---|
| မင်းကြီး မဟာမင်းခေါင်သူရိန် | ဦးလတ် | ···· ပုခန်းကြီးခရိုင်ဝန် |
| မင်းကြီး မင်းလှ မဟာမင်းထင် | ဦးအိမ် | ···· တောင်တွင်းကြီးခရိုင်ဝန် |
| မင်းကြီးမဟာမင်းထင်ရာဇာ | ဦးဖား | ···· တောင်ငူခရိုင်ဝန် |
| မင်းကြီးမဟာမင်းလှရာဇာ | ဦးသိန်း | ···· စစ်ကိုင်းခရိုင်ဝန် |
| မင်းထင်သိဒ္ဓိရာဇာ ···· | မောင်ဘိုးကြီး | ···· မိုးကောင်းဝန် |
| မဟာမင်းလှသမန္တရာဇာ ···· | မောင်တောင်မိုလ် | ဗန်းမော်ဝန် |
| မင်းလှမင်းကျော်ရာဇာ ···· | မောင်ပု | ···· မန်လည်ဝန် |
| မင်းထင်ရာဇာသမန္တစည်သူ ···· | မောင်ဘော | ···· မြဲတောင်ဝန် |
| မဟာ မင်းခေါင်မင်းကျော် ရဲထင် ···· | မောင်ကံပေါ် | ···· မိုးညှင်းရွှေဂူမြို့ဝန် |
| မင်းထင်သိရိသန္တရာဇာ ···· | မောင်တေနောင် ···· | ယင်းခဲငါးမြို့ဝန် |
| မင်းလှမင်းထင်သီဟသူ ···· | မောင်မြင့် | ···· ငရနဲ့,ခေါ်သန္တိနှစ်မြို့ဝန် |
| မဟာမင်းကျော်မင်းထင် ···· | မောင်ပေါ်ဦး | ···· ဒိပဲယင်းဝန် |
| မင်းကျော်ထန်ဆောင် ···· | မောင်ကံ | ···· ကောလင်းမြို့ဝန် |
| မဟာမင်းလှမင်းခေါင် ···· | ···· ···· | ···· အင်တောက်သာ မြေဒူး မြို့ဝန် |
| မဟာမင်းလှမင်းခေါင် ···· | မောင်ဖြူ | ···· ပဥ္စာလဝန် |
| မဟာမင်းထင်ကျော်ခေါင် ···· | မောင်အောင်ကျော် | ထမူးခန်းပတ်ဝန် |
| မင်းလှမင်းထင်စည်သူကျော် | မောင်ရွှေအောင် ···· | ကန္နီမြို့ဝန် |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မဟာမင်းလှမင်းထင်ရာဇာ | မောင်နော်ခန် | ကလေးတိန်ညင် ရာဇဂြိုဟ်မြို့ဝန် |
| မင်းလှမင်းခေါင် | မောင်ထွေး | မင်းတုံးတောင်စဉ်ဝန် |
| မဟာမင်းလှသီဟသူ | မောင်ဘိုးဦး | မင်းခင်းတောင် တွင်းချောင်မြို့ဝန် |
| မဟာမင်းလှမင်းခေါင်ကျော် | မောင်ဘိုးအို | လယ်ကိုင်းမြို့ဝန် |
| မင်းထင်မင်းလှသီဟသူ | မောင်အံ | စကုဝန် |
| မင်းထင်ရာဇာ | မောင်သာထွန်း | ကျောက်ရဲ,ပုခန်းငယ် မြို့ဝန် |
| နေမျိုးသီရိရာဇာ | မောင်တလုပ် | စလေမြို့ဝန် |
| မင်းကြီးမဟာမင်းထင် မင်းခေါင် | ဦးသာဖူး | မိုးမြဲတပ်စစ်ကဲ |
| မင်းထင်မင်းကျော်သူရိန် | ဦးထွန်းကြွယ် | ဗန်းမော်လေးမြို့စစ်ကဲ |
| မဟာမင်းလှမင်းထင်ကျော် | မောင်ဘိုးဦး | မကွေးမြို့ဝန် |
| မဟာမင်းလှမင်းခေါင် ကျော်ထင် | မောင်သောက် | မြင်ကွန်း ပဏ္ဏနဂိုရ် မြို့ဝန် |
| မဟာမင်းထင်မင်းခေါင်ရာဇာ | မောင်အပ် | မြေထဲမြို့ဝန် |
| …. …. …. …. …. …. | မောင်ကလေး | ။ |
| မင်းကြီး မဟာ မင်းလှ မင်းထင် ကျော်ခေါင် | မောင်လတ် | မလွန်, သရက် နှစ်မြို့ဝန် |
| မဟာမင်းလှမင်းကျော်သူရိန် | မောင်ကြွယ် | ပုခန်းကြီးမြို့ဝန် |
| …. …. …. …. …. …. | မောင်သာမှုန် | ။ |
| မင်းလှသမန္တရာဇကျော်ထင် | မောင်ပွေ | ယင်းတော်မြို့ဝန် |
| မဟာမင်းထင်မင်းခေါင် စည်သူ | မောင်ဘန် | မိတ္ထီလာမြို့ဝန် |
| မင်းလှစည်သူကျော် | မောင်ရိပ် | တောင်သာ ညောင်အုပ် နှစ်မြို့ဝန် |
| မဟာမင်းထင်မင်းခေါင် | မောင်ရွှေကြု | ပင်းနတ်မောက်မြို့ဝန် |
| မဟာမင်းကျော်မင်းထင်ရန် အောင် | မောင်ထွန်းသာ | ကျော့ပန်းတောင်မြို့ဝန် |
| မဟာမင်းထင်စည်သူ | မောင်ကြူး | ညောင်ရမ်း လှိုင်းတက် နှစ်မြို့ဝန် |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မဟာမင်းလှ မင်းခေါင် ကျော်ထင် | ···· မောင်ကြီး | ···· တောင်ငူရမည်သင်း နှစ်မြို့ဝန် |
| မင်းလှမင်းခေါင်ရာဇာ | ···· မောင်သာဦး | ···· ကျောက်ဆည်ဝန် |
| မင်းထင်ကျော်သူ | ···· မောင်ပေ | ···· ။ |
| ···· ···· ···· ···· ···· ···· | မောင်ချစ် | ···· ။ |
| မဟာမင်းထင်မင်းခေါင်သူရိန် | မောင်ကျော်ခေါင် – | တလုပ်မြို့ဝန် |
| နေမျိုးသူရိန်ရန်နိုင် | ···· မောင်ပန်း | ···· အမြင့်မြို့ဝန် |
| မင်းထင်မင်းလှရဲခေါင် | ···· မောင်ချို | ···· ဗန္ဓုကျီတိုက်ဝန် |
| ···· ···· ···· ···· ···· ···· | မောင်ကောက် | ···· ။ |
| မင်းကြီး မင်းလှမဟာမင်းခေါင်ရာဇာ | ···· မောင်စု | ···· အဝမြို့ဝန် |
| နေမျိုးသီရိရာဇာ | ···· မောင်ရိုး | ···· စစ်ကိုင်းဝန် |
| မင်းကျော်သူရိန် | ···· မောင်ခါ | ···· မတ္တရာဝန် |
| မဟာမင်းခေါင်ကျော်ထင် | ···· မောင်ပြား | ···· ငစဥ့်ကူးမြို့ဝန် |
| မင်းကြီးမင်းလှမင်းထင်နရသူ– | မောင်ထောင်ဗိုလ် – | အလုံဝန် |
| နေမျိုးသုဝဏ္ဏတန်ဆောင် | ···· မောင်ကွတ္တိ | ···· ရွှေအရွှေချောင်းဝန် |
| မင်းကျော်မင်းထင်ရန်အောင်- | မောင်ရွှေအောင် – | ရေနံချောင်းဝန် |
| မဟာမင်းကျော်ရာဇာ | ···· မောင်ပုဂံ | ···· မိုင်းညောင်မိုးနိုင်းဝန် |
| နေမျိုးမင်းလှမင်းထင်ရန်အောင် | ···· မောင်မှင် | ···· မိုင်းလုံးဝန် |
| မဟာမင်းထင်မင်းကျော် | ···· မောင်ဘိုးဦး | ···· အမရပူရမြို့ဝန် |
| နေမျိုးသီရိသိခ်ကျော်ထင် | ···· မောင်လတ် | ···· သစ်ကြိတ်ကြီးမြို့ဝန် |

## မြို့အုပ်များ

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မင်းထင်စည်သူ .... | မောင်ဆက် .... | ထန်းတပင်မြို့အုပ် |
| နေမျိုးဗလကျော်သူ .... | မောင်စွန် .... | ကျောက်မြောင်းမြို့အုပ် |
| မင်းကျော်သီရိကျော်သူ .... | မောင်ဘိုးမင်း .... | ပေါက်မြိုင်မြို့အုပ် |
| .... .... .... .... .... .... | .... .... .... .... | မြင်းခုံတိုင်မြို့အုပ် |
| နေမျိုးမင်းလှကျော်စွာ .... | မောင်သာထင် .... | မြင်စိုင်းမြို့အုပ် |
| .... .... .... .... .... .... | .... .... .... .... | မက္ခရာမြို့အုပ် |
| နေမျိုးမင်းထင်ကျော်စွာ .... | မောင်ထွား .... | အလုံမြို့အုပ် |
| နေမျိုးကျော်ထင်ရာဇာ .... | မောင်စံထွန်း .... | တောင်ပြုံးကြီးမြို့အုပ် |
| .... .... .... .... .... .... | မောင်လွန်းပြေ .... | ဍင်းစာရေး |

---

## စုရေးစုကိုင်များ

| | | |
|---|---|---|
| မင်းထင်ရာဇကျော်ခေါင် .... | မောင်စို .... | မြောက်စု သေနတ်စာရေးကြီး |
| မင်းထင်ရာဇာ .... | မောင်အောင်ကြီး – | ။ |
| မဟာမင်းထင်သီဟသူ .... | မောင်ဘော .... | ဝင်းမိုင်းစာရေးကြီး |
| မင်းထင်စည်သူရာဇာ .... | မောင်စိုးမင်း .... | မြင်းစာရေးကြီး |
| နေမျိုးမင်းလှကျော်ခေါင် .... | မောင်အိ .... | မြောက်ဒဝယ် သေနတ်စာရေး |
| နေမျိုးမင်းကျော်ရာဇာ .... | မောင်စော .... | ။ |
| နေမျိုးသီဟကျော်သူ .... | မောင်လွန်း .... | တောင်ဒဝယ် သေနတ်စာရေး |
| .... .... .... .... .... .... | မောင်ကျော် .... | ။ |
| .... .... .... .... .... .... | မောင်ညွှန်း .... | မြောက် ၁၅၀ သေနတ်စာရေး |
| .... .... .... .... .... .... | မောင်စံတူ .... | ။ |
| .... .... .... .... .... .... | မောင်သာအုပ် .... | ။ |
| .... .... .... .... .... .... | မောင်ချစ်စရာ .... | တောင် ၁၅၀ သေနတ်စာရေး |
| .... .... .... .... .... | မောင်ဘိုးထိုင် .... | ။ |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| | မောင်ဘဲ | မြေဗုံမာရဘင် သေနတ်စာရေး |
| | မောင်သာပြော | ။ |
| | မောင်ဖျံချို | ရွှေပြည်မှန်ကင်းသေနတ်စာရေး |
| | မောင်မှူး | ။ |
| နေမျိုးရန်ခွင်းရဲခေါင် | မောင်လယ်ရောက် | ရွှေလှံစာရေး |
| နေမျိုးမင်းလှရာဇာ | မောင်လူကလေး | ။ |
| | မောင်သာအို | နတ်စုလက်ဝဲ သေနတ်စာရေး |
| | မောင်ကျော်သူ | ။ |
| | မောင်ဆန်း | ။ |
| | မောင်ဘိုးစံ | နတ်စုလက်ယာ သေနတ်စာရေး |
| | မောင်ကုလား | နတ်စုလက်ယာ သေနတ်စာရေး |
| နေမျိုး မင်းထင်ရန်နိုင် | မောင်သာလှ | နတ်ရှင့်ရွှေး သေနတ်စာရေး |
| | မောင်နီ | ။ |
| | မောင်ရွှေယင်း | ရွှေးလက်ဝဲ သေနတ်စာရေး |
| | မောင်မြို | ။ |
| | မောင်တန် | ။ |
| | မောင်ဒေဝန်း | ။ |
| | မောင်ကြိုင် | ။ |
| နေမျိုးမင်းလှရာဇသူ | မောင်ကျင်ဥ | ရွှေးလက်ယာ သေနတ်စာရေး |
| | မောင်ရွှေအုံ | ။ |
| | မောင်စော | ။ |

## စော်ဘွားမြို့စားများ

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| ဇောတိနဂရမဟာဝံသ သီရိပဝရသုဓမ္မရာဇာ | သေဉ်ဝိဘွား | ကျိုင်းရုံးစော်ဘွား |
| ခေမာရဋ္ဌမဟာသီဟပဝရ ပြဟ္မာသီရိဓမ္မရာဇာ | | ကျိုင်းတုံစော်ဘွား |
| သီရိရဋ္ဌ မဟာဝံသ ပဝရ သီဟ သုဓမ္မရာဇာ | နော်ဘွား | သိန်းနီစော်ဘွား |
| ကမ္ဗောဇရဋ္ဌမဟာဝံသ သီရိသုဓမ္မရာဇာ | ခွန်ချို | မိုးနဲစော်ဘွား |
| ပေခရဋ္ဌမဟာဇေယပဝရ သုဓမ္မရာဇာ | | မိုင်းလျှဉ်းကြီးစော်ဘွား |
| ကမ္ဗောဇရဋ္ဌမဟာဝံသ သီရိသုဓမ္မရာဇာ | နဲနွဲ | မောက်မယ်စော်ဘွား |
| ကမ္ဗောဇမဟာဝံသ သီရိဓမ္မရာဇာ | | မိုင်းပွန်စော်ဘွား |
| ကမ္ဗောဇသီရိမဟာဝံသ ဓမ္မရာဇာ | | မိုင်းပန်စော်ဘွား |
| ကမ္ဗောဇမဟာဝံသသီရိရာဇာ | ခွန်ဝါ | နောင်ပွန်စော်ဘွား |
| မဟာသီရိဇေယသိုဟ်ဘွား | | မိုင်းခိုင်းမြို့စား |
| သီရိရဋ္ဌ မဟာဝံသပဝရသေဋ္ဌ သုဓမ္မရာဇာ | မောင်ဘိုး | သုံးဆယ်စော်ဘွား |
| ကမ္ဗောဇ သီရိဝံသဇေယရာဇာ | | သီချစ်စော်ဘွား |
| ကမ္ဗောဇ မဟာဝံသ သီရိသုဓမ္မ ရာဇာ | | မိုးဗြဲစော်ဘွား |
| ကမ္ဗောဇရဋ္ဌသီရိပဝရ မဟာဝံသသုဓမ္မရာဇာ | မောင်စောမောင် | ညောင်ရွှေစော်ဘွား |
| ကမ္ဗောဇရဋ္ဌသီရိပဝရ မဟာဝံသသုဓမ္မရာဇာ | မောင်စောခိုင် | ရပ်စောက်စော်ဘွား |
| ကမ္ဗောဇရဋ္ဌမဟာဝံသ သီရိပဝရသုဓမ္မရာဇာ | စောလှခန်း | သီပေါစော်ဘွား |
| မောရိယမဟာဝံသသီဟရာဇာ | | သောင်သွပ်စော်ဘွား |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မဟာသိဒ္ဓိဇေယသိုဟ်ဘွား | – မောင်ရွှေသား | ···· ဝန်းသိုစော်ဘွား |
| မောရိယ မဟာဝံသသီရိဓမ္မ ရာဇာ | ···· မောင်အောင်မြတ် | ။ |
| ကမ္ဗောဇဝံသသီရိရာဇာ | ···· စောရွှယ် | ···· မိုင်းပြင်မြို့စား |
| ကမ္ဗောဇမဟာသီဟဝံသရာဇာ | ···· ···· ···· | ···· မိုင်းတုံမြို့စား |
| ကမ္ဗောဇဇေယမဟာရာဇာ | ···· ···· ···· ···· | ···· မိုင်းတွန်ကျမိုင်း |
| မဟာသီရိဇေယသိုဟ်ဘွား | – ···· ···· ···· | ···· ထဘက်လမိုင်းမြို့စား |
| မဟာဇေယပဗ္ဗတရာဇာ | ···· ···· ···· ···· | ···· ကန္တာရဝတီမြို့စား |
| မဟာဝံသသူရိန်ရာဇာ | ···· ···· ···· ···· | ···· ခန္တီးစော်ဘွား |
| မဟာသီရိပဗ္ဗတသူရရာဇာ | ···· ···· ···· ···· | ···· တောင်ပိုင်စော်ဘွား |
| ကမ္ဗောဇမဟာသီရိဝံသ ရာဇာ | ···· ···· ···· | ···· စကားမြို့စား |
| ဂန္ဓာလရဋ္ဌမဟာဝံသရာဇာ | – ···· ···· ···· | ···· မိုးမိတ်စော်ဘွား |
| သီရိဇေယသိုဟ်ဘွား | ···· ···· ···· ···· | ···· နန်းခန်းပင်ခန်းမြို့စား |
| သီဝိရဋ္ဌမဟာဝံသရာဇာ | ···· မောင်ခန်း | ···· မိုင်းနောင်မြို့စား |
| ကမ္ဗောဇသီရိရာဇာ | ···· ···· ···· ···· | ···· ကျိုင်းခန်းမြို့စား |
| မဟာဝံသဇေယသိုဟ်ဘွား | ···· ···· ···· ···· | ···· မိုင်းမော့မြို့စား |
| ပဉ္စာလရဋ္ဌမဟာဝံသဓမ္မရာဇာ | ···· ···· ···· | ···· ကျိုင်းချိုင်စော်ဘွား |
| မင်းထင်သီဟစည်သူ | ···· စနေခန်း | ···· သောင်သွပ်မြို့ကျမိုင်း |
| မင်းထင်သီဟကျော်ခေါင် | ···· စောခန်းမွန် | ···· ကွမ်းရေတော် |
| မောရိယသီဟမဟာဝံသ ဓမ္မရာဇာ | ···· ···· ···· ···· | ···· ကလေးတိန်ညင်စော်ဘွား |
| ကမ္ဗောဇဝံသ သီရိမဟာဇေယ ရာဇာ | ···· ···· ···· ···· | ···· လွယ်လုံမြို့စား |

---

## သူဌေးသူကြွယ်များ

| | | |
|---|---|---|
| မဟာသီရိဓနရာဇာ ···· | မောင်သက် ···· | သူဌေး သွေးသောက်ကြီး |
| မဟာသုဝဏ္ဏသေဋ္ဌ ···· | မောင်ဘိုးခေါင် ···· | သူဌေး |
| ···· ···· ···· ···· ···· | မောင်စံ ···· | ။ |
| မဟာသီရိဓနဥ္စယသေဋ္ဌ ···· | မောင်ဘိုးကြီး ···· | ။ |
| မဟာသုဝဏ္ဏသေဋ္ဌ ···· | မောင်ကြီး ···· | ။ |

| ဘွဲ့ | ငယ်မည် | ရာထူး |
|---|---|---|
| မဟာသီရိဓနပတိ | .... မောင်အောင်ကြီး – | သူဌေး |
| မဟာသီရိဓနသေဋ္ဌ | .... မောင်ဘော .... | ။ |
| ကာကဝဏ္ဏသေဋ္ဌ | .... မောင်ရိုး .... | ။ |
| မဟာယသသေဋ္ဌ | .... မောင်ယသ .... | ။ |
| မဟာမနုန္ဒ | .... မောင်ပြောင် .... | ။ |
| ရူဋ္ဌဇ္ဈိလ | .... မောင်ဟိတ် .... | ။ |
| မဟာသီရိဝနုန | .... မောင်သော့ .... | ။ |
| မဟာသုစရိ | .... မောင်ကလေး .... | ။ |
| မဟာသီရိသုခဝနုန | .... မောင်လှတင် .... | ။ |
| မဟာမဘောဂဓနသေဋ္ဌ သီရိရာဇာ | .... မောင်ရန်အောင်.... | ။ |
| မဟာသီရိသုခသေဋ္ဌ အနာထပိဏ် | .... မောင်စိန် .... | ။ |
| .... .... .... .... | .... မောင်ရာ .... | သူကြွယ် |
| .... .... .... ... | .... မောင်ကော .... | ။ |
| သီရိဥဋ္ဌမဟာသာလ | .... မောင်ကောက် .... | ။ |
| သီရိပုညမဟာသာလ | .... မောင်စို .... | ။ |
| မေဏ္ဍကမဟာသာလ | .... မောင်ရွှေထောင်.... | ။ |
| .... .... .... .... .... | .... မောင်စံပျော် .... | ။ |
| သိဒ္ဓိနိက္ခမဟာသာလ | .... မောင်ဘိုးကြီး .... | ။ |
| သီရိသာခမဟာသာလ | .... မောင်မှုံကြီး .... | ။ |
| နန္ဒမဟာသာလ | .... မောင်မှုံကလေး .... | ။ |
| နေမျိုးမင်းထင်ရာဇာ | .... .... .... .... .... | ဆင်ဖြူမရှင်ဘုရား စာရေးကြီး |

* ★ *

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး

(ပ-ဒု-တ)သုံးတွဲကို

အောက်ပါဌာနတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဦးမြအုန်း

၂၀၄၊ မောင်ခေါင်လေးလမ်း၊ ရန်ကုန်မြို့

နှင့်

လယ်တီမဏ္ဍိုင် စာပေဌာန

အမှတ် ၁၈-၁၉၊ ရွှေတိဂုံဘုရားကြီးဈေးတော်ရုံ
ရန်ကုန်မြို့။